
လမ်းသစ်



# ဆရာစန္ဒြ

## ဘဝခရီး နှင့် အတွေ့အကြုံများ

ဒုတိယအကြိမ်

လမ်းသစ်

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၄၀၀၄၇၇၀၄၀၇ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၄၀၀၀၀၄၀၁၀၈ |
| ထုတ်ဝေသည့်အကြိမ် | |
| ပထမအကြိမ်၊ ဩဂုတ်လ၊ ၁၉၇၁ | စံပယ်ဦးစာအုပ်တိုက် |
| ဒုတိယအကြိမ်၊ ဇန်နဝါရီလ၊ ၂၀၀၇ | လမ်းသစ်စာအုပ်တိုက် |
| | အုပ်ရေ (၅၀၀) |
| မျက်နှာဖုံး ပန်းချီ | ဇော်မောင် |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | ဦးဇော်မြင့်ဝင်း(ကာလာငုံ အော့ဖ်ဆက်) |
| | ၁၈၄၊ ၃၁ လမ်း၊ ပန်းပဲတန်းမြို့နယ်၊ |
| | ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | ဒေါ်ပိုင်းသဇင်ရွှေလှိုင်(အောင်ပိုင်မင်းစာပေ) |
| | ၂၂၂၊ စက်ရုံလမ်း၊ ဒေါပုံမြို့နယ်၊ |
| | ရန်ကုန်မြို့။ |
| စာအုပ်ချုပ် | ညီဝင်းမြင့် |
| အတွင်းဖလင် | ပုံရိပ်ရှင် |
| ကွန်ပျူတာစာစီ | ကိုနေလင်း |
| တန်ဖိုး | ၆၀၀၀ ကျပ် |

လမ်းသစ်စာအုပ် အမှတ် (၇)

# ဆရာစန္ဒြ

# ဘဝခရီး

# နှင့်

# အတွေ့အကြုံများ

လမ်းသစ်စာအုပ်တိုက်
အမှတ် ၁၆၇၊ ၃၃ လမ်း၊ ကျောက်တံတား၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၅ ၄၆၅၂

## မာတိကာ


| | | |
|---|---|---|
| * | ဆရာစန္ဒြအား ထောက်ခံစာပေးခဲ့သူ ဦးနု | [က] |
| * | နိဒါန်း | ၂၃ |
| ၁။ | ကျွန်ုပ်၏ ဘဝခရီး | ၂၅ |
| ၂။ | သူများထက်ထူးသော အကြံအစည်နှင့် လုပ်ကိုင်ပုံများ | ၈၃ |
| ၃။ | အိန္ဒိယပြည်သို့ ပညာသင်ရန်သွားခဲ့ခြင်း | ၁၁၉ |
| ၄။ | ကျွန်ုပ်၏လက္ခဏာနှင့် ဇာတာအကြောင်း | ၁၄၇ |
| ၅။ | မြန်မာလူထုနှင့် ဗေဒင်ကျမ်းများ | ၁၇၁ |
| ၆။ | တစ်သက်ပတ်လုံး မှတ်သားထိုက်သော ကျွန်ုပ်အကြိုက်ဆုံး ပုံပြင်များ | ၁၈၇ |
| ၇။ | ကျွန်ုပ်၏ အနန္တကျေးဇူးရှင် ဆရာသခင်များ | ၂၁၅ |
| ၈။ | တစ်သက်တာမှတ်သားလောက်သော ရယ်ရွှင်ဖွယ်များ | ၂၆၅ |
| ၉။ | တိုင်းရင်းမြန်မာ ဆေးနည်းများ | ၂၇၃ |
| ၁၀။ | ကျေးဇူးတရား | ၂၈၃ |
| ၁၁။ | မပြည့်စုံသော လူ့ဘဝ | ၂၉၅ |
| ၁၂။ | အံ့ဩဖွယ်ရာ အလှူရှင်သုံးယောက် | ၃၁၁ |
| ၁၃။ | နိဗ္ဗာန်တရားတော် | ၃၁၇ |
| ၁၄။ | နိဗ္ဗာန်ရောက်ကြောင်းအကျင့် | ၃၆၅ |
| ၁၅။ | ဘုရားဟောသော အသက်ရှည်နည်း | ၃၈၃ |

**နောက်ဆက်တွဲ**

| | | |
|---|---|---|
| * | ဓမ္မလက်ဆောင်တရားတော် | ၃၉၂ |
| * | ကျွန်ုပ်အား ထောက်ခံစာပေးသော ကျေးဇူးရှင်များ | ၃၉၆ |

## ဆရာစန္ဒြအား ထောက်ခံစာပေးခဲ့သူ
## ဦးနု (ဝန်ကြီးချုပ်ဟောင်း)

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ ၁၉၃၇ ခုနှစ်ဟု ထင်သည်။ တက္ကသိုလ်မှ ဘီအေအောင်ပြီးသော ကိုနုဆိုသူက သူ ဘီအေအောင်၍ ပေးအပ်ထားသော အောင်လက်မှတ်ကို သည် ဘီအေပညာမှာ ဘာမှသုံးမရ ကျွန်ပညာဖြစ်သည် ဆိုပြီး တက္ကသိုလ်ကျောင်းအုပ်ကြီးထံ ပြန်၍ ပေးအပ်လိုက်ကြောင်း၊ လူချင်း အတူတူ မျက်နှာဖြူကို သခင်ခေါ်ရတာ မခံနိုင်ကြောင်း၊ ထို့ကြောင့် သူလည်း သခင်နုနာမည် ပြောင်းလိုက်ကြောင်း သတင်းစာတွင် ပါလာသည်။ စာရေးသူက အလွန်အားကျ ကြည်ညိုမိသည်။ ပထမဆုံး သခင်နုကို မှတ်ထားခြင်း ဖြစ်သည်။ ထိုခေတ်က တက္ကသိုလ်က ဘွဲ့ရမှ မြို့အုပ်ဝန်ထောက် အရေးပိုင် ဖြစ်နိုင်သဖြင့် လူတိုင်း အထင်ကြီးရပေသည်။

ထိုခေတ်က ဗမာပြည်သည် တို့ပြည်၊ ဗမာစာသည် တို့စာ၊ ဗမာစကား သည် တို့စကား၊ သခင်မျိုးဟေ့ တို့ဗမာ၊ အရေးတော်ပုံ အောင်ပါစေ ဟု မျိုးချစ်စိတ်ဓာတ် ပြင်းထန်သော ကျောင်းသားလူငယ်တစ်စု၏ တို့ဗမာ အစည်းအရုံးခေါ် သခင်အသင်းကို လူတိုင်းအားကျသည်။ ဗမာသွေး၊ ဗမာ စိတ် ဝင်လာသည်။ ပင်နီတိုက်ပုံ ဝတ်ကြသည်။

ဤစာရေးသူသည် ၁၀ တန်းအောင်လျှင် ကျောင်းထွက်ပြီးသောအခါ မန္တလေးတွင် သခင်ထိပ်တင်ကိုယ်တော်ကြီးနှင့်အတူ တို့ဗမာအစည်းအရုံး ဒုတိယညီလာခံ မြင်းခြံမြို့တွင် ကျင်းပသောအခါ သခင်ဖြစ်လာပြီး ထိပ်တင် ကိုယ်တော်ကြီးနှင့်အတူ မန္တလေးမှ ကိုယ်စားလှယ် နှစ်ယောက်အဖြစ် တက် ရောက်ခဲ့သည်။ ထိုစဉ်က သည်နှစ်ယောက်ပဲ မန္တလေးမှ သခင်အသင်းသား ဖြစ်သည်။ ညီလာခံတွင် သခင်ဗစိန်၊ သခင်ထွန်းအုပ်၊ သခင်မြ၊ သခင်ညီ၊

သခင်ဝတင်၊ သခင်လေးမောင်တို့ အပါအဝင် ဗမာနိုင်ငံလုံးဆိုင်ရာ သခင်အမှုဆောင်တစ်ယောက် ဖြစ်လာသည်။ ၁၉၃၆ ခု၊ အောက်တိုဘာလ ၁၅ ရက်တွင် ဖြစ်သည်။ သခင်ဗစိန်သည် အလွန်သတ္တိကောင်းသည်။ အဟောအပြောကောင်း၍ အလွန်ကြည်ညိုကြသည်။

ဂျပန်ခေတ် ရောက်သောအခါ ဗမာအစိုးရအဖွဲ့ ဖွဲ့ရာတွင် သခင်လေးမောင်က သယ်ယူပို့ဆောင်ရေး ဝန်ကြီးဖြစ်ရာ စာရေးသူ သခင်စန်းမောင်အား သယ်ယူပို့ဆောင်ရေး အရာရှိခန့်ကြောင်း မေမြို့နေ ကျွန်ုပ်ထံ ကြေးနန်းရောက်လာသည်။ ထိုစဉ်က အင်းလျားကန်ကေဘင်ကျွန်းတွင် သင်တန်းနှစ်လ တက်ရသည်။ ထိုအခါ သခင်နုမှာ နိုင်ငံခြားရေး ဝန်ကြီးဖြစ်၍ သူ၏တိုက်နှင့် နီးနီးပင်ဖြစ်၏။ သင်တန်းအတူတူ တက်ရသော မြို့မကျောင်းက ဆရာတင့်က သခင်နုကို အလွန်ခင်မင်သူ ဖြစ်သဖြင့် သခင်နုရှေ့ရေး သိရအောင် ဆိုပြီး လက္ခဏာဝါသနာပါသူ စာရေးသူကို ခေါ်သွားသည်။ မသွားမီ သခင်နုသည် စာရေးဆရာ ဖြစ်သည်။

ဘုရားတရား ကြည်ညို၍ ငါးပါးသီလမြဲသည်။ နိုင်ငံခြားရေး ဝန်ကြီးဖြစ်သည်။ ယခင်က အင်္ဂလိပ်မင်းက ဖမ်းဆီးထောင်ချခဲ့သည်။ စာရေးဆရာဖြစ်တာ ဘယ်လက္ခဏာ၊ ဝန်ကြီးဖြစ်တာ ဘယ်လက္ခဏာ၊ အဖမ်းခံရတာဘယ်လက္ခဏာကြောင့်ဟု လက္ခဏာကြည့်၍ ဟောသလို ဖြစ်အပျက်ကိုသိလျှင်လည်း ဘယ်လက္ခဏာကြောင့် ဘာဖြစ်သည်ကို အပြန်အလှန် သိနိုင်သည်။ သခင်နု၏ လက္ခဏာပုံ လမ်းကြောင်းများ စက္ကူတစ်ရွက်တွင် အစုံအလင် ဆွဲပြီး ယူသွားသည်။ သခင်နုထံရောက်တော့ ဆရာတင့်က မိတ်ဆက်ပေးပြီး သူ့ လက္ခဏာကောင်းကောင်း တတ်ကြောင်း ပြောပြသည်။ သခင်နုသည် သူ့လက္ခဏာနှင့် ဆွဲခဲ့သော လက်ဝါးပုံလက္ခဏာ လမ်းကြောင်းများကိုကြည့်ပြီး တူလှသဖြင့် အလွန်အံ့ဩသွားသည်။

လွတ်လပ်ရေး ရပြီးသောအခါ သခင်နုဝန်ကြီးချုပ် ဖြစ်လာသည်။ သခင်စန်းမောင်ကလည်း ဆရာစန္ဒြ ဖြစ်လာသည်။ မြို့မဆရာတင့်က သခင်နုထံခေါ်သွားပြန်သည်။ ထိုစဉ်က တစ်နိုင်ငံလုံး၌ သောင်းကျန်းသူများ ဆူပူထကြွနေသည်။ သို့ရာတွင် သခင်နု၏လက္ခဏာ ကောင်းနေသည်။ ထို့ကြောင့်စိုးရိမ်စရာ မရှိ။ သောင်းကျန်းသူတို့ကို နိုင်မည် ပြောပြခဲ့သည်။ ၎င်းနောက် ၁၉၄၉ ခု မေလ ၂၆ ရက်ထုတ် အင်္ဂလိပ်သတင်းစာ နယူးတိုင်းအော့ဖ်ဘားမားတွင် တိုင်းပြည်ကောင်းပြီး သောင်းကျန်းသူရန် ရှင်းသွားမည်ကိုအင်္ဂလိပ်ဗေဒင်နည်းဖြင့် စုံလင်စွာ တွက်ခဲ့ကြသည့်အတိုင်း အေးငြိမ်းသွားသည်။ ဦးနုထံ အိန္ဒိယမှ ဒေါက်တာရာမန်က လက်ဆောင်ပေးသော ဗေဒင်စာအုပ်တွေ အားလုံးပေးလိုက်သည်။ ဂျပန်ခေတ်က ဗမာ့ခေတ်သတင်းစာ

(၂၉–၈–၄၄)တွင် ၁၉၄၅ ခု ကမ္ဘာစစ်ကြီးပြီးမည်။ ၎င်းနောက် မကြာမီ ဗမာပြည် လွတ်လပ်ရေးရမည်။ ဟံသာဝတီသတင်းစာ (၃၁–၁၀–၄၈)ထုတ်တွင် နေကြတ် တွက်ကိန်းအရ ငလျင်လှုပ်မည် ရေးခဲ့ရာ (၁၇–၁၁–၄၈) ဟံသာဝတီသတင်းစာတွင် ရန်ကုန်၌ ငလျင်လှုပ်ကြောင်း ပါလာသည်။ ၎င်းဟောချက်တွေ သတင်းစာတွင် တင်ကြိုဟောသည့်အတိုင်း မှန်ကန်ကြောင်း ထောက်ခံစာ ရေး၍ ချီးမြှင့်သည်။ ကျေးဇူးရှင် တစ်ဦးအနေဖြင့် စာရေးသူက နေ့စဉ် မေတ္တာပို့ ဆုတောင်းပေးသည်။

**ဆရာစန္ဒ**

**လမ်းသစ်စာအုပ်တိုက်**

ဘုရား၊ တရား၊ သံဃာ၊
အမိ အဖ၊ ဆရာသမား
အနန္တငါးပါး
ဦးထိပ်ထားလျက်...



ဆရာစန္ဒြ၏ ဆရာရင်းဖြစ်သော
ပြည်မြို့ ရတနာမာရ်အောင် ဆရာတော် ဦးဝိဇ္ဇာဗလ




ဆရာစန္ဒြ အသက် ၄၀ အရွယ်ကပုံ
(အိန္ဒိယမှ အပြန်)



ဆရာစန္ဒြ လက်ချာဟောသည့်
အလုပ်ခန်းတွင်



ဆရာစန္ဒြ၏ ဟောပြောချက်များ မှန်ကန်ကြောင်း ထောက်ခံခဲ့သူ
နိုင်ငံကျော် စာရေးဆရာမကြီး ဂျာနယ်ကျော် မမလေး



ဆရာစန္ဒြ၏ (အသက် ၄၀ အရွယ်)
အိန္ဒိယသို့ သွားခဲ့စဉ်ကပုံ

GOVERNMENT OF THE UNION OF BURMA

**Prime Minister**
PROME COURT, RANGOON

Dated the 6th November 1950.

Saya Sundra had predicted in public the end of World War II in 1945 and independence of Burma not long after the termination of hostilities. He also predicted the Earthquake of Burma in November 1948 and the end of insurrection in Burma in 1950.

I found that all the above predictions of Saya Sundra had proved to be wonderfully true.



Thakin Nu

(THAKIN NU)
Prime Minister of the
Union of Burma.

---

၁၉၅၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၆) ရက်နေ့တွင်
ထိုစဉ်က နိုင်ငံတော်ဝန်ကြီးချုပ် သခင်နုက ဆရာစန္ဒြအား
ထုတ်ပေးသော ထောက်ခံချက်



ဝန်ကြီးချုပ်ဟောင်း ဦးနု၏ လက်ယာ လက္ခဏာပုံ



ဝန်ကြီးချုပ်ဟောင်း ဦးဗဆွေ၏ လက်ယာ လက္ခဏာပုံ




(လက်ဝဲ) (လက်ယာ)


နိုင်ငံတော်သမ္မတဟောင်း စဝ်ရွှေသိုက်၏ဇနီး မဟာဒေဝီ စဝ်ဟိန်ခမ်း၏ ထူးခြားသော လက္ခဏာပုံ



ကမ္ဘာကျော် စစ်ဗိုလ်ချုပ်ကြီးနှင့် အမေရိကန်သမ္မတဟောင်း
အိုက်ဆင်ဟောင်ဝါ၏ လက်ယာလက္ခဏာပုံ




ကမ္ဘာကျော် ဗြိတိန် ဝန်ကြီးချုပ်ဟောင်း
မစ္စတာ ချာချီ၏ လက်ယာလက္ခဏာပုံ




မြန်မာ့ဇာတ်သဘင်သမိုင်းတွင် အောင်မြင်မှုအထွတ်အထိပ်သို့ ရောက်ခဲ့သော
ဂရိတ် ဦးဖိုးစိန်၏ လက်ယာလက္ခဏာပုံ



မင်းတုန်းမင်းတရားကြီး၏ သမီးတော်
သုသီရိနန္ဒာဒေဝီ ပင်လယ်ထိပ်ခေါင်တင်ဘုရား၏ လက်ယာလက္ခဏာပုံ




မြန်မာစာပေသမိုင်းတွင် မော်ကွန်းတင်ရမည့် စာပေဖခင်ကြီး
ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ လက်ယာလက္ခဏာပုံ




မြန်မာစာပေသမိုင်းတွင် မော်ကွန်းတင်ရမည့် စာပေဖခင်ကြီး
ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ လက်ယာလက္ခဏာပုံ



သဘင်ကောင်စီ ဥက္ကဋ္ဌ
ဝဏ္ဏကျော်ထင် ဦးစိန်အောင်မင်း၏ လက်ယာလက္ခဏာပုံ



အမျိုးသားစာပေဆုရ နိုင်ငံကျော် စာရေးဆရာမကြီး
ဂျာနယ်ကျော် မမလေး၏ လက်ယာလက္ခဏာပုံ



(လက်ယာ) (လက်ဝဲ)

စာပေနှင့် ရုပ်ရှင်လောကတွင် အောင်မြင်မှုသရဖူဆောင်းခဲ့သူ စာရေးဆရာ၊ ဒါရိုက်တာ သုခ၏ လက္ခဏာပုံများ



(လက်ယာ)



(လက်ဝဲ)

စာပေနှင့် ရုပ်ရှင်လောကတွင် အောင်မြင်မှုသရဖူဆောင်းခဲ့သူ စာရေးဆရာ၊ ဒါရိုက်တာ သုခ၏ လက္ခဏာပုံများ



ဟာသစာပေနှင့် ဘဝသရုပ်ဖော်စာပေ ရေးသားခြင်းဖြင့် အောင်မြင်မှုရသော နိုင်ငံကျော် စာရေးဆရာကြီး သော်တာဆွေ၏ လက္ခဏာပုံများ



ထူးခြားသော အနုပညာရှင်အဖြစ် စစ်ကြိုခေတ်၊ စစ်ပြီးခေတ် နှစ်ခေတ်စလုံး အောင်မြင်ကျော်ကြားခဲ့သူ
အဆိုကျော်၊ ရုပ်ရှင်မင်းသမီး မေရှင်၏ လက္ခဏာပုံများ



ဆရာစန္ဒြ၏ လက်ယာ လက္ခဏာပုံ



ဆရာစန္ဒြ၏ လက်ဝဲ လက္ခဏာပုံ



ဆရာစန္ဒြ၏သား ဆရာဒေဝ၏ လက်ယာလက္ခဏာပုံ

**နမောတဿ၊ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ။**

# နိဒါန်း

ကမ္ဘာ့ရာဇဝင်တွင် လုပ်ငန်းတစ်ခုခုဖြင့် တစ်ကမ္ဘာလုံးကျော်စောအောင် ဖြစ်မြောက်သည့် ပုဂ္ဂိုလ်များ အနည်းငယ်မျှသာရှိရာ ဆရာကြီးကိုင်ရီသည် နှစ်ပေါင်း တစ်ထောင်အတွင်း တစ်ယောက်သာဖြစ်နိုင်သော ပုဂ္ဂိုလ်ဖြစ်၏။ လက္ခဏာပညာအားဖြင့် ကမ္ဘာပေါ်ရှိ ထိပ်သီးနိုင်ငံကြီးများ၊ ဘုရင်ကြီးများ၊ ပုဂ္ဂိုလ်ကြီးများ၊ သူဌေးကြီးများ အားကိုး၍ မေးရသော လက္ခဏာဆရာ ဖြစ်သည်။ ဆရာကြီးကိုင်ရီ၏ စာအုပ်များကို ဖတ်ရှုလေ့လာ တတ်မြောက် ရသော ကျွန်ုပ်သည် ဆရာကြီးကိုင်ရီအား မိဘသဖွယ် အနန္တကျေးဇူးရှင် အဖြစ် ကျေးဇူးဆပ်သော သဘောဖြင့် ဆရာကြီးကိုင်ရီ၏ ကိုယ်တွေ့ဝတ္ထု များကို ထုတ်ဝေခဲ့သည်။ မြန်မာပြည်တွင် မည်သူမျှ မသိသေးသော အံ့ဩ ဖွယ်ရာ လူ့ဘဝခရီး အမျိုးမျိုးကို ယင်းစာအုပ်တွင် ဖော်ပြထားခဲ့သည်။

ကျွန်ုပ်သည် ယခု ကျွန်ုပ်၏ ဘဝခရီး အဆိုးအကောင်းများကို နောင်လာ နောက်သားများ အမှတ်တရဖြစ်စေရန် ရည်သန်၍ ဤစာအုပ်ကို ရေးခြင်း ဖြစ်သည်။ ဤစာအုပ် ထွက်ပြီးသောအခါ ကျွန်ုပ်သည် လူ့ဘောင်ကို စွန့် လွှတ်၍ ရဟန်းပြုပြီးလျှင် တရားအားထုတ်မည်။ တောထဲတောင်ထဲ ခဏခဏ သွားရောက် အားထုတ်မည်။ လူသူ အရောက်နည်းသော နေရာ၌ နေမည် ဖြစ်သည်။

ကျွန်ုပ်၏ ဘဝခရီးတွင် နောင်လာနောက်သားများ အတုယူစရာ စေတနာ ဖြင့် ဖော်ပြရေးသားထားသော ကိစ္စများရှိသည်။ ကြွားလို၍၊ ဂုဏ်ယူလို၍၊ မိမိထံ လက္ခဏာမေးစေလို၍ဆိုသော ယုတ်ညံ့သောသဘော လုံးဝမရှိပါ။ လူ့ဘဝ၌ ကြီးပွားအောင် မည်ကဲ့သို့ ကြိုးစားရသည်ကို သေချာစွာ ဖော်ပြ ထားသည်။ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော် မည်မျှ ကြီးမားသည်ကို သေချာစွာ ဖော်ပြထားသည်။ နောင်လာနောက်သားများအတွက် တစ်သက် မှတ်၍ မကုန်နိုင်သော သားစဉ်မြေးဆက် အတုယူရမည့် ပုံပြင်ဝတ္ထုအခန်း များလည်း ပါသည်။ ယင်းတို့မှာ ယခုခေတ် လူငယ်များ ကြားဖူးမည် မဟုတ်ချေ။ တစ်သက်လုံး မှတ်ရလိမ့်မည်။ အတုယူရလိမ့်မည်။ ထို့ပြင် မြတ်စွာဘုရား တရားတော်နှင့် ပတ်သက်၍ သစ္စာလေးပါးတရားတော်နှင့်

တရားအားထုတ်ရာတွင် သောတာပတ္တိမဂ်ကို မဆိုက်သောအခါ တရားအားထုတ်သော ယောဂီတွင် လက်တွေ့အားဖြင့် ခံစားတွေ့ကြုံရမည့် အကြောင်းများကို သေချာစွာ ဖော်ပြထားသည်။ ယင်းတရားများမှာ သာမန်ပုဂ္ဂိုလ်များ၏ တရားများမဟုတ်၊ ရဟန္တာမထေရ်များအဖြစ် ကျော်စောခဲ့သော ဆရာတော်များ၏ ကျမ်းဂန်များစွာမှ စုဆောင်းထားခြင်းဖြစ်သည်။

တရားအားထုတ်နည်း၊ အာနာပါန အားထုတ်နည်းများကို အသေအချာပြထားသည်။ အရေးအကြီးဆုံးမှာ အာနာပါန တရားအားထုတ်လျှင် ယခုဘဝတွင်ပင် သောတာပန်ရဟန္တာ ဖြစ်သည်။ ယခုဘဝ မဖြစ်လျှင် သေသောအခါ နတ်ပြည်ရောက်မည်၊ နတ်ပြည်သို့ ရောက်သောအခါ လူ့ဘဝက ပြုခဲ့ဖူးသော ဝိပဿနာဉာဏ် ပါလာ၍ နတ်သဘင်၌ တရားနာရုံနှင့် သောတာပန် ရဟန္တာမထေရ် ဖြစ်မည်။ နှစ်ဘဝနှင့် သံသရာမှ လွတ်မြောက်နိုင်သည်ကိုပြသော မဟာရာဟုလောဝါဒသုတ်ကို သေချာစွာ ဖော်ပြထားသည်။

လောကအတွက် ကြီးပွားနည်း၊ လောကုတ္တရာအတွက် မဂ်ဖိုလ်နိဗ္ဗာန်ရောက်စေသည့်နည်း၊ လောကုတ်–လောကီ နှစ်လီသော အကျိုးအတွက် အစုံအလင် ဖော်ပြထားသည်။ သားစဉ်မြေးဆက် သုံးရသောစာမျိုးဖြစ်သည်။

သို့ရာတွင် ငယ်ရွယ်သော ကျောင်းသူကျောင်းသား လူငယ်များအတွက် အငြိမ့်များမှ ရယ်ရွှင်ဖွယ်များလည်း ပါသည်။ အချို့မှာ မိန်းမများ ဖတ်ရန်မသင့်။ ရှောင်ကြဉ်ပါ။ လူငယ်လူရွယ်တို့အတွက် သတိရတိုင်း တစ်သက်လုံး တစ်ယောက်တည်းနေရင်း စဉ်းစားရယ်ရွှင်ရမည့် အခန်းများ ဖြစ်သည်။ လူငယ်များအတွက် ထည့်ထားခြင်းဖြစ်ရာ လူကြီးများက သည်းခံစေလိုပါသည်။

ဆရာစန္ဒ

၃၀၆၊ ပြည်လမ်း၊ ရန်ကုန်မြို့။

# အခန်း ၁

## ကျွန်ုပ်၏ ဘဝခရီး

# [ ၁ ]

၁၂၇၃ ခု၊ တပေါင်းလဆန်း ၄ ရက်၊ အင်္ဂါနေ့၊ နံနက် ၉ နာရီခွဲ၊ အင်္ဂလိပ်လို ၁၉၁၂ ခု၊ ဖေဖော်ဝါရီလ ၂၀ ရက်တွင် ကျွန်ုပ်ကို မွေးဖွားခဲ့သည်။ ကျွန်ုပ်၏မိဘများသည် ကုန်သည်အလုပ်ဖြင့် အသက်မွေးကြသည်။ ရာသီအလိုက်ပေါ်သော ဝါဂွမ်း၊ ထန်းလျက်၊ ပဲ စသည့် ကုန်ပစ္စည်းများကို တောရွာများ၌ သွားရောက်ဝယ်ယူ၍ ဂိုဒေါင်ထဲ၌ လှောင်ထားပြီးလျှင် ဈေးကောင်းသောအခါမှ ရောင်းလေ့ရှိသည်။ မိမိ၏အိမ်တွင် ပွဲရုံဖွင့်ထားသည်။ အနယ်နယ်အရပ်ရပ် ရွာများမှ သူတို့၏ တောင်ယာထွက်ကုန်များကို အိမ်သို့လာ၍ ရောင်းကြသည်။ စီးပွားရေး လူလတ်တန်းစားဖြစ်၍ မပူမပင်၊ မကြောင့်မကြ၊ ချမ်းချမ်းသာသာနေရသည်။ အမေ၏ ဖခင်အမည်မှာ ဦးညိုဖြစ်သည်။ အမေ၏ မိခင်အမည်မှာ ဒေါ်ခင်ခင်မိ ဖြစ်သည်။ ကျွန်ုပ်၏အဘိုးသည် သီပေါမင်း၏ ကိုယ်ရံတော်တပ်တွင် တပ်မှူးတစ်ယောက်ဖြစ်၍ သီပေါမင်း၏ လုံခြုံရေးတာဝန်ယူရသည်။ နာမည်မှာ ရွှေစွန်ညို ဖြစ်သည်။ အဘိုးသည် နန်းတော်နှင့် နီးကပ်စွာနေရသည်။ ဘွားအေဖြစ်သော ဒေါ်ခင်မိမိမှာ မင်းသမီးအမျိုးအနွယ်ဖြစ်၍ ပင်းတလဲရွာစား မင်းသမီးဖြစ်သည်။ သူတို့သည် သီပေါမင်းကို အင်္ဂလိပ်များ ဖမ်းယူခေါ်ဆောင်သွားပြီးနောက် တိုင်းပြည်ကြီးပျက်သောအခါ မလှိုင်မြို့သို့ လာရောက်နေထိုင်ကြသည်။ သူတို့မှာ ရွှေ၊ ငွေ စသည့် ရှေးဟောင်းပစ္စည်းများ ရှိသဖြင့် အလုပ်အကိုင် ကြီးကျယ်စွာမလုပ်ဘဲ အေးအေးသက်သာ လွယ်ကူသော အလုပ်များဖြင့် အသက်မွေးကြသည်။ ထိုအခါ ရှေးက ရွှေစွန်ညို ဆိုသော နာမည်ကိုဖျောက်၍ ဦးညို အမည်ဖြင့် လျှို့ဝှက်နေထိုင်သည်။ အင်္ဂလိပ်မင်းများ၏ အန္တရာယ်ကြောင့် ဖြစ်သည်။

ကျွန်ုပ်ဖခင်၏ မိဘများမှာ ရမည်းသင်းမြို့စား၊ အဝေးရောက်မင်း ဦးရွှေဒေါင်–ဒေါ်လတ် ဖြစ်သည်။ ဤနှစ်ဖက်မှ အဘိုးအဘွားများတို့သည် မန္တလေး နေပြည်တော်တွင် သီပေါမင်းထံ ခစားလုပ်ကိုင်နေစဉ်ကပင် ခင်မင်ရင်းနှီးကြသဖြင့် သူတို့၏သားသမီး

များကို အရွယ်ရောက်လာသောအခါ လက်ထပ်ပေးစားခဲ့သည်။ ကျွန်ုပ်၏ အဖေနာမည်မှာ ဦးခ ဖြစ်သည်။ အမေနာမည်မှာလည်း ဒေါ်ခ ဖြစ်သည်။ ကျွန်ုပ်သည် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် မွေးသောကြောင့် ၂ ဂဏန်းသမား ဖြစ်သည်။ ထို့ကြောင့် အဖေနာမည်၊ အမေနာမည် နှစ်ခုတူနေခြင်း ဖြစ်သည်။ ကျွန်ုပ် မှတ်မိသော (၆)နှစ်, (၇)နှစ်အရွယ် အလွန်ကြီးကျယ်သော ဝင်းခြံ၌ အရှေ့ဘက်က အိမ်ကြီးတစ်လုံး၊ အနောက်ဘက်က အိမ်ကြီးတစ်လုံးရှိ၍ အလယ်တွင် ဂိုဒေါင်ကြီးတစ်ခု ရှိသည်။ ယင်း ဂိုဒေါင်ကြီးထဲတွင် ဝါဂွမ်းများကို ဝယ်ယူသိုလှောင်ထားလေ့ ရှိသည်။ ကျွန်ုပ်သည် ကလေးတို့ဘာဝ ဝါဂွမ်းပုံများတွင် ခုန်ပေါက်ကစား၍ ကျွမ်းပစ်လေ့ရှိသည်ကို မှတ်မိသည်။

နယ်မှလာရောက်၍ ကုန်ရောင်းကြသော မိတ်ဆွေများသည် ညအခါ အိမ်၌အိပ်၍ နောက်တစ်နေ့ ဈေးနေ့ကျသောအခါ ဈေးသို့သွား၍ ဝယ်ခြမ်းပြီးမှ ပြန်ကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့အိမ်တွင် ဧည့်သည်များ မပြတ်ဆိုသလို ရှိနေသည်။ ထို့ကြောင့် ဧည့်သည်များအတွက် ခေါင်းအုံးများ၊ စောင်များကို ငါးယောက်၊ ခြောက်ယောက်စာ အမြဲထားရှိရသည်။ ကြွက်တွေ သောင်းကျန်းလွန်းသဖြင့် ကြိုးဖြင့် ဆွဲ၍ထားသည်။ သို့မဟုတ်ပါက ကြွက်ကိုက်သည်၊ ကြွက်ဖောက်သည်၊ ကြွက်များက အလွန်ဒုက္ခပေးသည်။

ကျွန်ုပ်၏ ဇာတာတွင် မိဿလဂ်ကုမ်စန်း ဖြစ်သည်။ မိဿလဂ်တွင် စနေနှင့် ရာဟု အလွန်ဆိုးသော ဂြိုဟ်ကြီးနှစ်ခု ပူးနေသည်။ မိဿရာသီသည် မီးဓာတ်ဖြစ်သည်။ စနေဂြိုဟ်သည် မီးဂြိုဟ်ဖြစ်သည်။ ရာဟုဂြိုဟ်သည် လေဂြိုဟ်ဖြစ်သည်။ မီးလောင်ရာ လေပင့်သောကြောင့် ကျွန်ုပ်၏ အသက်(၈)နှစ်၊ စနေထူလဒသာ(၃)နှစ်၊ နောက်ဆုံးပိုင်း ဖြစ်သော (၈)နှစ်သားတွင် ဆွေမျိုးတွေအားလုံးပင် ပလိပ်ရောဂါဖြစ်၍ သေကုန်သည်။ နှစ်ရက်တစ်ခါ၊ သုံးရက်တစ်ခါ ပလိပ်ရောဂါဖြစ်၍ တစ်ယောက်ပြီးတစ်ယောက် သေဆုံးခဲ့ရကြသည်။ နောက်ဆုံးတွင် အဖေဖြစ်သူပါ ပလိပ်ရောဂါဖြင့် သေဆုံးသွားသည်။ သေဆုံးသော ညတွင်ပင် အိမ်နှင့် ဂိုဒေါင်များ၊ ပစ္စည်းများ၊ အားလုံးမီးလောင်၍ ပျက်စီးသွားသည်။ ပလိပ်ရောဂါဖြင့် အဖေသေဆုံးသောညတွင် အမေက သေတ္တာတစ်လုံးသာ ယူ၍ တစ်မိုင်ကျော်ဝေးသည့် ဆွေမျိုးများရှိသော ဇီးပင်ကန်ရွာသို့သွား၍ အိပ်ရသည်။

ထိုနေ့ည မီးလောင်သောအခါ ကျွန်ုပ်သည် (၈)နှစ်သားဖြစ်၍ အမေက မျက်ရည်တောက်တောက်ကျသည်ကို ယခုတိုင် မှတ်မိသေးသည်။ အမေက ဆုံးမသည်မှာ တရားသဖြင့် ရှာဖွေထားသော ပစ္စည်းများပင်လျှင် အကုသိုလ်ဝင်လျှင် ပျက်စီးရသည်။ ထို့ကြောင့် နင်ကြီးလာလျှင် မတရားပစ္စည်း မရှာနှင့်။ ရိုးသားစွာ ရှာဖွေလုပ်ကိုင်ဟု ဆုံးမသည်။ ထိုသို့ မီးမလောင်ခင်နှစ်များတွင် မလှိုင်မြို့ လမ်းဆုံလေးခွတွင် ဆန်အိတ်လိုက်ရောင်းသော ဆန်ဆိုင်ကြီးတစ်ဆိုင် ပိုင်ခဲ့သည်။ ထိုစဉ်က ဤကဲ့သို့ ဆန်ကို အိတ်လိုက်ရောင်းသော ဆန်ဆိုင်ကြီးနှစ်ဆိုင်၊ သုံးဆိုင်သာ ရှိခဲ့သည်။ မိဘများက တစ်ဆိုင်ပိုင်သည်။ တစ်နယ်လုံး ဆန်မထွက်သဖြင့် ဆန်များကို မြို့သို့လာ၍ ဝယ်ကြရသည်။ အပူပိုင်းဒေသဖြစ်၍ ပဲ၊

ပြောင်း၊ ဝါဂွမ်း၊ ထန်းလျက်များသာ ထွက်သည်။ လယ်ယာချောင်းမြောင်း မရှိသဖြင့် ဆန်အသေးအဖွဲ့ အနည်းငယ်သာ ထွက်သည်။

ဤကဲ့သို့ မီးလောင်ပျက်စီးခြင်းမရှိခင် ကျွန်ုပ် (၃)တန်းရောက်သောအခါ အမေက ရွာအမျိုးမျိုးသို့ အပေါင်းပေး၊ အသစ်ယူနှင့် ဆန် အိတ်လိုက်ရောင်းချထားသော အကြွေးစာရင်းစာအုပ်ကြီးကို ပြသည်။ ရွာတစ်ရွာအတွက် တစ်မျက်နှာတွင် ဖောက်သည်ကြွေးယူထားသော အမည်ကို အစုံအလင် ရေးထားသည်။ ဥပမာ "လယ်ကြီးရွာ၊ ဦးကျော်–ဒေါ်လှ၊ ဆန်အိတ်(၃)လုံး၊ သင့်ငွေ ၁၅ ကျပ် စသည်ဖြင့် ကြွေးစာရင်းရှိသည်။ အများအားဖြင့် အချို့ ကြွေးတွေဆုံးသည်။ ထို့ကြောင့် အမေက ငါ့သားကြီးရင် ဘယ်တော့မှ ငွေမချေးနှင့်၊ အကြွေးမပေးနှင့်၊ လူ့ပြည်မှာ ရိုးသားသူနည်းသည်။ လူရိုးသည် သချိုင်းကုန်းမှာသာရှိသည်။ မှတ်ထား"ဟု ပြောသည်။ ကျွန်ုပ် ကြီးလာသောအခါ အမေ့စကားကို နားမထောင်ဘဲ သူတစ်ပါးကို ငွေချေးသဖြင့် များစွာဆုံးရှုံးခဲ့ရသည်။ ထိုအခါမှ အမေပြောတာ မှန်လိုက်လေခြင်းဟု ကိုယ်တွေ့ခံစားရသည်။

ကျွန်ုပ်၏ ဇာတာတွင် ဒသာအားဖြင့် ကျွန်ုပ်အသက် (၅)နှစ် (၆)လအထိ ကြာသပတေးဒသာတွင် နေသည်။ ထိုနှစ်များအတွင်း ကြာသပတေးဂြိုဟ်သည် ၉ တန့် အိမ်ရှင် ဖြစ်သောကြောင့် အလွန် ချမ်းသာခဲ့သည်။ ဇာတာတစ်စောင် တွက်ရာတွင် လူ့ပြည်ရောက်သော ဒသာစ၍ စားသောဂြိုဟ်ကို ကြည့်လျှင် ထိုသူသည် နတ်ပြည်မှလာသည်။ လူ့ပြည်မှ လာသည်။ ငရဲပြည်မှလာသည်ကို သိနိုင်သည်။ ကြာသပတေးဒသာစားတွင် စ၍ မွေးဖွားသူများမှာ လူ့ရွာ၊ နတ်ရွာမှ ရောက်လာခြင်း ဖြစ်သည်။ စနေဒသာစ၍ စားသူများမှာ အပါယ်လေးဘုံမှ လာသူများဖြစ်သည်။ လက်တွေ့အလွန်မှန်သည်။

ဤကဲ့သို့ မီးလောင်၍ ရှိသမျှပစ္စည်းများ ဆုံးရှုံးပြီးသည်နောက် ကျွန်ုပ်တို့ခြံတွင် အိမ်ခပ်ငယ်ငယ်ကလေး တစ်လုံးဆောက်၍ အမေကပြန်၍ ရောင်းဝယ်ဖောက်ကားမှု လုပ်ကိုင်သည်။ သို့ရာတွင် ရှေးကကဲ့သို့ ကြီးကျယ်မှု မရှိ။ ဈေးထဲ၌ ဆန်မှစ၍ ပေါ်ပင်ကုန်ပစ္စည်းများ ရောင်းကြသည်။ ထို့ကြောင့် အလွန်ဆင်းရဲခြင်းမဖြစ် အေးအေးဆေးဆေး စားနိုင်၊ သောက်နိုင်သည်။ ရှေးကကဲ့သို့ ချမ်းသာခြင်း မရှိတော့ချေ။

အဖေမသေခင် ကျွန်ုပ်ကို ရှင်ပြုသည်။ အလွန်ပင် ကြီးကျယ်သည်။ မဏ္ဍပ်ကြီးဆောက်၊ သံဃာစင်တွင် ယိုးဒယားကနုတ်ပန်းများဖောက်၍ ရောင်စုံစက္ကူများနှင့် အလွန်လှပအောင် ဖန်တီး၍ထားသည်။ အဖေ၏ ညီတစ်ဝမ်းကွဲမှာ ပန်းပု၊ ပန်းချီ ဝါသနာပါသဖြင့် ဤကဲ့သို့ မဏ္ဍပ်ဖောက်ပန်းများ စီစဉ်ပေးနိုင်ခြင်းဖြစ်သည်။ ရှင်ပြုသောအခါတွင် တောင်ရှည်ပုဆိုးကို ဝတ်ရ၍ တော်တော်ဒုက္ခရောက်သည်။ နတ်စင်ကိုသွား၍ ကန်တော့ရသည်။ ရှင်ပြုမည့်ကျောင်းရှိ ဇီးပင်ကန်ကျောင်း ဆရာတော်ဘုန်းကြီးကိုလည်း သွား၍ ကန်တော့ရသည်။ ရှေးခေတ်အတိုင်း ရှင်လောင်းက မြင်းပေါ်ထိုင်၍ ရွှေထီးမိုးပြီး ရှင်လောင်းလှည့်ကြသည်။

**လမ်းသစ်စာအုပ်တိုက်**

ရှင်လောင်းလှည့်က ပြန်လာသောအခါ မြင်းပေါ်မှဆင်း၍ ညှော့်ခံသည့်မဏ္ဍပ်သို့ လျှောက်လာကြရသည်။ ထိုအခါ ရှေးခေတ်အတိုင်း ရွဲထိုးကြသည်။ ရွဲထိုးသည်ဆိုသည်မှာ သူတို့က ကဗျာလင်္ကာတွေ ရွတ်ကြ၊ လူတွေက 'ရွဲ'ဟူ၍ တစ်ညီတည်း လိုက်လိုက်ဆိုရပေးရသည်။ ဘုန်းတော်ကြီးများ တရားဟောသည့်အခါ ဂါထာတစ်ပုဒ်ဆုံးတိုင်း 'သာဓု၊ သာဓု' ခေါ်သည့်အတိုင်း ဖြစ်သည်။ အဓိပ္ပာယ်ကို လုံးဝ နားမလည်ပါ။ ရှေးခေတ်ထုံးစံဖြစ်သည်။

ကျွန်ုပ်ငယ်နာမည် 'စံမောင်'ဖြစ်သည်။ ကျွန်ုပ်သည် စတုတ္ထတန်း ရောက်သောအခါ ရှင်သာမဏေ တစ်ခါထပ်၍ပြုသည်။ ကျွန်ုပ်တို့ ကိုးကွယ်သောကျောင်းမှာ မလှိုင်မြို့မှ မြောက်ဖက်လုံခန့်ဝေးသော မြို့အစွန်ရှိ ဗီးပင်ကန်ကျောင်း ဖြစ်သည်။ ဆရာတော်သည် လောကီလောကုတ် ပညာစုံလှသဖြင့် အနီးအပါးရှိ ရွာများစွာမှ ကျောင်းသားများ ပညာဆည်းပူးရာကျောင်း ဖြစ်သည်။ ကျောင်းသားတစ်ရာခန့် ရှိသည်။ အလွန်စည်ကားသည်။

ဗီးပင်ကန်ရွာမြောက်ဘက်ရှိ လယ်ကွင်းများ၊ အုန်းပင်များကို ကျွန်ုပ်တို့ မိဘများက ပိုင်သည်။ ထို့ကြောင့် ဆရာတော်၏ကျောင်းမှာ ကျောင်းသား၊ ကိုရင်များလာသောအခါ မိဘများက ကျောင်းဝင်းကိုချဲ့၍ ငှက်ပျောပင်များပါ စိုက်နိုင်အောင် လယ်ကွက်များ ပေးလှူသည်။ ဆရာတော်သည် မန္တလေးမြို့ ဆင်တဲတိုက်ထွက်ဖြစ်၍ ဗေဒင်အတွက် အချက်မှစ၍ အားလုံးတတ်မြောက်သည်။ ပိဋကတ်သုံးပုံကိုလည်း ကောင်းစွာတတ်မြောက်သည်။ ထို့ကြောင့် နာမည်ကျော်စော၍ တန်ခိုးကြီးလှသည်။ ကျွန်ုပ်ငယ်စဉ်က သစ်သားသင်ပုန်းကြီးကို သုံးရ၏။ သစ်သားချပ်ကို ထမင်းရည်သုတ်၍ ကျွန်းသားမီးသွေးဖြင့် တိုက်ပြီး အခြောက်လှန်းထားရသည်။ သင်ပုန်းပေါ်တွင် ကန့်ကူဆံဖြင့် ရေးရသည်ကို မှတ်မိသည်။

ကျောင်းတွင် ဗေဒင်ပညာကို ဆရာတော်က သင်ပေးသည်။ မြန်မာအလီဖြင့်မဟုတ်၊ ရှေးအခေါ် နောကျောင်း ဖြစ်သည်။ နောကေနော၊ နဝဒွေးအဠရဿ၊ အလီအားဖြင့်ဆိုလျှင် ၉ တစ်လီ ၉၊ ၉ နှစ်လီ ၁၈ ဖြစ်သည်။ ဤနောကျောင်းဖြင့်ပင် ကျွန်ုပ်သည် ဗေဒင်ကျမ်းများကို တွက်ခဲ့ရသည်။ ဇာတာတွက်နည်း၊ ပြက္ခဒိန်တွက်နည်း၊ သင်္ကြန်တွက်နည်း၊ နေကြတ်–လကြတ်တွက်နည်း စသော သံဒိဋ္ဌကျမ်း၊ သရကျမ်း စသည်များကို သင်ပေးသည်။ အဟောမှာမူ သက်ရောက်ဂြိုဟ်စား၊ မဟာဘုတ်မျှလောက်သာ တတ်ခဲ့သည်။

ကျွန်ုပ်သည် ရှင်သာမဏေဘဝတွင် အလွန်ပျော်ပိုက်သည်။ ထို့ကြောင့် လူထွက်ရန် စိတ်မကူး၊ ရဟန်းပြုမည်ဟု စိတ်ကူးထားသည်။ သို့ရာတွင် သာမဏေဘဝ တစ်နှစ်လောက်ကြာသောအခါ အမေက ပြောပြန်သည်။ အင်္ဂလိပ်မင်းခေတ်ဖြစ်၍ အေ–ဘီ–စီ မတတ်လျှင် အရွယ်ရောက်သောအခါ အလုပ်ကြမ်း လုပ်ရလိမ့်မည်။ အေ–ဘီ–စီ တတ်မှ အေးအေးသက်သာဖြင့် အသက်မွေးနိုင်လိမ့်မည်ဆိုပြီး အတင်းလူထွက်ခိုင်းသည်။

ထို့နောက် အလယ်တန်းကျောင်း၌ ခြောက်တန်းအထိ နေခဲ့ရသည်။ ခြောက်တန်း၌ ပညာသင်နေစဉ် နွေရာသီကျောင်းပိတ်သောအခါ ကျွန်ုပ်က ပူဆာသဖြင့် အမေကပြန်၍ ရှင်သာမဏေ ပြုစေသည်။ ကျွန်ုပ်၏ အသက်(၁၁)နှစ်တွင် ရှင်သာမဏေဘဝသို့ တစ်ဖန် ပြန်၍ ရောက်လာပြန်သည်။ တစ်နေ့သောအခါတွင် မန္တလေးမြို့မှလာသော ရဟန်းတော် တစ်ပါး ကျောင်းတွင်လာ၍ ဝါဆိုသည်။ ထိုဦးပဉ္ဇင်းက ကျွန်ုပ်အား မန္တလေးသို့ လိုက်ရန် ခေါ်သည်။ ထိုစဉ် မန္တလေးမြို့ကြီးမှာ အလွန်ထင်ရှား ကျော်စောသော မြို့ဖြစ်၏။ ကျွန်ုပ်၏ အမေများ၊ အဒေါ်များ ပြောစကားအရ မန္တလေးမြို့ နန်းတော်ကြီးထဲ ရောက်သောအခါ အလွန်ကျယ်ကြောင်း၊ ကိုယ်လုံးပေါ် မှန်ကြီးများ ကြီးကျယ်စွာရှိကြောင်း၊ မှန်ကြီးတွေကို တံခါးပေါက်မှတ်၍ တိုးမိကြောင်း စသည်ဖြင့် ငယ်ငယ်က ကြားဖူးထား၍ အလွန်လိုက်ချင်သည်။ ထို့ကြောင့် အမေ့ထံတွင် ခွင့်တောင်းသည်။ ဘုန်းတော်ကြီးက လည်း ခွင့်ပြုသဖြင့် ကျွန်ုပ်သည် မန္တလေးမြို့သို့ (၁၁)နှစ်သားတွင် ရှင်မဏေဘဝနှင့် ရောက်လာသည်။

ဗေဒင်အလိုအားဖြင့် စနေထူလ သောကြာ အန္တရ ဒသာစားချိန် ဖြစ်သည်။ သောကြာဂြိုဟ်သည် ၁၀ တန့်ကိန်း အိမ်မှာရှိ၍ ဥပ္ပစ္စည်းယုဂ်ရခြင်း၊ စန်းမှ ၁၂ တန့် တွင်ရှိ၍ အနတာယုဂ်ရခြင်း၊ ကိန်းအိမ်၌နေခြင်း၊ ၁၀ တန့်တွင် ရှိခြင်းတို့ကြောင့် တောမြို့လေးမှနေ၍ မန္တလေးမြို့ကြီးသို့ ကျွန်ုပ်ရောက်သွားခြင်း ဖြစ်သည်။ ကံကြမ္မာ များသည် အလွန်ဆန်းကြယ်လှသည်။ မန္တလေးမြို့သို့ရောက်သောအခါ အနောက်ပြင် မိုးကောင်းတိုက်ရှိ အလယ်တန်းကျောင်းတည်ရှိသော ရွှေဘိုကျောင်းတွင် ပညာသင်ယူ ၏။ မြန်မာခြောက်တန်းနှင့် ခုနစ်တန်းကို အောင်ခဲ့သည်။ ခုနစ်တန်းအောင်ပြီးသောအခါ ဆရာသမားများ၏ အကူအညီဖြင့် မန္တလေးမြို့လယ် ရွှေကြီးမြင့် ဘုရားအရှေ့ဘက်တွင် ကပ်လျက်ရှိသော နော်မန်ကျောင်းခေါ် ဆရာဖြစ် အတတ်သင်ကျောင်းသို့ မူလတန်း ဆရာဖြစ် တက်ရောက်ခဲ့ရသည်။ တစ်နှစ် သင်ကြားခဲ့ရသည်။

ဆရာဖြစ်သင်သည့် အချိန်တွင် ကာယပညာကို အစိုးရက စတင်အားပေးလာ သည်။ အမေရိကမှ ကစားခုန်စားပညာများကို အောင်မြင်လာ၍ ကာယပညာအုပ်ဖြစ်သော ဆရာဦးဘသင်က ကစားခုန်စား နည်းအမျိုးမျိုးကို (၃)လတိတိ သင်ပေးခဲ့သည်။ အောင် လက်မှတ်ရခဲ့သည်။ စတိုင်ပင်ရသောကြောင့် စားဝတ်နေရေး ပူစရာမရှိ။ ပေးသော ငွေနှင့် လောက်သည်။ မိမိအတွက်လည်း သုံးစရိတ်ငွေများ ပိုသည်။ တစ်နှစ်ကြာသော အခါ ဆရာဖြစ်စာမေးပွဲအောင်၍ ကျောင်းဖွင့်ချိန်၌ မန္တလေးမြို့ အရှေ့ဘက် မေမြို့သို့ တက်သော ကားလမ်းဘေးရှိ အောင်ပင်လယ်ကန်ကြီးကိုမှီး၍ အောင်ပင်လယ်ဟုခေါ်သော ရွာ မူလတန်းကျောင်းတွင် ကျောင်းဆရာလုပ်ခဲ့သည်။ ရှေးခေတ်ကဖြစ်၍ အလွန်စိတ် ချမ်းသာသည်။ ပူပင်စရာမရှိ။ ရွာသူရွာသားများက ဆရာဆို၍ လေးစားကြသည်။ အခစခပ်သိမ်း ကူညီကြသည်။ ထိုအခါ ရှေးခေတ်က ပညာဝန်ထောက် ဘီနယ်၊ ပညာ အုပ်မင်း ဦးငယ်သည် ကျွန်ုပ်တို့ကျောင်းသို့ လာ၍စာစစ်သည်။ ထိုအခါ ရှေးရေစက်

ကြောင့် ဖြစ်မည်။ ကျွန်ုပ်ကို မြင်မြင်ချင်း သားအရင်းကဲ့သို့ ချစ်ခင်သည်။ ကျွန်ုပ်သည် အင်္ဂလိပ်ဘာသာကို အလွတ်ပညာသင်ထားသဖြင့် ရှစ်တန်း၊ ကိုးတန်းလောက်တတ်နေသည်။ သူသိလိုသော ကိစ္စဟူသမျှကိုလည်း ဖြေနိုင်သည်။ ထိုအခါ ဦးငယ်က အင်္ဂလိပ်ကျောင်းသို့ ဆက်၍နေပါ၊ သူက ကျောင်းလခမှစ၍ အစစထောက်ပံ့ ကြည့်ရှုပေးမည်ဟု အားပေးလာသည်။

ကျွန်ုပ်သည် ထီပေါက်ဘိသကဲ့သို့ ဝမ်းသာသွားသည်။ နွေရာသီ၌ ကျောင်းပိတ်ပြီး ပြန်ဖွင့်သောအခါ မန္တလေးမြို့ ဂုဏ်တန်ရှိ ဘီ–တီ–အန် ဟိုက်စကူးကျောင်းတွင် ရှစ်တန်းစ၍ နေခဲ့ရသည်။ ပညာအုပ်မင်း ဦးငယ်၏ ကျေးဇူးကား မရေတွက်နိုင်အောင် ကြီးမားလှပေသည်။ မိုးကောင်းတိုက်တွင် ရှင်သာမဏေဘဝနှင့် နေတုန်းက ပလိုင်းရပ်ရှိ ဦးသာဆင်–ဒေါ်တင့်တို့၏သား မောင်ကံချွန်ဆိုသူကို ကျွန်ုပ်ထံအပ်ထား၍ အေ–ဘီ–စီမှစ၍ နေမှုထိုင်မှုအားလုံး ဆုံးမသွန်သင်ပေးရသည်။ အလွတ်ပညာဖြင့် အင်္ဂလိပ်ဘာသာမှစ၍ သင်ပေးသည်။ သူ့ကို မန္တလေးမြို့ နေရှင်နယ်ကျောင်းတွင် ပဌမတန်းမှစ၍ ထားပေးသည်။ ထို့ကြောင့် သူ၏မိဘများက ကျွန်ုပ်ကို ဆွေမျိုးရင်းကဲ့သို့ ချစ်ခင်သည်။ ကျွန်ုပ်သည် ဘီ–တီ–အန် ကျောင်းသို့တက်သောအခါ သူတို့အိမ်တွင် ကျွန်ုပ်ကို ခေါ်ထားသည်။ စာရေးသောက်ရေးလည်း မပူရ။ ကျောင်းလခအတွက်လည်း ပညာအုပ်မင်းက တာဝန်ယူထားသဖြင့် ကျွန်ုပ်သည် အလွန်ကံကောင်းသူ ဖြစ်ခဲ့လေသည်။

ဦးသာဆင်–ဒေါ်တင့်တို့သည် အလုပ်အမျိုးမျိုးလုပ်သည်။ ကန်ထရိုက်တာလည်းလုပ်သည်။ ကျွန်းဒေါက်တံကူ လှည်းဘီးလုပ်သော ကျွန်းပစ္စည်းအမျိုးမျိုး ရောင်းဝယ်သည်။ ထို့ကြောင့် ကျွန်ုပ်က သူတို့၏ စာရင်းအင်းများကို ရေးမှတ် ပေးရသည်။ သူတို့၏ တစ်ဦးတည်းသောသား မောင်ကံချွန်ကို စာပြပေးရသည်။ မောင်ကံချွန်မှာ မြန်မာလို ခုနစ်တန်းအောင်ပြီးနောက် အင်္ဂလိပ်စာ သင်ခန်းစာများ စာအုပ်နံပါတ်(၁)မှ (၅)အထိ ညကျောင်းတွင် အလွတ်သင်ကြား တတ်မြောက်ခဲ့၏။ ထို့ကြောင့် ဘီ–တီ–အန် ကျောင်းသို့ရောက်သောအခါ ပညာအုပ်မင်း ဦးငယ်က ကျောင်းအုပ်ဆရာကြီးထံ အကျိုးအကြောင်းပြော၍ ရှစ်တန်းကစ၍ လက်ခံခြင်းဖြစ်သည်။

ဤနည်းအားဖြင့် နှစ်နှစ်အတွင်း ကျွန်ုပ် ဆယ်တန်းအောင်ခဲ့သည်။ ရှစ်တန်းတွင် အတန်းပိုင်ဆရာဖြစ်သော ဆရာဦးဘခင်သည် အစ္စလာမ်ဘာသာဝင် လူပျိုကြီးဖြစ်သည်။ ကျွန်ုပ်သည် ဆရာ၊ မိဘ ရိုသေတတ်သည့်အတိုင်း ဆရာ့ကို အလွန်ရိုသေစွာ ဆက်ဆံသည်။ အခြားကျောင်းသားများကဲ့သို့ မလေးမခန့် မလုပ်တတ်ချေ။ ဆရာသည် ကျွန်ုပ်ကို အလွန်ချစ်သည်။ ဤနည်းအားဖြင့် ရှစ်တန်းစာမေးပွဲပြီးသောအခါ ကျွန်ုပ်သည် အမှတ်အများဆုံးဖြင့် ဘာသာအားလုံးတွင် နံပါတ်(၁) စွဲသည်။ ကျွန်ုပ်၏ သူငယ်ချင်းဖြစ်သူ မောင်ဘဆိုင်က ဒုတိယစွဲသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဘာသာစုံအားလုံးတော်သည်။ ကိုးတန်း၌ နေစရာမလို၊ ဆယ်တန်းသို့ တင်ပေးပါဟု ကျောင်းအုပ်ဆရာကြီးထံသွား၍ ဆရာဦးဘခင်က တောင်းဆိုသည်။ ထိုအခါ ဆရာကြီးက ဆယ်တန်းတွင် စာမေးပွဲ

အောင်သူနည်းနေမည်ကို စိတ်ပူသဖြင့် ရုတ်တရက် ခွင့်မပြုချေ။ ဆရာဦးဘခင်က သူ အာမခံကြောင်း၊ မုချအောင်ရမည့်အကြောင်း ပြောပြမှ ဆယ်တန်းတက်ခွင့် ပြုလေသည်။

ကျွန်ုပ်တို့သည် ကိုးတန်း၌ မနေခဲ့ရသဖြင့် နွေရာသီတွင် သူတစ်ပါးကဲ့သို့ လည်ပတ်နေမည့်အစား ဂဏန်းသင်္ချာ၊ အက္ခရာသင်္ချာ၊ ဂျီဩမေထရီ သင်္ချာသုံးခုကို စာအုပ်ကြီး သုံးအုပ်ဖြင့် သူငယ်ချင်း လေးယောက်တွက်သည်။ နံပါတ်တစ်မှစ၍ အဆုံး အထိ တွက်သည်။ ဤနည်းအားဖြင့် ကျောင်းတစ်လခွဲ ပိတ်ပြီးသောအခါ **ကျွန်ုပ်တို့မှာ** သင်္ချာအားလုံး တွက်ပြီးသားဖြစ်သွားသည်။ ကျောင်းဖွင့်၍ **ဆယ်တန်းတွင် ဆရာကြီးက** သင်္ချာသင်ပြသောအခါ အားလုံးကျွန်ုပ်တို့တွက်ပြီးသားဖြစ်၍ **ဘာမှ ခက်ခဲမှုမရှိတော့**ချေ။ အင်္ဂလိပ်ဘာသာတွင် ခရစ်ယာန်ကျောင်းသားများက **အမှတ်သာသည်**။ ကျွန်ုပ်သည် ကျောင်းသို့ နာရီဝက်ခန့် ခြေကျင်သွားရသည်။ ခြေ**ကျင်သွားသည့်**အခါတိုင်း အင်္ဂလိပ် စာလုံး ၂၀ **ကို** ရေးထုတ်၍ အဘိဓာန်မှ ကူးယူပြီးလျှင် **လမ်းသွား**ရင်း စာကျက်သွားသည်။ သုံးလပတ်**စာမေး**ပွဲ ဖြေကြသောအခါ ကျွန်ုပ်သည် ဘာသာအားလုံးတွင် ပထမစွဲသည်။ ဤနည်းအားဖြင့် ကျွန်ုပ်သည် ဆယ်တန်းကို နှစ်နှစ်နှင့် အောင်ခဲ့ရသည်။ ကျွန်ုပ်အောင် သောနှစ်၌ပင် မန္တလေးမြို့ နေရှင်နယ်ကျောင်းမှ မအုန်းဆိုသူသည် ခြောက်လတစ်ခါ တစ်တန်းအောင်သဖြင့် ငါးနှစ်နှင့် ဆယ်တန်းအောင်ကြောင်း သတင်းစာတွင် ကြော်ငြာ ပါလာသည်။ နေရှင်နယ်ကျောင်းမှာ အခြား ကျောင်းများကဲ့သို့ တစ်နှစ်လုံး မနေရ၊ ခြောက်လနှင့် သင်ခန်းစာကုန်သည်။ တော်လျှင် အတန်းတက်ပေးသည်။ မအုန်းသည် အလွန်တော်သည်။ အမ်အေတန်းထိ အောင်ပြီးလျှင် မန္တလေးတက္ကသိုလ်တွင် ပါမောက္ခ ဖြစ်လာသည်။

ကျွန်ုပ်၏ အဖေ၊ အဘိုး၊ အဘွားများရှိစဉ်က မိဘများသည် စာပေနယ်မှ ပုဂ္ဂိုလ် များဖြစ်၍ အိမ်တွင် စာအုပ်များစွာရှိသည်။ စာအုပ်များထဲတွင် ဇိနတ္ထပကာသနီမည်သော ဗုဒ္ဓဝင်စာအုပ်ကို ဖတ်ခဲ့ရသည်။ ထို့ကြောင့် ကျွန်ုပ်သည် ဘုရားကို အလွန်ကြည်ညိုသည်။ ဇာတာတွင် မိဿလဂ်၏ ရာသီသခင် ဂြိုဟ်အင်္ဂါသည် ၂ တန့် ပြိဿရာသီတွင် ရှိသည်။ ၉ တန့် အိမ်ရှင်လည်းဖြစ် ဘာသာရေးဂြိုဟ်ဖြစ်သော ၉ တန့်အိမ်ရှင် ကြာသပတေးသည် လဂ်အိမ်ရှင်အင်္ဂါဂြိုဟ်ကို သမသတ် မြင်နေသည်။ ထို့ကြောင့် ငယ်စဉ်က စ၍ ဘုရား တရားကို အလွန်ကြည်ညိုသည်။ မိဘ ဆရာသမား စကားကို ရိုသေစွာနားထောင်သည်။ ဘုရားများ၊ ရဟန္တာများ မိုးကောင်းကင်က ကြွလာသည်ကို ခဏခဏ အိပ်မက်မြင်မက် သည်။ ထို့ကြောင့် ပို၍ကြည်ညိုလာသည်။ တတ်နိုင်သမျှ သီလကို လုံခြုံအောင် ဆောက် တည်သည်။

ဆယ်တန်းအောင်ပြီးသောအခါ အင်းဝ၊ တံတားဦးမြို့ရှိ နေရှင်နယ် အလယ်တန်း ကျောင်းတွင် ခြောက်တန်းပြ ဆရာအလုပ်ကို ရသည်။ သို့ရာတွင် ဆင်းရဲဇာတာ မကုန် သေးသဖြင့် တစ်နှစ်လောက်လုပ်ပြီး နေရှင်နယ်ကျောင်းကို အမျိုးသားပညာရေးအဖွဲ့မှ ပိတ်ပစ်လိုက်သည်။ ဤနည်းဖြင့် ကျွန်ုပ်အလုပ်မရှိ ဖြစ်သွားပြန်သည်။ ထိုအခါ မန္တလေးသို့

ပြန်လာ၍ ကျွန်ုပ်၏ ကျေးဇူးရှင်များဖြစ်သော ဦးသာဆင်-ဒေါ်တင်နှင့် တပည့်မောင်ကံချွန်တို့အိမ်တွင် နေရပြန်သည်။ တစ်နေ့သောအခါ ဦးသာဆင်က သူနှင့်အတူ သစ်ကုန်သည်လုပ်ပါ၊ မြတ်သောအမြတ်မှ သင့်သလိုခွဲဝေ၍ ယူပါဆိုပြီးလျှင် အစီအစဉ်လုပ်သည်။ လှည်းဘီးလုပ်ရန် ကျွန်းသစ်များကို တောထဲမှ ခုတ်ယူ၍ အရောင်းအဝယ်လုပ်ရန် စီစဉ်ကြသည်။

ကျွန်ုပ်တို့ လုပ်လိုသည့်တောမှာ မတ္တရာမြို့ အရှေ့ဘက် ဆယ်တော်ကြီး အပတောဖြစ်သည်။ အပတောဆိုသည်မှာ ကြိုးဝိုင်းမဟုတ်၊ ကြိုးဝိုင်းပြင်ဘက်ရှိ သစ်များဖြစ်သည်။ ကျွန်ုပ်တို့လုပ်သော သစ်တောမှာ မေမြို့သစ်တော ကြိုးဝိုင်းအတွင်းကျသည်။ ထို့ကြောင့် ကားငှားပြီး မေမြို့သို့ ခဏခဏတက်ရသည်။ မေမြို့ရှိ ဒုတိယပညာအုပ်ကြီးမှာ ကျွန်ုပ်၏ မိဘသဖွယ်ဖြစ်သော ပညာအုပ်မင်း ဦးငယ်နှင့် ရင်းနှီးသဖြင့် ကျွန်ုပ်နှင့်ပါ ခင်နေသောကြောင့် သူတို့အိမ်၌ တည်းခိုကြသည်။ နောက်တစ်နေ့တွင် သစ်တောဝန်ရုံးသို့သွား၍ သစ်ခုတ်ရန် လိုင်စင်လျှောက်ရသည်။ သစ်တောဘက်မှ အခွန်ငွေရမည်ဖြစ်သဖြင့် သစ်ကုန်သည်များကို သစ်တောဌာနက အမြတ်မ်း အားပေးသည်။ ထို့ကြောင့် တစ်ရက်တည်းနှင့်ပင် လိုင်စင်ရခဲ့သည်။ ထိုအခါ သစ်တောဝန်မှာ အင်္ဂလိပ်လူမျိုး၊ မစ္စတာစမစ်ဖြစ်သည်။ မိမိဂရမ်ရသည့်အကွက်ကို မြေပုံတွင် ရုံးစာရေးများ ကူးနေသည်အထိ စောင့်မနေနိုင်၊ မြေပုံနှင့် ဖယောင်းစက္ကူကို တောင်းပြီးလျှင် ကိုယ်တိုင်ဆွဲ၍ ကူးခဲ့သည်။ ကူးပြီးလျှင် ရုံးအုပ်စာရေးကြီး လက်မှတ်ထိုး၍ ပြီးခဲ့သည်။ ဤကဲ့သို့ သစ်တောကိစ္စများ ပြီးသောအခါ သစ်ခုတ်ရန် အလုပ်သမားများ ရှာကြသည်။ မန္တလေးတောင်၏ မြောက်ဘက်ရှိ မယ်ဥတောင်အနီးရှိ ဒဟတ်တောရွာတွင် သစ်ခုတ်သမားပေါကြောင်း သိရ၍ ကားငှား၍ သွားကြသည်။ အကျိုးအကြောင်း ပြော၍ သတ်ခုတ်သမားများ ငှားကြသည်။ ငွေကို ကြိုတင်၍ စရံပေးရသည်။ ငွေကိုကြေအောင် အလုပ်လုပ်ပေးရမည် ဖြစ်ကြောင်း၊ ပျက်ကွက်ခဲ့သည်ရှိသော် သူတို့ပိုင်သော အိမ်များ၊ နွားများကို အာမခံထားကြောင်း စသဖြင့် ရွာသူကြီး၏ ရှေ့တွင် လက်မှတ်ထိုးကြသည်။ နောက်နှစ်ရက်လောက်တွင် သူတို့ ဆန်၊ ဆီ စသည့် မီးဖိုချောင်ပစ္စည်းများယူ၍ သစ်ခုတ်မည့်တောသို့ ကျွန်ုပ်တို့ ကားဖြင့်လိုက်၍ ပို့ရသည်။ ကားလမ်းမှာ လယ်တော်ကြီး တူးမြောင်းဖြစ်သဖြင့် တူးမြောင်းကမ်းပေါ်တွင် ကားမောင်းခွင့်ကို ဆည်မြောင်းဌာနသို့ သွား၍ လျှောက်ရသည်။ ဂိတ်အမျိုးမျိုးနှင့် ပိတ်ထားသည်။ လက်မှတ်ပါမှသာ ဂိတ်ဖွင့်ပေး၍ ကားကို မောင်းနိုင်သည်။ အဘယ်ကြောင့်ဆိုသော် နွားလှည်းများသွားလျှင် ဆည်ကို ထိခိုက်ပျက်စီးမှာစိုးသောကြောင့် ဖြစ်လေသည်။

သစ်တောကိုလည်း မကြာခဏ သွားကြည့်ရသည်။ ဤသို့သွားရာ၌ ကားဖြင့်သာ သွား၍ရသည်။ သစ်လုံး တော်တော်များများ ရသောအခါ သစ်တောအုပ်ကိုခေါ်၍ တံဆိပ်ရိုက်ရသည်။ မျှောစာဟုဆိုသည်။ အဓိပ္ပာယ်မှာ သစ် တစ်တန်လျှင် အခွန်တော်ငွေ မည်မျှ စသည် ပေးရသည်။ ထိုအခွန်တော်ငွေများကို သစ်တောရုံးအုပ်လက်မှတ် လက်ခံ

[illegible]ရောက်သောအခါ သစ်တောအရာရှိကိုယ်တိုင် သစ်တုံးများကို တံဆိပ်ရိုက်၊ လက်မှတ်ထုတ် [illegible]သည်။ သစ်တုံးများကို အခွန်ဆောင်ပြီးကြောင်း၊ သယ်ယူ၍ရကြောင်း လက်မှတ်ဖြစ် [illegible]သည်။ လက်မှတ်မပါလျှင် သစ်တောဌာနမှဖြစ်စေ၊ ရဲဌာနမှဖြစ်စေ ဖမ်းနိုင်သည်။ သစ်ခိုးမှု [illegible]သည်။ ဤကဲ့သို့ သစ်ခုတ်ရာ တစ်နှစ်ခန့် ကြာခဲ့၏။ သစ်ခုတ်သမားများအား “ဆင်များကို သီတင်းကျွတ်လမကုန်ခင် မြို့သို့ရောက်အောင် လုပ်ပေးပါ”ဟု ထပ်ခါထပ်ခါ အကြိမ်ကြိမ် မှာသည်။ သို့ရာတွင် တောသူတောင်သားများမှာ ကြီးပွားအောင်မြင်ချင် [illegible] မရှိ။ ရတာလေးစားပြီး အေးအေးနေသူများဖြစ်သည်။ ထို့ကြောင့် သူတို့ထံမှ ဆင်များရောက်သောအခါ မန္တလေးမြို့တွင် ရွှေလှေ စသော ရွာမှ သစ်ဖောင်တွေ ရောက်လာ၍ အပြိုင်အဆိုင် ရောင်းရသဖြင့် မြတ်စွန်းသင့်သလောက် မမြတ်ချေ။ ဥပမာ သရက်သီးပေါ်စတွင် ဈေးကောင်းသည်။ သရက်သီးတွေ များလာသောအခါ ဈေးပေါ သွားသလို ဖြစ်သည်။

ဤကဲ့သို့ ကျွန်ုပ်သည် တစ်နှစ်ခန့် လုပ်ခဲ့သည်။ ထို့နောက် ယခင်လုပ်သော သင်တောအပြင် မန္တလေးမြို့ မြောက်ဘက် မိုင် ၃၀ လောက်ရှိ စဉ့်ကူးမြို့ အရှေ့ဘက် ရှေ့နတ်တောင်တွင် လိုင်စင်ယူ၍ သစ်လုပ်ငန်းကို လုပ်ပြန်သည်။ သစ်တောအုပ်နှင့် ဆောအုပ်ကတော်တို့မှာ မိုးကုတ်သူများဖြစ်၍ အလွန်သဘောကောင်းသည်။ သူတို့အိမ်၌ ဘည်းရသည်။ ထမင်းကောင်း၊ ဟင်းကောင်း ကျွေးသည်။ ထိုသို့ လုပ်သော်လည်း အမြတ်စွန်းမှန်းသလောက် မဖြစ်ခဲ့ချေ။ တစ်နေ့သောအခါ သစ်ခုတ်သမား ဆယ့်လေး ငါးယောက်တို့သည် ကျွန်ုပ်တို့အိမ်သို့ ညအိပ်ရောက်လာကြသည်။ ညဦးပိုင်းတွင် ညစာ ဘားသောက်ပြီးနောက် အိမ်ရှေ့တွင် ထိုင်၍ စကားစမြည်ပြော လက်ဖက်ရည်ကြမ်း သောက်ကြသည်။ ထိုအခါ ကျွန်ုပ်က အိမ်ပေါ်ထပ်မှ ကြည့်လိုက်သည်။ သစ်ခုတ်သမား များကို မြင်၍ စဉ်းစားမိသည်။ သစ်ခုတ်သမား တောသူ တောင်သားများမှာ ချမ်းသာ ကြီးပွားချင်သော စိတ်မရှိ။ ရှိ၍လည်း သူတို့၌ ဘာမှ မဖြစ်နိုင်။ မျှော်လင့်ချက် ဆုံးထား ပြီးဖြစ်သည်။ ဤကဲ့သို့ ကြီးပွားချင်သောစိတ်၊ ကြိုးစားချင်သောစိတ် မရှိသောသူများကို မှီ၍လုပ်မှ ကြီးပွားမည့်အလုပ်ဖြစ်သည်။ ထို့ကြောင့် ဤအလုပ်တွင် ထိုသူများနှင့် လုပ်ရက မိမိအတွက် မည်သည့်နည်းနှင့်မျှ ကြီးပွားချမ်းသာမည်မဟုတ်ကြောင်း နားလည်လာသည်။ မည်သည့် အလုပ်မဆို သူ့တာဝန်နှင့်သူ တက်ညီလက်ညီလုပ်မှသာ လုပ်ငန်းအောင်မြင် လေ့ရှိသည်။ ထို့ကြောင့် သူတို့ထံ စရံပေးထားသော သစ်ခုတ်ခငွေများကို အဆုံးထား၍ လုပ်ငန်းကို ရပ်စဲလိုက်သည်။ တစ်နေ့သောအခါ စဉ့်ကူးမြို့ရှိ သစ်တောအုပ်ကတော် အဒေါ်ကြီးသည် ကျွန်ုပ်ထံ ရောက်လာသည်။ သူသည် မိုးကုတ်အထိ ခရီးသွားမည်ဖြစ် ကြောင်း၊ ဆွေမျိုးများရှိကြောင်း ပြောသည်။ သည်တွင် ကျွန်ုပ်က စဉ်းစားသည်။ မိုးကုတ် မြို့မှာ ကျောက်တွင်းတူးလျှင် သူဌေးများ ဖြစ်မလား၊ ဘယ်လိုတူးလျှင် ကောင်းမည် စသည်ဖြင့် ဆုံးဖြတ်ပြီးလျှင် အစ်ကိုသဖွယ်ရှိသော အိမ်ရှင်များအား အကျိုးအကြောင်း ပြော၍ အဒေါ်ကြီးနှင့် မိုးကုတ်မြို့သို့ လိုက်သွားသည်။

## လမ်းသစ်စာအုပ်တိုက်

ကျွန်ုပ်တို့သည် မိုးကုတ်က အဒေါ်ကြီးနှင့်အတူ သင်္ဘောဖြင့် သပိတ်ကျဉ်းသို့ ရောက်ကြသည်။ သပိတ်ကျဉ်းသို့ ည ၇ နာရီ သင်္ဘောဆိုက်၏။ သပိတ်ကျဉ်းမြို့မှ မိုးကုတ်သို့ ခရီးသည်တင်ကားကြီးများနှင့် စုပေါင်းလိုက်သွားကြသည်။ ဤကဲ့သို့ ၇ နာရီ က လိုက်သွားရာ မိုးကုတ်မြို့သို့ ရောက်သောအခါ ညဥ့် ၁၁ နာရီထိုးပြီ။ အဒေါ်ကြီး၏ တူမများအိမ်သို့ ရောက်သောအခါ အလွန်ကြီးသော နှစ်ထပ်အိမ်ကြီး ဖြစ်သည်ကို တွေ့ရ၏။ လှေကားမှတက်သော တံခါးကို ပိတ်၍မထား၊ ဖွင့်ထားသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အိမ်ရှင်များမနိုးအောင် ဖြည်းဖြည်းတက်၏။ ကျွန်ုပ်က ဘုရားစင်နားတွင် ဖျာခင်း၍ အိပ်ရာလိပ်ကို ဖြည်အိပ်သည်။ အဒေါ်ကြီးက အနောက်ဘက်ရှိ အားသော အခန်းတစ်ခန်းတွင် အိပ်သည်။ နံနက် ၆ နာရီလောက်တွင် အိမ်ရှင်တွေ နိုးလာကြသည်။ ကျွန်ုပ်တို့ အိပ်ရာကို မြင်သဖြင့် ဧည့်သည်တွေ ရောက်နေသည်ဟု သိရသည်။ ကျွန်ုပ်တို့ အိပ်ရာကထ၍ မျက်နှာသစ် ကော်ဖီသောက်ကြသည်။ ကျွန်ုပ်က စိုးရိမ်စွာဖြင့် "အိမ်တံခါးကို ဘာကြောင့် မပိတ်သလဲ"ဟု မေးသည်။ ထိုအခါ အစ်မကြီးက "မိုးကုတ်မြို့တွင် သူခိုးမရှိကြောင်း၊ ဓားပြမရှိကြောင်း။ အဘယ်ကြောင့်ဆိုသော် သစ္စာမရှိလျှင်၊ သီလမရှိလျှင် ကျောက်တူး၍ မရကြောင်း"ပြောသည်။ ထို့ကြောင့် ဒီမြို့တွင် သူခိုးမရှိ။ ကျွန်ုပ် အလွန် အံ့သြသွားသည်။ ယခုခေတ်တွင် ဤကဲ့သို့မဟုတ်ပါ။ သူခိုးမဟုတ်၊ လူကိုပင် သတ်၍ ပစ္စည်းယူကြသည်။ ခေတ်ကြီးက ဆိုးလှသည်။

မိုးကုတ်မြို့မှာ အလွန်အေးသည်။ သောက်ရေပင်လျှင် အခြားသော မြို့များနှင့် မတူပါ။ ရေမှာ စေးပျစ်နေသည်ဟု ထင်ရသည်။ အလွန်အေးသည်။ မိုးကုတ်တွင် ကျွန်ုပ် သက်သတ်လွတ်စားသည်။ ဟင်းခြောက်မျိုးခန့် ချက်ပေးသည်။ ဆူးပုတ်ရွက်များမှာ အလွန်ကြီးမားလှသည်။ ကြက်သွန်ဖြူ ဥကြီးများမှာ မြန်မာပြည်ရှိ ကြက်သွန်နီဥကြီးများလောက်ရှိ၍ ကျွန်ုပ် အလွန်အံ့သြသွားသည်။ ချဉ်ပေါင်ရွက်ချင်းလည်း မတူ၊ ကြက်သွန်ဥချင်းလည်းမတူ ဖြစ်သည်။ ကျွန်ုပ်တို့သည် တစ်ရက်၊ နှစ်ရက် လည်ပတ်ပြီးလျှင် ကျောက်တွင်းတူးရန်ကိစ္စကို အစ်မကြီးအား မေးကြည့်သည်။ ထိုအခါ အစ်မကြီးက "ငါ့မောင်ရယ် စိတ်မကူးပါနှင့်၊ အစ်မတို့ ကျောက်တွင်းတူးတာ ရှုံးသည်။ အိမ်ကြီးကို တစ်သောင်းနှင့် ပေါင်ထားရသည်"ဟု ပြောပြသည်။ အဘယ်ကြောင့်ဆိုသော် ကျောက်တွင်းတူးရာတွင် လူငှားရသည်။ လိုင်စင် ဆောင်ရသည်။ တူးသောအခါ ဘယ်နားမှာ ရှိသည်ဟု မည်သူမှမသိ၊ မိမိစိတ်ထင်ရာ နေရာယူ၍ တူးရခြင်းဖြစ်သည်။ ထိုအခါကျမှ ကျွန်ုပ်သည် ပစ္စည်းများ ရှာဖွေမှုကို နားလည်လာသည်။ ဖြတ်လမ်းကလိုက်၍ ချမ်းသာခြင်းမဟုတ်။ တဖြည်းဖြည်း အလုပ်လုပ်မှ ချမ်းသာလာသည်။ မိုးကုတ်မြို့ရှိ ကုလားဆိုင်ကြီးများမှာ ကျောက်တွင်းမတူးဘဲ သူဌေးဖြစ်နေသည်။ ဆန်၊ ဆီ၊ ဆားမှစ၍ ငါးပိ၊ ငါးခြောက်၊ အဝတ်အထည်၊ ပေါင်ဒါ၊ ရေမွှေး ကုန်မျိုးစုံရောင်းသည်။ သူတို့အလုပ်က သေချာသောအလုပ် ဖြစ်သည်။ အရှုံးမရှိ၊ ကျောက်တွင်းတူးသော လူမှန်သမျှ သူတို့ထံမှာ ဆန်ဝယ်ရသည်၊ ဆီဝယ်ရသည်၊ ထို့ကြောင့် သူတို့ သူဌေးဖြစ်ကြသည်။

သို့နှင့် ကျွန်ုပ် စဉ်းစားကြည့်သည်။ 'စရည်းခိုးခွက်၊ ကြီးစွာလျက်ပင်၊ စဉ်ဆက်များ ပြည့်သောလားသို့၊ စီးပွားရှာဖွေ ကြံတတ်စေ' ဟူသော ရှေးစာပုဒ်တစ်ခုကို ဖတ်ရသည်။ စဉ့်အိုးကြီးပင်ဖြစ်စေ ရေတပေါက်ပေါက် ကျလာသောအခါ စဉ့်အိုးကြီး ပြည့်လာသည်။ ငွေရေးကြေးရေး၊ စီးပွားရှာသောအခါ၌လည်း နည်းသည်မဟုတ်၊ များသည် ပေါက်၊ တဖြည်းဖြည်း စုဆောင်းရသည်။

ကျောက်တွင်းတူးထားသဖြင့် မိုးကုတ်မြို့လယ်မှာ ရေကန်ကြီး ဖြစ်နေသည်။ တစ်နေရာသို့ ကျွန်ုပ်တို့ လျှောက်ကြည့်သောအခါ တောင်ထိပ်တစ်ခုတွင် အလွန်ကြီးမားသော သံဘီးကြီးများ၊ သံချောင်းကြီးများ၊ သံတိုင်ကြီးများ၊ သံတုံးကြီးများ တွေ့ရသည်။ တစ်ခါတုန်းက အင်္ဂလိပ်ကုမ္ပဏီတစ်ခု သိန်းပေါင်း(၃၀) အရင်းတည်၍ ကျောက်တွင်း လာတူးသည်။ တောင်တွေကို ဖြိုလှဲရမည်ဟု သူတို့က စိတ်ကူးသည်။ စက်နှင့် တူးသည်။ သို့ရာတွင် ကျောင်းတွင်းမှာ ထိုက်သူမှသာ ရသည်။ သုံးနှစ်လောက်တွင် အားလုံး ရှုံးသောကြောင့် ကုမ္ပဏီကို ဖြုတ်၍ ပြန်သွားကြသဖြင့် ဤသံတုံးများ ကျန်ရစ်ခဲ့သည်။

အစ်မကြီးက 'မိုးကုတ်ပတ္တမြားသည် သူတော်ကောင်းများကိုသာ ရစေသည်' ဆိုပြီးလျှင် သူဌေးဦးမှတ်ကြီးအကြောင်းကို ပြောပြသည်။ "မိုးကုတ်မှ သူဌေးဦးမှတ်ကြီး ဆိုလျှင် လူတိုင်းသိသည်။ သူ့သမီးသည် မိုးမိတ်စော်ဘွား၏ မဟာဒေဝီ ဖြစ်သည်။ သူဌေးဦးမှတ်ကြီးသည် ငယ်စဉ်က ဆင်းရဲသည်။ သို့ရာတွင် အမြဲတမ်း ဘုရား၊ တရားနှင့် နေသည်။ ဥပုသ်သီလ ဆောက်တည်သည်။ ပုတီးစိပ်သည်။ သူ့အသက် ၄၀ ကျော်လာသောအခါ နတ်များက အိပ်မက်ပေးသည်။ အိပ်မက်ထဲတွင် နတ်သားတစ်ယောက် ပေါ်လာပြီးလျှင် မောင်မှတ်ကြီး ဒီလင်းတတောင်ကို သေချာမှတ်ထား။ ဒီနေရာကနေ ဟိုနေရာ၊ ဟိုနေရာကနေ သည်နေရာ လက်ညှိုးထောက်ပြသည်။ ပြသည့်နေရာအတိုင်း ကျောက်တွင်းတွေတူး၊ မင်း သူဌေးဖြစ်လာလိမ့်မည်။ သူဌေးဖြစ်လာလျှင် သာသနာပြု ရလိမ့်မည်ဟု ညွှန်ကြားသည်။ အစသော် မယုံသေး၊ နှစ်ခါ၊ သုံးခါ မက်သောအခါ ထိုအိပ်မက်အရ ညွှန်ပြသည့် နေရာသို့သွား၍ လင်းတတောင်ကိုပတ်၍ ကျောက်တွင်း တူးရာ မိုးကုတ်မြို့သူမြို့သားများ အဆိုအားဖြင့် ကုဋေများစွာတန်သော ပတ္တမြား တွေ့ရသည်"ဟု ဆိုသည်။ ထိုစဉ်က ပြင်သစ်ပြည်ကို ပို့၍ ရောင်းရသည်။

တစ်ကမ္ဘာလုံးတွင် မြန်မာပြည်မှ ပတ္တမြား အကောင်းဆုံးထွက်သည်။ မြန်မာပြည်မှာ တစ်ထောင်တန်သော ပတ္တမြားသည် ပြင်သစ်ပြည် ပါရီမြို့သို့ရောက်လျှင် တစ်သောင်းဖြစ်သည်။ ထိုမှတစ်ဆင့် အမေရိကန်သို့ ရောက်သောအခါ နှစ်သောင်း ဖြစ်သည်။ ဤကဲ့သို့ ဈေးကောင်းသည်။ ဦးမှတ်ကြီးမှာ ဘုရား၊ တန်ဆောင်း၊ ကျောင်း၊ ကန်များစွာ လှူသဖြင့် 'ဘုရားဒါယိကာ ဦးမှတ်ကြီး'ဟု အလွန်ကျော်စောခဲ့သည်။

ဦးမှတ်ကြီးရသော ပတ္တမြားငမောက်ကလေးဆိုသည်မှာ ပတ္တမြားကို ဝါဂွမ်း တစ်ပိဿာအုပ်လျှင် ဝါဂွမ်းတစ်ပိဿာ အကုန်လုံး ရဲ၍လာသည်။ အနီရောင်သန်း၍ လာသည်။ တော်တော် အရောင်ကောင်းသည်။ လက်သန်းဖျားလောက်သာ ရှိသည်။

သီပေါမင်း၏ ငမောက်ပတ္တမြားမှာ သူ့ထက် အနည်းငယ်ကြီး၍ ဝါဂွမ်းသုံးပိဿာ ဖုံးလိုက်လျှင် အားလုံးနီရဲလာသည်။ စစ်မဖြစ်မီက မိုးမိတ်စော်ဘွားထံတွင် ယင်းငမောက် ကလေးခေါ် ပတ္တမြားရှိသည်။ ကျွန်ုပ် မြင်ခဲ့ရသည်မဟုတ်၊ သိသောသူများက ပြောခြင်း ဖြစ်သည်။

ဤနည်းအားဖြင့် မိုးကုတ်မြို့တွင် ကျောက်တွင်း တူးသော်လည်း သူဌေးဖြစ်နိုင် သည်မဟုတ်။ ကံပေးမှ ရသည်ဆိုသော စကားကို နားလည်လာသည်။ မန္တလေးမြို့သို့ ရောက်သောအခါ ကျွန်ုပ်တို့ အိမ်ရှေ့ရှိ အိမ်ကြီးတစ်အိမ်တွင် လင်မယားနှစ်ယောက် လာငှားနေသည်မှာ သုံးလခန့်ကြာသည်။ ကျွန်ုပ်တို့သည် သစ်ခုတ်သမားများကို အိမ်တွင် ချက်ပြုတ်ကျွေးမွေးရင်း မိမိတို့ပိုင်သစ်များ ရောက်လာခြင်းကို သူတို့သိရှိလာသည်။ တစ်နေ့သောအခါ လင်မယားနှစ်ယောက်တို့သည် ကျွန်ုပ်အိမ်သို့ လာ၍ နှုတ်ဆက်ကြ သည်။ သူသည် ဘိန်းအင်စပက်တော် ဖြစ်သည်။ ဒီအိမ်က ဘိန်းကုန်ကူး၍ ကားဖြင့် ခဏခဏ မေမြို့သို့တက်ကြောင်း သတင်းရသည်။ ထို့ကြောင့် လာရောက်ထောက်လှမ်း ခြင်းဖြစ်သည်ဟု ဆိုသည်။ ယခု သစ်ခုတ်သမားနှင့် သစ်များ ရောက်လာသည်ကိုမြင်၍ "ဘိန်းကုန်ကူးခြင်း မဟုတ်ကြောင်း၊ သစ်အရောင်းအဝယ်ကြောင့် ကားဖြင့် သွားရကြောင်း သိပါပြီ။ သူတို့ရသော သတင်းမှာ မဟုတ်မမှန်သဖြင့် ရှေ့သို့ဆက်လက်၍ စုံစမ်းရန် မလိုတော့ကြောင်း၊ သူတို့ကိုလည်း မိတ်ဆွေအရင်းဟု မှတ်ပါ"ဟု ပြောလာသည်။

လူတို့သဘောကို ကြည့်ပါ။ ဘာမှ အမှန်မသိဘဲ သူတစ်ပါး ပျက်လိုပျက်စီး ကြောင်း မကောင်းကြံစည်ကြသည်။ မကောင်းတာကို လုပ်ချင်ကြသည်။ ကောင်းတာကို ပညာရှိများ၊ သူတော်ကောင်းများကသာ မြင်တတ်၏။ လူယုတ်မာများသည် မကောင်း သောဘက်က အမြဲတမ်း ကြည့်ရှုလေ့ ရှိသည်။ သူတို့လာရောက်၍ မစုံစမ်းမီပင် ဆိုင်းတန်းရဲဌာနာအုပ် ဖြစ်သူက ကျွန်ုပ်တို့အား ဘိန်းကူးသည်ဟု သတင်းဖြစ်နေ၍ ယစ်မျိုးဘက်က စုံစမ်းနေကြောင်း ပြောလာသည်။ သို့ရာတွင် ကျွန်ုပ်တို့ ဘိန်းကုန်သည် လုံးဝမဟုတ်သဖြင့် အလေးမပြုခဲ့ချေ။ ဘိန်းအရာရှိက ပြောမှ လူ့ဘဝဆိုတာ ခက်ခဲ ကြောင်း သိလာသည်။ ထို့ကြောင့် သက္ကပည္ဍသုတ်ကို သတိရမိသည်။ သက္ကဆိုသည်မှာ သကြားမင်း ဖြစ်သည်။ ပဉ္စ ဆိုသည်မှာ ပုစ္ဆာ ဖြစ်သည်။ သိကြားမင်းမေးသော ပုစ္ဆာ ဖြစ်သည်။ တစ်နေ့သောအခါ သိကြားမင်းသည် ညအခါတွင် မြတ်စွာဘုရားထံသို့ လျှောက်ထားသည်။ "မြတ်စွာဘုရား၊ လူတွေအားလုံး နတ်တွေအားလုံး ပျော်ရွှင်စွာ နေလိုပါသည်၊ ချမ်းသာနေလိုပါသည်၊ ညီညွတ်စွာ နေလိုပါသည်၊ အေးချမ်းစွာ နေလိုပါ သည်၊ မည်သူ့ကိုမေးမေး ဤကဲ့သို့ပင် တောင့်တကြပါသည်။ သို့ရာတွင် မည်သူမှ အေးအေးချမ်းချမ်း၊ ညီညီညွတ်ညွတ်၊ ပျော်ပျော်ပါးပါး နေရသည်မရှိ၊ ဒုက္ခတွေ ရောက် ကြပါသည်။ ဤကိစ္စ အဘယ့်ကြောင့် ဖြစ်ရပါသလဲ ဟောပြောတော်မူပါ"ဟု လျှောက် ထားသည်။

ထိုအခါ မြတ်စွာဘုရားက “အသင်သိကြားမင်း၊ ဣဿာ မစ္ဆရိယ နှစ်ပါး ရှိနေသမျှ ဘယ်တော့မှ ငြိမ်းချမ်းမှု၊ သာယာမှု၊ ပျော်ရွှင်မှုမရနိုင်”ဟု ဟောတော်မူသည်။ ဣဿာ ဆိုသည်မှာ မနာလိုသောစိတ် ဖြစ်သည်။ မစ္ဆရိယ ဆိုသည်မှာ ဝန်တိုသောစိတ် ဖြစ်သည်။ ယခု ကမ္ဘာကြီးဆူပွက်နေသည်မှာ ဤတရားနှစ်ပါးကြောင့် ဖြစ်သည်။ အမြဲတမ်း ကမ္ဘာကြီးတစ်နေရာရာတွင် စစ်ပွဲတွေ ရှိနေသည်။ တစ်ယောက်နှင့်တစ်ယောက် သတ်နေကြသည်။ ဘယ်တော့မှ ငြိမ်းချမ်းမှု ရမည်မဟုတ်။ ထိုမျှမကသေး အနုမြူစစ်ပွဲကြီးပင် လာလိမ့်ဦးမည်။ အလွန်ပင် ကြောက်စရာကောင်းသည်။ ရှေးခေတ်က ဘာသာရေးကို ဘာသာဝင်တိုင်း လေးစားသည်။ သူတော်ကောင်းတွေ များသည်။ ယခုခေတ်တွင် ဘာသာရေး ဘေးချိတ်ထားသည်။ မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ ‘ငါရလျှင်ပြီးရော၊ မည်သူသေသေ ငတေမာပြီးရော’ ဟူသော ပုံပြင်မျိုးဖြစ်နေသည်။ ကျွန်ုပ်တို့ တရားသဖြင့် သစ်အလုပ်လုပ်သည်ကိုပင် ဘိန်းကုန်ကူးသည်ဟု မနာလိုသောသူများ သတင်းပို့သည်မှာ အံ့သြစရာဖြစ်သည်။

ကျွန်ုပ် ဆယ်တန်းတွင်နေတုန်းက ကျွန်ုပ်၏ သူငယ်ချင်းများ မိဘရှိရာ တောရွာများသို့ အလည်အပတ် ရောက်ခဲ့သည်။ တောသူတောင်သားများသည် အလွန်ပင် ရိုးသားသည်။ မိသားစုစိတ်ဓာတ်ဖြစ်သည်။ ဗုဒ္ဓဝါဒဖြစ်သည်။ တစ်ရွာလုံး မိသားစုစိတ်ဓာတ်နှင့် မိသားစုကဲ့သို့ နေထိုင်ကြသည်။ သူ့အိမ်တွင် သဘော်သီးမှည့်က တောင်းနေဖို့မလို။ စားချင်လျှင် ခူးသွားနိုင်သည်။ ကိုယ်စိုက်ထားသော ခရမ်းပင်၊ ဖူးပင် ရှိကလည်း အိမ်နီးနားချင်း စားချင်က တောင်းနေရန်မလို ဝင်၍ ခူးနိုင်သည်။ ဥပမာ–နက်ဖြန်တွင် ဦးအေး–ဒေါ်တင့်တို့ အိမ်ဆောက်လိုပါသည်။ တစ်အိမ်တစ်ယောက် ကြွရောက်၍ ကူညီကြပါဟု ရွာဆော်ဆိုသူက ရွာထဲသို့လှည့်၍ ညချမ်းတွင် အော်ပေးသည်။ နက်ဖြန်ရောက်သောအခါ တစ်အိမ်တစ်ယောက် တူးရွင်းပြား၊ ပေါက်ပြားများယူလာ၍ ဝိုင်းဝန်းပြီး အိမ်ကို ဆောက်ပေးကြသည်။ တစ်ရက်တည်းနှင့် အိမ်တစ်လုံး ပြီးသွားသည်။ ငွေတစ်ပြားမှ မကုန်ပေ။ ချမ်းသာသူဖြစ်က ဟင်းကောင်းကောင်းနှင့် ထမင်းကျွေးသည်။ ဆင်းရဲသူဖြစ်က လက်ဖက်ရည်ကြမ်းနှင့် ပဲလှော်၊ ထန်းလျက်နှင့် ဧည့်ခံပေးသည်။ ကူညီသူများက ကျွေးကျွေး၊ မကျွေးကျွေး သဘောမထား၊ တာဝန်အရ ကူညီကြခြင်းဖြစ်သည်။

ထို့အတူပင် တစ်စုံတစ်ယောက်က အလှူလုပ်မည်ဆိုလျှင် ယောက်ျားလေး ကာလသားအဖွဲ့က အလှူတွင်သုံးရန် ထင်းအတွက် တာဝန်ယူပြီးလျှင် လိုသလောက် ထင်းတွေကို ခုတ်၍ပေးသည်။ အမေကြီးများက အလှူတွင် ဧည့်ခံရန် ဆေးလိပ်လိပ်၍ ပေးသည်။ အမျိုးသမီးများက ဆန်ဖွတ် မောင်းထောင်း ရေခပ် စသော မိန်းမအလုပ်များကို ဝိုင်းဝန်းကူညီ လုပ်ပေးသည်။ မဏ္ဍပ်ပစ္စည်း ပြည့်စုံသောအခါ လူကြီးပိုင်းက မဏ္ဍပ်ထိုးပေးသည်။ အညာမှာဆိုလျှင် ထန်းရွက်မဏ္ဍပ်ဖြစ်သည်။ အောက်ပိုင်းမှာဆိုလျှင် သက်ကယ်၊ ဓနိမဏ္ဍပ်ဖြစ်သည်။ နေလုံရုံဖြစ်သည်။ အလှမလိုပေ။ ဝါးပေါသော အရပ်

ဆိုလျှင် ဝါးခုတ်၍ သံဃာစင်ထိုးပေးသည်။ ဗုဒ္ဓဝါဒက မေတ္တာအခြေခံထားသော တရား ရှိပြီးဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်၏ သူငယ်ချင်းများရွာသို့ ရောက်သွားသောအခါ တစ်ခါမှ မသိသော အိမ်နီးနားချင်း အဒေါ်ကြီးများက 'ငါ့တူစားဖို့'ဆိုပြီး တချို့က ဆီးသီးယူလာသည်။ တချို့က ထန်းလျက်ယူလာသည်။ သူငယ်ချင်း၏ ဆွေမျိုးတော်သော အိမ်က ထမင်းဖိတ်ကျွေးသည်။ ဤကဲ့သို့ပင် အခြားကျေးရွာများ၊ သို့မဟုတ် မသိသောအိမ်ကိုပင် သွားရောက်တည်းခိုလျှင် မြန်မာလူမျိုးတို့ ထုံးစံအတိုင်း ဟင်းကောင်း၊ ထမင်းကောင်းနှင့် ကျွေးမွေးသည်။ ဧည့်ခံသည်။

ဤကဲ့သို့ မြန်မာလူမျိုးတို့၏ သဒ္ဓါတရားကို သိသောအခါ ကျွန်ုပ်သည် မြန်မာဖြစ်ရသည်ကို ဝမ်းသာသည်။ မြန်မာလူမျိုးကို ချစ်သည်။ ထို့ကြောင့် 'ဤတောသူ တောင်သားများကို ချမ်းသာကြွယ်ဝအောင် ငါ ဘယ်လိုကူညီရမည်လဲ'ဟု စဉ်းစားမိသည်။ ဤတွင် စဉ်းစားချက်ပေါ်လာသည်။ အင်္ဂလိပ်မင်း အုပ်ချုပ်၍ သူတစ်ပါးကျွန်ဖြစ်သောကြောင့် တောသူတောင်သားများမှာ ဆင်းရဲနေသည်။ သစ်တောဥပဒေအရ သစ်တောထဲက သစ်ပင်များကို ခုတ်ယူသုံးစွဲလျှင် ထောင်ကျသည်။ ကိုယ့်ပြည်ကရှိသော သစ်ဝါးကို ကိုယ်မပိုင်ရ။ သူတို့ထံ လျှောက်ထား အခွန်ဆောင်ပြီးမှသာ ခုတ်ရသည်။ ထို့နောက် ကျွန်ုပ်က စိတ်ကူးလိုက်သည်။ 'တို့ လွတ်လပ်ရေးရအောင် လုပ်မည်။ လွတ်လပ်ရေးရလျှင် တောသူတောင်သားတွေအားလုံး ကျွန်းအိမ်ကြီးတွေ ဆောက်ရမည်။ မြို့ကလူတွေ ကျွန်းစားပွဲနှင့် နေသည်။ တောမှာ လုံးဝမရှိ။ တစ်အိမ်စာကျွန်းသားတွေ ထုတ်ပေးမည်။ ထင်းမဆိုက်ရ။ ထို့နောက် အိမ်တိုင်း၊ အိမ်တိုင်း အိမ်သာဆောက်ပေးမည်။ အိမ်တိုင်း၊ အိမ်တိုင်း ရေတွင်းတူးပေးမည်။ ရေပေါ်လာမည်။ အိမ်တိုင်း၊ အိမ်တိုင်း ကြွက်သွန်၊ ရေတ်သီး အိမ်နား၌စိုက်လျှင် တောသူတောင်သားတွေ ချမ်းသာလာမည်။ လွတ်လပ်ရေးရမှ ဖြစ်မည်'ဆိုပြီးလျှင် တံတားဦးမြို့တွင် နေရှင်နယ်ကျောင်းဆရာ လုပ်သည့်အချိန်က စ၍ တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်ခဲ့သည်။

ထိုစဉ်က မန္တလေးမြို့တွင် သခင်ထိပ်တင်ကိုယ်တော်ကြီးနှင့် ကျွန်ုပ်သာလျှင် သခင်နှစ်ယောက် ရှိသည်။ အင်္ဂလိပ်ကို သခင်ခေါ်ရတာ အလွန်နာသည်။ ထို့ကြောင့် သခင်ဂိုဏ်းပေါ်လာသောအခါ အလွန်ကြည်ညိုသည်။ လူချင်းတူတူ သူကသခင် ကိုယ်က ကျွန်ဖြစ်ရသည်မှာ စိတ်ထဲကနာသည်။ ထို့ပြင် ဆင်းရဲသောသူများကိုလည်း ချမ်းသာစေလိုသော စိတ်ရှိသည်။ ထိုအချိန်က နာမည်ကျော် ကိုဘဟိန်းမှာ ကောလိပ်ကျောင်းသားဘဝသာ ရှိခဲ့သည်။ သူကလည်း အားပေးသည်။ သူလည်း မလွတ်လပ်သေးသဖြင့် နိုင်ငံရေးထဲ မဝင်သေးချေ။ ရန်ကုန်ကောလိပ်ရောက်မှ နိုင်ငံရေးနယ် ရောက်ခဲ့သည်။ တို့ဗမာအစည်းအရုံး ဒုတိယနှစ်ပတ်လည် အစည်းအဝေးကို မြင်းခြံမြို့တွင် ကျင်းပသည်။ မန္တလေးမြို့မှ သခင်ထိပ်တင် ကိုယ်တော်ကြီးနှင့် ကျွန်ုပ်တို့နှစ်ယောက်သာ မန္တလေးက ကိုယ်စားလှယ် ပါလာသည်။ ကျွန်ုပ်သည် မြန်မာနိုင်ငံလုံးဆိုင်ရာ ကော်မတီအဖွဲ့တွင် အရွေးခံရသည်။

## လမ်းသစ်စာအုပ်တိုက်

ထိုစဉ်က သခင်မြ၊ သခင်ဘစိန်၊ သခင်ထွန်းအုပ် စသော ထိပ်သီးခေါင်းဆောင်ကြီးများပါသည်။ သခင်ဘစိန်သည် အလွန်သတ္တိကောင်း၍ အပြောအဟောကောင်းသူဖြစ်သည်။ သူတို့ ဖွတ်တရွတ်လုပ်မည့်ကိစ္စများကို သခင်ကိုယ်တော်မှိုင်းနှင့် သခင်မြတို့က နောက်ပိုင်းက ထိန်းသိမ်းပေးသည်။ ထိုစဉ်က 'ကမ္ဘာမကျေ၊ ဗမာတွေ၊ ဒါတို့ပြည်၊ ဒါတို့မြေ၊ ဒါငါတို့ပြည်'စသော တို့ဗမာသီချင်းကို နားထောင်ရသူတိုင်း ကြက်သီးထ၍ မျိုးချစ်စိတ် အလွန်ပြင်းထန်လာသည်။ အလွန်အံ့ဩစရာ ကောင်းသည်။ ထို မြင်းခြံကွန်ဖရင့်တွင် သခင်ဗစိန်နှင့် သခင်ထွန်းအုပ် ခေါင်းဆောင်သုံးလေးယောက်ကို ရဲဘက်ကဖမ်းသွားသည်။ သို့ရာတွင် ကျန်လူများက ဆက်လက်၍ အစီအစဉ်ပြီးသည့်တိုင်အောင် တရားပွဲများ ကျင်းပသည်။ ရှေးလူကြီးပိုင်းကတော့ ဒီကောင်လေးတွေ ရှုပ်သည်ဟု ထင်သည်။ လူငယ်လူလတ်ပိုင်းကတော့ အလွန်အားကျ၍ တို့ဗမာအစည်းအရုံး ဝင်ကြသည်။

ကျွန်ုပ်တို့သည် ပင်နီအင်္ကျီဝတ်ရသည်။ မိမိစေတနာဖြင့် ဝတ်သည်။ တိုင်းပြည်ကိုချစ်၍ ဝတ်သည်။ ထိုအခါ ကျွန်ုပ်တို့အိမ်နားရှိ စက်ပိုင်ရှင် အဘိုးကြီးတစ်ယောက်က "မင်းက ဘာလို့ ပင်နီဝတ်ရတာလဲ"ဟု မေးသည်။ ထိုအခါ ကျွန်ုပ်က "နိုင်ငံခြားပစ္စည်းကို မလိုချင်ကြောင်း၊ ကိုယ့်တိုင်းပြည်ကို ကိုယ့်အလုပ်ကို အားပေးရမည်ဖြစ်ကြောင်း၊ ဂန္ဒီကြီးကိုယ်တိုင် အိန္ဒိယပြည်၌ အိန္ဒိယပြည်ဖြစ် ဒိုတီကိုသာ ဝတ်ကြောင်း၊ ကိုယ့်လူမျိုးကို ကိုယ်ချစ်ရမည်ဖြစ်ကြောင်း၊ ခွေးသည် ခွေးကိုချစ်သည်။ ကျီးကန်းသည် ကျီးကန်းကို ချစ်သည်။ ဗျိုင်းသည် ဗျိုင်းကိုချစ်သည်။ ကိုယ့်အမျိုးကို ကိုယ်ချစ်သည်။ ဓမ္မတာဖြစ်သည်။ ကိုယ့်အမျိုးကို ကိုယ်မချစ်လျှင် လူယုတ်မာဖြစ်သည်"ဟု ကျွန်ုပ်က ပြောပြသည်။

ထိုအခါ ဓနရှင်ဖြစ်သော သူဌေးကြီးက "ဆင်းရဲတဲ့လူတွေ ပင်နီဝတ်တာ ကောင်းပါသည်"ဟု ပြောသည်။ အဓိပ္ပာယ်က သက္ကလပ်အင်္ကျီ မဝတ်နိုင်၍ ပင်နီဝတ်ရသည်ဟု သူကဆိုသည်။ ကျွန်ုပ်သည် ဝမ်းမနည်းပါ။ မိမိစိတ်ကို မိမိသိပြီးဖြစ်သည်။ ထိုခေတ်က သခင်များသည် တိုင်းပြည်အတွက် အသက်ပင်သေသေဟု လူငယ်တိုင်း ရဲဝံ့စွာ ဆုံးဖြတ်ကြသည်။ ဗိုလ်ချုပ်အောင်ဆန်း ရဲဘော်သုံးကျိပ်အဖြစ် ဂျပန်ပြည်မှ ဂျပန်တပ်များနှင့် ပါလာပြီးလျှင် မြန်မာပြည်ကြီးကို သခင်များက အုပ်ချုပ်သောအခါ ထိုစက်ပိုင်ကြီးသည် သားလောက်သာရှိသော ကျွန်ုပ်အား ရှေးကကဲ့သို့ မင်းနှင့် ငါနှင့် မပြောတော့ဘဲ ခင်ဗျား ကျွန်တော်နှင့် ပြောလာသည်။ ကျွန်ုပ်သည် အလွန်အံ့ဩသွားသည်။ ထို့ကြောင့် 'ဦးကြီး ခင်ဗျား၊ သခင်တွေ အုပ်ချုပ်သော်လည်း လူကြီးမိဘကို ရိုသေမြဲ ရိုသေပါသည်။ ခင်ဗျား ကျွန်တော်နှင့် ပြောရန်မလိုပါ။ ရှေးကလိုပဲ မင်းနှင့် ငါနှင့် ပြောပါ'ဟု ကျွန်ုပ်က ပြောရသည်။ လူတို့ဓမ္မတာ ဖြစ်သည်။ ချမ်းသာသူကို မြှောက်ကြသည်။ ဆင်းရဲသူကို ဖိကြသည်။ ထို့ကြောင့် ရှေးက စကားပုံရှိသည်။ "မြေနိမ့်ရာ လှံစိုက်သည်"ဟု ဆိုသည်။

ကျွန်ုပ်သည် သစ်လုပ်ငန်း မလုပ်တော့ဘဲ ရပ်စဲပြီးသည့်နောက် ကျွန်ုပ်အိမ်ရှင် နောင်တော်ကြီးဖြစ်သူ ဦးသာဆင်က ကန်ထရိုက်လုပ်ဖို့ တစ်ဖန် ပြောပြန်သည်။ သူ

ကန်ထရိုက်လုပ်သည်။ ကျွန်ုပ်က လိုက်၍ အတူတူလုပ်ရမည်။ အမြတ်ငွေကိုခွဲ၍ ယူကြပါစို့ဟု ပြောသည်။ ကျွန်ုပ်သည် ကျောင်းတက်ခါစဖြစ်၍ ဘာမှ နားလည်သူမဟုတ်၊ သဘောတူလိုက်သည်။ တစ်နေ့သောအခါ ကန်ထရိုက်လုပ်ရန်အတွက် သတင်းစာတွင် ကြော်ငြာပါလာသည်။ တင်ဒါများသွင်းပါ ယင်းလုပ်ငန်းများအတွက် စာရင်းဇယားများကို မည်သည့်အချိန်မဆို ရုံးတွင် လာကြည့်နိုင်သည်ဟု ကြော်ငြာသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် စက်ဘီးတစ်စီးဖြင့် ကန်ထရိုက်ခေါ်သည့် ရုံးသို့ရောက်သည်။ ကျွန်ုပ်၏ နောင်တော်ကြီးက လက်ဖက်ရည်ဆိုင်တွင် ခေတ္တထိုင်ပြီးလျှင် ကျွန်ုပ်အား တင်ဒါပုံစံ စာရွက် သွားတောင်းပါဟု ပြောသည်။

ကျွန်ုပ်သည် ရုံးအပေါ်ထပ်သို့တက်၍ ဗီရိုကြီးထဲမှာရှိသော တင်ဒါပုံစံများကို တောင်းသည်။ ထိုအခါ မင်းစေလုပ်သူက ကျွန်ုပ်အား တင်ဒါပုံစံ စာရွက်ပေးသည်။ တင်ဒါပုံစံ ဆိုသည်မှာ မင်ဖြင့် ငွေဂဏန်းများကို ရေးပြီးလျှင် ပြန်ဖျက်၍ မရနိုင်၊ ပြင်၍လည်း မရနိုင်၊ ထို့ကြောင့် မတော်လို့ မှားသွားလျှင် နောက်ထပ်တစ်ရွက် ပြင်ရေးရန် ထုံးစံအတိုင်း နှစ်ရွက်သုံးရွက် တောင်းသည်။ ထိုအခါ ကျွန်ုပ်၏ ရှေ့တွင်ပင် အခြား ကုလားကန်ထရိုက်တစ်ယောက်က မင်းစေထံမှ တင်ဒါရွက်သုံးရွက် ယူသွားသည်ကို မြင်ရသည်။ ကျွန်ုပ်က သုံးရွက်တောင်းသောအခါ တစ်ရွက်သာ ပေးနိုင်မည်ဟု မင်းစေက ကပ်သည်။ ကျွန်ုပ်သည် လူ့လောကအကြောင်းကို လုံးဝမသိ။ မဟုတ်လျှင် မခံချင်သော စိတ်ရှိသည်။ သခင်ဖြစ်နေတော့ ပိုဆိုးသည်။ လူမိုက်ကလေး ဖြစ်နေသည်။ ကျွန်ုပ်သည် ဘာမပြော၊ ညာမပြော ဗီရိုထဲရှိ ပုံစံစာရွက် သုံးရွက်ကို ကိုယ်တိုင် ဝင်ယူလိုက်သည်။ နောက် စားပွဲပေါ်မှ မျဉ်းလုံးကို ကိုင်ထားသည်။ 'မည်သူမဆို အနှောင့်အယှက်ပေးလျှင် ထောင်ကျကျ ရိုက်သတ်မည်'ဟု ဆုံးဖြတ်လိုက်သည်။ ထို့နောက် မင်းစေကို "မင်းအမေလင် ကုလားကိုတော့ သုံးရွက်ပေးတယ်။ ငါ့ကိုတော့ တစ်ရွက်ထဲပေးတယ်။ ဒီမှာကြည့် ငါ သုံးရွက် ယူလိုက်တယ်။ မင်း မကျေနပ်လျှင် လာခဲ့"ဟု ခေါ်လိုက်သည်။ ထို့နောက် "ရုံးထဲက စာရေးတွေသိအောင် လာခဲ့"ဟု ခေါ်လိုက်သည်။ ထို့နောက် ရုံးထဲက စာရေးတွေ သိအောင် "မည်သူ့မှ လူမထင်ဘူး"ဟု ကြုံးဝါးလိုက်သည်။ ကျွန်ုပ်မှာ လူကလည်း အရုပ်ဆိုး၊ ဒေါသကလည်း ထွက်နေသဖြင့် မည်သူကမှ တုက်တုတ်မှ မလှုပ်ရဲချေ။

နောက်တစ်နေ့တွင် တင်ဒါသွင်းရန်အတွက် စာရင်းဇယားများကို နောင်တော် လုပ်သူက မအားသဖြင့် ကျွန်ုပ်အား "သွား၍ ကူးခဲ့ပါ"ဟု ပြောသည်။ ထို့နောက် ကျွန်ုပ်သည် အရာရှိကြီး၏ ရုံးအုပ်ချုပ်ရေးမှူးထံ သွား၍ "ကန်ထရိုက်လုပ်ငန်းအတွက် ဖိုင်တွဲများကို ခေတ္တကြည့်ခွင့် ပြုပါ"ဟု တောင်းသည်။ ထိုအခါ ရုံးအုပ်စာရေးကြီးက "ဖိုင်တွဲမရှိကြောင်း၊ အင်ဂျင်နီယာ၏ ရုံးခန်းထဲ၌ရှိကြောင်း"ပြောသည်။ ရှေးကဆိုလျှင် အရာရှိအခန်းကို အရမ်းမဝင်ရ။ ခွင့်တောင်းပြီးမှ ဝင်ရသည်။ အခန်းတွင် မင်းစေက အမြဲစောင့်နေသည်။ ကျွန်ုပ်သည် ဘာမှမပြောဘဲ အင်ဂျင်နီယာ အခန်းထဲ ဝင်သွားပြီး "ဖိုင်တွဲကို ကြည့်လိုကြောင်း"ပြောသည်။ အင်ဂျင်နီယာမှာ ပညာတတ်သူဖြစ်၍ လူကြီး

လူကောင်း ဖြစ်သည်။ စားပွဲပေါ်မှ ခေါင်းလောင်းကိုတီး၍ ရုံးအုပ်စာရေးကြီးအား ခေါ်လိုက်သည်။ ခေါ်ပြီးလျှင် "သူ့ကို တင်ဒါခေါ်သည့် ဖိုင်တွဲပြလိုက်ပါ"ဟု ပြောသည်။ စာရေး၏ အခန်းထဲရောက်သောအခါ စာရေးကြီးက သူ့စားပွဲထဲမှ ဖိုင်တွဲကို ထုတ်ပြသည်။ ကျွန်ုပ်သည် အသားတွေ ဆတ်ဆတ်တုန်လောက်အောင် ဒေါသထွက်သည်။ လူပါးဝသည်ဟု စိတ်ထဲက ထင်သည်။ လုံးဝမခံချင်။ သို့ရာတွင် ကိုယ့်အလုပ် ကူးစရာရှိတာကို ကူးပြီးလျှင် အိမ်သို့ ပြန်လာသည်။

ညနေပိုင်းတွင် ကျွန်ုပ်က 'တင်ဒါဖောင်ယူရာ၌ ရန်ဖြစ်ခဲ့ကြောင်း၊ ဖိုင်တွဲတောင်းရာ၌လည်း ဒုက္ခရောက်ကြောင်း၊ သတ်ချင်စိတ်ပေါက်ကြောင်း' ပြောပြသည်။ ထိုအခါ အစ်ကိုဖြစ်သူက "ခင်ဗျားလုပ်တာ မဟုတ်ဘူး၊ ခုလုပ်တဲ့နည်းက နိုင်ငံရေးလုပ်တာဖြစ်သည်။ စီးပွားရေးလုပ်တာ ဤကဲ့သို့ မလုပ်ရ၊ သူပြမည်"ဟု ဆိုသည်။ ထို့ကြောင့် အခြားကန်ထရိုက် လုပ်ငန်းတစ်ခု တင်ဒါခေါ်သောအခါ ကျွန်ုပ်တို့ နှစ်ယောက်သည် လက်ဖက်ရည်ဆိုင်တွင် ထိုင်နေသည်။ ရုံးက မင်းစေလာသောအခါ အစ်ကိုလုပ်သူက ကော်ဖီတိုက်သည်။ ကိတ်မုန့်ကျွေးသည်။ စီးကရက်တစ်ဘူး ဝယ်ပေးသည်။ ထို့နောက် သူက "တင်ဒါပုံစံ သုံးရွက်လောက် လိုချင်ကြောင်း" ပြောသည်။ ပြာတာလုပ်သူသည် ချက်ချင်း ရုံးပေါ်သို့သွား၍ တင်ဒါပုံစံသုံးရွက် ယူလာသည်။ တစ်ဖန် ရုံးအုပ်စာရေးကြီးထံတွင်ရှိသော စာရင်းများကို ကူးရန်လိုသည်။ ထိုအခါ စာရေးကြီးထံသွား၍ ၅၀ ဝင် စီးကရက်ဘူး အဝါရောင် ပေး၏။ ထိုခေတ်က အကောင်းဆုံး ဖြစ်သည်။ တစ်ကျပ်ပေးရသည်။ အင်္ဂလိပ်ငွေ တစ်ကျပ်မှာ ယခု ငွေတစ်ဆယ်နှင့် တူသည်။ ၎င်းနောက် ရုံးရှိ လက်ဖက်ရည်ဆိုင်မှ လက်ဖက်ရည်များ၊ ကိတ်မုန့်အမျိုးမျိုးကို မှာ၍ ရုံးအုပ် စာရေးကြီးထံ ချပေးသည်။ "လက်ဖက်ရည်သောက်ပါ။ ဒီမှာလည်း စီးကရက်သောက်ပါ"ဟု ပြောပြီးလျှင် စားပွဲပေါ်၌ ချပေးသည်။ ထို့နောက် "ကန်ထရိုက်လုပ်ငန်း ဖိုင်တွဲကို ကူးလိုပါသည်' ဟု ပြောသည်။ "ယခင်အခါက ဖိုင်တွဲ သူ့ထံမှာ မရှိ၊ အင်ဂျင်နီယာထံတွင် ရှိသည်ဟု ပြောသော ရုံးအုပ်စာရေးကြီးသည် ယခုတစ်ခါတွင် သူကိုယ်တိုင် ကူးပေးပါမည်"ဟု ဆိုပြီးလျှင် ကူး၍ ပေးလိုက်သည်။

ထို့ကြောင့် လောကကြီးမှာ မှန်တာလုပ်၍မရ မီးစင်ကြည့် က,ရသည်။ ထို့ကြောင့် ကျွန်ုပ်သည် ဤအလုပ်ကိုလည်း မလုပ်ချင်။ ဟိုလူ ရှိခိုးရ၊ ဒီလူ ရှိခိုးရသော အလုပ်မျိုး အလွန် မုန်းသည်။ ထို့ကြောင့် ကျွန်ုပ်သည် အလုပ် မလုပ်ဘဲ နေသည်။ ငယ်ရွယ်သူဖြစ်သဖြင့် အတွေ့အကြုံလည်း နည်းသောကြောင့် ဖြစ်သည်။ လူရေးလူတာ ဘာမှ နားမလည်၊ ရှေးလူကြီးများကလည်း လူမိုက်အလုပ်ဟု ခေါ်လိမ့်မည်။ တစ်နေ့သောအခါတွင် အစ်ကိုလုပ်သူက ပြောပြန်သည်။ ကျွန်တော်တို့ ဆပ်ပြာ ချက်ကြစို့ ဆိုပြီး အိန္ဒိယပြည် မိုက်ဆိုမြို့မှ ဆပ်ပြာချက်နည်းကို သင်လာသော ပုဏ္ဏားကိုအုန်းမောင် ဆိုသူတစ်ယောက် အိမ်သို့ လာသည်။ သူသည် 'ကောင်းစွာ ဆပ်ပြာချက်တတ်ကြောင်း' စသည်ဖြင့် ပြောပြသည်။ ဆပ်ပြာချက်ရာတွင် 'သူက လုပ်ငန်းကို တာဝန်ယူသည်။

ကြော်ငြာရာ၌ ကျွန်ုပ်က တာဝန်ယူမည်။ ငွေကြေးကို ကျွန်ုပ်တို့အိမ်ရှင် နောင်တော်ကြီးက စိုက်ပေးမည်။ အမြတ်ကို သုံးပုံပုံ၍ တစ်ပုံစီယူကြမည်'ဟု သဘောတူကြသည်။ ထိုစဉ်က ဆပ်ပြာချက်သူများသည် အလွန် ချမ်းသာသွားကြသည်။ ထိုသူတွေကို အားကျပြီးလျှင် ကျွန်ုပ်တို့သည် ဟန်ပြီဆိုပြီး စုပ်စတုန်း (ဆပ်ပြာချက်ရာ၌ ထည့်သော ကျောက်သားမှုန့်)၊ ကော့စတစ်ဆိုဒါ၊ အုန်းဆီ စသည်များကို မန္တလေးအရောက် ပို့ပေးရန် ငွေအရင်တင်ပို့၍ မှာယူသည်။ များစွာ သက်သာသည်။ မန္တလေးမြို့တွင် ဆပ်ပြာထဲ ထည့်သော ကျောက်မှုန့်တစ်အိတ်ကို ငါးကျပ် ပေးရသည်။ ကျွန်ုပ်တို့သည် အိမ်အရောက် လေးကျပ်ဖြင့် ရသည်။ အုန်းဆီအပြည့် စည်ပိုင်းတစ်လုံးကို မန္တလေးမြို့တွင် ဝယ်လျှင် ၁၆၅ ကျပ်ဖြစ်သည်။ အိန္ဒိယပြည်မှ မှာယူသောအခါ ရေဝတီသင်္ဘောမှ အိမ်အရောက် ၁၄၀ ကျပ်သာ ဖြစ်သည်။ ငွေ ၂၅ ကျပ် သက်သာသည်။ ထိုခေတ်က ငွေ ၂၅ ကျပ်မှာ အလွန်အဖိုးတန်သည်။ ထမင်းလခ ပေးစာမှ ကျပ်တစ်ဆယ်သာ ပေးရသည်။ ငွေတစ်မူးဆိုလျှင် ထမင်းအဝ စားရသည်။

ဤနည်းအားဖြင့် ကျွန်ုပ်ဘက်က မကုန်သင့်တာ မကုန်အောင်၊ အမြတ်အစွန်းလည်း များများရအောင် စာအုပ်အမျိုးမျိုး ဖတ်၍ ကြိုးစားသည်။

ကျွန်ုပ်သည် ကျောင်းနေဘက် သူငယ်ချင်းများ၊ သခင်အစည်းအရုံးဝင်များ ပေါ်များသဖြင့် မတ္တရာမြို့၊ ကျောက်ဆည်မြို့၊ စစ်ကိုင်း၊ ရွှေဘို၊ မုံရွာ စသော မြို့များကို သွားရောက်၍ ဆပ်ပြာများကိုပြပြီး ဆိုင်များသို့ သွင်းပေးသည်။ ဆပ်ပြာမှာ တကယ်ပင် လန်ဒန်မှ လုပ်သကဲ့သို့ ထပ်တူ ဖြစ်သည်။ ရှေးက လပ်ဆပ်ပြာ ရေမွှေးဆပ်ပြာသည် ကျွန်ုပ်တို့ ဆပ်ပြာနှင့် ရွေး၍မရ။ ထို့အတူ ဆန်းလိုက်ဆပ်ပြာ၊ ကာဘော်လစ် ဆပ်ပြာများမှာ ထပ်တူဖြစ်သည်။ ဤကဲ့သို့ ဆပ်ပြာကောင်းကောင်း ဖြစ်လာသောအခါ ကျွန်ုပ်တို့တွင် ဟန်ကျပြီ၊ သူဌေးဖြစ်မည်ဟုပင် တွေးမိသည်။ သို့ရာတွင် ကျွန်ုပ်အမေများ ငယ်စဉ်က ပြောသည့်အတိုင်း 'ကံမရှိလျှင် ဉာဏ်ရှိတိုင်းမွဲသည်' ဆိုသလို ကျွန်ုပ်တို့မှာ ကြုံတွေ့လာရသည်။

မန္တလေးမြို့ ဈေးချိုတစ်ဝိုက်ရှိ ဆိုင်ကြီးများမှာ သူတို့တွင် ငွေပင်ငွေရင်း ရှိသည်မဟုတ်။ ရောင်းလိုသော ပစ္စည်းများကို ဆိုင်တွင် ပို့ရသည်။ သူတို့က ငွေလက်ငင်းပေးသည်မဟုတ်။ 'ငွေဘယ်လောက်ဖိုး၊ ဥပမာ–ကျပ်သုံးရာဖိုး၊ ဆပ်ပြာရကြောင်း' ဘောက်ချာ ရေးပေးသည်။ ထို့အတူ ဆန်စက်ပိုင်ကလည်း ဆန်အိတ်(၁၀)လုံး ပို့သည်။ ဆီစက်ပိုင်ကလည်း ဆီပုံး(၁၀)ပုံး ပို့သည် စသည်ဖြင့် ဆေးလိပ်ခုံကလည်း ဆေးလိပ်ပို့သည်။ မိမိလုပ်သော ကုန်ပစ္စည်းအမျိုးမျိုးကို သူတို့ ကုန်စုံဆိုင်ကြီးများသို့ ပို့ရသည်။ ပို့ပြီးလျှင် စက်ဘီးတစ်စီးနှင့် 'နောက်ထပ် ဆပ်ပြာ လိုပါသေးသလား'ဟု လျှောက်၍ မေးရသည်။ ရောင်း၍ကုန်လျှင် 'နောက်ထပ် သုံးရာဖိုး ပို့ပေးပါ'ဟု ပြောလာသည်။

ဤကဲ့သို့ သုံးရာဖိုး ပို့ပြန်သောအခါ ငွေချေသည်မဟုတ်။ ယခင် ရောင်းရငွေ ပေးပြီး အဟောင်းပေး အသစ်ယူသည်။ သူတို့ထံ၌ ငွေသုံးရာ ကြွေးပေးထားရသည်။

နှစ်လ၊ သုံးလ ကြာသောအခါ နောက်ထပ် သုံးရာဖိုး မှာပြန်သည်။ ဤအခါ၌ ငွေသုံးရာကျပ် မပေးတော့ဘဲ မလွယ်သေးသည့်အတွက် ငွေနှစ်ရာ ယူသွားပါ။ ကျန်ငွေလေးရာကိုတော့ ဘောက်ချာပေးလိုက်သည်။

ဤနည်းအားဖြင့် ဆိုင်တိုင်းဆိုင်တိုင်း ဒီအလုပ်မျိုး လုပ်ကြသည်။ ထို့ကြောင့် ဆိုင်တွေ များလာသောအခါ ကျွန်ုပ်တို့ရရန် ကြွေးတွေ အများကြီး ဖြစ်သွားသည်။ နောက်ထပ် မပေးလျှင် ထိုကြွေးများမပေး၊ လူ့ဘဝသည် အလွန်ရှုပ်သည်။ ဤကဲ့သို့ တစ်နှစ်လောက် ကြာသောအခါ ရန်ကုန်ဂျူးလိုက် ကုမ္ပဏီကြီးဆို့ပြီးလျှင် ငွေငါးသိန်း မ,တည်သော ကုလားကုမ္ပဏီကြီးတစ်ခု ပေါ်လာသည်။ ထိုခေတ်က ငွေများရာ နိုင်တန်းဖြစ်သည်။ ထိုကုမ္ပဏီထုတ် ဆပ်ပြာများသည် အမှန်ပင် ကောင်းပါသည်။ ကျွန်ုပ်တို့ ဆပ်ပြာကဲ့သို့ ဖြစ်သည်။ သို့ရာတွင် သူတို့သည် အလုပ်ကို နားလည်သည်။ ဤကဲ့သို့ ဈေးတစ်ဝိုက်ရှိ ဆိုင်ကြီးတွေ ဟူသမျှကို ကျွန်ုပ်တို့ကဲ့သို့ နှစ်ရာဖိုး၊ သုံးရာဖိုးမဟုတ် တစ်ထောင်ဖိုး၊ နှစ်ထောင်ဖိုး ကြွေးပေးသည်။ ဆိုင်ရှင်များက ထိုငွေများကို လှည့်၍ သုံးနိုင်သည်။ ထို့ကြောင့် တစ်ထောင်ဖိုး၊ နှစ်ထောင်ဖိုး ကြွေးပေးသော ဆပ်ပြာကိုသာ သူတို့က လက်ခံသည်။ ကျွန်ုပ်တို့ကဲ့သို့ ငွေအားနည်းသော ဆပ်ပြာမျိုးကို လက်မခံတော့ပေ။ ရှိရင်း ကြွေးများကိုလည်း မဆပ်တော့ပေ။ ကျွန်ုပ်တို့မှာ တော်တော်များများ ဆုံးရှုံး၍ အလုပ်ကို ပိတ်ပစ်ရသည်။

လူ့ဘဝဆိုတာ စီးပွားရေးစစ်ပွဲ အမြဲနွှဲရသည် ဆိုသည်မှာ မှန်လှသည်။ မည်သည့် အလုပ်မဆို အပြိုင်အဆိုင် ပေါ်မြဲဖြစ်သည်။ ဤကဲ့သို့ ငွေပင်ငွေရင်း ငါးသိန်းရှိသော ကုမ္ပဏီနှင့် ကျွန်ုပ်တို့ မပြိုင်နိုင်သောကြောင့် ဆပ်ပြာချက်သော အလုပ်ကိုလည်း ပိတ်ပစ်လိုက်ရသည်။ ဤနည်းဖြင့် ကျွန်ုပ်မှာ ဆင်းရဲဇာတာ ပါသည့်အတိုင်း လုပ်ငန်းများ မအောင်မြင်ခဲ့ပြန်ချေ။

ထိုစဉ်အခါ အစိုးရအလုပ် အလွန်ပင် ရှားသည်။ အင်္ဂလိပ် ၁၀ တန်း အောင်ရုံမျှနှင့် စာရေးသာ ဖြစ်နိုင်သည်။ စာရေးအလုပ် မည်မျှ ရှားသနည်းဆိုလျှင် အချို့သူများသည် အကူစာရေးဘဝဖြင့် ရှစ်နှစ်၊ ကိုးနှစ် လုပ်ရသည်။ အောက်တန်းစာရေးလခ ၅၀ ကျပ် ရသည်။ ထိုငွေရအောင် ရှစ်နှစ်၊ ကိုးနှစ် လုပ်ရမည်။ အကူစာရေးဆိုသည့်အတိုင်း လခတစ်ပြားမှ ရသည်မဟုတ်။ ရုံးထဲမှ အခြားစာရေးများ ခွင့်ယူသောအခါ ခွင့်ယူသည့် နေရာတွင် တစ်နှစ်ကို နှစ်လတန်သည်၊ သုံးလတန်သည် ခေတ္တအလုပ်ရသည်။ အကူစာရေးများ အလုပ်ရအောင် ဤကဲ့သို့ တစ်လှည့်စီ ခွင့်ယူ၍ ပေးကြသည်။ ထို့ကြောင့် အစိုးရ အလုပ်ရဖို့ လုံးဝ မျှော်လင့်ချက် မရှိပေ။ အရောင်းအဝယ် လုပ်လိုသော် ငွေပင် ငွေရင်း လိုပြန်၍ လွယ်ကူသော အလုပ် မဟုတ်ပေ။

ကျွန်ုပ်၏ သူငယ်ချင်းများရှိရာ နမ္မတူနှင့် ဘော်တွင်းမြို့တွင် ဤကဲ့သို့ လခစား အလုပ်အကိုင်များ အလွယ်တကူရကြောင်း ကြားသိရ၏။ ကျွန်ုပ်၏မိတ်ဆွေ ကျောင်းနေဘက် သူငယ်ချင်းများနှင့်အတူ နမ္မတူသို့ သွား၍ အလုပ်ရှာရန် စီစဉ်ကြသည်။

မန္တလေးမြို့တွင် အလုပ်အမျိုးမျိုး လုပ်ကိုင်ပါသော်လည်း ကံကလည်း မကောင်း ခြင်းကြောင့် ဘာမျှ မအောင်မြင်မှု မရှိချေ။ ဗဟုသုတရရုံသာ ဖြစ်သည်။ ထို့ကြောင့် မိမိ၏ ကြီးပွားရေးအတွက်၊ ဘဝတည်တံ့မှုအတွက် အလုပ်ရှိသည်ဆိုသော နမ္မတူမြို့သို့ သွားရန် ဆုံးဖြစ်လိုက်သည်။ ကျွန်ုပ်သည် မိခင်ထံမှ ငွေကျပ်ငါးဆယ် မှာယူသည်။ ငွေငါးဆယ် ဆိုသည်မှာ ထိုခေတ်က သုံးလ ထမင်းစားနိုင်သည်။ ခရီး အများကြီး တွင်သည်။

ကျွန်ုပ် မန္တလေးမြို့၌ရှိစဉ် တို့ဗမာအစည်းအရုံး သခင်အသင်းတွင် မြန်မာပြည်လုံး ဆိုင်ရာ ကော်မတီဝင် တစ်ယောက်ဖြစ်ရာ အမြဲတမ်း အိမ်သို့ လာ၍ ရဲဘက်က စုံစမ်း သည်။ သတင်းပို့ရသည်။ စုံထောက်လုပ်သော သူမှာ အသက် ၅၀ ကျော်၍ သဘော ကောင်းသည်။ ကျွန်ုပ်တို့မှာ ခင်မင်လာကြသည်။ သူကလည်း တည့်အောင်ပေါင်းသည်။ သို့မှသာ ကျွန်ုပ်တို့ ဘာလုပ်သည် ဆိုသည်ကို သူက သတင်းပို့နိုင်သည်။ ကျွန်ုပ်တို့ နိုင်ငံရေးအလုပ်မှာ ရာဇဝတ်မှုမဟုတ်၊ ဘာမှ ဘေးရန်မရှိ၊ ကိုယ့်တိုင်းပြည်အတွက် မျိုးချစ်စိတ်ဖြင့် တိုင်းပြည်ကောင်းကျိုး ဆောင်ရွက်ခြင်းဖြစ်သည်။ စုံထောက်ကို လက်ဖက် ရည်ချိန်ရောက်လျှင် ကျွန်ုပ်က လက်ဖက်ရည် တိုက်သည်။ ထမင်းစားချိန်ရောက်လျှင် ထမင်းကျွေးသည်။ ကျွန်ုပ်သည် ရှမ်းပြည်သို့သွားလျှင် စုံထောက်များသိက အနှောင့် အယှက် ဖြစ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် စော်ဘွားများ အုပ်ချုပ်သော ရှမ်းပြည် တစ်ခွင်လုံးတွင် ပုဒ်မ(၁၀) ထုတ်ပြန်ထားသည်။ ၂၄ နာရီအတွင်း မည်သူ့ကိုမဆို နှင်ထုတ်နိုင်သည်။

ကျွန်ုပ် ဤကဲ့သို့ 'အကြံကုန် ဂဠုန်ဆားချက်' ဆိုဘိသကဲ့သို့ အလုပ်ကလေးတစ်ခု ရရန်၊ စားဝတ်နေရေး ပြည့်စုံရန် နမ္မတူသို့ ခရီးထွက်ရာ စုံထောက်များ မသိစေလို၊ သို့နှင့် မန္တလေးမှ မီးရထားမစီးဘဲ မေမြို့အထက်ရှိ ဝက်ဝံဘူတာရုံမှ လားရှိုးသို့သွား သော စာပို့ရထားကိုစီး၍ လိုက်သွားသည်။ ကျွန်ုပ်၏ ဆုံးဖြတ်ချက်မှာ 'နမ္မတူသို့သွား၍မှ အလုပ်အကိုင်တစ်ခု မသေချာလျှင် ဤလူ့ဘဝတွင် မနေလိုတော့ပေ။ တောထဲတောင်ထဲ သွား၍ မိမိကိုယ်ကို သတ်သေမည်'ဟု ဆုံးဖြတ်လိုက်သည်။ ကျွန်ုပ် ငယ်စဉ်က မိဘများ၊ လူကြီးများ အဆိုအားဖြင့် ရှမ်းပြည်ဆိုသည်မှာ ခွေးတော၊ ငှက်တော ဖြစ်သည်။ ငှက်ဖျား အလွန်ဆိုးသည်ဟု ယူဆကြသည်။ အမှန်မှာ ရှမ်းလူမျိုးများသည် အလွန်ရိုးသားသည်။ ငှက်ဖျား ဆိုသည်မှာလည်း နေရာတိုင်း ရှိသည်မဟုတ်။ မိမိ အနေအထိုင်၊ အစား အသောက်၊ အပြုအမူပေါ် မှီခို၍ ဖြစ်တတ်သည်။ ဆင်ခြင်သောသူများ မဖြစ်ပါ။

ရှမ်းပြည်ရောက်မှ ရှမ်းပြည်၏ အေးချမ်းသာယာမှုကို တွေ့ခဲ့ရသည်။ ရပ်ရွာ များတွင် သော့ခလောက်မရှိ။ အလုပ်ကိစ္စ သွားကြလျှင် အိမ်ကို တံခါးမပိတ်ဘဲ ထားခဲ့ သည်။ မည်သူကမှ ဝင်၍ မခိုးချေ။ တစ်ယောက်ကမရှိ တစ်ယောက်က စောင့်ရှောက်သည်။ ဆွေမျိုးသားချင်းကဲ့သို့ ဖြစ်သည်။ ဘုရားတရားကို အလွန်ယုံကြသည်။ အများအားဖြင့် ငါးပါးသီလ လုံသည်။ ထို့ကြောင့် အလွန် အေးချမ်းသည်။ ရာသီဥတုလည်း ကောင်းသည်။

သို့ရာတွင် ကြံလျက်နှင့် ပျက်တတ်သည်။ မကြံဘဲနှင့် ဖြစ်တတ်သည် ဆိုဘိသကဲ့သို့ ဝက်ဝံဘူတာမှ မီးရထားပေါ်သို့ တက်သွားသောအခါ ကျွန်ုပ်နှင့် ရှစ်တန်းတွင် ပညာအတူတူ သင်ခဲ့သော သူငယ်ချင်း တစ်ဦးနှင့် တွေ့ရသည်။ ထိုသူမှာ လက်ဖက်ခြောက်ထွက်ရာ တောင်ပိုင်းနယ်၊ တောင်ပိုင် စော်ဘွားကြီး၏ မဟာဒေဝီ၏မောင် ဖြစ်သည်။ ကျွန်ုပ်ကိစ္စကို သိသောအခါ သူက လက်ဖက်ခြောက်ထွက်ရာ နမ့်စန်မြို့သို့ အလည်လိုက်ခဲ့ရန် ခေါ်သည်။ မြန်မာပြည်တွင် နာမည်ကျော် လက်ဖက်စို၊ လက်ဖက်ခြောက်ထွက်ရာ နမ့်စန်မြို့မှာ ကျောက်မဲမြို့မှ ၇၅ မိုင် ဝေးသည်။ ပေခြောက်ထောင်ကျော် မြင့်သည်။ ရာသီဥတု အလွန် အေးချမ်းသည်။ အချို့တောင်များတွင် ထင်းရှူးပင်သာ ပေါက်သည်။ အလုပ် ရလိုရငြား၊ သို့မဟုတ် ရောက်ဖူးရန် ဆိုပြီး သဘောတူလိုက်သည်။

ဤကဲ့သို့ အလွန်မြင့်သော တောင်တန်းကြီးများကို ဖြတ်၍ မီးရထားခုတ်သောအခါ ကျွန်ုပ်သည် အလွန် ဝမ်းနည်းလာသည်။ မရောက်ဘူးသော အရပ်ဖြစ်သည်။ မိဘလူကြီးများက ခွေးတော ဝက်တောဟု ပြောသည်။ စိတ်ထဲ၌ တော်တော် မချမ်းမသာ ဖြစ်သည်။ ထို့နောက် ကျောက်မဲမြို့ ရောက်သောအခါ ကျောက်မဲမြို့မှ နမ့်စန်မြို့သို့ ဘတ်စကား မရှိ။ ကုန်တင် လော်ရီကားကြီးများတွင် ကုန်ထုပ်တွေပေါ် ထိုင်၍ အိပ်၍ လိုက်ရသည့် လမ်းများမှာ အလွန် ဆိုးသည်။ တောင်များသည် အလွန် မြင့်မားသဖြင့် အောက်ခြေက တောင်ခြေရင်းကို ကြည့်လျှင် ဘာမျှ မမြင်ရပေ။ ပေလေးထောင်လောက် ချောက်ကြီးများ ဖြစ်သည်။ လမ်းက အကွေ့အကောက် များသောကြောင့် ကျောက်မဲမှ နံနက် ခြောက်နာရီ ထွက်လျှင် ၇၅ မိုင်သာဝေးသော နမ့်စန်မြို့သို့ ညနေ ငါးနာရီမှ ရောက်သည်။ တစ်နာရီ ၁၀ မိုင်ထက် ပို၍ မောင်းမရချေ။ လမ်းကလည်း ကျဉ်းသည်။ အကွေ့အကောက်ကလည်း အလွန် များသည်။ အချို့ နေရာများတွင် လမ်းများ အလွန် ကျဉ်းသောကြောင့် ကားများ ချောက်ထဲသို့ ကျတတ်သည်။ အထူးသဖြင့် နမ့်စန်မြို့ မရောက်ခင် ၁၀ မိုင်အလို၌ ကျောက်တောင် အစွန်းလမ်းကို ကွေ့၍ လမ်းဖောက်ထားရာ လော်ရီကားကြီးသည် တစ်ခါတည်း ကွေ့၍ မရ၊ နောက်ဆုတ်လိုက်၊ ရှေ့တိုးလိုက် သုံးခါလောက် ရွှေ့ပြီးမှ ခရီးဆက်နိုင်သည်။ အလွန် ကျဉ်းကျပ်သည်။ နမ့်စန်မြို့ မရောက်မီ ၁၀ မိုင်သို့ ရောက်သောအခါ နမ့်စန်မြို့နှင့် ဤနေရာစပ်ကြားတွင် အလွန် နိမ့်သော ချိုင့်ဝှမ်းကြီး ဖြစ်သည်။ ထို့ကြောင့် နမ့်စန်မြို့ကို အဝေး ၁၀ မိုင်ခန့်က လှမ်း၍ မြင်ရသည်။ အလယ်ကောင်တွင် ချောက်ကြီး ဖြစ်သည်။

နမ့်စန်မြို့သို့ ရောက်သောအခါ နမ့်စန်မြို့ စော်ဘွားကြီး၏ အလယ်တန်းကျောင်းတွင် ကျောင်းအုပ်ဆရာကြီး ဖြစ်နေသူမှာ ကျွန်ုပ် ဆရာဖြစ်သင် နော်မန်ကျောင်း၌ တက်စဉ်က ထမင်းတစ်ဝိုင်းထဲစား၍ ညီအစ်ကိုကဲ့သို့ ချစ်ခင်သော ဆရာဦးအောင်ရှိန် ဖြစ်နေသည်။ ကျွန်ုပ်ကို တွေ့သောအခါ၌ သူ့အိမ်တွင် တည်းခိုရမည်။ သူ၏ဇနီးမှာ မိဘများရှိရာ သထုံသို့ ခေတ္တပြန်နေ၍ အိမ်မှာလည်း ထမင်းချက်သူ တစ်ယောက်သာ ရှိသည်။ ထို့ပြင် ခြောက်တန်းကိုပြရန် ဆရာတစ်ယောက် လိုနေကြောင်း သိရသည်။

သူငယ်ချင်း ကျောင်းအုပ်ဆရာကြီးက စော်ဘွားကြီးထံ သွား၍ ကျွန်ုပ်အား အလုပ်လျှောက်လွှာ တင်ခိုင်းပြီးလျှင် အလုပ်သွင်းပေးသည်။

ဆရာဦးအောင်ရှိန်သည် အလွန် သဘောကောင်းသဖြင့် အမြဲတမ်း ပြုံးနေသည်။ လူတိုင်းနှင့် ခင်မင်သည်။ ကျောင်းအုပ်ဆရာကြီး ဖြစ်သောကြောင့် မြို့သူမြို့သားများနှင့် အရာရှိများ၊ စော်ဘွားကြီးက စ၍ အရေးပေးသည်။ ဤနည်းအားဖြင့် ကျွန်ုပ်သည် မမျှော်လင့်ဘဲ နမ့်စန်တွင် ဆရာအလုပ်ကို ရခဲ့သည်။ ထိုခေတ်က အလယ်တန်းဆရာ လခမှာ တစ်လ ရှစ်ဆယ် ဖြစ်သည်။ ထမင်းလခပေးစားလျှင် တစ်ဆယ်သာ ပေးရသည်။ ငွေတန်ဖိုးရှိသောခေတ် ဖြစ်သည်။

ကျွန်ုပ်သည် ယခင်က သခင်လုပ်ခဲ့သဖြင့် အနွေးထည် ကုတ်အင်္ကျီမရှိ။ ဘလေဇာခေါ် ကုတ်အင်္ကျီကို အလွန်မုန်းသည်။ ဆွယ်တာနှင့်ပင် နေခဲ့သည်။ သို့ရာတွင် နမ့်စန်မြို့မှာ ပေခြောက်ထောင် မြင့်သဖြင့် ကုတ်အင်္ကျီ မရှိလျှင် လုံးဝ မဖြစ်၊ ရန်ကုန်ရှိ ကုမ္ပဏီတစ်ခုသို့ အတိုင်းအထွာ ပို့ပြီးလျှင် ဗွီပီပီနှင့် မှာသည်။ လာသောအခါ ရွေးယူရသည်။ ၁၅ ရက်နှင့် ရသည်။ ရှေးခေတ်က မီးရထားစာတိုက်မှ စ၍ အလွန် တာဝန်ဝတ္တရား ကျေပွန်သည်။

ကျွန်ုပ်သည် ရှစ်တန်းမှစ၍ ဥပုသ်နေ့တိုင်း ဥပုသ်စောင့်သည်။ ဆရာသမားများ ပြောသည့်အတိုင်း ဂုဏ်တော် ကိုးပါးကို ပုတီးစိပ်သည်။ ကျောင်းဆရာ လုပ်နေစဉ်တွင် ဥပုသ်နေ့တိုင်း ဥပုသ်ယူသည်။ ကျောင်းသို့ သွား၍ ပုတီးစိပ်သည်။ ဤကဲ့သို့ 'သူတော်ကောင်းတရား ပွားများလျှင် တရားကို စောင့်က တရားက ပြန်၍ စောင့်မည်' ဆိုသည့်အတိုင်း ကျွန်ုပ်မှာ လက်တွေ့ အကျိုးရခဲ့သည်။ မဟာဒေဝီ၏မောင် ဟော်နန်းထဲတွင် ရှိသောကြောင့် ကျွန်ုပ်သည် ဟော်ကြီးထဲတွင် တံခါးမရှိ၊ ဓားမရှိ ဝင်နိုင်သည်။

စော်ဘွားကြီးမရှိလျှင် ဘိလိယက် ထိုးသည်။ ဘိလိယက်ခုံ ရှိသည်။ အလွန်ခမ်းနားသော နန်းတော်ကြီး ဖြစ်သည်။ မြန်မာပြည်ရှိ စော်ဘွားများ၏ဟော်တွင် နမ့်စန်စော်ဘွားကြီး၏ ဟော်သည် အကြီးဆုံး ဖြစ်သည်။ ပေနှစ်ရာကျော် သုံးရာမြင့်သော ခြတောင်ပို့ကဲ့သို့ တစ်ပြေးတည်း ချွန်ထက်နေသော တောင်ထိပ်ကလေးကို ဖြို၍ ဟော်ဆောက်ထားသည်။ ဟော်ထဲတွင် အလွန်ကြီးကျယ် ခမ်းနားသော ဥယျာဉ်ကြီး ရှိသည်။ ရေကိုလည်း ရေစက်နှင့် စုပ်၍ တင်ထားသောကြောင့် ဟော်ပေါ်၌ ရေအလွန်ပေါသည်။ ဟော်ထဲတွင် ဘုရားခန်းများ၊ ဧည့်သည်များတည်းရန် အခန်းများ၊ ဘိလိယက်ခုံ အခန်းများ၊ အိပ်ခန်းများ ရှိ၏။ အလယ်ဗဟို၌ အလွန်ကြီးကျယ်သော ဗဟိုခန်းမကြီး ရှိသည်။ ခန်းမကြီးထဲတွင် ရွှေပလ္လင် ရှိသည်။ သီတင်းကျွတ်တိုင်း နယ်သူ နယ်သားများက စော်ဘွားကြီးကို မိမိတို့ ခြံမှထွက်သော လက်ဖက်ခြောက်များနှင့် နှစ်စဉ် ကန်တော့ကြသည်။ ထိုတစ်ချိန်သာလျှင် ပလ္လင်ပေါ် တက်၍ ကန်တော့ခံသည်။ လူငါးရာလောက် ဆံ့သည်။ တော်တော် ကျယ်ပါသည်။

စော်ဘွားကြီး၏ အတွင်းရေး အတွင်းဝန်ဖြစ်သော ဦးဘအေး–ဒေါ်ခင်မေ ဆိုသူ

တို့မှာ မန္တလေးမြို့မှ ဖြစ်သည်။ နမ့်စန်မြို့တွင် ထိုခေတ်အခါက မြန်မာဆိုလျှင် ဆယ်ယောက်ထက် ပို၍ ရှိမည်မဟုတ်ချေ။ လူတိုင်းလည်း အရောက်အပေါက် နည်းသည်။ ဆွေမျိုးလိုခင်သည့် ကျောင်းအုပ်ဆရာကြီး ဦးအောင်ရှိန်သည် သီပေါမြို့က ဖြစ်သည်။ မြန်မာလူမျိုး ဖြစ်သည်။ အတွင်းဝန်မင်းမှာ စော်ဘွားကြီး သွားလေရာ အမြဲတမ်း လိုက်ပါရသဖြင့် သူ၏ မင်းကတော်မှာ ကလေးနှစ်ယောက်၊ ထမင်းချက်သော လူတစ်ယောက်နှင့် နေရသည်။ မြန်မာလူမျိုးဖြစ်၍ အလွန် သဒ္ဒါတရား ကောင်းသည်။ ကျွန်ုပ်ကို 'သူတို့အိမ်သို့ လာ၍ နေပါ၊ အစစ ဆွေမျိုးကဲ့သို့ စောင့်ရှောက်မည့်အကြောင်း၊ စားဝတ်နေရေး တာဝန်ယူကြောင်း' ပြော၍ ခေါ်ယူသည်။ မည်မျှ ကံကောင်းသည်ကို စဉ်းစားကြည့်ပါ။ တစ်ခါမှ မသိဘူးသေးပါလျက် ဆွေမျိုးအရင်းကဲ့သို့ ကူညီစောင့်ရှောက်သည်။ ကျွန်ုပ်သည် နေ့တိုင်း မေတ္တာပို့သည်။ ဤကဲ့သို့ ဆွေမတော် မျိုးမတော်သူ တစ်ယောက်အား အခမဲ့ ကျွေးမွေးထားသည်ကို အချို့သူများက မယုံနိုင်အောင် ဖြစ်သည်။ သဒ္ဒါတရား မရှိသူများ နားမလည်ချေ။ ထိုအချိန်၌ ကျွန်ုပ်သည် အလွန် စိတ်ချမ်းသာ၍ အပျော်ဆုံးအချိန် ဖြစ်သည်။ ဘာမျှ ပူပင်စရာ မရှိ။ အလုပ်လည်း ရှိသည်။ စားဝတ်နေရေးလည်း ပြည့်စုံသည်။ နေရေးထိုင်ရေးလည်း အလွန် ကောင်းသည်။

နမ့်စန်မြို့သည် အလွန် အေးသည်။ ကျွန်ုပ်သည် နံနက် ခြောက်နာရီတွင် အိပ်ရာမှ ထ၍ လေ့ကျင့်ခန်း လုပ်ပြီးလျှင် ရေချိုးသည်။ ပလောင်လူမျိုးများက 'ဒီဗမာ သိပ်တော်သည်'ဟု ချီးမွမ်းကြသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာများသည် ချမ်းလွန်း၍ အမြဲတမ်း ကုတ်အင်္ကျီနှင့် နေတတ်ကြသည်။

တစ်ခါသော် သူတို့တစ်အိမ်လုံး ဆွေမျိုးများရှိရာ မန္တလေးသို့ ဆင်းသွားသည်။ ကျွန်ုပ်နှင့် ထမင်းချက်သော ကောင်ကလေးတစ်ယောက်၊ နှစ်ယောက်တည်း နေကြသည်။ ထိုခေတ်က ရေဒီယို မပေါ်သေး။ ဓာတ်စက်၊ ဓာတ်ပြားခေတ်သာ ဖြစ်သည်။ ညအခါတွင် ရုပ်ရှင်၊ ပွဲလမ်းမရှိသဖြင့် တစ်ကြောင်း၊ ချမ်းအေးမှုကြောင့် တစ်ကြောင်း မည်သူမျှ ထွက်၍ လည်ပတ်မှု မရှိချေ။ တောင်ထိပ်တစ်ခုတွင် ကလပ် ဖွင့်ထားသည်။ စာကြည့်တိုက်လုပ်၍ စားပွဲတင် ဘောလုံး၊ ပင်ပေါင်ကစားမှုသာ ရှိသည်။ ဤတစ်ခုသာ အပျင်းပြေ ရှိသည်။ အမတ်ကြီးများ၊ အရာရှိများသာ ဖြစ်သဖြင့် အရက်မရှိ။ ဖဲမရှိ။ ထို့ပြင် ဗုဒ္ဓဘာသာတွေ ဖြစ်သဖြင့် အကုသိုလ်လုပ်သောနေရာ မဟုတ်ပေ။

ကျွန်ုပ်သည် မန္တလေးမြို့မှ ရတနာပုံမောင်စု သီချင်းဆို၍ တယောထိုးသော ရည်းလေးခို ဓာတ်ပြားကို အလွန် နှစ်သက်သည်။ တူရိယာထဲတွင် တယောကို အကြိုက်ဆုံးဖြစ်သည်။ တူရိယာသံသည် နှလုံးကို အေးစေသည်။ စိတ်ကို ကြည်နူးစေသည်။ အာရုံကြောများကို ချမ်းမြေ့စေသည်။ တောတောင်ထဲတွင်ပင်လျှင် ရွှေပြည်စိုးငှက်သံ၊ ကရဝိက်ငှက်သံ ကြားလျှင် သမင်၊ ဒရယ်၊ ကျား စသော သတ္တဝါအားလုံး ရပ်၍ နားထောင်ကြသည်ဟု ဆိုသည်။ ကျွန်ုပ် ဆယ်တန်းတုန်းက ဂဏန်းသင်္ချာ ထုစ်ပုဒ်ကို ဘယ်လိုမှ တွက်၍မရ။ ဆရာကြီးတွေကို ပြသော်လည်း သူတို့လည်း တွက်မရ ဖြစ်သည်။

တွက်၍မရသော ဂဏန်းကို တစ်ညဥ့် တွက်ဖို့စိတ်ကူးသည်။ မိမိ အလွန် နှစ်သက်သော ရတနာပုံမောင်စု၏ တယောနှင့် သီဆိုသော ရည်းလေးခို ဓာတ်ပြားကို နှစ်ဖက်စလုံး ဆုံးအောင်ဖွင့်သည်။ စဉ်းစားသည်။ ဆုံးသွားလိုက်၊ ပြန်ဖွင့်လိုက်၊ စဉ်းစားလိုက်၊ ဤကဲ့သို့ နာရီဝက်ခန့် ကြာသည်။ ထိုအခါ စိတ်ထဲ၌ ဂဏန်းသချ်ာ အဖြေမှန် ပေါ်လာသည်။ တွက်လိုက်သောအခါ တစ်ခါတည်း ရသည်။ လူ၏စိတ်သည် အလွန် ထူးဆန်းသည်။ စိတ်ကြည်နူးနေလျှင်၊ စိတ်ကြည်လင် ချမ်းမြေ့နေလျှင် အကြံများ ဦးနှောက်က ပေါ်လာသည်။ စိတ်ဆိုးလျှင်၊ စိတ်မချမ်းသာလျှင် ဦးနှောက်က အကြံများ မရ။ ဦးနှောက် ဒုက္ခပေးသည်။

စာကြည့်တိုက်သို့ ညတိုင်းသွား၍ သတင်းစာ၊ မဂ္ဂဇင်းများ စသည်များကို ဖတ်သည်။ ပင်ပေါင် ကစားသည်။ တစ်ခါတစ်ခါ ညဥ့်ကိုးနာရီ ကျော်သွားသည်။ ထိုအခါ အစ်မလုပ်သူက အိမ်ပြန်နောက်ကျ၍ အပြစ်တင်သည်။ ထို့ကြောင့် ကျွန်ုပ်က 'ကလပ်တွင် ဘာမှ အဆိုးမလုပ်ပါ။ စာဖတ်ရုံ ဖြစ်ပါသည်'ဟု ဆင်ခြေပေးသည်။ 'အချိန်တန်ပြန်မရောက်လျှင် လူကြီးဆိုတာ ပူရသည်'ဟု ပြောသည်။ ကျွန်ုပ်မှာ လူပျို ဖြစ်သဖြင့် လုံးဝနားမလည်ချေ။ ကျွန်ုပ် ကြီးလာ၍ သားသမီးများ အချိန်တန် ပြန်မရောက် သောအခါမှ 'ဘာများဖြစ်နေသလဲ၊ လူရိုက်ခံရသလား၊ ကားတိုက်ခံရသလား' ပူပန်မိ သည်ကို တွေ့ရသည်။ လူကြီးမိဘတွေ မေတ္တာကို နားလည်လာသည်။

ကျွန်ုပ်သည် ငယ်စဉ်ကစ၍ ဗုဒ္ဓတရားတော်ကို အမြဲလေးစားသောကြောင့် လူကြီး မိဘများကို အမြဲရိုသေသည်။ အကုသိုလ်ဟူသမျှ တတ်နိုင်သမျှ ရှောင်ကြဉ်သည်။ တစ်နေ့ သောအခါ အမတ်ကြီးတစ်ဦးက 'သူ့တွင် သမီးနှစ်ယောက်ရှိကြောင်း၊ ကြိုက်ရာတစ် ယောက်နှင့် အိမ်ထောင်ပြုစေလိုကြောင်း၊ ကောလိပ်ကျောင်းကို ဆက်၍ သင်လိုသော ဘာသာကို သင်နိုင်ကြောင်း၊ သူက အားလုံးတာဝန်ယူကြောင်း' အစ်မလုပ်သူကို လာ၍ တိုင်ပင်သည်။ အစ်မက ကျွန်ုပ်အား ဒီစကားပြောသောအခါ ကျွန်ုပ်သည် '‘ဤမျှ ဝေးလံသောနေရာတွင် မည်သည့်နည်းနှင့်မျှ မနေနိုင်။ တစ်သက်လုံးနေဖို့ စိတ်မကူးပါ။ ဤမြို့၊ ဤဒေသတွင် အေးအေးနေ၊ အေးအေးစားသော သူများအတွက် စိတ်ချမ်းသာမည် ဖြစ်သည်။ သို့ရာတွင် ကြီးပွားချင်သောသူ။ အောင်မြင်ချင်သူများဆိုလျှင် နေရန်မသင့်'ဟု ဆိုပြီး လက်မခံခဲ့ချေ။

ပလောင်လူမျိုးတို့သည် အလွန်ပင် ရိုးသားသည်။ လက်ဖက်ခြံကြီးများမှာ တောင် ထိပ်မှ တောင်ခြေရင်းအထိ မှုန်မွှားနေသော ချောက်ကြီးထဲသို့ ရောက်အောင် ရှိသည်။ ထိပ်ဆုံးမှ လက်ဖက်ပင်များကို တဖြည်းဖြည်း ခူးသွားရာ အောက်ဆုံးသို့ရောက်လျှင် သုံးလကြာသည်။ သုံးလကြာသောအခါ ပထမဦးဆုံးက ခူးခဲ့သော ထိပ်ဆုံးအပင်များ သည် အရွက်တွေ ပြန်၍ ထွက်လာသည်။ ဤနည်းဖြင့် တစ်သက်လုံး ခူး၍ မကုန်ချေ။

သူတို့မှာ တောင်ပေါ်သားများဖြစ်၍ သုံးစရာ၊ ဖြုန်းစရာ၊ ကြွားစရာ လုံးဝမရှိပေ။ ထမင်းစားပြီးလျှင် ပိုသောငွေများကို ငွေဒင်္ဂါးနှင့် လဲပြီးနောက် မြေကြီးထဲ၌ မြှုပ်ထား

သည်။ အားလုံး ချမ်းသာသောသူများသည်။ ရာသီဥတုမှာ ပေခြောက်ထောင်ကျော် မြင့်သဖြင့် စကော့တလန်ပြည်နှင့် တူသည်။ ယောက်ျား၊ မိန်းမ အသားအရေ အလွန် လှပ၍ မျက်နှာများ နီရဲနေသည်။ ဖြူဖွေးနေသည်။ ရေလည်း အလွန်ကောင်းသည်။ နမ့်စန်ဆိုသော မြို့နာမည်မှာ နမ့်ဆိုသည်မှာ ရေ၊ စန်ဆိုသည်မှာ တုံသည်ဟု အဓိပ္ပာယ် ရသည်။ အဓိပ္ပာယ်မှာ အလွန်အေးသောကြောင့် ရေများသည် ရေခဲဖြစ်ကာနီး ရောက်နေ သည်။ ပျစ်ချွဲချွဲနေသည်။ တစ်ခါတစ်ခါဆိုလျှင် ဆီးနှင်းတွေ ခဲနေသည်။ ကျုံးယူ၍ ရသည်။ ဤမျှလောက်ပင် အေးသည်။

ဇယန်း လက်ဖက်ရည်ဆိုသည်မှာ ထိုနယ်တွင် အမြင့်ဆုံးတောင်မှ ထွက်သော ကြောင့် အကောင်းဆုံးလက်ဖက် ဖြစ်သည်။ လက်ဖက်တို့၏သဘောမှာ ပေမြင့်လေလေ၊ အရသာ ကောင်းလေလေ ဖြစ်သည်။ သီပေါကဲ့သို့ မြေပြန့်တွင်ရှိသော လက်ဖက်များသည် အခါးဓာတ်ပါသည်။ ဤကဲ့သို့ ပေခြောက်ထောင်ကျော်မြင့်သော နေရာမှ လက်ဖက် များသည် အခါးဓာတ် လုံးဝမပါ။ အဖန်ဓာတ်သာ ပါသည်။ ထို့ကြောင့် လက်ဖက်စို၊ လက်ဖက်ခြောက်ဆိုလျှင် မြန်မာပြည်ရှိ အမြင့်ဆုံးနေရာမှ အကောင်းဆုံး လက်ဖက် ထုတ်လုပ်သည်။ လက်ဖက်ရည် အချိုခြောက်ပြုလုပ်သော စက်ရုံတစ်ခုလည်း ရှိသည်။ လက်ဖက်စို၊ လက်ဖက်ခြောက်၊ လက်ဖက်ရည် အချိုခြောက် သုံးမျိုး လုပ်ကြသည်။ ဈေးအလွန် ကောင်းသည်။ လူတွေ ချမ်းသာသည်။

နယ်ခြားဝန်ထောက်ရုံး စာရေးကြီး ဦးအောင်သိန်း ဆိုသည်မှာ မြန်မာလူမျိုး ဖြစ်သည်။ ကျွန်ုပ်နှင့် ညီအစ်ကိုအရင်းကဲ့သို့ ခင်မင်သည်။ သူလည်း နိုင်ငံရေး အားပေးသူ ဖြစ်သည်။ နမ့်စန်မြို့မှတောင်ဘက် အလွန်မြင့်သော လွယ်ဆိုင်အမည်ရှိ တောင်ထိပ် ပေါ်တွင် လွယ်ဆိုင် စေတီတော် ရှိသည်။ နမ့်စန်မြို့မှ ၁၄ မိုင် ဝေးသည်။ သို့ရာတွင် ထိုနယ်၌ အမြင့်ဆုံးနေရာတွင် ရှိသောကြောင့် အဝေးကြီးက ဖူးမြင်နိုင်သည်။ မှန်စီ ထားသော နေရာများမှာ နေထွက်လျှင် ရောင်ပြန်ဟပ်ရာ တလက်လက်နှင့် ဖြစ်သည်။ အလောင်းစည်သူမင်းကြီး ထိုတောင်သို့ ရောက်သောအခါ သိကြားမင်းကပေးသော လက်ဖက်မျိုးစေ့ စိုက်ပျိုးခဲ့ကြောင်း ရှေးစာဟောင်းတို့က ဆိုသည်။ အမှန်မှာ တရုတ်ပြည် က လက်ဆောင်ပေးဟန် တူပါသည်။ နှစ်ပေါင်းတစ်ထောင်ကျော်က စိုက်ပျိုး၍ထား ခဲ့သော လက်ဖက်ပင်ကြီးများ ရှိသည်။

လက်ဖက်ပင်ဆိုသည်မှာ လူ့တစ်ရပ် လက်ခုပ်တစ်ဖောင်သာသာ ရှိသည်။ အမြဲ ခူးနေသောကြောင့် ဖြစ်သည်။ လက်ဖက်ပင်ကြီးမှာ အုန်းပင်တစ်ဝက်စာလောက် မြင့်သည်။ သရက်ပင်လောက် ရှိသည်။ လုံးပတ်မှာ အလွန်ကြီးသည် လူ့ကိုယ်လုံးခန့် ရှိသည်။ သူတို့စာအရဆိုလျှင် လက်ဖက်ပင်ကြီးမှ မျိုးစေ့ကိုပွား၍ ဤပလောင်တောင် အားလုံး တွင် မျိုးစေ့ဖြန့်ကာ လက်ဖက်ခြံများ ဖြစ်လာသည်ဟု ဆိုသည်။ အနီးတွင် ဇရပ် အဆောင်များဖြင့် အလောင်းစည်သူမင်းကြီးပုံတော်၊ သိကြားမင်းက လက်ဖက်မျိုးစေ့ ပေးသော ပုံတော်များမှစ၍ ရုပ်တုများစွာ ရှိသည်။ တောင်အနီးတွင် မယ်သီလရှင်ကျောင်း

များ ရှိသည်။ ကျွန်ုပ်တို့သည် စားစရာများ ယူသွား၍ သီလရှင်ကျောင်း၌ ရေနွေးကျို ပြီးလျှင် လက်ဖက်ရည် သောက်ကြသည်။

ခရီးမှာ အသွား ၁၄ မိုင်၊ အပြန် ၁၄ မိုင်ဖြစ်သည်။ နံနက် ၆ နာရီမှ စ၍ ထွက်ရာ နေ့ ၁၁ နာရီခွဲလောက်မှ ရောက်သည်။ နေ့နာရီပြန် ၂ ချက်လောက်မှစ၍ ပြန်လာရာ နမ့်စန်မြို့သို့ ည ၇ နာရီ ပြန်ရောက်သည်။ ကျွန်ုပ်သည် ငယ်ရွယ်သူဖြစ်သဖြင့် မောပန်းမှု လုံးဝမရှိ။ သို့ရာတွင် သဘာဝတရား ရှိသည်။ ဤမျှလောက် ၂၈ မိုင်ခရီးကို တစ်နေ့တည်း လျှောက်သောကြောင့် ခြေဖမိုးကြီးယောင်၍ နာနေသည်။ ၁၄ ရက်လောက် ကြာမှ ပျောက်သွားသည်။

နမ့်စန်မြို့၌ နေစဉ်အတွင်း နမ္မတူမြို့ သူငယ်ချင်းများရှိရာ သွားရောက် လည်ပတ် သည်။ နမ္မတူမြို့မရောက်မီ ကိုးမိုင်လောက်အလို ကားလမ်းဘေး တောင်ခြေရင်းတွင် ရေပူစမ်း ရှိသည်။ အုတ်ကန်များဖြင့် ရေပူ၊ ရေအေးချိုးရန် အဆောင်ပါ ဆောက်ထား ပေးသည်။ ရေအေးကန်ထဲတွင် ရေပူကိုဖွင့်၍ မိမိလိုသလိုစပ်၍ ချိုးနိုင်သည်။ ရေများမှာ ပွက်ပွက်ဆူနေသည်။ လက်နှင့် ကိုင်၍မရ၊ လက်ဖက်ခြောက်ခပ်၍ သောက်လျှင် ရသည်။ သို့ရာတွင် ရေပူဖြစ်ရသည်မှာ ကန့်ဓာတ်ကြောင့် ဖြစ်သည်။ ကန့်အနံ့ရှိသည်။ ထို့ကြောင့် သောက်၍မရပေ။ ဝဲနာ၊ ယားနာ၊ ထုံကျင်ကိုက်ခဲသော ရောဂါများ ဤရေပူချိုးလျှင် ပျောက်သည်ဆိုပြီး နမ္မတူမှလူများ၊ နီးစပ်ရာရွာများမှ လာရောက်၍ ချိုးကြသည်။ အခြား နိုင်ငံများတွင်လည်း ဤကဲ့သို့ ရေပူစမ်းများ ရှိသည်။

ကျွန်ုပ်သည် နမ့်စန်မြို့ရောက်၍ တစ်နှစ်မပြည့်မီ ယခင်က သခင်လုပ်လာသော နိုင်ငံရေးဒုက္ခ ပေါ်လာသည်။ ကျွန်ုပ်က မိခင်ထံ ငွေများပို့သည်။ စာရေးသည်။ ထိုအခါ မန္တလေးရှိ စုံထောက်များက ကျွန်ုပ်၏လိပ်စာကို သိသည်။ ထို့ကြောင့် နယ်ခြားဝန်ထောက် ရုံးသို့ လျှို့ဝှက်၍ အကြောင်းကြားသည်။ လျှို့ဝှက်စာ ရုံးသို့ရောက်သောအခါ ယခင်က ပြောခဲ့သော စာရေးကြီး ဦးအောင်သိန်းက ချက်ချင်းပင် သိသည်။ ကျွန်ုပ်၏ အိမ်သို့ လာ၍ ပြောပြသည်။ စာအဆိုမှာ ‘ကျွန်ုပ်သည် အတွင်းဝန် အိမ်၌နေ၍ အင်္ဂလိပ်စာ ပြပေးနေသည်။ ကျောင်းဆရာလုပ်သည်’ဟု ပါလာသည်။ ထိုခေတ်က သခင်ဆိုသူတွေ ကို လူတွေအားလုံး ကြောက်ကြသည်။ ဘာမှသိသေးသည် မဟုတ်။ အလွန် ရိုးသားသည့် ရှမ်းပြည်တွင် ဤကဲ့သို့ နိုင်ငံရေးလုပ်က ပုဒ်မ(၁၀)ဖြင့် နှင်ထုတ်နိုင်သည်။ ထို့ကြောင့် ဦးအောင်သိန်းက ‘နယ်ခြားဝန်ထောက်ကို သွား၍ ရှင်းပြပါ။ ယခု နိုင်ငံရေးမလုပ်၊ အေးဆေးနေသည့်အကြောင်း ပြောပြပါ’ဟု မေတ္တာရပ်ခံရသည်။ ကျွန်ုပ်ကို သူကိုယ်တိုင် ခေါ်သွားပေးသည်။ နယ်ခြားဝန်ထောက်မှာ အင်္ဂလိပ်လူမျိုး ဖြစ်သည်။

ထိုစဉ်က ရှမ်းပြည်နယ် တစ်ဝိုက်ရှိ နယ်ခြားအမှုထမ်းများမှာ အင်္ဂလိပ်လူမျိုး များသာ ဖြစ်၏။ စော်ဘွားများကို စောင့်ကြည့်ရန် ဖြစ်သည်။ ကျွန်ုပ် ပြောပြသောအခါ အားလုံးအဆင်ပြေသွားသည်။ သို့ရာတွင် ကျွန်ုပ် အလုပ်မှ နုတ်ထွက်ခဲ့သည်။ နှင်ထုတ် ခြင်းတော့ မခံရချေ။

**လမ်းသစ်စာအုပ်တိုက်**

ကျွန်ုပ်၏ အစ်မများက 'ငွေတိုက်ရုံးမှ ဘီလစ်ရာထူး ရှေ့လထဲတွင် လစ်လပ်လိမ့်မည်။ ထိုနေရာကို ပြောပေးမည်ဟု ဆိုသည်။ သို့ရာတွင် နယ်ခြားဝန်ထောက်က ကျွန်ုပ်အား သိပ်စိတ်မချသေး။ ခြောက်လ၊ တစ်နှစ် စောင့်ကြည့်ပါဦးမည်'ဟု ပြောသဖြင့် ထိုအလုပ်ကိုလည်း ကျွန်ုပ် မရခဲ့ချေ။

ဤကိစ္စကို တောင်ပိုင်စော်ဘွားကြီးထံ ကျွန်ုပ်က သွား၍ ပြောပြသည်။ စော်ဘွားကြီးသည် အလွန် သဘောကောင်းသည်။ သူ၏ မဟာဒေဝီသည် မြန်မာလူမျိုး ဖြစ်သည်။ စော်ဘွားကြီး အဆိုအားဖြင့် "ဒီအလုပ်မရလည်း ပူမနေနဲ့၊ မန္တလေးသွားပြီး လက်ဖက်ခြောက်ဆိုင် ဖွင့်ပါ။ ငါ့မှာ တိုင်းသူပြည်သားများက ကန်တော့သော လက်ဖက်ခြောက်တွေ တစ်နှစ်မှာ ပိဿာလေးထောင်လောက် ရှိသည်။ ငါ ပို့ပေးမည်။ အရင်းမလို၊ ရောင်းပြီး ရသော အမြတ်ကိုစားပြီး အရင်းကို ပြန်အပ်ပါ"ဟု ပြောသည်။ သို့ရာတွင် ကျွန်ုပ်မှာ တစ်ယောက်တည်းသာ ဖြစ်သည်။ ဆိုင်ကြီးဖွင့်ရန် ကိုယ်ခွဲမရှိ။ ရှမ်းပြည်တက်လိုက်၊ မန္တလေးပြန်လိုက် မည်သည့်နည်းနှင့်မျှ မလုပ်နိုင်ပါ။ စော်ဘွားကြီးကို အလွန် ကျေးဇူးတင်၍ မိဘကဲ့သို့ ကြည်ညိုပါသည်။

ဤကဲ့သို့ အလုပ်အကိုင်များ အဆင်မပြေသောအခါ မလှိုင်နှင့် မြင်းခြံကြားသရက်ကောင်းပင်ဆိုသော ရွာမှ ကျောင်းနေဘက် တစ်ဦးကို သတိရ၏။ သူငယ်ချင်း၏ အဖေသည် သရက်ကောင်းပင်ရွာတွင် သူကြီးဖြစ်သည်။ ထိုစဉ်က ရန်ကုန်မြို့တွင် မြန်မာ့နေ့စဉ်ဆိုသော သတင်းစာကြီးကို ထုတ်ဝေခဲ့၍ နောင်သောအခါ ဝန်ကြီးအထိ ဖြစ်ခဲ့သော ဦးထွန်းဖေနှင့် ကျွန်ုပ်၏ သူငယ်ချင်း အဖေသည် ညီအစ်ကို တစ်ဝမ်းကွဲ ဖြစ်သည်။ သူတို့က ဦးထွန်းဖေသည် ရန်ကုန်တွင် အလွန်ချမ်းသာနေပြီ။ ကျွန်ုပ်ကိုလည်း ရန်ကုန်သို့ ပို့ပေးမည်ဆိုပြီးလျှင် စာရေး၍ ခေါ်သည်။ ရန်ကုန်မြို့သို့ မည်သည့် လ၊ ရက်တွင် သွားနိုင်သည်ဟု စာရသည်။ စာရသောအခါ နမ့်စန်မြို့ရှိ မိဘသဖွယ်ဖြစ်သော အတွင်းဝန်မင်း ဇနီးမောင်နှံတို့အား ကန်တော့၍ ခွင့်တောင်းပြီး ရန်ကုန်သို့သွားရန် ပြန်လာခဲ့သည်။ အစ်မဖြစ်သူမှာ အလွန် သဘောကောင်းသည်။ သဒ္ဒါတရား ကောင်းသည်။ သနားတတ်သည်။ ကျွန်ုပ် သွားမည်ဆိုလျှင် မျက်ရည်ပင် ကျသည်။

ဤနည်းဖြင့် ကျွန်ုပ်သည် နမ့်စန်မှ မန္တလေး၊ မန္တလေးမှ မြင်းခြံ အရှေ့ဘက်ရှိ နွားထိုးကြီးမြို့သို့၊ နွားထိုးကြီးမြို့မှ တစ်ဖန် ၁၀ မိုင်ခန့်ဝေးသော ကျွန်ုပ်၏ သူငယ်ချင်းရှိရာ သရက်ကောင်းပင်ရွာသို့ ရောက်ခဲ့သည်။ ထိုရွာသည် ကျွန်ုပ်၏အဒေါ်များ ငယ်စဉ်က နေသွားသောကြောင့် ခဏခဏ ရောက်ဖူးသည်။ ကျွန်ုပ်၏ အကြံအစည်မှာ ရန်ကုန်မြို့သို့ ရောက်ပြီးလျှင် လက်ရေးတို လက်နှိပ်စက်သင်ပြီး အလုပ်လျှောက်မည်ဟု စိတ်ကူးသည်။ ငွေလည်း တော်တော်များများ စုထားသည်။ ဤနည်းအားဖြင့် သရက်ကောင်းပင်သူကြီးနှင့် ကျွန်ုပ်တို့သည် ရန်ကုန်သို့ ဆင်းလာခဲ့သည်။ တစ်ဖန် ပျဉ်းမနားသို့ ဝင်၍ သူ၏ ညီတစ်ဝမ်းကွဲတော်သော သစ်ကုန်သည် ဦးညိုကို ခေါ်လာသည်။

ထိုစဉ်က ဦးထွန်းဖေသည် ၃၇ လမ်း၌ နေသည်။ ကျွန်ုပ်အား ဦးထွန်းဖေထံ

အပ်ပြီးလျှင် သူတို့ ဘုရားဖူး၍ လေးငါးရက်ကြာသော် ပြန်သွားကြသည်။ ကျွန်ုပ်မှာ ဟိုပြောင်းလိုက် သည်ပြောင်းလိုက်နှင့် ဖြစ်နေသည်။ စိတ်ထဲမှာလည်း မတင်မကျ ဖြစ်နေသည်။

ကျွန်ုပ်သည် ထိုခေတ်က ဆူးလေဘုရားလမ်းနှင့် ဖရေဇာလမ်းထောင့်ရှိ အင်္ဂလိပ် ဗိုလ်ကပြားမကြီး တည်ထောင်ထားသော လက်ရေးတို လက်နှိပ်စက်ကျောင်းသို့ တက်ရောက် သင်ကြားသည်။ ကံများ ဆိုးလိုက်သည့် ဖြစ်ခြင်း။ ကျွန်ုပ် လက်နှိပ်စက်သင်၍ တစ်လမျှ ရှိဦးမည်။ ကုလား–မြန်မာ ရိုက်ပွဲဖြစ်သည်။ ၁၉၃၈ ခုနှစ်က ဖြစ်သည်။

ဦးထွန်းဖေကို ကျွန်ုပ်က ဦးလေးဟု ခေါ်သည်။ ဦးထွန်းဖေမှာ ထိုစဉ်က မြန်မာ့နေ့စဉ် သတင်းစာကြီး ရှုံး၍ ငွေသုံးလေးသောင်း ပြုတ်သွားသည်။ အလုပ်မရှိတော့သဖြင့် အင်္ဂလိပ်လက်ရေးတို သင်ပြီးလျှင် ပါလီမန်လွှတ်တော်တွင် လက်ရေးတိုစာရေး လုပ်နေရသည်။ တောကလူများအနေနှင့် တစ်လသုံးရာ ဆိုသည်မှာ ထိုခေတ်က မြို့အုပ်လခ၏ နှစ်ဆရှိသည်။ ဝန်ထောက်သာ သုံးရာ့ငါးဆယ် ရသည်။ သို့ရာတွင် ရန်ကုန်က စရိတ်ကြီးလှသည်။ တစ်လနှင့်တစ်လ လောက်ရုံဖြစ်သည်။ မြို့ကြီးဖြစ်၍ အစစအရာရာ အစားအသောက် ဈေးကြီးသည်။

ကုလား–မြန်မာမရိုက်မီ တစ်နေ့တွင် ဦးလေး ဦးထွန်းဖေက "မင်းတို့ သတိထားသွား။ မောင်ထော်လေးလမ်းမှာ ဆွမ်းခံကြွလာသော ဘုန်းကြီးကို ကုလားတွေက ရိုက်လိုက်သည်။ တိုင်းပြည်ကြီး ဆူသွားနိုင်သည်"ဟု ပြော၏။ သူပြောသည့်အတိုင်း ကုလားနှင့် မြန်မာတို့ ရိုက်ကြသည်။ အုပ်စုလိုက် ရိုက်ကြသည်။ မြန်မာလူမျိုးမှာ ဗုဒ္ဓဘာသာဖြစ်သဖြင့် ကြည့်မြင်တိုင်၊ စမ်းချောင်းတွင် ရှိသော ကုလားများကို မြန်မာများက သူတို့အိမ်တွင် ဝှက်ထားပေးသည်။ နှစ်ရက်၊ သုံးရက် ဆက်၍ ရိုက်ပွဲတွေ ဖြစ်နေသောအခါ ကိုဘဟိန်းသည် ကောလိပ်တွင် ရှိနေသဖြင့် ဘတ်စ်ကားတစ်စီး ငှားပြီး ကျွန်ုပ်တို့ မြန်မာများကို ကားနှင့် လာခေါ်၍ ပန်းဆိုးတန်းဂါတ် အပေါ်ထပ်တွင် နေရာချပေးသည်။

ကျွန်ုပ်တို့နှင့် အခန်းချင်းကပ်၍ နေသူများမှာ သခင်စိုးကြီး၊ သခင်သန်းထွန်း၊ သခင်ဘတိုး စသော သခင်များဖြစ်သည်။ ကျွန်ုပ်တို့ မြင်းခြံကွန်ဖရင့်တွင် ဒုတိယအကြိမ် သခင်ညီလာခံ လုပ်သောအခါ သခင်စိုးတို့၊ သခင်သန်းထွန်းတို့ ပေါ်လာသည် မဟုတ်သေး။ နောက်မှ သူတို့လည်း မျိုးချစ်စိတ်နှင့် နိုင်ငံရေးထဲ ဝင်လာပြီးလျှင် တို့ဗမာ အစည်းအရုံး ခေါင်းဆောင်များ ဖြစ်လာကြသည်။

သခင်စိုးလည်း အလွန် စာဖတ်သည်။ လက္ခဏာလည်း ဝါသနာပါသည်။ ကျွန်ုပ်ကလည်း လက္ခဏာ ဝါသနာပါသဖြင့် အလွန် အတိုင်အဖောက်ညီသည်။ သူ၏ လက္ခဏာတွင် ဉာဏလေခခေါ် ဉာဏ်စွမ်းလမ်းကြောင်းမှာ လက်ဝါးဘေးသို့ မရောက်မီ လက်သူကြွယ်အောက် တည့်တည့်၌ အပေါ်သို့ထောင်၍ လက်သူကြွယ်ရင်းသို့ပင်ရောက်အောင် တက်သွားသည်။ အောင်မြင်ခြင်းလမ်းကြောင်း ဖြစ်သွားသည်။ ထို့ကြောင့် သူသည် စာရေးတော်သည်။ နာမည်လည်း ကျော်စောခြင်း ဖြစ်သည်။

**လမ်းသစ်စာအုပ်တိုက်**

နောက်တစ်နေ့တွင် ၃၇ လမ်းမှ စမ်းချောင်းသို့ ပြောင်းလာသည်။ စမ်းချောင်းရှိ နှစ်ခန်းတွဲ တိုက်ကလေးတွင် ငှား၍ နေကြသည်။ ဤတွင် ဆန်းကြယ်သော အဖြစ်တစ်ခု ကြုံခဲ့ရသည်။ နှစ်ခန်းတွဲတိုက်တွင် အိမ်ရှေ့၌ ခြံကလေးရှိသည်။ ဒူးလောက် ဝင်းထရံ လေးဖြင့် သူ့ခြံ၊ ကိုယ့်ခြံ ပိုင်းထားသည်။ တစ်ဖက်ခြံမှ အသက် ၃၀ နှစ်ခန့်ရှိသော အစ်မကြီးတစ်ယောက်သည် မည်သည့်အချိန် ကြည့်ကြည့်။ အိမ်တံခါးဝတွင် ထိုင်၍ မှိုင်နေသည်။ တစ်ခါမှ စကားမပြော၊ ပြုံးရယ်မှုလည်း မရှိ၊ စိပ်ပုတီးလေး ကိုင်ထား သည်။ ဤကဲ့သို့ မြင်ပါများသောအခါ ကျွန်ုပ်သည် ဘာမဆို ကူညီချင်သောစိတ်ရှိသဖြင့် "အစ်မကြီး နေမကောင်းဘူးလား"ဟု မေးကြည့်သည်။ ထိုအခါ သူက "ငါနေမကောင်း တာ မဟုတ်ဘူး၊ နေကောင်းတယ်။ ငါက သေတော့မှာ"ဟု ပြောသည်။ ကျွန်ုပ် ရုတ် တရက် လန့်သွားသည်။ "ရောဂါရှိလျှင် ဆေးရှိပါသည်။ မသေနိုင်ပါ။ ခုမှ အသက်အငယ် လေး ရှိပါသေးသည်"ဟု အားပေးစကား ပြောရသည်။

လေးငါးဆယ်ရက် ရှိသောအခါ ကျွန်ုပ်က ထပ်၍ မေးပြန်သည်။ "ရောဂါရှိလျှင် အင်္ဂလိပ်ဆေးမရက တရုတ်ဆေး၊ တရုတ်ဆေးမရက ကုလားဆေး စသည်ဖြင့် စမ်းသပ် ကုသနိုင်သည်။ အစ်မကြီး အငယ်လေး ရှိပါသေးသည်။ မသေချင်ပါနှင့်ဟု"ပြောသည်။ ထိုအခါ "သူက နင်ဘာသိလို့တုန်း၊ ငါ မကြာဘူး သေမှာ။ ငါ့ကို မိဘများက တစ်ဦး တည်းသောသမီးဆိုပြီး အလွန် ချစ်ကြသည်။ သူတို့ အသက် ၇၀ ကျော်ကြပြီ။ သူတို့ သေသွားလျှင် ဒီသမီးလေးကို စိတ်ချလက်ချ မပူရအောင်ဆိုပြီး သူတို့သဘောတူတဲ့ မူဆလင် တစ်ယောက်နှင့် အတင်းလက်ထပ်ပေးသည်။ ယောကျ်ားမှာ မူဆလင်ဖြစ်သော် လည်း အလွန် သဘောကောင်းသည်။ ရိုးသားသည်။ စီးပွားရေးလည်း ကောင်းသည်။ ဆိုင်ကန္နားနှင့် ပြည့်စုံသူတစ်ယောက် ဖြစ်သည်။ သို့ရာတွင် အစ်မကြီးက အိမ်ထောင်ပြု ချင်သော စိတ်မရှိ။ ဗုဒ္ဓဘာသာဖြစ်၍ အမြဲတမ်း ပုတီးစိပ်နေသည်။ စိတ်နှလုံး ထိခိုက်ပြီး နောက် မစားချင်၊ မသောက်ချင်၊ မနေချင် ဖြစ်လာသည်။ မစားမသောက်သောအခါ နှလုံးမှာ အားနည်းလာသည်။ ထို့ကြောင့် နှလုံးခုန်ရပ်၍ သေသွားနိုင်သည်"ဟု ပြောသည်။

အစသော် ကျွန်ုပ်သည် မယုံကြည်ခဲ့ချေ။ စိတ်ညစ်လို့ သေတာ လောကကြီး၌ မရှိဟု ထင်ခဲ့သည်။ နောက် နှစ်လမျှ ကြာသောအခါ ထိုအစ်မကြီး သေသွားသည်။ စိတ်ဓာတ်ဆိုသည်မှာ အလွန် အရေးကြီးကြောင်း သိလာသည်။ စိတ်မချမ်းသာလျှင် သူဌေးလည်း သေသည်။ ရှင်ဘုရင်တွေလည်း သေသည်ဟု နားလည်လာသည်။

လောကကြီးမှာ စိတ်ချမ်းသာဖို့ အရေးကြီးသည်။ အင္ဂမြောက် အက်ဒဝပ် ဘုရင်ကြီးသည် သုံးလင်ကွာပြီးသော အလွန်အရုပ်ဆိုးသည့် အမေရိကန်မ မစ္စက် စင်ပစင် ကို ကြိုက်၍ ရှင်ဘုရင် အလုပ်ကိုပင် စွန့်ခဲ့သည်။ သူ၏အကြောင်းကို ဓာတ်ပုံများဖြင့် သတင်းစာထဲတွင် ပါသည်။ ထိုစဉ်က ကျွန်ုပ်တို့မှာ ရှစ်တန်းကျောင်းသားသာ ဖြစ်၍ ဘာမျှ မသိ။ လူငယ်တို့ဘာဝ ဒီရှင်ဘုရင်ကြီး အတော်အံ့သြစရာ ကောင်းသည်။ ကြည့် ပါဦး၊ 'အရုပ်ဆိုးလှသည့် သုံးလင်ကွာမိန်းမကြီးကို မရလျှင် ဘုရင် မလုပ်ဆိုပြီး နန်းစွန့်

သွားသည်'ဟု အပြစ်တင်ခဲ့သည်။ သူသည် အိမ်ရှေ့မင်းသားဘဝနှင့်ပင် ထိုအမျိုးသမီးကို တွေ့ခဲ့သည်။ ထိုနောက် သူ၏ဖခင် ဆုံးသောအခါ ထီးနန်းတက်ဖို့ ဖြစ်လာသည်။ ယာယီအားဖြင့် ရှင်ဘုရင်ဖြစ်ပြီး ဘိသိက်ခံဖို့၊ နန်းသိမ်းပွဲလုပ်ဖို့သာ ကျန်တော့သည်။ သူသည် ဤသုံးလင်ကွာ မိန်းမကြီးကို ကြိုက်သဖြင့် လက်ထပ်ဖို့ နန်းရင်းဝန်များနှင့် တိုင်ပင်သည်။

ထိုအခါ ပါလီမန်တစ်ခုလုံးက 'ထိုသုံးလင်ကွာ မိန်းမကြီးကို မိဖုရားအဖြစ် တင်မြှောက်ထားလျှင် သူတို့က အရိုအသေမပေးနိုင်'ဟု အတင်း ကန့်ကွက်ကြသည်။ ဒီမိုကရေစီနိုင်ငံ ဖြစ်သဖြင့် ရှင်ဘုရင်ကို ပါလီမန်က ဖြုတ်ချနိုင်သည်။ ထိုအခါ အက်ဒဝပ် ဘုရင်သည် နောက်သို့ တစ်ထစ်ဆုတ်သည်။ သူသည် 'သူ့ချစ်သူ သုံးလင်ကွာမိန်းမကြီးကို မိဖုရားအရာ မထားပါ။ အိမ်ရှင်မအဖြစ်သာထား၍ နန်းတော်ထဲ၌ နေပါစေမည်။ ပါလီမန် ဖွင့်ပွဲ၊ မင်းပွဲ၊ စိုးပွဲများတွင် သူ့မိန်းမ မပါရ။ သူတစ်ယောက်သာ ရှင်ဘုရင် အနေဖြင့် တိုင်းပြည်တာဝန် ထမ်းဆောင်မည်'ဟု အလျှော့ပေးသည်။ သို့ရာတွင် အင်္ဂလိပ်ဆိုသည်မှာ ရှေးခေတ်က ကမ္ဘာကြီးကို အုပ်စိုးလာသူ ဖြစ်သည်။ အလွန် သွေးကြီးသည်။ 'ဘာကြောင့် ဖြစ်ဖြစ် ဒီမိန်းမကို လက်ထပ်လျှင် နန်းစွန့်ရမည်'ဟု ပါလီမန်နှင့်တကွ ဝန်ကြီးများက အကျပ်ကိုင်သည်။

နောက်ဆုံး၌ ရှင်ဘုရင်က လျှော့လာပြီးလျှင် သူသည် 'ချစ်သောသူနှင့် နေရမှ စိတ်ချမ်းသာမည်။ ထို့ကြောင့် ရှင်ဘုရင်ဘဝထက် စိတ်ချမ်းသာမှုကိုသာ လိုချင်သည်' ဆိုပြီး နန်းစွန့်လိုက်သည်။ ထိုအမျိုးသမီးနှင့် လက်ထပ်ပြီးလျှင် ပြင်သစ်ပြည်၌ သွား၍ နေကြသည်။ ကျွန်ုပ်တို့ ယခု အသက်ကြီးလာမှ မြတ်စွာဘုရား ဟောတော်မူသော ဓမ္မစကြာတရားတော်တွင် 'ချစ်သောသူနှင့် ကွဲရခြင်းသည် ဆင်းရဲ၏။ မချစ်မနှစ်သော သူနှင့်အတူ နေရခြင်းသည် ဆင်းရဲ၏'ဟူသောတရား လက်တွေ့မှန်ကန်ကြောင်း သိလာ သည်။ အိမ်ထောင်ဘက်ကို မဆိုထားနှင့်။ ကိုယ်မချစ်သော သူငယ်ချင်းဆိုလျှင် မခေါ် ချင်ကြ။ ချစ်သော သူငယ်ချင်းဆိုလျှင် ဘာကိစ္စမဆို လုပ်ပေးသည်။ ကျွေးမွေးသည်။ လူတို့၏ဓမ္မတာ ဖြစ်သည်။

ဤကဲ့သို့ ဒုက္ခအမျိုးမျိုး၊ အနှောင့်အယှက် အမျိုးမျိုးနှင့် ကျွန်ုပ်သည် ရန်ကုန်မြို့ တွင် မနေလိုတော့။ မိခင်ထံမှ ငွေမှာပြီးလျှင် မန္တလေးမြို့ တလိုင်းရပ်ရှိ ယခင်က နေခဲ့သော နောင်တော်ကြီး ဦးသာဆင်–ဒေါ်တင့်တို့ထံ ပြန်လာခဲ့သည်။ မေမြို့တွင် နေသော ဘုံဘေဘားမားကုမ္ပဏီမှ ရုံးစာရေးကြီး ဦးဘိုးရင်–ဒေါ်တင်တို့ထံ သွားရောက်၍ အလုပ်အကိုင်အတွက် အကြံဉာဏ်တောင်းသည်။

ဦးဘိုးရင်မှာ ကျွန်ုပ် နမ့်စန်မြို့တွင် ရှိတုန်းက မကြာခဏ နမ့်စန်မြို့သို့ လာသည်။ ဘုံဘေဘားမားရုံးမှ အလုပ်ထွက်ပြီးလျှင် စုငွေများထုတ်၍ လက်ဖက်ခြောက် အရောင်း အဝယ် လုပ်သည်။ နမ့်စန်မြို့သို့ လာသောအခါ ကျွန်ုပ်ရှိရာ အစ်မများအိမ်တွင် တည်းခို သည်။ သူတို့သည် ရှေးက မိတ်ဆွေဟောင်းများဖြစ်သည်။ ဘုရားတရား အလွန် ကြည်ညို

သည်။ ကျွန်ုပ်ကိုလည်း ဆွေမျိုးကဲ့သို့ ခင်မင်သည်။ ထို့ကြောင့် မေမြို့သို့သွား၍ သူတို့အိမ်တွင် တည်းခိုပြီးလျှင် ကျွန်ုပ်ကိစ္စကို တိုင်ပင်သည်။ ထိုအခါ သူတို့အိမ်နှင့် မျက်နှာချင်းဆိုင်တွင် ရှိသော သစ်တော စိုက်ပျိုးရေးရုံးမှ ဒုတိယတောအုပ်ကြီး ဦးသာလှကို ခေါ်၍ စုံစမ်းသည်။ ဦးသာလှက မေမြို့သစ်တောဌာန၊ စိုက်ပျိုးရေးရုံးတွင် တောခေါင်းရာထူးများ ပေါ်လာနိုင်ကြောင်း၊ ဆယ်တန်းအောင်သူဖြစ်လျှင် တစ်နှစ်၊ နှစ်နှစ် လုပ်ပြီးက ပျဉ်းမနား သစ်တောကျောင်းသို့ ပို့ပေးကြောင်း၊ ကျောင်းက ဆင်းလာလျှင် ဒုတိယတောအုပ်၊ ထိုမှတစ်ဆင့် တောအုပ်ကြီး၊ သစ်တောဝန်ထောက်အကူ၊ ရာထူးတက်နိုင်သည်ဟု ဆိုသည်။

နှစ်လခန့်ကြာသောအခါ ဦးဘိုးရင်ထံမှ အလုပ်လာလျှောက်ရန် စာဖြင့် ခေါ်သည်။ ထို့ကြောင့် ကျွန်ုပ်သည် မေမြို့သို့လာ၍ သစ်တောဌာန စိုက်ပျိုးရေးရုံးတွင် သစ်တောခေါင်း အလုပ်လျှောက်သည်။ လခမှာ ၂၅ ကျပ်သာ ဖြစ်သည်။ သို့ရာတွင် ထမင်းလခ တစ်ဆယ်ကျပ်သာ ပေးရသည်။ ထိုခေတ်က ငွေတန်ဖိုးရှိသည်။ စိုက်ပျိုးရေးဌာန မင်းကြီးဖြစ်သူမှာ အင်္ဂလန်မှ သစ်တောစိုက်ပျိုးရေး ပါရဂူ မစ္စတာကာမို့ ဖြစ်သည်။ သူသည် သစ်တောပညာတွင် အထူး ကျွမ်းကျင်သဖြင့် လွတ်လပ်ရေး ရပြီးသောအခါ ရန်ကုန်တက္ကသိုလ်တွင် သစ်တောပညာရပ် ပါမောက္ခအဖြစ် အစိုးရက ခေါ်ယူခန့်ထားသည်။

ထိုအလုပ်ကို လျှောက်လျှင်ပင် ချက်ချင်းရသည်။ ထို့နောက် အိမ်မှ ရုံးတက်ရာ၌ စက်ဘီးမရှိသဖြင့် ဦးဘိုးရင်က သူ၏စက်ဘီးကို ခဏငှားသည်။ သူတို့မှာ မွေးစားထားသော သမီးငယ်လေး တစ်ယောက်ရှိ၍၊ ကျွန်ုပ်အား တူအရင်း၊ သားအရင်းကဲ့သို့ အစစကူညီသည်။ အလိုလိုက်သည်။ ကျွန်ုပ် သွားလေရာ၌ လူကြီးများနှင့် သင့်သည်။ ကံကောင်းသည်။ ရုံးသို့ ရောက်သောအခါ အလုပ်မှာ သိပ်ပင်ပန်းလှသည် မဟုတ်ပါ။ မြန်မာတစ်ပြည်လုံးရှိ သစ်တောများထဲတွင် ပေါက်ရောက်သော အပင်မျိုးစုံ အသီးများ၊ အရွက်များကို မြန်မာနာမည်၊ အင်္ဂလိပ်နာမည်ဖြင့် စက္ကူရွက်ကြီးများတွင် ကပ်၍ သစ်ပင်ပိဋကတ်တိုက်အဖြစ် သိမ်းဆည်းသည်။ သစ်ရွက်၊ သစ်ပွင့်၊ သစ်သီးများကို သူ့အကန့်နှင့်သူ အေ၊ ဘီ၊ စီ အစီအစဉ်အတိုင်း ပြုလုပ်ပေးရသည်။

မိုးဦးကျ တစ်ကြိမ်၊ ဆောင်းဝင်သောအခါ တစ်ကြိမ်၊ နယ်သို့ နှစ်ကြိမ် ထွက်ရသည်။ ပထမဦးဆုံး ကျွန်ုပ်တို့ နယ်သို့ ထွက်ရသည်မှာ နတ္တလင်းမြို့ အရှေ့ဘက် ဓမ္မငယ်ဟု ခေါ်သော ရွာဖြစ်၏။ သစ်တောကြိုးဝိုင်းထဲတွင် မြန်မာပြည် အရပ်ရပ်မှ ထွက်သော ကျွန်းမျိုးစေ့ အမျိုးမျိုးကို နှစ်ပေပတ်လည် မြေကွက်ကလေးလုပ်ပြီး စိုက်ရသည်။ အကွက်နံပါတ် ၁၊ ၂ စသည် ခွဲထားပြီးလျှင် ဤသစ်တောတွင် မည်သည့် ကျွန်းစေ့မျိုးက ပို၍ သန်စွမ်းသည်။ အပေါက်မြန်သည်။ အသေနည်းသည် စသည်ဖြင့် စာရင်း လုပ်ရသည်။ သိပ်ပင်ပန်းလှသည် မရှိ။

ကျွန်ုပ်သည် တစ်ခါမှ တောကြီး၊ တောင်ကြီးထဲသို့ မသွားဘူးသဖြင့် အစတွင် တော်တော်ကြောက်သည်။ အထူးသဖြင့် မြွေကို ကြောက်သည်။ ထို့ကြောင့် တောထဲ

သွားလျှင် နောက်ဆုံးက လိုက်၍သွားသည်။ အမြဲတမ်း ဂုဏ်တော်ကို ရွတ်သွားသည်။ သို့ရာတွင် အကျင့်ရလာသောအခါ မြွေလည်း တွေ့ရသည်မဟုတ်၊ ကြောက်ရွံ့ခြင်း မရှိတော့ဘဲ တောထဲတောင်ထဲ သွားရသည်ကို ပျော်စရာဟု အောက်မေ့လာသည်။ ဤကဲ့သို့ အစတွင် ပင်ပန်းသော်လည်း လက်နှိပ်စက် ရိုက်တတ်သောကြောင့် နောင်တွင် စခန်း၌နေ၍ စာရင်းအင်း လုပ်ရသည်။ အစီရင်ခံစာများကို လုပ်ရသည်။ စာရင်းဇယား များကို ဆွဲပေးရသည်။

ဆောင်းရာသီ ရောက်သောအခါ၌ တစ်ဖန် ခရီးထွက်ရပြန်သည်။ သစ်တောဘက် အလုပ်သမားမှန်လျှင် ငှက်ဖျား မစွဲဖူးသူမရှိ။ ငှက်ဖျားစွဲပြီးမှ စိတ်ချရသည်။ ကျွန်ုပ်သည် နောက်တစ်ကြိမ် ဆောင်းရာသီ ထွက်ရသောအခါ ငှက်ဖျားမိ၍ အနည်းငယ် ချမ်းစိမ့်စိမ့် ဖြစ်ပြီးလျှင် သတိမေ့သွားသည်။ မင်းလှမြို့ဆေးရုံသို့ ပို့ပေးသည်။ ဆေးရုံတွင် ၁၀ ရက် ခန့် နေပြီးလျှင် ရောဂါပျောက်သွားသည်။ သို့သော် လုံးဝပျောက်သည်မဟုတ်။ ရေချိုး မှား၍ အအေးမိလျှင် တစ်ခါတစ်ခါ ပြန်၍ပေါ်လာသည်။

ကျွန်ုပ်သည် 'ဤအလုပ်ကို မကြိုက်သဖြင့် အမြဲတမ်း ဘုရားရှိခိုးသည်။ ကောင်း သောအလုပ်ကို ရပါစေ'ဟု ဆုတောင်းသည်။ ထိုအခါ ကျွန်ုပ်တို့ အိမ်အနီးရှိ ဘုံဘေ ဘားမား သစ်တောကုမ္ပဏီမှ ရွှေလီသစ်တောနယ် ရုံးအုပ်စာရေးကြီးဖြစ်သူ ဦးကျော်က "သူတို့ရုံးတွင် စာရေးရာထူး လစ်လပ်ကြောင်း၊ တစ်လငါးဆယ်ရမည့်အကြောင်း၊ သူ၏ အထက်အရာရှိကြီး မျက်နှာဖြူများကို ပြောပြီးပြီ"ဟု လာ၍ခေါ်သည်။

ကျွန်ုပ်သည် ဘုံဘေဘားမားရုံးတွင် လက်နှိပ်စက် စာရေးအဖြစ် အလုပ်ရသည်။ စိုက်ပျိုးရေးမင်းကြီးဖြစ်သူ မစ္စတာကာမို့သည် လူပျိုကြီးဖြစ်၍ အလွန်ပင် သဘောကောင်း သည်။ သာယာဝတီနယ်တွင် ဓတာတက်စဉ်တုန်းက ကျွန်ုပ်အား "မင်း သခင် လုပ်သေး သလား"ဟု မေးသည်။ စုံထောက်လိုက်လာသောကြောင့် ဖြစ်သည်။ ထိုအခါ ကျွန်ုပ်က ယခုအခါ "နိုင်ငံရေး မလုပ်ကြောင်း၊ အေးအေးဆေးဆေးနေကြောင်း" ပြောပြသည်။ သူက ကောင်းတယ်ဟု ပြောသည်။

ဘုံဘေဘားမားတွင် အလုပ်ရ၍ သစ်တောရုံးမှ နုတ်ထွက်စာတင်သောအခါ ဘုံဘေဘားမားရုံးသို့ မစ္စတာဂျေအိတ်(ချ်) ဝစ်လီယံဆိုသော ရွှေလီသစ်တောနယ်၊ မန်နေဂျာထံ တယ်လီဖုန်းနှင့် ပြောပေးသည်။ ကျွန်ုပ် ရှေ့တွင်ပင် ကျွန်ုပ်သည် 'ရိုးသား ကြောင်း၊ တာဝန်ကျေကြောင်း' စသည်ဖြင့် ထောက်ခံပေးသည်။ ဤနည်းဖြင့် ကျွန်ုပ်သည် သက်သာသော အလုပ်ကို ကူးပြောင်းခဲ့ရသည်။ လျှောက်လွှာမတင်ဘဲ အလုပ်ရခဲ့သည်။ အကူစာရေး မလုပ်ရဘဲ အလုပ်ရခဲ့သည်။ ထမင်းလခ ၁၅ ကျပ်သာပေးရသဖြင့် ငွေတွေ အများကြီး ပိုသည်။

ကျွန်ုပ်သည် ငွေစု၍ ဟမ်းဘားစက်ဘီး အစိမ်းရောင်တစ်စီးကို ၁၅၀ ကျပ်ဖြင့် ဝယ်၍ ရုံးတက်သည်။ ဘုံဘေဘားမားကုမ္ပဏီ အထက်ပိုင်းတွင် အကြီးဆုံးအရာရှိ၊ အောက်ပိုင်းတွင် အကြီးဆုံးအရာရှိ နှစ်ခုခွဲထားရာမှ စကော့လူမျိုး အထက်တန်းအရာရှိကြီး

တစ်ယောက် ပြောင်းလာသည်။ ရုံးခန်းထဲရှိ စာရေးပေါင်းများစွာထဲမှ ကျွန်ုပ်အား ရွေးချယ်ပြီး သူ့ရုံးတွင် ထားပေးသည်။ ငွေကြေး တိုးတက်မှုမရှိ။ သို့ရာတွင် အထက်ရုံး ဖြစ်၍ အဆင့်အတန်း တိုးတက်သွားသည်။ သူနှင့်အတူ အထက်မြန်မာပြည် တစ်လျှောက် လုံး မရောက်ဖူးသည်မရှိ။ ခရီးနေရာတွင် ခရီးထွက်ရသည်။ အချို့နေရာတွင် ကုမ္ပဏီပိုင် သင်္ဘောဖြင့် မော်တော်ဘုတ်ဖြင့် သွားရသည်။ အချို့နေရာတွင် ကုမ္ပဏီပိုင် ကားနှင့် သွားရသည်။ သူသည် အထက်မြန်မာပြည်တွင် အကြီးဆုံးအရာရှိ ဖြစ်သဖြင့် သွားလာရာ၌ ဘာမှ ပူစရာမရှိ။ စားမှုသောက်မှုမှ စ၍ အစစအဆင်ပြေသည်။

ဤနည်းဖြင့် အညာဒေသ၌ရှိ သစ်တောကြီးများစွာကို ရောက်ခဲ့သည်။ သူသည် စကော့လူမျိုးဖြစ်၍ အသက်ကလည်း ကြီးသောကြောင့် အလွန် စိတ်မြန်သည်။ သို့ရာတွင် ကျွန်ုပ်သည် ဖိုင်တွဲပေါင်း ၃၀၀ ကျော်ရှိ စာဟူသမျှကို နှစ်မိနစ်အတွင်းရအောင် ရှာပေး နိုင်သောကြောင့် သူနှင့် အဆင်ပြေသွားသည်။

တစ်ခုသော ဆောင်းရာသီ ဇန်နဝါရီတွင် ကသာနယ် ဧရာဝတီမြစ်ကမ်းရှိ တကောင်းမြို့မှ အရှေ့ဘက် တောင်တန်းကြီးကို ခုနစ်ရက်ခန့် ဖြတ်ကျော်ရသည်။ စခန်းရောက်တိုင်း ကိုယ့်ဟာကိုယ် မိုးကာတဲထိုး၍ အိပ်ရသည်။ ထမင်းချက်တစ်ယောက် ငှားပေး၍ စားရေး သောက်ရေးလည်း မပူရ။ သွားသောအခါ ဆင်များနှင့် ပစ္စည်းများကို သယ်ပေးသည်။ စားစရာ ဆန်၊ ကုလားပဲ၊ ငါးခြောက်၊ ဆီမှစ၍ မြို့ကြီးများမှ တစ် လစာ ဝယ်ယူခဲ့ရသည်။ ဤကဲ့သို့ တောင်ထိပ်မှ အောက်သို့ တစ်ဆင့် အရှေ့ဘက်သို့ ဆင်းသွားပြီးလျှင် ရွှေလီမြစ်ရှိရာ မိုးမိတ်နယ် မဘိန်းမြို့သို့ ရောက်လာသည်။

ခရီးထွက်ရာ၌ မနက် ၅ နာရီထပြီး ကော်ဖီသောက်ရသည်။ တစ်ခုခု ဝအောင် စားရသည်။ ပစ္စည်းများကို ဆင်များနှင့် တင်ပြီး လူတွေအားလုံး မျက်နှာဖြူအရာရှိကြီး များပါမကျန် ခြေကျင်လျှောက်ရသည်။ နေ့လယ် ၁၂ နာရီလောက်မှ စခန်းတွင် နားသည်။ များစွာ ပင်ပန်းသည်။ မျက်နှာဖြူအရာရှိကြီးများမှာ တောပစ်ဝါသနာပါသည်။ နံနက် စောစော နေထွက်စလောက် အချိန်တွင် တောထဲ၌ တောကြက်များကို မျက်နှာဖြူ အရာရှိများက ပစ်ခတ်သည်။ ရသောကြက်များကို လမ်းမှာ ချက်စားကြသည်။ ကျွန်ုပ် တို့ကိုလည်း ဝေ၍ပေးသည်။

တစ်နံနက်တွင် ချောင်းများကို ဖြတ်ကူးရာ ခြေမျက်စိပြတ်၍ ကျမည်ဟု ထင် ရအောင် အေးသည်။ ဤမျှလောက် ဆင်းရဲသည်ကို ကျွန်ုပ် ဤတစ်ခါသာ ကြုံဖူးသည်။ ဆင်းရဲဇာတာ မကုန်သေး၍ ဖြစ်မည်။ တစ်ခုသော စခန်းတွင် ကျွန်ုပ် ယူလာခဲ့သော ငါးခြောက်များကို မျက်နှာဖြူ အရာရှိ၏ ခွေးက ညဘက်၌ လာ၍ ဆွဲယူသွားသည်။ နံနက်ကျမှ သိသည်။

ဤသို့ဖြင့် ရွှေလီမြစ်ကမ်းတစ်လျှောက် မဘိန်းမြို့မှ ကွန်းချောင်းမြို့၊ ကွန်းချောင်း မြို့မှ အင်းရွာမြို့၊ ဧရာဝတီမြစ်ကမ်းအထိ ကုမ္ပဏီပိုင် မော်တော်ဖြင့် သွားရသည်။

အလွန် ပျော်စရာ ကောင်းသည်။ ရွှေလီနယ်မှ ထွက်သမျှ ကျွန်းသစ်ကို ဤအင်းရွာ ဆိပ်ကမ်းတွင် ဖောင်ဖွဲ့ပြီးမှ ရန်ကုန်အထိ ပို့ပေးသည်။

ချင်းတွင်းမြစ်ကို ဆန်သွားသော အခါ၌လည်း ဟုမ္မလင်းအထိ ကျွန်ုပ်တို့ ရောက်ခဲ့သည်။ သူတို့ မော်တော်ဖြင့် သွားရာ လမ်းတိုင်းလမ်းတိုင်း ရွာတိုင်း သစ်ခုတ်သမားများ၊ ချောင်းအုပ်များ၊ သူတို့၏ အလုပ်သမားများ ရှိသဖြင့် စားဝတ်နေရေး အစစ လိုသမျှ ပြည့်စုံသည်။ ဟုမ္မလင်းမြို့သို့ ရောက်သောအခါ ကျွန်ုပ်တို့ စခန်းချသည်။

ထိုအခါ စကော့လူမျိုး အထက်ပိုင်းဆိုင်ရာ ဇုန်မန်နေဂျာ ဆိုသူသည် ကျွန်ုပ်တို့အားထားခဲ့ပြီး သူတစ်ယောက်တည်း ငါးမျှားသွားမည်ဟု အထက်ခန္တီးဘက်သို့ ထွက်သွားသည်။ ဟုမ္မလင်းမြို့မှာ မြစ်ကမ်းတွင် ဖြစ်သဖြင့် ငါးအလွန်ပေါသည်။ ထိုခေတ်က တစ်တောင့်ထွာလောက် ငါးဘတ်ကြီးကို တစ်ကျပ်သာ ပေးရသည်။ စား၍ မကုန်ပေ။

ဤအချိန်တွင် ငါးမျှားထွက်သော အရာရှိကြီးကို ကျွန်ုပ်စိတ်ထဲတွင် 'တော်တော်ရူးပဲတဲ့ လူမျိုး'ဟု ထင်သည်။ နောက်မှ သိသည်။ အလုပ်တွေများ၍ စိတ်ပင်ပန်းသောအခါ သူတို့ ငါးမျှားထွက်သည်မှာ ငါးကို စားချင်၍ မဟုတ်။ စိတ်ရောလူပါ အနားယူခြင်းဖြစ်ကြောင်း ယခုမှ နားလည်ရသည်။ ငါးမျှားတံကလေး ကိုင်ပြီးလျှင် သောကအထွေထွေကို မေ့စေသော အကျင့်ဖြစ်သည်။ မြန်မာလူမျိုးတို့သည် ဘုရားကျောင်းကန်သွား၍ ဥပုသ်စောင့်မည်၊ ပုတီးစိပ်မည် စသည်ဖြင့် အနားယူသည်။ သူတို့မှာ ဤကဲ့သို့မရှိ၍ အနားယူရန် ငါးမျှားခြင်း ဖြစ်သည်။

ဟုမ္မလင်းမြို့မှ အနောက်ဘက်သို့ ကြည့်သော် ချင်းတောင်တန်းကြီးကို မြင်ရသည်။ အလွန်မြင့်သည်။ ဝေးလွန်း၍ တောင်တန်းကြီး ပြာနေသည်။ ဟုမ္မလင်း၏ အနောက်ဘက်တွင် ကက်သာဆိုသော ရွာကလေးတစ်ရွာ ရှိသည်။ ရွာ၏ မြောက်ဘက်တွင် ရွှေတိဂုံကုန်းတော်ခန့်မြင့်သော တောင်ကလေးပေါ်၌ ဘုရားလေးတစ်ဆူနှင့် အဆောက်အအုံလေးတစ်ခု ရှိသည်။ ထို့ကြောင့် ဘုရားကိုသွား၍ ဖူးသည်။ အလွန် သာယာသည်။ ရသေ့ရဟန်း ပြုလုပ်လျှင် ကောင်းသောနေရာ ဖြစ်သည်။ ကျွန်ုပ်သည် မြစ်ကမ်းတစ်လျှောက်ရောက်တိုင်း ညအိပ်သောအခါ ကမ်းပေါ်ရှိ မည်သည့် ရွာ၌မဆို ရှိသော ဘုရားစေတီများကို သွား၍ အမြဲရှိခိုးသည်။ ဤကဲ့သို့ တစ်ခါထွက်လျှင် ဆောင်းရာသီ၌ နှစ်လခန့် ကြာသည်။ ဟုမ္မလင်းမြို့တွင် ၁၀ ရက်ခန့်ကြာသောအခါ အရာရှိကြီးများ ပြန်ရောက်လာ၍ ကုမ္ပဏီပိုင် မော်တော်ဖြင့် မန္တလေးအထိ ပြန်လာသည်။ မန္တလေးမှ ဘတ်ဆင့် မေမြို့သို့ ကုမ္ပဏီက ကားများဖြင့် ပို့ပေးသည်။

ဤနည်းအားဖြင့် ကျွန်ုပ်သည် စားဝတ်နေရေး မပူမပင်ရဘဲ အလုပ်ကလေး တစ်ခုနှင့် အတည်တကျ ဖြစ်လာသည်။ စိတ်နှလုံး အေးချမ်းသည်။ ဘာမှလည်း မတောင့်တ။ စာဖတ်သည်။ ဘုရားရှိခိုးသည်။ လက္ခဏာ စာအုပ်များကို လေ့လာသည်။ သို့ရာတွင် ကံဆိုးမိုးမှောင်က မလွတ်ခဲ့ချေ။

ဤကဲ့သို့နေ၍ နှစ်နှစ်ခွဲခန့် ကြာသောအခါ အင်္ဂလိပ်နှင့် ဂျပန် စစ်ဖြစ်လာသည်။

ဂျပန်တပ်များ ရန်ကုန်မြို့ကို သိမ်းပြီးနောက် မျက်နှာဖြူအရာရှိ မှန်သမျှ မေမြို့သို့ ရောက်လာသည်။ ဘုရင်ခံပါ ပြောင်းလာသည်။ တစ်ဖန် ဟန်မကျသဖြင့် ကသာသို့ ပြောင်းသွားပြီး လေယာဉ်ပျံနှင့် တစ်ဆင့် အိန္ဒိယသို့ ပြန်သွားသည်။ သူတို့ ပြန်သွားသော အခါ ကျွန်ုပ်တို့အား သုံးလအတွက် လစာပေးခဲ့သည်။ သုံးလနေလျှင် ပြန်လာမည်ဟု ဆိုသည်။ သို့ရာတွင် နှစ်နှစ်ကျော်မှ ပြန်လာနိုင်သည်။

တစ်နေ့သော် အင်္ဂလိပ် စစ်တပ်များ ရှိရာသို့ ဂျပန်လေယာဉ်များပျံများ လာ၍ ဗုံးကြဲသည်။ ဤတစ်သက်တွင် ပထမဦးဆုံး တွေ့ကြုံခြင်း ဖြစ်သည်။

ဤနည်းအားဖြင့် ဂျပန်နှင့် အင်္ဂလိပ်တို့ စစ်ပွဲကြီး ဖြစ်သောအခါ မြန်မာတစ်ပြည် လုံး ဂျပန်လက်အောက်သို့ ရောက်သွားသည်။ လခစား အမှုထမ်းများအားလုံး အလုပ် ပြုတ်ကြသည်။ ဘာလုပ်ရမည် မသိ၊ အကုန်လုံး ဒုက္ခရောက်ကြသည်။ ဂျပန်ဝင်ပြီးသော အခါ မြန်မာအစိုးရဖွဲ့သည်။ ထိုအခါ သခင်ထွန်းအုပ်က သစ်တောရေးရာဝန်ကြီးဖြစ်သည်။ သခင်ဗစိန်၊ သခင်မြတို့အားလုံး ဝန်ကြီးများ ဖြစ်လာကြသည်။

ကျွန်ုပ်တို့နေသော မေမြို့ဉာဏ်တောရပ်၊ အိမ်နားနီးချင်းနေသူ ရုံးဝန်ထောက်ကြီး နှင့် မိသားစုတို့သည် ကျွန်ုပ်အား သားသမီးကဲ့သို့ ခင်မင်သည်။ သူတို့အိမ်မှာ ရန်ကုန်မြို့ စမ်းချောင်းတွင် ရှိသည်။ သူတို့က 'ရန်ကုန်လိုက်ခဲ့ပါ၊ အလုပ်လျှောက်ပါ'ဟု ခေါ်သည်။ သူတို့ ရန်ကုန်မြို့သို့ ပြောင်းသွားသောအခါ ကျွန်ုပ်သည် ရန်ကုန်မြို့သို့ တစ်ဖန် ပြန် ရောက်ပြန်သည်။ ထို့နောက် သခင်ထွန်းအုပ်ထံသွား၍ အလုပ်လျှောက်သည်။ ထိုအခါက ရုံးများအားလုံး စုံလင်အောင် ဖွင့်သည်မဟုတ်သေး။ ဖွင့်စဖြစ်သည်။ 'နေရာကောင်းကောင်း ရအောင် တစ်လနှစ်လ စောင့်ပါ'ဟု သခင်ထွန်းအုပ်က ပြောသည်။

သို့သော် အခက်အခဲတစ်ခု ရှိ၏။ စစ်ကြီးဖြစ်သောအခါ ကုလားလူမျိုးအားလုံး အိန္ဒိယပြည်သို့ ပြန်သွားသည်။ ထို့ကြောင့် ညမိလ္လာသိမ်းသော ကုလားများ မရှိတော့ချေ။ ထိုခေတ်အခါက မြို့ထဲမှတစ်ပါး စမ်းချောင်း၊ ကြည့်မြင်တိုင် စသော ရပ်ကွက်များတွင် ရေလောင်းအိမ်သာ မရှိချေ။ ဇလားအိမ်သာဖြစ်သည်။ ထို့ကြောင့် အညစ်အကြေးသယ်ရန် ကုလားများ မရှိသဖြင့် လူတွေများစွာ ဒုက္ခရောက်သည်။ အိမ်တိုင်းအိမ်တိုင်း အိမ်သာများ ပြည့်လာသောအခါ ပို့စရာနေရာ မရှိသဖြင့် နောက်ဖေးမြောင်းထဲသို့ ဝါးလုံးနှင့် ထိုး၍ သွန်ပစ်ရသည်။ ရေတွေ များများလောင်းရသည်။ စမ်းချောင်းရပ်ကွက်သည် အရှေ့ဘက်က မြေနီကုန်း၊ အနောက်ဘက်က ကြည့်မြင်တိုင် ကုန်းမြင့်နှစ်ခုကြားတွင် ရှိ၍ နိမ့်သော ရပ်ကွက် ဖြစ်သည်။ နောက်ဖေးလမ်းကြား ရေစီးရန် တော်တော်ခက်သည်။ အိမ်သာ အနံ့အသက်များမှာ အလွန် ကြောက်စရာ ကောင်းလှ၏။

ထို့ကြောင့် ကျွန်ုပ်သည် သခင်ထွန်းအုပ်ကို ပြောရသည်။ မေမြို့မှာရှိသော ဘာအလုပ်ဖြစ်ဖြစ် ထမင်းတစ်လုတ်စားရလျှင် တော်ပြီဆိုပြီး အတင်းနာပူသည်။ ထို့ကြောင့် သခင်ထွန်းအုပ်က မေမြို့ သစ်တောရုံးတွင် စာရေးခန့်ပေးလိုက်သည်။ 'သစ်တောခရိုင် ဝန်ကို ပြော၍ အလုပ်ဝင်ပါ'ဟု မှာကြားသည်။ ဤနည်းဖြင့် ကျွန်ုပ်သည် မေမြို့သို့

ပြန်ရောက်လာသည်။ သစ်တောရုံးတွင် စာရေးလုပ်သည်။ ခြောက်လလောက် ကြာသော အခါ အင်္ဂလိပ်လေယာဉ်ပျံများက မေမြို့ဥဏ္ဍတော ရပ်ကွက်များကို မီးလောင်ဗုံးများ ချသည်။ နောက်တစ်ဖန် အလွန်ကြီးသော ဗုံးများချသည်။ လူပေါင်းများစွာ သေဆုံးသည်။ ထိုအခါ မြို့သူမြို့သားများအားလုံး တောသို့ ပြေးကြရသည်။ ကျွန်ုပ်၏အိမ်ရှင် မယ်တော်ကြီးလည်း တောရွာသို့ ထွက်ပြေးသွားလေသည်။

သို့ရာတွင် ကျွန်ုပ်တို့ရုံးမှာ ရုတ်တရက် ပြောင်းရွှေ့စရာ နေရာမရှိသဖြင့် မြို့ပေါ်၌ပင် နေရသည်။ ထို့ကြောင့် ကိုယ်တိုင် ထမင်းချက်စားသည်။ မည်သူမှလည်း မရှိ။ ရုံးသမား လေးငါးယောက်သာ ရှိသည်။ တစ်လနှစ်လ ကြာပြီးမှ မေမြို့အရှေ့ဘက်ရှိ ရေချမ်းအိုးရွာသို့ ရုံးပါပြောင်းသွားသည်။ ကျွန်ုပ်တို့လည်း လိုက်၍ ပြောင်းသွားသည်။ တစ်နှစ်လောက်အကြာ ၁၉၄၃ ခုနှစ်တွင် မြန်မာပြည်ကို ဂျပန်များက အတုအယောင် လွတ်လပ်ရေး ပေးခဲ့၏။ ဒေါက်တာဘမော်ကို အဓိပတိ အရှင်မင်းကြီး တင်မြှောက်သည်။ လွှတ်တော်ဖွဲ့၍ အုပ်ချုပ်သည်။ ထိုအခါ သခင်တွေအားလုံး ဝန်ကြီး အတွင်းဝန်စသည်တို့ ဖြစ်လာကြသည်။ သခင်ထွန်းအုပ်က သစ်တောရေးဝန်ကြီး၊ သခင်လေးမောင်ကြီးက သယ်ယူပို့ဆောင်ရေး ဝန်ကြီး၊ သခင်နုက နိုင်ငံခြားရေးဝန်ကြီး ဖြစ်လာသည်။

ကိုယ့်မင်းကိုယ့်ချင်း ဖြစ်လာသဖြင့် ကျွန်ုပ်သည် အလုပ်တစ်ခု လျှောက်ပြန်သည်။ မန္တလေးမြို့ ထိပ်တင်ကိုယ်တော်ကြီးက ကျွန်ုပ်အား သားအရင်းပမာ ခင်မင်သဖြင့် သယ်ယူပို့ဆောင်ရေး အရာရှိခန့်ရန် ပြောပေးသည်။ မေမြို့ သစ်တောရုံးတွင် စာရေးလုပ်နေစဉ်က တိုကျိုမှ ဂျပန်ပါမောက္ခကြီးတစ်ယောက် စစ်ထဲတွင် မေဂျာဘဝဖြင့် ပါလာ၍ ကျွန်ုပ်ထံ ညနေတိုင်း မြန်မာစာသင်သည်။ ဂျပန်ကြီးမှာ အလွန်သဘောကောင်းသည်။ 'အကူအညီလိုလျှင် တောင်းပါ'ဟု ပြောသည်။ ဂျပန်ပြည်ရှိ သူ၏လိပ်စာကို ကျွန်ုပ်အား ပေးထားသည်။ ကျွန်ုပ်သည် ငယ်ရွယ်သူ ဖြစ်သဖြင့်တစ်ကြောင်း၊ ငယ်စဉ်ကပင် စိတ်ထိခိုက် လွယ်သည်ကတစ်ကြောင်း၊ သူ့ကို စာသင်ပေးရာတွင် သဘောမကျလျှင် မျက်နှာပျက်သွားသည်။ သူသည် တက္ကသိုလ်မှ စိတ်ပညာပါမောက္ခ ဖြစ်ဟန်တူသည်။ တစ်နေ့သောအခါ ဂျပန်ပါမောက္ခကြီးက ကျွန်ုပ်ကိုပြောသည်။ 'ခင်ဗျား အရောင်းအဝယ် လုပ်ငန်းမျိုးလုပ်၍ မဖြစ်နိုင်။ ပညာတစ်ခုခုဖြင့် အသက်မွေးပါ'ဟု ဆိုသည်။

အဘယ်ကြောင့်ဆိုသော် အရောင်းအဝယ် လုပ်ရာ၌ 'လူတစ်ဖက်သား ကျေနပ်အောင် ပြောရသည်။ စိတ်ထဲက ထ၍ ရိုက်ချင်သော်လည်း မျက်နှာက ပြုံးပြုံးထားရသည်'ဟု သူက သင်ပေးသည်။ ကျွန်ုပ်ကလည်း 'ဤကဲ့သို့ ဟန်မဆောင်တတ်ကြောင်း၊ ချစ်လျှင် ချစ်ကြောင်း၊ မုန်းလျှင် မုန်းကြောင်း၊ သဘောမကျလျှင် မကျကြောင်း ဘွင်းဘွင်းရှင်းရှင်း လုပ်တတ်သည်'ဟု ပြောပြသည်။

ဤကဲ့သို့နေစဉ် ဂျပန်ကင်ပေတိုင်ခေါ် စစ်ပုလိပ်အဖွဲ့မှ နိုင်ငံရေးနားလည်၍ အိမ်ထောင်မရှိသူ လူငယ်တစ်ဦး အလိုရှိကြောင်း၊ မြို့သူကြီးများ အုပ်ချုပ်ရေးအဖွဲ့သို့ တောင်းဆိုလာသည်။ ထိုအခါ အုပ်ချုပ်ရေးအဖွဲ့တွင် ကျွန်ုပ်ကို ခင်မင်သူတွေ ပေါသော

ကြောင့် ထိုအလုပ်ကို ကျွန်ုပ် လုပ်ပါဟု လာခေါ်သည်။ ကင်ပေတိုင်ဆိုသည်မှာ သူလျှို အဖွဲ့၊ ပုလိပ်အဖွဲ့ ဖြစ်သည်။ တွေ့ရာလူကို ဖမ်းရသည်။ တွေ့ရာလူကို ပါးရိုက်ရသည်။ ကျွန်ုပ်သည် ဤကဲ့သို့သော အလုပ်ကို မလုပ်ချင်။ သူတို့အဆိုအရ လခမည်မျှဟု မပြော၊ တစ်သောင်းထုပ်ကြီး ပြသည်။ လိုချင်သလောက်၊ လိုအပ်သလောက် လခပေးမည် ဆိုသည်။

ကျွန်ုပ် ငြင်းပယ်ခဲ့သည်။ အစသော် ဗိုလ်ကြီးက လာ၍ခေါ်သည်။ နောက်တစ်လ ကြာသောအခါ ဗိုလ်မှူးတစ်ယောက်က လာ၍ခေါ်သည်။ ကျွန်ုပ်သည် အလွန် ကံကောင်း သည်။ 'တရားကိုစောင့်၍ တရားက ပြန်စောင့်သည်'ဟု ဘုရားဟောသည့်အတိုင်းပင် ဖြစ်သည်။ သူများကို မညှဉ်းဆဲချင်သောကြောင့် ဤအလုပ်ကို လက်မခံပေ။ သို့ရာတွင် ဗိုလ်မှူးတစ်ဦးက လာခေါ်သည်ကို ငြင်းပယ်ခဲ့လျှင် အင်္ဂလိပ်သူလျှိုဆိုပြီး သတ်ပစ်နိုင် သည်။ သို့ရာတွင် ကံကောင်းနေသေးသည်။ ကင်ပေတိုင်ရုံးတွင် စကားပြန်လုပ်သော အသက် ၂၃ နှစ်ရှိ ဂေါ်ရခါးလူမျိုး ကုလားလေးရှိသည်။ သူသည် အိန္ဒိယပြည်မှ ဂျပန်စာ၊ ဂျပန်စကားကို သင်ပြီးလျှင် လေထီးနှင့် ချပေးသည်။ ၎င်းနောက် ကင်ပေတိုင်ရုံး၌ စကားပြန်လုပ်သည်။ သူတို့အကြောင်းကို အင်္ဂလိပ်စစ်တပ်ရှိရာ အိန္ဒိယပြည်သို့ အသံလွှင့် စက်များဖြင့် ပို့ပေးသည်။ ကုလားကပြား၊ အင်္ဂလိပ်ကပြား စသည်တို့ လေထီးဖြင့် ချထားပေးသည်။ ထို ဂေါ်ရခါးကုလားလေးက 'ကျွန်ုပ်သည် ဤကဲ့သို့ ငြင်းပယ်နေလျှင် ဒုက္ခဖြစ်သွားနိုင်ကြောင်း၊ အင်္ဂလိပ်လူဟု ဆိုပြီးလျှင် အရိုက်အနှက် ခံရမည့်အကြောင်း၊ သို့မဟုတ် သတ်၍ပင်ပစ်နိုင်ကြောင်း' လာပြောသည်။

ထိုအခါ ရန်ကုန်တွင် ဒေါက်တာဘမော် အစိုးရအဖွဲ့၌ သခင်ထွန်းအုပ်၊ သခင် လေးမောင်၊ သခင်ဘစိန်တို့ ဝန်ကြီးများ ဖြစ်နေကြသည်။ ကျွန်ုပ်လည်း မန္တလေးမြို့ ထိပ်တင်ကြီးကိုယ်တော်ထံ သွား၍ အလုပ်ရရှိဖို့ ကူညီပါရန် အကျိုးအကြောင်း ပြောပြ သည်။ ထိပ်တင် ကိုယ်တော်ကြီးမှာ ကျွန်ုပ်အား သားအရင်းကဲ့သို့ အလွန်ခင်သည်။ သူသည် တို့ဗမာအစည်းအရုံးတွင် နာယကပုဂ္ဂိုလ်ကြီး ဖြစ်သဖြင့် အထူးကြည်ညို လေးစား ခြင်းခံရသူ ဖြစ်သည်။ သီပေါမင်း၏ သမက်တော်ဖြစ်၍ တတိယသမီးတော်၏ခင်ပွန်း ဖြစ်သည်။

ဤနည်းဖြင့် ရန်ကုန်မြို့ သခင်ဝန်ကြီးများထံမှ ကျွန်ုပ်အား သယ်ယူပို့ဆောင်ရေး အရာရှိ ခန့်အပ်ထားကြောင်း ကြေးနန်း ရောက်လာသည်။ ထို့ကြောင့် ဂျပန်စစ်တပ်သို့ သွားပြီးလျှင် ဒေါက်တာဘမော် အစိုးရက ခေါ်ကြောင်း၊ ရန်ကုန်သို့ သွားရမည်ဖြစ်ကြောင်း၊ ကင်ပေတိုင်၌ လုပ်၍ မဖြစ်ကြောင်း၊ လမ်းသွားရာ၌ မီးရထားစီးရာမှစ၍ အနှောင့်အယှက် ကင်းအောင် ထောက်ခံစာများ ရေးပေးပါဟု ပြောသည်။

သူတို့က စာတိုစာရှည်တွေ အမျိုးမျိုးရေး၍ တံဆိပ်ရိုက်ပေးသည်။ မီးရထား လက်မှတ်ဝယ်၍ လွယ်သည်။ ဘာဖြစ်ဖြစ် အခက်အခဲရှိလျှင် ဂျပန်များကို သွား၍ အကူအညီ တောင်းနိုင်သည်။ ရှေးခေတ်က ဤကဲ့သို့ ဂျပန်စာများကို လူအများက

ဘူးသီးငါးပေါင်းကြော်ဟု ခေါ်သည်။ ဘူးသီးငါးပေါင်းကြော်ပါမှ လွယ်ကူသည်။ ရန်ကုန်မြို့သို့ ရောက်သောအခါ မြေနီကုန်းရှိ မိတ်ဆွေများထံမှာနေ၍ အလုပ်ဆင်းသည်။ ကြည့်မြင်တိုင် တစ်ဖက်ကမ်းရှိ ငါးနံ့ပါတ်ဆန်စက်မှ ဆန်များကို လှေများ၊ သမ္ဗန်များပေါ်သို့ တင်ပေး၍ စာရင်းလုပ်ရသည်။ နေ့တိုင်း မြစ်ကို အသွားအပြန် ကူးရသည်။

ကျွန်ုပ်သည် သယ်ယူပို့ဆောင်ရေး အလုပ်မဝင်မီ အင်းယားကန်ရှိ ကေဗင်ကျွန်းတွင် သင်တန်းတက်ရသည်။ နှစ်လခန့်ကြာမှ အလုပ်ဝင်ရသည်။ သုံးလခန့်ကြာသောအခါ ကျွန်ုပ်တို့သည် ရှမ်းပြည်နယ်မြို့တော် တောင်ကြီးမြို့သို့ ပြောင်းရသည်။ ခရိုင်အရာရှိနှင့် သယ်ယူပို့ဆောင်ရေး အရာရှိများ၊ စာရေးစာချီများအားလုံး ပြောင်းရသည်။ သို့ဖြင့် တောင်ကြီးမြို့သို့ ရောက်ခဲ့ရပြန်သည်။ တောင်ကြီးမြို့သည် ထိုစဉ်က စည်ကားခြင်း မရှိသေးချေ။ နေရေးထိုင်ရေး အလွန်သာယာသည်။ ကျန်းမာရေးနှင့် ညီညွတ်သောမြို့ဖြစ်သည်။ တောင်ကြီးမြို့ ရောက်သောအခါ ရုတ်တရက် ရုံးဖွင့်ရန် နေရာအဆောက်အအုံ မရသေးသဖြင့် ကျွန်ုပ်တို့သည် ကုမ္ပဏီတစ်ခုပိုင် ရက်ကန်းဂိုဒေါင်ကြီးထဲတွင် အားလုံးစု၍ နေရသည်။ ထိုစဉ် ကျွန်ုပ်သည် ခွင့်ယူ၍ မေမြို့သို့ ပြန်သွားသည်။ ဂျပန်လက်မှတ်များပါ၍ မည်သည့် ကားမဆို စီးသွားနိုင်သည်။

မန္တလေးမြို့သို့ ရောက်သောအခါ အင်္ဂလိပ်တို့သည် ရွှေဘိုမြို့ကို သိမ်းပြီး ရွှေဘိုမှနေ၍ စစ်ကိုင်းတောင်ဆီသို့ အမြောက်များနှင့် ပစ်နေကြောင်း သိရသည်။ ထို့ကြောင့် အင်္ဂလိပ်များ မြန်မာပြည်ကို သိမ်းမည့်ကိစ္စ ရက်ပိုင်းသာ ကျန်တော့ကြောင်း သိရသည်။ ကျွန်ုပ်သည် စစ်ဘေးစစ်ဒဏ်ကို ကြောက်သောကြောင့် အလုပ်ဆက်မလုပ်ချင်တော့ချေ။ အလွန်ဆုံးကြာလျှင် နှစ်လ၊ သုံးလအတွင်း မြန်မာပြည်ကြီး အင်္ဂလိပ်လက်ထဲ ပြန်ရောက်မည်ကို သိလာသည်။ တောင်ကြီးမြို့တွင်နေစဉ် အင်္ဂလိပ်မယ်သီလရှင် ကျောင်းများသို့ ကိစ္စတစ်ခုနှင့် သွားရသည်။ သီလရှင်ကြီးများကို ကျွန်ုပ်က အင်္ဂလိပ်များ ရွှေဘိုရောက်နေပြီဖြစ်ကြောင်း၊ တစ်လအတွင်း တောင်ကြီးမြို့သို့ ရောက်လာမည့်အကြောင်း၊ ဂျပန်တို့ စစ်ရှုံးမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မာသာတို့လည်း ပူစရာမရှိကြောင်း၊ မိမိကြားသော သတင်းကို ပြောပြသည်။ သီလရှင်များမှာ ဤသတင်းကို ကြားသောအခါ မည်မျှဝမ်းသာသည် မသိ။ ဝမ်းသာလွန်းအားကြီး၍ မျက်ရည်များ ကျလာသည်။ ဝမ်းသာ၍ မျက်ရည်ကျသည်ကို သည်တစ်ခါပင် တွေ့ရသည်။

ဤနည်းဖြင့် ကျွန်ုပ်သည် မေမြို့မှတစ်ဆင့် ဇနီးသည်ရှိရာ ရေချမ်းအိုးရွာသို့ ပြန်လာခဲ့သည်။

အလုပ်မရှိသဖြင့် ကျွန်ုပ်သည် မန္တလေးမြို့သို့ ကိစ္စတစ်ခုဖြင့်သွားသည်။ ထိုအခါ မန္တလေးမှ ပွဲရုံလုပ်ငန်းဖြင့် အသက်မွေးနေသော ကျွန်ုပ်၏မိတ်ဆွေ ဦးဘအောင်က 'သီပေါမြို့တွင် ပဲပုပ်စေ့များ အလွန်ဈေးကောင်းကြောင်း၊ မန္တလေးမြို့မှ ယင်းပဲပုပ်စေ့နှင့် ရေတတ်သီးခြောက်များတင်၍ သီပေါသို့ သွားရောက် ရောင်းဝယ်လျှင် များစွာ မြတ်နိုင်ကြောင်း' ပြောပြသည်။ ကျွန်ုပ်သည် အလကားလည်း မနေချင်၊ ဗဟုသုတလည်း ဖြစ်

အောင် သဘောတူလိုက်ပြီးလျှင် အရောင်းအဝယ်လုပ်ငန်း စတင်ခဲ့သည်။ ခရီးမှာ မော်တော်ကား လုံးဝမရှိ။ လှည်းများဖြင့် သွားရသည်။ မိမိတို့တွင်ရှိသော ငွေအင်အား တတ်နိုင်သလောက် ငရုတ်သီးအခြောက်များ၊ ပဲပုပ်စေ့များကို သီပေါမြို့ရှိ ဂျပန်တပ်များအား ရောင်းရန် လှည်းခြောက်စီးဖြင့် တက်ကြသည်။ မန္တလေးမြို့မှ မေမြို့ထိ ဘေးအန္တရာယ်မရှိပါ။ တဖြည်းဖြည်း နားလိုက် အိပ်လိုက်ဖြင့် သွားရသည်။

ထိုအချိန်က ရှမ်းပြည် ကျောက်မဲ၊ သီပေါတွင် အင်္ဂလိပ်လေယာဉ်ပျံများက နေ့ခင်း၌ မော်တော်ကားလမ်းကို စက်သေနတ်နှင့် ပစ်ကြသည်။ ထို့ကြောင့် နေ့အခါ၌ လမ်းများပေါ်တွင် အသွားအလာ လုံးဝမရှိ။ ခရီးသည်များ၊ ကုန်သည်များအားလုံး ညအခါမှသာ သွားလာကြရသည်။ သီပေါမြို့သို့ ရောက်သောအခါ မြို့ထဲ၌ လူများ လုံးဝမရှိ။ ဟိုရွာ၊ ဒီရွာပြောင်း၍ နေကြသည်။ ငရုတ်သီးခြောက်များကို မြို့သူမြို့သားများက ဝယ်ယူသည်။

သီပေါမြို့ရှိ ကင်းပေတိုင်ရုံးမှ စကားပြန်လုပ်သူ တစ်ယောက်နှင့် တွေ့၍ သူက ပဲပုပ်စေ့များကို ဂျပန်စစ်တပ်သို့သွင်းရန် ပြောပေးသည်။ ဤနည်းဖြင့် ကျွန်ုပ်တို့သည် ဂျပန်ရုံးရှိရာသို့ ပဲပုပ်စေ့ခေါ် (ပဲပိစပ်)များကို သွား၍ရောင်းရသည်။ ကံအားလျော်စွာ သူတို့က အားလုံး ဝယ်ယူလိုက်သည်။ ဂျပန်များ ဝင်လာစတုန်းက သူတို့သည် ခွေးသားကို စားကြောင်း လူတိုင်းက ပြောသည်။ ကိုယ်တိုင်မတွေ့သဖြင့် ကျွန်ုပ်သည် မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်သည်။ ကျွန်ုပ်၏ ပဲအိတ်များကို သူတို့ မီးဖိုချောင်း သွား၍ပို့ရသောအခါ ခွေးသေကောင်ကြီးကို ထက်ခြမ်းခွဲ၍ တစ်ခြမ်းစားသောက်ပြီး၊ တစ်ခြမ်းကို လှန်းထားကြောင်း တွေ့ရသည်။ ကျွန်ုပ် အလွန်ရွံ၍ ခေါင်းမူးသွားသည်။ စိတ်ထဲ၌လည်း မချမ်းမသာ ဖြစ်သွားရသည်။ နောက်မှ သိရသည်မှာ စင်ကာပူ၊ ဟောင်ကောင် စသော နေရာများတွင်လည်း ခွေးသားစားကြသည်။ 'ခွေးသားသည် ဝက်သားနှင့် အတူတူဖြစ်သည်'ဟု ဆိုသည်။

ကျွန်ုပ် သီပေါမြို့မှ ပြန်ခဲ့ရာ နောင်ချိုမရောက်မီ တောင်တန်းလေးကို ဖြတ်၍ ဖောက်ထားသော တောင်ကြားလမ်းလေး ရှိသည်။ ယင်း တောင်ကြားလမ်းဘေး၌ စခန်းချရန် ကွက်လပ်ကြီးတစ်ခု ရှိသည်။ သစ်ပင်များ အုပ်နေသည်။ ထိုနေရာသို့ ရောက်သောအခါ မိုးလင်းစပြုပြီ။ ၅ နာရီခွဲလောက်ရှိပြီ။ အင်္ဂလိပ် လေယာဉ်ပျံများသည် မိုးလင်းသည်ဆိုလျှင် ပေါ်လာတတ်သည်။ ထို့ကြောင့် ကျွန်ုပ်က လှည်းသမားများအား 'မိုးလင်းပြီဖြစ်၍ သည်မှာပင် စခန်းချပါ'ဟု ပြောပြသည်။ သို့ရာတွင် 'သူတို့၌ အသိဉာဏ်ရှိသည် မဟုတ်။ ဤနေရာ၌ မနေလိုသေး၊ အလာတုန်းက ရွှေ့စခန်း နှစ်မိုင်လောက်ဝေးသော နေရာရောက်မှ စခန်းချမည်'ဟု ဆိုပြီးလျှင် ဆက်လက်၍ မောင်းလာကြသည်။

ထိုနေရာမှ ရွှေ့စခန်းရောက်အောင် လယ်ကွင်းများကို ဖြတ်ရမည်။ တောင်ခါးပန်းလေးကို ကွေ့၍သွားသော ကားလမ်းဖြစ်သည်။ ထို့ကြောင့် လေယာဉ်ပျံကို စိတ်မချသဖြင့် လှည်းသမားများနှင့် ဝေးရာ တစ်ဖာလုံလောက် ရှေ့ကတင်ကြိုပြီးလျှင်

ဂုဏ်တော်ကိုးပါးကို ပုတီးစိပ်သွားသည်။ တောင်ကုန်းလေးကိုပတ်၍ ယခင်စခန်းသို့ ရောက်လုဆဲဆဲတွင် အင်္ဂလိပ်တိုက်လေယာဉ်ပျံတစ်စီး ပေါ်လာပြီး မော်တော်ကားလမ်းပေါ်ရှိ လူ၊ နွား၊ လှည်းများကို တရစပ် ပစ်ခတ်တော့သည်။ အသွားအပြန် ပစ်လိုက်ခတ်လိုက်လုပ်သည်။ လေယာဉ်ပျံသံကြားသော အခါကပင် ကျွန်ုပ်က 'လှည်းသမားများအားလုံး လှည်းတွေ ချောက်ထဲသို့ မောင်းရောင်ပါ'ဟု ပြောသည်။ သို့သော် သူတို့က စကားနားမထောင်ချေ။ လူလည်း မပြေးသောကြောင့် တော်တော်များများ သေဆုံးသည်။ နွားတွေလည်း သေသည်။ လှည်းတွေလည်း ကျိုးပဲ့ကုန်သည်။

ဤကဲ့သို့ လှည်းလေးငါးခြောက်စီး ပျက်နေပြီ။ နွားတွေလည်း သေနေသောကြောင့် လေယာဉ်ပျံများလာတိုင်း ဆင်း၍ကြည့်သည်။ ကျွန်ုပ်တို့သည် ထမင်းမချက်ရဲ။ မီးရောင်ကို တွေ့မှာစိုး၍ ဖြစ်သည်။ ထို့ကြောင့် မော်တော်ကားလမ်းအောက်ရှိ ပြွန်ခေါင်းကြီးထဲသို့ ဝင်၍ တစ်နေ့လုံး နေရသည်။ မကြာခဏ လေယာဉ်ပျံများလာသည်။ လာတိုင်း တောထဲကို စောင်း၍ စောင်း၍ ကြည့်သွားသည်။ လူမမြင်၍ နောက်ထပ် ပစ်ခတ်မှု မရှိချေ။ ညပိုင်းရောက်မှ သံဃာများပင့်၍ သေသူများအတွက် ရေစက်ချပြီး မြှုပ်နှံရသည်။ ခရီးသည်ထဲတွင် သံဃာတစ်ပါး ပါလာသည်။

ဤနည်းဖြင့် ကျွန်ုပ်သည် သူတို့အားမြှုပ်နှံ၍ ခရီးထွက်လာသည်။ ဤတစ်ကြိမ်တွင် လှည်းတစ်စီးနှစ်စီးသာ ပါတော့သည်။ လှည်းတွေ ပျက်သည်။ လူတွေ သေသည်။

သို့နှင့် ရေချမ်းအိုးရွာသို့ ကျွန်ုပ်တို့ ပြန်လာသည်။ ဂျပန်ငွေတွေ တော်တော်များများ ပါသည်။ ဂုံအိတ်နှင့် ထည့်ရသည်။ သို့ရာတွင် တန်ဖိုးက ကြီးသည်မဟုတ်ပါ။ အင်္ဂလိပ်ဝင်လာသောအခါ ယင်းငွေစက္ကူများကို မြန်မြန်သုံးပစ်ရသည်။ မကြာမီ 'ဂျပန်စက္ကူများ တရားမဝင်'ဟု အင်္ဂလိပ်တို့က ကြေညာသောကြောင့် အသုံးမဝင်တော့ချေ။

အင်္ဂလိပ်စစ်တပ်များ၊ အမေရိကန်စစ်တပ်များ၊ မေမြို့သို့ရောက်လာသော်လည်း စစ်ကြီးကား ပြီးဆုံးသည် မဟုတ်သေး။ မြန်မာပြည် တစ်ဝက်လောက်ကို သိမ်းပြီးရုံဖြစ်သည်။ မေမြို့သည် ရာသီဥတုကောင်းသဖြင့် အရှေ့တောင်အာရှ ကြည်းတပ်အဖွဲ့ချုပ်ဟူသော အုပ်ချုပ်ရေး ရုံးကြီးဖွင့်ထားသည်။ အရှေ့တောင်အာရှတွင် ရှိသမျှ စစ်ရေးကိစ္စများကို စီစဉ်အုပ်ချုပ်သောနေရာ ဖြစ်သည်။

သူတို့ဝင်လာသောအခါ ကျွန်ုပ်သည် ရုံးချုပ်တွင် ငွေစာရင်းဌာန၌ အလုပ်ရသည်။ တစ်လ နှစ်ရာရသည်။ ကျွန်ုပ်တို့အား အင်္ဂလိပ်ရာရှင်ပေးသည်။ စစ်တပ်များတွင် နှစ်မျိုးရှိသည်။ အိန္ဒိယရာရှင်၊ အင်္ဂလိပ်ရာရှင် နှစ်မျိုးရှိသည်။ စစ်သားများအတွင်း အိန္ဒိယစစ်သားက များသဖြင့် သူတို့ကြိုက်ရာ ပစ္စည်းများ၊ စားစရာများ ပေးသည်။

ထိုခေတ်က အင်္ဂလိပ်ဘီတီရာရှင် ပေးသည်။ ဘီတီရာရှင် ဆိုသည်မှာ ဗြိတိသျှရာရှင် ဖြစ်သည်။ ပေါင်မုန့်ရသည်။ သွားတိုက်ဆေးရသည်။ ထောပတ်ရသည်။ သုံးနှစ်ခန့် ဂျပန်အုပ်ချုပ်ရေး ဒုက္ခပင်လယ်ဝေနေပြီး ကာဖီမှုန့်ပင် ဝယ်လို့မရသောဘဝမှ အင်္ဂလိပ်များ ပြန်ဝင်လာသောအခါ ကျွန်ုပ်သည် ကံကောင်းသည်ဟု ဆိုရမည်။ ဘာမဆို လိုချင်တာ

ရသည်။ ရုပ်ရှင်ကောင်းကောင်း ကြည့်ရသည်။ ရာရှင်ရသော အစားအသောက်မှာ အိမ်သူ အိမ်သားများအတွက် ပိုတောင်နေသေးသည်။ ကျွန်ုပ်တို့ လက်ထဲတွင် အင်္ဂလိပ်ငွေစက္ကူ မရှိသောကြောင့် ကျွန်ုပ်တို့ရသော ရာရှင်များမှ ပိုသောပစ္စည်းများကို သုံးလိုသောသူများထံ ပြန်ရောင်းရသည်။

ထိုအခါ ကျွန်ုပ် အမြင်ကျယ်လာသည်။ ဗြိတိသျှစစ်သားများနှင့်ပေါင်း၍ သူတို့ မလိုချင်သော ဟောလစ်ဘူးများ၊ သွားတိုက်ဆေးများကို သင့်တော်သောဈေးနှင့် ဝယ်ပြီးလျှင် မြို့ထဲ၌ တစ်ဆင့်ပြန်၍ ရောင်းသည်။ ငွေတွေ အများကြီး ရလာသည်။ တပ်ထဲက တစ်ဆယ်တန်သော ပစ္စည်းသည် အပြင်ဘက်၌ ရှစ်ဆယ်တန်သည်။ အင်္ဂလိပ် ဝင်ကာစ ဖြစ်၍ ငွေစက္ကူ မရကြသေးပေ။

တစ်နှစ်နီးပါးခန့် ကြာသောအခါ စစ်ကြီးပြီးသွားသည်။ စစ်ကြီးပြီး သွားသော အခါ ယခင်က ကျွန်ုပ်တို့ အလုပ်လုပ်ခဲ့သော ဘုံဘေဘားမားကုမ္ပဏီမှ အရာရှိကြီးများ ရောက်လာ၍ ရုံးများ စတင်ဖွင့်လှစ်သည်။ မျက်နှာဖြူ အရာရှိအားလုံးမှာ ဘုံဘေဘားမား ကုမ္ပဏီတွင် အလုပ်လုပ်၍ မြန်မာပြည်အကြောင်း သိသောကြောင့် သူတို့ကို ဗြိတိသျှ တပ်တွင် ခေါ်ပြီး အချို့ကို ဗိုလ်မှူး အချို့ကို ဗိုလ်မှူးကြီး ခန့်ပေးသည်။ လုံခြုံရေး၊ ထောက်လှမ်းရေး တာဝန်ယူရသည်။

စစ်ပြီးစဖြစ်သဖြင့် အစစမပြည့်စုံ။ ကျွန်ုပ်တို့နေသော မေမြို့စည်းခုံရပ်မှာ ကျောက် တောင်အနီးမှ အင်္ဂလိပ်လူမျိုး နေထိုင်ရာ အိမ်ကြီးတွင် ရုံးဖွင့်ထားသည်။ ရုံးသို့ ခြေကျင် သွားရသည်။ အေးသောရာသီ ဖြစ်သဖြင့် ထမင်းစား၍ မရ။ နံနက်ပိုင်း၌ ကော်ဖီသောက် ပြီးလျှင် ထမင်းကို လက်ဆွဲချိုင့်နှင့် ထည့်ပြီး တစ်နာရီခန့်ကြာ ခြေကျင်သွားရသည်။

ကုမ္ပဏီရှိ အရာရှိကြီးများမှာ စစ်ထဲ၌ ဗိုလ်မှူးကြီး၊ ဗိုလ်မှူး စသည်ဖြင့် လုပ်ခဲ့ သောကြောင့် အစစ အဆင်ပြေသည်။ တစ်လလောက် ကြာသောအခါ အရာရှိကြီး တစ်ယောက် အိန္ဒိယသို့သွား၍ ကျွန်ုပ်တို့ ရုံးသမားများအတွက် လေယာဉ်ပျံဖြင့် စက်ဘီး များ ယူလာသည်။ စက်ဘီးများကို လျှော့ဈေးနှင့် ရောင်းပေးသည်။ သို့မှသာလျှင် သူတို့အလုပ် ခရီးတွင်မည်ကို သိသည်။

ဤကဲ့သို့ အလုပ်လုပ်နေစဉ် ကုမ္ပဏီရှိ အင်္ဂလန်မှရောက်စ မျက်နှာဖြူအရာရှိ များကို ရုံးဆင်းချိန်တွင် ကျွန်ုပ်က မြန်မာစာသင်ပေးရသည်။ တချို့က တစ်လနှစ်ဆယ် ပေးသည်။ တချို့က တစ်လသုံးဆယ်ပေးသည်။ ရုံးဆင်းပြီး ည ၇ နာရီအထိ သူတို့ အိမ်သို့သွား၍ စာပြပေးရသည်။ ကျွန်ုပ်မှာ တော်တော်ပဲ ဆရာဇာတာပါသည်။ ကျွန်ုပ်မှာ လက္ခဏာ ဝါသနာပါသဖြင့် သူတို့ကို လက္ခဏာ ဟောပေးရသည်။ ထိုအခါ အလွန် မှန်လှကြောင်းဝန်ခံ၍ 'စတိုခန်းကိုဖွင့်ပြီး အရက်ပုလင်းများ ယူပါ'ဟုပြောသည်။ ကျွန်ုပ် သည် အရက်သောက်သူ မဟုတ်သဖြင့် ဘာကိုမှ မယူခဲ့ပါ။ ဖျော်ရည်ပုလင်းသာ ယူခဲ့ သည်။ အရက်ပုလင်းကိုယူပြီး ရောင်းစားလျှင် အများကြီးရမည်ကို သိသည်။ သို့ရာတွင် သစ္စာမဲ့သော အလုပ်ကို မလုပ်လိုသဖြင့် စိတ်တောင် မကူးခဲ့ချေ။

ဤကဲ့သို့ အလုပ်လုပ်နေစဉ် ကျွန်ုပ်မှာ သားသမီးနှစ်ယောက် ရှိလာသည်။ အိမ်လခနှင့်တကွ စားလောက်ရုံသာ ရှိသည်။ ရှေ့ကို ချမ်းသာကြီးပွားစရာ မရှိ။ စာရေးလေးမှ စာရေးကြီး၊ စာရေးကြီးမှ ပင်စင်စားသာ ဖြစ်နိုင်သည်။ ထို့ကြောင့် သူတို့လုပ်ငန်းတွင် နည်းနည်းမှ မပျော်ပိုက်ချေ။ အိန္ဒိယပြည်သို့ ဗိုလ်မှူးကြီးတစ်ဦး ခဏပြန်သွားသောအခါ ကျွန်ုပ်နှင့် အလွန်ခင်မင်သဖြင့် လိုချင်တာမှပါဟု ဆိုသည်။

ကျွန်ုပ်သည် ပန်းချီဆွဲ အလွန်ဝါသနာပါသည်။ ဆယ်တန်းတုန်းကလည်း ပန်းချီဖြင့် အောင်ခဲ့သည်။ ဆရာဖြစ်သင်ကျောင်း တက်တုန်းကလည်း ပန်းချီဆွဲခဲ့သည်။ အထူးသဖြင့် ရှုမျှော်ခင်းများကို ဝါသနာပါသည်။ ထိုခေတ်က မန္တလေးပန်းချီဆရာကြီး ဦးဘသက်သည် မေမြို့သို့ မကြာခဏ တက်၍ ပန်းချီကားများကို ရောင်းသည်။ သူတို့ ညီအစ်ကိုသည် ပန်းချီဆရာထဲတွင် ကားစီးနိုင်သူဖြစ်သည်။ သူဆွဲသော ဧရာဝတီမြစ်ကျဉ်းဆိုသော ပန်းချီကားကြီးမှာ အံ့သြလောက်အောင် ကောင်းသဖြင့် ဘုံဘေဘားမားကုမ္ပဏီမှ ၇၅၀ ကျပ်နှင့် ဝယ်ယူသည်။ ထိုခေတ် အင်္ဂလိပ်ငွေ ၇၅၀ ကျပ်သည် ယခုခေတ် ၇၅၀၀ နှင့် ညီမျှသည်။ သူတို့သည် အလွန် ဝင်ငွေကောင်းသည်။ သူတို့ပန်းချီဆိုင်သို့ သွားတိုင်း ပန်းချီကားများကို ကြည့်သည်။ အလွန် စိတ်ချမ်းသာသည်။ ဦးဘသက်မှာ ရှုမျှော်ခင်း၊ လူပုံများဆွဲရာ၌ ပထမတန်း ပန်းချီဆရာ ဖြစ်သည်။ ဧရာဝတီမြစ်ကျဉ်းဆိုသော ပန်းချီကားကြီးကို ကုမ္ပဏီမှဝယ်ပြီးလျှင် ပို့စကတ်လုပ်ပြီးနောက် ဂျော့ဘုရင်ထံသို့ တင်ပို့သည်။ ကျွန်ုပ်သည် ပန်းချီကားများ ဝယ်လိုသော်လည်း ငွေကြေး မရှိသောကြောင့် တစ်ခါမှ မဝယ်နိုင်ချေ။ သူတို့ပန်းချီကားမှာ အင်္ဂလိပ်ငွေ အနည်းဆုံး ငါးဆယ်ဖြစ်သည်။ တစ်ကားအတွက် ဟိုခေတ်က ငွေတစ်ထောင်၊ နှစ်ထောင်အထိ ရှိသည်။ အင်္ဂလိပ်လူမျိုးများ အလွန် နှစ်သက်သည်။ သူ ဆွဲသမျှအားလုံး ရောင်း၍ကုန်သည်။ ပုံတူလည်း ဆွဲသည်။

ကျွန်ုပ်တို့ ကုမ္ပဏီမှ အရာရှိကြီး အိန္ဒိယပြည်သွားသောအခါ ကျွန်ုပ်အတွက် ပန်းချီဆေးများ ယူခဲ့ဖို့ မှာသည်။ ကျွန်ုပ်သည် အလွန်ကံကောင်းသည်။ ဝင်ဆာနယူတန် ရေဆေးရောင်စုံ အတုံးလေးများစွာ လက်ဆောင်ရသည်။ ထို့ကြောင့် ကျွန်ုပ်က ပန်းချီကားကြီးနှစ်ခု လက်ဆောင် ရေးပေးသည်။ သူတို့ အလွန်နှစ်သက်၍ အင်္ဂလန်သို့ပင် ယူသွားသည်။

ဦးဘသက်မှာ မြန်မာပြည်တွင် ထိပ်တန်းပန်းချီဆရာ ဖြစ်သော်လည်း ငွေကြေးစုံမက်သူ မဟုတ်သဖြင့် ချမ်းသာသင့်သလောက် မချမ်းသာချေ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ် ရန်ကုန်မြို့ရောက်၍ လက္ခဏာဆရာ ဖြစ်သောအခါ ငွေသုံးလေးထောင်ယူသွားပြီး မန္တလေးသို့သွား၍ သူ့ထံမှ ပန်းချီကားများကို ဝယ်သည်။ ထိုအခါ သူသည် စကြာသီဟဘုရား မြောက်ဘက်နားတွင် နေသည်။ စုံစမ်းမေးမြန်းပြီးမှ အိမ်သို့ ရောက်သွားသည်။ ဆွဲပြီးသော ပန်းချီကား တစ်ခုမှမရှိ။ ကျွန်ုပ်သည် များစွာ စိတ်ပျက်သွားသည်။ ပန်းချီဆရာဆိုသည်မှာ ဒါနှင့် အသက်မွေးသည်။ အမြဲတမ်း ပန်းချီကား လေးဆယ်၊ ငါးဆယ်၊ တစ်ရာရှိရမည်။ ဝယ်သူလာမှ ထဆွဲ၍ ရသည်မဟုတ်။ သို့ရာတွင် ဆရာဦးဘသက်မှာ

အားနေလျှင် သူ့တပည့်များနှင့် လက်ဖက်ရည်ကြမ်းသောက်ပြီး ရယ်စရာ မောစရာများနှင့် အချိန်ဖြုန်းလေ့ ရှိသည်။

နောက်သုံးနှစ်ကြာသောအခါ မန္တလေးမြို့သို့ သွားပြန်သည်။ တရုတ်တန်းရှိ အမတော်ဝင်းထဲတွင် သူ၏ပန်းချီခန်း ရှိသည်။ ဆွဲပြီးသား ပန်းချီကား တစ်ခုမှ မရှိချေ။ သူလည်း ခရီးသွားနေသည်။ ထိုအခါ ကျွန်ုပ်သည် သူ၏ တပည့်များအား ပန်းချီကားများ ဝယ်လိုကြောင်း၊ ရောင်းစရာပန်းချီကား မရှိကြောင်း၊ ဆရာကြီးသည် အလုပ်ကို အချိန်နှင့် အခါနှင့် ကြိုးစားလုပ်ဆောင်သူ မဟုတ်သောကြောင့် ကြီးပွားချမ်းသာမည့်သူ မဟုတ်ကြောင်း ပြောပြခဲ့သည်။ သို့ရာတွင် မန္တလေးမြို့၌ ပန်းချီကျောင်းဖွင့်သောအခါ သူ့ကို ကျောင်းအုပ်ဆရာကြီးအဖြစ် ခန့်ထားခဲ့၍ မသေခင် အေးအေးသက်သာ စားသောက်သွားရသည်။ သမ္မတအိမ်တော်တွင် ထားသည့် တန်ဖိုးကြီးမြင့်လှသော ဆီဆေးပန်းချီကားများမှာ ဦးဘသက်၏ ပန်းချီကားများသာ များသည်။

မေမြို့၌ရှိစဉ် ကျွန်ုပ်သည် ရန်ကုန်မြို့ ပြောင်းလိုသည်။ မေမြို့၌ ကြီးပွားစရာ လုံးဝမရှိ။ ထို့ကြောင့် ရန်ကုန်မြို့ရှိ ဆရာသမား မိတ်ဆွေများထံ အလုပ်ရှာခိုင်းသည်။ မြို့မကျောင်းတွင် ကျောင်းဆရာ အလုပ်ရသည်။ ချာတာဘဏ်တိုက်၌ စာရေးအလုပ်ရသည်။ သတင်းစာတိုက်၌ အလုပ်ရသည်။ လခ ကျပ် ၁၅၀ သာ ရသည်။ ၁၅၀ နှင့် ရန်ကုန်မြို့တွင် သားသမီးနှစ်ယောက်နှင့် မည်သည့်နည်းနှင့်မျှ မလုံလောက်၊ အိမ်လခ ငါးဆယ်နှုတ်ရုံနှင့် ကုန်သွားမည်။ ထို့ကြောင့် စောင့်နေရသည်။

ခြောက်လလောက် ကြာသောအခါ ယခင်က ကျွန်ုပ် ဦးလေးသဖွယ် ဖြစ်သော ဦးထွန်းဖေသည် ပြန်ကြားဝန်ကြီး ဖြစ်လာသည်။ ဖဆပလခေတ် သတင်းစာဆရာမှ ဝန်ကြီးဖြစ်လာသူ သူတစ်ယောက်သာ ရှိသည်။ ထို့နောက် သံရုံးတစ်ရုံးမှ ဘာသာပြန် အလိုရှိကြောင်း ကြေညာကို သူသည် ကိစ္စတစ်ခုနှင့်သွားရင်း ဖတ်မိသည်။ ဦးထွန်းဖေက ယင်းနေရာအတွက် 'လူကို သူရှာပေးမည်ဖြစ်ကြောင်း။ ထိုကြော်ငြာကို ရုပ်သိမ်းလိုက်ပါ'ဟု ပြောသည်။ ထို့နောက် ကျွန်ုပ်ကို ကြေးနန်းရိုက်၍ ခေါ်သည်။ 'တစ်လသုံးရာ ရမည်။ ဘာသာပြန်ပေးရမည်။ အမြန်လာပါ'ဟု ခေါ်သည်။ ကျွန်ုပ်သည် မေမြို့ဘုံဘေဘားမား ရုံးမှ နုတ်ထွက်စာ တင်သည်။ ရန်ကုန် ရောက်လာသည်။ လေကောင်းလေသန့်ရသော မြေနီကုန်းတွင်နေ၍ မိတ်ဆွေများအိမ်မှ အလုပ်ဆင်းသည်။ ထို့နောက် မိသားစုကို ခေါ်ယူခဲ့သည်။ ခြောက်လခန့် ကြာသောအခါ စာပေဗိမာန်အဖွဲ့ ပေါ်လာသည်။ ကျွန်ုပ်သည် စာပေဝါသနာပါသည်။ စာပေဗိမာန်တွင် စာပြုကိုးယောက် လိုသောကြောင့် ဝင်ဖြေရာ ကျွန်ုပ်သည် နံပါတ်ခြောက်စွဲသည်။ စာဖတ်သည်က တစ်ကြောင်း၊ ကျောင်းဆရာလုပ်သည်က တစ်ကြောင်း၊ မြန်မာဘာသာပြန်ရာ၌ အထူးကျွမ်းကျင်သောကြောင့် တစ်ကြောင်း အလုပ်ရခဲ့သည်။

ထိုအချိန်မှာပင် ဝန်ကြီးများ၏ သားသမီးများကို ညနေ၊ နံနက် ကျူရှင်ပေးရသည်။ ဤနည်းဖြင့် တစ်လငါးရာ ဝင်ငွေရလာသည်။ သို့ရာတွင် အိမ်ခန်းက နှစ်ခန်းတွဲ

ဖြစ်၍ တစ်လရှစ်ဆယ် ပေးရသည်။ အိမ်ဖော်အတွက် တစ်လငါးဆယ် ပေးရသည်။ ထိုခေတ်က ငွေတန်ဖိုးရှိသည်။ နွားနို့တစ်ပိဿာ တစ်ကျပ်သာ ပေးရသည်။ ယခုခေတ် နွားနို့တစ်ပိဿာ ခုနစ်ကျပ် ပေးရသည်။

ဤကဲ့သို့လုပ်နေစဉ် ကျွန်ုပ်၏ မိတ်ဆွေများက အိမ်သို့လာ၍ လက္ခဏာမေးကြသည်။ ထိုအခါ မှန်သည်ဆိုပြီးလျှင် သူတို့မိတ်ဆွေတွေ ခေါ်လာသည်။ ညနေ ရုံးဆင်းသောအခါ ကျွန်ုပ်သည် ရွှေတိဂုံဘုရားသို့ သွား၍ ပုတီးစိပ်ပြီးလျှင် ခုနစ်နာရီမှ ပြန်သည်။ ထို့ကြောင့် မိတ်ဆွေများကို ခေါ်မလာရန် တောင်းပန်ရသည်။ သို့ရာတွင် မကြာခဏ လက္ခဏာ မေးသူတွေ များလာသည်။ တခြားသူများကဲ့သို့ အခကြေးငွေနှင့် လက္ခဏာ ဗေဒင်ဟောရန် ပြောလာသည်။

ကျွန်ုပ်တို့ မိဘဆွေမျိုးရိုးသည် လက္ခဏာဆရာ မဟုတ်သဖြင့် အလွန် ရှက်သည်။ နံနက်ရုံးမသွားခင် နှစ်ယောက်၊ ညနေရုံးက ပြန်လာသောအခါ နှစ်ယောက်၊ တစ်နေ့ လေးယောက်ဟောရာ လေးဆယ်ရသည်။ တနင်္ဂနွေနေ့ ဆယ်ယောက်၊ ဆယ့်ငါးယောက် လောက် ဟောရသည်။ ဝင်ငွေမှာ ကျွန်ုပ် ရုံးမှရသော ဝင်ငွေထက် လေးဆလောက် ပိုပေသည်။

သို့ရာတွင် ကျွန်ုပ်သည် စွန့်စား၍ မလုပ်ရဲ။ ဗေဒင် လက္ခဏာဆရာလုပ်က မေးမည့်သူမရှိလျှင် ဆန်ဖိုးခဲယဉ်းလိမ့်မည်ဆိုပြီး စိုးရိမ်မိသည်။ ထိုစဉ်က တရားရေး ဝန်ကြီးဖြစ်သူ ဦးဘဂျမ်းမှာ သူ၏သားကို စာသင်ပေးရသဖြင့် ဆွေမျိုးရင်းကဲ့သို့ ရင်းနှီးနေသည်။ ဤကဲ့သို့ 'လက္ခဏာဗေဒင် မေးသူရှိကြောင်း၊ အလုပ်ထွက်၍ လုပ်လျှင် ကောင်းမည်လား'ဟု ပြောသောအခါ သူက 'အလုပ်ကထွက်ပါ၊ လိုအပ်တာရှိလျှင် ကူညီပါမည်'ဟု ပြောသည်။

ကျွန်ုပ် စဉ်းစားနေရသည်။ သို့ရာတွင် ကံက အတင်းတွန်း၍ ပို့သည်။ မကြာမီ ကျွန်ုပ်၏ဇနီးသည် နေမကောင်း၍ ခွင့်တစ်လယူသည်။ ထိုတစ်လအတွင်း လုပ်ကြည့်ရာ မမျှော်မှန်းနိုင်လောက်အောင် ငွေတွေရသည်။ ထို့နောက် အလုပ်မှထွက်၍ လက္ခဏာဆရာ လုပ်သည်။ ထိုအချိန်မှာ ၁၉၄၉ ခုနှစ်ဖြစ်သည်။

၁၉၄၉ ခုနှစ်မှ ၁၉၅၅ ခုနှစ်အထိသည် လိုင်စင်ခေတ်ဖြစ်၍ လူတွေ ငွေပေါနေသည်။ လူတိုင်း ချောင်လည်သည်။ ငွေဖြုန်းနိုင်ကြသည်။ ထိုအခါ ကျွန်ုပ်၏ ပညာ ကောင်းခြင်း၊ နောက်ဘဝက ကုသိုလ်ကောင်းခြင်း၊ ဝန်ကြီးများ၊ သူဌေးများ၊ နာမည်ကြီး ပုဂ္ဂိုလ်များစွာ ထောက်ခံစာ ရေးပေးခြင်းတို့ကြောင့် မြန်မာပြည်တွင် ပထမ အောင်မြင်မှု အရှိဆုံး လက္ခဏာဆရာ ဖြစ်လာသည်။ လေးငါးရက် ကြိုတင်၍ ရက်ချိန်းယူကြသည်။ ငွေပေးပြီး တိုကင်ယူရသည်။ ဤမျှလောက် အောင်မြင်ခဲ့သည်။ လေးငါးနှစ်လုပ်ပြီးသောအခါ ကျွန်ုပ်သည် ယခုလက်ရှိ နေထိုင်သောတိုက်ကို ဝယ်နိုင်ခဲ့သည်။

လက္ခဏာ ဗေဒင်ဟောရာ၌ မည်သည့်အခါမျှ ဟန်ဆောင်၍မပြော၊ လိမ်၍မပြော၊ မြှောက်၍မပြော။ သူ့လက်ဝါးထဲ၌ ပါသည့်အတိုင်းသာ ဟောပေးမည်ဟု ပြောပြီးလျှင်

မှန်တာသာ ဟောသည်။ မသိလျှင် မသိဘူးဟု ပြောသည်။ လက္ခဏာမေးသူ အချို့၏ မေးခွန်းများမှာ ဗေဒင်နှင့် မဆိုင်။ အချို့မှာ 'ကျွန်မသည် နောင်ဘ၀က ဥစ္စာစောင့် ဟုတ်ပါသလား'ဟု မေးသည်။ မည်သည့်နည်းနှင့်မျှ ဗေဒင်နည်းနှင့် မသိနိုင်။ ကျန်းမာရေး၊ စီးပွားရေးကိုမူ အတိအကျ ဟောပေးသည်။ ထူးထူးဆန်းဆန်းလည်း မှန်ခဲ့သည်။ အံ့သြလောက်အောင် မှန်ခဲ့သည်။

ကျွန်ုပ်သည် ၁၅ နှစ်သားလောက်၌ သူတစ်ပါးအသက် မသတ်ပါဟု ဘုရားမှာ အဓိဋ္ဌာန်ပြုခဲ့သည်။ အသက် ၆၀ ကျော်လျှင် ရဟန်းပြုမည်ဟု အဓိဋ္ဌာန်ပြုခဲ့သည်။ သို့ရာတွင် သားသမီးများမှာ ငယ်သေးသဖြင့် အလုပ်အတည်တကျ မရှိသေးသဖြင့် အောင့်အီးနေခဲ့သည်။ လူ့ဘ၀တွင် တစ်နေ့မှ ပျော်ပိုက်သည် မရှိ။ ယခုအခါ သူတို့အတွက်လည်း စိတ်ချရပြီဖြစ်သောကြောင့် ကျွန်ုပ် ရဟန်းပြုတော့မည်။ ရဟန်းပြုသောအခါ မည်သူမှ အတွေ့မခံဘဲနေရန် ဆုံးဖြတ်ထားသည်။

လက္ခဏာ ဗေဒင်ဆရာဘ၀ အတွေ့အကြုံများကို ရေးလျှင် အလွန်ပင် ကျယ်ဝန်းနေမည်။ လောကဓံတရား ရှစ်ပါးကို မြတ်စွာဘုရားနှင့်တကွ သတ္တဝါများ တွေ့လာရသည်။ ကျွန်ုပ် ဤကဲ့သို့ ကြီးပွားတိုးတက်လာသောအခါ တစ်နေ့ သူရိယသတင်းစာမှ နေ၍ စာမျက်နှာ တစ်မျက်နှာခွဲခန့်ရှိ မေးခွန်းပေါင်း ခြောက်ဆယ်ကျော်ဖြင့် ကျွန်ုပ်အား မေးခွန်း ထုတ်သည်။ "ဆရာက ဘယ့်လောက်တတ်လို့လဲ" စသည်ဖြင့် အမျိုးမျိုး မေးသည်။ ကျွန်ုပ်သည် သူရိယသတင်းစာ မယူသောကြောင့် မသိချေ။ သို့ရာတွင် မိတ်ဆွေများက လာပြောသည်။ ထိုသတင်းကို ဖတ်ရသောအခါ ကျွန်ုပ်သည် သုံးရက်လောက် အိပ်မပျော်နိုင်အောင် စိတ်ဒုက္ခရောက်သည်။ 'ငါသည် သူတစ်ပါးကို စိတ်မချမ်းသာအောင်၊ နစ်နာအောင်၊ ပျက်စီးအောင် တစ်ခါမှ စိတ်မကူးခဲ့။ မကြံစည်ခဲ့။ ကိုယ့်အလုပ် ကိုယ်လုပ်သည်ကိုပင် ဤကဲ့သို့ ရေးရမည်လား'ဟု မခံချင်ဖြစ်လာသည်။ စာပေဗိမာန်တွင် အလုပ်လုပ်သောအခါ ဆရာသာခု၊ ဆရာသော်တာဆွေတို့က "သူတို့ထုတ်သော ကြေးမုံမဂ္ဂဇင်းတွင် ဆောင်းပါးရေးပါ"ဟုပြောသည်။ ထိုအခါ ကျွန်ုပ်က "လက္ခဏာ ဗေဒင်သာ ဝါသနာပါကြောင်း၊ အခြားကိစ္စ ဝါသနာမပါကြောင်း ပြောသည်။ သူတို့က ရေးချင်တာ ရေးပါ"ဟု ပြောသည်။ ထို့ကြောင့် လက္ခဏာဗေဒင် ဆောင်းပါးများကို ရေးခဲ့သည်။

ဤကဲ့သို့ သူရိယသတင်းစာထဲတွင် ကျွန်ုပ်ကို အတိုက်အခံ ရေးသားလာသဖြင့် ကျွန်ုပ်သည် စာရေးဆရာ သန်းဆွေကိုခေါ်ပြီး သူရိယသတင်းစာတိုက် အယ်ဒီတာထံ သွားသည်။ အယ်ဒီတာထံ ရောက်သောအခါ 'စားပွဲပေါ်ရှိ မျဉ်းလုံးကို ကြည့်ထားသည်။ တစ်ခုခုဖြစ်လျှင် ရိုက်မည်'ဟု စိတ်ကူးမိသည်။ ကျွန်ုပ်သည် အယ်ဒီတာ စားပွဲရှေ့၌ ရပ်၍ ကျွန်ုပ် ဆရာစန္ဒြဟု ပြောသည်။ ရုပ်ကလည်း ဆိုးဆိုး၊ ဒေါသကလည်း ဖြစ်နေသဖြင့် တော်တော် အရုပ်ဆိုးနေဟန် တူပါသည်။ အယ်ဒီတာက ပြောသည်။ 'အယ်ဒီတာ ဆိုတာ ဘယ်သူမဆို ထည့်ချင်လျှင် ထည့်ပေးရသည်'ဟု တောင်းပန်သည်။

တစ်နှစ်လောက်ကြာသောအခါ ကျွန်ုပ်သည် သတင်းစာတစ်စောင်တွင် ကြော်ငြာထည့်သည်။ ဤကြော်ငြာကို ဖတ်၍ ဦးကံချွန်ဆိုသော ဗေဒင်ဆရာ တစ်ယောက်က "ဤဆရာ ကြော်ငြာကောင်းသော်လည်း ဇာတာနှစ်စောင်တွက်ရာ၌ တခြားစီဖြစ်နေသည်" ဟု တုံ့ပြန်ကြေညာသည်။ ကျွန်ုပ်သည် အံ့ဩသွားရပြန်သည်။ ထို့နောက် 'ဖြစ်ချင်ရာဖြစ်၊ ရိုက်ချင်လည်း ရိုက်ပါရစေ၊ ဒီဆရာနှင့် သွားတွေ့မည်' ဆိုပြီး သူ့အိမ်သို့ သွားတွေ့ခဲ့သည်။ ကျွန်ုပ်တို့ သခင်လုပ်တုန်းက လာမည့်ဘေး ပြေးတွေ့မည်ဆိုသော စကား လက်ကိုင်ရှိသည်။ ပြေးတွေ့လိုက်လျှင် အေးသွားမည်။ မတွေ့မချင်း အေးမည် မဟုတ်ပေ။ ထို့နောက် ဦးကံချွန်ထံသွား၍ "ဇာတာနှစ်စောင် မှားသည်ဆိုတာ ပြပါ။ ကျွန်ုပ် မှားတာရှိလျှင်လည်း တောင်းပန်ပါမည်။ မမှားလျှင်လည်း ဆရာ့အလွန် ရှိလိမ့်မည်"ဟု ပြောသည်။

သူသည် ကျွန်ုပ်ထက် အသက်ကြီးသောကြောင့် ကျွန်ုပ်က ရိုသေစွာ ဆက်ဆံပါသည်။ ယင်းဇာတာ မရှိတော့ကြောင်း၊ **ဟိုလိုလို ဒီလိုလို** ပြောသောကြောင့် မဟုတ်မှန်းသိလာသည်။ ကျွန်ုပ်က "ဆရာ ဘယ်**နည်းနှင့် ဗေဒင်** ဟောပါသလဲ"ဟု မေးသည်။ 'သီဟိုဠ်မှ ရာမခန်းဆိုသော ဆရာ၏**နည်းဖြစ်ကြောင်း**၊ တိုင်ထူ၍ဟောကြောင်း' ပြောသည်။ ဗေဒင်ဟောသည့်အတွက် သုံးကျပ်မျှ**သာ ပေးရသည်**။ ကျွန်ုပ်သည် သူ၏ပညာကို သိလိုသဖြင့် သူ့ထံ ဗေဒင် မေးကြည့်သည်။ သူ ဟောသမျှ အားလုံးအတိအကျ မဟုတ်သော်လည်း အဖြစ်အပျက် အတော်များများ မှန်တာတွေ့ရသည်။ ထို့ကြောင့် ကျွန်ုပ်က "ထိုပညာကို သင်လိုကြောင်း" တောင်းပန်ရာ "ငွေငါးဆယ်ပေးရမည်"ဟု ဆိုသည်။ ဤနည်းဖြင့် တစ်ရက်လောက် သင်ယူသည်နှင့် ကျွန်ုပ် ပညာတစ်ခု ထပ်တိုးလာသည်။ သူ့ပညာမှာ အလွန်ကောင်းသည်။ ဥပမာ 'လက္ခဏာထဲတွင် အောင်မြင်ခြင်းလမ်းကြောင်း ပေါ်လာက အောင်မြင်မည်၊ အကျိုးပေးမည်'ဟု ပြောသည်။ မည်သည့် အကျိုးပေးမည်ဟု တိကျစွာ မရှိချေ။ ဗေဒင်တွဲလိုက်သောအခါ 'အောင်မြင်မည့် အချိန်သည် ထီပေါက်မည်၊ တိုက်ဆောက်မည်၊ မော်တော်ကား ဝင်မည်၊ ရာထူးတိုးတက်နိုင်သည်'ဟု ဟောနိုင်သည်။ လက္ခဏာနှင့်ဆိုလျှင် အလွန် ကိုက်သည်။ သူ့ထံမှ ဤပညာရပြီးသောအခါ ကျွန်ုပ်အဖို့ အလွန် အသုံးဝင်လှသည်။

ထို့နောက် ကျွန်ုပ်သည် အိန္ဒိယပြည်အရပ်ရပ်သို့ ခရီးထွက်ခွာ၍ ပညာများ ဆည်းပူးခဲ့သည်။ ကျွန်ုပ် ပညာဆည်းပူးပုံကို နောက်ပိုင်း၌ အခန်းတစ်ခန်း ပါရှိပါသည်။ ယင်းဆရာကိုလည်း ကျွန်ုပ်သည် အမြဲတမ်းသွား၍ ကန်တော့သည်။ လိုသမျှကိုလည်း ကူညီပေးသည်။ သူသည် ယခုအခါ အသက်အလွန်ကြီးလှသဖြင့် ဗေဒင်ဟောခြင်းကိုပင် ပြုလုပ်ဟန် မတူတော့ချေ။ အေးအေးသက်သာ စာအုပ်ရေးနေသည်။

ကျွန်ုပ်သည် လက္ခဏာဆရာ လုပ်နေစဉ် သတင်းစာများတွင် ငလျင်လှုပ်မည့်အကြောင်း၊ ကမ္ဘာစစ်ကြီးပြီးမည့် အကြောင်းမှစ၍ ဟောပြောခဲ့သည်။ လာသမျှ လူများကိုလည်း လက္ခဏာကျမ်း၊ ဗေဒင်ကျမ်းပေါင်းများစွာ အထောက်အထားပြု၍ 'ထီပေါက်မည်၊ အသတ်ခံရမည်၊ ကားမှောက်မည်၊ လင်မယားကွဲမည်၊ မြွေကိုက်မည်' စသည်ဖြင့်

အတိအကျ ဟောနိုင်သည်။ သည်ပညာများမှာ ကျမ်းဂန်များတွင် အတိအကျပါသည်။ ထို့ကြောင့် ကျွန်ုပ်မှာ မြန်မာပြည်သာမက အခြားနိုင်ငံခြား သံရုံးများကလည်း လက္ခဏာကြည့်၍ များစွာ အောင်မြင်ကျော်စောလာသည်။ နိုင်ငံခြားမှ ဧည့်သည်များလာသောအခါ တိပ်ခွေနှင့် အသံသွင်းသွားသည်။ သူတို့မိသားစုအားလုံး အင်္ဂလိပ်ဘာသာနှင့် ဟောပေးရသည်။ တစ်ကြိမ်တွင် လက္ခဏာမေးလာသူ အမေရိကန်အမျိုးသမီး ခြောက်ဆယ်ခန့်ရှိ အမျိုးသမီးများ၏ အသင်းအဖွဲ့တွင် သုံးကြိမ်တိတိ လက္ခဏာဗေဒအကြောင်း၊ ဗုဒ္ဓဘာသာအကြောင်းကို ဟောပြောရသည်။ တစ်ခါဟောလျှင် ငွေတစ်ရာပေးသည်။ မုန့်မျိုးစုံနှင့်လည်း ဧည့်ခံကျွေးမွေးသည်။ ကျွန်ုပ်လိုချင်သော စာအုပ်များလည်း အလွယ်တကူရသည်။

ကျွန်ုပ်အား ထောက်ခံစာ ရေးပေးသည့် များစွာသော ကျေးဇူးရှင်များကို ညတိုင်း မေတ္တာပို့သည်။ ကျွန်ုပ်၏ ကျေးဇူးရှင် ဦးထွန်းဖေမှာ ဝန်ကြီး မဖြစ်မီကပင် ဖဆပလ ဌာနချုပ်၌ ရှိသည်။ ကျွန်ုပ်က မေမြို့မှနေ၍ ဦးထွန်းဖေ ဝန်ကြီးဖြစ်မည့်အကြောင်း၊ နိုင်ငံခြားသို့ သွားရမည့်အကြောင်း ရေးပေးခဲ့သည်။ ရေးပေးသည့်အတိုင်း မှန်သဖြင့် သူသည် ပထမဆုံး ထောက်ခံစာ ရေးပေးခဲ့သည်။ ဦးထွန်းဖေမှာ ဂျပန်ခေတ်က ဂျပန်ပြည် ရောက်ခဲ့သည်။ ဖဆပလခေတ်ကလည်း အမေရိကန်သို့ ရောက်သည်။ သူ၏ ထီးရိုးသည် လက်ညှိုးရင်းရောက်အောင် တက်သွား၍ လက်ရှိဘဝ၌ ပထမတန်းရောက်အောင် ကြီးပွားခဲ့သည်။

တစ်ခါသော် ပဲရော့ရုပ်ရှင်ကုမ္ပဏီ သူဌေးဦးဆန်နီသည် စွပ်ကျယ်အင်္ကျီအဟောင်းကိုဝတ်၍ ချည်လုံချည်ကလေးဖြင့် ကြိမ်တုတ်တစ်ခုကိုင်ပြီးလျှင် ကျွန်ုပ်ထံလာ၍ လက္ခဏာမေးသည်။ ကျွန်ုပ်သည် ရန်ကုန်ရောက်စ ဖြစ်သဖြင့် မည်သူနှင့်မှ အသိအကျွမ်း မရှိသေးပေ။ သူ၏ လက္ခဏာမှာ ဉာဏ်စွမ်းလမ်းကြောင်းသည် ဘေးသို့ ဖြောင့်မတ်စွာ တန်းနေသည်။ အခြား အောင်မြင်ခြင်းလမ်းကြောင်းနှင့် ဘာသာရေးနှင့် ပတ်သက်သော သူတော်ကောင်းစိတ်ထားများ ရှိကြောင်းကို မြင်ရသည်။ ထို့ကြောင့် လက္ခဏာရှင်မှာ 'သူဌေးဖြစ်ရမည်။ မော်တော်ကားနှင့် လာရမည်။ **မော်တော်ကားကို တစ်နေရာ၌ ထားခဲ့**လိမ့်မည်။ အဝတ်အစား ဘယ်လိုပင် စုတ်သော်လည်း မုချသူဌေး ဖြစ်ရမည်'ဟု ဟောလိုက်သည်။

ဦးဆန်နီသည် အလွန် သဘောကောင်းသူ ဖြစ်သည်။ ဟောပြောချက် မှန်ကန်ကြောင်း ကျွန်ုပ်အား ထောက်ခံစာ ရေးပေးသည်။ သူ ဤကဲ့သို့ ချမ်းသာလာပုံကိုလည်း ပြောပြသည်။ စေတနာအရင်း၊ မေတ္တာအရင်း မပါဘဲနှင့် လူတစ်ယောက်သည် လုံးဝ မကြီးပွားနိုင်ချေ။

ဦးဆန်နီသည် စတီးဘရားသားကုမ္ပဏီတွင် တစ်လလေးဆယ်နှင့် စာရေးလုပ်ရသည်။ ရုံးခန်းထဲတွင် စာရေးပေါင်း ခြောက်ဆယ်ခန့် ရှိသည်။ မျက်နှာဖြူအရာရှိအကြီးအငယ် ဆယ်ယောက်ရှိသည်။ တစ်နေ့သောအခါ မိုးရာသီတွင် လူဝင်ပေါက်ဖြစ်သော တံခါးရွက်ကြီးတစ်ခုကို ဒရဝမ်ကုလားက ချိတ်မချိတ်ဘဲ မေ့နေသည်။ နေ့ခင်း

ပိုင်းရောက်သောအခါ လေပြင်းတိုက်လာသဖြင့် တံခါးရွက်ကြီးသည် ပိတ်လိုက်ပွင့်လိုက် ဝုန်းဝုန်းဒိုင်းဒိုင်း ဖြစ်နေသည်။ လေလာလိုက် ဝုန်းဒိုင်းဖြစ်လိုက်၊ ပိတ်သွားလိုက်၊ ပွင့်သွားလိုက် ဖြစ်နေသည်။ ဤကဲ့သို့ ဆူညံနေသည်ကို ဦးဆန်နီ ကြားသောအခါ သူနှင့် အလွန်ဝေးသော နေရာတွင်ရှိသော တံခါးကို သွား၍ ချိတ်ပေးသည်။ တံခါးပေါက်နားမှာ နေသော အခြား စာရေးများက ဤအလုပ်သည် ဒရဝမ်ကုလား၏အလုပ် ဖြစ်သည်။ သူတို့အလုပ် မဟုတ်ဟုဆို၍ မည်သူမှ ဂရုမစိုက်ချေ။ ဤကဲ့သို့ ဦးဆန်နီ တံခါးပေါက်သွားချိတ်သည်ကို မန်နေဂျာကြီး မြင်သောအခါ သူ၏ ဒိုင်ယာရီထဲတွင် နေ့ရက်၊ နာရီ အစုံရေး၍ မှတ်ထားလိုက်သည်။

ထိုနှစ်ကုန်၍ တစ်နှစ်တစ်ခါ လခတိုးပေးသောအခါ အခြား စာရေးများမှာ ထုံးစံအတိုင်း ငါးကျပ်သာလျှင် တိုးပေးသည်။ ဦးဆန်နီကို လခနှစ်ဆယ် တိုးပေးသည်။ လေးနှစ်စာ တစ်ခါတည်းရသည်။ ဤအကြောင်းကိုသိသော် စာရေးများက မကျေနပ်ချေ။ ထို့ကြောင့် လခထုတ်သောနေ့တွင် မန်နေဂျာကြီးနားသို့ စာရေး နှစ်ဆယ်၊ အစိတ် သွားရောက်၍ "သူတို့ကို ငါးကျပ်သာ တိုးပေးကြောင်း၊ ကိုဆန်နီကိုတော့ နှစ်ဆယ်တိုးပေးကြောင်း၊ မတရားကြောင်း" ပြောဆို တိုင်တန်းကြသည်။

မျက်နှာဖြူမန်နေဂျာကြီးက သူ၏ ဒိုင်ယာရီစာအုပ်ကို ထုတ်၍ပြသည်။ ထိုစာရေးများအား ဖတ်စေသည်။ ထို့နောက် မန်နေဂျာကြီးက "မင်းတို့ စာရေးတွေဟာ အလုပ်ကို မိမိအလုပ်ကဲ့သို့ သဘောမထား၊ ဝတ်ကျေတန်းကျေသာ လုပ်ကြသည်။ ညနေ သုံးနာရီ ထိုးလျှင်ပင် ဖောင်တိန်တွေ သိမ်းကြသည်။ အလုပ်ကို ပိုလုပ်လိုက်မည်၊ ပြီးအောင် လုပ်လိုက်မည်ဟု စေတနာမထား။ ထို့ကြောင့် ကုမ္ပဏီကလည်း ထုံးစံအတိုင်း မင်းတို့အား နှစ်တိုးငွေ ငါးကျပ်သာ ပေးသည်။ မောင်ဆန်နီမှာ သူနှင့် အလွန်ဝေးသော နေရာမှ စာရေး ၁၅ ယောက်ကို ကျော်သွားပြီးလျှင် တံခါးကြီးကို သွား၍ချိတ်ပေးသည်။ သူ၏ စေတနာ အလွန်ကောင်းသည်။ အလိုက်သိသည်။ သူ၏အလုပ် မဟုတ်သော်လည်း အများကောင်းပါစေ၊ အေးချမ်းပါစေဟု မေတ္တာထားသည်။ ထို့ကြောင့် ကျွန်ုပ်က ဤ ငွေနှစ်ဆယ် တိုးပေးသည်"ဟု ပြောသည်။

ဦးဆန်နီသည် ငွေစု၍ ပဲရော့တက္ကစီ မော်တော်ကားကုမ္ပဏီမှ ကားများကို ဝယ်၍ အငှားလိုက်သည်။ ဝင်ငွေကောင်းလာသောအခါ ရုပ်ရှင်ကုမ္ပဏီ တည်ထောင်၍ ပဲရော့ သူဌေး ဦးဆန်နီဟု ကြီးပွားခဲ့သည်။ 'စေတနာမပါလျှင်၊ မေတ္တာမပါလျှင် လောကကြီး၌ မကြီးပွား'ဟု သက်သေပြသည်။

တစ်ခါက လူတစ်ယောက် လက္ခဏာ လာမေးသည်။ သူ၏ဇာတာမှာ မကာရလဂ် ဖြစ်သည်။ ၅ တန့်တွင် စနေဂြိုဟ် ပြိဿရာသီဖြစ်သည်။ ထိုအခါ ကျွန်ုပ်သည် အတွေ့အကြုံ နည်းသေးသည်။ သူသည် ဒီဇင်ဘာ ၂၆ ရက် မွေးသဖြင့် အလွန်ကံဆိုးသော (၈)ဂဏန်းနှစ်ခု ဖြစ်နေသည်။ (၈)ဂဏန်းပိုင်သော ရာသီနှင့် နံပါတ် ဖြစ်နေသည်။ ကျွန်ုပ်သည် ဂဏန်းဗေဒင်ကို အလွန် ယုံကြည်သည်။ ထိုသူက 'သူ သိန်းဆုပေါက်နိုင်

သလား'ဟု မေးသောအခါ 'ကျွန်ုပ်က လုံးဝမပေါက်နိုင်'ဟု ဟောခဲ့သည်။ ထိုအခါ သူက 'မိမိသည် ယခုအပတ် တစ်သိန်းဆုပေါက်ခဲ့ကြောင်း' ပြောသည်။

ဤနည်းဖြင့် ကျွန်ုပ် ပညာရလိုက်သည်။ နောက် စာအုပ်များကို ဖတ်ကြည့်မှ ဘာဝတ္တရယနာကာလ ဗေဒင်ကျမ်းတွင် '၂ တန့်အိမ်ရှင်သည် ၅ တန့်မှာ ရှိသည်ဖြစ်စေ၊ ၅ တန့်အိမ်ရှင်သည် ၂ တန့်မှာ ရှိသည်ဖြစ်စေ ငွေများ အစုလိုက်အပုံလိုက် ရတတ်ကြောင်း၊ ထီပေါက်နိုင်ကြောင်း' ဟောသည်။ အင်္ဂလိပ်ဗေဒင် ကျမ်းများတွင်လည်း '၅ တန့် အိမ်ရှင်သည် ရုတ်တရက် ငွေကြေးကို ရစေနိုင်သော အိမ်ဖြစ်သည်။ အလောင်းအစားနှင့် အကျိုးပေးသည်'ဟု ရေးထားသည်။

ထို့နောက် သူ၏ဇာတာကို ကြည့်သောအခါ ၂ တန့်အိမ်ရှင်ဖြစ်သော စနေဂြိုဟ်သည် ၅ တန့်မှာရှိသောကြောင့် သိန်းဆုပေါက်နိုင်သည်။ သူ့ထံမှ ပညာရလိုက်သည်။

နောက် သုံးလခန့်ကြာသောအခါ လင်မယားနှစ်ယောက် လက္ခဏာ လာမေးပြန်သည်။ ကျွန်ုပ်သည် အလွန်ကံကောင်းသည်ဟု ဆိုရမည်။ ထိုယောကျ်ား၏ ဇာတာတွင် ယခင်က ထီပေါက်သောသူကဲ့သို့ မကာရလည်းဖြစ်၍ ၅ တန့်မှာ စနေဂြိုဟ် ဖြစ်နေသည်။ ၂ တန့်အိမ်ရှင် ဖြစ်သည်။ ယခင်က ဇာတာရှင်လည်း ဤနည်းဖြင့် သိန်းဆုပေါက်ခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်က 'သိန်းဆုပေါက်ရမည်'ဟု ဟောလိုက်သည်။ အမျိုးသမီး၏ ဇာတာတွင်လည်း ၂ တန့်အိမ်ရှင်၊ ၅ တန့်အိမ်ရှင် ဖြစ်သောကြောင့် ကြာသပတေးဂြိုဟ်သည် ၁၁ တန့်လာဘအိမ်၌ ရှိနေသည်။ သူလည်း 'ထီပေါက်နိုင်သည်'ဟု ဟောလိုက်သည်။

ထီဖွင့်သောအခါ သူတို့လင်မယားနှစ်ယောက် ရောက်လာသည်။ ဆရာ သိန်းဆုပေါက်မည် ဆိုသော်လည်း "ကျွန်တော်တို့မှာ ငါးရာသာ ပေါက်သည်"ဟု ပြောသည်။ ထိုအခါ ကျွန်ုပ်က "သိန်းဆုပေါက်ရမည်။ ငါးရာဆုဆိုတာ ခင်ဗျားတို့ စပ်တူထိုးသောကြောင့် ဖြစ်မည်"ဟု ပြောသည်။ ထင်သည့်အတိုင်းပင် သူတို့သည် စပ်တူထိုးကြသည်။ နောက်တစ်ပတ် ထီထိုးသောအခါ တစ်သိန်းဆုကြီး ပေါက်လာသည်။ သူတို့မှာ (၅၂)ကြိမ်မြောက်က သိန်းဆုပေါက်ခဲ့သော ဦးဆောင်း-ဒေါ်အမာ ဆိုသူများ ဖြစ်သည်။ ကျွန်ုပ်အား ထောက်ခံစာ ရေးပေးသည်။ သူတို့ကို အမြဲကျေးဇူးတင်ရသည်။

တစ်ခါတုန်းက မိုးကုတ်မြို့မှ အဘွားကြီးတစ်ယောက်ကို လက္ခဏာဟောစာတမ်း ရေးရသည်။ သူသည် မကာရလဂ်ဖြစ်၍ သောကြောဂြိုဟ် ဥစ်ရနေသည်။ ထို့ကြောင့် ငွေတွေ အများကြီး ရမည်။ သောကြာသည် ပတ္တမြားနှင့် ဆိုင်သည်။ အင်္ဂလိပ်ဗေဒင်အားဖြင့် အပြာရောင် ဖြစ်သည်။ ထို့ကြောင့် အမေကြီးတွင် 'ခြောက်လအတွင်း နီလာကျောက်ကောင်း ရမည်ဖြစ်ကြောင်း၊ ငါးသောင်းနှင့် တစ်သိန်းကြား တန်ဖိုးရှိမည်ဖြစ်ကြောင်း၊ အနည်းဆုံး ငါးသောင်း၊ အများဆုံး တစ်သိန်းတန်ကျောက် ဖြစ်မည့်အကြောင်း' ဟောပေးလိုက်သည်။ လွန်ခဲ့သော အနှစ်နှစ်ဆယ်လောက်က ဖြစ်သည်။

နောက်ခြောက်လကြာသောအခါ ထိုအဒေါ်ကြီးသည် ကျွန်ုပ်ထံ ငွေသုံးရာ လာ၍ပေးသည်။ ဟောလိုက်သည့်အတိုင်းပင် 'နီလာကျောက်ကောင်းတစ်ခု ရကြောင်း၊ ကျောက်

ကိုရောင်းရာ၌ ငါးသောင်း ငါးထောင်ရကြောင်း၊ ဆရာ့အတွက် ကျပ်သုံးရာ ကန်တော့ပါသည်’ဟု ဆိုသည်။ ထိုအခါ ကျွန်ုပ်က လက်မခံ။ ‘တာဝန်ရှိသည့်အတိုင်း ဟောပေးသည်။ အပိုငွေကို လက်မခံ’ဟု ပြောသည်။ သို့ရာတွင် အတင်းပေးသောကြောင့် ယူထားလိုက်ရ၏။ ထိုငွေဖြင့် ‘ဝေဘူဆရာတော်ကြီးအား သင်္ကန်းပရိက္ခရာများ လှူမည်’ဟု ပြောပြီး ပြောသည့်အတိုင်း လှူခဲ့ပါသည်။ ဤတစ်ကြိမ် ငွေသုံးရာ ရဖူးသည်။

လွန်ခဲ့သော ၁၅ နှစ်လောက်က သူဌေးတစ်ဦးသည် ဝါဂွမ်းတွေကို လှောင်သည်။ သူသည် ကျပ်သိန်းပေါင်း လေးဆယ်ကျော်ဖိုး လှောင်ထားသည်။ အီဂျစ်နှင့် အစ္စရေး စစ်ကြီးဖြစ်သဖြင့် စူးအက်တူးမြောင်း ပိတ်သွားသောကြောင့် သူ၏ဝါဂွမ်း ဈေးများကျနေသည်။ ငါးသိန်းလောက် ရှုံးနေသည်။ သူသည် လက္ခဏာဗေဒင် ယုံသူမဟုတ်။ သို့ရာတွင် ငွေငါးသိန်း ရှုံးနေသောကြောင့် သူများပြော၍ ကျွန်ုပ်ထံလာ၍ လက္ခဏာမေးသည်။ ကျွန်ုပ်သည် အိန္ဒိယပြည်မှ ရွှေဈေး၊ ငွေဈေး၊ ဝါဂွမ်းဈေး၊ ကုန်ပစ္စည်းများ ဈေးနှုန်းတက်သည်၊ ကျမည်ကို တွက်သော ဗေဒင်ကျမ်းများစွာ ရလာသည်။ ထိုနိုင်ငံတွင် တွက်ရာ၌ အလွန်မှန်သည်။ ကျွန်ုပ်သည် ထိုကျမ်းကို ကြည့်ရှု၍ တွက်ကြည့်ရာ ‘ဖွန်လ ၂၁ ရက်ကျော်လျှင် ဝါဂွမ်းဈေးတွေ တက်လာလိမ့်မည်။ လှောင်ထားပါ။ ဒီထက်ရှုံးလျှင် ရှုံးပါစေ၊ လှောင်ထားပါ။ ယခုထုတ်ရောင်းလျှင် ငါးသိန်းရှုံးနေသည်။ ဒီထက်ပို၍ မရှုံးနိုင်’ဟု ဟောသည်။

ဤနည်းဖြင့် ငါးလကြာပြီးသောအခါ အီဂျစ်၊ အစ္စရေးစစ်ပွဲ ပြီးသွားသည်။ သင်္ဘောလမ်းသည် ပွင့်သွားသည်။ သူ၏ ဝါဂွမ်းများလည်း နိုင်ငံခြားပို့ရသည်။ ငါးသိန်းရှုံးနေရာမှ နောက်ထပ် ငါးသိန်း မြတ်သည်။ ဆယ်သိန်း ဝင်လာသည်။ အင်္ဂလိပ်တွေဆိုလျှင် ဤကဲ့သို့ စီးပွားရေးကောင်းအောင် ဟောပေးသော ဆရာကိုင်ရီအား စိန်ဝယ်၍ပင် ပေးသည်။ သို့ရာတွင် ထိုသူသည် ငွေသုံးရာလာ၍ ပေးသောကြောင့် ကျေးဇူးတင်ခြင်း များစွာနှင့်ပင် ကျွန်ုပ် လက်ခံလိုက်သည်။ သူသိတတ်သည်ပင် တော်လှပြီ။ များစွာသောလူများကို ထီပေါက်မည်။ ကြီးကျယ်စွာ အောင်မြင်မည်ဟု ဟောသော်လည်း မှန်ခဲ့သည့်တိုင် ဗေဒင်ဆရာကို သိပ်အလေးမထားချေ။

လက္ခဏာ ဗေဒင်ကြောင့် ရှိတာတွေ ကုန်မည်ကို သိသောကြောင့် အလုပ်များ ရပ်ထားခဲ့သည်။ ထို့ကြောင့် မပျက်စီးခဲ့။ အိမ်၌ သူခိုးလာမည်ကို သိသောကြောင့် ကြီးကျယ်သော ပစ္စည်းများမပါဘဲ အနည်းငယ်ပါသွားသည်။ မော်တော်ကား တိုက်မည်ကို သိသဖြင့် ဖြည်းဖြည်းမောင်းသောကြောင့် အနည်းငယ်သာတိုက်မိ၍ ငွေတစ်ရာ၊ နှစ်ရာနှင့် ပြီးသွားသူ ရှိသည်။ မော်တော်ကားတိုက်မည်ဆိုတာ သိပါလျက် မေ့ပြီး အရမ်းမောင်းသောကြောင့် ကားတိုက်ပြီး ဆေးရုံရောက် ငွေကုန်ဖြစ်ရသည်။ ဤပညာ၏ အကျိုးကား ကြီးမားသည်။ သို့ရာတွင် ပညာရှိမှ သိသည်။ သာမန်လူများက အပျင်းပြေ မေးသည်။

တစ်ခါတုန်းကလည်း ကျိုက်ထိုမြို့ မြို့အုပ်ဦးအေးချို ဆိုသူသည် ဇွပ်ကျယ်အင်္ကျီလေး ဝတ်ပြီး လက္ခဏာ လာမေးသည်။ လွန်ခဲ့သော ဆယ်နှစ်ကျော်လောက်က

ဖြစ်သည်။ ကျွန်ုပ်သည် သူ့ကိုမသိ။ မည်သူဟုလည်း မမေးမိ။ သို့ရာတွင် လက္ခဏာ ထဲတွင် ဆရာကြီးကိုင်ရို၏ စာအုပ်ထဲ၌ပါသော အမေရိကန်ပြည်မှ မေဂျာဂင်ဆိုသော ဗိုလ်မှူး၏ လက္ခဏာကဲ့သို့ ဉာဏ်စွမ်းလည်း ကောင်းသည်။ လယ်ခလယ်၏အောက်တွင် ပြတ်နေသည်။ ထီးရိုးလည်း ပြတ်နေသည်။ ဤကဲ့သို့ဆိုလျှင် ဦးခေါင်း၌ ဒဏ်ရာရ၍ သေဆုံးမည်ဟု ပါသည်။ ကျွန်ုပ် ပြောရခက်နေသည်။ သို့ရာတွင် မပြောလျှင်လည်း မပြီး။ သူ၏ လက္ခဏာကိုပြ၍ 'ခင်ဗျားသည် နောက်သုံးလကြာသောအခါ ဦးခေါင်းတွင် ဒဏ်ရာရ၍ သေဆုံးမည်ဟု ပါသည်။ ကျွန်ုပ် ပြောရခက်နေသည်။ သို့ရာတွင် မပြောလျှင် လည်း မပြီး။ ထို့ကြောင့် ယခုမှစ၍ ငါးပါးသီလ စောင့်ပါ၊ ပုတီးစိပ်ပါ၊ ဇနီးအတွက် အသက်အာမခံ၊ ကလေးငါးယောက်အတွက်လည်း အသက်အာမခံထားပါ'ဟု ကျွန်ုပ်က ညွှန်ကြားသည်။ သူသည် ပညာရှိသူ ဖြစ်သဖြင့် ကျွန်ုပ် မှာသည့်အတိုင်း နာယူသည်။ ကျွန်ုပ်ထံမှ ပြန်သွားလျှင်ပင် ဇနီးသည်နှင့် ကလေးများအတွက် အသက်အာမခံထားသည်။ သုံးလလောက် ကြာသောအခါ ကရင်သောင်းကျန်းသူများ မြို့ကို ဝင်သဖြင့် တိုက်ပွဲဖြစ် သည်။ မြို့ပိုင်ဖြစ်သဖြင့် ထိုတိုက်ပွဲတွင် ကြီးကြပ်ကွပ်ကဲစဉ် ဦးခေါင်းကို သေနတ်မှန်၍ ကွယ်လွန်သွားသည်။ သူ ကွယ်လွန်ပြီး တစ်လလောက် ကြာသောအခါ ကိုယ်လေး လက်ဝန်နှင့် အမျိုးသမီးတစ်ဦး ကျွန်ုပ်ထံ ရောက်လာ၍ ကျေးဇူးတင်ကြောင်း ပြောသည်။ ကျွန်ုပ်က အကျိုးအကြောင်း မေးသောအခါ 'သူ၏ ယောကျ်ားကို ဆရာက အသက် သေမည့်အကြောင်း၊ မိန်းမနှင့် ကလေးများအတွက် အသက်အာမခံထားပါ ဆိုသည့်အတိုင်း အသက်အာမခံ ထားခဲ့သဖြင့် ကျွန်ုပ်တို့မှာ စားဝတ်နေရေး မပူရဘဲ အသက်အာမခံ လာ၍ထုတ်ပါသည်'ဟု ပြောသွားသည်။

ထို့ကြောင့် သေသောသူမှာလည်း သူတော်ကောင်းတရား လုပ်ရသဖြင့် နတ်ပြည် သို့ရောက်မည်။ ကျန်ရစ်သော သူများမှာလည်း ဆင်းရဲဒုက္ခမှ လွတ်မြောက်သွားသည်။ အလွန်တန်ဖိုးရှိသော ပညာမျိုးဖြစ်သည်။ အဆိုးထဲမှ အကောင်းထွက်အောင် လုပ်ယူသော နည်းဖြစ်သည်။ သာမည ရောဂါဝေဒနာဆိုလျှင် ကုသ၍ဖြစ်သည်။ ယခုမှာ ဉာဏ်စွမ်း လမ်းကြောင်းသည် စနေဂြိုဟ်ခုံ လက်ခလယ်အောက်တွင် ပြတ်နေသဖြင့် မတတ်နိုင်။ ဤကဲ့သို့ သိတတ်သူတွေလည်း အများကြီး ရှိပါသည်။

တစ်ခါသော် မြေလတ်ပိုင်းမှ အမျိုးသမီးတစ်ယောက် လက္ခဏာ လာမေးသည်။ သူသည် သူတို့မြို့၌ ချမ်းသာသူတစ်ယောက် ဖြစ်သည်။ စာတ်ဆီဆိုင်လည်း ပိုင်သည်။ အရောင်းအဝယ်လည်း လုပ်သည်။ လော်ရီကား သုံးလေးစီးလည်း ထောင်ထားသည်။ ထိုစဉ်က မြင်းပြိုင်ကွင်း ရှိသဖြင့် ပြိုင်မြင်းကိုလည်း မွေးသည်။ ကျွန်ုပ်ကို သူ့လက္ခဏာ ပြသောအခါ 'ယခုရောက်သည့် အသက် ၄၂ နှစ်တွင် ရှိသမျှ ပစ္စည်းများစွာ ပျက်စီးဆုံးရှုံး မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မည်သူ့ကိုမျှ ငွေမချေးရ။ ဘေးကင်းသော အလုပ်လုပ်ပါ။ မတရား စီးပွားမရှာရ'ဟု ပြောသည်။

သို့ရာတွင် သူသည် ဗေဒင် လက္ခဏာအကြောင်း လုံးဝ နားလည်သူ မဟုတ်။

အတွေ့အကြုံလည်း အလွန် နည်းသည်။ ကျွန်ုပ်က ဤကဲ့သို့ ပြောသောအခါ သူ၏ အိတ်ထဲမှ စာရွက်ရှည်ကြီးတစ်ခုဖြင့် မှတ်ထားသော စာများကို ပြသည်။ 'သူတို့ကိုးကွယ်သော ဆရာတော်ကြီးမှာ ဗေဒင် အလွန်တတ်ကြောင်း။ သူတို့သည် ယခုလာမည့် ၄၂-၄၃-၄၄ နှစ်၌ ကြီးကျယ်စွာ ချမ်းသာမည့်အကြောင်း' ရေးထားသည်။

ဘုန်းကြီးအဟောမှာ အာယုစန်းနှင့် ဟောထားသည်။ အာယုစန်းသည် စိတ်ချရသော ဗေဒင်မဟုတ်ချေ။ ကျွန်ုပ်သည် လက္ခဏာရော ဗေဒင်ပါ အစုံအလင် သင်ထားသည်။ သူ့ကို ငြင်းနေလျှင် အပိုပင်။ ထို့ကြောင့် စာရွက်တစ်ခု ယူပြီးလျှင် 'ဤစနေသမီးသည် ၄၂ နှစ်၌ ရှိသမျှငွေတွေ ဆုံးရှုံးမည်။ ပျက်စီးမည်။ ဤအတိုင်း မမှန်လျှင် ငွေတစ်ထောင် လျော်ပေးမည်'ဟု ရေးပြီး လက်မှတ်ထိုးပေးလိုက်သည်။ ထို့နောက် နှစ်နှစ်လောက် ကြာသောအခါ ထိုအမျိုးသမီး ရောက်လာ၍ သူတို့ရှိ ပစ္စည်းတွေအားလုံး ဆုံးရှုံးကြောင်း ပြောပြသည်။ သူတို့မွေးသော ပြိုင်မြင်းသည် ထိုခေတ်က သုံးသောင်းနှင့် ဝယ်ထားကြောင်း။ ထို့နောက် မြက်ခင်းကို ပက်လက်လှန်၍ လူးလိမ့်သောအခါ တင်ပါး၌ လေးလက်မခန့် သံကြီးစူး၍ ခြေထောက်တစ်ဖက် နိမ့်သွားသည်။ ပြိုင်ပွဲဝင်၍ မရတော့ချေ။ သူတို့ပိုင် ဓာတ်ဆီဆိုင်ကို အစိုးရက သိမ်းလိုက်သည်။ လော်ရီကားများလည်း ပျက်သည်။ မှောက်သည်။ စီးပွားရှိသမျှ ပျက်သွားသည်။

ဤကဲ့သို့ အမျိုးမျိုးအဖုံဖုံ တွေ့ရသည်။ အချို့လူများက မွေးကတည်းက ဇာတာခွင်ကို မှတ်ထားပြီး သူ၏လဂ်ကို မိဿလဂ် ဖြစ်သည်ဟု မှတ်ထားသည်။ ကျွန်ုပ်တို့ တွက်သောအခါ ပြိဿလဂ် ဖြစ်လာသည်။ အငြင်းအခုံ ဖြစ်လာသည်။ လဂ်ကိုမှန်အောင် တတ်သည်မဟုတ်၊ မှန်းဆ၍သာ တတ်ထားကြသည်။ တကယ်တတ်သော ပုဏ္ဏားများမှာ မန္တလေး၊ ပခုက္ကူ၊ ရန်ကုန်စသော မြို့ကြီးများ၌သာ ရှိသည်။ သို့ရာတွင် မတတ်တတတ် ပုဏ္ဏားများမှာ မှန်း၍ လဂ်ကို ထုတ်ပေးသည်။ ထို့ကြောင့် အငြင်းအခုံမလုပ်ဘဲ စာရွက်တစ်ခုတွင် 'မည်သည့်လတွင် မွေးဖွားသော ဇာတာရှင်မှာ မည်သည့် လဂ်၊ မည်သည့် ဇာတာ ဖြစ်သည်။ မမှန်လျှင် ငွေတစ်ထောင် လျော်ပေးမည်။ ပြချင်သော ဗေဒင်ဆရာပြ' ဟု လက်မှတ်ထိုးပေးသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ် ကောင်းစွာ စိတ်ချလောက်အောင် လေ့လာထားသောကြောင့် ဖြစ်သည်။ ဤနည်းဖြင့် အခက်အခဲများကို ဖြေရှင်းပေးသည်။

ဗေဒင်ဆရာ၊ လက္ခဏာဆရာလုပ်ရင်း အလုပ်မရှိသော သူများကို အလုပ်ရှာပေးသည်။ ရောဂါသည်များကိုလည်း ဆေးနည်းများ ညွှန်ကြားရသည်။ သူတစ်ပါးအကျိုးတွေ အများကြီး ဆောင်ရွက်ရသည်။ စရိတ်မရှိသောသူများကို စရိတ်ပေးသည်။ လင်ကွဲနေသော မိန်းမများ ဆေးရုံတက်လျှင် ကလေးမွေးလျှင် နို့မှုန့်ဘူး ဝယ်ပေးခဲ့သည်။

တစ်ကြိမ်က အလွန်ထူးခြားသော အဖြစ်အပျက်တစ်ခုကို ကြုံခဲ့ရသည်။ အသက် ၄၀ ကျော် လူကြီးတစ်ယောက်သည် သူ၏ကလေး ဇာတာစစ်ဆေးပေးရန် ရောက်လာ

သည်။ ဤကလေး မွေးထားသည်မှာ သုံးရက်သာ ရှိသေးသည်။ ထို့ကြောင့် 'သုံးရက်သားကို ဗေဒင်ဟောရသည်မှာ အကြောင်းတစ်ခုခု ရှိသည်'ဟု စဉ်းစားမိသည်။

ထို့နောက် ကလေး၏မွေးသော အချိန်နှင့်တကွ ဇာတာခွင်ကိုချ၍ စစ်ဆေးကြည့်သည်။ ကလေး၏ ဇာတာခွင်သည် မကာရလဂ် ဖြစ်သည်။ လဂ်သခင်ဖြစ်သော စနေဂြိုဟ်မှာ ၄ တန့် မိဿရာသီတွင် နိစ်ဖြစ်နေသည်။ ထို့ကြောင့် စနေနိစ်ဂြိုဟ်က လဂ်ကို ပြန်မြင်နေသည်။ အလွန်ပင် ဆိုးသည်။ တစ်ဖန် ဝိသုတ္တရီဒသာဖြင့် တွက်သောအခါ မွေးလာသောအချိန်တွင် စနေထူလ စနေအန္တရထဲတွင် တစ်နှစ်ကျော် ဝင်လာခဲ့သည်။

ထို့ကြောင့် နိစ်ဖြစ်သော စနေဒသာထဲ၌ လူဖြစ်လာသည်မှာ "သူသည် ဘဝဟောင်းက ငရဲပြည်မှဖြစ်စေ၊ ပြိတ္တာဘုံမှဖြစ်စေ အစိမ်းသူရဲ ဘဝမှဖြစ်စေ ရောက်လာသည်ဟု အဖြေရသည်။ မြင်သည့်အတိုင်းပင် ဤကလေးသည် အလွန်ကံဆိုးကြောင်း၊ အသက်ရှည်ဖို့လည်း ခက်ကြောင်း၊ ဤလူ့ဘောင်တွင် ကြီးကျယ်သော ဒုက္ခပေါင်းများစွာဖြင့် စိတ်ဒုက္ခ၊ ကိုယ်ဒုက္ခ ရောက်ရမည်ဟု ပြောပြသည်။ ခနအိမ်ရှင် စနေဂြိုဟ် နိစ်ဖြစ်သောကြောင့် အရုပ်လည်း အလွန်ဆိုးမည့်အကြောင်း၊ ကျန်းမာရေးလည်း အလွန်ဆိုးမည့်အကြောင်း၊ လဂ်အိမ်ရှင် စနေဂြိုဟ်သည် အလွန်ဆိုးသော နိစ်အိမ်၌ ရောက်နေသည်။ ထို့ကြောင့် အသက်ဘေးလည်း ရှိသည်။ ဘာမှ မကောင်း"ဟု ဟောပြသည်။

ထိုအခါ သူ၏အဖေက "ကလေးသည် ပြိတ္တာဘဝက လာကြောင်း မှန်ပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ကလေးကို မွေးပြီးသောအခါ အမေဖြစ်သူသည် ကလေး၏ မျက်နှာကို မြင်သည်နှင့် လန့်ပြီး သွေးတက်၍ သတိမေ့သွားသည်။ သတိရသောအခါ 'ဒီကလေးကို သူ မကြည့်နိုင်ကြောင်း၊ နို့လည်း မတိုက်နိုင်ကြောင်း၊ သူ့ကို မြင်ရတာနှင့် သေသွားမည့်အကြောင်း၊ အနားကိုပင် မကပ်နိုင်ကြောင်း' အတင်းငြင်းဆိုသည်။ ထိုကလေးရုပ်ပုံသည် မည်မျှလောက် ဆိုးသည်ကို အဖေလုပ်သူလည်း မကြည့်ရဲ"ဟု ဆိုသည်။ သူနာပြုဆရာမများ အဆိုအားဖြင့် လူ၏မျက်နှာနှင့်မတူ၊ သူ၏နှုတ်ခမ်း၊ ပါးစပ် စသည်တို့ ဘယ်နားရှိသည်ကိုလည်း မသိ။ သူ့ကို မည်သူမျှ မကြည့်ရဲချေ။ ထို့ကြောင့် အဖေလုပ်သူက ဗေဒင် လာမေးသည်။ မိဘများသည် အလွန် ကံဆိုးသည်။ မိမိကလေးဖြစ်သောကြောင့် ဗုဒ္ဓ ဘာသာတို့ထုံးစံ သတ်ပစ်၍လည်းမဖြစ်။ 'အကြံကုန် ဂဠုန်ဆားချက်'ဆိုသကဲ့သို့ ဗေဒင် လာမေးခြင်း ဖြစ်သည်။

ထိုအခါ ကျွန်ုပ်က "ကလေးကို ဆေးရုံမှာပဲ ထားပါ။ ကလေးအတွက် စားစရိတ် ထောက်ပေးပါ။ ကလေးပြန်ခေါ်လျှင်လည်း အမေသေမည်"ဟု ဟောပြသည်။ အဘယ်ကြောင့်ဆိုသော် '၄ တန့်အိမ်သည် မိခင်အိမ် ဖြစ်သည်။ ၄ တန့်အိမ်တွင် အဆိုးဆုံးသော စနေဂြိုဟ်၊ အဆိုးဆုံးသော နိစ်ဂြိုဟ် ဖြစ်နေသည်။ အမေ၏အသက်ပါ ဆိုးနေသည်။ ဝိသုတ္တရီဒသာ အားဖြင့်တွက်လျှင်လည်း ကလေးမွေးသော အချိန်မှစ၍ စနေထူလ

စနေအင်္ဂါ ရတွင် နှစ်နှစ်ကျော် ရှိနေဦးမည်။ ကလေးလည်း အသက်ရှည်မည် မဟုတ်'ဟု ဟောပြခဲ့သည်။

ကျွန်ုပ်သည် အလွန်တရာ သံဝေဂရသည်။ ဤကဲ့သို့ အမြင်မတော်သော၊ ကိုယ်အင်္ဂါချို့တဲ့သော သားသမီးများကိုရလျှင် မိဘများ အလွန်ဒုက္ခရောက်ကြောင်း မြင်ဖူးသဖြင့် မိမိ သားသမီးများ မွေးလာသောအခါ ဤကဲ့သို့ ချွတ်ယွင်းသော အင်္ဂါများ မပါပါ စေသားဟု ဘုရားမှာ အမြဲ ဆုတောင်းခဲ့သည်။ ဆုတောင်းသည့်အတိုင်းလည်း သားသမီးများ ဒုက္ခမပေး။ ကိုယ်လက်အင်္ဂါပြည့်စုံ၍ ပညာတတ်များ ဖြစ်လာသည်။ ဤကိစ္စမျိုးမှာ ဗေဒင်ပညာ၏ အံ့ဩဖွယ်ရာပင် ဖြစ်သည်။

ထိပေါက်သော ဇာတာများမှာ ၅ တန့်အိမ်ရှင်၊ ၂ တန့်အိမ်ရှင် အားကောင်းရမည်။ ဥစ္စာပစ္စည်းအိမ်မှာ နေရမည်။ သူတို့ ဒသာစားသောအခါ ထိပေါက်တတ်သည်။ အင်္ဂလိပ်ဗေဒင်များတွင် ၅ တန့် အိမ်ရှင်သည် အလောင်းအစားကို အကျိုးပေးသည်။ ရုတ်တရက် ထိပေါက်သလို ငွေကို ရစေတတ်သည်ဟု ပြောထားသည်။ ထို့ကြောင့် ၅ တန့်အိမ်ရှင်နှင့် ၂ တန့်၌ အိမ်ရှင်ကောင်းမှ ထိပေါက်တတ်သည်။ ဥပမာ–ကာရကတ်လဂ်တွင် နှစ်တန့်၌ အင်္ဂါဂြိုဟ် ရှိသည်။ အင်္ဂါဂြိုဟ်သည် ဗြိစ္ဆာရာသီရှိ ၅ တန့် အိမ်ရှင်ဂြိုဟ် ဖြစ်သည်။ ၂တန့်အိမ်ရှင်သည် ၅တန့်မှာ ရှိသည်ဖြစ်စေ၊ ၅တန့်အိမ်ရှင်သည် ၂တန့်မှာ ရှိသည်ဖြစ်စေ ထိပေါက်တတ်သည် ဆိုသည့်အတိုင်း ယင်းဇာတာရှင်မှာ အင်္ဂါဒသာစားသောအခါ ငါးသောင်းဆု ပေါက်သည်။

ဗြိစ္ဆာလဂ် ဇာတာရှင်တစ်ဦးသည် ၂ တန့်အိမ်ရှင်၊ ၅ တန့် အိမ်ရှင်ဖြစ်သော ကြာသပတေးဂြိုဟ်သည် ၁၀ တန့်၌ ရှိနေသည်။ ကြာသပတေးဂြိုဟ်၏ ထူလဒသာ၊ အန္တရဒသာ စားသောအခါ သိန်းဆုကြီးပေါက်ခဲ့သည်။ သူသည် အောက်တန်းစာရေးလေးသာ ဖြစ်သည်။ ကြာသပတေးဂြိုဟ် အားကောင်း၍ ဤကဲ့သို့ ထိပေါက်သည်။ တစ်ဖန် သိန်လက်ဇာတာရှင်တစ်ဦးမှာ ပြိဿရာသီတွင် ၁၀ တန့်၌ ကြာသပတေးဂြိုဟ်ရှိနေသည်။ ကြာသပတေးဂြိုဟ်သည် ၅ တန့်အိမ်ရှင် ဖြစ်သောကြောင့် ကြာသပတေး၏ ထူလဒသာ၊ အန္တရဒသာတွင် သိန်းဆုပေါက်ခဲ့သည်။

ဤကဲ့သို့ သိန်းဆု၊ ငါးသောင်းဆု ပေါက်မည့်သူများကို မရေမတွက်နိုင်အောင် ဟောခဲ့ရာ မှန်ကန်ခဲ့သည်။ သို့ရာတွင် ကျွန်ုပ်သည် သူများထံမှ ကျေးဇူးတင်သော၊ အလိုက်သိမှုမျိုးမရသော ဇာတာပါသဖြင့် သူများလာပြောမှ သိရသည်။

ဗေဒင်ဆရာများ အထူးသတိပြုရန် ဇာတာမှတ်နည်းမှာ မူလကိုချည်း ကြည့်၍ မရ။ အသက်တန်း၌ ဒသာစား၍ ကြည့်မှသာလျှင် အမှန်ဟောလို့ ရသည်။ ဥပမာ–အသက် ၆၂ နှစ်၌ သူဌေးဖြစ်ဖို့ ဇာတာပါသည်။ သို့ရာတွင် သူ၏အသက်မှာ ၅၅ နှစ်လောက် သေမည်ဆိုလျှင် ဤဘဝ၌ ချမ်းသာမှု၊ ထိပေါက်မှု မရောက်လာတော့ပေ။ အဘယ်ကြောင့်ဆိုသော် ချမ်းသာမည့်၊ ဆင်းရဲမည့် နှစ်များကို ဒသာစားလျှင် သိသည်။ အထူးသဖြင့် အိမ်ထောင်ရေးမှာ အလွန် အရေးကြီးသည်။ ပထနီအိမ်သည် အိမ်ထောင်ရေး

နှင့်ဆိုင်သော အိမ်ဖြစ်၏။ ထိုအိမ်တွင် စနေ၊ ရာဟု၊ အင်္ဂါ စသည့် ပါပဂြိုဟ်များရှိလျှင် မုဆိုးမ ဖြစ်တတ်သည်ဟု ဆိုသည်။ ဗေဒင်အလိုအားဖြင့် မှန်သည်။ သို့ရာတွင် မုဆိုးမ ဖြစ်မည့်သူ၏ လင်သေဆုံးမည့် နှစ်မှာ မည်သည့် နှစ်လဟု ဒသာဖြင့် တွက်ကြည့်မှ အမှန်ရောက်နိုင်သည်။ ဥပမာ–အသက် ၇၀ ကျော်မှ တစ်ယောက်ယောက် သေသည်မှာ အဆန်းမဟုတ်ချေ။ ယင်းကို ဆိုးသည်ဟု မဆိုနိုင်။ အသက် ၃၀ ကျော်၊ အသက် ၄၀ ကျော်၌ မကောင်းသောဂြိုဟ်များ ဒသာစားပြီး အိမ်ထောင်ရှင် သေဆုံးမည်ဆိုပါက ကံဆိုးသည်ဟု ဆိုရလိမ့်မည်။

ထို့ကြောင့် အိမ်ထောင်ရှင် သေဆုံးမည်ဆိုက သေဆုံးမည့်အချိန်ကို ဒသာ စားနည်းဖြင့် နှစ်ပိုင်းသိပြီးမှသာ ဟောလျှင် မှန်လိမ့်မည်။ ဇာတာခွင်ပါသည့်အတိုင်း ပြောရုံနှင့် စိတ်ချရသည် မဟုတ်ပေ။ ချမ်းသာမည့် ဇာတာလည်း ထိုအတိုင်းဖြစ်သည်။ ချမ်းသာဖို့မှာ မုချဖြစ်ပါသည်။ ထိုအချိန်သည် မည်သည့်အချိန် ဖြစ်သည်ကိုလည်း တွက်ကြည့်ရသည်။ အချို့ အသက်(၄၀)အထိ ဆင်းရဲနေပြီး အသက်(၄၀)ကျော်မှ သိန်းပေါင်းများစွာ ချမ်းသာလာသူတွေလည်း ရှိသည်။

ဤကဲ့သို့ ဆိုးသောနှစ်၊ ကောင်းသောနှစ် ပိုင်းခြားပြီး ဟောမှသာလျှင် အမှန် ရသည်။ စိတ်ချရသည်။ ဗေဒင်ဆရာများ စဉ်းစားရန်ဖြစ်သည်။

# အခန်း ၂

# သူများထက်ထူးသော အကြံအစည်နှင့် လုပ်ကိုင်ပုံများ

## [ ၂ ]

ကျွန်ုပ်သည် မြန်မာပြည်တွင် မည်သူတစ်ဦးတစ်ယောက်မျှ မကြုံသော အကြုံ၊ မလုပ်သောအလုပ်ကို အမျိုးမျိုး ကြုံစည်ခဲ့သည်။ လုပ်ကိုင်ခဲ့သည်။ ကျွန်ုပ်သည် မန္တလေးမြို့ ဂုဏ်တန်ရပ် ဘီတီအမ် အထက်တန်းကျောင်း ရှစ်တန်းတွင် နေစဉ်က အတန်းတင်စာမေးပွဲကြီး လုပ်သောအခါ ဘာသာအားလုံး၌ ပထမစွဲခဲ့သည်။ အတန်းပိုင်ဆရာဖြစ်သော ဆရာကြီးဦးဘခင်က ကျောင်းအုပ်ဆရာကြီးကို ပြော၍ နောင်နှစ်တွင် ဆယ်တန်းသို့ တင်ပေးခွင့် တောင်းသည်။ ကျောင်းအုပ်ဆရာကြီးက ဆယ်တန်းအောင်သော ကျောင်းသားရာခိုင်နှုန်း နည်းနေမည်ကို စိုးရိမ်သည်။ ထိုအခါ ဆရာဦးဘခင်က သူ အာမခံကြောင်း၊ ကျွန်ုပ်နှင့် ဒုတိယစွဲသူ သူငယ်ချင်း ကိုဘဆိုင် အတွက်ပါ အာမခံ၍ ဆယ်တန်းသို့ တင်ပေးသည်။

ဆယ်တန်းတက်ရန် သေချာသောအခါ ကျွန်ုပ်တို့ သူငယ်ချင်းလေးယောက်သည် နွေရာသီ ကျောင်းနှစ်လ ပိတ်စဉ်၊ ဂဏန်းသင်္ချာ၊ အက္ခရာသင်္ချာ၊ ဂျီသြမေထရီ သင်္ချာ သုံးဘာသာကို အပြီးတွက်ကြသည်။ နေ့ရောညပါ တွက်သည်။

ထိုခေတ်အခါက ဂဏန်းသင်္ချာနှင့် အက္ခရာသင်္ချာ ရေးသူမှာ အိန္ဒိယပြည်မှ ကျောင်းအုပ်ဆရာကြီး တစ်ဦးဖြစ်သော ဂေါ်ရီစန်ဂါဒေး(အမ်အေ)ဆိုသူ ဖြစ်သည်။ သူ၏ စာအုပ်များကို ကီးခေါ် အဖြေစာအုပ်ပါ ဝယ်၍ရသည်။ ကီးဆိုသည်မှာ သော့ကို ခေါ်သည်။ မိမိတို့တွက်ချက်၍ မရသောအခါ အဖြေစာအုပ်ကို ကြည့်လိုက်လျှင် အားလုံး တွက်ပြီးသား ပါလာသည်။ ဆရာ မလိုတော့ပေ။ ဂျီသြမေထရီမှာ အခက်ဆုံးဖြစ်သော (ဘောကာအင်ဘုန်း) စာအုပ်ဖြစ်သည်။ အလွန်ခက်သည်။ သို့ရာတွင် စာအုပ်မှာလည်း မသိလျှင် ပြန်ကြည့်စရာ ကီးခေါ် အဖြေစာအုပ် ရှိသဖြင့် ကျွန်ုပ်တို့သည် နှစ်လတိတိ ကြာပြီးသောအခါ သင်္ချာသုံးအုပ်ကို အစအဆုံး တွက်ပြီးသား ဖြစ်သွားသည်။ စာအုပ်ကြီးတွေ အလွန်ထူသည်။ သို့ရာတွင် နမူနာ သုံးပုဒ်ကို သေချာနားလည်အောင် ကြည့်ပြီး တွက်သွားလျှင် အလွယ်တကူ နားလည်သည်။

## ကျောင်းသွားရင်း စာကျက်

ကျောင်းဖွင့်၍ ဆယ်တန်းရောက်လျှင် သင်္ချာသုံးမျိုးကို ဆရာများက သင်ပြသော အခါ ကျွန်ုပ်မှာ တွက်ပြီးသား ဖြစ်နေသည်။ အလွယ်တကူပင် နားလည်သည်။ ဆယ်တန်းတွင် အင်္ဂလိပ်စာမှတစ်ပါး ဘာသာအားလုံး အမှတ်အများဆုံး ရသည်။ မြန်မာစာမှာ ၈ နှစ်၊ ၉ နှစ်သားက စ၍ ဘုရားစာမှ စပြီး၊ မဂ္ဂဇင်းအမျိုးမျိုး ဖတ်လာသောကြောင့် အမှတ် အလွန်ကောင်းသည်။ အချို့သော ကျောင်းသားများမှာ ခရစ်ယာန်ဖြစ်သည်။ သူတို့သည် ငယ်စဉ်ကပင် သမ္မာကျမ်းစာနှင့် အင်္ဂလိပ်မဂ္ဂဇင်းများကို ဖတ်သည်။ အင်္ဂလိပ်စာတွင် သူတို့က အမြဲသာသည်။ ကျွန်ုပ်သည် မခံနိုင်။ 'ငါ သူတို့ထက် သာရမည်'ဟု ဆုံးဖြတ်လိုက်သည်။ ညပိုင်းတွင် အင်္ဂလိပ်ဖတ်စာ၊ သဒ္ဒါ၊ စာစီစာကုံး၊ အင်္ဂလိပ်စာ သုံးအုပ်မှ စာလုံးများ၏ အဓိပ္ပာယ်များကို အင်္ဂလိပ်နှစ်ဘာသာဖြင့် အလုံး (၂၀)တိတိ စာရွက်ရှည်တစ်ခုတွင် ရေးထုတ်ယူသည်။

အိမ်မှကျောင်းသို့ သွားသောခရီးမှာ နာရီဝက်ကျော်ကျော် ကြာသည်။ စာရွက်ကလေးကို ရစ်ခေါက်ခေါက်၍ လက်ထဲတွင် ဆုပ်ထားပြီးလျှင် ကျောင်းသွားရင်း တစ်လုံးပြီးတစ်လုံး တိုးတိုးလေး ကျက်သွားသည်။ ကျောင်းရောက်တော့ အလုံး ၂၀ ရသည်။ အပြန်တွင် တစ်ခါထပ်ကျက်လိုက်သော် မှတ်မိသွားသည်။ ဤကဲ့သို့ ကြိုးစားခြင်းဖြင့် နှစ်လခန့် ကြာသောအခါ ကျွန်ုပ်သည် ခရစ်ယာန်ကျောင်းသားများထက် အင်္ဂလိပ်စာပါ အမှတ်ပိုရလာသည်။ ယင်းသို့ ကြိုးစားရသည်မှာ မိမိအား ပညာပေးသော အငြိမ့်ထဲမှ သီချင်းတစ်ပုဒ်ကြောင့် ဖြစ်သည်။ သီချင်းမှာ (ဒဗလျူ အိတ်ချ် အေတီ-ဝှတ် ဆိုတာ ဘာလဲ မောင်ရယ်)သီချင်းဖြစ်သည်။ သီချင်းက ဤသို့ ဆို၏။ "တစ်နေ့ကို တစ်လုံး သင်ရင် တစ်လကို အလုံးသုံးဆယ်၊ တစ်နှစ်ဆိုလျှင် တော်တော်များများတော့ စကား ပြောနိုင်ပါတယ်။ ဒဗလျူ အိပ်ချ် အေတီ-ဝှတ် ဆိုတာ ဘာလဲ မောင်ရယ်၊ မှန်ရာကိုပင် ပြောစမ်းပါကွယ်၊ ပြောစမ်းပါကွယ် ခင်လဲ တတ်ချင်တယ်"

ထို အငြိမ့်သမီး မည်သူရယ်လို့ မမှတ်မိ။ ဤကဲ့သို့ အငြိမ့်ထဲက စံနမူနာ ယူခဲ့သည်မှာ မိမိအတွက် အကျိုးကြီးလှသည်။ ဆယ်တန်းစာမေးပွဲ ဖြေသောအခါ ကျွန်ုပ်သည် စကောလားရှစ် မုချရရှိမည်ဟု ယုံကြည်သည်။ ဘာသာအားလုံး နိုင်နင်းစွာ ဖြေနိုင်သည်။ သို့ရာတွင် ကြံလျက်နှင့် ပျက်တတ်၏။ မကြံဘဲနှင့် ဖြစ်တတ်၏ ဆိုသော စကားပုံကဲ့သို့ ထိုနှစ် ၁၉၃၅ ခုနှစ် ဆယ်တန်းစာမေးပွဲတွင် မေးခွန်းများ ပေါက်သည်ဟု ဆိုပြီး ယခင်က ဖြေထားခဲ့သော စာမေးပွဲကို အစိုးရက ပယ်လိုက်သည်။ ဤကဲ့သို့ ပယ်လိုက်သည်ကို တစ်လခွဲလောက်ကြာမှ တစ်နိုင်ငံလုံး သိရသည်။ ကျောင်းသားအားလုံးပင် ဆယ်တန်းစာမေးပွဲ ပြီးသဖြင့် စာအုပ်ကို ပစ်ပြီးလျှင် ခရီးထွက်ကြသည်။ စာအုပ်နား လုံးဝမကပ်တော့။ စာမေးပွဲ ပြန်လုပ်မည်ကို ခုနစ်ရက်လောက်သာ တင်ကြို၍ သိရသည်။ ထို့ကြောင့် မည်သူမှ စာကို ကြည့်ချိန်မရတော့ပေ။ သို့သော် ကျွန်ုပ်သည်

ထိုစဉ်က (က)စာရင်းမှပင် အောင်ခဲ့သည်။ ကောလိပ်ကို ဆက်သွားနိုင်ရန် ငွေကြေး မပြည့်စုံသဖြင့် ဆယ်တန်းမှ ထွက်ခဲ့ရသည်။

ဤကား ယခုခေတ် ကျောင်းသူကျောင်းသားတို့ နမူနာယူထိုက်သောကိစ္စ ဖြစ်သည်။ ကျွန်ုပ်တို့ခေတ်က မည်သည့် ကျူရှင်ကျောင်းမှ မရှိပါ။ မသိလျှင် ဆရာကို မေးသည်။ ဆရာက သင်ပေးလျှင် ရအောင်ကျက်သည်။ တကယ်ကြိုးစားလျှင် ဘာမဆို တကယ်ဖြစ်နိုင်သည့် သက်သေပင် ဖြစ်သည်။

## ဆွမ်းကပ်လှူပုံ

ကျွန်ုပ်သည် ဆယ်နှစ်အရွယ်လောက်က ကိုရင်လေးဘဝနှင့် မန္တလေးမြို့ အနောက်ပြင် မိုးကောင်းကင်တိုက် မော်လမြိုင်ကျွန်း အုတ်ကျောင်း၌ နေ၏။ ဆရာတော်ကြီးသည် ကျွန်ုပ်တို့မြို့မှ ဖြစ်သည်။ မြို့ထဲမှ ဆွမ်းစားပင့်သွားလျှင် ဆွမ်းကျွေးသူများက ရောမဝက်သားတုံးကြီး၊ ကြက်သားတုံးကြီးများနှင့် အကောင်းဆုံး လှူဒါန်းလေ့ရှိသည်။ ကျွန်ုပ်သည် ဝက်သားကို လုံးဝမကြိုက်၊ ကျွန်ုပ် ကြိုက်သည်မှာ ခရမ်းချဉ်းသီးထောင်း၊ ပဲကြီးဟင်း၊ ငါးခြောက်ဖုတ် စသည်တို့ ဖြစ်၏။ ဝက်သားကလည်း အီလှသောကြောင့် မစားနိုင်ချေ။ ကျောင်းကို နေလွဲမှ ပြန်ရောက်သောအခါ နောက်ထပ်လည်း စားရန် အချိန်မရတော့ချေ။ ထို့ကြောင့် ညအခါ၌ ဆွမ်းဆာနေသည်။

ဤကိစ္စကို ကျွန်ုပ် တစ်သက်တွင် အမြဲသတိရသည်။ ထို့ကြောင့် ကျွန်ုပ် ကြီးလာသောအခါ ဆရာသမားများ၊ သံဃာတော်များကို အိမ်၌ ဆွမ်းလုပ်ကျွေးပူဇော်လျှင် မိမိ ငယ်ငယ်ကကဲ့သို့ မဖြစ်အောင် ဆရာတော်များထံ တစ်ရက်၊ နှစ်ရက် တင်ကြို၍ အကျိုးအကြောင်းကို လျှောက်ထားသည်။ "ဆရာတော်ဘုရား၊ တပည့်တော် ဆွမ်းကျွေးလိုပါသည်။ ဆရာတော်နှစ်သက်သည့် ဟင်းများကို အမိန့်ရှိတော်မူပါ"ဟု တစ်ပါးစီ လျှောက်ထားသည်။ ထိုအခါ ဆရာတော်များက "ဒီဇာမကြောင်၊ တပည့်ကြိုက်ရာ ဟင်းနှင့် လှူဒါန်းပါ၊ ကိစ္စမရှိ"ဟု ပြောလေ့ရှိသည်။ အဘယ့်ကြောင့်ဆိုသော် 'သံဃာတော်များမှာ ရသမျှနှင့် ရောင့်ရဲတင်းတိမ်ရမည်'ဟု ဘုရားဟောထားခြင်းကြောင့် ဖြစ်သည်။

သို့ရာတွင် ကျွန်ုပ်က ထပ်၍ လျှောက်ထားသည်။ "တပည့်တော်က ဆရာတော်ဘုရားများ ကြိုက်သည့်ဟင်းမှ ကပ်လိုခြင်းဖြစ်သည်။ အားနာစရာ မရှိပါ။ အနည်းဆုံး ကြိုက်ရာ တစ်ခွက်တော့ အမိန့်ရှိပါ"ဟု မရမနေ လျှောက်ထားသည်။ ဤနည်းဖြင့် ဆရာတော်များ ကြိုက်သော ဟင်းကို ကပ်လှူရသည်။

ကော့ထင်း ဆရာတော်ဘုရားကြီးမှာ ကြက်ဟင်းခါးသီးကြော်ကို အလွန် ကြိုက်သည်။ ထို့ကြောင့် ကြက်ဟင်းခါးသီးကို ပုစွန်ထုပ်နှင့် ကြော်ပြီး ပန်းကန်ပြားကြီးနှင့် ထည့်ကာ ဆရာတော်ရှေ့မှာထား၍ ကပ်သည်။ အခြား သံဃာတော်များအတွက်လည်း ဤဆွမ်းဟင်း ပါသည်။ ကျွန်ုပ်တို့ မေမြို့မှ ဆရာတော်ကြီးမှာ ငါးချဉ်သုတ်ကို အလွန် နှစ်သက်သည်။ ထို့ကြောင့် ဆရာတော်ကြီးပါလျှင် ငါးချဉ်သုတ်ကို စပါယ်ရှယ် ကြက်သွန်

နိုင်နိုင် ဆိုနိုင်နိုင် ငရုတ်သီးမှုန့်ကြော် ထည့်ပြီးလျှင် ကပ်ရသည်။ အချို့ သံဃာတော်များက ချဉ်ပေါင်ဟင်း အလွန်ကြိုက်ကြသည်။ ထိုဟင်းကိုပင် ချက်၍ ကပ်သည်။ အခြားသော သံဃာများထဲတွင်လည်း ထိုဟင်းပါသည်။

ဤနည်းအားဖြင့် ဆရာတော်၊ သံဃာတော်များ ကြိုက်နှစ်သက်သော ဟင်းကို လှူဒါန်းရသည်မှာ သံဃာတော်များကလည်း အလွန်အားရ၍ သာဓုခေါ်သည်။ လှူဒါန်းသော ဒါယကာများမှာလည်း ဆရာတော်ဘုရားများ နှစ်သက်စွာ ဘုဉ်းပေးသည်ကို ကြည်ညို၍ မဆုံးဖြစ်သည်။ ယခု လူများအတုယူစရာ ဖြစ်သည်။ လူတိုင်းပင် အကြိုက်တစ်မျိုးစီ ရှိသည်။ မတူချေ။

## ပန်းကန်ဆေးပုံ

ကျွန်ုပ်သည် မေမြို့၌ လူပျိုဘဝ ရှိနေစဉ်က ကျွန်ုပ်၏ အိမ်နားနီးချင်း ဦးသြဘာ ဆိုသော သံဖြူဆရာတစ်ယောက် ရှိသည်။ အင်္ဂလိပ် လက်ထက်က 'မျက်နှာကြီးရာ ဟင်းဖတ်ပါ' ဆိုသည့်အတိုင်း ဆင်းရဲသောသူများကို ချမ်းသောသူများက ဖော်ဖော်ရွေရွေ အရေးမလုပ်တတ်ကြချေ။ သူ၏သားများကို ရှင်ပြုခါနီးတွင် ကျွန်ုပ်တို့ကို 'တတ်နိုင်သမျှ ဝိုင်းဝန်းကူညီပါ'ဟု ပြောလာသည်။

ထိုအခါ ကျွန်ုပ် စဉ်းစားသည်။ ဤကဲ့သို့ မျက်နှာမရှိသော သူများကို ကူညီရခြင်း သည် အလွန် ကုသိုလ်ရမည်။ သူလည်း ဝမ်းမြောက်မည်။ ထို့ကြောင့် 'သူတစ်ပါး မလုပ်သော အလုပ်ကို ငါလုပ်မည်'ဟု ကြံသည်။ နံနက်ဆွမ်း မုန့်ဟင်းခါး ကျွေး၍ လူများကို ဖိတ်သည့်အတွက် သူတစ်ပါး မလုပ်လိုသော ပန်းကန်ဆေးသည့် တာဝန်ကို ယူလိုက်သည်။ နံနက် ၄ နာရီကထ၍ ရှင်ပြုမည့် ဘုန်းကြီးကျောင်းသို့ သွားကြသည်။ ကျွန်ုပ်သည် ၄ နာရီကစ၍ သံပုံးသုံးလုံးတွင် ရေအပြည့်ထည့်၍ ပထမပုံးကို ပန်းကန် နှစ်လိုက်သည်။ ထို့နောက် ဆပ်ပြာတိုက်သည်။ ဒုတိယပုံးတွင် ဆပ်ပြာကို ဆေးလိုက် သည်။ တတိယပုံးတွင် ဆပ်ပြာရည်စင်သွားအောင် ပုံးထဲတွင် လှုပ်ဆေးလိုက်သည်။ ဤနည်းဖြင့် ပန်းကန်များကို လုံးဝသန့်ရှင်းသွားသည်။

သံဃာတော်များနှင့် အလှူလာသော ပုဂ္ဂိုလ်များ မုန့်ဟင်းခါးကျွေးပြီးတိုင်း လာသမျှ ပန်းကန်ကို ကျွန်ုပ်တစ်ယောက်တည်း ဒိုင်ခံ၍ ဆေးကြောပေးသည်။ နေ့ ၁၁ နာရီခန့်မှ ပြီးသည်။ ကျွန်ုပ်သည် အေးလွန်းအားကြီး၍ တစ်ရက်ခန့် ဖျားခဲ့သည်။ သို့ရာတွင် ဤကုသိုလ်အကျိုးကို သတိရတိုင်း အလွန် ဝမ်းမြောက်သည်။ ရပ်ရွာ၌ အလှူကိစ္စရှိလျှင် အများအားဖြင့် သက်သောနေရာ၌ နေချင်ကြသည်။ ပင်ပန်းသော အလုပ်ကို မိသားစု ကသာ တာဝန်ယူကြသည်။ ကျွန်ုပ်သည် ဝေယျာဝစ္စကုသိုလ်ကို အမြဲတမ်း သတိရတိုင်း ဝမ်းသာမိသည်။ 'ငါ သူသည် သူများမလုပ်လိုသော အလုပ်ကို လုပ်နိုင်ခဲ့သည်'ဟု အားရဝမ်းသာ ဖြစ်သည်။

## လမ်းသစ်စာအုပ်တိုက်

## ပွဲမှပြန် စာကျက်ပုံ

ကျွန်ုပ် ဆယ်တန်းရောက်သောအခါ မန္တလေးမြို့ ကထိန်ပွဲများတွင် ဒေါ်ပုံသူ ခင်ကြည်ဆိုသော အလွန်နာမည်ကြီးသည့် အငြိမ့်ကလေ့ရှိသည်။ လူပြက်ခေါ် လူရွှင်တော်များမှာလည်း ဓာတ်ဆီ၊ ဓာတ်စံဖြစ်ရာ သူတို့သည် ထိုခေတ်က မြန်မာပြည်တွင် နံပါတ် (၁) အကောင်းဆုံး အငြိမ့်ဖြစ်သည်။ ထိုအငြိမ့်ပြသော ကထိန်ပွဲသို့ သူငယ်ချင်းများနှင့် သွားကြည့်ကြသည်။ မင်းသမီးသည် အလွန်ချောသည်။ အလွန်လှသည်။ အရုပ်ကလေးကဲ့သို့ ချောသည်။ မျက်လုံး၊ မျက်ခုံး၊ နှာတံမှစ၍ ပန်းချီရေးထားဘိသကဲ့သို့ အပြစ်ရှာမရအောင် ချောလှသည်။ ရယ်လိုက်လျှင် သွားလေများ ညီနေသည်။ အရပ်အမောင်းမှစ၍ ဘာမျှအပြစ်ရှာမရအောင် ချောမောလှပသည်။

ထိုခေတ်က အငြိမ့်ကို ငွေပိုပေး၍ မရရအောင် ငှားကြသည်။ လူငယ်ကြိုက် လူကြီးကြိုက် ဖြစ်သည်။ ထိုမင်းသမီး ထွက်လာလျှင် သီချင်းတစ်ပုဒ် ဆိုပြီးသောအခါ ယင်းအငြိမ့်ကို ကျွန်ုပ်သည် အလွန် သဘောကျသွားသည်။ သို့ရာတွင် မိမိအတွင်းစိတ်မှာ အသိဉာဏ်တစ်ခု ဝင်လာသည်။ 'ငါသည် ဆင်းရဲသားဖြစ်သည်။ ငါ ကြီးပွားချမ်းသာလျှင် ဤကဲ့သို့သော အငြိမ့်မျိုးကို ငါ၏ရှေ့တွင် ခေါ်၍ အိမ်ပေါ်မှ ကြည့်နိုင်သည်။ ထို့ကြောင့် ငါ၏ ကြီးပွားရေးအတွက် ပညာတတ်အောင် အိမ်သို့ပြန်၍ စာကြည့်မည်'ဟု ဆုံးဖြတ်လိုက်ပြီးလျှင် သူငယ်ချင်းများကို ဤအတိုင်းပြော၍ အိမ်သို့ပြန်ပြီး စာကျက်ခဲ့သည်။ သူငယ်ချင်းများကမူ ဒီကောင်ရူးကြောင်ကြောင် ဟူ၍ပင် အခေါ်ခံရသည်။ ဤမျှလောက် ကောင်းလှသော အငြိမ့်ကိုပင် ပစ်ခွာ၍ စာကို ကြိုးစားခဲ့သည်။

ဤအပြုအမူကို ယခုအချိန်အထိ ကျွန်ုပ် စဉ်းစားကြည့်ရာ မှားသည် ဟုလည်း မဆိုနိုင်။ မှန်သည်ဟုလည်း မဆိုနိုင်။ ဆုံးဖြတ်၍မရ ဖြစ်သည်။ ကြီးပွားရေးဘက်က ကြည့်လျှင် မှန်သည်ဟု ဆိုရမည်။ လူ့ဘဝ အခြေအနေအရဆိုသော် ဆယ်ကျော်သက် အရွယ် ပျော်၍ပါး၍ သီချင်းအော်ဆိုသော အချိန်မျိုးတွင် ပျော်ရွှင်မှုကို မရခဲ့သဖြင့် ဆုံးရှုံးသည်ဟု ဆိုရလိမ့်မည်။ သို့ရာတွင် ကျွန်ုပ်သည် ဆုံးရှုံးသည်ဟု မယူဆ၊ အောင်မြင်သည်ဟု ယူဆသည်။ ဤကဲ့သို့ မည်သူတစ်ဦးတစ်ယောက် လုပ်မည်နည်း။ စဉ်းစားကြည့်လျှင် အလွန် ခက်ပါသည်။

## အလှူပေးနည်း

ကျွန်ုပ် ရန်ကုန်မြို့သို့ ရောက်သောအခါ လက္ခဏာဆရာ ဘဝဠ် ကျွန်ုပ်၏ သားနှစ်ယောက်ကို ရှင်ပြုသည်။ ကျွန်ုပ်ကိုယ်တိုင် ဒုလ္လဘရဟန်းခံသည်။ ရန်ကုန်မြို့ ရန်ကင်းရှိ ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီး၏ ရွှေကျင်ဂိုဏ်းဖြစ်သော ဗောဓိကျောင်းတိုက်တွင် ရှင်ပြုခြင်း၊ ရဟန်းခံခြင်း ပြုခဲ့သည်။ ဤသို့ ရဟန်းခံ၊ ရှင်ပြုလုပ်ရာတွင် ကျွန်ုပ် စဉ်းစားချက်တစ်ခု ဝင်လာသည်။ အလှူဒါနပြုသည် ဆိုသည်မှာ နတ်ရွာနိဗ္ဗာန်ရောက်ကြောင်းအတွက် ဖြစ်သည်။ ငွေချမ်းသာသော သူများမှာ ပကာသနတွေ၊

မဏ္ဍပ်ကြီးတွေ၊ ပွဲလမ်းသဘင်ကြီးတွေ လုပ်ပါစေ။ မိမိမှာ ချမ်းသာသူမဟုတ်။ မောအောင် ပြောမှ ငွေကလေး တစ်ဆယ်ရသော လက္ခဏာဆရာ ဖြစ်သည်။ ထို့ကြောင့် ဝေလာမ သုတ္တန်တရားတော်ကို သတိရသည်။

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်က ကုဋေပေါင်းများစွာ အကုန်အကျခံ၍ ဇေတဝန်ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့သော အနာထပိဏ် သူဌေးကြီးမှာ သူဌေးဘဝမှ အလွန် ဆင်းရဲခြင်းသို့ ရောက်သွားသည်။ သူဌေးကြီးမှာ သောတာပန် ဖြစ်သည်။ ဆင်းရဲသော်လည်း တုန်လှုပ်မှု မရှိပေ။ တစ်နေ့သောအခါ မြတ်စွာဘုရားနှင့် သံဃာတော်များကို ပင့်၍ ဆွမ်းကျွေးသည်။

ထိုအခါ မြတ်စွာဘုရားက သူဌေးကြီး ဆင်းရဲနေသည်ကို သိသဖြင့် "ဒါယကာ သူဌေးကြီး၊ သင် ယခု ရှေးကကဲ့သို့ ချမ်းသာသေးသလား"ဟု စကားစ၍ မေးလိုက်သည်။ ထိုအခါ အနာထပိဏ် သူဌေးက "မြတ်စွာဘုရား၊ တပည့်တော်သည် ရှေးကကဲ့သို့ မချမ်းသာပါ။ အလွန် ဆင်းရဲပါသည်။ ဘုရားနှင့် သံဃာတော်များကို ဆွမ်းကပ်ရာတွင်ပင် ရှေးကကဲ့သို့ ထောပတ်ဆွမ်း၊ ကြက်သားဟင်း၊ ငါးဟင်း စသည် မလှူနိုင်တော့ပါ။ ရိုးရိုးထမင်းနှင့် အိမ်ပုန်းရည် (အိမ်ပုန်းရည် ဆိုသည်မှာ ထမင်းရည်ကို အချဉ်ထည့်ထားခြင်း ဖြစ်သည်)နှင့် လုပ်သော ချဉ်ရည်ဟင်းများကိုသာ ကပ်လှူနိုင်ခဲ့ပါသည်"ဟု လျှောက်ထားသည်။ မြတ်စွာဘုရားက "ကျောင်းဒါယကာကြီး၊ သင်သည် ကြောင့်ကြမှု၊ စိုးရိမ်မှု မဖြစ်ပါနှင့်။ သင်လှူသော အလှူသည် မွန်မြတ်လှသည်။ ငါဘုရားသည် တစ်ခုတည်းသော ဘဝ၌ ဝေလာမပုဏ္ဏား ဘဝ၌ သူဌေးဖြစ်ခဲ့သည်။ ဇမ္ဗူဒိပါတောင်ကျွန်းတွင် နေ့စဉ် ရွှေခွက်ပေါင်း ရှစ်သောင်းလေးထောင်ဖြင့် လာသမျှ ပရိသတ်များကို နှစ်ပေါင်းများစွာ ငါလှူဖူးသည်။ သို့ရာတွင် ဤမျှလောက် လှူဒါန်းသော်လည်း သာသနာပအခါ ဖြစ်သဖြင့် ငါးပါးသီလ မြဲသောသူပင် မပါသောကြောင့် အလှူမစင်ကြယ်သဖြင့် လှူသောသူ၌ ကြီးကျယ်သော ကောင်းကျိုးမျိုး မရခဲ့ချေ။

ယခု သင် ဒါယကာကြီးလှူရာ၌ အလှူခံများမှာ ဘုရား၊ ရဟန္တာ စသည်ဖြစ်သည်။ သာသနာတော်တွင်း၌ ကြုံကြိုက်သောအလှူ ဖြစ်သည်။ ယခု ဆွမ်းတစ်ဇွန်း လောင်းလှူခြင်းသည်ပင်လျှင် ထိုဝေလာမပုဏ္ဏား နှစ်ပေါင်းများစွာ လှူသော အလှူထက် မရေတွက်နိုင်အောင် အကျိုးကြီးသည်။

အဘယ်ကြောင့်ဆိုသော် အလှူခံပုဂ္ဂိုလ်များမှာ သောတာပန် ရဟန္တာ စသည်တို့ ဖြစ်သည်။ ထို့ကြောင့် သင်၏အလှူသည် အလွန်မြတ်၍ အကျိုးကြီးပါသည်။ ဒါယကာကြီး တရားနာလော့။ အလှူဒါနပြုရာ၌ တိရစ္ဆာန်ကို လှူသည်ထက် လူကိုလှူခြင်းက သာ၍ မြတ်သည်။ လူကို လှူရာ၌လည်း အရက်သမားကို လှူသည်ထက် ငါးပါးသီလ လုံခြုံသူကိုလှူက သာ၍ မြတ်သည်။ လူတစ်ရာကို လှူသည်ထက် ရဟန်းတစ်ပါးကို လှူသည်က သာ၍မြတ်သည်။ ပုထုဇဉ်ရဟန်းတစ်ရာကို လှူရသည်ထက် သောတာပန် ရဟန်းတစ်ပါးကို လှူရသည်က သာ၍ မြတ်သည်။ သောတာပန် ရဟန်းတစ်ပါးကို လှူဒါန်းရခြင်းထက်

သကဒါဂါမ် ရဟန်းတစ်ပါးက လှူရခြင်းက သာ၍ မြတ်သည်။ သကဒါဂါမ်တစ်ရာကို လှူဒါန်းရခြင်းထက် အနာဂါမ်တစ်ပါးကို လှူဒါန်းရခြင်းက သာ၍ မြတ်သည်။ အနာဂါမ် တစ်ရာကို လှူရခြင်းထက် ရဟန္တာတစ်ပါးကို လှူရခြင်းက သာ၍ မြတ်သည်။ ရဟန္တာ တစ်ရာကို လှူရခြင်းထက် ဘုရားသခင်ကို လှူရခြင်းက သာ၍မြတ်သည်။ ဘုရားသခင်ကို လှူဒါန်းရခြင်းထက် ဘုရားနှင့်တကွ ရဟန္တာများကို သံဃိကလှူရခြင်းက သာ၍မြတ်သည်။

ထိုအလှူထက် ကျောင်းဆောက်ခြင်းက အမြတ်ဆုံး ဖြစ်သည်။ ဒါနအားဖြင့် ကျောင်းဆောက်ခြင်းသည် အမြတ်ဆုံးကုသိုလ် ဖြစ်သည်။ ကျောင်းဆောက်လှူခြင်းထက် သရဏဂုံသုံးပါး စောင့်ထိန်းသူက သာ၍ မြတ်သည်။ သရဏဂုံသုံးပါးထက် ငါးပါးသီလ စောင့်ထိန်းသူက သာ၍ မြတ်သည်။ ငါးပါးသီလ စောင့်ထိန်းသူထက် နွားနို့တစ်ညှစ်ခန့် (ငါးမိနစ်ခန့်) မေတ္တာကမ္မဋ္ဌာန်း ပွားများသောသူသည် သာ၍ မြတ်သည်။ မေတ္တာတရား ပွားများခြင်းထက် ဝိပဿနာတရားကို အားထုတ်သောသူသည် အမြတ်ဆုံး ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဝိပဿနာတရားသည် ချက်ချင်း နိဗ္ဗာန်သို့ ပို့ဆောင်ပေးနိုင်သော ကြောင့် ဖြစ်သည်။"

ဤဝေလာမသုတ္တန်ကို သတိရသောအခါ ကျွန်ုပ်သားများ ရှင်ပြု ရဟန်းခံ၍ အလှူဒါနပြုသည်မှာ အပျော်လုပ်သည်မဟုတ်၊ အကျိုးကို ရည်စူး၍ လုပ်ခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်သည် မိတ်ဆွေတစ်ယောက်ကိုမျှ ဖိတ်ခြင်းမပြုဘဲ ရှိသမျှ ငွေနှင့် ပစ္စည်းများကို သံဃာတော်များအား စုပုံ၍လှူသည်။ ကျွန်ုပ်အား ကမ္မဝါဖတ်သော သံဃာ တော်ငါးပါးအတွက် သင်္ကန်းပရိက္ခရာ ငါးစုံနှင့် ထီး၊ ဖိနပ် စသော ပစ္စည်းများကို လှူဒါန်း၍ ကျန်သော ငွေအားလုံးကို စုပုံပြီးလျှင် ယင်းကျောင်း၌ တာဝန်ယူ၍ အုပ်ချုပ် နေသော ကျောင်းအမကြီးကို အပ်ပြီး ရေစက်ချ၍ လှူလိုက်သည်။

ထို့နောက် ကျောင်းအစ်မကြီးကို ဤငွေများဖြင့် ကျောင်းတွင်းရှိ သံဃာအားလုံး အား လိုသောပစ္စည်းကိုလှူပါ။ သင်္ကန်းမရှိက သင်္ကန်းကိုလှူပါ။ စာအုပ်မရှိက စာအုပ်ကို လှူပါ။ ဖိနပ်မရှိက ဖိနပ်ကိုလှူပါဟု သံဃိက ရေစက်ချ၍ လှူလိုက်သည်။ မည်မျှ အကျိုးကြီးမည်ကို စဉ်းစားကြည့်ပါ။

မိတ်ဆွေများကို ဖိတ်ခေါ်ခြင်း မပြုသည်မှာ အခြား အကြောင်းတစ်ခု ရှိသည်။ သာမန်မှုရှိတိုင်း လူမှုတာဝန်ကြောင့် သွားကြရသည်။ လာကြရသည်။ အလုပ်ပျက်သည်။ ဒုက္ခများသည်။ ကျွန်ုပ် ဖိတ်ခေါ်လျှင် ဝန်ကြီးများ၊ သူဌေးကြီးများ၊ မင်းကြီးများမှစ၍ ကားတွေ မရေတွက်နိုင်အောင် လာလိမ့်မည်။ သူတို့လည်း အိမ်မှာ နေ့တိုင်း ကြက်သား ဟင်းနှင့် စားနိုင်သောသူများ ဖြစ်သည်။ အားနာ၍ အလှူလာရသောသူမှာ သူတို့အတွက် လည်း ဒုက္ခပွားသည်။ ထို့ကြောင့် သူတို့ကိုလည်း ဒုက္ခမပေးလိုခြင်းကြောင့် ဖိတ်ခေါ်ခြင်း မပြုခဲ့ပေ။

ကျွန်ုပ် ရန်ကုန်ရောက်စက မင်္ဂလာဆောင်တစ်ခုသို့ သွားခဲ့သည်။ တိုက်ပုံအင်္ကျီ ဝတ်ပြီးလျှင် ချွေးတလုံးလုံးနှင့် နှစ်နာရီခန့် ထိုင်နေရသည်။ ဟိုတယ်ကြီး၌ လူမစုံသေး

သဖြင့် ကျွေးမွေးခြင်း မပြုချေ။ လူစုံမှ ကျွေးမွေးသည်။ ထိုအချိန်အတွင်း နားငြီးအောင် တီးကြ မှုတ်ကြသည်။ ပကာသနကိုလည်း မကြိုက်။ ထို့ကြောင့် ကျွန်ုပ်သည် ထိုအချိန်ကစ၍ မည်သည့် မင်္ဂလာဆောင်ကိုမှ မသွားခဲ့ချေ။ မိမိနှင့် ခင်မင်သူ မိတ်ဆွေများ ဖြစ်နေက သင့်တော်သလို အချို့ကို အချိုပန်းကန်လုံး တစ်စုံ။ အချို့ကို ညစာပန်းကန်တစ်စုံ ညပိုင်းတွင် အိမ်သို့သွား၍ လက်ဖွဲ့သည်။

ထိုစဉ်က လက်ဖက်ရည်အိုး၊ ပန်းကန်ခြောက်လုံး၊ ပန်းကန်ပြားခြောက်ချပ်ကိုမှ ၃၀ ကျပ်သာ ပေးသည်။ ညစာပန်းကန်စုံ ဆိုရာ၌လည်း ထမင်းအုပ်ပါသည်။ ပန်းကန်ပြားကြီး ခြောက်ချပ်ပါသည်။ ပန်းကန်ပြားအလတ် ခြောက်ချပ်ပါသည်။ ပန်းကန်ပြားအသေး ခြောက်ချပ်ပါသည်။ ခြောက်ယောက်စာအစုံ ဖြစ်သည်။ ဤကဲ့သို့ ညပိုင်းတွင် အိမ်သို့သွား၍ လက်ဖွဲ့သည်။ အချို့ကို ဘန်ကောက်လုံချည်ဝယ်၍ အိမ်သို့သွားပြီး လက်ဖွဲ့လိုက်သည်။ သိရုံ ကျွမ်းရုံဆိုလျှင် ၁၅ ကျပ် ၂၀ ကျပ်သွား၍ လက်ဖွဲ့လိုက်သည်။ မည်သည့်အလှူ မည်သည့် မင်္ဂလာဆောင်မှ မသွားတော့ချေ။ ရှိသောတိုက်ပုံအင်္ကျီများကိုလည်း သူများကို ပေးလိုက်သည်။ လက်တိုအင်္ကျီနှင့်သာ တစ်သက်လုံး နေလာသည်။

မြန်မာလူမျိုးထုံးစံအတိုင်း ဖိတ်ခေါ်လျှင် အားနာ၍ သွားကြရသည်။ မတတ်သာ၍ သွားကြရသည်။ အားသည်ဟူ၍ မရှိချေ။ ထို့ကြောင့် ကျွန်ုပ် ကိုယ်ချင်းစာသည်။ မိတ်ဆွေများကို ဒုက္ခသက်သာစေရန် ကျွန်ုပ်အလှူတွင် လုံးဝမဖိတ်ခဲ့ခြင်း ဖြစ်သည်။

## ငွေနှံးခရင်းနှင့် ထမင်းစားပုံ

ဂျပန်ခေတ်က မန္တလေးမြို့မှ ပြန်လာစဉ် မေမြို့အဝင် ကားလမ်းဘေးတွင် ဂုံနီအိတ်နှင့် သေသပ်စွာထုပ်၍ ချုပ်ထားသော သားရေသေတ္တာတစ်လုံးကို ကောက်ရသည်။ ငွေတွေပါသည်ဆိုပြီး ကျွန်ုပ် အလွန်ပင် ဝမ်းသာခဲ့သည်။ သို့ရာတွင် အိမ်ရောက်သောအခါ ဖွင့်ကြည့်ရာ ငွေများ လုံးဝမပါခဲ့ချေ။ ဆရာဝန်များသုံးသော ပစ္စည်းအမျိုးမျိုးသာ ပါသည်။ ဆရာဝန်လုပ်သူ၏ သေတ္တာဖြစ်ဟန်တူသည်။ ကျွန်ုပ်တို့ ဘာမှ သုံး၍ မရချေ။ သို့ရာတွင် ယင်း သေတ္တာထဲ၌ ငွေဇွန်း၊ ငွေခက်ရင်း တစ်စုံပါလာသည်။ သေတ္တာရှင် ဆရာဝန်မှာ အလွန်ခေတ်မီသူဟု ဆိုရမည်။ ကျွန်ုပ်သည် ငွေဇွန်း၊ ငွေခက်ရင်းနှင့် ဂျပန်ခေတ်ကစ၍ ထမင်းစားလာခဲ့သည်။ ယနေ့တိုင် ဖြစ်သည်။

ရှေးမိဘရိုးရာ လက်နှင့် စားရသည်မှာ အလုပ်များသည် ထမင်းစားပြီးလျှင် လက်ဆေးရသည်။ လက်သုတ်ပဝါနှင့် သုတ်ရသည်။ ဇွန်း၊ ခက်ရင်းနှင့် စားလျှင် လက်သုတ်စရာ မလို။ သန့်ရှင်းသည်။ လက်သုတ်ပဝါလည်း မကုန်တော့။ အချို့ မိတ်ဆွေများက ဤကဲ့သို့ ဇွန်း၊ ခက်ရင်းနှင့် စားသည်ကို ဘိုဆန်သည်ဟု ကဲ့ရဲ့ကြသည်။ အမှန်မှာ ကောင်းသော အပြုအမူမှန်လျှင် အတုခိုးရပေမည်။ ဥပမာ–ကျွန်ုပ်တို့ငယ်စဉ်က အင်္ဂလိပ်မင်း လက်ထက်တွင် မြန်မာလူမျိုးတို့သည် ယခုကဲ့သို့ ဆံပင်ကို အတိုညှပ်လေ့မရှိ။ သျှောင်ကြီးဖွေနှင့် ဖြစ်သည်။

စက်မှုလက်မှု ထွန်းကားလာသောအခါ စက်ရုံများ ပေါ်ပေါက်လာသည်။ မော်တော်ကားများ ပေါ်ပေါက်လာသည်။ ထိုအခါ ဆံပင်သည် ရှပ်လာသည်။ အနောက်တိုင်းကဲ့သို့ပင် ဆံပင်အတို ထားလာကြသည်။ 'ဘိုကေညှပ်သည်'ဟု ခေါ်သည်။ အင်္ဂလိပ်လို ထိုစဉ်က ဘိုကေဟု ခေါ်သည်။ ကေဆိုသည်မှာ ကေသာဆံပင်ဖြစ်သည်။ မြန်မာလို ဘိုဆံတောက်ဖြစ်သည်။ ဤသို့ ခေတ်ကြီး ပြောင်းလာသောအခါ အသက်လေးဆယ်၊ ငါးဆယ်ကျော်သော လူကြီးပိုင်းကပင်လျှင် ဘိုဆံတောက်ထားလိုသဖြင့် လူကဲ့ရဲ့လွတ်အောင် ဒုလ္လဘရဟန်း ဝတ်ကြသည်။ ဒုလ္လဘရဟန်းထွက်၍ ခေါင်းတုံးဘဝနှင့် ဘိုကေညှပ်ကြသည်။ ဆံပင်ရှည် ပြန်၍မထားတော့ပေ။ ထို့ကြောင့် ကာတွန်းဆရာများကပင်လျှင် ဒုလ္လဘရဟန်း တစ်ဦးက 'ငါ ရဟန်းပြုချင်လို့ မဟုတ်ဘူးကွ။ ဘိုကေထားဖို့ ဝတ်တာ'ဟုပင် ကာတွန်းနှင့် သရော်ကြသည်။ ခေတ်ရေစီးကြောင်းအလျောက် ပေါ်ပေါက်လာခြင်း ဖြစ်သည်။

တရုတ်လူမျိုး၊ ဂျပန်လူမျိုးတို့သည် တူနှင့် ထမင်းစားကြသည်။ ဝါးပေါသော အရပ်ဖြစ်၍ တစ်ကြောင်း၊ အေးသောအရပ်ဖြစ်၍ တစ်ကြောင်း၊ လက်ဆေးရန် သက်သာ၍ ပေါပေါရသော ဝါးနှစ်ချောင်းကို တူလုပ်ပြီး စားကြသည်။ စားပြီးလျှင် အိမ်သူများက ဆေးကြောပေးသည်။ အလုပ်တွင်သည်။ ခရီးရောက်သည်။

ကုလား၊ မြန်မာတို့မှာ လက်နှင့် စားကြသည်။ မိရိုးဖလာဖြစ်၍ ကဲ့ရဲ့စရာမလို။ သို့ရာတွင် လက်သည်းခွံထဲက ချေးမည်းကြီးများနှင့် ထမင်းကိုစားခဲ့လျှင် ရောဂါပိုးများ ဝင်နိုင်ကြောင်း နားလည်သူ နည်းလှသည်။ ရှေးခေတ်ကဆိုလျှင် ဒေါင်းလန်းခေါ် လင်ပန်းအဝိုင်းကြီးတွင် အောက်က ခြေထောက်ပါသည်။ ဟင်းပန်းကန်များကို အလယ်ကောင်တွင် တင်၍ ဇန်းကြီးထဲတွင် သူ့ဘက်ကိုယ့်ဘက် ထမင်းပုံ၍ စားကြသည်။

ရှေးက သစ်သားပေါသောကြောင့် သစ်သားကိုပင် လင်ပန်းပုံသဏ္ဌာန် ထွင်းထားပြီး အောက်က ခြေထောက်ခံထားသည်။ တစ်ခါတည်း ပါလာခြင်းဖြစ်သည်။ ထိုင်စားရန် စားပွဲမလိုတော့ချေ။ ကျွန်ုပ်ကိုယ်တိုင် အချို့တောရွာများတွင် ဤကဲ့သို့ စားခဲ့ဖူးသည်။ ဤကဲ့သို့ လူများဝိုင်း၍ စားရာ၌ သိတတ်ဖို့လိုသည်။ မိမိဘက်က ထမင်းကို ဟင်းရည်များဆမ်းလျှင် ဟင်းရည်တွေ စီးသွားမည်။ ထို့ကြောင့် ခပ်ခြောက်ခြောက်ကလေးသာ နယ်ဖတ်၍ စားကြရသည်။ အလိုက်သိသော ယဉ်ကျေးမှု တစ်ခုပင်ဖြစ်သည်။ ယခုခေတ် တောမှာပင် မရှိတော့ချေ။ ပန်းကန်ခွက်ယောက်တွေ ပေါသဖြင့် အိမ်တိုင်း သံပန်းကန်ပြား၊ တိုက်ပန်းကန်ပြားနှင့် စားကြသည်။

## စက္ကူလက်သုတ်ပဝါသုံးနည်း

လက်သုတ်ပဝါကိစ္စနှင့် ပတ်သက်၍လည်း ကျွန်ုပ်သည် ရန်ကုန်ရောက်သည့် ၁၉၄၉ ခုနှစ်မှစ၍ လက်သုတ်ပဝါအတွက် စက္ကူပါးပါးချောချောကလေး အများကြီး ဝယ်ထား၍ အန်သုံးလက်မခွဲ၊ အလျား ငါးလက်မခန့် ဖြတ်ပြီးလျှင် ဖန်ခွက်ထဲ၌ စိုက်

ထောင်၍ ထားသည်။ မည်သူမဆို ထမင်းစားပြီးလျှင် လက်သုတ်ပဝါမလို စက္ကူစဖြင့် နှုတ်ခမ်းကိုသုတ်၍ အမှိုက်ပုံးထဲသို့ ထည့်ကြသည်။ မည်မျှ သန့်ရှင်းသည်ကို စဉ်းစားကြည့်ပါ။ တချို့ မသိတတ်သူများကို ထမင်းကျွေးရာတွင် ထမင်းစားပြီးလျှင် ပါးစပ်လည်း မဆေးဘဲ ဆီပေနေသော နှုတ်ခမ်းကို အဝတ်လက်သုတ်ပဝါနှင့် သုတ်လိုက်သည်။ တစ်ခါတည်း သုံးမရအောင် ပေသွားသည်။

အမှန်မှာ ထမင်းစားပြီးလျှင် လက်ကို ရေနှင့် ဆေးရသည်။ ပါးစပ်ကို ဆပ်ပြာနှင့်ဆေး၍ အာလုတ်ကျင်းပြီးလျှင် သွားကို ရေနှင့် ဆေးရသည်။ ဤကဲ့သို့ နှုတ်ခမ်း သန့်ရှင်းမှသာလျှင် လက်သုတ်ပဝါကို သုတ်သင့်သည်။ ဤကဲ့သို့ စက္ကူပါးလေးနှင့် လက်သုတ်ပဝါ လုပ်ရာ၌ တစ်လတွက် ဘာမျှ ကုန်ကျမှုမရှိချေ။ အလွန်ဆုံးကုန်လျှင် နှစ်ကျပ်ဖြစ်သည်။ ကျွန်ုပ် တစ်ခါဝယ်လျှင် ၁၅ နှစ်ခန့် သုံးရသည်။ ခဏခဏ သွား မနေနိုင်။ လိုတာရှိလျှင် တစ်ခါတည်း ဝယ်ထားလိုက်သည်။ ဤကဲ့သို့ စက္ကူနှင့်သုတ်သော အိမ်၊ မြန်မာပြည်တွင် ဘယ်နှစ်အိမ် ရှိမည်နည်းဟု စဉ်းစားကြည့်လျှင် အလွန်ရှားပါး ကြောင်း တွေ့ရမည်။

## မွှေးမွှေးကြိုက်ပုံ

ရှေးခေတ်က လူများသည် ပါးစပ်သန့်ရှင်းစေရန် ထမင်းစားပြီးနောက် ကွမ်းဝါး ကြသည်။ ကွမ်းစားပြီးလျှင် ကွမ်းတံတွေး ထွေးရသည်။ ဘယ်လောက် ဒုက္ခရောက်မည် စဉ်းစားကြည့်ပါ။ ထို့ကြောင့် ကျွန်ုပ် ငယ်စဉ်ကစ၍ အမေရိကန်မှလာသော ဆင်ဆင်ခေါ် အာမွှေးဆေးကလေးများကို အမြဲသုံးသည်။ ဟိုတုန်းက တစ်ရာပါသော တစ်ထုပ်မှ တစ်ပဲသာ ပေးရသည်။ လွန်ခဲ့သော ဆယ်နှစ်က အထုပ်ပေါင်းများစွာ ဝယ်ထားရာ ယခုထိ မကုန်သေးပါ။ ကျွန်ုပ် အလုပ်လုပ်ရာ၌ လက္ခဏာမေးမြန်းသူများနှင့် မျက်နှာ ချင်းဆိုင်၍ စားပွဲတစ်လုံးသာ ခြားသည်။ အချို့ မသိတတ်သူများမှာ ဆေးလိပ်စော် အလွန်နံသည်။ အထူးသဖြင့် ဆေးပြင်းလိပ်သောက်သူများအနံ့ကို မခံနိုင်။ တချို့ အင်္ကျီတွေပါ နံနေသည်။ ထို့ကြောင့် တောင်းပန်၍ ပြန်လွှတ်ရသည်။

အချို့မှာ မုန့်ဟင်းခါးစားပြီး ပါးစပ် ဆေးမလာသောကြောင့် စကားပြောလျှင် မုန့်နံ့ထွက်နေသည်။ အချို့မှာ အရက်သောက်လာသည်။ အရက်သောက်လာသူများကို ချက်ချင်း ပြန်လွှတ်လိုက်သည်။ အရက်နံ့ကို လုံးဝမခံနိုင် ဖြစ်သည်။ သူတို့ အနံ့ဆိုးသော ဒုက္ခကိုလည်း ကိုယ်က မခံနိုင်။ ကိုယ်က မကောင်းသော အနံ့ကိုလည်း သူတစ်ပါးထံ မရောက်စေလိုသောကြောင့် ဖြစ်သည်။

ရှေးခေတ်က ဗလရှင်ဆေးပြားမှာ အလွန် လှပသည်။ ဆင်ဆင်မှာ ချိုအေးမွှေး ဖြစ်သည်။ အနောက်တိုင်းသားတို့သည် လောကီအားဖြင့် အစစ နေမှုထိုင်မှု သပ်ရပ်ကြ သည်။ အလိုက်သိကြသည်။ ကျွန်ုပ်သည် ဒူးရင်းသီးကို အနံ့မခံနိုင်။ ချက်ချင်း ခေါင်း ကိုက်သည်။ ဒညင်းသီးပြုတ်၍ ဆီဆမ်းထားသည်ကိုမူ အလွန်ပင် ကြိုက်သည်။ သို့သော်

ဒညင်းသီးသည် အလွန်နံသည်။ တစ်နေ့လုံး နံသည်။ စကားပြောလျှင်လည်း နံသည်။ ဆီး ဝမ်းတွေလည်း နံသည်။ ထို့ကြောင့် အလွန်ကြိုက်ပါလျက်နှင့် သူတစ်ပါးအား စိတ်မချမ်းသာစေသော အနံ့အသက် မဖြစ်စေရန် လုံးဝ ရှောင်ကြဉ်ခဲ့သည်။ အဝေတ်ခံခဲ့သည်။ ကျွန်ုပ်၏တာဝန် ကျေသည်။ မေးမြန်းသူများအပေါ် ဤမျှ မေတ္တာထားသည်။

## ဆေးလိပ်မသောက်ရ

မြန်မာပြည်တစ်ပြည်လုံးတွင် ကျွန်ုပ်၏အိမ် တစ်အိမ်သာလျှင် ဆေးလိပ်မသောက်ရ ဟူသော ဆိုင်းဘုတ်ကြီးကို အတွင်းမှာတစ်ခု၊ အပြင်မှာတစ်ခု ရေးထားသည်။ အပြင်မှ ဆိုင်းဘုတ်မှာ ကြွေရည်သုတ်ဖြစ်၍ မြန်မာစာ၊ အင်္ဂလိပ်စာ၊ တရုတ်စာ၊ တမေလ်ဘာသာဖြင့် လေးမျိုး ရေးထားသည်။

လူတစ်ရာမှာ ၉၉ ယောက်သည် ဆေးလိပ်သောက်ကြသည်။ ကျွန်ုပ်သည် လုံးဝ အနံ့မခံနိုင်။ တစ်ဖက်အိမ်မှ သောက်သည်ကိုပင် ဒီဘက်အိမ်မှနေ၍ မူးတတ်သည်။ ဤကဲ့သို့ ဆိုင်းဘုတ်မရေးမီ ကျွန်ုပ်သည် မေးမြန်းသူများအား ကိုယ်ချင်းစာ၍ အားလုံးသော ဗေဒင်ဆရာများကဲ့သို့ သူလည်းသောက်၊ ငါလည်းသောက် ကောင်းသည်ဆိုပြီးလျှင် ဆေးပေါ့လိပ် အသောက်ကျင့်ခဲ့သည်။ သို့ရာတွင် ဝမ်းထဲက လက်မခံ။ အန်သည်။ မူးသည်။ မိမိကိုယ်က မခံနိုင်သော ဓာတ်ရှိသည်။

ကျွန်ုပ်သည် အင်္ဂလိပ်လို ဖေဖော်ဝါရီလကုန်ခါနီးတွင် မွေးသဖြင့် ဂဏန်းဗေဒင်အားဖြင့် ပုဏ္ဏဇလရာသီခေါ် ရေအပြည့်ရှိသောရာသီ၌ မွေးဖွားခဲ့သည်။ အလွန် ရေကြိုက်သည်။ အအေးကြိုက်သည်။ တစ်နေ့နှစ်ခါ ရေချိုးသည်။ ဆောင်းတွင်းလည်း ချိုးသည်။ အနည်းငယ်မျှ မသန့်ရှင်းလျှင် မနေနိုင်။ ထို့ကြောင့် အကောင်းဆုံးရေမွှေး၊ ပေါင်ဒါများကို ဝယ်၍ သန့်ရှင်းအောင် အသုံးပြုသည်။ အိပ်ရာများကိုလည်း အမြဲတမ်း ပေါင်ဒါဖြူးထားသည်။ ခန္ဓာကိုယ်မှ အနံ့အသက်မကောင်းစေသော ဝက်သား၊ အမဲသား၊ ငါးပိ၊ ငံပြာရည် မည်သည့်အခါမှ မစားခဲ့ချေ။ ငယ်စဉ်ကပင် ရှောင်ခဲ့သည်။ ဝမ်းမှန်မှန်သွားသောကြောင့် အပုပ်နံ့ မရှိချေ။ ဝမ်းချုပ်သူများမှာ ချွေးစော်၊ ချိုင်းစော် အနံ့ထွက်နေသည်။

ဤကဲ့သို့ မိမိထံလာ၍ လက္ခဏာ မေးသူများကို ကိုယ်ချင်းစာ၍ ဆေးလိပ်သောက်ကျင့်ခဲ့သော်လည်း မရနိုင် ဖြစ်လာသည်။ ထိုအခါ ရန်များလာသည်။ တစ်ခါတုန်းက မင်းကြီးတစ်ယောက်သည် လက္ခဏာ လာမေးသည်။ သူသည် ဆေးပြင်းလိပ်သောက်သည်။ ကျွန်ုပ်ထက် အသက်ကြီးသည်။ ထိုစဉ်က ကျွန်ုပ်သည် အသက်သုံးဆယ်ကျော်သာ ရှိသေးသည်။ ကျွန်ုပ်ထက် အသက်ကြီးသဖြင့် မိဘသဖွယ် ရှိသေပါသည်။ ယဉ်ကျေးစွာ ဆက်ဆံသည်။ သူသည် ဆေးပြင်းလိပ်ကြိုက်သူ ဖြစ်သဖြင့် လက္ခဏာကြည့်သောအခါ၌လည်း ဆေးပြင်းလိပ် သောက်နေသည်။ လက်ယာ ဖတ်ပြီးလျှင် 'လက်ဝဲ ဖတ်ပြပါ'ဟု ဆိုလျှင်လည်း လက်ယာဘက်က ဆေးလိပ်သောက်၍ လက်ဝဲဖတ်ပြသည်။ ကျွန်ုပ်သည် အလွန် မူးဝေလာသည်။

## လမ်းသစ်စာအုပ်တိုက်

ကျွန်ုပ်၏ ပုံစံအတိုင်း စိတ်တိုလာလျှင် ဘာမှမမြင်၊ လုပ်မိသောကြောင့် ဝမ်းထဲက တော်တော်ကြာအောင် အောင့်ထားရသည်။ စိတ်မချမ်းသာမှုကြီး သည်းမခံနိုင်တော့သဖြင့် ရုတ်တရက် ယောင်ပြီးလျှင် သူ၏ ဆေးပြင်းလိပ်ကိုယူ၍ ပြတင်းပေါက်မှ ပစ်လိုက်သည်။ သူသည် သဘောကောင်း၍ တော်ပါသေးသည်။ သာမန်လူသာဆိုလျှင် ဒီနေရာတွင် ရိုက်ပွဲဖြစ်မည်။ သူ့ကို စော်ကားသလို ဖြစ်သွားသည်။ သို့ရာတွင် သူ့ကို စော်ကားလိုစိတ် မရှိပါ။ ရုတ်တရက် အောင့်မထားနိုင်သောကြောင့် ဖြစ်သွားသည်။ သူက 'မသောက်စေချင် ပြောပါဆရာ'ဟု ပြောသည်။ ကျွန်ုပ်သည် အလွန် အားနာသွားသည်။ ကိုယ်ချင်းစာမိသည်။

ဤတိုက်သို့ ရောက်သောအခါ ပထမ လင်နိုလီယံခေါ် ပလတ်စတစ် ကော်ဇော များကို ခင်းသည်။ ရိုးကုမ္ပဏီမှ ဝယ်ရသည်။ တစ်ချပ်လျှင် ၃၅ ကျပ်သာ ပေးရသည်။ အလုပ်ခန်းနှင့် ဧည့်ခန်းတွင် ခင်းထားသည်။ အချို့ ဆေးလိပ်သောက်သူများက မီးခြစ်ဆံကို ကော်ဇောပေါ်၌ ပစ်ချသည်။ ညှော်စော်နံလာမှ ငြိမ်းရသည်။ အချို့ ဆေးလိပ်တိုများကို ပစ်သည်။ ထို့နောက် ကျွန်ုပ်သည် အိန္ဒိယန်းပန်းကားပက် ခေါ်သော ဂုံနီမွှေးနှင့် ပြုလုပ်သော ခန်းလုံးပြည့် ကော်ဇောများကို ခင်းသည်။ ရိုးကုမ္ပဏီမှ ဝယ်ရသည်။ တစ်ချပ်လျှင် တစ်ရာကျော်သာ ပေးရသည်။ ဂုံနီများကို အမွှေးလုပ်ပြီးလျှင် ဆေးရောင်သုတ်ထားသည်။ အလွန်လှသည်။ ထိုကော်ဇောများ ပေါ်တွင်လည်း အချို့က မီးခြစ်ဆံ ပစ်ချသည်။ မည်မျှ စိတ်မချမ်းသာစရာ ဖြစ်သည်ကို စဉ်းစားကြည့်ပါ။

အချို့က မိုးတွင်း ရွှံ့တွေထဲ နင်းလာပြီးလျှင် ကော်ဇောပေါ် ဖိနပ်စီးသည်။ ကျွန်ုပ်သည် ဤကဲ့သို့ ဒုက္ခတွေ များလာသောအခါ စိတ်မချမ်းသာဖြစ်သည်။ ထို့ကြောင့် အိမ်ထဲမှာရော၊ အိမ်ပြင်မှာရော 'ဆေးလိပ်မသောက်ရ'ဟူသော ဆိုင်းဘုတ်တွေ ကပ်ထားသည်။ အိမ်ရှေ့က သောက်နေလျှင်ပင် အိမ်ထဲက လက်မခံနိုင်။ မသိသူများက ဟန်ကြီးပန်ကြီး လုပ်သည်ဟု ယူဆသည်။ ကျွန်ုပ်နှင့် အလွန်ခင်မင်သော ပုဂ္ဂိုလ်များပင် ကျွန်ုပ်ထံ မလာကြတော့ပေ။ ကျွန်ုပ်ကလည်း ဝမ်းမနည်းပါ။

လူတစ်ရာလျှင် ၉၉ ယောက်ဆေးလိပ် သောက်ကြသည်။ ဆေးလိပ်မသောက်ရသောကြောင့် အမြင်ကပ်သောကြောင့် လက္ခဏာ လာမမေးသော် ငါသည် အခြားအလုပ်လုပ်စားနိုင်မည်ဟု မိမိကိုယ်ကိုအားပေး၍ ဆိုင်းဘုတ်များကို ရေးခြင်းဖြစ်သည်။ စည်းကမ်းမရှိသောသူများက မကျေနပ်သော်လည်း အဆင့်အတန်းကောင်း၍ ခေတ်ပညာတတ်သောသူများ၊ မိမိအိမ်၌လည်း သန့်ရှင်းစွာ လူကြီးလူကောင်းလို နေထိုင်သော သူများက ချီးမွမ်းကြသည်။ ထို့ကြောင့် ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းမှာ မည်သူမှ မလွတ်ကင်းနိုင်ချေ။ နေအိမ်ကိုလည်း အမြဲတမ်း သန့်ရှင်းအောင် ပြုပြင်သည်။ ခေါင်းပေါ်က ခေါင်မိုးတွင် ပင့်ကူမျှင် တစ်မျှင်မှ မရှိအောင် အမြဲတမ်း လှည်းခိုင်းသည်။ ကိုယ်တိုင်လည်း တစ်ခါတစ်ခါ အညောင်းပြေအောင် လှည်းသည်။ စားပွဲများကိုလည်း ဆေးသုတ်၍ မှန်တင်ထားသည်။ ရေနှင့် သုတ်သည်။ ထို့ကြောင့် အိမ်ထဲဝင်လာလျှင် အနံ့အသက်မရှိ၊ သန့်ရှင်းသောကြောင့် စိတ်ကြည်လင်သွားသည်။

ကလေးတွေများပြီး ရှုပ်ယှက်ခတ်နေသော အိမ်ရှင်မများလာလျှင် အလွန်ဝမ်းသာသည်၊ အလွန် သန့်ရှင်းသည်ဟု ချီးကျူးကြသည်။ ဗီရိုကို မှန်မှုစ၍ ရေနှင့်တစ်ခါ၊ အဝတ်နှင့်တစ်ခါ သုတ်ရသည်ကို သူတို့ မသိကြချေ။ မည်သည့်ကိစ္စမဆို မပင်မပန်းဘဲ အောင်မြင်မှု မရနိုင်ချေ။ ဤကဲ့သို့ ဆေးလိပ်မသောက်ရသည်မှာလည်း ကျွန်ုပ်၏ ထူးခြားချက်တစ်ခု ဖြစ်သည်။ တစ်ခါက တောမှလာသော လူတစ်ယောက်သည် အိမ်တွင်းရှိ တမံသလင်းပေါ်သို့ ကွမ်းတံတွေး ထွေးသွားသည်။ ကျွန်ုပ်သည် အလွန် စိတ်မချမ်းသာဖြစ်သည်။ သို့ရာတွင် မသိတတ်သူ ဖြစ်သဖြင့် သူ့ကို ရန်မမူပါ။ သူပြန်သွားသောအခါ အိမ်ဖော်များကို ခေါ်၍ ဆေးကြောခိုင်းသည်။ လူအများနှင့် ပေါင်းရသည်မှာ အလွန်ဒုက္ခရောက်သည်။ ထို့ကြောင့် 'လူအများနှင့် မနေဘဲ တစ်ကိုယ်တည်းပင် ဧကစာနေမည်'ဟု ငယ်စဉ်ကပင် ဆုံးဖြတ်လိုက်သည်။ 'ကျွန်ုပ် ရဟန်းပြုလျှင် မည်သူ့ကိုမျှ အတွေ့မခံ'ဟု ဆုံးဖြတ်ထားသည်။

## ရုပ်ရှင်ရုံမှရသောတရား

လွန်ခဲ့သော ဆယ်နှစ်ခန့်က သမ္မတရုပ်ရှင်ရုံတွင် ရွှေလက်ချောင်း အမည်ရှိ ဂျိန်းစ်ဘွန်း ရုပ်ရှင်ပြသည်။ ရုပ်ရှင်ကားမှာ အလွန် ကောင်းလှသဖြင့် ၅ ကျပ်တန်း လက်မှတ်ကို မှောင်ခိုတွင် ၁၅ ကျပ်ပင်ဖြစ်သည်။ လပေါင်းများစွာ ပြရသည်။ စွန့်စားခန်းဖြစ်၍ လူကြီးကြိုက် လူငယ်ကြိုက် ဖြစ်သည်။ ရုပ်ရှင်မင်းသား၊ ရုပ်ရှင်ကုမ္ပဏီများမှာ ပထမတန်းစား ဖြစ်သည်။ ထိုအခါ ကျွန်ုပ်၏သားများ သွားကြည့်ကြသည်။ သူတို့ ပြန်လာသောအခါ ထိုရုပ်ရှင်မှာ အလွန်ကောင်းကြောင်း၊ အဖေတို့ သွားကြည့်သင့်ကြောင်း ပြောသည်။ ထို့ကြောင့် ယင်း ရုပ်ရှင်ကားကို သွား၍ ကြည့်ခဲ့သည်။

ကျွန်ုပ်သည် ရုပ်ရှင်ကြည့်ရာ၌ အများအားဖြင့် စိတ်မချမ်းမသာ ဖြစ်ရသောကြောင့် ငယ်စဉ်ကသာ စွဲစွဲမြဲမြဲ ကြည့်ခဲ့သည်။ ကြီးလာသောအခါ၌ ကြည့်ချင်စိတ် မရှိချေ။ အဘယ်ကြောင့်ဆိုသော် တချို့က စကားကျယ်လောင်ကျယ်လောင် ပြောသည်။ တချို့က ကွာစိလှော် ဝါးသည်။ တချို့က ကလေးတွေ ခေါ်လာ၍ 'အုဝဲအုဝဲ'ဟု ဆူညံနေသည်။ တချို့ အလိုက်မသိသူများက ရှေ့ကခုံပေါ်သို့ ဖိနပ်နှင့် ခြေထောက်တင်သည်။ ထို့ကြောင့် ကြည့်တိုင်းကြည့်တိုင်း စိတ်ညစ်ရသည်။

ရုပ်ရှင်ကြည့်ချင်လျှင် ရုပ်ရှင်လဲမည့်နေ့မတိုင်မီ နောက်ဆုံးညဉ့်သာလျှင် နောက်ဆုံးကခုံ၌ လက်မှတ်ဝယ်၍ ကြည့်သည်။ နောက်ဆုံးကဖြစ်၍ မိမိနောက်က အနှောင့်အယှက် မရှိ။ ဆူညံသံ မကြားရ။ အေးအေးဆေးဆေး ကြည့်ရသည်။ အပြီးသတ်ညဖြစ်၍ လူများ သိပ်မစည်ကားချေ။ ဤနေရာ၌ တစ်ဖက်က ဆူညံဆူညံ စကားပြောနေလျှင် တစ်နေရာသို့ ရွှေ့သွားသည်။ ထိုနေရာ၌ တစ်စုံတစ်ခု အနှောင့်အယှက်ရှိလျှင် လစ်လပ်သောနေရာသို့ ပြောင်းရွှေ့ကြည့်သည်။ ဤကဲ့သို့ ကြည့်မှုသာလျှင် စိတ်ချမ်းသာမှု ရသည်။

## လမ်းသစ်စာအုပ်တိုက်

လူများသည် အလိုက်မသိကြချေ။ လူမျိုးစုံဖြစ်သည်။ အနောက်နိုင်ငံများတွင် ဤကဲ့သို့ ရုပ်ရှင်ကပွဲ စသည်တို့၌ ကလေးငယ်များခေါ်၍ မလာရချေ။ အချို့မှာ နို့စို့ကလေးဖြစ်သည်။ ဆူညံလှသည်။ ဤနည်းဖြင့် သမ္မတရုံ၌ပြသော ရုပ်ရှင်ကားကို နောက်ဆုံးညဥ္စ သွားကြည့်သည်။ ထိုစဉ်က ကျွန်ုပ်သည် အသက် ၅၀ ကျော်ဖြစ်သည်။ ရုပ်ရှင်မပြမီ အသိဉာဏ်တစ်ခု ဝင်လာသည်။ မိမိကိုယ်ကို စဉ်းစားကြည့်သည်။ 'ငါသည် တစ်ည သုံးနာရီပြသော ရုပ်ရှင်ပွဲများ အမြဲတမ်း ကြည့်လာခဲ့သည်။ ယခု အသက် ၅၀ ကျော်သည်အထိ တစ်ခါမျှ သုံးနာရီကြာအောင် ဘုရားရှိခိုးခြင်း မရှိခဲ့ချေ။ ငါသည် တော်တော်မိုက်သည်'ဟု စိတ်ကူးပေါက်လာသည်။ အာရုံရလာသည်။

နောက်တစ်နေ့မှစ၍ ကျွန်ုပ်သည် ဘုရားကိစ္စ၊ တရားကိစ္စ၌ 'သုံးနာရီအထက် ခြောက်နာရီ ခုနစ်နာရီကြာအောင် အားထုတ်တော့မည်'ဟု ဆုံးဖြတ်လိုက်သည်။ အလုပ်ကိုလည်း ထမင်းစားလောက်ရုံ နံနက်ပိုင်း ၁၂ နာရီအထိသာ လုပ်သည်။ ၁၂ နာရီထိုးလျှင် ပိတ်လိုက်၏။ နံနက် ၃ နာရီထ၍ အလုပ်စသော ၈ နာရီအထိ ဘုရားကိစ္စ၊ တရားကိစ္စ၊ ဆွမ်းတော်ကိစ္စများဖြင့် အချိန်ကုန်ခဲ့သည်။ ဤသို့ ဆင်ခြင်တုံတရား ရှိသည်ကို စဉ်းစားကြည့်ပါ။ အလွန် ခဲယဉ်းလှပေသည်။ ယခုအခါ အသက်ကြီးလှပြီဖြစ်သဖြင့် ရုပ်ရှင်များလည်း ထူးတော့သည်မဟုတ်။ တစ်ခါလာ မဲပြာပုဆိုးဖြစ်၍ ကြည့်လိုသောစိတ် မရှိတော့ချေ။

## အမျိုးသမီးတစ်ယောက်၏ တရားတော်

ကျွန်ုပ် အသက် ၄၀ ကျော်တုန်းက အိမ်တစ်အိမ်သို့ ကိစ္စတစ်ခုရှိ၍ သွားခဲ့သည်။ ထိုအမျိုးသမီး၏သမက်မှာ ကျွန်ုပ်ထံတွင် ကူညီ၍ လက်နှိပ်စက်ရိုက်ပေးသူဖြစ်သည်။ ထိုအမျိုးသမီး၏ သမက်ကိုတွေ့ရန် ကိစ္စရှိ၍ သွားခြင်းဖြစ်သည်။ အိမ်ရှေ့ခန်းတွင် စားပွဲ၌ထိုင်၍ ထိုအမျိုးသမီးက ဧည့်ခံသည်။ ထိုအချိန်တွင် 'သူ့သမက်မှာ အပြင်သို့ သွားနေသည်။ ပြန်လာလျှင် လွှတ်လိုက်ပါမည်'ဟု ပြောသည်။ ကျွန်ုပ်တို့ ဤကဲ့သို့ စကားပြောနေစဉ် သူ၏ သမီးကြီးနှင့် သူ၏သမက်မှ မွေးထားသော ကလေးနှစ်ယောက် သူ့ထံ ပါလာသည်။ တစ်ယောက်မှာ သုံးနှစ်ခန့်ဖြစ်၍ တစ်ယောက်မှာ နှစ်နှစ်နီးပါး ရှိသည်။ ကလေးတို့ဘာဝ ဘွားဘွားဟုခေါ်ပြီးလျှင် သူ့ထံသို့ ပြေးလာကြသည်။ ထိုအခါ အမျိုးသမီးက ကလေးများကို မလာနှင့်ဟု တားမြစ်၍ ချက်ချင်း အိမ်ထဲသို့ ပြန်သွားခိုင်းသည်။ ထို့နောက် သူက အောက်ပါအတိုင်း ပြောပြသည်။

"ကျွန်မမှာ သမီးလေးယောက် မွေးခဲ့တယ်။ ဒီသမီးလေးယောက်ကို ချေး၊ သေး သုတ်သင်ခဲ့ရတယ်။ အနှီးလျှော်ခဲ့ရတယ်။ ပုခက် လွှဲခဲ့ရတယ်။ သားသမီးကို ကျွန်ခံခဲ့ရတယ်။ ယခု သားသမီးများမှ မြေးရသောအခါ ကျွန်မ မြေးအထိ ကျွန် မခံနိုင်တော့ပါ။ ကျွန်မတာဝန် ကျေအောင်တော့ အစစ ကူညီလုပ်ကိုင်ပေးတယ်။ သို့ရာတွင် သူတို့၏

ဒဏ်ကို မခံနိုင်။ ကျွန်ဘဝကိုလည်း မုန်းတီးလှသည်။ သားသမီးများကို ကျွန်ခံရတာ များလှပြီ”ဟု ပြောပြသည်။ ကျွန်ုပ် အလွန်တရားရခဲ့သည်။

ဟုတ်ပါပေသည်။ မှန်ပါပေသည်ဟု တွေးမိသည်။ ထို့နောက် မိုးကုတ်ဆရာတော် ဘုရားကြီး တရားစာအုပ်များ ထွက်လာသည်။ နံပါတ် ၃၄ အထိရှိသည်။ သစ္စာလေးပါး တရားတော်ဟူ၍ တစ်အုပ်ပြီးတစ်အုပ် ဆရာတော်တိပ်ခွေနှင့် ဟောထားသည်ကို ပြန်၍ စာအုပ်ထုတ်ဝေသည်။ ဆရာတော်၏ တရားများမှာ အလွန် အံ့သြဖွယ်ကောင်းသည်။ စာအုပ်နံပါတ်(၅)တွင် ဆရာတော်ဟောပုံမှာ အလွန် ထူးခြားသည်။ မန္တလေးအနီး တောင်မြို့ရှိ ဆရာတော်ကျောင်းတိုက်တွင် သူ၏ ဒါယကာကြီး၊ ဒါယိကာမကြီးများ အား တရားဟောလေ့ ရှိသည်။

စာအုပ်နံပါတ်(၅)တွင် ဆရာတော်သည် အလွန်ကြီးကျယ်လှသော ကရုဏာတရား ဖြင့် သူ၏တပည့်များအား အသိဉာဏ်ဝင်အောင် ပြင်းပြင်းထန်ထန် ဟောပြတော်မူသည်။ ဒါယကာကြီးတို့၊ ဒါယိကာမကြီးတို့ အသက်ကြီးလှပြီ။ သောကာနီးနေပြီ။ ဦးမြကဆိုလျှင် ၇၂ နှစ်၊ ဒေါ်အေးကြည်ကဆိုလျှင် ၆၅ နှစ် စသည်ဖြင့် တပည့်ရင်းများအသက် ကိုပင် ပြောပြပြီးလျှင် စဉ်းစားကြည့်ပါ။ ခင်ဗျားတို့ဟာ သေခါနီးတွေဖြစ်သည်။ မြစ်ထဲ၌ နစ်နေရာ ရေက လည်ပင်းရောက်နေသည်။ နောက် နည်းနည်းနစ်လာလျှင် ပါးစပ်ထဲ ရောက်ပြီး ရေနစ်သေမည်။

ဤမျှလောက် သေခါနီးနေပါလျက် မိမိအတွက်တော့ မပူပင်၊ မစိုးရိမ်။ သေခါ ဝေးဖြစ်သော သားတွေ မြေးတွေကို ‘ဟဲ့–ရေထဲမဆင်းနဲ့’ စသည်ဖြင့် လှမ်း၍ ပူပင်နေသည် မှာ ဒီထက်မိုက်တာ မရှိတော့ဘူး။ စဉ်းစားကြည့်ပါ၊ သားသမီးဆိုတာ ကျွန်ခံရတာဟု တစ်တစ်ခွခွ ဟောတော်မူသည်။ အလွန် မှန်လှပေသည်။ ထိုတရားတော်များ နာရသည်မှ စ၍ ကျွန်ုပ်သည် သားသမီးများအပေါ် မေတ္တာ၊ ကရုဏာ၊ မုဒိတာ အစုံထားပြီး၍ နောက်ပိုင်း၌ မပူတော့ချေ။ ဥပေက္ခာပဲ ဖြစ်လာသည်။ ‘သူတို့ကံအတိုင်း ဖြစ်လိမ့်မည်’ဟု စိတ်နှလုံး ဒုန်းဒုန်းချထားသည်။ အလွန် သက်သက်ရာ ရသည်။

သားသမီး ဆိုသည်မှာ မီး ဖြစ်သည်။ တစ်ယောက်ရှိလျှင် တစ်မီး ပူရသည်။ ငါးယောက်ရှိလျှင် ငါးမီး ပူရသည်။ ဘယ်လောက်ပင် ပူရသည်ကို စဉ်းစားကြည့်ပါ။ ဘယ်မအေမိဘမှ အေးအေး နေရသည်မရှိ။ သူတို့၏ စားရေးနေရေး အစစပူပင်ရသည်။ မိမိ တာဝန်ကျေပြီးနောက် ပူပင်နေလျှင်လည်း အပိုဖြစ်သည်။ ‘သူတို့မှာ ကံပါသည်။ သူတို့ကံအတိုင်းဖြစ်မည်’ဟု ကျွန်ုပ် နားလည်လာသည်။ ဤနည်းဖြင့် ကျွန်ုပ်မှာ သားသမီး အတွက် ယခင်ကကဲ့သို့ ပူပင်သောက မဖြစ်တော့ဘဲ မိမိ တတ်နိုင်သမျှ အကောင်းဆုံး သွန်သင်ပေးသည်။ သင်ပြပေးသည်။ သားသမီးများသည် မေတ္တသုတ်၊ ရတနသုတ်၊ ဓမ္မစကြာသုတ်၊ ဂုဏ်တော်ကိုးပါး စသည်များကို ကျောင်းပိတ်သောအခါ တစ်နေ့ ခြောက်ကြောင်း ကျက်ရသည်။ တစ်နေ့ကျက်လျှင် ယင်းသုတ်တွေ အားလုံးရသည်။

သူတို့ကို ဘုရားရှိခိုးစေသည်။ ပရိတ်များကို ရွတ်စေသည်။ ပုတီးတစ်ကုံးစီ ဝယ်ပေးသည်။ ဂုဏ်တော်ကိုးပါး ပုတီးစိပ်စေသည်။ ကျွန်ုပ်မှာ တာဝန်ကျေသည်။

သူတို့ ချမ်းသာတာ ဆင်းရဲတာ ကျွန်ုပ်နှင့် မဆိုင်။ ဥပေက္ခာပြုရသည်။ အလွန်သက်သာသည်။ အလွန် စိတ်ချမ်းသာသည်။ သမုဒယကြောင့် ဒုက္ခရောက်သည်။ သစ္စာလေးပါးတရားတွင် ခင်မင်သောစိတ်၊ လိုချင်သောစိတ်၊ သမုဒယကြောင့် ဒုက္ခဖြစ်ရသည်။ စိတ်ဒုက္ခ၊ လူဒုက္ခ ဖြစ်ရသည်။

တရားဟောသည်မှာ မှန်လှသည်။ ဥပမာ-သူတစ်ပါး ဆွေမျိုးသေလျှင် မည်သူမှ မငိုကြ။ မိမိဆွေမျိုးသေလျှင် ငိုကြသည်။ အဘယ်ကြောင့်ဆိုသော် ကိုယ့်ဆွေမျိုး ကိုယ်ချစ်သောကြောင့် ဖြစ်သည်။ ချစ်သည်ဆိုသည်မှာ သမုဒယဖြစ်သည်။ ချစ်သည်နှင့်တစ်ပြိုင်နက် နောက်က ဒုက္ခလိုက်လာသည်။

ကားရှိလျှင် ကားကြောင့် ပူရသည်။ နွားရှိလျှင် နွားကြောင့် ပူရသည်။ ကားမရှိလျှင် ကားကြောင့် ပူစရာမရှိ။ နွားမရှိလျှင် နွားကြောင့် ပူစရာမရှိ။ ရှိသောကြောင့် ပူရသည်မှာ အလွန် မှန်လှပေသည်။ လူတိုင်း စဉ်းစားကြည့်သင့်သည်။

## ခန္ဓာကိုယ်၏ဒုက္ခ သိမြင်ခြင်း

ကျွန်ုပ် ငယ်စဉ်ကပင် အလွန် ရွံ့တတ်သည်။ သွေးသံရဲရဲ မကြည့်ရဲ။ တီကောင်ကိုလည်း အလွန် ကြောက်သည်။ ဘာကြောင့်မသိ၊ လူကြီးမိဘများ ဈေးက ကြက်ဝယ်လာပြီးလျှင် ရင်ကိုခွဲ၍ အူအသည်းကို နုတ်ယူသောအခါ ဘယ်တော့မှ မကြည့်ရဲ၊ ထွက်ပြေးခဲ့သည်။ ညစ်ပတ်သည်ဟု စိတ်က ယူဆသည်။ ထို့ကြောင့် မကြာမကြာ သက်သတ်လွတ်စားသည်။

မြတ်စွာဘုရားက မာဂဏ္ဍီ ပုဏ္ဏားလင်မယား ချွတ်တော်မူပုံကို ငယ်စဉ်ကပင် ဇိနတ္ထပကာသနီကျမ်းတွင် ၁၀ နှစ်သားက စ၍ ဖတ်ခဲ့သည်။

တစ်နေ့သောအခါ မြတ်စွာဘုရားသည် မာဂဏ္ဍီ ပုဏ္ဏားလင်မယား မဂ်ဖိုလ်ရောက်မည်ကို သိတော်မူသည်။ သူတို့ အိမ်ရှိသောလမ်းသို့ သွားသည်။ မြေပြင်ပေါ်၌ ခြေတော်ရာတစ်ခုကို ချထားပေးသည်။ မြတ်စွာဘုရား၏ ခြေတော်ရာများမှာ မြေကြီးပေါ်၌ ထင်လေ့မရှိချေ။ အဘယ့်ကြောင့်ဆိုသော် လူများ ဖြတ်ကျော်သွားလျှင် ငရဲကြီးသောကြောင့် ဖြစ်သည်။

ယခုအခါ၌ ပုဏ္ဏားလင်မယား မဂ်ဖိုလ်ရောက်မည်ကို မြင်တော်မူသဖြင့် ခဏတည်စေဟု အဓိဋ္ဌာန်ခဲ့သည်။ ပုဏ္ဏားလင်မယားတို့သည် ရေဆိပ်မှ အိမ်ကိုပြန်လာရာ လမ်းခရီးတွင် ဘုရားခြေတော်ရာကို ပုဏ္ဏားကြီးက မြင်သည်။ ခြေတော်ရာမှ ဖဝါးသည် အလွန်ညီညွတ်သဖြင့် ခြေတော်ရာ၌ အနိမ့်အမြင့် အဖုအခွက် မရှိချေ။ စားပွဲမျက်နှာပြင်ကဲ့သို့ ညီနေသည်။

ပုဏ္ဏားကြီးက ဗေဒင်ကျမ်းဂန် တတ်သူဖြစ်သဖြင့် သူ၏ ပုဏ္ဏေးမအား ပြောသည်။

ဤခြေရာရှင်သည် စကြာမင်းဖြစ်နိုင်သော ခြေရာမျိုးဖြစ်သည်။ ထို့ကြောင့် “ငါ့သမီးနှင့် ပေးစားမည်”ဟု ပုဏ္ဏေးမအား ပြောသည်။ ပုဏ္ဏေးမလည်း ဗဟုသုတရှိသူ ဖြစ်သည်။ ထိုအခါ ပုဏ္ဏားကြီးအား ပြောသည်မှာ “ရှင် စဉ်းစားကြည့်ပါ။ ဒီခြေရာသည် သာမန် ခြေရာမျိုး မဟုတ်ပါ။ ကိလေသာ အာသဝေါတရား ကုန်ပြီးသား ဖြစ်သည်။ အဘယ့် ကြောင့်ဆိုသော် လောဘကြီးသူများ၏ ခြေရာသည် ခြေဖျားဘက်က အောက်သို့ ချိုင့်နေ သည်။ လောဘကြီးသူများသည် အလောတကြီး အမြန်သွားသောကြောင့် ဖြစ်သည်။ ဒေါသကြီးသူများ၏ ခြေရာသည် ဖနောင့်ခွက်က ခွက်ဝင်နေတတ်သည်။ ဒေါသကြီး၍ ဆောင့်သွားသောကြောင့် ဖြစ်သည်။

ယခုခြေရာမှာ ဘယ်ဘက်မှ ခွက်ဝင်နေခြင်းမရှိ။ မှန်မျက်နှာပြင်ကဲ့သို့ ညီညွတ် နေသည်။ သင့်သမီးကို လက်ခံမည့်သူ မဟုတ်”ဟု ပြောသည်။ သို့ရာတွင် ပုဏ္ဏားကြီးက သူ့သမီးကို လင်ပေးစားချင်သောဇောဖြင့် အိမ်သို့ အမြန်ပြန်၍ သူ့သမီးရော သူတို့ပါ အဝတ်ကောင်းများ ဝတ်ဆင်ကြပြီးလျှင် ဘုရားခြေတော်ရာ လှည့်သည့်ဘက်သို့ မိသားစု သုံးယောက် လိုက်၍သွားကြသည်။ ခရီးအတော်ရောက်သောအခါ မြတ်စွာဘုရား ဆွမ်းခံ ကြွနေသည်ကို တွေ့ရသည်။ ပုဏ္ဏားကြီးက မြတ်စွာဘုရားအား ကန်တော့၍ သူ၏သမီးနှင့် လက်ထပ်စေလိုကြောင်း ဘုရားထံ ခွင့်တောင်းသည်။

မြတ်စွာဘုရားသခင်က “အသင်ပုဏ္ဏားကြီး၊ ငါဘုရား ဖြစ်တော်မူပြီးသောအခါ မာရ်နတ်သမီးသုံးယောက်က ကျွန်ုပ်ထံလာ၍ သူတို့နှင့် လက်ထပ်ရန် တောင်းပန်ခဲ့သည်။ ထိုစဉ်ကပင် ငါသည် အာသဝေါတရားလေးပါး ကုန်ခမ်း၍ ဘုရားအဖြစ်သို့ ရောက်တော် မူသောကြောင့် လက်မခံခဲ့ချေ။ ယခု သင်၏သမီးမှာ နတ်မဟုတ်၊ လူဖြစ်သည်၊ သူ၏ ကိုယ်ခန္ဓာထဲတွင် ကျင်ကြီးကျင်ငယ် အပြည့်ရှိသည်။ ငါ မည်ကဲ့သို့ လက်ခံနိုင်မည်နည်း” ဟု ဟောတော်မူသည်။ ယခုလို ဟောသောအခါ ပုဏ္ဏားကြီး လင်မယားသည် သောတာပန် ဖြစ်သွားသည်။ သမီးမာဂဏ္ဍီသည် သူမအား “ဤကဲ့သို့ ရက်ရက်စက်စက် ပြောရမည် လား” ဟု ရန်ညိုးဖွဲ့ပြီးနောက် ဘုရင်၏ မိဖုရား ဖြစ်သောအခါ ဘုရား ဆွမ်းခံကြွလာလျှင် လူငှား၍ ဆဲခိုင်းသည်။ ဘုရား၏တပည့် သောတာပန်ဖြစ်သော သာမာဝတီမိဖုရားနှင့် မောင်းမငါးရာကို မီးရှို့၍ သတ်ခဲ့သည်။ သူ့အပြစ်ကို ရှင်ဘုရင် သိသောအခါ သူ့ကိုလည်း သေဒဏ်ပေးခဲ့သည်။

ဤဝတ္ထုကို ဖတ်ရသောအခါ ကျွန်ုပ်သည် ငယ်ရွယ်သူဖြစ်၍ လုံးဝ နားမလည် ခဲ့ချေ။ ကျွန်ုပ်၏ဇာတာသည် ၁၀ တန့်တွင် ရှိနေသဖြင့် နံပါတ် ၂ ဖြစ်သည်။ ဇာတာခွင် တွင် သောကြာဂြိုဟ်သည် ၁၀ တန့်တွင် ရှိနေသဖြင့် မိုးပေါ်တွင် အမြင့်ဆုံးနေသည်။ အားအလွန်ကောင်းသည်။ ထို့ကြောင့် ကျွန်ုပ်သည် စာပေ၊ ပန်းချီ၊ ပန်းပု၊ ဂီတ၊ ပန်းမန်မှ စ၍ အလွန် နှစ်သက်သည်။ ကိုယ်တိုင် သီချင်းတစ်ပုဒ်မျှ မရခဲ့။ သို့ရာတွင် ခံစားချက်ကို နားလည်သည်။ ပန်းချီကောင်းစွာ ဆွဲတတ်သည်။ ငယ်စဉ်က ကဗျာစီခဲ့ သည်။ သွားလေရာအရပ် ပန်းပင်စိုက်သည်။ အမြဲတမ်း သန့်ရှင်းအောင်နေသည်။

အထက်ပါ မာဂဏ္ဍီကို ဘုရားဟောတော်မူသည့်အတိုင်း သင်၏ ခန္ဓာကိုယ်၌ ကျင်ကြီးကျင်ငယ် ပြည့်နေသည်ဆိုသည်ကို ရုတ်တရက် နားမလည်ချေ။ အဘယ့်ကြောင့် ဆိုသော် မာဂဏ္ဍီသည် အလွန်ချောမောသည်ဟု ဆိုထား၍ ဖြစ်သည်။ ရှင်ဘုရင်၏ မိဖုရားပင် ဖြစ်ခဲ့သည်။

တစ်နေ့သောအခါ ကျွန်ုပ်သည် နံနက် ၃ နာရီမှ ၄ နာရီထိ ပရိတ်တော်များ ရွတ်၍ လမ်းလျှောက်နေစဉ် သမာဓိအား ကောင်းလာသဖြင့် မိမိဝမ်းထဲမှာရှိသော အူတွေ၊ အသည်းတွေ ရင်ခွဲကြည့်ဘိသကဲ့သို့ မြင်ရသည်။ အလွန် ကြောက်လန့်သွားသည်။

ထိုနေ့မှစ၍ မိမိကိုယ်ကိုလည်း ရွံစရာဟု သိမြင်လာသည်။ လိုချင်သောစိတ် မရှိတော့ချေ။ ခန္ဓာကိုယ်ကြီးကို စွန့်ပစ်လိုက်ချင်သည်။ အခြားသော အာရုံငါးပါးကိုလည်း စိတ်၌မတောင့်တတော့။ ခန္ဓာကိုယ်မရှိရာကိုသာ ရောက်ချင်သောစိတ် ဖြစ်လာသည်။ ခန္ဓာကိုယ်၏ ဒုက္ခကို လုံးသာမန်တို့ သိခဲသည်။ မြတ်စွာဘုရားက 'ခန္ဓာကိုယ်ရှိသမျှ ချမ်းသာသည်ဆိုလျှင် လူမိုက်'ဟု ခေါ်သည်။

ခန္ဓာကိုယ်သည် အမြဲ ဖောက်ပြန်သည်။ ပူသည်၊ အေးသည်၊ ညောင်းသည်၊ ခေါင်းကိုက်သည်၊ ထမင်းဆာသည်၊ ကျင်ကြီးကျင်ငယ် ကိစ္စရှိသည်မှ စ၍ အမြဲဖောက်ပြန် နေသည်။ ၃၂ ကောဋ္ဌာသ၊ ဆံပင်၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေထူ၊ အရေပါးမှ စ၍ အူ၊ အသည်းကို တစ်ခုစီကြည့်လျှင် ဘာမျှ တွယ်တာစရာမရှိ။ မက်စရာမရှိကြောင်း ဓာတ်သဘောအားဖြင့် သိခဲ့သည်။

ထို့ကြောင့် ကျွန်ုပ်သည် အမြန်ဆုံး ရဟန်းပြု၍ တရားအားထုတ်ရန် ဆုံးဖြတ် လိုက်သည်။ ငယ်ငယ်က နားမလည်ခဲ့သော မာဂဏ္ဍီဓာတ်ကို ယခုအသက် ၅၀ ကျော်မှ ကိုယ်တွေ့ဖြစ်လာ၍ ဘုရားကို အလွန်ပင် ကြည်ညိုလှသည်။ ဤကဲ့သို့ ရှေးကံကြောင့် အမြန်မှန် ရလာခဲ့သည်။ 'ဣမေ ခန္ဓာသမော၊ ဒုက္ခောနာမနတ္ထိ၊ ဤခန္ဓာကိုယ်နှင့် တူသော ဆင်းရဲခြင်းသည် မရှိဟု' ဘုရားဟောတော်မူသည်။

## ကျွန်ုပ် လက္ခဏာဆရာ ဖြစ်ရခြင်းအကြောင်း

ကျွန်ုပ်တို့ငယ်စဉ်က မန္တလေးမှ ဗေဒင်ဆရာများသည် မြို့တကာ ရွာတကာ လှည့်လည်၍ ဗေဒင်ဟောသည်။ ဓာတာဖွဲ့သည်။ တစ်မြို့ရောက်လျှင် ဘုန်းကြီးကျောင်းမှာ တည်းခို၍ လွယ်အိတ် တစ်ဖက်တစ်ချက် ထမ်းပိုးပြီး လမ်းတကာ၌ ထီးတစ်လက်နှင့် ဗေဒင်ဟောသည်။ ဓာတာဖွဲ့သည်ဟု လမ်းတကာလျှောက်၍ အော်လေ့ရှိသည်။ ထိုအခါ ဝါသနာပါသူများကခေါ်၍ တွက်ကြသည်။ မေးကြသည်။ တချို့ ဓာတာဖွဲ့သည်။ တစ်ခါ မေးလျှင် ထိုခေတ်က တစ်ယောက်တစ်မတ်မျှသာ ဖြစ်သည်။

ကျွန်ုပ် ၁၀ နှစ်သားအရွယ်လောက်တွင် ပုဏ္ဏားကြီးတစ်ယောက်ကိုခေါ်၍ မိဘ များက မေးကြသည်။ သူသည် ဗေဒင်တွက်ခြင်း မရှိဘဲ လက္ခဏာကို ကြည့်သည်။ လက္ခဏာတတ်သည် မတတ်သည်ကို ကျွန်ုပ် နားမလည်ပါ။ သူ့အဆိုအရ 'သင့်လက္ခဏာ

မှာ ထီးရိုးကြီး အလွန် ကောင်းသည်။ ဒီထီးရိုးကြီး ကောင်းတဲ့အတွက် မင်းဖြစ်တတ်သည်။ သို့မဟုတ် ရဟန်းဖြစ်တတ်သည်'ဟု ဟောသည်။ ဟုတ်သည် မဟုတ်သည် အပထား ကျွန်ုပ်သည် လက္ခဏာကို စွဲလမ်းသွားသည်။ တတ်ချင်လာသည်။

ရှင်ပြု၍ ရှင်သာမဏေ ဖြစ်သောအခါ၌လည်း ဆရာဘုန်းကြီးက လက္ခဏာတော်ကြီး ၁၂ ပါး ဘုရားရှိခိုး အရကျက်ပြီးလျှင် ဘုရားရှိခိုးရသည်။ ထိုအခါ ပို၍ လက္ခဏာဝါသနာပါလာသည်။ ထို့ကြောင့် ငယ်ငယ်က လေးတန်း၊ ငါးတန်း၊ ခြောက်တန်းလောက်အရွယ်တွင် ညအခါ ကလေးများနှင့် ကစားရာ၌ လက္ခဏာဟောတမ်း ကစားသည်။ ကလေးများကို 'ငါလက္ခဏာ ဟောပေးမည် လာခဲ့ကြ'ဟု ခေါ်ပြီးလျှင် 'မင်းက ချမ်းသာလိမ့်မည်၊ သူဌေးဖြစ်လိမ့်မည်၊ မင်းကတော့ ကျောင်းဆရာဖြစ်မည်၊ မင်းကတော့ ထောင်ကျမည်' စသည်ဖြင့် ကိုယ်ပြောချင်တာ ပြော၍ လက္ခဏာဟောတမ်း ကစားခဲ့သည်။ ရှေးဘဝက ပါရမီပါခဲ့သောကြောင့် ဖြစ်ဟန်တူသည်။

ရှေးကဇာတ်တော်၊ နိပါတ်တော်များတွင် တက္ကသိုလ် ဆရာကြီးထံ လူမျိုးစုံ၊ ရှင်ဘုရင့် သားတော်၊ သမီးတော်မှစ၍ ဆင်းရဲသားအထိ ပညာသင်ရန် လာကြသည်။ ထိုအခါ ဆရာကြီးက သူတို့ကို တစ်လ၊ နှစ်လခန့် ဘာပညာမှ သင်ပေးခြင်း မပြုသေး။ သူတို့နောက်ဘက်က ပါလာခဲ့သော အထုံစစ်ဆေးသည်။

စစ်ဆေးပုံမှာ ညနေပိုင်းတွင် ကျောင်းဘေး၌ ကလေးများ ကစားသောအခါ တက္ကသိုလ်ဆရာကြီးသည် ကျောင်းရှေ့ ဆင်ဝင်ပေါ်မှနေ၍ စာအုပ်တစ်အုပ်နှင့် မှတ်တမ်းတင်ထားသည်။ စစ်ဖက်၌ ထူးချွန်မည့် ကလေးများသည် စစ်တိုက်တမ်း၊ ဓားခုတ်တမ်း၊ မြားပစ်တမ်း ကစားကြသည်။ ထိုသူများကို စစ်အတတ် ပညာသင်ပေးသည်။ အချို့ကလေးများသည် ဆေးကုတမ်း၊ ဆေးဆရာလုပ်တမ်း ကစားသည်။ သူ၏ အထုံပါရမီသည် ဆေးပညာဖြစ်သည်ဟု ဆေးပညာ သင်ပေးသည်။ ဆရာဇီဝကသည် ဤနည်းအားဖြင့် ဆေးဆရာကြီး ဖြစ်လာသည်။ ကုန်သည်လုပ်မည့် သူများသည် အလေးချိန်ခွင်နှင့် ရောင်းဝယ်တမ်း ကစားကြသည်။ ထိုသူများကို အရောင်းအဝယ်ပညာ၊ အတွက်အချက်ပညာများကို သင်ပေးသည်။ စာရေးဆရာ၊ သီချင်းရေးဆရာ ဖြစ်မည့်သူများသည် ကဗျာစပ်ကြသည်၊ တေးဆိုကြသည်။ အကအခုန် ထူးချွန်မည့်သူများသည် က,တမ်းကစားသည်။

ဤနည်းအားဖြင့် ရောက်လာသော ကျောင်းသားများကို နောက်ဘဝက ပါခဲ့သော အလေ့အကျင့် ဗီဇအတိုင်း လိုရာသင်ပေးသဖြင့် သင်သောပညာများသည် အလွန် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည်။ စစ်ကြီးမဖြစ်ခင်က အီတလီပြည်ရှိ ပညာရှိကြီးတစ်ဦးဖြစ်သော မွန်တက်စရီဆိုသော အမျိုးသမီးပါမောက္ခကြီး တစ်ယောက်သည် ဤနည်းဖြင့် ကျောင်းသားများကို ပညာသင်ပေးကြောင်း ဖတ်ဖူးသည်။ အလွန် မှန်ကန်သောနည်းဖြစ်သည်။

ယခုခေတ်ကဲ့သို့ အားလုံးဆရာဝန် ဖြစ်ချင်သောကိစ္စမျိုး မဟုတ်ချေ။ လူတိုင်း

လူတိုင်းတွင် ကံအမျိုးမျိုးပါသည်။ အသက်ရှည်ဖို့၊ အသက်တိုဖို့၊ ချမ်းသာဖို့၊ ဆင်းရဲဖို့၊ သူဌေးဖြစ်ဖို့၊ ရှင်ဘုရင်ဖြစ်ဖို့၊ မျက်စိကန်းဖို့ စသည်ဖြင့် ပါခဲ့သည်။ ဥပမာ–သူဌေး ဖြစ်မည့် ကံဇာတာပါသူသည် အေဘီစီ တစ်လုံးမှ မတတ်စေကာမူ သူဌေးဖြစ်လာကြသည်။ မြန်မာပြည်တွင် သူဌေးဘွဲ့ရအောင် ချမ်းသာသူများသည် ငယ်စဉ်တုန်းက အလွန် ဆင်းရဲသူများ ဖြစ်သည်။ ဆရာဝန်ဖြစ်တိုင်းလည်း ချမ်းသာသည်မဟုတ်။ အချို့ ချမ်းသာသည်။ အချို့ ကြီးကျယ်သော ချမ်းသာမှုမရ၊ စားသောက်နိုင်ရုံ ဖြစ်သည်။

ဥပမာ–မိန်းကလေးတစ်ယောက်၏ ကံဇာနှင့်တူသည်။ အချို့ မိန်းကလေးများသည် ချောမောလှပ၍ ပဲပြုတ်ရောင်းနေရသည်။ အချို့ မိန်းကလေးများမှာ ကုလားမကြီးကဲ့သို့ မည်းကာ သုံးမရသော ရုပ်မျိုးဖြစ်သည်။ သို့ရာတွင် သူ၏ ကံကောင်းသောကြောင့် သူဌေးကတော်၊ မင်းကြီးကတော် ဖြစ်နေသည်။ ဤကဲ့သို့ သူ့ကံနှင့်သူ လာကြသည်။ ဝါသနာပါတာလုပ်မှ ကြီးပွားသည်။

ပန်းချီဆရာကြီး ဦးငွေကိုင်မှာ ထားဝယ်မြို့မှ ရန်ကုန်မြို့သို့ ရောက်သောအခါ သူ့အိတ်ထဲတွင် ငွေ ၂ ကျပ်၊ ပြား ၅၀ သာပါသည်။ ပန်းချီဆရာကြီးများထံ တပည့်ခံ၍ အိမ်ကိစ္စအဝဝ ကူညီပြီးလျှင် ပညာသင်ခဲ့ရသည်။ ဤနည်းဖြင့် သူသည် ကမ္ဘာကျော် ပန်းချီဆရာ ဖြစ်လာသည်။ အင်္ဂလန်သို့ ရောက်ခဲ့ရသည်။ အစိုးရက တစ်လတစ်ထောင် ပေးထားသည်။ မိမိ စိတ်ပါသော အလုပ်ကိုလုပ်မှ စိတ်ဝင်စားသည်။ စိတ်ဝင်စား၍ ကြိုးစားမှသာလျှင် လူ့ဘဝ၌ ကြီးကျယ်သော အောင်မြင်မှုရသည်။

ကျွန်ုပ်သည် ငယ်စဉ်က လက္ခဏာဆရာလုပ်တမ်း ကစားခဲ့သည့်အတိုင်း ယခုအခါ လက္ခဏာဆရာ ဖြစ်လာခဲ့သည်။ ဗေဒင်ပညာကို ဆရာတော်များထံမှ သင်ခဲ့သည်။ လက္ခဏာပညာကို စာအုပ်ရသမျှ အဟောင်း၊ အစုတ်၊ အမြတ်မုစ၍ ဝယ်ယူဖတ်ရှုခဲ့သည်။ လေ့လာခဲ့သည်။ ဖတ်ပါများသောအခါ၊ အတွေ့အကြုံများသောအခါ မှန်ကန်စွာ ဟောနိုင်ခဲ့သည်။ ရန်ကုန်မြို့သို့ ရောက်သောအခါ ကျွန်ုပ်သည် သံရုံးတစ်ရုံးတွင် ဘာသာပြန် အဖြစ် တစ်လသုံးရာရသည်။ နောက် စာပေဗိမာန် ပေါ်လာသောအခါ စာပြုစာမေးပွဲ ဖြေ၍ အောင်...

...ရေး၍ ကျမ်းပြုရသည်။ နောက် ကျူရှင်ပေးသည်။

...။ သို့ရာတွင် ကျွန်ုပ်နှင့် ခင်မင်သောသူများ၊

...မေးကြသည်။ ဗေဒင်မေးကြသည်။ တစ်ယောက်

...ချ်ကြားသွား၍ ခဏခဏ လာမေးကြသည်။

...င်းပန်ထားရသည်။ အဘယ့်ကြောင့်ဆိုသော်

...ရွှေတိဂုံဘုရားသို့သွား၍ ပုတီးစိပ်၊ ညနေ ၇

...ချိန်အကုန် မခံလိုသောကြောင့် ဖြစ်သည်။

...ပေးသည်။

...၄၈–၄၉ ခုနှစ်၌ ကြေးမုံမဂ္ဂဇင်း ပေါ်လာ

...မှ အံ့ဖွယ်ရာအကြောင်းများကို ကြေးမုံ

...သည်။ ...

...ကိုက်သည်။ ...

...ဆိုတ်

မဂ္ဂဇင်းသို့ ရေးပို့သည်။ ဆရာကြီးကိုင်ရိုက မည်သည့်ဘုရင်၊ မည်သည့် မိုလ်ချုပ်ကြီးကို မည်ကဲ့သို့ ဟောလိုက်ပုံ၊ မည်ကဲ့သို့ မှန်လှပုံ၊ ဓာတ်ပုံများနှင့် ရေးသည်။ ဤနည်းဖြင့် နှစ်လသုံးလ ကြာလျှင်ပင် ဆရာဖြစ်ဖို့ကံက အတင်းတွန်းပို့နေသည်။

မိုလ်ချုပ်ဈေး အနောက်ဘက်တန်းရှိ ဇာဘော်လီဆိုင်မှ လက္ခဏာဝါသနာပါသူ အမျိုးသမီးနှစ်ဦးက စာရေးသည်။ သူတို့သည် တနင်္ဂနွေနေ့တွင် ဈေးပိတ်သောကြောင့် လက္ခဏာလာ၍ မေးလိုကြောင်း၊ နံနက် ၉ နာရီလောက် လာမည့်အကြောင်း စာရေးသည်။ ကျွန်ုပ်မှာ ဘာမှ ပြင်ဆင်မှု မရှိချေ။ ထို့ကြောင့် သစ်သားဆိုင်းဘုတ်သေးသေးလေး တစ်ခုကို နာမည်ရေး၍ အိမ်ရှေ့တွင် ချိတ်ထားသည်။

သူတို့လာသောအခါ နှစ်ခန်းတွဲအိမ်လေးတွင် တစ်ခန်းငှားနေရခြင်း ဖြစ်သည်။ စားပွဲကြီး ကုလားထိုင်ကြီးမရှိ။ ထမင်းစားပွဲကလေးချ၍ ဟောပေးသည်။ သူတို့က အလွန်မှန်လှကြောင်း ကျေနပ်စွာ ပြောပြခဲ့သည်။ ဤနည်းဖြင့် တစ်ဆင့်ထက်တစ်ဆင့် ဗေဒင်မေးသူများ များလာသည်။ ကျွန်ုပ်၏ မိဘများသည် ကုန်သည်မျိုးရိုး ဖြစ်သည်။ ကျွန်ုပ်သည် လက္ခဏာဆရာ၊ ဗေဒင်ဆရာ လုပ်လိုသောစိတ် မရှိချေ။ အဘယ့်ကြောင့် ဆိုသော် ဘုရားပေါ်တွင် ထိုခေတ်က တစ်မတ်နှင့် ဟောနေကြသည်။ လမ်းဘေးတွင် တစ်မူးနှင့်ပင် ဟောနေကြသည်။ ဗေဒင်ဆရာ၊ လက္ခဏာဆရာကို မည်သူကမှ မလေးစား၊ အပြင်းပြေ မျောက်ပွဲကြည့်သလို သဘောထားကြသည်။ ထို့ကြောင့် ကျွန်ုပ်သည် ဤပညာနှင့် အသက်မွေးရန် စိတ်မကူးချေ။

ကျွန်ုပ်၏ လက္ခဏာတွင် ဆရာကြီးကိုင်ရိုကဲ့သို့ ဂမ္ဘီရကြက်ခြေနှစ်ခု ပါနေသည်။ ကြက်ခြေတစ်ခုမှာ ကံကြမ္မာလမ်းဖြစ်၍ လက်ခလယ်သို့ တက်သွားသည်။ ထိုပညာနှင့် အသက်မွေးရမည်ဟု ပြောခြင်းဖြစ်သည်။ ကျွန်ုပ်သည် မယုံနိုင်၊ ဒီအလုပ်ကိုလည်း လုပ်မစားဟု ဆုံးဖြတ်ထားခြင်း ဖြစ်သည်။

ကျွန်ုပ်သည် ငယ်စဉ်ကစ၍ အဖေမရှိ။ ကြီးသောအခါ အမေမရှိ။ ထို့ကြောင့် လခစား လုပ်ရသည်။ ထိုခေတ်က တို့ဗမာအစည်းအရုံး ပေါ်ပေါက်လာ၍ သခင်ခေတ် ဖြစ်သည်။ ကောလိပ်ပညာကို 'ကျွန်ပညာ'ဟု ခေါ်သည်။ ကောလိပ်ကိုလည်း သပိတ်မှောက်ကြသည်။ ထို့ကြောင့် ကျွန်ုပ်သည် လခစားအလုပ်ကို မလုပ်လိုပေ။ သို့ရာတွင် မိမိမှာ အရင်းအနှီးတစ်ပြားမှ မရှိ။ လခစားမလုပ်လိုက ထမင်းငတ်ရုံသာ ရှိတော့သည်။

ကျွန်ုပ်သည် ဘုရားကို အထူးကြည်ညိုသည်။ ဘုရားတရားတော်ကိုလည်း အထူးယုံကြည်သူ ဖြစ်သည်။ ဤနည်းဖြင့် ကျွန်ုပ် ရှစ်တန်းရောက်သော အချိန်ကစ၍ ဥပုသ်နေ့တိုင်း ရှစ်ပါးသီလယူ၍ ဥပုသ်စောင့်၊ စကားမပြော နှုတ်ပိတ်နေသည်။ အဘယ့်ကြောင့် ဆိုသော် စကားပြောလျှင် ရယ်ရွှင်ဖွယ်ပြော၍ သူငယ်ချင်းများကြောင့် ဥပုသ်ကျိုးသွားတတ်သည်။ ညတိုင်း ဂုဏ်တော်ကိုးပါး ပုတီးစိပ်ပြီးလျှင် ဘုရားတပည့်တော်သည် လခစားဘဝမှ လွတ်မြောက်ပါစေဟု ပြင်းပြင်းထန်ထန် ယုံယုံကြည်ကြည် ဆုတောင်းခဲ့သည်။

## လမ်းသစ်စာအုပ်တိုက်

စင်စစ်ဆိုလျှင် လခစားဘဝမှ လွတ်မြောက်ရန်လမ်းမရှိပါ။ ဘုရား၏ဂုဏ်ကျေးဇူး၊ တရား၏ဂုဏ်ကျေးဇူးကြောင့် မိမိတတ်ခဲ့သော လက္ခဏာပညာနှင့် လခစားဘဝမှ လွတ်မြောက်ခဲ့သည်။ ထို့ကြောင့် မြတ်စွာဘုရားက အောက်ပါအတိုင်း ဟောတော်မူသည်။

**အင်္ဂုတ္တရအဋ္ဌကထာ**

ယံ–ယံ၊ ပတ္ထေတွာ၊ ကရောတိ
တံ–တံ၊ နိပ္ဖါဒေတိ ယေဝ

ယံ–အကြောင်းအလိုရှိအပ်သော အရာကို၊ ပတ္ထေတွာ–တောင့်တပန်ထွာ၍၊ ယံ–အကြောင်းကုသိုလ်အထူးကို၊ ကရောတိ–ပြု၏။

တံ–ဤကုသိုလ်အထူးသည်၊ တံ–ထိုလိုလားချက် အကျိုးအာနိသင်ကို၊ နိပ္ဖါဒေတိ ယေဝ–ပြီးစီးပြည့်စုံစေနိုင်သည်သာတည်း။

ထို့ကြောင့် မည်သူမဆို ဒါနသီလလုပ်၍ဆုတောင်းလျှင် ပြည့်စုံနိုင်သည်။ ကျွန်ုပ်သည် စာအုပ်မှစ၍ တိုက်တာအဆောက်အအုံ ဝယ်သည်အထိ ဆုတောင်းခဲ့သည့်အတိုင်း မိမိကြိုက်သလို၊ တောင့်တသလို အမှန်ပင် ပြည့်စုံခဲ့သည်။ ပြည့်စုံသည်ဟုဆိုရာ၌ ဘုရားကို အကြွင်းမဲ့ ယုံကြည်၍ အလွန် ပြင်းထန်သော သဒ္ဓါတရားဖြင့် ကြည်ညိုမှသာ ဖြစ်နိုင်သည်။

ဖြစ်သင့်ဖြစ်ထိုက်သော ကိစ္စဟူသမျှ တကယ်ပင် ပြည့်စုံသည်။ ဥပမာ–စာမေးပွဲအောင်ပါစေ၊ အလုပ်အကိုင် ဟိုမြို့မှဒီမြို့သို့ ပြောင်းရပါစေ။ မည်သည့်ရောဂါမဆို ပျောက်ကင်းပါစေ စသည်ဖြင့် ဖြစ်နိုင်သမျှကို မုချဖြစ်စေသည်။ သို့သော် တစ်ခုသော ချွင်းချက်ရှိသည်။ သူဌေးကြီးဖြစ်မည်။ ရှင်ဘုရင်ကြီး ဖြစ်မည်ကဲ့သို့ ကြီးကျယ်သောကိစ္စများမှာ မိမိ နောက်ဘဝက ပြုခဲ့သော ပုဗ္ဗေစကတပုညတာ၊ ရှေးကပြုခဲ့ဖူးသော ကုသိုလ်ကောင်းမှုရှိသောသူဖြစ်မှသာ ရောက်နိုင်သည်။

မဖြစ်နိုင်သည်ကို လုံးဝ မဖြစ်ချေ။ ဥပမာ–လက္ခဏာဆရာက နန်းရင်းဝန်ကြီးဖြစ်စေလိုသော်လည်းကောင်း၊ ခြောက်တန်းသမားက မင်းကြီးဖြစ်ချင်သော်လည်းကောင်း၊ မထိုက်မတန်သော မဖြစ်နိုင်သည့်ကိစ္စကိုမူ ပုဗ္ဗေစ မပါလျှင် လုံးဝမဖြစ်နိုင်ချေ။ လက္ခဏာများတွင် သူဌေးဖြစ်မည်။ ရှင်ဘုရင်ဖြစ်မည် စသည် ပါပြီးသားဖြစ်သည်။

ထို့ကြောင့် မိမိနှင့် ဖြစ်သင့်ဖြစ်ထိုက်သည်များကို ဖြစ်စေလိုက ငါးပါးသီလကို စောင့်ထိန်း၍ ဂုဏ်တော်ကိုးပါးကို ပုတီးသုံးပတ် စိပ်ပြီးလျှင် ဆုတောင်းပါက မုချရတာများသည်။ ဘုရားကို ယုံကြည်မှု၊ ကြည်ညိုသည့် သဒ္ဓါတရားရှိဖို့က ပို၍အရေးကြီးသည်။

ကျွန်ုပ်သည် မည်သည့် ကိစ္စမဆို ဆရာသမားများက ကောင်းသည်ဆိုလျှင် လိုက်နာလေ့ ရှိသည်။ ဆရာသမားများစကား နားထောင်နာလွယ်သောသူ ဖြစ်သည်။ တစ်ခွန်းတည်းနှင့် နားထောင်သည်။ ကောင်းသော အတုကိုသာ ခိုးခဲ့သည်။ မကောင်းသော အတုကို မခိုး။ ဟန်မဆောင်ချင်၊ မလိမ်ချင်၊ ဘွင်းဘွင်းပြော၍ ရန်များသည်။ ၁၅ နှစ်

သားကပင် သူများအသက် မသတ်ပါ။ အသက် ၆၀ ကျော်လျှင် ရဟန်းပြုမည်ဟု ဘုရားမှာ ကတိပြုခဲ့သည်။ သို့ရာတွင် သားသမီးများ အလုပ်အကိုင် နေရာကျမသေး၍ အောင့်နေခဲ့ရသည်။ ၁၀ တန်းရောက်သောအခါ သင်ရသည့် မဟာဇနက္ကမင်းကြီးသည် အလွန်လိမ္မာသော သီဝလိဒေဝီမိဖုရားကြီး ရှိသည်။ မိဖုရားကြီးမှာ အလွန်လိမ္မာသည့် အပြင် မောင်းမ ၅၀၀ ခန့်ရှိသည်။ ဤမျှလောက် ချမ်းသာနေပါလျက်နှင့် အသက်ကြီးသောအခါ ရသေ့ဝတ်၍ နေသည်။ နောက်က မိဖုရားတွေ လိုက်လာသော်လည်း ရသေ့ပြု၍ တောထွက်သွားသည်။

ထို့ကြောင့် ကျွန်ုပ်လည်း ကြီးသောအခါ ရဟန်းပြုမည်ဟု ဆုံးဖြတ်ထားခဲ့သည်။ ကောင်းသော အတုခိုးခြင်း ဖြစ်သည်။

ကျွန်ုပ်တွင် မျိုးချစ်စိတ်ရှိသည်။ ငါ ချမ်းသာအောင် လုပ်မယ်။ ငါ ချမ်းသာလျှင် ရွှေတိဂုံဘုရားကြီးကို ရွှေအပြည့်ကပ်မည်။ ဆင်းရဲသော ကျောင်းသူကျောင်းသားများအား စာအုပ်ထောက်ပံ့မည်။ ဆင်းရဲသော ဘုန်းတော်ကြီးကျောင်းများကို လှူဖွယ်အမျိုးမျိုးများကားနှင့်တိုက်၍ လှူမည်။ ဤသို့ ဆုံးဖြတ်ခဲ့သည်။

ကျွန်ုပ်သည် လက္ခဏာဆရာအဖြစ် ဤကဲ့သို့ အောင်မြင်လာရသည်မှာ လွယ်လွယ်နှင့် ဖြစ်သည်မဟုတ်ပေ။ အလွန် ပင်ပန်းခံ၍ ကြိုးစားခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် ဆင်းရဲသားဘဝမှ၊ စာအုပ်မဝယ်နိုင်သည့် ဘဝမှ ဖြစ်လာရသည်။ အင်္ဂလိပ်မင်းလက်ထက်က ရန်ကုန်မြို့သို့ ရောက်လာသောအခါ စာအုပ်အသစ် မဝယ်နိုင်၊ အဟောင်းဆိုင်များကို လိုက်၍ရှာရသည်။ ထိုအခါ ဆူးလေဘုရား ပတ်ဝန်းကျင်၌ စာအုပ်အဟောင်းဆိုင်များ ရှိသည်။ ထိုဆိုင်များမှ ဆရာကြီးကိုင်ရို၏ လက္ခဏာကျမ်းများကို ဝယ်ခဲ့ရသည်။

ပို၍ ကံကောင်းသည်မှာ ထိုခေတ်အခါက မြန်မာဗေဒင် ပညာရှိများအားလုံး၊ ပုဏ္ဏားဗေဒင်များအားလုံး အာယုစန်းနှင့် ဟောသည်။ မဟာသုဇာတကကျမ်းတွင်ပါသော နက္ခတ္တိကဒသာဖြင့် ဟောသည်။ အားရပါးရ အာမခံလောက်အောင် မှန်သောပညာမျိုး မဟုတ်ချေ။ သို့ရာတွင် ကျွန်ုပ်သည် ရှေးကံ အလွန်ကောင်းသည်။ ရန်ကုန်မြို့သို့ နောက်တစ်ခေါက် ရောက်သောအခါ ပြည်မြို့ နာမည်ကျော် ဗေဒင်ဆရာကြီးတစ်ဦး ဖြစ်သော မေဓာဝီ ဦးစံညွှန့်ရေးသော ဝိသုတ္တရီဒသာ ဟောနည်းကျမ်းကို ရခဲ့သည်။ ဤကျမ်းကို ရပြီးသောအခါ အခေါက်ပေါင်း တစ်ထောင်လောက်ဖတ်၍ စာအုပ်ထဲပါသော ဇာတာများကိုလည်း တွက်တတ်လာသည်။ မိမိနှင့် အခြား သူ၏ဇာတာများကို တွက်ကြည့်ရာ အံ့သြလောက်အောင် မှန်ခဲ့သည်။ အိန္ဒိယပြည် သက္ကတကျမ်းများမှ ဘာသာပြန်ထားခြင်း ဖြစ်သည်။ စစ်ပြီးမှသာလျှင် ဗေဒင်ဆရာများ ဝိသုတ္တရီဒသာကို အလေးမူ၍ တွက်တတ်လာကြသည်။ အင်္ဂလိပ်မင်းခေတ်က ယခု ဗိုလ်ချုပ်ဈေးခေါ်သော စကော့ဈေး အနောက်ဘက်တန်းတွင် စကော့ဈေး စာအုပ်ဆိုင်ကြီးဟု အင်္ဂလိပ်ဆိုင်းဘုတ်နှင့် အလွန်ကြီးသော စာအုပ်ဆိုင်ကြီးတစ်ခု ရှိသည်။ ထိုဆိုင်သို့သွား၍ ဆရာကြီးကိုင်ရိုရေးသော လက္ခဏာကျမ်း စာအုပ်အကြီးကြီးတွေ တွေ့ရသည်။ သို့ရာတွင် မိမိမှာ

မဝယ်နိုင်။ အဖိုးကလည်း စာအုပ်ကြီးသလောက် အဖိုးကြီးသည်။ ထို့ကြောင့် မဝယ်နိုင်ဘဲ ဖြစ်ခဲ့သည်။

ဂျပန်ဝင်လာပြီး တိုင်းပြည်ငြိမ်သက်သောအခါ ကျွန်ုပ်တို့သည် မိဘသဖွယ်ဖြစ်သော ဆရာသမားများနှင့် ရန်ကုန်မြို့တွင်လာ၍ အလုပ်ရှာခဲ့သည်။ ထိုအခါ ကျွန်ုပ်သည် လူပျိုဘဝကရှိသော ဟမ်ဘားစက်ဘီး အသစ်တစ်စီး ရန်ကုန်သို့ပါလာသည်။ စစ်ပြီးကာစ၌ စကော့ဈေး အနောက်ဘက်ရှိ အင်္ဂလိပ်ဆိုင်ကြီးမှာ လုံးဝမပျက်စီးသေး။ ဆရာကြီးကိုင်ရှိ၏ စာအုပ်များစွာ ရှိနေသည်။

ထိုစဉ်အခါက ကျွန်ုပ်သည် သယ်ယူပို့ဆောင်ရေးဌာန လက်အောက်ရှိ သယ်ယူပို့ဆောင်ရေးအရာရှိ ဖြစ်သည်။ စမ်းချောင်းမှာနေ၍ ပုဇွန်တောင်ထင်းပုံဆိပ်သို့ နေ့တိုင်းသွား၍ ပို့ဆောင်ရေးကိစ္စများကို ဆောင်ရွက်ရသည်။ ထိုအခါ စက်ဘီးနှင့်သွားသည်။ ပြန်သည်။ သို့ရာတွင် စကော့ဈေးစာအုပ်ဆိုင်သို့ ရောက်သောအခါ ကျွန်ုပ်သည် စက်ဘီးကို ၁၅၀ ကျပ်နှင့် ရောင်းလိုက်ပြီးနောက် ကိုင်ရှိ၏ လက္ခဏာစာအုပ်တွေ အားလုံးကို ဝယ်လိုက်သည်။ ကျွန်ုပ်၏ အတွေးအခေါ်မှာ မိမိသည် လက္ခဏာပညာကို အလွန်ဝါသနာပါသည်။ ဘာကြောင့်ဖြစ်ဖြစ် မိမိအတွက် အကျိုးရှိနိုင်သည်။ သူတစ်ပါးကိုလည်း ကူညီနိုင်သည်။ ပညာထူးတစ်ခုဖြစ်သည်ဟု ယုံကြည်သောကြောင့် ဖြစ်သည်။

စက်ဘီးမရှိသောအခါ ဂျပန်ခေတ်တွင် ဘတ်စ်ကားလည်း မရှိ။ ဓာတ်ရထားလည်း မရှိ။ ပုဇွန်တောင်ထင်းပုံဆိပ်အထိ စမ်းချောင်းမှနေပြီး ခြေကျင်သွားရသည်။ အလုပ်လုပ်ရသည်။ မိမိနှင့် ခင်မင်သော သူတွေက အပြစ်တင်ကြသည်။ မိမိကိုယ်ကို အဆင်းရဲခံပြီးလျှင် စာအုပ်တွေ ဝယ်သည်မှာ မသင့်တော်ဟု ပြောကြသည်။ သို့ရာတွင် မိမိ လိုချင်သော ပစ္စည်းကို ရသဖြင့် မိမိသည် အလွန် စိတ်ချမ်းသာသည်။ လက္ခဏာကျမ်းများကို ဖတ်ရှုလေ့လာသောအခါ လက်တွေ့လည်း လိုက်၍ဟောသဖြင့် မှန်လာသည်။ ထို့ကြောင့် လောကနီတိကျမ်း၌ မည်သည့်ပညာမဆို ဆုံးခန်းတိုင်အောင် တတ်ခဲ့လျှင် အသက်မွေးဝမ်းကြောင်းပညာ ဖြစ်နိုင်သည်ဟု ပညာရှိများက ဆိုထားခဲ့သည်။ ဆုံးခန်းတိုင်မရောက်လျှင်တော့ အောင်မြင်မှုမရချေ။ မည်သည့်ကိစ္စမဆို၊ မည်သည့်ပညာမဆို ဆုံးခန်းတိုင်အောင် ကြိုးစားလျှင် မအောင်မြင်ဘဲ မရှိပါ။ ကြိုးစားထိုက်ပါသည်။

## ထမင်းရည်သောက်ခြင်း

ကျွန်ုပ်သည် ရန်ကုန် ရောက်ခဲ့သော ၁၉၄၈ ခုနှစ်ကစ၍ နံနက်သုံးနာရီ အိပ်ရာမှ ထသည်။ တရားထိုင်ခြင်း၊ ပရိတ်တော် စသည်တို့ ရွတ်ဖတ်ခြင်းဖြင့် တစ်နာရီခွဲကြာလမ်းလျှောက်ပြီးလျှင် လေးနာရီခွဲသောအခါ အိမ်ဖော်များကိုနှိုး၍ အရဏ်ဆွမ်းချက်ပြီး ဆွမ်းတော်တင်လေ့ ရှိသည်။ ထိုခေတ်က ပန်းသီးများ အလွန်ပေါသည်။ အလွန်ကြီးသော ပန်းသီးကြီး ဆယ်လုံးမှ ငါးကျပ်သာ ပေးရသည်။ ထို့ကြောင့် ပန်းသီးနှင့် အမြဲဆွမ်းတော်တင်သည်။ ကော်ဖီ၊ ပေါင်မုန့်ထောပတ်သုတ်ပါ ဆွမ်းတော်တင်သည်။ ထောပတ်မရက

ကော်ဖီသာတင်သည်။ လူတွေက ကော်ဖီသောက်ပြီး ဘုရားကို ရေတော်ကပ်တာ ဘုရားကို သဒ္ဓါမရှိရာ ရောက်သည်။

ကျွန်ုပ်သည် သာမဏေ ဘဝတုန်းက ကျောင်းတွင် နံနက်တိုင်း ရာဟုခေါ် ဆန်ပြုတ်ကျဲကျဲကို သံဃာတော်များအားလုံး မှီဝဲကြသည်။ တစ်ခါတစ်ရံ နွားနို့ထည့်သည်။ တစ်ခါတစ်ရံ အုန်းသီးကိုခြစ်၍ အမှုန့်ပြုလုပ်ပြီး ထည့်သည်။ အလွန်ချိုသည်။ အလွန်မွှေးသည်။ ကျွန်ုပ် အလွန်နှစ်သက်သည်။ ထို့ကြောင့် ကျွန်ုပ် နံနက်တိုင်း ဆွမ်းတော်တင်ပြီးသောအခါ ထမင်းရည်ကို လက်ဖက်ရည်တချို့ တစ်ပန်းကန်လုံးခန့် အလယ်တည် ပန်းကန်တွင် ထည့်သည်။ နွားနို့နှင့် ဆတူရောစ၍ ဆားအနည်းငယ်၊ သကြားအနည်းငယ် ထည့်သောက်လေ့ ရှိသည်။ ကော်ဖီ၊ လက်ဖက်ရည်ထက် အရသာရှိသည်။ သို့ရာတွင် ကြိုက်နှစ်သက်မှ ကောင်းသည်။ ကျွန်ုပ် အလွန် ကြိုက်သည်။

အနောက်တိုင်း ဆေးကျမ်းများထဲတွင်လည်း ထမင်းရည်ထဲတွင် ဘီတာမင်ဘီဝမ်းပါသည်။ အကြောအချဉ်များကို ပျော့ပျောင်းစေသည်။ အကြောတက်သော ရောဂါမဖြစ်ဟုဆိုသည်။ ယင်းပြင် ခွန်အားတိုးတက်စေသည်။ ဝမ်းမီးကို အေးစေသည်။ ဆေးကျမ်းများနှင့်လည်း ညီညွတ်သည်။

ရာဇဝင်တွင် သာလွန်မင်းကြီးသည် နံနက်စောစော ဆင်တော်ဖြင့် ခရီးထွက်စဉ် ဆင်းရဲသူမတစ်ယောက် ထမင်းရည်ငှဲ့ပြီးလျှင် မြေကြီးပေါ်၌ သွန်ပစ်သည်ကို မြင်သောကြောင့် ဤကဲ့သို့ သွန်ပစ်ရန် မသင့်ကြောင်း၊ သားသမီးများကိုတိုက်က အာဟာရဖြစ်ကြောင်းကို ထိုအမျိုးသမီးအား ညွှန်ကြားခဲ့သည်ဟု ပါသည်။ ယခုခေတ်တွင် ထမင်းချက်ရာ၌ ရေခမ်းချက်သင့်ကြောင်း၊ ဆန်ထဲမှ အဆီအနှစ်အားလုံး ရေထဲ၌ ပါသွားကြောင်း ကမ္ဘာအရပ်ရပ် ညွှန်ကြားသည်။ မြန်မာပြည်တွင်လည်း တစ်ခါတုန်းက အစိုးရကိုယ်တိုင် ညွှန်ကြားချက် ထုတ်ပြန်၍ အားပေးသည်။ သို့ရာတွင် မည်သူမှ ဂရုမစိုက်ချေ။

ကြက်သားနှင့် အာလူးချက်လျှင် ကြက်သားထဲမှ ချိုသောအရသာသည် အာလူးထဲ ရောက်သွားသည်။ အာလူးသီးကိုစားလျှင် ချိုနေသည်။ ကြက်သားကတော့ အဝတ်ခုတ်ကြီး ဝါးရဘိသကဲ့သို့ သူ့ထံ၌ ချိုသောအရသာ မရှိတော့ချေ။ အလွန် သီသာသည်။ ထို့ကြောင့် ပေါ်ဆန်းမွှေး၊ ပုသိမ်စပါးနက်ကဲ့သို့သော ဆန်များကို ချက်လျှင် ထမင်းရည်ထဲတွင် ထောပတ်သဖွယ် အဆီဥလေးများ ဝေ့နေသည်ကို တွေ့ရသည်။ အလကား လွှင့်ပစ်ရသည်ကို အလွန် နမြောစရာ ကောင်းလှသည်။ ဘုရားဟောသည်ကိုလည်း ကြည့်ပါဦး။ မြတ်စွာဘုရားက ဆွမ်းလှူသောသူကို 'အကျိုးငါးပါးရကြောင်း၊ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်း၊ ပညာကြီးခြင်း စသော ငါးပါးသော အကျိုးကို ရသည်'ဟု ပဉ္စောဒနမထေရ် ဝတ္ထုတွင် ဖော်ပြထားသည်။

တစ်ဖန် ရေလှူရာ၌ ဆယ်ပါးသောအကျိုးရကြောင်း ဖော်ပြထားသည်။ ရေလှူသောသူတွင် ဆယ်ပါးသောအကျိုးကို ရသည်။ ထိုအကျိုးမှာ သန့်ရှင်း၊ ကျော်ကြား၊ ခြံရံများ၊ လျှင်ကြားမွတ်သိပ်ပျောက်။ သက်ရှည်၊ ဆင်းလှ၊ ချမ်းသာရ၊ ခွန်အားဉာဏ်ပြည့်မြောက်။

ရေအကျိုးဆယ်ပါး မြိမှတ်သား လူငြားနိဗ္ဗာန်ရောက်ဟု ရှေးက ဆရာတော်များ စပ်ထားခဲ့သည်။ ရေကြောင့် ဆယ်ပါးသောအကျိုး ရနိုင်သည်။ ထို့အတူ ရာဟုလှူရသော အကျိုးဆယ်ပါးအကြောင်း ဟောထားတော်မူသည်။ ရာဟုဆိုသည်မှာ ဆန်ပြုတ်ကျဲကျဲဖြစ်သည်။ ရာဟုလှူရသော အကျိုးဆယ်ပါးမှာ 'အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ပညာကြီးခြင်း၊ မွတ်သိပ်ဆာလောင်ခြင်းကို ပျောက်စေခြင်း၊ ရေငတ်ခြင်းကို ပျောက်စေခြင်း၊ လေနာကိုလည်း ပျောက်စေခြင်း၊ အစာဟောင်းကို ထုတ်ပယ်ခြင်း၊ အစာသစ်ကို ကြေစေခြင်း'ဟူသော ဆယ်ပါးသော အကျိုးရကြောင်း ဟောတော်မူသည်။

မြတ်စွာဘုရား၏ ရွှေဉာဏ်တော်မှာ ဒါနကုသိုလ်ပြုရာ၌ အဖိုးတန်သည်၊ မတန်သည်၊ ပစ္စည်းတန်ဖိုးထက် စားသုံးရသော *သံဃာတော်များတွင် အကျိုးခံစားရသော* အချက်များကို ရည်စူး၍ ဟောထားတော်မူသည်။ ဆွမ်းအကျိုးငါးပါး၊ ရေအကျိုးဆယ်ပါးဟု ဟောရာ၌လည်း စဉ်းစားကြည့်ပါ။ ထမင်းကို ခုနစ်ရက် အငတ်ခံနိုင်သည်။ ရေကို ခုနစ်ရက် အငတ်မခံနိုင်။ သေသွားနိုင်သည်။ ရေသည် လူ၏ခန္ဓာကိုယ်တွင် ထမင်းထက် ပို၍ အရေးပါသည်။ အရာရောက်သည်။ ထို့ကြောင့် ရာဟုသည်လည်း လူ၏ခန္ဓာကိုယ်၌ အကျိုးတရားရရာတွင် ထမင်းထက် ပို၍ အရေးပါသည်။ အရာရောက်သည်။

ဤတရားများကို သိရသဖြင့် ကျွန်ုပ်သည် နံနက်တိုင်း ထမင်းရည်ကို နွားနို့တစ်ဝက်ရော၍ သောက်သည်။ အညောင်းအကိုက်မရှိ၊ အသားအရေ နုပျို၍ စိုနေသည်။ ကျွန်ုပ်ထက် ဆယ်နှစ်ခန့်ငယ်သော သူများပင်လျှင် အဘိုးကြီးကဲ့သို့ ဖြစ်နေသည်။ အစားအသောက်၊ အနေအထိုင်မတူ၍ဖြစ်သည်။ စမ်းသောက်ကြည့်ပါ။ အရသာရှိကြောင်း တွေ့၍ အသက်လည်း ရှည်စေနိုင်ပါသည်။ ရောဂါ(၉၆)ပါးလည်း ပျောက်ပါသည်။

ဤကဲ့သို့ ဆွမ်းအလှူ၊ ရေအလှူများနှင့် ပတ်သက်၍ ပုံပြင်တစ်ခုရှိသည်။ မှတ်စရာကောင်းသည်။ တစ်ရံရောအခါ ကျောင်းအမကြီးတစ်ယောက်သည် သူ၏ကျောင်းတွင်ရှိသော ဆရာတော်ကြီးအား ဆွမ်းချက်၍ ဟင်းလေးငါးမျိုးဖြင့် ကျောင်းသို့ ဆွမ်းပို့လာခဲ့သည်။ ထိုအခါ ဘုန်းတော်ကြီးက ဆွမ်းအကျိုး ငါးပါးအတိုင်း အသက်ရှည်ခြင်း၊ ခွန်အားကြီးခြင်း၊ ချမ်းသာကြီးခြင်း၊ အဆင်းလှခြင်း၊ ပညာကြီးခြင်းဟူသော အကျိုးငါးပါးရကြောင်း ဟောသည်။

ထိုကဲ့သို့ တရားဟောနေစဉ် ဆင်းရဲသော ဒါယိကာမတစ်ယောက်သည် ရေတွင်းထဲက ရေခပ်၍ ရေအိုးအပြည့် ရွက်လာပြီးလျှင် ဆရာတော်ကြီးအား ရေလှူသည်။ ထိုအခါ ဆရာတော်ကြီးက အထက်က ဖော်ပြခဲ့သည့်အတိုင်း ရေအကျိုးမှာ ဆယ်ပါးရကြောင်း ဟောတော်မူသည်။

ထိုအခါ ဆွမ်းလှူရသော ကျောင်းအမကြီးက မကျေမနပ်ဖြစ်သည်။ ထို့ကြောင့် ဆရာတော်ဘုရားကို လျှောက်ထားသည်။ "ဆရာတော်ဘုရား စဉ်းစားကြည့်ပါ။ တပည့်တော်သည် ဟင်းခွက်များစွာအတွက် ငွေတွေ အများကြီးကုန်သည်။ လူလည်း အလွန်ပင်ပန်းအောင် အမျိုးမျိုး ချက်ရသည်။

ဤကဲ့သို့ ဆွမ်းဟင်းလှူရသည်ကိုမူ အကျိုးငါးပါးသာ ဟောခဲ့သည်။ ဒီအမျိုးသမီးက ရေတွင်းထဲက ရေလေးတစ်အိုး ဆွဲလှူရုံမျှနှင့် ဆယ်ပါးသော အကျိုးပေးလိမ့်မည်ဟု ဆိုသည်မှာ မတရားပါ"ဟု လျှောက်ထားပါသည်။

ထိုအခါ ဘုန်းတော်ကြီးက ကျောင်းအမကို အရှည်ကြီး ဟောနေလျှင် အခက်တွေ့နေမည်။ ထို့ကြောင့် အလွယ်ဆုံးနည်းနှင့် ဟောပြသည်။ "ကျောင်းအမကြီး ဆွမ်းချက်တုန်းက ဘာနှင့်ချက်သလဲ"ဟု မေးသည်။ "ရေနှင့် ချက်ပါသည်ဘုရား"ဟု လျှောက်ထားသည်။ "ကျောင်းအမကြီး ဟင်းချက်တုန်းက ဘာနှင့်ချက်သလဲ"ဟု မေးသည်။ "မှန်ပါ၊ ရေနှင့် ချက်ပါသည်"ဟု လျှောက်ထားသည်။ ထိုအခါ ဘုန်းတော်ကြီးက "ဒကာမကြီး ဆွမ်းလှူရာတွင် ရေလည်းပါသည် မဟုတ်ပါလား။ ထို့ကြောင့် ရေအကျိုး ဆယ်ပါးနှင့် ဆွမ်းအကျိုး ငါးပါးပေါင်းသော် ဆယ့်ငါးပါး ရသည်"ဟု ဟောသည်။ ထိုအခါ ကျောင်းအမကြီးသည် ပို၍ ကြည်ညိုသွားသည်။ ဤကား မှတ်စရာဖြစ်သည်။

ကျွန်ုပ်သည် လေးကြိမ်တိတိ ရှုးကာနီးအောင် ဖြစ်ခဲ့ဖူးသည်။ ကံကောင်း၍သာ မရှုးခြင်းဖြစ်သည်။

## ပထမအချက်

ကျွန်ုပ်သည် အလွန် ရှုံတတ်သဖြင့် အများနှင့် နေရာ၌ တော်တော် ဒုက္ခရောက်သည်။ ကျွန်ုပ်သည် ဆရာပီမိုးနင်း၏ တိုးတက်ရာ၊ ကြီးပွားရာ စာအုပ်များကို ဖတ်ရှုလိုက်နာသူတစ်ယောက်ဖြစ်သည်။ ပီမိုးနင်းသည် ကျွန်ုပ်၏ ကျေးဇူးရှင်ဆရာကြီးဖြစ်သည်။ ကျွန်ုပ်ချမ်းသာလျှင် ကန်တော့မည်ဟု စိတ်ကူးထားသည်။ သို့ရာတွင် ကျွန်ုပ်ငယ်ငယ်ကပင် ဆရာပီမိုးနင်း ကွယ်လွန်ခဲ့သည်။ သူ၏စာအုပ်များအနက် တစ်နေရာတွင် ဤကဲ့သို့ ရေးထားသည်။

"သင်သည် မည်သည့် အလုပ်ကိုလုပ်လုပ် သူတစ်ပါးထက် ကြီးပွားချင်လျှင် မြန်မာလူမျိုးချင်း မပြိုင်ပါနှင့်။ အင်္ဂလိပ်၊ အမေရိကန်ရှိ လူမျိုးများကို သူတို့ထက်သာအောင် လုပ်မည်ဆိုပြီး ပြိုင်ကြည့်ပါ။ မြန်မာလူမျိုးထက် အသာလေး ကျော်လွန် အောင်မြင်လိမ့်မည်ဟု ဆိုသည်။ စိတ်လေ့ကျင့်ခန်း လုပ်ရာ၌ မိမိ မလုပ်ချင်သော အလုပ်ကို လုပ်ရမည်။ မိမိ မဖတ်ချင်သော စာကို ဖတ်ရမည်။ မိမိ အလွန်ကြည့်ချင်သော ရုပ်ရှင်ကို မကြည့်ဘဲ နေရမည်။ မိမိ အလွန်ကြိုက်သော ဟင်းကို စားပွဲပေါ်၌ ရှိသော်လည်း မစားဘဲ နေရမည်။ အဓိပ္ပာယ်မှာ မလုပ်ချင်သော အလုပ်ဟူသမျှ လုပ်ရမည်။ လုပ်ချင်သော အရာများကို ရှောင်ရမည်။ ဤကဲ့သို့လုပ်လျှင် စိတ်ဓာတ်ပြင်းထန်၍ စိတ်ဓာတ်ရင့်သန်မည်"ဟုဆိုသည်။

ကျွန်ုပ်သည် လူသေအလောင်း ဟူသမျှကို မကြည့်ရဲ၊ သူတစ်ပါးကို အလွန်သနားတတ်သည်။ ကျွန်ုပ်၏ လက္ခဏာတွင် နှလုံးလမ်းကြောင်းခေါ် မေတ္တာလမ်းကြောင်းသည် အလွန်ကြီး၍ ကြာသပတေးဂြိုဟ်အထိ ရောက်နေသည်။ ဉာဏ်စွမ်းလမ်းကြောင်း

သည် တနင်္လာဂြိုဟ်အထိ ဆက်နေသဖြင့် အလွန်ပင် စိတ်ထိခိုက်လွယ်သည်။ ရှက်တတ်သည်။ လွမ်းတတ်သည်။ သနားတတ်သည်။ တရုတ်ခေါက်ဆွဲဆိုင်တွင် ဝက်အူချောင်းများချိတ်ထားလျှင် စားဖို့မပြောနှင့် ကြည့်တောင်မကြည့်ရဲ ဖြစ်သည်။ သွေးသံရဲရဲကိုလည်း မကြည့်ရဲချေ။ သူများအသက်ကို မလွဲသာလို့သာ စားနေရသည်။ ငယ်စဉ်ကပင် သက်သတ်လွတ် စားသောနှစ်က များသည်။

အသုဘရှုပို့လျှင် သူတစ်ပါးငိုလျှင် ကိုယ်က မျက်ရည်ကျသည်။ လမ်းထဲ၌ အသုဘရှိက ဘယ်တော့မှမသွား ကွေ့သွားတတ်သည်။ အဘယ်ကြောင့်ဆိုသော် ဆွေမျိုးတွေ ပူညံပူညံငိုက ကိုယ်က မျက်ရည်ကျလာသည်။ အရှက်ကွဲသည်၊ ကိုယ်နှင့်လည်း မဆိုင်ဘဲနှင့် သနား၍ငိုခြင်း ဖြစ်သည်။ ကျွန်ုပ်သည် ကျောက်မဲခရိုင် တောင်ပိုင်နယ် နမ့်စန်မြို့တွင် ကျောင်းဆရာလုပ်စဉ်က အဖြစ်အပျက်တစ်ခု ကြုံခဲ့သည်။ သူတို့ရပ်ရွာ ဓလေ့ ဖြစ်သည်။

တစ်ခါသော် ကျွန်ုပ်တို့ အရပ်တွင် အိမ်ထောင်ရှင် ယောကျ်ားတစ်ယောက် သေဆုံးသည်။ သင်္ဂြိုဟ်ပြီးသောအခါ ခုနစ်ရက်အတွင်း ရက်မလည်မီ အိမ်တွင် အပျင်းပြေဖဲဝိုင်းများလုပ်၍ အိမ်ရှင်ကို စောင့်ရှောက်ကြသည်။ အိမ်ရှင်က ခုနစ်ရက်အတွင်း လာသမျှ လူတွေကို ထမင်းကျွေးရသည်။ ထို့ကြောင့် သေသူ၏မိန်းမကို ကျွန်ုပ်က မေးကြည့်သည်။ "ခုနစ်ရက်လုံး ချက်ကျွေးနေရင်း အစ်မကြီးတို့မှာ ငွေတွေ တော်တော်ကုန်မှာပေါ့"ဟု မေးမိသည်။ ထိုအခါ အစ်မကြီးက "ငွေကုန်တာ ကုန်ပါစေ၊ အိမ်ကလေးကို တစ်ထောင်ကျပ်နှင့်ပေါင်၍ စရိတ်လုပ်နေရသည်"ဟု ပြောပြသည်။ ထို့ကြောင့် ကျွန်ုပ်သည် သူတို့ကျွေးသော ထမင်းဟင်းကို မြို၍မကျသဖြင့် မစားဘဲနေသည်။ ထိုအခါ မိတ်ဆွေများက "မသာအိမ်မှ ထမင်းဟင်းကို မစားသည်မှာ ဆေးဝါးလက်ဖွဲ့ကြောင့်လား"ဟု မေးသည်။ အမှန်အတိုင်း ပြောရန်မသင့်သဖြင့် "ဆေးဝါးလက်ဖွဲ့ကြောင့်လည်း မဟုတ်ပါ။ မစားချင်လို့ မစားတာ"ဟု ပြောရသည်။

ဆရာပီမိုးနင်း၏ စာအုပ်အတိုင်း မိမိ မလုပ်ချင်သော အလုပ်ကို လုပ်သောအကျင့်ကို ကျင့်ခဲ့သည်။ တစ်ခါတုန်းက မေမြို့သစ်တောရုံးတွင် အလုပ်လုပ်နေစဉ် ကျွန်ုပ်တို့နှင့် တစ်ရုံးတည်းလုပ်သော ဒုတိယတောအုပ်ကြီးတစ်ယောက် ကွယ်လွန်ခဲ့သည်။ သူသည် အရက်ကို အလွန်သောက်သူ ဖြစ်သည်။ ထို့ကြောင့် အသက်မရှည်။ လူ့ပြည်တွင်ရှိသော အရက်မှန်သမျှ သူ မသောက်ဖူးတာ မရှိချေ။ သူနှင့် ကျွန်ုပ် အလုပ်တူသဖြင့် အသုဘပို့ခဲ့ရာ ကျွန်ုပ်သည် လူသေကောင်များကို အကျင့်ရအောင် ကိုင်ကြည့်မည်ဟု ဆုံးဖြတ်သည်။ သင်္ချိုင်းသို့ရောက်သော် အသုဘကားပေါ်မှ သူ၏ခေါင်းကို လက်ကိုင်ကွင်းက ကိုင်၍ သုသာန်ရှိရာ ဇရပ်ထဲသို့ ပို့ပေးခဲ့သည်။

ထိုစဉ်က ကျွန်ုပ်သည် စိတ်ထဲ၌ ဘာမှမဖြစ်ခဲ့ချေ။ သို့ရာတွင် အိမ်ပြန်လာပြီးသောအခါ ကျွန်ုပ်၏လက်ကို ဆေးသည်။ အခါနှစ်ဆယ်မက ဆေးသည်။ စိတ်ထဲ၌ ဖျောက်ဖျက်၍မရ ဖြစ်သွားသည်။ ညအိပ်သောအခါ လက်ကို စောင်အပြင်ဘက်၊ ခြင်ထောင်

အပြင်၌ ထား၍အိပ်သည်။ လူသေခေါင်းကိုင်ခဲ့သော လက်ကို စိတ်ထဲက ရွံသည်။ မိမိလက်ကြီးကို ဖြတ်ပစ်လိုက်ချင်သည်။ ဤမျှလောက် စိတ်ထိခိုက်ခဲ့သည်။ ရူးမသွားတာ အလွန် ကံကောင်းသည်။ ရူးကာနီး မျဉ်းကြောင်းလေး တစ်ကြောင်းသာ ခြားနေတော့သည်။ ၁၀ ရက်ကြာမှ စိတ်ရှင်းသွားသည်။

## ဒုတိယအချက်

ကျွန်ုပ်၏အမေက 'ပုဂံပြည်ရှိ ရွှေစည်းခုံဘုရားကို တစ်ခေါက်သွားဖူးရက အမိနို့ဖူးကျေသည်'ဟု ပြောလေ့ရှိသည်။ ဤကား ရှေးစကားဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်သည် ပုဂံမြို့ကို သွားချင်သောစိတ် စွဲနေသည်။ ၁၅ နှစ်သားလောက်မှ စ၍ ပုဂံမြို့ကို အမြဲတမ်း ခဏခဏအိပ်မက် မက်သည်။ အိပ်မက်ထဲတွင် မြင်ရသော ဘုရားစေတီများမှာ ယခုရှိနေသော ပုံမျိုးမဟုတ်။ အောက်ခြေကစ၍ ထီးအထိ ရွှေထိန်ထိန်လင်းနေသည်။ များစွာသော ဘုရားစေတီတွေ ရှိသည်။ ထိုပုံအတိုင်းကိုပင် ခဏခဏ မြင်မက်သည်။ မိမိနေထိုင်ခဲ့သော ရွှေပိန်းချထားသော နှစ်ထပ်အိမ်ကြီးကိုလည်း နှစ်ကြိမ်တိတိ မြင်မက်ခဲ့သည်။ ရှေးဟောင်း ဘုရားတန်ဆောင်း ပြသာဒ်များကို မြင်လျှင်သော်လည်းကောင်း၊ ရှေးနန်းတွင်းဘုရင် မိဖုရားများ ဝတ်စားပုံများကို မြင်သော်လည်းကောင်း အလွန် သဘောကျသည်။ နှစ်သက်သည်။

၁၀ တန်းသို့ရောက်သောအခါ ရာဇဝင် သင်ရသည်။ ရာဇဝင်မှာ အင်္ဂလိပ်ဘာသာ စာအုပ်ဖြစ်သည်။ မစ္စတာဟာဘီ၏ ရာဇဝင်စာအုပ်ဖြစ်သည်။ စာအုပ်ထဲတွင် ကျန်စစ်သားမင်းသည် အာနန္ဒာစေတီတော်မြတ်ကြီး တည်ပြီးသောအခါ ရေစက်ချရန်အတွက် မြင်းဖြူကိုစီး၍ မင်းပရိသတ် စုံလင်စွာဖြင့် ဘုရားသို့ ရောက်လာပြီးလျှင် သံဃာတော်များအား ရေစက်ချ၍လှူသည်ဟု ပါသည်။ သို့နှင့် ကျွန်ုပ်သည် ကျန်စစ်သားမင်းကြီး၏ ဘာသာရေး အလေးပေးမှုများကို အားကျသည်။ မိမိမှာ ယခင်က ကျန်စစ်သားမင်း ဖြစ်ခဲ့မည်လားဟု စိတ်ထဲမှ စွဲယူခဲ့ဖူးသည်။

## တတိယအချက်

ကျွန်ုပ်သည် နက္ခတ်ဗေဒင်သို့ ငယ်စဉ်ကပင် ဝါသနာပါသဖြင့် နက္ခတ်တွေ အားလုံးကို ကောင်းကင်၌ ကြည့်ရှုလေ့လာသည်။ ဆရာသမားများက သင်ပေးသဖြင့် အားလုံးကို သိခဲ့နားလည်ခဲ့သည်။ စာအုပ်ထဲက တတ်သည်မဟုတ်ချေ။ ဆရာသမားများ သင်ပေးသဖြင့် ဤနက္ခတ်သည် ဘာဖြစ်သည်ကို အားလုံးသိသည်။ အားလပ်သော ညများ၌ နက္ခတ်ကြည့်သည်။ ရှေးစာများတွင် နေ၊ လ၊ နက္ခတ်တာရာ များသည် အရှေ့ကျွန်းမှ ထွက်၍ အနောက်ကျွန်းသို့ ဝင်သွားသည်ဟု ဆိုသည်။ သုံးကျွန်းလင်းခိုက်၊ တစ်ကျွန်းမိုက်ဟု ဆိုသည်။

နက္ခတ်တို့သည် အနောက်ကျွန်းသို့ ရောက်မရောက် သိလို၍ ကျွန်ုပ်သည် ရှုဝံ

ကြယ်နားကပ်၍နေသော ကြယ်တစ်လုံးကို မှတ်ထားသည်။ ယင်းကြယ်သည် သန်းခေါင်ကျော်၍ တစ်ချက်တီးသောအခါ ဓူဝံကြယ်အောက်သို့ ရောက်လာသည်။ အနောက်ဘက်သို့ လုံးဝမသွား။ ဓူဝံကြယ်ကို ပတ်ပြီးလျှင် နံနက်မိုးသောက်သောအခါ ဓူဝံကြယ်၏ အရှေ့ဘက်မှ ပေါ်လာသည်။ ထို့ကြောင့် အနောက်ကျွန်းသို့ နက္ခတ်တာရာများ ရောက်သည်ဆိုသည်မှာ လုံးဝမဟုတ်နိုင်။ နည်းနှင့်ကြည့်လျှင် နက္ခတ်တာရာများသည် ဘယ်ကိုမှ ရွေ့သည်မရှိ။ သူ့ထုံးစံအတိုင်း နေခဲ့သည်။

တစ်ခါတုန်းက အမေရိကန်မှ ကမ္ဘာသို့ ဒုံးပျံဖြင့် သုံးလေးကြိမ် တက်ခဲ့သည်။ ရောက်ခဲ့ကြသည်။ လပေါ်မှကြည့်လျှင် ကမ္ဘာမြေကြီးသည် မိုးကောင်းကင်ပေါ်၌ ရှိသည်။ လပေါ်မှကြည့်သော် ကမ္ဘာမြေကြီးသည် အရှေ့ဘက်မှစ၍ အလုံးလိုက် ပေါ်လာသည်။ ကျွန်ုပ်တို့ ကမ္ဘာပေါ်မှ ကောင်းကင်ကို ကြည့်လျှင် ဤကဲ့သို့ပင် နေလုံး၊ လလုံးများ ပေါ်လာသည်။ ထို့ကြောင့် မြေကြီးမှကြည့်လျှင် နေ၊ လ တို့သည် ကောင်းကင်မှာရှိသည်။ အထက်မှာရှိသည်။ တစ်ဖန် လမှကြည့်လျှင် ကမ္ဘာမြေကြီးသည် အထက်မှာရှိသည်။ အောက်မှာရှိလျှင် မြင်၍မရ၊ အထက်မှာရှိလျှင် မြင်၍ရသည်။ ထို့ကြောင့် ကျွန်ုပ် စဉ်းစားသည်။ မြေကြီးက အထက်မှာရှိသလား၊ လက အထက်မှာရှိသလား စဉ်းစားသော အခါ ရူးမလို ဖြစ်သွားသည်။ အဘယ်ကြောင့်ဆိုသော် အားလုံးသော ကမ္ဘာ၊ နေ၊ လ၊ နက္ခတ်တာရာများတို့သည် အလုံးကြီးများဖြစ်၍ လဟာပြင်၌ လည်နေကြသည်။ သူ့လမ်းအတိုင်း သွားသည်။ ထို့ကြောင့် မြတ်စွာဘုရားသည် လောကကြီးတွင် မကြံစည်အပ်တာ ကြံစည်လျှင် ရူးသွားနိုင်သည်ဟု ဟောခဲ့သည်။

## စတုတ္ထအချက်

ကျွန်ုပ်သည် အလွန် ရှုံရှာတတ်သည်။ တစ်နေ့သောအခါ စဉ်းစားကြည့်သည်။ ကျွန်ုပ်သည် ငယ်စဉ်ကပင် ဝက်သားနှင့် အမဲသားကို မစားခဲ့ပါ။ ထို့ကြောင့် ငါးများကို စားသည်။ ငါးကို ကြည့်သောအခါ၌လည်း သဘော်ပေါ်က လူတွေစွန့်သော မစင်ကို စားကြသည်။ ထို့ကြောင့် ငါးကိုလည်း မစားချင်။ ငါးသည် မသန့်ရှင်း၊ ငါးသည် တီကောင်ကို မြိုသည်။ ဝက်သည် မစင်ကို စားသည်။ ထို့ကြောင့် အနံ့ကို မခံနိုင်။ သတ္တဝါတွေအားလုံးကို ကြည့်လျှင် သန့်ရှင်းမှု မရှိချေ။ ထို့ကြောင့် ငါးတွေ၊ ပုစွန်တွေကို လည်း မစားချင်၊ သက်သတ်လွတ်စားမည်ဟု စိတ်ကူးလိုက်သည်။

တစ်ဖန် ဆန်စပါးကို စဉ်းစားပြန်သည်။ စပါးဆိုသည်မှာ နောက်ချေးထည့်၍ လုပ်ရသည်။ ဆန်သည် စပါးမှ နောက်ချေးကို မှီး၍ ဖြစ်လာသည်။ ဆန်ကိုလည်း မစားချင်။ ဆန်ကို ချက်၍မစားလျှင် ဘာကို စားမည်နည်း။ စားစရာ မရှိချေ။ စဉ်းစားသောအခါ ရူးချင်သလို ဖြစ်လာ၍ စဉ်းစားခြင်းကို ဖြတ်လိုက်သည်။ ငါ၏ ခန္ဓာကိုယ်လည်း အပုပ်ကောင် ဖြစ်သည်။ အစာများလည်း အပုပ်များဖြစ်သည်ဟု ဘုရားတရားတော်နှင့် ကြည့်မှ သက်သာရာ ရသွားသည်။ ထို့ကြောင့် အတွေးခေါင်လျှင် ရူးသွားနိုင်သည်ဟု

ရှေးလူကြီးများ ပြောသည်မှာ အလွန်မှန်လှသည်။ တွေးသင့်သည်ကို တွေး၍ မတွေးသင့်သည်ကို မတွေးနှင့် ရူးသွားနိုင်သည်။

ကျွန်ုပ်သည် အလွန် အသန့်အရှင်း ကြိုက်သဖြင့် မိမိသောက်သော ရေအိုးကို မိမိကိုယ်တိုင် ဆေးကြော၍ ထည့်သည်။ အိမ်ဖော်များကို မခိုင်းချေ။ အဘယ်ကြောင့်ဆိုသော် မသန့်မရှင်းဖြစ်လျှင် ရောဂါဖြစ်နိုင်သည်။ ထို့ကြောင့် အမြဲတမ်း ဂရုစိုက်သည်။ ရန်ကုန်မြို့ကိုရောက်သည့် ၁၉၄၉ ခုနှစ်ကစ၍ ရေစစ်ဖြင့် သောက်သည်။

ထိုစဉ်က ရိုးကုမ္ပဏီကြီးတွင် အင်္ဂလန်နိုင်ငံမှလာသော ကျောက်ရေစစ်အိုးများ ရှိသည်။ မြန်မာရေတကောင်းကဲ့သို့ အရှည်လေးဖြစ်သည်။ လည်ပင်းက ကြွေဖြစ်သည်။ သောက်ရေအိုးထဲ လည်ပင်းဖော်၍ စိမ်ထားလျှင် ရေများ စိမ့်ဝင်လာသည်။ အထုလက်မဝက်ခန့် ရှိသည်။ အရှည်တစ်တောင်ခန့် ရှိသည်။ ထိုစဉ်က ခြောက်ပိုင့်ဝင်သော ရေစစ်တစ်ခုကို ၃၆ ကျပ် ပေးရသည်။ ထို့ကြောင့် အိမ်မှာဝယ်၍ ရေအိုးထဲ၌ထည့်ပြီးလျှင် ရေစစ်ဖြင့် သောက်သည်။ သို့ရာတွင် လူဦးရေများသောအိမ်၌ မကိုက်ချေ။ အဘယ့်ကြောင့်ဆိုသော် နှစ်ယောက်စာမျှလောက်သာ ရေဝင်သည်။

ထိုရေကို သောက်လိုက်လျှင် အလွန်အရသာရှိသည်။ ရေထဲ၌ အနံ့အသက်လည်း မပါ။ အနယ်လည်း မပါ။ ၉၆ ပါး ရောဂါပိုးလည်း မပါချေ။ ကျွန်ုပ်သာမဟုတ်။ ကျွန်ုပ်၏ ဆရာတော်ဘုရားများဖြစ်သော ဝေဘူဆရာတော်၊ ပြည်မြို့ ရတနာမာရ်အောင်ဆရာတော်ဘုရား၊ ရွှေကျင်ဆရာတော်ဘုရားမှစ၍ ဆရာသမားများအား ဤကျောက်ရေစစ်များကို အမြဲအလှူတန်းသည်။ အသက်ရှည်ရန် ကျင့်အပ်သော ဒါနထဲတွင် ရေစစ်တစ်ခုပါသည်။ အဝတ်ရေစစ်ဆိုလျှင် ခဏနေပြဲသွားသည်။ စုတ်သွားသည်။ ကျောက်ရေစစ်ဆိုမူ ခဏခဏ ဘေးက သံဘရပ်နှင့် တိုက်ပေးလျှင် နှစ်ပေါင်း ၃၀ ကျော် ကိုင်ရသည်။ ယခုနှစ်ကျမှ လွတ်ကျကွဲသွားသည်။ နောက်ထပ်လည်း ဝယ်၍မရသဖြင့် နယ်ခြားရှိ မိတ်ဆွေများထံ မှာထားသည်။ ရေစစ်နှင့် သောက်ခြင်းသည် ၉၆ ပါးရောဂါပိုးဟူသမျှကို ကာကွယ်ပေးသည်။ ရေ၏အရသာ ထူးခြားစွာရှိသည်။ အနံ့ဟူသမျှလည်း မပါတော့ချေ။ ယင်း ရေစစ်များကို ဝယ်မရတော့ချေ။ ရေစစ်ရသောအခါ၌ ဝယ်၍ အသုံးပြုကြပါ။ အသက်ရှည်ပါသည်။

## ခေါင်းအုံးမပါဘဲ အိပ်ခြင်း

ယောက်ျား၊ မိန်းမ တစ်ယောက်ယောက် လမ်းလျှောက်သွားလျှင် ဘေးက ကြည့်ပါ။ တချို့သည် ဖြောင့်တန်းသော ကိုယ်ခန္ဓာရှိ၍ တချို့မှာ လက်ပြင်ကုန်းပြီး ခေါင်းက ရှေ့ကို ငိုက်နေသည်။ ကိုယ်ခန္ဓာ ဖြောင့်တန်း၍ လက်ပြင်၊ ပခုံးဖြောင့်မတ်သော သူများမှာ အရောင်းအဝယ် စသည့် လုပ်ငန်းမျိုးလုပ်သောသူ ဖြစ်သည်။ လက်ပြင်ကုန်း၍ ရှေ့ကို ခေါင်းငိုက်နေသူများမှာ ရုံးအလုပ်သမားများ၊ ကျောင်းဆရာ၊ ဆရာမများ ဖြစ်တတ်သည်။ အဘယ်ကြောင့်ဆိုသော် ဈေးရောင်း ဈေးဝယ်သူများမှာ အလုပ်လုပ်ရာ၌ ကုန်းကွ၍

လုပ်စရာမလို။ ဖြောင့်ဖြောင့်မတ်မတ် ထိုင်၍ရေးသည်။ ဝယ်သည်။ ထသည်။ ရွှေ့သည်။ လေ့ကျင့်ခန်း အမြဲလုပ်နေရသည်။ ထို့ကြောင့် သူတို့မှာ လက်ပြင်ကုန်းခြင်း မရှိချေ။

ရုံးသူရုံးသားများ၊ ကျောင်းဆရာ၊ ဆရာမများမှာ စားပွဲ၌ထိုင်၍ လုပ်ရသည်။ လက်ပြင်ကုန်းပြီး ခေါင်းကပါ ရှေ့သို့ ငိုက်နေတတ်သည်။ အဆုပ်နှင့် အစာအိမ်ကို ဖိ၍ထားသောကြောင့် ကျန်းမာရေးမကောင်း၊ အသက်တိုသည်။ ကျွန်ုပ်၏ဘဝခရီးတွင် အများအားဖြင့် စားပွဲမှာထိုင်၍ လုပ်ရသည်။ ထို့ကြောင့် အလွန်ပင် နောက်ကြောတက်သည်။ ညအိပ်သောအခါ ခေါင်းအုံးမပါဘဲ ချည်စောင်ကလေး တစ်ထည်ကို လက်တစ်လုံးခန့် ဦးခေါင်းမနာရုံခံ၍ အိပ်သည်။ ဤကဲ့သို့ ဖျာနှင့်တစ်ကိုယ်လုံး ဖြောင့်မတ်စွာ ထိ၍နေသောကြောင့် အိပ်လိုက်လျှင် နောက်ကြောတက်သော၊ ညောင်းသောကိစ္စတွေ အားလုံးပြေသွားသည်။

အနောက်တိုင်းနိုင်ငံမှ ကျန်းမာရေး လေ့ကျင့်ခန်း လုပ်သောသူများတွင်လည်း ဤကဲ့သို့ အိပ်ရမည်ဟု ညွှန်ကြားသည်။ ဦးခေါင်းနှင့် နောက်ကျော တညီတည်းထား၍ ခေါင်းအုံးမပါဘဲ အိပ်သောအခါ သွေးလှည့်ပတ်ရာတွင် ဦးခေါင်းကို သွေးရောက်သည်။ ချက်ချင်း အိပ်ပျော်သည်။ အိပ်မပျော်သောရောဂါ မရှိတော့ပေ။

တစ်နေ့လုံး စားပွဲမှာ ကုန်း၍လုပ်နေရသည်မှာ အလွန် အကြောတက်သောကြောင့် ခေါင်းအုံးမပါဘဲ အိပ်လိုက်လျှင် အညောင်းအညာအားလုံး ပြေသွားသည်။ အသက်ရှူလည်း မှန်လာသည်။ ထို့ကြောင့် ကျန်းမာရေးစေလိုလျှင် ခေါင်းအုံးမပါဘဲ အိပ်ပါ။ လူများအသက်ကြီးလာလျှင် အိမ်မပျော်သောရောဂါ ဖြစ်တတ်သည်။ အသက် ၅၀ ကျော် ၆၀ ရောက်လာလျှင် သွေးအား၊ လေအား ဆုတ်ယုတ်သောအချိန် ဖြစ်သည်။ သွေးအား၊ လေအား နည်းသောကြောင့် ဦးခေါင်းကို သွေးလေပို့ရာတွင် ဦးခေါင်းက မြင့်နေက သွေးမရောက်ဘဲနေသည်။ ထို့ကြောင့် ဦးနှောက်တွင် သွေးဖိအားနည်းသောကြောင့် မျက်စိကြောင်ပြီး အိပ်မပျော် ဖြစ်တတ်သည်။

တစ်ခါက အဘိုးကြီးတစ်ယောက်သည် အသက် ၇၅ နှစ်တွင် မည်သည့်ရောဂါမှ မရှိဘဲ အိပ်မပျော်သောရောဂါ ရှိသည်။ သူတို့အိမ်ကို ကျွန်ုပ် ရောက်သောအခါ ခေါင်းအုံးမပါဘဲအိပ်က အိပ်ပျော်မည့်အကြောင်း၊ သွေးလေညီညွတ်မည့်အကြောင်း ပြောပြရာ ထိုညမှစ၍ ခေါင်းအုံးကိုဖယ်ပြီး အိပ်သည်။ အိပ်မပျော်သော ရောဂါလည်း ပျောက်သွားသည်။

အချို့က အိပ်မပျော်၍ အင်္ဂလိပ်ဆေး အမျိုးမျိုး စားကြသည်။ ကြာလျှင် ဆေးကရိုးသွားပြီးလျှင် ဆေးပို၍ သောက်ရသည်။ အချို့ အသောက်လွန်၍ သေသွားသည်။ အထက်အညာဖြစ်သော အပူပိုင်းဒေသတွင် လဲနှင့်လုပ်သော ခေါင်းအုံးများမှာ အလွန်ပူသဖြင့် ကျန်းမာရေးနှင့် လုံးဝမသင့်တော်ချေ။ မသိ၍သုံးနေကြခြင်း ဖြစ်သည်။ ကျွန်ုပ်သည် ပေ ၆၀၀၀ ကျော်မြင့်သော ရှမ်းပြည်၊ နမ့်စန်မြို့တွင်နေစဉ် ဆောင်းရာသီ၌ ရေခဲလုမတတ်အေးစေကာမူ မွေ့ယာနှင့် အိပ်၍မရ။ မွေ့ယာနှင့် အိပ်လျှင် နံနက်ကျ

ခါးကိုက်နေသည်။ ထို့ကြောင့် မည်မျှပင် ချမ်းစေကာမူ ဂွမ်းစောင်တစ်ခုကို ခေါက်ခံပြီး အိပ်လိုက်သည်။ ရောဂါကင်းသည်။

သင်လည်း ကျန်းမာ၍ ခါးကုန်းကလေး၊ လက်ပြင်ကုန်းကလေး မဖြစ်စေလိုသော် ခေါင်းအုံးမပါဘဲ အဝတ်ကလေးတစ်ခုကို ခေါင်းအောက်ကခံ၍ အိပ်ပါ။ ကျန်းမာရေးနှင့် ညီညွတ်လာပါလိမ့်မည်။ ကျွန်ုပ်ကိုယ်တိုင် ခေါင်းအုံးမပါဘဲ အိပ်သည်မှာ အနှစ် ၃၀ ကျော်ပါပြီ။

## ဖိနပ်မစီး

လူတိုင်းပင် လမ်းလျှောက်သောအခါ ရိုးရိုးဖိနပ်ကို ဖြစ်စေ၊ နောက်ပိတ်ရှူး ဖိနပ်ကိုဖြစ်စေ စီး၍ လျှောက်ကြသည်။ တောအရပ်များတွင် ဖိနပ်စီး၍ လျှောက်သည်မှာ မှန်ပါသည်။ ရန်ကုန်မြို့ကဲ့သို့ ချောမွေ့နေသော လမ်းများကို ဖိနပ်မပါဘဲ လျှောက်ခြင်း သည် ပို၍ ကျန်းမာစေသည်။

ဆရာကြီးပီမိုးနင်းကိုယ်တိုင် ဖိနပ်မပါဘဲ လမ်းလျှောက်သင့်ကြောင်း ရေးထား သည်။

မည်သူမျှ မြေကြီးကို ခြေနင့်မထိချင်။ မွေးသည့်အချိန် သိတတ်သည့် အရွယ်က စ၍ ဖိနပ်စီးကြသည်။ ခရီးတစ်နာရီ လျှောက်ခဲ့လျှင် ဖိနပ်သည် ဒုက္ခပေးလာသည်။ ထို့ကြောင့် ဖိနပ်မပါဘဲ ကျွန်ုပ်ကိုယ်တိုင် လမ်းလျှောက်သည်မှာ နှစ်ပေါင်း ၃၀ ကျော်ပြီ။ မြေကြီးနှင့်ထိ၍ ခြေဖဝါးတွင် အရသာတစ်မျိုး ရှိသည်။ ခရီးသွားရာ၌ လျင်မြန်သည်။ ခရီးတွင်သည်။ မြေကြီးတွင်ရှိသော လျှပ်စစ်များ ခြေဖဝါးနှင့်ထိ၍ မြေကြီးမှ လျှပ်စစ် ဓာတ်ရသည်။

ထို့ကြောင့် လူမှာ ပို၍ ကျန်းမာစေသည်။ မိုးမရွာသော ဆောင်းရာသီ၊ နွေရာသီ များတွင် နံနက်စောစော အရုဏ်တက်မှစ၍ နေထွက်ပြီးသည်အထိ မြေကြီးသည် အေး နေသည်။ ဖိနပ်မလို၊ ကပ်တရာစေးလမ်းအတိုင်း လျှောက်ပါ။ ဖိနပ်စီး၍လျှောက်သည် ထက် ပို၍ ကျန်းမာလာလိမ့်မည်။ ကျွန်ုပ် ကိုယ်တွေ့ဖြစ်သည်။

လမ်းလျှောက်ခြင်းမှာ အကျိုးငါးပါးရကြောင်း မြတ်စွာဘုရား ဟောတော်မူခဲ့ သည်။ ရောဂါကင်း၍ အသက်ရှည်စေနိုင်ပါသည်။

## ကော်ဖီ၊ လက်ဖက်ရည်၊ ဆား

ကျွန်ုပ်သည် လက်ဖက်ရည်ကို အလွန်ကြိုက်သည်။ လက်ဖက်ရည်သည် နှလုံး ကြည်သည်။ အိပ်ချင်ပြေသည်။ သို့ရာတွင် များများသောက်လျှင် လေထိုးသည်။ ရင်ဝ၌ လေလုံးကြီး ဖြစ်တတ်သည်။

ကော်ဖီသည် လူကို နွေးစေသည်။ ကော်ဖီသောက်လျှင် ခါးသည်။ အရသာ သိပ်မရှိ။ ထို့ကြောင့် ကျွန်ုပ်သည် ကော်ဖီတစ်ဝက်၊ လက်ဖက်ရည်တစ်ဝက် ဖျော်၍

သောက်လေ့ရှိသည်။ အလွန် အရသာထူးသည်။ လူတိုင်းရောစပ်၍ သောက်ကြည့်ပါ။ အင်္ဂလိပ်လူမျိုးများသည် ကော်ဖီတစ်ခွက်လျှင် ဆားအနည်းငယ် ရွှေးစေ့တစ်ခြမ်းခန့် ထည့်၍ သောက်သည်။ ထူးထူးခြားခြား လေးလေးပင်ပင် ဖြစ်လာသည်။ ဆားမပါသော ဟင်းသည် အရသာမရှိဟု လောကနီတိ၌ ရေးထားသည်မှာ အလွန် မှန်လှသည်။ သုံးမျိုးရော၍ စမ်းသောက်ကြည့်ပါ။ အလွန်အရသာထူးကြောင်း တွေ့ရပါလိမ့်မည်။

အခန်း ၃

# အိန္ဒိယပြည်သို့ ပညာသင်ရန်သွားခဲ့ခြင်း

## [ ၃ ]

ကျွန်ုပ် လက္ခဏာဗေဒင်ဆရာ မဖြစ်မီကစ၍ အိန္ဒိယပြည်၊ ဗန်ဂလိုမြို့မှ ထုတ်ဝေသော ဗေဒင်မဂ္ဂဇင်းကို လစဉ် ဖတ်ရှုခဲ့သည်။ ထို့ကြောင့် အိန္ဒိယပြည်ရှိ ကျမ်းပြုဗေဒင် ဆရာကြီး များစွာကို တွေ့လိုသော စိတ်ရှိသည်။

အိန္ဒိယပြည်ရှိ ဗေဒင်ဆရာများမှာ သာမန်ဗေဒင်ဆရာများ မဟုတ်ပေ။ ဘီအေ၊ အမ်အေ၊ ပီအိပ်ချ်ဒီ ဒေါက်တာဘွဲ့ရသော ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ အိန္ဒိယပြည်တောင် ပိုင်းရှိ ကမ္ဘာကျော် ဗေဒင်ဆရာကြီးများသည် သက္ကဋဗေဒင် ကျမ်းပေါင်းများစွာမှ အင်္ဂလိပ် လို ဘာသာပြန်ခဲ့သည်။ ထို့ကြောင့် သူတို့သည် အသိဉာဏ် အလွန် ကျယ်ဝန်းသည်။

ကျွန်ုပ်သည် အိန္ဒိယပြည်တွင် ဗေဒင်လက္ခဏာနှင့် ပတ်သက်၍ တွေ့သမျှ စာအုပ် ကိုဝယ်မည်။ တွေ့သမျှ ဆရာများထံ မေးမြန်းသင်ကြားမည် ဟူသော ရည်ရွယ်ချက်ဖြင့် သွားရောက်ခဲ့သည်။ ကျွန်ုပ်ငယ်စဉ်ကပင် အိန္ဒိယပြည်ရှိ မြတ်စွာဘုရားပွင့်တော်မူရာ မဟာဗောဓိပင်နှင့် ရွှေပလ္လင်နေရာသို့ ရောက်ပါစေကြောင်း အမြဲတမ်း ဆုတောင်းခဲ့သည်။ ထိုသို့ ဘုရားလည်းဖူးရန်၊ ပညာလည်းရှာဖွေရန် ၁၉၅၂ ခုနှစ် ဇန်နဝါရီလတွင် အိန္ဒိယ ပြည်သို့ သွားခဲ့သည်။ ထိုခေတ်အခါက မြန်မာပြည်မှာရော၊ အိန္ဒိယပြည်မှာရော ကုန်ဈေး နှုန်းများ တိုးတက်မှု မရှိသေးချေ။ ငွေအသုံးဝင်သောအချိန် ဖြစ်သည်။ အစစအရာရာ အေးအေးသက်သာဖြင့် သွားရလာရ လွယ်ကူလှသည်။

ကျွန်ုပ်သည် ၁၉၅၂ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့တွင် ရန်ကုန်မြို့မှ လေယာဉ်ပျံ ဖြင့် ကာလကတ္တားမြို့သို့ လိုက်ပါခဲ့သည်။ နံနက် လေးနာရီခွဲတွင် ကျွန်ုပ်မိတ်ဆွေ ဦးထိန်ဝင်းက မင်္ဂလာဒုံသို့ ကားဖြင့် လိုက်ပို့သည်။ နံနက် ငါးနာရီခွဲတွင် လေဆိပ်သို့ ရောက်သည်။ နံနက် ခုနစ်နာရီတွင် လေယာဉ်ပျံ စ၍ထွက်သည်။

ထိုစဉ်က ဒါကိုတာ လေယာဉ်များသာ ဖြစ်သည်။ လေယာဉ်ပေါ်တွင် နံနက် ၈ နာရီတိတိ၌ ကော်ဖီတိုက်သည်။ စစ်တွေသို့ ကိုးနာရီခွဲရောက်သည်။ ကျွန်ုပ်နှင့်ယှဉ်၍ အတူလိုက်ပါလာသော အိန္ဒိယပြည် ဒေလီမြို့ရှိ မြန်မာသံရုံးမှ တတိယအတွင်းဝန်

ဦးခင်မြတ်နှင့် လမ်းခရီးတွင် ခင်မင်လာကြသည်။ စစ်တွေမြို့သို့ ရောက်သောအခါ သူ၏တူမများက လက်ဖက်ရည်တိုက်ပြန်သည်။ စစ်တွေမြို့မှ နံနက် ၉ နာရီ ၄၅ မိနစ် ထွက်ရာ ကာလကတ္တားမြို့ရှိ ဒမ်ဒမ်လေယာဉ်ပျံကွင်းသို့ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ရောက်ပါသည်။ လေယာဉ်ပျံပေါ်တွင် နံနက်စာ ကျွေးသည်။ ကြက်ပေါင်တစ်ချောင်း၊ ကြက်ဥနစ်လုံး၊ ပဲသီး၊ ဗန်းမုန့်၊ ကိတ်မုန့်၊ လိမ္မော်သီးပါသည်။ စားသောက်စရာများကို ရန်ကုန်မြို့ ဆန်းကိတ်မုန့်တိုက်မှ ကန်ထရိုက်ယူ၍ ရေခဲစိမ်ပို့သည်။ လေယာဉ်ပေါ်တွင် သောက်ရေ မပါချေ။ ရေသောက်ချင်ကြောင်း ပြောသောအခါ ရေလှောင်ဝမရှိကြောင်း ပြောပြသည်။ ကော်ဖီတော့ ရပါသည်။

ကာလကတ္တားမြို့သို့ ရောက်သောအခါ မိတ်ဆွေဦးခင်မြတ်ကို လာ၍ကြိုသော သံရုံးမှကားနှင့် မဟာဗောဓိ အသင်းတိုက်သို့ သွားကြသည်။ ထိုနေရာ၌ အခန်းလွတ် မရှိသဖြင့် မြန်မာရဟန်းတော်များနှင့် မြန်မာခရီးသည်များ တည်းခိုလေ့ရှိသော မြန်မာပိုင် အဆောက်အအုံရှိသည့် အီဒင်ဆေးရုံလမ်း၊ အမှတ်(၈)သို့ ကားဖြင့် လိုက်ပို့သည်။ ကျွန်ုပ်သည် နိုင်ငံခြားငွေကျပ် ၆၀၀၀ သာရသဖြင့် ဟိုတယ်ကြီးများတွင် ရတ်တရက် မတည်းခိုသေးဘဲ ချွေတာသုံးရသည်။

နေ့ခင်းတွင် ပရီတိုရီးယားလမ်း၊ အမှတ် ၈–၁ ရှိ နိုင်ငံခြားသား မှတ်ပုံတင်ရုံးသို့ သွားရသည်။ အသွားတွင် အငှားကားနှင့် သွားသည်။ အပြန်တွင် ဓာတ်ရထားနှင့် ပြန်လာသည်။

နောက်တစ်နေ့တွင် မြို့ပေါ်ရှိ ကြည့်ရှုစရာများသို့ သွားရောက်ခဲ့သည်။ ပထမဆုံး ဝိတိုရိယဘုရင်မကြီး၏ အထိမ်းအမှတ်အဖြစ် ဆောက်လုပ်ထားသော ဝိတိုရိယအဆောက်အအုံကြီးသို့ ရောက်ခဲ့သည်။ အဆောက်အအုံကြီးမှာ အလွန်ခမ်းနားလှသည်။ အားလုံးကို ကျောက်စလင်း အဖြူများဖြင့် ဆောက်လုပ်ထားသည်။ ထိုခေတ်က ငွေ ၇၆ သိန်းကုန်သည်။ အဆောက်အအုံ၏ အလယ်တွင် ဘုရင်မကြီး၏ ကျောက်စလင်းရုပ်တု ရှိသည်။ ပန်းချီကားကြီး များစွာလည်း ရှိသည်။ ခြံဝင်းကြီးကလည်း ကျယ်လှသည်။ ပန်းများလည်း စုံလှသည်။ ကာလကတ္တားမြို့တွင် အထင်ရှားဆုံးသော အဆောက်အအုံဖြစ်သည်။

အငှားမော်တော်ကားများ အလွန်ပေါလှသည်။ ထိုခေတ်က မြန်မာပြည်တွင် အငှားကားများကို မီတာနှင့်လိုက်လေ့ မရှိသေး။ ခရီးသည်နှင့် ကားသမားတို့ ဘယ်ကို သွားမည်၊ ဘယ်မျှပေးမည် စသည်ဖြင့် ငှားရသည်။ အိန္ဒိယနိုင်ငံတွင် အငှားကားများမှာ ကားကြီး ကားသေးအားလုံး ပထမ တစ်ကျပ်ပေးရသည်။ နောက်တစ်နာရီတိုးလာတိုင်း ငါးမူးသာကျသည်။ တစ်နံနက်ခင်းလုံးသွားလျှင် ငွေ ၁၀ ကျပ်မျှသာ ကျသည်။ ကားတွေမှာ လမ်းတွင် လူမပါဘဲဖြစ်စေ၊ လူနှင့်ဖြစ်စေ မပြတ်သွားလာနေသဖြင့် အငှားကားများကို ဘယ်လမ်းတွင် ထွက်၍ငှားငှား လမ်းပေါ်၌ အဆင့်သင့် တွေ့ရသည်။

ထိုနေ့ညနေတွင် ဂျိမ်းလူမျိုးတို့၏ ဘုရားကျောင်း၊ ဟိန္ဒူလူမျိုးတို့၏ ကာလီမယ်တော်ဘုရားကျောင်း၊ ရာမာခရစ်ရှနာ ဘုရားကျောင်း၊ ဘာလီတံတားသို့ ကားဖြင့်

သွားခဲ့သည်။ ဂျိမ်းဘုရားကျောင်းနှင့် ရာမာခရစ်ရှနာ ဘုရားကျောင်းများမှာ မြန်မာပြည်ရှိ ဘုရားကျောင်းများကဲ့သို့ပင် ဖိနပ်ချွတ်ရသည်။ အလွန် စေ့စပ်သေချာသည်မှာ ဖိနပ်ချွတ်သောနေရာတွင် အလုပ်သမားရှိသည်။ ဖိနပ်ထားရန် အခန်းပေါက်ငယ် အမှတ်(၁)မှစ၍ (၁၀၀)အထိရှိရာ မိမိ ဖိနပ်ထည့်သော အပေါက်ကလေးမှ နံပါတ်ကို အလုပ်သမားက ပေးသည်။ ဖိနပ်ထိန်းခ ငွေကြေး မပေးရ။ ထို့ကြောင့် ဖိနပ်လည်း ပျောက်စရာမလို။ မြန်မာပြည်မှာကဲ့သို့ ရွှံ့တွေရေတွေ ပေနေသော ဖိနပ်ကိုလည်း ဘုရားကျောင်းထဲသို့ ယူလာ၍ ပြောင်လက်နေသော သံမံတလင်းပေါ် ချထားရန် မလိုချေ။

မန်းစက်တော်ဘုရား၌သာ အထက်ခြေတော်ရာသို့မတက်မီ အောက်ဆုံးဇရပ်တွင် ဤကဲ့သို့ ဖိနပ်များကို ထားခဲ့၍ ထိန်းပေးခြင်းဖြင့် ငါးပြားသာ ပေးရသည်။

ကာလကတ္တားမြို့ ဟူဂလီ မြစ်ကြီးကိုဖြတ်၍ ဆောက်ထားသော တံတားကြီးမှာ စစ်ကိုင်းတံတားလောက် ရှိသည်။ သို့ရာတွင် မြစ်ထဲ၌ အုတ်တိုင်များမရှိ။ ဟိုဘက်ကမ်း သည်ဘက်ကမ်းကို အလွန် ခိုင်ခန့်သော သံမဏိများဖြင့် အလယ်က ကုန်းကုန်းကလေး ဖြစ်နေအောင် ဆောက်လုပ်ထားသည်။ ထို့ကြောင့် တံတားသည် အောက်သို့ ကွေး၍ မကျနိုင်။ သည်ဘက်ကမ်းမှ သံဘောင်နှင့် ဟိုဘက်ကမ်းမှ သံဘောင်တို့သည် တစ်ခုနှင့် တစ်ခုထောက်ကာ အားပေးထားသည်။ ကာလကတ္တားမြို့သည် ဂျပန်ပြည် တိုကျိုမြို့မှ တစ်ပါး အာရှတိုက်တွင် လူဦးရေ အများဆုံးရှိသောမြို့ ဖြစ်သည်။ ထိုစဉ်က လူဦးရေ ခုနစ်သန်းကျော် ရှိသည်။

ချမ်းသာသောသူများမှာ သိန်းပေါင်း တစ်ရာ၊ နှစ်ရာ စသည်ဖြင့် အလွန်အမင်း ချမ်းသာသည်။ သို့ရာတွင် မြို့ကြီးများ ထုံးစံအတိုင်း ဆင်းရဲသောသူများ အလွန်များသည်။ လူဦးရေကလည်း များသည်။ ထို့ကြောင့် ဆင်းရဲသား အလုပ်သမားများ တချို့မှာ နေစရာအိမ် လုံးဝမရှိချေ။ နောက်ဖေးလမ်းကြားထဲတွင် အိပ်သည်။ ထမင်းချက်စားပြီး အိုးခွက်များကို မှောက်ထားခဲ့သည်။ မိန်းမက တံမြက်စည်းလှည်းသည်။ ယောကျ်ားက ဒရဝမ်လုပ်သည်။ မြို့အစွန်အဖျားဖြစ်သော ဆင်ခြေဖုံးရပ်ကွက်များတွင် ကွက်သစ်တွေ အများကြီးရှိသည်။ ဖြစ်သလို နေကြသည်။ သံဖြူပုံးအစုတ်များကို ထုရိုက်ပြီး တဲထိုး၍ နေကြသည်။ သို့မဟုတ် မြူနီစီပါယ်မှ ချထားသော ဘိလပ်မြေပိုက်လုံးကြီးများတွင် အိမ်ကဲ့သို့ မိသားစုနေကြသည်။ ထိုကဲ့သို့ နောက်ဖေးလမ်းကြားနှင့် အစွန်အဖျားတွင် နေကြသော ဆင်းရဲသူများမှာ မိသားစုငါးသောင်းကျော် ရှိသည်ဟု ဆိုသည်။

မဟာဗောဓိ အသင်းတိုက်မှ စာရေး ဘန်ဂါလီလူမျိုး ဒတ်ဆိုသူသည် ကျွန်ုပ် အိန္ဒိယပြည်သို့ ရောက်သောအခါ အစစ အကူအညီပေးသည်။ မြန်မာစိတ် ရှိသည်။ သူတစ်ပါးကို ခင်မင်တတ်သည်။ ကျွန်ုပ်သည် အလွန်ကံကောင်းသည်။ သွားလိုရာ အရပ်ကို သူက လိုက်ပြသည်။ ၁၉၅၂ ခုနှစ်ကပင်လျှင် အိန္ဒိယပြည်၌ ရုပ်ရှင်ရုံများတွင် ဆေးလိပ်သောက်ခွင့် မပြုချေ။ ရန်ကုန်မြို့ရှိ သမ္မတရုပ်ရှင်ရုံကဲ့သို့ အအေးခန်းနှင့် ဖြစ်သည်။ အလွန် သန့်ရှင်းသည်။ စိတ်ချမ်းသာသည်။ ကျွန်ုပ်သည် မြန်မာပြည်သို့

ပြန်ရောက်လာသောအခါ ရုပ်ရှင်ရုံများ၌ ဆေးလိပ်မသောက်ရန် ပိတ်ပင်ပေးဖို့ ဌာနဆိုင်ရာ ပုဂ္ဂိုလ်ကြီး တစ်ဦးထံ အကြံပေးသည်။ 'လူတစ်ရာမှာ ၉၉ ယောက် ဆေးလိပ်သောက်သည်။ ခင်ဗျားတစ်ယောက် မသောက်ရုံနှင့် မဖြစ်နိုင်'ဟု ထိုပုဂ္ဂိုလ်ကြီး ပြောသည်။ သူတို့လည်း သောက်ကြသည်။ ထို့ကြောင့် အပေါ်ထပ်မှာ ကြည့်သော လူအားလုံးနှင့် အောက်ထပ်မှာ ကြည့်သော လူအားလုံးတို့သည် ရုပ်ရှင်ရုံမှ ပြန်လာလျှင် တစ်ကိုယ်လုံး ဆေးလိပ်စော် နံနေ၍ ရေချိုးကြသည်။ ဖျားကြသည်။ တော်လှန်ရေးအစိုးရ တက်လာမှ လုပ်သင့်သော အလုပ်ကို လူအများအကျိုးအတွက် လုပ်မည်ဆိုပြီး ရုပ်ရှင်ရုံ၌ ဆေးလိပ်သောက်ခွင့်ကို ပိတ်ပင်ခဲ့သည်။ လူတိုင်း ကျေးဇူးတင်ကြသည်။

ကာလကတ္တားမြို့တွင် ထိုစဉ်ကပင် ဓာတ်ရထားနှင့် ဘတ်စ်ကားပေါ်တွင် ဆေးလိပ်မသောက်ရချေ။ သူတို့သည် အင်္ဂလိပ်လက်အောက်တွင် နှစ်ပေါင်း ၃၀၀ ကျော် နေလာရသဖြင့် စည်းကမ်းစနစ် အလွန်ရှိနေသည်။ ဓာတ်ရထားများတွင် ရှေ့ဆုံးက ခုံတန်းနှစ်ခုကို မိန်းမများအတွက်သာဟု စာရေးထားသည်။ မိန်းမများသာ စီးခွင့်ပြုသည်။ အစိုးရနှင့် ပတ်သက်သော ရုံးကိစ္စများတွင်မူ အလွန်စိတ်ညစ်စရာ ကောင်းသည်။ မည်သူ့ ကိုမျှ အကူအညီ မပေးချင်ကြ။ နည်းနည်းလေး ကပ်ဖဲ့လုပ်ရမှ ကျေနပ်သည်။ အချုပ် ကတော့ လက်ဖက်ရည်ဖိုး မပေးလျှင် ဘာကိစ္စမှ မြန်မြန် မဖြစ်ချေ။

တစ်နေ့သောအခါ ကျွန်ုပ်သည် ဗဟိုစာတိုက်ကြီးသို့ သွား၍ တံဆိပ်ခေါင်း ဝယ်သည်။ နံနက် ကိုးနာရီခွဲတွင် စာတိုက်ဖွင့်သည်။ ထိုအခါ တံဆိပ်ခေါင်းရောင်းသော စာရေးများ ရောက်လာ၍ သူတို့စီစဉ်နေသည်ကို စောင့်ကြည့်နေရသည်။ ဒီစာအုပ်ရွှေ့ လိုက် ဟိုစာအုပ်ရွှေ့လိုက် စသည်ဖြင့် ကျွန်ုပ်သည် ၁၅ မိနစ်တိတိရပ်၍ စောင့်နေသည်။ ရောက်ရောက်ချင်းပင် စာတိုက်တံဆိပ်ခေါင်း မည်မျှလိုကြောင်း ပြောပြသည်။ သို့ရာတွင် သူတို့က အရေးမလုပ်ချေ။ မကြားချင်ယောင်ဆောင်နေသည်။ မိနစ် ၂၀ ကြာသောအခါ ကျွန်ုပ် သည်းမခံနိုင်။ သူ့ရှေ့ကောင်တာက ပျဉ်ပြားကြီးကို တအားပိတ်၍ လက်ဝါးနှင့် ရိုက်ပြီးလျှင် 'မင်း ငါ့ကို တံဆိပ်ခေါင်း မရောင်းဘူးလား၊ ရောင်းမလား'ဟု စိတ်တိုတို နှင့် မေးလိုက်သည်။

ထိုအခါကျမှ အံဆွဲထဲမှ တံဆိပ်ခေါင်းများကို ထုတ်၍ ရောင်းပေးသည်။ မည်သည့် အခါကမှ သူတစ်ပါး စိတ်မချမ်းသာအောင် ကျွန်ုပ် မလုပ်ခဲ့ဖူးပါ။ မိမိကို စိတ်မချမ်းသာ အောင် လုပ်လျှင်လည်း သည်းမခံနိုင်သဖြင့် အလွန် စိတ်တိုလွယ်သည်။

ထို့ကြောင့် ဆရာစန္ဒြ အလွန်ဒေါသကြီးသည်။ 'ဘုဆရာ၊ ဝွဆရာ'ဟု ရန်ကုန်မြို့ မှာ နာမည်ကျော်လှသည်။ သို့ရာတွင် စည်းကမ်းရှိသူ၊ လူမှုရေး နားလည်သူများက အလွန်ပင် လေးစားသွားကြသည်မှာ ကိုယ်တွေ့ ဖြစ်သည်။ လူတိုင်းကျေနပ်အောင် လောကကြီး၌ မည်သူမှ မတတ်နိုင်ချေ။

ကျွန်ုပ် အလွန် ကံကောင်းသည်။ ကာလကတ္တားမြို့ မြန်မာပြည် တည်းခိုရိပ်သာ တွင် တည်းခိုစဉ်က ကျောင်းထိုင်နေသော ရဟန်းတော်မှာ ကျွန်ုပ်အသက် ၁၀ နှစ်ကျော်

လောက်က ကိုရင်လေးဘဝနှင့် မန္တလေးမြို့ အနောက်ပြင်တိုက်တော်ရှိ ကျောင်းနားနီးချင်း ခင်မင်ခဲ့သော ပုဂ္ဂိုလ်ဖြစ်သည်။ ထို့ကြောင့် အစစ အကူအညီပေးသည်။ ဘုရားဖူးသွားရန် အတွက် အိန္ဒိယပြည်တွင် မြန်မာဘုန်းကြီး မပါလျှင် မဖြစ်နိုင်။ သူတို့သာ လမ်းသိသည်။ သူတို့သာ ကုလားစကား ပြောတတ်သည်။ ဘယ်မြို့က ဘယ်မြို့ ဘယ်လိုသွားမည်ကို ကျွမ်းကျင်ပြီးသား ဖြစ်သည်။ ထို့နောက် ကျွန်ုပ်၏ ဆရာတော်နှင့် ဗောဓိပင် ရှေပလ္လင် ရှိရာ ဂါယာမြို့သို့ ဒုတိယတန်းက လက်မှတ်ဝယ်၍ လိုက်ခဲ့သည်။ အိန္ဒိယပြည်တွင် တောင်ပိုင်းနှင့်မြောက်ပိုင်း မတူချေ။ မြောက်ပိုင်းသည် အလွန်လူဦးရေထူထပ်၍ ဆင်းရဲသူ များသည်။

ဂါယာမြို့သို့ ရောက်သောအခါ ဘူတာရုံတွင်ပင် ဟိုတယ်ခန်းရှိသည်။ ထမင်း စားကြသည်။ ဂါယာဘူတာမှ မဟာဗောဓိပင် ရှိရာသို့ ခုနစ်မိုင်ခရီးဖြစ်သည်။ ထိုစဉ်က ကားမရှိ၊ မြင်းလှည်းဖြင့် သွားရသည်။ ဂါယာဘူတာမှ ထွက်သောအခါ လက်ယာဘက် တွင် ဉပက မဆာဝါ ဝတ္ထုနှ၌ ဉပကရသေ့ကြီးနေသော လိုဏ်ဂူကြီးရှိသော တောင်တန်းကို ဓာတ်ပိုရိုက်ခဲ့သည်။

ဗုဒ္ဓဂါယာတွင် မြန်မာပြည်မှ ဘကြီးဖေ ဆောက်လုပ်လှူဒါန်းခဲ့သော ဘုန်းကြီး ကျောင်းရှိသည်။ ထိုကျောင်းတွင် တည်းခိုရသည်။ ကျောင်းမှာတည်းပြီးလျှင် ကျောင်း အနီးရှိ မဟာဗောဓိ စေတီတော်နှင့် သတ္တဋ္ဌာနအစုံကို ဓာတ်ပုံရိုက်ခဲ့သည်။ နံနက်တစ်ခါ ညတစ်ခါ ဘုရားသို့သွား၍ ပုတီးစိပ်သည်။ ဆုတောင်းသည်။

မြတ်စွာဘုရား ဘုရားမဖြစ်မီ ရွှေခွက်မျှောခဲ့သော နေရဥ္စရာမြစ်ကို ကျော်၍ သုဇာတာ ဃနာနို့ဆွမ်းကပ်သော ညောင်ပင်ကြီးသို့ သွားခဲ့သည်။ နေရဥ္စရာမြစ်မှာ ယခုအခါတွင် သဲပြင်ကြီး ဖြစ်နေသည်။ မိုးရာသီလောက်သာ ရေရှိသည်။ မြန်မာပြည် အညာဒေသမှာရှိသော ချောင်းများကဲ့သို့ ဖြစ်သည်။ နွေကျလျှင် ရေမရှိတော့ချေ။ သဲပြင် ကြီးကို ဖြတ်ရသည်မှာ အလွန်ပင် မောသည်။ ပင်ပန်းလွန်းအားကြီး၍ ထိုည၌ ဖျားသည်။ ထို့ကြောင့် နောက်တစ်နေ့၌ အနားယူရတော့သည်။ ဂါယာတွင် ဆရာဝန်ရှိသဖြင့် ဆေး ထိုး၍ နောက်တစ်နေ့ နေကောင်းသွားသည်။

မဟာဗောဓိစေတီနှင့် ဗောဓိပင်ကို ဖူးတွေ့ရသောအခါ ငယ်စဉ်ကလေးဘဝ ရှစ်နှစ်အရွယ်ကို သတိရသည်။ ထိုစဉ်က ဇိနတ္ထပကာသနီကျမ်းကို ဖတ်ရစဉ် ဘုရားကို အလွန်ကြည်ညိုလျက် စိတ်ကူးဖြင့် လွမ်းခဲ့သည်။ ယခု ကိုယ်တွေ့ရောက်လာပြီ။

ဤကဲ့သို့ ဘုရားပွင့်ရာသို့ ရောက်ရှိဖူးတွေ့ခွင့် ရသူများမှာ အလွန်ပင် ရှားပါး လှပေသည်။

ကျွန်ုပ်သည် ဗုဒ္ဓဂါယာတွင် သံဃာတော်များကိုလည်း ဆွမ်းကျွေးခဲ့သည်။ ဝတ္ထု လည်း ကပ်ခဲ့သည်။ ဗုဒ္ဓဂါယာမှ ဂါယာမြို့သို့၊ ဂါယာမှ ရာဇဂြိုဟ်မြို့သို့ ဘတ်စကားဖြင့် သွားကြရသည်။ အိန္ဒိယပြည်တွင် ဗုဒ္ဓလက်ကျန်အဖြစ် ရာဇဂြိုဟ်မြို့ တစ်မြို့သာလျှင် ယခုထက်ထိ သာယာစိုပြည်၍ နေချင်ဖွယ်ကောင်းသည်။ မြန်မာပြည်မှ သံဃာတော်များ

သီတင်းသုံးသော ကျောင်းသည် အလွန်ပင် သာယာသည်။ ရေမိုး အလွန် ကောင်းသည်။ မြန်မာပြည်မှ လာသမျှ ဤကျောင်း၌ တည်းခိုကြရသည်။ ဟိုတယ် မရှိချေ။

အဇာတသတ်မင်း၏ နန်းတော်ရာ ရှိနေသေးသည်။ ကျွန်ုပ်တို့သည် ဗုဒ္ဓဝင်ကို ဖတ်ရစဉ်က ဗိမ္ဗိသာရမင်းကြီးနှင့် အဇာတသတ်မင်းတို့အကြောင်း ဖတ်၍ အလွန်ပင် *ကြီးကျယ်သည်ဟု ထင်ခဲ့သည်။ နန်းတော်မှာ အုတ်ဖြင့် လုပ်ထားသည်မဟုတ်။ တောင်တွေ* ပေါသောကြောင့် ကျောက်ခဲဖြင့် လုပ်ထားသည်။ မန္တလေးနေပြည်တော် မင်းတုန်းမင်းကြီး၏ နန်းတော်မြို့ရိုး သုံးပုံနှစ်ပုံမျှလောက်သာ ရှိသည်။

မန္တလေးနန်းတော်ကြီးလောက် ခမ်းနားခြင်း၊ ကြီးကျယ်ခြင်းမရှိချေ။ မန္တလေး နန်းတော်ကြီးမှာ မြို့ရိုးကြီးများအပြင် ဘေးပတ်လည်က ကျုံးလေးတန်ဝိုင်း ထားသည်။ အလွန်သာယာလှသည်။

တောင်ငါးလုံးဖြင့် ပိတ်ဖုံးကာခို ရာဇဂြိုဟ်ပြည်ဟု ဆိုသည့်အတိုင်း ရာဇဂြိုဟ်မြို့ ပတ်ဝန်းကျင်တွင် တောင်ငါးလုံးတို့ဖြင့် ကာနေသည်။ မြို့ဟောင်းတွင် အဇာတသတ်မင်းက ဘုရားဓာတ်တော်များကို နောင်ဘုရားများလက်ထက် သာသနာပြုနိုင်ရန် မြေကြီးထဲတွင် ကျောက်ဂူဖြင့် မြှုပ်ထားသောနေရာ ရှိသည်။ သီရိဓမ္မာသောကမင်းကြီး လက်ထက်ကျမှ ရဟန္တာအရှင်မြတ်များက ညွှန်ကြား၍ ဘုရားဓာတ်တော်များကို ဖော်၍ရခဲ့သည်။ ထို ဓာတ်တော်များဖြင့် ဘုရားပေါင်း ရှစ်သောင်းလေးထောင်၊ ရေတွင်းပေါင်း ရှစ်သောင်း လေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင် ကမ္ဘာအရပ်ရပ်တွင် လှူဒါန်းခဲ့သည်။

မြတ်စွာဘုရား သာသနာတော်တွင် သီရိဓမ္မာသောကမင်းကြီးကဲ့သို့ ကြီးကျယ်သော အလှူကြီးပေးနိုင်သူ သူတစ်ယောက်သာ ရှိသည်။ သာသနာပြုမင်း ဖြစ်သည်။ မြို့အဝင် တွင် ရေပူချောင်းရှိသည်။ တောင်မှ စမ်းရေပူများ ထွက်လာ၍ ကန်လုပ်ထားသည်။ ရောဂါကင်းသည်ဆိုပြီး အရပ်ရပ်မှ ရေလာချိုးကြသည်။ စည်ကားသည်။ ဗုဒ္ဓဝင်စာစောင် များတွင် ဂိဇ္ဈကုဋ်တောင်သည် အလွန်ပင် ထင်ရှားကျော်စောသောတောင် ဖြစ်သည်။

ယင်း တောင်ပေါ်၌ပင် ဒေဝဒတ်က မြတ်စွာဘုရားကို တောင်ထိပ်မှနေ၍ ကျောက် တုံးဖြင့် လိမ့်ချခဲ့သည်။ ပြိတ္တာများစွာရှိသော တောင်ဖြစ်သည်။ သည်တောင်မှာ အလွန် ကြီးသော တောင်ကြီးဖြစ်သည်ဟု ယခင်က အောက်မေ့ခဲ့သည်။ အမှန်မှာ မန္တလေးတောင် သာသာပင် ရှိသည်။ ရောမတောင်ကြီး မဟုတ်ပါ။ မန္တလေးမှ မန္တလေးတောင်၊ ရမည်းသင်းနှင့် ပျဉ်းမနားကြားရှိ ရွှေဥဒေါင်းတောရတောင်၊ ပျဉ်းမနား အရှေ့ဘက်ရှိ စမ တောင်များလောက်ပင် ရှိသည်။ ကြီးသည်မဟုတ်ပါ။ နာမည်ကသာ ကြီးခြင်းဖြစ်သည်။

မည်သည့်ကိစ္စမဆို ကိုယ်တိုင် မမြင်ရသေးလျှင် စိတ်ကူးနှင့် မှန်းကြည့်တတ်ကြ သည်။ သို့ရာတွင် စိတ်ကူးတိုင်း စိတ်ကူးနှင့် မညီဖြစ်နေတတ်သည်။ အိန္ဒိယလူမျိုး အချို့မှာ လူဦးရေ အလွန်များသောကြောင့် ဆင်းရဲလှသည်။ မသန့်ရှင်းကြ။ ကျွန်ုပ် စိတ်ညစ်သွားသည်။ ဗုဒ္ဓဂါယာမှ ရာဇဂြိုဟ်သို့ ကားနှင့်သွားရာတွင် လမ်းတစ်ဝက်ခန့်၌ နာလန္ဒကျောင်းတော်ရာပျက်ကြီးကို ကြီးကျယ်စွာ တွေ့ရသည်။ များစွာကုန်သော ကျောင်း

ပျက်၊ ဘုရားပျက်များမှာ မရေတွက်နိုင်အောင် ရှိသည်။ မည်သည့် နေရာကိုသွားသွား၊ ယခု ကျန်ရှိနေသည့် အုတ်တံတိုင်းများ၊ ကျောင်းပျက်များ၊ ဘုရားပျက်များသာ တွေ့ရသဖြင့် ကျွန်ုပ် ရှေ့ကိုဆက်၍ မသွားချင်တော့။ ထို့ကြောင့် လမ်းခရီး၌ ထိုနေရာသို့ ဝင်ရောက်ခြင်း မရှိခဲ့ပေ။ ကားပေါ်မှပင် ကြည့်ခဲ့သည်။

ရာဇဂြိုဟ်ပြည်မှ ဗာရာဏသီပြည်သို့ သွားရာတွင် ဗာတီရာပူမြို့ရှိ မီးရထားလမ်းဆုံရောက်အောင် သေးငယ်သော လိုကယ်ရထားလေးဖြင့် သွားရသည်။ ရထားပေါ်တွင် ဂျိမ်းလူမျိုးများ ကိုးကွယ်သော ဂျိမ်းဘုန်းကြီးများကို တွေ့ရသည်။

ဂျိမ်းလူမျိုးဆိုသည်မှာ ဘုရားလက်ထက်ကပင် ရှိသည်။ ဝတ်လစ်စလစ် နေကြသည်။ သို့ရာတွင် ယခုခေတ်တွင် အမြင်မတော်သဖြင့် လုံ့ကွတ်တီ အဝတ်သေးသေးလေးကို ဝတ်ထားသည်။ ဘုန်းကြီးနှင့် အတူပါသူများသည် စကားကို အော်ကျယ်အော်ကျယ်ပြော၍ ကျွန်ုပ် သည်းမခံနိုင်၊ ထ၍ ဆူပစ်ရသည်။ သူတို့သည် အလိုက်မသိတတ်ကြ။ တောသူ တောင်သားများ ဖြစ်သဖြင့် ပို၍ ဆိုးသည်။ လူမှုရေးလည်း နားမလည်ချေ။ လိုကယ်ရထားမှာ ရိုးရိုးတန်းသာ ရှိသည်။ ဒုတိယတန်း မပါချေ။ ကုမ္ပဏီငယ်ကလေးက ပိုင်သည်။ ဗာတီရာပူလမ်းဆုံမှ စာပို့ရထားကြီးနှင့် ဒုတိယတန်းလက်မှတ်ဝယ်ပြီးလျှင် ဗာရာဏသီမြို့သို့ သွားခဲ့သည်။

ရှေးစကားပုံများ၊ ဇာတ်တော်၊ နိပါတ်တော်များတွင် ဗာရာဏသီ မပါသော အကြောင်းမရှိ။ ထို့ကြောင့် ရှေးလူကြီးများက ဗုဒ္ဓစာပေနှင့် ပတ်သက်၍ မင်းမသိ ဗြဟ္မဒတ်၊ တိုင်းမသိ ဗာရာဏသီဟု စကားပုံရှိခဲ့သည်။ မည်သည့်ကိစ္စမဆို တိုင်းပြည်မေ့နေလျှင် ဗာရာဏသီပြည်ဟု ဆိုနိုင်သည်။ မင်းနာမည် မေ့နေလျှင် ဗြဟ္မဒတ်မင်းဟု ဆိုနိုင်သည်။ မရေမတွက်နိုင်သော မင်းအဆက်ဆက်တို့ ယင်းနာမည်နှင့် အုပ်ချုပ်ခဲ့သောကြောင့် ဖြစ်သည်။

ဗာရာဏသီပြည်ရှိ မြန်မာဘုန်းတော်ကြီး ကျောင်းတွင်ပင် တည်းခိုကြသည်။ ကျောင်းကောင်းပါသည်။ နေရာကောင်းပါသည်။ သံဃာတော်များကို ဆွမ်းကပ်ရသည်။ လိုသောပစ္စည်းများ လှူရသည်။ နောက်တစ်နေ့တွင် မြတ်စွာဘုရားသခင် ပထမဦးဆုံး ဓမ္မစကြာတရား ဟောတော်မူခဲ့သောနေရာရှိ မိဂဒါဝုန်စေတီတော်ကြီးကို သွား၍ဖူးသည်။ မိဂဒါဝုန်နှင့် ဗာရာဏသီသည် ခုနစ်မိုင်ခန့်ဝေးသည်။ မိဂဒါဝုန်တော၌ နန္ဒသူဌေးဆောက်သောကျောင်း၊ ကာလာမဒေဝီဆောက်သော ကျောင်းတော်များကို တွေ့ခဲ့သည်။ ကျောင်းနေရာသာ ကျန်တော့သည်။

## ဗာရာဏသီမှ ကာလကတ္တားသို့

အိန္ဒိယပြည်ရှိ ဗုဒ္ဓနှင့် ပတ်သက်၍ ထင်ပေါ်ကျော်ကြားသော မြို့ကြီးများသို့ ရောက်တိုင်း အချို့ ကျောင်းတော်ရာသာ ရှိတော့သည်။ တချို့ အုတ်တံတိုင်းလေး ၄ ပေ၊ ၃ ပေခန့်သာ ကျန်တော့သည်။ ထို့ကြောင့် ရှေ့ကို သွားချင်သောစိတ် မရှိတော့။ အပျက်တွေချည်း လျှောက်ကြည့်သလို ဖြစ်နေသည်။

**လမ်းသစ်စာအုပ်တိုက်**

ရေအကျိုးဆယ်ပါး မြိမှတ်သား လှူငြားနိဗ္ဗာန်ရောက်ဟု ရှေးက ဆရာတော်များ စပ်ထားခဲ့သည်။ ရေကြောင့် ဆယ်ပါးသောအကျိုး ရနိုင်သည်။ ထို့အတူ ရာဟုလှူရသော အကျိုးဆယ်ပါးအကြောင်း ဟောထားတော်မူသည်။ ရာဟုဆိုသည်မှာ ဆန်ပြုတ်ကျဲကျဲ ဖြစ်သည်။ ရာဟုလှူရသော အကျိုးဆယ်ပါးမှာ 'အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ပညာကြီးခြင်း၊ မွတ်သိပ်ဆာလောင်ခြင်းကို ပျောက်စေခြင်း၊ ရေငတ်ခြင်းကို ပျောက်စေခြင်း၊ လေနာကိုလည်း ပျောက်စေခြင်း၊ အစာဟောင်းကို ထုတ်ပယ်ခြင်း၊ အစာသစ်ကို ကြေစေခြင်း'ဟူသော ဆယ်ပါးသော အကျိုးရကြောင်း ဟောတော်မူသည်။

မြတ်စွာဘုရား၏ ရွှေဉာဏ်တော်မှာ ဒါနကုသိုလ်ပြုရာ၌ အဖိုးတန်သည်၊ မတန်သည်၊ ပစ္စည်းတန်ဖိုးထက် စားသုံးရသော သံဃာတော်များတွင် အကျိုးခံစားရသော အချက်များကို ရည်စူး၍ ဟောထားတော်မူသည်။ ဆွမ်းအကျိုးငါးပါး၊ ရေအကျိုးဆယ်ပါးဟု ဟောရာ၌လည်း စဉ်းစားကြည့်ပါ။ ထမင်းကို ခုနစ်ရက် အငတ်ခံနိုင်သည်။ ရေကို ခုနစ်ရက် အငတ်မခံနိုင်။ သေသွားနိုင်သည်။ ရေသည် လူ၏ခန္ဓာကိုယ်တွင် ထမင်းထက်ပို၍ အရေးပါသည်။ အရာရောက်သည်။ ထို့ကြောင့် ရာဟုသည်လည်း လူ၏ခန္ဓာကိုယ်၌ အကျိုးတရားရရာတွင် ထမင်းထက် ပို၍ အရေးပါသည်။ အရာရောက်သည်။

ဤတရားများကို သိရသဖြင့် ကျွန်ုပ်သည် နံနက်တိုင်း ထမင်းရည်ကို နွားနို့တစ်ဝက်ရော၍ သောက်သည်။ အညှောင်းအကိုက်မရှိ၊ အသားအရေ နုပျို၍ စိုနေသည်။ ကျွန်ုပ်ထက် ဆယ်နှစ်ခန့်ငယ်သော သူများပင်လျှင် အဘိုးကြီးကဲ့သို့ ဖြစ်နေသည်။ အစားအသောက်၊ အနေအထိုင်မတူ၍ဖြစ်သည်။ စမ်းသောက်ကြည့်ပါ။ အရသာရှိကြောင်း တွေ့၍ အသက်လည်း ရှည်စေနိုင်ပါသည်။ ရောဂါ(၉၆)ပါးလည်း ပျောက်ပါသည်။

ဤကဲ့သို့ ဆွမ်းအလှူ၊ ရေအလှူများနှင့် ပတ်သက်၍ ပုံပြင်တစ်ခုရှိသည်။ မှတ်စရာကောင်းသည်။ တစ်ရံရောအခါ ကျောင်းအမကြီးတစ်ယောက်သည် သူ၏ကျောင်းတွင်ရှိသော ဆရာတော်ကြီးအား ဆွမ်းချက်၍ ဟင်းလေးငါးမျိုးဖြင့် ကျောင်းသို့ ဆွမ်းပို့လာခဲ့သည်။ ထိုအခါ ဘုန်းတော်ကြီးက ဆွမ်းအကျိုး ငါးပါးအတိုင်း အသက်ရှည်ခြင်း၊ ခွန်အားကြီးခြင်း၊ ချမ်းသာကြီးခြင်း၊ အဆင်းလှခြင်း၊ ပညာကြီးခြင်းဟူသော အကျိုးငါးပါး ရကြောင်း ဟောသည်။

ထိုကဲ့သို့ တရားဟောနေစဉ် ဆင်းရဲသော ဒါယိကာမတစ်ယောက်သည် ရေတွင်းထဲက ရေခပ်၍ ရေအိုးအပြည့် ရွက်လာပြီးလျှင် ဆရာတော်ကြီးအား ရေလှူသည်။ ထိုအခါ ဆရာတော်ကြီးက အထက်က ဖော်ပြခဲ့သည့်အတိုင်း ရေအကျိုးမှာ ဆယ်ပါး ရကြောင်း ဟောတော်မူသည်။

ထိုအခါ ဆွမ်းလှူရသော ကျောင်းအမကြီးက မကျေမနပ်ဖြစ်သည်။ ထို့ကြောင့် ဆရာတော်ဘုရားကို လျှောက်ထားသည်။ "ဆရာတော်ဘုရား စဉ်းစားကြည့်ပါ။ တပည့်တော်သည် ဟင်းခွက်များစွာအတွက် ငွေတွေ အများကြီးကုန်သည်။ လူလည်း အလွန်ပင်ပန်းအောင် အမျိုးမျိုး ချက်ရသည်။

၁၉၅၂ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ဗာရာဏသီမှ ကာလကတ္တားသို့ ပြန်လာသည်။ ကာလကတ္တားမြို့ရှိ နာမည်ကျော် ဗေဒင်ဆရာများကို သွား၍ မေးမြန်းခဲ့သည်။ စာတတ်ကြသည်။ လက်တွေ့အဟောဒ္ဓ သိပ်ပိုင်သည်မဟုတ်။ တတ်သမျှ မှတ်သမျှနှင့် လုပ်ကိုင်နေကြသည်။ ဘီအေ၊ အမ်အေ ဘွဲ့ရဆရာတွေ အများကြီးရှိသည်။ သို့ရာတွင် မြန်မာဗေဒင်ဆရာများလောက်ပင် မှန်အောင် မဟောနိုင်ကြ။ ကိန်းတိုကလေးဖြင့် ၇ ခုစား၊ ၈ ခုစား ဟောကြသည်။ အလွန် စိတ်ပျက်စရာကောင်းသည်။ ဗေဒင်ဆရာတစ်ယောက်မှာ မေးခွန်းတစ်ခုကို ၁၀ ကျပ်ပင် ပေးရသည်။ မှားမှားမှန်မှန် သူပြောသမျှနှင့် ပြီးရသည်။

ကာလကတ္တားမြို့၊ မဒရပ်မြို့သို့ မရောက်မီ ဗေဒင်ကျမ်းများစွာကို အင်္ဂလိပ်ဘာသာဖြင့် ရေးခဲ့သော ဒေါက်တာနရိန်ရောင်းရှိရာ ပင်လယ်ကမ်း မဆူလီပတန်မြို့သို့ သွားရန် လမ်းခွဲဖြစ်သော ဗီဇာဝါဒါသို့ သွားခဲ့၏။ ထိုမှ မီးရထားပြောင်းပြီး ပင်လယ်ကမ်းမြို့ဖြစ်သော မဆူလီပတန်မြို့သို့ သွားခဲ့သည်။ ဗီဇာဝါဒါမြို့သို့ ရောက်သောအခါ ည ၈ နာရီ ၁၅ မိနစ်ရှိပြီ၊ ၈ နာရီခွဲတွင် မဆူလီပတန်သို့ မီးရထားထွက်သည်။

မီးရထားဌာန၏ စည်းကမ်းစနစ်ကောင်းပုံ၊ ခရီးသည်များအား တာဝန်ကျေပုံကို နမူနာယူလောက်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည် ဗီဇာဝါဒါမှ မထွက်မီ ညစာစားသောက်ရန် မှာထားသည်။ ထိုအခါ မီးရထားဟိုတယ်မှ စားပွဲထိုးတစ်ယောက် လိုက်ပါပြီးလျှင် ညစာကို ရထားပေါ်တွင်ပင် ကျွေးသည်။ စားပွဲထိုးသည် မဆူလီပတန် ရောက်အောင် လိုက်လာပြီး နောက်မှ အခြားရထားကြုံနှင့် ပြန်သွားသည်။ အလွန် အံ့ဩဖွယ်ကောင်းလောက်အောင် တာဝန်ဝတ္တရား ကျေပွန်သည်။ ကျွန်ုပ်သည် အလွန် ကျေးဇူးတင်စွာဖြင့် သူ့အား ငွေကျပ် ၁၀ ခန့် ပစ်ပေးလိုက်သည်။

မဆူလီပတန်မြို့တွင် ဟိုတယ်နှစ်ခုရှိရာ ဘူတာရုံက ညွှန်ပြသည့် ဟိုတယ်သို့ သွား၍ တည်းခိုရသည်။ ကုလားလူမျိုးမှာ ပန်းကန်နှင့် စားသည်မဟုတ်၊ ဖက်နှင့် စားသည်။ ဖက်များစွာကိုဆက်၍ စားပွဲပေါ်တွင် ခင်းပြီး အစားအသောက်များကို ပုံ၍ ပေးသည်။ သို့သော် သူ့အရပ်ရောက်လျှင် သူ့လိုပင် နေရပေမည်။

နောက်တစ်နေ့တွင် ကျွန်ုပ်သည် မြို့မှ သုံးမိုင်ကျော်ဝေးသော ပင်လယ်ကမ်းခြေသို့ သွားခဲ့သည်။ ဤဘဝတစ်သက်တာတွင် ပင်လယ်ကို ပထမဆုံး မြင်ဖူးခြင်းဖြစ်သည်။ ကြည့်၍ အားမရနိုင်၊ အလွန် လွမ်းစရာကောင်းသည်။ မျက်စိတဆုံး ရေပြင်ကြီးဖြစ်သည်။ မဆူလီပတန်မှာရှိသော ဗေဒင်ဆရာကြီး ဒေါက်တာရောင်းထံ သွား၍ ဗေဒင်မေးပြီး ဆွေးနွေးကြသည်။ သူသည် အင်္ဂလိပ်ဗေဒင်၊ ဟိန္ဒူဗေဒင်များကို ကောင်းစွာတတ်၍ ဆရာဝန်လုပ်ရင်း ဗေဒင်ဟောသည်။ စာအုပ်များစွာ ရေးသည်။ သူသည် ကျွန်ုပ်အား အင်္ဂလိပ်ဗေဒင်နည်းဖြင့် တွက်၍ ဟောသည်။ ဗဟုသုတ ဖြစ်ရုံပဲ ရှိသည်။

နောက်တစ်နေ့တွင် ဗေဒင်လောကဒ္ဓ မြန်မာပြည်အထိ ကျော်စောသော ပရော်ဖက်ဆာ ဆတ်ကားရှိရာ အယ်လိုမြို့သို့ ဘတ်စ်ကားဖြင့် သွားသည်။ ကုလားလို အယ်သူရူး

ဟု ခေါ်သည်။ အင်္ဂလိပ်လို အယ်လိုမြို့ဟု ခေါ်သည်။ ကျွန်ုပ်တို့သည် ဘတ်စ်ကား ရှေ့ခန်းမှ နေရာရ၍ ကျွန်ုပ်နှင့်အတူ အယ်လိုမြို့မှ ကုလားဝတ်လုံတော်ရတစ်ယောက် ပါလာသည်။ သူက သူ၏အိမ်တွင် တည်းခိုနိုင်ကြောင်း၊ ထမင်းဟင်းပါ ကျွေးလိုကြောင်း ဖိတ်ခေါ်သည်။

ကျွန်ုပ်သည် အလွန် အံ့ဩသွားသည်။ အများအားဖြင့် ကုလားများသည် တစ်ယောက်နှင့်တစ်ယောက် ဆက်ဆံမှု မရှိကြ။ ဓာတ်နိမ့်၊ ဓာတ်မြင့်ကလည်း ရှုပ်နေသည်။ ကျွန်ုပ်မှာ မြန်မာပြည်ကဆိုသဖြင့် သူက ပို၍ပင် ခင်မင်သွားပုံရသည်။

ထို့နောက် ပရော်ဖက်ဆာဆတ်ကားရှိရာသို့ သွားရောက် တွေ့ဆုံသည်။ ဗေဒင်ဆရာမှာ အင်္ဂလိပ်လို တစ်နှစ်တစ်ခါ နှစ်စဉ် ဟောစာတမ်းများကို စာရေးသုံးယောက်နှင့် လက်နှိပ်စက်ရိုက်၍ မှာသောသူများကို ပို့ပေးသည်။ သူသည် အလွန်ချမ်းသာ၍ တိုက်နှစ်လုံး ရှိသည်။ သူနေသော လမ်းကိုပင် သူ၏နာမည်အတိုင်း မှည့်ထားသည်။ ထိုမျှမကသေး သူ၏အိမ်တွင် သူ့နာမည်နှင့် စာတိုက်တစ်ခု ဖွင့်ထားသည်။ အစိုးရ အသိအမှတ်ပြုသည်။ တယ်လ်ဂူလူမျိုး ဖြစ်သည်။ အလွန်ကြီးသော နှုတ်ခမ်းမွေးကြီးဖြင့် ခံ့ညားသောရုပ် ရှိသည်။ သူ၏ ဟောစာတမ်းများကို အင်္ဂလိပ် အမေရိကန်အထိ ပို့ပေးရသည်။ သူ့ထံမှ ဓာတ်ဖန်လုံးတစ်ခုကို ၅၀ ကျပ်ဖြင့် ဝယ်ယူခဲ့သည်။ ပညာတတ်ဖြစ်၍ သူ့ကို ရိုသေသောသူ များသည်။

အယ်လိုမြို့မှ ညနေပိုင်းတွင် ဘတ်စကားဖြင့် ပြန်လာရာ မဆံလီပတန်သို့ ၅ နာရီကျမှ ရောက်သည်။ နောက်တစ်နေ့တွင် ညနေ ၄ နာရီ မိနစ် ၂၀ ရထားဖြင့် ဗီဇဝါဒါမြို့သို့ လိုကယ်ရထားဖြင့် လိုက်ခဲ့ရာ ၇ နာရီကျော်မှ ရောက်သည်။ မီးရထားဟိုတယ်ကြီးသည် အလွန် ခမ်းနား၍ ညစာကို ထိုနေရာမှာပင် စားသောက်သည်။ ပါသောသေတ္တာကို ဘူတာရုံတွင် အပ်ထား၍ရသည်။ အလွန် စည်းကမ်းရှိသည်။

ကာလကတ္တားမှလာသည့် စာပို့ကြီးနှင့် မဒရပ်သို့လိုက်ပါရန် ဒုတိယတန်း၌ လက်မှတ်မရချေ။ ပထမတန်းသာရသဖြင့် ပထမတန်းကိုသာ စီးခဲ့ရသည်။ တစ်ညလုံး အိပ်ရသည်။ ပထမတန်းမှာ အမွေးရှည်ကော်ဇောကြီးများ ခင်းထားသည်။ ထိုင်ခုံများပါ အားလုံးကော်ဇောများ ခင်းထားသည်။ အလွန်ခမ်းနားသည်။ ရေချိုးခန်း၊ အိမ်သာမှစ၍ အလွန် သန့်ရှင်းသည်။ အဘယ်ကြောင့်ဆိုသော် ဘူတာသို့ရောက်တိုင်း ရောက်တိုင်း အလုပ်သမားများက ဆေးကြောသုတ်သင်ကြသည်။ မဒရပ်မြို့သို့ နောက်တစ်နေ့ နံနက် ၆ နာရီခွဲတွင် ရောက်လေသည်။

မဒရပ်မြို့သို့ ရောက်သောအခါ မြန်မာပြည်ရှိ မိတ်ဆွေများက အသိအကျွမ်းများထံ စာများပေးထားသည်။ သို့ရာတွင် မိတ်ဆွေတစ်ယောက်က ပြောသည့်အတိုင်း ဝိတိုရိယဟိုတယ်သို့ သွား၍ တည်းခိုသည်။ မဒရပ်ဘူတာသို့ ရထားဆိုက်လျှင် ဆိုက်ခြင်း ခရီးကြိုသော ပညာတတ်များ ရထားတွဲသို့လာ၍ ဂိုက်ခေါ် လမ်းညွှန်လုပ်ရန် ပြောကြသည်။ ကျွန်ုပ်၏ လမ်းညွှန်မှာ ကောလိပ်မှ ဘီအေအောင်ပြီး ဖြစ်သည်။ တစ်နေ့လုံးအတွက်

ဘန်ဂလိုမြို့မှ မဒရပ်မြို့သို့ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ပြန်ရောက်သည်။ ဒုတိယတန်းဖြင့် ပြန်ခဲ့သည်။ အပြန်ခရီးတွင် မီးရထားပေါ်၌ ပညာတတ် လူကြီးလူကောင်း များစွာနှင့် တွေ့သည်။ အလွန် ယဉ်ကျေးကြသည်။ မြန်မာများကဲ့သို့ မိတ်ဆွေဖွဲ့သည်။ သူတို့ထံကိုလည်း 'လာလည်ပါ'ဟု ပြောသည်။ 'လိုတာကိုလည်း အကူအညီပေးမည်'ဟု ဆိုသည်။ တောပိုင်းသားတို့သည် ပို၍ ယဉ်ကျေးကြသည်။ စာတတ်ကြသည်။ မြန်မာ ပြည်ကဆို၍ သာ၍ပင် သူတို့က ခင်မင်ကြသည်။

## နဒီဗေဒင်၏ အံ့ဖွယ်ရာများ

ဗန်ဂလိုမြို့မှထုတ်သော ဗေဒင်မဂ္ဂဇင်းတွင် တစ်ခါတစ်ခါ ဤနဒီဗေဒင်များ အကြောင်း ပါလာသည်။ အံ့လောက်အောင် မှန်သည်ဟု ပြောကြသည်။ ရေးကြသည်။ ထို့ကြောင့် ဗေဒင်ကို ကျွန်ုပ် သင်၍ရလျှင် အလွန် အဖိုးတန်မည် ဆိုပြီးလျှင် ရှာဖွေရန် လာခြင်းဖြစ်သည်။ အထူး ကံကောင်းသည်မှာ ဆူလီပတန်မြို့တွင် ရှိတုန်းက ဗေဒင် ဆရာကြီး ဒေါက်တာရောင်းက ဗေဒင်ကျမ်းများရှိသော နေရာနှစ်ခုကို ညွှန်ပြလိုက်သည်။ တစ်ခုမှာ (သုခနဒီ)ဟုခေါ်သည်။ သုခအမည်ရှိသော ဈာန်အဘိဉာဉ်ရသော ရသေ့ကြီးက ဟောသွားသော ဗေဒင်ဟောစာတမ်းများ ဖြစ်သည်။ တစ်ခုက ဂနက်ရှ်နဒီ ဖြစ်သည်။ ဈာန်အဘိဉာဉ်ရသော ဂနက်ရှ် အမည်ရှိ ရသေ့ကြီးက ရေးသွားခြင်း ဖြစ်သည်။ နဒီဗေဒင် အဟောများမှာ မြန်မာပြည်ရှိ ပေစာများကဲ့သို့ ပေရွက်တွင်ရေး၍ မြန်မာဘုန်းကြီးကျောင်း များရှိ ပေထုပ်များထဲတွင် တစ်ထွာတစ်မိုက်မြင့်သော အထုပ်ပေါင်း ထောင်ပေါင်းများစွာ ရှိသည်။ ပေထုပ်များထဲတွင် ဗေဒင်မေးလာသူ၏ အကြောင်းအရာ၊ အဖေနာမည်၊ အမေ နာမည်မှစက လွန်ခဲ့သော ဘဝကအကြောင်း၊ ယခု ဘာဖြစ်နေသည့်အကြောင်း၊ ရှေ့ကို ဘာဖြစ်မည့် အကြောင်းများကို အံ့သြဖွယ်ရာ ရေးထားခဲ့သည်။ ပြောလျှင် ယုံနိုင်မည် မဟုတ်ပေ။

နဒီပေစာများမှ အဟောကို သိလိုလျှင် မိမိ၏ ဇာတာခွင်ကို လည်းကောင်း၊ သို့မဟုတ် မိဿလဂ်၊ ပြိဿလဂ် စသည် ပြောရသည်။ သို့မဟုတ် လက္ခဏာကို ပြော ရသည်။ ထိုစာကို ဘာသာပြန်သူက ဤကဲ့သို့ ထောင်ပေါင်းများစွာသော ပေထုပ်ထဲမှ မိမိအတွက် ဟောစာတမ်းကို ရှာဖွေ၍ ယူလာသည်။ ရှာဖွေခ ငါးကျပ် ပေးရသည်။

ဟောစာတမ်းတွင် မေးသူ၏နာမည် ပါလာသည်။ အဖေ၏နာမည်၊ အမေ၏ နာမည် ပါလာသည်။ အံ့သြလောက်အောင် မှန်သည်။ ထိုအခါ အဖေ၊ အမေ နာမည် မှန်မှသာလျှင် အောက်က အဟောများသည် ထိုသူအတွက် ဖြစ်သည်။ အဖေနာမည်၊ အမေနာမည် မဟုတ်သေးလျှင် အခြားတစ်ထုပ်ကို သွား၍ ရှာပြန်သည်။ နောက်ဆုံး မိဘနာမည် နှစ်မျိုးနှင့်တကွ အကြောင်းစုံပါသော ပေထုပ်ကို ရသည်။ အလွန် အံ့သြစရာ ကောင်းသည်မှာ ဤကဲ့သို့ အမေ၊ အဖေရှိသော လူတစ်ယောက်သည် ဗေဒင်ကျမ်းများ ရှိရာသို့ ရောက်လာမည်ကို မည်ကဲ့သို့ သိသနည်း။ စဉ်းစားလျှင် လုံးဝ အံ့သြဖွယ်ဖြစ်

သည်။ ဥပမာ–ကျွန်ုပ်၏အဖေသည် ဦးခ၊ အမေနာမည် ဒေါ်ခ ဖြစ်သည်။ အဖေသည် ဝါဂွမ်းကုန်သည် ဖြစ်ပါသည်ဟု ပါသည်။ အမေသည် ကုန်မျိုးစုံ ရောင်းဝယ်လုပ်ကိုင်ပါသည်ဟု ပါသည်။ အလွန်တိကျသည်။

ကျွန်ုပ်ကို ဟောရာတွင် ကျွန်ုပ်သည် ၁၀ တန်း အောင်သည်။ ဆရာဖြစ်အောင်သည်။ လုပ်ငန်းအမျိုးမျိုး လုပ်သည်။ စာရေးလည်း ဝါသနာပါသည်မှ စ၍ နောက်က အဖြစ်အပျက်များကို အားလုံး ပြောပြသည်။ မည်သည့်နှစ်တွင် သေလုနီးပါး၊ မည်သည့်ရောဂါဖြစ်ကြောင်း အံ့သြဖွယ်ပါသည်။ ထိုမျှမကသေး။ သင်သည် ၃၆ နှစ်ကစ၍ ဗေဒင်ဆရာ ဖြစ်လာသည်။ တစ်လတွင် ဝင်ငွေ မည်မျှရသည်ကို အတိအကျ ရေးထားသည်။ အံ့သြ၍ မကုန်နိုင်အောင်ပါ။

ပို၍ပင် အံ့သြသည်မှာ ကျွန်ုပ်သည် မြန်မာပြည်ရှိ မိတ်ဆွေများက ထိုခေတ်က မြင်းပွဲရှိသဖြင့် မြင်းပွဲ ဗေဒင်စာအုပ်များကို ရသမျှ ဝယ်ခဲ့ရန် မှာကြားခဲ့သဖြင့် ကျွန်ုပ်ရောက်လေရာ စာအုပ်ဆိုင်များ၌ မြင်းပွဲ ဗေဒင်စာအုပ်များကို ဝယ်ယူစုဆောင်းခဲ့သည်။ ကျွန်ုပ်တို့ အိန္ဒိယပြည် မရောက်ခင်က ရန်ကုန်မြင်းပွဲတွင် ဘုံဘေမြို့မှ ဆူတာလီယာ ရေးသော မြင်းပွဲဗေဒင်သည် အလွန်မှန်ကြောင်း သိရသည်။ အချို့ ဝန်ကြီးများ၊ အချို့ ပညာတတ်များ ထိုစာအုပ်ဖြင့် တွက်ချက်ရာ မှန်လှကြောင်း သိရသည်။ မြန်မာပြည်၌ ဝယ်၍ မရချေ။ အိန္ဒိယပြည်တွင်လည်း ရှာ၍မရအောင် ဖြစ်သည်။ သို့ရာတွင် ရသော စာအုပ်များကို ကျွန်ုပ်သည် ညအခါ အားနေသဖြင့် မြင်းပွဲဗေဒင်များကို စမ်းသပ်၍ တွက်ချက်ကြည့်သည်။ ဤကဲ့သို့ မြင်းပွဲဗေဒင် တွက်သည်ကိုပင် နဒီပေထုပ်ထဲ၌ ပါလာသည်။ မည်မျှ အံ့သြဖွယ်ကောင်းသည်ကို စဉ်းစားကြည့်ပါ။ ကျွန်ုပ်သည် အလွန်ပင် အံ့သြသွားသည်။

ထို့ထက် အံ့သြစရာကောင်းသည်မှာ ငွေရေး၊ ကြေးရေး၊ စီးပွားရေးကို ယင်း ဗေဒင်ကျမ်းများက ၁၁ တန့်လာဘအိမ်ကို အခြေခံထား၍ ဟောသည်။ အလွန် အံ့သြလောက်အောင် မှန်သည်။ မေးမည့်သူ၏ ပေထုပ်ကို ယူလာသောအခါ အဖေနာမည်၊ အမေနာမည်မှစ၍ အဟောမေးသူနှင့် ကိုက်ညီလျှင် ဉာဏ်ပူဇော်ခ မည်မျှပေးရမည်ကိုပါ တစ်ခါတည်း စာထဲ၌ ပါလာသည်။ စာထဲတွင် သင်သည် ဝင်ငွေကောင်းသူ ဖြစ်သဖြင့် ရှေ့ကို ဆက်လက်၍ ဖတ်လိုလျှင် ငွေသုံးရာပေးရမည်ဟု ရေးထားသည်။ သုံးရာမပေးလျှင် တစ်ပြားမှ လျော့မည်မဟုတ် သိရသည်။ ရှေ့ကို သိချင်သဖြင့် သုံးရာပင် ပေးခဲ့ရသည်။ ထိုသုံးရာပေးမှသာလျှင် ပေစာကို ဆက်ဖတ်ခွင့်ပေးသည်။ သုခနဒီမှာ ချစ်တီးစာဖြင့် ရေးထားသည်။ ဂနက်ရှ်နဒီမှာ တမေလ်ဘာသာဖြင့် ရေးထားသည်။

ကျွန်ုပ်သည် လမ်းပြလုပ်သော ဘီအေအောင်သည့် တမေလ်လူမျိုးလေးတစ်ယောက်ကို တစ်နေ့ ငါးကျပ်နှင့် ငှားထားသဖြင့် သူက တမေလ်ဘာသာမှ အင်္ဂလိပ်ဘာသာဖြင့် ပြန်ပေးသည်။ ကျွန်ုပ်က စာအုပ်တွင် လိုက်၍ ရေးရသည်။ တစ်ခုသောအခန်းတွင် ဆရာက တမေလ်ဘာသာဖြင့် ဖတ်သွားသောအခါ မြန်မာစာအသံ ပေါ်လာ

သည်။ ကျွန်ုပ်သည် မျက်စိပြူးသွားအောင်ပင် အံ့သြသည်။ သူဖတ်သည်မှာ တမေလ် အသံအတိုင်း ဖြစ်သည်။ သို့ရာတွင် မြန်မာစာပေါ်လာသည်။ ဥပမာ–သင်သည် မကာရမှာ စန်းရှိသောအခါ မြတ်စွာဘုရားကို ဆွမ်းတော်တင်ရမည်။ ပုတီးစိပ်ရမည် စသည်ဖြင့် မြန်မာသံ ပီပီသသကြီး ပေါ်လာသည်။

ကျွန်ုပ်သည် အံ့သြ၍မကုန်နိုင်အောင် ဖြစ်လာသည်။ ကမ္ဘာမှာ မရှိသောပညာမျိုး ဖြစ်သည်။ လွန်ခဲ့သော ဘဝကိုလည်း ဖတ်ပြသည်။ ဟုတ်သည် မဟုတ်သည် အပထား၊ ဗုဒ္ဓဘာသာ တရားတော်နှင့် ဆင်ခြင်ကြည့်လျှင် အတော်မှန်သည်။ အတိတ်ဘဝက သင်သည် ရှင်ဘုရင်ဖြစ်၍ တောလည်သွားရာ သမင်တစ်ကောင်ကို မြားဖြင့် ပစ်သည်။ မြားသည် သမင်ကိုမမှန်ဘဲ ချုံတစ်ဖက်မှာရှိသော လူတစ်ယောက်ကိုမှန်၍ ထိုလူ သေဆုံးသွားသည်။ ထိုအခါ သူ၏မိန်းမက ငိုယို၍ သူ့ယောက်ျားအတွက် လျော်ကြေးတောင်းသည်။ သင်သည် လုံးဝ လျော်ကြေးမပေးခဲ့ချေ။ ထို့ကြောင့် သင်သည် ဤဘဝ၌ အလွန် ရောဂါများမည်။ ရသောငွေများလည်း အဖတ်မတင်ဟု ဆိုသည်။

အလွန်မှန်လှသည်။ ကျွန်ုပ်သည် ရောဂါတစ်ခု အမြဲတမ်းရှိ၍ တစ်မျိုးပြီးတစ်မျိုး ဆေးစားရသည်။ တစ်မျိုးပျောက်လျှင် တစ်မျိုးပေါ်လာရသည်။ အလွန် ဆင်ခြင်တုံ တရားရှိ၍ အသက်ရှည်သည်။ ရသမျှငွေတွေကို အားလုံးလှူပစ်သည်။ အလှူငွေများသည် ယခုဆိုလျှင် နှစ်သိန်းခန့် ရှိပြီ။ လုံးခနဲမဟုတ်။ တစ်ရာလှူလိုက်၊ တစ်သောင်းလှူလိုက် ဖြစ်သည်။ စဉ်းစားကြည့်လျှင် ဗုဒ္ဓတရားတော်နှင့် ကိုက်ညီသည်။ သူများကို သတ်မိ၍ ရောဂါများသည်။ ငွေမစုမိသည်မှာ ကျွန်ုပ်သည် မက်မောခြင်းမရှိ။ ဒုက္ခရောက်သူ၊ ဆင်းရဲသောသူများကို အလွန် ကရုဏာရှိ၍ ငယ်စဉ်ကပင် မိမိမရှိချင်နေ၊ သူတစ်ပါးကို အမြဲတမ်း ပေးကမ်းခဲ့သည်။ ထို့ကြောင့်လည်း ကျွန်ုပ်သွားလေရာ အရပ်၌ ပေးကမ်းမည့်သူ၊ စောင့်ရှောက်မည့်သူ၊ ကူညီမည့်သူများ၊ မိတ်ဆွေများ ပေါ်လာသည်။

ဤနဒီ ဗေဒင်မှရသော ငွေများကို ဇရပ်များဆောက်၍ သူတို့ဆွေမျိုးများ ဆင်းရဲသူများကို လက်ဆောင်ပေးထားသည်။ သာသနာပြုသည် ဆိုရမည်။ ဤကဲ့သို့ အခကြေး ငွေ တောင်းရာ၌ အလွန်ပင် တရားပါသည်။ ကျွန်ုပ် မေးစဉ်က ကျွန်ုပ်နှင့် ဆုံသော သူဌေးသမီးတစ်ဦး ပါသည်။ သူသည် ကောလိပ်ထွက်ဖြစ်၍ အင်္ဂလိပ်စာ ကောင်းစွာ တတ်သည်။ အမ်မ်အေ အောင်သည်။ သို့ရာတွင် သူ့မှာ အထည်ဆိုင်ကြီးတစ်ခု ရှိသည်။ သူ၏ ဟောစာတမ်းမှာ သူတို့အသုံးပြုသော အိန္ဒိယတောင်ပိုင်းရှိ ကနေဒီ စကားမျိုး ဖြစ်သည်။ တမေလ် မဟုတ်ချေ။ ကျွန်ုပ် ဟောစာတမ်းကဲ့သို့ပင် တစ်ခုသောနေရာတွင် ပေစာဖတ်ရာ၌ သူတို့၏ ကနေဒီအသံ ပေါ်လာသည်။ သူသည် အလွန် အံ့သြသွား သည်ဟု ပြောပြသည်။

သူ၏အထည်ဆိုင်ကို မည်သည့်နေ့ရက်တွင် သူခိုးဖောက်သွားလိမ့်မည်။ စုစုပေါင်း ငွေကျပ် ၆၈၀၀ တိတိ ပါသွားလိမ့်မည်ဟု ဟောစာတမ်းတွင် ပါလာသည်။ ထိုအခါ သူက လုံးဝမယုံကြည်၊ မဖြစ်နိုင်ဟု ယူဆသည်။ အဘယ်ကြောင့်ဆိုသော် သူ၏ အထည်

ဆိုင်မှာ ရဲဌာနနှင့် မျက်နှာချင်းဆိုင် ဖြစ်သည်။ ထို့ကြောင့် လုံး၀စိတ်ချထားသည်။ သို့ရာတွင် ဟောစာတမ်း ပါသည့်အတိုင်း ပြောသောရက်တွင် သူခိုးများက နောက်ဖေးက ဖောက်ပြီး ခိုးသွားရာ စာရင်းတွက်ကြည့်ရာ၌ ကျပ် ၆၈၀၀ ဖိုးတိတိ ပါသွားကြောင်း တွေ့ရသည်။

အခကြေးငွေယူပုံမှာ အလွန်တရားလှသည်။ တစ်ခါတုန်းက လန်ချားဆွဲသော လူတစ်ယောက် လာ၍မေးသည်။ ထိုအခါ သူ၏ နဒီဟောစာတမ်းကို ရှာဖွေ၍ ဖတ်ပေးသည်။ ဟောစာတမ်းမှာ တစ်ရွက်တည်းရှိသည်။ ဟောစာတမ်းတွင် သင်သည် လန်ချားဆွဲသူဖြစ်၍ အလွန် ဆင်းရဲသည်။ အသက် ၄၈ နှစ်တွင် သေမည်။ ထို့ကြောင့် သင့်ထံမှ ငွေတစ်မတ်သာလျှင် ဥဏ်ပူဇော်ခယူသည်ဟု ရေးထားသည်။ အံ့သြဖွယ် ဖြစ်သည်။

အင်္ဂလိန်မှလာရောက်၍ မေးမြန်းသော သူများကိုလည်း သူတို့၏အင်္ဂလိပ်လူမျိုး အဖေနာမည်၊ အမေနာမည်၊ ထိုသူ၏နာမည်၊ ထိုသူ ဘာလုပ်ခဲ့သည်။ ရှေ့တွင် ဘာဖြစ်မည်ကို ဟောပေးသည်။

အံ့သြစရာကောင်းသည်မှာ အိန္ဒိယပြည်ကြီး လွတ်လပ်ရေးရပြီးသောအခါ နေရှုးအစိုးရလက်ထက်တွင် မိုက်ဆိုမဟာရာဂျာကို နေရှူးအစိုးရက မဒရပ်ပြည်နယ်အတွက် ဘုရင်ခံခန့်ပေးသည်။ သန်းပေါင်းများစွာ ချမ်းသာသူ ဖြစ်သည်။ ထိုမဟာရာဂျာက နဒီဗေဒင်ကို သွားရောက် မေးမြန်းသောအခါ သူ၏အဖေနာမည်၊ အမေနာမည်မှစ၍ အားလုံးပြောပြပြီးလျှင် သင်သည် မဟာရာဂျာဖြစ်၍ သန်းပေါင်းများစွာ ချမ်းသာသော ကြောင့် နဒီအတွက် ဟောပြောခ ကျပ် ၅၀၀၀ ပေးရမည်ဟု ပါလာသည်။

အမှန်မှာ သူသည် ရိုးရိုးအရပ်ဝတ် အရပ်စားနှင့် သူလိုငါလိုလာသူ ဖြစ်သည်။ မည်သူကမှ သူ့ကို မိုက်ဆိုမဟာရာဂျာ၊ မဒရပ်ဘုရင်ခံဟု မသိခဲ့ချေ။ သူသည် အလွန် အံ့သြသွား၍ ငွေငါးထောင်ကို ရက်ရက်ရောရော ပေးပြီးလျှင် သူ၏ရှေ့ရေးကို ကူးယူသွားသည်။ တန်ဖိုးမဖြတ်နိုင်အောင် အဖိုးတန်သော နဒီအဟောများ ဖြစ်သည်။ ဟောစာတမ်းကို ဈာန်အဘိဉာဉ်ရသော ရသေ့ကြီးများ ရေးထားခဲ့ခြင်း ဖြစ်သည်။ ဟောပြောချက်များမှာ အံ့သြဖွယ် မှန်ရုံမျှမဟုတ်၊ ကမ္ဘာအရပ်ရပ်က လူမျိုးပေါင်းစုံ ကုလား၊ မြန်မာ၊ အင်္ဂလိပ်၊ ဂျာမန်မှစ၍ နဒီရှိရာသို့ ရောက်လာမည်ကို ဘယ်ပုံသိမလဲ။ အဘယ့်ကြောင့် အဖေနာမည်။ အမေနာမည်မှစ၍ တစ်လဝင်ငွေ ဘယ်လောက်အထိ အမှန် ဟောနိုင်ပုံကို စဉ်းစားကြည့်လျှင် အံ့သြ၍ မဆုံးနိုင်အောင် ဖြစ်သည်။ မည်သည့် လောက ဓာတ်ပညာနှင့်မှ ရှာဖွေတွေ့နိုင်မည်မဟုတ်။

ဗုဒ္ဓဘာသာ အလိုအားဖြင့် ဈာန်အဘိဉာဉ် တန်ခိုးသာ ဖြစ်သည်။ အကျင့်ပြင်းထန်သော၊ တရားပေါက်ရောက်သော ရသေ့ကြီးများ ရေးထားခြင်းဖြစ်သည်။ ပေစာများမှာ အချို့ အနှစ်တစ်ထောင်ကျော်ပြီ။ အချို့ အနှစ်သုံးထောင်ကျော်ပြီ။ အိန္ဒိယပြည်ရှိ မဒရပ်မြို့တွင် နှစ်နေရာ၊ ကိုုင်ဘာတိုမြို့တွင် တစ်နေရာသာရှိသည်။ နေရာတကာရှိသည့်

ပစ္စည်းမျိုး မဟုတ်ချေ။ ထို့ကြောင့် မြန်မာပြည်မှ သွားရောက်လိုသော သူများအတွက် လိပ်စာကို အောက်တွင် ထည့်ပေးလိုက်ပါသည်။

**GANESH NADI**

**NO.81 PADAWATTAMAN KOIL STREET.**

**KOSAPET. MADRAS. INDIA**

## ပရော်ဖက်ဆာ ဆီဝါရမ်

အထက်ပါ နဒီကဲ့သို့ပင် သူ၏ ရှေးပါရမီအလျောက် အံ့သြဖွယ်ကောင်းသော ဗေဒင်ဆရာ တစ်ယောက်မှာ ပရော်ဖက်ဆာဆီဝါရမ် ဆိုသူ ဖြစ်သည်။ ကျွန်ုပ်သည် ရန်ကုန်မြို့တွင် ရှိစဉ်က မဂိုလမ်းရှိ ချစ်တီးများ၊ မဒရပ်မှလာသော ပုဂ္ဂိုလ်များက သူ့အကြောင်းကို ပြောပြခဲ့သည်။

ရှေးကံဆိုသည်မှာ အလွန်ပင် ဆန်းကြယ်လှပေသည်။ သူသည် ယခုအခါ အလွန်ချမ်းသာ၍ တိုက်နှင့် ကားနှင့် ငွေကြေးပြည့်စုံအောင် ချမ်းသာကြွယ်ဝသူ ဖြစ်နေသည်။ နာမည်လည်း အလွန်ကြီးသည်။ သူသည် ရှေးဗေဒင်ကျမ်းများမှ ဂါထာပေါင်း သိန်းနှင့်ချီ၍ အလွတ်ရသူတစ်ယောက် ဖြစ်သည်။ ဇာတာကြည့်၍ အကွက်ချပြီးနောက် ဂါထာတွေ အကုန်ရွတ်၍ ဟောပြသည်။

ပရော်ဖက်ဆာဆီဝါရမ်သည် မဒရပ်မြို့မှ မနီးမဝေးရှိ မထင်ရှားသော ရွာငယ်လေးတစ်ခု၌ မွေးဖွားခဲ့သည်။ သူသည် ၁၇ နှစ်သား ရောက်သောအခါ ကျောင်းမနေနိုင်။ မိဘများ ဆင်းရဲ၍ ကျောင်းမှ ထွက်ခဲ့ရသည်။ ထို့နောက် သူသည် အရောင်းအ၀ယ်လုပ်သည်။ သို့ရာတွင် လုပ်သမျှ အရှုံးသာများသည်။ များစွာဆုံးရှုံးသွားသည်။ ထို့နောက် သူသည် သူ၏ ဇာတိရွာကလေးမှ ထွက်ခွာပြီးလျှင် ကြီးပွားရာကြီးပွားကြောင်း တစ်နေရာကို ရှာဖွေမည်ဆိုပြီး အပြီးအပိုင် ထွက်လာခဲ့သည်။ သူသည် တစ်နေရာမှ တစ်နေရာ ကြီးပွားရာ လမ်းစများကို ရှာသည်။ အရောင်းအ၀ယ်များလည်း အားလုံး ဆုံးရှုံးကုန်သည်။ ၁၉၃၅ ခုနှစ်တွင် ဘတ်ဒရချလန်မြို့သို့ ရောက်လာသည်။ သို့ရာတွင် သူ့တွင် ပါလာသမျှ ငွေလည်း ကုန်သွားသည်။ ရှေ့ကိုလည်း မည်ကဲ့သို့ ဆက်လက်၍ အသက်မွေးရမည်ကို စဉ်းစားမရတော့ချေ။ ထို့ကြောင့် ဂိုဒါဝါရီမြစ်ထဲသို့ ခုန်ချပြီးနောက် သူ့ဘ၀ကို အဆုံးသတ်ရန် စိတ်ကူးလိုက်သည်။

ဤကဲ့သို့ မြစ်ကမ်းမှ ရေထဲသို့ခုန်ချမည် ကြံစည်သောအချိန်၌ သူ၏ နားထဲ၌ သူ့နာမည်ကို ထပ်ခါထပ်ခါ ခေါ်သံကြားရသည်။ သို့ရာတွင် သူသည် သူ့ဘ၀ကို အဆုံးစီရင်ရန် နောက်ကိုပင် လှည့်မကြည့်လိုတော့ချေ။ သို့သော် စိတ်ထဲက နောက်ကို လှည့်ကြည့်ချင်သောစိတ် ပေါ်လာ၍ လှည့်ကြည့်လိုက်သည်။

ကိုက် ၁၀၀ လောက်ဝေးသော နေရာတွင်ရှိသည့် အလွန်ကြီးမားသော မန်ကျည်းပင်ကြီးအောက်မှ ခုံညားလှသော ယောဂီကြီး တစ်ယောက်က သူ့ကို လက်ယပ်ခေါ်

သည်။ သူ၏နာမည်ကိုလည်း သိသည်။ သူ၏နာမည်အတိုင်း ဆီဝါပရမ်ကစန်ဟု ခေါ်သည်။ သူ့မိဘများက ပေးထားသော နာမည်ဖြစ်သည်။ သူသည် ယောဂီကြီးရှိရာသို့ ရုတ်တရက် ရောက်သွားသည်။ ထိုအခါ ယောဂီကြီးက သူ၏ဘဝ အဖြစ်အပျက်ကို အသေးစိတ် ဟောပြသည်။ ထို့နောက် ယောဂီကြီးက မိမိကိုယ်ကို သတ်သေမည့်ကိစ္စကို မစဉ်းစားပါနှင့်တော့။ သင်သည် ရှေ့ရေး၌ အလွန်ထင်ပေါ်ကျော်စော၍ ကြီးပွားမည့်သူ တစ်ယောက် ဖြစ်လာလိမ့်မည်ဟု ပြောသည်။

ယောဂီကြီးသည် ရှေးဆရာများ လက်ထက်မှစ၍ အစဉ်အဆက် သင်ကြားလာခဲ့သော ဗေဒင်ပညာကို တတ်မြောက်သူ ဖြစ်သည်။ ထိုပညာကို သင်ပေးမည်ဟု အမိန့်ရှိသည်။ ဆီဝါရမ်သည် စိတ်ပါလာ၍ ယောဂီကြီး၏ နောက်လိုက်တပည့်တစ်ယောက် ဖြစ်လာသည်။ ထို့နောက် ယောဂီကြီးသည် လမ်းဘေးမှ သစ်ရွက်အချို့ကို ချေပြီးလျှင် ရေနှင့်ရော၍ သူ့အား သောက်ခိုင်းသည်။ ထိုရေကို သောက်ရသောအခါ ချက်ချင်း စိတ်ပျော်သွားသည်။ ဤနည်းဖြင့် သူသည် ယောဂီကြီး၏တပည့် ဖြစ်လာသည်။ နောက် တစ်နေ့တွင် ယောဂီကြီးနှင့် သူတို့သည် ဘတ်ဒရချန်မြို့ရှိ ရာမ၏ ကျောင်းတော်သို့ သွားကြသည်။ သူ၏နာမည်ကိုလည်း ဆီဝါရမ်ဟု ပြောင်း၍ပေးသည်။

ထို့နောက် သူ့အား ရှေးဗေဒင်ကျမ်းများပါသည့် ဂါထာပေါင်းများစွာကို သင်ပေးသည်။ ဟစ်နှစ်နှင့် နှစ်လကြာလျှင် သူသည် ဆရာသင်ပေးသမျှ အကုန်လုံးကို အလွတ်ရ၍ မှတ်မိလာသည်။ တစ်ခေါက်ချရုံမျှနှင့် တစ်ခါတည်း မှတ်မိသည်။ ဤနည်းအားဖြင့် သူသည် ဗေဒင်ပညာကို အစအဆုံး တတ်ကျွမ်းသူတစ်ယောက် ဖြစ်လာသည်။ သူ၏ ဆရာကြီးနှင့်အတူ ဆက်လက်နေထိုင်၍ သူတတ်ပြီးသောပညာမှ လိုအပ်သည်များကို ယောဂီကြီးက သင်၍ပေးသည်။ ဗေဒင်နှင့် ပတ်သက်သော ဂါထာသိန်းချီ၍ အလွတ်ရခဲ့ သည်။

ယောဂီကြီးထံမှ သူခွဲခါနီးတွင် သူ့အား အောက်ပါအတိုင်း မှာသည်။ "ယနေ့ သင့်အား အရေးကြီးသောကိစ္စ ပြောပြမည်။ သင်သည် လာမည့် အနာဂတ်ကာလတွင် အလွန်ထင်ပေါ် ကျော်စော၍ ကြီးကျယ်သော အောင်မြင်မှု ရလိမ့်မည်။ ချမ်းသာလိမ့်မည်။ သင့်၌ လိုတာမရှိအောင် ချမ်းသာကြွယ်ဝ၍ များစွာ ကျော်စောထင်ရှားသူတစ်ယောက် ဖြစ်လာလိမ့်မည်။ ကျွန်ုပ် ပြောသည့်အတိုင်း မှန်ကန်စွာ သင် ကြီးပွားအောင်မြင်ခဲ့လျှင် ကျွန်ုပ်သင်ပေးသော ပညာရပ်များကလည်း သင့်အား အောင်မြင်မှုပေးခဲ့လျှင် သင်သည် ဆင်းရဲရာမှ ချမ်းသာလာခဲ့လျှင် သင်၏အသက် ၃၂ နှစ်မရောက်ခင် ဤနေရာသို့လာ၍ ဆရာသမားများကို ပူဇော်ရမည်။ သင်လာရမည့်နေ့မှာ သင့်၏အသက် ၃၂ နှစ်မြောက် မွေးနေ့ဖြစ်သည်။ ယခု သင့်အား ဂါထာမန္တန်တစ်ပုဒ် ရေးထားသော စက္ကူတစ်ချပ် ပေးလိုက်မည်။ ယင်းကို ကောင်းစွာသိမ်းထားပါ။ ဖျောက်၍ မပစ်ပါနှင့်။ ဤစက္ကူကို သင်ပိုင်သည် မဟုတ်ပါ။ ဤမန္တာန်ရေးထားသည့်အတိုင်း သင်သည် ကြီးပွားအောင်မြင် လာသောအခါ ၃၂ နှစ်မြောက် မွေးနေ့၌ ရွှေချိန် ၅၅၅၅ ရွှေခန့်ကို ရွှေပြားလုပ်၍

မန္တာန်ကို ရွှေပြားပေါ်၌ ရေးပြီးလျှင် ဤနေရာသို့ ယူလာရမည်။ ဤမန်ကျည်းပင်အောက် ရောက်သောအခါ သင်သည် သုံးရက်တိတိ ပူဇော်ပွဲလုပ်ရမည်။ သုံးရက်လုံးလုံး ဆင်းရဲသောသူများကို ကျွေးမွေးရမည်။ ဤကဲ့သို့ ပူဇော်ပွဲလုပ်ပြီး၍ ဒါနလုပ်ပြီးသောအခါ ရွှေပြားကို သင် ပိုင်သွားပြီ။ ထိုနေ့မှစ၍ သင်သည် တစ်နေ့ထက်တစ်နေ့ အလွန် ကျော်စောကြီးပွား ချမ်းသာလာလိမ့်မည်ဟု အမိန့်ရှိသည်။

တပည့်လေး ဆီဝါရမ်မှာ သူ၏နားကိုပင် မယုံနိုင်အောင်ပင် ဖြစ်သည်။ သူ၏ အသက် ၃၂ နှစ်မတိုင်မီ ဤမျှများပြားသောရွှေကို ဘယ်ကရမည်လဲဟု သူ တွေးနေသည်။ ထို့နောက် ယောဂီကြီးက သူ့အကြံကို သိသဖြင့် ငါ့သား ငါပြောသည့်အတိုင်း သင် ကြီးကျယ်စွာ ချမ်းသာလာမှသာ ဤကိစ္စကိုပြုရန် ဖြစ်သည်။ ကျုပ် ပြောသည့်အတိုင်း ကြီးကျယ်စွာ မချမ်းသာသေးလျှင် လာရန်မလိုပါ။ သင့်ကိုလည်း ငါအမြဲတမ်း စောင့် ရှောက်မည်ဟု အမိန့်ရှိလိုက်သည်။

ဤနည်းဖြင့် သူသည် ယောဂီကြီးထံမှ ခွဲခွာပြီးသည့်နောက် ဗေဒင်ဟောပြောသော လုပ်ငန်းကို စခဲ့သည်။ သူ၏ဆရာ အမိန့်ရှိသည့်အတိုင်း သူသည် ၁၀ နှစ်သောကာလ အတွင်း အံ့သြလောက်အောင် စီးပွားဖြစ်လာသည်။ လောကကြီး၌ ဘာမျှ မလိုတော့ အောင် အကုန်လုံး ပြည့်စုံလာသည်။ ရွှေငွေလိုသလောက် ဖြစ်လာသည်။ လူပေါင်း များစွာ၏ ကြည်ညိုမှုကို ရခဲ့သည်။ ထို့နောက် သူ၏ ၃၂ နှစ်မြောက် မွေးနေ့ရောက်သော အခါ သူ့အား ပညာပေးခဲ့သော မန်ကျည်းပင်ကြီး အောက်သို့လာ၍ ပူဇော်ပွဲကို ပြုလုပ် သည်။ ဤနည်းဖြင့် သူသည် ယခုအခါ အလွန် ကြီးပွားချမ်းသာနေသော ဆရာတစ် ယောက် ဖြစ်လာသည်။

အိန္ဒိယတိုင်းသားတို့သည် ရှေးကမ္ဘာဦး အစကစ၍ ဗေဒင်ကို အလွန် ယုံကြည်သူ များဖြစ်သည်။ မရေမတွက်နိုင်သော ထောက်ခံစာများ၊ ချီးကျူးစာများ သူ့ထံ ပေးပို့ကြ သည်။ ဤကဲ့သို့ ပေးပို့ရုံမျှမဟုတ် သူ၏ မွေးနေ့တိုင်း မဒရပ်အစိုးရအဖွဲ့ရှိ ဝန်ကြီးများ၊ တက္ကသိုလ်ကျောင်းမှ ကျောင်းအုပ်ဆရာကြီးများ၊ သူဌေးကြီးများ၊ လောကဓာတ် ဆရာကြီး များမှစ၍ နှစ်စဉ် သူ့မွေးနေ့တိုင်း မြို့တော်ခန်းမကြီးတွင် သူ့အား ဂုဏ်ပြုပွဲ ပြုလုပ် ကြသည်။ ငွေဖလားများ၊ ရွှေကွမ်းအစ်များ၊ သူ့ကို ချီးကျူးကဗျာ ရေးထားသော ငွေ ဒိုင်းခွက်များမှစ၍ နှစ်စဉ် ပူဇော်ကြသည်။

အိန္ဒိယပြည်တောင်ပိုင်းတွင် သူ၏နာမည်ကို မကြားဖူးသူ မရှိလောက်အောင် ဖြစ်သည်။ ရှေးက ကံများသည် အလွန် ဆန်းကြယ်သည်။ မိမိကိုယ်ကို သတ်သေမည့် အချိန်၌ပင် ကူညီမည့်သူ၊ စောင့်ရှောက်မည့်သူ၊ ဆရာသမားကောင်းများ ပေါ်လာသည်။ အလွန်ပင် ဆန်းကြယ်လှပေသည်။ ပရော်ဖက်ဆာဆီဝါရမ်သည် သဘောလည်း အလွန် ကောင်းသည်။ အလိုက်သိတတ်သည်။ သုံးထပ်တိုက်ကြီးနှင့် ကားနှစ်စီး၊ သုံးစီးနှင့် အလွန် ချမ်းသာသူ ဖြစ်သည်။ သူ၏လိပ်စာမှာ–

**လမ်းသစ်စာအုပ်တိုက်**

ပရော်ဖက်ဆာဆီဝရမ်
ဆာရိုဂျီနီလမ်း
တယ်လီဖုန်းနံပါတ် ၈၈၄၆၆
မဒရပ်မြို့ ဖြစ်သည်။

## မဒရပ်မှ ရန်ကုန်မြို့သို့

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ မြောက်ပိုင်းရှမ်းပြည်၊ ကျောက်မဲခရိုင်ရှိ တောင်ပိုင်စော်ဘွားကြီးပိုင်သော၊ တောင်ပိုင်နယ်၏မြို့တော်ဖြစ်သော နမ့်စန်မြို့ အစိုးရအလယ်တန်းကျောင်းတွင် ကျွန်ုပ်သည် ဆဋ္ဌမတန်းပြသော လက်ထောက်ဆရာအဖြစ် လုပ်နေခဲ့သည်။ ကျွန်ုပ်နှင့် အလွန် ခင်မင်ရင်းနှီးသော မန္တလေးမြို့ရှိ နော်မန်ကျောင်းခေါ် ဆရာဖြစ်တက်စဉ်က ခင်မင်ရင်းနှီးသည့် မိတ်ဆွေဦးအောင်ရှိန်မှာ ထိုစဉ်က နမ့်စန်မြို့တွင် ကျောင်းအုပ်ဆရာကြီး ဖြစ်နေသည်။

သူသည် သီပေါမြို့သားဖြစ်၍ သီပေါမြို့တွင် မွေးဖွားသော မြန်မာလူမျိုး ဖြစ်သည်။ သူ၏ဇနီးမှာ သထုံခရိုင် ဘီးလင်းမြို့မှ ဖြစ်သည်။ ဆရာဦးအောင်ရှိန်မှာ ယခုအခါ သထုံမြို့ အစိုးရအထက်တန်းကျောင်းကြီးတွင် ကျောင်းအုပ်ဆရာကြီးဘဝမှ ပင်စင်ယူထားသူ ဖြစ်သည်။ ကျွန်ုပ် နမ့်စန်မြို့သို့ ရောက်သောအခါ သူကပင် သူ၏အိမ်သို့ ခေါ်ထား၍ ထမင်းလည်း ကျွေးသည်၊ အလုပ်လည်း သင်ပေးသည်။ သူ့မိဘများက ချမ်းသာသဖြင့် သီဟိုနိုင်ငံ ကိုလံဘိုမြို့ရှိ အာနန္ဒာကောလိပ်တွင် ပညာသင်ကြားခဲ့သည်။ ထိုအကြောင်းကို တစ်ခါတစ်ခါ ညဘက် စကားစပ်မိလျှင် ပြောပြသည်။ ထိုစဉ်က လေယာဉ်ပျံ မပေါ်သေးချေ။ သီဟိုဠ်ကျွန်းသို့ သင်္ဘောဖြင့် သွားရသည်။ သင်္ဘောမှာ တစ်ဘီလိုင်းခေါ် အင်္ဂလန်မှ သင်္ဘောကုမ္ပဏီ ဖြစ်သည်။ သင်္ဘောနှင့် သွားရာ၌ အလွန်စိတ်ချမ်းသာပုံ၊ စားသောက်ရတာ အရသာရှိပုံ၊ စည်းကမ်းစနစ်ရှိပုံမှစ၍ မရောက်ဖူးသော သူများ ကြားရုံမျှနှင့် သွားရည်ယိုခဲ့သည်။

ထိုစဉ်ကပင် ကျွန်ုပ် တစ်နေ့သောအခါ ဤကဲ့သို့ ပင်လယ်ကူးသင်္ဘောကို စီးဖူးအောင် သွားမည်ဟု ဆုံးဖြတ်ခဲ့သည်။ ထို့ကြောင့် အိန္ဒိယပြည် မဒရပ်မြို့မှ အပြန်တွင် လေယာဉ်ပျံကို မစီးတော့ဘဲ သင်္ဘောဖြင့် ပြန်ခဲ့သည်။ သင်္ဘောခနှင့် လေယာဉ်ပျံခမှာ သိပ်မကွာလှပေ။ ကျွန်ုပ်မှာထားသော ကြွေရည်သုတ် ဆိုင်းဘုတ်ရအောင် မဒရပ်မြို့တွင် ရက်သတ္တတစ်ပတ်လောက် စောင့်နေရသည်။

ဆိုင်းဘုတ်ရသောအခါ သင်္ဘောကို တင်ကြို၍ ပထမတန်းလက်မှတ် ဝယ်ထားသည်။ ပထမတန်း ၃၀၀ ကျပ်၊ ဒုတိယတန်း ၂၀၀ ကျပ်၊ တတိယတန်းကုန်းပတ် ၅၀ ကျပ် ဖြစ်သည်။ တတိယတန်းမှာ အခန်းမရ။ သင်္ဘောဘေးပတ်လည်တွင် ကိုယ့်အိပ်ရာကိုယ်ခင်းပြီး အိပ်ရသည်။ ဒုတိယတန်းမှာ အောက်ထပ်၌ အခန်းပေးသည်။ ပထမတန်းမှာ အပေါ်ထပ်၌ အခန်းပေးသည်။ ရေပူရေအေး ချိုးလို့ရသည်။ အစားအသောက်ကို

အနောက်တိုင်း ထုံးစံအတိုင်း နံနက် အိပ်ရာထလျှင် စွတ်ပြုတ်၊ ကော်ဖီ၊ ပေါင်မုန့်၊ ထောပတ် ရသည်။

နံနက်စာကို နေ့ ၁၁ နာရီ၌ ကျွေးသည်။ ညနေ ၃ နာရီတွင် နေ့လယ်စာ လက်ဖက်ရည်နှင့် ကိတ်မုန့်များ ပေးသည်။ ည ၆ နာရီမှစ၍ ၈ နာရီအတွင်း ညစာကို ကျွေးသည်။ ညစာမှာ မျိုးပေါင်းစုံလှသဖြင့် ကုန်အောင်ပင် မစားနိုင်ခဲ့ချေ။ ထိုခေတ်က နိုင်ငံအရပ်ရပ်တွင် အစစ ဈေးမကြီးသေး။ ခေတ်ကောင်းတုန်း ဖြစ်သည်။

သင်္ဘောဖြင့် ပြန်လာရာ ဘင်္ဂလားပင်လယ်အော် ရောက်သောအခါ ကမ်းမမြင်၊ လမ်းမမြင် ဖြစ်လာသည်။ အရပ်လေးမျက်နှာ၌ ရေတွေသာ ရှိသည်။ ပြာပြာအရောင်ကြီး ဖြစ်၍ ပင်လယ်က နက်သောကြောင့် အောက်သို့ ကြည့်ရာတွင် မှောင်နေသည်။ နေဝင်ခါနီးတွင် တိမ်များ အမျိုးမျိုး ပြောင်းလဲနေသည်မှာ ကြည့်၍ အားမရလောက်အောင် လှပလှသည်။ ကျွန်ုပ်သည် ဓာတ်ပုံရိုက်ယူခဲ့သည်။ ပင်လယ်ထဲတွင် ငါးပျံများ ရှိ၍ တစ်ခါတစ်ခါ သင်္ဘောခုတ်နေစဉ်တွင် ဘေးက အုပ်လိုက် ထောင်သောင်းဖက ရေကူး နေသည်ကို တွေ့ရသည်။ ကမ္ဘာကြီး လုံးသည်ဆိုသည်မှာ ရှေးက ရယ်စရာဖြစ်သည်။ ယခု ပင်လယ်ထဲရောက်သောအခါ အရပ်လေးမျက်နှာဘက်သို့ ရေမျက်နှာပြင်သည် တဖြည်းဖြည်း နိမ့်ဆင်းသွားသည်။ ထို့ကြောင့် ဘောလုံးကြီးတစ်ခုပေါ်တွင် ရပ်နေသော ပုရွက်ဆိတ်ကဲ့သို့ ‘ရေ့ကို အလုံးကြီးသာ မြင်ရသည်။ ထောင့်မရှိချေ။

ရေမျက်နှာပြင်သည် ဖန်ခွက်ထဲက ရေကဲ့သို့ ညီ၍မနေပေ။ ရေပြင်မှာလည်း ကမ္ဘာမြေပြင်ကဲ့သို့ အလုံးကြီး ဖြစ်သောကြောင့် ဘယ်အရပ်ကို ကြည့်ကြည့် ရေပြင်ကြီး နိမ့်ဝင်သွားသည်ကို တွေ့ရသည်။ အဆုံးမရှိချေ။ ထို့ကြောင့် သင်္ဘောနှင့် လက်တွေ့ သွားသော အနောက်တိုင်းသားတို့က ကမ္ဘာကြီးလုံးသည်ဟု ဆိုခဲ့သည်။ ယခု လပေါ် ရောက်သောအခါ လဓာတ်ပုံမှာလည်း အလုံးဖြစ်သည်။ လမှနေ၍ မြင်ရသော ကမ္ဘာကြီး မှာလည်း အလုံးကြီး ဖြစ်သည်။

အဓိပ္ပာယ်မှာ မြတ်စွာဘုရားဟောသည့်အတိုင်း စကြဝဠာအနန္တ အဆုံးအစမရှိ ဆိုသည်မှာ မှန်လှသည်။ နေ၊ လ၊ ကြယ်၊ ကမ္ဘာ စသည်တို့သည် အလုံးဖြစ်၍ သူတို့ သည် လေဟာပြင်၌ လည်ပတ်နေကြသည်။ အကယ်၍ ကမ္ဘာကြီးသည် အပြားဖြစ်သည် ဆိုလျှင် ကမ္ဘာကြီးကို ထောက်ခံထားသောအရာ ရှိရမည်။ ဤသို့ ထောက်ခံထားသည်ကို နောက်တစ်ခု အောက်က ထောက်ထားသော အရာရှိရမည်။ ဤသို့ဆိုလျှင် ဘယ်တော့မှ ဆုံးမည်မဟုတ်ချေ။ မဟာပရိနိဗ္ဗာနသုတ်တွင် မြတ်စွာဘုရားက ဤကဲ့သို့ပင် ဟောတော် မူသည်။ မြေထုသည် ရေထုပေါ်၌ ရှိသည်။ ရေထုသည် လေထုပေါ်၌ ရှိ၏ဟု ဟောတော် မူသည်။ အဓိပ္ပာယ်မှာ လေထဲ၌ ရှိနေသည်ဟု ဖြစ်သည်။

မိလိန္ဒမင်းကြီးနှင့် အရှင်နာဂသိန် အမေးအဖြေခန်းတွင်လည်း ရဟန္တာဖြစ်၍ အဘိဉာဉ်ရတော်မူသော အရှင်နာဂသိန်က ဤကဲ့သို့ပင် ဟောတော်မူသည်။ မြတ်စွာဘုရား သခင်သည် လောကအကြောင်းကို အသေးစိတ် မဟောခဲ့ချေ။ လောကအကြောင်းကို

မကြံအပ်သော တရားလေးပါး၊ လောကအစိန္တေယျ အကြောင်းတရား လေးပါးတွင် လောကကို ကြံ၍ မဆုံးနိုင်။ အကယ်၍ သိသော်လည်း နတ်ရွာ နိဗ္ဗာန်ရောက်သည့် တရားမျိုးမဟုတ်။ အပါယ်လေးပါးမှ လွတ်မြောက်နိုင်သော တရားမျိုးမဟုတ်။ သိရုံ သက်သက်သာ ရှိသည်။

မြတ်စွာဘုရားသည် သတ္တဝါတို့အား အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းရာ နိဗ္ဗာန်သို့သာ ပို့ဆောင်သဖြင့် မဂ်ဖိုလ်ရောက်ကြောင်း တရားကိုသာ ပိဋကတ်သုံးပုံတွင် မရေမတွက်နိုင်အောင် အသေးစိတ် ဟောထားခဲ့ရာ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ရှိသည်။ တရားအားလုံးမှာ နိဗ္ဗာန်ရောက်ကြောင်း တရားများသာ ဖြစ်သည်။ ကမ္ဘာကြီး လုံးသည် ဖြစ်စေ၊ ပြားသည်ဖြစ်စေ လူများသိရုံနှင့် မည်သည့်အကျိုးမှ မရ။ ဗဟုသုတ ဖြစ်ရုံသာ ရှိသည်။ ထို့ကြောင့် ဘုရားသခင်က လောကဓာတ်နှင့် ပတ်သက်သာ ကိစ္စများကို အသေးစိတ် ဟောတော်မမူခဲ့ချေ။ နိဗ္ဗာန်ရောက်ကြောင်း တရားကိုသာလျှင် အခြေခံထား၍ ဟောတော်မူသည်။

ရန်ကုန်မြို့သို့ မဝင်မီ တစ်ရက်ခန့်ကစ၍ ရွှေတိဂုံစေတီတော်ကြီးကို ပင်လယ်မှ နေ၍ ဖူးမြော်ရသည်။ အလွန် ကြည်ညိုဖွယ် ကောင်းသည်။ ဘုရားကို ဖူးရသောနေ့မှစ၍ ဆိပ်ကမ်းကို ရောက်သည်အထိ ၂၄ နာရီပတ်လုံး သင်္ဘောခုတ်ရသည်။ ကျွန်ုပ်သည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်သောအခါ ကျွန်ုပ်၏မိတ်ဆွေ ဦးထိန်ဝင်းက ကားနှင့် လာကြို သည်။ မည်သည့်နေ့ ရောက်မည်ကို မဒရပ်မှနေ၍ ကြေးနန်းရိုက်ထားသောကြောင့် ဖြစ်သည်။ မဒရပ်မှ အပြန်တွင် ယောကျ်ားဝတ် ပလေကတ်လုံချည်များ ဝယ်လာ၍ မိတ်ဆွေများကို လက်ဆောင်ပေးရသည်။

## မြဘုရားရှိရာ ဘန်ကောက်မြို့သို့ခရီး

ကျွန်ုပ် ငယ်စဉ်တုန်းက ကိုရင်လေးဘဝ၌ မန္တလေးမြို့တွင်ရှိသောအခါ ယိုးဒယား ပြည်ရှိ လကွန်းလပန်း ဆိုသောမြို့မှ မြန်မာပြည်သို့လာ၍ ပိဋကတ်သုံးပုံသင်သော ရဟန်းတော်တစ်ပါး တွေ့ခဲ့ဖူးသည်။ သူတို့မြို့မှာ မြန်မာနယ်စပ်နှင့် နီးသဖြင့် မြန်မာများနှင့် တွေ့ဆုံ၍ မြန်မာစကားတတ်ပြီးနောက် နာမည်ကျော်သော မန္တလေးမြို့သို့ ပိဋကတ်သုံးပုံပင့်ရန် ရောက်လာခြင်းဖြစ်သည်။ ထိုအခါ ကျွန်ုပ် ခဏခဏ ကြားဖူးသော ဘန်ကောက်မြို့ရှိ 'မြဘုရားအကြောင်းကို ပြောပြပါ'ဟု လျှောက်ထားသည်။

ရဟန်းတော်က 'မြဘုရားသည် အလွန်ကြည်ညိုဖွယ်ရာ ကောင်းကြောင်း၊ အရောင် များ တဖိတ်ဖိတ်တောက်နေကြောင်း၊ ဘုရားအုတ်နံရံများပင်လျှင် မြရောင်၊ အစိမ်းရောင် သန်းနေကြောင်း' ပြောပြသည်။

ကျွန်ုပ်သည် မြဘုရားကို အလွန်ဖူးချင်သည်။ 'ဖူးခွင့်ကြုံပါစေ'ဟု အမြဲတမ်းလည်း ဆုတောင်းသည်။

လွတ်လပ်ရေးရပြီးသောအခါ လူတိုင်း ရောင်းဝယ်ဖောက်ကား ပျော်ရွှင်ကြသည်။

**လမ်းသစ်စာအုပ်တိုက်**

မိမိအတွက်လည်း လက္ခဏာဟောခြင်းဖြင့် တော်တော် ဝင်ငွေကောင်းလာ၍ ဘုရားဖူး သွားနိုင်သောအခြေသို့ ရောက်လာသည်။ ထို့ကြောင့် ငယ်စဉ်ကစ၍ အာသီသ ပြင်းထန်ခဲ့သော မြဘုရားကိုယ်တော်ကိုဖူးရန် ပတ်စပို့လျှောက်ခဲ့သည်။ ဤကဲ့သို့ နိုင်ငံကူးလက်မှတ် လျှောက်ရာ၌ ထိုအခါက အလွန်ပင် လွယ်ကူသည်။ လူတိုင်း ဥဒဟိုသွားနေကြသည်။ တချို့ တစ်ကမ္ဘာလုံးကိုပင် လှည့်လည်သည်။ နိုင်ငံခြားရုံးသို့သွား၍ နိုင်ငံကူးလက်မှတ် လျှောက်လိုကြောင်း ပြောလျှင် အလွန်ကြီးသော စာရွက်ပုံစံကြီးတစ်ခုကို ပေးသည်။ စာရွက်ထဲတွင် အဖေ၊ အမေမှစ၍ အသက် မည်မျှ၊ အလုပ် ဘာလုပ်သည်၊ အိမ်လိပ်စာ အစုံအလင် ရေးသားရသည်။

ကျွန်ုပ်သည် နိုင်ငံခြားရေးရုံးတွင်ပင် အားလုံးဖြည့်ခဲ့သည်။ နောက် 'ဘာလိုသေးပါသလဲ'ဟု မေးသောအခါ 'မိမိသည် နိုင်ငံရေး မလုပ်ကြောင်း၊ ရဲမင်းကြီး တံဆိပ်ဖြင့် ထောက်ခံစာလိုသည်'ဟု ဆိုသည်။ ထို့ကြောင့် ကျွန်ုပ်သည် ဌာနရှိ လူများကို 'ခင်ဗျားတို့ ပို့နေလျှင် သွားလိုက်ပြန်လိုက် ရက်တွေ ကြာနေမည်။ ကျွန်တော်ကိုယ်တိုင် ရဲမင်းကြီးထံ သွား၍ လက်မှတ်ထိုးပြီးမှ ပြန်ပေးတော့မည်'ဟု တောင်းပန်၍ ပုံစံစာရွက်ကို ရဲမင်းကြီးထံ ယူသွားသည်။ ဒုရဲမင်းကြီးက တာဝန်ယူသည်။ နာမည်တော့ မမှတ်မိ။ ထိုအခါ ချက်ချင်းပင် ရုံးတံဆိပ်များ နှိပ်ပြီးလျှင် လက်မှတ်ထိုးပေးလိုက်သည်။ နောက်တစ်နေ့ နိုင်ငံခြားရေးရုံးသို့ သွားပို့သောအခါ သုံးရက်အတွင်း နိုင်ငံကူးလက်မှတ် ရခဲ့သည်။

ထို့နောက် ကျွန်ုပ်သည် လေယာဉ်ပျံဖြင့် ဘန်ကောက်မြို့သို့ သွားခဲ့သည်။ မြန်မာပြည်မှ နိုင်ငံခြားသွားတိုင်း သေတ္တာကိုဖွင့်၍ အစစ စစ်ဆေးကြည့်ရှုသည်။ အိန္ဒိယပြည် ကာလကတ္တားမြို့သို့ လေယာဉ်ပျံဖြင့် ရောက်တုန်းကလည်း ကျွန်ုပ်၏အလုပ်ကို ကြည့်၍ သေတ္တာကို မဖွင့်ခဲ့ရ။ အကောက်ခွန်ဌာနမှ မဖွင့်ဘဲနှင့် လွှတ်လိုက်သည်။ ထို့အတူပင် ဘန်ကောက်ရှိ ဒုံးမောင်းလေယာဉ်ပျံကွင်းသို့ ရောက်သောအခါ ရှာဖွေခြင်း မခံရချေ။ အလွယ်တကူပင် လေယာဉ်ပျံကွင်းက ထွက်ခွင့်ရသည်။ ဘန်ကောက်မြို့ရှိ မြန်မာသံရုံးတွင် အလုပ်လုပ်နေသော ကျွန်ုပ်၏ မိတ်ဆွေများရှိရာသို့ ကားဖြင့် သွားခဲ့သည်။ ဘန်ကောက်မြို့တွင် ကားများ အလွန်ပေါသည်။ သူဌေးများပိုင်သော ကိုယ်ပိုင်ကားများကိုပင် သူတို့အလုပ်တိုက်ရှေ့ ရပ်ထားရာမှ ငှား၍ သွားလို့ရသည်။ ဈေးလည်းပေါသည်။ ဘန်ကောက်မြို့သည် နိမ့်သောအရပ်ဖြစ်၍ တူးမြောင်းများစွာရှိသော မြို့ဖြစ်သည်။ ကားလမ်းဘေးတွင်လည်း ရေများရှိနေသည်။ ရေမြောင်းကလေးတွင် လှေလှော်၍ရသည်။ ထို့ကြောင့် ဘန်ကောက်မြို့တွင် ရေပေါ်ဈေး ဆိုသည်မှာ လှေဖြင့် ရောင်းကြ ဝယ်ကြရသည်။ ကမ္ဘာကျော်ဈေး ဖြစ်သည်။

သူတို့ပြည်တွင် နမ်းဆီ၊ ပဲဆီ ရှားသည်။ အုန်းဆီများဖြင့် ချက်ကြသည်။ သီဟိုဠ်ကျွန်းကဲ့သို့ ဟင်းချက်ရာ၌ အုန်းဆီကိုသာ သုံးကြသည်။ မြန်မာလူမျိုးအနေနှင့် စားရသည်မှာ ချိုရဲရဲဖြစ်နေသည်။ မြို့ပြင်အစွန်တစ်နေရာရှိ ကြက်ကင်ဆိုင်မှာ ကားဖြင့် သွား၍ စားရသည်။ ကြက်ကင်နှင့် အရက်ကြိုက်သောသူများအတွက် အရက်အမျိုးမျိုး

ရောင်းသည်။ ဈေးပေါသည်။ ဘန်ကောက်မြို့သူ မြို့သားများ ယောကျာ်းအားလုံးက ဘောင်းဘီဝတ်၍ မိန်းမက ဂါဝန်ကို ဝတ်သည်။ ရှေးတုန်းကဆိုလျှင် မိန်းမများသည် ဟိန္ဒူကုလားများကဲ့သို့ ခါးတောင်းကျိုက်ရသည်။ ရဟန်းတော်များ သင်္ကန်းကဲ့သို့ ကိုယ်တစ်ခြမ်းဖော်၍ အဝတ်ပတ်ထားသည်။ ထို့ကြောင့် ယခုခေတ်နှင့် မလျော်တော့သဖြင့် အနောက်တိုင်းသားများကဲ့သို့ပင် အားလုံး ဝတ်ဆင်ကြရသည်။ အလွန် ဝေးလံသော ကျေးရွာများတွင်သာ ရှေးကကဲ့သို့ ဝတ်ကြသည်။

ယိုးဒယားတို့သည် အရပ်ပုသောသူများဖြစ်သည်။ မြန်မာနှင့်စာလျှင် ပုသည်ဟု ဆိုရလိမ့်မည်။ ဗုဒ္ဓဘာသာဖြစ်၍ မြန်မာလူမျိုးကဲ့သို့ပင် ဘုရားတရားကို အလွန် ကြည်ညို သည်။ ရဟန်းတော်များ ဆွမ်းခံကြွလာရာ မြန်မာလူမျိုးကဲ့သို့ မတ်တတ်ရပ်၍ သပိတ်ထဲသို့ ဆွမ်းလောင်းခြင်းမျိုး မပြု။ မြေကြီးပေါ်တွင် ဒူးထောက်ထားပြီးနောက် ဆွမ်းခွက်ကိုမြှောက်၍ ခေါင်းပေါ်ကနေ လောင်းသည်။ အလွန် ကြည်ညိုသည်။ ယိုးဒယားရှိ ယောကျာ်းတိုင်းပင် ဘုန်းကြီးလူထွက် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ယောကျာ်း မှန်သမျှ အသက် ၂၀ ကျော်လျှင် ရဟန်းအဖြစ် အနည်းဆုံး တစ်နှစ်တစ်ဝါ၊ တတ်နိုင်လျှင် နှစ်ဝါ၊ သုံးဝါအထိ ရဟန်းပြုရသည်။ ထို့ကြောင့် ဘာသာရေးကို အလွန်လေးစား၍ ယဉ်ကျေးသောလူမျိုး ဖြစ်သည်။

သို့ရာတွင် ခေတ်၏ဒဏ်ကို ခံကြရသည်။ နေရာများစွာတွင်ပင် ကပွဲရုံများ ရှိသည်။ မည်သူမဆို ငါးကျပ်ပေး၍ ကပွဲရုံရှိ အမျိုးသမီးများနှင့် အနောက်တိုင်းဆန်ဆန် တွဲ၍ ကကြရသည်။ တီးဝိုင်းက တီးမှုတ်ပေးသည်။ နေရာပေါင်း များစွာ၌ ကပွဲများ ရှိသည်။ ကျွန်ုပ်သည် ကပွဲများကို လုံးဝ မနှစ်သက်ချေ။ အမျိုးသမီးများပါ အများအားဖြင့် အရက်သောက်ကြသည်။ ထို့ကြောင့် ဘန်ကောက်မြို့ကို အရှေ့တိုင်း၏ ပါရီမြို့ဟု ကမ္ဘာက အသိအမှတ်ပြုသည်။ မြန်မာပြည်ကို အင်္ဂလိပ်ဝါဒလွှမ်းမိုးဘိသကဲ့သို့ ယိုးဒယား ပြည်ကို ပြင်သစ်ပြည်ဝါဒ အသုံးအနှုန်း လွှမ်းမိုးသည်။ အနောက်တိုင်းသားတို့သည် ပြင်သစ်ပြည် ပါရီမြို့ကို မရောက်ဖူးလျှင် လူဖြစ်ကျိုးမနပ်ဟုပင် ပြောကြသည်။

ကျွန်ုပ် ဘန်ကောက်သို့ သွားရသည်မှာ ဘန်ကောက်မြို့ရှိ မိတ်ဆွေတစ်ယောက် က ဘန်ကောက်မြို့တွင် အလွန်ကြီးကျယ်သော ပြပွဲကြီးလုပ်မည့်အကြောင်း၊ ရုရှားမှ ရေခဲပြင်ကြီးတွင် စကိတ်စီးသည့် ကပွဲအမျိုးမျိုးလည်းပါကြောင်း၊ ပြပွဲကြီးတွင် လက္ခဏာ ဟောရန် ဆိုင်ခန်းတစ်ခုယူ၍ အလုပ်လုပ်သင့်ကြောင်း ဖိတ်ခေါ်သောကြောင့် ဖြစ်သည်။ သို့ရာတွင် ကျွန်ုပ် မသွားမီကပင် ကိုရီးယားတောင်ပိုင်း၊ မြောက်ပိုင်း စစ်ပွဲဖြစ်ခဲ့ရာ ကမ္ဘာအရပ်ရပ် ဆူညံသွား၍ ပြပွဲကြီးလည်း မလုပ်ဖြစ်တော့ချေ။

ယိုးဒယားနိုင်ငံသည် ရှင်ဘုရင်မှစ၍ တစ်နိုင်ငံလုံး ဗုဒ္ဓဘာသာဝင်ဖြစ်ရာ သံဃာ တော်များသည် အလွန်စည်းကမ်းသေဝပ်၍ 'ဝိနည်းမှာ ယိုးဒယား'ဟု ဗုဒ္ဓဘာသာတိုင်းက ပြောစမှတ် ပြုကြသည်။ ဥပမာ–ရဟန်းသံဃာ၊ ရှင်သာမဏေများသည် နေ့ ၁၂ နာရီကျော် ပြီးလျှင် မြို့တွင်းသို့ လာရောက်လေ့ မရှိပေ။ ရပ်ရှင်ပွဲလမ်းများ၌လည်း ရဟန်းသာမဏေ

များ လုံးဝမရှိချေ။ မည်သည့် ဘတ်စကား၊ ဓာတ်ရထားကိုမဆို နံနက်ပိုင်းတွင် ရဟန်း သာမဏေများ အခမဲ့ စီးခွင့်ပြုသည်။ ဘုရင့်အမိန့် ဖြစ်သည်။

အကယ်၍ နေ့ ၁၂ နာရီထိုးပြီးမှ အကြောင်းကိစ္စတစ်ခုရှိ၍ မြို့ထဲသို့သွားလိုသော ဥပမာ–ရဟန်းတစ်ပါး နေမကောင်း၍၊ ဖျားနေ၍ ဆေးဝယ်ဖို့ လာသည်ဆိုသော် ကျောင်းထိုင်ဆရာတော် ဘုန်းတော်ကြီး၏ လက်မှတ်ပါရသည်။ မည်သည့်ကိစ္စရှိ၍ မြို့ထဲသို့ လွှတ်လိုက်ကြောင်း ပါလာသည်။ သင်္ကန်းရုံ၍ ကြွရသည်။ အလွန် ကြည်ညိုဖွယ်ကောင်းသည်။ ဘုရားစေတီကျောင်းကန်တွင် အစိုးရက ငှားထားပေးသော အလုပ်သမားများ ရှိသည်။ သစ်ရွက် တစ်ရွက်မှ မရှိ။ ချက်ချင်းကျ၊ ချက်ချင်းကောက်၍ ရှင်းပစ်ရသည်။ အမြဲတမ်း ပြောင်နေသည်။ အလွန် သန့်ရှင်းသည်။ ခွေးချေးပုံ မရှိ။ ခွေးတစ်ကောင်မှ မရှိ။ ခွေး မဝင်ရ။

မြဘုရားကို သွားရောက်၍ ဖူးခဲ့သည်။ မြဘုရားသခင်၏ ကျောင်းတော်မှာ ဘုရင်မင်းမြတ်၏ နန်းတော်နှင့် သိပ်မဝေးလှသောကြောင့် စည်းကမ်းနှင့် သွားလာကြရသည်။ အုတ်တံတိုင်းထဲသို့ ဝင်လျှင်ပင် ဖိနပ်များကို အပြင်၌ ချွတ်ထားခဲ့ရသည်။ အစောင့်ရှိသည်။ မပျောက်ချေ။ ထို့ပြင် ရှပ်အင်္ကျီဆိုက လက်ကိုပင့်၍ မသွားရ။ လက်ချ၍ သွားရသည်။ ဘုရားကျောင်းတော်မှာ များစွာ ခမ်းနားသည်။ ၁၄ ပေခန့် မြင့်သော ပလ္လင်ပေါ်တွင် မြဘုရားရှိသည်။ မြဘုရားမှာ လေးပေ၊ ငါးပေခန့်မြင့်သော ထိုင်တော်မူ ဆင်းတုတော် ဖြစ်သည်။ ငယ်စဉ်တုန်းက မန္တလေးမှ ရဟန်းတော်ပြောသလို အုတ်နံရံပါ အရောင်တွေဟပ်၍ စိမ်းနေသည်ဆိုသည်မှာ လုံးဝမဟုတ်ချေ။ သူလည်း ရောက်ဖူးဟန် မတူပါ။ အမှန်မှာတော့ 'မြ'ဟု တင်စားခေါ်ခြင်း ဖြစ်သည်။ သိသည့်အတိုင်း မြသည် ဖန်ကဲ့သို့ ဟိုဘက်ဒီဘက် မြင်ရသည်။ ယခု မြဆင်းတုတော်မှာ အလွန် ကောင်းလှသော ကျောက်စိမ်းတုံးကြီးကို ထုထားသော ကျောက်စိမ်းဆင်းတုတော် ဖြစ်သည်။ သို့ရာတွင် အစိမ်းရောင်ဖြစ်၍ လူများသည် ရှေးကစ၍ မြဘုရားဟု ခေါ်တွင်ခဲ့ခြင်း ဖြစ်သည်။ ထုထားပုံမှာ အလွန် ကြည်ညိုဖွယ် ကောင်းပါသည်။

ဘုရားထဲတွင် ကျွန်ုပ်တို့ရောက်စဉ်က အချို့ လူကြီးလူကောင်းများ၊ ဘုရားကြည်ညိုသူများသည် ပရိတ်ရွတ်နေသည်ကို ကြားခဲ့ရသည်။ ပရိတ်ရွတ်ရာ၌ ပါဠိ အသံ အတိုင်းဖြစ်၍ ဤသုတ်သည် မေတ္တသုတ် ဖြစ်သည်။ ဓမ္မစကြာ ဖြစ်သည်ကို ကျွန်ုပ်တို့ သိခဲ့ရသည်။ ဘန်ကောက်မြို့ရှိ စေတီအားလုံးတို့မှာ မြန်မာပြည်ရှိ စေတီများကဲ့သို့ ရွှေချထားသည်မဟုတ် ရိုးရိုးအင်္ဂတေဖြင့် သူတို့ပုံစံအတိုင်း တည်ထားသည်။ တဖြည်းဖြည်း အချွန်ကြီး၊ အမြင့်ကြီး ရှိသည်။ အဝေးကြီး ချွန်သွားသည်။ မြန်မာဘုရားပုံကဲ့သို့ မဟုတ်ချေ။

ထို့ကြောင့် ကမ္ဘာပေါ်တွင် မြန်မာလူမျိုးကဲ့သို့ စေတနာ သဒ္ဓါတရားကောင်းသော နိုင်ငံမရှိဟု တစ်ကမ္ဘာလုံးက မြန်မာပြည်ကို ချီးကျူးကြသည်။ ဥပမာ–ရွှေတိဂုံစေတီတော်၊ မန္တလေးမြို့မှ မဟာမြတ်မုနိဘုရားမှ စ၍ ကုဋေပေါင်းများစွာ စိန်၊ ရွှေ၊ မြ၊ ပုလဲများ

လှူထား၍ အဖိုးတန်လှသော ဘုရားစေတီမျိုးများမှာ မည်သည့် ဘာသာဝင် တိုင်းပြည်တွင်မှ မရှိချေ။ သူတို့နိုင်ငံတွင် ထုံးစံအတိုင်း တရုတ်လူမျိုးများ သူဌေးဖြစ်နေသည်။ ရွှေဆိုင်ကြီးများမှာ မြန်မာပြည်ကဲ့သို့ ချောက်တီး ချောက်ချက် မဟုတ်။ မှန်ဗီရိုကြီးများတွင် သိန်းပေါင်း ၃၀ ဖိုး ၄၀ ဖိုး ထည့်ထားသည်။ အများအားဖြင့် သူဌေးဖြစ်သူများမှာ တရုတ်တွေသာ ဖြစ်သည်။ ကုလား၊ မြန်မာ အနည်းငယ်သာ ရှိသည်။

ဤကဲ့သို့ ကြီးကျယ်သော လုပ်ငန်းကြီးများ အားလုံးကိုပင် လူမျိုးခြားသာပိုင်သည်။ ဘန်ကောက်မြို့ရှိ ဟိုတယ်ကြီးများမှာ အလွန် ခမ်းနားကြီးကျယ်သည်။ အပြိုင်အဆိုင် ဖွင့်ထားကြသည်။ ကမ္ဘာလှည့်ခရီးသည်များ မရေမတွက်နိုင်အောင် လာကြသည်။ ခရီးသည်များထံမှလည်း နိုင်ငံခြားငွေ ရကြသည်။ ဘန်ကောက်မြို့တွင် အနားယူရင်း ရက်အတော်ကြာပြီးနောက် လည်ပတ်စရာ ကုန်သဖြင့် ကျွန်ုပ်သည် ရန်ကုန်မြို့သို့ ပြန်လာခဲ့သည်။ ငယ်စဉ်က အလွန်တောင့်တခဲ့သော အိန္ဒိယပြည်ရှိ ဗောဓိပင်နှင့် ရွှေပလ္လင်ကိုလည်းကောင်း၊ ယိုးဒယားပြည် ဘန်ကောက်မြို့ရှိ မြဘုရားကိုသော်လည်းကောင်း ဖူးခွင့်ရသဖြင့် ကျွန်ုပ် ဘဝ ကံကောင်းသည်ဟု ဆိုရမည်။

## အခန်း ၄

# ကျွန်ုပ်၏လက္ခဏာနှင့် ဇာတာအကြောင်း

## [ ၄ ]

ကျွန်ုပ်၏လက္ခဏာကို စစ်ဆေးကြည့်ရှုက အားလုံးသော လမ်းကြောင်းများသည် လက်ညှိုး အောက်ခြေရှိ ကြာသပတေးဂြိုဟ်ခုံသို့ တက်နေသည်။ လူတစ်ယောက်၏ ကြီးပွားရေးသည် ထီးရိုးသာမဟုတ်၊ မေတ္တာလမ်းကြောင်းနှင့်လည်း ပတ်သက်သည်။ မေတ္တာလမ်းကြောင်း အားကောင်းမှသာလျှင် မိမိကလည်း သူတစ်ပါးအပေါ် မေတ္တာကရုဏာထား၍ သူတစ်ပါးကလည်း မိမိကိုပြန်၍ ခင်မင်ပြီး မိတ်ဆွေကောင်း ဖြစ်လာတတ်သည်။

မြတ်စွာဘုရားက လူတစ်ယောက်၏ ကြီးပွားရာ ကြီးပွားကြောင်း သမ္ပဒါတရားလေးပါး ဟောထားတော်မူခဲ့သည်။ ချမ်းသာချင်သူတိုင်း ဤတရားလေးပါးကို လက်စွဲပြုထားပါ။ လောကဌ် ကြီးပွားချမ်းသာစေနိုင်သော တရားလေးပးမှာ–

(၁) ဥဋ္ဌာနသမ္ပဒါ–အလုပ်လုပ်ရာ၌ လုံ့လ,ဝီရိယ ရှိခြင်း၊

(၂) အာရက္ခတ္တသမ္ပဒါ–ရရှိပြီးသော စည်းစိမ်ကို မပျက်စီးအောင် စောင့်ရှောက်နိုင်ခြင်း၊

(၃) ကလျာဏမိတ္တသမ္ပဒါ–မိတ်ဆွေကောင်း ပေါများခြင်း၊

(၄) သမဇီဝိတသမ္ပဒါ–တရားသဖြင့် မှန်ကန်သော အသက်မွေးခြင်း။

ဤလေးမျိုးနှင့် ပြည့်စုံမှ လူတစ်ယောက်သည် ဘဝတွင် မိမိလုပ်သော အလုပ်များ ကြီးပွားအောင်မြင်နိုင်မည်။

(၁) လုံ့လဝီရိယကို ကြည့်ပါ။ ကုလားဆံပင်ညှပ်ဆိုင်သည် နံနက် ၅ နာရီက ထ၍ ဓားသွေးသည်။ မိုးလင်းသောအခါ ဆံပင်ညှပ်သည်။ နံနက် ၇ နာရီ ထိုးသောအခါ နှစ်ယောက် ညှပ်ပြီးပြီ။ သုံးကျပ်ရသည်။ မြန်မာဆံပင်ညှပ်ဆိုင်များမှာ နံနက် ၆ နာရီမှ ထသည်။ မျက်နှာသစ်၊ ကော်ဖီသောက်၊ လက်ဖက်ရည်ဆိုင်သွား သတင်းစာ ဖတ်သေးသည်။ ၇ နာရီမှ အလုပ်စ,သည်။ ထို့ကြောင့် တစ်နေ့ဝင်ငွေ ကွာသွားသည်။ ဆယ်နှစ်ကြာသောအခါ ကုလားဆံပင်ညှပ်ဆိုင်မှာ တိုက်ကြီးနှင့် ဖြစ်လာသည်။ မြန်မာဆံပင်ညှပ်

လမ်းသစ်စာအုပ်တိုက်

ဆိုင်မှာ ရေးကအတိုင်း တိုးတက်မှုမရှိသေး။ လက်တွေ့ဖြစ်သည်။ အပြေးပြိုင်ရန် ကျင့်သောသူ နှစ်ယောက်ကို ကြည့်ပါ။ တစ်နေ့လျှင် သုံးနာရီ အပြေးကျင့်သော သူနှင့် တစ်နေ့လျှင် ငါးနာရီ အပြေးကျင့်သောသူနှစ်ယောက် ပြိုင်ပွဲဝင်လျှင် မည်သူက နိုင်မည်လဲ။ ဗေဒင်မေးစရာ မလိုပါ။ ငါးနာရီကျင့်သော သူက မုချနိုင်ရမည်။ ဤကား လုံ့လ,ဝီရိယ သက်သေ ဖြစ်သည်။

(၂) ရှိပြီးသော စည်းစိမ်ကို မပျက်အောင် စောင့်ထိန်းပါ ဆိုရာ၌ မြန်မာလူမျိုးများသည် ငွေလေးနှစ်သောင်း၊ သုံးသောင်းရှိလျှင် အရက်သောက်သည်။ နောက် မိန်းမယူသည်။ ရှိပြီးသား ပိုက်ဆံကို စောင့်ထိန်းခြင်း မရှိ။ အချို့ ဖဲရိုက်သည်။ ဂျင်လောင်းသည်။ ကုလား၊ တရုတ်များမှာ ရှိပြီးသား ငွေကို မပျက်စီးအောင် ထိန်းသိမ်းသည်။ ဖဲ၊ အရက်ကို သူတို့ရှောင်ပါသည်။

(၃) မိတ်ဆွေကောင်း ဆိုသောအချက်သည် ပို၍ပင် အရေးကြီးသည်။ မိတ်ဆွေရှိလျှင် လောကကြီးတွင် အကျိုးကြီးပေးနိုင်သည်။ ကျွန်ုပ်ကို ကြည့်ပါ။ ကျွန်ုပ် လက္ခဏာဆရာ ဖြစ်သောအခါ ဝန်ကြီးများ၊ ဗိုလ်မှူးကြီးများ၊ မင်းကြီးများ၊ သူဌေးကြီးများက ထောက်ခံစာ ရေးပေးသည်။ မိမိအပေါ် မေတ္တာထား၍ ရေးပေးခြင်း ဖြစ်သည်။ မိမိကလည်း သူတို့အား ဆွေမျိုးသားချင်းကဲ့သို့ ဝမ်းထဲက ခင်မင်သောကြောင့် ဖြစ်သည်။ မိမိစိတ်က မချစ်ဘဲ သူတို့ကလည်း ချစ်မည် မဟုတ်ပေ။ အလွန် အရေးကြီးသော တရားတော် ဖြစ်သည်။

မြတ်စွာဘုရား လက်ထက်တော်က အရှင်အာနန္ဒာမထေရ်သည် မြတ်စွာဘုရားအား ဤသို့လျှောက်သည်။ "အရှင်ဘုရား မိတ်ဆွေကောင်းရှိတာ အလွန် ကောင်းပါသည်။ မိမိလိုအပ်သော အကျိုးတစ်ဝက် ပြီးပါသည်"ဟု လျှောက်ထားသည်။ ထိုအခါ မြတ်စွာဘုရားက "အာနန္ဒာ၊ ဤကဲ့သို့ မပြောသင့်။ မိတ်ဆွေကောင်းသည် အကျိုးအလုံးစုံကို ပြီးစေသည်။ ငါ ဘုရားတည်း ဟူသော မိတ်ဆွေကောင်းကို မှီဝဲရသဖြင့် လူ၊ နတ်၊ ဗြဟ္မာတို့သည် နိဗ္ဗာန်သို့ ရောက်ခဲ့သည်။ ရဟန္တာဖြစ်သည်။ အလွန်ထူးခြားသော၊ မရေမတွက်နိုင်သော အကျိုးများကို ရခဲ့သည်။ အကျိုးအလုံးစုံပြီးသည်"ဟု အမိန့်ရှိသည်။ အလွန်နာယူထိုက်သော တရားဖြစ်သည်။

ဆရာကြီးကိုင်ရိုသည် 'အိန္ဒိယပြည်သို့လာ၍ လက္ခဏာပညာကို တောင်ပေါ်ဥမင်ထဲတွင်နေကြသော ဟိန္ဒူဘုန်းကြီးများထံမှ သင်ကြားခဲ့သည်'ဟု ပါသည်။ ဘယ်အရပ်ဟူ၍ မပါချေ။ 'ဘုံဘေမြို့အနီး'ဟုသာ ပါသည်။ ထို့ကြောင့် လက္ခဏာစာအုပ်များထုတ်သော ကုမ္ပဏီမှတစ်ဆင့် သူ၏ဇနီးထံ သူဘယ်မှာ ပညာသင်ခဲ့သည်ကို ကျွန်ုပ်သည် စာရေး၍ မေးခဲ့သည်။

သူ့ဇနီးထံမှ ပြန်စာရခဲ့သည်။ 'ဘုံဘေမြို့ အရှေ့ဘက် မိုင် ၈၀ ခန့်ဝေးသော ပါရာဘူအရပ်'ဟု စာပြန်၍ ရေးသည်။ ကျွန်ုပ်လိုချင်သော ကိစ္စဟူသမျှ ဘာမဆို လိုချင်လျှင် မိတ်ဆွေများက ကူညီပေးသည်။ အလွန် အားကိုးရသည်။ ကျွန်ုပ် တိုက်ဝယ်စဉ်က

ကျွန်ုပ်၏မိတ်ဆွေ ညီအစ်ကိုအရင်းလို ခင်မင်သော ဦးထိန်ဝင်း ဆိုသူက [illegible] ကိစ္စအဝဝ၊ ဘဏ်တိုက်သို့သွားရန် ကိစ္စအဝဝကို အားလုံးတာဝန်ယူသည်။ [illegible] စာချုပ်၍ ငွေပေးသည်အထိ ကျွန်ုပ်ဘာမှ လိုက်ကြည့်စရာမလို။ သူ၏ အကူအညီ[illegible] ပြီးမြောက်ခဲ့သည်။ သူသည် တရားသမားဖြစ်၍ သာသနာပြုနေသည်။

ကမာရွတ်၊ အင်းစိန်လမ်း၊ အမှတ် ၅၀ ရှိ သမာဓိနာရီပြင်ဆိုင် ပိုင်ရှင် ဦးကျော်ရှိန်းသည် ကျွန်ုပ်နှင့် ညီအစ်ကိုကဲ့သို့ ခင်မင်သည်။ ကျွန်ုပ်သည် ကားဝယ်နိုင်သော်လည်း ဒုက္ခမခံချင်သဖြင့် ကားမဝယ်ချေ။

ကျွန်ုပ် သူနှင့် ရင်းနှီးလာသောအခါ တစ်ယောက်ကိုတစ်ယောက် ညီအစ်ကိုရင်းပမာ ချစ်ခင်သဖြင့် အမြဲတမ်း ကားနှင့် သွားလိုရာကို လိုက်ပို့သည်။ ၁၉၇၈ ခုနှစ်က ရန်ကုန်မှနေ၍ ပြည်ရေနံချောင်းမှ စပြီး မန္တလေးမြို့၊ မေမြို့အထိ အသွားအပြန် ကားနှင့် လိုက်၍ ပို့ပေးသည်။ ဥပုသ်နေ့တိုင်း ကျွန်ုပ် အလုပ်ပိတ်သဖြင့် ယနေ့ မည်သည့်ကျောင်းသို့ သွားမည်။ မည်သည့် အလုပ်လုပ်မည်။ မည်သည့်နေရာသွားမည် စသည်ဖြင့် ကားနှင့်လာ၍ မေးသည်။ အမြဲတမ်း လိုက်၍ပို့ပေးသည်။ အခြား နေ့များတွင်လည်း ကားလိုက ချက်ချင်းလာ၍ ဆောင်ရွက်ပေးသည်။ သူ၏ကျေးဇူးကြီးလှသည်။ သူသည် ဘုရားတရားကို အထူးကြည်ညို၍ အိပ်မက်ရ ဆေးဂိုဏ်းဝင် ဆရာတစ်ဦး ဖြစ်သည်။ ဘာသာရေးကိုလည်း အထူးလေးစားသည်။ အလှူအတန်း သဒ္ဓါတရား ရက်ရောသည်။ ထို့ကြောင့် သူသည် ချမ်းချမ်းသာသာနှင့် နေရသည်။ စားဝတ်နေရေး ဘာမှ မပူရ။ အားလုံးပြည့်စုံသည်။ မိတ်ဆွေများကိုလည်း တတ်နိုင်သမျှ အကူအညီပေးသော စိတ်ကောင်းရှိသူတစ်ယောက် ဖြစ်သည်။ သာသနာပြုလိုသောစိတ် အလွန် ပြင်းထန်သည်။

ဤကဲ့သို့ မိတ်ဆွေကောင်းများရှိလျှင် မည်မျှ အကျိုးပေးသည်ကို စဉ်းစားကြည့်ပါ။ မိတ်ဆွေကောင်းဖြစ်ရန် သင်ကိုယ်တိုင်ကလည်း သူတို့အပေါ် ကောင်းမှဖြစ်မည်။ သူတို့ရှိက သူတို့ထံကချည်းရဖို့ စိတ်ကူးရန် မသင့်ချေ။ ကိုယ့်ဘက်ကလည်း တတ်နိုင်သမျှ သူတို့နှင့်ပတ်သက်သော ကိစ္စကြီးငယ်ဟူသမျှ အမြဲတမ်း ကူညီရမည်။ သူတို့အပေါ်လည်း မေတ္တာထားရမည်။ သို့မှလည်း အသွားတစ်တိုင်ရှိက အပြန်တစ်တိုင်ရှိရမည် ဆိုသကဲ့သို့ ဖြစ်လာသည်။

မေတ္တာလမ်းကြောင်း အားမကောင်းသူများမှာ မိတ်ဆွေကောင်း မရှိချေ။ အဘယ့်ကြောင့်ဆိုသော် သတ္တဝါများအပေါ် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဆိုသော တရားလေးပါး ရှိမှဖြစ်သည်။ မေတ္တာ၊ ကရုဏာ မရှိလျှင် လူတစ်ယောက်သည် ထိပ်ဆုံးသို့ရောက်အောင် ကြီးပွားခြင်း မဖြစ်နိုင်ပေ။ ထို့ကြောင့် သင်လည်း သူများအပေါ် မေတ္တာထားပါ။ ကရုဏာထားပါ။

(၄) သမဇီဝိတသမ္ပဒါ ဆိုသည်မှာ တရားသော အသက်မွေးခြင်း ဖြစ်သည်။ တရားသော အသက်မွေးခြင်း ရှိသမျှ လူတစ်ယောက်သည် ဘယ်တော့မှ ထောင်မကျနိုင်၊ ပစ္စည်းလည်း မပျက်နိုင် ဖြစ်သည်။ ထောင်ကျသူများကို ကြည့်ပါ။ ခိုးသည်။ ဓားပြ

တိုက်သည်။ မှောင်ခိုလုပ်သည်။ သူများမိန်းမ ခိုးသည်။ မတရားလုပ်၍ ပစ္စည်းကုန်ကြသည်။ ဘိန်းဖြူကူး၍ ထောင်ကျသည်။ သေဒဏ်ပေးသည်။ သတင်းစာထဲ ခဏခဏ ပါသည်။ ကောင်းကောင်းနေလျှင် ဘာအမှုမှ ဖြစ်စရာမရှိ။ ထို့ကြောင့် ကြီးပွားလိုလျှင် တရားမျှတသော အလုပ်ကိုသာ လုပ်ရမည်။ ကမ္ဘာကျော်အောင် သူဌေးဖြစ်သူများသည် သူတစ်ပါးကို လိမ်လည်ကြသူများ မဟုတ်။ တရားမျှတစွာလုပ်ရင်း တိုးတက်ကြီးပွားလာခြင်း ဖြစ်သည်။

ကျွန်ုပ်၏ ဉာဏ်စွမ်းလမ်းကြောင်းကို ကြည့်ပါ။ ဉာဏ်စွမ်းလမ်းကြောင်း နှစ်ခုခွဲ၍ ပါသည်။ တစ်ခုက တနင်္ဂနွေဂြိုဟ်ဘက်သို့ သွားသည်။ တစ်ခုက အင်္ဂါဂြိုဟ်ဘက်သို့ သွားသည်။ တနင်္ဂနွေဂြိုဟ်ဘက်သို့ သွားသည်ရှိသော် လွမ်းတတ်သည်။ ရက်တတ်သည်။ အားနာတတ်သည်။ နံပါတ် ၂ သဘောဖြစ်သည်။ ယင်းပြင် အလွန်ရှည်လျား၍ ကြည်လင်နေသောကြောင့် ဉာဏ်ကောင်းသည်။ စာပေ၊ ဂီတ၊ အနုပညာ ဝါသနာပါသည်။ လွမ်းတတ်သည်။ သနားတတ်သည်။ ကရုဏာစိတ်ရှိသည်။ သူတစ်ပါးအပေါ် ကရုဏာစိတ်ရှိမှ မိမိအပေါ်လည်း သူတစ်ပါးက ပြန်၍ ကရုဏာထားလိမ့်မည်။ ဉာဏ်စွမ်းလမ်းကြောင်းနှစ်ခုရှိလျှင် အကြားအမြင်ရသည်။ တစ်ခုခုဖြစ်ကာနီး ကြိုတင်၍ သိသည်။ တစ်ခုခုဖြစ်ကာနီး စဉ်းစားလိုက်လျှင် အမှန်ရလာသည်။ လက္ခဏာပါရုံမျှ မဟုတ်သေး ကျွန်ုပ်ကိုယ်တိုင်လည်း အကျင့်တရား ရှိသည်။

ကျွန်ုပ်သည် ရှမ်းပြည်မြောက်ပိုင်း နမ့်စန်မြို့တွင် နေစဉ်က ဆရာတစ်ယောက်၏ ညွှန်ကြားချက်အတိုင်း ဘုရားရှေ့တွင် ဖယောင်းတိုင် တစ်တိုင်ထွန်းပြီး ဖယောင်းတိုင်မီးကို ကြည့်က တေဇောကသိုင်းရှုသည်။ ဂုဏ်တော်ကိုးပါး ပုတီးစိပ်သည်။ တစ်နာရီကြာသောအခါ ဖယောင်းတိုင်မီး ငြိမ်းသွားသည်။ ဤကဲ့သို့ ကျင့်ပါများသောအခါ မျက်စိမှိတ်လိုက်လျှင် အာရုံ၌ ဖယောင်းတိုင်မီးကို တွေ့ရသည်။ သို့ရာတွင် ကြာကြာမခံချေ။ ပျောက်သွားသည်။ ဥဂ္ဂဟနိမိတ် ခေါ်သည်။ အလွန်စိတ်ချမ်းသာ၍ လောဘ၊ ဒေါသ၊ မောဟ ငြိမ်းနေသည်။ တစ်လလောက် ကျင့်ပြီးသောအခါ 'ဖယောင်းတိုင်မီးကို ရှည်စေ'ဟု စိတ်က အမိန့်ပေးသည်။ ဖယောင်းတိုင်မီးတောက်ကလေးသည် တစ်လက်မမှ လေးလက်မလောက် ရှည်၍လာသည်။ ထို့ကြောင့် ကျွန်ုပ်သည် မျက်စိကို ပွတ်သပ်ပြီးလျှင် 'ငါအထင်မှားတာလား၊ တကယ်ပဲ ဒီမီးတောက်ကြီး ရှည်နေသလား'ဟု ကြည့်သောအခါ အမှန်ပင် မီးတောက်ကြီး ရှည်နေသည်။ အံ့သြဖွယ်ဖြစ်သည်။ မျက်စိမှိတ်ထားပြီး ဖြစ်စေ၊ မှောင်ထဲ၌ဖြစ်စေ မီးတောက်ကလေးကို ပြကတေ့အတိုင်း မြင်ရသည်။ ပျောက်ကွယ်၍ မသွားမီအထိ ထိန်းထားနိုင်သော အကျင့်ရောက်လျှင် အကြားအမြင် အမျိုးမျိုး ပေါ်ပေါက်လာသည်။ သို့ရာတွင် နှစ်ရှည်လများကျင့်မှ ဖြစ်သည်။

ကျွန်ုပ်သည် မြင်းခြံမြို့ စွန်းလွန်းဆရာတော်ကြီးထံ သွား၍ တရားအားထုတ်သောအခါ မျက်ခုံးနှစ်ခုကြားတွင် သောကြာကြယ်မျှကြီးသော၊ အလွန် ထိန်လင်းသော အလုံးတစ်ခု တွေ့ရသည်။ အရောင်တွေ တဖြတ်ဖြတ် ထွက်နေသည်။ သောကြာကြယ်

ကြီးမှုရှိသော အလုံးကြီးတစ်ခု နဖူးနားကပ်နေသည်။ ဆရာတော်ကြီးက အလွန် အားရ သည်။ မင်းတရားဆက်၍ အားထုတ်လျှင် တစ်လလောက်ကြာက တရားပေါက်မည်ဟု ဆိုသည်။ ထို့နောက် ပြည်မြို့ တောရဆရာတော် ဦးဝိဇ္ဇာဗလထံတွင် အင်းပညာများကို သင်ယူခဲ့သည်။ ဓာတ်လုံးပညာများကို သင်ယူလေ့ကျင့်မှု ပြုခဲ့သည်။ နံနက် ရှစ်နာရီမှ ထ၍ ညဉ့်ခုနစ်နာရီမှ ပြီးသည်။ သက်သတ်လွတ် စားရသည်။ ကိုးကွက်အင်းအထိ ခုနစ်ဆင့် တက်ရသည်။ တစ်ခါတက်လျှင် ၃၇ ရက်ဖြစ်သည်။ ၃၇ အင်းကို ၃၇ ရက် လုပ်ရသည်။

ကိုးကွက်အင်း ပြီးသောအခါ ထူးထူးခြားခြား ဖြစ်လာသည်။ ညအိပ်သောအခါ မျက်စိမှိတ်ထားသော်လည်း ခြင်ထောင်ကို မြင်ရသည်။ ကျွန်ုပ်သည် မျက်စိကန်းသွား မည်ကို ကြောက်မိသည်။ ထို့နောက် ဆရာသမားများကို ပြောသောအခါ ပထမ ခြင် ထောင်ကြီးကို မြင်ရသည်။ နောက် အိမ်ကြီးကို မြင်ရသည်။ နောက် လောကကြီးကို မြင်ရသည်။ မူလကလည်း ဉာဏ်စွမ်းလမ်းကြောင်း နှစ်ခုပါသည်။ လက်ယာဘက်တွင် သုံးခုခွဲထွက်နေသည်။ ဆရာကြီးကိုင်ရိုကဲ့သို့ ဂမ္ဘီရကြက်ခြေ နှစ်ခုပါနေသည်။ တစ်ခုက ထီးရိုးကို ဖြတ်နေသည်။ တစ်ခုက ဘေးနားက အပိုပါနေသည်။ ဘေးနားက ကြက်ခြေ ခတ်လမ်းကြောင်းတစ်ခုသည် စနေဂြိုဟ်ဘက်သို့ တက်သွားသည်။ ဗေဒင်၊ လက္ခဏာ ပညာဖြင့် အသက်မွေးရမည်ဟု ပြသည်။ ပြသည့်အတိုင်းလည်း ဖြစ်လာခဲ့သည်။

လောကကြီး၌ ဉာဏ်မကောင်းလျှင် မကြီးပွားနိုင်ချေ။ အစစ ဉာဏ်ဖြင့်ယှဉ်ပြီး လုပ်ကိုင်ကြရသည်။ ထို့ကြောင့် အနောက်နိုင်ငံကျမ်းများတွင် အသိဉာဏ်ကျယ်လေလေ၊ ဝင်ငွေကြီးလေလေဟု ဖော်ပြသည်။ အလွန် မှန်သည်။ အပ်ချိတ်ကလေးကို စ၍ တီထွင် သောသူမှာ ယခုအခါ သူဌေးကြီး ဖြစ်နေသည်။ အသိဉာဏ်မရှိလျှင် ကားမောင်းတာပင် တိုက်မိသည်။ အလွန် အရေးကြီးသည်။ စဉ်းစားချင့်ချိန်တတ်သောဉာဏ်သည် အရေး အကြီးဆုံး ဖြစ်သည်။ ဤလမ်းကို သွားသင့်သည်။ ဤအဝတ်ကို ဝတ်သင့်သည်။ ဤသူကို ဤကဲ့သို့ ပေါင်းသင်းဆက်ဆံသင့်သည် စသည်ဖြင့် ဆင်ခြင်တုံတရားရှိမှ ဖြစ်သည်။

ထို့ကြောင့် ဉာဏ်စွမ်းလမ်းကြောင်း တိုသောသူများမှာ တုးတိုဖြစ်၍ ကြီးပွားသင့် သလောက် မကြီးပွားဘဲနေသည်။

ဉာဏ်စွမ်းလမ်းကြောင်း နှစ်ခုပါသော နာမည်ကျော်ပုဂ္ဂိုလ်ကြီးများမှာ ကမ္ဘာကျော် စာရေးဆရာကြီး ဘားနပ်ရှော၊ သုံးကြောင်း ဖြစ်သည်။ ဂျာနယ်ကျော်မမလေး၊ ယုဝတီ ခင်စိန်လှိုင်၊ စာရေးဆရာ သန်းဆွေမှစ၍ စာရေးဆရာ၊ ကျောင်းဆရာ၊ တက္ကသိုလ် ဆရာများ များစွာပင် ဉာဏ်စွမ်းလမ်းကြောင်း နှစ်ကြောင်းစီ တွေ့ခဲ့သည်။

တစ်ကမ္ဘာလုံး ကျော်စော၍ အကြားအမြင်ရသော အမေရိကန်မှ အမျိုးသမီး ဂျိန်းဒစ်ဆင်မှာ ဉာဏ်စွမ်းလမ်းကြောင်း ငါးခုပါသည်။ သူမသည် အကြားအမြင်နှင့် ပတ်သက်၍ စာအုပ်နှစ်အုပ် ထုတ်သည်။ သမ္မတကနေဒီ အသတ်ခံရမည်။ ဂန္ဒီကြီး

အသတ်ခံရမည်။ အိန္ဒိယပြည်နှင့် ပါကစ္စတန်ပြည် နှစ်ပြည်ထောင် ကွဲကြမည်မှစ၍ ရုရှားမှ ဂြိုဟ်တုကို လွှတ်မည်ကို ပြောခဲ့သည်။ အံ့သြလောက်အောင်၊ မယုံကြည်နိုင်လောက်အောင် မှန်လှသည်။ ဗေဒင် လက္ခဏာ လုံးဝမတတ်၊ သူ့ပါရမီအလျောက် ထူးခြားခြင်း ဖြစ်သည်။ အလွန်မှန်လှသည်။ သူသည် သူဌေးဖြစ်၍ ဤပညာနှင့် အသက်မမွေးပါ။ သတင်းစာဆရာများက မဂ္ဂဇင်းများက တစ်ခါတစ်ခါ ကမ္ဘာကြီးအကြောင်း၊ ဟိုအကြောင်း၊ ဒီအကြောင်းများ မေးသည်ကို ဖြေကြားပေးသည်။ အလွန်ခင်မင်သော၊ ရင်းနှီးသော မိတ်ဆွေများကိုလည်း အကြောင်းရှိက ကူညီ၍ ကြည့်ပေးခြင်း ဖြစ်သည်။ သူ၏စာအုပ်များကို သင်ဖတ်ရလျှင် ယုံနိုင်မည်မဟုတ်ပေ။ အံ့သြဖွယ်ရာပင် ဖြစ်သည်။

ကျွန်ုပ်၏လက္ခဏာတွင် လက်ဝါးအရင်းမှစ၍ လက်ခလယ်သို့ တက်သွားသော ထီးရိုးခေါ်သော ကံကြမ္မာလမ်းကြောင်းကို ကြည့်ပါ။ ထီးရိုးလက်ခလယ်အောက် မရောက်ခင် လက်ညှိုးဘက်သို့ ခွဲ၍ ထွက်သွားသည်။ လက်သူကြွယ်ဘက်သို့ ခွဲ၍ထွက်သွားသည်။ လေးငါးခု ခွဲထွက်နေသည်။ လက်သူကြွယ်ဘက်သို့ ခွဲထွက်သွားသည်မှာ နာမည်ကျော်စောခြင်း၊ စီးပွားချမ်းသာခြင်းကို ပြသည်။ လက်ညှိုးဘက်သို့ ခွဲထွက်သွားသည်မှာ တန်ခိုးကြီးခြင်း၊ ဘာသာရေးကို ယုံကြည်ခြင်း၊ အောင်မြင်ခြင်း၊ သူတစ်ပါးအပေါ်၌ ဆရာသမားဖြစ်ခြင်းကို ပြသည်။ အထူးသဖြင့် ထီးရိုးသည် လက်ညှိုးနှင့် လက်ခလယ်ကြားထဲ၌ ခွဲ၍ထွက်သွားသည်ရှိသော် ဤဘဝ၌ မိမိအလုပ်အကိုင်နှင့် ပတ်သက်၍ စိတ်ကူးမျှော်မှန်းထားသည်ထက် ကျော်လွန်သွားအောင် ကြီးပွားအောင်မြင်လိမ့်မည်ဟု ဆိုသည်။ လက္ခဏာကျမ်း အားလုံးတွင် ပါသည်။

ဤကဲ့သို့ လက်ညှိုးဘက်သို့ ထွက်သွားသော လက္ခဏာမှာ လူတစ်ထောင်တစ်ယောက်၊ လူတစ်သောင်းတစ်ယောက်သာ ပါလေ့ရှိသည်။ ဤကဲ့သို့ပါလာလျှင် ဘာကိုပဲလုပ်လုပ် ကုလီလုပ်လျှင် ကုလီခေါင်းဖြစ်မည်။ စာရေးလုပ်လျှင် ရုံးအုပ်စာရေးကြီးဖြစ်မည်။ နိုင်ငံရေးလုပ်လျှင် ဝန်ကြီးဖြစ်မည် စသည်ဖြင့် မိမိ မျှော်မှန်းသော နေရာရောက်အောင် ကြီးပွားခြင်းကို ပြသည်။ သာသနာရေးနှင့် ပတ်သက်၍လည်း သာသနာပြုသောလုပ်ငန်းကို လုပ်ရမည်။ လွတ်လပ်ရေးရပြီးသော မြန်မာပြည်၌ ဝန်ကြီးများစွာ၏ လက္ခဏာတွင် ဤကဲ့သို့ ထီးရိုးသည် လက်ညှိုးဘက်သို့ တက်သွားသောသူတွေ ရှိသည်။ မိမိ စိတ်မကူးသော နေရာသို့ရောက်အောင် ကြီးပွားခြင်း ဖြစ်သည်။

ကျွန်ုပ်သည် ငယ်စဉ်ကစ၍ မိမိကိုယ်ကို မည်မျှပင် ဆင်းရဲစေကာမူ တစ်နေ့သောအခါ တိုက်နှင့်နေရမည်ဟု အမြဲယုံကြည်သည်။ သို့သော် ဆင်းရဲသားဖြစ်သဖြင့် တစ်ထပ်တိုက်ကလေး တစ်ခုကိုသာ စိတ်ကူးကြည့်သည်။ သို့ရာတွင် နှစ်ထပ်တိုက်ကြီးနှင့် နေလာရသည်။ ထို့အတူ တစ်လမည်မျှဟု ဝင်ငွေကို ကန့်သတ်၍ စိတ်ကူးသော်လည်း ဝင်ငွေတွေ အများကြီး ရလာသည်။ ဤလက္ခဏာကြောင့် ဖြစ်သည်။

ဘုရားတရားကြည်ညိုသောသူ၊ ဒါနသီလပြုလုပ်သောသူ၊ ပရိတ်မန္တာန် စသည် ရွတ်ဖတ်သောသူမှာ ရှေးအတိတ်ကံက တစ်လတစ်ထောင် ဝင်မည်ဟု ပါသော်လည်း

ယခုပြုသောကံကြောင့် ငါးထောင် ဝင်လာသည်။ ငွေတစ်ထောင်ပျောက်မည့်ကိန်း ရှိလျှင် တစ်ရာသာလျှင် ပျောက်သည်။

ဤကိစ္စကို မြန်မာလူမျိုးများ အလွန်သိခဲ်သော အကြောင်းတစ်ခုရှိသည်။ အလွန် မှတ်သားထိုက်သည်။ လူတွေအားလုံးပင် ကုသိုလ်၊ ဒါန၊ သီလ ဆောက်တည်လျှင် နောက်ဘဝ၌ နတ်ဖြစ်မည်။ လူဖြစ်လျှင်လည်း ချမ်းသာမည် စသည်ဖြင့် အနာဂတ်ဘဝ အကျိုးပေးခြင်းကိုသာ သိကြသည်။ ယခုဘဝ အကျိုးပေးသည်ကိုတော့ လူတစ်ရာမှာ ကိုးဆယ့်ကိုး မသိကြချေ။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ဗဟုသုတလည်း မရှာမှီး၊ ဟောပြောသော ပုဂ္ဂိုလ်ကလည်း သတိမမူမိသောကြောင့် ဖြစ်သည်။

လူတစ်ယောက်သည် ကုသိုလ်ကိုဖြစ်စေ၊ အကုသိုလ်ကိုဖြစ်စေ ဒီဘဝတွင်ပင် အကျိုးပေးသည်။ အဘိဓမ္မာနည်းအားဖြင့် ကုသိုလ်လုပ်သည်ဖြစ်စေ၊ အကုသိုလ်လုပ်သည် ဖြစ်စေ စိတ်ဇာတ်ဇော ခုနစ်တန် ရှိသည်။

ပထမဇောသည် ယခုဘဝတွင်ပင် ဒိဋ္ဌဓမ္မ အကျိုးပေးသည်။ သတ္တမဇောသည် ဒုတိယဘဝတွင် အကျိုးပေးသည်။ အလယ်ဇော ငါးဇောသည် နိဗ္ဗာန်ရောက်သည့်တိုင် အောင် သံသရာဘဝတစ်ခုလုံး လိုက်၍ အကျိုးပေးသည်။ ကုသိုလ်ဘက်က ကြည့်ပါ။ လူတစ်ယောက်သည် မလိမ်မကောက် ရိုးသားခဲ့လျှင်၊ ဖြောင့်မတ်ခဲ့လျှင် လူတွေက ပြောလာသည်။ သူသည် အလွန် ရိုးသားသည်။ သစ္စာရှိသည်။ ချက်ချင်း လက်တွေ့ ယုံကြည်မှု ရသည်။ ချက်ချင်း အကျိုးပေးသည်။ လူတစ်ယောက် ဥပုသ်စောင့်လျှင် ဒီလူသည် သူတော်ကောင်းဖြစ်သည်။ အမြဲဥပုသ်စောင့်သည်ဟု လူများက ကြည်ညိုလာ ကြသည်။ လူတစ်ယောက်သည် ကျောင်းဒါယကာ၊ ဘုရားဒါယကာဖြစ်လျှင် ရပ်ရွာက ဘုရားဒကာကြီး ကျောင်းဒကာကြီးဆိုပြီး သူတော်ကောင်းအဖြစ် အသိအမှတ်ပြု၍ ရိုသေလေးစားကြသည်။ သူတော်ကောင်းဆိုပြီးလျှင် မည်သူမဆို ကူညီချင်သောစိတ် ရှိသည်။ လက်တွေ့အကျိုးပေးခြင်း ဖြစ်သည်။

အကုသိုလ်ကို ကြည့်ပါ။ လူတစ်ယောက်သည် သူများကိုသတ်လျှင် ထောင်ကျ သည်။ ချက်ချင်းပြသည်။ လူတစ်ယောက်သည် သူများပစ္စည်းခိုးလျှင် ထောင်ကျသည်။ ချက်ချင်းပြသည်။ လူတစ်ယောက်သည် သူများငွေကို လိမ်လျှင် ထောင်ကျသည်။ သူများ မယားခိုးလျှင် ထောင်ကျသည်။ ပထမဇောက ဤဘဝတွင် ဒိဋ္ဌဓမ္မပြခြင်း ဖြစ်သည်။ လူတစ်ယောက်သည် အရက်သောက်လျှင် ဒီကောင်အရက်သမားဆိုပြီး မည်သူကမှ အဖက်မလုပ်၊ လူရာမသွင်း၊ ဆက်ဆံပေါင်းသင်းခြင်းပင် မပြုချင်ကြပေ။ ထို့ကြောင့် ပထမဇောသည် ဤဘဝတွင်ပင် အကျိုးပေးသည်။

အချိုပင်စိုက်လျှင် အချိုသီး သီးသည်။ ခါးပင်စိုက်လျှင် ခါးတွေထွက်သည်။ ဘုရားဟောထားသည့်အတိုင်း ဖြစ်သည်။ အထူး မှတ်သားထိုက်သော တရားဖြစ်သည်။ သတ္တမဇောမှာ ဒီဘဝမှ နောက် ဒုတိယဘဝတွင် အကျိုးပေးသည်။ အကယ်၍ မပေး ခဲ့သော် အဟောသိကံ ဖြစ်သည်။ နောက်ထပ် သူနှင့် မဆိုင်တော့ချေ။

**လမ်းသစ်စာအုပ်တိုက်**

အလယ်ဇောင် ငါးဇောမှာမူ အကုသိုလ် လုပ်လျှင်လည်း အကုသိုလ်တွေ အမြဲလိုက်ပေးနေသည်။ ကုသိုလ်လုပ်လျှင်လည်း ကုသိုလ်တွေ အမြဲလိုက်ပေးနေသည်။ ပြေးမလွတ်ချေ။ ပထမဇောမှာ လူတွေမကြားဖူးသဖြင့် ဒါနသီလကို တန်ဖိုးမထားကြခြင်း ဖြစ်ကြသည်။

ဝေသာလီပြည်ကြီးတွင် ဝော်မွတ်ခေါင်းပါးခြင်း၊ မိုးလေမမှန်ခြင်း၊ ရောဂါဖြစ်၍ လူတွေသေခြင်း စသည်ဖြင့် ကပ်ကြီးသုံးပါး ဆိုက်ခဲ့ရာ မြတ်စွာဘုရားကို ပင့်ကြသည်။ ရှင်အာနန္ဒာမထေရ်က ဝေသာလီပြည်လမ်း ရှိသမျှကို နောက်ပါအဖွဲ့နှင့် ရတနသုတ်တရားတော်ကို တစ်ညလုံး ရွတ်ဖတ်ပူဇော်သည်။ ထိုအချိန်ကစ၍ ရောဂါတွေလည်း ကင်းသွားသည်။ မိုးလေဝသလည်း မှန်လာသည်။ ချက်ချင်းလက်တွေ့ အကျိုးပေးသော တရားပင် ဖြစ်သည်။

ထို့ကြောင့် သင်သည် ကြီးပွားလိုလျှင်၊ အောင်မြင်လိုလျှင်၊ ကျော်စောလိုလျှင် ဒါန၊ သီလ၊ ဘာဝနာ စသည့် တရားများကို ပို၍ ကြိုးစားပါ။ ဒါန ဆိုသည်မှာ ရွှေကျောင်းကြီးဆောက်မှ မဟုတ်ပါ။ နွေအခါတွင် ရေအိုးလှူပါ။ ယပ်တောင်များဝယ်၍ သံဃာတော်များကို လှူပါ။ မိမိ ကြည်ညိုသော စေတနာကပေးခြင်း ဖြစ်သည်။ နည်းတာ များတာ ပဓာနမဟုတ်ပါ။ ဘုရားကို ယုံကြည်ရမည်။ တရားကို ယုံကြည်ရမည်။ ယုံကြည်သည့်အတိုင်း လုပ်ပါ။ နည်းနည်းယုံကြည်လျှင် နည်းနည်းအကျိုးပေးသည်။ များများယုံကြည်လျှင် များများအကျိုးပေးသည်။

ကျွန်ုပ်သည် မိမိဘဝလမ်းစဉ်တွင် ဘုရားကိုသာ အားကိုးရှိသည့်အတိုင်း ဘုရားဟောများကို အမြဲလိုက်နာသည်။ မိမိလိုချင် တောင့်တသည်များ အမြဲတမ်း ပြည့်စုံသည်။ မိမိလိုချင်သော စာအုပ်များကို အလိုလိုလာပို့ကြသည်။ အိပ်နေရင်း ပညာရသည်။ မိမိဘာကို စားချင်သည်ဆိုလျှင် ပို့ပေးမည့်သူ ပေါ်လာသည်။

တရုတ်လူမျိုးတို့သည် သူတို့၏မွေးသော နှစ်၊ လများကို တရုတ်လို မှတ်ထားကြသည်။ မြင်းနှစ်၊ ကြွက်နှစ်၊ မြွေနှစ် စသည်ဖြင့် ၁၂ မျိုးရှိသည်။ ဥပမာ–မြင်းနှစ်၊ ငါးလ၊ ၂၃ ရက်ဟု မှတ်ထားသည်။ ယင်းကို တရုတ်ပြက္ခဒိန်ရှိမှ ရနိုင်သည်။ ကျွန်ုပ်သည် တရုတ်စာကို လုံးဝမတတ်ပေ။ ထိုအခါ တရုတ်စာ တတ်ချင်သောစိတ် ပေါ်လာသည်။ မကြာမီပင် မိတ်ဆွေတစ်ဦး ရောက်လာသည်။ တရုတ်ကပြားဖြစ်၍ သူသည် တရုတ်စာ ကောင်းစွာတတ်သည်။ သူမွေးသော နှစ်ကိုလည်း တရုတ်လိုပင် ပြောပြသည်။ ကျွန်ုပ်ထံ တရုတ်စာအုပ် မရှိသဖြင့် ထိုပုဂ္ဂိုလ်ကပင် တရုတ် နှစ်၊ လ၊ ရက်၊ အင်္ဂလိပ် နှစ်၊ လ၊ ရက် တွဲ၍ပါသော တရုတ်ပြက္ခဒိန် စာအုပ်ကို ဟောင်ကောင်မှ မှာ၍ပေးသည်။ ထိုနှစ်များ၊ ရက်များကို ဖတ်နည်း၊ ရေးနည်းကိုလည်း သင်ပေးသည်။ ကျွန်ုပ်ကိုယ်တိုင် သူ့ထံ သွားရန်မလို။ သူကိုယ်တိုင် အိမ်သို့ လာ၍သင်ပေးသည်။ ကျွန်ုပ်၏ဆရာပင် ဖြစ်သည်။ အင်္ဂလိပ်၊ တရုတ်၊ မြန်မာ ဘာသာပါသော တရုတ်ပြက္ခဒိန်၊ နှစ်ပေါင်းတစ်ရာအတွက် ပါရှိသည်ကိုလည်း ကျွန်ုပ်ထံ ပို့ပေးသည်။ ကျွန်ုပ်သည် သူ့ဟာသူ မည်မျှပင်

ချမ်းသာစေကာမူ ဆရာဖြစ်သည့်အတွက် တစ်နှစ်လျှင် ကျပ်တစ်ရာ့ငါးဆယ်၊ နှင်းဘ အမြဲတမ်းသွား၍ ကန်တော့သည်။ ဤမှု ကံကောင်းသည်။ တစ်ခုခု တောင့်တလိုက်လျှင် အလိုလို ပြည့်စုံလာသည်။

အစားအသောက်၊ စာအုပ်မှစ၍ အလွန်ဖြစ်နိုင်ခဲ့သော ကိစ္စတစ်ခု ဖြစ်လာသည်။ တစ်ခါတုန်းက ယူဘီအေ လေယာဉ်များကို မောင်းသူတစ်ယောက်သည် လက္ခဏာ လာ၍ မေးသည်။ ကျွန်ုပ်ထံ လက္ခဏာမေးပြီးသောအခါ 'သူသည် လေယာဉ်မှူး ဖြစ်ပါသည်။ ဆေးဝါး စသည့် လိုရာ ဘန်ကောက်သို့ သွားရာတွင် ဝယ်ခဲ့ပါမည်။ မှာပါ'ဟု ဆိုသည်။ ကျွန်ုပ်သည် 'ဘာမှ အလိုမရှိ၊ ကျေးဇူးတင်ပါသည်'ဟု ပြောသည်။ စကားစပ် မိပြီးလျှင် မဂ္ဂဇင်းများတွင် ယခုနောက်ဆုံးပေါ်သော ဘိုးအင်း ၇၃၇ လေယာဉ်ပျံကြီး များသည် အလွန်ကြီးကျယ်ကြောင်း၊ လူ ၃၅၀ ခန့်ပါကြောင်း၊ နန်းတော်ကြီးကဲ့သို့ ကတ္တီပါတွေ ဖုံးထားကြောင်း၊ အစားအသောက်တွေ များစွာပါကြောင်း၊ လေယာဉ်ပျံ ပျံရင်းလည်း ရုပ်ရှင်ပြကြောင်း ပြောပြသည်။

ထိုအခါ ကျွန်ုပ်က 'တစ်ခေါက်လောက် စီးချင်ကြောင်း' ပြောသည်။ လေယာဉ်မှူး က 'အာရှတိုက်တွင် ဂျပန်ပြည်၌သာ ယင်းလေယာဉ် ဆင်း၍ရသည်။ အခြားနိုင်ငံများ၌ ဆင်း၍မရသေး'ဟု ပြောသည်။ ကျွန်ုပ်က ဗဟုသုတအဖြစ် မေးခြင်းဖြစ်သည်။ 'လေယာဉ် ပျံလည်း စီးဖူးပါသည်။ ဟိုတယ်ကြီးတွေလည်း စားဖူးပါသည်။ စိတ်ကူးနှင့်ပြောလိုက် ခြင်းဖြစ်သည်'ဟု ပြောသည်။

နှစ်လလောက် ကြာသောအခါ အမေရိကန်မှ မိတ်ဆွေတစ်ဦးက 'အမေရိကန်သို့ လေယာဉ်ပျံနှင့် လာပါ။ ငွေကြေးနှင့် လေယာဉ်လက်မှတ် အသွားအပြန် ပို့ပေးပါမည်။ လမ်းမှာ သုံးစရာ ငွေကြေးလည်း ပို့ပေးမည်'ဟု စာရေးလိုက်သည်။ ဤစာ ယခုရှိသည်။ မည်သူမဆို လာကြည့်နိုင်သည်။ ဆွေမတော်မျိုးမတော်နှင့် ငွေလေးငါးသောင်း ကုန်မည့် ကိစ္စက မည်သူက တာဝန်ယူမည်လဲ။ တွေးကြည့်က အလွန်ခဲယဉ်းပါသည်။ ဆွေမျိုးပင် လျှင် တစ်ဆယ်၊ ကိုးကျပ် အနာမခံချင်သော ခေတ်ဖြစ်သည်။ အံ့သြလောက်အောင် ဘုရားဂုဏ်တော် ကြီးမားသည်။

ကျွန်ုပ်သည် အသက်ကလည်း ကြီးပြီဖြစ်သဖြင့် အရက်မသောက်၊ အပျော်အပါး လည်းမရှိသဖြင့် သွားဖို့စိတ်မကူးချေ။ ငယ်ငယ်တုန်းကတော့ နိုက်ရာဂရာ ရေတံခွန်ကြီး ကို သွားကြည့်ချင်သည်။ ယခုအချိန်တွင် မလာလိုတော့ကြောင်း စာရေးလိုက်သည်။ ထို့နောက် စာတစ်စောင် ထပ်၍လာပြန်သည်။ 'အမေရိကန်ပြည် အရပ်ရပ်သို့ သူတို့လိုက်၍ ပို့ပေးမည့်အကြောင်း လာခဲ့ပါ'ဟု ထပ်၍ရေးသည်။ ထိုအခါ ကျွန်ုပ်က လုံးဝ မလာလို ကြောင်း၊ လူလည်း မအားကြောင်း စသည်ဖြင့် စာပြန်ရသည်။ သူတို့ကို အမြဲတမ်း ကျေးဇူးတင်နေသည်။ ကျွန်ုပ်သည် သူတို့အား ညဥ့်တိုင်း မေတ္တာပို့၍ ပေးသည်။

ဘုရားဂုဏ်တော်၊ တန်ခိုးတော်သည် အလွန် ကြီးမားလှပေသည်။ ဘုရားဟော ပါဠိတစ်ခုတွင် မြတ်စွာဘုရား၏ဂုဏ်တော်သည် အစိန္တေယျ၊ မကြံစည်နိုင်လောက်ေ

ကြီးကျယ်ပေသည်။ မကြံစည်နိုင်လောက်အောင် ကြီးကျယ်မြင့်မြတ်သော ဘုရားကို ရှိခိုးပူဇော်ရသော သူမှာလည်း မကြံစည်နိုင်လောက်အောင် ကြီးကျယ်သော အကျိုးကို ရသည်ဟု ဘုရားကိုယ်ပင် ဟောထားခဲ့သည်။ လူတွေက ဘုရားကို သိပ်မယုံကြည်။ မိရိုးဖလာ ဆွမ်းတော်တင်ရုံမျှ ဖြစ်သောကြောင့် အကျိုးပေးသင့်သလောက် မပေးခြင်း ဖြစ်သည်။ တကယ် နက်နက်နဲနဲ ယုံကြည်၍ ကြည်ညိုသူများကိုမူ သီလဆောက်တည်မှု ရှိလျှင် မိမိလိုချင် တောင့်တသမျှ၊ ဖြစ်သင့်တာဟူသမျှ အားလုံးဖြစ်သည်မှာ ကျွန်ုပ် ကိုယ်တိုင် ညွှန်ကြားပေး၍ ကိုယ်တွေ့တွေ့ အများကြီး ရှိခဲ့သည်။

ကံကြမ္မာလမ်းကြောင်းသည် ကြာသပတေးဂြိုဟ်ဘက်သို့ တက်သွားက အခြား လက္ခဏာများလည်း ကောင်းသည်။ ထိုသူမျိုးတို့သည် သာသနာပြုရတတ်သည်။ ရဟန်း ပြုရတတ်သည်။ သတ္တဝါတွေ ချမ်းသာအောင် မဟာကရုဏာစိတ်ဖြင့် ကူညီလေ့ရှိသည်။ ထို့ကြောင့် ကျွန်ုပ်သည် ၁၅ နှစ်သားကပင် ပညာမိက ဘုရားဆုပန်ထားခဲ့သည်။ သတ္တဝါ တွေကို အလွန်ကရုဏာ ဖြစ်သည်။ သတ္တဝါတွေ အားလုံးအပေါ် တတ်နိုင်သမျှ ကူညီခဲ့ သည်။ အချိုပင်စိုက်လျှင် အချိုသီးသီးသည်။ ဆူးပင်စိုက်လျှင် ဆူးပင်တွေ ထွက်သည် ဆိုသည့်အတိုင်း ကောင်းကျိုးလုပ်သောသူမှာ ကောင်းကျိုးမုချရမည်။ ဆိုးကျိုးလုပ်သော သူမှာ မုချဆိုးကျိုးပေးမည်။ ဒီဘဝတွင် သက်သေပြသည်။ ထို့ကြောင့် သင်သည် ကြီးပွားလိုလျှင် ကောင်းသော အလုပ်ကို လုပ်ပါ။

မြတ်စွာဘုရား လက်ထက်တော်တွင် တစ်ခါတုန်းက ကုန်သည်တစ်ယောက် ရဟန်းပြုသည်။ ရဟန်းပြုပြီးသောအခါ သူ၏ဆရာသမားများက 'ရဟန်းတို့ကျင့်ရမည့် ၂၂၇ ပါးသော သိက္ခာပုဒ်များကို သင်ပေးသည်။ ထိုသိက္ခာပုဒ်များကို သင်ပြီးသောအခါ ထိုရဟန်းအသစ်သည် တစ်ခါတည်း စိတ်ပျက်သွားသည်။ ဘုရားတပည့်တော်သည် ဤမျှလောက် များပြားသော သိက္ခာပုဒ်များကို မထိန်းသိမ်းနိုင်ပါ။ လူထွက်တော့မည်'ဟု ဘုရားကို သွား၍ လျှောက်ထားသည်။

'သိက္ခာပုဒ်တွေမှာ ၂၂၇ ပါးတောင် ရှိကြောင်း၊ ဘယ်နည်းနှင့်မှ သူမထိန်းသိမ်း နိုင်ကြောင်း၊ များလွန်းသည်'ဟု ယူဆကြောင်း၊ ထို့ကြောင့် လူထွက်မည့်အကြောင်း လျှောက်ထားသည်။ ထိုအခါ မြတ်စွာဘုရားက 'သင် ရဟန်း၊ သိက္ခာသုံးပါးထဲဆိုလျှင် စောင့်ထိန်းနိုင်ပါမည်လား'ဟု မေးတော်မူသည်။ ထိုရဟန်းသည် အလွန် ဝမ်းသာစွာဖြင့် သိက္ခာသုံးပါးဆိုလျှင် တပည့်တော်သည် ကောင်းစွာ စောင့်ထိန်းနိုင်ပါသည်ဘုရား'ဟု လျှောက်ထားသည်။ ထိုအခါ မြတ်စွာဘုရားက...

မကောင်းမှု အကုသိုလ်ဟူသမျှ မပြုရ၊

ကောင်းမှုကုသိုလ်ဟူသမျှ ပြုရမည်။

မိမိ၏စိတ်ကို ဖြူစင်စွာ ထားရမည်။

'ဤသုံးခုကို ထိန်းနိုင်ပါသလား'ဟု အမိန့်ရှိသည်။ ထိုအခါ ရဟန်းက 'ထိန်း နိုင်ပါသည်'ဟု လျှောက်ထားပြီးလျှင် ရဟန်းဘဝတွင်ပင်နေလျက် တရားအားထုတ်သော အခါ ရဟန္တာဖြစ်တော်မူသည်။

**လမ်းသစ်စာအုပ်တိုက်**

ဗုဒ္ဓဘာသာတရားတွင် ဤတရားသုံးပါးသည် အချုပ်ဖြစ်သည်။

ကျွန်ုပ်၏ လက်ဝဲဘက် လက်သူကြွယ်အောက်တွင် အလွန် အားကောင်းသော အောင်မြင်ခြင်းလမ်းကြောင်း ရှိသည်။ ကြယ်ပွင့်နှစ်ပွင့် ရှိသည်။ ထို့ကြောင့် အောင်မြင်ရာ၊ ကျော်စောရာ၊ ကြီးပွားရာ၊ မူလဇာတိက ပါလာသည်။ မိဘမျိုးရိုးအားဖြင့်လည်း ကောင်းသောဇာတိမှ ဆင်းသက်လာခြင်းဖြစ်သည်။ လက်ယာဘက်လက်၌မူ အောင်မြင်ခြင်း လမ်းကြောင်း သုံးလေးကြောင်းပါပြီးလျှင် လက်သူကြွယ် ခြေရင်းသို့ ရောက်သောအခါ လေးကြောင်းမျှ တက်နေသည်။ ကြယ်လေးမှာ မထင်မရှား ဖြစ်နေသည်။ ကြယ်တစ်ခုသာ ပါသည်။ အောင်မြင်ခြင်းလမ်းကြောင်း သုံးလေးကြောင်း ဖြစ်နေသည်မှာ အလုပ်သုံးလေး မျိုးလုပ်သည်။ နေရာသုံးလေးမျိုးမှ ငွေရသည်၊ အောင်မြင်သည်ဟု ဆိုရမည်။

လခစားလည်း လုပ်ဖူးသည်။ ကျူရှင်လည်း ပေးဖူးသည်။ တစ်ပြိုင်နက်တည်း စာရေးဆရာလည်း လုပ်သည်။ စသည်ဖြင့် သုံးလေးငါးမျိုး လုပ်လာသည်။ ဆရာကြီး ကိုင်ရို၏လက္ခဏာကဲ့သို့ အောင်မြင်ခြင်းလမ်းကြောင်းသည် လက်သူကြွယ်ဘက်သို့ သွားရမည့်အစား အောင်မြင်ခြင်း လမ်းကြောင်းနှစ်ခုသည် လက်ခလယ်ဘက်သို့ တက်သွားသည်။ အောင်မြင်ခြင်း၊ ကျော်ကြားခြင်းသည်ပင်လျှင် ကျွန်ုပ်၏ အသက်မွေးမှုဖြစ်မည်ဟု ပြသည်။ ဤကဲ့သို့ လက္ခဏာတွင် သူများထက် ထူးသည့်အတိုင်း ဤပညာဖြင့်ပင် သူတစ်ပါးမယှံနိုင်အောင် ကြီးပွားခဲ့သည်။

ဉာဏ်စွမ်းလမ်းကြောင်းသည် လက်ခလယ်နှင့် လက်သူကြွယ်နှစ်ခုကြား အောက်တည့်တည့်တွင် အထက်သို့ခွဲ၍ တက်သွားသော လမ်းကြောင်းခွဲနှစ်ခု ပါနေသည်။

လက္ခဏာကျမ်းများတွင် ဤကဲ့သို့ ဉာဏ်စွမ်းလမ်းကြောင်းမှ ခွဲထွက်သွားသော လမ်းကြောင်းပါလျှင် ထိုနှစ်ခု ဤဘဝတွင် အမှတ်တရဖြစ်လောက်အောင် ကြီးပွား အောင်မြင်မည် ဆိုသည့်အတိုင်း ကျွန်ုပ်၏အသက် ၄၂ နှစ်တွင် ယခုပြည်လမ်းရှိ ခြံကြီး နှင့် နှစ်ထပ်တိုက်ကြီးကို ဝယ်နိုင်ခဲ့သည်။ ဉာဏ်ကြောင့် ကြီးပွားရမည်ဟု ဆိုသည်။ ဉာဏ်ဖြင့် အသက်မွေး၍ အောင်မြင်မည်ဟု ဆိုသည့်အတိုင်း ကျွန်ုပ်သည် အရောင်းအဝယ် လုပ်၍ လုံးဝ မအောင်မြင်ခဲ့ချေ။ ဉာဏ်ဖြင့် အလုပ်လုပ်သော အယ်ဒီတာအလုပ်၊ ကျောင်း ဆရာအလုပ်၊ လက္ခဏာ ဗေဒင်ဆရာအလုပ်ဖြင့် အောင်မြင်ခဲ့သည်။ လက္ခဏာ ဗေဒင် ပညာ၏ အံ့သြဖွယ်ရာ မှန်ကန်ခြင်း ဖြစ်သည်။

မြတ်စွာဘုရားသခင်၏ ၃၂ ပါးသော လက္ခဏာတော်ကြီးများကို ငယ်စဉ် ကိုရင်လေးဘဝက ဘုရားရှိခိုးရင်း ရခဲ့သည်။ ထို့ကြောင့် လက္ခဏာကို အလွန် ယုံကြည် သည်။ ယင်း၏ အကျိုးအပြစ်ကိုလည်း ကိုယ်တွေ့ဖြစ်သည်။ ညီညွတ်ပြည့်ဖြိုးသော ခြေဖဝါးရှိလျှင် ထိုသူသည် ကုသိုလ်ကောင်းမှုပြုရာ၌ မြဲမြံသော စိတ်ဓာတ်ဖြင့် မပျက် မကွက်ပြုခဲ့သူ ဖြစ်သည်။ ရန်သူအပေါင်းတို့သည် မဖျက်ဆီးနိုင်။ ကျွန်ုပ်တွင် ဤကဲ့သို့ ခြေဖဝါး အလွန်ပြည့်ဖြိုးသောကြောင့် ရန်သူများ မကောင်းကြံရာ လွတ်မြောက်ခဲ့သည်မှာ များလှပြီ။ ရေနစ်ခဲ့သည် မသေခဲ့။ ဂျပန်အဝင်တွင် အင်္ဂလိပ်လေယာဉ်ပျံက စက်သေနတ်

ဖြင့် အပစ်ခံရသည် မသေခဲ့။ မရေတွက်နိုင်အောင် ကြီးသော ဖုံးကြီးများ ကြဲချခြင်းကို အနီးကပ် ကြုံခဲ့ရသည်။ မသေခဲ့ပေ။

ကျွန်ုပ်အား မကောင်းကြံသော သူများသည် ဒုက္ခတွေ့၍ ပျက်စီးသွားကြသည်။

ပထမဦးဆုံး မြန်မာသတင်းစာကြီးတစ်စောင်မှ ကျွန်ုပ်အား စာမျက်နှာတစ်မျက်နှာ ခွဲခန့် ပုတ်ခတ်စွပ်စွဲခဲ့ရာ အယ်ဒီတာမှာ တစ်နှစ်အတွင်း သေဆုံးသွားသည်။ သူနှင့် ကြံရာပါဖြစ်သော အရာရှိတစ်ယောက်မှာ ရှမ်းပြည်တွင် အမှုဖြစ်ပြီး ထောင်ကျသွားသည်။ သူသည် လက္ခဏာ တော်တော် ဝါသနာပါသူ ဖြစ်သည်။

ဖဆပလခေတ်တုန်းက နိုင်ငံရေးသတင်းစာကြီးမှ အယ်ဒီတာတစ်ဦးသည် သူ၏ သတင်းစာတွင် ဆောင်းပါးရေးရန် လာ၍ပြောသည်။ သူ့ဆရာများက ခိုင်းသောကြောင့် ဖြစ်သည်။ ကျွန်ုပ်သည် ဆောင်းပါးများကို ခုနစ်ရက်တစ်ကြိမ် ရေးပေးသည်။ ဆောင်းပါး ရေးရသည်မှာ လူတစ်ယောက် ဟောရသည်ထက် ခက်သည်။ ကျမ်းဂန်အမျိုးမျိုး ကြည့် ရသည်။ နှစ်ည သုံးည ဆက်၍ရေးမှ ရနိုင်သည်။ လူအများလည်း ဗဟုသုတရစေရန် ရည်ရွယ်၍ ရေးခြင်းဖြစ်သည်။ ဤကဲ့သို့ ရေးလာရာ တစ်လနှစ်လ ကြာသော်လည်း သူတို့ထံမှ သတင်းစာတစ်စောင်မှ ပို့မပေးချေ။ စာရေးခ၊ စာမူခလည်း တစ်ပြားမှ ရသည် မဟုတ်ချေ။ ထို့ကြောင့် တစ်နေ့သောအခါ စာမူလာ၍ ယူသောလူအား "မင်းတို့ သတင်းစာက တစ်လမှ လေးကျပ် ဖြစ်သည်။ ငါ့ဆောင်းပါးက ဟောစာတမ်း ရေးလျှင် သုံးဆယ်၊ ငါးဆယ် ရသည်။ ဒါကြောင့် ငါ ဒီနေ့ကစပြီး မရေးတော့ဘူး၊ မင်း အယ်ဒီတာကို ပြောလိုက်"ဟု ပြောလိုက်သည်။ ဆောင်းပါးလည်း မရေးတော့ချေ။

ထိုအခါ သတင်းစာအယ်ဒီတာသည် သူလည်း သူ့သတင်းစာ၌ ဘုရင်ဖြစ်သည်။ ထို့ကြောင့် အခြား ဗေဒင်ဆရာတစ်ယောက်ကို ခေါ်ပြီး ကျွန်ုပ်အား နာမည်တပ်၍ အဆဲခိုင်းသည်။ ထိုအချိန်တွင် ဆဋ္ဌသင်္ဂါယနာတင်နေချိန် ဖြစ်သည်။ ကျွန်ုပ်က ဟံသာဝတီသတင်းစာတွင် ဆောင်းပါးရေးရာ၌ သင်္ဂါယနာကိစ္စတွင် အနှောင့်အယှက် ပေါ်လာနိုင်ကြောင်း ဆောင်းပါးရေးထည့်သည်။ ထိုအခါ သတင်းစာထဲတွင် နာမည်ကြီး ဗေဒင်ဆရာတစ်ယောက်က ကျွန်ုပ်အား နာမည်တပ်၍ ဆဲသည်။ စဉ်ဆွဲသည်။ ဘာသာရေး နှင့်ဆိုင်သော ကြာသပတေးဂြိုဟ်ကြီး ဥစ် ဖြစ်နေသည်။ ဘာသာရေး၌ ဘာမျှ အနှောင့် အယှက် မရှိနိုင် စသည်ဖြင့် ကျွန်ုပ်အား လူလိမ်လူညာ စာရင်းသွင်း၍ ရေးလိုက်သည်။ ဝေဖန်လိုက်သည်။ မကြာမီပင် ဆဋ္ဌသင်္ဂါယနာ၏ ဦးစီးဦးဆောင် ထိပ်ဆုံးပုဂ္ဂိုလ်ကြီး ဖြစ်သော ညောင်ရမ်းဆရာတော်ဘုရားကြီး ပျံလွန်တော်မူရာသည်။ ဤကဲ့သို့ သူတစ်ပါး အား နာမည်ပျက်အောင်ရေးသော ဗေဒင်ဆရာလည်း တစ်နေ့နှစ်ဆယ်ရသော ပြက္ခဒိန်တော် အဖွဲ့ဝင်အဖြစ်မှ အစိုးရက နုတ်ပယ်ခံရသည်။

တစ်ခါတုန်းကလည်း ဝန်ကြီးကတော်တစ်ယောက်က ကျွန်ုပ်ကို အိမ်သို့ခေါ်၍ မရသောကြောင့် သတင်းစာတစ်စောင်တွင် စန္ဒြဆိုသူမှာ လူလိမ်လူညာဖြစ်ကြောင်း၊ ငါးမူးမျှပင် မတန်ကြောင်းမှစ၍ အရှည်ကြီး ရေးထည့်လိုက်သည်။ ဆောင်းပါးလည်း

မဟုတ်။ ကြော်ငြာလည်း မဟုတ်။ အယ်ဒီတာထံပေးစာမျိုး ဖြစ်သည်။ ကျွန်ုပ်သည် ဤကဲ့သို့ အတိုက်အခိုက်ခံရသည်မှာ ရိုးနေသောကြောင့် မတုန်လှုပ်ပါ။ ဤကဲ့သို့ ကျွန်ုပ်အား စွပ်စွဲပြီးနောက် မကြာမီပင် ယင်းသတင်းစာလည်း ပြုတ်သွားသည်။ ထုတ်ဝေခြင်း မပြုနိုင်တော့ချေ။

တစ်ကြိမ်တွင် ကျွန်ုပ် အိမ်ရှေ့၌ တစ်နေ့လုံး အကြော်ရောင်းသော အကြော်ဆိုင်မှ ကလေးမကလေးက ကျွန်ုပ်၏တိုက်ကို ဓာတ်ပုံရိုက်သွားကြောင်း ပြောလာသည်။ ကျွန်ုပ်အထင်က ရှေ့က အိမ်ချိုးထားပုံ၊ ဆောက်ပုံမှာ သူများနှင့်မတူ၍ နမူနာယူရန် ရိုက်သွားသည်ဟု ထင်ခဲ့သည်။ ဤကဲ့သို့ မဟုတ်ပေ။ အပတ်စဉ်ထုတ် ဂျာနယ်တစ်စောင်မှ ရိုက်ယူသွားကြောင်း၊ အိမ်ကို ရိုက်သည်မဟုတ်၊ ဆိုင်းဘုတ်ကိုရိုက်ကြောင်း တွေ့ရသည်။ ယင်းဂျာနယ်ကို အလွန်ခေတ်မီသော ဆောင်းပါးများကြောင့် လူကြိုက် အလွန်အများသည်။ သူသည် ထွင်လုံးတွေ လုပ်တတ်သည်။ ကျွန်ုပ်တို့ အမြဲယူ၍ ဖတ်သည်။ ၁၅ ရက်ခန့် ကြာသောအခါ ယင်းဂျာနယ်၏ ရှေ့စာမျက်နှာတွင် ကျွန်ုပ်နှင့်တကွ ဆိုင်းဘုတ်ကြီးကြီးရှိသော ဗေဒင်ဆရာအားလုံး၏ ဆိုင်းဘုတ်တွေကို စုပေါင်း၍ ဓာတ်ပုံနှင့် ထည့်ပြီးလျှင် 'ရန်ကုန်မြို့ရှိ ဗေဒင်ဆရာအားလုံးသည် အစိုးရပြုတ်ကျအောင် အမျိုးမျိုးဓာတ်ဆင်၊ ယတြာလုပ်သည်'ဟု ရေးလိုက်သည်။


ကျွန်ုပ်သည် ရန်ကုန်မြို့ရှိ ဗေဒင်ဆရာအသင်းတွင် နာယကဖြစ်သည်။ ယင်းသတင်းကို ကြားသောအခါ ဗေဒင်ဆရာများအားလုံး ထိတ်သွားသည်။ သို့ရာတွင် အစိုးရအဖွဲ့ရှိ လူကြီးများမှာ ကောင်းစွာဝေဖန်တတ်သူများ ဖြစ်သည်။ လူတစ်ယောက်၏ ရှေ့ရေးကို ဗေဒင်၊ ယတြာနှင့် လုပ်၍မရကြောင်း နားလည်ကြသည်။ ဗေဒင်ဆရာများက 'သတင်းစာ ကွန်ဖရင့်ခေါ်၍ သတင်းစာဖြေရှင်းပွဲ လုပ်ပေးမှဖြစ်မည်'ဟု ပြောသည်။

ကျွန်ုပ်တို့သည် သတင်းစာဆရာများကိုခေါ်၍ 'ဆိုရှယ်လစ်ဝါဒကို ထောက်ခံကြောင်း၊ ယခုအစိုးရကို မိမိတို့အားပေးကြောင်း' စသည်ဖြင့် ဖြေရှင်းပေးရသည်။ ဤကဲ့သို့ သူတစ်ပါးအား စိတ်မချမ်းသာအောင် မဟုတ်မဟတ် လုပ်တတ်သော အကုသိုလ်ကြောင့် ယင်းဂျာနယ်ကို နောက် နှစ်လခန့်ကြာသောအခါ အစိုးရက ပိတ်ပစ်လိုက်သည်။ 'သူ့ကို ငါဖျက် ငါ့လျှင်ပျက်၏'ဟူသော ပုံဝတ္ထုအတိုင်း ဖြစ်သည်။ ဤကဲ့သို့ ရန်ဟူသမျှကို အောင်မြင်သည်မှာ ကျွန်ုပ်၏ အတိတ်ဘဝက ပြုခဲ့သော ကုသိုလ်ကြောင့် ဖြစ်သည်။

မကောင်းမှုလုပ်လျှင် မကောင်းမှု ခံရသည်။ ထို့ကြောင့် အီစွတ်ဒဏ္ဍာရီတွင် 'ခဝါသည်နှင့် အိုးထိန်းသည်' ဝတ္ထုက ထင်ရှားစွာ ပြနေသည်။ မြတ်စွာဘုရားကလည်း 'တူသောအကျိုးပေးသည်'ဟု ဟောတော်မူသည်။ ထို့ကြောင့် အကုသိုလ်အလုပ်များကို လုံးဝ ရှောင်ရမည်။ မလုပ်သင့်ပေ။ လက္ခဏာတော်ကြီး ဘုရားရှိခိုး (၃၂)ပုဒ်သည် အလွန် မှန်လှ၍ ဝါသနာပါသူများ ကျက်၍ ထားသင့်သည်။

ကျွန်ုပ်၏ဇာတာကို ဗေဒင်နည်းဖြင့် ဝေဖန်ကြည့်ကြပါစို့။

**လမ်းသစ်စာအုပ်တိုက်**




ရှေးက ဗေဒင်အားလုံးတို့သည် ကသစ်တစ်ခုရလျှင် ဘယ်အကျိုး၊ ကသစ်ငါးခု ရလျှင် ဘယ်အကျိုး၊ ဥစ်တစ်ချပ်ရလျှင် မည်သည့်အကျိုး၊ ဥစ်သုံးချပ်ရလျှင် မည်သည့် အကျိုး၊ ဥစ်ရှစ်ချပ်ရလျှင် ဘုရားဖြစ်သည်ဟုပင် မူလဇာတာများ၌ အဟောများ ရှိခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်၏ဇာတာကို ရှေးက ဗေဒင်ဆရာများပြတိုင်း 'လုံး၀ အသုံးမကျ၊ မျှော်လင့်ချက်မရှိ၊ ထမင်းတလုတ် စားရရုံပဲ'ဟု ဟောကြသည်။ အဘယ်ကြောင့်ဆိုသော် 'ဥစ်လည်းမရ၊ ကသစ်လည်း မရသည့်အပြင် စနေဂြိုဟ်ကြီးသည် နိစ်ဖြစ်၍ လဂ်၌ ပူးနေသည်။ လဂ်၌ စနေ၊ ရာဟု ပူးနေသောကြောင့် ဆင်းရဲမည်။ အခြားလည်း ဘာမှ ကောင်းသောဂြိုဟ်များ မရသဖြင့် ဆင်းရဲမည်'ဟု ဟောကြသည်။ သူတို့လည်း သူတို့ သိသလောက် ဟောခြင်းဖြစ်သည်။

စစ်မဖြစ်မီက မန္တလေးမြို့ရှိ အရှေ့ပြင်တွင် ဦးရာန အမည်ရှိသော ဗေဒင်ဆရာကြီး တစ်ယောက် ရှိသည်။ သူသည် အင်္ဂလိပ်ဗေဒင်ကိုသာ အသုံးပြုသည်။ သူ ဟောသော အခါ၌ 'ဤဇာတာသည် အလွန်ကောင်းကြောင်း၊ အင်္ဂလိပ်ဗေဒင်အားဖြင့် ဒွါရလေးခွင်' သာလျှင် အရေးကြီးကြောင်း၊ ကြီးကြီးကျယ်ကျယ် အောင်မြင်ကျော်စောမည့် ဇာတာ များသည် လဂ်မှာဖြစ်စေ၊ ကိန်းအိမ်ဆယ်တန့်မှာဖြစ်စေ ဂြိုဟ်များမှာ အားကောင်းသည်။ အောင်မြင်မည်၊ ကျော်စောမည်'ဟုဆိုသည်။ ကျွန်ုပ်၏ဇာတာတွင် 'လဂ်၌ စနေ၊ ရာဟု ရှိသည်။ ၁၀ တန့်တွင် သောကြာ ရှိသည်။ ထို့ကြောင့် ကြီးစွာ အောင်မြင်ကျော်စောမည်' ဟု ဟောခဲ့သည်။ သူ့အယူအဆနှင့်သူ ဖြစ်သည်။ ရှေးစာအုပ်အတိုင်း ဟောခဲ့သည်။ မှန်ပေသည်။

မြန်မာလူမျိုးများ အသိနည်းခဲ့သော ဇာတာစစ်နည်း ရှိသည်။ ယင်းမှာ ကောင်းသောယုဂ်၊ မကောင်းသောယုဂ်၊ စသည်များကို ခွဲခြမ်းဝေဖန်ပြသော သတ္တရော မဥ္စလီခေါ် ဂြိုဟ်ပူးများကို ကြည့်၍ ဆုံးဖြတ်သော ကျမ်းဖြစ်သည်။ အိန္ဒိယပြည်မှ ဒေါက်တာရာမန်ဆိုသူ ဗေဒင်ပညာရှိကြီးတစ်ဦး ရေးသားသော ယုဂ်ပေါင်းသုံးရာကို အကျယ်ဖော်ပြသော ကျမ်းတစ်စောင် ရှိသည်။ ယင်းကျမ်းနှင့် စစ်ဆေးသောအခါ ဂြိုဟ်တွေအားလုံး ကောင်းနေသြသည်။


ဥပမာ-တနင်္ဂနွေ၊ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာတို့သည် လဂ်မှ ဆယ်တန့်၊ ဆယ့်တစ်တန့်တွင်ရှိ၍ ဥပ္ပစည်းယုဂ် ရနေသည်။ ဤဥပ္ပစည်းယုဂ်မျိုးရလျှင် ဤဘဝ၌ ချမ်းသာမည်ဟု ဆိုသည်။ သောကြာဂြိုဟ်သည် စန်းမှရေသော် ဆယ့်နှစ်တန့်တွင်ရှိ၍

အနဘာယုဂ် ရနေသည်။ ဆယ်တန့်တွင်ရှိ၍ ကိန်းယုဂ်ရနေသည့် သူတို့မှာ အလွန်ကောင်းသည်။ တစ်ဖန် ကြာသပတေးကို ကြည့်ပါ။ စန်းမှရေသော် သူသည် ဆယ်တန့်မှာရှိ၍ ဥပစ္စည်းယုဂ် ရနေသည်။ စန္ဒြဂုရုယုဂ်ရနေသည်။ လက္ခဏာသခင် အိမ်ရှင်ဂြိုဟ်ဖြစ်သော အင်္ဂါဂြိုဟ်ကို ဘာသာရေးနှင့်ဆိုင်သော ဓာတာထဲတွင် အကျိုးအကြီးဆုံးပေးစေတတ်သော ကိုးတန့်အိမ်ရှင် ကြာသပတေးဂြိုဟ်ကြီးက သမသတ်မြင်ထားသည်။ ထို့ကြောင့် လက္ခဏာသခင် ဂြိုဟ်အားကောင်းသည့် စနေနှင့် ရာဟုဂြိုဟ်သည် စန်းမှရေသော် သုံးတန့်တွင်ရှိ၍ ဥပစ္စည်းယုဂ် ရနေသည်။

ထို့ကြောင့် ဂြိုဟ်တိုင်း ဂြိုဟ်တိုင်း ချမ်းသာ ကျော်စောစေသော ယုဂ်တွေရနေသည်။ ကိုးတန့်အိမ်ရှင် ကြာသပတေးသည် ဘာသာရေး ဂြိုဟ်လည်း ဖြစ်သောကြောင့် လက္ခဏာသခင် အင်္ဂါဂြိုဟ်ကို မြင်သောကြောင့် ငယ်ငယ်ကပင် ဘုရားတရားကို ကြည်ညိုခဲ့သည်။ ဒါနသီလ တတ်နိုင်သမျှ ပြုခဲ့သည်။ အလွန်ဆိုးသော စနေဂြိုဟ်သည် အဆိုးဆုံးသော နိစ်ဂြိုဟ်ဖြစ်၍ သုံးတန့်အိမ်ကို မြင်သောကြောင့် ဆွေမျိုးတွေအားလုံး သေကုန်သည်။ စနေဂြိုဟ်သည် အထီးကျန် ယောက်ျား၊ ဆင်းရဲသား ဆိုသည့်အတိုင်း တစ်ကောင်ကြွက်ဖြစ်၍ တစ်ယောက်တည်းသာ ကျန်ခဲ့သည်။ အခြားဂြိုဟ်များကောင်း၍ သက်သာရာရသည်။ သို့မဟုတ်ပါက တခြားကောင်းသော ယုဂ်ရသော ဂြိုဟ်များမပါလျှင် ကူလီလုပ်ရမည့်ဓာတာ ဖြစ်သည်။ ထို့ကြောင့် ဤကဲ့သို့ အကျိုးပေးသောယုဂ်ကို သတိမမူဘဲ ဥစ္စ၊ ကသစ်ကိုသာ ကြည့်၍ ဟောသောကြောင့် ကျွမ်းပြန်အောင် လွဲသွားသည်။

စနေဂြိုဟ်ကြီးသည် မိဿရာသီ ၂၁ အံသာတွင် ရှိနေသည်။ ဥစ္စနဝင်းကိုစီးသည်။ နိစ်ဖြစ်သော ဂြိုဟ်သည် ဥစ္စနဝင်းကိုစီးလျှင် ဥစ္စဖြစ်သော ဂြိုဟ်ထက်ကောင်းကျိုးပေးသည်ဟု စာအုပ်တိုင်းမှာပါသည်။ လက်တွေ့အားဖြင့် မဟုတ်ချေ။ စနေ၌ ဆွေမျိုးတွေအားလုံး သေပြီးလျှင် အိမ်ပါမီးလောင်၍ အားလုံးကုန်သွားသည်။ မွဲသွားသည်။ ထို့ကြောင့် နဝင်းစီးသည်ဆိုသည်မှာ မဟုတ်ချေ။ ဥစ္စဖြစ်လျှင် ဥစ္စဂြိုဟ် အကျိုးရှိသည်။ နိစ်ဖြစ်လျှင် နိစ်ဂြိုဟ် အကျိုးရှိသည်။

ဖလဒိပိကာသက္ကတကျမ်းတွင် နိစ္စ၊ ဘင်္ဂ၊ ရာဇယောဂယုဂ်ရသော တွက်နည်းပါလာသည်။ ယင်းကျမ်းအတိုင်း ကြည့်သည်ရှိသော် ယင်းနိစ်ဖြစ်သော စနေဂြိုဟ်ကြောင့် ရာဇယောဂယုဂ် ရနေသည်။ ထူးခြားစွာ မှန်သည်။ ထို့ကြောင့် ဗေဒင်ဟောရာ ကျမ်းပေါင်းစုံဖို့ လိုသည်။ အတွေ့အကြုံများဖို့ လိုသည်။ သီလသမာဓိရှိဖို့ လိုသည်။ သစ္စာရှိဖို့ လိုသည်။




လမ်းသစ်စာအုပ်တိုက်

တစ်ဖက်ပါ ဇာတာကို ကြည့်ပါ။ ဥစ်သုံးခုရသည်။ သိဟ်လဂ် ဖြစ်သောကြောင့် ဥစ်ဂြိုဟ်နှစ်လုံးမှာ အာရီဗျာယအိမ်တွင် ရှိနေသည်။ အကျိုးမပေးတော့ချေ။ စနေသည် ဥစ်ဖြစ်သော်လည်း အာရီအိမ်ရှင် ဖြစ်နေသောကြောင့် အကျိုးပေးနိုင်သလောက် မပေးချေ။ အလွန် ဆင်းရဲသည်။ သို့ရာတွင် ကြာသပတေးဂြိုဟ်ကြောင့် အလွန် စိတ်ချမ်းသာစွာ နေရသည်။ ထို့ကြောင့် ဥစ်ပါတိုင်း ချမ်းသာသည်မဟုတ်။ နိစ်ပါတိုင်း ဆင်းရဲသည် မဟုတ်ချေ။

မြန်မာနိုင်ငံနှင့် အခြားနိုင်ငံရှိ ကမ္ဘာကျော် ထိပ်သီးပုဂ္ဂိုလ်များမှာ ဥစ်ရသူ အလွန်နည်းသည်။ ဂြိုဟ်များ အနေအထိုင်ကောင်းခြင်း၊ ယုဂ်ကောင်းများရခြင်းကြောင့် ဖြစ်သည်။



ဤလက္ခဏာပုံမှာ ကျွန်ုပ်၏ လက်ယာလက်ပုံ ဖြစ်သည်။

လက္ခဏာကိုကြည့်ပါ။

လူတစ်ယောက်၏ ကြီးကျယ်စွာ ချမ်းသာရေးသည် ကံကောင်းရုံနှင့်မဟုတ်၊

**လမ်းသစ်စာအုပ်တိုက်**

ဉာဏ်ကောင်းရုံနှင့်မဟုတ်၊ ဝီရိယကောင်းရုံနှင့်မဟုတ်၊ အကျင့်သီလကောင်းရုံနှင့်မဟုတ် စသည်ဖြင့် အကြောင်းအမျိုးမျိုး ဆက်သွယ်နေသည်။

လက္ခဏာက ချမ်းသာမှုပါသော်လည်း ပျင်းရိနေလျှင်၊ အရက်သမား၊ ဖဲသမား၊ လုပ်နေလျှင် ချမ်းသာမှု မရတော့ချေ။ ရက်စက်သော လက္ခဏာ၊ သူတစ်ပါးကိုသတ်သော လက္ခဏာ၊ လိမ်သောလက္ခဏာပါလျှင် ယင်းသို့ပြုသော ပြစ်မှုကြောင့် ပျက်စီးတတ်သည်။ ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါးနှင့်လည်း ဆိုင်သည်။



ဤလက္ခဏာပုံမှာ ကျွန်ုပ်၏ လက်ဝဲလက်ပုံ ဖြစ်သည်။

လက္ခဏာကို ကြည့်ရာတွင် လက်ဝဲဘက်က မိဘမျိုးရိုးကိုပါ ကြည့်ရသည်။ ကျွန်ုပ်၏ လက်ဝဲဘက်တွင် လက်ဖနောင့်အောက်ဘက်မှ အထက်လက်ခလယ်သို့ တစ်ကြောင်း၊ လက်သူကြွယ်သို့တစ်ကြောင်း၊ လက်သန်းသို့တစ်ကြောင်း၊ သုံးကြောင်း

တန်းနေသည်။ ဤကဲ့သို့ သုံးကြောင်းရှိလျှင် မင်းစိုးရာဇာ ဖြစ်နိုင်သည်ဟု လက္ခဏာသဠ္ဍယကျမ်းတွင် ပါရှိသည်။ ကျွန်ုပ် မိဘမျိုးရိုးသည် မင်းမျိုးစိုးမျိုး ဖြစ်သည်။ ဉာဏ်စွမ်းလမ်းကြောင်း၊ မေတ္တာလမ်းကြောင်း အလွန်ကောင်း၍ လက္ခဏာအရေးအကြောင်း ဟူသ၍ ကြာသပတေးဂြိုဟ်ဘက်သို့ တက်သွားသည်။ ထို့ကြောင့် သူတော်ကောင်းမျိုး ဖြစ်သည်။

ကျွန်ုပ်၏ လက်ယာလက်တွင် လက်ဝါးဖနောင့်မှ အထက်သို့တက်သော သုံးကြောင်း မပါခဲ့ချေ။ ထို့ကြောင့် ကျွန်ုပ်သည် မင်း မဖြစ်နိုင်၊ အခြားလက္ခဏာ ကောင်း၍သာ ဆရာသမား ဖြစ်လာသည်။ မိဘမျိုးရိုးသည် အလွန် အရေးကြီးသည်။

ဗဟိုအမျိုးသမီးဆေးရုံတွင် ကလေးနှစ်ယောက် တစ်ပြိုင်တည်း၊ တစ်နာရီတည်း၊ တစ်ချိန်တည်း မွေးသည် ဆိုပါစို့။ သို့ရာတွင် တစ်ယောက်က သူဌေးသား ဖြစ်သည်။ တစ်ယောက်က ရေထမ်းရောင်းရသူ၏ သားဖြစ်သည်။ ထို့ကြောင့် ဆေးရုံက ဆင်းကတည်းက သူတို့အကျိုးပေးခြင်း မတူညီတော့ချေ။ သူဌေးသားသည် အပြန်တွင် ကားဖြင့် ပြန်မည်။ ကတ္တီပါအင်္ကျီ ဝတ်မည်။ နို့မှုန့်ဘူး သောက်ရမည်။ ကြီးလာသောအခါလည်း ကားဖြင့် လည်မည်။ ဆင်းရဲသား၏ သားသမီးမှာမူ ဆေးရုံကဆင်းသောအခါ ဆိုက်ကားနှင့် ပြန်မည်။ အိမ်မှာလည်း အနီးလုပ်ရာ၌ ပုဆိုးစုတ်နှင့် လုပ်မည်။ ထို့ကြောင့် အကျိုးပေးခြင်း လုံးဝမတူနိုင်ချေ။

အင်္ဂလန်ပြည် တတိယမြောက် ဂျော့ဘုရင်နှင့်အတူ လန်ဒန်ဆေးရုံကြီးတွင် တစ်နေ့တည်း၊ တစ်ရက်တည်း၊ တစ်ချိန်တည်းတွင် အတူမွေးသူ ဆယ်မြူရယ်ဆိုသူ တစ်ယောက် ရှိသည်။ သူသည် ဆင်းရဲသား ဖြစ်သည်။ သံတိုသံစ ရောင်းရသည်။ ရှင်ဘုရင်သားမှာမူ ရှင်ဘုရင် ဖြစ်လာသည်။ ဆင်းရဲသားမှာမူ ဆင်းရဲသားပဲ ဖြစ်ခဲ့သည်။ ဤကဲ့သို့ မွေးဇာတိသည် အတော် အရေးပါသည်။ သို့ရာတွင် သူတို့ဘဝခရီး အဖြစ်အပျက်မှာ အတော်ပင် နီးစပ်သည်။ တစ်ချိန်တည်း အတူမွေးသော ရှင်ဘုရင်၏သားသည် တတိယမြောက် ဂျော့ဘုရင်အဖြစ် နန်းသိမ်း ရာဇဘိသိက်ခံချိန်တွင် သံကုန်သည်မှာ အိမ်ဆောက်ရသည်။ ရှင်ဘုရင် အိမ်ထောင်ပြုသောနှစ်တွင် သူလည်း အိမ်ထောင်ပြုရသည်။ အခြားသော အချက်များ အားလုံးတူသည်။ ရှင်ဘုရင် သေသောနေ့၌လည်း သူ သေခဲ့သည်။ သို့ရာတွင် မူလဇာတာချင်းတူ၍ အဖြစ်အပျက် နီးစပ်ရုံသာ ရှိသည်။ ဆင်းရဲချမ်းသာမှုသာ ကွာခဲ့သည်။ ရှင်ဘုရင့်သားမှာမူ သေသည်အထိ ဆင်းရဲမှု မတွေ့ခဲ့ချေ။ ထို့ကြောင့် မျိုးရိုးသည် အရေးပါသည်။ ရှင်ဘုရင့်သားမှာမူ မည်မျှပင် ဇာတာမကောင်းပေမယ့် မိဘအရိပ် ခိုလှုံ၍နေရသဖြင့် အေးချမ်းမှုရှိသည်။

အောက်ပါသည် တကယ့် အဖြစ်အပျက် ဖြစ်သည်။

၁၉၀၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့တွင် အီတလီဘုရင် အန်ဘာတို(ပထမမြောက်)ဘုရင်ကြီးသည် သူ၏ သက်တော်စောင့်နှင့်အတူ ခရီးသွားစဉ် မုံဇာခေါ်သော ရွာငယ်ကလေးရှိ ထမင်းဆိုင်သို့ ရောက်ခဲ့သည်။ ညနေခင်းတွင် ရှင်ဘုရင်ကြီးသည် သူ၏ကိုယ်ရံတော်နှင့်အတူ ရွာငယ်လေးရှိ ထမင်းဆိုင်၌ ညစာစားသောက်ကြသည်။

ထမင်းဆိုင်ရှင် အဘိုးကြီးမှာ အလွန် ခန့်ညားပုံရ၍ ဖြူဖွေးသော နှုတ်ခမ်းမွေးများနှင့် အလုပ်သမားများကို စောင့်ကြပ်၍ ခိုင်းနေသည်။

ဒီလူကြီး၏မျက်နှာကို 'ငါမြင်ဖူးပါသည်'ဟု ရှင်ဘုရင်က စဉ်းစားလိုက်သည်။ ထို့ကြောင့် ဘုရင်မင်းမြတ်သည် ချက်ချင်းပင် ထိုလူကြီးအား သူ့အနားသို့ခေါ်၍ "ရှေးက ဘယ်နေရာမှာ တွေ့ဖူးလဲ"ဟု မေးမြန်းကြည့်သည်။ ထိုအခါ ဘုရင်အနီးတွင် ပါလာသော စစ်ဗိုလ်ချုပ်ကြီးသည် သိသိသာသာကြီး ပြုံးဖြဲဖြဲ ဖြစ်နေသည်။

ဘုရင်ကြီးသည် ဆိုင်ရှင်ကြီးအား သူ့နားသို့ ခေါ်ယူလိုက်သည်။ ထိုသူက ဖြေပြသည်မှာ "ဘုရင်မင်းမြတ်ကြီးသည် မှန်ထဲတွင် မြင်ဖူးခြင်း ဖြစ်ပါလိမ့်မည်။ ကျွန်ုပ်၏ ရုပ်ပုံသည် ဘုရင်မင်းမြတ်၏ရုပ်ပုံနှင့် အလွန်တူသည်ဟု လူအများက ပြောပါသည်"ဟု ဖြေကြားသည်။

ထိုအခါ ဘုရင်ကြီးက "သင်ပြောတာ မှန်သည်။ သင်သည် ကျွန်ုပ်နှင့် တူသည်။ အရပ်အမောင်းရော၊ မျက်နှာပုံပန်းရော၊ နှုတ်ခမ်းမွေးရော အလွန်ပင်တူသည်။ သင်၏ နာမည် မည်သူလဲ"ဟု ဘုရင်မင်းမြတ်က မေးတော်မူသည်။

ထိုအခါ ထမင်းဆိုင်ရှင်က "ကျွန်ုပ်၏အမည်သည် အန်ဘာတို ဖြစ်ပါသည်"ဟု ပြောသည်။ "၁၈၄၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့ နံနက် ၁၀ နာရီခွဲတွင် မွေးပါသည်။ ထို့ကြောင့် ကျွန်ုပ်မိဘများက ယင်းအမည်ကို ပေးထားပါသည်"ဟု ပြောသည်။

ထိုအခါ ဘုရင်ကြီးက "ကျွန်ုပ်မွေးသော ရက်၊ နာရီမှာလည်း ဒီအတိုင်းပင် ဖြစ်သည်"ဟု ပြောပြသည်။ "သင်ဘယ်မှာ မွေးသလဲ"ဟု မေးသည်။ ထိုအခါ ထမင်းဆိုင်ရှင်က တိုရီတိုမြို့၌ မွေးပါသည်"ဟု ဆိုသည်။ ထိုအခါ ဘုရင်မင်းမြတ်က "တိုရီတိုမြို့သည် ကျွန်ုပ်၏မွေးဖွားရာ ဇာတိဖြစ်သည်"ဟု ဆိုပြန်သည်။

"သင်သည် အိမ်ထောင်ပြုပြီးပြီလား"ဟု ဘုရင်မင်းကြီးက မေးပြန်သည်။ ထိုအခါ ထမင်းဆိုင်ရှင်က "ကျွန်ုပ်သည် ၁၈၆၆ ခုနှစ်၊ ဧပြီလ၌ လက်ထပ်ခဲ့ပါသည်။ ကျွန်ုပ်၏ ဇနီးနာမည်မှာ မာဂရီတပ်ဖြစ်ပါသည်"ဟု ပြောပြန်သည်။ ထိုအခါ ဘုရင်မင်းမြတ်က "ကျွန်ုပ်လက်ထပ်သောနေ့နှင့် တူနေသည်။ ကျွန်ုပ်၏ မိဖုရားကြီး၏ နာမည်မှာလည်း ထိုနာမည်ပင်ဖြစ်သည်"ဟု ပြောပြန်သည်။

ထိုအခါ အနား၌ရှိသော စစ်ဗိုလ်ချုပ်ကြီး ဗာဂလီယာသည် အံ့သြရာမှ သတိရပြီး ထမင်းဆိုင်ရှင်အား "ခင်ဗျား ကလေးဘယ်နှစ်ယောက် ရှိသလဲ"ဟု မေးလိုက်သည်။ ထိုအခါ ထမင်းဆိုင်ရှင်က "မိမိမှာ သားတစ်ယောက်သာရှိကြောင်း၊ သူ၏သားနာမည်မှာ ဗစ်တိုရီအို ဖြစ်ပါသည်"ဟု ပြောလိုက်သည်။

ထိုအခါ ဘုရင်ကြီးကလည်း 'ငါ့သားအမည်အတိုင်း ဖြစ်နေပါပကောလား'ဟု အံ့သြသွားသည်။ ထို့နောက် တစ်ခါမှ မတွေ့ဖူးတာ အံ့သြပါသည်။ "သင် ဒီထမင်းဆိုင် ဖွင့်တာ ဘယ်လောက်ကြာပြီလဲ"ဟု စုံစမ်းကြည့်သည်။ "ကျွန်ုပ်သည် ၁၈၈၈ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် ဤထမင်းဆိုင်ကို ဖွင့်ပါသည်"ဟု ပြန်ပြောသည်။

**လမ်းသစ်စာအုပ်တိုက်**

ထိုအခါ ဘုရင်ကြီးက "အဲဒီနေ့ဟာ ကျွန်ုပ် ရှင်ဘုရင် ဖြစ်သည့်နေ့"ဟု ပြောသည်။ "တယ်တူပါလား"ဟု ပြောသည်။ "ကျွန်ုပ်တို့ ဘာကြောင့် မတွေ့ဖူးပါသလဲ" ဟု ပြောသည်။

ထိုအခါ ထမင်းဆိုင်ရှင်က "ကျွန်ုပ်တို့ တွေ့ဖူးပါသည်။ ၁၈၆၆ ခုနှစ်တွင် တစ်ကြိမ်၊ ၁၈၇၀ ပြည့်နှစ်တွင် တစ်ကြိမ်၊ ကျွန်ုပ်တို့၏ တပ်မတော်တွင် ရဲစွမ်းသတ္တိအတွက် ဘွဲ့တံဆိပ်ချီးမြှင့်တုန်းက တွေ့ခဲ့ပါသည်"ဟု ပြောပြသည်။

"သင်၏ ရင်ဘတ်ပေါ်မှာ တံဆိပ်များ တွေ့ရပါသည်။ ဘာလို့ မမှတ်မိသလဲ" ဟု ပြောသည်။ ထိုအခါ ထမင်းဆိုင်ရှင်က "ထိုအချိန်တွင် ကျွန်ုပ်သည် ရိုးရိုးစစ်သားဖြစ်၍ တပ်ကြပ်ကလေးသာ ဖြစ်ပါသည်။ ဘုရင်မင်းမြတ်မှာ ဗိုလ်မှူးကြီးဘဝဖြစ်၍ တပ်ကြီးတစ်ခုကို အုပ်ချုပ်ရသူ ဖြစ်ပါသည်"ဟု ပြောပြသည်။

ထိုအခါ ဘုရင်မင်းမြတ်က "ဤမျှလောက် ထူးခြားသည်ကို တွေ့ရ၍ အံ့သြပါသည်"ဟု ပြောပြသည်။ ထမင်းဆိုင်ရှင်က "ဘုရင်မင်းမြတ် ဒီဘက်သို့ ကြွလာတိုင်း ထမင်းကျွေးပါရစေ"ဟု ပြောပြသည်။ ဘုရင်မင်းမြတ်က "ကောင်းပါပြီ။ မုန်ဇာမြို့သို့ ရောက်တိုင်း ဝင်ခဲ့ပါမည်"ဟု ပြောပြသည်။

ဘုရင်မင်းမြတ်က "မနက်ဖြန်တွင် အားကစားသမားများအား ဆုတံဆိပ်ပေးပွဲ ရှိသည်။ သင်လည်း လာခဲ့ပါ"ဟု ဖိတ်ကြားလိုက်သည်။ ဤနည်းဖြင့် ဘုရင်မင်းမြတ်နှင့် အခြွေအရံတို့သည် အိမ်တော်သို့ ပြန်သွားကြသည်။ နောက်တစ်နေ့တွင် ဘုရင်မင်းမြတ်သည် ထမင်းဆိုင်ရှင် သူ့မိတ်ဆွေအား သတိပြု၍ ရှာဖွေသည်။ သို့ရာတွင် ထမင်းဆိုင်ရှင် မလာဖြစ်ချေ။

ထို့နောက် သူ၏စစ်ဗိုလ်ချုပ်ကြီးက ပြောပြသည်။ "ထမင်းရှင်သည် ယနေ့နံနက်တွင်ပင် မတော်တဆ သေနတ်မှန်၍ သေဆုံးသွားပါသည်။ ထို့ကြောင့် မလာနိုင်ပါ"ဟု ပြောပြသည်။

ဘုရင်မင်းမြတ်က "ဘယ်သောအခါ သင်္ဂြိုဟ်မည်လဲ ပြောပါ။ ငါ ကိုယ်တိုင် သွားရောက်မည်"ဟု ပြောပြသည်။

ဤကဲ့သို့ ဘုရင်မင်းမြတ်က ပြောနေစဉ်တွင်ပင် သေနတ်သံသုံးချက် ပေါ်လာသည်။ လူသတ်သမားတို့ကပစ်သော သေနတ်နှစ်ချက်မှာ ဘုရင်မင်းမြတ်၏ နှလုံးသားကို ထိမှန်၍ ချက်ချင်းပင် ဘုရင်မင်းမြတ် နတ်ရွာစံခဲ့သည်။ ထို့ကြောင့် ဘုရင်မင်းမြတ်နှင့် အတူတူ တစ်ချိန်တည်း၊ တစ်နာရီတည်း မွေးလာခဲ့သော ထမင်းဆိုင်ရှင်မှာ ဘုရင်မင်းမြတ်နှင့် အတူတူပင် ထိုနေ့နံနက်၌ သေဆုံးခဲ့ရသည်။

ထို့ကြောင့် ဇာတာချင်းတူ၍ အဖြစ်အပျက်ချင်း တူနိုင်သည်။ မွေးဖွားခဲ့သော မိဘမျိုးရိုး မတူသဖြင့် ဆင်းရဲချမ်းသာ မတူဖြစ်သည်။ ဗေဒင်ဆရာများ သတိပြုရန် ဖြစ်သည်။ ဇာတာမည်မျှပင် ဆိုးနေစေ၊ သူဌေးသားဘဝ မွေးလာလျှင် ကောင်းကောင်း နေရမည်။ ထို့ကြောင့် အင်္ဂလိပ်ဗေဒင်ကျမ်းများတွင် ၁၈ နှစ်သားအထိ မိဘလက်အောက်၌

နေရသောကြောင့် ကလေး၏ကုသိုလ်၊ အကုသိုလ်သည် အကျိုးမပေးနိုင်။ မိဘများအဆင့်အတိုင်းသာ နေထိုင်ရလိမ့်မည်ဟု ဆိုသည်မှာ အလွန်မှန်သည်။ နောင်သောအခါ၌ သူ့ဇာတာကောင်းလျှင် ကြီးသောအခါ၌မူ အကျိုးပေးလာမည်။ အလွန်အံ့သြဖွယ်ရာ သိထိုက်သောအချက် ဖြစ်သည်။

## ကျွန်ုပ်၏သား ဆရာဒေဝ၏လက္ခဏာ

ဆရာဒေဝ၏ လက္ခဏာပုံတွင် နှလုံးလမ်းကြောင်းသည် ကြာသပတေးဂြိုဟ်ခုံတွင် ခက်ရင်းခွပုံစံနှင့် စတင်ခဲ့သည်။ ယင်း၏အဓိပ္ပာယ်မှာ အချစ်ရေးတွင် အောင်မြင်ခြင်း၊ ပြဿနာများကို ပျော်ပျော်ရွှင်ရွှင်နှင့် ရင်ဆိုင်တတ်ခြင်း၊ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်တတ်ခြင်း၊ သစ္စာရှိခြင်းကို ပြသည်။

*ဉာဏ်စွမ်းလမ်းကြောင်းသည် အကောင်းဆုံး အနေထားတွင် ရှိနေပြန်သည်။* ကြာသပတေးဂြိုဟ်ခုံမှ စတင်၍ အသက်လမ်းကြောင်းကို ထိရုံသာထိပြီး ရှည်လျားဖြောင့်တန်းစွာ လက်၏တစ်ဖက်စွန်းကိုရောက်အောင် အားကောင်းနေသည်။ လွတ်လပ်စွာ တွေးခေါ်တတ်ခြင်း၊ ပင်ကိုဉာဏ်ကောင်းခြင်း၊ ကြိုးစားအားထုတ်မှု ပြည့်စုံခြင်း၊ မှန်ကန်စွာ လုပ်ကိုင်တတ်ခြင်း၊ အကျိုးအကြောင်း ဆက်စပ်စဉ်းစားတတ်ခြင်း၊ လူထုအပေါ် လွှမ်းမိုးနိုင်ခြင်း၊ အုပ်ချုပ်စီမံရာ၌ စည်းကမ်းစနစ်ရှိခြင်း၊ မည်သည့်အလုပ်ကိုမဆို တရားမျှတစွာ ဆောင်ရွက်တတ်ခြင်း အမှတ်အသားတစ်ခုပင် ဖြစ်သည်။ ထို့ကြောင့် လက္ခဏာပညာများကို တစ်ထွာပြလျှင် တစ်တောင်မက မြင်သည်။ ဉာဏ်ကောင်း၍ လူကလည်း ဝီရိယရှိသည်။

ကြာသပတေးဂြိုဟ်ခုံတွင် စတုဂံပုံနှင့် ဆော်လမွန်ကွင်းရှိ၍ လက်ညှိုးရင်းသို့ တက်နေသော ဉာဏ်စွမ်းလမ်းကြောင်းမှလာသော လမ်းတစ်ခုပါနေသည်။ သူများအပေါ်၌ ဆရာသမားဖြစ်၍ သြဇာအာဏာ ပြည့်စုံခြင်းကို ပြသည်။ ခေါင်းဆောင်အကြီးအမှူး ဖြစ်သည်။ ဘုရားတရားကို ကြည်ညိုသည် ဆိုသည့်အတိုင်း ငယ်ငယ်ရွယ်ရွယ်နှင့်ပင် လက္ခဏာဆရာ ဖြစ်ခဲ့သည်။ အကြားအမြင် ရစေတတ်သော တယ်လီပယ်သီလိုင်း ပါသည်။ ဆရာကြီးကိုင်ရို၊ ဆရာစန္ဒြတို့ကဲ့သို့ ဂမ္ဘီရကြက်ခြေ ပါနေသည်မှာ လက္ခဏာဆရာ ဖြစ်မည်။ ယင်းပညာဖြင့် အသက်မွေးဝမ်းကျောင်းလျှင် ကျော်စောမည် ဆိုသည့်အတိုင်း ထင်ထင်ရှားရှား ပါနေသည်။ ဉာဏ်စွမ်းလမ်းကြောင်းအဆုံးတွင် နှစ်ခွဖြစ်သွားသည်။ ယင်းမှာ တစ်ပြိုင်တည်း အလုပ်နှစ်မျိုး၊ သုံးမျိုး လုပ်တတ်သည်။ အိပ်မက်မက်လျှင် မှန်တတ်သည်။ အထင်အမြင် ပေါက်တတ်သည်ကို ပြသည်။

တနင်္ဂနွေဂြိုဟ်ခုံတွင် အောင်မြင်ခြင်း လမ်းကြောင်းသည် လက်သန်းနှင့် လက်သူကြွယ်ကြားသို့ ရောက်ရှိသွားသည်။ ယင်းလက္ခဏာမျိုးမှာ ဆရာကြီးကိုင်ရို၊ ဆရာစန္ဒြတို့၏ လက်တွင်လည်း ပါသည်။ သမထ၊ ဝိပဿနာကဲ့သို့ စိတ်ဓာတ်ကို ခိုင်မြဲအောင် ကျင့်ကြံအားထုတ်ခြင်းကို ပြသည်။

**လမ်းသစ်စာအုပ်တိုက်**



ဆရာဒေဝ၏ လက္ခဏာပုံ ဖြစ်သည်။

နလုံးလမ်းကြောင်းပေါ်တွင် အောင်မြင်ခြင်း လမ်းကြောင်းမှာ စေတီပုံပမာ ပါနေခြင်းသည် သာသနာပြုနိုင်သည်ဟု အဓိပ္ပာယ်ရှိသည်။ တရားအားထုတ်နိုင်သည်။ အောင်မြင်မည်ဟု အဓိပ္ပာယ်ရှိသည်။ အလွန် ကောင်းသည်။

ပထမအင်္ဂါဂြိုဟ်ခုံတွင် ကြယ်ပါနေသည်မှာ သတ္တိကောင်း၍ စွန့်စွန့်စားစား အလုပ်လုပ်ခြင်း၊ သူတစ်ပါးနှင့်ပြိုင်လျှင် အနိုင်ရခြင်းကို ပြသည်။ အင်္ဂလန်မှ နန်းရင်းဝန်ကြီး ချာချီ၊ အမေရိကန်မှ သမ္မတအိုက်စင်ဟောင်းဝါးတို့တွင် ဤကဲ့သို့ ပါသည်။ အလုပ်နှင့် ပတ်သက်သော ထီးရိုးလမ်းကြောင်းသည် အလွန် အားကောင်း၍ လက်ညှိုးဘက်သို့ နောက်ဆုံး၌ တက်သွားသည်။ တစ်ဖန် အောင်မြင်ခြင်းလမ်းကြောင်းသည် ငယ်ငယ်ကပင် စ၍ ထင်ထင်ရှားရှား ပေါ်ပေါက်နေသည်။

ထို့ကြောင့် ဤဘဝတွင် မိမိရည်မှန်းသမျှ၊ လုပ်ကိုင်သမျှ မဖြစ်နိုင်သည် မရှိ။ နာမည်တစ်လုံးဖြစ်အောင်၊ သူတစ်ပါးအတုယူနိုင်အောင် ကြီးပွားမည်၊ အောင်မြင်မည်၊ ကျော်စောမည်၊ စီးပွားရေးလည်း ချမ်းသာမည်ဟု ဆိုသည်။ အိုလေကောင်းလေ လက္ခဏာမျိုးဖြစ်သည်။

**လမ်းသစ်စာအုပ်တိုက်**

ငါးကျပ်သာ ပေးရသည်။ သွားလိုရာသို့ ပို့သည်။ စားလည်းအတူတူ မိမိက ထမင်းကျွေးသည်။ အလွန် ဟန်ကျသည်။

စာအုပ်ဆိုင် အမျိုးမျိုးသို့သွား၍ လက္ခဏာစာအုပ်၊ ဗေဒင်စာအုပ်များ မိမိတွင် မရှိသော စာအုပ်မှန်သမျှ စာအုပ် သုံး–လေးဆယ် ဝယ်ယူသည်။ ကားခမှာ မီတာနှင့် လိုက်သဖြင့် အလွန်ချိုသည်။ ဘယ်နားသွားသွား အငှားကားများ ရှိနေသည်။ သို့ရာတွင် ကျွန်ုပ်တို့သည် တစ်ခါတည်း ငှားထားလိုက်သည်။ တစ်နေ့လုံးစီးမှ ၄၀ိ အပြင် မကျချေ။ ကားကြီးများ ဖြစ်သည်။ ကားက သစ်သည်။ အလွန် သက်သာသည်။

အိန္ဒိယပြည် ဗန်ဂလိုမြို့မှထုတ်သော ဗေဒင်မဂ္ဂဇင်းများတွင် နဒီဖတ်သည်ဟူသော ဗေဒင်ပညာမျိုးတစ်ခု ရှိသည်။ နဒီအကြောင်းကို အောက်နား၌ ဖော်ပြမည်။ မရပ်မြို့ရောက်သောအခါ ဟိုတယ်သို့ လာကြသော ကုလားများ၊ အလုပ်သမားများသည် မြန်မာပြည်ရောက်ဖူး၍ မြန်မာလို ကောင်းကောင်း ပြောတတ်သည်။ ထိုစဉ်က တောင်ပိုင်းသားတို့သည် မြောက်ပိုင်းသားတို့ထက် ယဉ်ကျေးကြသည်။ ပညာတတ်လည်း ပေါသည်။ မြောက်ပိုင်းကဲ့သို့ လူဦးရေ သိပ်မထူထပ်ချေ။ သွားလာရေး၊ ပေါင်းသင်းဆက်ဆံရေး အလွန်ကောင်းသည်။ မဒရပ်မြို့မှာ အလွန်သန့်ရှင်း၍ နာမည်ကျော်သော မြို့တစ်မြို့ဖြစ်သည်။ လမ်းဘေးရှိ လူအများသုံးရန် အိမ်သာများမှာ ရေမြောင်းဖြစ်၍ ရေများ အမြဲ စီးသွားနေသည်။ ဘယ်မြို့မှာမှ ဤကဲ့သို့ မရှိချေ။ မဒရပ်မြို့တွင် မြန်မာပြည်မှ ပြန်သွားသော မဒရာစီကုလားလေး ဗာစုဒေဝ၊ အသက် ၂၀ ခန့်သည် တစ်ခါက ကျွန်ုပ်ထံ ဗေဒင်မေးဖူးသူ ဖြစ်၍ သူ့ထံ စာရေးထားသောကြောင့် ကျွန်ုပ်နှင့် လာ၍ တွေ့သည်။

ကျွန်ုပ် လက္ခဏာဆရာ ဖြစ်သောအခါ နာမည် ဆိုင်းဘုတ်များကို သင်္ဘောဆေးနှင့် ရေးသဖြင့် တစ်နှစ်တစ်ခါ ပြုပြင်ရသည်။ အသစ်လဲရသည်။ ထို့ကြောင့် ကျွန်ုပ်သည် ကြွေရည်သုတ်ဆိုင်းဘုတ်ကို မဒရပ်မြို့တွင် လုပ်လိုသည်။ အပြန်သင်္ဘောဖြင့် ပြန်မည်။ ထို့ကြောင့် မိတ်ဆွေ ဗာစုဒေဝ အကူအညီဖြင့် ပန်းကန်ခွက်ယောက်မှစ၍ ဆိုင်းဘုတ်အထိ ကြွေရည်သုတ်သော စက်ရုံသို့ သွားပြီးလျှင် အင်္ဂလိပ်လို ဆိုင်းဘုတ်တစ်ခု၊ မြန်မာလို ဆိုင်းဘုတ်တစ်ခု အကြီးဆုံး လုပ်လာသည်။ အနံ ၃ ပေ၊ အရှည် ၆ ပေ ဖြစ်သည်။ သည်တစ်သက် ပျက်စရာ မရှိတော့ချေ။ မိမိနေရာ ခြံတွင် အင်္ဂလိပ်စာဖြင့် တစ်ဖက်၊ မြန်မာစာဖြင့်တစ်ဖက် အပြာရောင်အောက်ခံတွင် စာလုံးများကို အဖြူရောင်ရေးထားသဖြင့် အလွန် ထင်ပေါ်သည်။ အဝေးက မြင်နိုင်သည်။ ကားစီးသွားရင်း ဖတ်လို့ရသည်။ တစ်ခါတစ်ခါ လက္ခဏာမေးသူများက 'ဆရာ နာမည် သိပ်ကြီးတာပဲ'ဟု ပြောလျှင် 'နာမည်ကြီးအောင် ဆိုင်းဘုတ်ကြီးကြီး ရေးထားတာ'ဟု ရယ်ရွှင်ဖွယ်ပင် ပြောခဲ့ရသည်။ ကျွန်ုပ် ပြန်လာသောအခါ သင်္ဘောပထမတန်းက ပြန်လာသဖြင့် ဆိုင်းဘုတ်ကြီးကို ရန်ကုန်မြို့သို့ အလွယ်တကူ ယူလာခဲ့သည်။

**လမ်းသစ်စာအုပ်တိုက်**

## မဒရပ်မှ မိုက်ဆိုမြို့သို့

မိုက်ဆိုမြို့သို့ ရောက်သောအခါ မိုက်ဆိုမဟာရာဂျာ အစိုးရအဖွဲ့ပိုင်သော မိုက်ဆို ဟိုတယ်ကြီးတွင် တည်းခိုသည်။ ဟိုတယ်ကြီးသည် အလွန် ကြီးပါသည်။ ခမ်းနားလှပါသည်။ ရေချိုးရာ၌လည်း အနောက်တိုင်းကဲ့သို့ ရေအင်တုံကြီးဖြင့် အပူအအေး စပ်၍ ချိုးရသည်။ လျှပ်စစ်ဖြင့် ရေနွေးကျိုပေးသော ပေါင်းကြီးများ ရှိသည်။ ငါးမိနစ်လောက် ကြာလျှင် ရေနွေးရသည်။ ဖွင့်၍ချလိုက်လျှင် ရေနွေးကန်ထဲသို့ ရေနွေးတွေ ရောက်လာသည်။ မိမိလိုသလောက် အပူအအေးစပ်၍ ရသည်။

ကိုယ်ပိုင်ဟိုတယ်များကဲ့သို့ အစားအသောက်တွင် မကောင်းချေ။ အားလုံးခိုးကြသည်။ နံနက်ခင်းတွင် ဆန်ပြုတ်တိုက်ရာ၌ ဘာမှမပါ။ ဆန်နှင့် ရေနှင့်သာ ပြုတ်ထားသည်။ နံနက်စာ ကျွေးသောအခါလည်း ပေါပေါပဲပဲရသော အမဲသားကျွေးသည်။ ကျွန်ုပ်သည် ဝက်သားနှင့် အမဲသားကို ငယ်စဉ်ကပင် မစားသဖြင့် ထမင်းနှင့်ကြက်ဥ ကြော်ခိုင်းရသည်။ ညနေ ၃ နာရီ လက်ဖက်ရည်ချိန် ရောက်သောအခါ အခြား ဟိုတယ်ကြီးများကဲ့သို့ အလွန်ကောင်းသော မုန့်မပါ။ ရန်ကုန်မြို့ရှိ ပေါင်မုန့်ဖိုမှ လုပ်သော ဘီစကစ် အဝိုင်းလေးတွေ ရသည်။ အလွန် အံ့သြသွားသည်။ ဘာမှ မကောင်းချေ။ ထို့ကြောင့် တည်းခိုသူ နည်းသည်။ သူ့ထက်ကောင်းသော အင်္ဂလိပ်ဟိုတယ်ကြီးများတွင် သွား၍ တည်းသည်။ မိုက်ဆိုမြို့မှ ၁၂ မိုင်ဝေးသော ဘရင်ဒတန် ရေကာတာကြီးရှိရာ ပန်းဥယျာဉ်ကြီးသို့ ကားငှား၍သွားသည်။ ရေကာတာကြီးမှာ ရောဝတီမြစ်လောက်ရှိ မြစ်ကြီးကို ဖြတ်၍ လုပ်ထားသည်။ ရေကာတာကြီး အပေါ်တွင် မော်တော်ကားလမ်း ရှိသည်။ ကန်ဘောင်ရှိ ရေလွှဲပေါက်ကြီးမှ ရေများစီးဆင်း၍ မြစ်က ရှေ့သို့ ဆက်၍ ရေများစီးဆင်းသွားသည်။

ဤကဲ့သို့ ရေလွှဲပေါက်မှ အောက်ခြေမြစ်သို့ ရေစီးဆင်းလာသည့် နေရာတွင် ရေတံခွန်ကြီး ဖြစ်နေသည်။ ရေစီးရာတစ်လျှောက် မြစ်အလယ်မရောက်မီ အလွန်ကြီးကျယ်ခမ်းနားသော ပန်းဥယျာဉ်ကြီးများရှိ၍ အောက်မှ ရေပန်းများဖြင့် အလွန်ကြည့်ကောင်းသည်။ ပန်းမျိုးစုံပွင့်နေသည်။ မူလမြစ်ကြောင်းရှိရာသို့ ရောက်အောင် တစ်မိုင်ကျော်ဝေးရာ တစ်မိုင်အတွင်း၌ လူသွားလမ်းများ၊ ရေကန်များ၊ ပန်းခြံများဖြင့် အလွန်သာယာ ပျော်ရွှင်ဖွယ်ရာ ကောင်းလှသည်။ ဥယျာဉ်ထိပ်တွင် ခရစ်ရှနာရာဂျစကာ ခေါ် အလွန် အဆင့်အတန်းမြင့်သော ဟိုတယ်ကြီး ရှိသည်။ ထိုနေရာ၌မူ ကန်ကရိုက်ကကန်ထရိုက်ဆွဲ၍ ရောင်းဝယ်သဖြင့် အစားအသောက် အနေအထိုင် အားလုံးကောင်းပါသည်။ ပန်းဥယျာဉ်မှ မိုက်ဆိုမြို့သို့ ပြန်လာခဲ့သည်။

မိုက်ဆိုမြို့တွင် အခြား ကြည့်စရာ ရှုစရာ အမျိုးမျိုး၊ ရှေးဟောင်းနန်းတော်များမှ စ၍ ပြတိုက်အမျိုးမျိုး ရှိသော်လည်း မကြည့်တော့ဘဲ မြန်မာလူမျိုးတို့ အလွန်နှစ်သက်သော နံ့သာဖြူများကို အဆီထုတ်သော စက်ရုံသို့ သွား၍ကြည့်ခဲ့သည်။ စက်ရုံသို့ လျှောက်ကြည့်ပြီးလျှင် အဝတ်အစားများမှာ နံ့သာဆီနံ့ မွှေးနေသည်။ သုံးရက်လောက်

အထိ မွေးနေသည်။ နံ့သာဖြူတုံးများကို လွှစာမှုန့်ကဲ့သို့ အသေးလေးတွေ လုပ်ပြီးလျှင် အလွန်ကြီးကျယ်သော ပေါင်းအိုးကြီးများတွင် ထည့်၍ လျှပ်စစ်ဓာတ်ဖြင့် ရေနွေးထည့်၍ ပေါင်းသည်။ ပေါင်းအိုးကြီးများတွင် အပူဓာတ် ကောင်းလာသောအခါ လွှစာမှုန့်ခန့် ရှိသော နံ့သာဖြူတုံးလေးများမှ အဆီတို့သည် ရေရှိရာ မျက်နှာပြင်သို့ တက်၍လာသည်။

ဤကဲ့သို့ အပေါ်သို့တက်လာသော နံ့သာဖြူဆီများကို အလုပ်သမားများက ခပ်ယူကာ ပုလင်းများတွင် ထည့်၍ ရောင်းသည်။ အထူးသဖြင့် ရေမွှေးလုပ်ရာ၌သော် လည်းကောင်း၊ ရေမွှေးဆပ်ပြာ လုပ်ရာ၌သော်လည်းကောင်း၊ ဤနံ့သာဆီကို သုံးကြ သည်။ ရောင်း၍ မလောက်အောင်ပင် ဖြစ်သည်။ မိုက်ဆိုနယ်မှာ နံ့သာဖြူတောများ အလွန်ပေါသည်။ မြန်မာပြည်ရှိ ကျွန်းတောများကဲ့သို့ ဖြစ်သည်။

မိုက်ဆိုမြို့မှနေ၍ ဖေဖော်ဝါရီ ၁ ရက်နေ့တွင် ဒုတိယတန်းတွဲဖြင့် ဗန်ဂလိုမြို့သို့ လာခဲ့သည်။ ဤဗန်ဂလိုမြို့မှာ တစ်ကမ္ဘာလုံးကျော်ကြားသော ဗေဒင်ဆရာကြီး သူရိယ နရိန်းရောင်းနှင့် သူ၏မြေး ဒေါက်တာရာမန်တို့ ရှိသည်။ ထို့ပြင် များစွာသော ဗေဒင် ကျမ်းများကို သက္ကတဘာသာမှ အင်္ဂလိပ်ဘာသာပြန်၍ ထုတ်ဝေသော အစိုးရအရာရှိ ကြီးများ၊ အတွင်းဝန်ကြီးများ၊ ဘွဲ့ပေါင်းများစွာရသော သူများရှိသည်။ ဗေဒင်ပညာနှင့် ပတ်သက်လျှင် ဤမြို့သည် တစ်ကမ္ဘာလုံး ထင်ပေါ်ကျော်စောသည်။ များစွာသော ရှေးဟောင်း ဗေဒင်ကျမ်းကြီးများကို အင်္ဂလိပ်ဘာသာနှင့် ထုတ်ဝေသည်။

ကျွန်ုပ်သည် မိမိထံ၌မရှိသော စာအုပ်ဟူသမျှကို ထိုမြို့တွင် အားလုံးစုပေါင်း၍ ဝယ်လိုက်သည်။ ပြည့်စုံသွားသည်။ ဗေဒင်မဂ္ဂဇင်းကို ထုတ်ဝေသော ကမ္ဘာကျော်ဒေါက်တာ ရာမန်နှင့် သွား၍တွေ့သည်။ ဟိန္ဒူလူမျိုးဖြစ်၍ ဟိန္ဒူလိုဝတ်သည်။ အလွန်သဘော ကောင်းပုံရသည်။ အသက်ငယ်ငယ်ပင် ရှိသေးသည်။ ထိုစဉ်က ၃၅ လောက်ပင် ရှိသေး သည်။ ရုပ်လက္ခဏာကောင်းသည်။ စာလည်း တတ်သည်။ သို့သော် သူ့မှာ အလုပ်များ သဖြင့် နာရီဝက်လောက် စကားပြောပြီး ပြန်လာခဲ့သည်။

ဗန်ဂလိုမြို့တွင် ကျွန်ုပ်တည်းခိုသောဟိုတယ်မှာ အင်္ဂလိပ်လူမျိုးပိုင်သော ဝက်စ်အင့် ဟိုတယ် ဖြစ်သည်။ ဟိုတယ်အသေးစား ဖြစ်သည်။ တစ်ထပ်တည်း ဖြစ်သည်။ အစား အသောက် ပထမတန်းကောင်းသည်။ နံနက် ကြက်သားစွတ်ပြုတ်ပေးရာ၌ ထောပတ်များ ထည့်၍ပြုတ်သည်။ ပေါင်မုန့်ပါးပါးလေးများကို မီးနှင့် နီနေအောင် ကင်၍ပေးသည်။ လက်နှင့်ချေပြီးလျှင် စွတ်ပြုတ်ထဲ ထည့်လိုက်က မြန်မာလို ဆန်ပြုတ် ဖြစ်သွားသည်။ အစစခပ်သိမ်း အထူးပြောဖွယ်မလို။

ကျွန်ုပ်သည် ဗန်ဂလိုမြို့မှာနေစဉ် ကြည့်ရှုဖွယ် အမျိုးမျိုးကို ကြည့်ရှု၍ အနားယူ သည်။ ဗန်ဂလိုမြို့သည် မေမြို့ကဲ့သို့ တောင်ကုန်းလေးပေါ်တွင် ရှိသဖြင့် ရာသီဥတု အလွန် ကောင်းသည်။ မပူလှပေ။ ထို့ကြောင့် အင်္ဂလိပ်ကပြားများ အများဆုံးရှိသော မြို့ဖြစ်သည်။ ပင်စင်ယူပြီးသောအခါ သူတို့သည် ဤမြို့၌ လာရောက်၍ နေထိုင်ကြသည်။ အလွန် သာယာပါသည်။ မြို့လည်း အလွန် သန့်ရှင်းပါသည်။ အစစ ဘာမျှ ဆိုစရာ မရှိပါ။

ဘန်ဂလိုမြို့မှ မဒရပ်မြို့သို့ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ပြန်ရောက်သည်။ ဒုတိယတန်းဖြင့် ပြန်ခဲ့သည်။ အပြန်ခရီးတွင် မီးရထားပေါ်၌ ပညာတတ် လူကြီးလူကောင်းများစွာနှင့် တွေ့သည်။ အလွန် ယဉ်ကျေးကြသည်။ မြန်မာများကဲ့သို့ မိတ်ဆွေဖွဲ့သည်။ သူတို့ထံကိုလည်း 'လာလည်ပါ'ဟု ပြောသည်။ 'လိုတာကိုလည်း အကူအညီပေးမည်'ဟု ဆိုသည်။ တောပိုင်းသားတို့သည် ပို၍ ယဉ်ကျေးကြသည်။ စာတတ်ကြသည်။ မြန်မာပြည်ကဆို၍ သာ၍ပင် သူတို့က ခင်မင်ကြသည်။

## နဒီဗေဒင်၏ အံ့ဖွယ်ရာများ

ဗန်ဂလိုမြို့မှထုတ်သော ဗေဒင်မဂ္ဂဇင်းတွင် တစ်ခါတစ်ခါ ဤနဒီဗေဒင်များ အကြောင်း ပါလာသည်။ အံ့လောက်အောင် မှန်သည်ဟု ပြောကြသည်။ ရေးကြသည်။ ထို့ကြောင့် ဗေဒင်ကို ကျွန်ုပ် သင်၍ရလျှင် အလွန် အဖိုးတန်မည် ဆိုပြီးလျှင် ရှာဖွေရန် လာခြင်းဖြစ်သည်။ အထူး ကံကောင်းသည်မှာ ဆူလီပတန်မြို့တွင် ရှိတုန်းက ဗေဒင်ဆရာကြီး ဒေါက်တာရောင်းက ဗေဒင်ကျမ်းများရှိသော နေရာနှစ်ခုကို ညွှန်ပြလိုက်သည်။ တစ်ခုမှာ (သုခနဒီ)ဟုခေါ်သည်။ သုခအမည်ရှိသော ဈာန်အဘိဉာဉ်ရသော ရသေ့ကြီးက ဟောသွားသော ဗေဒင်ဟောစာတမ်းများ ဖြစ်သည်။ တစ်ခုက ဂနက်ရှ်နဒီ ဖြစ်သည်။ ဈာန်အဘိဉာဉ်ရသော ဂနက်ရှ် အမည်ရှိ ရသေ့ကြီးက ရေးသွားခြင်း ဖြစ်သည်။ နဒီဗေဒင်အဟောများမှာ မြန်မာပြည်ရှိ ပေစာများကဲ့သို့ ပေရွက်တွင်ရေး၍ မြန်မာဘုန်းကြီးကျောင်းများရှိ ပေထုပ်များထဲတွင် တစ်ထွာတစ်မိုက်မြင့်သော အထုပ်ပေါင်း ထောင်ပေါင်းများစွာ ရှိသည်။ ပေထုပ်များထဲတွင် ဗေဒင်မေးလာသူ၏ အကြောင်းအရာ၊ အဖေနာမည်၊ အမေနာမည်မှစက လွန်ခဲ့သော ဘဝကအကြောင်း၊ ယခု ဘာဖြစ်နေသည့်အကြောင်း၊ ရှေ့ကို ဘာဖြစ်မည့် အကြောင်းများကို အံ့သြဖွယ်ရာ ရေးထားခဲ့သည်။ ပြောလျှင် ယုံနိုင်မည် မဟုတ်ပေ။

နဒီပေစာများမှ အဟောကို သိလိုလျှင် မိမိ၏ ဇာတာခွင်ကို လည်းကောင်း၊ သို့မဟုတ် မိဿလဂ်၊ ပြိဿလဂ် စသည် ပြောရသည်။ သို့မဟုတ် လက္ခဏာကို ပြောရသည်။ ထိုစာကို ဘာသာပြန်သူက ဤကဲ့သို့ ထောင်ပေါင်းများစွာသော ပေထုပ်ထဲမှ မိမိအတွက် ဟောစာတမ်းကို ရှာဖွေ၍ ယူလာသည်။ ရှာဖွေခ ငါးကျပ် ပေးရသည်။

ဟောစာတမ်းတွင် မေးသူ၏နာမည် ပါလာသည်။ အဖေ၏နာမည်၊ အမေ၏ နာမည် ပါလာသည်။ အံ့သြလောက်အောင် မှန်သည်။ ထိုအခါ အဖေ၊ အမေ နာမည် မှန်မှသာလျှင် အောက်က အဟောများသည် ထိုသူအတွက် ဖြစ်သည်။ အဖေနာမည်၊ အမေနာမည် မဟုတ်သေးလျှင် အခြားတစ်ထုပ်ကို သွား၍ ရှာပြန်သည်။ နောက်ဆုံး မိဘနာမည် နှစ်မျိုးနှင့်တကွ အကြောင်းစုံပါသော ပေထုပ်ကို ရသည်။ အလွန် အံ့သြစရာကောင်းသည်မှာ ဤကဲ့သို့ အမေ၊ အဖေရှိသော လူတစ်ယောက်သည် ဗေဒင်ကျမ်းများ ရှိရာသို့ ရောက်လာမည်ကို မည်ကဲ့သို့ သိသနည်း။ စဉ်းစားလျှင် လုံးဝ အံ့သြဖွယ်ဖြစ်

အခန်း ၅

# မြန်မာလူထုနှင့် ဗေဒင်ကျမ်းများ

## [ ၅ ]

ရှေးသက္ကဋ္ဌကျမ်းများမှ အင်္ဂလိပ်ဘာသာသို့ ကမ္ဘာစစ်ကြီး မဖြစ်မီက ပြန်ဆိုထားသော အလွန်အဖိုးတန်သော၊ မှန်ကန်သော၊ စိတ်ချရသော ဗေဒင်ကျမ်းကြီးများစွာ ရှိသည်။ ရှေးရသေ့ကြီးများ၊ ပညာရှင်များက ရေးထားခဲ့သည်။ ဒိဋ္ဌစိတ်ချ မှန်သည်။ ဇာတာကို ကြည့်ရုံမျှနှင့် သူဌေးဖြစ်မည်၊ မင်းဖြစ်မည်၊ မျက်စိကန်းမည်၊ အသက်တိုမည်၊ ရှည်မည်။ တိတိကျကျ ဟော၍ရသော ကျမ်းကြီးများ ဖြစ်သည်။ သို့ရာတွင် ကျွန်ုပ်တို့ မမွေးမီက အင်္ဂလိပ်မင်းလက်ထက်တွင် မည်သူက ရေးထားခဲ့သည် မသိ။ ရေးသူ၏ နာမည်မပါသော ဗေဒင်ကျမ်းများစွာ ပေါ်ခဲ့သည်။ လူများစုမှာ ထိုပေါပေါပဲပဲ ကျမ်းများစွာကို ကြည့်ရှု၍၊ ကြားဖူး၍ ယုံကြည်ခဲ့ကြသည်။

သင်္ကြန်စာကို ကြည့်ပါ။ ရှေးက သင်္ကြန်စာများတွင် တနင်္ဂနွေမည်သော ဂြိုဟ်မင်းသည် မြွေကို စီးသည်၊ နွားကို စီးသည်၊ နဂါးကို စီးသည် စသည်ဖြင့် အရုပ်တွေနှင့် ဖော်ပြသည်။ လူများစုက ယင်း နတ်ရုပ်ကြီးကို တနင်္ဂနွေဟု မအောက်မေ့၊ သိကြားမင်းဟု အောက်မေ့ပြီးလျှင် ထိုနှစ်တွင် သိကြားမင်းကြီး ကျွဲစီးဆင်းသည်။ မြွေစီးဆင်းသည် စသည်ဖြင့် ပြောလေ့ရှိသည်။ မြွေစီးဆင်းလျှင် မြွေတွေ ပေါများလိမ့်မည် စသည်ဖြင့် ပြောလေ့ရှိသည်။ ပညာအစစ်အမှန်နှင့် ဒဏ္ဍာရီပုံပြင်များ ရောနေသည်။ ယခု ပုဏ္ဏားတို့သည် ဤကိစ္စ မဟုတ်မှန်းသိသဖြင့် သင်္ကြန်စာထဲ၌ မထည့်တော့ပေ။

တစ်ဖန် အိမ်ဆောက်ရာ၌ လက်သမား မြေခံကို ရက်ရွေးသော ကျမ်းရှိသည်။ ဥပမာ–လဆန်း မြေခံရွေးနည်းတွင် ဆယ်ကျော်ကစ်ကား၊ မိုးသိကြားလျှင်၊ ခန့်ညားချမ်းသာ၊ ဆယ့်နှစ်မှာမူ၊ ခံလာခွေးရုပ်၊ ပြုန်းတီးပြုတ်အံ့၊ လဆန်း ၁၁ ရက်နေ့တွင် မြေခံ၌ သိကြားမင်းခံသည်ဟု ဆိုသည်။

သာမန် စဉ်းစားကြည့်ပါ။ သူဟာသူ အိမ်ဆောက်မည့် မြေကြီးထဲကို မည်သည့် သိကြားမင်းက လာ၍ ခံမည်နည်း။ သိကြားမင်းသိလျှင် ပါးတောင် လာရိုက်လိမ့်ဦးမည်။

သို့ရာတွင် မည်သူ ရေးသွားသည် မသိ။ လူတွေ ယုံကြည်နေကြသည်။ ထို့အတူပင် နာမည်မှည့်ရာ၌ သမီးလေးကို၊ သားလေးကို နာမည်မှည့်ပေးပါဟု ပုဏ္ဏားများထံ သွား၍ တောင်းပန်သည်။ ရှေးမြန်မာမင်းခေတ်က ဗေဒင်ပညာကို ပုဏ္ဏားများသာ လိုက်စားကြသည်။ ယခု စစ်ကြီးပြီးမှ မြန်မာလူမျိုးများ တတ်လာကြသည်။

မည်သူမဆို မွေးလာသောအခါ မိမိ နောက်ဘဝများက ပြုခဲ့သော ကုသိုလ်၊ အကုသိုလ် ပါလာသည်။ ထိုကုသိုလ်၊ အကုသိုလ်က ဒီဘဝတွင် ဘယ်လို အကျိုးပေးမည်ဆိုသည်ကို ရှေးဗေဒင်ကျမ်းကြီးများတွင် ရှိခဲ့သည်။ ဥပမာ–သူဌေးဖြစ်မည်၊ ရှင်ဘုရင်ဖြစ်မည်၊ မျက်စိကန်းမည်၊ ထောင်ကျမည်၊ အသက်တိုမည်၊ ရှည်မည်၊ အားလုံးပါလာသည်။ သို့ရာတွင် နာမည်မှည့်ရာ၌ အတိတ်ကပါခဲ့သော ကုသိုလ်၊ အကုသိုလ် ကမ္မနိယာမ တရားတော်၌ မည်သူမှပြင်၍ မရချေ။

ကျွန်ုပ်ငယ်စဉ်က ကျွန်ုပ်တို့အိမ်နားတွင် မချမ်းသာဆိုသူ အစ်မကြီးတစ်ယောက်ရှိသည်။ သူသည် အလွန်ဆင်းရဲသဖြင့် ကူလီလုပ်ရသည်။ ကျွန်ုပ်သည် ဘာမဆို သိချင်၊ တတ်ချင်သောကြောင့် “အစ်မကြီးရယ် မချမ်းသာဆိုပြီး ဘာကြောင့် ကူလီလုပ်နေရတုန်း” ဟု မေးမိသည်။ ထိုအခါ မချမ်းသာက “နာမည်ဆိုတာ မိဘကပေးခြင်း ဖြစ်သည်။ ဆင်းရဲသည်၊ ချမ်းသာသည် ဆိုသည်မှာ ရှေးအတိတ်ကံပါမှ ချမ်းသာသည်”ဟု ပြောပြသည်။

ယခုအသက်ကြီးလာသောအခါ၌ ငါးရာ့ငါးဆယ်ဇာတ်တော် ပထမတွဲ၊ စာမျက်နှာ နံပါတ် ၄၆၀ တွင် နာမသိဒ္ဓိဇာတ်ကို ဘုရားသခင် ဟောတော်မူသည်။ နာမည်ဆိုသည်မှာ အလကား၊ မောင်သက်ရှည်လို့ မှည့်သော်လည်း အသက်တိုသွားနိုင်သည်။ မောင်ချမ်းသာဟု မှည့်သော်လည်း ဆင်းရဲနိုင်သည်။ မိမိပြုခဲ့သော အတိတ်ဘဝက ကုသိုလ်များဖြင့်သာ အကျိုးပေးကြကုန်သည်။ ပဗ္ဗေစ ကတပုညတာ၊ ရှေးကံက စီမံသည့်အတိုင်း ဖြစ်ရသည်။ မောင်သက်ရှည်ဆိုသူလည်း ငယ်ငယ်က သေသွားသည်။ သူဌေးမဆိုသူလည်း ဆင်းရဲနေသည်။ အမည်ဟူသည်ကား ပညတ်များဖြစ်သည်။ အမည်ဖြင့် ပြီးစီးသည်မရှိ။ ကံဖြင့်သာလျှင် လုပ်ကြရသည်။ အလွန်မှန်သည်။ နာမည်မှည့်၍ ချမ်းသာမည်ဆိုလျှင် ဗေဒင်ဆရာသမားတွေချည်း ချမ်းသာနေမည်။ ဤကဲ့သို့ နားမလည်ဘဲ အလွဲအလွဲ အမှားမှားတွေ ဖြစ်နေသည်။

တစ်ဖန် ပရိဝါရ၊ အာယု၊ နာဂရ ဘုမ္မိ စသည်ဖြင့် မိမိမွေးရက်၊ မွေးနံရှိရာ အရပ်မှ အရပ်ရှစ်မျက်နှာ လှည့်ပြီးလျှင် အာယုအရပ်၌ အသက်ရှည်စေလိုသော် မွေးနံ သစ်ပင်စိုက်ရမည်။ ဥပမာ–အင်္ဂါဂြိုဟ်သည် အရှေ့တောင်အရပ် ဖြစ်သည်။ မွေးနံအင်္ဂါမှ ရေတွက်သည်ရှိသော် တောင်အရပ်သည် အာယုဖြစ်သည်။ အာယုဖြစ်သောအရပ်၌ အင်္ဂါသားသည် ဆီးပင်စိုက်ရမည်။ အသက်ရှည်မည်ဟု ဆိုသည်။ ဘုရားဟောတရားတွေ အားလုံးလွဲကုန်သည်။ သစ်ပင်စိုက်ရုံနှင့် မည်သည့်နည်းနှင့် အသက်ရှည်မည်နည်း။

ယခုခေတ်မှာလည်း ဂဏန်းဗေဒင် လိုက်စားကြသည်။ နံပါတ် ၈ ဆို ကြောက်

ကြသည်။ ဆရာကြီးကိုင်ရီ၏ ကျမ်းများတွင် ကမ္ဘာပေါ်၌ မရေမတွက်နိုင်အောင် နံပါတ် ၈ များ သူဌေးဖြစ်ကြသည်။ ဘုရင်ဖြစ်သည်။ အမေရိကန်ပြည်တွင် သန်းပေါင်းဆောင်သောင်း ချမ်းသာသော ဂျွန်ဒီရော့ဖဲလားသည် ၁၈၃၉ ခု ဇူလိုင်လ ၈ ရက်နေ့တွင် မွေးသည်။ သူသာ သူဌေးမဟုတ်၊ ယခုထက်တိုင် သားစဉ်မြေးဆက် သူဌေးဖြစ်နေသည်။ ထို့ကြောင့် နံပါတ်ဆိုသည်မှာ အသေးအဖွဲ ဖြစ်သည်။

သင်္ကြန်စာတွင် သိကြားမင်းသည် ဗြဟ္မာမင်း၏ ဦးခေါင်းကိုဖြတ်၍ နတ်သမီး ၁၃ ယောက် အလှည့်ကျ ဗြဟ္မာခေါင်းကို ရွက်ထားစေရသည်။ တစ်နှစ်တစ်ယောက်ပြောင်းသည်။ နတ်ဗြဟ္မာဆိုသည်မှာ ဥပပါတ် ပဋိသန္ဓေ ဖြစ်သည်။ နတ်ဗြဟ္မာသေသွားလျှင် ခန္ဓာကိုယ် မကျန်ရစ်။ သူတို့မှာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော စသော ဓာတ်ကြီးလေးပါး ရှိသည်မဟုတ်။ ထို့ကြောင့် သေသွားသောအခါ ပျောက်သွားသည်။ လူ၊ တိရစ္ဆာန်တို့မှာ သေသွားလျှင် ရုပ်ကြီးကျန်ရစ်၍ မီးရှို့ရသည်။

လူမကျန်းမာလျှင် ငါးလွှတ်ရသည်။ ငါးလွှတ်၍ လူမမာတွေပျောက်လျှင် ဆေးရုံ၌ လူမမာတစ်ယောက်မျှ ရှိမည်မဟုတ်။ ဆရာဝန်တွေလည်း အလုပ်လက်မဲ့ ဖြစ်မည်။ အမေ နေမကောင်းသည်ကို သမီးက ငါးသွားလွှတ်သည်။ သမီးသာ ကုသိုလ်ရသည်။ အမေမှာ ကုသိုလ်မရ။ ထို့ကြောင့် မပျောက်နိုင်။ ထောင်ကျနေသည်ကို လွတ်အောင် မီးထွန်းပေးသည်။ ဤကဲ့သို့ မီးထွန်း၍လွတ်လျှင် ထောင်ထဲ၌ လူတစ်ယောက်မျှ ရှိမည်မဟုတ်။ လွတ်မည်ဆိုလျှင် ဆယ်သိန်းပင်ပေးမည့် တရားခံတွေရှိသည်။ မသိသောသူများကို လိမ်လည်သောကိစ္စ ဖြစ်သည်။

တစ်ဖန် လာပြန်ပြီ၊ ဘုရားချင်းအတူတူ အင်္ဂါထောင့် ဘုရား၊ စနေထောင့်က ဘုရား စသည်ဖြင့် ရေသပ္ပာယ်ရမည်။ ရွှေချရမည်ဟု လုပ်ပြန်သည်။ ဘုရားဟောတရားကို မသိသောကြောင့် ဖြစ်သည်။ မြတ်စွာဘုရားက ဟောသည်မှာ သက်တော်ရှိသောဘုရားကို လှူဒါန်းပူဇော်သူနှင့် သက်တော်မရှိသော စေတီပုထိုးများကို လှူဒါန်းပူဇော်သောသူများမှာ ထပ်တူထပ်မျှသော အကျိုးပေးသည်ဟု ဟောတော်မူခဲ့သည်။ ထို့ကြောင့် အိမ်က ဘုရားပစ်ပြီး ဟိုထောင့်၊ ဒီထောင့်၊ ပူဇော်ရမည် ဆိုသည်မှာ သက်သက်လိမ်ခဲ့ခြင်းဖြစ်သည်။ အိမ်ဘုရားကို ဆွမ်းတော်တင်လျှင်လည်း အတူတူပဲရသည်။ ရေသပ္ပာယ်လျှင်လည်း အတူတူရသည်။ ရွှေချလျှင်လည်း အတူတူပဲရသည်။ ဘုရားစေတီပုထိုးအားလုံး ဂေါတမမြတ်စွာဘုရား၏ ကိုယ်စားသာ ဖြစ်သည်။ ဘုရားတစ်ဆူတည်းသာ ရှိသည်။

တစ်ခါတုန်းက တရုတ်သူဌေး ကျောင်းအမကြီး တစ်ယောက်သည် သူ၏ဆရာတော်အား "ဘုန်းကြီးဘုရား၊ တပည့်တော်မ မန်းစုံကတော် ဘုရားဖူးသွားဦးမည်"ဟု လျှောက်ထားသည်။ ထိုအခါ ဆရာတော်ကြီးက "ကောင်းသည် ဒကာမကြီး၊ သို့ရာတွင် အိမ်ကဘုရား မသိစေနဲ့"ဟု အမိန့်ရှိသည်။ သို့ရာတွင် ကျောင်းအမကြီးမှာ အဓိပ္ပာယ်နားမလည်ချေ။

**လမ်းသစ်စာအုပ်တိုက်**

တစ်ဖန်လာပြန်ပြီ။ ဘာနေ့သားသည် ဘယ်အသားကို ဘုရားထု၍ ကိုးကွယ်ရမည်။ စီးပွားလာဘ်လာဘ တိုးတက်မည်ဟု လာပြန်သည်။ ဤကဲ့သို့ စာအုပ်ပါသည့်အတိုင်း သူတို့ပြောသည့်အသားကို မွေးနံအလိုက်သင့်သော သစ်သားကိုထု၍ ဘုရားကိုးကွယ်က လူတွေအကုန်လုံး ချမ်းသာလာမည်။ ထိုအခါ လယ်လုပ်သူ မရှိသဖြင့် လူတွေလည်း အားလုံး သေကုန်မည်။ ပုဗ္ဗေစ ရေးအတိတ်ကံ မပါလျှင် ဘာကိစ္စမှ ဖြစ်နိုင်သည် မဟုတ်ပေ။

စေတနာဟံ ဘိက္ခဝေ၊ ကမ္မံ ဝဒါမိ၊ မိမိကြည်ညိုသော စေတနာသည် ကံကို ဖြစ်စေသည်ဟု ဘုရားက ဟောသည်။ ရွှေဆင်းတု၊ ကြေးဆင်းတု၊ ကျောက်ဆင်းတု၊ သို့မဟုတ် ပြက္ခဒိန်ထဲက ဘုရားပုံတော်၊ မည်သည့်ဘုရားပင်ဖြစ်စေ ရှိခိုးပူဇော် ကိုးကွယ်သောသူမှာ မိမိ စိတ်စေတနာ ယုံကြည်မှု၊ ကြည်ညိုမှု အားကောင်းသလောက် အကျိုးပေးသည်။ နည်းနည်းကြည်ညိုလျှင် နည်းနည်းအကျိုးပေးသည်။ များများကြည်ညိုလျှင် များများအကျိုးပေးသည်။ ဤကား ဘုရားဟော ဖြစ်သည်။ မည်သည့်အသားကိုထုထု အတူတူပင် ဖြစ်သည်။ ကြည်ညိုသောသူ၏ သဒ္ဓါတရားက ဆုံးဖြတ်ပေးသည်။ ထို့ကြောင့် မိမိကိစ္စရှိလျှင်၊ အောင်မြင်ချင်လျှင် ဘုရားကို များများယုံကြည်၍ ဒါန၊ သီလ ပြုပါ။ ဘယ်ဘုရားဖြစ်ဖြစ်၊ ဘယ်စေတီတော်မှာပင်ဖြစ်ဖြစ် အတူတူပင် ဖြစ်ပါသည်။

မိမိကြီးပွားရေးမှာ ဒါန၊ သီလ၊ မေတ္တာ၊ ခန္တီ၊ သစ္စာ စသော တရားများကို လက်ကိုင်ထားမှ မိမိလိုရာ အောင်မြင်သည်။ ငါးရာ့ငါးဆယ် ဇာတ်တော်များတွင် ရှာဖွေဖတ်ကြည့်ပါ။ အဝတ်အစား စုတ်ပြတ်နေသော လူတစ်ယောက်က 'နင့်ကို ချမ်းသာအောင် လုပ်ပေးမည်။ ဒီလက်ဖွဲ့ဆောင်ထား'ဆိုပါတော့၊ ယုံရမှာလား။ သူကိုယ်တိုင် ဆင်းရဲလို့ အင်္ကျီစုတ်ပင် ဝတ်နေရသည်။ ဤကဲ့သို့ စဉ်းစားကြည့်ပါ။ "သားဦးစနေ မီးလိုမွှေ" ဆိုသည်မှာလည်း မည်သည့် ကျမ်းဂန်တွင်မှ မရှိပါ။ ရှေးကလူတွေ အလွန်အယူသီးသည်။ စနေမွေးပြီး သူဌေးဖြစ်သူတွေ အများကြီး ရှိသည်။ သောကြာမွေးပြီး အဖေ သေသည်။ အမေသေသည်လည်း အများကြီး ရှိသည်။ ရှေးက အတိတ်ကံက စီမံခြင်းဖြစ်သည်။

သီဟိုဠ်ကျွန်းတွင် မဟာသီဝမထေရ်ကြီးသည် တပည့်ပေါင်း ငါးရာကျော် စာချပေးသော စာတတ်ဆရာတော်ကြီး ဖြစ်သည်။ နေ့မအား၊ ညမအား ပိဋကတ်သုံးပုံ စာချပေးသည်။ ဝိပဿနာအကျင့် မရှိတော့ချေ။ သို့သော် ဆရာတော်၌ သီလ အလွန်လုံခြုံနေသဖြင့် သူ့ကိုယ်သူ ရဟန္တာဟုပင် ထင်နေသည်။

တစ်နေ့သောအခါ မဟာသီဝမထေရ်၏ တပည့်တစ်ယောက်သည် ဝိပဿနာအားထုတ်၍ အဘိညာဉ်ရသော ရဟန္တာ ဖြစ်လာသည်။ ထိုအခါ ဆရာတော်ကို ကိလေသာကုန်ပြီး ရဟန်းကိစ္စပြီးပြီလားဟု အာရုံပြုကြည့်ရာ ဆရာတော်ကြီးမှာ ပုထုဇဉ်သာဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် 'ငါ၏ ဆရာတော်ကို ငါကယ်မှ ဖြစ်မည်'ဟု တွက်ပြီးလျှင် မဟာသီဝမထေရ်ကြီးရှိရာသို့ ညချမ်းအခါ ရောက်လာပြီး "တပည့်တော်အား စာဝါချပေးပါ"ဟု လျှောက်ထားသည်။ မဟာသီဝမထေရ်ကြီးက "သူ့တွင် အချိန်မရနိုင်ကြောင်း၊

စာချရန် မဖြစ်နိုင်ကြောင်း” ငြင်းပယ်သည်။ သူ၏တပည့်က “မျက်နှာသစ်ချိန် စာချ ပေးတော်မူပါ”ဟုဆိုသည်။ “မျက်နှာသစ်ချိန်တွင် မည်သည့်ရဟန်းများအား မည်သည့် သုတ်ကို သင်ပေးသည်။ ရေချိုးချိန်တွင် မည်သည့်စာပေကို မည်သည့်သံဃာတော်များအား သင်ပေးသည်မှ စ၍ အိပ်သည့်အချိန်အထိ တစ်မိနစ်မျှ မလစ်လပ်အောင် စာချပေးရသည်။ ထို့ကြောင့် အချိန်ရှိသမျှ မအားလပ်သောကြောင့် မင်းကိုလည်း စာချမပေးနိုင်ကြောင်း” ငြင်းပယ်တော်မူသည်။

ထိုအခါ တပည့်လုပ်သူက “အရှင်ဘုရားမှာ စာတွေချနေရတာနှင့် အချိန်ကုန် သည်။ သေဖို့အချိန်ကလေးရော ရပါဦးမလား”ဟု ပြောပြီးလျှင် မိုးကောင်းကင်သို့ တက်၍ ပြန်ကြွသွားသည်။

ထိုအခါမှ မဟာသီဝမထေရ်ကြီးသည် သတိရသည်။ ဤရဟန်းသည် တမင် သက်သက် ငါ့ကိုလာ၍ သတိပေးခြင်း ဖြစ်သည်ဟု သိသည်။ သူ့တွင် မဂ်တရား၊ ဖိုလ်တရား လုံးဝမရှိ။ မည်သည့်တရားမှ မရသေး၊ ပုထုဇဉ်သာ ဖြစ်သည်ကိုလည်း စဉ်းစားမိသည်။ သူသည် သီလ အလွန်စင်ကြယ်သည်။ ထို့ကြောင့် တရားအားထုတ် လိုက်လျှင် တစ်ဝါတွင်းနှင့် သောတာပန်ရဟန္တာ ဖြစ်လိမ့်မည်ဟု ယုံကြည်သည်။ ထို့ကြောင့် ဝါဆိုဦးတွင် သူပိုင်သော ကျောင်းအားလုံး၊ ပစ္စည်းအားလုံးကို တပည့်သံဃာများအား လွှဲအပ်ပြီး မြို့နှင့်ဝေးသော တောရွာတစ်ခုသို့သွား၍ ဝိပဿနာတရား အားထုတ်သည်။ သူ့အထင်အားဖြင့် တစ်ဝါဆိုလျှင် ပေါက်မည်ဟု ယူဆထားသည်။ ဤကဲ့သို့ အားထုတ် လာရာ တစ်ဝါနှစ်ဝါမက အနှစ် ၃၀ ကြာအောင် အားထုတ်သည်။ အနှစ် ၃၀ ကြာသော အခါ၌လည်း မဂ်ဖိုလ်တရား၊ နိဗ္ဗာန်တရားမရချေ။

သူသည် အဓိဋ္ဌာန်ထားသည်။ ငါသည် တရားထူး၊ တရားမြတ် မရသမျှ ကာလ ပတ်လုံး ခြေထောက်လည်း မဆေး၊ ရေလည်းမချိုးဟု အဓိဋ္ဌာန်ထားသည်။ ဤကဲ့သို့ အလွန်အကျွံအားထုတ်ရာ သူ၏ခြေထောက်များမှာ ရေမတွေ့သဖြင့် အဖုအထစ်တွေ ဖြစ်နေသည်။ ယောင်ကားနေသည်။ ကြည့်၍မရအောင် ဖြစ်သည်။ ရွာထဲရှိ လူငယ် တစ်စုကလည်း တစ်ခုခု အငြင်းပွားစရာရှိလျှင် သူသည် မှန်တာပြောခြင်း ဖြစ်သည်။ မမှန်တာပြောလျှင် မဟာသီဝမထေရ်ကြီး ခြေထောက်ကဲ့သို့ ဒုက္ခဖြစ်ပါစေဟု ကျိန်စ ပြုလာကြသည်။

ဤကဲ့သို့ အနှစ် ၃၀ ပြည့်ကာနီး သီတင်းကျွတ်လာသည်။ မဟာသီဝမထေရ် သည် စိတ်ဓာတ်ကျသွားသည်။ ‘ငါသည် အနှစ်သုံးဆယ် ကာလပတ်လုံး ဝိပဿနာတရား အားထုတ်သည်။ သို့ရာတွင် တရားထူး တရားမြတ်တို့ ယခုအထိ မရသေး’ဟု တွေးပြီး ဝမ်းနည်းသဖြင့် မျက်ရည်ကျ၍ ငိုမိသည်။ ထိုအခါ မြတ်စွာဘုရား လက်ထက်က သောတာပန် ဖြစ်ခဲ့သော နတ်သမီးတစ်ယောက် ဆရာတော်၏ ကျောင်းမြောက်ဘက် အတော်ဝေးသောနေရာ၌ ရုက္ခစိုးဖြစ်နေသည်။ ထိုနတ်သမီးကလည်း ငိုချင်းချသည်။

ဤကဲ့သို့ ငိုသံကြားသောအခါ မဟာသီဝမထေရ်ကြီးက ည ၉ နာရီခန့်တွင်

ဝိုင်းကြား၍ “ဟိုဘက်ကဝိုတာ မည်သူနည်း”ဟု မေးတော်မူသည်။ ထိုအခါ နတ်သမီးက “ဘုရားတပည့်တော်သည် ဝိုလျှင် တမဂ်တဖိုလ်ရမည်ထင်၍ ဝိုပါသည်”ဟု လျှောက်ထားသည်။ ထိုအခါ မဟာသီဝမထေရ်ကြီး သတိရသည်။ ဝိုနေ၍ နိဗ္ဗာန်ရောက်နိုင်မည် မဟုတ်၊ တရားအားထုတ်မှ ရောက်မည်ဟု အမြင်မှန်ရပြီးနောက် တရားအားထုတ်ရာ ထိုနေ့ညပင် နှစ်ပေါင်း ၃၀ ပြည့်သောအခါ၌ အဘိညာဉ်နှင့်တကွ ရဟန္တာဖြစ်တော်မူသည်။

ရဟန္တာဖြစ်ပြီးသောအခါ ရဟန်းကိစ္စပြီးပြီ၊ နောက်ထပ် ကြိုးစားစရာ မလိုတော့ပေ။ ငါ၏ ခြေထောက်ကြီးသည် ရေနှင့် မတွေ့ရသည်မှာ အနှစ် ၃၀ ကြာခဲ့ပြီ။ ထို့ကြောင့် ငါ့ခြောက်ထောက်ကို ရေဆေးမည်ဟု နံနက်မိုးလင်းသောအခါ ကျောင်းရေကန်ဘေးရှိ ကျောက်တုံးကြီးပေါ်သို့ ကြွသွားသည်။

ထိုအခါ သိကြားမင်းနှင့် သုဇိတာ မိဖုရားတို့သည် ဆရာတော်ထံ လာရောက်ဖူးမြော်၍ “ဆရာတော်၏ ခြေထောက်ကြီးကို သူတို့ ရေးဆေးပေးရပါစေ”ဟု လျှောက်ထားသည်။ ထိုအခါ မဟာသီဝမထေရ်ကြီးက “အသင် သိကြားမင်း၊ လူ့ပြည်က ချေးစော်၊ သေးစော်။ ငါးပုပ်စော်၊ ခွေးသေကောင်ပုပ်စော် အနံ့တွေ ဆိုးလှသဖြင့် နတ်များသည် တစ်ယူဇနာက အနံ့ကို မခံနိုင်ဟု ဆိုသည်။ တစ်ယူဇနာဆိုသည်မှာ ၁၃ မိုင်ခွဲဖြစ်သည်။ ဤကဲ့သို့ အနံ့ဆိုးသော နေရာကို ဘာကြောင့် လာသလဲ”ဟု မေးတော်မူသည်။ ထိုအခါ သိကြားမင်းက “နတ်တို့သည် လူ့ဘောင်သို့ တစ်ယူဇနာလောက် လာလေ့မရှိ။ မှန်ပါသည်။ သို့ရာတွင် ဆရာတော်ဘုရား၏ သီလဂုဏ်၊ သမာဓိဂုဏ်ကို ကြည်ညို၍ လာရောက်ခြင်း ဖြစ်ပါသည်။ ခြေဆေးခွင့် ပြုတော်မူပါ”ဟု လျှောက်ထားသည်။

ထိုအခါမှ မဟာသီဝမထေရ်ကြီးက ခွင့်ပြုသဖြင့် သုဇိတာ မိဖုရားကြီးသည် အနောတတ် ရေအိုင်မှ ရေကိုဆောင်ယူပြီးလျှင် ခြေထောက်တော်ကြီးကို ဆေးပေးသည်။ လက်ဖြင့်လည်း သုံးသပ်ပေးသည်။

အနှစ် ၃၀ ပတ်လုံး ရေနှင့် မတွေ့ရသော ခြေထောက်ကြီးရှိ အဖုအကြိတ်၊ အက်ကွဲနေသမျှသည် ပြကတေ့ပျောက်ကင်းသွား၍ နဂိုအတိုင်းကောင်းသော ခြေထောက်ကြီး ဖြစ်လာသည်။ ထို့နောက် သိကြားမင်းကို ဆုပေး၍ သိကြားမင်းလည်း နတ်ပြည်သို့ ပြန်သွားသည်။

ဤဝတ္ထုကို ကြည့်ခြင်းအားဖြင့် နတ်များသည် လူ့ပြည်မှ အပုပ်နံ့လှိုင်သော နေရာသို့မလာ။ နတ်ဖြစ်လျက် လူကိုစောင့်မည်လည်း မဟုတ်။ ကိုယ်စောင့်နတ် ရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ခွေး၊ ကြောင်၊ ကြက်၊ ငှက်မှစ၍ ခြေနှစ်ချောင်း၊ ခြေလေးချောင်း၊ ကုန်းသတ္တဝါ၊ ရေသတ္တဝါ စသည်ဖြင့် မေတ္တာပို့ခြင်းကိုတော့ ပြုရသည်။

ကိုယ်တွေ့တစ်ခုမှာ ကျွန်ုပ်သည် ပြည်မြို့ ရတနာမာရ်အောင်တောရ ဆရာတော် ဦးဝိဇ္ဇာဗလ မထေရ်ထံတွင် အင်းပညာ၊ ဓာတ်လုံးပညာများကို လက်တွေ့သင်ယူသည်။ ဆရာတော်ထံမှ ကျွန်ုပ်တစ်ယောက်သာ ဤပညာများကို နောက်ဆုံးရခဲ့သည်။ ကျွန်ုပ်ကို သင်ပေးပြီးနောက် လောကီနှင့် ပတ်သက်သမျှ စွန့်လွှတ်တော်မူ၍ ဝိပဿနာတရားကို

ဟောပြတော်မူသည်။ သာသနာပြုတော်မူသည်။ ဆရာတော်က ဤကဲ့သို့ သိသမျှ သတ္တဝါတွေ အကုန်လုံး မေတ္တာပို့ရမည်၊ အမျှပေးဝေရမည်၊ အမိန့်ရှိသည်။ ထို့ကြောင့် ကျွန်ုပ်သည် ကုသိုလ်ကောင်းမှုလုပ်တိုင်း၊ ဘုရားရှိခိုးတိုင်း၊ သီလဆောက်တည်တိုင်း၊ ဆွမ်းတော်တင်တိုင်း၊ ကြီးကျယ်သော အလှူများလုပ်တိုင်း မိုးနတ်သား၊ လေနတ်သား၊ နေနတ်သား၊ လနတ်သားများကို ထည့်၍ အမြဲတန်း အမျှပေးဝေသည်။ မေတ္တာပို့သည်။

ဆရာတော်က အကြောင်းရှိလျှင် တကယ်ကြီးကျယ်သော အခက်အခဲများ ကြုံလာပါက မိမိအမျှပေး၊ မေတ္တာပို့သော နတ်များကို အကူအညီတောင်းကြည့်က ရတတ်သည်ဟု အမိန့်ရှိသည်။

ကျွန်ုပ်သည် ကျောက်ဆည်မြို့ရှိ ဝေဘူဆရာတော်ဘုရားကြီးထံ နှစ်တိုင်းသွား၍ ကန်တော့သည်။ သင်္ကန်းမှစ၍ အမျိုးမျိုး လှူဒါန်းသည်။ တစ်နှစ်ကဆိုလျှင် ကြာပင်က အမျှင်ကလေးများနှင့် ရက်လုပ်သော ကြာသင်္ကန်းကို တောင်ကြီး၊ အင်းလေးမှ မှာယူ၍ သွားရောက် ကန်တော့ခဲ့သည်။

ကြာသင်္ကန်း၏ သဘောသည် အကြောအမျှင် ဖြစ်သောကြောင့် သင်္ကန်းတစ်စုံလုံး အလွန်ပေါ့သည်။ ပိုးသင်္ကန်း၊ ချည်သင်္ကန်းကဲ့သို့ လေးလံခြင်း မရှိချေ။ တစ်ဖန်ထူးသည်မှာ ကြာပင်သည် ရေထဲ၌ ပေါက်သည်။ ထို့ကြောင့် ရေဓာတ်သဘောပါသည်။ ရေများသည် နွေရာသီတွင် အေးနေသည်။ ဆောင်းရာသီတွင် မည်သည့် ရေတွင်းရေကန်မဆို နွေးနေသည်။ အဓိပ္ပာယ်က ပူသောအခါတွင် အေးသည်။ အေးသောအခါ နွေးသည်။ ကြာသင်္ကန်းလည်း ဤကဲ့သို့ နွေရာသီခြုံထားလျှင် အအေးဓာတ်ရသည်။ ရေခဲသေတ္တာကဲ့သို့ ဖြစ်သည်။ ဆောင်းရာသီခြုံထားလျှင် ပူသည်။ စောင်ခြုံသကဲ့သို့ ဖြစ်သည်။

တစ်နှစ်သောအခါ ကျွန်ုပ်သည် ဒုလ္လဘရဟန်း ပြုလိုသဖြင့် ရွှေဘိုမြောက်ဘက် ၁၇ မိုင်ဝေးသော ဆရာတော်၏ဇာတိ အင်ကြင်းပင်တောရသို့ သွားရောက်ခဲ့သည်။ အင်ကြင်းပင်တောရမှာ အလွန် သာယာနာပျော်ဖွယ် ကောင်းသည်။ ဆရာတော်၏ တန်ခိုးအားဖြင့် ပေါင်လုံးခန့် အဝီစိတွင်းများသည် အလိုလို ရေပန်းထွက်နေသည်။ ရေအလွန်ပေါသည်။ ကျွန်ုပ်သည် သကြင်္န်တွင်း၌သာလျှင် ရက်များများအားသောကြောင့် ထိုအချိန်၌ ရဟန်းပြုလိုသည်။ ထိုအခါ အင်ကြင်းပင် တောရ၌ရှိသော ဆရာတော်တစ်ပါးက "ဒကာကြီး၊ ဒီနေရာ နွေရာသီ၌ အလွန်ပူပြင်းသည်။ ထို့ကြောင့် နွေ၌လာ၍ ရဟန်းမပြုပါနှင့်၊ ဆောင်းဦးပေါက် တန်ဆောင်မုန်းလလောက် ကောင်းသည်"ဟု အမိန့်ရှိသည်။

ဤကဲ့သို့ လျှောက်ထားပြီးလျှင် ရွှေဘိုမှ မန္တလေးသို့ ညနေနှစ်နာရီ၊ သုံးနာရီလောက် ပြန်လာရသည်။ နေသည် အနောက်တောင်ဘက်မှနေ၍ မျက်နှာကို အလွန်ပူစေသည်။ ရှေ့က မှန်များရှိသဖြင့် ဖုံးထား၍လည်း မဖြစ်၊ ခြစ်ခြစ်တောက်နေသည်။ မျက်စိတွေပင် ပြာလာသည်။ ထိုအခါ လေနတ်သားအား ကျွန်ုပ်သည် နှစ်ပေါင်းများစွာကပင် အမျှပေးသည်။ မေတ္တာပို့သည်။ ထို့ကြောင့် စမ်းသပ်ကြည့်မည်ဟု စိတ်ကူးလိုက်သည်။

**လမ်းသစ်စာအုပ်တိုက်**

ဤကဲ့သို့ နတ်များကို စကားပြောလျှင် ဆရာကြီးကိုင်ရှိ နည်းအရ နူတ်ကဖွင့်၍ ဆိုရသည်မဟုတ်။ အသက်ကို အောင့်ထားပြီးလျှင် စိတ်ဖြင့် ပြောရသည်။ ထို့ကြောင့် အသက်ကို အောင့်ပြီးနောက် 'အသင် လေနတ်သား၊ ကျွန်ုပ်သည် ကုသိုလ်ပြုတိုင်း သင့်အား အမျှပေးဝေခဲ့သည်။ နေ့တိုင်းလည်း ကျန်းမာ၊ ချမ်းသာပါစေ မေတ္တာပို့ခဲ့ပါသည်။ ဤမှန်သောစကားဖြင့် ကျွန်ုပ်တို့မှာ အလွန်အမင်း နေပူခံနေရသောကြောင့် တိမ်များရောက်လာအောင်၊ နေကိုဖုံးသွားအောင် လေဖြင့် ပို့ဆောင်ပေးပါ'ဟု စိတ်ထဲက အာရုံပြု၍ တောင်းပန်လိုက်သည်။

ကျွန်ုပ်နှင့် ပါလာသော သူများကိုလည်း ဟုတ်မဟုတ် စောင့်ကြည့်ရအောင်ဟု ပြောထားသည်။ မကြာချေ။ ဆယ်မိနစ်ခန့် ကြာသောအခါ အနောက်တောင်အရပ်မှ တိမ်တွေ တစ်လုံးပြီးတစ်လုံး ဝဲကာလာသည်။ မိုးကောင်းကင်အလုံး တိမ်တွေ ဖုံးနေသည်။ ကျွန်ုပ်တို့သည် မန္တလေးမြို့သို့ ရောက်သည်အထိ နေပူမခံခဲ့ရချေ။ သည်ရာသီမှာ တိမ်ထူထပ်သောရာသီ မဟုတ်။ ဆောင်းတွင်း နတ်တော်၊ ပြာသို ဖြစ်သည်။

ထို့အတူပင် တစ်ကြိမ်တုန်းက ဒလဘက်ကမ်းမှ ကျွန်ုပ်၏ ဆရာသမားဖြစ်သော ဖောင်းတော်ချုပ် ဆရာတော်ဘုရားထံမှ ပြန်လာရာ ဤကဲ့သို့ပင် နေအလွန်ပူသောကြောင့် လေနတ်သားကို တောင်းပန်ကြည့်ဖူးသည်။ ချက်ချင်းပင် တိမ်တွေ ထူလာသည်။ နေပူသက်သာသည်။ ဤကဲ့သို့ တစ်ခါတစ်ရံ သူ့မေတ္တာ၊ ကိုယ့်မေတ္တာကို ကြည့်၍ စောင့်ရှောက်တတ်သည်။ ထို့ကြောင့် မေတ္တာပို့ရာ၌ ရှိသမျှသတ္တဝါတွေ အားလုံးမကျန်အောင် ပို့ရသည်။ မေတ္တာသာလျှင် အောင်မြင်မှု ဖြစ်သည်။

ကျွန်ုပ်တို့အိမ်တွင် နောက်ဖေးမြောင်းများကို ကြွက်များဖောက်သည်။ မြောင်းတွေ ခဏခဏပျက်သည်။ ကြွက်တွင်းတွေ မကြာခဏ လုပ်ပြီးလျှင် မြေကြီးများကို ဖော်ထုတ်သည်။ မြောင်းတွေ ပိတ်သည်။ ကြွက်တွေမနိုင်၊ မြေကြွက်တွေ ဖြစ်သည်။ အကောင်ကြီးသည်။ အမွေးရှည်ကြီးတွေ နှစ်လက်မခန့် ရှိသည်။ ကြောင်မွေးထားသည်။ ကြောင်ကပင် သူတို့နား မသွားရဲ၊ ကြောက်သည်။ ထိုအခါ ဘီလပ်မြေဝယ်၍ ပြင်ရသည်။ ယခု ဒီဘက်ပိုင်း ရောက်သောအခါ ဘီလပ်မြေတစ်အိတ် တစ်ရာကျပ် ကျော်သည်က တစ်ကြောင်း၊ မှောင်ခိုဝယ်လျှင် ဟိုဘက်နှစ်က အကျန်ဖြစ်နေက ဘီလပ်မြေက မကပ်တော့ပေ။ သဲဖြစ်သွားသည်။ လွှင့်ပစ်ရသည်။

ထို့နောက် ကျွန်ုပ်သည် ပရိတ်ကြီးစာအုပ်မှ ခန္ဓသုတ်ကို ဖတ်ကြည့်ရာ မြွေမှစ၍ ခြေနှစ်ချောင်း၊ ခြေလေးချောင်း သတ္တဝါတို့ ဘေးရန်ကို ကာကွယ်ပေးသော သုတ်ဖြစ်ကြောင်း သိရသဖြင့် ယင်းကိုကျက်၍ ညတိုင်း အာရုံပြု မေတ္တာပို့ ရွတ်ဖတ်ပေးသည်။ ယခုဆိုလျှင် ကြွက်တွေ တစ်ကောင်မျှပင် မရှိတော့ချေ။ ဘယ်ကို ပြောင်းသွားသည် မသိ။ ကြွက်တွင်းလည်း မဖောက်တော့ပေ။ လက်တွေ့အောင်မြင်ခြင်း ဖြစ်သည်။

ထို့ကြောင့် မည်သူမဆို မိမိကိုယ်ကို ကြီးပွားလိုလျှင်၊ ဘေးကင်းလိုလျှင်၊ နတ်ကို

အားမကိုးပါနှင့်။ ဘုရားကို အားကိုးပါ။ ပရိတ်တော်ကို အားကိုးပါ။ မေတ္တာကို အားကိုးပါ။ ဘုရားဟော ဖြစ်သည်။ မုချအောင်မြင်ပါလိမ့်မည်။

ကျွန်ုပ် လက္ခဏာဆရာဖြစ်စက တစ်နေ့သောအခါတွင် လမ်းလျှောက်၍ ဗေဒင်ဟောသော တရုတ်ဗေဒင်ဆရာတစ်ယောက် ကျွန်ုပ်အိမ်ရှေ့သို့ ရောက်လာသည်။ ကျွန်ုပ်က သူ့ကိုခေါ်၍ စုံစမ်းသည်။ တစ်ခါမေးလျှင် သုံးကျပ်မျှသာ ပေးရသည်။ ပညာဆိုသည်မှာ တရုတ်၊ ကုလား မည်သူဖြစ်ဖြစ်၊ တစ်ယောက်တစ်မျိုးစီ ပညာပါကြသည်။ တစ်ဦးကောင်း တစ်ပညာဟု ရှေးလူကြီးများက ဆိုခဲ့သည်။

တရုတ်ဆရာ၏ဗေဒင်မှာ မွေးနေ့ကို တွက်ချက်သည် မဟုတ်။ လူ၏ မျက်နှာကို ကြည့်၍ မျက်ခုံး၊ မျက်လုံး၊ နှာတံများတွင် အဟောများပါသည်။ သူသည် ကျွန်ုပ်ကို ကြည့်၍ မည်သည့်နှစ်မှာ အိမ်ဝင်မည် စသည်ဖြင့် အများကြီး ဟောသွားသည်။ ထိုစဉ်က ကျွန်ုပ်မှာ မြေနီကုန်းထဲရှိ နှစ်ခန်းတွဲအိမ်လေးကို ငှား၍ နေခြင်းဖြစ်သည်။ လက္ခဏာဆရာဖြစ်စ အချိန်ဖြစ်သည်။ ထို့ကြောင့် ကိုယ်ပိုင်အိမ် မရှိချေ။ ကျွန်ုပ်သည် သူ၏ လိပ်စာကို ကူးယူထားလိုက်သည်။

ထို့နောက် နှစ်နှစ်လောက် ကြာသွားသည်။ တစ်ခါတုန်းက မြောင်းမြမြို့မှ အသက် ၆၀ ကျော်ရှိသော ဆန်စက်ပိုင်သူဌေး တရုတ်မကြီးတစ်ယောက်သည် ကျွန်ုပ်ထံ လက္ခဏာလာမေးသည်။ ကျွန်ုပ်က အမျိုးမျိုးဟောပြရာ အလွန် မှန်ကန်ကြောင်း ပြောပြသည်။

သူက ဆက်၍ ပြောသည်မှာ ဆရာဟောသလိုပင် ကျွန်မသည် အသက် ၄၂ နှစ်၌ ဝမ်းရောဂါဖြစ်၍ သတိပင် မေ့သွားသည်။ သေလုနီးပါး ဖြစ်ခဲ့သည်။ ကျွန်မသည် မြန်မာပြည်ရောက်၍ ဗုဒ္ဓဘာသာ ဖြစ်လာသောကြောင့် သီလစောင့်ထိန်းသည့်အတွက် ဤကဲ့သို့ သေဘေးမှ လွတ်ခဲ့ရခြင်း ဖြစ်သည်။ ကျွန်မသည် တရုတ်ပြည်တောင်ပိုင်း အေမွိုင်မြို့မှ ဖြစ်သည်။ ကျွန်မ မိဘများနှင့်အတူ ရှစ်နှစ်သမီးက တရုတ်ပြည်မှ မြန်မာပြည်သို့ ရောက်ခဲ့သည်။ အေမွိုင်မြို့တွင် မြန်မာပြည်သို့လာရန် သင်္ဘောထွက်မည့်ရက်ကို စောင့်နေသောအခါ မိဘများက တရုတ်ဗေဒင်ဆရာကြီး တစ်ယောက်ထံ ခေါ်သွားသည်။ ထို့နောက် ကျွန်မသည် အလွန် ချမ်းသာမည့်အကြောင်းမှစ၍ နေရေး၊ ထိုင်ရေး၊ သားရေး၊ သမီးရေး အားလုံးဟောပြသည်။ ထို့နောက် ဆရာကြီးက နင့်အသက် ၄၂ နှစ်ရောက်လျှင် ဝမ်းရောဂါဖြစ်၍ သေလိမ့်မည်ဟု ဟောလိုက်သည်။ ဆရာကြီးမှာ ဗေဒင်တွက်သည် မဟုတ်။ လက္ခဏာ ကြည့်သည်မဟုတ်။ လူ၏မျက်နှာကို ကြည့်၍ နှစ်ပိုင်းတွေကစ၍ အဆိုးအကောင်းကို ဟောပြခြင်း ဖြစ်သည်။ သူ ဟောထားသမျှတွေ အားလုံးမှန်လှသည်။ ကျွန်မ ၄၂ နှစ်တွင် သေမည်ဆိုသည်မှာ သတိပင် မေ့သွားသည်။ ဗုဒ္ဓဘာသာဖြစ်၍ ဒါနကုသိုလ်၊ သီလကုသိုလ်များက ကယ်ပေးဟန်တူသည်။ အသက်တော့ မသေခဲ့ပါဟု ပြောသည်။ တရုတ်ဗေဒင်ဆရာများက မျက်နှာကို ကြည့်၍ ဟောသည်မှာ မှန်လှကြောင်း သိလာသည်။

**လမ်းသစ်စာအုပ်တိုက်**

ထိုအကြောင်းကို ကြားသိပြီးသောအခါ ကျွန်ုပ်သည် ယင်းပညာကို အလွန်လိုချင်လာသည်။ ယခုခေတ်ဆိုလျှင် သမထဗေဒင်ဟုပင် ပြော၍ ဖြစ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် လက္ခဏာဗေဒင်ကို မကြည့်ဘဲ မျက်နှာကို ကြည့်၍ ဟောခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်သည် နောက်တစ်နေ့တွင် တရုတ်ဗေဒင်ဆရာရှိရာ ၂၃ လမ်းသို့သွား၍ တွေ့ခဲ့သည်။ ကျွန်ုပ်က ယင်းဗေဒင်ပညာများကို သင်လိုကြောင်း၊ သင်ပေးလျှင် ငွေမည်မျှ ပူဇော်ရမည့်အကြောင်းကို ဆွေးနွေးသည်။ ဗေဒင်ဆရာက တရုတ်ဗေဒင်အားဖြင့် မျက်နှာရှိ ဝဲ၊ ယာ မျက်ခုံးများမှစ၍ နံပါတ်အတိုင်း ဘယ်နှစ် ဘာဖြစ်မည်။ ဆိုးသည်၊ ကောင်းသည်။ မျက်လုံး၊ နှာတံမှစ၍ ကြည့်ရှုရကြောင်း ပြောပြသည်။ ထို့ကြောင့် တရုတ်စာအုပ်မှ မြန်မာလို ပြန်ပေးရမည် ဖြစ်သည်။ ငွေလေးထောင်ပေးရမည်ဟု သူက တောင်းသည်။ သို့ရာတွင် ကျွန်ုပ်မှာ လက္ခဏာဆရာဘဝ အစသာရှိသေးသဖြင့် ငွေလေးထောင် လက်ထဲ၌ မရှိချေ။ ထို့ကြောင့် ကျွန်ုပ်က နှစ်ထောင်နှင့် သင်ပေးရန် တောင်းပန်သည်။ သူကလည်း တစ်ပြားမှ မလျှော့ချေ။ သူ့အဆိုအားဖြင့်လည်း မှန်သည်။ သူသည် တရုတ်စာမှ မြန်မာစာသို့ ပြန်ပေးရမည့်အတွက် အလွန် အလုပ်များကြောင်း၊ အဓိပ္ပာယ်ပါ သင်ပေးရမည့်အကြောင်း၊ လေးထောင်ရမှသာ ဖြစ်နိုင်ကြောင်း၊ အကယ်၍ ကျွန်ုပ်က အလိုရှိပါလျှင် အခြား သင်လိုသော မိတ်ဆွေများနှင့် စပ်၍ သင်ပါ။ သူကတော့ လေးထောင်မှ မလျှော့နိုင်ဟု ပြောပြသည်။

ထိုအခါက ရှေးဗေဒင်ဆရာကြီးများသာ ရှိသောခေတ် ဖြစ်သည်။ ဤကဲ့သို့ နှစ်ထောင်၊ သုံးထောင်ပေးနိုင်ရန် အကြောင်းမရှိသဖြင့် ကျွန်ုပ် မသင်ခဲ့ရချေ။ လက္ခဏာ မကြည့်ဘဲ မျက်နှာကို ကြည့်ဟောရလျှင် ရထားပေါ်မှာဖြစ်စေ၊ သင်္ဘောမှာဖြစ်စေ၊ လက်ဖက်ရည်ဆိုင်မှာဖြစ်စေ တွေ့သောသူများကို ဟောလိုက်ရလျှင် အလွန် အထင်ကြီးသွားမည်။ ဘိုးတော်ပင် အခေါ်ခံနိုင်သည်။ သို့ရာတွင် ကျွန်ုပ်မှာ ငွေကြေး မပြည့်စုံသောကြောင့် လက္ခဏာ ကြည့်လျှင်လည်း ဟော၍ရသည်။ ကိစ္စမရှိဟု မသင်ဘဲ နေခဲ့သည်။

နောက် လေးငါးနှစ် ကြာသောအခါ ကျွန်ုပ်တွင် ငွေကြေးပြည့်စုံ၍ ယင်းပညာ သင်ထားလျှင်လည်း တစ်မျိုးကောင်းပါသည်ဟု ယူဆပြီး တရုတ်ဗေဒင်ဆရာအိမ်သို့ သွား၍ရှာသည်။ ဗေဒင်ဆရာမှာ ပြောင်းသွားပြီ။ အိမ်နားနီးချင်းများ မေးသော်လည်း ဘယ်ကို ပြောင်းသွားသည် မသိ။ ဟိုဘက်လမ်းများသို့ ဝင်၍ စုံစမ်းသည်။ ၂၂ လမ်း၊ ၂၃ လမ်း၊ ၂၄ လမ်းတစ်လျှောက် ဖြစ်သည်။ မည်သူကမှ ထိုဆရာ၏ နေရာအရပ်ကို မသိကြ။

ဤနည်းအားဖြင့် ကျွန်ုပ်သည် အဖိုးတန်သော ပညာတစ်ရပ်ကို မရခဲ့ချေ။ ဗေဒင်ပညာ စသော လောကီပညာရပ်များမှာ တရုတ်မှာလည်း တရုတ်ဗေဒင်၊ ယိုးဒယားမှာလည်း ယိုးဒယားဗေဒင်၊ ကုလားပြည်မှာလည်း ကုလားဗေဒင်၊ သီဟိုဠ်ကျွန်းမှာလည်း သီဟိုဠ်ဗေဒင် စသည်ဖြင့် ရှိနေသည်။ ရှေးကပုဂ္ဂိုလ်ကြီးများက သင်ကြားပေးခဲ့ဟန်တူသည်။ သူ့နည်း သူ့ဟန်နှင့် မှန်တာများသည်။

နောင်လာနောက်သားတို့ ဤကဲ့သို့ ဆရာများတွေ့လျှင် ရအောင် သင်ထားပါ။ အောက်ထစ်ဆုံး အသက်မွေးပညာတစ်ခု ဖြစ်သည်။ မိမိတို့၏ သားသမီးများ၊ ရှေ့ရေး တင်ကြို၍ သိမြင်နိုင်သည်။ အဆိုးအကောင်းကို တင်ကြို၍ ပြုပြင်နိုင်သည်။ အဖိုးတန်သော ပညာတစ်ရပ်ဖြစ်သည်။

လောကီကျမ်းများတွင် ဆေးဆရာနှင့် ဗေဒင်ဆရာမရှိသော အရပ်သည် မနေအပ် ဟူ၍ပင် ရေးသားခဲ့ကြသည်။ အဘယ့်ကြောင့်ဆိုသော် ကျန်းမာရေးလိုလာလျှင် အသက်ဘေးဖြစ်လာလျှင် ဆေးဆရာက ကုပေးသည်။ နေရေးထိုင်ရေး၊ ရောင်းရေး၊ ဝယ်ရေး၊ အိမ်ထောင်ရေး၊ အသက်တိုမည် စသည်ကိုမူ ဗေဒင်ဆရာများကသာ တင်ကြို၍ တွက်ချက်ပြောပြနိုင်သောကြောင့် မိမိဘဝခရီးကို အဆင်ပြေစေရန် ဖြစ်သည်။

## ဂဏန်းဗေဒင်

ခုခေတ်တွင် ဗေဒင်ကျမ်းအမျိုးမျိုး အင်္ဂလန်မှ၊ အိန္ဒိယမှစ၍ ဖတ်လာကြသဖြင့် ဗေဒင်နှင့် ပတ်သက်၍ အယူဝါဒအမျိုးမျိုး၊ ယုံကြည်မှုအမျိုးမျိုး ဖြစ်လာသည်။ ယခုခေတ်စားနေသည်မှာ ဂဏန်းဗေဒင် ဖြစ်သည်။ ကားဝယ်လျှင် ကားနံပါတ် ၈ ဖြစ်နေသည်။ ဝယ်သူက နံပါတ် ၄ ဖြစ်၍ မတည့် စသည်ဖြင့် စာအုပ်ထဲပါသည့်အတိုင်း ဒီကားမဝယ်နှင့် ဟောကြသည်။

တစ်ဖန် ဝယ်မည့်သူက နံပါတ် ၃ ဖြစ်နေလျှင် ကားနံပါတ်ကို ပေါင်းသောအခါ ၆ ဖြစ်သော်၊ ၉ ဖြစ်သော်၊ သူတို့ချင်း တည့်သည်၊ ကံကောင်းသည်၊ ဝယ်ပါဟု ညွှန်ကြားသည်။ နာမည်ကိုပင် နံပါတ်နှင့် ကိုက်အောင် ပြုပြင်ယူကြသည်။

အိမ်နံပါတ်၊ ကားနံပါတ်၊ နာမည်ကို ပြောင်းရုံမျှနှင့် အကျိုးပေးမည်၊ ချမ်းသာမည်ဆိုလျှင် ဗေဒင်ဆရာတွေအားလုံး သူဌေးဖြစ်ကုန်မည်။ နာမည်မှည့်ရုံနှင့် ချမ်းသာမည်ဆိုလျှင် ဗေဒင်ဆရာသားသမီးတွေအားလုံး သူဌေးဖြစ်ကုန်မည်။ ပုဗ္ဗေစ ကတပုညာတာဆိုသော မင်္ဂလာတရားတော်ကို လွန်သွားမည်။ ရှေးကံမပါဘဲ ဘာမှမဖြစ်နိုင်ချေ။ မိမိ၌ ရှေးက ကံပါလျှင် ဘယ်လို ကားနံပါတ်ကိုဝယ်ဝယ်၊ ဘယ်ဘက်လှည့် အိမ်ဆောက်ဆောက် သူသည် ကြီးပွားမည်၊ ချမ်းသာမည်။

တစ်ခါ အိမ်နံပါတ် ၈ ဖြစ်နေလျှင် ဆိုးသည်ဟု ယူဆသည်။ ၈ ဂဏန်းထဲတွင် သူဌေးတွေ မရေနိုင်အောင် ရှိသည်။ ထို့အတူ ၁ ဂဏန်းဖြစ်လျှင် ကြီးပွားမည်။ အောင်မြင်မည် ဆိုပါတော့၊ ထို ၁ ဂဏန်းထဲတွင် ထမင်းငတ်နေသူတွေ၊ တောင်းစားနေသူတွေ များစွာရှိသည်။

မြန်မာလူမျိုးများနှင့် တစ်ကမ္ဘာလုံးတွင် တနင်္ဂနွေသားတိုင်း ဘုန်းကြီးမဖြစ်၊ စနေသားတိုင်း ဓားပြမဖြစ်နိုင်ချေ။ နေ့အားဖြင့် ခုနစ်နေ့သာရှိသည်။ ဂဏန်းအားဖြင့် ကိုးဂဏန်းအထိသာ ရှိသည်။ ထိုနေ့များထဲတွင် အားလုံးပင် သူဌေးလည်း ရှိသည်။

**လမ်းသစ်စာအုပ်တိုက်**

ရှင်ဘုရင်လည်း ရှိသည်။ သူတောင်းစားလည်း ရှိသည်။ အသက်တိုသူလည်း ရှိသည်။ အသက်ရှည်သူလည်း ရှိသည်။ အမှန်မှာတော့ သူ့ဘဝကံအတိုင်း ဖြစ်ရမည်။

ဂဏန်းဗေဒင်သုံးနည်းမှာ မော်တော်ကား နံပါတ်၊ အိမ်နံပါတ်ချည်း မဟုတ်ချေ။ လက္ခဏာကို ကြည့်ရာတွင် အသက် ၃၅–၃၆ နှစ်လောက်၌ မော်တော်ကားတိုက်မည် ဆိုပါတော့။ မျက်စိနှင့် မှန်းရုံနှင့် ၃၅ ဖြစ်မည်၊ ၃၆ ဖြစ်မည် မသိနိုင်။ နှစ်မျိုးစလုံး ပြောရလိမ့်မည်။ ထိုအခါ သူ၏ မွေးနံပါတ် ဘယ်လောက်ဖြစ်သည်။ ဥပမာ–နံပါတ် ၉ ဖြစ်လျှင် ၃၆ နှစ်သည် ၉ ဖြစ်သောကြောင့် ၃၆ နှစ်တွင် မော်တော်ကား တိုက်ခံရမည်။ သူ၏နံပါတ်မှာ ၈ ဂဏန်းဖြစ်သော် ၃၅ နှစ်၌ ကားတိုက်ခံရမည်ဟု ဤကဲ့သို့ လက္ခဏာပညာကို အထောက်အကူပေးရုံသာ ဖြစ်သည်။

ဥပမာ–လူတစ်ယောက်သည် ၄၂–၄၃ နှစ်တွင် ထီပေါက်မည်ဟု လက္ခဏာပါသည်။ အတိအကျဟောရန် လက္ခဏာနှင့် မလွယ်။ ထို့ကြောင့် သူမွေးသောနံပါတ်ကို ကြည့်ရသည်။ သူ၏မွေးသော ဂဏန်းမှာ ၃၆ နှစ် ဖြစ်ခဲ့လျှင် ၄၂ နှစ်၌ ထီပေါက်မည်။ သူ၏မွေးသော ဂဏန်းမှာ ၂ သို့မဟုတ် ၇ ဖြစ်လျှင် ၄၃ နှစ်၌ ထီပေါက်မည်။ ဤကဲ့သို့ လက္ခဏာပညာကို အထောက်အကူရရုံသာ ရှိသည်။ ဘာဂဏန်းမွေးမွေး အတိတ်ကံအတိုင်း ဖြစ်ရမည်။ သာယာဝတီသားတိုင်း လူမိုက်မဟုတ်ချေ။ သူတော်ကောင်းလည်း ရှိသည်။ မော်လမြိုင်သူတိုင်း ဝဝဖြိုးဖြိုး၊ ဖြူဖြူဖွေးဖွေးကြီးမဟုတ်။ မီးယပ်ပိန်လိုက်၍ မည်းမှောင်နေသော မိန်းမတွေလည်း အများကြီး ရှိသည်။ ဤကဲ့သို့ သာမန်အဖြစ်မျိုးကို မယူရ။ ကမ္ဘာကျော်သူဌေးကြီး ရော့ဖဲလားသည် နံပါတ် ၈ ဂဏန်း ဖြစ်သည်။ သူ၏ သားစဉ်မြေးဆက်အထိ အားလုံးသူဌေးတွေ ဖြစ်နေသည်။ ထို့ကြောင့် နံပါတ်သည် အဓိကမဟုတ်။ မိမိမူလဖြစ်သော ကမ္မနိယာမတရားအတိုင်း ကံသာလျှင် စီမံပေးခြင်း ဖြစ်သည်။

## ၂ ဂဏန်း အကျိုးပေးပုံ

ကျွန်ုပ်၏မွေးနေ့မှာ ၂၀–၂–၁၉၁၂ ဖြစ်သည်။ ဖေဖော်ဝါရီ ၂၀ ရက် မွေးသောကြောင့် ကျွန်ုပ်ကို ၂ ဂဏန်း အစိုးရသည်။ ၂ ဂဏန်း အစိုးရသည့်အတိုင်း ပန်းချီ၊ ပန်းပု၊ စာပေ၊ ရုပ်ရှင်ပွဲလမ်း၊ အနုပညာများကို အလွန်တတ်ချင်၊ သိချင်သည်၊ လုပ်တိုင်းလည်း အောင်မြင်သည်။ ဤကား သာမန်ဖြစ်သည်။ ၂ ဂဏန်းဆန်းကြယ်ပုံမှာ ကျွန်ုပ်၏ အဖေ ဦးခ၊ အမေ ဒေါ်ခ။ (နာမည်တူနှစ်ယောက်)။

အဒေါ်ဖြစ်သူက သားသမီး မရှိသဖြင့် ငယ်စဉ်က ကျွန်ုပ်သည် အဒေါ်နှင့် ကြီးပြင်းခဲ့ရသည်။ အဒေါ့်သားကဲ့သို့ ဖြစ်သည်။ ထို့ကြောင့် အဒေါ်ကို အမေလိုပဲ အောက်မေ့သည်။ (ကျွန်ုပ်တွင် အမေနှစ်ယောက်)။

အဖေသေသောအခါ အမေရင်းက နောက်အိမ်ထောင်ပြုသဖြင့် (အဖေနှစ်ယောက်)။

ကျွန်ုပ်၏ အချစ်ဆုံးဆရာမှာ ဆရာကြီးဦးဘခင်။ မန္တလေးမြို့ဘီတီအင်ကျောင်း

ရှစ်တန်းပိုင်ဆရာ ဖြစ်သည်။ ကျွန်ုပ်၏ အချစ်ဆုံး သူငယ်ချင်း နာမည်မှာ ကိုဘခင် ဖြစ်သည်။ မန္တလေးမြို့ရှိ ချော်ဆိပ်အရပ်မှာ နေသည်။ (ချစ်ခင်သူ အမည်တူနှစ်ယောက်)။

ဗေဒင်ပညာတစ်မျိုးကို လက်တွေ့ဆရာထား၍ တပည့်ခံသင်ခဲ့သူမှာ ဆရာဦးကံချွန်၊ ငယ်စဉ်ကပင် အတူတူနေပြီး ပညာသင်ကြား ဆုံးမပေး၍ ညီအရင်းကို ချစ်သောတပည့်မှာ မောင်ကံချွန် (နာမည်တူနှစ်ယောက်)။

အလွန်အားကိုးရသော မန္တလေးမျက်ပါးရပ်မှ အငြိမ့်ပွဲစားကြီး ဦးခ၊ အလွန်အားကိုးရသော ဓာတ်ပုံပညာသင်ပေးသော စမ်းချောင်းရပ်၊ ဝါးခယ်မလမ်းမှ ဆရာခ (အမည်တူနှစ်ယောက်)။

၁၅ နှစ်အရွယ်က ဟံစားမြို့ အရှေ့ဘက်ရှိ ကျောင်းပနားရွာတွင် မန္တလေးမြို့မှ ပလိပ်ရောဂါလွတ်အောင် သွားရောက်နေစဉ် ကျွန်ုပ်ကို စာလာပေး၍ ရည်းစားတစ်ယောက်။ ကျွန်ုပ်က ကြိုက်၍ စာပေးပြီး အိမ်ထောင်ပြုခဲ့သော ဇနီး (ရည်းစားနှစ်ယောက်)။

မန္တလေးမြို့မှာနေစဉ် ဆပ်ပြာချက်ခြင်း၊ သစ်ကုန်သည်လုပ်ခြင်း (အလုပ်နှစ်ခု)။

အင်းဝတံတားဦး၊ နေရှင်နယ်ကျောင်းတွင် ကျောင်းဆရာအလုပ်၊ ရှမ်းပြည်မြောက်ပိုင်း၊ တောင်ပိုင်နယ် နမ့်စန်မြို့တွင် ဆရာအလုပ် (နှစ်နေရာ)။

မေမြို့နေ သစ်တောစိုက်ပျိုးရေးရုံးနှင့် ဘုံဘေဘားမားရုံးတွင် (အလုပ်နှစ်မျိုး)။

ရန်ကုန်မြို့သို့ အင်္ဂလိပ်မင်းလက်ထက်က တစ်ကြိမ်၊ ဂျပန်ဝင်စက တစ်ကြိမ်၊ နှစ်ကြိမ်လာပြီး ပြန်ပြေးခဲ့သည်။

စစ်ပြီးသောအခါ ရန်ကုန်တွင် အလုပ်လုပ်ရာ သံရုံးတစ်ရုံးတွင် ဘာသာပြန်အလုပ်၊ ယင်းနောက် စာပေဗိမာန်တွင် ဓာပြုအလုပ် (အလုပ်နှစ်မျိုး လုပ်ခဲ့သည်)။

ရန်ကုန်ရောက်တော့ ပထမအိမ်၊ နောက်တိုက်ဝယ်ပြီး ပြောင်းသည်။ (နှစ်အိမ်နေခဲ့သည်)။

ကျွန်ုပ်၏ငယ်နာမည် စန်းမောင်၊ လက္ခဏာဆရာစန္ဒ။ (နာမည်နှစ်မျိုး)။

ကြေးမုံမဂ္ဂဇင်းနှင့် ရှုမဝမဂ္ဂဇင်းတွင် လက္ခဏာအကြောင်း၊ ဆောင်းပါးများ ရေးခဲ့သည်။ (နှစ်မျိုး)။

ကျွန်ုပ်သည် ဒုလ္လဘရဟန်း နှစ်ခါပြုခဲ့သည်။ ပထမတစ်ခါက ရန်ကုန်မြို့ ကျောက်ကုန်းရပ်ရှိ ရွှေကျင်ကျောင်းတိုက်ဖြစ်သော ဗောဓိတိုက်ဖြစ်၍ ဒုတိယအကြိမ်က တွံတေးမြို့အနီး ဖောင်းတော်ချုပ်ကျောင်း။ နှစ်ကျောင်း နှစ်ကြိမ်ဖြစ်သည်။

ဟံသာဝတီသတင်းစာနှင့် မဏ္ဍိုင်သတင်းစာတွင် ဆောင်းပါးရေးသည်။ (နှစ်စောင်)။

သားနှစ်ယောက် မွေးသည်။ သောကြာနှစ်ယောက် ဖြစ်သည်။ (နှစ်မျိုး)။

သမီးနှစ်ယောက် မွေးသည်။ ကြာသပတေးနှစ်ယောက် ဖြစ်သည်။ (နှစ်မျိုး)။

ကျွန်ုပ်၏တိုက်တွင် ခြံဝင်းတံခါး နှစ်ပေါက်ရှိသည်။ အထက်ထပ်၊ အောက်ထပ် တိုင်ကပ်နာရီကြီး တစ်လုံးစီရှိသည်။ (နှစ်လုံးဖြစ်သည်)။

**လမ်းသစ်စာအုပ်တိုက်**

ကျွန်ုပ်နှင့် ဇနီးတို့မှာ အင်္ဂါနေ့ချည်း ဖြစ်သည်။ (နှစ်နေ့)။

ကျွန်ုပ်မွေးသော (၂၀–၂–၁၉၁၂)ကို ဂဏန်းအားလုံးပေါင်းက ရှစ် ၈ ဂဏန်း ရသည်။ မွေးနေ့အားဖြင့် နံပါတ် ၂ ဖြစ်သည်။ အားလုံးပေါင်းသောအခါ ၈ ဂဏန်း ဖြစ်သည်။ ၂ နှင့် ၈ တို့သည် ကျွန်ုပ်ကို အစိုးရသော နံပါတ်ဖြစ်သည်။ အင်္ဂလန်ပြည် သတ္တမမြောက် အက်ဒဝပ်ဘုရင်ကြီးသည် ၆ နှင့် ၈ ကို အုပ်စိုးရသော ဂဏန်းဖြစ်၍ သူတို့နှစ်ခု တွေ့သောအခါ ၆၉ နှစ်တွင် ကွယ်လွန်မည့်အကြောင်း ဆရာကြီးကိုင်ရို ဟောသည့်အတိုင်း ဖြစ်ခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်လည်း ဂဏန်းနှစ်လုံး တွေ့သောအခါ အသက် ၈၂ နှစ်တွင် သေဆုံးမည်။ ဂဏန်းဗေဒင်သည် အံ့သြစရာကောင်းသည်။

သို့ရာတွင် ကျွန်ုပ်သည် မကျေနပ်တာတစ်ခု ရှိသည်။

ကျွန်ုပ်သည် အားလုံး နှစ်ဂဏန်းသာ အကျိုးပေးပါလျက်နှင့် မိန်းမတစ်ယောက် သာရခဲ့သည်။ ဒါကိုတော့ မကျေနပ်ပါ။ မိန်းမနှစ်ယောက် ရသင့်သည် မဟုတ်ပါလား။

ဂဏန်းဗေဒင်မှန်အောင် ဗေဒင်ဆရာ မိတ်ဆွေများက နောက်ထပ် မိန်းမတစ် ယောက်ရအောင် ရှာပေးသင့်ပါသည်။

အ ခ န် း ၆

# တစ်သက်ပတ်လုံး မှတ်သားထိုက်သော ကျွန်ုပ်အကြိုက်ဆုံး ပုံပြင်များ

[ ၆ ]

## ဂျပန်ပုံပြင်

ရှေးသရောအခါက အသက် ၃၀ ခန့်ရှိသော ဂျပန်လူမျိုး တစ်ယောက်သည် အလွန် ဖွဲလုံ့လ ရှိသည်။ ဘာမဆို သိချင်သည်။ တတ်ချင်သည်။ ရှာဖွေတတ်သည်။ စုဆောင်း တတ်သည်။ အစစကျွမ်းကျင်လိုစိတ် ရှိသည်။ သူဝါသနာပါသော စာပေကိုလည်း များစွာ ဖတ်ရှုသည်။ အစစ သူနားလည် ကျွမ်းကျင်တာ များသည်။ လူမှုတာဝန်များ၊ စီးပွားရေး လုပ်ငန်းများ၊ ဘာသာရေး လုပ်ငန်းများ၊ သူမသိတာ မရှိ။ အများအားဖြင့် သူသိတာ များသည်။ တစ်နေ့သောအခါ သူ၏စိတ်ထဲတွင် 'ငါသည် မြေကြီးပေါ်ရှိ အရာဝတ္ထု အားလုံးကိုလည်း မြင်ဖူးသည်။ တတ်သိနားလည်သည်။ သို့ရာတွင် မိုးကောင်းကင်မှာ ရှိသော တိမ်တိုက်များ၏ ဆန်းကြယ်မှုကို ငါ မသိရချေ။ တိမ်တိုက်များသည် အလွန် လှသည်။ ပုံသဏ္ဌာန်အမျိုးမျိုး ဖြစ်သည်။ အရောင်အမျိုးမျိုး ပြောင်းသည်။ တိမ်တိုက် ထဲမှ မိုးများရွာချသည်။ တစ်ခါတစ်ရံ လျှပ်စစ် လျှပ်ပန်းများဖြင့် ဝင်းခနဲ ထိန်လင်း သွားသည်။ ထို့ကြောင့် တိမ်တိုက်များကို ငါ ရှာဖွေတွေ့ရလျှင် အံ့ဩစရာကောင်းမှာပဲ' ဟု စိတ်ကူးမိသည်။ ထို့ကြောင့် သူက တိမ်များသည် မည်ကဲ့သို့ ဖြစ်သည်။ ဘာတွေ ရှိသည် ရှာဖွေကြည့်ရှုရန် စိတ်ကူး ဆုံးဖြတ်လိုက်သည်။ သတိပြုရန်မှာ ဟိုးရှေးခေတ် တုန်းက လေယာဉ်ပျံ မပေါ်သေးပါ။ ထို့ကြောင့် မည်သူမျှ တိမ်တိုက်ထဲသို့ ရောက်ဖူး သည် မရှိပေ။ ငှက်များသာလျှင် ရောက်နိုင်သည်။

ထို့ကြောင့် သူသည် တိမ်တိုက်ထဲသို့ တစ်နေ့ရောက်ရမည် ဟူသော ယောကျ်ား တို့ ဖွဲလုံ့လဖြင့် သိလိုသောစိတ်ဓာတ် ပြင်းထန်သည့်အတိုင်း ဝါးလုံးများကို ဆက်၍ ထောင်ပြီးလျှင် လှေကားများကို တစ်ဆင့်မှတစ်ဆင့် သုံးပေလှေကားထစ်များ လုပ်သွား သည်။ ပထမငါးလုံးကို နှစ်ပေလှေကားလေး လုပ်သည်။ နှစ်ပေမှတစ်ဆင့် သုံးပေ လှေကား ထပ်လုပ်သည်။ ဝါးလုံးလေးလုံးထောင်၍ အခင်းလုပ်လိုက်လျှင် လှေကားထစ် ရသည်။ ဤနည်းအားဖြင့် နှစ်ပေမှသုံးပေ၊ သုံးပေမှ လေးပေ။ လှေကားများကို နေ့စဉ်

ရက်ဆက် အားလပ်သော အချိန်များ၌ ဆောက်လုပ်သည်။ သူနေသော ရွာအပြင်ရှိ လူသူမရှိသော တောစပ်တွင် ဆောက်လုပ်သည်။ ထို့ကြောင့် မည်သူ တစ်ဦးတစ်ယောက်မျှ သူ့အား အနှောင့်အယှက်ပေးမည့်သူ မရှိချေ။

ဤကဲ့သို့ တစ်ဆင့်ထက်တစ်ဆင့် ဝါးလုံးများကို ဆက်၍ဆက်၍ ဆောက်ရာ သူ၏အသက် ၆၀ ရောက်သောအခါ ထိုလှေကားကြီးသည် ပေ ၃၀၀ ကျော် ၄၀၀ နီးပါး ရောက်လာသည်။ ထိုအခါတွင် မိုးရာသီရောက်သောအခါ ထိပ်ဆုံးနေရာတွင် တိမ်တိုက်များ ဖြတ်သန်း၍ သွားကြသည်။ ဤကဲ့သို့ တိမ်တိုက်များကို သူမြင်သောအခါ အလွန်ဝမ်းသာအားရ ပျော်ရွှင်စွာဖြင့် 'ငါ၏အကြံအောင်ပြီ။ ငါသည် စိတ်ချမ်းသာတော့မည်'ဟု ပေ ၃၀၀ မြင့်သော လှေကားထိပ်သို့ ခပ်သုတ်သုတ် တက်သွားသည်။ နောက်ဆုံး လှေကားထိပ် ရောက်သောအခါ သူသည် တိမ်တိုက်များ၏ အလယ်သို့ ရောက်နေသည်။ ပထမသော် သူသည် အံ့ဩလောက်အောင် ဝမ်းသာသွားသည်။ 'ငါလိုလူ မရှိ။ ငါ သိချင်တာ သိရသည်။ ငါကြံသမျှ အောင်မြင်မည်'ဟု အတောမသတ်နိုင်အောင် ဝမ်းသာလုံး ဆို့သွားသည်။

ထို့နောက် နာရီဝက်ခန့် ကြာသောအခါ သူသည် အကျိုးအကြောင်းကို စဉ်းစား ကြည့်လာသည်။ 'ဤတိမ်တိုက်ထဲတွင် ငါရောက်သောအခါ ဘာမျှ အံ့ဩဖွယ်ရာမရှိ။ ရောက်ဖူးရုံသာရှိသည်။ နှစ်ပေါင်း ၄၀ ကျော် ငါလုပ်ခဲ့ရသော ဝါးလှေကားကြီးအတွက် ကုန်ကျသော အချိန်ကာလများကို စီးပွားရေးလုပ်လျှင် ငါသည် သူဌေးဖြစ်လောက်သည်။ ဘာသာရေး လုပ်လျှင်လည်း ငါသည် ပုဂ္ဂိုလ်ထူးကြီးတစ်ယောက် ဖြစ်လာလိမ့်မည်။ ယခုတော့ ဘာအကျိုးမှမရှိ။ အသုံးမပြုနိုင်သော အလုပ်ကြီးကို လုပ်မိ၍ ထိပ်ဆုံးသာ ရောက်သွားသည်။ သို့ရာတွင် ငါ၏အတွက် ဘာမျှ ထူးခြားသည်မဟုတ်။ လွန်ခဲ့သော အချိန်ကို နှမြောလှသည်'ဟု ငိုကြွေးမိလေသည်။

လူတို့သည် ငယ်စဉ်က အတွေးအခေါ် အသိအမြင်နှင့် အသက် ၅၀ ကျော်သော အခါ အတွေးအခေါ် အသိအမြင်တို့သည် လုံးဝ ကွာခြားလှပေသည်။ ငယ်စဉ်က ရည် မှန်းချက်တွေများ၍ ငါ ဘာဖြစ်ချင်သည်၊ ညာဖြစ်ချင်သည် စသည်ဖြင့် လူတိုင်းစိတ်ကူး ကြသည်။ ကြိုးစားကြသည်။ အောင်မြင်လာကြသည်။ သို့ရာတွင် တကယ်အောင်မြင်ပြီး သောအခါ၌ ကြီးကျယ်သော ထူးခြားမှု သိပ်မရှိချေ။ ကြိုးစားရတာ လူပင်ပန်းရုံသာ ရှိသည်။ အဓိပ္ပာယ်အားဖြင့် လူတို့သည် ရတာမလို၊ မရတာမှ လိုချင်သော စိတ်မျိုး ရှိသည်။ ရပြီးပြန်တော့လည်း သိပ်ပြီး ထူးလှသည် မဟုတ်ပါ။

## လိုတရသော ပြဒါးရှင်ပိုင်သော ရှင်ဘုရင်ကြီး

ရှေးသရောအခါက တိုင်းပြည်တစ်ပြည်ကို အုပ်ချုပ်သော ဘုရင်ကြီးတစ်ပါး ရှိသည်။ ထိုဘုရင်ကြီးသည် သီလသမာဓိ လုံခြုံသည်။ ရိုးသားသည်။ ဖြောင့်မတ်သည်။ အမြဲတမ်း ဘုရား၊ တရား၊ သံဃာများကို ပူဇော်သည်။ ကောင်းမှုကုသိုလ် ပြုလုပ်သည်။

**လမ်းသစ်စာအုပ်တိုက်**

ငါးပါးသီလ လုံသည်။ သူ၏နန်းတော်ထဲရှိ အမှုထမ်းများကိုလည်း ဒါနပြုစေသည်။ သီလစောင့်ထိန်းစေသည်။ ထိုမျှမကသေး၊ တိုင်းသူပြည်သား လူအများကိုလည်း သီလကို ပြုစေသည်။ အမြဲတမ်း တတ်နိုင်သမျှ ဒါနကို ပြုစေသည်။ အမြဲတမ်း တိုင်းသူပြည်သား များကို သတိပေးသည်။ နှိုးဆော်သည်။ တိုင်းသူပြည်သားတို့သည် ဘုရင်ကြီး၏ အမိန့်အတိုင်း သီလမြဲ၊ ဒါနမြဲသဖြင့် သေလွန်သောအခါ အပါယ်လေးပါးမှ လွတ်မြောက်၍ နတ်ပြည်သို့ ရောက်ကြသည်။

ဘုရင်ကြီး၏ ကျေးဇူးများကို နတ်များက အမြဲတမ်း ချီးကျူး၍ ဘုရင်ကြီးကို ကျန်းမာချမ်းသာပါစေဟု ဆုတောင်းမေတ္တာ ပို့ကြသည်။ အဘယ်ကြောင့်ဆိုသော် နတ်ပြည်သို့ ရောက်သောအခါ နတ်သား၊ နတ်သမီးတို့သည် မိမိ ဘယ်ဘ၀က လာသည်ကို ဆင်ခြင်ကြည့်ရှုလေ့ ရှိသည်။ ထိုအခါ သူတော်ကောင်းဘုရင်ကြီး အုပ်ချုပ်သော တိုင်းပြည်မှ လာကြောင်း၊ ဘုရင်ကြီး၏ အမိန့်အတိုင်း ဒါန၊ သီလ၊ ဘာ၀နာ ကုသိုလ်များ လုပ်သဖြင့် ထိုအကြောင်းများကြောင့် ဤကဲ့သို့ နတ်ပြည်သို့ ရောက်လာကြောင်း သိရှိကြသည်။ ထို့ကြောင့် ဘုရင်ကြီးအား ကျေးဇူးတင်ကြသည်။ တာ၀တိံသာ နတ်ပြည်၌ ဘုရင်ကြီး၏ သတင်းသည် အလွန် ကျော်ကြားနေသည်။ ထိုအခါ သိကြားမင်းက နတ်အများ စိတ်ချမ်းသာစေရန် ဤဘုရင်ကြီးအား ကြည့်ရှုစောင့်ရှောက်မည်။ သူ စိတ်ချမ်းသာအောင် ကူညီမည်ဟု ဆိုပြီးလျှင် သူ၏လက်စွဲတော် ဝိသကြုံနတ်သားကိုခေါ်၍ ဤသို့ အမိန့်ပေးသည်။

“အသင်နတ်သား၊ ယခု နတ်များရောက်လာသော တိုင်းပြည်သို့ သင်သည် ဝိဇ္ဇာမိုရ်ရှိယောင် ဖန်ဆင်းပြီးနောက် ဘုရင်ကြီး၏ နန်းတော်သို့သွား၍ လိုတ,ရသော ပြဒါးရှင် တစ်လုံးကို ပေးရမည်။ ပေးပြီးနောက် ဘုရင်ကြီးလိုသမျှ တောင့်တပါ။ ဤ ပြဒါးရှင်၏ တန်ခိုးဖြင့် အားလုံးတောင့်တတိုင်း ရရှိပါလိမ့်မည်။ သို့ရာတွင် အထူး သတိပြု မှတ်သားရမည်မှာ မိမိနှင့် သင့်တော်ရုံသာ လိုချင်ပါ။ တောင့်တပါ။ မလိုအပ် သည့်ကိစ္စများကို မလိုချင်ပါနှင့်။ အကယ်၍ စိတ်ကူးရသမျှ တောင့်တနေလျှင် နောက် ဆုံး၌ ကြီးကျယ်သော ဒုက္ခကြီးရောက်လိမ့်မည်။ ဤတစ်ချက်ကို အမြဲ စွဲမှတ်ထားပါ။ ပြောသည့်အတိုင်း မလိုက်နာခဲ့သော ရှင်ဘုရင်ကြီးတွင် ကြီးကျယ်သောဒုက္ခ ရောက်လိမ့်မည်။ သတိထားပါ”ဟု ပြောဆို၍ နတ်ပြည်သို့ ပြန်သွားလေသည်။

ရှင်ဘုရင်ကြီးသည် အလွန် ဝမ်းသာသည်။ ထို့နောက် သူ လိုချင်တာကို စဉ်းစား သည်။ ‘သူ၏နန်းတော်တွင် ကြာပန်းများပြည့်နေသော ရေကန်ကြီး တစ်ကန်ကို လိုချင် သည်။ ထို့ကြောင့် ရေကန်ကြီး လုပ်ပေးပါ’ဟု ပြဒါးရှင်ကို ပြောလျှင် ‘သူ၏နန်းတော် အနီး၌ သူ့စိတ်ကြိုက် ကြာပန်းများဖြင့် ပြည့်နေသော ရေကန်ကြီးတစ်ခု ပေါ်လာသည်။ ရှင်ဘုရင်ကြီးသည် အလွန် ဝမ်းသာသည်။ ထို့နောက် ရေကန်ကြီးဘေးတွင် ပန်းမျိုးစုံ ပွင့်သော ဥယျာဉ်ကြီးကို ရေကန်ဘေးပတ်လည်၌ ပြုလုပ်ပေးပါ။ သို့မှသာ ပန်းဥယျာဉ် နှင့် ရေကန်ကြီးကြောင့် ပို၍ နှစ်သက်သာယာစရာ ဖြစ်လာလိမ့်မည်’ဟု တောင့်တလိုက်

သည်။ သူ တောင့်တလိုက်သည့်အတိုင်းပင် နောက်တစ်နေ့၌ ယခင်က ရေကန်ကြီး ဘေးပတ်လည်တွင် ပန်းမျိုးစုံပွင့်နေသော ပန်းဥယျာဉ်ကြီးတစ်ခု ဖြစ်ပေါ်လာသည်။

ဤနည်းဖြင့် ဘုရင်ကြီးသည် ရေကန်တော်တွင် ရေချိုးခြင်းဖြင့် ပန်းခြံထဲဝယ် လှည့်လည် သွားလာခြင်းဖြင့် အလွန် မွှေးကြိုင်သော ပန်းများကြောင့် နှစ်သက်ပျော်ရွှင်လာသည်။

နောက်တစ်လခန့် ကြာသောအခါ ဘုရင်ကြီးသည် စိတ်ကူးပြန်သည်။ 'ပန်းဥယျာဉ်မျှမကသေး။ ပန်းဥယျာဉ်အပြင်ဘက် ဘေးပတ်လည်တွင် သရက်၊ သြဇာ၊ မာလကာ စသော စားကောင်းသောက်ကောင်းသော သစ်သီးဥယျာဉ်များရှိလျှင် ကောင်းလိမ့်မည်'ဟု စိတ်ကူးမိသည်။ ဤကိစ္စကိုလည်း ပြဒါးရှင်ထံ တောင်းဆိုရာ နောက်တစ်နေ့တွင် ပန်းဥယျာဉ်ကြီးကိုပတ်၍ အလွန်ကျယ်ပြန့်သော သရက်၊ သြဇာ၊ မာလကာမှစ၍ သစ်သီးမျိုးစုံသီးနေသော သစ်သီးဥယျာဉ်ကြီးတစ်ခု ဖြစ်ပေါ်လာသည်။ ဤနည်းအားဖြင့် ဘုရင်ကြီးသည် 'တစ်ပတ်တစ်ခါ၊ တစ်လတစ်ခါ သူဘာတွေ လိုသလဲ'ဟု စဉ်းစားသည်။ စဉ်းစားမိတိုင်း တောင့်တလိုက်လျှင် နောက်တစ်နေ့တွင် အမြဲတမ်း သူတောင့်တသလို ရရှိမြဲ ဖြစ်သည်။

ဤနည်းအားဖြင့် သူသည် လူ့ပြည်၌ ရှိသမျှသော ပစ္စည်းဥစ္စာ အမျိုးမျိုးကို တောင့်တသည်။ ရွှေ၊ ငွေ၊ စိန်၊ ကျောက်၊ ပတ္တမြားမှစ၍ ရွှေအိမ်၊ ရွှေနန်း၊ ရွှေပြာသာဒ်မှစ၍ လောကကြီး၌ မြင်ဖူးသမျှ တောင့်တခဲ့သည်။ ဤသို့ တောင့်တသည့်အတိုင်း အားလုံး ပြည့်စုံသည်။ ဤသို့ဖြင့် လူ့ပြည်၌ရှိသော အရာဝတ္ထုဟူသမျှအားလုံး သူ့တွင် ပြည့်စုံသွားသည်။ ဤနည်းအားဖြင့် ရှင်ဘုရင်ကြီးသည် အလွန် ပျော်ရွှင်စွာနေသည်။ ပြဒါးရှင်ကိုလည်း အလွန် ကျေးဇူးတင်သည်။ နောက်တစ်လခန့် ကြာသောအခါ ရှင်ဘုရင်ကြီးသည် 'ဘာကို တောင့်တရမည်'ဟု စဉ်းစားသည်။ စဉ်းစားသောအခါ သူ စိတ်ကူးပြီး၊ သိပြီး၊ ကြားမြင်ဖူးပြီးသော လောကီစည်းစိမ် ဥစ္စာရတနာ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ရွှေအိမ်ရွှေနန်းမှ စ၍ ဘာမျှလိုလေသေး မရှိချေ။ သူသည် တစ်ခုခုကို တောင့်တမည်ဟု စဉ်းစားလိုက်တိုင်း ထိုပစ္စည်းမှာ သူ့ထံတွင် ရှိနေပြီးဖြစ်သဖြင့် အခြားတစ်ခုကို စဉ်းစားပြန်သည်။ ထိုသို့ စဉ်းစားတိုင်းလည်း သူ စဉ်းစားသော၊ လိုချင်သော ပစ္စည်းများ သူ့ထံမှာ ရှိနေပြီးဖြစ်သည်။

ဤကဲ့သို့ သူလိုချင်သော ပစ္စည်းများကို တောင့်တလိုက်တိုင်း ပစ္စည်းဟူသမျှ အားလုံး သူ့ထံတွင် ရှိနေပြီဖြစ်သောကြောင့် ရှင်ဘုရင်ကြီးသည် 'ဘယ်အရာဝတ္ထုကို တောင့်တရမည်လဲ'ဟု စဉ်းစားရာ အိပ်မပျော်တော့ချေ။ ဤကဲ့သို့ လိုချင်ရမည့်ပစ္စည်းကို စဉ်းစား၍ မရသောကြောင့် စဉ်းစားလေလေ အိပ်မပျော်လေလေ ဖြစ်လာပြီးလျှင် လအတော် ကြာသောအခါ အလွန်ဆိုးသော ခေါင်းကိုက်ရောဂါကြီး ဖြစ်လာသည်။ ထိုအခါ တိုင်းပြည်တွင် ကျော်ကြားလှသော ဆရာအမျိုးမျိုးတို့ကို ပင့်ခေါ်၍ ကုသစေသည်။ သို့ရာတွင် ထိုဆရာများလည်း ကု၍မရချေ။ အဘယ့်ကြောင့်ဆိုသော် သူ၏

ရောဂါမှာ စိတ်ကြောင့်ဖြစ်သော စိတ်ဝေဒနာရောဂါ ဖြစ်သည်။ ရိုးရိုးဆေးဝါးဖြင့် ကုမရပေ။ ဤကဲ့သို့ အလွန်ပြင်းထန်သော ခေါင်းကိုက်ရောဂါကို လေး၊ ငါးလကြာအောင် ခံစားရသည်။ ထိုအခါ သူသည် အလွန်စိတ်ညစ်သွားသည်။ ထို့ကြောင့် ပြဒါးရှင်ပေးသော ဝိဇ္ဇာဓိုရ်ကို ကြွရောက်၍ 'သူ့ရောဂါကို ကုသပေးပါ'ဟု ပြဒါးရှင်လုံးကို ကိုင်၍ စိတ်က တောင့်တလိုက်သည်။ ထိုအချိန်တွင် ပြဒါးရှင်လုံးပေးသော ဝိသကြံနတ်သား ဖန်ဆင်းထားသော ဝိဇ္ဇာဓိုရ် ရောက်လာသည်။ ဝိဇ္ဇာဓိုရ်က "အသင်မင်းကြီး၏ ရောဂါသည် ကိုယ်ခန္ဓာနှင့် ပတ်သက်သော ရောဂါမဟုတ်ချေ။ စိတ်ဒုက္ခကြောင့်ဖြစ်သော ရောဂါ ဖြစ်သည်။ ထိုရောဂါကို ပျောက်လိုသော် လောကကြီး၌ ဘာကိုမျှ မလိုချင်သောသူ၏ထံမှ ရှပ်အင်္ကျီတစ်ထည်ကို တောင်း၍ဝတ်ရမည်။ ထိုအင်္ကျီ ဝတ်ဆင်ရသောအခါ ဘုရင်ကြီး၏ ရောဂါ ပျောက်သွားပါလိမ့်မည်။ ထို့ကြောင့် လောကကြီး၌ ဘာမျှမလိုချင်သောသူကို ရှာပါ"ဟု ပြောပြီးလျှင် ပျောက်ကွယ်သွားသည်။

ဤသတင်းကိုသိရသော ဘုရင်ကြီးသည် မှူးမတ်များကို အရပ်ရပ် အမြို့မြို့သို့ စေလွှတ်၍ လောကကြီး၌ မည်သည့်အရာဝတ္ထုကိုမျှ မလိုချင်သောသူကို ရှာဖွေခိုင်းသည်။ ဤကဲ့သို့ အရပ်ရပ် အနယ်နယ်သို့ မောင်းကြေးနန်းခတ်ပြီးလျှင် "ဘာမှ မလိုချင်သော သူတွေ့က ဆုတော်ငွေတစ်ထောင် ပေးမည်"ဟု ကြေညာသည်။ ထိုတာဝန် ဆောင်ရွက်ရသော အမှုထမ်းများသည် ရောက်လေရာအရပ်၌ တစ်အိမ်ပြီးတစ်အိမ် "ဘာများ အလိုရှိနေပါသလဲ"ဟု မေးသည်။ ထိုအခါ အိမ်တိုင်း အိမ်တိုင်းကပင် 'ဟိုဟာ လိုသေးသည်၊ ဒီဟာလိုသေးသည်' စသည်ဖြင့် အဖြေပေးကြသည်။ ဘာကိုမျှမလိုချင်သောသူ ရှာ၍ မတွေ့နိုင်အောင် ဖြစ်နေသည်။ ဤနည်းအားဖြင့် အရပ်တကာသို့ ရှာဖွေနေသော အမှုထမ်းအားလုံးတို့သည် သုံးလကြာပြီးသောအခါ ရှာ၍မတွေ့နိုင်သောကြောင့် နန်းတော်သို့ ပြန်လာကြောင်း ရှင်ဘုရင်ကြီးထံ လျှောက်ထားသည်။ သို့ရာတွင် ကံအားလျော်စွာ နေပြည်တော် မြောက်ဘက်သို့ အရှာထွက်သော မှူးကြီးမတ်ရာ၊ တာဝန်ခံပုဂ္ဂိုလ်များသည် မြို့တကာ ရွာတကာရောက်ပြီး ပြန်လာသောအခါ ချောင်းကူးတံတားကလေးပေါ်တွင် အင်္ကျီမပါဘဲ အိပ်၍ သီချင်းဆိုနေသူတစ်ယောက်ကို တွေ့ရသည်။ နောက်ဆုံး လိုရမယ်ရ အကြံကုန်သဖြင့် 'ဒီလူကိုပဲ မေးတော့မည်'ဟု ဆုံးဖြတ်၍ ထိုသူထံ သွားကြသည်။ ထိုသူ့အနားသို့ ရောက်သောအခါ "အသင်မိတ်ဆွေ၊ သင်သည် ဤလူ့ဘဝ၌ ဘာလိုချင်တာရှိပါသလဲ"ဟု မေးလိုက်သည်။ ထိုအခါ တံတားပေါ်ရှိလူက "သူသည် လောကကြီး၌ ဘာမျှ မလိုချင်ကြောင်း" ပြောပြသည်။ ထိုအခါ မှူးမတ်များနှင့် အမှုထမ်းတို့သည် အလွန်ဝမ်းသာကြသည်။ 'သူတို့ရှာနေတာ ခြောက်လ ကြာပြီ။ ဤလူ့အား တွေ့ရပြီ'ဟု အလွန်ဝမ်းသာစွာဖြင့် ထိုလူအား ရှင်ဘုရင်ကြီးထံ ခေါ်ခဲ့၍ ဘုရင်ကြီးအား ပြသည်။

ထိုအခါ ဘုရင်ကြီးက "အသင်လူသား၊ အသင်သည် ဤလူ့ပြည် လောကကြီး၌ ဘာများ လိုချင်တာ ရှိပါသလဲ၊ သင် လိုချင်သည့် အရာအားလုံးကို ငါ ပေးတော်မူမည်" ဟု မေးမြန်းတော်မူသည်။ ထိုအခါ သူက "သူသည် ဤလောကကြီး၌ ဘာကိုမျှ

မလိုချင်ပါ"ဟု ပြန်၍ ပြောပြသည်။ ဤကဲ့သို့ လိုချင်တာကို အထပ်ထပ်အခါခါ မေးတိုင်း သူသည် "ဘာမျှ မလိုချင်"ဟု အမြဲတမ်း ပြောသည်။

ထိုအခါ ဘုရင်ကြီးသည် အလွန် ဝမ်းသာသွားသည်။ လောကကြီး၌ ဘာမျှ မလိုချင်သော လူတစ်ယောက် ရှိနေပြီ။ ငါ၏ရောဂါလည်း ပျောက်မည်ဟု ဝမ်းသာ အားရ ဖြစ်သွားသည်။ ထို့နောက် ဘုရင်ကြီးက ထိုသူအား "သင်သည် ဘာကိုမျှ မလို ချင်သည်ရှိသော် သင့်ထံမှာရှိသော ရှပ်အင်္ကျီတစ်ထည်ကို ဘုရင်ကြီးအား ပေးအပ်ပါ"ဟု တောင်းဆိုလေသည်။ ထိုအခါ မလိုချင်သူက "သူသည် လောကကြီး၌ ဘာမျှမလိုချင် သဖြင့် ဝတ်စရာအင်္ကျီပင် မရှိပါ။ ထို့ကြောင့် ဘုရင်ကြီးကိုလည်း ရှပ်အင်္ကျီ တစ်ထည် ပေးရန် မဖြစ်နိုင်ပါ"ဟု လျှောက်ထားသည်။ ထိုဘာမျှ မလိုချင်သူမှာ ပူစရာမရှိ၊ သောကမရှိ၊ သီချင်းဆို၍ နေနိုင်သည်။ လိုချင်နေသော ဘုရင်ကြီးမှာ စိတ်သောက ရောက်ပြီး ခေါင်းကိုက်ရောဂါ ဖြစ်လာသည်။ လိုချင်ခြင်းသည် လောဘဖြစ်သည်။ လောဘရှိခြင်းသည် ဒုက္ခကိုဖြစ်စေသည်ဟု ရှင်ဘုရင်ကြီးက စဉ်းစားမိသည်။ ထိုအခါ သူသည် ပြဒါးရှင်လုံးမှီ၍ တောင့်တရာအားလုံး ပြည့်စုံခဲ့သည်။ မလိုချင်လျှင်လည်း ကိစ္စပြီးသည်။ အေးသည်ဟု သူနားလည်လာသည်။ ထို့ကြောင့် သူသည် နောက်ထပ် ဘာများ တောင့်တရပါမည်နည်းဟု စဉ်းစားသောစိတ် မရှိတော့ချေ။ ဤကဲ့သို့ နောက်ထပ် လိုချင်သောစိတ် မရှိတော့သဖြင့် အိပ်၍ပျော်သွားသည်။ ခေါင်းကိုက်သော ရောဂါလည်း ပျောက်သွားသည်။ ထိုအခါ သူသည် ဝိဇ္ဇာဓိုရ်ကို ကြွရောက်တော်မူပါရန် တောင်းဆို၍ ဝိသကြုံနတ်သား ကြွလာသောအခါ ထို လိုတရသော ပြဒါးရှင်လုံးကို သိဝကြုံနတ်သား အား ပြန်၍ ပေးလိုက်လေသည်။ ထိုနေ့မှစ၍ ဘုရင်ကြီးသည် လောဘမရှိတော့သဖြင့် အေးချမ်းသာယာ ပျော်ရွှင်စွာ နေရလေသည်။ ရောဂါလည်း ပျောက်သွားလေသည်။

ဤဝတ္ထုပုံပြင်မှာ ဗုဒ္ဓတရားတော်နှင့် အတော်ညီညွတ်သည်။ ဒုက္ခသစ္စာ၊ သမုဒယ သစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ ဤသစ္စာတရား လေးပါးတွင် စိတ်ဆင်းရဲခြင်း၊ ကိုယ် ဆင်းရဲခြင်း ဟူသော ဒုက္ခအပေါင်းတို့သည် လိုချင်သောစိတ်၊ တပ်မက်သောစိတ်၊ သမုဒယတွယ်တာမှုကြောင့် ဆင်းရဲမှု ဖြစ်လာရသည်။ ဥပမာ–ကားရှိလျှင် ကားကြောင့် ပူရသည်။ နွားရှိလျှင် နွားကြောင့် ပူရသည်။ သားသမီးရှိလျှင် သားသမီးကြောင့် ပူရ သည်။ ငါးယောက်ရှိလျှင် ငါးပူ ပူရသည်။ တစ်ယောက်ရှိလျှင် တစ်ပူ ပူရသည်။ အကယ်၍ တစ်ယောက်မှ မရှိခဲ့သော် ဘယ်မှာ ပူစရာရှိမည်နည်း။ သမုဒယကင်းသော ကြောင့် ဒုက္ခလည်း မလာတော့ပေ။ ထို့ကြောင့် လိုချင်နေသမျှ ၃၁ ဘုံသားတို့သည် ဆင်းရဲခြင်းဟူသော ဒုက္ခမှ ဘယ်တော့မှ မလွတ်နိုင်ပါ။ ထို့ကြောင့် မြတ်စွာဘုရားက တေဘုမ္မကဝဋ္ဋ၊ တဏှာသမုဋ္ဌာနယောဘဝေ၊ ၃၁ ဘုံ၌ ဖြစ်သမျှသော ဆင်းရဲခြင်း ဟူသော ဒုက္ခအပေါင်းတို့သည် တဏှာသမုဒယကြောင့် ဖြစ်သည်။ တဏှာဆိုသည်မှာ လိုချင်သော စိတ်၊ သမုဒယဆိုသည်မှာ ရပြီးသောပစ္စည်းကို တွယ်တာသောစိတ်၊ ခင်မင်သောစိတ် ဖြစ်သည်။ ဤစိတ်နှစ်ခုရှိသမျှ ဒုက္ခတွေ ပင်လယ်ဝေမည်။ ဤကဲ့သို့ ဘုရားဟောထား တော်မူသော သစ္စာတရားလေးပါးနှင့် အလွန်ကိုက်ညီသောပုံပြင် ဖြစ်သည်။

**လမ်းသစ်စာအုပ်တိုက်**

## အကန်းပုံပြင်

တစ်ရံရောအခါ ဘုရင်ကြီးတစ်ပါးက သူ၏ပညာရှိ အမတ်ကြီးအား ဤသို့ မေးတော်မူသည်။

"အမတ်ကြီး ဤလူ့ပြည်တွင် လိမ္မာသောသူ၊ မိုက်သောသူ၊ မြင်တတ်သောသူ၊ မမြင်တတ်သောသူ၊ မျက်စိမြင်သူ၊ မျက်စိကန်းသူ ဘယ်ဟာက ပို၍ များသလဲ"ဟု မေးခွန်းထုတ်သည်။ ထိုအခါ ပညာရှိအမတ်ကြီးက "ဤလောက၌ မိုက်သောသူ များကြောင်း၊ မမြင်သောသူ များကြောင်း၊ ကန်းသောသူ များကြောင်း" ဤကဲ့သို့ သံတော်ဦးတင်သည်။ ထိုအခါ ဘုရင်ကြီးသည် အလွန်စိတ်ဆိုးသည်။ "လူတွေကန်းတာ ဘယ်နှယောက်ရှိသလဲ"ဟု မေးသည်။ "ကန်းတဲ့လူက တစ်ထောင်မှာ တစ်ယောက်ရှိသည်။ သင်အမတ်ကြီးပြောတာ မဟုတ်"ဟု အမိန့်ရှိသည်။

ထိုအခါ ပညာရှိအမတ်ကြီးက "ဘုရင်မင်းမြတ် ကျွန်တော်မျိုးပြောသည့် ကိစ္စ ဟုတ်မဟုတ် နက်ဖြန်တစ်နေ့ စောင့်တော်မူပါ။ သန်ဘက်ခါ၌ အဖြေမှန် ပေါ်လာလိမ့်မည်။ တစ်ရက်သာ ခွင့်ပေးတော်မူပါ"ဟု လျှောက်ထားသည်။ ဤနည်းဖြင့် ရှင်ဘုရင်က သူ့အပြော မှန်ကန်ကြောင်း တစ်ရက်ဖြင့် သိတော်မူမည်ဖြစ်သဖြင့် ခွင့်ပြုတော်မူသည်။

ထို့နောက် ပညာရှိအမတ်ကြီးသည် မြို့သူမြို့သားများနှင့် ရှင်ဘုရင်ပါ ရေချိုးဆင်းသော မြစ်ကမ်းဘေးအနီးတွင် ဖျာကလေးတစ်ချပ်ခင်း၍ နီးဖျာနေသည်။ ရေချိုးဆိပ်သို့ လာရောက်သော လူအများတို့သည် ယင်းပညာရှိကြီးကို မြင်သောအခါ အံ့သြကြသည်။ တချို့က "အမတ်ကြီးခင်ဗျား၊ ဘာတွေ လုပ်နေပါသလဲ"ဟု မေးသည်။ ထိုသူများ၏နာမည်ကို အမတ်ကြီးသည် စာရင်းရေးသည်။ ဤကဲ့သို့ မေးသောသူကို အကန်းဟူ၍ သတ်မှတ်သည်။ အဘယ့်ကြောင့်ဆိုသော် အမတ်ကြီး နီးဖျာသည်ကို သူတို့အားလုံး မြင်ကြသည်။ သို့ပါလျက် အမတ်ကြီးအား 'ဘာလုပ်နေသလဲ'ဟု မေးကြသည်။ အကန်းနှင့်ပင် တူတော့သည်။ တစ်ယောက်တလေကမူ "အမတ်ကြီးခင်ဗျား ဒီနီးတွေ ဖျာနေတာ ဘာလုပ်ဖို့လဲ"ဟု မေးသည်။ ထိုသူများ၏နောက်တွင် မျက်စိကောင်းသောသူ၊ မြင်သောသူစာရင်း ရေးမှတ်သည်။ ဤနည်းဖြင့် နေဝင်သည့်တိုင်အောင် လာသမျှလူများ၏ စာရင်းကို မျက်စိကန်းသည်၊ ကောင်းသည် စသည်ဖြင့် စာရင်းရေးမှတ်သည်။ နံနက် ၈ နာရီတွင် ထိုဘုရင်ကြီးသည် နောက်ပါများစွာနှင့် ရေချိုးဆိပ်သို့ ဆင်းခဲ့သည်။ ရေချိုးဆိပ်မရောက်မီ ဤလမ်းဘေးတွင် နီးဖျာနေသော ပညာရှိအမတ်ကြီးကို မြင်သောအခါ "ထိုအမတ်ကြီး ဘာတွေ လုပ်နေပါသလဲ"ဟု မေးပြီးလျှင် ရေချိုးဆင်းသွားသည်။

နောက်တစ်နေ့နံနက် ညီလာခံ ရောက်သောအခါ အမတ်ကြီးသည် လူ့ပြည်၌ ကန်းသောသူ များကြောင်း၊ မြင်သူက နည်းကြောင်း မှတ်ထားသောစာရင်းကို ရှင်ဘုရင်ကြီးအား ဆက်သလိုက်သည်။ ထိုစာရင်းကို ရှင်ဘုရင်ကြီး ဖတ်ရသောအခါ လွန်စွာ

အံ့သြသွားသည်။ အဘယ့်ကြောင့်ဆိုသော် ရှင်ဘုရင်ကြီး ကိုယ်တိုင်ပင် ကန်းသူ၏ စာရင်းထဲ၌ ပါလာသည်။ ထိုအခါ ရှင်ဘုရင်ကြီးက အမတ်ကြီးအား "ရှင်ဘုရင်ကိုယ်တိုင် အကန်းထဲ ပါနေတာက ဘယ်လိုလဲ" မေးသည်။ ထိုအခါ အမတ်ကြီးက "သူသည် နီးဖျာနေတာ မြင်ပါလျက် ဘာလုပ်နေသလဲဟု မေးသည်မှာ မမြင်ရာရောက်သည်။ ကန်းရာ ရောက်သည်။ ထို့ကြောင့် ရှင်ဘုရင်ကြီးလည်း မမြင်သူ၊ ကန်းသူအထဲ ပါပါသည်"ဟု လျှောက်ထားလိုက်သည်။ ထိုအခါ ရှင်ဘုရင်ကြီးသည် လွန်စွာ ဝမ်းသာ၍ "ငါ၏အမတ်ကြီးသည် ပညာရှိ ပီသပါသည်"ဟု ချီးမွမ်းတော်မူ၍ ဆုငွေ တစ်ထောင် ပေးသနားလိုက်သည်။

လူတို့သည် ဤပုံပြင်အတိုင်း တိကျသေချာစွာ မလုပ်၍ ဆင်းရဲနေကြသည်။ တိကျသေချာစွာ လုပ်သောသူများမှာ အောင်မြင်ကြီးပွားလာကြသည်။ ထို့ကြောင့် အကန်း ဘဝကလွတ်အောင် ဘာဖြစ်ဖြစ်၊ ဘယ်အရာမဆို အမှန်အတိုင်း မြင်ပါစေ၊ သို့မှသာလျှင် မိမိဘဝခရီး တိုးတက်အောင်မြင်မှု ရပါလိမ့်မည်။

## လေယာဉ်မှူးပုံပြင်

အမေရိကန်ပြည် အနောက်ပိုင်းမှ အရှေ့ပိုင်း၊ အရှေ့ပိုင်းမှ အနောက်ပိုင်းသို့ လေယာဉ်ပျံမောင်းသော အလုပ်ကို လုပ်ရသော လေယာဉ်မှူးတစ်ယောက် ရှိသည်။ သူသည် အသွားအပြန် လေယာဉ်မောင်းတိုင်း တောင်ကုန်းကလေးတစ်ခုမှ တသွင်သွင် စီးကျနေသော စမ်းချောင်းကလေး တစ်ခုဘေးတွင် တောရွာကလေးတစ်ရွာ ရှိသည်။ ယင်းစမ်းချောင်း ဘေးတွင် တော်တော်ကြီးသော ကျောက်တုံးကြီးတစ်ခု ရှိသည်။ လေယာဉ်မှူးသည် ယင်းနေရာသို့ရောက်တိုင်း ယင်းစမ်းချောင်းလေးနှင့် ကျောက်တုံးကြီး ကို အသွားအပြန် မျက်စိတဆုံး ကွယ်သွားသည့်တိုင်အောင် အမြဲတမ်းငုံ၍ ကြည့်ရှုလေ့ ရှိသည်။ သူနှင့် အတူပါသော လေကြောင်းပြတစ်ဦးသည် လေယာဉ်မှူး ဘာလုပ်သည်ကို သတိပြုမိသည်။ လေယာဉ်မှူးသည် ဤစမ်းချောင်းကလေးနှင့် ကျောက်တုံးကြီးရှိရာသို့ ရောက်တိုင်း အစွဲကြီးစွာဖြင့် မမြင်ရ မနေနိုင်၊ မကြည့်ရ မနေနိုင်အောင် အားရပါးရ အမှတ်တရဖြစ်အောင် ကြည့်ရှုလေ့ ရှိသည်။

တစ်နေ့သောအခါ သူတို့အားလပ်သောနေ့တွင် ဟိုတယ်တစ်ခု၌ ညစာ စားသောက်စဉ် ဟိုအကြောင်း ဒီအကြောင်း စကားစပ်မိကြသည်။ ထိုအခါ လေယာဉ် လမ်းပြက လေယာဉ်မှူးအား ဤသို့ မေးလိုက်သည်။

"လေယာဉ်မှူးခင်ဗျား၊ ကျွန်တော်တို့ အရှေ့နောက် အသွားအပြန် လေယာဉ်ဖြင့် သွားတိုင်း လမ်းခရီးရှိ ရွာကလေးတစ်ခုအနီးမှ စမ်းချောင်းကလေးနှင့် ကျောက်တုံးကြီး တစ်ခုရှိသော နေရာရောက်တိုင်း ခင်ဗျားသည် သေလုမတတ် ငန်းငန်းတက်အောင် အမြဲတမ်း ကြည့်ရှုလေ့ ရှိသည်။ မမြင်ရမနေနိုင်ဘိသကဲ့သို့ ရှိသည်။ ကျွန်တော်သည် လပေါင်းများစွာ သတိထားမိသည်။ ခင်ဗျား ကြည့်ပုံအတိုင်းဆိုလျှင် ဤစမ်းချောင်း

ကလေးနှင့် ကျောက်တုံးကြီးမှာ ခင်ဗျားဘဝခရီးနှင့် တစ်ခုခု သက်ဆိုင်နေပုံရသည်။ ထိုအကြောင်းကို ပြောပြစမ်းပါ"ဟု မေးသည်။

ထိုအခါ လေယာဉ်မှူးက "ကျွန်တော့်ဘဝနှင့် ကောင်းကောင်းကြီး သက်ဆိုင်တာပါပဲ။ ကျွန်တော်ဟာ ဒီစမ်းချောင်းလေးဘေးက ရွာတွင် မွေးလာသူဖြစ်သည်။ ငယ်စဉ်က စ၍ ၁၆ နှစ်သားတိုင်အောင် ဤစမ်းချောင်းကလေးဘေးရှိ ကျောက်တုံးကြီးပေါ်တွင် ထိုင်၍ ကျောင်းပိတ်သော ရက်များတွင် ငါးမျှားလေ့ ရှိသည်။ ထိုအခါ ကျွန်တော်သည် ငယ်ရွယ်သူ ဖြစ်သည့်အတိုင်း စိတ်ကူးယဉ်သည်။ လေယာဉ်ပျံကြီးများသည် ခေါင်းပေါ်၌ ဖြတ်၍ ပျံသန်းသွားတိုင်း 'ငါလည်း တစ်နေ့ လေယာဉ်မှူးဖြစ်ရမည်'ဟု စိတ်ကူးပြီးလျှင် စာကိုလည်း ကြိုးစားခဲ့သည်။ 'လေယာဉ်မှူးဘဝရောက်လျှင် လေယာဉ်ပျံကြီးနှင့် သွားရတာ သိပ်ပျော်စရာကောင်းတာပဲ'ဟု တွေးခဲ့သည်။ သို့ရာတွင် တကယ်လက်တွေ့ လေယာဉ်မှူးဘဝ ရောက်သောအခါ ပထမသော် ဝမ်းသာသည်။ ပျော်သည်။ စိတ်ချမ်းသာသည်။ မိမိဘဝ အောင်မြင်ပြီဟု အထင်ကြီးခဲ့သည်။

သို့ရာတွင် ဤလုပ်ငန်းကို နေ့စဉ်မပြတ် လုပ်ကိုင်လာသောအခါ ငြီးငွေ့လာသည်။ တာဝန်တွေက များသည်။ ထမင်းဟင်းကလည်း အချိန်မှန်မှန် မစားရ။ လူလည်း ဆင်းရဲသည်။ တာဝန်တွေနှင့် စိတ်လည်း ဆင်းရဲသည်။ သူတစ်ပါးက အထင်ကြီးမည်။ သို့ရာတွင် ကျွန်တော့်ကိုယ်ကို အထင်မကြီးပါ။ ကျွန်တော်သည် ဤကဲ့သို့ ရှုပ်ထွေးပွေလီလှသော လူ့ဘဝကြီးထဲတွင် ပျော်ရွှင်မှုမရှိဘဲ ဖြစ်လာသည်။ လေယာဉ်ပျံကိုလည်း မမောင်းချင်တော့ပါ။ ကျွန်တော်သည် ငယ်စဉ်တုန်းကကဲ့သို့ပင် ဤစမ်းချောင်းဘေးရှိ ကျောက်တုံးကြီးပေါ်တွင် အေးအေးဆေးဆေး ငါးမျှားနေရလျှင် ကောင်းလိမ့်မည်ဟု အမြဲတွေးမိပါသည်။ ထို့ကြောင့် ယင်းနေရာလေးကို သတိရ၍ သွားတိုင်းပြန်တိုင်း အားရပါးရ ကြည့်ရှုခြင်းဖြစ်သည်"ဟု ပြောပြသည်။

ထို့အတူ လူသတ္တဝါတို့သည် လောဘအားဖြင့် လုပ်ကိုင်၍ ကြီးပွားလေလေ၊ တာဝန်များလေလေ၊ ပင်ပန်းလေလေ၊ ဒုက္ခပွေလေလေ၊ မိမိတစ်ယောက်တည်း တာဝန်ထက် အိမ်ထောင်နှင့် သားသမီးတာဝန်ပါ ပိုလာသည်။ ထို့နောက် အမြတ်တော်ခွန်၊ မြူနီစီပါယ်ခွန်၊ မီးခွန်၊ ရေခွန်၊ ဥပစာခွန် စသော အခွန်တော်အမျိုးမျိုးကိုလည်း ပေးရသည်။ လူမှုရေးနှင့် ပတ်သက်၍လည်း သာမှုကိစ္စ၊ နာမှုကိစ္စ ဝတ္တရားအတိုင်း ပါဝင်ရသည်။ ဆွေမျိုးအပူ၊ သူငယ်ချင်းအပူများကလည်း အမြဲတမ်း စိတ်ကို ပူစေသည်။

ကားရှိလျှင် ကားကြောင့် ပူရသည်။ နွားရှိလျှင် နွားကြောင့် ပူရသည်။ သားသမီး တစ်ယောက်ရှိလျှင် တစ်ယောက်အတွက် ပူရသည်။ သားသမီး ငါးယောက်ရှိလျှင် ငါးယောက်အတွက် ပူရသည်။ ကားမရှိသောသူတွင် ကားအတွက်မပူရ။ နွားမရှိသောသူတွင် နွားအတွက် မပူရ။ သားသမီးမရှိသောသူသည် သားသမီးအတွက် မပူရ။ မည်မျှအေးချမ်းသည်ကို စဉ်းစားကြည့်က သိနိုင်သည်။ ၃၁ ဘုံ၌ ဖြစ်သမျှသော ဆင်းရဲပင်ပန်းခြင်း၊ စိတ်ဆင်းရဲခြင်း၊ လူဆင်းရဲခြင်း ဒုက္ခဟူသမျှသည် လိုချင်သောစိတ် သမုဒယကြောင့်

ဖြစ်သည်။ သမုဒယသစ္စကြောင့်၊ လိုချင်သော အချက်ကြောင့် ဒုက္ခဆင်းရဲမှု၊ ငိုကြွေးမှု၊ ပူပန်မှု၊ သောကရောက်မှု စသော ဒုက္ခအမျိုးမျိုး ရောက်လာသည်။ အထက်ပါ ပုံပြင်နှစ်ခုအတိုင်း ကြီးပွားလာသောအခါ ဒုက္ခတွေက ပိုလာသည်။ မစဉ်းစားသောသူများမသိ၊ စဉ်းစားသောသူများသာ သိနိုင်ပြီးလျှင် ဘဝခရီးကို ကြောက်စရာဟု တွေးမိပေလိမ့်မည်။

ကျွန်ုပ်သည် ငယ်စဉ်ကပင် အလွန် ကြီးပွားချမ်းသာချင်သောစိတ် ရှိသည်။ ကြီးပွားရမည်။ ချမ်းသာရမည်။ သူများထက်သာရမည်ဟု အမြဲယူဆ၍ တိုးတက်ရာလမ်းဟူသမျှ ပင်ပန်းကြီးစွာနှင့် လုပ်ကိုင်၍ အောင်မြင်ခဲ့သည်။ သို့ရာတွင် ကြီးလေလေ၊ ဒုက္ခတွေ များလေလေ ဖြစ်လာကြောင်း သိရသည်။ အိုခြင်း၊ နာခြင်း၊ သေခြင်း တရားကိုလည်း မြင်လာသည်။ သိန်းပေါင်းတစ်ရာရှိစေ၊ နံနက်ထမင်းတစ်ပန်းကန်၊ ညထမင်းတစ်ပန်းကန်သာ စားနိုင်ကြသည်။ အင်္ကျီအဝတ်တစ်ထောင်ရှိစေ တစ်ခါဝတ်လျှင် တစ်ထည်သာ ဝတ်နိုင်သည်။ ကြီးပွားလေလေ၊ အလုပ်များလေလေ၊ ပင်ပန်းလေလေ ဖြစ်သဖြင့်–

ကျွန်ုပ်သည် အသက် ၅၀ ကျော်ကစ၍ ငါသည် ကြီးပွားချင်သောစိတ်က ဒုက္ခပေးခဲ့သည်။ မေမြို့အနီး တောရွာလေး တစ်ရွာတွင် အာလူးခြံလုပ်၍ နေရလျှင် ဘာမှပူစရာမရှိ။ အလွန်အေးချမ်းမည်ဟု နားလည်လာသည်။ မြို့နေ လူတန်းစားတို့သည် သွားရေးလာရေး၊ လုပ်ရေးကိုင်ရေး၊ ရောင်းရေးဝယ်ရေးဖြင့် အလွန် ရှုပ်ထွေးလှသည်။ သွေးတိုးရောဂါ ဖြစ်ကြသည်။ နှလုံးရောဂါ ဖြစ်ကြသည်။ တောရွာနေသူများမှာ သူတို့ဘဝတွင် ဘာမျှမျှော်လင့်မထား။ မိမိလုပ်ငန်းကရသော ဝင်ငွေများဖြင့် ဖြစ်သလိုစား၍၊ ဖြစ်သလို ရောင့်ရဲတင်းတိမ်နေကြသည်။

သူတို့သည် ဆရာဝန်ဖြစ်ဖို့လည်း စိတ်မကူး၊ မင်းကြီး ဖြစ်ဖို့လည်း စိတ်မကူး၊ သူဌေးကြီး ဖြစ်ဖို့လည်း စိတ်မကူး၊ သူတို့မှာ လိုချင်၍လည်း မရနိုင်။ ထို့ကြောင့် ကြီးကျယ်သော ချမ်းသာမှုကို မတောင့်တတော့ချေ။ ထိုအခါ လောဘမရှိတော့ချေ။ လောဘတည်းဟူသော သမုဒယ မရှိတော့လျှင် ဆင်းရဲခြင်းတည်းဟူသော စိတ်ဆင်းရဲမှု၊ ကိုယ်ဆင်းရဲမှု ဒုက္ခမရှိတော့ပေ။ သန္တုဋ္ဌိပရမံဓနံ၊ ရောင့်ရဲခြင်းသည် ချမ်းသာခြင်း အစစ်ဟု ဘုရားဟောတာ မှန်လှကြောင်း၊ အသက်ကြီးမှ သိလာရသည်။ နောက်ကျလေပြီ။

## သားကောင်းရတနာ

ဤပုံပြင်မှာ တရုတ်ပုံပြင် ဖြစ်သည်။ တစ်ရံရောအခါ အမေတစ်ယောက် သားတစ်ယောက်ရှိသော အိမ်ထောင်စုတစ်ခု ရှိသည်။ သားသည် လိမ္မာသည်။ မိခင်ကို မပူပင်ရအောင် လုပ်ကိုင်ကျွေးမွေး၍ ပြုစုသည်။ မိခင်လိုရာ အမြဲတမ်းရအောင် လုပ်ကိုင်ပေးသည်။ မိခင်ကို စိတ်ချမ်းသာအောင် အမြဲတမ်း ဆောင်ရွက်ပေးသည်။ မိခင်ကို ဘာမှ မလုပ်စေရ။ သူကိုယ်တိုင် စီးပွားရှာ၊ သူကိုယ်တိုင် ထမင်းချက်သည် စသဖြင့်

အားလုံးတာဝန်ယူသည်။ ဤနည်းဖြင့် မိခင်ကို ဘုရားတစ်ဆူ၊ ဂူတစ်လုံးကဲ့သို့ကိုးကွယ်၍ ကျေးဇူးဆပ်သည်။ မိခင်မှာလည်း အလွန်ပင် ကံကောင်းလှသည်။

တစ်နေ့သောအခါ သူ၏မိခင်တွင် ရောဂါကြီးတစ်ခု ဖြစ်လာသည်။ အစာရေစာ မဝင်၊ မစားနိုင်၊ မသောက်နိုင် ဖြစ်သည်။ အပြင်းဖျားနေသည်။ အဖျားကျသောအခါ သူ၏မိခင်က မျှစ်ဟင်း စားချင်ကြောင်း သားကို ပြောသည်။ ထိုအချိန်အခါမှာ တပေါင်း၊ တန်ခူး၊ နွေရာသီ ဖြစ်သည်။ ခြောက်သွေ့သောရာသီ ဖြစ်သည်။ မျှစ်ဆိုသည်မှာ မိုးဦးကျပြီး ဝါးပင်များ အတက်ပေါက်မှ ရနိုင်သည်။ နွေရာသီ၌ မျှစ်ပေါက်လေ့ ထုံးစံမရှိချေ။ ဤအကြောင်းကို သားဖြစ်သူက သိသည်။ သို့ရာတွင် သူ့မိခင် စိတ်ချမ်းသာအောင် 'ငါ မျှစ်ရှာထွက်မည်'ဟု စိတ်ကူးပြီးနောက် သူ၏မိခင်ကို အဒေါ်အိမ်သို့ ခေတ္တပို့ထားပြီး မျှစ်ရှာထွက်လေသည်။

သူသည် ၁၅ ရက်စာ စားသောက်ဖွယ်ရာ ရိက္ခာများကို ယူသွားသည်။ ရေဘူးတစ်ဘူးလည်း ပါသွားသည်။ ရွာမှထွက်၍ တောများ၊ တောင်ကုန်း၊ တောင်တန်းများ ပေါ်သို့ ဆင်းကာတက်ကာ မျှစ်ရှာသည်။ သို့ရာတွင် နွေရာသီဖြစ်သဖြင့် မျှစ်ရှာမရချေ။ သူသည် စိတ်အားမပျက်၊ 'မျှစ်မရလျှင် ငါမပြန်'ဟု သူ့မိခင်အား ပြုစုလိုသော၊ ကျွေးမွေးလိုသောစိတ်ဖြင့် ဆုံးဖြတ်သည်။ ၁၅ ရက်ကြာသောအခါ သူယူခဲ့သော စားနပ်ရိက္ခာအားလုံး ကုန်သွားသည်။ ထိုအခါ သူသည် 'မျှစ်မရမချင်း ငါမပြန်'ဟူသော ဇွဲဖြင့် တောမှ ‌ေ ဂုအရွက်များကို စားသောက်၍ တစ်တောင်ပြီးတစ်တောင် ဆင်းကာတက်ကာ ရှာဖွေသည်။

ဤနည်းဖြင့် နောက်ထပ် ၁၅ ရက်ခန့်ကြာသောအခါ သူ မျှစ်ရှာထွက်လာသည်မှာ တစ်လကြာသွားလေပြီ။ တောသစ်ရွက်များကိုသာ စားရသဖြင့် အင်အားကလည်း တစ်နေ့ထက်တစ်နေ့ နည်းပါးလာသည်။ ရှေးကကဲ့သို့ပင် မြန်မြန် မသွားနိုင်တော့ပေ။ သို့သော် သူသည် 'မျှစ် မရမချင်း မပြန်'ဟူသော အဓိဋ္ဌာန်ဖြင့် ဆက်လက်ရှာဖွေသည်။

တစ်နေ့သောအခါ တောင်ငယ်ကလေး၏ ထိပ်သို့ရောက်စဉ် သူသည် မောပန်းအားပြတ်ပြီးလျှင် အစာရေစာလည်း မရှိသောကြောင့် မူးလဲသွားသည်။ သူသည် တစ်ညလုံး သတိမရဘဲ အိပ်ပျော်သွားသည်။

နောက်တစ်နေ့ မိုးလင်းသောအခါ သူနိုးလာသည်။ သတိရ၍ မျက်စိများကို ဖွင့်ကြည့်သောအခါ သူ၏ပတ်ဝန်းကျင် အနီးအနားရှိ တောင်ထိပ်ကလေးတွင် တစ်ထွာတစ်မိုက်ရှိသော မျှစ်များ ပေါက်နေသည်ကို တွေ့ရသည်။ တောင်ထိပ်တစ်ခုလုံး မျှစ်တွေပြည့်နေသည်။ သူသည် အလွန်ဝမ်းသာစွာဖြင့် အံ့သြသွားသည်။ မိခင်ကို ကျေးဇူးသိသောစိတ်ဓာတ်ကြောင့် သူတော်ကောင်း နတ်ကောင်းစောင့် ဆိုသကဲ့သို့ မျှစ်တွေပေါက်သည်ဟု အလွန်ဝမ်းသာပြီး သူနိုင်သမျှ မျှစ်များကို ထမ်းယူပြီးနောက် နေအိမ်သို့ ပြန်ခဲ့သည်။

သူ၏မိခင်သည် ထိုမျှစ်များကို ဟင်းချက်စားသောအခါ ရောဂါလည်း ပျောက်သွားသည်။ ကျန်းမာ၍ အသက်ရှည်လာသည်။ ဤသားကောင်းရတနာသည် မိခင်

အတွက် အသက်အသေခံ၍ မျှစ်ရှာခဲ့သောနေရာ၊ မျှစ်ပေါက်သော တောင်ထိပ်တွင် ထိုစဉ်ကစ၍ မိုးရွာအောင် မစောင့်တော့ဘဲ နွေရာသီ၊ တပေါင်း၊ တန်ခူး၌ပင် မျှစ်များ အမြဲပေါက်သည်။

တရုတ်ပုံပြင်များတွင် 'မိခင်ကို လက်ယာပခုံးထက်၊ ဖခင်ကို လက်ဝဲပခုံးထက်၌ တင်၍ တစ်သက်လုံး လုပ်ကျွေးစေကာမူ မိဘကျေးဇူးမကျေ'ဟု ဆိုသည်။ ဗုဒ္ဓမြတ်စွာ ဘုရားကလည်း အနန္တော၊ အနန္တ မရေမတွက်နိုင်အောင် များလှသော ကျေးဇူးရှိသောသူ ငါးယောက်တို့တွင် ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘ ငါးဦးဖြစ်သည်။ အနန္တော၊ အနန္တ ဆိုသည်မှာ သူတို့၏ကျေးဇူးကို ရေတွက်၍ မကုန်နိုင်အောင် ကြီးခြင်းကို ဖော်ပြသည်။

ထို့ကြောင့် မိဘကို ဘုရားနှင့် တစ်ဂိုဏ်းတည်းထား၍ ဗုဒ္ဓဘာသာလူမျိုးများ ကန်တော့ကြသည်။ ရှိခိုးကြသည်။ ကျေးဇူးဆပ်ကြသည်။ ဤကား သူတော်ကောင်း၏ အလုပ်ဖြစ်သည်။ သူယုတ်မာများမှာမူကား မိဘများကို ကျေးဇူးကန်း၍ ငရဲသို့ ရောက်ကြသည်။ အလွန်အံ့ဖွယ် ကောင်းသည်။ ထို့ကြောင့် မိဘကျေးဇူးကို အမြဲသတိရကြပါ။ တတ်နိုင်သမျှ ပြန်လည်၍ ကျေးဇူးဆပ်ကြပါ။ ဆပ်သောသူသာ ကောင်းကျိုးရပါလိမ့်မည်။ နတ်ရွာနိဗ္ဗာန် ရောက်ပါလိမ့်မည်။ ဤဘဝတွင် ချမ်းသာသူ ဖြစ်လာပါလိမ့်မည်။

## ကံကောင်းသူနှင့် ကံဆိုးသူ

ရှေးသရောအခါက တစ်မြို့တည်းနေ၊ တစ်ရေတည်းသောက်၊ တစ်လမ်းတည်း အတူနေကြသော သူငယ်ချင်းနှစ်ယောက်ရှိသည်။ တစ်ယောက်သောသူမှာ ဘုရားတရား အလွန် ကြည်ညိုသည်။ ငါးပါးသီလမြဲသည်။ အမြဲတမ်း ဘုရားရှိခိုးသည်။ ဒါနပြုသည်။ သီလဆောက်တည်သည်။ ပရိတ်မေတ္တာ ဘာဝနာလည်း အမြဲတမ်း ပွားများသည်။ သူငယ်ချင်း တစ်ယောက်ကတော့ လူ့ပြည်တွင် မကောင်းတာဟူသမျှ လုပ်သည်။ ငါးပါးသီလ တစ်ပါးမှမလုံ။ အရက်သောက်သည်။ ဖဲရိုက်သည်။ အကုသိုလ်မှန်သမျှ လုပ်သည်။

ဤကဲ့သို့ နေထိုင်လာရာ အသက် ၂၀ ကျော်သောအခါ အကြောင်းတစ်ခု ပေါ်ပေါက်လာသည်။ တစ်နေ့သောအခါ သူငယ်ချင်းနှစ်ယောက်သည် တောသို့ လှည်း ဖြင့်ထွက်၍ အိမ်အတွက် ထင်းခုတ်ကြသည်။ တောရောက်သောအခါ သူတော်ကောင်း ဖြစ်၍ ဒါန၊ သီလ၊ ဘာဝနာ အမြဲပြုသော သူငယ်ချင်းမှာ ခလုတ်တိုက်ပြီးလျှင် မှောက်ရက်လဲသောကြောင့် နဖူးပေါက်သွား၍ သွေးတွေ ထွက်လာသည်။ အရက်သမား လူလိမ်လူလောက် သူငယ်ချင်းများမှာမူ သူ ထင်းခုတ်သည့်နေရာ သစ်ပင်ရင်းမှ ရွှေတုံး သုံးတုံး ကောက်ရသည်။

သူတို့သည် သစ်ခုတ်ပြီး၍ အိမ်သို့ ပြန်ရောက်လာသောအခါ ညနေချမ်းရောက် လျှင် တွေ့ဆုံ၍ စဉ်းစားခန်း ဝင်ကြသည်။

**လမ်းသစ်စာအုပ်တိုက်**

နဖူးပေါက်ခံရသော သူတော်ကောင်းမှာ သူသည် ဤမျှလောက် ဒါန၊ သီလ၊ ဘာဝနာ အားထုတ်၍ ငါးပါးသီလလုံသော သူတော်ကောင်းဖြစ်ပါလျက်နှင့် လမ်းခရီးတွင် မှောက်ရက်လဲပြီး နဖူးပေါက်ခဲ့ရသည်။ သွေးထွက်သံယို ဖြစ်ခဲ့ရသည်။

မကောင်းတာဟူသမျှလုပ်သော် သူယုတ်မာသူငယ်ချင်းမှာ ရွှေတုံးသုံးတုံး ကောက်ရသည်။ ထို့ကြောင့် လောကဓံတရားသည် မတရား။ သူတော်ကောင်းကိုတော့ ထိခိုက်စေသည်။ သူယုတ်မာကိုတော့ ချမ်းသာစေသည်။ တို့မကျေနပ်ဘူးဟု တိုင်ပင်ကြသည်။ သို့နှင့် တောင်ခြေမှာရှိသော ဈာန်အဘိညာဉ်ရသော ရသေ့ကြီးတစ်ပါးထံသွား၍ လျှောက်ထားကြသည်။

သူတော်ကောင်းသူငယ်ချင်းက "မိမိသည် ငါးပါးသီလလုံပုံ၊ ဒါနပြုပုံ၊ ဘုရားရှိခိုး၊ မေတ္တာဘာဝနာပွားများပုံ စသည်တို့ကို သိတတ်သည့် အရွယ်မှစ၍ လုပ်ပါလျက်နှင့် သူသည် ခလုတ်တိုက်လဲပြီး နဖူးပေါက်ခဲ့ရသည်။ သူ၏သူငယ်ချင်း သူယုတ်မာကတော့ တစ်ခါမှ ကောင်းတာမလုပ်ခဲ့။ ငါးပါးသီလမလုံ၊ အရက်သောက်သည်။ ဖဲရိုက်သည်။ သူများပစ္စည်း ခိုးသည်။ အမြဲတမ်း မကောင်းကာလုပ်သည်။ ထိုလူယုတ်မာကတော့ ဘေးရန်မရှိဘဲ ရွှေတုံးသုံးတုံးပင် ကောက်၍ရသည်။ ထို့ကြောင့် တရားတော်သည် တရားတော်မမည်၊ မတရားဖြစ်သွားသည်"ဟု ရသေ့ကြီးအား လျှောက်ထားသည်။ "ထို့ကြောင့် ဤအကြောင်းကို ရသေ့ကြီးက ဆုံးဖြတ်ရှင်းလင်း ပေးတော်မူပါ"ဟု တောင်းပန်သည်။

ထိုအခါ ရသေ့ကြီးသည် ခေတ္တခဏမျှ ဈာန်၊ အဘိညာဉ် ဝင်စား၍ သူတို့၏ နောက်ဘဝက အကြောင်းများကို ဆင်ခြင်လိုက်သည်။ ထိုသူနှစ်ယောက် ဘာတွေ လုပ်ခဲ့သည်ကို မြင်တော်မူသည်။ ထို့နောက် ရသေ့ကြီးက ပြောကြားသည်မှာ "အသင်သူတော်ကောင်း၊ သင်သည် ဒီဘဝ၌ ဒါန၊ သီလမြဲစွဲ၍ သူတော်ကောင်းဖြစ်သော်လည်း သင်သည် တစ်ခုသော ဘဝတုန်းက လူတစ်ယောက်ကို သတ်ခဲ့သည်။ ထိုအကုသိုလ်ကံကြောင့် သင်သည် နဖူးကွဲသောနေ့၌ မုချသေရမည်ဖြစ်သည်။ အသက်တို၍ အသေဆိုးနှင့် သေရမည်ဟု ပါလာသည်။ သို့ရာတွင် သင်သည် ငါးပါးသီလလုံသည်။ ဒါနပြုသည်။ ဘာဝနာပွားသည်။ ပရိတ်ရွတ်သည် စသည်ဖြင့် ကောင်းမှုတွေ အလွန်လုပ်သောကြောင့် ထိုသေမည့်ဘေးမှ လွတ်မြောက်ပြီး နဖူးကွဲရုံမျှနှင့် ကျိန်းကြေသွားသည်။

မဟုတ်ဟူသမျှလုပ်၍ ရွှေတုံးကောက်ရသောသူသည် နောက်ဘဝတုန်းက အလွန်ကြီးကျယ်သော ဒါနကြီးကို ပြုခဲ့သည်။ သံဃာတော်များကို ကျောင်းဆောက်၍ ရွှေချကိုးကွယ်ခဲ့သည်။ ထိုကုသိုလ် ပါလာသည်။ ထို့ကြောင့် ရွှေတုံးကြီး ကောက်ရသောအချိန်တွင် သူသည် သူ၏ အတိတ်ကံကြောင့် မြေကြီးထဲမှ အတောင်သုံးဆယ်မြင့်သော ရွှေတောင်ကြီးပေါက်ရမည့်ကံ ဖြစ်သည်။ သို့ရာတွင် သူသည် ဒါန၊ သီလ ကောင်းကျိုးမလုပ်ဘဲ လူဆိုးဖြစ်နေသောကြောင့် အတိတ်ကံက သူဌေးဖြစ်ဖို့ ပါသော်လည်း ကံ၊ ဉာဏ်၊ ဝီရိယသုံးပါး မပြည့်စုံသောကြောင့် ဤရွှေတုံးသုံးတုံးနှင့်သာ တင်းတိမ်ခဲ့ရသည်။

**လမ်းသစ်စာအုပ်တိုက်**

ဤမျှသာ ရသည်။ အကယ်၍ သူသာ သူတော်ကောင်းဖြစ်လျှင် မုချသူဌေးဖြစ်ရမည့် အချိန် ရောက်ပြီ။

ထို့ကြောင့် လူတို့တွင် ဖြစ်ပေါ်သော ကောင်းကျိုး၊ မကောင်းကျိုးများမှာ နောက်ဘဝက မိမိပြုခဲ့သော ကုသိုလ်၊ အကုသိုလ်၊ ကောင်းမှု၊ မကောင်းမှုက ပါလာမြဲဖြစ်သည်။ ထို့ကြောင့် သင်တို့နှစ်ယောက်၏ဘဝမှာ ယခုဘဝ အဖြစ်အပျက်ထက် နောက်ဘဝက ပြုခဲ့သော ကုသိုလ်၊ အကုသိုလ် စီမံရာခံကြရသည်။

ယနေ့ သေရမည့်သူမှာ သူတော်ကောင်းအလုပ် လုပ်သဖြင့် သွေးထွက်ရုံနှင့် ပြီးသွားသည်။ ယနေ့ သူဌေးဖြစ်မည့်သူမှာ သူတော်ကောင်းအလုပ် မလုပ်ဘဲ အကုသိုလ်တွေလုပ်သဖြင့် အတိတ်ကံအားရှိစွာ မပေးနိုင်။ သူဌေးဖြစ်ဖို့ ကံပါသော်လည်း ဉာဏ်နှင့် ဝီရိယ၊ ပစ္စုပ္ပန်က ကောင်းမှုမပြုသဖြင့် သူဌေးဖြစ်ထိုက်သည့် ဘဝမှ ကျော်လွန်ပြီး ရွှေတုံးကလေး သုံးတုံးမျှသာ ရခြင်းဖြစ်သည်"ဟု ဟောပြတော်မူသည်။

သူငယ်ချင်းနှစ်ယောက်တို့သည် ကောင်းစွာ နားလည်သဘောပေါက်သွားသည်။ ထို့ကြောင့် လူတို့တွင် အသက်တိုသည်။ အသက်ရှည်သည်။ ဆင်းရဲသည်။ ချမ်းသာသည်။ မျက်စိကန်းသည်။ ထောင်ကျသည်။ ထိပေါက်သည် အတိတ်ကကံ ပါပြီးဖြစ်သည်။

ထို့ကြောင့် လောကနီတိတွင် 'ကံနှင့်တူသော အားမည်သည် မရှိ'ဟု ဟောထားသည်။ မြတ်စွာဘုရားကလည်း 'ကံသာအမိ ကံသာအဖ'ဟု ဟောတော်မူသည်။ အတိတ်ကံကလည်း ကောင်းသည်။ ယခုဘဝတွင်လည်း ကောင်းမှုလုပ်လျှင် ထိုသူမှာ ထိပ်ဆုံးတက်သွားသည်။

အတိတ်ကံကောင်းသော်လည်း ယခုဘဝတွင် အရက်သမား၊ ဖဲသမား ဖြစ်လျှင်၊ မကောင်းမှုပြုလုပ်လျှင် ချမ်းသာခွင့် မရပေ။ ထောင်ထဲသို့ပင် ရောက်သွားမည်။ ထို့ကြောင့် ရှေးက လူကြီးများက 'ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါးနှင့် ပြည့်စုံမှ အစစ အောင်မြင်သည်'ဟု ပြောလေ့ရှိသည်။

## ကုသိုလ် အကုသိုလ် ပုံပြင်

မြတ်စွာဘုရားက နိယာမတရားငါးပါး ဟောတော်မူသည်။ ဗီဇနိယာမ၊ ဥတုနိယာမ၊ ကမ္မနိယာမ၊ စိတ္တနိယာမ၊ ဓမ္မနိယာမ ဟူ၍ မည်သူမှ ပြုပြင်ပြောင်းလဲခြင်းငှာ မတတ်နိုင်။ သူ့သဘောကိုသာ သူဆောင်သော၊ သူ့အစဉ်အလာအတိုင်း ဖြစ်ပျက်သော တရားငါးပါး ရှိသည်။ ဤတရားငါးပါးကို မည်သည့် လူ၊ နတ်၊ ဗြဟ္မာကမှ ပြုပြင်၍ မရ၊ စီရင်၍မရ၊ ပြောင်းလဲ၍ မရချေ။

ဥပမာ–ဗီဇနိယာမဆိုသည်မှာ မျိုးစေ့ဖြစ်သည်။ အုန်းပင်က အုန်းသီး သီးသည်။ အုန်းသီးက အုန်းပင်ပေါက်သည်။ သရက်ပင်က သရက်သီး သီးသည်။ သရက်သီးက သရက်ပင်ပေါက်သည်။ အုန်းပင်က သရက်သီး မသီးနိုင်။ သရက်ပင်က ဘူးသီး မသီးနိုင်။ သူ၏မျိုးစေ့အတိုင်း ဖြစ်သည်။ ထို့အတူပင် ဥတုနိယာမ၊ နွေ–မိုး–ဆောင်း ဟူသော

ဥတုသုံးပါးကို မည်သူကမှ လာ၍ မိုးပြီးလျှင် နွေလာခဲ့။ နွေပြီးလျှင် ဆောင်းလာခဲ့ဟု ပြုပြင်၍ မရသော တရားဖြစ်သည်။

ထို့အတူပင် ကမ္မနိယာမအတိုင်း ကုသိုလ်လုပ်လျှင် ကောင်းကျိုးရမည်။ အကုသိုလ် လုပ်လျှင် ဆိုးကျိုးရမည်။ အချိုပင်စိုက်လျှင် အချိုသီးမည်။ ခါးပင်စိုက်လျှင် ခါးတွေ ထွက်မည်။ မြတ်စွာဘုရားက 'တူသောအကျိုးပေးသည်'ဟု ဟောတော်မူသည်။ နောက် ဘဝက ဒါန၊ သီလပြုက ယခုဘဝ၌ ချမ်းသာသည်။ နောက်ဘဝက ဒါန၊ သီလ မရှိလျှင် ဤဘဝ၌ ဆင်းရဲသည်။ နောက်ဘဝက သူတစ်ပါးအသက် သတ်ခဲ့လျှင် ယခု ဘဝ၌ အသက်တိုသည်။ နောက်ဘဝက သူတစ်ပါးအသက် မသတ်ခဲ့သည့်ရှိသော် ဤဘဝ၌ အသက်ရှည်သည်။

ဤကဲ့သို့ အတိတ်ဘဝက သတ္တဝါတို့ ပြုလုပ်ခဲ့သည့်အတိုင်း အဆိုးလုပ်လျှင် ဤဘဝ၌ အဆိုးတွေ့ ဖြစ်မည်။ အကောင်းလုပ်ခဲ့လျှင် ဤဘဝ၌ ကောင်းကျိုးတွေရမည်။ ချမ်းသာဖို့ ကံပါလျှင် ချမ်းသာမည်။ ဆင်းရဲဖို့ကံပါလျှင် ဆင်းရဲမည်။ ထို့ကြောင့် ရှေးလူကြီးများက ကံဆိုတာ အလွန်ဆန်းကြယ်သည်ဟု ပြောခဲ့သည်။

တောအ၌ လူသုံးယောက် လမ်းလျှောက်သွားရာ အလယ်ကလူကို မြွေကိုက်ခံရ သည်။ အမှန်မှာ ကိုက်ချင်းကိုက်လျှင် ရှေ့ကလူကိုသာ ကိုက်သင့်သည်။ သို့ရာတွင် မြွေဖြတ်လာသော အချိန်နှင့် ဒုတိယလူ ခြေလှမ်းသောအချိန် ကိုက်ညီနေသဖြင့် မြွေ ပေါ်သို့ တက်နင်းမိ၍ မြွေကိုက်သောကြောင့် အလယ်ကလူ သေရသည်။

ထို့အတူပင် ရှေ့ကကားကို ဓားပြတိုက်ခံရသည်။ နောက်ကကား လွတ်သွားသည်။ တစ်ခါတစ်ရံ နောက်ကကား ဓားပြတိုက်ခံရသည်။ ရှေ့ကကား လွတ်သွားသည်။ သင်္ဘော နစ်သောအခါ မိသားစုလေးယောက်တွင် နှစ်ယောက်သေသည်။ နှစ်ယောက်ရှင်သည်။ အလွန် ထူးဆန်းသည်။

တစ်ခါတုန်းက ပျဉ်းမနားနှင့် တောင်ငူအကြား မီးရထားကို မိုင်းဗုံးဖောက်ရာ လင်မယားနှစ်ဦး၊ အမျိုးသမီးမိခင်၊ ကလေးခြောက်ယောက်၊ ကိုးယောက်သော မိသားစု တို့သည် မန္တလေးမှ ပြန်လာရာ မိုင်းဗုံးသည် သူတို့စီးသောတွဲ အောက်တည့်တည့်တွင် ပေါက်ကွဲသည်။ တွဲတစ်တွဲလုံး ကြေမွသွားသည်။ လူတွေအားလုံး လွင့်စဉ်၍ သွားသည်၊ ထိုအမျိုးသမီးမှာ လွင့်စဉ်သွားပြီးနောက် မီးရထားလမ်းဘေးရှိ ချုံတန်းလေးပေါ်တွင် ပက်လက်ကျသွားသည်။ လုံးဝဘာမျှမဖြစ်၊ ပွန်းပဲ့ခြင်းကိုပင် မခံရပေ။ သို့ရာတွင် သူ၏ အမေ၊ သူ၏ယောက်ျား၊ သူ၏ သားသမီး ခြောက်ယောက်တို့မှာ အစရှာမရအောင် အားလုံးသေဆုံးကုန်သည်။ ကံတရားကား ဤမျှပင် ဆန်းကြယ်ပါသည်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်တုန်းက အင်္ဂလိပ်ဗုံးကြဲ လေယာဉ်ပျံမှ လေယာဉ်မှူး တစ်ဦး၏ ဖြစ်စဉ်မှာ သာ၍ပင် အံ့သြစရာကောင်းသည်။ ယင်း ဗုံးကြဲလေယာဉ်သည် ဂျာမန်နိုင်ငံပေါ်သို့ ဖြတ်သန်းစဉ် လေယာဉ်ပစ်အမြောက်များ ပစ်ခတ်သဖြင့် လေယာဉ်ပျံ ကိုထိပြီးလျှင် လေယာဉ်ပျံကြီး မီးလောင်သည်။ ဗုံးကြဲလေယာဉ်ပျံတွင်ပါသော အခြား

အရာရှိ ခြောက်ယောက်တို့မှာ တစ်ခါတည်း သေဆုံးကုန်သည်။ လေယာဉ်မှူးသည် လေယာဉ်ပျံ မီးလောင်သဖြင့် ထိန်းမရဖြစ်လာသည်။ ထိုအခါ လေထီးနှင့် ခုန်ချရန် လေထီးကို သွား၍ယူသည်။ သို့ရာတွင် လေထီးကိုပါ မီးစွဲလောင်နေသည်။ သူ့တွင် အားကိုးစရာ ဘာမျှ မရှိတော့ချေ။ လေယာဉ်ပျံသည် တဖြည်းဖြည်း နိမ့်ဆင်းလာရာ ပေသုံးထောင်ကျော်သို့ ဆင်းကျလာသည်။

သူသည် နောက်ဆုံး မတတ်သာတော့သဖြင့် မီးလောင်၍ သေမည့်အစား အောက် ချန်ချ၍ ရေထဲကျလျှင် ရှင်နိုင်သေးသည်ဟူသော မျှော်လင့်ချက်ဖြင့် လေထီးမပါဘဲ စွန့်၍ ခုန်ချလိုက်သည်။ သူ၏ကံသည် အလွန်ကောင်းသည်။ သူကျလာသောနေရာမှာ တောင်ကုန်းကလေးပေါ်တွင် ထင်းရှူးပင်ကလေးများ ပျိုးထားသောနေရာ ဖြစ်သည်။ ဆောင်းရာသီ ဇန်နဝါရီလဖြစ်သောကြောင့် ဆီးနှင်းများမှာ ခြောက်ပေခန့်ထုထည် ဖြစ် နေသည်။ ဆီးနှင်းပြင်ပေါ်သို့ သူသည် ပက်လက်ကျသွားသည်။ ထို့နောက် ဆီးနှင်း များက အောက်က စပရိန်ခံထားဘိသကဲ့သို့ သူ အကျမနာအောင် ကယ်တင်ပေးလိုက် သည်။

သူသည် မည်သည့်ဒဏ်ရာမှ လုံးဝမရရှိချေ။ ထို့နောက် ဆီးနှင်းများကို ဖယ်၍ လူနေအိမ်ခြေရှိရာ မှန်း၍ဆင်းလာသည်။ ဗုံးကြဲလေယာဉ်ပျံကြီး ပျက်ကျသည့်နေရာသို့ ဂျာမန်တပ်များ ရောက်လာသောအခါ သူ့ကို ဖမ်းသည်။ ထို့နောက် ဂျာမန်စစ်သား များက သူ့အား ‘သူလျှိုလုပ်သည်။ သေဒဏ်ပေးမည်’ဟု ကြိမ်းဝါးသည်။ စစ်ဥပဒေအရ တိုက်ခိုက်ရာတွင် တာဝန်ယူရသော စစ်ဗိုလ်၊ စစ်သားများကို ဖမ်းမိလျှင် သုံ့ပန်းအဖြစ်သာ ဖမ်းထားနိုင်သည်။ သတ်ပစ်ခြင်း မပြုရ။ သို့ရာတွင် သူလျှိုများကိုမူ မိလျှင် သတ်ပစ် ကြသည်။

သူ့အား တပ်မှူးများထံ ပို့သည်။ တပ်မှူးများထံ ရောက်သောအခါ သူသည် သူလျှိုမဟုတ်ကြောင်း၊ လေယာဉ်ပျံမောင်းသူဖြစ်ကြောင်း၊ သူ၏လက်တွင် သူ၏နာမည်၊ သူ၏အလုပ်၊ သူ၏လိပ်စာပါသော သတ္တုပြားလက်ကောက်ကလေးကို ပြသည်။ သူ ပြောတာ ဟုတ်မဟုတ် ဗုံးကြဲလေယာဉ်ပျံရှိရာ မီးလောင်သည့်နေရာသို့ သွား၍ရှာကြ သည်။ ဟုတ်သည်။ ထိုနေရာတွင် သူ၏လေထီး ရှိနေသည်။ သူနှင့် အတူပါသော အခြားသော လေတပ်သား ငါးယောက်လည်း သေဆုံးနေသည်ကို တွေ့ရသည်။ သူ တစ်ယောက်သာလျှင် ဆီးနှင်းပြင်ပေါ်ကျ၍ အသက်မသေဘဲ ရှင်နေသည်မှာ အံ့သြစရာ ဖြစ်သည်ဟု အားလုံးက ချီးကျူးကြသည်။ ပေသုံးထောင်ကျော်အမြင့်မှ လေထီးမပါဘဲ ခုန်ချပြီး အသက်ရှင်နေသော လေယာဉ်မှူးတစ်ယောက် မည်သူမည်ဝါ ဖြစ်သည်။ သူတို့ ကိုယ်တိုင် ဤအဖြစ်အပျက် အမှန်ပင် ဖြစ်သည်။ အံ့သြစရာကောင်းသည်ဟု ထောက်ခံ ချီးကျူးစာတစ်စောင်ရေး၍ တပ်မှူးနှင့် အခြားဗိုလ်မှူးများပါ လက်မှတ်ထိုး၍ သူ့အား ပေးသည်။ စစ်ကြီးပြီးသောအခါ ထိုဖြစ်ရပ်သည် ရီဒါးဒိုင်ဂျက်မဂ္ဂဇင်းတွင် ပါလာခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းကို ရန်သူများက စတင်းဂန်းနှင့်ပစ်၍ လုပ်ကြံသောအခါ

ဦးဘဂျမ်းသည် ဗိုလ်ချုပ်၏ လက်ဝဲဘက်၌ ထိုင်နေသူဖြစ်သည်။ အခြားခေါင်းဆောင်ကြီးများ သေဆုံးသော်လည်း ဦးဘဂျမ်းမှာ အသက်အန္တရာယ်မှ လွတ်ခဲ့သည်။ အလွန်ပင် ဆန်းကြယ်သည်။

ကျွန်ုပ်ကိုယ်တိုင် ရှစ်နှစ်သားတုန်းက ရေထဲသို့ခုန်ချ၍ ရေကစားရာ ရေကန်က နက်သောကြောင့် ခြေမထောက်မိဘဲ ရေနစ်သည်။ သို့ရာတွင် သေချိန်မရောက်သေးသဖြင့် မိန်းမနှစ်ယောက် လမ်းလျှောက်သွားရာမှ ရေကန်အနီးသို့ ရောက်လာ၍ ဆွဲတင်ခဲ့သဖြင့် အသက်မသေခဲ့ချေ။

အင်္ဂလိပ်အဝင် ဂျပန်အပြေးတွင် မေမြို့မှ သီပေါသို့၊ သီပေါမှ မေမြို့သို့ ကုန်ရောင်းကုန်ဝယ်ဖြင့် ပြန်လာသည်။ နောင်ချိုမရောက်မီ တောင်စောင်းလမ်းပေါ်တွင် လေယာဉ်ပျံကဆင်း၍ စက်သေနတ်နှင့် အချက်ပေါင်းများစွာ ပစ်သည်။ ကျွန်ုပ်နှင့်ပါသော လှည်းလေးငါးစီးပေါ်မှ လူများ သေဆုံးကြသည်။ ပစ္စည်းတွေလည်း ပျက်သည်။ နွားတွေလည်း သေသည်။ ကျွန်ုပ်မှာ လက်ကိုင်ပဝါတစ်ထည်ပင် ပျက်စီးမှုမရှိချေ။ တစ်ဖန် မေမြို့ အရှေ့ဘက်ရှိ ရေချမ်းအိုးတွင် ဂျပန်ခေတ်က ပြေးလွှားနေရာ အင်္ဂလိပ်အဝင်တွင် ဗုံးတွေကြဲချသည်။ အနီးတွင်ကပ်၍ ကြဲသည်။ မြေကြီးများတုန်သည်။ သို့ရာတွင် ကျွန်ုပ်တို့သည် ဘေးရန်ကင်း၍ အသက်ရှင်ခဲ့သည်။ ဤကဲ့သို့ ဆန်းကြယ်သော ကံတရားဖြစ်သည်။

အောက်ပါပုံပြင်မှာ နောက်ဘဝက ဒါနမျိုးစေ့မရှိလျှင် သိကြားမင်းပင် ကယ်မရသောပုံပြင် ဖြစ်သည်။

တစ်ရံရောအခါ လယ်သမားတစ်ယောက်သည် ရိုးသားစွာ အသက်မွေး၍ တတ်နိုင်သမျှ သီလဆောက်တည်ခြင်း၊ လှူတန်းခြင်းကို အမြဲပြုလုပ်သည်။ သူသည် ရှေးခေတ်လူတို့အတိုင်း သစ်ပင်ကြီးကြီးရှိလျှင် ရုက္ခစိုးရှိသည်ဟု ယူဆသည်။ သို့ရာတွင် သစ်ပင်တိုင်းတွင် ရုက္ခစိုး ရှိသည်မဟုတ်။ သူ့ရဲကြီးရှိလျှင်လည်း ရှိနေမည် ထိုလယ်သမားသည် နေ့စဉ် လယ်ထွန်ချိန်၊ ကောက်စိုက်ချိန်၊ စပါးရိတ်ချိန်မှစ၍ လယ်ထဲကိုလာတိုင်း လယ်ကန်သင်းပေါ်ရှိ သစ်ပင်ကြီး တစ်ပင်အောက်တွင် ထိုင်၍ နံနက်စာ စားလေ့ရှိသည်။ အရိပ်တွင် ခဏအနားယူသည်။ သူသည် စေတနာကောင်းသူ ဖြစ်သည်။ ထို့ကြောင့် ထမင်းစားတိုင်း စားတိုင်း ထမင်းတစ်ဆုပ်ကို ဖက်ထဲတွင် ထည့်၍ ရှေးလူကြီးများ အယူဝါဒအတိုင်း 'အရှင်ရုက္ခစိုးမင်းနှင့် အရှင်ကြီး အရှင်ကောင်းတို့အား ပူဇော်ပသပါသည်'ဟု ဆို၍ အမြဲနတ်တင်သည်။

ဤကဲ့သို့ နေ့စဉ် ပြုလုပ်ခဲ့ရာ ၁၅ နှစ်ခန့် ကြာခဲ့သည်။ ထိုအခါ သစ်ပင်စောင့်သော ရုက္ခစိုးက ဆင်ခြင်သည်။ 'ဒီလယ်သမားသည် ငါနှင့် ဆွေမျိုးလည်း မဟုတ်၊ သိလည်းမသိ၊ သို့ရာတွင် ငါ့ကို အမြဲရိုသေလေးစား၍ သူ၏ထမင်းကို စားဦးစားဖျားပေးလှူသည်။ ထို့ကြောင့် ငါတတ်နိုင်သလောက် သူ့အား ကူညီရမည်'ဟု ဆုံးဖြတ်လိုက်သည်။

**လမ်းသစ်စာအုပ်တိုက်**

ရက္ခစိုးနတ်မင်းသည် ထိုလယ်သမားအားပေးရန် အရှင်မရှိသော၊ မြေဌ်မြှုပ်ထားသော ရွှေအိုး၊ ငွေအိုးများကို ရှာဖွေသည်။ အရှင်ရှိသော ဥစ္စာများကို နတ်တို့ မယူနိုင်ချေ။ မြှုပ်ထားသော ဥစ္စာရှင်သေလွန်၍ ငရဲသို့ရောက်သည်ဖြစ်စေ၊ နတ်ပြည်ရောက်သည်ဖြစ်စေ၊ သူနှင့် လုံးဝမဆိုင်သော ပစ္စည်းများကိုသာ သူတို့ယူနိုင်သည်။ ဤကဲ့သို့ ရှာဖွေသောအခါ တစ်နေ့တွင် ရွှေအိုးကြီးတစ်လုံးကို ရခဲ့သည်။ ရှေးအခါ စလယ်ဝင်အိုးနှင့်အပြည့် အထဲတွင် ရွှေတွေ ရှိနေသည်။ ထို့ကြောင့် ရက္ခစိုးမင်းသည် အလွန်ဝမ်းသာလှသဖြင့် 'ငါ့လူတော့ ချမ်းသာတော့မည်၊ ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ရလိမ့်မည်'ဟု ဝမ်းသာအားရဖြင့် လယ်သမားလာသော လမ်းတွင် ချထားပေးသည်။

လယ်ထွန်ရန် သူလာလျှင် ဒီရွှေအိုးကို တွေ့မည်။ တွေ့လျှင် သူ ချမ်းသာသွားလိမ့်မည်။ ရက္ခစိုးမင်းမှာ အလွန်ဝမ်းသာစွာဖြင့် စောင့်ကြည့်နေသည်။ သို့ရာတွင် ထိုလယ်သမားသည် ရှေးဘဝတုန်းက ဒါန၊ သီလ ကောင်းမှုကုသိုလ်များ ရှိသူမဟုတ်သဖြင့် ထိုရွှေအိုးချထားသောနေရာ ရောက်သောအခါ အပေါ်ကိုမော့၍ ကြည့်သွားသည်။ ထိုနည်းဖြင့် ထိုနေ့က သူသည် ရွှေအိုးနှင့် လွဲသွားသည်။ ရက္ခစိုးမင်းက လက်မလျှော့သေး။ 'ဒီလယ်သမားဟာ မော့မော့သွားသည်။ နက်ဖြန်တော့ သစ်ပင်ပေါ်က ဤရွှေအိုးကို ကြိုးနှင့်တွဲလဲ ဆွဲချထားမည်။ ဒါမှမြင်ပြီး သူရလိမ့်မည်'ဟု စဉ်းစားပြီးလျှင် သစ်ကိုင်းမှနေ၍ ရွှေအိုးကို လျှော်ဖြင့်ချည်နှောင်၍ တွဲလဲချထားပေးသည်။ သို့ရာတွင် ကံနည်းသူလယ်သမားမှာ ထိုနေ့က မြေကြီးပေါ်သို့ ကြည့်၍ သွားသည်။ လုံးဝ မော့မကြည့်ချေ။ ထို့ကြောင့် ရွှေအိုးနှင့် လွဲသွားပြန်သည်။

ရက္ခစိုးက အလွန်စိတ်ပျက်သွားပြီးလျှင် ဤသို့ ညည်းညူလိုက်သည်။ 'ဒီလယ်သမားမှာ နောက်ဘဝက သူဌေးဖြစ်ဖို့ ကံမပါသောကြောင့် ဖြစ်လိမ့်မည်။ သူ့မှာ ကံမရှိလျှင် ငါ့ကို ဖယ်ထား၊ သိကြားမ,တောင် ချမ်းသာမည့်အကောင် မဟုတ်'ဟု ညည်းညူလိုက်သည်။

ထိုအခါ သိကြားမင်းက ကြားသောကြောင့် ရက္ခစိုးထံရောက်လာသည်။ 'အသင်ရက္ခစိုး၊ ငါသိကြားမင်း မ,ပြမည်'ဟု ပြောပြီးလျှင် သူတို့နှစ်ပါးသည် လယ်သမားလာမည့်အချိန်ကို စောင့်နေကြသည်။ ထိုနေ့နံနက် ရောက်သောအခါ လယ်သမားသည် သူလာနေကျ လမ်းအတိုင်း သစ်ပင်အောက်သို့ ရောက်လာသည်။ သိကြားမင်းနှင့် ရက္ခစိုးနတ်တို့က ကိုယ်ထင်ပြပြီးလျှင် လယ်သမားကို သူတို့အနားသို့ ခေါ်သည်။

သိကြားမင်းက ဤသို့ အမိန့်ရှိသည်။ "အသင်လယ်သမား၊ ဟောဒီမှာ ရွှေအိုးရှိသည်။ သင်သည် မြေကြီးကို လက်ဝါးနှင့် ပုတ်လိုက်ပါ။ မြေကြီးကို ပုတ်မိလျှင် ဒီရွှေအိုးကို သင်ပိုင်လိမ့်မည်။ ယူတော့"ဟုပြော၍ လယ်သမားအား မြေကြီးကို လက်နှင့် ပုတ်ခိုင်းသည်။ လယ်သမားသည် အလွန်ဝမ်းသာစွာဖြင့် မြေကြီးကိုပုတ်လိုက်ရာ မြေကြီးပေါ်မကျဘဲ နောက်ချေးပုံပေါ်သို့ ရောက်သွားသည်။ ထို့ကြောင့် မြေကြီးနှင့်လက် မထိတော့ချေ။ ဤတွင်မှ သိကြားမင်းက "ငါလည်း မတတ်နိုင်၊ သင့်ကံအတိုင်းပဲ

လယ်ထွန်နေတော့”ဟု ဆိုပြီးလျှင် နတ်နှစ်ပါးနှင့် ရွှေအိုးပါ ပျောက်သွားလေတော့သည်။

ဤပုံပြင်ကို ကြည့်လျှင် အတိတ်ကံမပါက ဘာမှ မဖြစ်နိုင်ကြောင်း၊ မကောင်းမှုလည်းမဖြစ်၊ ကောင်းမှုလည်း မဖြစ်နိုင်ကြောင်း၊ အတိတ်က ကောင်းအောင်လုပ်ခဲ့မှ ယခု ကောင်းမည်။ မကောင်းမှုလုပ်ခဲ့က ယခုဘဝ မကောင်းနိုင်။ မင်္ဂလာတရားတော်တွင် ပုဗ္ဗေစ ကတပုညတာ၊ မိမိပြုခဲ့သော ကောင်းမှုရှိသောသူ ဖြစ်မှသာ ဤဘဝ၌ ကောင်းကျိုး ခံစားရလိမ့်မည်။ အလွန် အံ့သြဖွယ်ကောင်းလှသည်။

## ဖိနပ်ထဲက ရွှေဒင်္ဂါးပုံပြင်

မည်သူမဆို မိမိကို သူတစ်ပါးက တစ်စုံတစ်ခုပေးလျှင် အလွန် ဝမ်းမြောက်ဝမ်းသာ ရှိကြသည်။ အဘယ့်ကြောင့်ဆိုသော် လူတိုင်း လိုချင်သောစိတ် ရှိသည်။ လူတစ်ရာလျှင် တစ်ရာလုံး ဝမ်းမြောက်ကြလိမ့်မည်။ သို့ရာတွင် ပါရမီရှိ၍ အသိဉာဏ်ဆင်ခြင်တုံတရား နှလုံးသားခံစားချက် ရှိသူများမှာ မိမိထံမှ ပေးရခြင်းသည် သူများထံမှ ရသည်ထက် ပို၍ ဝမ်းမြောက်ပေမည်။

ဘုရားဇာတ်တော်များတွင် ဘုရားအလောင်းရသေ့ကြီး သစ်သီးရှာသွားရာ ချုံထဲ၌ ကျားမကြီးတစ်ကောင်သည် ကျားကလေး ခြောက်ကောင်ဖြင့် အစာရေစာပြတ်ပြီး သေလုနီးပါးဖြစ်နေသည်။ ကျားစားသော သားကောင်များကို ကျားမကြီးသည် ရှာဖွေ၍ မရချေ။ ထို့ကြောင့် သူသည် ကျားကလေးခြောက်ကောင်နှင့် နို့လည်း တိုက်ရသောကြောင့် အင်အားကုန်ခမ်းပြီးလျှင် မထနိုင် ဖြစ်နေသည်။ ထိုခြင်းအရာကို ဘုရားအလောင်းရသေ့ကြီး တွေ့မြင်သောအခါ ကျားကလေးနှင့် ကျားမကြီး အသက်ကို ကယ်လိုသောအားဖြင့် ‘ငါ၏အသက်ကို လှူမည်’ဟု ဆုံးဖြတ်လိုက်ပြီးလျှင် ကျားမကြီးထံသွား၍ သူ့ကိုယ်သူ အစားခံသည်။ သေဆုံးသွားသည်။

ဤနည်းအားဖြင့် ကျားမကြီးနှင့် ကျားကလေးများ အသက်ရှင်ခဲ့သည်။ ဒါနပြုရာ၌ ပစ္စည်းလေးပါးကိုလှူလျှင် ဒါနပါရမီ၊ ကိုယ်လက်အင်္ဂါ သွေးသားကိုလှူလျှင် ဒါနဥပပါရမီ၊ အလတ်စားဒါန ဖြစ်သည်။ အသက်ကို ပေးလှူသောအခါ၌ ဒါနပရမတ္ထပါရမီဖြစ်သည်။ အလှူပေးရာ၌ အမြင့်ဆုံးသော၊ အကြီးကျယ်ဆုံး၊ အခက်ခဲဆုံးသော ဒါနမျိုး ဖြစ်သည်။ ဘုရားအလောင်းများသာ ကျင့်သုံးနိုင်သော ဒါနဖြစ်သည်။

ဤကဲ့သို့ သူတစ်ပါးကိုပေး၍ မိမိအသက်ကိုပင် အဆုံးခံသည်မှာ မည်မျှ စိတ်ထားမြင့်မြတ်သည်ကို တွေးတောနိုင်သည်။

အောက်ပါ ပုံပြင်ကလေးမှာ အင်္ဂလိပ်ပုံပြင် ဖြစ်သည်။

တစ်နေ့သောအခါ အလယ်တန်း ကျောင်းအုပ်ဆရာကြီး တစ်ယောက်နှင့် ကျောင်းသားအချို့တို့သည် အညောင်းပြေရန် တောဘက်သို့ နံနက်စောစော လမ်းလျှောက်ထွက်သွားကြသည်။ တော်တော်ဝေးဝေးသို့ ရောက်သောအခါ သစ်ပင်ကြီး တစ်ပင်ပေါ်တွင် အမျိုးသမီးတစ်ယောက်သည် သစ်ကိုင်းခြောက်များကို ထင်းဆိုက်ရန်အတွက်

ချိုးယူနေသည်။ ခြောက်နေသော သစ်ကိုင်းခြောက်များကို ချိုးချိုးပြီးလျှင် သစ်ပင်အောက်သို့ ပစ်ချသည်။ ထိုအမျိုးသမီး၏ ရှူးဖိနပ်တစ်ရံ ချွတ်ထားသည်ကို ကျောင်းသားများက တွေ့မြင်ရသည်။ ထိုအခါ ကလေးတို့ သဘာဝအတိုင်း ပျော်ချင်သည်။ သူတစ်ပါးကို စချင်သည်။

ကျောင်းသားများက ဆရာကြီးအား ဤသို့ ပြောကြားသည်။ "ဆရာကြီးခင်ဗျား၊ ကျွန်တော်တို့တစ်တွေ ဟိုအစ်မကြီး၏ ရှူးဖိနပ်ကို ယူပြီးလျှင် ချုံထဲ၌ ဝှက်ထားကြပါစို့။ သူ သစ်ပင်ပေါ်က ဆင်းလာလျှင် သူဘယ့်လောက် သောကရောက်ရှာမည်ကို ကြည့်၍ ကျွန်တော်တို့ အလွန်ပျော်မှာပဲ"ဟု ပြောလိုက်သည်။

ဆရာကြီးဖြစ်သူက ဆင်ခြင်တုံတရားနှင့် ပြည့်စုံသည်။ ကျောင်းသားများအား တရားဟောသည်။ "ကျောင်းသားတို့၊ ဤကဲ့သို့ သူတစ်ပါးစိတ်မချမ်းသာအောင် လုပ်ခြင်းသည် အပြစ်ဖြစ်သည်။ သူတော်ကောင်းတို့ အလုပ်မဟုတ်။ ဘုရားသခင် မကြိုက်ချေ။ သူတစ်ပါးကို ပျော်ရွှင်အောင်၊ စိတ်ချမ်းသာအောင်၊ အလိုဆန္ဒပြည့်အောင် ကူညီလုပ်ကိုင်ပေးခြင်းဖြင့် သူပျော်ရသကဲ့သို့ သင်တို့ကိုယ်တိုင်လည်း ပျော်ရလိမ့်မည်။ ဒါကို သင်တို့ မှတ်ထားပါ။ စောင့်ကြည့်ပါ"။

ဤကဲ့သို့ ပြောပြီးနောက် ဆရာကြီးသည် ရွှေဒင်္ဂါးနှစ်ပြားကို ထိုအမျိုးသမီး၏ ရှူးဖိနပ်ထဲသို့ တစ်ပြားစီထည့်၍ ထားပြီးလျှင် အမျိုးသမီးမမြင်သော ချုံဘေးများမှ နေ၍ ချောင်းကြည့်နေကြသည်။ အတန်ငယ် ကြာပြီးသောအခါ ထင်းချိုးနေသော အမျိုးသမီးသည် ထင်းပြည့်စုံပြီဖြစ်၍ သစ်ပင်ပေါ်မှ ဆင်းလာသည်။ ထင်းများကို သစ်ပင်ရင်းတွင် စုဆောင်း၍ ချည်နှောင်သည်။ ထင်းစည်းဖြစ်၍ အိမ်သို့ ရွက်ပြီးယူသွားရန် ခေါင်းပေါ်သို့ တင်ပြီးလျှင် သူမ၏ ရှူးဖိနပ်ရှိရာသို့ လာ၍ ဖိနပ်ကိုစီးဖို့ ကြည့်လိုက်သည်။ ထိုအခါ ဖိနပ်ထဲတွင် ဝင်းဝင်းလက်လက်နှင့် အလွန်လှပသော ရွှေဒင်္ဂါးနှစ်ပြား ရောက်နေသည်ကို တွေ့ရသည်။ သူမ၏စိတ်ထဲတွင် 'လူသတ္တဝါတို့ ဤကဲ့သို့ ဘယ်တော့မှ မလုပ်နိုင်။ ရွှေဒင်္ဂါးကိုလည်း သူတစ်ပါးက အလကား အခမဲ့မပေးနိုင်၊ ဘုရားသခင်ကသာ သူ့ကို သနားတော်မူသဖြင့် ရွှေဒင်္ဂါးပေးသည်'ဟု ယူဆပြီးလျှင် ယင်း ရွှေဒင်္ဂါးနှစ်ပြားကို တစ်ဖက်တစ်ခုစီကိုင်၍ သစ်ပင်ရင်းတွင် မြက်ခင်းပေါ်၌ ဒူးထောက်၍ ဘုရားသခင်ကို ရှိခိုးဆုတောင်းလေသည်။

သူမ၏မျက်နှာမှာ အလွန်ပင ဝမ်းသာလှသဖြင့် မျက်ရည်ပေါက်ကြီးများ စီးကျနေသည်။ ထို့နောက် သူမသည် ထင်းစည်းကိုရွက်၍ ဝမ်းသာစွာဖြင့် သူမ၏အိမ်သို့ ပြန်သွားလေသည်။

သူမ ပြန်သွားပြီးနောက် ဆရာကြီးက ကျောင်းသားများအား "ကျောင်းသားတို့ မြင်ကြပြီမဟုတ်လား။ ထိုအမျိုးသမီးသည် မင်းတို့ပြောသကဲ့သို့ ဖိနပ်ကိုဝှက်ခဲ့သော် မည်မျှ ပူဆွေးငိုကြွေးမည်နည်း၊ စိတ်သောကရောက်မည်နည်း၊ စဉ်းစားကြည့်ပါ။ ယခု သူမ မမျှော်လင့်သော ရွှေဒင်္ဂါးနှစ်ပြားရသဖြင့် သူမ မည်မျှ ဝမ်းသာကြောင်း၊ ဘုရားသခင်

ကို မည်မျှအားကိုးကြောင်း၊ ယုံကြည်ကြောင်း ဆုတောင်းသည်မှာ သင်တို့အမြင် မဟုတ်လား။ ထို့ကြောင့် သင်တို့သည် တစ်သက်လုံး မှတ်ရမည်”။

ပေးကမ်းခြင်းသည် ရယူခြင်းထက် မွန်မြတ်ကောင်းမွန်သည် ဟူသော အင်္ဂလိပ်စကားပုံအတိုင်း အလွန် မှန်လှပေသည်။

## နာမည်ပုံပြင်

ဗေဒင်လက္ခဏာကို အယုံအကြည်ရှိသော အရှေ့တိုင်းသားတို့သည် သားသမီးများကို နာမည်မှည့်ရာ၌ ဗေဒင်ဆရာထံသွား၍ သမီးလေးကို နာမည်ကောင်း မှည့်ပေးပါ။ သားလေးကို နာမည်ကောင်း မှည့်ပေးပါ။ အားကိုးကြလေသည်။ ရှေးရိုးအစဉ်အလာအတိုင်းဖြစ်သည်။ အမှန်မှာ ဘုရားသခင် ဟောတော်မူသည့်အတိုင်း သူ့နာမည် ဘာကိုမှည့်မှည့်၊ သူ့လက္ခဏာ ဇာတာတွင်ပါသော အတိတ်ကံအတိုင်း ဆိုးရမည်၊ ကောင်းရမည် ဖြစ်သည်။

ကျွန်ုပ်သည် ၁၂ နှစ်သားလောက်က ရှင်သာမဏေအဖြစ် မန္တလေးမြို့ အနောက်ပြင်တိုက်တော်၊ ရွှေဘိုကျောင်းတွင် နေခဲ့သည်။ ရွှေဘိုကျောင်းသို့ ဦးကံကောင်းဟုခေါ်သော အသက် ၆၀ ခန့်ရှိ အဘိုးကြီးတစ်ယောက်သည် နေ့တိုင်းလာ၍ ကျောင်းဝေယျာဝစ္စကို သံဃာတော်များအတွက် အမြဲလုပ်ပေးသည်။ သို့ရာတွင် သူသည် အလွန်ဆင်းရဲသည်။ တစ်ခါတစ်ရံ အင်္ကျီပင်လျှင် ဝတ်စရာမရှိချေ။ သူ၏မိန်းမမှာ ကုန်စိမ်းကလေးကို လမ်းဘေးတွင် ဗန်းနှင့်ချ၍ ရောင်းသည်။ သူတို့တွင် သားသမီးမရှိ၊ ဝင်ငွေမှရသမျှနှင့် စားသောက်နေထိုင်ရသည်။ ဦးကံကောင်းသည် ဘာအလုပ်မှ မလုပ်ချေ။ ဤကဲ့သို့ ဆင်းရဲလှသည်ကို မြင်သောအခါ ကျွန်ုပ်သည် အလွန် ကရုဏာဖြစ်သည်။

တစ်နေ့သောအခါ ဦးကံကောင်းအား ကျွန်ုပ်က ဤကဲ့သို့ မေးကြည့်သည်။

“ဘကြီးဦးကံကောင်း၊ နာမည်က ဦးကံကောင်းဆိုပြီးလျှင် ဘာဖြစ်၍ ယခုလိုဆင်းရဲရပါသလဲ”ဟု သိချင်သောကြောင့် စုံစမ်းကြည့်သည်။ ထိုအခါ ဦးကံကောင်းကပြန်ပြောသည်မှာ “တပည့်တော် ဆင်းရဲတာ နောက်ဘဝက ဒါန၊ သီလ မလုပ်ခဲ့လို့ဖြစ်ပါတယ်။ ကံကောင်းဆိုတဲ့ နာမည်ကတော့ အကြောင်းရှိပါတယ်။ ကံလည်း ကောင်းပါတယ်။ မိဘများက မှည့်ပေးသောနာမည် ဖြစ်ပါတယ်။ တပည့်တော်မွေးဖွားပြီး နောက်တစ်နှစ်ခန့် ရောက်သောအခါ ညောင်ဈေး အနောက်ဘက်ရှိ ရွှေပြည်ရပ်တွင် တပည့်တော်တို့နေသည်။ ထိုတစ်နှစ်သားအရွယ်၌ မိုးတွင်းဘက် မြစ်ရေတွေ အလွန်ကြီးပြီးလျှင်တာရိုးကြီး ကျိုးသွားသည်။ မြစ်ထဲမှ ရေတို့သည် မန္တလေးမြို့ အနောက်ပိုင်းရပ်ကွက်အားလုံးထဲသို့ ဒလဟော ဝင်လာသည်။ လူတွေအားလုံး ညသန်းခေါင်ကျော်ဖြစ်သဖြင့်နီးစပ်ရာ ထွက်ပြေးကြရသည်။ တပည့်တော် မိဘများက ရုတ်တရက် ရေတွေ ကြမ်းပြင်ပေါ်ရောက်အောင် တက်လာသောအခါ လန့်ဖျပ်ပြီးလျှင် ခါးလောက်ရှိသော ရေထဲမှ

ဆင်း၍ ထွက်ပြေးကြသည်။ ညောင်ပင်ဈေးဘက်ရောက်၍ ကုန်းပေါ်သို့ ရောက်သောအခါ သူတို့၏ တစ်နှစ်သားဖြစ်သူ တပည့်တော်ကို သတိရသည်။ သို့သော် ညအခါလည်းဖြစ်ပြန် ရေတွေကလည်း ကြီးနေသဖြင့် ဒီသားကို လိုက်၍ မရှာနိုင်တော့ပေ။ မိုးလင်းအောင် စောင့်နေရသည်။

မိုးလင်းသောအခါ သူများနည်းတူ ရရာသစ်တုံးများရှာ၍ လှေသဖွယ်စီးပြီးလျှင် မိမိတို့အိမ်သို့ ပစ္စည်းများလာ၍ ယူကြရသည်။ သို့ရာတွင် သေကံမရောက် သက်မပျောက် ဟူသော စကားအတိုင်း ထိုတစ်နှစ်သားလေးမှာ သေဖို့ကံက မပါသဖြင့် ထမင်းစားသော စားပွဲဝိုင်းလေးတစ်ခုပေါ်တွင် ပက်လက်ကလေး ရေထဲ၌ ပေါ်နေသည်။ မိဘများက တွေ့သောအခါ အလွန် ဝမ်းသာအားရ ရှိပြီးလျှင် 'ငါ့သားလေး ကံကောင်းတယ်ဟဲ့ ဆိုပြီးနောက် မောင်ကံကောင်း'ဟု နာမည်မှည့်ခဲ့သည်။

ထို့ကြောင့် တပည့်တော်မှာ အသက်မသေရန် ကံကောင်းသော်လည်း စားဝတ်နေရေးမှာမူ ဒါနမျိုးစေ့မရှိသဖြင့် ဆင်းရဲပါသည်"ဟု ပြောပြခဲ့သည်။ ကံကောင်းဆိုတိုင်း ကံကောင်းနိုင်သည် မဟုတ်ပါ။

ဦးကံကောင်းကို တွေ့သောအခါ နာမည်ဆိုသည်မှာ အလကား။ သူ့ကံအတိုင်းပဲဟု နားလည်လာသည်။ ယခု ကျွန်ုပ် အသက်ကြီးမှ ဘုရားဇာတ်တော်များကို ဖတ်ရာတွင် ငါးရာ့ငါးဆယ်နိပါတ်တော် စတုက္ကတွဲတွင် မြတ်စွာဘုရားဟောတော်မူသော နာမသိဒ္ဓိဇာတ်တော်ကို ဖတ်ရသောအခါမှ ကျွန်ုပ် ထင်သည့်အတိုင်းမှန်ကြောင်း တွေ့ရသည်။ ဇာတ်တော်တွင် မြတ်စွာဘုရားက နာမည်ဆိုသည်မှာ ပညတ်ဖြစ်သည်။ လူတစ်ယောက်၏ ဆိုးကျိုး၊ ကောင်းကျိုးနှင့် မသက်ဆိုင်။ မောင်သက်ရှည်ဟု မိဘများက နာမည်ပေးသော်လည်း အသက် ၃၀ မတိုင်မီ သေသွားခဲ့သည်။ မောင်ချမ်းသာဟု မှည့်သော်လည်း သူသည် ဆင်းရဲစွာ ရေထမ်းရောင်းနေရသည်။ ဆင်းရဲခြင်း၊ ချမ်းသာခြင်းမှာ နောက်ဘဝက ပြုခဲ့သော ဒါနကုသိုလ်၊ သီလကုသိုလ် ရှိမှဖြစ်သည်။ အတိတ်ကံမပါလျှင် ဘာနာမည်မှည့်မှည့် ဆင်းရဲမည်။ ထို့ကြောင့် နာမည်သည် ပဓာနမဟုတ်ဟု ဟောတော်မူသည်။

ပညာတတ်သော်လည်း အတိတ်က ဒါနမျိုးစေ့ မပါလျှင် ဘာနာမည်မှည့်မှည့် ဆင်းရဲကြမည်မှာ မုချဖြစ်သည်။ ထို့ကြောင့် သင်တို့သည် ဘဝခရီး၌ ချမ်းသာပြည့်စုံစွာ နေလိုကြလျှင် ဒါနနှင့် သီလကို အနည်းအများမဟူ တတ်နိုင်သမျှ အမြဲပြုလုပ်ကြပါ။ အနည်းဆုံး မြတ်စွာဘုရားကို နံနက်တစ်ခါ၊ ညတစ်ခါ ရေတစ်ခွက်လှူလျှင်ပင် အကျိုးအလွန် ကြီးမားလှပေသည်။ လှူသောပစ္စည်း အနည်းအများ ပဓာနမဟုတ်။ ဘုရားကို ယုံကြည်အားကိုးသော သဒ္ဓါတရားသည် အရေးကြီးဆုံး ဖြစ်သည်။

ထို့ကြောင့် ဒါန၊ သီလပြုရာ၌ မိမိအား ကိုယ်အားရှိသမျှ တအားကုန် ဘုရားကြည်ညို၍ အလှူအတန်း ပြုကြည့်ပါ။ ချက်ချင်းပင် အကျိုးပေးပါသည်။ သေလျှင်လည်း နတ်ပြည်သို့ ရောက်ပါသည်။ နောင်လည်း နိဗ္ဗာန်ရောက်နိုင်ပါသည်။

**လမ်းသစ်စာအုပ်တိုက်**

## ပြဿဒါးပုံပြင်

ယခု အိမ်တိုင်းတွင်ရှိသော ပြက္ခဒိန်များတွင် ရက်ရာဇာ၊ ပြဿဒါး၊ နဂါးလှည့် စသည်တို့မှာ ရေးပုဏ္ဏားများ ရေးခဲ့ခြင်းဖြစ်သည်။ နဂါးကြီး ဘယ်မှာမှ မရှိပါ။ အမေရိကန်နိုင်ငံတွင် လေယာဉ်ပျံများ အရပ်ရှစ်မျက်နှာသို့ နာရီဝက်တစ်စင်း ထွက်သည်။ မီးရထားများလည်း အရပ်ရှစ်မျက်နှာသို့ နိုင်ငံတိုင်း ခုတ်မောင်းကြသည်။ နဂါးကြီးတောင်လှည့်၍ မြောက်ကိုသွား၍ သေရမည်ဆိုလျှင် လူတစ်ယောက်မျှ ရှိမည်မဟုတ်ချေ။ သက်သက် ထွင်ထားခြင်း ဖြစ်သည်။ ယုံကြည်ရန် မဟုတ်ပါ။ ဘုရားကိုသာ ယုံကြည်ပါ။ သီလကိုသာ ယုံကြည်ပါ။

တစ်ရံရောအခါ မြစ်ကမ်းရှိ ရွာကြီးတစ်ရွာတွင် ကိုင်းလုပ်သော သားအဖနှစ်ယောက်ရှိသည်။ ကိုင်းထဲမှာ ဟင်းသီး၊ ဟင်းရွက်အမျိုးမျိုး၊ ဘူးသီး၊ ခရမ်းသီး၊ ပဲသီးမှစ၍ မြေထွက်ကုန်များစွာ စိုက်ပျိုးကြသည်။ အသီးအနှံများ ကြီးရင့်သောအချိန်တွင် ခူး၍ မြို့သို့ လှေဖြင့်သွား၍ ရောင်းချကြသည်။

တစ်နေ့သောအခါ သားဖြစ်သူက အဖေအား တိုင်ပင်သည်။ “အဖေ၊ နက်ဖြန်ကို ကျွန်တော်တို့ ကုန်စိမ်းတွေယူပြီး ဈေးသွားရောင်းရအောင်”ဟု ပြောသည်။ ထိုအခါ အဖေလုပ်သူက “ငါ့သား၊ နက်ဖြန်ခါ ပြဿဒါးနေ့ ဖြစ်သည်။ သန်ဘက်ခါမှ သွားပါ” ဟု ဆိုသည်။ သို့ရာတွင် သားလုပ်သူက ခေါင်းမာသည်။ “အဖေ၊ ကုန်ဆိုသည်မှာ စောစောရောက်မှ ဈေးကောင်းကောင်း ရသည်။ သူများအရင်ရောက်မှ ဈေးကောင်းရမည်။ သူများတွေပို့မှ ကိုယ်လည်းပို့လျှင် ကုန်တွေအရောက်များပြီး ဈေးကျသွားသည်။ အဖေ သိပါသည်။ ဒါကြောင့် ကျွန်တော်တို့ ကုန်စိမ်းတွေကို အခြားသူတွေ မရောက်ခင် နက်ဖြန် စောစောသွားမည်”ဟု အကျပ်ကိုင်သည်။

နောက်တစ်နေ့ ပြဿဒါးနေ့ ရောက်သောအခါ သူတို့သည် ကုန်စိမ်းများကို လှေတစ်စီး အပြည့်တင်၍ လှော်ခတ်သွားကြသည်။ ထိုအချိန်မှာ မိုးဦးကျချိန် ဖြစ်သဖြင့် လေများ မကြာခဏ လာသည်။ နံနက် ၆ နာရီလောက်တွင် လေမုန်တိုင်းကျသဖြင့် လှေမှောက်သွားသည်။ ဟင်းသီးဟင်းရွက်များ ရေထဲ၌ မျောသွားသည်။ သားအဖနှစ်ယောက်သည် လှေကိုတွယ်၍ ကမ်းသို့ ကူးလာသည်။ လှေကိုသောင်စပ်၌ ဆွဲတင်ပြီးသောအခါ မောမောပန်းပန်းနှင့် အနားယူနေကြသည်။

အဖေလုပ်သူက မကျေမနပ်နှင့် ဒေါပွလာသည်။ “မင်းကို ငါ ပြောသားပဲ။ ပြဿဒါးနေ့ကြီး မသွားပါနဲ့၊ ကဲ–အခုတွေ့ပြီမဟုတ်လား။ တို့ဟာတွေ ကုန်ပြီ”ဟု သူ့သားကို အပြစ်တင်သည်။ “မင်းလောက် မိုက်တဲ့သူ မရှိ”ဟု ကြိမ်းဝါးလိုက်သည်။ ထိုအခါ သားလုပ်သူက “အဖေရယ် ထားပါတော့၊ ဟိုအထက်မှာ ဘုန်းတော်ကြီးတစ်ပါးလည်း လှေမှောက်၍ လှေနှင့်တကွ လူတွေပါ ကျွန်တော်တို့လို ကမ်းပေါ်ကို ရောက်နေပြီ။ သွား၍ စုံစမ်းရအောင်”ဟု ခေါ်၍သွားကြသည်။

**လမ်းသစ်စာအုပ်တိုက်**

ထိုလေ့ကို ရောက်သောအခါ ဘုန်းတော်ကြီးကို သားလုပ်သူက စုံစမ်းသည်။ "ဘုန်းတော်ကြီးဘုရား၊ မည်သည့်နေ့က လေ့ထွက်လာပါသလဲ"ဟု လျှောက်ထားသည်။ ထိုအခါ ဘုန်းတော်ကြီးက "ငါတို့ ရက်ရာဇာမှာ ထွက်လာသည်"ဟု အမိန့်ရှိသည်။ ဒီတော့ သားလုပ်သူက သူ့အဖေအား "အဖေ စဉ်းစားကြည့်ပါ။ ရက်ရာဇာ ထွက်လာလည်း လေ့မှောက်ပါသည်။ ပြဿဒါးနေ့ထွက်တာလည်း လေ့မှောက်ပါသည်။ ပြဿဒါး၊ ရက်ရာဇာနှင့် မဆိုင်ပါ။ လေမုန်တိုင်းကျလျှင် မည်သူမဆို မှောက်မှာပဲ။ အဖေ့ပြဿဒါး ကြောင့် မဟုတ်ပါ"ဟု ပြောလိုက်သည်။

ထိုနေ့မှစ၍ အဖေလုပ်သူသည် ပြဿဒါး၊ ရက်ရာဇာ မယုံတော့ပေ။

အမှန်မှာ ခရီးသွားလျှင် ဂုဏ်တော်ကို ရွတ်ဖတ်ခြင်း၊ သံဗုဒ္ဓေဂါထာတော်ကို ရွတ်ဖတ်ခြင်းဖြင့်သာလျှင် ဘုရားဟောအတိုင်း ဖြစ်သည်။ ပြဿဒါး၊ ရက်ရာဇာ ဆိုသည်မှာ မည်သည့် ရှေးဗေဒင်ကျမ်းမှ မရှိ။ မြန်မာပြည်က ပုဏ္ဏားတွေ လုပ်သွားခြင်း ဖြစ်သည်။ နဂါးလှည့်ဆိုရာ၌ နဂါးကြီး ဘယ်ကျမ်းတွင်မှ ရှိသည် မပါပေ။ ထို့ကြောင့် ယုံသင့်မှ ယုံရသည်။

## သူကြီးမင်း

ရှေးက ရွာတစ်ရွာမှာ သူကြီးမင်းတစ်ဦး ရှိသည်။ သူက လူအေး၊ မိန်းမက အော်ကျယ်ကျယ်နှင့် အလွန် အာကြမ်းသည်။ သူကြီးမင်းက သူ့မိန်းမကို ကြောက်သည်။ သို့နှင့် ၁၀ နှစ်လောက်ကြာသော် သူများမြှောက်ပေး၍ မယားငယ်ယူထားပြီး ညတိုင်း သူ့မယားငယ်အိမ် သွားအိပ်သည်။ သူ့မိန်းမက စုံစမ်းနေရာ တစ်လကြာပြီ။ ဘယ်မှာ ဆိုတာ မသိ။

တစ်နေ့တော့ ရွာတောင်စွန်းက အိမ်တစ်အိမ်၌ ခိုင်လုံစွာ သတင်းရ၍ သူ့မိန်းမက ဟုတ်မဟုတ် သေချာအောင် ည ၉ နာရီ အိပ်ချိန်ကျတော့ အိမ်အောက်က ချောင်းပြီး စကားသံနားထောင်သည်။ တိုးတိုးပြောနေတာ သူကြီးမင်း ဟုတ်နေပြီဟု ဆိုသည်။ ဒီလိုနားထောင်တုန်း သူကြီးမင်းက သူ့မယားငယ်လေးကို 'ဓီးဖြူဖန်ခါးသာဆိုလျှင် နင့်တစ်ကိုယ်လုံး ငုံထားပါရဲ့'ဟု ချွဲသည်။ ဒီတော့ သူ့မိန်းမက မခံနိုင်လွန်း၍ အော်ပြောပြီး ပြန်သွားသည်။

သူ့မိန်းမ စကားကတော့ "သူကြီးမင်းရေ၊ တစ်ကိုယ်လုံး မငုံနိုင်လည်း ငုံနိုင်တာလေးပဲ ငုံထားတော့ပေါ့တော်"ဟူ၏။

## ငွေမျက်နှာ

ရှေးက အညာဒေသ မိုးခေါင်ရေရှား ရွာတစ်ရွာက လူတစ်ယောက်သည် အောက်ပြည်သွားပြီး တစ်မိုး၊ တစ်နွေ၊ လယ်ကူလီလုပ်ရင်း ငွေစုမည်ဆိုပြီး သူ့မိန်းမနှင့် တိုင်ပင်တော့ မိန်းမက သဘောတူသည်။ သို့သော် တစ်နှစ်နီးပါး ကြာတော့ ငွေလည်း မစုမိဘဲ ငှက်ဖျားမိလာပြီး အိမ်ပြန်လာသည်။

**လမ်းသစ်စာအုပ်တိုက်**

အိမ်ရောက်တော့ အိမ်ပေါက်ဝ လှေကားထိပ်တံခါးမှာ ခြေဆင်းပြီး အဖျားတက်နေသည်။ ပြီးတော့ "မိန်းမရေ အဖျားတက်တယ်။ ရေနွေးအိုးတည်စမ်းပါ။ ငါ့မှာလည်း ဘာငွေစမှ ပါမလာဘူး"ဆိုသည်။ မိန်းမက ဆောင့်အောင့်ပြီး သူ့ကိုကျော်လွှား၍ အောက်ဆင်း ရေခပ်၊ ပါးစပ်ကလည်း တတွတ်တွတ် ပြောနေသည်။

နောက်နှစ်ရောက်တော့ မိန်းမက သဘောတူ၍ အောက်ပြည်သွား အလုပ်လုပ်၊ တစ်နှစ်နီးပါးရှိတော့ ငွေ ၃၀၀ ကျပ် စုမိသည်။ ဒါနှင့် ငွေဒင်္ဂါးသုံးရာကို ဝါးဆစ်ထဲ ထည့်ပြီး ဝါးတောင်ဝှေးလုပ်ပြီး ယူလာသည်။

အိမ်ပြန်ရောက်တော့ ဒီလိုပဲ ဖျားချင်ယောင်ဆောင်ပြီး လှေကားဝမှာ ခြေဆင်း၍ "မိန်းမရေ ဖျားတယ်ဟ၊ ရေနွေးတည်ပေးစမ်းပါဦး" ပြောသည်။ မိန်းက စိတ်ကောက်ကောက်နဲ့ "ထင်းမရှိဘူး တော်ရေ့"လို့ ပြောသည်။

ဒီတော့ ယောက်ျားက "ထင်းမရှိလည်း ငါ တောင်ဝှေးလုပ်လာတဲ့ ဝါးလုံးကလေး ခွဲသုံးပါကွာ"ဆိုတော့ ဆောင့်အောင့်ပြီး မိန်းမက သူ့ပေါ်မှ ကျော်သွားသည်။ အောက်ရောက်တော့ ဝါးလုံးက လေးနေ၍ ခွဲဖြတ်ကြည့်ရာ ငွေဒင်္ဂါးသုံးရာပါတာ တွေ့၍ ထုတ်လာပြီး ဝါးလုံးကလေးဆွဲရင်း ရေနွေးကျိုဖို့ တက်လာသည်။ တံခါးအပေါက် ရောက်တော့ "ရှင့်ပေါင်ကြီး ဖယ်ပါဦး၊ ရေနွေးကျိုမလို့"ပြောသည်။

ယောက်ျားက "ခုနလိုပဲ ကျော်သွားပါအေ"လို့ပြောတော့ မိန်းမက "ကျွန်မကို ငရဲမပေးပါနဲ့"ဆိုပြီး ခြေထောက်ကို ဖယ်မ၍ အိမ်ထဲဝင်သွားကာ ရေနွေးတည်သော ဟူ၏။

မိန်းမဆိုတာ...။

## ပြောင်းဖူးခိုးတဲ့ ဘိုးသူတော်

ဘိုးသူတော် ဆိုသည်မှာ ဝတ်ကြောင်ကို ပယ်၍ ဝတ်ဖြူစင်ကြယ် ဝတ်ကာ ငါးပါးသီလ ခါးဝတ်ပုဆိုးကဲ့သို့ မြဲစေလျက် ရဟန်းကျောင်းများတွင် ကုသိုလ်တရား ရှာမှီးသူ ဖြစ်ပေသည်။

တစ်ရံရောအခါ ဘိုးသူတော်တစ်ယောက်သည် တောင်ယာတောခင်းနား ရောက်သောအခါ ဖူးနေသော ပြောင်းဖူးခင်းကို တွေ့သဖြင့် သူ၏ဥစ္စာ မခိုးပါဟူသော သိက္ခာပုဒ်ကို ပစ်ပယ်လျက် ပြောင်းဖူးများကို ဝင်၍ ခိုးလေသည်။

ပြောင်းဖူးများမှာ အစေ့စုံစွာမရှိ၊ ကျဲတဲတဲနှင့် စားမရဖြစ်နေသဖြင့် အလွန်စိတ်ဆိုးလျက် 'ပြောင်းဖူးပင်နယ် အစေ့စုံအောင် မဖူးဘူး'ဟူ၍ ရွတ်ဆိုလိုက်လေသည်။

ထိုအခါ ပြောင်းဖူးပင်က "ဖိုးသူတော်၊ မိုးမရွာတာလည်း ကြည့်ပါဦး" ပြောပြသဖြင့် ဘိုးသူတော်က တစ်ဖန် "မိုးကလည်း မတရားဘူး၊ ခေါင်လိုက်တာ လွန်ရော"ဟု မိုးကို အပြစ်တင်ပြန်လေသည်။

**လမ်းသစ်စာအုပ်တိုက်**

ထိုအခါ မိုးနတ်သားက ကြား၍ "မိုးခေါင်မှာပေါ့၊ သူတော်ကောင်းလုပ်တဲ့ ဘိုးသူတော်တောင် ပြောင်းဖူးခိုးနေတာပဲ"ဟု ပြန်ပြောလိုက်လေသည်။

ထိုအခါမှ ဘိုးသူတော် သတိရပြီး "အင်း...ဟုတ်သားပဲ။ ငါလည်း သူတော်ကောင်းဆိုပြီး ခိုးနေတာကိုး၊ ငါကအစ မကောင်းတာပါလား"ဟု ရွတ်ဆိုလျက် ပြောင်းဖူးခင်းက ထွက်ခွာသွားလေတော့သည်။

ဤပုံပြင်မှာ လူတို့အကျင့်ပျက်၍ မိုးလေမမှန်၊ မိုးလေမမှန်၍ မြေဆီသြဇာမရှိ၊ မြေသြဇာမရှိ၍ သစ်သီးသစ်ဖု ရသာမရှိ၊ စိုက်ပျိုးခင်းပျက်စီး၊ လူတို့တွင် ဒုက္ခရောက်၊ ရောဂါအန္တရာယ်များလျက် အသက်တိုတတ်ခြင်းကို ပြပေသည်။

## ဘုန်းကြီးပေါက်ဆိန်

ရှေးအခါက ဦးဓမဆိုသော အလွန်တရားဟောကောင်းသည့် ဘုန်းတော်ကြီး တစ်ပါး ရှိခဲ့သည်။ ထိုအခါ အခြား ဘုန်းတော်ကြီးတစ်ပါးက သူ့ထက်သာအောင် ဆိုပြီးလျှင် 'ဓမ'မဟုတ်ဘဲ ဦးပေါက်ဆိန်ဟု အမည်မှည့်ထားသည်။

ဦးပေါက်ဆိန်သည် အလွန် တရားဟောကောင်းသည်။ အထူးသဖြင့် အဘုဘရှု ကိစ္စများတွင် လူရယ်လို့ ဖြစ်လာလျှင် အိုရမည်၊ နာရမည်၊ သေရမည်။ သေတာ အဆန်းမဟုတ်။ ယခုလာတဲ့ ဒကာ၊ ဒကာမတွေလည်း တစ်နေ့သေရမည်။ ဘုန်းကြီး ဦးပေါက်ဆိန်လည်း တစ်နေ့သေရမည်။ သေခြင်းတရားကို ရှောင်လွှဲ၍မရ။ ထို့ကြောင့် ငိုနေဖို့မလို။ အနိစ္စမမြဲ၊ သင်္ခါရသဘောအရ ဖြစ်လျှင်ပျက်မည် ဆိုသည့်အတိုင်း မွေးလျှင် သေမည်။ ထို့ကြောင့် မည်သူမျှ ရှောင်လွှဲ၍ မရသော တရားဖြစ်သည်။ ပူဆွေးငိုကြွေး နေ၍ အကြောင်းမထူး၊ မောရုံသာရှိမည်။ သေသူလည်း ပြန်၍ ရှင်လာသည်မဟုတ်။ မငိုဘဲနှင့် မမြဲသောတရားကို ဝိပဿနာရှုရမည်ဟု အသုဘရှုတိုင်း ဟောလေ့ရှိသည်။

လူတွေအားလုံးက အလွန်သဘောကျ၍ ဦးပေါက်ဆိန်တရား မှန်လှချည့်ဟု အလွန် ချီးကျူးကြသည်။

တစ်နှစ်လောက်ကြာသောအခါ ဦးပေါက်ဆိန်၏ တူအရင်းဖြစ်သော ရှစ်နှစ် အရွယ် ကျောင်းသားကလေးတစ်ယောက် သေဆုံးသည်။ ဘုန်းကြီးဦးပေါက်ဆိန်သည် ငိုချင်းချလေတော့သည်။

ဤအကြောင်းကို မြင်တွေ့ရသော ဒကာ၊ ဒကာမများက "အရှင်ဘုရား၊ လူတွေ သေလျှင် အားလုံးသေမျိုး ဖြစ်သည်ဟု အမြဲတမ်းတရားပြ၍ မငိုကြနှင့်ဟု အရှင်ဘုရားက အမြဲတမ်း ဆုံးမသည်။ ယခုတော့ အရှင်ဘုရားကိုယ်တိုင် ငိုကြွေးနေသည်မှာ သင့်ပါ သလား"ဟု လျှောက်ထားသည်။ ထိုအခါ ဘုန်းကြီးဦးပေါက်ဆိန်က "အရင်လူတွေ သေတာက ငါ့ဆွေမျိုးမဟုတ်ဘူးကွ။ အခုသေတာက ငါ့တူအရင်း ဖြစ်တယ်"လို့ပြောပြီး ငိုလေသည်။

ထို့ကြောင့် သမုဒယကြောင့် ဒုက္ခဖြစ်မြဲ လက်တွေ့ဖြစ်သည်။

**လမ်းသစ်စာအုပ်တိုက်**

အခန်း ၇

# ကျွန်ုပ်၏ အနန္တကျေးဇူးရှင် ဆရာသခင်များ

[ ၇ ]

## ဇီးပင်ကြီးဆရာတော် ဦးပညာ

ကျွန်ုပ် ရှင်သာမဏေဘဝဖြင့် မန္တလေးမြို့ အနောက်ပြင်၊ ညောင်ပင်ဈေးအနီးရှိ ဒီပဲယင်းကျောင်းတိုက်ကြီးတွင် နေထိုင်သည်။ ကျွန်ုပ်တို့နေသော ကျောင်းတိုက်နှင့် နီးကပ်နေသော ကျောင်းတစ်ကျောင်းတွင် ဇီးပင်ကြီးဆရာတော် ဦးပညာဟုခေါ်သော ဆရာတော်တစ်ပါးရှိသည်။ ဆရာတော်ကြီးသည် ထိပ်ပြောင်သည်။ ဆွမ်းခံ၍ ပိဏ္ဍပတ်ဆွမ်း ဘုဉ်းပေးသည်။ ပိဏ္ဍပါတ်ဆိုသည်မှာ ဆွမ်းဟင်းများကို ဟင်းခွက်အမျိုးမျိုးဖြင့် စားသောက်ခြင်း မပြုရ။ တစ်ခုတည်းသော သပိတ်၌သာလျှင် ဟင်းရော၊ မုန့်ရော၊ မည်သည့်ပစ္စည်းမဆို လှူဒါန်း၍ ရသမျှကို တစ်ခွက်တည်း သပိတ်ကို ကိုင်၍ စားသုံးရသည်။ အဓိပ္ပာယ်မှာ စားသော သပိတ်အပြင် အခြား အပိုဟင်းခွက် မရှိရ။ ရူတင် ၁၃ ပါးတွင် တစ်ပါးအပါအဝင် ဖြစ်သည်။

ဆရာတော်ကြီးသည် အလွန် ရုပ်ရည်သပ္ပာယ်သည်။ အသားဖြူသည်။ ဝဝတုတ်တုတ်ကြီး ဖြစ်သည်။ အလွန်ခန့်ညားသည်။ စာတတ်သည်။ တရားကောင်းစွာ ဟောတတ်သည်။ ကြည်ညိုသူများသည်။ ကျွန်ုပ်မှာ ကိုရင်လေးဘဝ ဖြစ်သဖြင့် ဆရာတော်များအား အမြဲတမ်း ရှိသေကြည်ညိုသူ ဖြစ်သည်။ တစ်နေ့တွင် ဆရာတော်ဦးပညာက ကျွန်ုပ်အား သူ၏အခန်းထဲသို့ ခေါ်၍ လက်မောင်းတွင် အပ်မြှုပ်ပေးသည်။

သူ၏အဆိုအရ အပ်သည် ဓားပြီးသည်၊ တုတ်ပြီးသည်ဟု ဆိုသည်။ အပ်ဆိုသည်မှာ အဝတ်ချုပ်သော အပ်မျိုးမဟုတ်၊ တစ်လက်မ လေးပုံတစ်ပုံလောက်ရှိသော သတ္တုချောင်းကလေး ဖြစ်သည်။ ဆေးဒါန်းအပ်ဟု ခေါ်သည်။ အပ်ကို လက်ဝဲ၊ လက်ယာနှစ်ဖက် လက်ရုံးဘေးတွင် မြှုပ်ပေးသည်။ အပ်မြှုပ်ပေးပြီးနောက် ဆရာတော်က သူ၏သင်တုန်းဓားယူ၍ ကျွန်ုပ်၏ လက်များကို တအားလှီးဖြတ်သည်။ အလွန်အံ့သြဖွယ်ကောင်းသည်မှာ လုံးဝနာကျင်ခြင်း၊ ပြတ်ခြင်း၊ သွေးထွက်ခြင်း မရှိချေ။

ကျွန်ုပ်သည် မည်မျှ ဝမ်းသာအံ့သြသွားသည်ကို ပြောမပြနိုင်ပါ။ ဓားပြီးဆေး၊ တုတ်ပြီးဆေး စသည်တို့ကို ရှေးခေတ်က လူများ အလွန် ယုံကြည်ကြသည်။ အားကိုးကြသည်။ ထို့နောက် တစ်နှစ်ခန့်ကြာသောအခါ အလွန်စာတတ်၍ တရားဘာဝနာ ပွားများသော ဆရာတော်ကြီး တစ်ပါးက ကျွန်ုပ်အား ဆုံးမတော်မူသည်။

'ကိုရင် မင်း အပ်ကို ထုတ်ပစ်လိုက်ပါ'ဟု အမိန့်ရှိသည်။ ထိုအခါ ကျွန်ုပ်က 'ဤအပ်သည် စွမ်းကြောင်း၊ သင်တုန်းဓားနှင့် လှီး၍ပင် မပြတ်ကြောင်း၊ အဖိုးမဖြတ်နိုင်အောင် တန်ဖိုးရှိသဖြင့် လွှင့်၍မပစ်နိုင်ကြောင်း' လျှောက်ထားသည်။

ဆရာတော်ကြီးက "အေး၊ မင်း ဓားပြီးသည်ဆိုလျှင် သူများက စမ်းလိမ့်မည်။ ဟုတ်၊ မဟုတ် အစမ်းခံရလိမ့်မည်။ ရန်များလိမ့်မည်။ မင်းလည်း ဓားပြတိုက်မည်မဟုတ်၊ ဘာမှ မကောင်းတာလုပ်သူ မဟုတ်၊ သူရှိလို့ ပိုနေသည်။ ရန်များဖို့သာ ရှိသည်။ အကယ်၍ မင်းကို မုန်းလာလျှင် ဓားနှင့် မခုတ်ဘဲ လူလေးငါးယောက် ဝိုင်းဖမ်း၍ မင်းကို အောက်ထိုးထားပြီးလျှင် ရေကန်ထဲနှစ်လျှင် မင်း သေလိမ့်မည်။ ဓားနှင့် မခုတ်ဘဲ ရေနှစ်သတ်လျှင် သေသည်။ ထို့ကြောင့် ဤအပ်ကို အားမကိုးပါနှင့်။ လွှင့်ပစ်ပါ။ မင်းသည် ဘေးရန်ကင်းရှင်းစေလိုသော် မေတ္တာသုတ်ကို အနက်အဓိပ္ပာယ် နားလည်အောင် ဖတ်ရှုပြီးနောက် နေ့တိုင်း မေတ္တာသုတ်ကို ရွတ်ဖတ်လျှင် လူ၊ နတ်ချစ်၍ အစစအရာရာ အောင်မြင်လိမ့်မည်"ဟု အမိန့်ရှိသည်။

ထို့ကြောင့် ကျွန်ုပ်သည် မေတ္တာသုတ်ကို ကျက်ရသည်။ အမြဲတမ်း ရွတ်ဖတ်သည်။ သို့ရာတွင် အပ်ကိုလွှင့်ပစ်ရန်မှာ အလွန်နှမြောသည်။ ငယ်လွန်းသူဖြစ်သဖြင့် လောက အကြောင်းကို မသိချေ။ ထို့နောက် အသက် ၁၆ နှစ်လောက် ရောက်သောအခါ ကိုရင်ဘဝမှ ကျောင်းသားအဖြစ် စာသင်နေသည်။

တစ်နေ့သောအခါ မန္တလေးမြို့ကြီးတွင် ပလိပ်ရောဂါ အကြီးအကျယ်ဖြစ်၍ မြို့သူမြို့သားများ တစ်မြို့တစ်ရွာသို့ မိဘဆွေမျိုးရှိရာသို့ ထွက်ပြေးကြရသည်။ ဆေးဝါး မရှိ ကြွက်တွေကျသည်။ လူတွေလည်း တဖုတ်ဖုတ် သေကြသည်။

ထိုအခါ ကျွန်ုပ်၏ ဆရာလည်းဖြစ်၊ ဦးလေးလည်းဖြစ်သော ဦးပွဲကျော်နှင့် သူ၏အမရှိရာ သဲတောခရိုင် ဟံစားမြို့ အရှေ့ဘက်ရှိ ကျောက်ပနားရွာသို့ ထွက်ပြေးခဲ့ကြသည်။

နွေရာသီရောက်လျှင် ပွဲလမ်းအမျိုးမျိုး၊ အလှူအမျိုးမျိုး လုပ်ကြ၍ တောနယ်များမှာ အလွန်စည်ကားသည်။

တစ်နေ့သောအခါ လူကြီးများ စကားပြောရာတွင် နားထောင်နေသည်။ ထိုအချိန်၌ ဟံစားမြို့မှ အသက် ၂၂ နှစ်ခန့်ရှိ သန်းမောင်ဆိုသူ တစ်ယောက်သည် ဓားပြီးကြောင်း၊ မည်မျှပင် ခုတ်စေ၊ ထိုးစေ မပေါက်ကြောင်း၊ ပြီးကြောင်း ပြောကြသည်။ အံ့သြစရာ ကောင်းကြောင်း ပြောကြသည်။ ထို့ကြောင့် ဘုရားပွဲ၊ ကျောင်းပွဲရှိလျှင် သန်းမောင်ကို ခေါ်၍ ပွဲထိန်းရသည်။ ပွဲထိန်းသည်ဆိုသည်မှာ အမူးသမားများ၊ လူမိုက်များ၊ ရှုပ်ရှုပ်ပွေပွေ အော်ကြ၊ ဟစ်ကြ၊ ရန်စမှုမျိုး မရှိရအောင်ဖြစ်သည်။

သန်းမောင်မှာ အခါပေါင်းများစွာ ဓားခုတ်ခံရ၍ အထိအရှ မရှိသောကြောင့် တစ်နယ်လုံးက သူ့ကို ကြောက်ကြသည်။ သူပါလျှင် ပွဲငြိမ်သည်။ အေးသည်။ အေးအေး ဆေးဆေး ကြည့်ရသည်။ ဤကဲ့သို့ သန်းမောင်ဟူသော နာမည်ဖြင့် သဲတော၊ ဝမ်းတွင်း၊ ဟံဇာား စသော နယ်တစ်ဝိုက် ဟိုလေးတကျော် ဖြစ်ခဲ့သည်။

ထိုနှစ် ကျွန်ုပ်တို့ ကျောက်ပနားတွင် ရှိသောအချိန်တွင် သန်းမောင်သည် အခြား ရွာတစ်ရွာမှ သူ၏နေရာ ဟံဇာားမြို့သို့ ညဆယ်နာရီခန့်တွင် ပြန်လာသည်။ မြို့ဟု ဆိုသော်လည်း ထိုစဉ်အခါက ယင်းဟံဇာားမှာ မြို့ကြီးကဲ့သို့ မဟုတ်သေး။ ရွာကြီးမျှသာ ဖြစ်၍ ရှေးခေတ်ကအတိုင်း ရွာများတွင် သူခိုးဘေး၊ ဓားပြဘေးမှ လုံခြုံအောင် ရွာကို ပတ်၍ စည်းရိုးကြီးများ လုပ်ထားသည်။ ရွာဝင်တံခါးမကြီးကိုလည်း ဆူးတပ်အမျိုးမျိုး စိုက်၍ ကင်းစောင့်ရသည်။

ထိုနေ့ည ဆယ်နာရီလောက်တွင် သန်းမောင်သည် ဤမြို့တံခါးဝသို့အရောက် ကင်းသမားများကို 'တံခါးဖွင့်ပါ'ဟု ပြောစဉ်တွင် တစ်စုံတစ်ယောက်က နှစ်တောင်၊ သုံးတောင်ခန့်ရှည်သော သစ်ဓားမကြီးဖြင့် နောက်ကနေ၍ သူ၏ခေါင်း အလယ်ဗဟို တည့်တည့်ကို ခုတ်ချလိုက်သည်။ ခုတ်သောသူကလည်း သန်မာဟန်တူသည်။ ဓားမကြီး ကလည်း အလွန်ကြီးသဖြင့် တစ်ကြောင်း၊ ဓားပြီးသည်ဟု အလွန် ကျော်စောလှသော သန်းမောင်မှာ ခေါင်းထက်ခြမ်းကွဲ၍ ထိုနေရာတွင် ပွဲချင်းပြီး သေဆုံးသွားသည်။ လူမိုက် တို့သွားရာလမ်းအတိုင်း ဖြစ်သည်။

ဤကိစ္စကို ကျွန်ုပ် ကြားသိရသောအခါ ယခင်ဆရာကြီးက ဤဓားပြီးသောအပ်ကို လွှင့်ပစ်လိုက်ဆိုသည့်အတိုင်း ကိုယ်တွေ့ကြုံသောကြောင့် ထုတ်၍ လွှင့်ပစ်လိုက်သည်။

မေတ္တာသုတ်ကိုသာလျှင် ဘေးရန်ကင်းအောင် အားကိုးခဲ့သည်။ မင်္ဂလာတရား တော်၌ ပညာရှိကို မှီဝဲဆည်းကပ်ရမည်ဟု ဆိုသည့်အတိုင်း ကျွန်ုပ်သည် သူတော်ကောင်း ဆရာသမားများ၏ ဂုဏ်ကျေးဇူးဖြင့် ဘေးအမျိုးမျိုးမှ လွတ်ကင်းခဲ့ရသည်။

ဆရာတော်ဦးပညာ၏ မေတ္တာစေတနာသည် သူ့ဘက်ကကြည့်လျှင် မှန်ကန်သည်။ သို့ရာတွင် အပ်ကိုထုတ်ပစ်ရန် အမိန့်ရှိသော ဆရာတော်၏ အယူအဆလည်း သူ့နည်း သူ့ဟန်ဖြင့် မှန်ကန်ခဲ့ကြောင်း တွေ့ရသည်။

ပညာရှိကို မှီဝဲခြင်းဖြင့် လက်တွေ့ အကျိုးခံစားရခြင်း ဖြစ်သည်။

## ဇီးပင်ကြီးဆရာတော်

ကျွန်ုပ်သည် ဆရာတော်ဘုရားထံမှ သူများပြော၍ မယုံနိုင်သော အကြောင်းအရာ တစ်ခုကို ကြားခဲ့ရသည်။ ဇီးပင်ကြီး ဆရာတော်သည် ပေါင်းတည်မြို့က ဖြစ်သည်။ မန္တလေးတွင် စာသင်ပြီးနောက် မေမြို့အနီး ဇီးပင်ကြီးတွင် ကျောင်းထိုင်ပြီးလျှင် မန္တလေး မြို့ကို ကြွရောက် နေထိုင်သည်။

ထိုခေတ်က အင်္ဂလိပ်ခေတ် ဖြစ်သဖြင့် ဂုဏ်ပကာသနမက်၍ ပညာရှိသူက

ပညာမဲ့သူကို အထင်သေးသည်။ ငွေကြေး ချမ်းသာသူက ဆင်းရဲသောသူကို အရေး မလုပ်။ အဖက်မတန် လုပ်ကြသည်။ ကျွန်ုပ်ကိုယ်တိုင်ပင် ငယ်စဉ်က အဖေသေဆုံးပြီး အိမ်နှင့်ဂိုဒေါင် အပါအဝင် လှောင်ထားသော ပစ္စည်းများပါ မီးလောင်၍ မွဲသွားသည်။ ထိုအခါ လူအများက အရေးမလုပ်ချင်၊ အဖက်မတန် လုပ်လာသည်။ ထိုအကြောင်းသိ၍ ကျွန်ုပ်အမေက ပြောပြသည်မှာ 'လူ့ဘဝဆိုတာ မျက်နှာကြီးရာ ဟင်းဖတ်ပါဆိုသလို ဖြစ်သည်။ ငါသား ဘာမှ မပူနှင့်၊ လူတို့ထုံးစံ ဖြစ်သည်။ လူချမ်းသာ သားသမီးများ လေလည်လျှင် ဒါမှ ကျန်းမာသည်ဟု လူတွေက ချီးမွမ်းကြသည်။ ဆင်းရဲသောသူ၏ သားသမီး၊ ကလေးများ လေလည်လျှင် အလွန်အစားပုပ်တဲ့ ကောင်ကလေးဟု ပြောစမြဲ ဖြစ်သည်'ဟု ဆုံးမသည်။

ကျွန်ုပ်သည် ဤပုံပြင်ကို တစ်သက်မမေ့ချေ။ ဤကဲ့သို့ လူလူချင်း အဖက်မတန် ပြုလုပ်ခဲ့သည့်အတိုင်း စကားစပ်မိ၍ ဆရာတော်ကို လျှောက်ထားသည်။ ထိုအခါ ဆရာတော်က အောက်ပါ သူ၏ကိုယ်တွေ့ ဖြစ်ပျက်ခဲ့သော ဇာတ်လမ်းကလေးကို ပြောပြသည်။ သူပြောသည့်အတိုင်း စကားပြောပုံဖြင့် ဖော်ပြလိုက်ပါသည်။

"ဒီလိုပဲ တပည့်ရာ လူဆိုတာ အများအားဖြင့် မေတ္တာ၊ ကရုဏာ နည်းတယ်။ ကိုယ်ချင်းစာမှု နည်းတယ်။ သူတို့ရှိတာလေး တစ်သက်မပျက်စီးကြဘူးလို့ ထင်ကြတယ်။ ရာထူးရှိတဲ့ သူကလည်း ငါလိုလူမရှိဟု ထင်ကြတယ်။ ငွေကြေးချမ်းသာသူကလည်း ငါလိုလူမရှိဘူးဟု ထင်ကြတယ်။ သူတို့ကိုယ်သူတို့ ပျက်စီးမှု မရှိဘူးလို့ ထင်ကြတယ်။ ငါ လူပျိုတုန်းကပေါ့။ အသက် ၂၀ လောက်ပဲ ရှိမယ်"

"ငါတို့ ပေါင်းတည်မြို့မှာ ဆန်စက်ပိုင်ကြီးတစ်ယောက်က သူ့သားနှစ်ယောက် ကို ရှင်ပြုတယ်။ ဒီရှင်ပြုပွဲမှာ မဏ္ဍပ်နှစ်ခု ထိုးထားတယ်ကွ။ မဏ္ဍပ်တစ်ခုကတော့ ခမ်းခမ်းနားနား၊ မြို့ပေါ်က ချမ်းသာသူတွေ ကျွေးမယ်။ စားပွဲနဲ့ ကုလားထိုင်နဲ့ပေါ့။ သူတို့ကို ဝက်သားဟင်းနဲ့ ကျွေးမယ်။ တောသူတောင်သား ဆင်းရဲသားအတွက်ကတော့ တစ်နေရာမှာ မဏ္ဍပ်တစ်ခု ထိုးထားတယ်။ ဒီမဏ္ဍပ်မှာ မြေကြီးပေါ် ထိုင်စားရတယ်"

"ဒီဆင်းရဲသားတွေကိုတော့ အမဲသားဟင်းနဲ့ ကျွေးမယ့် အစီအစဉ် လုပ်ပြီးပြီ။ ဒီကိစ္စကို တို့ကာလသားတစ်စု ကြားတဲ့အခါ မခံချင်ကြဘူး။ ဒါနဲ့ ငါခေါင်းဆောင်ပြီး တော့ ကာလသားတွေကို အစည်းအဝေးခေါ်တယ်။ ဒီလိုအလှူရှင်က ဆင်းရဲ၊ ချမ်းသာ ရွေးပြီး ဝက်သားဟင်း၊ အမဲသားဟင်း တစ်မျိုးစီကျွေးတာ ငါတို့ လုံးဝမကြိုက်ဘူး။ ဘယ်လိုလုပ်ကြမလဲ စည်းဝေးကြတယ်"

"ဒီတော့ ငါက ပြောတယ်။ တို့ဝက်တစ်ကောင်ပေါ်မယ်။ ငွေထည့်ကြ။ အဲဒီငွေ ရလျှင် ဝက်တစ်ကောင်ပေါ်ပြီး နက်ဖြန်အလှူလုပ်မယ့်နေ့ နံနက် ၅ နာရီကစပြီး လမ်းဆုံလမ်းခွမှာ ငှက်ပျောဖက်တွေ ခင်းမယ်။ နောက် ထမင်းချက်၊ ဝက်သားဟင်းချက်ပြီး လမ်းဆုံလမ်းခွတွေမှာ ထမင်းပေါ် ဝက်သားဟင်းတွေပုံပြီး ခွေးတွေကို ခေါ်ပြီး ကျွေးမယ်။ အလှူရှင် မသိစေနဲ့ဆိုပြီး ဆုံးဖြတ်ကြတယ်"

**လမ်းသစ်စာအုပ်တိုက်**

"သူက ငါက အလှူငွေထည့်တာ ငွေ စဝ် လောက်ရတယ်။ နက်ဖြန် အလှူ လုပ်မယ်ဆိုလျှင် တို့ ဒီည ဝက်တစ်ကောင်ပေါ်ပြီး ဟင်းချက်တယ်။ နောက်တစ်နေ့ နံနက် ၅ နာရီကစပြီး လမ်းလေးခွမှ ငှက်ပျောဖက်ခင်းပြီး ထမင်းတွေပုံ အပေါ်က ဝက်သားဟင်းတွေပုံပြီး နောက် ခွေးတွေကို ခေါ်ကျွေး။ ဒီတော့ စက်ပိုင်သူဌေးက သူ့ တပည့်တွေနဲ့ တို့ကို ရန်လုပ်နိုင်တယ်"

"ဒီတော့ တို့က အလစ်မပေးနိုင်ဘူး။ အားလုံး ကာလသား ၂၀ ကျော်၊ လူ တစ်ယောက် ဓားမြှောင်တစ်ချောင်းစီ ခါးထိုးထားတယ်။ စက်ပိုင်က သူ့တပည့် ဆွေမျိုး တွေနဲ့လာပြီး တို့ကို ရန်လုပ်ရင် ဒါပဲ။ သူသေသေ၊ ငါသေသေ ဒီပွဲကို နွှဲကြရမယ်လို့ ဆုံးဖြတ်လိုက်တယ်"

"ဆုံးဖြတ်တဲ့အတိုင်း ခွေးတွေ ကျွေးတဲ့အခါ တစ်မြို့လုံး အုံသြသွားပြီး စက်ပိုင် ကြီးကို သွားပြောကြတယ်။ ဒီတော့ စက်ပိုင်ကြီးက ပြေးလာတယ်။ တို့အခြေအနေကို သိတယ်။ တို့ကို ရန်လုပ်ရင် နင်တို့ကိုလည်း ဓားနဲ့ထိုးသတ်မယ်။ ဓားမြှောင်ကိုယ်စီနဲ့ သူမြင်တော့ သူကလည်း အလွန်ပါးတယ်။ တို့ကို ရန်မလုပ်ဘူး"

"ပြီးတော့ သူက ပြောတယ်။ အေး၊ မင်းတို့ ကာလသားတွေ ကျေနပ်အောင် တောက လူတွေကိုလည်း ဝက်သားဟင်းနဲ့ ကျွေးပါ့မယ်။ အမဲသား မဟုတ်ပါဘူး။ ကျေနပ်ပါ။ ဝက်သားဟင်းတွေပုံပြီး ခွေးကျွေးတာကိုလည်း လူများမြင်သွားရင် မကောင်း ပါဘူး။ အဲဒါကို ပြန်သိမ်းပေးပါဟု ပြောတယ်"

"တို့လည်း တို့ကြိုက်တာရတော့ သိမ်းပေးလိုက်တယ်။ အဲဒီအလှူမှာ မင်းကြီး ရော၊ သူဌေးရော၊ ဆင်းရဲသားရော၊ စက်ပိုင်ကြီးက ဝက်သားဟင်းနဲ့ ကျွေးတယ်"ဟု အမိန့်ရှိသွားသည်။

ကျွန်ုပ်သည် ဆရာတော်ကို အလွန်ကြည်ညိုသွားသည်။ တကယ် လူတန်းစား မခွဲခြားသော စိတ်ဓာတ်ပြည့်ဝသည့် ဆရာတော်ပင် ဖြစ်ပါသည်။ အပြောမဟုတ် အလုပ် နှင့်သက်သေပြသော ဆရာတော်ကြီး ဖြစ်သည်။

## ဆရာတော် ဦးဝိဇ္ဇာဗလ

ကျွန်ုပ်သည် လက္ခဏာဆရာ ဖြစ်လာသောအခါ မေးမြန်းသူများက ဓာတ်ဆင် ဓာတ်ရိုက် ယတြာ စသည်တို့ကို ပြုလုပ်ပေးရန် တောင်းဆိုလာကြသည်။ အင်္ဂဝိဇ္ဇာ ကျမ်းများတွင်ပါသော မရေတွက်နိုင်သော နည်းအမျိုးမျိုး စာအုပ်ထဲတွင် ရှိသည်။ ဤနည်းမျိုးဖြင့် မိမိကိုယ်တိုင် ငယ်စဉ်ကစ၍ စမ်းသပ်လုပ်ကိုင်ခဲ့ရာ တစ်ခုမှ မအောင်မြင် ကြောင်း သိလာသည်။ ကုသိုလ် အကုသိုလ်သည် အရေးကြီးသည်။ ကုသိုလ်ပေးလျှင် ဘာမဆို ဖြစ်လာသည်။ အကုသိုလ်ရောက်လျှင် လူတိုင်း ဒုက္ခအမျိုးမျိုး ရောက်ကြရသည်။

မြတ်စွာဘုရားကိုယ်တော်မြတ်ပင်လျှင် ဝဋ်တော် ၁၂ ပါးရှိခဲ့သည်။ ဝမ်းတော်လား ခဲ့ရသည် စသည်ဖြင့် ဒုက္ခ ၁၂ မျိုးခံရသည်။ ရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီး

သည် တန်ခိုးအရာ ဧတဒဂ်ဘွဲ့ရသူ ဖြစ်သည်။ ဘုရားကလွဲလျှင် သုံးဆယ့်တစ်ဘုံ၌ တန်ခိုးအကြီးဆုံး ဖြစ်သည်။ နတ်တွေ၊ သိကြားတွေ၊ ဗြဟ္မာတွေပင် သူ၏ ဘုန်းကံကို မမီ။ သူ၏တန်ခိုးကို မမီခဲ့ချေ။ သို့ရာတွင် နောက်ဘဝတုန်းက မိဘများကို သတ်ခဲ့သော အကုသိုလ် ဝင်လာသောကြောင့် ခိုးသားငါးရာသတ်၍ ပရိနိဗ္ဗာန် ပြုခဲ့ရသည်။

တစ်နေ့သောအခါ မြတ်စွာဘုရားသခင်သည် နံနက်လေးနာရီ၌ အာရုံပြု၍ လောကဓာတ်ကို ကြည့်ရှုဆင်ခြင်ရာ သာကီဝင်မင်းမျိုးများအား ဝိဋဋူပမင်းက တပ်ထောင်တာမိုလ်ထုနှင့် သတ်ဖြတ်ရန် လာနေသည်ကို တွေ့ရသည်။ ထို့ကြောင့် မြတ်စွာဘုရားသခင်သည် နံနက်မိုးသောက်သောအခါ ဝိဋဋူပမင်းလာမည့် နန်းတော်တံခါးဝ လမ်းဘေးရှိ ခြောက်သွေ့၍ အရွက်မရှိသော ထနောင်းပင်အောက်တွင် ထိုင်၍ နေတော်မူသည်။ ဝိဋဋူပမင်းသည် နေထွက်ပြီးသောအခါ ကပ္ပိလဝတ်ပြည် မရောက်ခင် ဘုရားကိုယ်တော်နှင့် လမ်းမှာတွေ့ကြုံ၍ ဘုရားကို ဝင်ရောက်ဖူးမြော်သည်။ တပ်တွေအားလုံး ရပ်ဆိုင်းထားသည်။ ထိုအခါ နေထွက်လာပြီး နေပူစပြုလာပြီ။ ဝိဋဋူပမင်းက မြတ်စွာဘုရားအား ဤသို့ လျှောက်၏။

"အရှင်မြတ်ဘုရား ယခု နေပူလာပါပြီ။ ဤအရိပ်မရှိသော ထနောင်းပင် အခြောက်ကြီးမှ လမ်းတစ်ဖက်မှာရှိသော အရိပ်အာဝါသနှင့် ပြည့်စုံ၍ အေးမြလှသော ညောင်ပင်ကြီးအောက်သို့ ပြောင်းရွှေ့၍ သီတင်းသုံးတော်မူပါဘုရား"ဟု လျှောက်ထားသည်။

ထိုအခါ မြတ်စွာဘုရားက "ဝိဋဋူပမင်း။ ငါသည် သစ်ပင်ရိပ်၌ ထိုင်သည် မဟုတ်။ ဆွေမျိုးအရိပ်၌ ထိုင်ခြင်းဖြစ်သည်"ဟု မိန့်တော်မူသည်။ ထိုအခါ ဝိဋဋူပမင်း ဆင်ခြင်မိသည်မှာ မြတ်စွာဘုရားသခင်သည် သူ၏ ဆွေတော်မျိုးတော်များကို သတ်ဖြတ်ခြင်း မပြုစေလိုသောကြောင့် ဤကဲ့သို့ အမိန့်ရှိကြောင်း၊ မြတ်စွာဘုရားကို ကြည်ညိုသောအားဖြင့် ရှေ့သို့ ဆက်လက်၍ ချီတက်ခြင်းမပြုတော့ဘဲ မြတ်စွာဘုရားကို ကန်တော့ပြီးလျှင် နေပြည်တော်သို့ တပ်ခေါက်၍ ပြန်သွားသည်။

နောက်တစ်နှစ်ကြာသောအခါ ဤကဲ့သို့ပင် ဝိဋဋူပမင်းသည် သာကီဝင်များကို သတ်မည်ဟူ၍ ကပ္ပိလဝတ်ပြည်သို့ တပ်ပေါင်းများစွာနှင့် ချီတက်လာပြန်သည်။ ထိုအခါ မြတ်စွာဘုရားသခင်သည် ယခင်ကကဲ့သို့ပင် လမ်းမှဆီး၍ ဆွေတော်မျိုးတော်များအသက်ကာကွယ်ပြန်သည်။

တတိယအကြိမ် ဝိဋဋူပမင်းသည် သတ်မည်ဟု လာပြန်သောအခါ ဘုရားသခင်သည် ဤသို့ ဆင်ခြင်တော်မူ၏။

'ငါ၏ ဆွေတော်မျိုးတော်များသည် အဘယ်ကဲ့သို့သော အကုသိုလ် ပြုလုပ်ခဲ့သဖြင့် သူတို့အား သတ်မည့်သူ ပေါ်ပေါက်ခဲ့သလဲ'ဟု အတိတ်ကို ပြန်၍ ကြည့်သည်။ 'ဘဝတစ်ခုတွင် ဆွေတော် မျိုးတော်အားလုံးသည် အင်းကြီးတစ်ခုကို မှီ၍ တံငါသည်အလုပ်ဖြင့် အသက်မွေးကြသည်။ တစ်နေ့သောအခါ အင်းထဲတွင် ခပ်ဆေးထည့်၍ အင်းထဲရှိ ငါးအားလုံးကို သေစေခဲ့သည်။ ထိုအကုသိုလ်ကံကြောင့် ယခု သူတို့လည်း

အသတ်ခံရလိမ့်မည်။ ငါဘုရား ကယ်တင်၍ မရနိုင်'ဟု မြင်တော်မူသောကြောင့် ဤတတိယအကြိမ်တွင် ဝိတဒူပမင်း ချီတက်လာသည်ကို ယခင်ကကဲ့သို့ တားဆီးမှုမလုပ်တော့ချေ။ သာကီဝင်မင်းများစွာ အသတ်ခံရသည်။

အတိတ်က အိုင်ကြီးထဲမှ ဆွေတော်မျိုးတော်များ ငါးတွေရ၍ ခုတ်ကြ၊ ထစ်ကြ၊ ရောင်းဝယ်စဉ်က ဘုရားအလောင်းတော်သည် ရှစ်နှစ်သားအရွယ် ဖြစ်သည်။ ငါးများကို ခုတ်ဖြတ်သောအခါ ကံအားလျော်စွာ သူကိုယ်တိုင် မပါခဲ့ချေ။ သို့ရာတွင် မိဘဆွေမျိုးများ ငါးတွေရသဖြင့် သူသည် အလွန်ပျော်သောကြောင့် ကခုန်သီချင်းဆိုခဲ့သည်။ ဤကဲ့သို့ သူများအသက် သတ်ရာ၌ ပျော်ရွှင်ခဲ့ဖူးသောကြောင့် ယခု ဘုရားဖြစ်လာတော်မူသောအခါ ဝံစ်ခါတစ်ခါ ခေါင်းကိုက်သော်ရောဂါ ဖြစ်သည်။ အကုသိုလ်ကို မည်သူမှ တားဆီးမရကြောင်း နားလည်သည်။

ဓာတ်ရိုက်၊ ယတြာ၊ အင်္ဂဝိဇ္ဇာ ကိုးစောင်တွဲကို ရေးသွားတော်မူသော မတလုံးကျေးဆရာတော်ခင်ကြီးဖျော် ကိုယ်တိုင်ပင်လျှင် အသက်မရှည်ဘဲ ၃၇ နှစ်တွင် ပျံလွန်တော်မူသည်။ အကယ်၍သာ ယတြာလုပ်၍ရလျှင် လောကကြီး၌ သူ မတတ်တာ၊ မသိတာ၊ သူ နားမလည်တာ ဘာမှမရှိ။ မတတ်မသိ ဟူသမျှ မရှိသောကြောင့် 'မတလုံးကျေးဆရာတော်ဘုရား'ဟု ရာဇဝင်တွင် ဟိုးလေးတကျော် ဖြစ်ခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်သည် ယနေ့အထိ အကုသိုလ်ကြောင့်ဖြစ်သော လက္ခဏာ၊ ဇာတာတွင် ပါသည်များကို ဘဝကူးကောင်းရုံသာ သီလစောင့်ထိန်းပါ၊ ပုတီးစိပ်ပါ၊ ဘာဝနာပွားပါဟုသာ ညွှန်ကြားသည်။

နိယာမတရားငါးပါးကို မည်သူမှ ပြုပြင်၍ မရနိုင်။ ကမ္မနိယာမ ဟူသည့်အတိုင်း ကောင်းသောအမှုကို လုပ်ခဲ့လျှင် ကောင်းကျိုးရမည်။ ဆိုးသောကံကို လုပ်ခဲ့လျှင် ဤဘဝ၌ ဆိုးကျိုးခံရမည်ဟု နားလည်ထားသည်။

ထို့ကြောင့် အင်္ဂဝိဇ္ဇာ ကျမ်းအတိုင်း ဘယ်ဟာကို ဘယ်လိုလုပ်ဟု မဆိုချင်၊ တကယ်ထူးခြားသော ပညာရက ကောင်းမည်ဟု ရည်စူး၍ ရှာဖွေခဲ့သည်။

တစ်နေ့သောအခါ မိတ်ဆွေစစ်ဗိုလ်တစ်ဦးက ပြည်မြို့ ရတနာမန်အောင်တောရဆရာတော်ဘုရား၏ ထူးခြားသော ပညာရပ်များအကြောင်းကို ကြားသိရ၍ ဆရာတော်ဘုရားထံ အဖူးမြော် သွားခဲ့သည်။ 'မိမိနှင့် ထိုက်တန်သော ပညာရပ်များ ရပါစေ'ဟုလည်း ဘုရားမှာ ဆုတောင်းသွားသည်။

ဆရာတော်ဘုရားအား ခုနစ်နှစ်သားကစ၍ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးများက ပညာမျိုးစုံ ပေးခဲ့သည်။ မည်သူမှမသိ၊ သူ၏မယ်တော်ကြီးထံမှသာ သိရသည်။ ဆရာတော်ကြီးက သူ မည်မျှတတ်ကြောင်း၊ အောင်မြင်ကြောင်း တစ်ခါမှ အမိန့်မရှိပါ။ ဆရာတော်သည် ကျွန်ုပ်နှင့် မတွေ့ခင် ကိုးနှစ်တိတိ ဆွမ်းမစားဘဲနေသည်။ ငယ်စဉ် ကိုရင်ဘဝကစ၍ နိသစ်ရွတင်ယူသည်။ ရူတင်မှာ လုံးဝမအိပ်ရ၊ ကြမ်းနှင့်ကျော မထိရ၊ ထိုင်လျက်ရပ်လျက်သာ နေရသည်။ ယနေ့အထိ ဆောက်တည်သည်။

**လမ်းသစ်စာအုပ်တိုက်**

ကျွန်ုပ်၏မိတ်ဆွေ စစ်ဗိုလ်က သူ၏မိတ်ဆွေ စစ်ဗိုလ်တစ်ယောက်သည် အလွန်အရက်သောက်သည်။ ထိုအခါ သူ၏ဖခင်က သူ့သား အရက်ပြတ်စေရန် ဆရာတော်ဘုရား၏ကျောင်းသို့ပို့၍ တစ်လတိတိ ဒုလ္လဘရဟန်း ဝတ်ပေးသည်။ ဆရာတော်၏ကျောင်းသည် အမြဲတမ်း သက်သတ်လွတ်စားရသည်။ စစ်ဗိုလ်ရဟန်းပြု၍ လေးငါးရက်ကြာသောအခါ သူသည် စိတ်ညစ်လာသည်။ နေ့တိုင်း သက်သတ်လွတ် စားရ၍ ဖြစ်သည်။ တစ်နေ့သောအခါ ဆရာတော်က "မင်း ပျော်ရဲ့လား"ဟု မေးသည်။ ထိုအခါ ဒုလ္လဘရဟန်းက "တပည့်တော် မပျော်ပါ။ အမြဲတမ်းလည်း သက်သတ်လွတ် စားရသည်။ ပျင်းလည်း ပျင်းသည်"ဟု လျှောက်ထားသည်။

ဆရာတော်က "ပူမနေနဲ့၊ မင်း နက်ဖြန်ကျတော့ ပျော်လာပါလိမ့်မည်"ဟု ပြော၍ စက္ကူလေးတစ်ရွက်တွင် ဝလုံးလေးရေးပြီးနောက် စက္ကူကိုလုံး၍ ပြတင်းပေါက်အပြင်ဘက်သို့ ပစ်လိုက်သည်။

နောက်တစ်နေ့ အရုဏ်တက်၍ အလင်းရောက်သောအခါ အနီးအနားရှိ ရွာပေါင်းများစွာမှ အိုးစည်ဗုံမောင်းများ၊ အကအခုန်များနှင့် ဆွမ်းပို့လာကြသည်။ အဖွဲ့လိုက်အဖွဲ့လိုက် လာကြသည်။ ကျောင်းတွင် အလွန်စည်ကား၍ ဟင်းမျိုးစုံဖြင့် ပြည့်စုံခဲ့သည်။ ဤအကြောင်းကို ကြားသောအခါ ကျွန်ုပ်သည် ယင်းပညာများကို စုံစမ်းမည်။ သင်ယူမည် ရည်စူး၍ ဆရာတော်ထံ ရောက်ခဲ့သည်။

ဆရာတော်ထံ ရောက်သောအခါ ဆရာတော်က အင်းပညာအမျိုးမျိုးကို သင်ကြားပေးသည်။ ပညာစခန်းမှာ အလွန်ပင်ပန်းသည်။ နံနက် နှစ်နာရီမှစ၍ ခုနစ်နာရီအထိ ငါးနာရီကြာအောင် အလုပ် လုပ်ရသည်။ ၃၇ ရက်တိတိ သက်သတ်လွတ် စားရသည်။ သုံးကွက်အင်းမှစ၍ ကိုးကွက်အင်းအထိ ခုနစ်ဆင့် တက်ရသည်။ အင်း၏အကြောင်းကား အလွန် ထူးခြားပေသည်။

တစ်နေ့သောအခါ ဆရာတော်ထံ ဖူးမြော်ဖို့ ပြည်မြို့သို့ရောက်သည်။ ကျွန်ုပ်တို့ဆွေမျိုးအားလုံးသည် ငါးဆယ်ကျော် ခြောက်ဆယ်၌ သေကြသည်။ ဆွေမျိုးဟူ၍ အရင်းအချာ တစ်ယောက်မှမရှိ။ တစ်ကောင်ကြွက် ဖြစ်သည်။ မိမိလက္ခဏာတွင် အသက်လမ်းကြောင်းသည် အသက်ခြောက်ဆယ်အရွယ်၌ ပြတ်တောက်နေသည်။ အသက်မရှည်ဟု အသေအချာ ပြသည်။ ထို့ကြောင့် အသက်ရှည်ရန် နည်းလမ်းများ ဆရာတော်အား လျှောက်ထားသည်။

ဆရာတော်က 'ရွှေသံပြာရောက် အာယုပေါက်'ဟု ရှေးဆရာများ အမိန့်ရှိသည်။ ရွှေသံပြဒါး ပြာဖြစ်ခဲ့သော ပြာကိုစားခြင်းအားဖြင့် အသက်ရှည်နိုင်သည်။ ထို့ကြောင့် 'ဓာတ်လုံးထိုးပါ'ဟု အမိန့်ရှိသဖြင့် ဆရာတော်ခိုင်းသည့်အတိုင်း ဓာတ်လုံးထိုးခဲ့ရာ ဓာတ်လုံးသည် ရွှေကိုဖြစ်စေ၊ သံကိုဖြစ်စေ၊ ပြဒါးကိုဖြစ်စေ ထည့်လျှင် ပြာအဖြစ်သို့ ပြောင်းလဲစေသည်။

ထိုပြာများကို ပျားရည်နှင့် စားသောအခါ ယခင်က ပြတ်နေသော အသက်

လမ်းကြောင်းသည် ပြန်၍ ဆက်လာပြီးလျှင် ယခုအခါ အသက် ၈၂ နှစ်အထိ ရှည်လာမည့် လက္ခဏာကို တွေ့ရသည်။ ကျွန်ုပ်သည် ဆရာတော်ဘုရားထံ မရောက်မီက ဆရာတော်သည် ပြည်မြို့အနီး အမြင့်ဆုံးသော ရန်ကုန်တောင်ထိပ်၌ တစ်ပါးတည်း သီတင်းသုံးတော်မူသည်။ ထိုအခါက ဆွမ်းလုံးဝမစားဘဲ တရားအားထုတ်တော်မူသည်။ ကိုးနှစ်တိတိ ဆွမ်းမစားဘဲ သူ၏ ဆရာသမားများကပေးသော ဆေးလုံးလေးများ စားရုံမျှနှင့် နေနိုင်သည်။ လာရောက်ကြသော ဒါယကာ ဒါယိကာမတို့အား တရားမဟော၊ စကား များများမပြော။ သီလပေးပြီးလျှင် ပြန်ခိုင်းသည်။ တစ်ယောက်တည်း ကျင့်ကြံတော်မူသည်။

ရန်ကုန်တောင်တွင် သီတင်းသုံးနေတော်မူသောအခါ ဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်ကို ကြည်ညိုသော ဒါယိကာ ဒါယိကာမများက အဆောက်အအုံများ ဆောက်လုပ် လှူဒါန်းကြသည်။ ထိုအခါ ကျောင်းများကို အခြားသော သံဃာတော်မြတ်တို့အား ပေးလှူ၍ နေရာအသစ်တစ်ခု၌ တစ်ပါးတည်းနေ၍ ကျင့်ကြံတော်မူသည်။

ဤကဲ့သို့ပင် ဒါယိကာ ဒါယိကာမတွေ များလာ၍ ကျောင်းအဆောက်အအုံများ လှူဒါန်းကြသောအခါ အခြားသော သံဃာတော်တို့အား ပေးလှူခဲ့ပြန်၍ တစ်ပါးတည်း နေတော်မူသည်။ ဤကဲ့သို့ စွန့်လွှတ်ပေးလှူခဲ့သော ကျောင်းပေါင်းမှာ ကိုးကျောင်းတိတိ၊ ကိုးနေရာတိတိ ဖြစ်သည်။ သို့ရာတွင် သီတင်းသုံးတော်မူသော ရတနာမာရ်အောင်တောရရောက်သောအခါ ဆရာတော်၏ မယ်တော်ကြီးသည် သမီးနှစ်ယောက်နှင့်အတူ ဆရာတော်ကျောင်းသို့ ရောက်လာသည်။ ကျောင်းအမကြီးသည် ဆရာတော်ကျောင်း အပြင်ဘက်တွင် အိမ်ဆောက်၍နေသူ ဖြစ်သည်။ ဇရပ်တွင် မယ်တော်ကြီးကို လက်ခံကြည့်ရှု၍ စောင့်ရှောက်ထားသည်။ လအတော်ကြာအောင် ဆရာတော်ကို လျှောက်ထားခြင်း မပြုချေ။ အဘယ်ကြောင့်ဆိုသော် မယ်တော်ကြီးမှာ မုဆိုးမဖြစ်၍ ဆရာတော်၏ တာဝန် ကျရောက်နေသည်။ ဆရာတော်၏လုပ်ငန်းများလည်း နှောင့်ယှက်မည်ဟု ယူဆထားသည်။

သို့ရာတွင် ဆရာတော်အား ဖူးတွေ့ရပြီးသောအခါ ဆရာတော်၏ မိခင်ကြီးအား ကြည့်ရှုရန်တာဝန် ဖြစ်လာသည်။ ထိုအခါ ဆရာတော်ကို ပညာပေးတော်မူသော ထွက်ရပ်ပေါက်ပုဂ္ဂိုလ် ဆရာတော်ဦးခန္တီဇောတိ ဆရာတော်ဘုရား ကြွလာပြီးလျှင် "သင့်မှာ သာသနာပြုဖို့ တာဝန်ရှိနေသည်။ ထို့ကြောင့် ဆွမ်းမစားမှုကို ရပ်စဲ၍ သတ္တဝါများ နတ်ရွာနိဗ္ဗာန် ရောက်စေရန် ဒါန၊ သီလ၊ ဘာဝနာ စခန်းများ ဖွင့်လှစ်၍ သာသနာပြုရမည်ဟု အမိန့်ရှိသဖြင့် ထိုအချိန်ကစ၍ ကိုးနှစ်ခန့် အစာမစားသောဘဝမှ ပြန်လည်၍ ဆွမ်းများကို မှီဝဲရသည်။ ထို့နောက် သတ္တဝါများအား နတ်ရွာနိဗ္ဗာန်ရောက်ကြောင်း၊ ဒါန၊ သီလ၊ ဘာဝနာစခန်းများ ပြသပေး၍ ယခုအခါ အလင်းရောင် ကမ္ဘဋ္ဌာန်းတိုက်ကြီး အဖြစ် များစွာ ကျော်ကြားတော်မူသည်။

ဆရာတော်သည် သီလအား၊ သမာဓိအား အလွန်ကြီးသည်။ ဆရာတော်ထံ

အဖူးအမြော်ရောက်တိုင်း အပြန်တွင် ကျွန်ုပ်အား ထောက်ခံစာ ပေးမည့်သူတွေ အများကြီး ပေါ်လာသည်။ မိမိလိုချင်တောင့်တသော ကိစ္စဟူသမျှ အများအားဖြင့် ပြည့်မြောက်အောင်မြင်ခဲ့သည်။

ဆရာတော်သည် သူ၏အကြောင်းကို အလွန်ပြောခဲသည်။ တစ်ခါတုန်းကသာ သူ ရဟန်းဖြစ်စက ရွှေတိဂုံစေတီတော်ကြီးတွင် မတ်တတ်ရပ် လက်အုပ်ချီ၍ မလှုပ်မယှက် မပြောင်းမရွှေ့ ကျင်ကြီးကျင်ငယ် ကိစ္စမရှိ၊ စားမှုသောက်မှု ကိစ္စမရှိ၊ လုံးဝပြစ်ပယ်ထားနိုင်၍ ဂုဏ်တော်ကိုးပါးဖြင့် ခုနစ်ရက် ခုနစ်ညပတ်လုံး ဘုရားရှိခိုးခဲ့ဖူးကြောင်းကို မိန့်တော်မူသည်။

သည်းခံခြင်းတွင် အံ့သြလောက်အောင် ထူးခြားသော ပါရမီရှင် ဖြစ်သည်။ ဆရာတော်ဘုရားထိုင်သော နေရာအနီးတွင် များစွာကုန်သော ပုရွက်ဆိတ်များ ရှိနေသည်။ မည်သူ့ကိုမျှ ဖယ်ရှားရန်၊ တံမြက်စည်းလှဲရန် ခွင့်မပြုချေ။ 'သူတို့ စိတ်ချမ်းသာပါစေ' ဟု လျစ်လျူရှု၍ သည်းခံတော်မူသည်။

ဒကာတစ်ယောက်က လှူထားသော ကြက်ဖကြီးတစ်ကောင်သည် ဆရာတော် အနားကမခွာဘဲ အမြဲတမ်း ကပ်နေသည်။ 'အဝေးသို့ပို့မည်'ဟု ဆိုသော်လည်း ခွင့်မပြုဘဲ သည်းခံတော်မူသည်။ အထူးသဖြင့် ခေါင်းမိုးပေါ်တွင် ခိုပေါင်းများစွာတို့သည် ဆူညံနေသည်။ သွပ်ပြားပေါ် တကျစ်ကျစ်ဖြင့် အော်ကြ၊ ဟစ်ကြ၊ ပျံကြ၊ နားကြနှင့် အလွန်နားညီးသည်။ ခေတ္တခဏရောက်သော ကျွန်ုပ်တို့ပင်လျှင် သည်းမခံချင်စိတ် ဖြစ်သည်။ သို့ရာတွင် ဆရာတော်သည် လုံးဝလျစ်လျူရှု၍ သည်းခံတော်မူသည်။

ရာသီဥတုပူပြင်းသောအခါ ကျွန်ုပ်တို့မှာ ချွေးတပြိုက်ပြိုက်ထွက်၍ တစ်ကိုယ်လုံး ရွှဲစိုနေသည်။ ပြည်မြို့၏ နွေဥတုသည် အလွန် ကြောက်စရာကောင်းအောင် ပူသည်။ ဒါယကာ ဒါယိကာမ အားလုံးတို့သည် ယပ်တောင်ကိုယ်စီဖြင့် အေးအောင်ခတ်နေကြသည်။ ဆရာတော်မှာမူကား လုံးဝမတုန်လှုပ်။ ငြိမ်သက်စွာ သည်းခံ၍ နေတော်မူသည်။ ဤကဲ့သို့ သည်းခံခြင်းကို သိရသောအခါ ကျွန်ုပ်က "တပည့်တော်အား သည်းခံနည်းကို ဆုံးမတော်မူပါ။ တပည့်တော်သည် အလွန်ဒေါသထွက်လွယ်ပါသည်"ဟု လျှောက်ထားသည်။

ထိုအခါ ဆရာတော်က "သတ္တဝါတို့အပေါ် မေတ္တာထားလျှင် သည်းခံနိုင်သည်" ဟု အမိန့်ရှိသည်။ "ကလေး၊ မိန်းမ၊ တိရစ္ဆာန်၊ လူမိုက် ဤလေးမျိုးသော သူတို့ကို ဘယ်တော့မှ အပြစ်မယူရ၊ သည်းခံ၍ ခွင့်လွှတ်ထားရမည်"ဟု အမိန့်ရှိတော်မူသည်။

တစ်ချိန်တွင် ကျွန်ုပ်သည် ဆရာတော်၏ကျောင်းသို့ ရောက်သောအခါ အလွန်ကြီးမား၍ အလွန်ဝဖြိုးသော၊ လူ၏ ခါးစောင်းနီးပါး ကြီးလှပြီး တစ်ကိုယ်လုံး ဖြူဖွေးနေသော ဝက်ဖြူကြီးတစ်ကောင်ကို တွေ့ရ၍ ဆရာတော်အား မေးလျှောက်ထားသည်။

ထိုအခါ ဆရာတော်က အမိန့်ရှိသည်။ ဆရာတော်ကို ကြို့ပင်ကောက်မြောက်ဘက် ခုနစ်ရွာသို့ သူ၏ဒါယကာများက ပင့်သွားသည်။ ထိုရွာမှ ဆန်စက်ပိုင်ရှင်တစ်ဦးသည်

ဆရာတော်၏ကျောင်းတွင် လိုသမျှသော ဆန်များကို အားလုံးပရိသတ်အတွက် နှစ်စဉ် ပေးလှူသည်။ ထို့ကြောင့် ဒါယကာရှိရာ ခုနစ်ရွာသို့ ဆရာတော် ကြွသွားတော်မူသည်။

ဆရာတော်သည် မည်သည့်အခါကမျှ ဆွမ်းခံကြွလေ့ မရှိ။ သို့ရာတွင် ထိုရွာ ကျောင်းသို့ ရောက်သောအခါ ပြည်သူပြည်သားတို့အား ကရုဏာထားတော်မူ၍ ‘သူတို့ ကုသိုလ်ရပါစေ၊ နိဗ္ဗာန်မဂ်ဖိုလ်နီးပါစေ’ဟု ရည်မှန်းလျက် အတူပါလာသော သံဃာ နှစ်ဆယ်ကျော်ဖြင့် လမ်းမများကို လျှောက်၍ ဆွမ်းခံကြွတော်မူသည်။

တစ်နေ့သောအခါ ထိုသို့ ဆွမ်းခံရာမှ ပြန်လာစဉ်တွင် ရွာအစွန်အဖျားရှိ အိမ် တစ်အိမ်က ဝက်ကြီးတစ်ကောင်ကို ဝက်သတ်သူများအား ငွေကျပ် ၇၀ ဖြင့်ရောင်းပြီးပြီ။ ညနေတွင် ဝက်ကြီးကို ဝယ်ယူသူများက လာ၍ ယူသွားလိမ့်မည်။ ဆရာတော်သည် ဆွမ်းခံမှ ပြန်ကြွသောအခါ လမ်းဘေး ဝက်ခြံထဲမှ ဝက်ကြီးသည် အကာအရံများကို ခုန်ကျော်၍ ဆရာတော်ဘုရားနောက်သို့ ပြေးလိုက်လာသည်။ သင်္ကန်းစကိုကိုက်၍ ကျောင်း အထိ လိုက်လာသည်။ ဝက်ကြီးသည် လူ့ဘဝနှင့် နီးဟန်တူသည်။ ဆရာတော်ဘုရား ပြောသမျှ စကားကို နားလည်သည်။ ကျောင်းသို့ရောက်သောအခါ လူပရိသတ်များကို သီလပေး၍ တရားဟောခါနီးတွင် ထိုဝက်ကြီးအား ‘သုခ’ဟု နာမည်ပေးပြီးလျှင် တရား နာရန် အမိန့်ပေးသည်။

ထိုအခါ ဝက်ကြီးသည် လူများကဲ့သို့ပင် ရှေ့ဆုံးကနေ၍ ဆရာတော်၏ ခြေရင်း၌ တရားနာနေသည်။ တရားပွဲပြီးသောအခါ ဆရာတော်က ‘ဤဝက်ကြီးအား ဘေးမဲ့လွှတ် ရမည်။ ကုသိုလ်ပါဝင်ကြပါ’ဟု အမိန့်ရှိသောအခါ ဒါယကာ ဒါယိကာမများက စုပေါင်း ၍ အလှူငွေ ထည့်ကြသည်။ ငွေ ၁၆၀ ခန့်ရသည်။ ငွေ ၁၆၀ ကို ဝက်ပိုင်ရှင်ထံသွား၍ ပေးခိုင်းလိုက်သည်။ ဤနည်းအားဖြင့် ဆရာတော် ပြည်မြို့သို့ ပြန်ကြွလာသောအခါ ဝက်ကြီးပါ ပါလာသည်။

တစ်နေ့သောအခါ ဆွမ်းစားကျောင်းတွင် ဤဝက်ကြီးကို တွေ့သဖြင့် ဆွမ်းစား ဇရပ်မှ သီလရှင်များအား မေးကြည့်ရာ ‘ယင်း ဝက်ကြီး၏အမည်မှာ သုခဖြစ်ကြောင်း၊ ပြောသမျှစကားကို နားလည်ကြောင်း’ ပြောပြခဲ့သည်။ လွန်ခဲ့သော သုံးလေးရက်က သီလရှင်များက သူ့အား ကစားသောအားဖြင့် “ဟဲ့–သုခ နင်ဟာ အစားသာစားတာပဲ။ ဘာမှ တို့ကို ကူညီလုပ်ပေးတာမရှိ’ဟု ပြောမိသည်။

နောက်တစ်နေ့တွင် ဝက်ကြီးသုခသည် ကျောင်းအပြင်ဘက် တောထဲရှိ ထင်း ခြောက်များကို ကိုက်ချီ၍ ထင်းပုံကြီးဖြစ်အောင် မီးဖိုနား၌ ချထားပေးသည်။ သီလရှင် များသည် သူ့အား ကစား၍ ပြောမိသည်ကို အလွန် ဝမ်းနည်းသွားကြသည်။

ကျွန်ုပ်သည် ဆရာတော်ထံမှ အင်းပညာ၊ ဓာတ်လုံးပညာကို စတင်၍ သင်ကြား ပေးသောညတွင် ဆရာတော်သည် သူ၏ဆရာသမားများထံ ကျွန်ုပ်ကို အပ်ပေးသည်။ ကျွန်ုပ်အား ပညာများ သင်ကြားပေးပြီးသောအခါ ဆရာတော်၏ဘေးနားတွင် ကွမ်းအစ် အဖုံးထဲ၌ များစွာကုန်သော ရွှေချထားသော အရုပ်များစွာ ရှိသည်။ အဘယ်အကြောင်း

ကြောင့်မသိ ကျွန်ုပ်သည် ကွမ်းအစ် အလယ်ထည့်တည့်၌ရှိသော အရုပ်ကလေးကို စိတ်ထဲက အလွန်လိုချင်သည်။ ဆရာတော်ကို လျှောက်ထားခြင်း မပြုရဲ။

ကျွန်ုပ် မည်မျှလိုချင်သည်ကို ဆရာတော်က သိဟန်တူသည်။ ကွမ်းအစ်ထဲမှာ ရှိသော ဆေးဝိဇ္ဇာဓိုရ် အရုပ်ကလေးကို ကျွန်ုပ်လက်ထဲ ထည့်၍ ပေးသနားတော်မူပြီးလျှင် 'တပည့်တော်အား စောင့်ရှောက်ပါလိမ့်မယ်။ အမြဲကိုးကွယ်ပါ'ဟု ပေးတော်မူသည်။ မကောင်းသော အနှောင့်အယှက်များ လွတ်စေရန် သာသနာ့ငါးထောင် ဆေးတောင့် တစ်ခုကို ပေးသနားတော်မူသည်။

ဆရာတော်သည် သူမည်မျှ ကြိုးစားခဲ့ကြောင်း၊ မည်မျှ ခရီးရောက်ကြောင်း တစ်ခါမှ မေးမြန်း၍ မရပါ။ ထို့ကြောင့် ပြည်မြို့သို့ တစ်ခေါက်ရောက်သောအခါ ဆရာတော်၏ မယ်တော်ကြီးအား လှူဒါန်းကန်တော့ပြီးနောက် 'ဆရာတော်အကြောင်းကို ပြောပြပါ'ဟု တောင်းပန်ယူရသည်။

ဤကဲ့သို့ ကြီးကျယ်သော ပညာထူးများကို ငယ်စဉ်က ရခဲ့သည်မှာ ရှေးဘဝက ကံအဆက်ပါသောကြောင့် ဖြစ်ပေသည်။ ရှေးကံမပါလျှင် ဘာမှ ကြံ၍မရ၊ လိုချင်တိုင်း မရ။ ထို့ကြောင့် မြတ်စွာဘုရားက 'ကံသာအမိ၊ ကံသာအဖ ဖြစ်သည်။ ကံနှင့်တူသော အားမည်သည် မရှိ'ဟု ဟောတော်မူသည်။

ကျွန်ုပ်သည် လက္ခဏာဆရာဖြစ်၍ ဆရာတော်၏ ပညာများစွာကို ရပြီးသောအခါ သတ္တဝါများကို အများကြီး ကူညီခဲ့သည်။ သို့ရာတွင် မည်သူကမှ ကျေးဇူးမတင်။ ကျွန်ုပ်သည် ငွေကြေး တစ်ပြားမှယူ၍ ကူညီတာမျိုးမဟုတ်။ သတ္တဝါများ၏ကိစ္စ အောင် မြင်စေရန် ပညာပါရမီအဖြစ် ကူညီခြင်း ဖြစ်သည်။ ထို့ကြောင့် အင်း အစီအရင်များ ပြီးသောအခါ ထိုပုဂ္ဂိုလ် တောင့်တသည့်အတိုင်း ဖြစ်မြောက်အောင်မြင်ပါစေရန် ဘုရား၌ ဤသို့ သစ္စာပြုသည်။

'ဘုရားတပည့်တော်သည် ဒုက္ခရောက်သော သတ္တဝါတို့အား ပညာပါရမီအဖြစ် သာလျှင် ကူညီခြင်း ဖြစ်ပါသည်။ ငွေကြေး လာဘ်လာဘဆို၍ တစ်ပြားတစ်ချပ်မှ သူတို့ထံမှ လက်မခံပါ။ ဤမှန်သောသစ္စာစကားကြောင့် ဒုက္ခသည် အလိုရှိရာ ပြည့်မြောက် ပါစေသတည်း'ဟု သစ္စာပြုသည်။

ထို့နောက် ဆရာတော်သည် ဤအကြောင်းကို သိဟန်တူသည်။ သီလအား၊ သမာဓိအား ဆိုသည်မှာ ငွေများစုသည်နှင့် တူသည်။ မိမိသမာဓိအား များလေလေ မိမိဘဝခရီး ရောက်လေလေ ဖြစ်သည်။ ဤကဲ့သို့ သူတစ်ပါးအတွက် အသုံးချလိုက်လျှင် မိမိသမာဓိအား အရှိန်ကုန်သွားတတ်သည်။ တပည့်သည် ဗေဒင်ဆရာလို လုပ်နေသည်။ 'နောက်ကို ဤကဲ့သို့ မလုပ်နှင့်'ဟု ပိတ်ပင်တော်မူသည်။ 'ပညာအစစ် ပညာအတုကို လူသာမန်တို့ ခွဲခြား၍ မသိနိုင်ကြချေ'ဟု မိန့်တော်မူသည်။ ထိုနေ့ကစ၍ ကျွန်ုပ်သည် ဤကိစ္စ အရပ်ရပ်များ လုံးဝ အသုံးမပြုတော့ပေ။ မိမိ၏ဘဝရီး တိုးတက်ရေးကိုသာ ကြိုးစားအားထုတ်တော့သည်။

**လမ်းသစ်စာအုပ်တိုက်**

ဆရာတော်၏ သီလသမာဓိဂုဏ်ကို ကိုယ်တိုင် တွေ့ခဲ့ရသည်။ ဆရာတော်၏ ကျောင်းနောက်ဖေး တောင်ပေါ်တွင် ရေကန်ရှိသည်။ ပေအစိတ်သုံးဆယ်ခန့် ကျယ်ဝန်းသည်။ တစ်ခုသော တပေါင်းလတွင် နေပူပြင်းသောကြောင့် ရေများ ခမ်းကုန်သည်။ ထိုအခါ ကန်အတွင်းရှိ ငါးများမှာ ရွံ့အိုင်ထဲတွင် အလူးအလဲ ခံနေရသည်။ ဆရာတော်သည် ထိုနေ့ည ကန်ပေါင်ရိုးပေါ်၌ ထိုင်၍ ငါးရံ့မင်း ပရိတ်တော်များ ရွတ်ဖတ်ခြင်း၊ အခြားသော ပရိတ်တော်၊ ဂါထာတော်နှင့် မေတ္တာကမ္မဋ္ဌာန်းများကို ပွားများတော်မူရာ ထိုနေ့ည မိုးမလင်းမီပင် အလွန်ကြီးလှသော မိုးကြီးရွာသွန်းခဲ့သည်။ ရေအိုင်တွင် ရေများ ပြည့်လျှံ၍ သွားသည်။

ဂျပန်ခေတ်ကလည်း ဆရာတော်၏ကျောင်းတွင် ဗုံးတစ်လုံးမျှ မကျခဲ့ချေ။ အခြားသော ကျောင်းကန်များသာလျှင် အင်္ဂလိပ်တို့ ဗုံးများကြဲကြသည်။ ဆရာတော်၏ ကျောင်းပေါ်သို့ ဗုံးမချသဖြင့် ဂျပန်စစ်တပ်က မယုံသင်္ကာ ဖြစ်လာပြီးလျှင် အင်္ဂလိပ်သူလျှိုဟူ၍ပင် ထင်ယောင်ထင်မှား ဖြစ်လာကြောင်း ဂျပန်တပ်တွင် အလုပ်လုပ်သော တပည့်များက လျှောက်ထားသည်။ ရက်အနည်းငယ် ကြာသောအခါ ဆရာတော်၏ ကျောင်းဝင်းထဲသို့ အင်္ဂလိပ်လေယာဉ်ပျံများက ဗုံးကြဲကြသည်။ ယင်းဗုံးများမှာ တစ်လုံးမှ ပေါက်ကွဲခြင်း မရှိချေ။ ဂျပ်နစစ်တပ်က ဗိုလ်များရောက်လာ၍ ဗုံးများကို ကြည့်ရှုကြပြီး ဤကဲ့သို့ မပေါက်ခြင်းမှာ ဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်ကြောင့်ဟု ယုံကြည်ကြ၍ ဆရာတော်ကို ဦးတိုက်ရှိခိုးကြသည်။ ယင်းနောက် ဂျပန်စစ်တပ်မှ လာ၍ ဗုံးများကို ဖော်ယူသွားသည်။

ကျွန်ုပ်ငယ်စဉ်က မန္တလေးမြို့အနီးရှိ အောင်ပင်လယ်ရွာဦး၌ရှိသော ရှေးကဘုရားအိုကြီးတစ်ဆူ ပျက်ကျရာမှ အောင်ပင်လယ်ကျောင်း ဆရာတော်သည် ဓာတ်တော်များကို စေတီပျက်ထဲမှ ရသည်။ ဓာတ်တော်များကို ကိုးကွယ်ရန် ဆရာတော်ဘုရားထံမှ ရခဲ့၍ လက်တစ်ဝါးခန့်မြင့်သော ဖန်ပုလင်းထဲတွင် ထည့်၍ အမြဲတမ်း ကိုးကွယ်ခဲ့သည်။ တစ်နေ့သောအခါ ဆရာတော်ဘုရားက 'ပြည်မြို့တွင် စေတီတော်တည်မည့်အကြောင်း စေတီတော်တွင် ဌာပနာရန်အတွက် ဓာတ်တော်များရှိက လှူပါ'ဟု အလှူခံသည်။

ဤအဖိုးတန်လှသော ဓာတ်တော်အစစ်များကို မိမိတစ်ဦးတည်း ပူဇော်သည်ထက် လူသတ္တဝါအားလုံးတို့ ရှိခိုးပူဇော်ရလျှင် ခပ်သိမ်းသော သတ္တဝါတို့သည် ကြီးကျယ်သော အကျိုးထူး ရနိုင်သည်ဟု အလွန် ဝမ်းသာစွာဖြင့် ဆရာတော်အား ကပ်လှူခဲ့သည်။ ဓာတ်တော်များနှင့်အတူ ကမ္ဘာပေါ်တွင် အကောင်းဆုံးဖြစ်သော ပြင်သစ်ပြည်မှရသော ချန်နယ်အမှတ်ငါး ရေမွှေးပုလင်းကြီး တစ်ပုလင်းကို ဓာတ်တော်တိုက်တွင် ပက်ဖျန်းပူဇော်လှူခဲ့ရသည်။ ဤကဲ့သို့ ထူးခြားသော ဓာတ်တော်အစစ်များနှင့် အကောင်းဆုံးသော ရေမွှေးပုလင်းကို လှူရသည်ဖြစ်၍ အလွန် ဝမ်းသာကြည်နူးစွာဖြင့် လိုရာဆုများ တောင်းယူခဲ့ပါသည်။

အထက်ပါ အကြောင်းအရာများမှာ ကျွန်ုပ်သိသော သာမန်ကိစ္စများသာ ဖြစ်ပါသည်။ အကျဉ်းချုံး၍ ဖော်ပြလိုက်ပါသည်။

**လမ်းသစ်စာအုပ်တိုက်**

## မြင်းခြံမြို့ စွန်းလွန်းဆရာတော်ဘုရား

လွတ်လပ်ရေးရပြီးသောအခါ ၁၉၅၀–၅၁ ခုနှစ်များတွင် ရဟန္တာတစ်ပါး ရန်ကုန်မြို့သို့ ကြွလာသည်ဟု ရေဒီယိုမှ ပြောသည်။ ရဟန္တာဟူ၍ ရှေးအခါက ကြားဖူးသူနည်းလှသည်။ ကျွန်ုပ်တို့ ကိုယ်တိုင်ပင်လျှင် အစိုးရက ဝါဒဖြန့်သည်ဟု ယူဆခဲ့သည်။ ကောင်းစွာ မယုံကြည်ခဲ့ချေ။ အဘယ့်ကြောင့်ဆိုသော် ရဟန္တာဖြစ်ဖို့ အလွန်ခဲယဉ်းသည်ဟု ရှေးက ကြားဖူးသည်။ ထို့ကြောင့် အလွယ်တကူ မယုံကြည်ခဲ့ပါ။ သို့သော် လေး၊ငါးလကြာပြီးသောအခါ ရေဒီယိုမှ စွန်းလွန်းဆရာတော်ဘုရားကြီး၏ တရားတော် ဓာတ်ပြားဖွင့်သည်။ ထိုစဉ်က တိပ်ခွေများ မပေါ်သေးချေ။ ဓာတ်ပြားများကိုသာ အသုံးပြုကြရသည်။ ထိုတရားတော်များ ဟောကြားစဉ်အတွင်း တစ်နေရာတွင် ဆရာတော်က အောက်ပါအတိုင်း ဟောကြားသည်။ "ဒကာကြီးတို့၊ ဒကာမကြီးတို့ နိဗ္ဗာန်နှင့် ဝေးနေတာ သိရဲ့လား၊ သင်တို့မှာ ဗုဒ္ဓ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ မဟုတ်ဘဲ သား သရဏံ ဂစ္ဆာမိ၊ သမီး သရဏံ ဂစ္ဆာမိ၊ ခင်ပွန်း သရဏံ ဂစ္ဆာမိ ဖြစ်နေသည်" ဟု ဟောတော်မူသည်။

ကျွန်ုပ်သည် ဤတရားကို ကြားရသောအခါ တစ်သက်တစ်ခါ အလွန် အံ့သြသွားသည်။ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ် ဟူ၍ တထစ်ချ ယုံကြည်လိုက်သည်။ အဘယ်ကြောင့်ဆိုသော် သာသနာ ၂၅၀၀ မတိုင်မီ ဝိမုတ္တိခေတ် မရောက်သေးသောကြောင့် ရှေးမိဘဘိုးဘွား လက်ထက်က ဒါနခေတ်၊ သီလခေတ် ဖြစ်သည်။ ဝိပဿနာဆိုတာ မကြားဘူးချေ။ သံဃာတော်များက တရားဟောရာတွင်လည်း ပန်းတစ်ပွင့် လှူသောကြောင့်၊ သစ်သီးတစ်လုံး လှူသောကြောင့်၊ ကျောင်းကြီး ဆောက်လုပ်လှူဒါန်းသောကြောင့်၊ သိကြားမင်း၏ စည်းစိမ် ၇၅ ကြိမ်၊ စကြာမင်း၏ စည်းစိမ်ပေါင်း ၁၀၀၊ အခြား သူဌေး၊ သူကြွယ်၊ လူစည်းစိမ်၊ နတ်စည်းစိမ် မရေတွက်နိုင်အောင် ကောင်းကျိုးပေးပါသည်ဟု ဟောလေ့ရှိသည်။ လိုချင်သောစိတ်၊ မိမိအတွက် တပ်မက်သောတဏှာ ဦးစီးသော သဘောမျိုးဖြစ်နေသည်။

လှူချင်သော သူများကလည်း နောက်ဘဝ ချမ်းသာရမည်၊ နတ်ဖြစ်ရမည်၊ ရှင်ဘုရင်ဖြစ်ရမည် စသည်ဖြင့် တောင့်တ၍ လှူကြသည်။ ကျောင်းဆောက်ကြသည်။ ဘုရားတည်ကြသည်။ အဆုံးစွန်သော ဘဝဌ်သာ မဂ်တရား၊ ဖိုလ်တရား ဆုတောင်းကြသည်။ အကျင့်လုပ်ငန်းများ၊ ဝိပဿနာလုပ်ငန်းများ မပါခဲ့ချေ။ ဒါနခေတ်၊ သီလခေတ်ဖြစ်နေသည်။ သာသနာ ၂၅၀၀ ကျော်သောအခါ ဝိမုတ္တိခေတ် ရောက်လာ၍ သောတာပန်ရဟန္တာ စသည်ဖြင့် ကျင့်ကြံအားထုတ်၍ ဖြစ်နိုင်ကြောင်း၊ ဤဘဝတွင်ပင် မဂ်ဖိုလ်တရားရနိုင်ကြောင်း၊ လူတွေတရားနာရ၍ သာသနာပွင့်လင်းပြီးလျှင် ဝိပဿနာတရား အားထုတ်သောသူများ မရေမတွက်နိုင်အောင် ပေါ်လာသည်။

ဒါန၊ သီလ၊ ဘာဝနာ ဟူသော တရားသုံးပါးအားလုံး နိဗ္ဗာန်ကို ရောက်စေသည်။

**လမ်းသစ်စာအုပ်တိုက်**

သို့သော် ဒါန၊ သီလသည် ဒီဘဝ၊ နောက်ဘဝ မရောက်နိုင်။ နောင်ဘုရားပွင့်တော်မူသော အခါ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်နိုင်သည်။ ဝိပဿနာမှာမူ ယခုဘဝတွင်ပင် ကျင့်ကြံ အားထုတ်လျှင် သောတာပန်ရဟန္တာ ဖြစ်မည့်အကြောင်း နားလည်လာကြသည်။ ထူးခြား သော ပုဂ္ဂိုလ်ထူးများလည်း ပေါ်ပေါက်လာသည်။

စွန်းလွန်းဆရာတော်ဘုရား၏ သား သရဏံ ဂစ္ဆာမိ၊ သမီး သရဏံ ဂစ္ဆာမိ တရားအတိုလေးမှာ အလွန် အံ့သြလောက်အောင် စွဲလမ်း၍ ကြည်ညိုမိသည်။ ကျွန်ုပ်မှာ ထိုအခါက ဝန်ကြီးဖြစ်နေသော ဦးဘဂျမ်း၏သားကို ကျူရှင်ပေးနေသည်။ ဦးဘဂျမ်း ကလည်း အလွန်ပင် ဘုရားတရား ကြည်ညိုသူဖြစ်၍ စွန်းလွန်းဆရာတော်ဘုရားကြီးမှာ မုချရဟန္တာဖြစ်ကြောင်း၊ သူတို့ဝန်ကြီးအဖွဲ့က ဦးစီး၍ ရန်ကုန်သို့ပင့်လာကြောင်း စသည် ဖြင့် ပြောပြသည်။ ထို့ကြောင့် ပို၍ ကြည်ညိုသွားသည်။

ကျွန်ုပ်သည် ကလေးဘဝကပင် ဘုရား၊ ရဟန္တာ ဟူသော အသံကြားလျှင် အလွန်ကြည်ညိုသော စိတ်ရှိသည်။ မကြာခဏဆိုသလို ဘုရားကိုယ်တော်များ၊ ရဟန္တာ များ ကောင်းကင်က ကြွသွားသည်ကို အိပ်မက်ထဲတွင် ဖူးတွေ့ရသည်။ ထို့ပြင် ဘုရား စေတီတော်များက ရောင်ခြည်တော် လွှတ်သည်ကိုလည်း မကြာခဏ အိပ်မက်မက်သည်။ အလွန်ထူးခြားသော ဘုရားစေတီတော်များကိုလည်း အိပ်မက်မက်သည်။ ယင်းစေတီတော် များမှာ လူ့ပြည်၌ရှိသော စေတီတော်မျိုး မဟုတ်ပါ။ ထို့ကြောင့် စွန်းလွန်းဆရာတော် ဘုရား၏အကြောင်းကို ကြားရသောအခါ ချက်ချင်း မြင်းခြံသို့သွား၍ ဖူးမြော်မည်ဟု ဆုံးဖြတ်လိုက်သည်။

ထိုခေတ်အခါက လွတ်လပ်ရေးရပြီး သူပုန်တွေထနေသော အချိန်ဖြစ်သည်။ အညာဒေသတစ်ဝိုက်တွင် ရဲဘော်ဖြူများထ၍ တချို့ မီးရထားလမ်းများ ပျက်နေသည်။ လမ်းခရီးမှာလည်း လုံခြုံမှုမရှိချေ။ တိုင်းပြည်ကြီး ဆူပူနေသောအချိန်ဖြစ်သည်။ သို့ရာတွင် 'ရဟန္တာဟူသော ပုဂ္ဂိုလ်ထူးကို ဖူးရလျှင် ငါသည် သေပျော်ပြီ'ဟု စိတ်ကို ဆုံးဖြတ်၍ သွားဖို့ရန် စီစဉ်လိုက်သည်။

ထိုအချိန်တုန်းက ရန်ကုန်မှ မိတ္ထီလာသို့ လေယာဉ်ပျံရှိသည်။ ထို့ကြောင့် လေယာဉ် ပျံဖြင့် အမြန်ဆုံးရောက်အောင် မိတ္ထီလာသို့ သွားခဲ့သည်။ မိတ္ထီလာသို့ ရောက်သောအခါ မြင်းခြံသို့သွားသော ရထားများ မရှိချေ။ ရထားလမ်းများ ပျက်နေသည်။ ခရီးသွားသော ကုန်လော်ရီကားကြီးများဖြင့် ခရီးသည်များ လိုက်ပါကြရသည်။ ထို့ကြောင့် ကုန်တင် လော်ရီကားကြီး တစ်စီးတွင် ရှေ့ခန်းမှ ထိုင်ရ၍ အခြားမိတ်ဆွေ တစ်ယောက်နှင့်အတူ မြင်းခြံသို့ ထွက်လာခဲ့သည်။

မြင်းခြံသို့ ဝင်သောအခါ ည ၇ နာရီကျော်ပြီ။ ကျွန်ုပ် မြင်းခြံသို့ ရောက်သော အခါ တည်းခိုနိုင်ရန်အတွက် ရန်ကုန်မှ မိတ်ဆွေများက စာရေးပေးလိုက်သည်။ ထို ပုဂ္ဂိုလ်များမှာ အစိုးရအရာရှိကြီးများ ဖြစ်သဖြင့် မြင်းခြံမြို့ မြောက်ဘက် အရာရှိများ ရပ်ကွက်တွင် ရှိကြသည်။ တိုင်းပြည် ဆူပူမငြိမ်မသက် ဖြစ်နေသောကြောင့် ထိုအရာရှိ

များရှိရာ မြောက်ပိုင်းသို့ ညနေ ၆ နာရီကစ၍ မီးနီပြပြီး မည်သူ့ကိုမှ ဝင်ခွင့်၊ ထွက်ခွင့် မပြုချေ။

ထို့ကြောင့် ကျွန်ုပ်မှာ အခက်အခဲ ကြုံရသည်။

ကားသမားကို 'ယနေ့ညအိပ်ရန်အတွက် လက်ဖက်ရည်ဆိုင်၊ ခေါက်ဆွဲဆိုင်ရှိရာ တစ်နေရာရာပြပါ'ဟု ပြောမိသည်။ သို့ရာတွင် ဘုရားဂုဏ်တော် အလွန်ပင် ကြီးပေသည်။ ကျွန်ုပ်နှင့်အတူ ကားစီး၍ ပါလာသော မိတ်ဆွေမှာ ပွဲရုံတစ်ခုမှ ပွဲရုံစာရေး ဖြစ်သည်။ ဤကဲ့သို့ အိပ်စရာ ရှာနေကြောင်း သူ ကြားသောအခါ သူက 'ဘုတို့ပွဲရုံသို့ လိုက်၍ အိပ်ပါ။ ပွဲစားနှင့် ပွဲစားကတော်တို့ အလွန်သဘောကောင်းပါသည်။ ပွဲရုံတွင် ခရီးဝေး ဧည့်သည်များ အိပ်ရန် သံခုတင် ၁၀ လုံး ရှိပါသည်။ အားနာစရာမရှိပါ'ဟု ပြော၍ ခေါ်သည်။

ကျွန်ုပ်သည် ဘာမှ စဉ်းစားမနေဘဲ သူနှင့်အတူ ပွဲရုံသို့ လိုက်သွားသည်။ ပွဲရုံ ပိုင်ရှင်မှာ ဦးမြမောင်နှင့် ဒေါ်မြမေတို့ ဖြစ်သည်။

ပွဲရုံသို့ရောက်သောအခါ ထိုစာရေးက 'ဧည့်သည်ပါလာသည်'ဟုသာ ပြောသည်။ မည်သူမည်ဝါဟူ၍ မပြော။ ကျွန်ုပ်ကိုလည်း မည်သူမည်ဝါ ဟူ၍ မသိချေ။ သို့ရာတွင် အလွန်ချစ်စရာကောင်းသော မြန်မာလူမျိုးတို့၏ထုံးစံ 'ဧည့်သည်လာလျှင် ထမင်းကျွေး ရမည်'ဟု အစဉ်အလာရှိသည့်အတိုင်း ပွဲရုံကတော်သည် ဟင်းခြောက်မျိုးဖြင့် ညစာ ချက်ကျွေးသည်။

ကျွန်ုပ်သည် မည်မျှ ကျေးဇူးတင်သည်ကို ဖော်မပြောနိုင်ပါ။ ဤကဲ့သို့ သူတော်ကောင်းများ အားကိုးရသည်ကိုလည်း အလွန်ပင် ဝမ်းသာနေသည်။ ထမင်းစားပြီးသော အခါ ရန်ကုန်မှ လာခဲ့ကြောင်း၊ စွန်းလွန်းဆရာတော်ဘုရားကြီး ဖူးမြော်ရန် ဖြစ်ကြောင်း သာပြောပြီးလျှင် အိပ်ရာဝင်သည်။

နံနက် မိုးလင်းသောအခါ ပွဲစားနှင့်အတူ စွန်းလွန်းဂူကျောင်းရှိရာသို့ မြင်းလှည်း နှင့် သွားကြသည်။ ထိုအချိန်မှာ နံနက် ၈ နာရီကျော်ပြီဖြစ်သဖြင့် အညာနေသည် တော်တော်ပင် ပူပြင်းလာသည်။ စွန်းလွန်းဂူကျောင်းကို မြင်းလှည်းဖြင့် သွားမည်ဆိုလျှင် ကျောင်းကြီးကို တစ်ကွေ့ပတ်ပြီးမှ ဝင်လို့ရသည်။ ကျောင်းကို ကျော်သွားပြီးမှ ပြန်ကွေ့ ဝင်ရသည်။ ထို့ကြောင့် ပွဲစားက ကျောင်းအနီးသို့ ရောက်သောအခါ ဆင်းရန်ပြော၍ မြင်းလှည်းခ ပေးပြီးလျှင် ပြန်လွှတ်လိုက်သည်။

ကျွန်ုပ်တို့သည် စွန်းလွန်းဂူကျောင်း မြောက်ဘက်ပေါက်ရှိရာသို့ ပြောင်းခင်း တစ်ခင်းကို ဖြတ်၍ ဝင်လာကြသည်။ ထိုအချိန်တွင် တော်တော်ပူနေပြီ။ အလွန် ထူးခြား သော ခံစားချက်မှာ ကျွန်ုပ်သည် ကျောင်းစည်းရိုးမှ ကျောင်းဝင်းထဲသို့ ဝင်လိုက်သည် နှင့် တစ်ပြိုင်နက် အအေးခန်းကြီးထဲသို့ ဝင်ရသကဲ့သို့ နှလုံးသားမှစ၍ တစ်ကိုယ်လုံး စိမ့်၍ အေးသွားသည်။ သစ်ပင်ရိပ်လည်း မရှိ။ မည်သည့်အရိပ်မှလည်း မရှိပါ။ ဤကဲ့သို့ ထူးခြားသော ခံစားချက်မျိုးကို တစ်သက်တစ်ခါ ကြုံခဲ့သည်။ ထို့ကြောင့် အလွန်

အံ့သြသွားသည်။ သူတော်ကောင်းတို့ နေရာပတ်ဝန်းကျင်သည် သူတော်ကောင်းတို့၏ စိတ်ဓာတ်အတိုင်း လောဘမီး၊ ဒေါသမီး၊ မောဟမီး မရှိ။ မေတ္တာတရားဖြင့် ကရုဏာတရားဖြင့် ပြည့်ဝနေသော သူတော်ကောင်းများမှာ အလွန် အေးချမ်းနေကြောင်းကို နှလုံးသားထဲမှ သိသည်။ ရင်ဝတွင်ပင် အေး၍သွားသည်။ သာမန်လူတို့ နားလည်မည် မဟုတ်ပါ။

ကျွန်ုပ်တို့သည် ဆရာတော်ကြွလာမည့် ဓမ္မာရုံထဲ၌ စောင့်၍နေကြသည်။ နံနက် ၉ နာရီခန့်တွင် ဆရာတော်ကြီးသည် ပရိသတ်များ ဖူးမြော်နိုင်စေရန် ပလ္လင်ပေါ်သို့ ကြွရောက်ပြီး သီတင်းသုံးတော်မူသည်။ ကျွန်ုပ်သည် ဆရာတော်ကြီးကို ပထမဦးဆုံး ဖူးတွေ့ရသောအခါ နှစ်ပေါင်းများစွာ ကွဲကွာနေသော အဖေအရင်းကို တွေ့ရဘိသကဲ့သို့ ရှိသည်။ ဆရာတော်ကြီးကို အလွန်ကြည်ညိုရုံမဟုတ်၊ စိတ်ထဲကလည်း မိမိအဖေကဲ့သို့ အလွန်ပြင်းထန်သော ချစ်စိတ်များ ပေါ်ပေါက်လာသည်။ ချစ်လည်း ချစ်သည်။ ကြည်လည်း ကြည်ညိုသည်။

ကျွန်ုပ်သည် သံသရာဘဝ တစ်လျှောက်၌ ရသေ့၊ ရဟန်းသာ ဖြစ်ရပါလို၏ဟု ဆုတောင်းသည့်အတိုင်း သံဃာတော်များကို အမြဲတမ်း သင်္ကန်းနှင့် ပရိက္ခရာ(၈)ပါးသာ လှူလေ့ရှိသည်။ ဆရာတော်ကြီးအား သင်္ကန်း၊ ပရိက္ခရာများအပြင် မိမိပြန်စရိတ်ကိုသာ ချန်၍ ငွေများကို နဝကမ္မအဖြစ် လှူဒါန်းခဲ့သည်။ နဝကမ္မဆိုသည်မှာ လိုရာသုံးရန် ဖြစ်သည်။

"ဆရာတော်ဘုရား၊ တပည့်တော်အား သနားတော်မူ၍ တပည့်တော်လှူသည့် တိစီဝရိတ်သင်္ကန်းကို ယခုပင်လျှင် ဝတ်ရုံတော်မူပါ"ဟု လျှောက်ထားသည်။ ဆရာတော်ကြီးသည် သက်တော် ၇၀ နီးပြီ။ အနည်းငယ်ဝသည်။ ထို့ကြောင့် ရုတ်တရက်ထ၍ မဖြစ်။ အခြားသံဃာများက ဖေးမ၍ ကူညီရသည်။ ကျွန်ုပ်၏သင်္ကန်းများကို ဝတ်ရုံသည်။ ထိုအခါ ဆရာတော်ဘုရားက အမိန့်ရှိသည်မှာ "သူတော်ကောင်းလုပ်ရတာ အောက်ဆုံးကပဲ"ဟု အမိန့်ရှိသည်။

ထိုစကားကို ကြားရသောအခါ ကျွန်ုပ်သည် ဖြစ်ရလေခြင်းဟု အလွန်ပင် ဝမ်းနည်းသွားသည်။ ဆရာတော်ဘုရားအား "တပည့်တော်သည် အလွန်လမ်းပန်းဆိုး၍ ဆူပူနေသော ခေတ်ကြီးကိုပင် ဂရုမစိုက်ဘဲ အလွန်ဝေးလံသော ရန်ကုန်မြို့မှ ဆရာတော်ကို ဖူးရန် လာခဲ့ခြင်းဖြစ်ပါသည်"ဟု လျှောက်ထားသည်။ ထိုအခါ ဆရာတော်က "အေးလေ၊ ယခု သင်္ကန်းကို ဝတ်ပါဆိုတဲ့အတိုင်း ငါဝတ်ပြီးပြီ မဟုတ်လား။ သူတော်ကောင်းဆိုတာ သူများအလို လိုက်ရတယ်။ အစစသည်းခံရတယ်။ မင်းခြင်သတ်ရဲလား"ဟု မေးသည်။

"မသတ်ရဲပါဘုရား"ဟု ပြန်လျှောက်ထားသည်။

ထိုအခါ ဆရာတော်က "သိတယ်မဟုတ်လား၊ သူတော်ကောင်းဆိုတာ ခြင်ကို တောင် အရှုံးပေးရတယ်။ အောက်ဆုံးကပဲ မဟုတ်လား"ဟု မိန့်တော်မူသည်။ အလွန် ရှင်းသော တရားဖြစ်သည်။

**လမ်းသစ်စာအုပ်တိုက်**

ထို့နောက် ကျွန်ုပ်သည် "ဆရာတော်၏လက္ခဏာပုံများကို နှိပ်ယူရန် ခွင့်ပြုတော်မူပါ"ဟု လျှောက်ထားသောအခါ ဆရာတော်ကြီးက ခွင့်ပြုတော်မမူချေ။ "ဓာတ်ပုံရိုက်ခွင့်ပြုပါ"ဟု ပြောသောအခါ ဓာတ်ပုံရိုက်ခွင့် ပြုသည်။ ပွဲစားကို "ဓာတ်ပုံဆရာခေါ်ပေးပါ"ဟု ကျွန်ုပ်တို့ တိုးတိုးတိုင်ပင်နေသည်။ ထို့နောက် ဆရာတော်ကြီးသည် ဘာစိတ်ကူးပေါက်သည်မသိ။ "မင်းလိုချင်လည်း နှိပ်ယူပေါ့"ဟု ခွင့်ပြုတော်မူသည်။ မိမိမှာ စာရွက် ၃၀ ကျော်လောက်ပါသည်။ လက္ခဏာပုံ ၃၀ လောက်၊ ဒီကယူသွားသော ပုံနှိပ်မှင်များဖြင့် နှိပ်ယူသည်။

ထို့နောက် ဆရာတော်၏လက်ကို ရေနံဆီဆွတ်၍ ဆပ်ပြာမွှေးများဖြင့် ဆေးပေးသည်။ အနီးမှာရှိသော ယောဂီတို့က ဟိုကတောင်း၊ ဒီကတောင်းဖြင့် တစ်ယောက်တစ်ရွက်ကျ ပေးလှူခဲ့ရသည်။ ကျွန်ုပ်အတွက် သုံးရွက်ခန့်သာ ကျန်တော့သည်။ ကျွန်ုပ်တောင့်တချက် ပြည့်စုံသွားသည်။

ထို့နောက် ဆရာတော်ကြီးက "မင်းဂူထဲကိုသွား၊ အာနာပါနအားထုတ်၊ ထိတဲ့နေရာ အမြဲသိနေတာပဲ။ ဂူထဲသွားအားထုတ်"ဟု အမိန့်ပေးသည်။

ဆရာတော်၏အမိန့်အတိုင်း ကျွန်ုပ်သည် လိုဏ်ဂူထဲသို့သွား၍ တစ်ဦးတည်း အာနာပါနကို အားထုတ်ကြည့်သည်။ ဤဘဝတစ်သက်တာမှာ ပထမဦးဆုံး အားထုတ်ခြင်းဖြစ်သည်။ ငယ်စဉ်ကမူ ဂုဏ်တော်ကိုးပါးကို ပုတီးစိပ်သည်။ တောဓောကသိုဏ်းများကို နှစ်အတော်ကြာအောင် ကျင့်ခဲ့ဖူးသည်။ ဤကဲ့သို့ ဂူထဲ၌ တရားအားထုတ်သောအခါ ၁၅ မိနစ်လောက်ကြာလျှင် အလွန်ထူးခြားမှု တွေ့ရသည်။ သောကြာကြယ်ခန့်ရှိသော အဖြူလုံးကြီး တစ်ခုသည် အလွန် ကြည်လင်၍ အရောင်တဖိတ်ဖိတ် တောက်လျက် ကျွန်ုပ် နဖူးတွင် ကပ်နေသည်ဟု ထင်ရသည်။ လင်းထိန်နေသည်။ မှောင်နေသော ဂူကြီးပါ လင်းလာသည်။

ကျွန်ုပ်သည် အလွန် အားရသည်။ ဝမ်းသာသည်။ ဤကဲ့သို့ ဝမ်းသာတာမျိုး လောကုတ္တရာနှင့် ပတ်သက်၍ တစ်ခါမှ မကြုံခဲ့ရဘူး၊ မခံစားခဲ့ရဘူးချေ။ သဒ္ဓါပီတိ ပဿတိ ဖြစ်သည်။ ဤကဲ့သို့ စိတ်နှလုံးချမ်းသာ ပျော်ရွှင်မှုမျိုးသည် တရားအားမထုတ်ဘူးသော သူများအား ပြော၍ သိနားလည်မည် မဟုတ်ပေ။ အတော်ကြာပြီးသည့်နောက် ကျွန်ုပ်သည် ဆရာတော်ရှိရာသို့ ပြန်ရောက်လာသည်။ ဂူထဲမှထွက်လာ၍ ဆရာတော်၏ ခြေရင်းသို့ ရောက်သောအခါ ဆရာတော်က "မင်း ဘာတွေ တွေ့ခဲ့ရသလဲ"ဟု မေးတော်မူသည်။ ကျွန်ုပ်က "ဤကဲ့သို့ အလွန်ထူးခြားသော အလင်းဓာတ်ကြီးကို တွေ့ခဲ့ရကြောင်း" လျှောက်ထားသည်။ ဆရာတော်က "မင်း ပါရမီထူးတဲ့သူပဲ။ ငါ့ကျောင်းမှာ တစ်လ အားထုတ်၊ မင်း တရားထူး တရားမြတ် ရနိုင်သည်"ဟု အမိန့်ရှိသည်။

ကျွန်ုပ်က မစဉ်းစားမိဘဲ "ငယ်ရွယ်သူဖြစ်သည့်အလျောက် တပည့်တော်သည် ပညာဓိက ဆုပန်ထားပါသည် ဘုရား။ ဤဘဝတွင် မဂ်တရား၊ ဖိုလ်တရားများ မလိုချင်သေးပါဘုရား"ဟု လျှောက်မိသည်။ ဆရာတော်ကြီးက "မင်း သတ္တိကောင်းတဲ့ကောင်းပဲ၊

ခံပေဦးတော့"ဟု မိန့်တော်မူသည်။ သံသရာဝန်လေးကြောင်း ဆရာတော်ကြီး သိသည်။ ကျွန်ုပ်တို့သည် ငယ်ရွယ်သူများဖြစ်၍ ပဋိစ္စသမုပ္ပါဒ်တရားကို နားလည်သည် မဟုတ်။ ယခု ကြီးမှ နားလည်သည်။ ထို့ကြောင့် မိမိစိတ်ထဲ ရှိသည့်အတိုင်း လျှောက်ထားမိသည်။

ဆရာတော်က "တို့တော့ဟော့ အေးရာကို မြန်မြန်သွားချင်ပြီ။ အေးတဲ့နေရာ အကောင်းဆုံးပဲ"ဟု အမိန့်ရှိတော်မူသည်။ အဓိပ္ပာယ်မှာ 'နိဗ္ဗာန်သို့ကြွတော့မည်'ဟု အမိန့်ရှိခြင်းဖြစ်သည်။ ထို့နောက် မကြာမီ လေးငါးနှစ်လောက်တွင်ပင် ဆရာတော်သည် နိဗ္ဗာန်ဈာန်ဝင်တော်မူသည်။

မကြာမီ ဆရာတော်ဘုရားသည် ဆွမ်းဘုဉ်းပေးတော်မူသည်။ ဆွမ်းဘုဉ်းပေးနေ သောအခါ တိုက်အုပ်ဆရာတော်ဘုရားအား "တပည့်တော်သည် ဆရာတော်ဘုရားအား သိလိုသော အချက်များ လျှောက်ထားရန် ရှိပါသည်။ ဆရာတော်ထံမှာ ခွင့်တောင်းပေး ပါ"ဟု တိုးတိုးလေးကပ်၍ လျှောက်သည်။ တိုက်အုပ်ဆရာတော်က "ဆရာတော်ကြီး ဆွမ်းစားပြီးလျှင် အခန်းထဲ၌ ခေတ္တ အနားယူလိမ့်မည်။ ထိုအခါ ဒကာသိချင်တာ လျှောက်ထားပါ"ဟု ခွင့်ပြုသည်။

ဆရာတော် ဆွမ်းစားပြီးနောက် ကျောင်းခန်းထဲသို့ ကြွသွားသောအခါ ကျွန်ုပ် တစ်ယောက်တည်း ဆရာတော်နောက်က လိုက်သွားရသည်။ အလွန်ပင် ကံကောင်းလှပေ သည်။ ဆရာတော်က ခွင့်ပေးချက်ရ ကျွန်ုပ်က မေးလျှောက်၍ ဆရာတော်ကြီးက အပြန်အလှန် ဖြေကြားတော်မူသည်။

အောက်ပါအတိုင်း ဖြစ်သည်။

"ဆရာတော်ဘုရား နိဗ္ဗာန်ဆိုသည်မှာ 'အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းရာ နိဗ္ဗာန်'ဟု တပည့်တော် ငယ်ငယ်ကတည်းက ကြားခဲ့ဖူးပါသည်။ လက်တွေ့အားဖြင့် မည်ကဲ့သို့ ရှိသည်ကို ညွှန်ပြတော်မူပါဘုရား"

"မင်းလက် ပေးစမ်း"ဟု ဆရာတော်ကြီးက တောင်းပြီးလျှင် မိမိလက်မောင်းကို အသာလေး ဆိတ်သည်။

"မင်း နာသလား"ဟု မေးသည်။

"နာပါတယ်ဘုရား"ဟု လျှောက်ရသည်။

ထို့နောက် ဆရာတော်ကြီးသည် ဆိတ်ထားသော လက်ကို လွှတ်လိုက်သည်။ "ကဲ-မင်း အခု နာသေးသလား"ဟု မေးပြန်သည်။ "မနာပါဘုရား"ဟု ပြန်၍ လျှောက် ထားသည်။

"အဲဒါ နိဗ္ဗာန်ပဲ"ဟု ဆရာတော်က အမိန့်ရှိသည်။

ကျွန်ုပ်၏ ဝမ်းထဲတွင် အလွန် အံ့ဩသွားလောက်အောင် နားလည်သွားသည်။ ဝမ်းမြောက်သွားသည်။ အားရသွားသည်။ အဘယ့်ကြောင့်ဆိုသော် နာခြင်း ဟူသော ဒုက္ခခပ်သိမ်းတို့မှ ကင်းငြိမ်းသွားခြင်းသည် နိဗ္ဗာန်ဟု အလိုလို နားလည်သည်။ 'ဝိမုတ္တိရသ လွတ်မြောက်သော အရသာ'ဟု အဓိပ္ပာယ်ရှိသည်။ ဒုက္ခခပ်သိမ်း၊ စိတ်ဒုက္ခ၊ ကိုယ်ဒုက္ခ

များမှ ငြိမ်းချမ်းသွားခြင်းပင် ဖြစ်သည်။ ဒုက္ခဟူသမျှ ချုပ်ငြိမ်းသည်ပင်လျှင် နိဗ္ဗာန်ဖြစ်ကြောင်း နှလုံးသားထဲက သိလာသည်။

ရှေးက စာချဆရာတော်ကြီးများက "သောတာပန် ရဟန္တာဆိုတာ လွယ်တာ မဟုတ်ဘူးဟေ့၊ ငါတို့တော့ ဆုတောင်းရုံပဲ။ အဘယ့်ကြောင့်ဆိုသော် ဝိသုဒ္ဓိ ၇ ပါးတွင် စိတ္တဝိသုဒ္ဓိသည် စိတ်၏ စင်ကြယ်ခြင်းဖြစ်၍ စိတ္တဝိသုဒ္ဓိရဖို့ အလွန်ခက်သည်။ စိတ္တဝိသုဒ္ဓိမှာ မေထုံငယ် ၇ ပါးမှ လွတ်ရမည်။ ယင်း ၇ ပါးလွတ်ရန်မှာ အလွန်ခက်သည်" ဟု အမိန့်ရှိသည်။ ထို့ကြောင့် "ဝိသုဒ္ဓိ ၇ ပါး ပြည့်စုံနိုင်ပါသလား"ဟု လျှောက်ထားသည်။

ထိုအခါ ဆရာတော်က "ကဲ-မင်း အာနာပါန အားထုတ်စမ်း။ ထိုင်၊ မျက်စိကို မှိတ် ထိတဲ့နေရာတွင်ပင် သိမှတ်နေ။ ကဲ-လုပ်စမ်း"ဟု အမိန့်ပေးသည်။

ဆရာတော် အမိန့်ရှိသည့်အတိုင်း ထိသောနေရာလေးကို သိမှတ်နေသည်။ ထိုအချိန်တွင် ဤသိမှတ်နေသော စိတ်မှတစ်ပါး အခြားသောစိတ်များ မလာတော့ချေ။ ထို့နောက် ငါးမိနစ်ကြာသောအခါ ဆရာတော်က မေးသည်။ "မင်း အခု အာနာပါန တရားထုတ်တော့ ထိတဲ့နေရာ သိမှတ်နေတော့ မင်းမျက်စိက ကြည့်ချင်တဲ့စိတ် ရှိသေးသလား၊ နားကလည်း နားထောင်ချင်သေးသလား။ မင်း ဝမ်းထဲကရော စားချင်တဲ့စိတ်၊ သွားချင်တဲ့စိတ်၊ လိုချင်တဲ့စိတ် ရှိသေးသလား။ စက္ခု၊ သောတ၊ ဃာန စသော အာရုံ ငါးပါး အားလုံးမရှိ။ ငါးပါးအာရုံ ပိတ်နေသည်။ စိတ်လုံခြုံနေသည်။ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်တို့ မရှိတော့ပေ။ ဤကဲ့သို့ အာရုံငါးပါးမှ လုံခြုံနေခြင်းကိုပင် ဣန္ဒြိယသံဝရသီလ လုံခြုံနေသည်။ ထို့ကြောင့် စိတ္တသုဒ္ဓိ ဖြစ်သည်။ ဤကဲ့သို့ ဆက်လက်ကြိုးစားလျှင် ဝိသုဒ္ဓိ ၇ ပါးလုံး ကြိုးစားသွားက မင်္ဂဖိုလ်သို့ ရောက်နိုင်သည်"ဟု ဆိုသည်။

ကျွန်ုပ် တစ်သက်လုံး မကြားဘူးသော တရားများကို ကြားရသည်။ အလွန်ကံကောင်းလှသည်။ ထို့နောက် "ဆရာတော်ဘုရား နိရောဓ သမာပါတ် ဆိုသည်မှာ ဟောပြတော်မူပါဘုရား"ဟု လျှောက်ထားသည်။ ထိုအခါ ဆရာတော်က "နိရောဓသမာပတ်ဆိုသည်မှာ အစိုးရလခစားများ အလုပ်ပင်ပန်းသောကြောင့် ခွင့်ယူပြီးလျှင် အိမ်မှာ အနားယူသကဲ့သို့ ဖြစ်သည်။ ဤခန္ဓာကိုယ်ကြီး၏ တာဝန်မှာ အလွန်ပင် လေးလံသည်။ ရောဂါအမျိုးမျိုးဖြင့် နှိပ်စက်သည်။ ဆာလောင်မှု၊ ရေချိုးချင်မှုမှစ၍ ဒုက္ခအမျိုးမျိုးပေးသည်။ ဤခန္ဓာကိုယ်ဒုက္ခမှ ခေတ္တသက်သာရာ ရစေရန်ဟု ရည်စူး၍ နာမ်သာရှိ၍ ရုပ်မရှိသော နေဝသညာ၊ နာသညာရတနဘုံသို့ စိတ်ကလေးက သွား၍ အနားယူခြင်း ဖြစ်သည်။

ဤကဲ့သို့ နိရောဓသမာပါတ် မဝင်စားမီ ငါသည် ခုနစ်ရက်တိတိ သမာပါတ် ဝင်စားမည်။ ငါ၏ခန္ဓာကိုယ်နှင့် သက်န်းစသည်တို့သည် ရန်သူမျိုးငါးပါး ဖျက်ဆီး၍ မပျက်စီးနိုင်ဟု အဓိဋ္ဌာန်ဝင်ပြီးမှ သမာပါတ်ဝင်စားပြီးလျှင် နေဝသညာ၊ နာသညာရတန

ဘုံသို့ စိတ်ကလေးက သွားရှိနေသည်။ ခန္ဓာကိုယ်ကြီးကို အငြိမ်းစား ပေးထားသည်။ ဤကဲ့သို့ နိရောဓသမာပါတ် ဝင်စားနေလျှင် မိမိ၏ကိုယ်ခန္ဓာကို မည်သည့် ရန်သူမျိုး ငါးပါးမှ ပျက်စီးအောင်မလုပ်နိုင်”ဟု အမိန့်ရှိသည်။

ဆရာတော်ဘုရား၏ ထေရုပ္ပတ္တိစာအုပ်များမှာ အကြိမ်ပေါင်းများစွာ ရိုက်နှိပ်ခဲ့ပြီးပြီ။ သို့ရာတွင် နောင်လာနောက်သားများ အာကျစရာ၊ အတုခိုးစရာတစ်ခု ရှိခဲ့သည်။ ရှေးအခါက မဂ်ဖိုလ်ရသည့် သောတာပန်ဖြစ်သည်၊ ရဟန္တာဖြစ်သည်။ ယင်းကိစ္စမျိုးကို ပိဋကတ်သုံးပုံ ပါဠိစာတတ်မှသာလျှင် မဂ်ဖိုလ်သို့ ရောက်နိုင်မည်။ သောတာပန် ရဟန္တာဖြစ်နိုင်သည်ဟု ရှေးလူများက ယုံကြည်ထားခဲ့ကြသည်။

ဆရာတော်ဘုရားကြီးသည် ရိုးရိုးစာကိုသာ ဖတ်သည်။ ပါဠိနှင့်ပတ်သက်၍ လုံးဝမတတ်ခဲ့ချေ။ သို့ရာတွင် သောတာပန်ဖြစ်ရန် အင်္ဂါ ၅၁ ပါး အပါအဝင်ဖြစ်သော သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လွန်စွာအားထုတ်၊ နာမ်နှင့်ရုပ်ကို၊ ဖြစ်ပျက်ချုပ်မြင်၊ နိဗ္ဗာန်ဝင်၏ ဆိုသည့်အတိုင်း ဖြစ်ခဲ့သည်။

မြင်းခြံမြို့ ချည်စက်တွင် အလုပ်လုပ်သော စာရေးကြီးဦးဘစံက ‘သူ စာပေဖတ်ဖူးသည့်အတိုင်း အာနာပါနဆိုတာ လွယ်ပါတယ်။ နှာဝမှ ထွက်သော ဝင်သောလေကို သတိဖြင့် မှတ်နေရုံသာ ဖြစ်သည်။ ဒါကိုပဲ ကြိုးစားပါ’ဟု ညွှန်ကြားသည့်အတိုင်း အားထုတ်ခဲ့ရာမှ ပါရမီ ရှိသဖြင့် ကြိုးစားရင်း၊ အားထုတ်ရင်းပင် သောတာပတ္တိ၊ သောတာပန် ဘဝမှ ရဟန္တာဘဝအထိ ရောက်တော်မူခဲ့သည်။

ပိဋကတ်စာပေ မတတ်ဘဲ ရဟန္တာဖြစ်သည်ကို ရှေးဘုန်းတော်ကြီးများ မယုံကြည်သဖြင့် စွန်းလွန်းဆရာတော်ဘုရားကြီးထံ ခဏခဏလာ၍ စစ်ဆေးကြသည်။ မေးမြန်းကြသည်။ သူတို့မှာ စာတတ်ပုဂ္ဂိုလ်တွေ ဖြစ်သည်။ သူတို့က စာတွေ့ဖြင့် သိသည်။ စွန်းလွန်းဆရာတော်ဘုရားမှာမူ ငါတွေ့ဖြင့် သိသူဖြစ်သဖြင့် မရေမတွက်အောင် များပြားလှသော မေးခွန်းအမျိုးမျိုးကို မေးသမျှ တိတိကျကျ ဖြေဆိုနိုင်ခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ကိုယ်တိုင်အားထုတ်၍ ကိုယ်တိုင် ဤလမ်းခရီးမှ နိဗ္ဗာန်သို့ မျက်မှောက်ပြုခဲ့သူဖြစ်သည်။

စာပေသမားများမှာ စာဖတ်ပြီး စိတ်ကူးရုံသာ ရှိသည်။ ကိုယ်တိုင်ရောက်သူ မဟုတ်ချေ။ မြတ်စွာဘုရား လက်ထက်တော်တွင် စူဠပန်မထေရ်သည် ဘုရားကျောင်းတော်အတွင်း၌ ပိတ်ဖြူစကလေးတစ်ခုကို ပွတ်နေပါဟု ဘုရားသခင်က ညွှန်ကြားခဲ့သည့်အတိုင်း ပိတ်ဖြူစကလေးကို တစ်ညလုံး လက်ဖြင့်ပွတ်နေရာမှ ပိတ်ဖြူစကလေးသည် မည်းညစ်လာသည်။ မမြဲသော အနိစ္စကို မြင်လာသည်။ ထို့နောက် သူ၏ခန္ဓာကိုယ်ထဲ၌ အနိစ္စဘာဂ်ဉာဏ်ကို အလိုလိုပေါ်လာ၍ အဘိညာဉ်နှင့်တကွ ရဟန္တာဖြစ်တော်မူသည်။

အခြား ပန်းထိမ်သည် တစ်ယောက်သည် ရှင်သာရိပုတ္တရာထံတွင် ဝါတွင်းသုံးလပတ်လုံး တရားအားထုတ်သော်လည်း တရားထူးမရသောကြောင့် အရှင်သာရိပုတ္တရာသည် သူ့အား ဘုရားသခင်ထံ ပို့ခဲ့သည်။ ဘုရားသခင်သည် ထိုပန်းထိမ်သည်အား

ရေကန်ကလေး ဖန်ဆင်း၍ ရေကန်အလယ်တွင် ကြာဖူးလေးတစ်ခုကို ဖန်ဆင်းထားပြီး နောက် မင်းသည် ဤကြာဖူးကလေးကိုသာ စူးစိုက်၍ ကြည့်နေပါဟု ညွှန်ကြားတော်မူသသည်။ ပန်းထိမ်သည်မှာ ကြာဖူးကလေးကို ကြည့်နေရာ ကြာဖူးသည် ငုံနေရာမှ တဖြည်းဖြည်း ပွင့်လာသည်။ ပွင့်နေရာမှ တဖြည်းဖြည်း ပွင့်ချပ်ကလေးများသည် အောက်သို့ ညိုး၍ ပြုတ်ကျလာသည်။ ပျက်စီးခြင်းသဘော၊ မမြဲခြင်းသဘော ဘင်္ဂဉာဏ်ကို အာရုံစိုက်ပြီးနောက် ခန္ဓာကိုယ်ကို သုံးသပ်ရာမှ ထိုပန်းထိမ်သည် ရဟန္တာဖြစ်သွားသည်။

အထူးဆန်းဆုံးမှာ ကာဠီအမည်ရှိသော အမျိုးသမီးတစ်ယောက် အကြောင်းပင်ဖြစ်သည်။ ထိုအမျိုးသမီးသည် ကိုယ်ဝန်ဆောင် ဖြစ်သည်။ မွေးကာနီးနေပြီ။ မြတ်စွာဘုရား ဘုရားဖြစ်တော်မူသော ကဆုန်လပြည့် နံနက် ၄ နာရီလောက်တွင် ပူအိုက်လှသဖြင့် သူ၏ အိမ်အပေါ်ထပ်မှ ပြတင်းပေါက်များကို ဖွင့်၍ လေညင်းခံသည်။ ထိုအချိန်တွင် မိုးကောင်းကင်၌ သာတာဂီရိနတ်မင်းနှင့် ဟေမဝန္တ နတ်နှစ်ပါးတို့သည် အပြန်အလှန် စကားပြောသည်ကို သူ့ကံအလျောက် ကြားခဲ့ရသည်။ ထိုနတ်နှစ်ပါးတို့မှာ ကဿပ ဘုရား လက်ထက်က ရဟန်းတော်ကြီးများ ဖြစ်သည်။ သူတို့ ကွယ်လွန်သောအခါ တစ်ယောက်က ဟိမဝန္တာတွင် နတ်ကြီးဖြစ်သည်။ တစ်ယောက်က သာတာဂီရိမည်သော တောင်၌ နတ်မင်း ဖြစ်သည်။ သူတို့နှစ်ဦးသည် အကြောင်းထူးများရှိက တစ်ဦးကိုတစ်ဦး ပြေးပြောစတမ်းဟု ကတိပြုကြသည်။

ဘုရားပွင့်တော်မူသောအခါ ဟိမဝန္တာတောင် အားလုံးတွင် ပန်းပင်၊ သစ်ပင်ဟူသမျှ အကုန်လုံး ပွင့်ကြသည်။ ဤကဲ့သို့ ထူးဆန်းသော အကြောင်းကို ဟေမဝန္တာ နတ်က သူ၏သူငယ်ချင်းများအား ပြောရန်လာခဲ့သည်။ ထို့အတူပင် သာတာဂီရိနတ်မင်း ကလည်း လူ့ပြည်တွင် အတုမရှိသော ဘုရားသခင် ပွင့်တော်မူပြီ။ ထို့ကြောင့် သူ၏ မိတ်ဆွေ ဟေမဝန္တာနတ်အား ပြောကြားရန် လာခဲ့သည်။ ထိုနတ်နှစ်ပါးတို့သည် ယခင်က ကာဠီအမည်ရှိသော အမျိုးသမီး၏ အိမ်အထက်ကောင်းကင်၌ တွေ့ဆုံကြသည်။ ထိုအခါ သာတာဂီရိနတ်က 'ဘုရားပွင့်တော်မူပြီ'ဟု ပြောသည်။ ဟေမဝန္တာနတ်က 'ဘုရားဆိုတာ ဘယ်လိုဟုတ်ကဲ့လား၊ ညာလိုဟုတ်ကဲ့လား' စသည်ဖြင့် မရေမတွက်နိုင်သော မေးခွန်းများကို မေးရာ သာတာဂီရိနတ်က ဖြေကြားခဲ့သည်။

ဤကဲ့သို့ နတ်နှစ်ပါးတို့ ဘုရား၏ ဂုဏ်ကျေးဇူးကို ပြောကြားသောအသံကို ထိုအမျိုးသမီး ကြားသောအခါ အလွန်ပင် ကြည်ညိုသောစိတ် ပြင်းထန်လာသည်။ သဒ္ဓါ၊ ပီတိ၊ ပဿတိ၊ သုခ၊ သမာဓိ ဟူသော ဓမ္မသမာဓိ ငါးပါးဖြင့် သောတာပန်ဖြစ်ခဲ့သည်။ ဘုရား[illegible]နာ[illegible]ဘော် အတွင်းတွင် ပထမဦးဆုံးသော သောတာပန် ဖြစ်ခဲ့သော တေဒဂ်ဘွဲ့ကို ရခဲ့သည်။

ရေကန်ပေါင်း ရှစ်သောင်းလေးထောင်၊ ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ဘုရားပေါင်း ရှစ်သောင်းလေးထောင် တည်ဆောက်ခဲ့သော သီရိဓမ္မာသောကမင်းကြီး၏

မိဖုရားဖြစ်သော အသန္ဓိမိဖုရားကြီးသည် နန်းတော်မှ မောင်းမ ၅၀၀ ဖြင့် ဥယျာဉ်တော်သို့ ရေချိုးရန် ထွက်သွားသည့် အချိန်တွင် နံနက်စောစော ကရဝိက်ငှက်မင်း၏ အသံကို ကြားရသည်။ ထိုအခါ မိဖုရားကြီးသည် ဤသို့စိတ်ကူးသည်။ ငှက်ဖြစ်သော ကရဝိက်၏ အသံပင်လျှင် အလွန်သာယာ ကြည်နူးဖွယ် ကောင်းလှပေသည်။ မြတ်စွာဘုရား၏ အသံတော်မှာမူကား ပို၍ပင် သာယာနာပျော်ဖွယ် ကောင်းမည်ဟု ဘုရားကို ကြည်ညိုသော ဇောစိတ် ထက်သန်လာသည်။ သဒ္ဓါတရား ကောင်းသောကြောင့် ကာဠိအမျိုးသမီးကဲ့သို့ပင် ဘုရားကို ကြည်ညိုရုံနှင့် မိဖုရားကြီးနှင့်တကွ မောင်းမ ၅၀၀ တို့သည် သောတာပန် ဖြစ်ခဲ့သည်။ ထို့ကြောင့် မဂ်ဖိုလ်တရားရရန် ကြည်ညိုမှု၊ ယုံကြည်မှုဟူသော သဒ္ဓါတရားသည် အရေးကြီးဆုံး ဖြစ်သည်။

မိုးကုတ်ဆရာတော်ဘုရား၏ တရားစာအုပ်များတွင်လည်း ဝိပဿနာဉာဏ် ၁၀ ပါး၊ ၁၆ ပါးဆိုသည်မှာ နင်တို့အတွက်မဟုတ်။ ပညာကြီးမားသော အရှင်သာရိပုတ္တရာကဲ့သို့ ပုဂ္ဂိုလ်များအတွက် ဖြစ်သည်။ ဖြစ်ပျက်မြင်မည်။ ဖြစ်ပျက်ချုပ်မည်။ ဤနှစ်ဉာဏ်သာ အရေးကြီးသည်။ မြတ်စွာဘုရားသည် သုသိမရဟန်းကို ဤနှစ်ဉာဏ်ထဲပဲ ဟောသည်။ သုသိမရဟန်းသည် ဤနှစ်ဉာဏ်ကိုသာ အသိအမှတ်ပြု၍ တရားအားထုတ်ရာ ရဟန္တာ ဖြစ်တော်မူသည်။ ထို့ကြောင့် တရားအားထုတ်ရာ၌ သဒ္ဓါတရား အရေးကြီးဆုံး ဖြစ်သည်။

မည်သူမဆို ဘုရားတရားကို ယုံကြည်သော၊ ကြည်ညိုသော သဒ္ဓါတရား ပြင်းထန်စွာရှိလျှင် အားထုတ်ကြည့်ပါ။ လွယ်လွယ်နှင့် မဂ်တရား၊ ဖိုလ်တရား ရနိုင်ပါသည်။ ဆုတောင်းနေမည့်အစား လက်တွေ့လုပ်ကြည့်ပါ။ အာနာပါန ကမ္မဋ္ဌာန်းကို ဟောရာတွင် ဤတရားကို အားထုတ်က ယခုဘဝ သောတာပန်ရဟန္တာ ဖြစ်မည်။ မဖြစ်သေးသော် နတ်ပြည်ရောက်သောအခါ ဤတရားမျိုးစေ့ ပါလာသောကြောင့် သုဓမ္မာနတ်သဘင်တွင် ဓမ္မကထိက နတ်သား၏တရားကို နာကြားလျှင် တစ်ဂါထာ နားထောင်ရုံမျှနှင့် သောတာပန် ရဟန္တာ ဖြစ်နိုင်သည်။ ဘုရားဟောတော်မူသည်။ အလွန် လွယ်ပါသည်။ အားထုတ်နိုင်ကြပါသည်။

## ကျောက်ဆည်မြို့ ဝေဘူဆရာတော်ဘုရားကြီး

ကျောက်ဆည်မြို့ ဝေဘူဆရာတော်ဘုရားကြီးသည် 'ရဟန္တာ'ဟု အလွန်ကျော်စောသည်။ ကျွန်ုပ်သည် နှစ်တိုင်း ဆရာတော်ရှိရာသို့ သင်္ကန်းပရိက္ခရာ ပစ္စည်းလေးပါးကို အမြဲလှူဒါန်းသည်။ မိမိသိလိုသော တရားကိစ္စများကိုလည်း လျှောက်ထားသည်။ ဆရာတော်က ကောင်းစွာရှင်းလင်း ဟောပြတော်မူသည်။ ဆရာတော်ဘုရား၏ တရားတော်စာအုပ်များ ထွက်သော်လည်း အတွင်းရေးကိစ္စများ မပါရှိပေ။ ဆရာတော်ကိုယ်တိုင်က ပြောပြ၍ လူအနည်းငယ်သာ ဆရာတော်၏အကြောင်းကို သိကြရသည်။

ဆရာတော်သည် ရွှေဘိုမြောက်ဘက် အင်ကြင်းပင်ရွာ၌ မွေးဖွား၍ ရဟန်းဖြစ်

တော်မူပြီးလျှင် စာပေကောင်းစွာ တတ်သဖြင့် စာချပေးတော်မူသည်။ အသက် ၄၀ ကျော်သောအခါ သူ၏မိတ်ဆွေ စာချဆရာတော် တစ်ပါးနှင့် တိုင်ပင်ကြသည်။ 'ငါတို့စာချနေတာ နိဗ္ဗာန်ရောက်မှာ မဟုတ်ဘူး။ ကုသိုလ်ရရုံရှိသည်။ ငါတို့ ကိုယ်တိုင် နိဗ္ဗာန်ရောက်ရန် တရားထူးတရားမြတ် ရှာဖွေဖို့ အချိန်ရောက်ပြီ'ဟု တိုင်ပင်ကြသည်။

ဤသို့ နှစ်ဦးသဘောတူ တိုင်ပင်ပြီးနောက် စာချသောလုပ်ငန်းကို ခေတ္တရပ်ဆိုင်း၍ သူငယ်ချင်း နှစ်ပါးတို့သည် မြို့တကာ၊ နယ်တကာ လှည့်လည်၍ ဆရာရှာကြသည်။ ဤကဲ့သို့ သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်ဖြင့် ရောက်လေရာ အရပ်၌ ဆွမ်းခံ၍ ဘဉ်းပေးတော်မူကြသည်။ တစ်မြို့ဝင်၊ တစ်မြို့ထွက် အရပ်တကာသို့ ရောက်ခဲ့သည်။ သူတို့စိတ်ကြိုက် မတွေ့ခဲ့ပေ။ သွားလေရာအရပ်၌ ခြေကျင်ပင် ကြွတော်မူသည်။

ထိုအခါ ဝေဘူဆရာတော်ဘုရားနှင့် အတူပါလာသော ရဟန်းက စိတ်ပျက်လာပြီးလျှင် တပည့်တော်သည် မိမိနေထိုင်ရာကျောင်းသို့ ပြန်၍ စာချမည်။ မဂ်ဖိုလ်နိဗ္ဗာန်ကို ဆုပ်တောင်းတော့မည်ဆိုကာ ပြန်သွားလေသည်။ ဝေဘူဆရာတော်ဘုရားမှာ တစ်ဦးတည်းသာကျန်ရစ်သည်။ တစ်နေ့သောအခါ ညောင်လေးပင်မြို့ ဘူတာရုံထဲရှိ ခုံတန်းရှည်တစ်ခုပေါ်တွင် ဝေဘူဆရာတော်ဘုရားသည် ငှက်ဖျားစွဲကပ်လာသဖြင့် လဲလျောင်း၍ အဖျားဒဏ်ကို ခံနေရသည်။ ထိုအချိန်တွင် နံနက်လေးနာရီလောက်၌ လူသူတော်ဦး ပေါ်ပေါက်လာပြီးလျှင် ဆရာတော်အား ဤသို့ လျှောက်ထားသည်။

"ဆရာတော်ဘုရားအတွက် ကျောက်ဆည်မြို့သို့သွားရန် ဒီမှာ ပထမတန်းခရီးသည် လက်မှတ်တစ်စောင် လှူဒါန်းပါသည်။ ယခု မိုးလင်းလျှင် ရန်ကုန်မှ စာပို့ရထားကြီး လာပါလိမ့်မည်။ စာပို့ရထားကြီးတွင် ပထမတန်းမှ စီးနင်းတော်မူ၍ အညာမြေ ကျောက်ဆည်မြို့သို့ ကြွတော်မူပါ။ ကျောက်ဆည်မြို့သို့ ရောက်သောအခါ ရွှေသာလျောင်းတောင်တော်၏ အရှေ့ဘက်တွင်ရှိသော ဝေဘူချောင်းဟုခေါ်သော စမ်းချောင်းလေးတစ်ခု ရှိပါသည်။ စမ်းချောင်းရေမှာ အနည်းငယ် ပြာလဲ့လဲ့ ရှိပါသည်။ ဆရာတော်သည် ရွှေသာလျောင်း တောင်ခြေမှာပဲ သီတင်းသုံးတော်မူ၍ ဝေဘူချောင်းမှ ရေများကို သောက်သုံးတော်မူပါ။ ဆရာတော်၏အဖျားလည်း ပျောက်သွားပါလိမ့်မည်။ ဆရာတော်လည်း ထိုအရပ်တွင် သာသာနာပြုနိုင်ပါလိမ့်မည်"လျှောက်ထား၍ မီးရထားလက်မှတ်ကို ပေးလှူကန်တော့ပြီး ထွက်ခွာသွားသည်။ မည်သူမည်ဝါဟူ၍ ဆရာတော်သည် မသိခဲ့ချေ။

ဤနည်းအားဖြင့် ကျောက်ဆည်မြို့သို့ ရောက်သောအခါ ဝေဘူချောင်းကလေးကို တွေ့သည်။ ရွှေသာလျောင်းတောင် အရှေ့ဘက်တောင်ခြေတွင် ဆရာတော်သည် ပထမ သစ်ပင်အောက်မှာ နေထိုင်တော်မူ၍ ဝေဘူချောင်းရေကို မှီဝဲသုံးဆောင်ခဲ့သည်။ နေ့ရက် အတော်ကြာသောအခါ အဖျားပြတ်သွားသည်။ ဆရာတော်သည် မြို့ထဲသို့ ဆွမ်းခံကြွသည်။ ဆရာတော်၏သင်္ကန်းမှာ နှစ်,လတွေ ကြာသဖြင့် အလွန်ဟောင်းနွမ်းနေသည်။ စုတ်ပြတ်သောနေရာတွင် ချုပ်စရာအပ်ချည် မရှိသဖြင့် ဖြစ်သလိုပင် အထုံးထုံးထားသည်။ ဟိုနားက စုတ်လိုက် ထုံးလိုက်၊ အောက်နားက စုတ်လိုက် ထုံးထားလိုက်ဖြင့် ဤကဲ့သို့ပင်

နေခဲ့ရသည်။ ရပ်ရွာထဲမှ လူများမှ ဤကဲ့သို့ သက်န်းဟောင်းကြီးကို အစုတ်အပြတ် အထုံးအဖွဲ့များဖြင့် ဆွမ်းခံကြွလာသောအခါ ဆရာတော်အား 'ရဟန်းကောင်းဟူ၍ပင် မအောက်မေ့၊ စိတ်မနှံ့ပါလေစ'ဟုပင် တွေးထင်ကြသည်။

သို့ရာတွင် ဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်ကြောင့် ဤကဲ့သို့ ဆင်းရဲစွာ ကြာရှည်မနေရပါ။ ကျောက်ဆည်မြို့ထဲမှ စာပေတတ်ကျွမ်း၍ ဘုရားစာပေများကို အမြဲ ဖတ်ရှုသော ဒါယိကာမကြီး တစ်ယောက်သည် ဆရာတော်ဘုရားကို မြင်ရပြီး ရဟန္တာ များ၏ မျက်နှာသည် ကြွေကျသော ထန်းသီးမှည့်၏ မျက်နှာကဲ့သို့ ကြည်လင်နေသည်။ ဝင်းထိန်နေသည် ဟူသော စာကို ဖတ်ဖူးသည့်အတိုင်း ဆရာတော်ဘုရားကို ဖူးမြော် ရသောအခါ သူ၏စိတ်ထဲတွင် 'ပုဂ္ဂိုလ်ထူးတစ်ယောက် ဖြစ်မည်။ တရားထူးရသော ပုဂ္ဂိုလ်ဖြစ်မည်'ဟု ယုံကြည်လိုက်သည်။ နောက်တစ်နေ့ နံနက် လေးနာရီတွင် သူတို့ လင်မယား နှစ်ယောက်သည် ဆရာတော်ရှိရာကျောင်းသို့ ယာဂုကျို၍ နံနက်စောစော ကပ်ရန် ကျောင်းဘက်သို့ ထွက်လာကြသည်။

ကျောင်းတံခါးဝနားမရောက်မီ ကိုက် ၁၀၀ လောက်ရောက်သောအခါ ရွှေသာ လျောင်းတောင်ထိပ်မှ အလွန်ဝင်းထိန်နေသော မီးလုံးကြီးတစ်လုံးသည် တဖြည်းဖြည်း အောက်သို့ ရောက်လာသည်ကို တွေ့ခဲ့ရသည်။ သူတို့သည် ရုတ်တရက်သော် အလွန် အံ့သြသွားသည်။ 'ဘာများလဲ'ဟု ရပ်၍ ကြည့်နေကြသည်။ ထိုမီးလုံးကြီးမှာ ဆရာတော်၏ ကျောင်းဝရောက်သောအခါ ပျောက်ကွယ်သွား၍ ဆရာတော်ဘုရား ဖြစ်နေကြောင်း ဖူးတွေ့ရသည်။ ဤတွင် ဆရာတော်ဘုရားကို သူတို့ အလွန် ကြည်ညိုသွားသည်။ ဆရာတော်ဘုရားသည် အဘိညာဉ်ရသော ရဟန္တာဖြစ်သည်ဟု စွဲစွဲမြဲမြဲ ယုံကြည်သည်။

ဤနည်းအားဖြင့် ဆရာတော်အား ဖူးမြော်ရန် ဆွေမျိုးများကို တိုးတိုးတိတ်တိတ် တိုက်တွန်းရာမှ ဆရာတော်၏သတင်းသည် ဟိုးလေးတကျော် ဖြစ်လာရသည်။ ဆရာတော် က ကျွန်ုပ်အား 'ဒကာကြီး၊ ဘုန်းကြီးတို့ အနေအထိုင်မတတ်လို့ သူများတွေသိတာပါ'ဟု ဤကိစ္စကို ရည်မှန်း၍ တစ်ခါက မိန့်တော်မူသည်။

ဤကဲ့သို့ ဆရာတော်ဘုရားသည် ဈာန်အဘိညာဉ်ဖြင့် ပြည့်စုံသည်ကို ယုံသူများ ရှိသည်။ မယုံသူများရှိသည်။ ဤကိစ္စအတွက် သက်သေခံရှိသည်။

ကျွန်ုပ်၏ သူငယ်ချင်းဖြစ်သူ မေမြို့မှ ခရိုင်သစ်တောဝန် ဦးသာလှသည် ပျဉ်းမနား မြို့တွင် သစ်တောဝန်အဖြစ် လုပ်ကိုင်ဆောင်ရွက်နေသည်။ ထို့နောက် လေလံပစ်သော ကျွန်းတိုင်များကို သူတစ်ပါးထံမှ ဝိုင်းဝန်းအလှူခံ၍ ဓာတ်မီးတိုင်အဖြစ် ဆရာတော်၏ ကျောင်းတွင်းတွင် သွားရောက်၍ စိုက်ထူလှူဒါန်းပေးသည်။

ထိုအခါတွင် ဆရာတော်ဘုရားသည် ဤကဲ့သို့ အဘိညာဉ်ရကြောင်း၊ ကောင်းကင် ပျံကြောင်း ငြင်းကြသည်၊ ခုံကြသည်၊ မယုံသူနှင့် ယုံသူတို့ လောင်းတမ်းစားတမ်း လုပ်ကြသည်။ မယုံသူတစ်ယောက်၊ ယုံသူတစ်ယောက် တွဲ၍ တစ်တွဲ။ ဤကဲ့သို့ အတွဲ လေးတွဲ တွဲပြီးလျှင် တစ်ညလုံး မိုးလင်းအောင် စုံစမ်းမည်ဟု နေရာအမျိုးမျိုးခွဲ၍

စောင့်ကြည့်နေကြသည်။ အချို့မှာ ဆရာတော်ဆင်းရာ လှေကားနား၌ ရှိသည်။ အချို့မှာ ရွှေသာလျောင်းတောင် အလယ်လောက်တွင် ရှိသည်။ အချို့မှာ ဆရာတော်၏ ကျောင်း အရှေ့ဘက်ရှိ တောစပ်လယ်ကွင်းနားတွင် ဖြစ်သည်။

ဤကဲ့သို့ စောင့်ကြည့်နေရာ နံနက်လေးနာရီ ထိုးသောအခါ ဆရာတော်သည် မိုးကောင်းကင်မှ ကြွလာ၍ ဘုရားများစွာ ရှိရာသို့ သွားရောက်ပြီး ဆီမီးများ ထွန်းညှိ ပူဇော်သည်ကို အတိုင်းသား မြင်ကြရသည်။ ဒီဘုရားမှ ဟိုဘုရားကိုလည်း ကောင်းကင်မှ ကြွတော်မူ၍ ဆီမီးပူဇော်သည်။ ယုံသောသူများမှာ အထူးပြောစရာ မရှိ။ မယုံသော သူများပင်လျှင် အလွန်ကြည်ညို၍ ဦးချကန်တော့ကြသည်။ ဤကဲ့သို့ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ် မြတ်များမှာ မြန်မာပြည်သူပြည်သားတို့ အလွန်ကံကောင်းသောကြောင့် ဖြစ်ပေါ်ခဲ့သည်။ လှူရသောသူများ၊ ရှိခိုးရသော သူများသည် မရေမတွက်နိုင်သော အကျိုးများကို ပေးစေ ပါသည်။

တစ်ရံရောအခါ ရွှေဘိုမြို့ကြီး တစ်ခြမ်းနီးပါး မီးလောင်သွားသည်။ ဆရာတော် မှာ ရွှေဘိုမြို့၌ အောင်မြေကျောင်းဟု ခေါ်သော ကျောင်းတိုက်ကြီးတစ်ခု၊ အင်ကြင်းပင် တောရ၌ ကျောင်းတိုက်ကြီးတစ်ခု၊ ကျောက်ဆည်မြို့၌ ဝေဘူကျောင်းတိုက်များ ရှိသည်။ ဆရာတော်ဘုရားသည် ဝါဆိုလမှစ၍ တန်ဆောင်မုန်းလမှ တပို့တွဲ လကုန်အထိ ရွှေဘို မြို့၌ သီတင်းသုံးတော်မူသည်။ တပေါင်းလမှ ဝါဆိုလအထိ မွေးဖွားရာ အင်ကြင်းပင် တောရကျောင်း၌ သီတင်းသုံးတော်မူသည်။

ရွှေဘိုမြို့ကို မီးလောင်သောအခါ ဆရာတော်ကိုယ်တိုင် ရွှေဘိုမြို့မှာ ရှိနေသည်။ မီးလောင်ပြီးနောက် လူတို့မှာ အလွန်ဒုက္ခရောက်သည်။ သင့်တော်ရာ သစ်ပင်များ အောက်တွင် ခေတ္တနေကြရသည်။ ဆရာတော်သည် ထိုစဉ်က ဆွမ်းခံကြွမည်ဟု မိန့်တော် မူသည်။ ဆရာတော်ဘုရား၏ တူအရင်းအဖြစ်၍ ဆရာတော်ကိစ္စ ဟူသမျှ ဆောင်ရွက် ပေးနေသော အတွင်းရေးမှူး ဦးပဥ္စင်း ဦးသုမနက ဤသို့ လျှောက်ထားသည်။

"ဆရာတော်ဘုရား၊ လူတွေမှာ မီးလောင်ထား၍ စားစရာမရှိ။ သစ်ပင်အောက် တွင် နေရပါသည်။ ဤကဲ့သို့ ဆရာတော်ဘုရားက ဆွမ်းခံကြွတော်မူလျှင် အလွန်ပင် အားနာစရာ ကောင်းပါသည်။ ကြွတော်မမူပါနှင့်"ဟု လျှောက်ထားသည်။ သူ၏ အမြင်ကား လောကီအမြင် ဖြစ်သည်။

ထိုအခါ ဆရာတော်က ဤသို့ အမိန့်ရှိသည်။ "သင်ပြောတာတွေလည်း မှန်သည်။ ငါသည် ဆွမ်းကို အလိုရှိ၍ ဆွမ်းခံခြင်း မဟုတ်ပါ။ ငါနှင့်တကွ သံဃာတော်များ ကြွသွားသောအခါ မီးလောင်ခံရသော ဒုက္ခသည်များသည် လှူဒါန်းစရာ ဘာမျှမရှိသော် လည်း ဆရာတော်ကို ရှိခိုးကြမည်။ ကန်တော့ကြမည်။ ပူဇော်ဖူးမြော်ကြမည်။ ဤကဲ့သို့ သော ကုသိုလ်အကျိုးများကြောင့် သူတို့မီးလောင်၍ ဆင်းရဲနေသော ဒုက္ခတွေမှာ အမြန်ဆုံး ကင်းလွတ်၍ ချမ်းသာရာရလိမ့်မည်။ လောကီရော၊ လောကုတ္တရာရော အကျိုးပေးတော် မူသည်။ ဤသို့ရည်၍ ငါ ဆွမ်းခံတော်မူသည်"ဟု အမိန့်ရှိတော်မူသည်။

**လမ်းသစ်စာအုပ်တိုက်**

ဆရာတော်၏ဇာတိဖြစ်သော အင်ကြင်းပင်ရွာရှိ ကျောင်းကြီးမှာ ဘုရားကျောင်းကန်များဖြင့် အလွန်ကြီးကျယ် ခမ်းနားသည်။ ရေရှားသောကြောင့် နှစ်မိုင်၊ သုံးမိုင်ဝေးသော နေရာမှ လှည်းဖြင့်သွား၍ ရေခပ်ရသည်။ ဆရာတော် ရန်ကုန်မြို့သို့ နှစ်စဉ်ကြွတိုင်း ကျွန်ုပ်တို့ နံနက်စောစော တရားနာလေ့ရှိသဖြင့် ဤအကြောင်းကို သိရသည်။ ထို့နောက် ရွှေဘိုမြို့မြောက်ဘက် ဇီးကုန်းမြို့မှ စက်ပိုင်တစ်ယောက်နှင့် ကျွန်ုပ်သည် နှစ်ဦးစပ် အဝီစိတွင်းတူးရန် စီစဉ်သည်။ ထိုခေတ်က ငွေတစ်ထောင်စီ လှူဒါန်း၍ နောင်တွင် လိုသလောက်လှူရန် ဆရာတော်၏ ဒါယကာများထံ အပ်နှင်းလိုက်သည်။ အဝီစိတွင်းတူရန်လည်း ဆရာတော်အား လျှောက်ထားသည်။ သို့ရာတွင် ကျွန်ုပ်တို့၏ ကုသိုလ်အား မပြည့်စုံပေ။ အဝီစိတွင်းတူးရာ၌ ရေလုံးဝ မထွက်ခဲ့ပေ။ သို့ရာတွင် ဆရာတော်၏ဘုန်းကံ ကြီးမားလှပေသည်။ နောင် သုံးလေးနှစ်ကြာသောအခါ ကျောင်းဝင်း၏ အရှေ့တောင်ဘက် ထောင့်နေရာတွင် အဝီစိတွင်းတစ်ခု စမ်းသပ်၍ တူးပြန်သည်။ ယခုတစ်ကြိမ် အဝီစိတွင်းတူးသောအခါ ပေအနည်းငယ်ဖြင့် ရေထွက်လာသည်။ ရေထွက်သောအခါ၌လည်း ရေစုပ်စက်တပ်ရန် မလိုပေ။ သူ့အလိုလို ပန်းထွက်လာသည်။ ပေါင်လုံးခန့်ရှိသော ရေလုံးကြီး ဖြစ်သည်။ ယင်း အဝီစိတွင်းမှ အလိုလိုထွက်သော ရေကြောင့် ကျောင်း၏ တောင်ဘက်တွင်လည်း ရေကန်ကြီး ဖြစ်နေသည်။ ကြာပင်ကြာပန်းများဖြင့် အလွန်သာယာလှပသည်။ ရဟန်းသံဃာများ၊ လူအပေါင်းတို့အတွက်ပါ ရေများသုံး၍ မကုန်အောင် ယခုအထိ ပေါများနေသည်။

ဆရာတော်၏ ရှေးဘုန်း၊ ရှေးကံကား ကြီးမားလှပေသည်။ သို့ရာတွင် ဆရာတော်သည် ၁၃၃၉ ခုနှစ်တွင် ပရိနိဗ္ဗာန် စံလွန်တော်မူသည်။

ကျွန်ုပ်သည် ဆရာတော်အားသိလို၍ လျှောက်ထားသော ကိစ္စများကို ရေးသားရန် မသင့်သဖြင့် ချန်ထားခဲ့ပါသည်။

ဆရာတော်က မြန်မာပြည်ကြီး သာယာဝပြောမည်။ ပဋိသမ္ဘိဒါမဂ် ရဟန္တာများ ပေါ်မည်။ သဂ်ါယနာတင်လိမ့်မည်။ နောက်ထပ် ရဟန္တာတွေ အများကြီး ပေါ်ထွန်းမည်။ ကမ္ဘာအရပ်ရပ်က ဗုဒ္ဓဘာသာဝင်များ မြန်မာပြည်သို့လာပြီး ဝိပဿနာတရား အားထုတ်ကြမည်ဟု မိန့်တော်မူခဲ့သဖြင့် မျှော်လင့်ဝမ်းသာစရာ ကောင်းလှပေသည်။

ကျွန်ုပ်ကို ဆုံးမခဲ့သော ဆရာတော်၏ တရားအချုပ်တစ်ခုမှာ 'ရှေးက ကောင်းခဲ့လို့ ခုကောင်းပါပြီ။ ခုကောင်းလျှင်လည်း နောင် ကောင်းပါလိမ့်မည်...'တဲ့။ အံ့သြဖွယ် တရားမှန်ကူ ဖြစ်တော်မူပါပေသည်။

## ပေါင်းတော်ချုပ် ဆရာတော်ဘုရား

တွံတေးမြို့အနီးရှိ တောရကျောင်းဖြစ်သော ပေါင်းတော်ချုပ် ဆရာတော်ကြီးသည် ကျွန်ုပ်၏ ဆရာတစ်ပါး ဖြစ်ပါသည်။

တစ်နေ့တွင် ကျွန်ုပ်၏အစ်ကိုရင်းကဲ့သို့ ခင်မင်သော အထက်က ဖော်ပြခဲ့ပြီးသော ကော့ထင်းဆရာတော်၏တပည့် မြန်မာညွန့် ဦးသူတော် ကျွန်ုပ်ထံ ပေါ်လာသည်။

သူက ဆရာတော်တစ်ပါး ထူးခြားစွာ ဖူးတွေ့ရကြောင်း ပြောပြသည်။ ဆရာတော်မှာ ရန်ကုန်တစ်ဖက်ကမ်း ဒလမြို့မှ ဆယ်မိုင်၊ တွံတေးမြို့မှ ငါးမိုင်ကွာရှိ တောင်တန်းကလေးပေါ်၌ သီတင်းသုံးသော ပေါင်းတော်ချုပ်ဆရာတော်ဘုရားပင် ဖြစ်သည်။

သူနှင့် အလွန်ခင်မင်ရင်းနှီးသော ကုန်သည်ကြီးတစ်ဦးသည် ကိစ္စရှိ၍ ဘန်ကောက်မြို့သို့သွားရန် နိုင်ငံကူးလက်မှတ် လျှောက်ထားသည်မှာ ရှစ်လကြာခဲ့သည်။ ယနေ့အထိ ဘာသံမှ မကြားရချေ။ ထိုအခါ ဦးသူတော်က သူ၏မိတ်ဆွေအား "ခင်ဗျား လျှောက်လွှာတစ်စောင် ရေးယူခဲ့ပါ။ ဆရာတော်ထံ သွားရောက်၍ ပူဇော်ပြီးလျှင် ဆုတောင်းကြပါစို့" ဟု ပြောဆိုစီစဉ်သည်။ ဒလဘက်သို့ သင်္ဘောဖြင့်ကူးကာ ဂျစ်ကား၍ ပေါင်းတော်ချုပ်ဆရာတော်ဘုရားထံ သွားကြသည်။ ရောက်သောအခါ ဆရာတော်အား ကန်တော့၍ အကျိုးအကြောင်းကို လျှောက်ထားသည်။ ဆရာတော်က လျှောက်လွှာကို လက်ဝါးဖြင့် စမလိုက်ပြီး ဆုတောင်း၍ ပြန်ပေးလိုက်သည်။ လျှောက်လွှာတင်သောအခါ ခုနစ်ရက်နှင့်ပင် နိုင်ငံကူးလက်မှတ် ရလာသည်။

ဆရာတော်ထံ၌ ပညာခံယူလိုက 'ရေစင်တက်သည်'ဟု ခေါ်သည်။ ရေတစ်ခွက် ဆရာတော်က ပေးသည်ကို သောက်ကာမျှနှင့် မိမိအဓိဋ္ဌာန်အတိုင်း ငါးရက်၊ ခုနစ်ရက်၊ ကိုးရက်၊ လေးဆယ့်ငါးရက်အထိ ဘာမျှမစားဘဲ နေနိုင်သည်ဟု ပြောလာသည်။

ထို့ကြောင့် တစ်နေ့သောအခါ ဦးသူတော်နှင့် ကျွန်ုပ်တို့သည် ဆရာတော်ကျောင်းသို့သွား၍ အိပ်ကြသည်။ နောက်တစ်နေ့မနက်တွင် ဆရာတော်၏ ကျောင်းအလယ်၌ ဓာတ်စခန်းခေါ်သော ဇရပ်ကလေးပေါ်သို့ ဆရာတော်နှင့်အတူ ရောက်ကြသည်။ ကျွန်ုပ်၏ ဓာတ်လုံးကထွက်သော ရွှေပြားကို မီးချစ်ဆံခေါင်းလောက် ပျားရည်နှင့် စားလျှင် လုံးဝ ထမင်းမစားဘဲ နေနိုင်သည်။ ဆာမွတ်ခြင်းမရှိချေ။ ထိုနည်းအတူ ဆရာတော်က ရွှေပြားများပေးလိမ့်မည်ဟု ထင်မှတ်ထားသည်။

ဤကဲ့သို့ မဟုတ်ပါ။ ကျွန်ုပ်အား ဘုရားကန်တော့ခိုင်းသည်။ ထိုအချိန်တွင် ဆရာတော်သည် သူ၏ အထက်ဆရာတော်များအား ဖယောင်းတိုင် တစ်တိုင်ဖြင့် မီးပူဇော်တော်မူသည်။ ပင့်ခေါ်တော်မူသည်။ နာရီဝက်ခန့် ကြာပြီးသောအခါ ဘုရားစင်၏ဘေးတွင်ရှိသော အားလုံးသောက်သော ရေအိုးစင်မှ နှစ်လက်မလောက်မြင့်သော ကြေးဖလားငယ်လေးဖြင့် ရေတစ်ခွက်ခပ်၍ သောက်စေသည်။ ထို့နောက် လက်ဝါးကို စမရိုက်၍ ပေးသည်။ ဤကဲ့သို့ စမရိုက်ပေးသောအခါ လက်များသည် ဓာတ်ဝင်လာ၍ တဆတ်ဆတ် တုန်လာသည်။ မတုန်စေရန် မည်သို့ပင် စိတ်ကထိန်းသော်လည်း မရ။ ဓာတ်ဝင်ကြောင်း သက်သေပြသည်။ အဓိပ္ပာယ်မှာ ဆရာသမားများက တပည့်အဖြစ် အသိအမှတ်ပြုခြင်းပင် ဖြစ်သည်။

ရေတစ်ခွက်သောက်ပြီးသောအခါ မိမိ၏အစာအိမ်ထဲတွင် ဒန်ပေါက်ထမင်း နှစ်ပန်းကန် စားလိုက်ရဘိသကဲ့သို့ အလွန်တင်း၍ ဝလာသည်။ မိမိဝမ်းဗိုက် ပူထွက်လာသည်ဟုပင် ထင်မိသောကြောင့် ဝမ်းဗိုက်ကို စမ်းကြည့်ရာ ဝမ်းဗိုက်မှာ ရှီးရှီးပင်ရှိသည်။

**လမ်းသစ်စာအုပ်တိုက်**

ဤကဲ့သို့ ရေစင်တက်သောအခါတွင် အရဏ်မစ၍ မည်သည့် အစားအစာကိုမျှ မစားရချေ။ ရေစင်တက်ပြီးနောက် ကျွန်ုပ်သည် ကိုးရက်တိတိ တစ်ခါတစ်ရံ ရေအနည်းငယ် သောက်သည်မှတစ်ပါး မည်သည့် သစ်သီး၊ ထမင်းဟင်းကိုမှ မစားဘဲနေခဲ့သည်။ စားချင်သောစိတ် လုံးဝမပေါ်ခဲ့ချေ။ ကျွန်ုပ် ကြိုက်တတ်သော အသီးအနှံများ၊ ဟင်းများကို စိတ်ကူးကြည့်သည်။ စားချင်စိတ် ထားကြည့်သည်။ အစာစားချင်သောစိတ် မပေါ်လာချေ။ သုံးရက်မြောက်သောအခါ အနည်းငယ် အားကုန်လာသည်။ ငါးရက်မြောက်သောအခါ အားပြန်၍ ပြည့်လာသည်။ နုံးချိခြင်း၊ အားကုန်ခြင်းမရှိ။ ရိုးရိုးလူများကဲ့သို့ သွားနိုင်၊ လာနိုင်၊ လုပ်နိုင်သည်။ အံ့ဩဖွယ်ရာဖြစ်သည်။ ကိုးရက်တိတိ အစာမစားဘဲ နေနိုင်သည်။

ဤကဲ့သို့ ရေစင်တက်သောအခါ ပုတီးစိပ်ရသည်။ သို့မဟုတ် အာနာပါနကမ္မဋ္ဌာန်း ထိုင်ရသည်။ ရှိသမျှအချိန် အားထုတ်ရသည်။ ဤကဲ့သို့ ဝမ်းထဲ၌ အစာမရှိသောအခါ ဒိုက်မြည်းခြင်း လုံးဝမရှိတော့။ အလွန် နှလုံးသာယာသည်။ ခန္ဓာကိုယ်ပေါ့ပါးလာသည်။ ဉာဏ်အလွန်ကောင်းလာသည်။ သတ္တဝါများအပေါ်လည်း သနားသောကရုဏာစိတ် ဖြစ်ပေါ်လာသည်။ ဘုရားကို အထူးယုံကြည်၍ သဒ္ဓါတရား ထက်သန်လာသည်။ လောဘ၊ ဒေါသ၊ မောဟများမှာ ကင်းစင်သွားသည်။ အလွန်နှစ်သက်ပီတိစိတ်မျိုး ဖြစ်လာသည်။ ထို့ကြောင့် တရားတော်တွင် သဒ္ဓါ၊ ပီတိ၊ ပဿဒ္ဓိ၊ သုခ၊ သမာဓိဟူသော လမ်းစဉ်အတိုင်းသာ ဖြစ်လာသည်။

ဤပီတိ၊ သုခရောက်လျှင် မည်သည့် ချမ်းသာခြင်းနှင့်မျှ မနှိုင်းယှဉ်အောင်၊ နှလုံးသားက ကြည်နူးလာအောင် စိတ်ချမ်းသာသည်။ လောကကြီး၌ ဘာမျှ လိုချင်သောစိတ် မရှိတော့ချေ။ လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေလည်း ငြိမ်းကုန်သည်။ ဘုရားက ဟောတော်မူသည်မှာ 'ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ' ဟူသော ဈာန်အင်္ဂါငါးပါးတွင် တတိယဈာန်ဖြစ်သော ပီတိလောကီနိဗ္ဗာန် ဖြစ်သည်။

လောကုတ္တရာတည်းဟူသော နိဗ္ဗာန်သည် သန္တိ သုခ အလွန်ငြိမ်းချမ်းသော၊ အေးမြသော တရားကဲ့သို့ ဤတတိယဈာန်ဖြစ်သော ပီတိသည် လောကီနိဗ္ဗာန်ပင် ဖြစ်သည်။ အလွန်ငြိမ်းအေးသည်ဟု ဟောတော်မူသည့်အတိုင်း လောကကြီး၌ လိုချင်သောစိတ်၊ တောင့်တသောစိတ် မရှိတော့ပေ။ ဤကဲ့သို့ပင် ထူးခြားလှပေသည်။ ဆရာတော်သည် သတ္တဝါများအတွက် အမြဲကရုဏာထား၍ စောင့်ရှောက်တော်မူသည်။ လာသမျှသော ဒုက္ခသည်များကိုလည်း ပညာစွမ်းဖြင့် ကူညီတော်မူသည်။ အထူးသဖြင့် ဥစ္စာစောင့်များ၊ ရူးနေသောသူ များစွာကို ပျောက်စေခဲ့သည်။ ရေတိုက်ရုံမျှနှင့် ပျောက်သည်။ သွေးရိုးသားရိုး ရောဂါဖြစ်သူများကိုမူ ဆရာတော်သည် မကုသနိုင်ပါ။ စိတ္တဇဆေးရုံသို့ ပို့ပေးသည်။

ဆရာတော်သည် သီလအား၊ သမာဓိအား လွန်စွာ ကောင်းတော်မူသည်။ ရဟန်းသံဃာများကိုလည်း အမြဲတမ်း သည်းခံရန် ဆုံးမသည်။ 'ကျောင်းကတိုင် ချွတ်ယူသွားပါစေ မပြောရ'ဟု ဆုံးမထားပါသည်။ တစ်ခါတစ်ရံ အမဲပစ်သောသူများသည် တောထဲ၌

အမဲလိုက်ခဲ့လျှင် သမင်ငယ်များ၊ ချေငယ်များတို့သည် တောထဲမှ ပြေးလာပြီး ဆရာတော်၏ကျောင်းဝင်းထဲသို့ လာရောက်ခိုလှုံကြသည်။ အံ့သြဖွယ်ဖြစ်သည်။ အမြဲတမ်း မေတ္တာတရားပွား၍ ပုတီးစိပ်တော်မူသည်။ မည်မျှ ပုတီးစိပ်သည်ဆိုလျှင် ရိုးရိုးကြိမ်ပုတီးသည် ဆရာတော် တစ်လလောက်စိပ်က အလွန် မည်းမှောင်၍ နက်ပြောင်လာသည်။

ကျောင်း၌ သက်သတ်လွတ် စားရသည်။ အသီးအနှံများကိုပဲ မှီဝဲရသည်။ အလွန်တောခေါင်လှသော်လည်း စာရေး သောက်ရေး မပူရပေ။ ကျောင်းအနီးရှိ ကံဘဲ့ရွာမှ ကျောင်းအမကြီးတစ်ဦးက ဧကနှစ်ဆယ်ရှိသော လယ်များကို ဆရာတော်ထံ အပြီးအပိုင် လှူထားသည်။ လယ်တွင် ဆရာတော်၏တပည့်များက လယ်လုပ်၍ စပါးရသောအခါ ဆန်စက်တွင် ကြိတ်ပြီး၊ ဆန်များ အမြဲဖူလုံနေသည်။ လာသမျှ ပရိသတ်များကို နေ့ရော၊ ညပါ ကျွေးမွေးသည်။

ဆရာတော်ဘုရားသည် သတ္တဌာန ဘုရားတည်တော်မူသည်။ ကျောင်းဆရာနှင့် ကျောင်းသားများ၊ တပ်မတော်မှ ဗိုလ်မှူးကြီးများ၊ ရဲဘော်များ အားလပ်သောအခါ လာရောက်၍ အသင်းအဖွဲ့အလိုက် လုပ်အားပေးပြီးလျှင် ဘုရားတည်ရန် ကူညီခြင်း လုပ်ငန်းဟူသမျှကို ကူညီခြင်း စသံဖြင့် ယခုအခါ သတ္တဌာန ဘုရားအားလုံး ပြီးစီးသွားပေပြီ။

လူအများ အပြောအားဖြင့် ဤကဲ့သို့ သတ္တဌာန အစုံအလင် မြန်မာပြည်တွင်မရှိ။ အချို့နေရာများတွင် မဟာဗောဓိစေတီတော်သာ ရှိသည်ဟု ဆိုသည်။ ဤသတ္တဌာနမှာ သိန်းပေါင်းများစွာ ကုန်သည်။ ဆင်းရဲသားများ တစ်ကျပ်၊ နှစ်ကျပ်မှစ၍ ထောင်သောင်းအထိ ပါဝင်လှူဒါန်းကြသည်။ အများကောင်းမှု ဖြစ်သည်။ ကျောင်းသူကျောင်းသားများစွာ၊ ရွာသူရွာသားများကလည်း အုတ်ခဲသယ်ခြင်း၊ မြေညှိခြင်း စသော ဝေယျာဝစ္စ ကုသိုလ်ပါဝင်ကြသည်။ အများကုသိုလ်ရကြသည်။ လူတိုင်းဖူးမြော်ရန် အလွန်ကောင်းသောနေရာ ဖြစ်သည်။

ကျောင်းတွင် အဝီစိတွင်းတစ်တွင်း၊ ဘုရားကုန်းတော်တွင် အဝီစိတွင်းတစ်တွင်း ရှိ၍ ရေစုပ်စက်ဖြင့် ရေပေးရာ ရေအတွက်လည်း ပူစရာမရှိချေ။ ဘုရားဖူးရန်၊ တရားအားထုတ်ရန် အလွန်စိတ်ငြိမ်သော၊ ကောင်းမွန်သော နေရာမျိုးဖြစ်သည်။ ကျွန်ုပ်သည် သတ္တဌာနတစ်ခုမှ ဘုရားတစ်ဆူ ပူဇော်လှူဒါန်းသည်။

အလွန်ထူးသည်မှာ လင်းလွန်းပင် သတ္တနေရာ၌ လင်းလွန်းပင် တစ်ပင်ကို ကျွန်ုပ်ကိုယ်တိုင် မန္တလေးမှယူလာ၍ စိုက်လှူခဲ့ရာ ယခုအခါ အလွန်ကြီးသော အပင်ကြီးဖြစ်၍ အသီးများပင် သီးနေပေပြီ။ လင်းလွန်းပင်မှာ သာမန် လင်းလွန်းပင်မျိုး မဟုတ်ချေ။ ကျွန်ုပ်၏မိတ်ဆွေ မန္တလေးမြို့မှ ရေခဲစက်ပိုင် ဒေါ်ခင်ဌေး ကိုးကွယ်သော မန္တလေးမှ မေမြို့အသွား ၂၁ မိုင်ကျောင်း ဆရာတော်သည် အိန္ဒိယပြည်သို့ ဘုရားဖူးသွားရာတွင် မဟာဗောဓိစေတီတော်အနီးရှိ မူလပင်ရင်း ဘုရားသခင် သီတင်းသုံးရာ လင်းလွန်းပင်၏ မျိုးစေ့များကို ယူလာ၍ ပျိုးထားသောအပင် ဖြစ်သည်။

ကျွန်ုပ်သည် မန္တလေးသို့ရောက်၍ ဘုရားအမကြီး ဒေါ်ခင်ဌေးက သူပျိုးထားသော

လင်းလွန်းပင်ကို ကျွန်ုပ်အား ပေးသည်။ ကျွန်ုပ်သည် ရတ်တရက် ပေါင်းတော်ချုပ်သတ္တဋ္ဌာနကို သတိရသည်။ ထို့ကြောင့် ဆရာတော်၏ တပည့်ရင်းဖြစ်သော ဧရာဝတီသဘော်ာ အထက်မြန်မာပြည်ဆိုင်ရာ အုပ်ချုပ်ရေးမှူး၏အိမ်သို့ သွားပို့ထားပြီးလျှင် 'ဆရာတော်၏ကျောင်းသို့ မန္တလေးမှ သဘော်ာဖြင့် ပို့ပေးပါ'ဟု အပ်ထားခဲ့သည်။

ကျွန်ုပ်မှာ လေယာဉ်ပျံနှင့် ပြန်လာရာ ဤပန်းအိုးကြီးကို ယူခဲ့၍ မရပါ။

လင်းလွန်းပင်သည် လေးပေခန့်ရှိသည်။ ကျောင်းသို့ရောက်သောအခါ လင်းလွန်းပင် သတ္တဟနေရာတွင် မြေကြီး တူးဆွ၍ ဆရာတော်ကိုယ်တိုင် စိုက်တော်မူသည်။ နွေအခါ၌ အပင်သည် ငယ်သေးသဖြင့် တစ်နေ့ရေတစ်ပုံး လောင်းပေးရသည်။ သုံးနှစ်လောက်ကြာသောအခါ ရေလောင်းပေးရန် မလိုတော့ချေ။ အောက်ရေရှိရာသို့ အမြစ်တွယ်သွားသည်။ ယခုအခါ အလွန်ကြီးသော အပင်ကြီး ဖြစ်နေပြီ။ ဘုရားသခင် ပွင့်တော်မူရာမှ မျိုးစေ့ဖြင့် ပွားယူသော လင်းလွန်းပင် ဖြစ်သည်။ လူတိုင်း သွားရောက်ရှိခိုးသင့်သည်။

အခြားတစ်ခုမှာ မုစ္ဆလိန္ဒာသတ္တဟတွင် မြတ်စွာဘုရားသခင်သည် ခုနစ်ရက်တိတိ သီတင်းသုံးတော်မူသောအခါ မိုးကြီးသည်းထန်စွာ ရွာလာသည်။ မုစ္ဆလိန္ဒာအိုင်အတွင်းရှိ နဂါးမင်းသည် ဘုရားသခင်အား မိုးရေမစိုစေရန် ဘုရားကိုယ်တော်မြတ်ကို ကိုယ်လုံးခွေ၍ ပတ်ထားပြီးလျှင် သူ၏ပါးပြင်ကို ဖြန့်ပြီး ထီးကဲ့သို့ အုပ်မိုး၍ ဘုရားသခင်အား ခုနစ်ရက်တိတိ ပူဇော်ကန်တော့သည်။

ဤမုစ္ဆလိန္ဒာအိုင်တွင် ရှေးဘုရားများ အဆိုအရ ကြည်းပင်များ ပေါက်သည်။ 'ကြည်းပင်ပေါက်ရာ မုစ္ဆလိန္ဒာအိုင်'ဟု ခေါ်ကြသည်။ ထို့ကြောင့် ကြည်းပင်များကို ရှာဖွေရန် တော်တော်ခက်သည်။ ဘယ်မှာရှိသည်လည်း မသိကြချေ။ သို့ရာတွင် ဘုရား၏တန်ခိုးတော်က ဆန်းကြယ်လှသည်။ တစ်နေ့သောအခါ ကျောက်ပန်းတောင်းမြို့မှ ကုန်သည်ကြီး ဦးအောင်ကျော်၊ ဒေါ်သိုက်တို့ လာရောက် လက္ခဏာ မေးကြသည်။ သူတို့သည် အလွန်ပင် ဘုရားတရား ကြည်ညိုသူများ ဖြစ်သည်။ ပစ္စည်းကြွယ်ဝသည်။ သဒ္ဓါတရား ကောင်းသည်။ ထို့ကြောင့် ကျွန်ုပ်က စပ်မိ၍ "ပုပ္ပားတောင် အနီးတွင် ကြည်းဖြူ၊ ကြည်းနီ စသော ကြည်းပင်များရလျှင် သတ္တဋ္ဌာနခွဲ စိုက်လိုပါသည်။ လူငှားလွှတ်၍ အစေ့များကို ရှာခဲ့ပါ။ အပင်ပေါက်ကလေးများ ရှိလျှင်လည်း ယူ၍ပို့ပေးပါ" ဟု ကျွန်ုပ်က တောင်းပန်သည်။

အလွန်ကံထူးသည်။ ဦးအောင်ကျော်၊ ဒေါ်သိုက်တို့က ပြောပြသည်။ ကျောက်ပန်းတောင်းမြို့နှင့် ၂၅ မိုင်ခန့် ဝေးသောနေရာ မီးရထားလမ်းဘေး၌ ကြည်းပင်ကြီး တစ်ပင်ရှိ၍ နီရဲသော ပန်းပွင့်အခိုင်ကြီးများ တွဲလဲကျ၍ ပွင့်နေသည်။ ပန်းခိုင်များမှာ ရင့်ရော်၍ လေတိုက်သောအခါ ပန်းပင်ကြီးအောက်တွင် ပန်းမွေ့ယာကော်ဇာကြီးများ ခင်းထားဘိသကဲ့သို့ နီရဲနေသည်။ ကြည့်၍ အလွန်ကောင်းလှသည်ဟု ဆိုသည်။ သူတို့ကိုယ်တိုင် ပို့ပေးမည်ဟု ဆိုသည်။ တစ်လခန့်ကြာသောအခါ သူတို့ကိုယ်တိုင် ထိုနေရာသို့

သွား၍ရှာဖွေရာ ကြည်းပင်ကြီးအောက်တွင် ပေါက်နေသော အပင်ကလေးများ တွေ့ရသည်။ ဝမ်းသာအားရဖြင့် မြေကြီးများပါ ပါအောင် အမြစ်ကိုနုတ်ပြီး တောင်းငယ်တစ်ခုတွင် ထည့်၍ လေယာဉ်ပျံဖြင့် ယူလာသည်။ ကျွန်ုပ်မှာ ထီပေါက်သကဲ့သို့ ဝမ်းသာ၍ သူတို့ကိုလည်း အထူးကျေးဇူးတင်သည်။ ဆရာတော်၏ကျောင်းသို့ ကြည်းနီပင်များကို ပို့ပြီးနောက် 'မုဥ္စလိန္ဒာအိုင်ကြီး ပြီးသောအခါ စိုက်ပေးပါ'ဟု လှူဒါန်းခဲ့သည်။ အပင်နှစ်ဆယ်ကျော် ရှိသည်။

တချို့က ပြောပြန်သည်။ ကြည်းနီမဟုတ် ကြည်းဖြူပင်လည်း ရှိသေးသည်ဟုဆိုသည်။ အဖြူပွင့်သည်။ ကျွန်ုပ်သည် အဖြူပင်ကို ရှာပြန်သည်။ ဘယ်မှာမှ အစအန ရှာမတွေ့ပါ။ တစ်လလောက် ကြာသောအခါ မေမြို့မှ အိမ်နားနီးချင်း ဖြစ်ဖူးသော သစ်တောဝန်ဦးသာလှ ဆိုသူသည် ကျွန်ုပ်ထံ ရောက်လာသည်။ ပျဉ်းမနား၌ သစ်တောဝန်ဖြစ်နေသည်။ စကားစပ်မိ၍ ဆရာတော်ကျောင်းသို့ လိုက်ပို့သည်။ 'ကြည်းဖြူပင်များကို ရအောင်ရှာ၍ ပေးလှူပါ'ဟု သူ့အား တောင်းပန်သည်။ ထို့ကြောင့် သူသည် ပျဉ်းမနားသို့ ပြန်သွားသောအခါ သူ၏တပည့် တောအုပ်၊ တောခေါင်းများကို မှာထား၍ ရခဲ့ပြန်သည်။ တစ်ပေခန့်ရှိသော ကြည်းဖြူပင်ကလေးများကို ဝါးဆစ်ထဲတွင် မြေကြီးပါ ထည့်စိုက်၍ အပင် ၂၀ ကျော် ယူလာပြီးလျှင် ကျွန်ုပ်နှင့်တကွ ကျောင်းသို့သွား၍ ပို့ပေးသည်။ မုဥ္စလိန္ဒာအိုင် စတူးနေရာ လအတော်ကြာသွားသဖြင့် ကြည်းဖြူပင်များ၊ ကြည်းနီပင်များ စိုက်သောအခါ အားလုံးမရှင်ဘဲ တချို့တစ်ဝက်သာ ရှင်လျက်ရှိသည်။ အပွင့်များပွင့်သောအခါ မည်မျှလှပသာယာမည်ကို စိတ်ကူး၍ အလွန်ဝမ်းသာရသည်။

ဆရာတော်၏ ထေရုပ္ပတ္တိ အကျဉ်းချုပ်ကို ဖော်ပြပါဦးမည်။ ဆရာတော်သည် ကရင်လူမျိုးဖြစ်သည်။ မူလက ဗုဒ္ဓဘာသာဝင် မဟုတ်ချေ။ ဆရာတော်သည် ဆယ်တန်းအောင်ပြီးသောအခါ မြေတိုင်းဌာန၌ အလုပ်လုပ်သည်။ ခန့်မှန်းခြေ အသက် ၂၅ နှစ်လောက်တွင် ဖြစ်သည်။ တစ်နေ့သောအခါ ပေကြိုးကြီးတစ်ခုကို တိုင်းထွာပြီး ရစ်သည်။ မြန်မြန်ရစ်လိုက်သဖြင့် ပေကြိုးသည် မျက်စိနှစ်ဖက်လုံးကို ရိုက်ခတ်သွားရာ မျက်စိနှလုံးစလုံး ကွယ်သွားသည်။

ထိုအခါ ဆရာတော်သည် ကြံရာမရသဖြင့် မည်သို့မျှ မတတ်နိုင်ဖြစ်နေသည်။ ဆရာဝန်များလည်း ကု၍မရ၊ ဆေးပေါင်းလည်း စုံသည်။ သို့ရာတွင် ဆရာတော်၏ ရေးကုသိုလ် ပါရမီရှိသည်။ သူ၏နားထဲတွင် 'မင်းသည် ဗုဒ္ဓဘာသာသို့ ဝင်ပါ။ ရဟန်းပြုပါ။ ဤကဲ့သို့ ရဟန်းပြုလျှင် မင်း၏မျက်လုံး အလင်းရ၍ ကောင်းလာလိမ့်မည်။ သာသနာလည်း ပြုရလိမ့်မည်'ဟု မကြာခဏ နားထဲ၌ ကြားနေသည်။

သုံးလလောက် ကြာသောအခါ မယုံ၍ မဖြစ်တော့သောကြောင့် မအူပင်မြို့အနီးရှိ မီးသွေးချောင်းရွာ ဆရာတော်၏ ကျောင်းသို့သွား၍ ဗုဒ္ဓဘာသာအဖြစ် ခံယူသည်။ ရဟန်းပြုတော်မူသည်။ ရဟန်းပြုပြီးနောက် သုံးလကြာသောအခါ မျက်စိပြန်၍ မြင်သည်။ ထိုအခါ အနောက်ရိုးမတောင်၌ နေတော်မူသော ယက္ကန်းစင်တောင် ဆရာတော်ဘုရားက သူ့အား သာသနာပြုရန် ပညာရပ်အမျိုးမျိုး သင်ကြားပေးသည်။

**လမ်းသစ်စာအုပ်တိုက်**

ဆရာတော်သည် ရဟန်းပြုပြီးနောက် မိတ်ဆွေတစ်ဦးကလည်း ရှင်သာမဏေဝတ်ပြီးလျှင် ဆရာတော်နှင့် အတူလာနေသည်။ ကျိုက်ထီးရိုးတောင်ခြေရှိ တရားကျောင်းတစ်ကျောင်းတွင် သီတင်းသုံး၍ တရားအားထုတ်သည်။ ပုတီးစိပ်သည်။ တောထဲတွင် ဘာမျှ စားစရာမရှိ။ အတူပါသော ကိုရင်ကြီးက နေ့စဉ် ရေအိုင်ထဲမှရသော ကန်စွန်းရွက်များကို ပြုတ်၍ ကပ်သည်။ ဤကန်စွန်းရွက်နှင့်ပင် နှစ်ပေါင်း အတော်ကြာအောင် ထိုနေရာ၌ သီတင်းသုံး နေထိုင်တော်မူသည်။

တစ်နေ့သောအခါ ဆရာတော်သည် ကွမ်းခြံကုန်းသို့ သွားလိုသောစိတ် ရှိသဖြင့် တွံတေးသို့ သင်္ဘောဖြင့် လာခဲ့သည်။ ထိုစဉ်က ရန်ကုန်တစ်ဖက်က ဒလမှာ ကားလမ်းများ မပေါက်သေးချေ။ တွံတေးမှ ကွမ်းခြံကုန်းသို့ ကားဖြင့် သွားရသည်။ ပေါင်းတော်ချုပ် ကျောင်းသို့ခွဲသောလမ်း ရောက်သောအခါ သူသည် အလိုလို ကားပေါ်က ဆင်းချင်စိတ် ရှိသောကြောင့် ဆင်းလာသည်။ အချိန်မှာ နံနက် ၁၁ နာရီခန့်ရှိပြီ။ လမ်းဘေး၌ အကြော်ဆိုင်တစ်ဆိုင် ရှိသည်။ ဆရာတော်တွင် ငွေကြေးလုံးဝ မပါချေ။ ထို့ကြောင့် ကလေးငယ်တစ်ဦးအား အကြော်ဆိုင်နားရှိ ပဒိုင်းပင်များကို လက်ညှိုးထိုးပြပြီး ခူး၍ ကပ်ရန် အလှူခံသည်။

ထိုအခါ လူအများက ဘုန်းကြီး ပဒိုင်းရွက်စားသည်။ စိတ်မနှံ့ဟု ထင်ကြသည်။ အဘယ့်ကြောင့်ဆိုသော် ပဒိုင်းရွက်စားလျှင် ရူးတတ်သောကြောင့်ဖြစ်သည်။ လူမဆိုထားနှင့် နွားများပင် ရူးသည်။

ယခု ပေါင်းတော်ချုပ်ကျောင်းရှိရာ နေရာတွင် ရှေးယခင်က ရှေးဟောင်းစေတီပျက်တစ်ခုရှိသည်။ ဆရာတော်နှင့် သူငယ်ချင်း ကိုရင်ကြီးနှစ်ပါးသာရှိသည်။ သင့်တော်ရာ သစ်ပင်အောက်၌ နေကြသည်။ ဘုရားများ ပြင်ပေးသည်။ ရှေးဘုရားများ ပြုပြင်သည်။ ထို့နောက် တဖြည်းဖြည်း လူများက ကြည်ညိုလာ၍ ကျောင်းကန်များ ဆောက်လုပ်လှူဒါန်းသည်။ စေတီများစွာ ဖြစ်လာသည်။

ထိုသို့ သာသနာပြုနေစဉ် ဆရာတော်သည် မည်သည့်အာဟာရမဆို ဘုဉ်းပေးလျှင် ဘေးအန္တရာယ် မဖြစ်ကြောင်း ကျော်ကြားလာသည်။ တစ်နေ့သောအခါ ကံပဲ့ရွာတွင်းမှ လူမိုက်တစ်ယောက်သည် ဟုတ်မဟုတ် စုံစမ်းမည်ဟု သေခါနီးအောင် စပ်သော ရှမ်းငရုတ်သီး အစိမ်းအတောင့်ရှည်မျိုး ပန်းကန်ပြားကြီး အချပ်ပြည့်အောင် ယူလာ၍ ဆရာတော်အား 'ဘုဉ်းပေးပါ'ဟု ကပ်သည်။ ဆရာတော်သည် ဘာမျှမပြောဘဲ ငရုတ်သီးကြီးများကို တစ်တောင့်ပြီးတစ်တောင့် ဘုဉ်းပေးတော်မူသည်။ ငရုတ်သီး တစ်ပန်းကန်ပြားကုန်သောအခါ ဆရာတော်မှာ ဘာမျှ မဖြစ်ချေ။ ရိုးရိုးသရက်သီး စားရသကဲ့သို့ပင်ဖြစ်သည်။

လှူဒါန်းသော ဒါယကာမှာ အလွန် ကြောက်ရွံ့လာ၍ ဖောင်ချေးပြန်ကာ ရင်တွေ ပူလာသည်။ ထို့နောက် ဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်ကို ယုံကြည်ပြီးလျှင် သူမိုက်မဲသည်ကို ခွင့်လွှတ်ပါရန် တောင်းပန်သည်။ ဆရာတော်က မည်သူ့ကိုမဆို

ခွင့်လွှတ်ကြောင်း တရားဟောတော်မူရာ ယခုအခါ တပည့်ရင်းတစ်ယောက် ဖြစ်လာသည်။ ယခုတိုင် ဆရာတော်သည် သက်တော် ၈၀ ရောက်၍ သာသနာပြုနေသူ ဖြစ်သည်။ မည်သူမဆို သွားရောက် ဖူးမြော်နိုင်ပါသည်။

## ကော့ထင်း ဆရာတော်ဘုရားကြီး

ကျွန်ုပ်သည် ရန်ကုန်မြို့သို့ရောက်၍ လက္ခဏာဆရာ စလုပ်ချိန်တွင် ရန်ကုန်မြို့ ဘားလမ်း ဗန္ဓုလပန်းခြံနှင့် မျက်နှာချင်းဆိုင်ရှိ မြန်မာညွန့်ကုမ္ပဏီပိုင်ရှင် ဦးသူတော်သည် ကျွန်ုပ်ထံ လက္ခဏာမေးရန် ရောက်လာသည်။ ထို့နောက် ကျွန်ုပ်နှင့် ညီအစ်ကို အရင်းကဲ့သို့ ခင်မင်လေသည်။ တစ်နေ့သောအခါတွင် သူကိုယ်တိုင် ကျွန်ုပ်ထံလာ၍ သူကိုးကွယ်သော ထူးခြားသော ကော့ထင်း ဆရာတော်ဘုရားကြီးသည် ကန်တော်ကြီး အရှေ့ဘက်ရှိ ၁၂၃ လမ်း၊ သူ၏တိုက်တွင် လာရောက်သီတင်းသုံးကြောင်း ပြောလာသည်။ ဆရာတော်ကိုဖူးရန် လာ၍ခေါ်ခြင်း ဖြစ်သည်။

ဆရာတော်ကြီးသည် မည်သည့် ကိစ္စမဆို မျက်စိမှိတ်၍ အာရုံပြုလိုက်လျှင် အားလုံးမြင်ရသည်။ မိမိအိမ်မှ ဘုရားစင်တွင် ဘာပုံတွေ ရှိသည်ကို ပြောနိုင်သည်။ ဝမ်းထဲတွင် ဘယ်နေရာမှာ အနာရောဂါရှိသည်။ ဥပမာ–အသည်းရောင်သည်။ နှလုံးရောဂါ ဖြစ်သည်။ သားအိမ်ရောဂါဖြစ်သည် စသည်တို့ကို အာရုံပြု၍ ကြည့်လိုက်လျှင် မြင်ရသည်။

ဆရာတော်ကြီးသည် အလွန်ပါရမီ ရှိသူဖြစ်သည်။ မန္တလေးမြို့၌နေစဉ် ရဟန်းဘဝတုန်းက စကြာသီဟ စာမေးပွဲအောင်သည်။ စကြာသီဟဆိုသည်မှာ မြန်မာပြည်ရှိ ပိဋကတ်သုံးပုံ စာပြန်ပွဲများတွင် အခက်ဆုံးဖြစ်သည်။ သံဃာတော် အနည်းငယ်မျှသာ အောင်ကြသည်။ ဆရာတော်သည် ရဟန်းငယ် ဘဝကပင် စကြာသီဟ အကြီးတန်း ထိပ်တန်းကို အောင်မြင်ခဲ့သည်။ ဉာဏ်ကောင်းသည်။ ဝီရိယရှိသည်။ သူ၏တပည့် ဦးသူတော်မှာ ထိုအချိန်က ကျောင်းသားလေးဘဝဖြင့် ဆရာတော်နားတွင် အမြဲရှိသည်။ စကြာသီဟ အောင်ပြီးသောနှစ်တွင် တစ်နေ့သောအခါ ထိုင်နေရင်းမှ လေဖြတ်သွားသည်။ လက်၊ ခြေ၊ လှုပ်၍မရ။ အခြားသံဃာတော်များက ပွေ့ယူရသည်။ ထို့နောက် အနိုပ်သည်အမျိုးမျိုး၊ ဆေးဝါးအမျိုးမျိုးဖြင့် ကုသရာ တစ်လလောက် ကြာသောအခါ အနည်းငယ် လမ်းလျှောက်နိုင်သည်။

တစ်နေ့သောအခါ ညခုနစ်နာရီလောက်တွင် ကျောင်းဝင်းထဲ၌ လမ်းလျှောက်နေစဉ် ဝတ်ဖြူစင်ကြယ်ဖြင့် လူသူတစ်ယောက် ပေါ်လာပြီးလျှင် သူ့အား 'ဦးပဥ္စင်းလေး' ဟုခေါ်၍ 'ဤပြာကို ပျားရည်တစ်ပိဿာထဲတွင် ထည့်၍ တစ်နေ့ တစ်ဇွန်းသောက်ပါ။ ဦးပဥ္စင်းလေး၏ရောဂါ ပျောက်လိမ့်မည်'ဟုဆို၍ လှူသွားသည်။ နောက်တစ်နေ့ နံနက်ရောက်သောအခါ ဆရာတော်က 'သူ၏မယ်တော်ကြီးထံ တပည့်မောင်သူတော်ကို လွှတ်၍ ပျားရည်တစ်ပုလင်း ချက်ချင်းပေးပါ'ဟု စာရေး၍ တောင်းဆိုသည်။

ထိုအခါ မယ်တော်ကြီးမှာ ဈေးရောင်း ဈေးဝယ် လုပ်နေသဖြင့် မအားချေ။ ‘ညနေဈေးသိမ်းမှ ငါ လာလှူမည်’ဟု ပြောပြီးလျှင် ကျောင်းသားမောင်သူတော်ကို ပြန်လွှတ်လိုက်သည်။ ဆရာတော်မှာ အလွန်စိတ်မြန်သူ ဖြစ်သဖြင့် ကျောင်းမှာရှိသော တစ်ဆယ်သားခန့်ရှိသော ပျားရည်ထဲသို့ ပြာများကို အားလုံးထည့်လိုက်သည်။ အမှန်မှာ ပျားရည် တစ်ပိဿာထဲသို့ ထည့်ရန်ဖြစ်သည်။ ဤပျားရည်က နည်းနည်း၊ ပြာက များများနှင့် ဖျော်ပြီးလျှင် တစ်ဇွန်းခန့် သောက်လိုက်ရာ တစ်ကိုယ်လုံးပူလာ၍ ရင်ဝတွင် မီးခဲကြီး မြိုက်သကဲ့သို့ ဖြစ်လာသည်။ လူးလိမ့်၍ အော်နေသည်။ ထို့နောက် ကြားဖူးနားဝရှိသော သံဃာတော်များက ရေအထမ်းငှား၍ ရေအထမ်းပေါင်း ၁၀၀ ကုန်အောင် ဆရာတော်ကို လောင်းပေးရသည်။ ရေအထမ်း ၁၀၀ ကျော်မှ ပူလောင်သောရောဂါ ပျောက်သွားသည်။ သူ၏ လေဖြတ်သော ရောဂါလည်း တစ်ခါတည်း ပျောက်သွားသည်။

ဆရာတော် အသက်အရွယ်ကြီးသောအခါ သထုံခရိုင်ရှိ ကော့ထင်းခေါ် ကရင်ရွာကြီးသို့သွား၍ ကျောင်းထိုင်တော်မူသည်။ ရွာမှာ ရာသီဥတုကောင်းသည်။ နေရာထိုင်ခင်း ကောင်းသည်။ လူအများကလည်း ဘုရား၊ တရား ကြည်ညိုကြသည်။ ဆရာတော်သည် ရဟန်းများအား နေ့စဉ် စာချပေးတော်မူသည်။ ဤကဲ့သို့ စာချနေရာ သက်တော် သုံးဆယ်ကျော်သောအခါ နားထဲတွင် ‘ဦးပဥ္စင်းကလေး မကြာမီ ပျံလွန်တော်မူလိမ့်မည်’ ဟု ကြားနေသည်။ ဆယ်ရက်ခန့် မကြာခဏ ကြားနေသောအခါ ဆရာတော်သည် စာချခြင်းကို လုံးဝရပ်စဲပြီး ကမ္မဋ္ဌာန်းဘက်သို့ ပြောင်း၍ တရားအားထုတ်တော်မူသည်။

ဤကဲ့သို့ တရားအားထုတ်သောအခါ ပါရမီဗီဇ ရှိသောကြောင့် ပထမ မျက်စိ မှိတ်ထားသော်လည်း အိပ်ရာပေါ်တွင် မိမိခြင်ထောင်ကို မြင်နေရသည်။ နောက် မိမိ ကျောင်းကို မြင်ရသည်။ နောက် မိမိရွာကို မြင်ရသည်။ နောက် မြန်မာတစ်ပြည်လုံးကို မြင်ရသည်။ သူအာရုံစိုက်၍ ကြည့်လိုသော အရာဟူသမျှ ရှင်းရှင်းကြီး မြင်ရသည်။ မကောင်းဆိုးဝါး၊ သူရဲ၊ ဥစ္စာစောင့်များကို မြင်ရသည်။ သူတို့ကို မေတ္တာပို့၍ ဆက်လက်အားထုတ်သည်။ နတ်သား၊ နတ်သမီး စသော သုံးဆယ့်တစ်ဘုံကို မြင်ရသည်။ ‘ဒိဗ္ဗစက္ခု ရသည်’ဟု ဆိုသည်။

“အဘယ်ကြောင့် သူရဲ၊ ဥစ္စာစောင့်များကို အရင်မြင်ရသလဲ၊ အဘယ်ကြောင့် နောက်မှ နတ်သမီး၊ နတ်သားများကို မြင်ရပါသလဲ”ဟု လျှောက်ထားသောအခါ ဆရာတော်က အမိန့်ရှိသည်မှာ “သူရဲ၊ သဘက်၊ ဘီလူးများကို ပထမမြင်ရခြင်းဖြင့် သူတို့ကို ကြောက်ရွံ့စိတ်၊ မုန်းတီးစိတ်မရှိဘဲ မေတ္တာပို့ရသည်။ ထို့နောက် သမာဓိအားကောင်းလာသောအခါ ကြောက်ရွံ့ခြင်း၊ တုန်လှုပ်ခြင်း မရှိချေ။ ဤသို့ သမာဓိအားကောင်းလာမှ နတ်သမီး၊ နတ်သားများကို မြင်ရသည်။ အကယ်၍ သမာဓိအားမကောင်းဘဲ နတ်သမီးများကို မြင်ရသောအခါ ချောမောသောကြောင့် လူသာမန်ဆိုလျှင် ရူးသွားတတ်သည်” ဟု အမိန့်ရှိသည်။

ဤကဲ့သို့ ကမ္မဋ္ဌာန်းပေါက်ပြီးမှ ဆရာတော်အား ပညာအမျိုးမျိုးကို မည်သူကမှန်း

မသိ သင်ပေးသည်။ ညအခါတွင် ကျောင်းနံရံပေါ်၌ အင်းအမျိုးမျိုး တစ်ခုပြီးတစ်ခု၊ တစ်မျိုးပြီးတစ်မျိုး ပေါ်လာသည်။ ထိုအင်း၏ အကြောင်းကို နားထဲ၌ ပြောပြသည်။ ဤမျှ ပါရမီထူးလှသော ပုဂ္ဂိုလ်ဖြစ်သည်။ ထို့ကြောင့် လောကုတ္တရာစာပေ၊ လောကီ ပညာရပ်များနှင့် ကမ္မဋ္ဌာန်းတရားများကို နိုင်နင်းတော်မူသည်။ ဆရာတော်အဆိုအားဖြင့် သူသည် မေတ္တာကမ္မဋ္ဌာန်း ပေါက်ကြောင်း အမိန့်ရှိသည်။

ကျွန်ုပ်သည် ဆရာတော်ကို အလွန်အားကျသည်။ "ဆရာတော်ဘုရား အဘယ် ကြောင့် ထိုဝိဇ္ဇာများကဲ့သို့ မြတ်သောဘဝကို မလိုချင်ပါသလဲ"ဟု လျှောက်ထားသည်။ ထိုအခါ ဆရာက "တောထဲတောင်ထဲ တစ်ယောက်တည်း မနေလို။ လူ့ဘဝတွင်ပဲ သာသနာပြုမည်။ သူတို့လိုလည်း ငါ မနေနိုင်"ဟု အမိန့်ရှိသည်။

ဆရာတော်သည် သက်တော် ၇၇ နှစ် ပြည့်သောအခါ မော်လမြိုင်မြို့၊ သူ၏ ဒါယကာ ဒါယိကာမများက ဆောက်လုပ်လှူဒါန်းသော ကျိုက်သံလန်ဘုရား တောင်ခြေရှိ ကော့ထင်းကျောင်းတွင် ပျံလွန်တော်မူသည်။

## ဝိဇ္ဇာဓိုရ်ဆရာတော် ဦးပဏ္ဍိတ

ကျွန်ုပ်သည် ငယ်စဉ် ၁၅ နှစ်သားကစ၍ ပညာမိက ဘုရားဆုပန်ထားသည်။ ဗုဒ္ဓဘာသာစာပေကို အထူးလေ့လာ ဖတ်ရှုသည်။ ဆည်းပူးသည်။ ဤကဲ့သို့ မြတ်စွာဘုရား ၏ သာသနာတော်အတွင်း ကြုံကြိုက်သောအခါ အကျိုးမဲ့သေသွားခြင်းကို အလွန် ကြောက်ရွံ့သည်။ မိမိဘဝကို နမြောသည်။ ဝိဇ္ဇာဓိုရ်များကဲ့သို့ တစ်သက်တစ်ထောင်၊ တစ်သောင်း စသည့် ရှည်ချင်သောစိတ် ရှိသည်။

ဆရာတော် ဦးပဏ္ဍိတသည် အသက်တော် ၈၀၀ ကျော်ပြီ။ ဝိဇ္ဇာဖြစ်၍ မြေလျှိုး၊ မိုးပျံ တန်ခိုးအာဏာကို ကျွန်ုပ်သည် ပဓာနမထား။ အသက်များစွာရှည်၍ ဒါန၊ သီလ၊ ဘာဝနာ၊ ပါရမီများကို ဖြည့်လိုသည်။ အဘယ့်ကြောင့်ဆိုသော် ယခုဘဝမှ သေသွားပြီး နောက် နတ်ပြည်ရောက်လျှင် သာသနာငါးထောင်သည် ကုန်သွားပေမည်။

လူ့ပြည် အနှစ်တစ်ထောင်သည် တာဝတိံသာ၌ တစ်ရက်သာ ရှိသည်။ ထို့နောက် သာသနာတော်ကုန်ပြီးမှ သာသနာပအခါတွင် လူဖြစ်လျှင် ငါးပါးသီလပင် ကွယ်တော့မည်။ အများအားဖြင့် သာသနာပအခါ၌ အကုသိုလ်ဒုစရိုက်ပြုသူသာ များကြသည်။ ထို့ကြောင့် အပါယ်လေးပါး၌ သတ္တဝါတွေ အလွန်များသည်။ နတ်ပြည်၊ ဗြဟ္မာပြည်၌ အလွန်နည်း သည်။ ရှေးက ပါရမီရှိသူများသာလျှင် ဒါနမျိုးစေ့၊ သီလမျိုးစေ့၊ ဘာဝနာမျိုးစေ့ ပါလာ မှသာလျှင် သာသနာပအခါ၌ သူတော်ကောင်းတရား အလိုလို ပွားများတတ်လာသည်။

ထို့ကြောင့် ကျွန်ုပ်သည် အသက်ရှည်၍ ကုသိုလ်ကောင်းမှု များများပြုနိုင်ရန် ထွက်ရပ်ပေါက် ဝိဇ္ဇာဓိုရ် ဆရာတော်များနှင့် တွေ့ပါစေသတည်းဟု နှစ်ပေါင်းများစွာ ညတိုင်း ဆုတောင်းခဲ့သည်။ ဂုဏ်တော်ကိုးပါးကို ပုတီးစိပ်သည်။ ဤသို့ ဆုတောင်းသည့် တိုင်း မန်းစက်တော် အနောက်၊ ချင်းတောင်တန်းတွင်ရှိသော နဂါးမတောင်မှ ဝိဇ္ဇာဓိုရ်

အရှင်ဖြစ်သော ဆရာတော်ဦးပဏ္ဍိတသည် ကျွန်ုပ်အိမ်သို့ နှစ်ကြိမ်တိတိ ကိုယ်တော်တိုင် ကြွရောက်ခဲ့သည်။ ဒုတိယအကြိမ် ကြွရောက်သောအခါ ရွှေအစစ် ဆင်းတုတော်တစ်ဆူကို ပေးသနားတော်မူခဲ့သည်။ ဆရာတော်၏ ထေရုပ္ပတ္တိမှာ အစိုးရခွင့်ပြုချက်အရ စာအုပ်ပင် ရိုက်နှိပ်၍ ထုတ်ပြီးပြီ။ ၁၉၇၂ ခုနှစ်က ပထမအကြိမ် ထုတ်ဝေခဲ့သည်။

ဆရာတော်ဘုရားကို ကျွန်ုပ် ဖူးတွေ့ရသည်မှာ အလွန်ထူးဆန်းသည်။

တစ်နေ့သောအခါ မြင်းခြံမှ ရန်ကုန်မြို့သို့ ပြောင်းလာနေထိုင်သော ဆွေမျိုးအရင်းအချာလို ခင်မင်သည့် ဦးမြမောင်နှင့် ဒေါ်မြမေတို့သည် ကျွန်ုပ်ထံ အလည်လာခဲ့သည်။

သူတို့သည် မန်းစက်တော်မှ ဘုရားဖူးပြန်လာသောအခါ အခြားသူများထံမှ သတင်းကြားရသည့်အတိုင်း မင်းဘူးမြို့မြောက်ဘက် ငါးမိုင်ခန့် ကွာဝေးသော မယ်ဘော့ကုန်းရွာသို့ ဆရာတော်ဘုရားများကို ပူဇော်ရန် ရောက်ခဲ့သည်။ မယ်ဘော့ကုန်းရွာတွင် ဆရာတော်ဘုရားတို့၏ ဓာတ်စခန်းရှိသည်။ ဆရာတော်ဘုရား၏တပည့် စနေသား ဦးထွန်းရင်ကို ဓာတ်စီး၍ တရားဟောသည်။ ညပိုင်းတွင် ဝိဇ္ဇာဓိုရ်အရှင်ဖြစ်သော ဆရာတော် ဦးပဏ္ဍိတ၊ ဆရာတော် ဦးကောဝိဒ၊ ဆရာတော်အရှင်ဥတ္တမကျော်၊ လူဝိဇ္ဇာဓိုရ် ဘိုးထွန်းအောင်တို့သည် ညစဉ် အလှည့်နှင့် ကြွလာပြီး တရားဟောတော်မူသည်။ ဘိန်းစားများကို ဘိန်းစားဘဝမှ ချွတ်ပေးရာ ဘိန်းစားပေါင်း ၂၀၀ ကျော် ဘိန်းပြတ်ခဲ့သည်။ ထို့ပြင် မယုံနိုင်လောက်အောင် အံ့သြဖွယ် သူတို့ဖူးတွေ့ခဲ့ရကြောင်း လာပြောသည်။

ဤသတင်းကို ကြားရသောအခါ ကျွန်ုပ်သည် အလွန်ဝမ်းသာသည်။ ဟုတ်မဟုတ် စုံစမ်းမည်။ တစ်နေ့သောအခါ ထိုရွာသို့ ရောက်အောင်သွားမည်ဟု ဆုံးဖြတ်လိုက်သည်။

နောက်တစ်လခန့် ကြာသောအခါ ကျွန်ုပ်၏ မိတ်ဆွေများက မြို့မကျောင်းအရှေ့ဘက်ရှိ မင်းမနိုင်ကွက်သစ် အိမ်တစ်အိမ်တွင် အထက်ကဖော်ပြခဲ့သော မယ်ဘော့ကုန်းရွာမှ စနေသား ဦးထွန်းရင်သည် ရဟန်းပြု၍ ရောက်ရှိနေကြောင်း လာပြောသည်။

ထိုနေ့ည ခုနစ်နာရီတွင် ကျွန်ုပ်တို့သည် ထိုစနေသား ရဟန်းတော်ရှိသော တိုက်ခန်းသို့ သွားရောက် ဖူးမြော်ကြသည်။ ညခုနစ်နာရီခန့် ရောက်သောအခါ စနေသားသည် ဘုရားရှိခိုး၍ သူ၏ဆရာတော်အား ပင့်သည်။ ဆရာတော် ဓာတ်ဝင်လာလျှင် စနေသားသည် လုံးဝ စနေသားမဟုတ်တော့ဘဲ အမူအရာ၊ အသံမှ စ၍ ပြောင်းသွားပြီးလျှင် ပါဠိများစွာဖြင့် တရားဟောပြသည်။

ထို့နောက် ကျွန်ုပ်သည် တော်သလင်းလထဲ၌ မကွေးသို့ လေယာဉ်ပျံဖြင့် သွားပြီးလျှင် ဆရာတော်ဘုရားများထံ သွားမည်ဟု စိတ်ကူးသည်။ နက်ဖြန်တွင် လေယာဉ်ပျံ လက်မှတ်ဝယ်မည်ဟု ဆုံးဖြတ်ထားသည်။ သို့ရာတွင် ကြို့ပင်ကောက်မှ ဆရာတော်ဘုရား၏ တပည့်တစ်ဦးသည် ကျွန်ုပ်အိမ်သို့ ရောက်လာသည်။ ယခုအခါ မယ်ဘော့ကုန်းရွာတွင် မြစ်ရေများတက်၍ ရေလွှမ်းမိုးနေသည်။ မလာနှင့်ဦးဟု ဆရာတော်ဘုရားက ပြောခိုင်း၍ လာခဲ့ရကြောင်း ပြောပြသည်။ ထို့ကြောင့် တော်သလင်းလ၌ မသွားဖြစ်ပါ။

## လမ်းသစ်စာအုပ်တိုက်

မယ်ဘော့ကုန်းရွာနှင့် စာတ်စခန်းရှိရာ နေရာသည် ဧရာဝတီမြစ်နှင့် မန်းမြစ်ဆုံရာ ကမ်းနားတွင်ရှိသောကြောင့် ဝါဆိုဝါခေါင် ရေဖောင်ဖောင် ဆိုသည့်အတိုင်း ရေကြီးခြင်းဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း ရွာထဲသို့ ရေဝင်သည်။

တစ်လလောက် ကြာသောအခါ ထူးထူးဆန်းဆန်း ဆရာတော်သည် ကျွန်ုပ်အိမ်သို့ ကြွလာသည်။

ကျွန်ုပ်သည် နံနက် ၁၁ နာရီတွင် တိုက်အပေါ်ထပ်သို့သွား၍ နံနက်စာ ထမင်းစားမြဲ ဖြစ်သည်။ ထိုအခါ အိမ်ရှေ့သံတံခါးကြီးကို သော့ခတ်ထားသည်။

တစ်နေ့သောအခါ ထမင်းစားပြီး၍ အောက်ထပ်သို့ ဆင်းလာပြီး သံတံခါးကြီးကို သော့ဖွင့်ရာတွင် ရဟန်းတော်တစ်ပါး ရောက်နေသည်ကို တွေ့ရသည်။

မိုးတွေသည်းနေသောကြောင့် ဆရာတော်သည် မော်တော်ကားနှင့် လာလျှင် အိမ်ရှေ့တွင် ကားဘီးရာ ရှိရမည်။ ယခုမူ မရှိချေ။ ဆရာတော်၏ သင်္ကန်းများလည်း ရေစိုခြင်း မရှိ။ ဖိနပ်စီးခြင်းလည်း မပြုချေ။ သင်္ကန်းများမှာ ဟောင်းနွမ်းနေ၍ စဉ်းစားမရအောင် ဖြစ်နေသည်။

တံခါးဖွင့်ပြီးသောအခါ ဆရာတော်က သူသည် လက္ခဏာဗေဒင် မေးလိုကြောင်း အမိန့်ရှိသည်။ ရန်ကုန်မြို့တွင် ရဟန်းတု ရဟန်းယောင်များ၊ အတုအယောင်အမျိုးမျိုး အလွန်ပေါများသဖြင့် ကျွန်ုပ်သည် စဉ်းစားရခက်နေသည်။ ဤကဲ့သို့ ဖိနပ်မပါ ဟောင်းနွမ်းသောသင်္ကန်းကို ဝတ်သည်မှာ တောထဲ၌သာ တွေ့ရလျှင် သေချာစွာရှိခိုး၍ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဟု အားကိုးမိမည်။

ဆရာတော်က လက္ခဏာမေးလိုကြောင်း ပြောသောအခါ "တပည့်တော်သည် သံဃာတော်များကို မဟောပါဘုရား။ သံဃာတော်များမှာ စီးပွားရေး၊ အိမ်ထောင်ရေး၊ သားသမီးရေး မရှိပါဘုရား။ ထို့ကြောင့် သံဃာတော်များသည် လက္ခဏာ၊ ဗေဒင် မေးရန် မလိုပါ။ ၂၂၇ ပါးသော သိက္ခာတော်များ ထိန်းသိမ်းလျှင် တရားအားမထုတ်စေကာမူ သီလလုံခြုံ၍ အပါယ်မှ လွတ်နိုင်ပါသည်"ဟု လျှောက်ထားသည်။

ထို့နောက် ဆရာတော်က "ကြည့်ပေးပါ"ဟု ထပ်၍ ဆိုသောအခါ အားနာလာသည်။ ကြည်ညိုလာသည်။ ကျွန်ုပ်၏ အလုပ်ခန်းထဲသို့ပင့်၍ ဆရာတော်၏ လက္ခဏာကို ဖတ်ပေးသည်။ ဆရာတော်က "ငါ့ကို ဟောစာတမ်း ရေးပေးဦး"ဟု ပြော၍ မည်သည့်နှစ်တွင် မည်သို့ဖြစ်မည် စသည်ဖြင့် ဟောစာတမ်း အတိုကလေးရေး၍ စာအိတ်ထဲတွင်ထည့်၍ လှူလိုက်သည်။

နောက်တစ်နေ့တွင် ကျွန်ုပ်၏မိတ်ဆွေ ဦးမြမောင်တို့ ပေါ်လာပြီးလျှင် ဆရာတော် ဦးပဏ္ဍိတသည် မနေ့က ဆရာ့အိမ်သို့လာကြောင်း၊ ဆရာက ရေးပေးလိုက်သော ဟောစာတမ်းကလေးမှာ ယခု စနေသား၏လက်ထဲတွင် စာတ်စီး၍ ပေါ်လာကြောင်း ပြောပြသည်။ ထိုအခါကျမှ ဆရာတော်ဘုရားသည် ဝိဇ္ဇာခိုရ်ဆရာတော် ဦးပဏ္ဍိတဖြစ်ကြောင်း ကျွန်ုပ် သိရသည်။

**လမ်းသစ်စာအုပ်တိုက်**

၁၉၆၇ ခုနှစ် မန်းစက်တော် ဘုရားဖူးသွားရာမှ အပြန်တွင် ဆရာတော်ဘုရားများ၏ ဓာတ်စခန်းရှိရာ မယ်ဘော့ကုန်းသို့ သွားကြသည်။ ကျွန်ုပ်တို့သည် ဤဒေသသို့ တစ်ခါမှ မရောက်ဘူးသဖြင့် ဟိုမေးဒီမေး စုံစမ်းရင်း ရောက်သွားသည်။ စခန်းသို့ ရောက်သောအခါ မန်းစက်တော်ဘုရားပွဲနှင့် ကြုံကြိုက်သဖြင့် အရပ်ရပ်မှ ဘုရားဖူး ပရိသတ်များစွာ ရှိကြသည်။ အချို့က ခရီးပန်းလာသဖြင့် အိပ်ရာထဲတွင် အနားယူနေကြသည်။ နေ့ ၁၂ နာရီ ကျော်ကျော်အချိန်ခန့်တွင် ဘုရားခန်းထဲမှာရှိသော ဘုရားပုံတော် မှန်ချပ်များသည် အားလုံးလှုပ်လာသည်။ ထို့နောက် ဘုရားဖူးလာသော ယောကျ်ား၊ မိန်းမများ၏ နာမည်များကိုခေါ်၍ "နင်တို့ အိပ်နေကြတာကိုး၊ ဘုရားဖူးလာတယ်ဆိုရင် ပုတီးစိပ်ပါလား"ဟု ပြောသံကြားရသည်။ သို့ရာတွင် ဘုရားစခန်းထဲ၌ မည်သည့် ပုဂ္ဂိုလ်မှ မမြင်ရချေ။ ထိုအခါ ယခင်ရောက်ဖူးသော သူများက ဤအသံမှာ ဘိုးတော် ဝိဇ္ဇာဓိုရ် ဦးထွန်းအောင်၏ အသံဖြစ်သည်ဟု ပြောပြသည်။

ညခြောက်နာရီခန့်တွင် ကျွန်ုပ်တို့သည် ရေမိုးချိုး၍ ထမင်းစားပြီးနောက် ဓာတ်စခန်း ဘေးနားရှိ မန်ကျည်းပင်အောက် ကွပ်ပျစ်ပေါ်တွင် ကျွန်ုပ်၏ဇနီးနှင့် အတူထိုင်နေသည်။ ကျွန်ုပ်၏ဇနီးက 'သွားရ၊ လာရ ပင်ပန်းသည်။ အစားအသောက်လည်း ကောင်းစွာ မစားရ'ဟု ပြောသည်။ ထိုအချိန်၌ လသာနေသည်။ လပြည့်နေ့ဖြစ်၍ လထွက်နေပြီ။ ထို့နောက် ရုတ်တရက် ကျွန်ုပ်တို့အနီးတွင် ဆရာတော်ဦးပဏ္ဍိတ ဖြုန်းခနဲ ပေါ်လာသည်။ ကျွန်ုပ်ပင် ရုတ်တရက် လန့်သွားသည်။ ဆရာတော်က "မင်းတို့ ဘာတွေ ပြောနေတာတုန်း၊ ငါရောက်နေတာ နာရီဝက်လောက် ရှိသွားပြီ"ဟု ပြောသည်။ စခန်းတွင်ရှိသော တပည့်များအား ဆရာတော်ကို လာရောက်ဖူးရန် ခေါ်ခိုင်းသည်။ ထို့နောက် ဒါယကာ ဒါယိကာမများ အားလုံးတို့က ကန်တော့ကြပြီးလျှင် ရှေ့တွင်ပင် ပျောက်ကွယ်သွားသည်။

၁၉၆၈ ခုနှစ် မန်းစက်တော် ဘုရားဖူးသွားရင်း ဆရာတော်များထံ ရောက်ပြန်သည်။ ဆရာတော်ဦးပဏ္ဍိတ၊ ဆရာတော်ဦးကောဝိဒ၊ ဆရာတော်အရှင်ဥတ္တမကျော်၊ ဘိုးတော်ဦးထွန်းအောင် စသော ဆရာတွေအားလုံးကို ကိုယ်တိုင်ဖူးတွေ့ရသည်။ ထိုစဉ်က လူရှင်းသဖြင့် မန်ကျည်းပင်အောက်ရှိ ကွပ်ပျစ်ပေါ်တွင် ဆရာတော်ဘုရားက ထိုင်၍ ကျွန်ုပ်က ကန်တော့ပြီးလျှင် အကြောင်းအရာအမျိုးမျိုး မေးချင်သမျှ မေးသည်။ လျှောက်ထားသည်။

ကျွန်ုပ် ကြားဖူးသည်။ အာဟာရသိဒ္ဓိပေါက်သည် ဆိုခြင်းမှာ ဘာမျှမစားဘဲ အသက်ရှင်နေသည်ဟု လူတိုင်းက ထင်ကြသည်။ ရုပ်နာမ်နှစ်ပါး ရှိသူမှန်သမျှ ဘုရား၊ ရဟန္တာများပင် ဤခန္ဓာကိုယ် တည်မြဲရန်အတွက် အစာစားကြသည်။ သတ္တဝါအားလုံးသည် အာဟာရဖြင့် အသက်ရှင်နေရသည်။ နတ်များပင်လျှင် နတ်သြဇာကို မှီဝဲရသည်။ အစားအသောက် အချိန်နောက်ကျကာ နတ်များပင်လျှင် သေဆုံးသည်ဟု ဆရာတော်က အမိန့်ရှိသည်။

**လမ်းသစ်စာအုပ်တိုက်**

ကျွန်ုပ်က **"ဆရာတော်ဘုရားများ မည်သည့် အာဟာရများကို ဘုဉ်းပေးပါသနည်း"ဟု လျှောက်ထားသည်။** ဆရာတော်က 'တောထဲတွင် ပျားကောင်များ ပျံသွားပြီး ကျန်နေသော ပျားအုံများကို မစုပ်ပျား'ဟု ခေါ်သည်။ ပျားကောင်များ ပျံသွားသော အခါ ပျားကောင်လေးများလည်းပေါက်ပြီး အတောင်ပံစုံပြီး အားလုံးပျံသွားပြီး ကျန်နေသောပျားအုံများကို ဆိုသည်။ ယင်းပျားအုံမှ ပျားရည်များကို လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် ဘုဉ်းပေးသည်။ တစ်ခါတစ်ရံ ငှက်ပျောသီးတစ်ခြမ်း ဘုဉ်းပေးသည်။ သို့သော် သိဒ္ဓိဆယ်ပါးပေါက်ပြီးဖြစ်၍ ဤမျှနှင့်ပင် အာဟာရလုံလောက်ပြီး အသက်ရှင်နေသည်။ ဆရာတော်၏ခြေသလုံးမှာ အသားမရှိ အရိုးချည်းသာ ရှိသည်။ အာဟာရမစားရသော ကြောင့် အသားမရှိ။ သို့ရာတွင် ကျန်းမာ၍ ရောဂါကင်းသည်။ ထို့နောက် ကျွန်ုပ်က အသက်ရှည်လိုကြောင်း၊ ဒါန၊ သီလ၊ ဘာဝနာများ များစွာ ပြုလိုကြောင်း လျှောက်ထားသည်။ ဆရာတော်က ပျားရည်ပေးသည်။ 'ပျားရည်ကို သောက်ပါ။ အသက်ရှစ်ဆယ်ကျော် အထိ မင်းမှာ ဘေးရန်ကင်းလိမ့်မည်'ဟု အမိန့်ရှိသည်။ နောင်သောအခါ သားရေး၊ သမီးရေးကိစ္စ တာဝန်ငြိမ်း၍ ရဟန်းပြုက ဆရာတော်ထံသို့ လာနေပါ။ ပညာပေး၍ ဆရာတော်တို့ကဲ့သို့ပင် အသက် ၁၀၀၀ နေရပါလိမ့်မည်ဟု အမိန့်ရှိသည်။ အချိန် မရောက်သေး၍ ဟုတ်မဟုတ် မသိရသေးပါ။ ဆရာသမားနှင့် ပတ်သက်၍ ဤမျှ ထူးခြားစွာ ကျွန်ုပ်သည် ကံကောင်းခဲ့ပါသည်။

## ဆရာခ

ကျွန်ုပ်သည် ပြည်မြို့ ရတနာမာရ်အောင် ဆရာတော်ဘုရားထံမှ ရွှေပြာ ငွေပြာ ပြဒါးပြာ ရအောင် ဓာတ်လုံးတက်နည်းကို သင်ခဲ့ပြီး ညနေ ၄ နာရီမှစ၍ ၆ နာရီအထိ ဖိုဆွဲရသည်။ ပေးသည့်နည်းအတိုင်း လုပ်ရသည်။ အလွန် ပင်ပန်းသည်။ မီးကလည်း ပူသည်။ နေကလည်း ပူသည်။ ညှပ်ကိုကိုင်၍ လုံကိုလှည့်ရသည်မှာ ခဏခဏဖြစ်သဖြင့် လက်တွင် အသားမာတွေ ဖြစ်လာသည်။ လက်ဝဲဘက်လက်က ဖိုကြိုးကို ဆွဲရသဖြင့် လက်ညှိုး၌ အသားမာတွေ ဖြစ်လာသည်။ ထိုအလုပ်ကို မလုပ်ချင်အောင် ပင်ပန်းသည်။

နှစ်နှစ်လောက် ကြာပြီးသောအခါ ဘုရားမ,သည်ဟု ဆိုရလိမ့်မည်။ ရွှေဘိုမြို့ ကျောက်ကာဆရာတော်၊ ကျွန်ုပ်၏မိတ်ဆွေ ဦးထိန်ဝင်းနှင့်အတူ ယင်းဆရာကြီး ဦးခ အိမ်သို့ ရောက်ခဲ့သည်။ ကြည့်မြင်တိုင်ဘူတာအနီး ဝါးခယ်မလမ်းတွင် နေသည်။ ဆရာကြီးသည် သူတော်ကောင်း ဖြစ်သည်။ မှန်စီရွှေချအလုပ်အကိုင်ဖြင့် အသက်မွေးသူ ဖြစ်သည်။ အလုပ် အလွန်တော်သောကြောင့် သူ၏လုပ်ငန်းများကို သိသူများက ချီးကျူးသည်။ ဘုရားများကို ရွှေချထားလျှင် နှစ်ပေါင်းများစွာ မိုးလေခံ၍ ပျက်စီးခြင်းမရှိချေ။ ထို့ကြောင့် သူသည် တိုက်နှင့်ပင် နေနိုင်သည်။

တစ်နေ့သောအခါ စကားဆွေးနွေးရန် သူ၏အိမ်သို့ ခေတ္တရောက်သွားသည်။ ထိုအခါ ကျွန်ုပ်၏ဓာတ်လုံးသည် ဘာပြာမှ မရသေး။ တက်တုန်းရှိသည်။ ထိုကိစ္စကို

ဆရာကြီးအား မေးမြန်း၍ အကူအညီတောင်းသည်။ ထိုအခါ ဆရာကြီးက ‘သူလည်း အမြဲတတ်လုံးထိုးနေသဖြင့် သူ့ထံ ယင်းတတ်လုံး ပေးပါ။ တစ်ဆင့် တစ်ဆင့် လုပ်ငန်း တိုင်း သူ့တတ်လုံးနှင့်အတူ တက်ပေးမည်’ဟု ဆိုသည်။ ကျွန်ုပ်သည် အလွန်ဝမ်းသာ လှသည်။ ကျေးဇူးတင်လှသည်။ ထို့ကြောင့် လိုအပ်သမျှသော မီးသွေးများ၊ လုံများ၊ တတ်ဆေးအမျိုးမျိုးများ၊ ပြဒါး စသည်များ၊ စိန်၊ ဆေးဒန်း၊ ဇဝက်သာ၊ ကန့် စသည့် အဂ္ဂိရတ်သုံးဆေးများ လိုသလောက် ဝယ်ပေးသည်။ ဆရာကြီးကိုလည်း မကြာခဏ ကန်တော့သည်။

ဆရာကြီးထံ တတ်လုံးအပ်ပြီးနောက် ခြောက်လကျော် တစ်နှစ်နီးသောအခါ တတ်လုံးက ပြာထွက်လာသည်။ အဓိပ္ပာယ်မှာ တတ်လုံးသည် မီးဖိုဟု ယူဆရသည်။ ယင်း မီးဖိုထဲကိုထည့်လျှင် မည်သည့် သတ္တုကိုမဆို ပြာအဖြစ်သို့ ချက်ပေးသည်။ ရွှေထည့်လျှင် ရွှေပြာဖြစ်သည်။ ပြဒါးထည့်လျှင် ပြဒါးပြာ ဖြစ်သည်။ ရွှေပြာ၊ ပြဒါးပြာ တို့သည် အသက်ကို ရှည်စေကြောင်း၊ ၉၆ ပါးသော ရောဂါကင်းကြောင်း စသည်ဖြင့် များစွာသော ကျမ်းဂန်များတွင် ဖော်ပြသည်။ ထို့ကြောင့် မပင်မပန်းတော့ဘဲနှင့် ရွှေပြာ ရသည်။ ပြဒါးပြာ ရသည်။ ထိုပြာများကို ရသည့်နေ့မှစ၍ စားလာသည်မှာ ယခုအခါ အနှစ် နှစ်ဆယ်ကျော်ပြီ။

ဤ ဆရာခအကြောင်းကို ဖော်ပြရသည်မှာ ယခုခေတ်လူတို့ မရောက်နိုင်၊ မသိနိုင်၊ မမြင်ဘူးသော ကိစ္စများဖြစ်သည်။ ဆရာခသည် အင်္ဂလိပ်လက်ထက် အခါကောင်းတုန်းက အသက် ၃၀ ကျော်ဖြစ်သည်။ သူသည် မှန်စီရွှေချဆရာအဖြစ် လုပ်ကိုင်စဉ်ကပင် ဤကဲ့သို့ အဂ္ဂိရတ် လုပ်ငန်းများကို စမ်းသပ်ဝါသနာပါသူ ဖြစ်သည်။ သူသည် တတ်ပုံ ဆရာ ဖြစ်သည်။ တတ်ပုံကို ကောင်းစွာ ရိုက်တတ်သည်။ ပြုပြင်တတ်သည်။ တော်တော် ပညာစုံသည်။

တစ်ရံရောအခါက ကျွန်ုပ်သည် ကျိုက်ထီးရိုးဘုရားဖူး၍ ပြန်လာပြီးနောက် ကျိုက်ထီးရိုးဘုရားတွင် ထီးတော်မှ ရောင်ခြည်တော် ခြောက်ပါးကို နာရီဝက်တိတိ ဖူးမြော်ခဲ့ရသဖြင့် အလွန်ဝမ်းသာစွာ ပြောပြသည်။ ထိုအခါ ဆရာကြီးက ကျိုက်ထီးရိုး ဘုရားမြောက်ဘက် ပျားစွဲတောင်တန်း စခန်းများတွင် သူကိုယ်တိုင် ရောက်ခဲ့ရသော အကြောင်းကို ပြောပြခဲ့သည်။

သူ တတ်ပုံဆရာလုပ်စဉ်က ပြည်မြို့မှ ဆရာသော်ဆိုသော အထက်ဂိုဏ်းဆရာကြီး တစ်ယောက် သူ့ထံရောက်လာပြီးလျှင် ယင်းကျိုက်ထီးရိုးဘုရား မြောက်ဘက်ရှိ ထူးဆန်း သော ဘုရားအမျိုးမျိုးကို တတ်ပုံရိုက်ရန် သူ့အား အခကြေးငွေ များစွာပေး၍ စေလွှတ် သည်။ ဆရာကြီးမှာ ကျိုက်ထီးရိုး မြောက်ဘက်နယ် တစ်ဝိုက်တွင်ရှိ ကရင်ရွာများစွာက ကိုးကွယ်သော ဆရာဖြစ်သည်။ ကရင်လူမျိုးအားလုံးက ဆရာကြီးကို အလွန်ကြည်ညို သည်။ ထို့ကြောင့် ဆရာခ သွားလေရာတွင် အကူအညီပေးရန် ကရင်ရွာများရှိ သူ့

လူတပည့်များထံ စာရေးပေးထားသည်။ သူတွေ့ခဲ့ရသော အကြောင်းအရာ အစုံအလင်ကို သူပြောသောအတိုင်း ဖော်ပြလိုက်ပါသည်။

ဆရာခက ပြောသည်။ "ကျုပ် အဲဒီနေ့ကစပြီးတော့ စစ်တောင်းမြစ်တစ်ဖက်ကမ်းရှိ သိမ်ဇရပ်သို့ သွားရတယ်။ ယင်းသိမ်ဇရပ် မြောက်ဘက်မှာရှိတဲ့ ပိန္နဲကုန်းရွာသို့ လှည်းဖြင့် တစ်ဖန်သွားရတယ်။ ပိန္နဲကုန်းရွာမှ ကျိုက်ထီးရိုးဘုရားသို့သွားလျှင် သုံးမိုင်လောက်သာ ဝေးတယ်။ ဒါပေမယ့် ကျိုက်ထီးရိုးတောင်ခြေက ဘုရားပေါ်သို့တက်ရန် လမ်းက သိပ် ဇောက်နေတယ်။ တက်၍မရနိုင်။ ဒါကြောင့် ကျိုက်ထီးရိုးဘုရား သွားရာလမ်းကို ကင်မွန်း စခန်းဘက်က စတင်ခြင်း ဖြစ်တယ်။ ပိန္နဲကုန်းရွာရောက်တော့ ဆရာကြီးစာ တွေ့တဲ့အခါ အားလုံးက ဝိုင်းဝန်းကူညီကြတယ်။ ထို့နောက် ဆရာကြီး၏ တပည့်တစ်ဦးက ပျားစွဲ တောင်ရှိရာသို့ သူ၏လှည်းနဲ့လိုက်ပို့ရန် တာဝန်ယူတယ်"

"နောက်တစ်နေ့ နံနက်မှာ လှည်းနဲ့ သွားကြတယ်။ လှည်းပေါ်မှာ အလွန်ကြီးတဲ့ ပိန္နဲသီးကြီးနှစ်လုံး ယူလာတယ်။ ပိန္နဲသီးက အလွန်မွှေးတယ်။ အဲဒီနယ်တစ်ဝိုက်မှာ အသီးအနှံပေါင်းစုံ ရှိတယ်။ ငှက်ပျောပင်၊ ပိန္နဲပင်မှ စ၍ စားသောက်စရာ အလွန်ပေါ တယ်။ ဒါကြောင့် သုဝဏ္ဏဘုမ္မိ ရွှေတိုင်းပြည်လို့ ခေါ်တယ်။ မြန်မာပြည်မှာ ဤတော တစ်ဝိုက်၌ စားစရာ အလွန်ပေါတယ်။ ဒီရွာရှိလူများဟာ အလိုလိုပေါက်နေသော ဒူးရင်း ပင်များမှ ဒူးရင်းသီးများကို ခူးပြီး သိမ်ဇရပ်သို့ လှည်းနဲ့ သွားရောင်းကြတယ်။ ဟိုတုန်း ကဆိုရင် ဒူးရင်းသီး တစ်တောင်းမှ ငွေတစ်ကျပ်ပဲ ရတယ်။ တစ်တောင်းဆိုပေမယ့် အမောက်ကြီး ထည့်ပေးတယ်။ ဒီလောက် ပေါတယ်"

"ဒီလို လှည်းနဲ့သွားနေရင်း နံနက် ၈ နာရီလောက်ရောက်တော့ ထမင်းဆာလာ တယ်။ ဒါနဲ့ လှည်းသမားကို 'ထမင်းဆာတယ်ကွာ။ ဒီပိန္နဲသီး ခွဲစားရအောင်'လို့ပြောတော့ လှည်းသမားက ဒီပိန္နဲသီးဟာ နွားစားဖို့ဆိုပြီး ခွဲမပေးဘူး။ နောက် ပျားစွဲတောင်ခြေ ရောက်တဲ့အခါ နေ့လယ် ၁၁ နာရီလောက် ရှိပြီ။ အဲဒီတောင်ခြေ တောတစ်ဝိုက်မှာ ပိန္နဲပင်ကြီးတွေ အလွန်ပေါတယ်။ တစ်တောင်လုံး မွှေးနေတယ်"

"အဲဒီကျမှ လှည်းသမားက အကောင်းဆုံး၊ အရင့်ဆုံး၊ အမှည့်ဆုံး ပိန္နဲသီးနှစ်လုံး ခူးလာတယ်။ 'ဒီတောင်က ပိန္နဲသီးကမှ သိပ်ချိုတယ်ဗျ'ဟု ပြောပြီး သူတို့နှစ်ယောက် အဝစားကြတယ်။ ဘယ်လောက် ကောင်းသလဲဆိုရင် တစ်သက်မမေ့တော့ဘူး။ ထောပတ် ကဲ့သို့ အဆီတွေ ဝင်းနေတယ်"

"သူ့ကိုစားပြီး ထမင်းမဆာကြတော့ဘူး။ ဒါကြောင့် ရှေးက ရသေ့တွေ တောထဲမှာ နေနိုင်တာ ဖြစ်မယ်။ ပျားစွဲတောင်ခြေ ရောက်တဲ့အခါ ဆရာကြီးခိုင်းတဲ့ ဘုရားတွေကို ဓာတ်ပုံရိုက်ရန် ကိစ္စရှိနေတယ်။ တောင်ထိပ်သို့တက်ရန် လုံးဝလမ်းမရှိ၊ လူတစ်ရပ်စာ မြင့်သော ကိုင်းပင်ကြီးတွေကိုဆွဲပြီး တက်ရတယ်။ တော်တော်ပင်ပန်းတယ်။ တောင်ထိပ် ကို ရောက်တဲ့အခါ ဘိုးဘိုးအောင် တစ်ခါတစ်ရံ လာရောက်နေတယ်ဆိုတဲ့ ဂူတစ်ခု တွေ့တယ်။ အဲဒီဂူထဲမှာ မြွေအနီလေးများ ရှိတယ်။ အဲဒီမြွေကိုက်လျှင် ချက်ချင်းသေတယ်။

ဒါပေမယ့် မြွေကိုနိုင်တဲ့ဆေးဟာ ထန်းလျက်ဖြစ်တယ်။ ကရင်က သူ့လွယ်အိတ်ထဲမှာ ထန်းလျက် ၅၀ သားလောက် ပါလာတယ်။ ပထမဦးဆုံး ဓာတ်ပုံရိုက်တဲ့ ဘုရားဟာ ပတ္တမြားစေတီလို့ ခေါ်တယ်။ စေတီမှာ တောင်ထိပ်တစ်ခုဘေးတွင် အလွန်ကြီးမားသော ကျောက်တောင်ထွတ်ကြီး တစ်ခုက ဘေးနားကယှဉ်၍ ထွက်နေတယ်။ ယင်း တောင်ထိပ်ထွတ်တွင် ပတ္တမြားစေတီတစ်ခု ရှိတယ်။ စေတီတော်ကို အားလုံးပတ္တမြားစီထားတယ်"

"ဆရာတော်ကြီးက ဤဘုရားတည်ပြီးသောအခါ သစ္စာအဓိဋ္ဌာန်အားဖြင့် တောင်းဆိုခဲ့လို့ ပတ္တမြားမိုးရွာတယ်လို့ ဆိုတယ်။ အဲဒီ ပတ္တမြားမိုးတွေကို စေတီအားလုံးပတ်၍ စီထားခဲ့တယ်။ ဒါ့ကြောင့် ပတ္တမြားစေတီလို့ ခေါ်တယ်။ တောင်ထိပ်က တော်တော်မြင့်တယ်။ တောထဲက ဆင်ကြီးတွေ သွားနေတာကို အပေါ်ကကြည့်ရင် ကြွက်ကလေးတွေလောက်သာ မြင်ရတယ်။ အဲဒီဘုရားတွေထဲမှာ အထူးဆန်းဆုံးဘုရားက ကျောက်တိုင်ဘုရားဖြစ်တယ်"

"ပတ္တမြားစေတီတော်ရှိရာ တောင်ထိပ်မှ တစ်ဖက်က တောင်ထိပ်ပေါ်မှာ ၁၀ ပေ ပတ်လည်ခန့်ရှိတဲ့ သဘာဝကျောက်တိုင်ကြီးနှစ်ခု ပေါက်နေတယ်။ တစ်တိုင်နှင့်တစ်တိုင် ၁၅ ပေလောက် ဝေးတယ်။ ကျောက်တိုင်နှစ်ခုဟာ ထန်းပင်ထက် ကြီးတယ်"

"ဒီကျောက်တိုင်တွေဟာ မိုးရေစားထားတော့ အောက်ဘက်ကို လှည့်ပြီး ဆူးချွန်တွေဖြစ်နေတယ်။ လူတက်လို့ လုံးဝမရနိုင်။ ကျောက်တိုင်နှစ်ခု၏ ထိပ်ဘက်မှာ ဘုရားစေတီနှစ်ဆူ တည်ထားတယ်။ ဝိဇ္ဇာဘုရားပေါ့။ ပို၍ ထူးဆန်းတာက ကျောက်တိုင်နှစ်ခုနဲ့ ၁၅ ပေလောက်ကွာတဲ့ လူတစ်ရပ်လောက်နေရာမှာ ဟိုဘက်ကျောက်တိုင်နှင့် ဒီဘက်ကျောက်တိုင်ကို ပေါင်လုံးခန့်ရှိသော ငွေတုံးကြီးနှင့် ဆက်ထားတယ်။ ငွေသားအစစ် ဝင်ရိုးဖြင့် တိုင်နှစ်တိုင်ကို ဖောက်၍ ထည့်ထားတယ်။ ငွေတုံးကြီးကို လှည့်လို့ရတယ်။ ချွတ်လို့မရ။ စာရေးထားတယ်။ ဉာဏ်တူ ယူတော့၊ ယူနိုင်တော့လို့ ရေးထားတယ်"

"ဒီကျောက်တိုင်ကြီးမှ ဒီငွေတုံးကြီးကို ဘယ်လိုလုပ်၍မှ ချွတ်၍မရနိုင်။ တန်ခိုးရှင်များ စီရင်ထားခြင်းဖြစ်တယ်။ ဒီတောင်တစ်ဝိုက်မှာ အသီးအနှံအလွန်ပေါတယ်။ ငှက်ပျောပင်ကြီးတွေဟာ အုန်းပင်တစ်ဝက်လောက် မြင့်တယ်။ ငှက်ပျောသီးတွေဆိုတာ စားလို့မကုန်အောင် ဖြစ်တယ်။ မျောက်တွေအများကြီးက အုပ်လိုက်ဖွဲ့ပြီး ငှက်ပျောသီးတွေကို စားကြတယ်။ အောက်ကိုကြွေတဲ့ အသီးတွေကိုတော့ ဆင်တွေက စားတယ်။ အခု ရန်ကုန်မှာ အဖိုးတန်တယ်ဆိုတဲ့ ကြက်မောက်သီး၊ ဒညင်းသီး၊ ဒူးရင်းသီး၊ မာလကာသီး၊ ငှက်ပျောသီး စသည်တို့ အလွန်ကြီးတဲ့ တောကြီးများ ဖြစ်နေတယ်။ အဲဒီမှာ ရသေ့ရဟန်းလုပ်လျှင် စားသောက်ဖို့ ဘာမှ မပူရဘူး"

ထိုအခါ ကျွန်ုပ်က 'ဆရာ ဒီဓာတ်ပုံတွေ ရှိသေးသလား"ဟုမေးရာ "ဓာတ်ပုံများမှာ ဂျပန်ခေတ်က ပျက်စီးသွားသောကြောင့် ယခု မရှိတော့ဘူး"ဟု ပြောသည်။

ထူးဆန်းသော ဆရာတော်တစ်ပါးအကြောင်းကို သူက ဆက်ပြောပြန်သည်။ သူပြောသည့်အတိုင်း ဖော်ပြလိုက်ပါသည်။

**လမ်းသစ်စာအုပ်တိုက်**

"ဟင်္သာတမြို့မြောက်ဘက် ဓမ္မိမြို့၊ ဓမ္မိမြို့အနောက်ဘက် ကွင်းကောက်ဆိုသော ရွာကြီးရှိတယ်။ ဓမ္မိမှ ကွင်းကောက်သို့ ရှစ်မိုင်လောက် ဝေးမယ်။ အဲဒီ ကွင်းကောက်က အနောက်တည့်တည့်သွားရင် ခုနစ်မိုင်ကျော်၊ ရှစ်မိုင်လောက်မှာ အနောက်ရိုးမတောင်ခြေမှာရှိတဲ့ ပိန္နဲကွင်း ဆရာတော်အကြောင်းပဲ"

"ဒီဆရာတော်ရှိရာကို အသက် ၁၃ နှစ်က ကျုပ်အဖေနှင့် အတူရောက်ဖူးတယ်။ ဆရာတော်ကို လူအများက ရဟန္တာဟု ကြည်ညိုကြတယ်။ ဆရာတော် ခြေလှမ်းတိုင်း လှမ်းတိုင်း မြေကြီးက ပန်းတွေ ပွင့်ပွင့်ပေါ်လာတယ်လို့ ဆိုတယ်။ အလွန်အံ့သြစရာကောင်းတာပေါ့။ ဒါပေမယ့် အဲဒီခေတ်က သတင်းစာခေတ်၊ ရေဒီယိုခေတ်မဟုတ်တော့ သိတဲ့သူ သိပ်နည်းတယ်။ အဲဒီနားတစ်ဝိုက်ရွာတွေပဲ သိကြတယ်"

"ဆရာတော်ကြီးက ညတိုင်း ဆင်တွေ၊ ကျားတွေကို တရားဟောတယ်။ နံနက်ကျလျှင် ဆင်ခြေရာ ကျားခြေရာတွေ အများကြီး တွေ့ရတယ်။ တစ်နေ့သောအခါ ဆရာတော်ပျံလွန်တော်မူတယ်။ ဒီအခါ ဆရာတော်၏ တပည့်များစွာတို့က သူ့ရွာ၊ ငါ့ရွာ အလှည့်ကျ ဘုန်းကြီးပျံ လုပ်ကြတယ်။ ရှေးခေတ်ကအတိုင်း စင်မြင့်ပေါ်မယ် ဆရာတော်ဘုရား၏ အလောင်းတော်ကိုတင်ပြီး ဟိုရွာမဏ္ဍပ်၊ ဒီရွာမဏ္ဍပ်က တစ်နေ့တစ်ခါ သူတို့မဏ္ဍပ်သို့ပင့်၍ ပူဇော်တယ်။ အကျွေးအမွေးများနဲ့ ဧည့်ခံတယ်"

"ဘုန်းကြီးပျံပြီးတော့ ဆရာတော်၏ အလောင်းကို မီးသင်္ဂြိုဟ်ခြင်း မပြုရဘဲ ဆရာတော်အမိန့်အတိုင်း ဆရာတော်အတွက် အသစ်ဆောက်ပေးသော ကျောင်းပေါ်မှာ ထားရတယ်။ ယနေ့အထိ ပုပ်သိုးခြင်းမရှိ။ ဆရာတော်၏ အသားအရေများမှာ အသက်ရှင်တုန်းကကဲ့သို့ပင် ပြည့်ဖြိုးဝင်းထိန်နေတယ်။ ကိုင်ကြည့်လျှင်လည်း ပျော့ပျော့အိအိ ဖြစ်တယ်။ ပိုပြီး ထူးဆန်းတာက ဆရာတော်ရဲ့ခေါင်းက ဆံပင်ဟာ အသက်ရှင်တုန်းက ကဲ့သို့ တစ်လတစ်ခါ ရှည်ရှည်လာ၍ ရိတ်ပေးရတယ်။ အံ့သြဖွယ်ပဲ ဖြစ်တယ်"

"ယခုဆိုလျှင် ဆရာတော်ကြီး၏ နောက်ထပ် တပည့်ရဟန်းနှစ်ပါးပါ ဆရာတော်ကဲ့သို့ပင် ဆရာတော်၏ အလောင်းနားယှဉ်၍ သုံးပါး ဖြစ်နေတယ်။ သုံးပါးစလုံး အလောင်းတော်များမှာ ပုပ်သိုးခြင်းမရှိ၊ လူပြကတော့ အိပ်နေသကဲ့သို့ အသားအရေများ စိုပြည်နေတယ်။ ဆရာတော်လိုပဲ ဆံပင်တွေဟာ ရှည်ရှည်လာ၍ တစ်လတစ်ခါ နှစ်လတစ်ခါ၊ ရိတ်ပေးရတယ်။ ကျုပ် ကိုယ်တိုင် ဖူးမြော်ခဲ့ရတယ်"

ကျွန်ုပ်သည် ဤအကြောင်းကို ကြားဖူးသောအခါ အလွန် ဝမ်းသာသွားသည်။ ဆရာကြီးနှင့် 'ချက်ချင်းသွားကြပါစို့'ဟု တိုင်ပင်သည်။ ထိုအခါ ဆရာကြီးက ပြောသည်။

"အနောက်ရိုးမ တောင်ခြေမှာ ကရင်ရွာများ ဖြစ်တယ်။ အကယ်က မြို့က လူများတွေ့လျှင် အဆင်မသင့်က ပြန်ပေးဆွဲနိုင်တယ်။ တိုင်းပြည်ကောင်းမှ သွားကြပါစို့"

ဆရာကြီးလည်း အသက် ၈၂ နှစ်၊ ၁၃၃၉ ခုနှစ်က ကွယ်လွန်သွားခဲ့သည်။ ပိန္နဲကွင်း ဆရာတော်ကို ကြားဖူးရုံသာ ရှိသည်။ ဖူးတွေ့ခွင့် မရခဲ့ပါ။ မြန်မာပြည်

တွင် ဤကဲ့သို့ ထူးခြားသော ရဟန္တာပေါင်းများစွာ ရှိသည်။ ဝေဘူဆရာတော်၊ စွန်းလွန်းဆရာတော်ဘုရားတို့ ယခုလက်တွေ့ ရှိနေသည်။ သာသနာတော်၏ အံ့ဖွယ်ရာပင် ဖြစ်တော့သည်။

## ဦးဘို

အင်းစိန်မြို့ ရဲအတတ်သင်ကျောင်းမှ ရဲအရာရှိကြီးဦးဘိုသည် ကျွန်ုပ်နှင့် ညီအစ်ကိုကဲ့သို့ ခင်မင်သော သူတစ်ယောက် ဖြစ်သည်။ သူလည်း လောကီပညာ ဓာတ်လုံးထိုးသည်။ ခဏခဏ တွေ့ကြရသည်။ သူ၏ကိုယ်တွေ့ အကြောင်းအရာများမှ အလွန်အံ့သြဖွယ်ရာ အကြောင်းတစ်ခု ရှိသည်။ သို့သော် ကျွန်ုပ်ကိုယ်တိုင် ရောက်သည်မဟုတ်။ အကြောင်းမညီညွတ်၍ မရောက်ခဲ့ရပေ။

မြန်မာပြည်တွင် ဤမျှလောက် ထူးဆန်းသော သဘာဝအကြောင်းကို တစ်ခါမှ ကျွန်ုပ်သည် မကြားဘူးချေ။ ဤကဲ့သို့ ဓာတ်လုံးကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးသောအခါ သူသည် မော်ချီးမိုင်း သတ္တုတွင်းရှိရာသို့ တောင်ငူအနီးရှိ သံတောင်မြို့မှ ကားနှင့်သွားစဉ်က အံ့သြဖွယ်အကြောင်းများကို ပြောပြခဲ့သည်။ မော်ချီးမိုင်းမရောက်ခင် ကားလမ်းတွင် ရှေးက ကရင်နီဟုခေါ်သော လူမျိုးများစွာ နေထိုင်ကြသည်။ ယခု ကယားပြည်ဟု နာမည်ပြောင်းထားသည်။

ထိုအရပ်များသည် လူသွားလူလာ အလွန် နည်းပါးသဖြင့် သာသနာနှင့် ဝေးသော အရပ်များ ဖြစ်သည်။ ထို့ကြောင့် လောကီဘက်က စုန်း၊ ကဝေ စသော ထူးဆန်းသည့် ပုဂ္ဂိုလ်များ၊ ဝိဇ္ဇာ၊ ရဟန္တာကဲ့သို့ ထူးဆန်းသည့် ပုဂ္ဂိုလ်များ၊ လူသူအရောက်နည်းသော တော၊ တောင်များတွင် ရှိကြောင်းကို သူက ပြောပြသည်။

သံတောင်မြို့နှင့် မော်ချီးမိုင်းရှိရာ ခရီးအလယ်လောက်တွင် ရွှေနတ်တောင်ခေါ်သော တောင်တစ်ခုရှိသည်။ မော်တော်ကားလမ်းဘေးမှ တဖြည်းဖြည်း တောင်ဘက်သို့ သွားပြီးလျှင် တောင်ထိပ်ပေါ်သို့ တက်ရသည်။ တောင်ထိပ်တွင် ဆေးကျောက်ပြင်ကြီး တစ်ခု ရှိသည်။ ဝိဇ္ဇာ၊ ဇော်ဂျီများ ဆေးကြိတ်ရာ ဖြစ်သည်။ ကျောက်ပြင်နားတွင် ဆေးမြစ်အမျိုးမျိုး ရှိသည်။ မည်သူမဆို ဆေးမြစ်ကို ကျောက်ပြားကြီးပေါ်တွင် သွေး၍ သောက်နိုင်သည်။ အိမ်သို့ ယူခွင့်မပြု။

တောင်၏ရာသီဥတုနှင့် မြေသြဇာမှာ သူမတူအောင် ထူးခြားလှသည်။ ထိုတောတွင် သဘော်ပင်များစွာရှိရာ သဘော်သီးတစ်လုံး တစ်လုံးသည် တင်းတောင်းကြီးမျှ ကြီးမားလှသည်။ သဘော်သီးဘေးက လူတစ်ယောက်ဝပ်နေလျှင် မမြင်ရအောင် ကြီးသည်။ ကြံပင်ကြီးများမှာ ဝါးဘိုးဝါးခန့် တုတ်သည်။ အလွန် ချိုမြိန်၍ အရသာရှိသည်။ 'မည်သူမဆို သစ်သီးဝလံများကို စားနိုင်သည်။ အိမ်သို့ ယူမသွားရ'ဟု ဆိုသည်။ သူတို့ကားနှင့် သံတောင်မှ ထွက်သွားသောအခါ ရောက်ဖူးသူများက 'ထိုနယ်တွင် ပညာသည်များ အလွန်ပေါသည်။ သူတို့ကို မစပါနှင့်၊ စိတ်မချမ်းသာအောင် မလုပ်ပါနှင့်၊ ဒုက္ခအကြီးအကျယ် ရောက်မည်'ဟု မှာကြသည်။

သူတို့သည် ရွှေနတ်တောင်မှ ရှေ့ကိုဆက်၍ ကားဖြင့်သွားရာ တစ်နေရာတွင် ကရင်နီအဘွားကြီး တစ်ယောက်နှင့် သူ၏မြေးမကလေး ၁၃ နှစ်ခန့်တို့သည် သူတို့ တောင်ယာမှထွက်သော နာနတ်သီး၊ ငှက်ပျောသီးများကို ကားလမ်းဘေးတွင် လာ၍ ဝါတဲကလေးလုပ်ပြီး ရောင်းကြသည်။ ကရင်နီနယ်မှာ ရာသီဥတု အလွန်အေးလှသဖြင့် အမျိုးသမီးအားလုံးမှာ စကော့တလန်သူများကဲ့သို့ အလွန်အသားဖြူပြီးလျှင် ပါးများမှာ နီရဲနေသည်။ ထိုဈေးသည် နှစ်ယောက်နားသို့ သူတို့ကားရပ်၍ ဈေးဝယ်ကြသည်။ တစ်ယောက်စကားကို တစ်ယောက် နားမလည်ကြချေ။ သို့ရာတွင် ငွေကိုပြ၍ သစ်သီးကို ပြ၍ သူတို့နားလည်သော နည်းဖြင့် အရောင်းအဝယ် လုပ်ကြသည်။

သစ်သီးကို ငါးမူးပြလျှင် ခေါင်းခါသည်။ တစ်ကျပ်ပြလျှင် ခေါင်းညိတ်သည်။ ထိုအခါ ထိုသစ်သီးကို တစ်ကျပ်နှင့် ဝယ်ရမည်ဟု အဓိပ္ပာယ်ရသည်။

မော်ချီးမြို့သို့မရောက်မီ ဆယ်မိုင်လောက်အလိုတွင် ရွာလေးတစ်ရွာ ရှိသည်။ ရွာတွင် သူတို့ညအိပ်ကြသည်။ ထိုရွာလေးမှ တောင်ဘက်သို့ လှမ်း၍ ကြည့်သည်ရှိသော် အလွန်နက်သော ချောက်ကမ်းပါးကြီး တစ်ဖက်တွင် ညိုမောင်း၍နေသော တောင်ကြီး တစ်ခု ရှိသည်။ သစ်ပင် လုံးဝမပေါက်။ ကျောက်တုံးကြီးလို ဖြစ်သည်။ တောင်ကမ်းပါးယံတွင် လိုဏ်ဂူကြီးကြီးများ မြင်ရသည်။ လိုဏ်ဂူကြီးများထဲတွင် လူဝိဇ္ဇာခိုရုံများ၊ ရဟန်းဝိဇ္ဇာခိုရုံများ လမ်းလျှောက်နေသည်ကို ခဏခဏ လူတိုင်းတွေ့ရသည်။

ထို့နောက် သူက ထိုဆရာတော်များကို ဖူးမြော်ချင်၍ သွားရမည့်လမ်းကို မေးကြည့်သည်။ တောင်အောက်ဘက်မှသွားလျှင် တောင်သည် အုတ်ထရံကဲ့သို့ မတ်စောက်နေသဖြင့် လုံးဝတက်၍ မရနိုင်။ သို့ရာတွင် တောင်၏ကျောဘက်မှ သွားလျှင် ဖြစ်သည်။ ဤလမ်းကို မည်သူမှ မသွားရဲချေ။ တောသည် အလွန်ကြီးသည်။ သမင်၊ ဒရယ်၊ ကျား စသော တိရစ္ဆာန်များလည်း အလွန်ပေါသည်။ ရွာမှလူများ တောသို့ တစ်ခါမှ မသွားချေ။ အထူးကြောက်စရာ ကောင်းသည်မှာ ကင်းခြေများ ဖြစ်သည်။ ကင်းခြေများတို့သည် တစ်လံခန့်ရှည်သည်။ ကိုယ်လုံးအားဖြင့် တစ်ပေခန့် ကျယ်သည်။ သူတို့သည် အလွန်မြန်လှသဖြင့် သူတို့နှင့်တွေ့လျှင် သမင်၊ ဒရယ်များပင် လွတ်အောင် မပြေးနိုင်ချေ။ ထိုကင်းခြေများတို့ ကိုက်သတ်သော တိရစ္ဆာန်များ အရိုးတွေ အများကြီးရှိသည်ဟု ဆိုသည်။ ထို့ကြောင့် မည်သူမှ မသွားရဲကြချေ။

ညအချိန်ရောက်သောအခါ သူတို့သည် အိမ်ပေါ်၌ အိပ်နေစဉ် သူ့တွင် အိပ်မက် မက်သည်။ ရဟန်းတော်တစ်ပါးနှင့် လူတစ်ယောက်တို့သည် သူ၏ ပြတင်းပေါက်မှ ဝင်လာပြီးလျှင် သူ၏လည်ကုပ်ပေါ်တွင် ဆေးများထိုးပေးသွားကြောင်း မြင်မက်သည်။ နံနက်မိုးသောက်သောအခါ သူကုပ်ကိုပြရာတွင် တကယ်ပင် ဆေးများ ထိုးထားသည်ကို တွေ့ရသည်။ အလွန် အံ့သြစရာ ကောင်းသည်။

မော်ချီးမြို့ အရှေ့ဘက် သံလွင်မြစ်ကမ်းရှိ ခမဖြူမိုင်းသို့ သွားရာလမ်းတွင် အလွန် အံ့သြဖွယ်ရာကောင်းသော လိုဏ်ဂူတစ်ခုသည် တောင်ခြေရင်းတွင် ရှိသည်။

မော်တော်ကားလမ်းမှ ခြေကျင်ဖြင့်သွားလျှင် တစ်မိုင်ခန့် ဝေးသည်။ ဂူကြီးထဲတွင် ရှေးဘုရား ဆင်းတုတော်ကြီး တစ်ဆူရှိသည်။ ဆင်းတုတော်၏ရှေ့တွင် ကြေးပြားကြီးများကို စာရွက်သဏ္ဌာန် ပြုလုပ်ပြီးလျှင် ဧရာမစာအုပ်ကြီး တစ်အုပ်ရှိသည်။ ကြေးပြားကြီးများကို သံကွင်းကြီးများဖြင့် တစ်ခုပေါ်တစ်ခု လှန်၍ရအောင် ထပ်ထားသည်။ မည်သူမဆို ဤလိုဏ်ဂူသို့ရောက်လျှင် ဘုရားရှိခိုး၍ မေတ္တာပို့ပြီး 'ကိုယ်နှင့်ထိုက်တန်သောပညာ ရပါစေ'ဟု သစ္စာပြုရသည်။ ကြေးစာအုပ်ကြီးကို မှတ်စိမှိတ်၍ အဓိဋ္ဌာန်ဖြင့် လှန်ရသည်။ လှန်မိသော စာမျက်နှာတွင် မိမိနှင့်ထိုက်ရာ ရှေးကံအတိုင်း ပညာများရှိသည်။ တချို့ ဆေးနည်းဖြစ်သည်။ တချို့ အင်းနည်းဖြစ်သည်။ တချို့ အဂ္ဂိရတ်နည်းဖြစ်သည်။ မိမိထိုက်တန်ရာ ဤတစ်ခုသာ ယူရသည်။ ကျန်သည့်ကိစ္စများကို လှန်၍ မကြည့်ရချေ။

ပို၍ထူးခြားသည်မှာ ယိုးဒယားဘက်မှ ရဟန်းနှစ်ပါးတို့သည် မိုးကောင်းကင်မှ ကြွ၍ ထိုနယ်တစ်ဝိုက်ရှိ ရွာများသို့ ဆွမ်းခံကြွလေ့ရှိသည်။ သူကိုယ်တိုင် ဖူးတွေ့ရသည်။ သို့ရာတွင် ရဟန္တာများ ဘယ်မှာ နေသည်။ ဘယ်သူ ဖြစ်သည်ကို မည်သူမှ မသိချေ။ မျက်မြင်ကိုယ်တွေ့ ဖူးတွေ့ရ၍ အလွန် ဝမ်းမြောက်ဖွယ် ဖြစ်သည်။

တစ်နေ့သောအခါ ကျွန်ုပ်တို့နှစ်ယောက်သည် သံတော်ဘက်သို့သွားမည် ဆိုပြီးလျှင် ကားတစ်စီးကို တစ်နေ့မည်မျှနှင့် အပြီးအငြိမ်းငှားပြီး ဖြစ်သည်။ ထိုအချိန်သည် မတ်လကုန်လောက် ဖြစ်သည်။ ဦးဘိုက ပြောသည်မှာ 'တစ်ခုသောလမ်းတွင် တောင်ပေါ်မှ ကျသောမြောင်းက ကားလမ်းပေါ်သို့ တည့်တည့်ကျသည်။ မိုးကြီးရွာနေလျှင်လည်း ရေလုံးကြီးကြောင့် မည်သည့်ကားမှ ထိုနေရာကို ကျော်၍ သွားမရ'ဟု ပြောသည်။ ထိုနေရာမှ ကျော်သောအခါ တောချုံများတွင် စကောဝိုင်း ကျော်ကျော်ရှိသော အပေါက်ကြီး၊ ပြွန်ခေါင်းကြီးကဲ့သို့ ဖြစ်နေသည်။

ရွာသားများကို မေးရာ ဤလမ်းများသည် သူတို့နယ်ရှိ မြွေကြီးများသွားသောလမ်းဖြစ်သည်။ မြွေကြီးတစ်ကောင် တစ်ကောင်လျှင် ထန်းလုံးခန့်ရှိသည်ဟု ဆိုသည်။ မော်ချီးမိုင်းမှ အင်ဂျင်နီယာ အင်္ဂလိပ်လူမျိုးတစ်ယောက်ကို သူ၏ အလုပ်သမားများက ခရီးသွားလျှင် ဤတောလမ်း၌ အရက်မသောက်ရ။ သောက်ခဲ့လျှင် မြွေကြီးများနှင့် ကြုံတတ်သည်ဟု ဆိုသည်။ ထိုအင်ဂျင်နီယာသည် လုံးဝအယုံအကြည် မရှိချေ။ တစ်နေ့သောအခါ သူ့ဂျစ်ကားဖြင့် သံတော်ဘက်သို့ လာသည်။ တောင်ပေါ်လမ်းတွင် ကားလမ်းအတိုင်း သူတို့ဂျစ်ကားဆီသို့လာသော ထန်းလုံးခန့်ရှိသည့် မြွေကြီးကို တွေ့ရသည်။ ရုတ်တရက် ကားရပ်ပြီး ကြောက်နေသည်။ မြွေကြီးသည် မျက်စိမှာ ပန်းကန်ပြားလောက်ရှိသည်။ ဂျစ်ကားအနီးမရောက်ခင် မြွေဟောက်ကဲ့သို့ ခေါင်းထောင်၍ ကြည့်လိုက်သည်။ ပန်းကန်ပြားဝိုင်းခန့်ရှိသော မျက်လုံးကြီးများကြောင့် အင်္ဂလိပ်အင်ဂျင်နီယာကြီးမှာ သွေးလန့်၍ သေဆုံးသွားသည်ဟု ဆိုသည်။ ဤမျှ တောနက်သောနေရာမျိုး ဖြစ်သည်။

ဤကဲ့သို့ ထန်းလုံးပမာဏခန့်ရှိသော မြွေကြီးအကြောင်းကို ကျွန်ုပ်၏ မိတ်ဆွေ

တစ်ယောက် ပြောဖူးသည်။ မုံရွာမြို့မြောက်ဘက် ချင်းတွင်းမြစ်ကမ်းရှိ ရွှေလှေရွာ၌ ဖြစ်သည်။ ထိုရွာ၌ ချင်းတွင်းမြစ်ဘက်မှ မျောလာသော ကျွန်းသစ်များ သောင်ခုံပေါ်တွင် များစွာတင်နေသည်။ မိုးကျမှသာ ဆိုင်ရာသစ်တောဘက်မှ ဖောင်ဖွဲ့၍ အောက်သို့ စုန်ကြသည်။

ကျွန်ုပ်၏ **မိတ်**ဆွေ ၁၀ နှစ်သားအရွယ်က ကလေးတို့ သဘာဝ သစ်တုံးများ ပေါ်တွင် ဆင်းလိုက်၊ တက်လိုက်၊ ပြေးလိုက် လုပ်၍ ကစားနေကြသည်။

ဤကဲ့သို့ ကစားနေရာ သူတို့ထိုင်သော သစ်တုံးကြီးမှာ တွန့်လိမ်၍ လှုပ်ရှားသည်။ အကုန်လုံးလန့်၍ ခုန်ဆင်းကြသည်။ သစ်လုံးမှာ ရွှံ့တွေပေနေသည်။ သူတို့ သေချာစွာ ကြည့်သောအခါ မြွေကြီးဖြစ်နေသည်။ ပေ ၃၀ ခန့်ရှည်မည်။ ကိုယ်မှာ ထန်းလုံးခန့် ရှိသည်။ ထို့နောက် သူတို့ ကြောက်အားလန့်အားဖြင့် ရွာထဲသို့ ပြေးပြီးလျှင် လူကြီးများ ပြောသည်။

ရွာမှ လူကြီးများလိုက်၍ ကြည့်ရှုသောအခါ အဟုတ်ပင် မြွေကြီးဖြစ်နေသည်။ သို့ရာတွင် သူသည် မသွားနိုင်ချေ။ ကြီးမားသောကြောင့် သစ်လုံးကြီးလို ဖြစ်နေသည်။ မြွေပြိတ္တာ ဖြစ်နေသည်။ ရွာသားများက ကျွဲသုံးရှဉ်းခန့် ရွာထဲမှယူပြီးလျှင် မြွေကြီးကို သုံးနေရာတွင် ကြိုးများဖြင့် ချည်နှောင်၍ မြစ်ထဲသို့ တဖြည်းဖြည်း ဆွဲယူသည်။ ရေစပ်သို့ ရောက်ပြီး ရေခါးလောက်အထိ ပို့ပြီးလျှင် ကြိုးများကို ဖြေပေးလိုက်သည်။ ထိုအခါကျမှ မြွေကြီးသည် ရေထဲဆင်းသွား ရေကူးသွားသည်။ ပျောက်သွားသည်။ မတွေ့ဖူးလျှင် ယုံနိုင်စရာ မရှိပါ။

ကျွန်ုပ်သည် မော်ချီးမိုင်းသို့သွားရန် ကားကို ပြောပြီးသောအခါ သကြံန်မိုး ရွာချသည်။ ထိုစဉ်က မိုးအလွန်များသည်။ ဦးဘို အဆိုအားဖြင့် ယခုအခါ၌ သွား၍ မရတော့။ ကားလမ်းများလည်း သွား၍မရတော့။ တောင်ရေတွေ အလွန်ကျသည်ဟု ဆိုသည်။ ထို့ကြောင့် ကျွန်ုပ်သည် အလွန်ဆန်းကြယ်သော မြန်မာပြည်၏အကြောင်းကို မသိခဲ့ရတော့ချေ။

နောင်လာနော**က်သားတို့သည်** အခြေအနေ ကောင်းသောအခါ ရောင်စုံကင်မရာ များဖြင့် ဓာတ်ပုံရိုက်၍ မဂ္ဂ**ဇင်းများတွင်** ထည့်ရန် သွားရောက်လေ့လာသင့်သည်။

အခန်း ၈

# တစ်သက်တာမှတ်သားလောက်သော ရယ်ရွှင်ဖွယ်များ

[ ၈ ]

## အငြိမ့်ထဲက ရယ်ရွှင်ဖွယ်များ

ရှေးက အငြိမ့်သဘင်တွင် ပျော်တော်ဆက်များကို လူပြက်ဟု ခေါ်သည်။ ယခု လူရွှင်တော်ဟု ခေါ်ကြသည်။

သော်က။ "ရွှေဗျိုင်းရေ...မင်း ဇာတ်ကြီးဆယ်ဘွဲ့ ဖတ်ဖူးသလား"

ရွှေဗျိုင်း။ "ဖတ်ဖူးတာပေါ့ သော်ကရာ၊ မေးချင်တာမေး"

သော်က။ "အလှူရဲတာ...ဘယ်သူလဲဟေ့"

ရွှေဗျိုင်း။ "အလှူရဲတာ မင်း ဝေဿန်၊ ဝေဿန္တရာမင်းပေါ့ကွ"

ထိုအခါ သော်ကသည် ရွှေဗျိုင်းပါးစပ်က ဆေးလိပ်ကို ဆွဲယူသောက်လိုက်သည်။

ရွှေဗျိုင်း။ "ကဲ...ရွှေပွဲလာတို့ရေ၊ သော်ကလုပ်ပုံကြည့်၊ ဆေးလိပ်တစ်ဖွာ ပေးစမ်းဆို ပြီးတာပဲ။ ခုတော့ အလှူရဲတဲ့၊ ဝေဿန္တရာမင်းပါ ဆွဲထည့်ပြီး ဆေးလိပ်ဆွဲယူတယ်"

"ဒီကောင် အလွန်ဉာဏ်များတယ်ဗျ။ တလောကလည်း ခွေးသေတာ ခေါင်းထဲထည့်ပြီး ယောက္ခမသေတယ်ဆိုပြီး ငွေကူခံသဗျ။ ဒါနဲ့ ကျွန်တော်က ဒီကောင် ဉာဏ်များတယ်။ သွားကြည့်ဦးမယ်ဆိုပြီး သွားကြည့်ပြီ! ဟင်... မင်းယောက္ခမ ထည့်တဲ့အခေါင်းကလည်း တိုလှပါလား မေးတော့၊ တိုမှာပေါ့ကွ။ တုပ်ကွေးဖြစ် သေတာမို့တဲ့။ ကျုပ်ကလည်း မယုံဘူး၊ ခေါင်းဖွင့်ကြည့်တော့ အထဲမှာ ခွေးသေကောင် တွေ့ရတယ်။ ဒီတော့ ကျုပ်က မင်းဟာ ခွေးသေကောင်ကြီးပါလားဆိုတော့ သူက ပြောတာကြည့်၊ တို့အမျိုးက သေရင် ခွေးဖြစ်သတဲ့ဗျာ"

* * *

ရွှေဗျိုင်း။ "ငါလည်း အငြိမ့်ထဲမလိုက်ခင်က ဗေဒင်ဟောစားတယ်ကွ"

သော်က။ "ဟုတ်လား၊ အင်း ပြောစမ်းပါဦး"

ရွှေဗျိုင်း။ "ငါက အာမခံ ဗေဒင်ဆရာပေါ့ကွ၊ မုချမှန်ရမယ်ကွ"

"တစ်နေ့တော့ တောင်ပိုင်းက လူငယ်တစ်ယောက် လာမေးတယ်။ ငါက မင်းဟာ နောက် ခုနစ်ရက်ရှိရင် လူရိုက်ခံရလိမ့်မယ် ဟောလိုက်တယ်။ ခြောက်ရက်အထိ အရိုက်မခံရတော့ ငါဟောတာ မမှန်ဖြစ်မှာကိုး။ ဒီတော့ ခုနစ်ရက်နေ့ ညကျတော့ ငါကိုယ်တိုင် ချောင်းပြီး ရိုက်ရတယ်ကွ။ မှန်လိုက်တာ ဟိုးလေးတကျော်ပေါ့"

"နောက်မြောက်ပိုင်းက မိန်းမကြီးတစ်ယောက် လာမေးတယ်။ နောက် ခုနစ်ရက်ကြာလျှင် အိမ်မီးလောင်ကိန်းရှိတယ်။ သတိထားနေဖို့ ဟောလိုက်တယ်။ ခြောက်ရက်ထိ မီးမလောင်ဘူး။ ဒီတော့ ဘယ်ရမလဲ။ ခုနစ်ရက်နေ့ သန်းခေါင်ကျော် သူ အိပ်နေတုန်း အိမ်ကို ရေနံဆီပက်ပြီး ငါကိုယ်တိုင် မီးနှင့် ရှို့ခဲ့ရတယ်ကွ။ မှန်လိုက်တာ ဟိုလေး တကျော်ပေါ့"

"နောက်တစ်လကြာတော့ လူပျိုလေးတစ်ယောက် လာမေးတယ်။ မင်း နောက် တစ်လကြာရင် မိန်းမရလိမ့်မယ်လို့ ငါဟောတယ်ကွ။ တစ်လကြာတော့ ကောင်လေးက ယခု တစ်လရှိပြီ မိန်းမ မရသေးဘူးလို့ ပြောတယ်။ ဒီတော့ ဘာရမလဲ ငါဟောတာ မှန်ရမယ်ဆိုပြီး ငါ့တူမနဲ့ ပေးစားလိုက်တယ်ကွ။ မှန်လိုက်တာ ဟိုးလေးတကျော်ပေါ့"

"နောက်တစ်ခါ ကုလားမအပျိုကြီးတစ်ယောက် လာမေးတယ်။ ငါက နောက် တစ်လပြည့်လျှင် လင်ရလိမ့်မယ်လို့ ဟောလိုက်တယ်ကွ။ နှစ်လကြာ ကြာတော့ ကုလားမက လာပြီး ခုထိ လင်မရသေးဘူးတဲ့ လာပြောတယ်။ ဒီတော့ ဘာရမလဲ ငါ့ဗေဒင် အမှားမခံနိုင်ဘူး။ ငါကိုယ်တိုင် ယူထားလိုက်ရတယ်ကွ။ ဟိုးလေးတကျော်ပေါ့"

သော်က။ "ဒါဖြင့် ဒီကုလားမ အခု ဘယ်ရောက်သွားသလဲ"

ရွှေဖျိုး။ "ဟာ–ကုလားမယူရတာ ဒုက္ခပဲကွ။ သူက ဆာရီကြီးဝတ်ထားတော့ ရှုပ်နေတာပဲ။ အရေးဆို ရှာလို့မရဘူး။ ကြမ်းပိုးဝင်သွားရင် ပြောတာပါ။ နောက် သုံးလကြာတော့ စကားများလွန်းလို့ ကွာပစ်လိုက်ရတယ်ကွ"

"နောက်တစ်ခါ လူတစ်ယောက်က လာမေးပြန်တယ်။ ဆရာ၊ ကျွန်တော် လူတစ်ယောက်ထံက ငွေတစ်ထောင် ချေးယူချင်ပါတယ်။ အဲဒါ ရပါ့မလားတဲ့။ ငါကလည်း တွက်ချက်ပြီး မုချရမယ်လို့ ဟောလိုက်တယ်။ ဒီတော့ ဒီလူက ဘာပြောသလဲ၊ ကျွန်တော် ငွေချေးယူချင်တာက တခြားလူမဟုတ်ပါဘူးတဲ့။ ဆရာထံက ငွေတစ်ထောင်ချေးပါတဲ့။ ဟိုက်–ဒါတော့ မဖြစ်နိုင်ဘူး။ ငါ့ဗေဒင်လည်း မမှန်နိုင်တော့လို့ ငါ ယခု အငြိမ့်ထဲက လူရွှင်တော် လုပ်နေရတာပေါ့ကွ"

* * *

"တို့ ရွှေမန်းမြို့က သာသနာ သိပ်ကြည်ညိုတာကွ"

"အင်း...ဆိုစမ်းပါဦး"

"ကြည့်လေ...သံဃာနှစ်သောင်းကျော်ကို တစ်မြို့လုံးက ဝိုင်းဝန်းပြီး ဆွမ်းကွမ်း ပြုစုလှူဒါန်းကြတာ တစ်အိမ်မှာ ဆွမ်းဟင်းပါလောင်းရတဲ့ ထိုင်ကိုယ်တော်တွေ ငါးပါး၊ ၁၀ ပါး၊ အပါး ၂၀ ရှိကြတယ်ကွ။ သဒ္ဓါတရား ကြီးပါပေသဗျား"

"တစ်နေ့ကပေါ့၊ ငါ နံနက်စောစော လမ်းလျှောက်သွားတော့ အဒေါ်ကြီး တစ်ယောက်ဟာ ကန်စွန်းရွက်တွေ လက်ဆွဲခြင်းနဲ့အပြည့် ရွက်ပြီး ဈေးကပြန်လာတာ တွေ့တယ်။ ဒီတော့ ငါက မေးတယ်။ အဒေါ်ရယ် ကန်စွန်းရွက်တွေ များလှပါလား။ ဘာလုပ်ဖို့လဲဆိုတော့ အိမ်မှာ ထိုင်ကိုယ်တော် ၁၅ ပါးရှိတယ်တဲ့။ ဆွမ်းဟင်းလောင်းရမယ်တဲ့ ပြောတယ်။ ဒီတော့ ငါကတစ်ဖန် ဒါဖြင့် လက်ထဲက ဘဲဥက ဘာလုပ်ဖို့တုန်း မေးတော့ အဲဒါ အိမ်ကလူဖို့တဲ့ကွ"

* * *

"ငါ့အငြိမ့်ထဲ မလိုက်ခင်က ဇာတ်မင်းသားပေါ့ကွ"

"အမယ်...ဆိုစမ်းပါဦး"

"တစ်ခါက ငါ ဖိုးစိန်ကြီးနဲ့ ပြိုင်ကတယ်ကွ၊ သူ့ရုံငါ့ရုံ လူမကူးဘူးကွ"

"မင်းက ဘယ်မှာ ကလို့တုန်း"

"ဖိုးစိန်ကြီးက ညောင်တုံးမှာ၊ ငါက ဓနုဖြူမှာပေါ့ကွ"

"အဲဒီတုန်းကပေါ့ကွ။ မင်းသားထွက်ချိန်ရောက်တော့ တပည့်က ဇာတ်ဆရာ ထတော့ မင်းသားအခန်း ရောက်ပြီဆိုတာနဲ့ ငါက အဝတ်အစား ပြင်ဆင်ပြီး တစ်ခါတည်း ခွန်းတောက်တစ်ပုဒ် ဆိုလိုက်တယ်။ ပရိသတ်ဟာ ဘာသံမှ မကြားရဘူး၊ ငြိမ်နေကြတယ်။ ဒါနဲ့ ကားလိပ်ဖွင့်ပြီး ထွက်လာတော့ လူတစ်ယောက်မှ မရှိဘူး။ ရှေ့နားက အဒေါ်ကြီးတစ်ယောက်ရှိတာ ငါ့အသံ ကြားတာနဲ့ ဖျာလိပ်ပြီး ပြန်မလို့တဲ့။ ဒီတော့ ငါက အဒေါ်ရယ်...ကျွန်တော် ကောင်းကောင်း ဆိုကပြပါရစေ။ ဖျာခင်းပါဦးဆိုတော့ အဒေါ်ကြီးက မောင်ရင်ရယ် မောင်ရင် ကောင်းရင်ပြီးရောပေါ့။ ဖျာခင်း မနေပါရစေနဲ့တဲ့။ နောက်ပြီး ငါ့သီချင်းလည်း ပြီးရော သေခြင်းဆိုးကြောင့် ငါ့အဖော်တွေ မမီတော့ဘူးလို့လည်း ဆဲထွက်သွားတယ်ကွ"

* * *

"ဒီမင်းသမီးလေးနာမည်က ဘယ်သူလဲဟေ့"

"ဒေါပုံသူ ခင်ကြည်ကြည်တဲ့ကွ"

"အေး...နာမည်က ကောင်းပါဗျာ။ နာမည်ဆိုတာ ရှေ့နောက် ညီညွတ်မှ ကောင်းတာကွ။ တို့အိမ်နားမှာ တရုတ်လင်မယား ရှိတယ်။ လင်က အရှုပ်တဲ့။ မယားက အရှင်းမ...တဲ့။ သူ့လင် ဘယ်လိုရှုပ်ရှုပ် မယားက ရှင်းပေးတယ်ကွ။ နာမည်နဲ့ သိပ်လိုက်တယ်ကွ"

"အမယ်လေး...တို့အိမ်နားက ကုလားလင်မယား နာမည်က သာပြီး ကောင်းသေး"

"ဆိုစမ်းပါဦးကွ"

"ကြည့်လေ၊ လင့်နာမည်က မဂျစ်တဲ့။ သူ့မိန်းမနာမည်က မဂျစ်ခံတဲ့"

* * *

ဆရာမ။ "ကလေးတို့နားထောင်၊ ဘာမဆို လူကြံခံနိုင်ရိုးလား၊ ဘာမဆိုကြံပြီး လုပ်၊ ဖြစ်နိုင်တယ်ကွ။ ယခုကြည့်၊ ကားတွေ၊ လေယာဉ်ပျံတွေ၊ ဓာတ်မီး၊ ရေဒီယိုတွေ လူကြံပြီးလုပ်တာ ဖြစ်လာတာပဲ"

ငခွေး။ "ဆရာမရယ်...ဆရာမ ဘယ်လက်ညှိုးနဲ့ ဘယ်ဘက် တစ်တောင်ဆစ်ကို ကုတ်ပြစမ်းပါ"

ဆရာမ။ "လောကကြီးမှာ အစစ အောက်ခြေကစပြီး တဖြည်းဖြည်း တိုးတက်ကြီးပွားအောင်မြင်ရမြဲကွယ့်။ ကလေးတို့လည်း ပထမတန်းက ဒုတိယတန်း ဘီအေ၊ အမ်အေအထိ အောက်ခြေက စတက်ရတယ်ကွယ့်။ တချို့ စီးပွားရေးသမားတွေလည်း သမ္ဘန်ခတ်ရာက ဆန်စက်ပိုင် ဖြစ်လာရတယ်။ အစိုးရ အလုပ်လုပ်လည်း စာရေးကနေပြီး မင်းကြီး ဖြစ်လာရတယ်။ ဒါကြောင့် အောက်ခြေစပြီး လုပ်ကြရတယ်"

ငခွေး။ "ဒီလိုဆိုရင် ဆရာမရယ်...ရေတွင်းတူးတော့ ဘယ်လို အောက်ခြေစရမလဲ"

* * *

အဖေ။ "ဟဲ့ငခွေး...နင့်ဦးလေး လာတယ်၊ ကန်တော့လိုက်ကွ"

ငခွေး။ (ရိုသေစွာကန်တော့ပြီး) "ဦးလေးရယ်၊ ဦးလေးဒူး ပြစမ်းပါ။ ဖေဖေက ဦးလေးဟာ ကိုယ့်ဒူးကိုယ်ချွန်ပြီး ကြီးပွားလာတယ်ဆိုလို့ ဘယ်လို ချွန်ထားသလဲ ကြည့်ချင်လို့ပါ"

* * *

နိုင်ငံရေးသမား။ (တရားဟောစင်ပေါ်ကနေပြီး လယ်သမားများအား တရားဟောနေပြီး) "တောင်သူလယ်သမားများကို ကြည့်ပါ။ အမြတ်ကြီးစားတွေ သွေးစုပ်ခံရတာ ဘယ်လောက် ဆင်းရဲသလဲ၊ ရှေ့ဆုံးက လူရဲ့သွားကို ကြည့်ပါ။ သွားတစ်ချောင်း ကောင်းကောင်း မရှိဘူး။ ရှိတဲ့သွားကလည်း ကောက်ကောက်ကွေးကွေးနဲ့"

လယ်သမား။ "ဒါ သွားမဟုတ်ဘူးဗျ။ တံစဉ်ခေါ်တယ်။ ဘာမသိ ညာမသိ ဖိန်းမနေပါနဲ့"

* * *

နိုင်ငံရေးတရားပွဲတွင် နိုင်ငံရေးခေါင်းဆောင်ကြီး ဘောင်းဘီဝတ်ပြီး ကုလားထိုင်မှာ ထိုင်နေတုန်း မိတ်ဆက်သောလူကြီးက နိုင်ငံရေးသမား၏ မျိုးချစ်စိတ်ရှိပုံ၊ တိုင်းပြည်ချစ်ပုံ၊ ဖော်ပြ၍...

"ကျွန်တော်တို့ ခေါင်းဆောင်ကြီးဟာ တိုင်းပြည်အတွက် ဘယ်လောက် အနစ်နာခံခဲ့တယ်ဆိုတာ ပြောပြပါရစေ"

"ယခု ကျွန်တော်တို့ ခေါင်းဆောင်ကြီးဟာ ကိုယ်ပိုင်အိမ်မရှိလို့ ဟိုတယ်မှာပဲ

နေရပါတယ်။ လုံချည်အင်္ကျီ ကောင်းကောင်းမရှိလို့ ဘောင်းဘီဝတ်နေရပါတယ်။ နောက်ဆုံး ရေတောင် သောက်စရာမရှိလို့ အရက်ကိုပဲ နေ့ရောညပါ သောက်နေရပါတယ်ဗျ"

* * *

ပြောင်းဖူးပြုတ်ရောင်းသူ။ "ရှင်မရေ...တို့ရပ်ကွက်မှာ ပါလီမန်အမတ်လောင်းက တရားဟောမယ်တဲ့။ အေး...သွားနာကြည့်ရအောင်"

မုန့်စိမ်းပေါင်းရောင်းသူ။ "တော်ပါအေ...သူအမတ် ဖြစ်သွားတော့ ညည်းပြောင်းဖူးပြုတ်လည်း ဝယ်မစားပါဘူး။ ဟိုတယ်သွားစားကြတာပါပဲ။ နားထောင်လို့လည်း ပိုနေတာပဲ။ သွားမနေပါနဲ့"

* * *

ကျွန်ုပ် ၁၀ တန်းသို့ ရောက်သောအခါ ကျောင်းအုပ်ဆရာကြီးက ရိုးသားသောကြောင့် သူငယ်တန်းမှ ခြောက်တန်းအထိ ကျောင်းဆရာများ မလာသောအခါ ကျွန်ုပ်ကို စေလွှတ်၍ အတန်းထိန်းပေးရသည်။ ဆရာလုပ်ရသည်။ ဆရာလုပ်ရာ၌ တစ်ခါတလေမှ ကြုံရသည် ဖြစ်သောကြောင့် ကလေးများကို ဘာစာမှ သင်မပေး။ ပုံပြင်ပြောပြသည်။ ပန်းချီဆွဲခိုင်းသည်။ မိဘဆရာများကို ရိုသေရန် ဇာတ်ဝတ္ထုများကို ပြောပြသည်။ တစ်ခါတစ်ခါ ကလေးတွေ အပျင်းပြေအောင် အောက်ပါ မေးခွန်းများကို မေးလေ့ရှိသည်။

"တပည့်တို့ 'သ'ကိုးလုံးပါသော ဝါကျတစ်ခုကို ရေးပါ"ဟု ခိုင်းထားသည်။ ကလေးများသည် ခေါင်းခဲအောင် စဉ်းစားရသည်။ လေးငါးခြောက်တန်းထိ အသက်ငယ်တော့ သာ၍မဖြစ်။ သူတို့ တော်တော်ကြာအောင် စဉ်းစား၍ မရသောအခါမှ သင်ပုန်းကြီးပေါ်သွား၍ မြေဖြူနှင့် ရေးပြလိုက်သည်။

သေ သော သူ သည် သု သာန် သို့ သွား သည်။

"ကဲ–မှတ်ထားကြ 'သ'ကိုးလုံးပါသည်"ဟု ပြောပြသည်။ ကလေးများ အလွန်သဘောကျသည်။ တစ်ခါတစ်ရံ အောက်ပါစာလုံးများကို ကလေးများကို ဖတ်ခိုင်းသည်။ ကလေးမဟုတ် လူကြီးများတွေပင် မဖတ်တတ်ချေ။

ကကကလမကမကကကကကကကလမက

ဤကဲ့သို့ ဖတ်ခိုင်းသောအခါ အဓိပ္ပာယ်ပေါ်အောင် မည်သူမှ မဖတ်တတ်။ ထိုအခါ သင်ပုန်းကြီးပေါ်တွင် ရေးပြီးနောက် စာလုံးများကို အပိုဒ်ခွဲ၍ ပြသည်။

ကက။ ကလမက။ မက ကက။ ကကက။ ကလမက။

ဟု ရေးပြပြီးလျှင် အသံထွက်၍ ဖတ်ခိုင်းသည်။ သင်ကိုယ်တိုင် ဖတ်ကြည့်ပါ အဓိပ္ပာယ် ပေါ်လာလိမ့်မည်။ အလွန်ရယ်ရွှင်ဖွယ်ကောင်းသော မြန်မာစကား ဖြစ်သည်။

"ကဲ...တပည့်တို့၊ ဘယ်သူစာဖတ် အမြန်ဆုံးလဲ စမ်းကြည့်မယ်။ မြန်မြန်ဖတ်ရမယ်။ အမှားမပါရဘူး"

ထို့နောက် တစ်ယောက်ပြီးတစ်ယောက် မြန်မြန်ဖတ်ခိုင်းရာ မှန်အောင်ဖတ်မရကြ၊ ကလေးတွေ အလွန်သဘောကျပြီး ပျော်ကြသည်။

´ကဲ...သင်လည်း အောက်ပါစာကို မြန်မြန်လေး အသံထွက် ဖတ်ကြည့်စမ်းပါ။ (လျှော်ကို ရှော်ဟုဖတ်ပါ)။

"တောင်ပေါ်က ရှမ်းကလေး၊ လျှော်ထမ်းလို့လာ၊ တိုတဲ့လျှော်ကတို၊ ရှည်တဲ့လျှော်ကရှည်"

# အခန်း ၉

# တိုင်းရင်းမြန်မာ ဆေးနည်းများ

## [ ၉ ]

ရှေးမြန်မာလူမျိုးများသည် တောရွာမှစ၍ တိုင်းရင်းမြန်မာ ဆေးနည်းများကို အလွန်ယုံကြည်၍ အားကိုးသည်။ ခေတ်ပညာတတ်သော၊ ခေတ်ဆန်သော၊ ဆရာဝန်ခေတ်ရောက်သောအခါ မြို့နေလူတန်းစားတို့သည် မြန်မာ့ဆေးကို အထင်အမြင် သေးကြသည်။ ဆရာဝန်ကြီး နားကြပ်ကြီးနှင့်လာမှ သူတို့ အားကိုးသည်။ ယုံကြည်သည်။

အမှန်မှာ အင်္ဂလန်ပြည်တွင် အင်္ဂလန်ဆေးနည်းနှင့် ကုသည်။ မြန်မာပြည်တွင် မြန်မာဆေးနည်းနှင့် ကုသည်။ တရုတ်ပြည်တွင် တရုတ်ဆေးနှင့် ကုသည်။ ရှေးကအစဉ်အလာ လက်တွေ့တွေ ရှိခဲ့ကြသည်။ သို့ရာတွင် မျက်နှာကြီးရာ ဟင်းဖတ်ပါဆိုသကဲ့သို့ အရေးဆိုလျှင် ကျွန်ုပ်တို့ကိုယ်တိုင်ပင် ဆရာဝန်ကြီးများကို အားကိုးခဲ့သည်။

ကျွန်ုပ်ကိုယ်တိုင် အင်္ဂလိပ်ဆေးနှင့် ကုသ၍ မပျောက်သော ရောဂါများကို မြန်မာဆေးနှင့် ကုသခဲ့ရာ ပျောက်ခဲ့သည်။ မြန်မာဆေးနှင့် ကု၍မရသော ရောဂါများကို အင်္ဂလိပ်ဆေးနှင့် ကုသရာ ပျောက်ခဲ့သည်။ အင်္ဂလိပ်ဆေး၊ မြန်မာဆေးနှင့်ကု၍ မရသော ရောဂါများကို တရုတ်ဆေးဖြင့် ပျောက်ခဲ့သည်။ ထို့ပြင် ဟိုမီယိုပက်သစ်ခေါ် ဂျာမန်ဆေးနှင့်ကု၍ ပျောက်သည်ကို ကျွန်ုပ်ကိုယ်တိုင် တွေ့ခဲ့ဖူးသည်။

တစ်ခါတုန်းက အသက် ၂၅ ခန့်ရှိသော ဘွဲ့ရပြီး အထက်တန်းအရာရှိ ဖြစ်နေသော လူတစ်ယောက် လက္ခဏာ လာ၍မေးသည်။ သူသည် လေးနှစ်ခန့် ပန်းသေရောဂါ စွဲနေကြောင်း၊ ငွေလေးငါးထောင် ကုန်ကြောင်း၊ ဆရာပေါင်းစုံ မြန်မာနည်း၊ အင်္ဂလိပ်နည်း၊ တရုတ်နည်းဖြင့် ကုသခဲ့ရာ မပျောက်ကြောင်း ပြောသည်။ သို့ရာတွင် ကံကောင်းလာဟန်တူသည်။ တစ်နေ့သောအခါ သူငယ်ချင်းတစ်ယောက်က ‘‘မင်းမှာ ဆေးနည်းတွေ ကုန်ပြီ။ တို့လမ်းထဲမှာ ဂျာမန်ဆေးနည်း ဟိုမီယိုပက်သစ်နှင့် ကုသော ဆရာဝန်တစ်ဦး ရှိသည်။ သူသည် အင်္ဂလိပ်ဆေးနှင့် လုံးဝမဆိုင်၊ သူ့နည်းသူ့ဟန်နှင့် ဆေးဝါးကုပေးသည်။ ဂျာမန်နိုင်ငံမှ လာ၍ ကုသခြင်းဖြစ်သည်။ သူ့ကို ပြကြည့်ဦးစို့’ ဟု ပြောသည်။

သူငယ်ချင်းနှစ်ယောက်တို့သည် ဟိုမီယိုပက်သစ် ဆရာဝန်ထံသွားကြသည်။ ဆရာဝန်က စာအုပ်အကြီးကြီးတွင် မိဘတွေရှိသော ရောဂါ၊ မိဘတွေ ဘာဖြစ်ခဲ့သည်။ မိမိသည် ထမင်းစားကောင်းသည်၊ မကောင်းသည်၊ ဗိုက်နာသည်၊ ကိုက်ခဲသည် စသဖြင့် မေးခွန်းပေါင်းများစွာ မေး၍ မှတ်ထားသည်။ ထို့နောက် ဆရာဝန်က ပြောသည်မှာ သူ၏ဆေးကို ခြောက်လတိတိ သောက်ရမည်။ ခြောက်လအတွင်း ကောင်းသည်၊ မကောင်းသည်၊ ပျောက်သည်၊ မပျောက်ဘူး၊ သက်သာသည်၊ မသက်သာဘူး မပြောရ။ ခြောက်လပြည့်မှသာလျှင် ပြောရမည်ဟု ပြောသည်။ သဘောတူလျှင် သူကုမည်ဟု ပြောသည်။ သူ့ဆေးမှာ ခုနစ်ရက်အတွက် ငွေငါးကျပ်မျှသာ ကျသည်။ ထို့ကြောင့် ဆေးဖိုးလည်း သိပ်ကြီးသည် မဟုတ်သဖြင့် လူနာက သဘောတူလိုက်သည်။

သူ့ထံမှာ ခုနစ်ရက်တစ်ကြိမ် ဆေးသွားယူသည်။ ဆေးမှာ အငွေ့ခံ၍ ပေါင်းယူထားဟန်တူသည်။ သူ့အဆိုအားဖြင့် အရည်ဖြူဖြူတွေ ဖြစ်သည်။ အရသာမှာ ငံချိုလေးဖြစ်၍ အုန်းရည်ကဲ့သို့ အရသာရှိသည်ဟု ပြောသည်။ သူသည် နောက်ဆုံး ကြံရာမရဒီဆရာဝန်သာ ရှိတော့သဖြင့် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ခုနစ်ရက် တစ်ပတ်လျှင် ငါးကျပ်၊ တစ်လနှစ်ဆယ် အကုန်ခံ၍ ဆေးကို သောက်ခဲ့သည်။ ငါးလကြာသောအခါ ရောဂါကင်းစင်သွားသည်။ အလွန် အံ့သြဖွယ်ရာ ဖြစ်သည်။ ငါးလဆိုလျှင် ငွေတစ်ရာသာ ကုန်သည်။ ဆေးဖိုးအပြင် ဆရာကို ထပ်ကန်တော့သည်။ ပြောလျှင် ယုံနိုင်စရာ မရှိချေ။

ကျွန်ုပ်သည် မန္တလေး၊ မေမြို့လမ်း အောင်ပင်လယ်ရွာကြီးတွင် ကျောင်းဆရာလုပ်နေစဉ် တစ်နေ့သောအခါ အသက် ၆၀ ကျော် အဘွားကြီး တစ်ယောက်သည် တုံချည့်တုံချည့်နှင့် တောင်ဝှေးကလေးနှင့် ကျောင်းကို ဖြတ်၍သွားသည်။ ကျွန်ုပ်က ဘာမဆို သိချင်သည်။ ကျွန်ုပ်က 'အမေကြီး ဖျားနေသလား'ဟု မေးသည်။ ထိုအခါ အမေကြီးက 'ဖျားနေသည်မဟုတ်။ ကိုးရက်တိတိ ဝမ်းချုပ်နေသည်။ ဝမ်းလုံးဝသွားသည် မဟုတ်။ ထို့ကြောင့် မျက်လုံးတွေလည်း ကောင်းကောင်း မမြင်ရ။ ဘာအစာမှလည်း စားနိုင်ခြင်း မရှိ။ ထို့ကြောင့် ဒူးတွေ တုန်နေသည်ဟု ပြောပြသည်။ ဆပ်ပြာတောင့်နှင့် ဝမ်းချုပ်၍လည်း မရ၊ ပိုက်နှင့် ဝမ်းချုပ်၍လည်း မရ၊ သူသည် သေမည်'ဟု ပြောပြသည်။

ကျွန်ုပ်သည် ငယ်စဉ်က ဇိနတ္ထပကာသနီကျမ်းတွင် မြတ်စွာဘုရားသည် စမြင်းဒေါသဖြစ်၍ ဝမ်းချုပ်တော်မူသောကြောင့် ဆေးဆရာ ဇီဝက ဆေးကုခဲ့သည်ကို ဖတ်ဖူးသည်။ မြတ်စွာဘုရားအား နှမ်းဆီဆမ်း၍ သုံးရက်တိတိ ဆွမ်းဘုဉ်းပေးတော်မူပါဟု လျှောက်ထားပြီးလျှင် သုံးရက်ပြည့်သောအခါ ကြာဖက်ကို ဝမ်းလျှောဆေးသုတ်၍ အနံ့ကို တစ်ခါရှူလျှင် တစ်ခါဝမ်းသွားတော်မူသည်။ မြတ်စွာဘုရားတွင် စမြင်းဒေါသများရှင်း၍ သက်သာသွားသည်ဟု ဖတ်ရသည်။ ထို့ကြောင့် ကျွန်ုပ်သည် အမေကြီးကို ဒီနည်းလေး စမ်းကြည့်မည် ဆိုပြီးလျှင် 'အမေကြီးမှချ ပျောက်မည့်ဆေး ရှိပါသည်။ အမေကြီးယုံလျှင် ပြောမည်'ဟု ပြောပြသည်။

ထိုအခါ အမေကြီးက 'ကောင်းတယ်ဆိုလျှင် ပေးပါ'ဟု ပြောသည်။

'အဟုတ်သောက်မှ ပေးမည်'ဟု ကျွန်ုပ်က တစ်ဖန် ကိုင်ပြန်သည်။ အဘယ်ကြောင့် ဆိုသော် လူတွေသည် အလကားရလျှင် မသောက်ချင်ကြသောကြောင့် ဖြစ်သည်။ အမေကြီးက 'ဘာနည်းမဆို ပေးပါ။ သူလည်း ဆေးနည်းကုန်ပြီ'ဟု ပြောသည်။ ထိုအခါ ကျွန်ုပ်က 'လက်ဖက်ရည်ပန်းကန်တွင် နမ်းဆီစစ် တစ်ဝက်ခန့် ထည့်ပါ။ အိပ်ခါနီး၌ တစ်ကြိမ်တည်း သောက်ပါ။ နည်းနည်းစီသောက်လျှင် သီးတတ်သောကြောင့် တစ်ကြိမ်တည်းသောက်ဟု ပြောသည်။ အားလုံးသောက်ပြီးသောအခါ ထန်းလျက်နှစ်ခဲ စားပါ' ဟု ပြောသည်။

အဘွားကြီးသည် ပြန်သွားပြီးနောက် တစ်နေ့တွင် ကျောင်းသို့လာ၍ သူသည် လက်တုံခြင်းလည်း မရှိတော့။ ခြေတုံခြင်းလည်း မရှိတော့။ သူဝမ်းထဲက ကျောက်ခဲတွေ ကြေကျလာကြောင်း၊ ဝမ်းသွား၍လည်း ရပြီဖြစ်ကြောင်း ပြော်ပြသည်။ ထိုနည်းအတိုင်း ပင် အခြားသော သမဝါယမအရာရှိ အဘိုးကြီးတစ်ယောက် ဤကဲ့သို့ ရောဂါဖြစ်၍ နမ်းဆီသောက်နိုင်းရာ နောက်တစ်နေ့တွင် ကျန်းမာသွားသည်။

မိတ်ဆွေ ပွဲစားတစ်ယောက်သည် ကျွန်ုပ် ကိုရင်လေး ဘဝတွင် ဖော်ပြသော ဆေးနှင့် မျက်စိကြောင်တောင်ကန်းသည်ကို ပျောက်ခဲ့သည်။ တစ်ခါဖော်မှ နှစ်ကျပ်သာ ကုန်သည်။ တစ်ခါတုန်းကလည်း ကလေးတစ်ယောက်၏ ဇာတာကို သူ၏အဖေက လာ၍ မေးသည်။ ကလေး၏ ကျောက်ကပ်မှာ အလုပ်မလုပ်တော့ကြောင်း၊ ကျောက်ခဲ ကဲ့သို့ မာနေသည်။ အိပ်ရာကပင် မထနိုင်ကြောင်း၊ ဆီးလည်းမသွား၊ ဝမ်းလည်းမသွား၊ အစားလည်း မစားနိုင်ကြောင်း၊ ဆရာဝန်များက လက်လွှတ်လိုက်ကြောင်း ပြောသည်။

ထိုအခါ ကျွန်ုပ်သည် လက္ခဏာမပါသော်လည်း ဇာတာတွက်ကြည့်သည်။ သူ၏ လဂ်ကို ကြာသပတေးဂြိုဟ်ကြီးက ၉ တန့်မှာနေ၍ မြင်နေသည်။ ထို့ကြောင့် အသက် မသေနိုင်ဟု ဟောလိုက်သည်။ ဤကျောက်ကပ်ရောဂါမှာ ဆီးနှင့်ပတ်သက်နေ၍ ရောဂါ ကိုပျောက်အောင် ဆေးနည်းပေးလိုက်မည်။ သောက်မည်ဆိုက ယခုပင် ပေးလိုက်မည်ဟု ပြောသည်။ ကလေး၏ဖခင်မှာလည်း နောက်ဆုံးလမ်းဆုံး ရောက်နေ၍ ဒီတစ်ချက်သာ စမ်းစရာ ကျန်တော့သည်။ သို့မဟုတ် သူ၏ကလေးမှာ လေးငါးရက်အတွင်း သေတော့ မည်။ ကျွန်ုပ်သည် ဓာတ်လုံးထိုးတုန်းက ယမ်းတေဇောငြိမ်းကို ဆီးသီးလောက် အမှုန့် ပြု၍ တစ်နေ့တစ်ခွက် လေးရက်စာ ထုတ်ပေးလိုက်သည်။ ဆေးလေးပုံတစ်ပုံကို နံနက် တိုင်း အုန်းစိမ်းရည်ဖြင့် တိုက်ပါဟု ညွှန်ကြားလိုက်သည်။ မုချပျောက်မည်ဟုလည်း အားပေးလိုက်သည်။

ကျွန်ုပ်၏ကံသည် အလွန်ကောင်းနေသည်။ ငါးရက်၊ ခြောက်ရက် ကြာသောအခါ ကလေးမှာ လုံးဝကျန်းမာလာ၍ သူ့အဖေနှင့်အတူ ကျွန်ုပ်ထံလာ၍ ကန်တော့သည်။ ဆင်းရဲသားဖြစ်သဖြင့် လက်ဖက်ခြောက်ကလေး အစိတ်သားလောက် ယူလာသည်။ ကျွန်ုပ်သည် လက်ဖက်ခြောက်ကို ပြန်၍ ပေးလိုက်သည်။ ကုသိုလ်ယူချင်၍ သူတစ်ပါးကို

ကူညီခြင်းဖြစ်ကြောင်း ပြောပြီးလျှင် ကလေးလည်း အသက်ရှည်မည့်အကြောင်း လက္ခဏာကိုကြည့်၍ ဟောပေးလိုက်သည်။ ကိုယ်တွေ့ဖြစ်သည်။

ကျွန်ုပ်သည် မန္တလေးသို့ ရောက်သောအခါ ၁၂ နှစ်သားလောက် အရွယ်တွင် တပေါင်း၊ တန်ခူးလ၌ ဆီးဖျော်ရည်သောက်သဖြင့် ဝမ်းရောဂါ ဖြစ်ခဲ့သည်။ ဝမ်းရောဂါဖြစ်ရာ ဝမ်းပိတ်၍မရ၊ ခဏခဏဝမ်းသွားပြီး မျက်နှာဖြူဖတ်ဖြူရော် ဖြစ်ပြီးလျှင် သတိမေ့သွားသည်။ နာရီတော်တော်ကြာအောင် မေ့ခဲ့သည်။ ထူးခြားသည်မှာ ကျွန်ုပ် သတိမေ့သောအချိန်တွင် မဟာမြတ်မုနိကိုယ်တော်ကြီးကို ရွှေတဝင်းဝင်းနှင့် ဖူးမြင်နေရသည်။

ထိုအချိန်၌ ကျွန်ုပ်သေသွားလျှင် မုချနတ်ပြည်ရောက်မည်၊ မသေသည့်အတွက် ဒုက္ခတွေ ခံနေရသည်။ မည်သည့်နည်းနှင့်မျှ ကု၍မရသောအခါ လူမမာမေးသော လူတစ်ယောက်က သူ၏ဆရာတော်တစ်ပါးသည် ဆေးပညာတတ်ကြောင်း၊ ဤကဲ့သို့ ဝမ်းရောဂါများကိုလည်း ပျောက်အောင်ကုနိုင်ကြောင်း ပြောပြသည့်အတွက် သွား၍ပင့်သည်။

ဆရာတော်က အုန်းစိမ်းရည်ကို ချက်ချင်း တိုက်ရမည်ဆိုသည်။ ဤတစ်ချက်မှတစ်ပါး ဆေးဝါးအားကိုးစရာ မရှိဟု ဆိုသည်။ အလွန်မောသဖြင့် ရင်ဘတ်မှာ နိမ့်ချည်မြင့်ချည်နှင့် ဖုတ်လှိုက်ဖုတ်လှိုက် ဖြစ်နေသည်။ သူ့အဆိုအားဖြင့် နောက်နာရီဝက်ကြာလျှင် သေမည်ဟု ဆိုသည်။ ထိုအခါ အုန်းစိမ်းရည်ကို ချက်ချင်းရှာ၍ တိုက်သည်။ ဘာဆေးမှ မပါ။ အုန်းစိမ်ရည် သောက်ပြီးလျှင် တစ်ခါတည်း ပျောက်သွားသည်။ လေလိုက်လာပြီးလျှင် ကောင်းသွားသည်။ တစ်ခါတည်း ထ၍ ရေချိုးသည်။ အံ့ဩစရာ ဖြစ်သည်။

ရန်ကုန်ရောက်ပြီးသောအခါ အနောက်နိုင်ငံမှ ဆရာဝန်ဘွဲ့များစွာရသော ဆရာဝန်မကြီးတစ်ယောက်ကို ဤကိစ္စပြောကြည့်ရာ အုန်းသီးတွင် ဤကဲ့သို့ ဝမ်းကို ရပ်စေတတ်သော ဓာတ်တစ်မျိုးပါသည်ဟု ပြောသည်။ ဟုတ်သည်ဟု သူက ထောက်ခံသည်။

ဂျပန်ပြေး၍ အင်္ဂလိပ်မင်းများ ပြန်ရောက်လာသောအခါ လူတိုင်းပင် ဝဲနာ၊ ယားနာများ စွဲနေကြသည်။ ကျွန်ုပ် လက်ဖဝါးတွင် အဝိုင်းကလေးပေါ်လာ၍ ယားသည်။ အလွန် ကုတ်ရသည်။ ယားပြီးနောက် အဖုလေး ဖြစ်လာသည်။ ထို့နောက် အပေါ်ယံအရေကလေး စုတ်သွားသည်။ ထိုနေရာမှာ စပ်နေသည်။ အနည်းငယ် စိုနေသည်။

ဆရာဝန်ကြီးများကိုပြရာ အချို့က နှင်းခူဟု ခေါ်ကြောင်း၊ အချို့က စကေးလီးဟု ခေါ်ကြောင်း၊ အချို့က နှင်းခူအခြောက်ဟု ခေါ်ကြောင်း စသည်ဖြင့် သုံးလေးမျိုးပြောကြသည်။ ဘာဆေးနှင့်မှ မပျောက်ချေ။ ဇင်ဘတ်ကိုလည်း လိမ်းသည် မပျောက်၊ အဖုတွေ များလာသည်။ အလွန်ယား၍ ကုတ်ရသည်။ အဝိုင်းလိုက်ကလေး စုတ်စုတ်သွားသည်။ ကျွန်ုပ်၏သူငယ်ချင်း ဆရာဝန်များထံသွား၍ ကြိုက်တာလုပ်ပါဟု အပ်သည်။ သူတို့ကြိုက်သော ဆေးတွေ ထိုးပေးသည်။ ဘာဆေးတွေ ထိုးသည်မသိ။ မပျောက်ချေ။

နောက်မှ ကျွန်ုပ် စဉ်းစားမိသည်မှာ ကျွန်ုပ်သည် ငရုတ်သီးနှင့် လုံးဝမတည့်။ ရန်ကုန်ရောက်သောအခါ သူများအိမ်၌နေရ၍ ဟင်းချက်သောအခါ ငရုတ်သီးအရှည်တွေ အများကြီး ထည့်ချက်သည်။ စပ်သည်။ အပူဓာတ် များနေသည်။ ထို့ကြောင့် ငယ်စဉ်က

ဖော်စပ်ခဲ့သောဆေးနည်း ကျောက်ချဉ်၊ လက်ချား၊ ယမ်းစိမ်း၊ ဇဝက်သာ စသော ဆေးများ ပါသော ဆေးတစ်ဖုံကို ဖော်ပြီးလျှင် ဆီးသီးခန့် သံပရာရည်၊ ရောက်ရှည်ဖြင့် သောက်ရ သည်။ ဆေး၏ထူးခြားချက်မှာ သောက်ပြီးလျှင် တစ်ကိုယ်လုံးစိမ့်၍ ကြက်သီးတွေ ထလာသည်။ မိမိ၏ ရင်ထဲတွင် ရေခဲတုံး အချောင်းလိုက်ကြီး ထိုးလိုက်ဘိသကဲ့သို့ စိမ့်၍ အေးသွားသည်။

ဤဆေးကို စ၍ သောက်ရာ ၁၅ ရက်ခန့် ကြာသောအခါ ရောဂါလုံးဝပျောက် သွားသည်။ အဓိပ္ပာယ်မှာ အပူတွေ စားသောကြောင့် အပူတွေ ပေါက်လာသည်။ ဆေး တန်ခိုးကြောင့် အလွန်ထကြွကန်နေသော အပူဓာတ်၊ အခိုးဓာတ်တို့သည် အောက်ဘက်သို့ လှည့်သွားပြီးလျှင် ခန္ဓာကိုယ်ထဲမှ ရှင်းသွားဟန်တူသည်။ တစ်ခါတည်း ပျောက်သွား သည်။ အလွန်ပင် အံ့သြစရာ ကောင်းသည်။

ကျွန်ုပ်၏ အဖေသည် ကုန်သည်ပွဲစားလုပ်သော်လည်း ဆေးဝါးဝါသနာပါသဖြင့် ဗီရိုနှစ်လုံးနှင့်အပြည့် ဆေးပုလင်းများ ထားပြီးလျှင် အခမဲ့ကုပေးသည်။ ရှေးခေတ်က လည်း ရှေးခေတ်အလျောက် ပျောက်ကြသည်။ တချို့ရောဂါများ တရုတ်နည်းနှင့် ပျောက် သည်။ ကျွန်ုပ်ထံတွင် မည်သူမှ မမြင်ဘူးသော၊ ယခုခေတ် လူများမမြင်ဘူးသော ဗုဒ္ဓ အာယုဝေဒကျမ်း ရှိသည်။ ဘုရားဟောသော ရဟန်းများ ၉၆ ပါး ပျောက်စေလိုသော ဆေးနည်းကျမ်းစာအုပ် ဖြစ်သည်။ ဘုရားဟော ဝိနည်းထဲမှ ထုတ်ယူထားခြင်း ဖြစ်သည်။

ဥပမာ–ရဟန်းတစ်ပါးသည် နားလေထွက်၍ နားကိုက်သည်။ နားလေးသည်။ ဤသို့ နားရောဂါဖြစ်လျှင် လယ်ပုစွန်လုံးကို ကြော်၍၊ ချက်၍ စားရသည်။ ထိုအခါ မြတ်စွာဘုရားက လယ်ပုစွန်းလုံးဆိုလျှင် သူများအသက်ပါနေသောကြောင့် လယ်ပုစွန်လုံး များကို ချက်၍စားလေ့ရှိသော ရွာတစ်ရွာသို့သွား၍ ဝါဆိုရန် လွှတ်လိုက်သည်။ ထိုအခါ ရွာသူရွာသားများက လယ်ပုစွန်လုံးများကို ချက်၍၊ ကြော်၍ ဆွမ်းကပ်သည်။ လယ်ပုစွန် လုံးစားပြီးသောအခါ ရဟန်းသည် နားရောဂါ ပျောက်သွားသည်။

ဤနည်းဖြင့် မည်သည့် အသီးအရွက်စားလျှင် မည်သည့်ရောဂါ ပျောက်သည် စသည်ဖြင့် ရဟန်းသံဃာများအားလုံး ရောဂါများ ပျောက်အောင် ဆေးနည်းတွေ အများကြီး ဝိနည်းဒေသနာ၌ ဟောခဲ့သည်။ အသက်ရှည်စေလိုသော်၊ ဆေးနည်းမှာ နံနက်အိပ်ရာက ထလျှင် ပျားရည်ကိုဖြစ်စေ၊ ရေကိုဖြစ်စေ၊ နွားနို့ကိုဖြစ်စေ သောက်ရမည်ဟု ပါသည်။ အလွန် မှန်လှသည်။

လွန်ခဲ့သော လအနည်းငယ်က မော်လမြိုင်မှ အသက် ၆၆ နှစ်ရှိသော အဘွားကြီး တစ်ယောက် သူ့သမီးများနှင့် လာ၍ လက္ခဏာ မေးသည်။ သူ၏လက်ဝါးနှစ်ဖက်သည် ကျောက်ခဲကြီးကဲ့သို့ ဖြစ်နေသည်။ လက်များ မာတောင့်နေသည်။ ထုံကျင်နေသည်။ ကွေး၍မရ၊ ဆန့်၍မရ ဖြစ်သည်။ ထို့ကြောင့် ရန်ကုန်သို့လာ၍ ထိပ်သီးဆရာဝန်ကြီး များနှင့် ကုသည်ဟု ဆိုသည်။ တစ်လလောက် ကြာသောအခါ ဘယ်လိုမှ အကြောင်း မထူး၍ လက္ခဏာဆရာထံ လာသည်။ ဤရောဂါမှာ သွေးကြောပိတ်သောရောဂါ ဖြစ်

သည်။ အဓိပ္ပာယ်မှာ လက်ဖျားသို့ သွေးမရောက်သောကြောင့် သွေးဆုတ်ပြီးလျှင် လေမရောက်သောကြောင့် ကျောက်ခဲကဲ့သို့ ဖြစ်သွားသည်။ ကျွန်ုပ်တို့ ခြေထောက်ကို ဖိထိုင်လျှင် ခြေကျင်သကဲ့သို့၊ လက်များကို ဖိအိပ်သောအခါ လက်ထုံသကဲ့သို့ ဖြစ်သည်။

ကျွန်ုပ်က အဘွားကြီးအား ဤရောဂါ မုချပျောက်ရမည်။ ဆရာပြောတာယုံလျှင် ဆေးနည်း ညွှန်ပြပေးမည်။ မယုံလျှင် ရေးဖို့မလို။ စာရွက်ကုန်သည်။ လူပင်ပန်းသည်၊ မင်ကုန်သည်။ မုချလုပ်လျှင် ရေးပေးမည်ဟု ဆိုသည်။ အဘယ်ကြောင့်ဆိုသော် အလကားရသော ပစ္စည်းဆိုလျှင် ကောင်းသည် မထင်ကြသောကြောင့် ဖြစ်သည်။

အဘွားကြီးနှင့် သမီးများကပါ သူတို့မှာ အမျိုးမျိုးကုပေးသော်လည်း အကြောင်းမထူး၍ မော်လမြိုင် ပြန်ကာနီး ဆရာ့ထံလာ၍ မေးသည်ဟု ပြောသည်။

ထို့နောက် ကျွန်ုပ်က ကချင်ပြည် ဟိုပင်မြို့ရှိ မြသီတာဆေးတိုက်မှ မချစ်ဥဖြင့် ဖော်စပ်သော မြန်မာလို မချစ်ဆေး၊ မသေဆေးရောင်းသော ကိုယ်စားလှယ်ရှိသည့် ၂၇ လမ်းသို့ ညွှန်ပေးလိုက်သည်။ ကျွန်ုပ်ကိုယ်တိုင် ဤမချစ်ဥများကို စားနေသည်။ မချစ်ဥသည် အလွန်ခါးသည်။ ဤမချစ်ဥစွမ်းကြောင်းကို လွတ်လပ်ရေးရပြီးနောက် ၁၉၆၀ ပြည့်နှစ်လောက်မှ မြန်မာလူမျိုးများ သိလာခြင်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဒီဇင်ဘာ၊ ဇန်နဝါရီလ တောင်တန်းပေါ်တွင် ဆီးနှင့်တွေ ဖုံးနေသောအခါ ဤမချစ်ဥပင်ကို ရှာ၍ရသည်။ ဆီးနှင်းထဲမှ အရွက်လေးငါးရွက် ထွက်လာပြီးနောက် အပွင့်ကလေးပွင့်သည်။ အင်္ဂလိပ်နှင်းဆီပန်းဥနှင့် တူသည်။ အင်္ဂလိပ်နှင်းဆီပန်းဥဆိုသည်မှာ တစ်ထွာလောက် ရှိသည်။ အပွင့်လေးတွေ ပွင့်သည်။ ဤကဲ့သို့ နှင်းထဲတွင် သွားတူးရသည်။ နှင်းအရည်ပျော်လျှင် မြုပ်နေတတ်သည်။

ယခင်က ကချင်ပြည်နယ် ဝန်ကြီး ဆမားဒူးဝါး၏ ဦးကြီးတစ်ယောက်မှာ အဆုတ်နာရောဂါ ဖြစ်သည်။ အဆုတ်တွေ ပုပ်ရိကြွေကျသွားသည်။ မည်သူမှ ကုမရ၊ မချစ်ဥကို တောင်ပေါ်တက် တူးပြီးလျှင် နံနက်တစ်လုံး ညတစ်လုံး စားရာ သုံးလနှင့် ပျောက်သွားသည်။ ထိုစဉ်က မချစ်ဥတစ်ပိဿာလျှင် ၁၅၀ ကျပ်သာပေးရသည်။ ယခု ၁၅၀၀ ကျပ်ဖြစ်သည်။ လေရောဂါ၊ ခြေဖျားလက်ဖျား ထုံကျင်သော ရောဂါတွေအားလုံး ပျောက်သည်။ ဆေးကို ညွှန်ကြားလိုက်ရာ ခုနစ်ရက်လောက်နှင့် ကောင်းသွားသည်။ အဘွားကြီးလည်း စိတ်ချမ်းသာသွားသည်။

ဤကဲ့သို့ အနာနှင့်ဆေး တည့်အောင်ပေး ပျောက်ရေးမခက်ပါ ဆိုသည့်အတိုင်း အနာနှင့်ဆေးတည့်လျှင် ပျောက်သွားသည်။ ဤ မချစ်ဥများကို အင်္ဂလန်နိုင်ငံမှ မှာယူပြီး 'အသက်ရှည်ဆေး'ဟု ဖော်ရောင်းသည်။ တရုတ်ပြည်မှာလည်း ရောင်းသည်။ ဤမချစ်ဥစားသော တရုတ်ကြီးတစ်ယောက်မှာ အသက် ၁၅၀ အထိရှည်ကြောင်း မဂ္ဂဇင်းတစ်ခုတွင် တွေ့ရသည်။ ဤကား ပညာရှိကို ဆည်းကပ်သောကြောင့် အကျိုးဖြစ်သည်။ ထို့ကြောင့် ဘာကိစ္စမဆို မေးပါ အောင်မြင်ပါလိမ့်မည်။

**လမ်းသစ်စာအုပ်တိုက်**

ကျွန်ုပ်သည် ဓာတ်လုံးထိုးသဖြင့် ဖိုဆွဲရာ ညှပ်ကိုင်စဉ် လက်ညှိုးဘေးတွင် အသားမာ ဖြစ်လာသည်။ မာလွန်းအားကြီး၍ ဓားနှင့် လှီး၍ရသည်။ မြန်မာဆရာများ၊ အင်္ဂလိပ်ဆရာဝန်များကို မည်သည့်ဆေးဖြင့် ကုရမည်ကို မေးရာ မည်သူမှ ညွှန်ကြား မပေးနိုင်ချေ။ အင်္ဂလိပ်ဆေးကျမ်းများတွင် လူတို့သည် အသက်ကြီးလာသောအခါ ကယ်လ်ဆီယံခေါ် ထုံးဓာတ်တွေ များလာကြောင်း၊ ထို့ကြောင့် အရိုးများ ဆတ်ကြောင်း၊ လူကြီးများ ခဏခဏ ချော်လဲ၍ ခြေကျိုးလက်ကျိုးဖြစ်ကြောင်း ဖတ်မိသည်။ ထို့နောက် ကျွန်ုပ် စဉ်းစားသည်။ သစ်ပင်များသည် အိုလာသောအခါ အဆီဓာတ်ခန်းခြောက်သဖြင့် သစ်ရွက်တွေ ကြွေပြီးလျှင် သစ်ကိုင်းတွေပါ ခြောက်သွေ့သွားသည်။ ရှေးလူကြီးများသည် အသက်ကြီးလာသောအခါ ထလိုက်၊ သွားလိုက်နှင့် အရိုးက ဂျွတ်ဂျွတ်မည်တတ်သည်။ အရိုးများ ဆက်သောနေရာ၌ အဆီရှိသည်။ အဆီခန်းသွားသောအခါ အရိုးချင်းထိခိုက်၍ ဂျွတ်ခနဲ မည်တတ်သည်။ ထို့ကြောင့် အဆီများလျှင် ဤကဲ့သို့ မဖြစ်နိုင်ဟု စဉ်းစားသည်။

ကျွန်ုပ် ခြေသည်းလက်သည်းများသည် ကျောက်ခဲကဲ့သို့ မာသည်။ ထို့ကြောင့် ကျွန်ုပ်သည် ငါးကြီးဆီကို ဝယ်၍ နံနက်တစ်လုံး၊ ညတစ်လုံး သောက်သည်။ ဤကဲ့သို့ သောက်လာရာ သုံးလခန့်ကြာသောအခါ ခြေသည်းလက်သန်းများသည် ကလေးကဲ့သို့ ပျော့၍လာပြီး ရှေးကကဲ့သို့ ကျောက်ခဲလို မမာတော့ချေ။ လက်မှာရှိသော အသားမာလည်း ပျောက်သွား၍ ပျော့ပျော့ပျောင်းပျောင်း မိမွေးဖမွေးတိုင်းသကဲ့သို့ ဖြစ်လာသည်။ ထို့ကြောင့် အသက်ကြီးလာသောအခါ အဆီဓာတ်ခန်းလာသဖြင့် ငါးကြီးဆီကို နံနက်တစ်လုံး၊ ညတစ်လုံး သောက်ပေးပါ။ ပျားရည်ကို နံနက်တစ်ဇွန်း၊ ညတစ်ဇွန်း သောက်ပေးပါ။ ဤကား ကိုယ်တွေ့ဆေးနည်း ဖြစ်သည်။ ယုံကြည်လျှင် စမ်းကြည့်ပါ။

# အခန်း ၁၀

## ကျေးရွာတရား

# [ ၁၀ ]

ကျွန်ုပ်သည် ငယ်စဉ်က အမျိုးမျိုးသော ဆင်းရဲဒုက္ခတွေ ရောက်သည်။ သို့ရာတွင် ကံကောင်းထောက်မ၍ ဆရာကောင်း သမားကောင်း၊ မိတ်ကောင်း ဆွေကောင်းများက ကူညီခဲ့သည်။ အစစအရာရာ ဖြစ်မြောက်အောင် ကူညီကြသည်။

'ကျွန်ုပ်အား ကူညီသောသူများ၊ ကျေးဇူးရှင်များကို ဆယ်ဆတိုး၍ ကျေးဇူးဆပ်နိုင်ပါစေ'ဟု ငယ်စဉ်ကစ၍ ဆုတောင်းခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်က ကျေးဇူးဆပ်နိုင်သောအခြေအနေ ရောက်သောအခါ ဆယ်ဆမက အဆတစ်ရာပြန်၍ ကျေးဇူးဆပ်ခဲ့သည်။ သို့ရာတွင် အချို့ပုဂ္ဂိုလ်ကြီးများမှာ ကျွန်ုပ်၏ ကျောင်းသားဘဝကပင် အသက် ၆၀ အရွယ်ရောက်နေသဖြင့် မိမိပြန်၍ ကျေးဇူးဆပ်နိုင်သော အချိန်တွင် သူတို့မရှိတော့ချေ။ အလွန်ပင် ဝမ်းနည်းသည်။ ရှိသောသူများကိုမူ စိတ်ကျေနပ်လောက်အောင် ကျေးဇူးဆပ်သည်။

ကျေးဇူးတင်သည် ဆိုသည်မှာ၊ သိတတ်သည် ဆိုသည်မှာ သူတော်ကောင်းများအလုပ် ဖြစ်သည်။ ကျွန်ုပ်၏ ကျေးဇူးရှင်များအား ကျေးဇူးဆပ်နိုင်သော အချိန်တွင် မရှိကြတော့သဖြင့် သူတို့၏ကိုယ်စား ကျောင်းသားများစွာကို ကျောင်းထားပေးသည်။ အလုပ်မရှိသောသူကို အလုပ်ရှာ၍ ပေးသည်။ အဝတ်မရှိသောသူများကို အဝတ်ဝယ်၍ ပေးသည် စသည်ဖြင့် ကုသိုလ်လုပ်ခဲ့သည်။ သူတို့၏ကျေးဇူးကို တစ်ဆင့်ပြန်၍ ပြုပေးသည်။ ရသမျှငွေကိုလည်း အများအားဖြင့် လှူပစ်လိုက်သည်။

ကျေးဇူးတရား သိတတ်ရန် အလွန်ခက်ခဲသည်။ လူတစ်ရာလျှင် ကိုးဆယ်က ကျေးဇူးသိတတ်ခြင်း မရှိချေ။ လူတို့သဘာဝ ဖြစ်သည်။ မိဘမျိုးရိုး အလိမ္မာ၊ အသိဉာဏ်ရှိသော သူများ၊ ပါရမီရင့်သူများသာလျှင် သိတတ်ကြသည်။ ကျွန်ုပ်သည် လူများစွာကို အလုပ်ရှာပေးခဲ့သည်။ ဆရာဖြစ်သင်တန်းတွင် သုံးယောက်တိတိ ဘော်ဒါထားပေး၍ လစဉ် ငွေပို့ပေးသည်။ တစ်ယောက်က ဆေးကျောင်း၌ထား၍ ဆရာဝန် ဖြစ်သွားသည်။

သတင်းစာပို့သော သူငယ်လေးကို လက်ရေးတိုသင်ခိုင်း၍ ကျသင့်ငွေကို ပေးခဲ့သည်။ သူတို့ကျေးဇူး သိတတ်သည် မသိတတ်သည်ကိုထား၊ ကိုယ့်တာဝန်ဖြစ်၍ ထောက်ပံ့ခဲ့သည်။

တစ်ရံရောအခါက မျက်စိကြောင်တောင်ကန်း၍ မည်သည့်ဆရာဝန်မှ ကု၍မရသော လူတစ်ယောက်ကို သူ၏ဇနီးက တွဲခေါ်လာပြီး လက္ခဏာမေးသည်။ ကျွန်သည် ကိုရင်လေးဘဝကပင် ဆေးဘက်ကို ဝါသနာပါသည်။ မိဘများကလည်း ဆေးကို အလကား ကုပေးသည်။ ထိုသူသည် ငွေလေးထောင်ကျော်ကုန်အောင် ဆရာပေါင်းစုံနှင့် ကုခဲ့သည်။ သုံးနှစ်ကြာသည်။ ကျွန်ုပ်ငယ်စဉ်က ကူးထားသော ဆေးကို ကုန်ကျငွေ နှစ်ကျပ်ခွဲမျှနှင့် ဖော်၍ ခြောက်လစားသောအခါ ပြကတေ့ ပြန်၍မြင်လာခဲ့ရာ မျက်စိကောင်းသည်ကိုပင် လာ၍မပြောချေ။ သူ့မိန်းမ၏ ညီမက လက္ခဏာ လာမေးသောအခါမှ ဆရာ၏ဆေး အလွန်ကောင်းကြောင်း၊ သူ့အစ်မ ယောကျ်ားသည် မျက်စိများ အားလုံးကောင်းသွားကြောင်း ပြောမှ သိရသည်။

ကျွန်ုပ် ဤကဲ့သို့ ပြုရသော ကုသိုလ်ကို ငွေတစ်သိန်းနှင့် မလဲပါ။ ဖယောင်းတိုင် တစ်ထုပ်ပင် မပေးလည်း ကိစ္စမရှိပါ။ ကျွန်သည် အလွန်ပင် ဝမ်းသာသည်။ လူတို့ မည်သည် ဤကဲ့သို့ဖြစ်သည်။ ကျွန်ုပ်ထံ ငွေချေးပြီး ပြန်မပေးသူတွေ အများကြီးရှိသည်။ ဒုက္ခရောက်သူတွေကို ကူညီသော်လည်း မိမိအလှည့်မကြုံ ဖြစ်သည်။ တစ်ခါတုန်းက ချမ်းသာသော အမျိုးသမီးတစ်ယောက်သည် ဟောစာတမ်း ရေးသည်။ သူသည် အသက် ၅၆ နှစ်ရောက်သောအခါ လောကီအလုပ် မလုပ်ဘဲ ငွေမရှာဘဲ အေးအေးချမ်းချမ်း တရားဘာဝနာနှင့် နေမည်ဟု ဟောထားသည်။ အစသော် သူက မယုံချေ။ သူသည် အပျိုကြီးဖြစ်သည်။ အစ်ကိုက မွေးသောသားကို ငါးနှစ်သားကစ၍၊ ညီမကမွေးသော သမီးသုံးနှစ်ကစ၍ သူမွေးပြီးလျှင် အစစခပ်သိမ်း လုပ်ပေးသည်။ ကျောင်းထားပေးသည်။ ယောကျ်ားလေးက အင်ဂျင်နီယာ ဖြစ်လာသည်။ မိန်းကလေးက ဘီအီးဒီအောင်၍ ဆရာမကြီးဖြစ်လာသည်။ သူတို့ အိမ်ထောင်ပြုသောအခါ ခမ်းနားစွာ လက်ထပ်ပေးသည်။ ထို့နောက် သူတို့အလုပ်နှင့် သူတို့ အိမ်ထောင်ခွဲသွားကြသည်။ သူတို့အိမ်ထောင်နှင့် သူတို့ဖြစ်၍ ကလေးတစ်ယောက် မွေးပြီးသောအခါ သုံးနှစ်ကြာခဲ့သည်။

တစ်နေ့သောအခါ ထိုအမျိုးသမီးသည် ကျွန်ုပ်ထံ ပေါ်လာသည်။ ထိုအခါ သူသည် ဟောစာတမ်းတွင် ပါသည့်အတိုင်း သူတို့ကိုးကွယ်သော ဝိပဿနာရိပ်သာတွင် ဇရပ်ဆောက်ပြီးနောက် တစ်ခါတည်း သွားရောက် နေထိုင်တော့မည့်အကြောင်း လာပြောသည်။ ကျွန်ုပ်သည် ရှေ့ရေးကို အနည်းငယ် စိတ်ပူသည်ဖြင့် 'စားရေး သောက်ရေးကို မည်ကဲ့သို့ စီမံမည်နည်း'ဟု မေးခဲ့သည်။ 'သူသည် သူပိုင်သောတိုက်၊ စိန်၊ ရွှေများကို အားလုံးရောင်း ပစ်လိုက်သည်။ ငွေများကို ဘဏ်တိုက်၌ အပ်ထား၍ စားသောက်နေထိုင်လျှင် သူ့ တစ်သက်စား၍ မကုန်ပါ'ဟု ပြောသည်။ 'သူမွေးထားသော သားနှင့် သမီးတို့သည် သုံးနှစ်အတွင်း တစ်ခေါက်မျှ အိမ်သို့ မလာကြောင်း၊ ငါ့အမေ၊ ငါ့အဒေါ် နေကောင်း

ရဲ့လား'ဟု မမေးကြောင်း ပြောပြသည်။ ဤကား လူတို့၏ ဓမ္မတာပင် ဖြစ်သည်။

ဤကဲ့သို့ မရေနိုင်အောင် ကျေးဇူးကန်းသောသူများကြောင့် ကျွန်ုပ်သည် တစ်ခါက ဤကျေးဇူးတင်ခြင်း ဆောင်းပါးကို ရှုမဝမဂ္ဂဇင်းတွင် ရေးခဲ့ပြီးပြီ။

အားလုံး ဗဟုသုတဖြစ်စေရန် ကူးယူဖော်ပြလိုက်ပါသည်။

## ကျေးဇူးတင်ခြင်း

ကမ္ဘာပေါ်ရှိ လူမျိုးအသီးသီးတို့သည် တစ်စုံတစ်ခုသော အကူအညီရသည်ရှိသော် မိမိတို့ ဘာသာစကားများဖြင့် 'ကျေးဇူးတင်ပါသည်'ဟု ပြောလေ့ပြောထ ရှိပါသည်။ ယဉ်ကျေးသော လူမျိုးတိုင်းသည် ကျေးဇူးတင်ခြင်းကို ဖော်ပြကြ၏။ သို့ရာတွင် ပြောရိုးပြောစဉ်နှင့် မဟုတ်ဘဲ ရင်ထဲက လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ခြင်း နှစ်မျိုး ကွာခြားချက်ရှိသည်။ တိရစ္ဆာန်များပင်လျှင် ကျေးဇူးသိတတ်ကြသည်။ ခွေး၊ မြင်း၊ ဆင် တို့သည် ကျေးဇူး အလွန်သိတတ်သည်။ ၁၀ နှစ်ခန့်ကွဲနေသော ထမင်းရှင် ဟင်းရှင်ကိုပင် ခွေးများသည် မှတ်မိတတ်ကြသည်။ ပြောလျှင် နားလည်သည်။ ယခုခေတ်၌ ကျေးဇူးတင်ရမှန်း မသိကြတော့ဘဲ အနည်းငယ် ရိုင်းစိုင်းမှု ပေါ်များလာပါသည်။

ကျွန်တော်တို့ ငယ်စဉ်တုန်းက မိဘများ ဆုံးမသည်မှာ အနန္တောအနန္တ ငါးပါးကို ရိုသေရမည်။ "တစ်လုတ်စားဖူး သူ့ကျေးဇူး၊ ထိမ်မြူးသောသူ မီးလိုပူ"ဟု သင်ပါသည်။ 'ဤသစ်ပင်အရိပ် ခိုနားလျှင် ဤသစ်ကိုင်းမချိုးရ'ဟု ညွှန်ကြားကြသည်။ ရှေးလူကြီးများ အလွန် ယဉ်ကျေးကြသည်။

ကျေးဇူးသိတတ်သည်ဆိုရာ၌ မိဘများက သင်ကြားပေး၍ နားလည်ခြင်းတစ်မျိုး၊ မိမိဘဝက အသိဉာဏ်ရင့်ကျက်၊ ပါရမီရှိ၍ သူ၏ကျေးဇူးများကို အလိုလို သိတတ်ခြင်း တစ်မျိုးဟူ၍ နှစ်မျိုးရှိသည်။

ဤလောကကြီးတွင် အလွန်အံ့သြဖွယ်ရာ ကျေးဇူးသိတတ်သော ပုဂ္ဂိုလ်များ အကြောင်းကို အတုယူစရာ၊ ချီးမွမ်းစရာ၊ ကြည်ညိုဖွယ်ရာ လက်တွေ့ပုံပြင်များ ဖော်ပြလိုပါသည်။

## ကျေးဇူးသိတတ်သော မြတ်စွာဘုရားသခင်

မြတ်စွာဘုရားသခင်သည် ဗောဓိပင်နှင့် ရွှေပလ္လင်တော်၌ ဘုရားဖြစ်တော်မူပြီးနောက် ဤပလ္လင်ထက်ဝယ် ဘုရားဖြစ်ခဲ့ရသည်ဟု ပလ္လင်တော်ကို ကျေးဇူးတင်ခြင်းဖြင့် အနိမိသ ကုန်းတော်ပေါ်မှနေ၍ ပလ္လင်တော်ကို ခုနစ်ရက်တိတိ မျက်စိမမှိတ်ဘဲ ကြည့်၍ ဝမ်းမြောက်တော်မူသည်။ ကျေးဇူးဆပ်တော်မူသည်။ ဤပလ္လင်တော်၏ ကျေးဇူးကားကြီးမားပါပေသည်ဟု အာရုံပြုတော်မူသည်။

ကပိလဝတ်ပြည်ရှိ မယ်တော် ခမည်းတော်ထံ ကြွရောက်တော်မူသောအခါက ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက နန်းတော်သို့ပင့်၍ တရားနာနေသည်။ ထိုအခါ

ယသော်ဓယော မိဖုရားသည် တရားနာရန် မလာခဲ့ချေ။ အဘယ်ကြောင့်ဆိုသော် မြတ်စွာဘုရားသည် လေးသချေင်္ျနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်တော်မူသောအခါ ယသော်ဓယော ဒေဝီမိဖုရားသည် နောက်တော်ပါးကနေ၍ ဒုက္ခအမျိုးမျိုး၊ ဆင်းရဲအမျိုးမျိုး ခံပြီးလျှင် ပါရမီဖြည့်ခဲ့သည်။ ထိုအခါ ယသော်ဓယောက မောင်းမတို့ကို ဤသို့မိန့်တော်မူ၏။ 'ငါ၏ကျေးဇူးတော်များကို ဘုရားသခင်သိလျှင် ငါ့အခန်းသို့ ကြွလာလိမ့်မည်။ ငါကိုယ်တိုင် သွားရန်မလို'ဟု အခြေအရံများကို အမိန့်ရှိသည်။

မြတ်စွာဘုရားသည် သံဃာတော် ၅၀၀ နှင့် သုဒ္ဓေါဒနမင်းကြီး စသော နန်းတွင်းသူ နန်းတွင်းသားများအား တရားဟောတော်မူပြီးလျှင် ကိုယ်တော်တစ်ပါးတည်း ယသော်ဓယော ရှိရာ အခန်းမဆောင်သို့ ကြွတော်မူ၍ ယသော်ဓယော မိဖုရားအလိုရှိတိုင်း ဖူးစေဟု ခွင့်ပြုတော်မူပြီးလျှင် ပလ္လင်တော်၌ သီတင်းသုံးတော်မူသည်။ ထိုအခါ ယသော်ဓယော မိဖုရားသည် မြတ်စွာဘုရား၏ ခြေတော်ကို နဖူးဖြင့်တိုက်၍ ကန်တော့သည်။ သူ့အလို ပြည့်သွားသည်။ ဤကား မြတ်စွာဘုရားသခင်၏ ကျေးဇူးတော်သိတတ်ခြင်းပင် ဖြစ်ပါသည်။

## အရှင်သာရိပုတ္တရာ၏ ကျေးဇူးတော်သိတတ်ခြင်း

အရှင်သာရိပုတ္တရာ အရှင်မြတ်သည် တရားစစ် တရားမှန် မဂ်ဖိုလ်မရခင် တိတ္ထိဖြစ်သော သိဥ္စည်းဆရာကြီးထံ တပည့်ခံ၍နေစဉ် ရှင်အဿဇိမထေရ် ဆွမ်းခံကြွလာတော်မူရာတွင် ဖူးတွေ့၍ တရားနာရသောအခါ သောတာပန် ဖြစ်တော်မူသည်။ နောက် မြတ်စွာဘုရားထံ ရောက်ပြီးမှ တရားအားထုတ်၍ ရဟန္တာဖြစ်တော်မူသည်။ ထို့ကြောင့် လက်ဦးဆရာဖြစ်သော အဿဇိမထေရ်ရှိရာ အရပ်သို့ ခေါင်းပြု၍ အမြဲတမ်း ကျိန်းစက်တော်မူသည်။

ရာဓမည်သော ပုဏ္ဏားတစ်ယောက်သည် အသက် ၈၀ ရွယ်ရောက်သောအခါ ဆင်းရဲငတ်ပြတ်၍ သံဃာတော်များထံ ကပ္ပိယလုပ်၍ ဆင်းရဲစွာ အသက်မွေးနေရသည်။ တစ်နေ့သောအခါ မြတ်စွာဘုရားသခင်သည် ရာဓပုဏ္ဏား၏ ရဟန္တာဖြစ်မည်ကို မြင်တော်မူ၍ ရဟန်းအပေါင်းတို့အား "ဤရာဓပုဏ္ဏားကို မည်သူသည် ရဟန်းပြုပေးမည်လဲ" ဟု မေးတော်မူသည်။ ထိုအခါ ရဟန်း ၅၀၀ တို့က တာဝန်မယူ တိတ်ဆိတ်စွာ နေကြသည်။ ထိုအခါ ရှင်သာရိပုတ္တရာ မထေရ်က "ဘုရားတပည့်တော် ပြုပေးပါရစေ" ဟု လျှောက်ထားပါသည်။ ထိုအခါ မြတ်စွာဘုရားသခင်က "ချစ်သား သာရိပုတ္တရာ ရာဓပုဏ္ဏားက သင့်အား မည်သို့သော ကျေးဇူးရှိခဲ့ဖူး၍ တာဝန်ယူရသနည်း"ဟု မေးတော်မူသည်။ ထိုအခါ ရှင်သာရိပုတ္တရာ မထေရ်က ဤသို့ လျှောက်၏။ "အရှင်ဘုရား တရံရောအခါက ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်လျှင် ဤရာဓပုဏ္ဏားသည် ချမ်းသာနေသော အချိန်ဖြစ်၍ တစ်ယောင်းမစာဖြစ်သော ဆွမ်းကို ပေးလှူဖူးပါသည်။ ထို့ကြောင့် သူ့ကျေးဇူး ရှိ၍ ဘုရားတပည့်တော် တာဝန်ယူပါသည်ဘုရား"ဟု လျှောက်ထားသည်။ ထိုအခါ

မြတ်စွာဘုရားက သာဓု၊ သာဓု၊ သာဓုဟု သုံးကြိမ်ခေါ်ပြီးလျှင် "ရှင်သာရိပုတ္တရာ၊ သူ၏ကျေးဇူးကို သိတတ်ခြင်းကား သူတော်ကောင်းတို့၏ အလုပ်ဖြစ်ပေသည်"ဟု မိန့်တော်မူပြီးလျှင် ရာဓပုဏ္ဏားအား ရဟန်းပြုပေးလေသည်။ မကြာမီပင် ရာဓပုဏ္ဏားသည် ရဟန္တာအဖြစ်သို့ ရောက်တော်မူလေသည်။

## ကျေးဇူးသိတတ်သော တိဿမထေရ်

သီဟိုဠ်ကျွန်း မယာဂါမ၌ တိဿမထေရ် ခရီးသွားစဉ် ထင်းခုတ်ရောင်းစားသူတစ်ယောက်သည် သံဃာတော်တို့အား ဆွမ်းဟင်းချက်၍ လောင်းလှူ၏။ သာမဏေငယ်တို့သည် ဆွမ်းဟင်းကို ခံယူပြီးလျှင် မကောင်း၍ သွန်ပစ်ကုန်၏။ ထိုအခါ အရှင်မြတ်တို့ နှစ်သက်အောင် လှူမည်ဟု သမီးငယ်ကို ငွေ ၁၂ ကျပ်ဖြင့် ပေါင်နှံ၍ နွားမတစ်ကောင် ဝယ်၏။ နို့ညှစ်၍ နို့ဆွမ်းလှူသောအခါ သာမဏေတို့သည် နှစ်သက်ကြသဖြင့် မယားအား ဤအတိုင်း အမြဲတမ်း လှူရစ်တော့ဟု မှာကြားပြီးလျှင် သမီးကို ပြန်ရွေးရန် အရပ်တစ်ပါးသို့ သွား၍ အလုပ်လုပ်၏။ ခြောက်လ အလုပ်လုပ်၍ ငွေ ၁၂ ကျပ်စုဆောင်းမိသောအခါ သမီးကို ရွေးရန်ပြန်လာစဉ် လမ်းခရီး၌ တိဿမထေရ်နှင့် လမ်းကြုံ၍ အတူပြန်လာ၏။ ဆွမ်းခံချိန်ရောက်သောအခါ လူတစ်ယောက်ထံမှ ထမင်းထုပ်ကို ငွေတစ်ကျပ်ပေး၍ ဝယ်၏။ ထမင်းရှင်က အကြောင်းထူးသည်ကို ရိပ်မိ၍ မရောင်းနိုင်ဟုဆိုရာ နှစ်ကျပ်၊ သုံးကျပ် စသည်ဖြင့်တိုး၍ ၁၂ ကျပ်ဖြင့် တောင်းပန်ကာ ဝယ်ယူပြီးနောက် တိဿမထေရ်အား ဆွမ်းကပ်လှူ၏။

ခရီးဆက်၍ သွားကြသောအခါ ထိုသူ၏အကြောင်းရင်း အလုံးစုံတို့ကို မထေရ်သိရ၍ သံဝေဂကြီးစွာဖြင့် ထိတ်လန့်လေ၏။ ကျောင်းရောက်သောအခါ မဆုတ်မနစ်အားထုတ်၍ ရဟန္တာဖြစ်ပြီးလျှင် သံဃာတော်တို့အား အလုံးစုံ ပြောပြ၏။ ပရိနိဗ္ဗာန်စံသောအခါ 'ငါ၏အလောင်းသည် ထင်းခွေယောကျ်ား၏ လက်ဖြင့်ထိမှ လှုပ်ကြွစေသတည်း'ဟု အဓိဋ္ဌာန်တော်မူလေ၏။ မထေရ်အလောင်းကို ကာကဝဏ္ဏမင်းကြီး မီးသင်္ဂြိုဟ်မည်ဟု ပင့်ချီစေရာ ပင့်၍မရနိုင်။ သံဃာတော်များက အကြောင်းကို ပြောပြသောအခါ ထမင်းခုတ်သမားကို လိုက်ရှာ၍ ရောက်လာပြီး ထိုထင်းခုတ်သမား ပင့်ချီမှ အလောင်းတော် ကြွလေသည်။ မင်းကြီးသည် ထိုထင်းခုတ်သမားအား သူ၏စေတနာကို အလေးပြုသောအားဖြင့် များစွာသော ရွှေငွေရတနာများကို ချီးမြှောက်ပြီးလျှင် အလောင်းကို မီးသင်္ဂြိုဟ်တော်မူလေသည်။

## ကျေးဇူးသိတတ်သော ပြူစောထီးမင်း

ပုဂံပြည်တွင် သမုတိရာဇ်မင်းကြီးလက်ထက်တွင် 'ကျား'၊ 'ရှူးပျံ'၊ 'ဗူး'၊ 'ဝက်'၊ 'ငှက်ကြီး'ဟူသော ရန်သူမျိုးငါးဦးတို့ နှိပ်စက်၍ တိုင်းပြည်မြို့ရွာ တုန်လှုပ်ပျက်ပြားလုခမန်း ကြမ်းတမ်း ဆိုးရွားနေကြသည်။ နန်းစဉ်ဆက်မှ ဆင်းသက်၍လာသော

ပြူစောထီးမင်း အမည်ခံသူ လုလင်ပျိုတစ်ဦးသည် အထူးသဖြင့် လေးအတတ်နှင့် ပြည့်စုံသူဖြစ်၍ ယခုဆိုခဲ့ပြီးသော 'ကျားကြီး'၊ 'ရှူးပျံ'၊ 'ဗူး'၊ 'ဝက်ကြီး'၊ 'ငှက်ကြီး'စသော ရန်သူငါးဦးတို့ကို ထောင်းထောင်းညက်ချေ လေးတော်တန်ခိုးဖြင့် ဖျက်ဆီးတော်မူလေသည်။ ယင်းသို့ ဖျက်ဆီး၍ အောင်မြင်ပြီးသောအခါ သမုတိရာဇ်မင်းကြီးက အားရနှစ်သက်တော်မူလေသဖြင့် မျိုးရိုးဇာတိကို မေးမြန်းပြီးလျှင် သမီးတော် သီရိစန္ဒာဒေဝီနှင့် ထိမ်းမြားပြီးလျှင် အိမ်ရှေ့မင်းအဖြစ် အပ်နှင်းတော်မူလေသည်။ ထို့နောက် သမုတိရာဇ်မင်းကြီး နတ်ရွာစံလွန်သောအခါ အိမ်ရှေ့မင်းပြူစောထီးသည် ထီးနန်းအုပ်ချုပ် မင်းလုပ်တော်မမူဘဲ မိမိအား လေးအတတ်၊ မြားအတတ် သင်ကြားပေးသော ကျေးဇူးရှင်ဖြစ်ခဲ့ဖူးသော ဆရာရသေ့ကို လူဝတ်လဲစေ၍ ထီးနန်းဖြင့်ပူဇော်ရာ ရသေ့ကြောင်မင်းဟု အမည်ခံလျက် ၁၅ နှစ်ပတ်လုံး ထီးနန်းသိမ်းယူ အုပ်စိုးတော်မူလေသည်။ ထိုရသေ့ကြောင်မင်း နတ်ရွာစံလွန်တော်မူမှ ပြူစောထီး ထီးသစ်နန်းသစ် တည်ထောင်ဖန်တီး၍ မင်းပြုတော်မူသည်။ ဤကဲ့သို့ မင်းစည်းစိမ်ကိုပင် ကျေးဇူးရှင် ဆရာရသေ့အား ပူဇော်သည်မှာ အံ့သြဖွယ် ဖြစ်ပါသည်။ လူတစ်သန်းလျှင် တစ်ယောက်ရှိမည် မထင်ပါ။

## ကျေးဇူးသိတတ်သော ဒိန်းမတ်ဘုရင် ဖရက်ဒရစ်

(ကမ္ဘာကျော် အင်္ဂလိပ်နန်းရင်းဝန်ကြီး ချာချီ၏ ကိုယ်ရေးကိုယ်ရာ အလုပ်သမား နေမန်မက်ဂိုရေးသော "ချာချီနှင့် အတူနေသည့် နှစ်များ" စာအုပ်စာမျက်နှာ ၁၀၀ မှ ထုတ်နုတ်ချက်)။

ဒိန်းမတ်ပြည်ကို ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဂျာမန်တို့က ရက်ရက်စက်စက် တိုက်ခိုက်သိမ်းယူ၍ ဒုက္ခပင်လယ်ဝေနေသည်။ ထိုနောက် အင်္ဂလိပ်တပ်များက ပြန်လည်တိုက်ခိုက်ရာ ဂျာမန်တို့ကို နှင်ထုတ်ခဲ့သည်။ ဒိန်းမတ်ဘုရင် ဖရက်ဒရစ်သည် အင်္ဂလန်ပြည်ရှိ နန်းရင်းဝန်ချာချီကို အလွန် ကျေးဇူးတင်သည်။ ကမ္ဘာစစ်ကြီးပြီးသောအခါ နန်းရင်းဝန်ချာချီအား ဒိန်းမတ်ပြည်သို့ ဖိတ်ခေါ်၍ ဘုရင့်ဧည့်သည်တော်အဖြစ် နန်းတော်ထဲ၌ ဧည့်ခံလေသည်။ အစစအရာရာ စားရေး၊ နေရေး လိုလေသေးမရှိ။ နန်းရင်းဝန်ကြီး ချာချီမှာ ဘုရင်တစ်ဦးကဲ့သို့ ပြုစုခံရသည်။ ကျေးဇူးဆပ်သည်။ တစ်နေ့သောအခါ နန်းရင်းဝန်ချာချီ၏ အလုပ်သမား ဂိုဝမ်သည် နန်းတော်ထဲမှ မိတ်ဆွေများနှင့် ညပွဲများရှိရာ ဥယျာဉ်ပျော်ပွဲစား နေရာမျိုးသို့ လှည့်ပတ်နေကြသည်။ နောက် ဘီယာသောက်နေကြသည်။

ထိုအချိန်သည် ည ၉ နာရီကျော်ပြီ။ သံစုံတီးဝိုင်းမှ သီချင်းသံများ နားထောင်၍ ရေခဲစိမ်ဘီယာကိုသောက် ပျော်မြူးနေသော ဂိုဝမ်ရှိရာသို့ ရွှေနန်းတော်မှ ဘုရင့်သားကြီး ရောက်လာသည်။ နန်းတွင်းသားတစ်ယောက်သည် ဂိုဝမ်ရှိရာသို့ အပြေးအလွှား၍ နန်းရင်းဝန်ချာချီသည် ညအိပ်ရာဝင် သောက်နေကျဖြစ်သော လိပ်သားစွပ်ပြုတ် ပို့ချိန်ရောက်၍

လာပြောကြောင်း ပြောပါသည်။ ထိုအခါ ဂိုဝမ်မှာ ယင်း၏တာဝန် ပေါ့လျော့မှုကြောင့် အတော်ပင် စိတ်ကို ထိခိုက်သွားလေသည်။

နန်းရင်းဝန်ချာချီသည် အလွန်စည်းကမ်းကြီးသူဖြစ်၍ ညအိပ်ရာဝင် သောက်လေ့ရှိသော ယင်းလိပ်သားစွပ်ပြုတ်ကို သူ့တပည့်သာလျှင် သူ၏အခန်းသို့ ဝင်၍ ပို့ခွင့်ပြုသည်။ အခြားသူများကို ဝင်ခွင့်မပြုချေ။ ထို့ကြောင့် ဂိုဝမ်အား လာ၍ ခေါ်ရသည်ဟု ပြော၍ ကားကို အပြေးမောင်းနှင်ပြီးနောက် နန်းတော်သို့ ရောက်သောအခါ ဂိုဝမ်သည် လှေကားနှစ်ထစ်ကျော် ပြေးတက်သွားသည်။ ယင်းနောက် နန်းရင်းဝန်ချာချီ၏ အခန်းထဲသို့ လိပ်သားစွပ်ပြုတ် ပန်းကန်ကို ငွေလင်ပန်းနှင့်ထည့်၍ ယူသွားသော လူတစ်ယောက်ကို နောက်မှနေ၍ မြင်လိုက်ရသည်။ သူက ယင်းလူထံမှ ယူ၍ နန်းရင်းဝန်ချာချီထံ ကိုယ်တိုင်ပို့ရန် လိုက်သွားသည်။ နန်းတော်မှ အလုပ်သမားများက ယင်းလူမှာ ဒိန်းမတ်ဘုရင်ဖြစ်သည်၊ 'မင်း သွားပို့ရန် မလိုတော့'ဟု ပြောသည်။ မီးဖိုချောင်အလုပ်သမားက နန်းရင်းဝန် စိတ်ဆိုးနေကြောင်း၊ ဆူပူကြောင်း ရှင်းပြရာ မည်သူမှ အခန်းထဲသို့ ဝင်ခွင့်မပြုသောကြောင့် ဘုရင်မင်းမြတ်ကိုယ်တိုင် သွား၍ ပို့ပေးပါသည်။ အလွန် အံ့သြဖွယ် ကျေးဇူးသိတတ်သော ဘုရင်မင်းမြတ် ဖြစ်ပါပေသည်။

## ကျေးဇူးသိတတ်သော ခေတ်သစ်မိလျံနာသူဌေး ဖရင့်ဒင်းဘာတ်

(၁၉၆၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့ထုတ် ဂါးဒီးယန်းသတင်းစာမှ ကောက်နုတ်ချက်)။

သန်းပေါင်းများစွာ ချမ်းသာသော သူဌေးကြီးတစ်ဦးသည် အမေရိကန်ပြည် နယူးယောက်မြို့မှ ဩစတြေးလျပြည် ဆစ်ဒနီမြို့သို့ ဒေါ်လာတစ်သန်း ပေးကမ်းပစ်ရန် အတွက် ရုတ်တရက် ရောက်လာသည်။

ဤဒေါ်လာတစ်သန်းမှ အကျိုးခံစားခွင့်ရှိမည့် လူများမှာ သူဌေးကြီးမဖြစ်ခင် ဆင်းရဲစဉ်အခါက တစ်နည်းမဟုတ်တစ်နည်း နှုတ်၏စောင်မခြင်း၊ လက်၏စောင်မခြင်း စသော အကူအညီပေးခဲ့သူများ ဖြစ်သည်။ သူဌေးကြီးဖရင့်သည် တစ်ညနေတွင် နယူးယောက်ရှိ ယင်း အလုပ်ရုံးခန်းမှ ထွက်ပြီးလျှင် ဩစတြေးလျသို့ ထွက်ခွာသော လေယာဉ်ပျံသို့တက်၍ လိုက်ပါလာသည်။ ဆစ်ဒနီမြို့သို့ ရောက်သောအခါ ကြေမွနေသော ကိုယ်ဝတ်ရုံသာပါ၍ ပစ္စည်းတစ်စုံတစ်ရာ မပါချေ။ သို့ရာတွင် သူ၏အိတ်ထဲတွင် ဒေါ်လာတစ်သန်းတန် ငွေထုတ်နိုင်သော ချက်လက်မှတ်တစ်ခု ပါလာသည်။

ဟိုတယ်၌ တည်းခိုပြီဆိုလျှင် အဝတ်အစားသစ်များ ချုပ်ပြီးနောက် အသက် ၃၅ နှစ်ခန့်ရှိသော သူဌေးကြီးဖရင့်သည် သူ၏ဒေါ်လာတစ်သန်း ခွဲဝေပေးကမ်း ကျေးဇူးဆပ်စပြုသည်။ သူ၏ဆွေမျိုးတစ်ဦးကို ကမ္ဘာပေါ်တွင် အကောင်းဆုံးဖြစ်သော ရိုးရွိုက်စ် မော်တော်ကားတစ်စီး ဝယ်ပေးသည်။ အချို့ကို ငွေထောင်ပေါင်းများစွာ ခွဲဝေပေးသည်။

ပစ္စည်းဝယ်ပေးသည်။ သူသည် ငွေများကို သစ်ပင်ပေါ်ကရသလို သုံး၍ပစ်သည်ဟု မိတ်ဆွေများက ပြောကြားသည်။

သူ၏ ယခင်က မိတ်ဆွေဟောင်းများကို အလုပ်အကိုင် စတင်တည်ထောင်၊ သို့မဟုတ် ရှိပြီးသားအလုပ်ကို တိုးချဲ့လုပ်ကိုင်ရန် ငွေကြေးများဖြင့် ကူညီသည်။ သူ၏ မိတ်ဆွေများကို ဒေါ်လာတစ်သန်း ပေးဝေနေစဉ် သူဌေးကြီး ဒင်ဘတ်သည် ဟန်ဂေရီ လူမျိုးဖြစ်၍ မိတ်ဆွေများကို ဖိတ်ခေါ်ပြီး အကောင်းဆုံး ညှော်ခံပွဲလုပ်၍ ကျွေးမွေးသည်။ ဟိုတယ်စားပွဲထိုးတို့မှာ ဤကဲ့သို့ များလှသော ဆုငွေလာဘ်ငွေများကို တစ်ခါမှမရဘူး ဟု ပြောကြသည်။

(ဒေါ်လာတစ်သန်းမှာ မြန်မာငွေသိန်းပေါင်း ၇၀ နှင့်ညီမျှသည်။)

## ဇာတ်လမ်း

သူဌေးကြီးဒင်ဘတ်သည် ဟန်ဂေရီလူမျိုး ဖြစ်သည်။ ၁၉၅၆ ခုနှစ်တွင် ဟန်ဂေရီ လူမျိုးတို့အုပ်ချုပ်၍ အစိုးရကို ပုန်ကန်တော်လှန်သောအခါ သူသည် ဩစတြေးလျ ပြည်တွင် အသက်ငယ်ရွယ်သော ပြည်ပြေးဒုက္ခသည်အတွက် ဘဝခရီးမှာ မလွယ်ကူလှ ချေ။ သူသည် အငြိမ်မနေတတ်၊ အလွန်ပင် ကြီးပွားချင်သည်။ သူသည် ပညာ၊ ဥစ္စာ မရှိချေ။ ထို့ထက်ပင် အင်္ဂလိပ်စကား ကောင်းကောင်း နားမလည်၍ ပို၍ခက်သည်။ သူ့မှာ စားစရာ ပိုက်ဆံမရှိ၊ တည်းခိုစရာ နေရာမရှိ ဖြစ်နေသည်။ ထို့ကြောင့် ဆစ်ဒနီ မြို့ရှိ ဟန်ဂေရီလူမျိုးစုက သူ့အား အကူအညီပေးကြသည်။ သူသည် အလုပ်အမျိုးမျိုး ကို လုပ်သည်။ ကားမောင်းသည်။ ဟိုတယ်၌ စားပွဲထိုးလုပ်သည်။ လက်ဖက်ရည်ဆိုင်၌ ပန်းကန်ဆေးသည်။ တစ်ခါတုန်းက မီးရထားဟိုတယ်ပေါ်လိုက်၍ ပန်းကန်ဆေးလုပ် သည်။

၁၉၆၄ ခုနှစ်တွင် ငွေအနည်းငယ် ချေးငှား၍ ဟန်ဂေရီပြည်သို့ ပြန်လာပြီးလျှင် ဖျားနာနေသော သူ၏ဖခင်ကို ခေါ်ယူခဲ့သည်။ သို့ရာတွင် သူ့အဖေသည် ဗီယာနာမြို့သို့ ရောက်သောအခါ သေဆုံးသွားသည်။ ထို့နောက် သူသည် လန်ဒန်မြို့၌ အတော်ကြာ အလုပ်လုပ်သည်။ ယင်းနောက် အမေရိကန်ပြည်မှ လှည့်၍ ဩစတြေးလျနိုင်ငံသို့ ပြန်မည်ဟု ဆုံးဖြတ်လိုက်သည်။ သို့ရာတွင် အမေရိကန်ပြည် ရောက်သောအခါ သူသည် အိမ်ထောင်ကျသည်။ ထို့ကြောင့် သူ၏အကြံအစည် အားလုံးကို ဖျက်လိုက်ရသည်။ သူသည် အလုပ်ရုံ၊ စက်ရုံတစ်ခုတွင် တံခါးစောင့် အလုပ်ရသည်။ ထိုသို့ တံခါးစောင့် အလုပ်ကိုလုပ်ရင်း သင်္ချာတွက်စက် 'ကွန်ပျူတာ'အကြောင်းကို သင်ကြားသည်။ သင်္ချာ တွက်စက်များကို သူသည် အလွန်ပင် စိတ်ဝင်စားသည်။ သူ စိတ်ဝင်စားလာလေလေ အလွန်ကြီးကျယ်သော အကျိုးကြီးကို ရလေလေ ဖြစ်သည်။ သူ၏ရှိသမျှ ခွန်အား၊ ငွေအား၊ ဉာဏ်အားကို ဤ'ကွန်ပျူတာ'စက်များဘက်သို့ အသုံးချသည်။ သူသည် မြောက်အမေရိက သင်္ချာတွက်စက် ကုမ္ပဏီဟု တည်ထောင်ပြီးနောက် ဒေါ်လာသန်းပေါင်း

များစွာ ပိုင်ဆိုင်လာသည်။ နောက် သူသည် ဌာနခွဲအမျိုးမျိုးတို့ဖြင့် ဖွင့်၍ ပိုကြီးပွားလာလေသည်။

သူသည် ဩစတြေးလျသို့ သွား၍ ကျေးဇူးရှင်များကို ဒေါ်လာတစ်သန်း ကျေးဇူးဆပ်ပြီးနောက် နယူးယောက်မြို့သို့ ပြန်ရောက်သောအခါ ဤသို့ပြောသည်။ "ငွေဆိုတာ သင်သေတော့ ယူသွားနိုင်တာ မဟုတ်ဘူး" ဩစတြေးလျပြည်နေတုန်းက ဆင်းရဲတာကို သတိရပြီးလျှင် မိတ်ဆွေများက 'အိမ်လိုချင်သည်'ဟုပြောလျှင် အိမ်ဝယ်ပေးသည်။ တချို့က 'ကားလိုချင်သည်'ဟုဆိုလျှင် ကားဝယ်ပေးသည်။ 'တိုက်လိုချင်သည်ဟုပြောလျှင် တိုက်ဝယ်ပေးခဲ့သည်'ဟု ပြောသည်။ ဆစ်ဒနီမြို့ရှိ ဟိုတယ်ပိုင်ရှင်က ၁၉၅၆ ခုနှစ်တွင် သူဌေးကြီးနှင့်အတူ ဩစတြေးလီးယားသို့ ထွက်ပြေးလေသည်။ သူ့အဆိုမှာ 'သူဌေးကြီး စဒင်းဘတ်သည် အလွန် ကြောက်စရာကောင်းသောသူ ဖြစ်သည်။ ဘာမဆို မရရအောင် လုပ်တတ်သည်။ နောက်ထပ် သန်းပေါင်းများစွာ ချမ်းသာပါစေဟု ဆုတောင်းပါသည်'ဟု ပြောလေသည်။

ထို့ကြောင့် မြတ်စွာဘုရားက ဤသို့ ဟောတော်မူ၏။ "ရဟန်းတို့ သုံးဦးကုန်သော လူပုဂ္ဂိုလ်တို့၏ ထင်ရှားပြခြင်းကို ရနိုင်ခဲ၏။ ရနိုင်ခဲသော ပုဂ္ဂိုလ်သုံးဦးတို့သည် အဘယ်နည်း။ ဘုရားသခင် ပွင့်တော်မူခြင်းကို လောက၌ ရနိုင်ခဲ၏။ ဘုရားသခင် ဟောအပ်ပြီးသော တရားတော်ကို နားလည်အောင် ဟောတတ်သော ပုဂ္ဂိုလ်သည် လောက၌ ရနိုင်ခဲ၏။ သူ၏ကျေးဇူးကို သိတတ်သောသူသည် လောက၌ ရနိုင်ခဲ၏"ဟု ဟောတော်မူလေသည်။

## အင်္ဂုတ္တိုရ်သမစိတ္တဝဂ်

တစ်ခါက မြတ်စွာဘုရားသခင်သည် ဤသို့ ဟောတော်မူ၏။ ရဟန်းတို့ သူယုတ်မာတို့၏ အခြေခံသဘောကိုလည်းကောင်း၊ သူတော်ကောင်းတို့၏ အခြေခံသဘောကိုလည်းကောင်း ဟောကြားအံ့။ ရဟန်းတို့ သူယုတ်မာတို့၏ အခြေခံသဘောသည် ပြုဖူးသော သူ၏ကျေးဇူးကို မသိ။ ပြုဖူးသူ၏ ကျေးဇူးကို ပြန်၍ မဆပ်တတ်။ သူ၏ကျေးဇူးကို မဆပ်ခြင်းများကို သူယုတ်မာတို့သည် ချီးမွမ်းတတ်ကြ၏။ သူယုတ်မာတို့၏ အခြေခံသဘောတည်း။ ရဟန်းတို့ သူတော်ကောင်းတို့သည်ကား ပြုဖူးသောသူ၏ ကျေးဇူးကို သိ၏။ သူပြုဖူးသော ကျေးဇူးကို ပေးဆပ်တတ်၏။ ဤကား သူတော်ကောင်းတို့၏ အခြေခံသဘောတရားပေတည်း။

လောက၌ ခဲသုံးခဲ ရှိသည်။ သူ၏ကျေးဇူးကို သိခဲသည်။ သိပြန်သော်လည်း ထုတ်ဖော်ပြောခဲသည်။ ပြောပြန်သော်လည်း ထုတ်ဖော်၍ ဆပ်နိုင်ခဲသည်။

သင်သည် သူ၏ကျေးဇူးကိုသိလျှင် ပြန်ဆပ်ခြင်းဖြင့် သူတော်ကောင်း ဖြစ်နိုင်ပါစေ။

**လမ်းသစ်စာအုပ်တိုက်**

## ကျေးဇူးသိတတ်သော ဟော်လန်ပြည်သူပြည်သားများ

ဒုတိယကမ္ဘာစစ်ကြီးဖြစ်သောအခါ အင်္ဂလိပ်၊ အမေရိကန်တို့သည် ဥရောပ ကမ်းခြေသို့တက်၍ စစ်ပွဲကြီး ဆင်နွှဲခဲ့ကြသည်။ ၁၉၄၄ ခု အောက်တိုဘာလတွင် ဟော်လန်ပြည်ရှိ ဂျာမန်များကို ကနေဒါပြည်မှ တာဝန်ယူ၍ တိုက်ခိုက်ရာ များစွာ ဆုံးရှုံးကြသည်။ စစ်ကြီးပြီးသောအခါ ဟော်လန်ပြည်တစ်ဝိုက်တွင် အဆောက်အဦများ တစ်ခုမှ ကောင်းစွာမကျန်ခဲ့ဘဲ ဗုံးကျင်းကြီးများဖြင့် များစွာ ဒုက္ခရောက်ခဲ့ကြသည်။

ကနေဒါစစ်သားပေါင်း ၁၁၀၀၀ ကျဆုံးသည်။ ဟော်လန်ဒေါ်လာ သန်းပေါင်း ၇၀၀၀ ဆုံးရှုံးသည်။ စစ်ကြီးအတွင်း၌ ကနေဒါပြည်သို့ သွားရောက်ခိုလှုံသော မင်းသမီး ဂျူလီယာနာသည် စစ်ကြီးပြီးသောအခါ ဘုရင်မ ဖြစ်လာသည်။ ထို့ကြောင့် သူမဘုရင် ဖြစ်သောအခါ ၁၉၄၆ ခုနှစ်မှစ၍ တစ်နှစ်လျှင် ကျူးလစ်နှင်းပန်းဥပေါင်း နှစ်သောင်း ပို့သည်။ အထူးသဖြင့် ဘုရင်မခိုလှုံခဲ့သော 'အော်တဝါ'မြို့သို့ ပန်းဥပေါင်း သုံးထောင် ပို့၍ အခြားကျောင်းသားများ၊ ဆေးရုံများ၊ ဘုရားရှိခိုးကျောင်းများကို ဆက်၍ပို့သည်။

ဟော်လန်၏ အကြိုက်သည် အဝါရောင်ဖြစ်၍ အနီရောင်သည် သွေးကို ဖြစ်စေ သောကြောင့် အဝါနှင့်အနီ ပန်းဥများစွာ ပို့သည်။ ထို့နောက် ပြည်သူပြည်သားများ ကလည်း နှစ်စဉ် ပန်းဥပေါင်းများစွာ စုဆောင်း၍ ပို့သည်။ ကနေဒါပြည်ရှိ ပန်းဥပေါင်း တစ်သိန်းငါးသောင်းကျော် ပို့ပြီး ဆုတောင်းနေကြသည်။

ဤကဲ့သို့ ပန်းဥများကို ဘုရင်မနှင့်တကွ တိုင်းသူပြည်သားတို့က နှစ်စဉ်ပို့သည်။ ကျေးဇူးတင်သော အထိမ်းအမှတ်ဖြင့် နှစ်စဉ်ပို့ကြသည်။ ကနေဒါ၌ ဟော်လန်ချစ်ကြည်ရေး အသင်းများ ဖွဲ့စည်း၍ ငွေကြေးများ စုဆောင်းပြီး ကျဆုံးလေပြီးသော ကနေဒါ စစ်သည် တော်များ၏ သင်္ချိုင်းများစွာကို အမြဲတမ်း ဥယျာဉ်ကဲ့သို့ဖြစ်အောင် စောင့်ရှောက်ပေး သည်။ ငွေကြေးများ စုဆောင်း၍ ကျဆုံးလေပြီးသော စစ်သည်တော်များ၏ သားမယား၊ မိဘ၊ ဆွေမျိုးသားချင်းများကို ငွေကြေး အကုန်အကျခံပြီးလျှင် ကနေဒါနိုင်ငံမှ ဟော်လန် နိုင်ငံသို့ ပို့၍ ပြုစုဧည့်ခံကြသည်။

ယခု စစ်ကြီးပြီးသည့်နောက် အနှစ်သုံးဆယ် ကြာသော်လည်း ရှေးကဲ့သို့ပင် နှင်းပန်းဥများကို ပို့ခြင်း၊ ဧရိးသည်များကို ဧည့်ခံပြုစုခြင်း စသည်ဖြင့် ကျဆုံးလေပြီးသော ကနေဒါစစ်သားတို့ ကျေးဇူးကို သတိရနေကြပုံမှာ အံ့သြဖွယ် ဖြစ်သည်။

အခန်း ၁၁

# မပြည့်စုံသော လူ့ဘဝ

## [ ၁၁ ]

## မပြည့်စုံသော လူ့ဘဝ

နေမိမင်းကြီးသည် မိမိ၏ တိုင်းသူပြည်သားများကို အမြဲတမ်း သီလစောင့်ခိုင်းသည်။ ဒါနပြုခိုင်းသည်။ ထို့ကြောင့် လူများစွာတို့သည် သေလျှင် တာဝတိံသာ နတ်ပြည်သို့ ရောက်ကြသည်။ ထိုအခါ နတ်သမီးများက မိမိတို့ ဤကဲ့သို့ နတ်ပြည်သို့ ရောက်လာသည်မှာ ဘယ်အကြောင်းကြောင့်လည်းဟု ပြန်၍ ကြည့်သောအခါ နေမိမင်းကြီးက လူ့ဘဝတွင် ဒါန၊ သီလပြုခိုင်း၍ ကုသိုလ်အရှိန်ကြောင့် ရောက်လာသည်ကို တွေ့မြင်ကြသည်။ နေမိမင်းကြီး၏ ကျေးဇူးတရားကို အမြဲသတိရသည်။

ဤကဲ့သို့ နေမိမင်း၏ တိုင်းသူပြည်သားများ နတ်ဘုံတွင် များပြားလာသောအခါ နေမိမင်းကြီးကို ပူဇော်လိုသဖြင့် သိကြားမင်းအား တောင်းပန်သောအခါ၌ သိကြားမင်းက မာတလိ နတ်သားကို စေလွှတ်ပြီးလျှင် နေမိမင်းကြီးကို တာဝတိံသာ နတ်ပြည်သို့ ပင့်ခေါ်သည်။ တရားဟောစေသည်။ မာတလိနတ်သားသည် နတ်ပြည်သို့ မတက်မီ နေမိမင်းကြီးအား ငရဲကြီးရှစ်ထပ်သို့ လိုက်၍ပြသည်။ လူ့ပြည်တုန်းက သီလမလုံခြုံဘဲ အကုသိုလ်ပြုသော သူများမှာ ဤသို့ခံရကြောင်း ပြသပြီးနောက် တာဝတိံသာ နတ်ပြည်သို့ ခေါ်ဆောင်သွားသည်။

နေမိမင်းကြီး သက်တော်ကြီးသောအခါ တစ်နေ့တွင် သူစဉ်းစားမိသည်။ သူပြုသော ဒါနနှင့် သီလသည် မည်သည်က ပို၍ မြတ်သလဲ။ ဒါနက မြတ်သလော၊ သီလက မြတ်သလောဟု စဉ်းစားပြီးလျှင် သူ မဆုံးဖြတ်နိုင်ဘဲ ဖြစ်နေသည်။ စဉ်းစားလွန်း၍ပင် အိပ်မပျော်နိုင် ဖြစ်သည်။ ခုနစ်ရက်လောက် ကြာသောအခါ သိကြားမင်းကိုယ်တိုင် နေမိမင်းကြီး၏ နန်းတော်အဆောင်သို့ ရောက်လာပြီးလျှင် နေမိမင်းကြီး၏ ဒါန၊ သီလ ပြဿနာကို ဖြေရှင်းပေးသည်။

**လမ်းသစ်စာအုပ်တိုက်**

သိကြားမင်းက "အသင် နေမိမင်းကြီး၊ ဒါနသဒ္ဒေါ ဆကာမာဝစရော၊ သီလသဒ္ဒေါအက္ကနိဋ္ဌော ဖြစ်သည်။ ဒါနပြုခြင်းသည် လူ့ဘုံနှင့် နတ်ဘုံ ခြောက်ဘုံ၊ ကာမသုဂတိ ခုနစ်ဘုံသာ ရောက်နိုင်သည်။ လူဘုံ နတ်ဘုံဆိုသည်မှာ လူ့ဘဝ၊ နတ်ဘဝ ဆိုသည်မှာ ပြိတ္တာဘုံနှင့် အတူတူ ဖြစ်သည်။ ပြိတ္တာတို့သည် အမြဲတမ်း အစာရေစာ မစားမသောက်ရသဖြင့် ထမင်းပေးပါ၊ ရေပေးပါဟု အမြဲတမ်း အော်ဟစ် တောင့်တ ပူပင်နေရသည်။ လူနှင့် နတ်တို့မှာမူ ထမင်းလည်း စားရသည်။ ရေလည်း သောက်ရသည်။ ပျော်ပွဲရွှင်ပွဲတွေလည်း ရှိသည်။ သို့ရာတွင် ထမင်းဝသောသူ မရှိ။ နံနက်စာ စားပြီးလျှင် ညစာ စားရသည်။ ရေဝသောသူ မရှိ။ တစ်နေ့ လေးငါးဆယ်ခါ သောက်ရသည်။ ပျော်ပွဲရွှင်ပွဲ အားရသည် မရှိ။ အမြဲတမ်း အသစ် ရှာဖွေရသည်။ လူ့ဘဝ၊ နတ်ဘဝမှာ စားရသောက်ရနှင့် ဘယ်တော့မှ ဝသွားသည် မရှိသောကြောင့် သူတော်ကောင်းများက ပြိတ္တာဘုံဟု ခေါ်သည်။

သီလမှာမူ အထက် အက္ကနိဋ္ဌ ဗြဟ္မာအထိ ရောက်သည်"ဟု ဖြေကြားပေးသည်။ ထို့ကြောင့် သင်သည် လူ့ပြည်၌ သူဌေးဖြစ်ပါစေ၊ ပြိတ္တာဘဝနှင့် အတူတူဖြစ်သည်။ မစားဘဲ မနေနိုင်၊ မအိပ်ဘဲ မနေနိုင်၊ မသောက်ဘဲ မနေနိုင် ဝဋ်ဒုက္ခကို ခံရသည်။ မစဉ်းစားလျှင် ဖြစ်သည်။ စဉ်းစားလျှင် ကြောက်စရာကောင်းသည်။

## မပြည့်စုံသော သိကြားမင်း

သိကြားမင်းဆိုလျှင် ကြားဖူးသူတိုင်းက နတ်ပြည် ခြောက်ထပ်ကို အစိုးရသော နတ်မင်းကြီး ဖြစ်သည်။ အခြွေအရံ နတ်သမီး၊ နတ်သားတွေ မရေနိုင်အောင် ရှိသည်။ လောကကြီး၌ အကောင်းဆုံးဟု အားလုံးက ထင်မှတ်ကြသည်။ သို့ရာတွင် တရားစာပေ မစုံသေးသောကြောင့် ဖြစ်သည်။ သိကြားမင်းကြီးလည်း မပြည့်စုံပါ။ အောက်ပါဝတ္ထုက သက်သေပြပါသည်။

ရှုတင် ၁၃ ပါး အမြဲတည်ဆောက်၍ အကျင့်အရာ ဧတဒဂ်ရသော အရှင်မဟာကဿပမထေရ်မြတ်သည် ရာဇဂြိုဟ် မြို့သူမြို့သားများအား ချမ်းသာစေရမည်ဟု မဟာကရုဏာထားတော်မူပြီးလျှင် နိရောဓသမာပါတ် ဝင်စားတော်မူသည်။ နိရောဓသမာပါတ်မှ ထသော ရဟန္တာပုဂ္ဂိုလ်များအား လှူဒါန်းရသောလူသည် နေ့ချင်းညချင်းပင် ဒိဋ္ဌဓမ္မ ချက်ချင်းလက်ငင်း အကျိုးကြီးပေးသည်။ ထို့ကြောင့် နိရောဓသမာပါတ်မှ ထလျှင် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံကြွတော်မူမည်။ ဆွမ်းကွမ်းလှူသော ဒါယကာ၊ ဒါယိကာမများအားလုံး ချမ်းသာတော့မည်ဟု သမာပါတ် ဝင်စားတော်မူသည်။ ခုနစ်ရက်ပြည့်သော အခါ နိရောဓသမာပါတ်မှ ထတော်မူသည်။

နိရောဓသမာပါတ်ဆိုသည်မှာ ခုနစ်ရက်အတွင်း မည်သည့် အစားအသောက်မှ မစားရ၊ ခန္ဓာကိုယ်နှင့် သက်န်းပရိက္ခရာများသည် ရန်သူမျိုးငါးပါးကြောင့် မပျက်စီးပါစေသတည်းဟု အဓိဋ္ဌာန်ပြီးလျှင် သမာပါတ်ဝင်စားပြီးနောက် ခန္ဓာကိုယ်ကြီးကို ကျောက်

တိုင်၊ ကျောက်ခဲကဲ့သို့ လူ့ပြည်တွင် ထားခဲ့သည်။ စိတ်ကသာ နေဝသညာ၊ နသညာ ဗြဟ္မာ့ဘုံသို့ သွား၍ နေတော်မူသည်။ ယင်းဘုံမှာ နာမ်သာရှိ၍ ရုပ်မရှိသော ဘုံဖြစ်သည်။ စိတ်သာ ရှိသည်။ ကိုယ် မရှိချေ။ ခုနစ်ရက် ပြည့်သောအခါ အဓိဋ္ဌာန်စေ့လျှင် ယင်း စိတ်သည် မိမိခန္ဓာကိုယ်ထဲသို့ ပြန်၍ ရောက်လာပြီးနောက် သမာပါတ်မှ ထွက်သည်။ ခုနစ်တိတိ ဆွမ်းမဘုဉ်းပေးရသော ရဟန္တာအရှင်မြတ်အား လှူရသော လှူအပေါင်းတို့သည် အလွန် ကြီးကျယ်သော ဓိဋ္ဌဓမ္မ လက်ငင်းအကျိုးပေးသည်။

ရှင်မဟာကဿပ အရှင်မြတ်သည် ဤကဲ့သို့ သမာပါတ်မှ ထ၍ ရာဇဂြိုဟ်ပြည် တွင်းသို့ ဆွမ်းခံဝင်တော်မူသည်။ ထိုသို့ ဆွမ်းခံဝင်မည်ကို သိကြားမင်းက သိသည်။ ထိုအခါ 'ငါ့အကြံ အောင်ပြီ'ဆိုပြီးလျှင် သူ၏ သုဇာတာမိဖုရားနှင့်အတူ ရာဇဂြိုဟ် ပြည်၏ မြို့ပြင်ဘက် တဲကလေးတစ်ခုတည်းတွင် အဘိုးအို အဘွားအိုယောင် ဖန်ဆင်း၍ မဟာကဿပ ကိုယ်တော်ကြီး ဆွမ်းခံလာလျှင် ဆွမ်းလောင်းရန် စောင့်နေကြသည်။

မဟာကဿပ အရှင်မြတ်သည် ဤကဲ့သို့ ဆွမ်းခံလာရာ သူအိုလင်မယားက "ဆွမ်းလောင်းရန် ရပ်တော်မူပါဦး"ဟု လျှောက်ပြီးလျှင် အမယ်ကြီးအား "ဆွမ်းယူခဲ့ဟေ၊ သံဃာတော် ကြွလာပြီ"ဟု အဘိုးကြီးက ခေါ်၍ ဆွမ်းလောင်းကြသည်။ ဆွမ်းလောင်း ပြီးသောအခါမှာ လူ့ပြည်က ထမင်းနှင့်ဟင်းမျိုးမဟုတ်၊ နတ်ပြည်က နတ်သုဒ္ဓါ ဖြစ်သော ကြောင့် အလွန် မွှေးကြိုင်လှသည်။ ထိုအခါကျမှ အရှင်မဟာကဿပ ကိုယ်တော်ကြီး သည် ဈာန်ဝင်စား၍ ကြည့်တော်မူသည်။ ရဟန္တာများမှာ ဈာန်ဝင်စားပြီးမှသာ သိနိုင် သည်။ မြတ်စွာဘုရားမှာမူ ဈာန်ဝင်စားဖို့မလို၊ သိချင်သောစိတ် ပေါ်လာလျှင် အလိုလို သိသည်။

ဤကဲ့သို့ မဟာကဿပ အရှင်မြတ်သည် ဈာန်ဝင်စား၍ ကြည့်သောအခါ အဘိုးအို အဘွားအိုမှာ တဲစုတ်ကလေးက ထွက်လာသော်လည်း သိကြားမင်း ဇနီးမောင်နှံ ဖြစ်ကြောင်း သိရသည်။ သို့ရာတွင် ဆွမ်းလောင်းပြီးပြီဖြစ်၍ ဘာမျှမတတ်နိုင်။ ထိုအခါ မဟာကဿပ ကိုယ်တော်ကြီးက ဤသို့ အပြစ်တင်တော်မူသည်။

"ဒါယကာ သိကြားမင်း၊ ငါသည် ရာဇဂြိုဟ်မြို့ ဆင်းရဲသူ ဆင်းရဲသားများကို ချမ်းသာစေလိုသောကြောင့် နိရောဓသမာပါတ်ဝင်စားပြီးလျှင် ဆွမ်းခံကြွခဲ့သည်။ ရာဇဂြိုဟ် ပြည်သူပြည်သားများ ခံစားရမည့် ကုသိုလ်ကို သိကြားမင်းတို့က လုယူသည်"ဟု အပြစ် တင်တော်မူသည်။ အဘယ်ကြောင့်ဆိုသော် ဆွမ်းသပိတ်ပြည့်လျှင် ရှေ့ကိုဆက်၍ ဆွမ်းခံ၍ မဖြစ်တော့ပေ။

ထိုအခါ သိကြားမင်းက ဤသို့ လျှောက်ထားသည်။

"သည်းခံတော်မူပါ အရှင်မြတ်ဘုရား၊ တပည့်မှာ နတ်တို့ဘုရင် သိကြားမင်း ဖြစ်တာ မှန်ပါသည်။ တပည့်တော်သည် ဤကဲ့သို့ သိကြားမင်း ဖြစ်ရသည်မှာ သာသနာပ အခါတုန်းက ပြုခဲ့သော ဒါန၊ သီလကြောင့် ဖြစ်ပါသည်။ ယခုအခါ မြတ်စွာဘုရား ပွင့်တော်မူ၍ ဘုရားနှင့်တကွ ရဟန္တာအရှင်မြတ်များကို ရှိခိုးပူဇော် လှူဒါန်းသောသူများ

မှာ သေလွန်၍ နတ်ပြည်သို့ ရောက်လာသူတို့ အလွန် တန်ခိုးကြီးပါသည်။ သူတို့၏ အရောင်အဆင်းမှာ သိကြားမင်းထက် ထွန်းလင်း တောက်ပပါသည်။ သူတို့က သိကြားမင်းကို ရှိခိုးလျှင် သိကြားမင်း ရင်ထဲ၌ ထိတ်လန့်တုန်လှုပ်ပါသည်။ ထို့ကြောင့် တပည့်တော်တို့လာ၍ သာသနာတော်အတွင်း ရဟန္တာ အရှင်မြတ်များကို လှူဒါန်းခြင်း ဖြစ်ပါသည်”ဟု လျှောက်ထားသည်။ ထို့နောက် နတ်ပြည်သို့ ပြန်သွားကြသည်။ ထို့ကြောင့် သိကြားမင်းပင်လျှင် မပြည့်စုံက၊ လူ့ပြည်မှာရှိသောသူများ ပြည့်စုံမည်ဆိုလျှင် မှားလိမ့်မည်။ ထို့ကြောင့် ရာဇဝင်တွင် တိုင်းပြည်ရှိတိုင်း၊ နေရာတိုင်း၊ အမြဲတမ်း စစ်ဖြစ်နေကြသည်၊ သတ်နေသည်။

ထမင်းစားတာ နံနက်တစ်ပန်းကန်၊ ညတစ်ပန်းကန် ဖြစ်သည်။ ရှင်ဘုရင်လည်း ဒါပဲ၊ ဆင်းရဲသားလည်း ဒါပဲဖြစ်သည်။ ရှင်ဘုရင်ဆိုပြီး ကြက်ဆယ်ကောင်ကြော်ပေး၍ ကုန်မည်မဟုတ်။ အင်္ကျီတစထောင်ရှိသော်လည်း တစ်ထည်သာ ဝတ်နိုင်သည်။ သေသောအခါ၌လည်း ယူမသွားနိုင်။ ဤတရားကိုကြည့်၍ ကမ္ဘာကြီးသည် ရှေးကစ၍ နောင်လည်းပဲ လုကြ၊ သတ်ကြ၊ ဖြတ်ကြ ရှိနေမည်။ ဗုဒ္ဓတရားကို မသိသမျှ ဤကဲ့သို့ ဖြစ်နေမည်။

## ဆရာကြီးကိုင်ရှိ၏ သတိပေးချက်

လက္ခဏာဆရာကြီး ကိုင်ရို၏ ကျမ်းဂန်များတွင် ဤတရားများကို အသေအချာဖော်ပြထားသည်။ လူတစ်ယောက်သည် ပစ္စည်းချမ်းသာခြင်း၊ လူကျန်းမာခြင်း၊ စိတ်ချမ်းသာခြင်း ဟူသော သုံးမျိုးကို မပြည့်စုံနိုင်၊ မရနိုင်။ တစ်မျိုးမျိုးသာ လိုနေရမည်ဟု သေချာစွာ ညွှန်ပြထားသည်။ သူဌေးဖြစ်သော်လည်း ကျန်းမာရေးမကောင်း၍ သွေးတိုး၍ ဆေးထိုးပေးရသည်။ ဟိုအစာ စားမရ၊ ဒီအစာ စားမရ ရှောင်နေရသည်။ အမြတ်တော်ကြေးတွေ များလွန်းလို့ ပူရသည်။ ပစ္စည်းလည်း ချမ်းသာ၊ လူလည်း ကျန်းမာပြန်တော့ သားသမီးတွေအတွက် ပူရသည်။ သားသမီးကြောင့် မျက်ရည်ကျရသည်။ ဘယ်သူမှ အေးတာမရှိ။ ဆိုက်ကားသမားသည် ငွေကြေး ဆင်းရဲသည်။ သို့ရာတွင် နံနက်တိုင်း အလုပ်သွားသောအခါ သီချင်းကလေး ဆိုနေသည်။ ချမ်းသာသောသူများမှာ အလုပ်များ၍ သီချင်းဆိုဖို့ အချိန်မရှိချေ။ သေချာစွာ စဉ်းစားကြည့်ပါ။

## မြတ်စွာဘုရား တရားတော်

လူဖြစ်ဖို့ ခက်သည်၊ ရဟန်းဖြစ်ဖို့ ခက်သည်၊ တရားနာဖို့ ခက်သည် ဆိုသော ဒုလ္လဘတရား ငါးပါး ရှိခဲ့သည်။ ယင်းအပြင် ကျေးဇူးရှင်များကို ကျေးဇူးမသိတတ်ကြောင်း ဒုလ္လသုံးမျိုး ရှိခဲ့သည်။ အခြား ဒုလ္လဘတရားမှာ အိမ်ယာထောင်သူတို့အဖို့ ဖြစ်သည်။ ဒုလ္လဘဆိုသည်မှာ ရရန်ခက်လှသော တရားမျိုး ဖြစ်သည်။ အိမ်ယာထောင်သော လူ၏ ဘောင်တွင် ရနိုင်ရန် အလွန်ခက်ခဲသော တရားလေးမျိုးက ဘုရားက ဟောထားတော်မူခဲ့သည်။

လမ်းသစ်စာအုပ်တိုက်

(၁) ပစ္စည်းဥစ္စာ ချမ်းသာရန် အလွန်ခက်ခဲသည်။ လူတစ်ရာလျှင် ကိုးဆယ်မှာ ဆင်းရဲကြသည်။ မျက်မြင် ဖြစ်သည်။

(၂) ပစ္စည်းချမ်းသာသော်လည်း စိတ်ပျော်ရွှင် ချမ်းသာမှုရဖို့ ခက်သည်။ မည်သည့်အိမ်မှ အပူနှင့် ကင်းသည်မရှိ။ တစ်ကြောင်းမဟုတ်တစ်ကြောင်း စိတ်ညစ်နေကြရသည်။ အိမ်ထောင်ရေးမှာ ပို၍ ဆိုးသည်။ မိန်းမက သူတော်ကောင်း ဘုရားတရားနှင့် ပုတီးစိပ်က ယောကျ်ားက မယားငယ်ယူသည်။ ဖဲချသည်။ အရက်သောက်သည်။ ယောကျ်ားက သူတော်ကောင်း၊ ပုတီးစိပ်သည်။ တရားထိုင်သည်။ မိန်းမက ပိုကာဒေါင်းသည်။ မြင်းပွဲသွားမည် စသည်ဖြင့် အပေးအယူညီညွတ်ဖို့ အလွန်ခက်သည်။ ကျွန်ုပ်ကိုယ်တိုင် နှစ်ပေါင်း ၃၀ ကျော် လက္ခဏာဆရာဘဝဖြင့် မောင်နှမကဲ့သို့ တစ်ဦးကိုတစ်ဦး သည်းခံ၍၊ တစ်ဦးစိတ်မချမ်းသာတာကို တစ်ဦးက မလုပ်၊ ထောက်ထားညှာတာသော အိမ်ထောင်မျိုးမှာ သုံးအိမ်ထောင်ထက် ပို၍ မတွေ့ခဲ့ဘူးချေ။ ထို့ကြောင့် အိမ်မဆိုအပူတွေနှင့် ဖြစ်သည်။

ဓမ္မစကြာတရားတော်တွင်လည်း အိုခြင်းဒုက္ခ၊ နာခြင်းဒုက္ခ၊ သေခြင်းဒုက္ခ၊ ချစ်သူနှင့် ကွဲခြင်းဒုက္ခ၊ မချစ်မနှစ်သက်သောသူနှင့် ပေါင်းသင်းရခြင်းဒုက္ခ၊ ဆွေမျိုးသေ၍ ငိုရသောဒုက္ခ၊ ကိုယ်၏ဆင်းရဲခြင်းဒုက္ခ၊ စိတ်၏ဆင်းရဲခြင်းဒုက္ခ၊ လိုတာမရသောဒုက္ခ၊ ခန္ဓာငါးပါးကြောင့် ဖြစ်သောဒုက္ခ၊ ဒုက္ခတွေ ပင်လယ်ဝေနေသည်။ လူတွေအားလုံး လိုတာမရ၍ ပူနေရသည်။ ပညာမရှိတော့ ပညာတတ်ချင်သည်။ ပညာတတ်တော့ အလုပ်လိုချင်သည်။ အလုပ်ရတော့သူများထက် သာချင်သည်။ ကိုယ်က အိမ်ငှားနှင့် နေသည်။ ဟိုဘက်က အိမ်ပိုင်နှင့် နေသည်။ ကိုယ်က အိမ်ပိုင် ဖြစ်ချင်သည်။ သူက ကားရှိတော့ ကိုယ်က ကားမရှိ၊ ကားလိုချင်သည်။ ကားရှိတဲ့ သူကလည်း ဟိုဘက်ကကဲ့သို့ သုံးထပ်တိုက်ကြီးနှင့် နေချင်သည် စသည်ဖြင့် အလိုပြည့်သည် မရှိချေ။ သိကြားမင်းတောင် မပြည့်ခဲ့ကြောင်း သက်သေရှိခဲ့သည်။

(၃) အသက်ရှည်ဖို့ ခက်သည်။ လူများစွာတို့သည် အသက်ရှည်ခဲသည်။ အသက် ၈၀ ကျော်နေရသူ မြန်မာပြည်၌ အလွန်နည်းသည်။ ဆင်းရဲသော နယ်များတွင် ဆေးဝါးမရှိ၊ လူကလည်း ပင်ပန်း၍ အသက် ၅၀၊ ၆၀ ဆို သေကြသည်။ လခစား၊ ပင်စင်စားများလည်း အလုပ်ကထွက်ပြီး ၆၀ ကျော် ၇၀ ဆို သေကြသည်။ အလွန် ဆင်ခြင်တုံ တရားနှင့် ပြည့်စုံမှ၊ သီလအားနှင့် ပြည့်စုံမှသာ အသက်ရှည်နိုင်သည်။ အသက်ရှည်ဖို့ အလွန် ခက်သည်။

(၄) သေလျှင် နတ်ပြည်ရောက်ဖို့ ခက်သည်။ လူတစ်သိန်းသေမှ တစ်ယောက်သာ နတ်ပြည် ရောက်သည်။ အမှန်မှာ ထို့ထက်ပင် ပို၍ နည်းသည်။ အဘယ်ကြောင့်ဆိုသော် မိုးလင်းသော အချိန်ကစ၍ မျက်နှာသစ်ပြီးလျှင် လူတိုင်းလူတိုင်း စားရေး၊ သွားရေး၊ လုပ်ကိုင်ရေး၊ သားရေး၊ သမီးရေးမှစ၍ လောဘမီး၊ မောဟမီးတွေနှင့် အမြဲတမ်း တောက်လောင်နေသည်။ ကုသိုလ်နှင့် အကုသိုလ် ချိန်ခွင်၌ ချိန်ကြည့်လျှင် ကုသိုလ်က တစ်ပဲ၊ ငရဲက တစ်ပိဿာ ဖြစ်သည်။ သေချာစွာ စဉ်းစားကြည့်မှ သိသည်။

လမ်းသစ်စာအုပ်တိုက်

ထို့ကြောင့် နတ်ပြည်တွင် လူ့ပြည်မှာ ကိုယ့်ဝင်းကိုယ့်ခြံနှင့် နေသကဲ့သို့ နတ်ပြည်သည် ကိုယ့်ဗိမာန်၊ သူ့ဗိမာန် အဝေးကြီးရှိသည်။ ငရဲပြည်မှာတော့ ကျည်ထောက်ထဲမှာ ထည့်ထားသော မုံညင်းစေ့ကဲ့သို့ ငရဲသားတွေ ထပ်နေသည်။ ကွက်လပ်မရှိဟု ဆိုသည်။ မည်မျှ ကြောက်စရာကောင်းသလဲ စဉ်းစားကြည့်ပါ။ ပစ္စည်းတွေ ချမ်းသာသော်လည်း မလှူရက်သဖြင့် သေသောအခါ အမွေလုကြသည်။ ထို့ကြောင့် ဘုရားတရားတော်ကို သေချာစွာသိလျှင် ဘဝခရီးကို အလွန်ငြိမ်းငွေ့စရာ၊ စက်ဆုပ်စရာ ကောင်းသည်။

ဤဒုလ္လဘတရား လေးပါးပြည့်အောင် လူတိုင်းကြိုးစားမှ သင့်ရုံ ဖြစ်သည်။ အမြဲတမ်း ကုသိုလ်တစ်ခု၊ သီတစ်ခု မပြတ်အောင် စောင့်ထိန်းထားပြီးလျှင် ဥပမာ ဘုရားရှိခိုးသည်၊ ပုတီးစိပ်သည်၊ ဒါနမပြတ်ပြုသည်။ တစ်နေ့ တစ်နာရီ ဝိပဿနာ အားထုတ်သည် ဆိုသကဲ့သို့ စွဲစွဲလမ်းလမ်း ကုသိုလ်တစ်ခု လုပ်ထားမှ သေမည့်အချိန်တွင် ယင်း ကုသိုလ်ဒါန၊ ကုသိုလ်သီလ၊ ကုသိုလ်ဘာဝနာကုသိုလ်များကို အာရုံပြုမှသာ နတ်ပြည်သို့ ရောက်နိုင်သည်။

သားသမီးကို စွဲလမ်း၍ သေလျှင်။ ငါ့အိမ်၊ ငါ့ရွှေ၊ ငါ့တိုက် နှလုံးပိုက်၍ ငါမရှိလျှင် ငါ့စိန်တွေ၊ ငါ့တိုက်တွေ သူများယူမှာပဲဟု ပစ္စည်းကို စွဲလမ်း၍ သေလျှင်။ ငါသည် အရက်သမား၊ ဖဲသမား ဖြစ်သည်။ တစ်ခါမှ ကုသိုလ်မလုပ်ခဲ့ဟု ဝမ်းနည်းပူဆွေးပြီး သေလျှင်။ ငါသည် ဘာမှ ကုသိုလ်မလုပ်ခဲ့၊ သီလလည်း မရှိ၊ ဒါနလည်း မရှိဟု ဆိုပြီး မျက်ရည်ကျခဲ့လျှင်၊ ဤကဲ့သို့ လောဘ၊ ဒေါသ၊ မောဟများကို သတိရ၍ သေသွားက အပါယ်ဘုံသို့ ရောက်သည်။ ပြိတ္တာတို့ဘောင် ဥစ္စာစောင့်ဟု ဆိုသည့်အတိုင်း ဇာတ်တော်များတွင် မိမိမြှုပ်နှံထားသော ပစ္စည်းများကို စွဲလမ်း၍ မြွေဖြစ်၍ ဥစ္စာစောင့် ဖြစ်ရသည်။ ကြွက်ဖြစ်၍ ဥစ္စာစောင့် ဖြစ်သည်။ အပါယ်ဘုံ ရောက်သွားကြသည်။ နတ်ပြည်တက်ဖို့ အလွန် ခက်သည်။

ထို့ကြောင့် သင်သည် နတ်ပြည်သို့ ရောက်လိုလျှင် ဒါနကို တစ်နေ့ ရေတစ်ခွက် မပြတ်အောင် လှူပါ။ သေခါနီး၌ အာရုံပြုပါ။ နတ်ပြည် ရောက်မည်။ သို့မဟုတ် ငါးပါးသီလထဲမှ ကံတစ်ပါးနှစ်ပါး စသည် စွဲစွဲမြဲမြဲ အဓိဋ္ဌာန်၍ ရှောင်ပါ။ ဤဒါန၊ သီလ၊ ကုသိုလ်ကို အမြဲ အာရုံရနေလျှင် သေခါနီး၌ ထိုကုသိုလ်ကြောင့် နတ်ပြည် ရောက်လိမ့်မည်။

## ဒါန၊ သီလ စခန်းဖြင့် အောင်မြင်ကြီးပွားရေး ကျွန်ုပ်ကိုယ်တွေ့

ငါးပါးသီလထိန်း၍ ဂုဏ်တော်ကိုးပါး ပုတီးစိပ်လျှင် မိမိဖြစ်ချင်သော ကိစ္စဟူသမျှ၊ တောင့်တသမျှ မုချဆတ်ဆတ် ဖြစ်သည်။ ဖြစ်သင့်တာဟူသမျှ ဖြစ်သည်။ ဥပမာ– စာမေးပွဲအောင်ရမည်။ အလုပ်ရမည်။ ကျိုင်းတုံမှ ရန်ကုန်သို့ ပြောင်းလိုလျှင်မှ စ၍ မိမိလိုရာ ဆုတောင်းရာ ဖြစ်သည်။

**လမ်းသစ်စာအုပ်တိုက်**

"ဇဝံ အစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓ ဓမ္မာ အစိန္တိယာ။ အစိန္တိယေ၊ ပသန္နနံ ဝိပါကော ဟောတိ၊ အစိန္တိယော"

ဘုရားဂုဏ်တော်၊ တရားတော်များသည် မကြံစည်နိုင်လောက်အောင် အလွန်ကြီးကျယ်သည် မြင့်မြတ်ပါသည်။ ထို့ကြောင့် မကြံမစည်နိုင်လောက်အောင်၊ မတွေးတောနိုင်လောက်အောင် တန်ခိုးကြီးတော်မူသော ဘုရား၊ တရားကို ရှိခိုးပူဇော်ရသော သူများတွင် မကြံမစည်နိုင်လောက်အောင် ကြီးကျယ်သောအကျိုးကို ရရှိနိုင်ပါသည်။ ဤပါဠိကို စဉ်းစားပါ။ ဘုရားနှင့် တရားကို ကိုးကွယ်ရမည်။ သံဃာကိုလည်း ကိုးကွယ်ရမည်။ သရဏဂုံ သုံးပါးကိုသာ ဘုရားဟောခဲ့သည်။ အလွန် တန်ခိုးကြီးတော်မူသော၊ မကြံစည်လောက်အောင် ကြီးကျယ် မြင့်မြတ်တော်မူသော ဘုရားကို အားကိုးလျှင် အားလုံးကိစ္စပြီးသည်။ ဝိဇ္ဇာတွေ၊ နတ်တွေ ယခုခေတ် အလွန်ပေါလာသည်။ ဘယ်ဝိဇ္ဇာ၊ ဘယ်နတ်ကမှ ရွှေဒင်္ဂါးတစ်ပြား ပေးမည်မဟုတ်။ ကိုယ်လုပ်လျှင် ကိုယ်ရသည်။ ဘုရားကိုသာ အားကိုးရမည်။ ဘုရားကိုယ်တိုင် ဟောထားခဲ့သည်။

အမေရိကန်တို့၊ ဂျပန်တို့ အလုပ်လုပ်လို့ ချမ်းသာသည်။ ဘယ်နတ်ကမှ မ,သည် မဟုတ်။ ဘယ်ဝိဇ္ဇာကမှ မ,သည်မဟုတ်။ ထို့ကြောင့် မိမိကြီးပွားလိုလျှင် ဘုရားကိုသာ စွဲစွဲမြဲမြဲ အားကိုးပါ။ သက္ကသံယုဂ် ပါဠိတော်က ပြထားသည်။ သိကြားမင်းသည် တစ်နေ့သုံးကြိမ် လူ့ပြည်သို့ ရှိခိုးသည်။ ထိုအခါ မာတလိနတ်သားက "အရှင်သိကြားမင်း၊ အဘယ်ကြောင့် အောက်ရပ်ဌာနရှိ လူ့ပြည်ကို တစ်နေ့သုံးကြိမ် ရှိခိုးပါသလဲ"ဟု မေးသည်။ ထိုအခါ သိကြားမင်းက ဤသို့ပြောသည်။ "အသင်မာတလိနတ်သား၊ ငါးပါးသီလလုံသောသူ၊ မိဘကို လုပ်ကျွေးသောသူများ သေလျှင် ငါတို့နတ်ပြည်ကို ရောက်လာသည်။ သူတို့ရောက်လာ၍ နတ်ပြည်တွင် အားလုံး စည်စည်ကားကား ရှိသည်။

ဤကဲ့သို့ ငါးပါးသီလလုံသောသူ၊ မိဘလုပ်ကျွေးသောသူ မရှိက လူတွေသေလျှင် ငရဲဘုံ ရောက်သွားသည်။ တို့နတ်ပြည် မရောက်လာတော့။ ထိုအခါ နတ်တွေသေပြီးလျှင် နောက်ထပ် နတ်အသစ် မရောက်လာက တို့နတ်ပြည်ကြီးမှာ တစ်ယောက်မှ ကျန်တော့မည် မဟုတ်။ ထို့ကြောင့် ငါးပါးသီလလုံသောသူ၊ မိဘကိုလုပ်ကျွေးသောသူကို ငါရှိခိုးသည်" ဟု ဖြေကြားသည်။ ငါးပါးသီလလုံလျှင် သိကြားမင်းက ရှိခိုးသောကြောင့် လူ့ပြည်အနီးမှာ ရှိသော မဖြစ်စလောက် နတ်စုတ်နတ်ပဲ့များက ရှိခိုးရုံသာမဟုတ် အမြဲတမ်းကြောက်လန့်၍ ကူညီပေးနိုင်သည်။ သူတို့၏ဘုရင် သိကြားမင်းကတောင် ရှိခိုးခဲ့လျှင် လူ့ပြည်နားကပ်နေသော မဖြစ်စလောက် နတ်များကမူ မုချ သင့်ကိုရှိခိုးလိမ့်မည်။ ဘုရားဟော ဖြစ်သည်။

ထို့ကြောင့် သင်ကိုယ်တိုင် အကျင့်ကောင်းအောင် ကျင့်ပါ။ သီလလုံခြုံပါ။ မိဘလုပ်ကျွေးပါ။ သေလျှင် နတ်ပြည်ရောက်မည်။ အပါယ်လေးပါးမှ လွတ်မည်။ လူ့ဘဝတွင်လည်း အတိတ်ကံပါသည့်အတိုင်း အပြည့်အဝ ကြီးပွားပါလိမ့်မည်။ ရှေးတုန်းက ဘိုးဘိုးအောင်၊ စကြာမင်းကလေးကို ကယ်တင်သွားကြောင်း ရုပ်သေးထဲ၌ ပြကြသည်။

ထို့ကြောင့် ကျွန်ုပ်တို့ ယေ်ယေ်ကပင် ဝိဇ္ဇာတွေကို အလွန် မျှော်သည်။ အားကိုးသည်။ ဘိုးဘိုးအောင် အမှန်ရှိပါသည်။ စကြာမင်းကလေးဆိုသော ပုဂ္ဂိုလ်မှာလည်း ယခုအခါ ဆေးဝိဇ္ဇာ ဖြစ်နေပါပြီ။ သူတို့သည် လူ့ဘောင်ကို ငြီးငွေ့၍ လူ့ပြည်မှ ခွာပြီးလျှင် တောထဲတောင်ထဲ၌ တရားကျင့်နေခြင်း ဖြစ်သည်။ တွေ့ရာလူတွေကို လိုက်၍ မ,နေသည် မဟုတ်ပါ။

စစ်မဖြစ်မီက အိမ်တစ်အိမ်သို့သွားရာ ဘုရားစင်ပေါ်တွင် ရေအိုးကလေးတစ်ခုနှင့် ပိုက်ဆံကိုးပြား ထည့်ထားသည်ကို တွေ့ရသည်။

ထိုအခါ ကျွန်ုပ်က ယေ်ရွယ်သူဖြစ်၍ "အစ်မကြီး ဒါက ဘာလုပ်တာလဲ"ဟု မေးသည်။ "ဘိုးဘိုးအောင် ကိုးကွယ်တာ"ဟု ပြောသည်။ ကျွန်ုပ် ချက်ချင်း စဉ်းစားမိသည်။ စဉ်းစားမိသည့်အတိုင်း ထိုအစ်မကြီးအား ပြောပြသည်။ "အစ်မကြီး တစ်ခုစဉ်းစား ကြည့်ပါ။ ဘိုးဘိုးအောင်ဆိုတာ ဝိဇ္ဇာဓိုရ် ဖြစ်သည်။ သူတော်သူမြတ် ဖြစ်သည်။ မှန်ပါသည်။ မှန်ပါသည်။ သူက မ,စ ကြည့်ရှုမည်ဆိုလျှင် အစ်မကြီးနေတဲ့ မေမြို့ကိုလာ၍ မ,စမည် မဟုတ်ပါ။ မ,စမည်ဆိုလျှင် သူ၏တူမ၊ သူ၏ဆွေမျိုးများကိုသာ အရင် မ,စ မည်။ အစ်မကြီးကိုတော့ လာ၍ မ,စမည်မဟုတ်ပါ။ တစ်နိုင်ငံလုံးကို မ,စနိုင်သူမရှိ" ဟု ကျွန်ုပ်က ပြောပြသည်။ ဟုတ်လည်း ဟုတ်ပါသည်။ လူတွေက အလကား လိုချင် ပြီးလျှင် မကြိုးစားဘဲ နတ်ကို ကိုးသည်။ ဝိဇ္ဇာကို ကိုးသည်။ နတ်ကို ငှက်ပျောသီး တင်လျှင်လည်း အလကား ဖြစ်သည်။ မေတ္တာသာလျှင် ပို့ပါ။ အမျှပေးပါ။ အမျှသာလျှင် သူတို့ထံ ရောက်သည်။ ဘုရားကိုကျော်၍ နတ်တွေ၊ ဝိဇ္ဇာတွေဆိုလျှင် အလွန် မှားသွား သည်။ တချို့ ဝိဇ္ဇာ ငါးပါးသီလ မလုံပါ။ ဇာတ်တော်တွေ ရှိသည်။ သူများမယားခိုး သည်။ ထို့ကြောင့် မကြံစည်နိုင်လောက်အောင် ကြီးကျယ်မြင့်မြတ်သော ဘုရားကိုသာ ကိုးကွယ်ပါ။ အောက်ပါဂါထာ သက်သေဖြစ်သည်။

## လိုရာပြည့်စေ ဂါထာတော်

ဒိဝါတပတိ၊ အာဒိစ္စော
ရတ္တိမာ၊ ဘာတိစန္ဒိမာ
သန္နဒ္ဓေါ၊ ခတ္တိယောဘာတိ
ဈာယီ တပတိ ဗြဟ္မဏော
အထ သဗ္ဗ မဟောရတ္တိံ
ဗုဒ္ဓေါ တပတိ တေဇသာ၊
တာဒိသံ တေဇ သမ္ပန္နံ
ဗုဒ္ဓါ ဝန္ဒာမိ အာဒရံ
နမက္ကာရာ နုဘာဝေန
သဗ္ဗေ ပုရေန္တု သင်္ကပ္ပါ။ ။

**လမ်းသင်စာအုပ်တိုက်**

ပါဠိတော်၏အဓိပ္ပာယ်မှာ နေစဝင်ချိန်၊ လထွက်လာသည်။ ထိုအခါ ကောသလ မင်းကြီးလည်း ရှိသည်။ ရဟန္တာများလည်း ရှိသည်။ ထိုအချိန်၌ မြတ်စွာဘုရား သခင် သည် ဤတရားကို ဟောတော်မူသည်။

အဓိပ္ပာယ်က နေမင်းသည် နေ့အခါ၌သာလျှင် ထွန်းလင်းတောက်ပနိုင်ပေ၏။ လမင်းသည် ညအခါ၌သာ ထွန်းလင်းတောက်ပနိုင်ပေ၏။ ပြည့်ရှင်မင်းသည် မင်းမြောက် တန်ဆာငါးပါး ဝတ်ဆင်မှ ထွန်းလင်း တောက်ပနိုင်ပေ၏။ ရဟန္တာ အရှင်မြတ်တို့သည် ဈာန်ဝင်စားမှသာ ထွန်းလင်းတောက်ပနိုင်၏။ မြတ်စွာဘုရားမှာမူကား တန်ခိုးတော် အားဖြင့် အလုံးစုံသော နေ့ညကာလပတ်လုံး ထွန်းလင်းတောက်ပတော်မူနိုင်၏။ ထိုသို့ တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို တပည့်တော်သည် ရှိသေပါ၏။ ရှိခိုးပါ၏ အရှင်ဘုရား။ ဤသို့ ရှိခိုးရသော အကျိုးကြောင့် ကြံကြံသမျှ တောင့်တရာရာ အဖြာဖြာတို့သည် လျင်မြန်စွာ ပြည့်စုံရပါစေသတည်း။

ဤဘုရားရှိခိုးကို ညတိုင်း ငါးပါးသီလယူ၍ ရေတစ်ခွက်၊ ဖယောင်းတိုင်တစ်တိုင် မီးပူဇော်ပြီး ၃၇ ကြိမ်ဖြစ်စေ၊ ၁၀၈ ကြိမ်ဖြစ်စေ မိမိ စေတနာရှိသလောက် အသက်ကြီး လျှင် သက်စေ့ဖြစ်စေ ပုတီးစိပ်၍ ဆုတောင်းက အံ့ဩလောက်အောင် ပြည့်စုံသည်။ တောင့်တလိုက်တိုင်း အသေးအဖွဲဆိုလျှင် ချက်ချင်း ပြည့်စုံသည်။ ကြီးကြီးကျယ်ကျယ် ကားဝယ်လိုသည်၊ တိုက်ဝယ်လိုသည်ဆိုလျှင် နှစ်နှင့်ချီ၍ ကြိုးစားလျှင် ဖြစ်နိုင်သည်။ လက်တွေ့ဖြစ်သည်။ ဘုရားကို အလွန် ယုံကြည်လျှင် ယုံကြည်သလောက် အကျိုးပေး သည်။ နည်းနည်းယုံကြည်လျှင် နည်းနည်းအကျိုးပေးသည်။ များများယုံကြည်လျှင် များများ အကျိုးပေးသည်။ ထို့ကြောင့် စိတ်အင်အား ရှိသမျှ ဘုရားကို ယုံကြည် အားကိုးပြီး ဆုတောင်းကြည့်ပါ။ ပြည့်စုံပါသည်။

## ရွှေမိုးငွေမိုးရွာသော ဂါထာ

အစစ လိုချင်သမျှ ပြည့်စုံစေနိုင်သော၊ သစ္စာပြုနိုင်သော ဘုရားရှိခိုး ဖြစ်သည်။ ဤဘုရားရှိခိုးကို လူတစ်သောင်းလျှင် တစ်ယောက်ရမည် မဟုတ်။ ကျွန်ုပ်သာလျှင် အလွန် ကံကောင်း၍ ဆရာသမားများထံမှ ရခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ် ခတ်လုံးထိုးစဉ်က တာမွေအမိုက်ပုံကြီး မြောက်ဘက်၊ အောင်မင်္ဂလာလမ်းရှိ အဂ္ဂိရတ်ဆရာကြီး ဆရာဉာဏ် ဆိုသူ ရှိခဲ့သည်။ သူသည် ငယ်စဉ်က ရဟန်းဘဝမှ ထွက်လာသူဖြစ်သည်။ သူ ရဟန်း ပြုစဉ်က မန္တလေးတောင် ရသေ့ကြီးဦးခန္တီက သူ၏အကျင့်သီလကို ကြည်ညိုသောကြောင့် ဤဘုရားရှိခိုးဂါထာကို ပေးခဲ့သည်။ သူ့ထံမှတစ်ဆင့် ကျွန်ုပ် ရခဲ့သည်။

မန္တလေးတောင်ရှိ ရသေ့ကြီးဦးခန္တီသည် အင်္ဂလိပ်မင်းများလက်ထက်က မြန်မာ ပြည်အရပ်ရပ်ရှိ ဘုရားအမျိုးမျိုးတွင် သံတိုင်၊ သွပ်မိုး၊ ကျောက်သံမံတလင်းဖြင့် မရေ မတွက်နိုင်အောင် ကျပ်ကုဋေပေါင်း များစွာတန်သော အဆောက်အအုံများ ဆောက်လုပ် လှူဒါန်းခဲ့သည်။ ဗုဒ္ဓဘာသာဝင်တိုင်း အားလုံး သိသည်။ ဤကဲ့သို့ ကြီးကျယ်သော

အဆောက်အအုံကြီးများ၊ သာသနာငါးထောင် တည်သည့်တိုင်အောင် ခိုင်ခန့်စေခြင်းငှာ သံကိုသာ ညွန်းလုပ်ထားသည်။ သွပ်ကိုသာ မိုးခဲ့သည်။ တန်ဆောင်းများ၊ ဘုရားများ မရေမတွက်နိုင်အောင် ရှိသည်။ ထိုအခါ လူတို့ထုံးစံအတိုင်း ကောလာဟာလ ဖြစ်လာသည်။

ရသေ့ကြီးဦးခန္တီ ရွှေဖြစ်သည်ဟု ကျော်ကြားလာသည်။ ထိုသို့ ကျော်ကြားလာသောအခါ ရန်ကုန်မြို့ရှိ ရဲမင်းကြီးစကော့ ဆိုသူက တစ်နေ့သောအခါ မန္တလေးသို့လာ၍ ရသေ့ကြီးထံ စုံစမ်းသည်။ 'သူသည် ရဲမင်းကြီးဖြစ်ကြောင်း၊ ရသေ့ကြီးဦးခန္တီသည် ရွှေဖြစ်သည်ဟု ကြားရ၍ ဟုတ်မဟုတ် သိပါရစေ'ဟု လျှောက်ထားသည်။ ထိုအခါ ရသေ့ကြီးက 'ရွှေဖြစ်ပါသည်'ဟု ပြောသည်။ 'ဖြစ်ခဲ့လျှင် တပည့်တော်အား လက်ငင်း ပြပါ'ဟု ရဲမင်းကြီးက တောင်းပန်သည်။

ထိုအခါ ရသေ့ကြီးဦးခန္တီသည် သူ၏ တပည့်များအား လင်ပန်းသုံးချပ်ကို ပြောင်နေအောင်ဆေးပြီးလျှင် အဝတ်နှင့် သုတ်ပြီးလျှင် ဘုရားစင်ရှေ့နားရှိ ပလ္လင်အောက်တွင် ထားသည်။ ရသေ့ကြီးဦးခန္တီသည် ဘုရားရှေ့တော်သို့သွား၍ ဤဘုရားရှိခိုးကို သစ္စာပြုသော ဂါထာတော်များနှင့် ရှိခိုးပူဇော်သည်။ နာရီဝက်လောက်ကြာ ရှိခိုးပူဇော် ပြီး၍ ကြေးစည်ကို သုံးချက်တိတိရိုက်၍ အမျှပေးသည်။ သာဓုခေါ်သည်။ ထို့နောက် ရဲမင်းကြီး နားလာ၍ ယခင်ကနေရာသို့ ပြန်၍ ထိုင်နေတော်မူသည်။ နာရီဝက်လောက် ကြာလာသောအခါ အရပ်ရပ် အရွာရွာမှ များလှစွာသော ဘုရားဖူးများသည် မန္တလေး တောင်သို့ ရောက်လာကြသည်။

ရသေ့ကြီးရှိသော ဘုရားရှေ့သို့ ရောက်သောအခါ ဘုရားရှေ့တော်တွင်ထားသော လင်ပန်းသုံးချပ်ကို ဘုရားဖူးများက တချို့ လက်စွပ်ချွတ်၍ လှူသည်။ တချို့ လက်ကောက်ကို ချွတ်၍လှူသည်။ တချို့ ဆွဲကြိုးကြီးကို ချွတ်၍လှူသည်။ ထိုအခါ ရဲမင်းကြီး ထိုင်နေသော တစ်နာရီလောက် အတွင်းတွင်ပင် လင်ပန်းသုံးချပ်ထဲ၌ ရွှေတွေ မောက်နေအောင် ရသည်။

ထိုအခါမှ ရသေ့ကြီးက 'သူ ရွှေဖြစ်သည်ဆိုသည်မှာ ဒီနည်းပင် ဖြစ်ပါသည်'ဟု ပြောပြသည်။

ထိုအခါ ရဲမင်းကြီးသည် ဦးခန္တီအား အလွန်ကြည်ညိုစွာ ရှိခိုးပြီးနောက် 'မည်သည့် ကိစ္စမဆို ရဲအဖွဲ့က အကူအညီပေးပါမည်'ဟု ကတိပြုပြီးလျှင် ရန်ကုန်သို့ ပြန်သွားသည်။

ရသေ့ကြီးဦးခန္တီ ဖြစ်ပေါ်လာပုံမှာ ရသေ့ကြီးသည် ယခင်က သီလအားကောင်းသော ရဟန်းတော်ဖြစ်သည်။ ပျော်ဘွယ်၊ ရမည်းသင်းဘက်မှ ဖြစ်သည်။ သူ့အသက် ၄၀ ကျော်လာသောအခါ အခြားရွာကလေး တစ်ရွာက ဆွမ်းစားပင့်၍ တောလမ်းမှ ဖြတ်သွားသည်။ သူ၏နောက်တွင် ကျောင်းသားကလေးနှစ်ယောက် ပါသည်။ ဤကဲ့သို့ သွားသောအခါ လမ်းတစ်ဝက်လောက်တွင် မြေကြီးပေါ်၌ ငွေဒင်္ဂါး ဆယ်ပြားစီတန်းစီ၍ ကျနေသည်ကို တွေ့ရသည်။ ကျောင်းသားများက ကောက်မည်လုပ်သောအခါ 'ဘုန်းကြီး က အရှင်ရှိလိမ့်မည်။ မကောက်ရ'ဟု တားမြစ်ခဲ့သည်။

နောက် ဆယ့်ငါးရက် ကြာသောအခါ ထိုရွာကပင် အလှူရှိ၍ ဆွမ်းစားပင့်ပြန်သည်။ ဤတောလမ်းကလေးမှာပင် ဖြတ်သွားပြန်သည်။ ထို ငွေဒင်္ဂါးများလည်း ရှေးကကဲ့သို့ပင် ရှိခဲ့သည်။ ဤတစ်ကြိမ်လည်း မကောက်ခဲ့။ နောက်တစ်လ ကြာသောအခါ ထိုရွာမှ ဆွမ်းစားပင့်၍ သွားပြန်သည်။ ဤတစ်ကြိမ်မှာတော့ ဘုန်းတော်ကြီးက ဤငွေများသည် ပိုင်ရှင်ရှိဟန်မတူ၊ ထို့ကြောင့် ကျောင်းသားများ ကောက်ခဲ့ပြီးလျှင် 'ဘုရားကို ဆီမီး၊ ပန်း စသည်ဖြင့် လှူရမည်'ဟု အမိန့်ရှိပြီး ကောက်ယူခဲ့သည်။

ဤကဲ့သို့ ဤငွေရပြီးနောက် မကြာမီ လူသူတော်ပုဂ္ဂိုလ်တစ်ယောက် ပေါ်ပေါက်လာ၍ 'ဘုန်းကြီးအား သာသနာပြုတော်မူပါ။ ငွေကြေး၊ကြေးရေး ပူပင်စရာမရှိ။ ဆိုင်ရာသာသနာပြုမည့် ပုဂ္ဂိုလ်များက လိုအပ်သလို ပြည့်စုံအောင် ကူညီပေးမည်'ဟု လျှောက်ထားသည်။

ထိုအခါ ဘုန်းတော်ကြီးက 'သူသည် ရဟန်းဘဝမှ ရသေ့အသွင်သို့ ကူးပြောင်း၍ သာသနာပြုမည်'ဟု အာမခံပြီးလျှင် မန္တလေးတောင်မှစ၍ သာသနာပြုခဲ့သည်။ ကျပ်ကုဋေပေါင်းများစွာတန်သော အဆောက်အအုံပေါင်းများစွာ လှူဒါန်းခဲ့သည်။ ဤဘုရားရှိခိုးဂါထာကိုတော့ မည်သူက ပေးသည်မသိ၊ ရသေ့ကြီးဦးခန္တီကို အထက်ဆရာသမားက ပေးဟန်တူသည်။ ရသေ့ကြီးကလည်း တွေ့ရာလူကို ပေးသည်မဟုတ်၊ ကျွန်ုပ်၏ဆရာကြီး ဆရာဉာဏ်ကိုသာ ရဟန်းဘဝတုန်းက ပေးခဲ့သည်။

ကျွန်ုပ်သည် အလွန်ကံကောင်း၍ ဆရာသမားအပေါ် အလိုက်သိတတ်သောကြောင့် ကျွန်ုပ်အား အလွန်ခင်မင်၍ သားသမီးလို သဘောထားပြီး ပေးထားသော ဘုရားရှိခိုးဂါထာ ဖြစ်သည်။ ဘုရားကိုရှိခိုးပြီးလျှင် သစ္စာပြုသောဂါထာ ဖြစ်သည်။ ရတနာ့သုတ်နှင့် ခပ်ဆင်ဆင် ဖြစ်သည်။

သင်သည် ငါးပါးသီလကို ထိန်းပါ။ ဤဂါထာများနှင့် နံနက်တစ်ခါ၊ ညတစ်ခါ ဘုရားရှိခိုးပါ။ ဘုရားကို အလွန်ယုံကြည်ပါ။ စမ်းကြည့်ပါ။ အသေးအဖွဲဆိုလျှင် ချက်ချင်း ဖြစ်သည်။ ဥပမာ–ငှက်ပျောသီး စားချင်သည်ဆိုက ချက်ချင်းပဲ ပို့ပေးမည့်သူ ပေါ်လာသည်။ စိတ်ထဲက ပဲပုပ်စားချင်သည်ဟု ဆန္ဒဖြစ်လာလျှင် ဈေးဝယ်သူ အိမ်ရှင်မက ပဲပုပ်တွေကောင်း၍ ဝယ်လာသည်ဟု ဆိုပြီးလျှင် ချက်ပြီးသား စားရသည်။ အနေးနှင့် အမြန် မိမိဖြစ်ချင်တာ ဖြစ်တတ်သည်။ ယုံကြည်စွာ အားထုတ်ပါ။ ဘုရားကိုသာ အားကိုးပါ။ ပြည့်စုံရမည်။ နတ်များ၊ ဝိဇ္ဇာများကိုတော့ အမျှပေးပါ။ မေတ္တာပို့ပါ။ ဘုရားကိုကျော်ပြီး အားမကိုးပါနှင့်၊ မှားလိမ့်မည်။

ပို၍ အောင်မြင်စေလိုသော် အနံ့တစ်တောင်ထက်ကြီးသော သစ်ပင်ကြီးကြီး ၁၅ ပင်တွင် တစ်ပင်လျှင် သုံးရက်ကြာ၊ ည ၈ နာရီမှ နံနက် ၄ နာရီအထိ မငိုက်ဘဲ အောက်ပါ ဂါထာတော်များကို ပုတီးစိပ်ပါ။ ထွက်ရပ်ပေါက်သည်အထိ အောင်မြင်နိုင်သည်ဟု ဆရာသမားများ ညွှန်ကြားထားပါသည်။

**လမ်းသစ်စာအုပ်တိုက်**

## ရက္ခမူ ကျင့်စဉ်

၁။ နတ္ထိမေ သရဏံ အညံ၊ ဗုဒ္ဓေါမေ သရဏံ ဝရံ၊
ဧတေန သစ္စဝဇ္ဇေန၊ ဟောတုမေ ဇေယျမင်္ဂလံ၊
ဟောတုမေ အာယုဝဍ္ဎနံ၊ ဟောတုမေ သုခဝဍ္ဎနံ။
၂။ နတ္ထိမေ သရဏံ အညံ၊ ဓမ္မောမေ သရဏံ ဝရံ၊
ဧတေန သစ္စဝဇ္ဇေန၊ ဟောတုမေ ဇေယျမင်္ဂလံ၊
ဟောတုမေ အာယုဝဍ္ဎနံ၊ ဟောတုမေ သုခဝဍ္ဎနံ။
၃။ နတ္ထိမေ သရဏံ အညံ၊ သံဃောမေ သရဏံ ဝရံ၊
ဧတေန သစ္စဝဇ္ဇေန၊ ဟောတုမေ ဇေယျမင်္ဂလံ၊
ဟောတုမေ အာယုဝဍ္ဎနံ၊ ဟောတုမေ သုခဝဍ္ဎနံ။
၄။ ဓိဝိတဿ အန္တရာယောပိ ကာတုံ၊ ဗုဒ္ဓဿ ကေနစိ နသက္ကာ၊
ဧတေန သစ္စဝဇ္ဇေန၊ ဟောတုမေ ဇေယျမင်္ဂလံ၊
ဟောတုမေ အာယုဝဍ္ဎနံ၊ ဟောတုမေ သုခဝဍ္ဎနံ။
၅။ ဉာဏဿ အန္တရာယောပိ ကာတုံ၊ ဗုဒ္ဓဿ ကေနစိ နသက္ကာ၊
ဧတေန သစ္စဝဇ္ဇေန၊ ဟောတုမေ ဇေယျမင်္ဂလံ၊
ဟောတုမေ အာယုဝဍ္ဎနံ၊ ဟောတုမေ သုခဝဍ္ဎနံ။
၆။ ရသ္မိယာ အန္တရာယောပိ ကာတုံ၊ ဗုဒ္ဓဿ ကေနစိ နသက္ကာ၊
ဧတေန သစ္စဝဇ္ဇေန၊ ဟောတုမေ ဇေယျမင်္ဂလံ၊
ဟောတုမေ အာယုဝဍ္ဎနံ၊ ဟောတုမေ သုခဝဍ္ဎနံ။
၇။ သိက္ခာသ အန္တရာယောပိ ကာတုံ၊ ဗုဒ္ဓဿ ကေနစိ နသက္ကာ၊
ဧတေန သစ္စဝဇ္ဇေန၊ ဟောတုမေ ဇေယျမင်္ဂလံ၊
ဟောတုမေ အာယုဝဍ္ဎနံ၊ ဟောတုမေ သုခဝဍ္ဎနံ။
၈။ ဗုဒ္ဓေါ အဘိဇ္ဇကာယောစ၊ နတ္ထိလောဟိ တသ္မုဒနံ၊
ဧတေန သစ္စဝဇ္ဇေန၊ ဟောတုမေ ဇေယျမင်္ဂလံ၊
ဟောတုမေ အာယုဝဍ္ဎနံ၊ ဟောတုမေ သုခဝဍ္ဎနံ။
၉။ သဒ္ဓါမေ ဗုဒ္ဓသေဋ္ဌမ္ဟိ၊ သံသယော နိတ္ထိမေသဒါ၊
ဧတေန သစ္စဝဇ္ဇေန၊ ဟောတုမေ ဇေယျမင်္ဂလံ၊
ဟောတုမေ အာယုဝဍ္ဎနံ၊ ဟောတုမေ သုခဝဍ္ဎနံ။
၁၀။ သဒ္ဓါမေ ဓမ္မသေဋ္ဌမ္ဟိ၊ သံသယော နိတ္ထိမေ သဒါ၊
ဧတေန သစ္စဝဇ္ဇေန၊ ဟောတုမေ ဇေယျမင်္ဂလံ၊
ဟောတုမေ အာယုဝဍ္ဎနံ၊ ဟောတုမေ သုခဝဍ္ဎနံ။

**လမ်းသစ်စာအုပ်တိုက်**

၁၁။ သဒ္ဓါမေ သံဃသေဋ္ဌမှိ၊ သံသယော နိတ္တိမေ သဒါ၊
ဧတေန သစ္စဝဇ္ဇေန၊ ဟောတုမေ ဇေယျမင်္ဂလံ၊
ဟောတုမေ အာယုဝမုန်၊ ဟောတုမေ သုခဝမုန်။
၁၂။ ဣတိပိသော ဘဂဝါ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊
သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသ ဓမ္မသာရထိ၊ သတ္ထာဒေဝ
မနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ။
၁၃။ သွာက္ခာတော ဘဂဝတောဓမ္မော၊ သန္ဒိဋ္ဌိကော၊ အကာလိကော၊ ဧဟိပဿိ
ကော၊ ဩပနေယျိကော၊ ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟီတိ။
၁၄။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ဉဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ယဒိဒံ စတ္တာရိ၊ ပုရိသယုဂါနိ အဋ္ဌ ပုရိသ ပုဂ္ဂလာ၊
ဧသ ဘဂဝတော သာဝကသံဃော၊ အာဟုနေယျော၊ ပါဟုနေယျော၊
ဒက္ခိနေယျော၊ အဉ္ဇလိကရဏီယော၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။
၁၅။ အဇ္ဇာဒိ ကတွာ၊ အဟံအတ္တာနံ၊ ဗုဒ္ဓဿ နိယျာဒေမိတိ မံ ဓာရေထ။
အဇ္ဇာဒိ ကတွာ၊ အဟံအတ္တာနံ၊ ဓမ္မဿ နိယျာဒေမိတိ မံ ဓာရေထ။
အဇ္ဇာဒိ ကတွာ၊ အဟံအတ္တာနံ၊ သံဃဿ နိယျာဒေမိတိ မံ ဓာရေထ။
၁၆။ အဇ္ဇာဒိ ကတွာ၊ အဟံ ဗုဒ္ဓဿ ပရာယနောတိ မံ ဓာရေထ။
အဇ္ဇာဒိ ကတွာ၊ အဟံ ဓမ္မဿ ပရာယနောတိ မံ ဓာရေထ။
အဇ္ဇာဒိ ကတွာ၊ အဟံ သံဃဿ ပရာယနောတိ မံ ဓာရေထ။
၁၇။ အဇ္ဇာဒိ ကတွာ၊ အဟံ ဗုဒ္ဓဿ အန္တေဝါသိကော တိမံ ဓာရေထ။
အဇ္ဇာဒိ ကတွာ၊ အဟံ ဓမ္မဿ အန္တေဝါသိကော တိမံ ဓာရေထ။
အဇ္ဇာဒိ ကတွာ၊ အဟံ သံဃဿ အန္တေဝါသိကော တိမံ ဓာရေထ။

## လောကီလောကုတ်၊ အရှေ့ဆိုအနောက် တောင်ဆိုမြောက်

လောကီနည်းအားဖြင့် ပစ္စည်းဉစ္စာ စိန်ရွှေရတနာ၊ မော်တော်ကား၊ တိုက်တာ အခြံအရံရှိလေ ကောင်းလေ၊ များလေ ကောင်းလေ ဖြစ်သည်။ ဓနိယခေါ် နွားများစွာ ပိုင်ရှင် သူဋ္ဌေးကြီးအား မြတ်စွာဘုရားက သားရှိလျှင် သားကြောင့် ပူရသည်။ နွားရှိလျှင် နွားကြောင့် ပူရသည်။ မယားရှိလျှင် မယားကြောင့် ပူရသည်ဟု သမုဒယကြောင့် ဒုက္ခဖြစ်သော တရားတော်ဟော၍ ဓနိယပုဏ္ဏားကြီးမှာ သောတာပန် ဖြစ်ခဲ့သည်။ လိုချင်တာရှိသမျှ ပူနေရသည်။ ဓမ္မစကြာ တရားတော်တွင် ယံပိစ္ဆံ နလဘတိ တံပိဒုက္ခံ၊ လိုချင်တာမရခြင်းတည်းဟူသော ဒုက္ခ လူတိုင်းမှာရှိသည်။ မလိုချင်သောသူ ဟူ၍ မရှိချေ။ ထို့ကြောင့် လူတွေ အမြဲ ဒုက္ခရောက်သည်။

**လမ်းသစ်စာအုပ်တိုက်**

## တောရဆောက်တည်သော အရှင်ရေဝတ

တစ်နေ့သောအခါ အရှင်သာရိပုတ္တရာသည် ရှားတောကျောင်း၌နေသော အရှင်ရေဝတ ရှိရာတွင် ဝါဆိုတော်မူသည်။ အရှင်ရေဝတသည် ရဟန်းဖြစ်သည်မှစ၍ ရွာကျောင်း၊ မြို့ကျောင်းမနေ၊ အရညကင် ဓုတင်အမြဲတမ်း တောရဆောက်တည်သော အကျင့်၌ တေဒဂ် ရတော်မူသည်။ မထေရ်နှစ်ပါးလုံးမှာ ရဟန္တာအရှင်မြတ်များ ဖြစ်သည်။ တစ်နေ့သောအခါ နေ့လယ်တွင် အရှင်သာရိပုတ္တရာသည် အဟောသုခံ၊ အဟောသုခံ ရွတ်ဆိုတော်မူသည်။ မြန်မာလို ချမ်းသာလိုက်တာ၊ ချမ်းသာလိုက်တာဟု အဓိပ္ပာယ်ရသည်။

ထိုအခါ အရှင်ရေဝတက ဤသို့ လျှောက်ထားသည်။ "အရှင်သာရိပုတ္တရာဘုရား၊ အရှင်မြတ်သည် ချမ်းသာလိုက်တာ၊ ချမ်းသာလိုက်တာဟု နှုတ်က ရွတ်ဆိုနေသော်လည်း အရှင်ဘုရားတွင် ဟောင်းနွမ်းနေသော သင်္ကန်းသုံးထည်နှင့် သပိတ်တစ်လုံးသာ ရှိပါသည်။ ချမ်းသာတာ မမြင်ပါ။ ဘာတွေ ချမ်းသာနေလဲ"ဟု လျှောက်ထားသည်။

အရှင်သာရိပုတ္တရာက ဤသို့ပြန်၍ အမိန့်ရှိသည်။ "အရှင်ရေဝတ၊ ယခု ၃၁ ဘုံတွင် ဘာများ လိုချင်သလဲ စဉ်းစားကြည့်သည်။ ရှင်ဘုရင်လည်း မဖြစ်ချင်၊ သိကြားမင်းလည်း မဖြစ်ချင်၊ နတ်သမီးလည်း မလိုချင်၊ ဗြဟ္မာမင်းကြီးလည်း မဖြစ်ချင်၊ ငါ၏စိတ်ထဲ၌ လိုချင်တာကို ရှာကြည့်သည်။ ၃၁ ဘုံတွင် ငါလိုချင်သော ပစ္စည်းတစ်ခုမှ မရှိ။ မလိုချင်သောကြောင့် အလွန် ငြိမ်းချမ်းသည်။ ချမ်းသာခြင်းနှင့် ပြည့်စုံသည်"ဟု ဖြေတော်မူသည်။

လိုချင်၍ လုပ်နေကြရသည်။ မလိုချင်လျှင် ငြိမ်နေသည်။ စဉ်းစားမှ မြင်နိုင်သော တရားဖြစ်သည်။ ပြီးခဲ့သော ပုံပြင်ဝတ္ထုအခန်းတွင် ပြဒါးရှင်လုံးရသော ရှင်ဘုရင်ကြီး ဒုက္ခရောက်သည်ကို ဖတ်၍ ကြည့်ပါ။ လိုချင်သမျှ လောဘသမုဒယ၊ လောဘရှိလျှင် ဆင်းရဲမှုလာသည်။ မလိုချင်လျှင် ငြိမ်းချမ်းသည်။ ထို့ကြောင့် သင်သည် တရားအား ထုတ်ကြည့်ပါ။ လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေ ငြိမ်းသွားလျှင် အလွန် အေးချမ်း၍ ချမ်းသာမှု ရလိမ့်မည်။ လိုချင်တာရှိနေလျှင် ဘယ်တော့မှ ချမ်းသာမှု မရနိုင်။

တိဏ္ဏံ မညတရံ ယာမံ ပဋိဇဂ္ဂေယျ ပဏ္ဍိတော။

ပဏ္ဍိတော၊ ပညာရှိသည်။ တိဏ္ဏံ၊ အရွယ်သုံးပါးတွင်၊ အညတရံယာမံ၊ တစ်ပါးပါးသောအရွယ်၌။ ပဋိဇဂ္ဂေယျ ဘဝသမ္ပတ္တိ စီးပွားကိုသာ အားထုတ် သုတ်သင်ရာ၏။ (ဝါ) မင်္ဂဖိုလ်ရကြောင်း ဝိပဿနာတရားကို ပွားများရာ၏ဟု မြတ်စွာဘုရား ဟောထားတော်မူသည်။

အခန်း ၁၂

# အုံ့ဩဖွယ်ရာ အလှူရှင်သုံးယောက်

[ ၁၂ ]

## အုံသြဖွယ်ရာ အလှူရှင်သုံးယောက်

မြတ်စွာဘုရားလက်ထက်က များစွာကုန်သော သူဌေး၊ သူကြွယ်များသည် ရွှေကျောင်းကြီးများ ဆောက်လုပ်လှူဒါန်းကြသည်။ သဒ္ဓါတရား ကောင်းသည်။ ယခုခေတ်တွင်လည်း အချို့ သိန်းပေါင်းသုံးဆယ်၊ သိန်းပေါင်းငါးဆယ်လှူသော ပုဂ္ဂိုလ်တွေ ရှိခဲ့သည်။ သူတို့ ချမ်းသာ၍ လှူသည်ကို သာဓု ခေါ်ပါသည်။ ဤကဲ့သို့ လှူဒါန်းရာ၌ မိမိသေခါနီးတော့ ငွေတွေကလည်း အများကြီး ရှိသဖြင့် ယူမသွားနိုင်ကြောင့် လှူခြင်းတစ်မျိုး။ ဘုရားကို ယုံကြည်၍၊ တရားကို ယုံကြည်၍ သဒ္ဓါတရား အားကောင်းသောကြောင့် လှူဒါန်းတစ်မျိုး စသည်ဖြင့် နှစ်မျိုးရှိသည်။

ကျွန်ုပ် အလွန်အားကျ၍ ကြည်ညိုသော အလှူရှင်သုံးယောက် ရှိသည်။ အတုယူစရာ ကောင်းသည်။

၁။ သာစည်မှ ဟံဇားမြို့သို့ မီးရထားခုတ်ရာတွင် ဟံဇားမြို့ အရှေ့တောင်ဘက် သုံးမိုင်အရပ်တွင် သာဂရခေါ် ရွာကြီးတစ်ရွာ ရှိသည်။ ရှေးမြန်မာမင်းများ လက်ထက်က မြို့စား ရွာစားများနေသော မြို့တစ်မြို့ဖြစ်၍ အုတ်ရိုးတံတိုင်းနှင့် ကျုံးများပင် ရှိသည်။ ယင်းရွာကြီးတွင် အရောင်းအဝယ်လုပ်၍ စိုက်ပျိုးခြင်းကိုပါ လုပ်ကိုင်နေထိုင်သော ဦးကျော်ဇံ၊ ဒေါ်ဦး ဆိုသော ဇနီးမောင်နှံ ရှိသည်။ ဒေါ်ဦးမှာ ဖဆပလခေတ်က ဝန်ကြီးဖြစ်ခဲ့သော ဗိုလ်မှူးအောင်၏ အစ်မအရင်း ဖြစ်သည်။ ထို ဦးကျော်ဇံ–ဒေါ်ဦးတို့သည် အလွန်ပင် ဘုရားတရား ကြည်ညို၍ သဒ္ဓါတရား ကောင်းသည်။ သူတစ်ပါးကဲ့သို့ ဘုရားတွေ ကျောင်းတွေ ဆောက်လုပ် မလှူဒါန်းနိုင်သော်လည်း သူတို့အတတ်နိုင်ဆုံး ဒါနပြုသည်။

ရွာအတွင်းရှိ မည်သူမဆို မီးဖိုဆောင်တွင် သုံးရန်ဖြစ်သော ဆန်၊ ဆီ၊ ဆား၊ ပဲမှစ၍ အလိုရှိတိုင်း အခက်အခဲရှိတိုင်း သူတို့အိမ်သို့ သွား၍ ယူနိုင်သည်။ တစ်ရွာလုံးကို ကြေညာ၍ ပေးကမ်းသည်။ ထို့ကြောင့် ဆန်ပြတ်သူတိုင်း၊ ဒုက္ခရောက်သူတိုင်း၊ မိဘ

မကျန်းမာသောအခါ စာရေးခက်သော သမီးများကစ၍ သူတို့စေတနာကို ယုံကြည်သည့် အတိုင်း ဆန်လိုလျှင် ဆန်၊ ဆီလိုလျှင်ဆီ စသည်ဖြင့် သူတို့ထံမှာ လာ၍ ယူသည်။ သူတို့သည် အလွန် ဝမ်းသာစွာဖြင့် ဒါနပြုနေသည်။ မည်သည့်ဆုကို တောင်းသည်မသိ၊ စေတနာကောင်းသည်ကိုသာ ကျွန်ုပ် သိခဲ့သည်။ ဤကဲ့သို့ နှစ်ပေါင်းများစွာ၊ ၁၅ နှစ် ကျော်သောအခါ တစ်နေ့သော နေ့လယ်တွင် သူတို့အိမ်ရှေ့တွင် ထား၍ အများအတွက် လှူဒါန်းထားသော ဆီအိုးကြီးမှာ ပွက်၍လာပြီးလျှင် ဆီတွေ ဖိတ်လျှံကျလာသည်။

ရှေးကလည်း ဤကဲ့သို့ ထုံးတမ်းတစ်ခု ရှိခဲ့သည်။ မဟာဝင်ဝတ္ထုကို ကြည့်ပါ။ ဗြဟ္မဏတိဿ ဆိုသော ခိုးသူကြီးသည် တဖြည်းဖြည်း လူစု၍ သူခိုးဘဝမှ ဓားပြ၊ ဓားပြဘဝမှ သူပုန်ဖြစ်၍ နောက်လိုက်အင်အား များလာသောအခါ ရှင်ဘုရင်ကို တိုက် ခိုက်၍ ကိုယ်တိုင် ရှင်ဘုရင်လုပ်သည်။ သူရှင်ဘုရင် ဖြစ်သောအခါ ရှေးဟောင်းအစဉ်အလာ ဥပဒေအားလုံး ဖျက်ပြီးလျှင် တိုင်းပြည်ကြီးကို သူ ထင်သလို အုပ်ချုပ်သည်။ သူလိုပဲ သူခိုးတွေကို အမတ်ကြီးခန့်သည် စသည် စသည်ဖြင့် ပြုမူခဲ့သည်။ ထို့ကြောင့် တရား မစောင့်သောအခါ မိုးလေဝသပါ ခေါင်းပါးပြီးလျှင် လူတွေ ငတ်မွတ်ခြင်း ဖြစ်လာခဲ့ သည်။ ဆန်စပါး ရှားပါးသည်။ မိုးလေဝသ ခေါင်းပါး၍ ဆန်ရေစပါး ရှားပါးသော ကြောင့် ရဟန္တာ နှစ်သောင်း ပရိနိဗ္ဗာန်ပြုတော်မူခဲ့သည်။ ရဟန္တာများ အသက်အောင့်၍ ပရိနိဗ္ဗာန် ပြုကြသည်။ များစွာကုန်သော ရဟန်းတို့သည် မဇ္ဈိမဒေသက အိန္ဒိယပြည်သို့ ကူးပြောင်းသွားကြသည်။ တောထဲတောင်ထဲတွင် ဟင်းရွက်ပြုတ်ကို စား၍ တချို့တလေ သော သံဃာတော်များသာ ကျန်ခဲ့သည်။ ထိုမင်းသည် ကိုးနှစ်တိတိ တိုင်းပြည်အုပ်ချုပ်ရာ တိုင်းပြည်တွင် အလွန်ငတ်မွတ်ခေါင်းပါး၍ လူတွေ သေကြသည်။ ထို့နောက် လူများက မခံနိုင်တော့၍ ထိုရှင်ဘုရင်ကို ပြန်လည်တိုက်ခိုက်ပြီးလျှင် သတ်ပစ်ကြသည်။ သို့ရာတွင် မိုးလေဝသလည်း မကောင်းသေး၊ ဆန်ရေစပါးလည်း ချက်ချင်း ပေါမလာသေးချေ။

ထိုအခါ မြို့အစွန်အဖျားတွင်နေသော ဆင်းရဲသော လင်မယားနှစ်ယောက် ရှိသည်။ တစ်နေ့သောအခါ ရဟန်းတော်တစ်ပါးသည် သူတို့၏အိမ်ရှေ့ကို ဆွမ်းခံကြွတော်မူသည်။ ထိုလင်မယားမှာလည်း စားစရာမရှိသောကြောင့် အာဟာရပြတ်၍ ထမင်းငတ်နေသည်မှာ ကိုးရက်လောက်ရှိပြီ။ လှူစရာဟူ၍ စားနိုင်သောပစ္စည်း အိမ်ထဲတွင် လုံးဝမရှိချေ။ ထိုအခါ မိန်းမဖြစ်သူက ဤကဲ့သို့ ဇွတ်တွေးတောသည်။ 'ငါတို့သည် စားစရာမရှိသည်မှာ ကိုးရက် ရှိပြီ။ နောက် လေးငါးရက်နေလျှင် သေရတော့မည်။ သေရမည့်အတူတူ ဤရဟန်းတော် သာသနာပြုနိုင်စေရန်၊ အသက်ရှည်စေရန် ငါ၏ပေါင်သားကို ဓားနှင့်လှီး၍ ကြော်ပြီးလျှင် အမဲကြော်လုပ်၍ လှူလိုက်မည်'ဟု ဆင်ခြင်ပြီးလျှင် မီးဖိုချောင်မှ ဓားကိုယူ၍ နောက်ဖေး ဘက်ရှိ ခြံထဲသို့ ထွက်သွားသည်။ ပေါင်သားလှီးရန် ဖြစ်သည်။ ယောကျ်ားဖြစ်သူက လည်း သူ့မိန်းမကဲ့သို့ပင် 'ငါလည်း သေတော့မည်။ ထူးသည်မဟုတ်၊ ရဟန်းတော်အား သာသနာဆက်၍ ပြုနိုင်စေရန်၊ အသက်ရှည်စေရန် ငါ၏ ပေါင်သားကို ဓားနှင့်လှီးဖြတ်၍ အမဲကြော်လုပ်ပြီး လှူမည်'ဟု အိမ်၏အခြားဘက်ရှိ ခြံထဲသို့ ဓားတစ်ချောင်းနှင့် ထွက်

သွားသည်။ သူတို့၏ သဒ္ဓါတရား ထူးခြားစွာ ပြင်းထန်လှသောကြောင့် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာတင်းသည်။ အလွန်နူးညံ့သော ပဏ္ဍုကမ္ဗလာမှာ ကျောက်ကဲ့သို့ မာ၍နေသည်။ ထို့ကြောင့် သိကြားမင်းသည် လူ့ပြည်သို့ ကြည့်လိုက်ရာ ဤလင်မယားကို သွား၍ တွေ့သည်။

ချက်ချင်းပင် သိကြားမင်းသည် သူတို့အိမ်ရှေ့သို့ ပေါ်လာသည်။ အဘိုးကြီးယောင် ဆောင်၍ လာသည်။ ထို့နောက် အိမ်ရှေ့မှနေ၍ "သားတို့ သမီးတို့"ဟု လှမ်း၍ခေါ်လိုက်သည်။ ထိုအခါ သိကြားမင်း အသံကြား၍ လင်မယားနှစ်ယောက်သည် ဓားကိုချပြီးလျှင် အိမ်ရှေ့သို့ ပြေးထွက်လာသည်။ ထိုအခါ လူသူတော်ယောင်ဆောင်ထားသော သိကြားမင်းသည် သူ၏လက်ထဲတွင် တစ်ပြည်ချက်နိုင်သော ထမင်းအိုးတစ်လုံးပါလာ၍ "သားတို့ သမီးတို့ ဤထမင်းအိုးကိုယူ၍ သံဃာတော်ကိုလည်း လောင်းပါ။ သင်တို့လည်း စားကြပါ။ အိမ်နီးနားချင်းများကိုလည်း ဝေငှပါ"ဟု ပြော၍ ထွက်သွားသည်။ ထို့ကြောင့် အိမ်ရှင်လင်မယားသည် ဆွမ်းကိုခူး၍ ဆွမ်းခံသံဃာတော်၏ သပိတ်ထဲသို့ ထည့်ရာ ထမင်းသည် ပြန်၍ ပြည့်သွားသည်။ ထို့ကြောင့် သပိတ်အပြည့် အားရပါးရ လှူဒါန်းသည်။ သူတို့လည်း စားသောက်သည်။ အိမ်နားနီးချင်းများကိုလည်း ပေးသည်။ ထမင်းအိုးမှာ သိကြားမင်း၏ အဓိဋ္ဌာန်ကြောင့် သုံးလခန့် ပြန်၍ ပြည့်လာသည်။ ထိုအခါ လူအများသည် ငါးပါးသီလ အကျိုးကြောင့် ငါးပါးသီးကို စောင့်ထိန်းကြသည်။ ဒါနသီလ ပြုကြသည်။ ထို့ကြောင့် သီးနှံများ ရှေးကထက် ဖြစ်ထွန်းလာပြီး မိုးလေဝသ ကောင်းလာသောကြောင့် လူတွေလည်း ကျန်းမာပျော်ရွှင်ကြသည်။ အိန္ဒိယပြည်သို့ ထွက်သွားသော ရဟန်းများလည်း ပြန်လာသည်။ ထို့နောက် သီဟိုဠ်ကျွန်းတွင် တတိယသင်္ဂါယနာ တင်ခဲ့သည်။ ဤမှာ လက်တွေ့သင်ခန်းစာ ဖြစ်သည်။ ပစ္စည်းရှားရာတွင် 'ငါ စားဖို့ ရှာမည် ဆိုတာထက် လှူမည်၊ တန်းမည်၊ ငါ့သားလေး စာတတ်ဖို့' စသည်ဖြင့် သူတစ်ပါး အပေါ် မေတ္တာ၊ စေတနာထား၍ ရာက ပို၍ အောင်မြင်တတ်သည်။ သဒ္ဓါတရားကောင်း လေလေ၊ ကြီးပွားလေလေ ဖြစ်လိမ့်မည်။ ဒီဘဝတွင် မဟုတ်ပါ။ နိဗ္ဗာန်ရောက်သည့်တိုင် အောင် ချမ်းသာလိမ့်မည်။

၂။ အခြားတစ်ဦးမှာ ဟသ်ာတမြို့ ဘောဂလမ်း၊ စိန်ဗဟိုရ်ရစ္စ်အိုး ခြံလုပ်ငန်း ပိုင်ရှင် ဒေါ်အေးကြည် ဖြစ်သည်။ လွန်ခဲ့သော ၁၉၇၆ ခုနှစ်လောက်က မိုးလေဝသ ဖောက်ပြန်၍ ဆန်များ အလွန်ရှားသွားသည်။ လူတွေ တော်တော်ဒုက္ခရောက်ကြသည်။ ထိုအခါ ဒေါ်အေးကြည်သည် သူစားမည့် ညစာကို လုံးဝမစားတော့ဘဲ ညစာအတွက် ဆန်များကို စုထား၍ သီလရှင်ကျောင်းများသို့ ပေးလှူသည်။ ကျောင်းလည်း ဆောက်သည်။ ရဟန်းအမလည်း ဖြစ်သည်။ သို့ရာတွင် ကျောင်းဆောက်ခြင်း၊ ရဟန်းအမ ပြုခြင်းထက် မိမိကိုယ်ကို အငတ်ခံပြီး သဒ္ဓါတရား အားကြီးစွာဖြင့် မိမိစားမည့်ဆန်ကို လှူဒါန်းသည်မှာ သာမန်သဒ္ဓါမျိုး မဟုတ်။ အလွန်အားကြီးသော သဒ္ဓါမျိုး ဖြစ်သည်။

အံ့ဩလောက်အောင် ထူးခြားသော စေတနာရှင် ဖြစ်သည်။ အလွန် ကြည်ညိုစရာ ကောင်းလေသည်။

၃။ ကချင်ပြည်နယ် ဟိုပင်မြို့ရှိ ဆေးအမျိုးမျိုး ရောင်းသော မြသီတာဆေးတိုက် ပိုင်ရှင် ဦးကံဆက်နှင့် ဇနီးဒေါ်စောခင်တို့ ဖြစ်သည်။ မန္တလေးမြို့သို့ ပြောင်းလာသည်မှာ ၁၀ နှစ်ကျော်ပြီ။ စစ်ကြီးပြီးသောအခါ သူတို့သည် မိဘများလက်ထက်က ဆေးကျမ်းများကို ကြည့်ပြီးလျှင် ဆီး၊ ဝမ်း၊ လေဆေး၊ မချစ်ဥနှင့် ဖော်သော မချစ်ဆေး ခေါ်မသေဆေး၊ ပန်းနာပျောက်ဆေး၊ တောင်ဆိတ်ဆီမှ စ၍ ဆေးအမျိုးမျိုး ရောင်းခဲ့သည်။ အလွန် စီးပွားဖြစ်ခဲ့သည်။ ဆေးများသည် ပြောသည့်အတိုင်း ရောဂါများကို ပျောက်စေသောကြောင့် ရောင်းမလောက်အောင် ဖြစ်သည်။ ပုလင်းမလောက်သောကြောင့် ကြော်ငြာများကိုပင် များများမထည့်ချေ။ သူတို့ရသော ငွေများကို ဘုရားတည်သည်။ ကျောင်းဆောက်သည်။ ယခုဆိုလျှင် လေးငါးသိန်းဖိုး ရှိသည်။ ဤကဲ့သို့ လှူဒါန်းနိုင်သော်လည်း သူတို့သည် ကားဝယ်၍ မစီးချေ။ ရိုးရိုးအေးအေးပင် နေသည်။ အလွန် သဒ္ဓါတရား ပြင်းထန်သည်။

အထက်ပါ ဆန်ရှားသော နှစ်တုန်းက မန္တလေးမြို့တွင် သံဃာတော်များ များပြားသောကြောင့် သံဃာတော်များတွင် ဆွမ်းမပြည့်ဖြစ်သည်။ ထိုအခါ အချို့ သံဃာတော်များသည် သူတို့၏တိုက်ထဲသို့ ဝင်၍ "ဒကာကြီး၊ ဒကာမကြီးတို့ ဆွမ်းကလေးရလျှင်တော်ပါပြီ"ဟု ဆွမ်းခံကြွကြသည်။ ဤကဲ့သို့ အလှူခံလာသောအခါ ဗုဒ္ဓဘာသာဖြစ်သည့်အတိုင်း တတ်နိုင်သမျှ လှူခဲ့ရာက တစ်နေ့ထက်တစ်နေ့ သံဃာတွေ များလာသဖြင့် သံဃာ ၄၇၀ အထိ ဆန်များကို မရရအောင် ဝယ်၍ ဆွမ်းလည်း လောင်းသည်။ ဟင်းလည်း လှူသည်။ နံနက် ၂ နာရီကစ၍ တစ်အိမ်လုံးထ၍ ချက်ကြပြုတ်ကြရသည်။ နောက်ဆုံး လုံးဝ ဆန်များဝယ်ယူ၍ မရသောအခါမှသာ မလှူဘဲ နေရတော့သည်။ မလှူရသဖြင့် သူတို့ အလွန်စိတ်မကောင်း ဖြစ်ကြသည်။ ဤကဲ့သို့ သဒ္ဓါတရားမျိုးလည်း အလွန်ရှားသည်။

ဤကဲ့သို့ မိမိ ကိုယ်ရေးကိုယ်တာအတွက် ဦးစားမပေးဘဲ သာသနာတော်ကို ဦးစားပေး၍ သဒ္ဓါတရား ထက်သန်သော ဤပုဂ္ဂိုလ်သုံးဦးတို့မှာ ကျွန်ုပ် လွန်စွာအားရ၍ ကြည်ညိုလှသည်။ နမူနာယူထိုက်ပါသည်။

အခန်း ၁၃

# နိဗ္ဗာန်တရားတော်

[ ၁၃ ]

## နိဗ္ဗာန်တရားတော်

ဒါနတော၊ ဘောဂဝါ
သီလတော၊ သုခံဝါ
ဘာဝနာယ၊ နိဗ္ဗုတော။

ဗုဒ္ဓဘာသာတရားတော်တွင် ဒါန၊ သီလ၊ ဘာဝနာသည် အခြေခံတရားတော် ဖြစ်သည်။ ဒါနပြုခြင်းကြောင့် ဘဝခရီး၌ ချမ်းသာသူဖြစ်မည်။ သီလစောင့်ခြင်းကြောင့် ဘဝခရီးတွင် အေးချမ်းသာယာစွာ နေရမည်။ ဘာဝနာကမ္မဋ္ဌာန်းအားထုတ်ခဲ့သော် နိဗ္ဗာန်သို့ အမြန်ဆုံး ရောက်မည်ဟု ရှေးစာပေများတွင် ဖော်ပြထားသည်။

မြတ်စွာဘုရားသခင် လက်ထက်က 'ဟုတ' အမည်ရှိသော ပုဏ္ဏားတစ်ယောက်သည် မြတ်စွာဘုရားထံ ရောက်လာ၍ သူမသိသော ကိစ္စများကို လျှောက်ထားသည်။ "အရှင်ဘုရား အချို့လူများသည် အသက်တိုသည်။ အချို့လူများသည် အသက်ရှည်သည်။ အချို့ ချမ်းသာသည်။ အချို့ ဆင်းရဲသည်။ အချို့ ရုပ်ချောသည်။ အချို့ အရုပ်ဆိုးသည်။ အချို့ အနာရောဂါကင်းသည်။ အချို့အနာရောဂါမကင်း စသည်ဖြင့် အစုံအစုံ ဖြစ်ရသည်ကို ဟောတော်မူပါဘုရား"ဟု လျှောက်ထားသည်။

ထိုအခါ မြတ်စွာဘုရားက "နောက်ဘဝက အလှူအတန်း ဒါနပြုသောသူသည် ယခုဘဝ၌ လူချမ်းသာ ဖြစ်လာသည်။ နောက်ဘဝက ဒါနမပြုဘဲ မလှူမတန်းဘဲ သူများဥစ္စာကို ဖျက်ဆီးသူများမှာ ယခုဘဝတွင် အလွန်ဆင်းရဲမည်။ ငတ်မွတ်ခေါင်းပါးမည်။ နောက်ဘဝက သီလကို စောင့်ထိန်းခဲ့လျှင် ယခုဘဝ၌ အေးချမ်းသာယာစွာ ချမ်းချမ်းသာသာ နေရမည်။ နောက်ဘဝက သီလကို မစောင့်ခဲ့လျှင် ယခုဘဝ၌ အေးအေးချမ်းချမ်း မနေရ။ နောက်ဘဝက သူများအသက်ကို သတ်ဖြတ်သောသူသည် ယခုဘဝတွင် အသက်တိုမည်။ နောက်ဘဝက သူတစ်ပါးအသက်ကို မသတ်ခဲ့လျှင် ဤဘဝ၌

အသက်ရှည်မည်။ နောက်ဘဝက သူတစ်ပါးကို ညှဉ်းဆဲနှိပ်စက်သူသည် ယခုဘဝတွင် အနာရောဂါများမည်။ နောက်ဘဝက ဒေါသကြီးသောသူသည် ယခုဘဝ၌ အရုပ်ဆိုးမည်။ နောက်ဘဝက သည်းခံသောသူ၊ မေတ္တာပွားသောသူသည် ယခုဘဝ၌ ရုပ်ချောမည် စသည်ဖြင့် အတွဲလိုက် အတွဲလိုက် ဟောပြခဲ့သည်။

တောနယ်များတွင် အလွန်ကြီးကျယ်စွာ ချမ်းသာသောသူများ ရှိသည်။ ထိုသူများသည် နောက်ဘဝက ဒါနပြုခဲ့သည်။ သို့ရာတွင် ပစ္စည်းတွေ များစွာရှိသော်လည်း လူချမ်းသာမှု မရချေ။ ရွှံ့ထဲ သွားရသည်။ သွားလျှင်လည်း လှည်းနှင့် သွားရသည်။ စားစရာ ရေခဲမုန့်၊ ကိတ်မုန့် စသည့် အဖိုးတန်ပစ္စည်းများ မရှိ။ သင့်တော်ရာနှင့်ပင် စားရသည်။ ဒါနပြု၍ သီလမရှိသောကြောင့် အေးအေးသက်သာ ချမ်းချမ်းသာသာ မနေရခြင်း ဖြစ်သည်။

မြို့ပေါ်တွင်ရှိသော စာရေးစာချီ၊ စက်ရုံအလုပ်သမားမှစ၍ ထိုအတန်းအစားမှာ နောက်ဘဝတုန်းက ဒါနမပြုခဲ့၍ ဆင်းရဲကြသည်။ သို့ရာတွင် သီလစောင့်ခဲ့၍ အရိပ်ထဲမှာ နေရသည်။ ဘတ်စ်ကားနှင့် သွားရသည်။ ရုပ်ရှင်ကြည့်ရသည်။ ကိတ်မုန့်စားရသည်။ ရုံးသမားများမှာ ပန်ကာနှင့် နေရသည်။ သီလအကျိုးကြောင့် သက်သက်သာသာ ငြိမ်းချမ်းစွာ နေရသည်။ သို့ရာတွင် သူတို့မှာ နောက်ဘဝက အလှူဒါန မရှိခဲ့သောကြောင့် ငွေကြေးမှာမူ ချမ်းသာမှု မရှိချေ။

မြို့ပေါ်ရှိ သူဌေးများမှာမူ နောက်ဘဝက အလှူဒါနလည်း ပြုခဲ့သည်။ သီလကိုလည်း ကောင်းစွာ စောင့်ထိန်းခဲ့သည့်အတွက် ငွေကြေးလည်း အလွန်ချမ်းသာသည်။ လူလည်း အေးအေးဆေးဆေး အအေးခန်းနှင့်နေ၍ ကားလည်း သုံးလေးစီးနှင့် ပူပင်စရာမရှိ။ စိတ်အေးလူအေးနှင့် နေရသည်။ ဤတရားမှာ အလွန်မှန်လှသည်။

ဒါန၊ သီလသည် ချက်ချင်း နိဗ္ဗာန်သို့ ပို့မပေးနိုင်။ နောင်သောအခါ၌ နိဗ္ဗာန်သို့ ရောက်နိုင်သည်။ ဘာဝနာမှာမူ ယခုအားထုတ်လျှင် ယခုဘဝတွင်ပင် သာသနာတော်တွင်း ကြုံကြိုက်၍ သောတာပန်ရဟန္တာအထိ ဖြစ်နိုင်သည်။

ယခုဘဝ မဖြစ်စေကာမူ သေသွားသောအခါ နတ်ပြည်သို့ ရောက်မည်။ နတ်ပြည်ရောက်လျှင် လူ့ဘဝက အားထုတ်ခဲ့သော ဝိပဿနာ ဘာဝနာဉာဏ်သည် ချက်ချင်း ပေါ်ပေါက် မှတ်မိလာသည်။ နတ်ပြည်ရှိ သုဓမ္မာဇရပ်တွင် အရိယာဖြစ်သော သောတာပန်နတ်များနှင့် အနာဂါမ်ဖြစ်သော ဗြဟ္မာမင်းတို့ တရားဟောသောအခါ တစ်ပုဒ်တစ်ဂါထာကို နာကြားရုံမျှနှင့် သောတာပန် ရဟန္တာဖြစ်ပြီး အပါယ်လေးပါးလွတ်ပြီး တစ်ဆင့်ထက်တစ်ဆင့် တက်၍ နောက်ဆုံးတွင် ရဟန္တာဘဝနှင့် နိဗ္ဗာန်သို့ စံဝင်သွားရသည်။

နိဗ္ဗာန်ရောက်ကြောင်း တရားတွင် ဝိပဿနာ ဘာဝနာသည် အမြန်ဆုံးအလုပ်ဖြစ်သည်။ ဝိပဿနာဘာဝနာမှာ ပညာစခန်း ဖြစ်သည်။ ဒါန၊ သီလ၊ ဘာဝနာမှာ သဒ္ဓါစခန်း ဖြစ်သည်။ နိဗ္ဗာန်ရောက်အောင် ဉာဏ်နှင့် တရားအားထုတ်မှ ရသည်။ ဤသုံးခု ပြည့်စုံလျှင် လူ့ဘောင်၌ အားလုံးပြည့်စုံသည်ဟု ဆိုရလိမ့်မည်။

**လမ်းသစ်စာအုပ်တိုက်**

ဗုဒ္ဓဘာသာတို့၏ အခြေခံပဓာနတရားသည် နိဗ္ဗာန်သို့ရောက်ရန် အကြောင်းရင်း ဖြစ်သည်။ ထို့ကြောင့် ဒါန၊ သီလ ဘာကိုလုပ်လုပ် နိဗ္ဗာန်သို့ရောက်ရန် ဆုတောင်းကြသည်။ ဤကဲ့သို့ ဆုတောင်းကြရာ၌ နိဗ္ဗာန်၏အရသာကို တကယ်သိသူ နည်းလှသည်။ အပါယ်လေးပါးမှ လွတ်သည်။ အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းရာ နိဗ္ဗာန်သာ ဖြစ်သည်ဟု ဤမျှလောက်သာ နားလည်ကြသည်။

ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ သစ္စာလေးပါး တရားကို နားလည်ဖို့ လိုသည်။ ထိုသစ္စာလေးပါးကို နားမလည်လျှင် နိဗ္ဗာန်၏ သဘောအရသာကို တကယ်ဖို့ရာ ခက်ခဲသည်။

## ဒုက္ခသစ္စာ၏ အနက်လေးချက်

(၁) ပိဠနဋ္ဌော၊ ကပ်၍နှိပ်စက်ခြင်း တရားတော်

လူတို့တွင် ရုပ်နာမ် နှစ်ပါး ရှိသည်။ သင်၏ လက်မောင်းကို ကိုင်ကြည့်ပါ။ ထိခံရသောအရာသည် ရုပ်ဝတ္ထု ဖြစ်သည်။ ထိခြင်းကို သိသောအရာသည် နာမ်ဖြစ်သည်။ မြန်မာလိုဆိုလျှင် ကိုယ်နှင့် စိတ် ဖြစ်သည်။ သူတို့နှစ်ခုက ဘယ်လိုနှိပ်စက်သည်ကို မစဉ်းစားလျှင် လုံးဝ နားမလည်နိုင်။ နာမ်က နှိပ်စက်သည်မှာ သူကလည်း အမျိုးမျိုး ဖောက်ပြန်သည်။ ဒီအဝတ်ကို မကြိုက်ဘူး၊ ဟိုအဝတ်မှ ကြိုက်သည်။ ဒီဟင်းကို မစားချင်ဘူး၊ ဟိုဟင်းမှ စားချင်သည်။ အဖြူကိုတော့ မကြိုက်ဘူး၊ အနီမှ ကြိုက်သည်။ လက်ဖက်ရည်ကိုတော့ မကြိုက်ဘူး၊ ကော်ဖီမှ ကြိုက်သည်။ တော်တော်ကြာ ဘုရားသွားချင်သည်။ တော်တော်ကြာ ရုပ်ရှင်ကြည့်ချင်သည်။ တော်တော်ကြာ ရေဒီယိုနားထောင်ချင်သည် စသည်ဖြင့် အမြဲတမ်း မအားနိုင်အောင် နှိပ်စက်သည်။

သူက သွားဆိုလျှင် သွားရသည်။ သူက မသွားချင်ဘူးဆိုလျှင် မသွားရ။ သူက အိပ်ချင်တယ်ဆိုလျှင် အိပ်ပေးရသည်။ သူကသွားလို့ခိုင်းရင် သွားကြရသည်။ ကားနှင့်သွားတာနေးလို့ လေယာဉ်ပျံနှင့်တောင် သွားကြသည်။ စိတ်က ခိုင်းပြီဆိုလျှင် သေချင်သေသွားကြသည်။ ဒါကြောင့် ပီဠနဋ္ဌော၊ ညှာတာမဖက် အမြဲနှိပ်စက်သော တရားတော်ဖြစ်သည်။ စိတ်၏ အကြိုက်ကိုသာ လူတိုင်း လိုက်ကြရသည်။ အဝတ်ဆိုလည်း သူကြိုက်တာ ဝယ်ပေးရသည်။ သူမကြိုက်တာ ဝယ်ပေး၍မဖြစ်။ ဟင်းချက်လျှင်လည်း သူကြိုက်တာ ချက်ပေးရသည်။ သူမကြိုက်တာ ချက်ပေး၍မဖြစ်။ သူ့အလိုလိုက်ရတာ လူတိုင်း မအားရပေ။

ဒီကားမှ ကြိုက်သည်။ ဟိုကားတော့ မကြိုက်ဘူး စသည်ဖြင့် မအားရပေ။ သူလိုချင်တာရအောင် လူတိုင်းမှာ အိပ်သည့် အချိန်ကလွဲ၍ အားသည်မရှိ။ အလုပ်နှင့်လက်မပြတ် လုပ်ပေးရသည်။ မောလို့သာ အိပ်ရသည်။ လိုချင်တာက မပြီးသေး။ နောက်တစ်နေ့ကျလည်း လိုလာဦးမည်။

အဘိုးကြီး အဘွားကြီးတွေ ဖြစ်တယ်လို့ ညှာမလား မညှာဘူး။ သွားသာသွား

ဒီတိုင်းမသွားရင် တောင်ဇေးထောက်သွား။ သွားနိုင်တုန်းသွားဟဲ့ဟု နောက်ကနေပြီး နာမ်က ခိုင်းနေသည်။ သွားရသည်။ ဘိုင်းဘိုင်းလဲသေစေ စိတ်အလိုကတော့ မပြည့်၊ အမြဲတမ်း ခိုင်းစေနေမည်။

သူခိုင်းလျှင် မိုးရွာထဲလည်း သွားရသည်။ နေပူထဲလည်း သွားရသည်။ မသွားဘဲ မနေနိုင်။ တော်တော်ကြာ ဒီအလုပ်မကြိုက်ဘူး ဟိုအလုပ် ပြောင်းစမ်းခိုင်း၍ ပြောင်းရပြန်သည်။ ဒီအိမ်မနေချင်ဘူး ဟိုအိမ်နေချင်တယ်ဆို၍ ပြောင်းရပြန်သည်။ ပင်ပန်းနေတာပဲ။ ဟိုသွားလိုက်ဆိုလည်း သွားရသည်။ ဒီသွားလိုက်ဆိုလည်း သွားရသည်။ တစ်နေ့လေးငါးဆယ်မျိုး ခိုင်းနေသည်။ သူခိုင်းသလောက်ကိုလည်း လုပ်နေရသည်။ ဤကဲ့သို့ စိတ်က ဖောက်ပြန်ပြီး ဒုက္ခပေးနေတာကိုလည်း စဉ်းစားဉာဏ်ရှိသူမှ သိသည်။ စဉ်းစားဉာဏ်မရှိလျှင် ငါသွားလိုက်တာ အကြံအောင်ခဲ့တယ်။ ငွေ ဘယ်လောက် မြတ်ခဲ့တယ် စသည်ဖြင့် မသိတော့ ဝမ်းသာမှုပင် ရှိနေသေးသည်။

ဤကဲ့သို့ ဒုက္ခသစ္စာတရားကို မသိလျှင် မဆင်ခြင်လျှင် လုံးဝမသိနိုင်။ ငါ စိတ်အလို မလိုက်တော့ပါဘူးဟု သာမန်လူတို့ မလုပ်နိုင်။ စဉ်းစားသောသူ၊ တရားအားထုတ်သော သူကသာ စိတ်၏ဖောက်ပြန်မှုကို တွေ့ရသည်။ ဖြစ်ပျက်ခေါ်သည်။ အလှူကြီးအတန်းကြီး ပေးနေတာပင် သေရင် နတ်ပြည်ရောက်ဖို့ သူ့အကြိုက် လိုက်လုပ်နေရခြင်း ဖြစ်သည်။ ထို့ကြောင့် လူကိုထပ်၍ နှိပ်စက်သော နာမ်ဖြစ်သည်။ ပန်းအိုးလေးထားတာပင် သူက မကြိုက်။ ဟိုနေရာ ရွှေ့ဆိုလျှင် ရွှေ့ရသည်။ သူကြိုက်လျှင် ဘယ်သူမှ ငြင်း၍ မရပါ။ ဒီအဝတ် လဲလိုက်ဆိုလျှင် လဲရသည်။ ဒီဟင်းခွက် နှိုက်လိုက်ဆိုလျှင် နှိုက်ရသည်။ ဒီပန်းကန်ကြီးနဲ့ မစားချင်ဘူး၊ ဟိုပန်းကန်ကြီးနဲ့ စားချင်တယ်ဆိုလျှင် လုပ်ပေးရသည်။ အထည်အမျိုးမျိုး၊ အဝတ်အမျိုးမျိုးကိုလည်း ဝယ်ပေးရသည်။ သူ့အကြိုက်ချည်း ပြုပြင်နေရ၍ မည်သူမှ အားသည်မရှိပေ။ သူ့အကြိုက်ချည်းလိုက်ပြီး အမျိုးမျိုးဖောက်ပြန် လုပ်ကိုင်ပေးနေရသည်။ ဒါကို နှိပ်စက်ပုံ ပေါ်လာသည်။

တစ်ဖန် ရုပ်ကိုလည်း ကြည့်ပါဦး။ ရုပ်ကလည်း ဖောက်ပြန်လိုက်သည့်ဖြစ်ခြင်း။ တော်တော်ကြာ ပူပြန်ပြီ၊ အေးပြန်ပြီ၊ ကိုက်ပြန်ပြီ၊ ခဲပြန်ပြီ၊ ထမင်းဆာပြန်ပြီ၊ အိုက်လွန်းလို့ ရေချိုးရပြန်သည်။ ထမင်းဆာလို့ ထမင်းကျွေးရပြန်သည်။ ထမင်းစားပြီးတော့ ကျင်ကြီး ကျင်ငယ်ကိစ္စ ပေါ်လာပြန်သည်။ တော်တော်ကြာ နေ့လယ်ကျ ကော်ဖီသောက်ရပြန်သည်။ ညနေကျ ထမင်းစားပြန်သည်။ ဘယ်လိုလုပ် ဖျားသည်၊ နာသည်၊ ကိုက်သည်၊ ပူသည်၊ ခဲသည်၊ ထုံသည်၊ ကျင်သည်၊ အမြဲတမ်း ရောဂါတစ်ခုခု ရှိနေသည်။

မြတ်စွာဘုရားက ခန္ဓာကိုယ်ရှိပြီး ကျန်းမာသည်ဟုဆိုလျှင် သူမိုက်ဟု ဟောတော်မူသည်။ ခန္ဓာကိုယ်လည်း အမြဲပြုပြင်ရသည်။ ရေချိုးရသည်။ ထမင်းစားရသည်။ သနပ်ခါးလိမ်းရသည်။ ဆေးပုလင်းအမျိုးမျိုးနှင့်လည်း ဟိုရောဂါဖြစ်လို့ သောက်ရ ဒီရောဂါဖြစ်လို့ သောက်ရနှင့် အိမ်တိုင်းမှာ ဆေးပုလင်း ရှိနေတယ်။ သူက ဖောက်ပြန်မှုကို အမြဲတမ်း လက်ခံတယ်။ ဝမ်းရောဂါလာလည်း လက်ခံတယ်။ ပလိပ်ရောဂါလာလည်း လက်ခံတယ်။

အမြဲတမ်း ဖောက်ပြန်တယ်။ ပြီးတော့ အစိုးမရဘူး။ မဖျားချင်ဘဲ ဖျားရတယ်။ ရုပ်က နှိပ်စက်တာကလည်း အချိန်မအားရဘူး။ တစ်နေ့လုံးပဲ သူ့ကို ပြုပြင်နေရတာလည်း တစ်သက်လုံးပဲ။ နံနက်စာ စားရပြန်သည်။ ညစာတစ်ခါ စားရပြန်သည်။ ဝသွားသည် မရှိ။ ရေတစ်ခါ ချိုးရပြန်သည်။ နောက်တစ်ခါ ချိုးရပြန်သည်။ ရေချိုးလို့လည်း ဝသွားသည် မရှိ။

ရောဂါအမျိုးမျိုး၊ ခန္ဓာကိုယ်ထဲ၌လည်း ပိုးအမျိုးမျိုးတို့ဖြင့် အမြဲဒုက္ခပေးသည်။ ရုပ်တရားဟာ အမြဲဖောက်ပြန်သည်။ တော်တော်ကြာ ခြေဖျားလက်ဖျား အေးရ၊ တော်တော်ကြာ ခေါင်းကိုက်ရ၊ ဗိုက်နာရ၊ လေထိုးရ၊ ထုံကျင်ရ စသည်ဖြင့် လွတ်တယ်လို့ မရှိ။ နေမိမင်း ဇာတ်တော်မှာ လူ့ဘုံ နတ်ဘုံတို့သည် ပြိတ္တာဘုံနှင့် ထူးမခြားဖြစ်သည်။ ပြိတ္တာတို့မှာ ရေမသောက်ရ၊ ထမင်းမစားရ အမြဲတမ်း ငတ်နေသည်။ ရေပေးပါ၊ ထမင်း ပေးပါဟု အမြဲတမ်း တောင်းနေရသည်။ ဝင္ခံနေရသည်။ မစားရဘူး။ အမြဲတမ်း ဆာလောင်နေတတ်သည်။

လူနှင့် နတ်ကတော့ စားရသည်။ ဘယ်တော့မှ ဝသွားသည်မရှိ။ ထမင်းစား၍ ဝသွားသည်မရှိ။ ရေချိုး၍ ဝသွားသည်မရှိ။ ရုပ်ရှင်ကြည့်၍ ဝသွားသည်မရှိ။ ရုပ်ရှင် ကြည့်ပြီး အသစ်လဲက ကြည့်ရပြန်သည်။ လူ့ဘဝမှာ ဝသည်ဟူ၍ မရှိ။ အမြဲတမ်း လိုနေသည်။ နံနက်စာ စားပြီး ညစာ စားရပြန်သည်။ ရေငတ်ပြန်သည်။ ရေသောက်ရ ပြန်သည်။ တော်တော်ကြာ ကျင်ကြီးကျင်ငယ်ကိစ္စတွေ ပေါ်လာပြန်သည်။ တော်တော်ကြာ ညောင်းသည်၊ ကိုက်သည် ဖြစ်လာပြန်သည်။

အလုပ်နှင့်လက် ပြတ်သောသူဟူ၍ မရှိ။ သေချင်စော် နံအောင်ပင် ငြီးငွေ့ လာသည်။ အလွန် ချမ်းသာသောသူများပင် ကြီးလာတော့ စိတ်ညစ်လာသည်။ ကောင်းကောင်း မနေရ၊ အလုပ်နှင့်လက် မပြတ်ဟု စိတ်ပျက်လာသည်။ "ဋ္ဌမေ ခန္ဓာသမော၊ ဒုက္ခောနာမနတ္ထိ၊ ဤခန္ဓာကိုယ်နှင့် တူသော ဆင်းရဲခြင်း မရှိ"ဟု ဘုရားဟောတော်မူ သည်။ သစ္စာလေးပါးသိမှ နိဗ္ဗာန်ကို လိုချင်သည်။ နိဗ္ဗာန်ရောက်ကြောင်း တရားသည် ဉာဏ်အလုပ် ဖြစ်သည်။ ဉာဏ်ဖြင့် စဉ်းစား၍ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဆိုသည့်အတိုင်း ဉာဏ်ဖြင့် သက်ရောက်မှသာ သိနိုင်သည်။ လူသာမန်တို့ မြင်နိုင်ခဲသည်။ ထို့ကြောင့် လူတွေ သတ္တဝါတွေမှာ ဘဝ၌ ကျင်လည်ပြီး လူဖြစ်လိုက်၊ နတ်ဖြစ်လိုက်၊ ခွေးဖြစ်လိုက်၊ ငရဲအိုးထဲ ရောက်လိုက်နှင့် လည်နေသည်။ ဤရုပ်နာမ်နှစ်ပါးက ကပ်၍ နှိပ်စက်သည်ကို မမြင်ဘဲ ရုပ်နာမ်နှစ်ပါးကို စွဲလမ်းမှုကြောင့် အကုသိုလ်တွေ လုပ်ကြရသည်။ ဤကား သစ္စာအနက် ၁၆ ချက်တွင် ဒုက္ခသစ္စာ၏ ပထမအချက်ဖြစ်သော ပီဠနဋ္ဌောကပ်၍ နှိပ်စက်ခြင်း တရားတော် ဖြစ်သည်။ ထပ်ခါထပ်ခါ ဆင်ခြင်ကြည့်ပါ။ မြင်လာပါလိမ့် မည်။

ဤကား ပီဠနဋ္ဌော – ညဥ့်နေ့မခြား အခါမစဲ ဆင်းရဲခပင်းတို့ဖြင့် ညှဉ်းပန်း နှိပ်စက်သော ဒုက္ခအကြောင်းပင် ဖြစ်သည်။

## သစ်တဗ္ဗော

(၂) သစ်တဗ္ဗော – ကံ၊ စိတ်၊ ဥ၊ ဟာ ကြောင်းလေးဖြာတို့သည် ပေါင်းကာ ပြုပြင် စီရင်ခံရသော ဒုက္ခ၊ တစ်နည်းအားဖြင့် သစ်တဗ္ဗော တဏှာ ယောက်ျား လက်သမား၏ ဆိုးဝါးယုတ်မာ ပြုပြင်ရာကို ရုံခါမသွေ အမြဲခံနေရတဲ့ သဘောသည် သစ်တဗ္ဗော၏ အဓိပ္ပာယ်။

သစ္စာ တရားနာမှုနဲ့ ခန္ဓာကိုယ် နှလုံးသွင်း မှန်ကန်ပြီး ဒီနှစ်ပါးနှင့် ပြည့်စုံလျှင် သောတာပန် ဖြစ်နိုင်သည်။ နိပ်စက်ထားမည့်သူက နိပ်စက်ပါသလားဟု မေးခွန်းထုတ်လျှင် မိမိဆုတောင်းယူခဲ့သော ရုပ်နာမ်နှစ်ပါးက နိပ်စက်ခြင်းပင် ဖြစ်သည်။ နိပ်စက်တဲ့သဘော မသိတော့ ဆုတွေ တောင်းခဲ့သည်။ လူဖြစ်ရပါလို၏။ နတ်ဖြစ်ရပါလို၏။ ဗြဟ္မာ ဖြစ်ရပါလို၏ ဆုတောင်းရင်း ရုပ်နာမ်ရလာသည်။ ရုပ်နာမ်ရလျှင် ဉာတာမဖက် နိပ်စက်ခံရမှာပဲ။ သစ္စာမသိလို့ ရုပ်နာမ်ကို လိုချင်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့ မျက်ရည်သည် အဖေသေလို့ ငိုရတာ၊ သားသမီးသေလို့ ငိုရတာ သမုဒ္ဒရာလေးစင်းရေထက် များလှသည်။ ပေဋကော၊ ပဒေသကျမ်းက သစ္စာသိ၊ သစ္စာနှလုံးသွင်း၊ သောတာပန်ဖြစ်ရမယ်လို့ သေသေချာချာ ရှင်းပြထားသည်၊ သစ်တုံးတစ်ခု ရေထဲမှာရှိတယ်။ ဒီသစ်တုံးကို ရေထဲက ဆယ်ပါ။ ခြောက်အောင် နေလှမ်းပါ။ ခြောက်လျှင် မီးရှို့သောအခါ လောင်လိမ့်မည်။ အစိုကို မီးရှို့လျှင် မလောင်နိုင်ပေ။ သစ္စာတရားနာနေတဲ့အခါ ကိလေသာက ခြောက်နေသည်။

ဒါနပြုလို့ နတ်ပြည်ရောက်တော့ ဘယ်လောက် ကောင်းမတုန်း၊ သီလကောင်းလျှင် အသက်ရှည်လိမ့်မည်။ ကိလေသာ ခြောက်မခြောက် စဉ်းစားကြည့်၊ ကိလေသာ မခြောက်၊ ပွားလာသည်။ ရုပ်နာမ်ဆိုတာ ဒုက္ခပေးတဲ့ တရားပါလားလို့ နှလုံးသွင်းနေလျှင် ကိလေသာ ခြောက်နေသည်။ ရုပ်နာမ်တို့သည် ခဏခဏဖြစ်သည်။ ပျက်သည်။ တရားအားထုတ်ကြည့်လျှင် သိသည်။ ဒီရုပ်နာမ်ဟာ မမြဲဘူးဆိုတာ သိလာသည်။ နဂိုက ခြောက်နေတာ မီးရှို့လိုက်လျှင် မီးလောင်ပျောက်သွားတယ်။ ခြောက်နေသော သစ်တုံး မီးရှို့ရင် ပြာကျသွားတယ်။

လူတို့မှာ သွားမှုလာမှု၊ ရောင်းမှု၊ ဝယ်မှု ရုပ်စဲလို့ရသလား၊ လူတို့ဒဏ် ခံနေရသည်။ ရုပ်နာမ်နှစ်ပါး ရထားလို့ သွားရတယ်ဆို သူတို့နိပ်စက်လို့၊ လာရတယ်ဆို သူတို့နိပ်စက်လို့ ဆိုတာကို သစ္စာတရားနှင့် ကြည့်မှ သိသည်။ ဒီလိုနိပ်စက်တဲ့ ရုပ်နာမ်ကို မလိုချင်တော့ဘူးဆိုလျှင် ဒုက္ခသစ္စာချုပ်သွားခြင်းပင် ဖြစ်သည်။ ရုပ်နာမ်ကို လိုချင်သော တရား မရှိတော့ပေ။ ဒုက္ခသစ္စာ ချုပ်ခြင်းသည် မဂ်တရားရောက်ခြင်း ဖြစ်သည်။ ရုပ်နာမ်နှစ်ပါးကို မလိုချင်ကတည်းက မဂ္ဂင် ဖြစ်လာသည်။ ခဏခဏ ဖြစ်ပျက်နေတဲ့ ဒုက္ခကင်းရာ ဖြစ်ပျက်ချုပ်ငြိမ်းရာ၊ ချုပ်ရာ ရောက်သွားပြီး ဖြစ်ပျက်မရှိသော နိရောဓ သစ္စာ၊ နိဗ္ဗာန်ကိုရောက်ခြင်း ဖြစ်သည်။ သခါရတရား ဖြစ်သည်။ ရုပ်နာမ်နှစ်ပါးဖြစ်ပျက်ကို ရှုနေခြင်းသည် ဝိပဿနာဖြစ်သည်။ ဒီဖြစ်ပျက်တွေ ချုပ်သွားသောအချိန်မှာ မဂ်သို့

ရောက်သွားသည်။ ထို့ကြောင့် သောတာပန်ဖြစ်လိုလျှင် မိမိရုပ်နာမ်နှစ်ပါး ဖြစ်ပျက်ကို ကြည့်။ ဖြစ်ပျက်ကို မှန်းအောင်ကြည့်၊ ဖြစ်ပျက်တွေဆုံး၍ ချုပ်သွားသည်အထိ ကြည့် ဤသုံးမျိုးပင် ဖြစ်သည်။ ရုပ်နာမ်ခဏခဏ ဖြစ်ပျက်တာမြင်လျှင် နိဗ္ဗန္ဒဉာဏ်ရောက်ပြီး ရုပ်နာမ်ကို ငြီးငွေ့လျှင် တပ်မက်ခြင်း မရှိတော့ပေ။ တပ်မက်ခြင်းကုန်သွားလျှင် မဂ်သို့ ရောက်သည်။ ရုပ်နာမ်နှစ်ပါးကို မလိုချင်ဘူးဆိုကတည်းက တဏှာနှင့် ဝေးသွားသည်။ သတိပဋ္ဌာန် လေးပါး တစ်ပါးပါး ကြိုးစား၊ ရုပ်နာမ် မလိုချင်လျှင် အောင်မြင်သွားသည်။ ကိလေသာခြောက်မှ နိဗ္ဗာန်ရောက်သည်။ ဆုတောင်းတုန်းက လူ့ပြည်၊ ဗြဟ္မာပြည်၊ နိဗ္ဗာန် ရောက်လိုပါ၏ဆိုလျှင် တဏှာတွေ ပါနေသည်။ ထင်းတုံးအစိုကြီး မီးရှို့၍ ပြာမဖြစ်နိုင်။ ဤရုပ်နာမ်နှစ်ပါးတို့ကို ကံ၊ စိတ်၊ ဥတု၊ အာဟာရတရား၊ သင်္ခါရတရား လေးပါးတို့က အမြဲပြုပြင် နှိပ်စက်ခြင်းဖြစ်သည်။ ထို့ကြောင့် သခ်ဌ္ဌော၊ တဏှာယောက်ျား လက်သမား၏ ဆိုးဝါးယုတ်မာ ပြုပြင်ရာကို ရုံခါမသွေ့ အမြဲခံနေရပေ၏။ လူဖြစ်ဖြစ်၊ နတ်ဖြစ်ဖြစ် ရုပ်နာမ်ရှိလျှင် နှိပ်စက်ခံရမှာ သေချာသည်။ ဇာတိမီး၊ ဇရာမီး၊ ဗျာဓိမီး၊ မရဏမီး၊ မီးတွေ အလောင်ခံနေရသည်။ ဒီရုပ်နာမ်နှစ်ပါးဟာ ဇာတိ၊ ဇရာ၊ ဗျာဓိ စသော မီးတို့၏လောင်စာ ဖြစ်သည်။ သေချင်းဆိုးနှင့် သေရပါလို၏ အဓိပ္ပာယ်ရောက် သည်။

ရုပ်နာမ်နှစ်ပါးကို တဏှာက ပြုပြင်သလို ခံရသည်။ သေဆိုလျှင် သေရသည်၊ အမိဝမ်းခေါင်းထဲသွား ထောင်ကျဆိုလျှင် ထောင်ကျသည်။ ခြေလေးချောင်းနှင့် ဖြစ်ဆိုလျှင် ဖြစ်ရသည်။ ခြေနှစ်ချောင်းနှင့် ဖြစ်ဆိုလျှင် ဖြစ်ရသည်။ ဒုက္ခမျိုးစုံကို ပေးနေတာ ဤတဏှာပင် ဖြစ်သည်။ နေပူမရှောင်၊ မိုးရွာမရှောင် လုပ်ကြရသည်။ မလုပ်ဘဲနေနိုင် သလား၊ သူခိုင်းတာ သွားရသည်။ ထို့ကြောင့် ဘုရားက ဤရုပ်နာမ်နှစ်ပါး တဏှာကို ပယ်ရမည်၊ တရားဟောတော်မူသည်။ ဒါနတွေပြုလျှင် နတ်ပြည်ရောက်လိုက်၊ လူ့ပြည် ရောက်လိုက်၊ ရှင်ဘုရင်ဖြစ်လိုက်၊ သိကြားမင်းဖြစ်လိုက် စသည်ဖြင့် ကိလေသာ အားပေးမှု တွေ ဖြစ်သည်။ ထင်းတုံးအစိုကြီးကို မီးရှို့၍မရနိုင်။ သစ္စာတရားကိုနာမှ သစ္စာတရားကို သိမှ ထင်းတုံးအခြောက်ဖြစ်၍ မီးရှို့လျှင် ပြာကျသွားနိုင်သည်။ ဒါန သီလ ပြုရာ၌ နောက်ဘဝ ကောင်းစားရေး၊ လူချမ်းသာ၊ နတ်ချမ်းသာဖြစ်ရေး ပါနေလျှင် သံသရာ၌ တဝဲလည်လည် ဖြစ်မည်။ ချက်ချင်း နိဗ္ဗာန်လိုချင်တဲ့စိတ်နဲ့ သံသရာဝဋ်ဆင်းရဲမှ လွတ် လိုမှုနှင့် ပြုမှသာလျှင် နိဗ္ဗာန်ကို မြန်မြန်ရောက်နိုင်သည်။ ထို့ကြောင့် ဒုက္ခသစ္စာခြောက်တဲ့ အလုပ် လုပ်ရသည်။ ဒုက္ခသစ္စာ ကြီးကြီးကျယ်ကျယ်တွေဖြစ်အောင် လုပ်နေလျှင် ပို၍ ဆိုးသည်။ ရုပ်နာမ်နှစ်ပါးကို တဏှာက ချယ်လှယ်ပုံ ကြည့်။ ဘယ်ကုန်ရောင်းလိုက်၊ ဘယ်ကုန်ဝယ်လိုက်၊ ဘယ်လိုဖြစ်လိုက်၊ ဘယ်လိုပြောလိုက်၊ ဘယ်လိုဆိုလိုက်၊ ဘယ်လို ထိုင်လိုက်၊ သူခိုင်းသမျှ လုပ်နေရသည်။ တောင်ဘက်က ဈေးကောင်း တောင်ဘက် သွားရောင်းရ။ မြောက်ဘက်က ဈေးကောင်း မြောက်ဘက်သွားရောင်းရ။ မင်းဘေး စိုးဘေး သူခိုးဘေး ဓားပြဘေးထဲ ပြေးကြရသည်။

**လမ်းသစ်စာအုပ်တိုက်**

အန္တရာယ်ဘေး ရှစ်ပါးနှင့် မကင်းနိုင်။ မကင်းနိုင်ပေမယ့် တဏှာက အတင်းခိုင်းသည်။ မွေးတစ်နေ့ သေတစ်နေ့ သွားပါကွာဟု ခိုင်းသည်။ ဒီဘဝတွင် အပြေးအလွှား လုပ်စားရတဲ့ ခန္ဓာကိုယ် ဖြစ်ရပါလို၏ ဖြစ်နေသည်။ အိုမရှောင် ပျိုမရှောင် တဏှာ ခိုင်းသည်။ မျက်စိမှုန်နေလျှင် မျက်မှန်တပ်လုပ်ဟု ခိုင်းသည်။ မသွားနိုင်လည်း တောင်ဝှေးနှင့်သွားဟု ခိုင်းသည်။ ခန္ဓာကိုယ်ကြီးကို တဏှာက ချမ်းသာမပေး။ တဏှာကခိုင်းလျှင် နေမကောင်းပေမယ့် မသွားလို့မဖြစ်၊ သွားမြန်မြန်၊ ကပျာကယာ ဆေးထိုး၊ ဆေးထိုး မနေမြောနဲ့၊ မြန်မြန်သွားဖို့ အရေးကြီးတယ်။ ဒီခန္ဓာကိုယ်ကြီး အပြေးအလွှား မလွှားရတဲ့ အချိန်ရှိသလား စိတ်အိုက်ပူနှင့် အမြဲနေတယ် မဟုတ်လား။

ဒီလိုကြည့်မှ တရားနှင့် မြင်သည်။ တဏှာကျွန်ချည့်ပဲ သိဖို့ဖြစ်သည်။ ဒီလိုနဲ့ သွားရင်းလာရင်း လုပ်ရင်းကိုင်ရင်း သေသွားကြသည်။ ဒီဘဝ လုပ်စရာကုန်ပြီဆိုတာ ရှိသလား၊ တန်းလန်းနှင့် သေသွားကြသည်။ တဏှာကျွန်စာရင်းက လွတ်ကင်းမှု မပါချေ။ နောက်ဘဝ ရုပ်နာမ်ရဦးမည်။ တဏှာကျွန် ခံရဦးမည်။ ထို့ကြောင့် တဏှာယောကျ်ား လက်သမား၏ ပြုပြင်သမျှ ခံရသည်ဟု ဘုရားက ဟောခြင်း ဖြစ်သည်။ တဏှာကို အလွန် ကြောက်ရသည်။ သွားဆိုလျှင် ရေကြောင်း ကုန်းကြောင်း လေကြောင်း သွားရသည်။ ရေကြောင်း မသွားချင်ဘူး၊ ဒါပေမယ့် သွားသာသွားလို့ သူက ခိုင်းသည်။ လမ်းမှာ သူပုန်တွေ၊ ဓားပြတွေရှိတယ် မသွားပါရစေနဲ့ဆိုလို့ မရ။ မွေးတစ်နေ့ သေတစ်နေ့ ကွာ သွားသာသွားဟု သူက စီမံရာ ခံကြရသည်။

ကုသိုလ်လေးလုပ်တာပင် ကောင်းကောင်းလှူမှ နောက်ဘဝ ကောင်းကောင်း ရမယ်ဟော့ဟု တဏှာက ဦးစီးထားသည်။ လှူရန်တန်းရန် ဝယ်တာကိုပင် လှလှလေး ဖြစ်အောင်ဟု နောက်ဘဝခံစားမှု တဏှာက ပါနေသည်။ ဒီဒုက္ခရောက်သော ခန္ဓာကိုယ် ကြီးကို မလိုချင်တော့ဘူးဟု စိတ်ထဲ ပေါ်လာမှ ဒီတဏှာတွေ အေးသွားခြင်း ဖြစ်သည်။ ဒုက္ခမှလွတ်ရန် လှူတန်းခြင်းသည်သာ ကောင်းသော လှူတန်းခြင်း ဖြစ်သည်။ ထို့ကြောင့် ဝဋ်ဆင်းရဲကို ကြောက်လန့်သော အသိဉာဏ်ဖြင့် နိဗ္ဗာန်ကို ရည်စူးမှသာ ခန္ဓာမရှိရာ ရောက်မည်။ ဤကဲ့သို့ မြင်လာမှ ဘာဝနာမယဉာဏ် ပေါ်လာ၍ ဒုက္ခမှ လွတ်နိုင်သည်။

ဒီခန္ဓာကိုယ်ကြီးဟာ ၉၆ ပါးရောဂါ လာသမျှ လက်ခံသည်။ ဒီတော့ နှိပ်စက်ဖို့ ဖြစ်လာတာ သေချာသည်။ နေပူလည်းခံ မိုးရွာလည်းခံ ဝမ်းလျှောလည်းခံ ကျောက်ပေါက် လည်းခံ မျက်စိနာလည်းခံ သွက်ချာပါဒ၏လာလည်းခံ စသည်ဖြင့် နှိပ်စက်ခံဖို့ ဖြစ်လာ သည်။ ဤခန္ဓာကိုယ်ကြီး အနှိပ်စက်ခံရတယ်။ ဒုက္ခသစ္စာကို သိမှ သမ္မာဒိဋ္ဌိ အမြင်မှန် ရလာသည်။ သတိပဋ္ဌာန်လေးပါး တစ်ပါးပါးကို ရှုပွားအားထုတ်သော သူမှသာလျှင် ဒီဒုက္ခတွေကို မြင်နိုင်သည်။

ဤကဲ့သို့ အမျိုးမျိုး ဖောက်ပြန်နေသော မမြဲသောတရားကို တွေ့ပြီးလျှင် ထပ်ခါ ထပ်ခါ ပွားများလာခြင်းဖြင့် နောက်ဆုံး၌ မဂ်သို့ ရောက်နိုင်သည်။ ဤခန္ဓာကိုယ်ကြီးတွင် အဖြစ်အပျက်မှတစ်ပါး ဘာမှမရှိကြောင်း မြင်လာသည်။ သစ္စာသိသော ဉာဏ်ဖြစ်ပြီး

ဉာဏ်ထက်လာသည်။ ဒါကြောင့် ဒုလ္လဘငါးပါးတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကို နာရခြင်းသည် ခက်ခဲခြင်းတစ်ပါးဟု ဘုရားဟောတော်မူသည်။

သံသရာဘေးကို ကြောက်မှ သစ္စာနိုင်၍ ကိလေသာ ခြောက်သည်။ သစ္စာဆက်ပွားလျှင် မဂ်သို့ ရောက်သည်။ သာသနာငါးထောင်အတွင်း တရားအားထုတ်သူတွေရှိက ဘယ်အခါမဆို ရဟန္တာဖြစ်နိုင်သည်ဟု သုသဒ္ဒါရဟန်းအား မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူကာနီးတွင် နောက်ဆုံး ဟောကြားတော်မူခဲ့သည်။ ယခုဘဝတွင် သောတာပန်ဖြစ်ရန် သာဝကဆုမှာ ပါရမီမလိုဟု ဆရာသမားများက ဆိုသည်။ ဤဘဝတွင်ပင်ရနိုင်သည်။ ဤဘဝတွင် မရလျှင် ဒီဘဝမှ သေလွန်သောအခါ နတ်ပြည်၌ တရားတစ်ပုဒ်နာရုံမျှနှင့် သောတာပန် ဖြစ်နိုင်သည်။

ထို့ကြောင့် မြတ်စွာဘုရား တရားဟောတော်မူရာတွင် အစီအစဉ်အတိုင်းဆိုလျှင် ဒါနကထာ သီလကထာ သဂ္ဂကထာ မဂ္ဂကထာ လေးဆင့် ဟောထားတော်မူသည်။ ဒါနပြု ချမ်းသာမည်။ ချမ်းသာသော်လည်း မပြီးသေး အသက်ရှည်ဖို့ လိုသည်။ သီလပြုအသက်ရှည်မည်။ ဒါနပြုလျှင် နတ်ပြည်ရောက်မည်။ နတ်ချမ်းသာဖြစ်မည်။ သို့ရာတွင် နတ်ဘဝ ဗြဟ္မာဘဝလည်း မမြဲသေး။ ဝိပဿနာတရား သစ္စာတရားနာ၍ အားထုတ်မှ အိုခြင်း နာခြင်းကင်းရာ နိဗ္ဗာန်သို့ ရောက်မည်ဟု တစ်ဆင့်တစ်ဆင့် ဟောကြားတော်မူသည်။

နတ်ဖြစ်တာ လူဖြစ်တာ ရုပ်နာမ်နှစ်ပါးဆိုတဲ့ ဒုက္ခက ရှိနေသည်။ ဒီရုပ်နာမ်နှစ်ပါး ချုပ်သွားမှ အိုဘေး နာဘေး သေဘေးတွေက လွတ်ပြီး နိဗ္ဗာန်သို့ ဝင်သွားသည်။ သစ္စာနာမှုမရှိဘဲ နိဗ္ဗာန်သို့ မရောက်နိုင်။ စိန်တွေ ရွှေတွေ မြတွေရှိသော်လည်း ရောဂါတစ်ခု ဖြစ်လာလျှင် ခံရသည်။ အိုခြင်းတရားကိုလည်း မပယ်နိုင်။ နာခြင်းတရားကိုလည်း မပယ်နိုင်။ သေခြင်းတရားကိုလည်း မပယ်နိုင်။ သစ္စာကိုသိ၍ သစ္စာအလုပ် လုပ်မှသာ ဤအိုခြင်း နာခြင်း သေခြင်း ဆိုသော မီးငြိမ်းခြင်းကို ရောက်မည်။ ထို့ကြောင့် နိဗ္ဗာန်မရောက်မချင်း ရုပ်နာမ်နှစ်ပါးရှိသမျှ သန်္တဒ္ဓော ကံ စိတ် ဥတု အာဟာရ သင်္ခါရ တရား လေးပါးတို့က အမြဲနှိပ်စက်ခံရသော ဒုက္ခနှင့် နေကြရလိမ့်မည်။

## သန္တပဒ္ဓော အနက်တရားတော်

(၃) သန္တပဒ္ဓော – ဒုက္ခ၊ ဒုက္ခ စသည်ပြားလျှင် ဆင်းရဲခြင်းတို့ဖြင့် အတင်းပူလောင်စေတတ်သော အနက်။

မဂ်ဖိုလ်ရအောင် မဂ္ဂင်ရှစ်ပါးကို ပွားများရမယ်။ တရားနာတယ်ဆိုတာ စကားပြောနေတာ မဟုတ်ဘူး။ သတိပဋ္ဌာန်လေးပါး ရှိတယ်။ တစ်ပါးပါးကို စိုက်ပြီးသကာလ ရုပ်နာမ်နှစ်ပါး ဖောက်ပြန်တာလို့ မှတ်ရှုပွားများနေခြင်းကို မဂ်လို့ ခေါ်တယ်။ ထို့ကြောင့် နိဗ္ဗာန်ကို ဒီဘဝရလိုလျှင် ဆုတောင်းနေရုံနှင့်မပြီး တရားကို ပွားမှရသည်။ ပွားများမှု အလုပ်သာလျှင် ကောင်းဟုတ်သည်။ ဝေဒနာတွေ့လျှင်လည်း ဝေဒနာပျက်သွားတာကို

စောင့်ပြီး ရှုရတယ်။ စိတ်ကိုတွေ့လျှင်လည်း စိတ်ကလေးက မမြဲဘူး၊ အမြဲတမ်း ဖြစ်တည် ပျက်နေတာ ရှုရတယ်။ မမြဲတာတွေ့မှ အနိစ္စပါကလားဟု သိမည်။ ထပ်ကာထပ်ကာ ပွားရမည်။

ဤကဲ့သို့ ပွားများမှု အချိန်တွေ များလာသောအခါ ဒီတစ်ကိုယ်လုံးသည် အဖြစ် အပျက်မှတစ်ပါး ဘာမှမရှိပါကလားဆိုပြီး အဖြစ်အပျက်မြင်တဲ့ဉာဏ် ထွက်လာလိမ့်မည်။ ကြည့်ပါများတော့ ဖြစ်ဖြစ်ပြီး ပျက်ပျက်သွားတဲ့ ဘင်ဉာဏ် ရောက်မယ်။ ဘင်လိုဖြစ်ပျက် မြင်ရင် သစ္စာသိတဲ့ဉာဏ် ဖြစ်သွားမည်။ ဂင်္ဂါဝါလု သဲစုမက ဘုရားတွေပွင့်ပြီ။ ဒီဘုရား တွေ ဖူးခဲ့ရလို့ ယခု သူတော်ကောင်း ဖြစ်လာပြီ။ အားငယ်စရာမရှိ။ ကြိုးစားလျှင် ဒီဘဝတွင် နိဗ္ဗာန်ရောက်နိုင်သည်။ ဒီဘဝမရောက်လျှင် နောက်ဘဝ နတ်ပြည်ရောက်လျှင် သောတာပန် ရဟန္တာ ဖြစ်လာသည်။ ပါရမီနုသေးသလားဟု မတွေးသင့်၊ လူ့ပြည်ဆိုတာ ရခဲတယ်။ လူဖြစ်တုန်း အကျိုးရှိအောင် အားထုတ်မယ်ဆိုတဲ့ စိတ်နဲ့ အားထုတ်က အောင်မြင်နိုင်ပါသည်။

ဒီလို တရားထူး နာရတာကိုပင် ကျွတ်ထိုက်လို့ နာရတယ်လို့ ယူဆသင့်သည်။ သစ္စာနာရင် ကိလေသာ ခြောက်တယ်။ သစ္စာပွားရင် ကိလေသာ ခန်းတယ်။ ကိုယ်တွေ့ လုပ်ကြည့်ပါ။ သာသနာတော်တွင်းမှာ တကယ်ကြိုးစားလျှင် မဂ်ဖိုလ် ရောက်နိုင်ပါသည်။ ကောင်းစွာကျင့်ကြံက ရဟန္တာတို့ဖြင့် အမြဲရှိနေမည်ဟု ဘုရားကိုယ်တိုင် ဟောခဲ့သည်။ ဘုရားအဆူဆူ ပွင့်သော်လည်း ဘုရားနှင့် တွေ့ခဲ့သော်လည်း သစ္စာစိုက်တဲ့ တရား မနာဖူးကြလို့ မကျင့်ဖူးကြလို့ နိဗ္ဗာန်နဲ့ ဝေးခြင်းဖြစ်သည်။ သစ္စာတရား သိပြန်တော့လည်း ပျင်းမှုလေးက ရှိနေတော့ မဂ်ဖိုလ်မရဘဲ နေခြင်းဖြစ်သည်။ သောတာပန်ဖြစ်ရန်အတွက် ပါရမီမလို။ ယနေ့ကျင့် ယနေ့ဖြစ်နိုင်သည်။

ဘုရားဟောတော်မူသော တရားအစဉ်ကတော့ ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ မဂ္ဂကထာ ဖြစ်တယ်။ ဘုရားက တစ်နံပါတ် ဒါနပြုလို့ မှာလိုက်တယ်။ ဒါနကြောင့် လူချမ်းသာ နတ်ချမ်းသာတွေ ရနိုင်တယ်။ သို့သော်လည်း ဒီလိုလူကောင်း နတ်ကောင်း ဖြစ်စေကာမူ အသက်မရှည် အလကားပဲ။ ငွေတော့ ရှိပါရဲ့ မစားရခင် သေသွားသလိုပဲ။ အသက်ရှည်မှဖြစ်မည်။ သီလကို ဟောပြန်သည်။ ဒါန သီလ ဟောပြီးမှ နတ်ပြည်မှာ ဘုံဗိမာန်နဲ့ အသက်ရှည်တဲ့ နတ်ကြီးတွေဖြစ်မယ်။ အားလုံး ပြည့်စုံမယ်။

ဤကဲ့သို့ ဒါန သီလ သဂ္ဂကထာ ဟောပြီးတော့ ဒီနတ်စည်းစိမ် လူစည်းစိမ် ဆိုသည်မှာ ခိုင်မြဲမှုမရှိ။ နတ်လည်း သေရမည်။ လူလည်း သေရမည်။ အာရုံငါးပါးရဲ့ အဖြစ်တွေဟာ လူနတ်တွေကို လောင်ကျွမ်းတဲ့ မီးတွေလို ပူစေတယ်။ တကယ်လို့ အပူတွေ တွေ့တဲ့အခါ ဝိပဿနာ အားထုတ်ရမယ်။ ကာမဂုဏ် အာရုံမှ ထွက်ရမယ်။ နိက္ခမကထာ ကာမမှ ထွက်မြောက်မှု ဟောတယ်။ ထွက်မြောက်မှသာ ဝိပဿနာလုပ်နိုင် မယ်ဆိုပြီးတော့ မဂ္ဂကထာကို ဟောတော်မူသည်။

ကာမဂုဏ် အာရုံ၏ အပြစ်တွေကို မြင်ပြီးမှ ဒါတွေဟာ သက်သက်အသုံးမကျတဲ့

ဟာတွေပဲ ဆိုပြီး ဝိပဿနာဘက်ကို ပြန်လှည့်သွားသည်။ လောဘ ဒေါသတွေ မရှိတော့ဘဲ စိတ်ဖြူစင်သွားသည်။ တဏှာ မာန တိဋ္ဌိ ဆိုတဲ့ တရားတွေလည်း မလာတော့ဘူး။ ဒီလို ဒုက္ခသစ္စာ သမုဒယသစ္စာတွေကို သိပြီးမှ မဂ္ဂသစ္စာ ဝိပဿနာ အားထုတ်၍ သောတာပန် ဖြစ်နိုင်သည်။ လူ့ဘုံ နတ်ဘုံမှာ ခန္ဓာငါးပါးပဲ ရှိသည်။ ခန္ဓာငါးပါးက မထွက်နိုင်လို့ရှိရင် ဒုက္ခသစ္စာထဲက မထွက်တာပဲ ဖြစ်သည်။

စိတ်ဖြူစင်နေပြီဆိုတော့ သစ္စာတရားကို မြင်ရသည်။ သစ္စာတရားနာမှု တစ်နံပါတ်အပိုဒ်။ သစ္စာတရားကို နှလုံးသွင်းမှု နှစ်နံပါတ်ဖြစ်သည်။ သစ္စာတရား နာတုန်းက သစ်တုံးကြီးက ရေထဲကဆယ်ပြီး နေပူလှန်းလို့ ခြောက်နေတာနဲ့ တူတယ်။ သစ်တုံးကြီး ခြောက်နေတာကို မီးနဲ့ရှို့တယ် ဆိုတဲ့ တရားအားထုတ်လိုက်ရင် မင်ဖိုလ်ကို ရောက်နိုင်မည်။ လူတို့၏ သက်တမ်းက တိုတိုလေး၊ နက်ဖြန်သေမလား ဘယ်သူမှ မသိဘူး။ သစ္စာနာမှု သစ္စာပွားမှု မလုပ်လျှင် အိုနာသေဘေး သံသရာခရီးက ဘယ်တော့မှ မလွတ်နိုင်။

ဤသစ္စာနာမှုနှင့် သစ္စာပွားမှုနှစ်ခုသာ ကိုးကွယ်ရာအစစ် ဖြစ်သည်။ ရွှေတွေ၊ ငွေတွေ၊ စိန်တွေ အရေးကြီးတဲ့အခါ ရောဂါတစ်ခု သက်သာအောင် မတတ်နိုင်ပါဘူး။ အိုမင်းရင့်ရော် သွားတာကိုလည်း နည်းနည်းမှ မကယ်နိုင်ပါဘူး။ သေဘေးကိုလည်း ဒါတွေက အကူအညီ မပေးနိုင်ပါဘူး။ မပေးတဲ့အပြင် ပစ္စည်းစွဲလမ်းစေပြီး အပါယ်လေးပါး ရောက်ကြသည်။

ဒါကြောင့် မြတ်စွာဘုရားက သစ္စာလေးပါးတရား ဟောတော်မူသည်။ ကိုယ်တိုင်လုပ်၊ ကိုယ်တိုင်သွား၊ ကိုယ်တိုင်ကျင့်ရမည်။ အပါယ်တံခါးလည်း ပိတ်မည်။ သစ္စာတရား ပွားများဖို့အလုပ်၊ ကိုယ့်ကိုယ်ကို အားကိုးဖို့ အလုပ်ဖြစ်သည်။ ဘယ်လိုကြောင့် ဘုရားဖြစ်တုန်း သစ္စာလေးပါးသိမှ ငါဘုရားဖြစ်ပြီလို့ ဝန်ခံတော်မူတယ်။ မသိခင်တုန်းက ဝန်မခံတော်မူဘူး။ အောက်မှာ ၁၃ မိုင်၊ အထက်မှာ ၁၃ မိုင်၊ ဘေးမှာ ၁၃ မိုင်ရှိတဲ့ ကျောက်တုံးကြီးကို အနှစ်တစ်ရာမှ တစ်ကြိမ် ဝါဂွမ်းလေးနဲ့ပွတ် ဒီကျောက်တုံးကြီး ဘယ်တော့ကုန်မလဲ၊ အနှစ်တစ်ရာမှ တစ်ကြိမ်ပွတ်ရတာ ကုန်ဖို့ဟာတော့ စဉ်းစားလို့ မရပေ။

သစ္စာနာသော်မှလည်း သေလို့ရှိရင် ဒီဒုက္ခတွေ ဘယ်တော့မှ မကုန်ဘူး။ ကျောက်တိုင်ကြီး ပျောက်စရာရှိတယ်။ ဒုက္ခကတော့ မကုန်နိုင်ဘူး။ သစ္စာသံယုဂ်မှာ ဒီအတိုင်း ဟောထားသည်။ ပုဂ္ဂိုလ်၊ သတ္တဝါရယ်လို့ ဖြစ်လာရင် နှိပ်စက်ဖို့နဲ့ နှိပ်စက်ခံဖို့လာတာ။ ဒုက္ခရောက်ဖို့ဖြစ်တာ။ ဒီခန္ဓာကိုယ်ကြီးရတာ မီးလောင်စာကြီးရတာနဲ့ တူတယ်။ ဒီမီးက သာမညမီး မဟုတ်ဘူး။ ထောင့်ငါးရာ ကိလေသာမီးတွေ အောင်းနေတယ်။ ရုပ်နာမ်က မီးစာ ဖြစ်တယ်။

ဒီ ထောင့်ငါးရာ ကိလေသာမီးတွေ လောင်နေတဲ့သူဟာ သူတော်ကောင်း မဟုတ်ဘူး။ ဒီခန္ဓာကိုယ်ရှိလို့ ကိုယ့်အိမ်ကိုယ့်ရာကနေပြီး ဟိုသွားပြီး ငွေရှာရ၊ ဒီသွားငွေရှာရ၊ ဟိုသွား မိတ်ဆွေအပေါင်းအသင်းဖွဲ့ရ၊ ဒီသွား မိတ်ဆွေအပေါင်းအသင်းဖွဲ့ရဆိုတာ

ကိလေသာမီးလောင်လို့၊ အိမ်က ထွက်ပြေးနေရတာ အမှန်ပင်ဖြစ်သည်။ ဟိုစုံစမ်းရေး ထွက်ရ၊ ရစရာကိစ္စရှိလို့သွားရ၊ လောဘမီးတွေက လောင်နေသည်။ လမ်းမှာ သွားရင်း လာရင်းလည်း လောင်နေသည်။ အိမ်တွေ တိုက်တွေ ဆောက်ထားပြီး မနေရဘဲနဲ့ ဟို သွားရ၊ ဒီသွားရ လောဘ ဆိုတဲ့မီးက လောင်နေခြင်း ဖြစ်သည်။ နေ့နေ့သွား၍ ကိလေသာမီးက ပိုလောင်တော့ လေယာဉ်ပျံ မြန်လှပြီ အောက်မေ့နေတာ၊ ကိလေသာ မီးက \သူ့ထက် အရင်ရောက်ချင်တယ်။ ရှို့လိုက်တဲ့ ဖြစ်ခြင်း။ အိမ်တိုင်း အိမ်တိုင်း၊ နေ့တိုင်း နေ့တိုင်း မီးတွေ လောင်နေတာ။ မီးလောင်လို့ ပြေးပြေးနေရသည်။

သစ္စာမသိတုန်းက လောင်မှန်း မသိပါ။ သစ္စာသိလာတော့ လောင်မှန်းသိလာ သည်။ သစ္စာသိလာရင် ကိလေသာမီး လောင်ခွင့်မရတော့ပါ။ လောင်စရာမရှိတော့ မီးကလည်း ထွက်ပြေးသွားတယ်။ ထောင့်ငါးရာကိလေသာ ဆိုတော့ ဒုက္ခသစ္စာပဲလို့ ဉာဏ်ဖြင့် ဆုံးဖြတ်ချက် ချရမည်။ ဖြစ်တာပျက်တာလည်း ဒုက္ခသစ္စာ ဖြစ်သည်။ ဒုက္ခဖြစ်၍ ဒုက္ခပျက်တာမှတစ်ပါး ခန္ဓာကိုယ်ထဲမှာ ဘာမှမရှိဘူး။ ဖြစ်တဲ့ဒုက္ခပျက်တယ်။ ဒုက္ခပဲယ်၊ ဒုက္ခမကြိုက်တော့ဘူး။

ဤခန္ဓာကိုယ်ကြီးမှာ ဒုက္ခဖြစ်ပြီး ဒုက္ခချုပ်တာမှတစ်ပါး ဘာမှ မရှိပါ။ ကလေး မွေးလာသည် ဆိုရင်ပဲ သင်္ချိုင်းဘက်ကို မျက်စောင်းထိုးနေတာ ဖြစ်သည်။ တစ်နေ့ သေရမှာဆိုတာ စောင့်နေသည်။ ရုပ်ကလည်း ဖြစ်ပျက်၊ နာမ်ကလည်း ဖြစ်ပျက်၊ ဖြစ်ပြီး ပျက်နေကြသည်။ နိဗ္ဗာန်မရောက်သေးသရွေ့ ဒုက္ခသစ္စာချည့်ပဲ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တက နိဗ္ဗာန်ရောက်သည် မဟုတ်။ နိဗ္ဗာန်၏ ရှေ့ပြေးဖြစ်သည်။ ဖြစ်ပျက်ရှုတယ် ဆိုတာ သင်္ခါရအာရုံပြုနေခြင်း ဖြစ်သည်။ သင်္ခတအာရုံ ဖြစ်သည်။ အသင်္ခတနား မရောက်သေးဘူး။ ဒီဖြစ်ပျက်တွေ မှုန်းသွားမှသာ နိဗ္ဗာန်ကို ရောက်မည်။ သတ္တဝါတွေ ဟာ လောဘမီးက လောင်လိုက်၊ ဒေါသမီးက လောင်လိုက်၊ မောဟမီးက လောင်လိုက်၊ ဇရာမီးက လောင်လိုက်၊ မရဏမီးက လောင်လိုက်၊ သောကမီးက လောင်လိုက်၊ မီး အမျိုးမျိုး အလောင်ခံနေရသည်။ ဒီတော့ ဒီဒုက္ခတွေ၊ မီးတွေလောင်တဲ့ ဒီရုပ်၊ ဒီနာမ် ကိုတော့ မလိုချင်တော့ဘူးဟု သစ္စာတရား ပွားများမှသာ သမုဒယဒုက္ခ ချုပ်ပြီးလျှင် နိဗ္ဗာန်သို့ ရောက်နိုင်သည်။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာနှစ်ပါး ချုပ်သွားသည်။ နိရောဓ သစ္စာသို့ ရောက်သည်။ ကိလေသာတွေ ရှင်းသွားပြီး ဒါကြောင့် မြတ်စွာဘုရားက ဒုက္ခနိရောဓော နိဗ္ဗာနံ၊ ဒုက္ခချုပ်တယ်လို့ ဟောတော်မူသည်။

ဤကား သန္တာပဋ္ဌော–ဒုက္ခ၊ ဒုက္ခစသည်ပြားလျှင် ဆင်းရဲခြင်းတို့ဖြင့် အတင်း ပူလောင်စေတတ်သော အချက်တစ်ခု ဖြစ်သည်။

## ဝိပရိဏာမဋ္ဌော

(၄) ဝိပရိဏာမဋ္ဌော–ဇရာ၊ မရဏနှစ်ပါးတို့ဖြင့် ရွေ့လျားဖောက်ပြန်တတ်သော အနက်။ ဒုက္ခသစ္စာ စတုတ္ထအချက်ဖြစ်သော အမြဲတမ်း ဖောက်ပြန် ပျက်စီးနေခြင်း

အကြောင်း ဖြစ်သည်။ ရုပ်နှင့် နာမ်တို့သည် အမြဲတမ်းဖောက်ပြန်နေကြသည်။ တရားနာရင်းလည်း စိတ်က အမျိုးမျိုးပြောင်းသည်။ ခန္ဓာကိုယ်ကလည်း အမျိုးမျိုးပြောင်းသည်။ အမြဲတမ်း ဖောက်ပြန်နေကြသည်။ တစ်ခုပျက်ပြီးနောက်တစ်ခု ပေါ်လာသည်။ အမြဲတမ်း အေးလိုက်၊ ပူလိုက်၊ ညောင်းလိုက်၊ ကိုက်လိုက် ဖြစ်နေသည်။ အမြဲတမ်း ဖောက်ပြန်နေခြင်းဖြစ်သည်။ ရုပ်ကလည်း အမြဲတမ်း ဖောက်ပြန်နေသည်။ နာမ်ကလည်း အမြဲတမ်း ဖောက်ပြန်နေသည်။

ခန္ဓာကိုယ်ကို အားစိုက်၍ကြည့်လျှင် မမြဲသော သဘောတရားတွေ တွေ့မည်။ မိမိဉာဏ်နှင့် ခန္ဓာကိုယ်ကို တည့်တည့်ကြည့်ရှုလိုက်လျှင် တရားကပြတယ်။ ဘယ်လိုပြသလဲ၊ အမြဲတမ်း ဖောက်ပြန်နေသည်။ ဘယ်အချိန်မှ မဖောက်ပြန်တဲ့အချိန် မရှိဘူး။ တစ်ခုပြီးတစ်ခု၊ တစ်မျိုးပြီးတစ်မျိုး ဖောက်ပြန်သည်။ ဉာဏ်နှင့်ကြည့်မှ မြင်ရသည်။ ဖောက်ပြန်နေတာ မြင်တော့ လိုချင်တဲ့စိတ်တွေ မရှိတော့ဘူး။ ဒီရုပ်နာမ်နဲ့ နေရတာ ဒုက္ခပါကလားဟု တရားမှန်ကို သိလာသည်။ အနိစ္စသဘော ပေါ်သည်။ ဝိပဿနာဉာဏ်ဖြင့် မကြည့်ဘဲ ငါနာတယ်၊ ငါကိုက်တယ်၊ ငါစွဲနှင့် ကြည့်လျှင် မှားသည်။ မှန်ကန်သော ဝိပဿနာဉာဏ်ဖြင့် ကြည့်မှ ငါဆိုတာ မရှိဘူး။ ဖောက်ပြန်ပျက်စီး ပြောင်းလဲနေတာသာ ရှိတယ်ဟု သိရသည်။

ခန္ဓာကိုယ်က အဖြစ်ပြလျှင် အဖြစ်ကိုကြည့်။ အပျက်ကိုပြလျှင် အပျက်ကိုကြည့်။ ဤကဲ့သို့ ဖြစ်လိုက်ပျက်လိုက် ဖြစ်နေသည်ကို သိမြင်သောအခါ မှန်းစရာ ဖြစ်လာလိမ့်မည်။ ဒုက္ခသစ္စာ ဖြစ်သည်။ ခန္ဓာကိုယ်ပျက်တာကို သိပြီးလျှင် သစ္စာဉာဏ် ဖြစ်သွားသည်။ သစ္စာဉာဏ်နောက်က ကိစ္စဉာဏ်၊ ကိစ္စဉာဏ်နောက်က ကတဉာဏ်သုံးမျိုး တစ်ခါတည်း ပါသွားသည်။ ခန္ဓာကိုယ်ဟာ ဆွေးမြည့်ယိုယွင်း အိုမင်းသောတရား နှိပ်စက်သောကြောင့် လည်းကောင်း၊ သေကျေပျက်စီး ယိုယွင်းသောတရား နှိပ်စက်သောကြောင့် လည်းကောင်း ဖောက်ပြန်ခြင်းဖြစ်သည်။ ခန္ဓာငါးပါးရလျှင် ဇရာ၊ မရဏက မနေ ထက်ကြပ်ပါလာသည်။ မှိုတွေဟာ မြေကြီးထဲက ထွက်လာကတည်းက မှို၏ထိပ်တွင် မြေကြီးအလျှံပါလာပြီ ဖြစ်သည်။ ပဋိသန္ဓေ နေသည်ဆိုကတည်းက သေမည့်တရားက တစ်ခါတည်း ပါလာပြီးဖြစ်သည်။ ဇာတိဖြစ်လျှင် ဇရာ မရဏ အိုခြင်း သေခြင်း တရားက ခေါင်းပေါ်က ပါလာပြီး သေကြသည်။ မသိသေးတဲ့ သူများအတွက်တော့ လူကောင်း နတ်ကောင်း ဖြစ်ရတာ တော်သေးရဲ့။ အဲဒါ သုတ္တံနည်းနှင့် ကြည့်ခြင်း ဖြစ်သည်။ သစ္စာနည်းနှင့် ကြည့်တော့ ခန္ဓာငါးပါးဟာ ဒုက္ခရောက်ဖို့သာ ဖြစ်သည်။ ကြည့်နေရင်း အရင်ရုပ်တွေပျောက် နောက်ရုပ်တွေဖြစ်၊ အရင်နာမ်တွေပျောက် နောက်နာမ်တွေရောက်၊ အခြားသော ပုဂ္ဂိုလ်ကြည့်လည်း တူတူပဲ။

ခင်ဗျား ဘယ့်နှယ်ဖြစ်သတုန်း အရင် အသားအရေမျိုးလည်း မဟုတ်ပါလား။ အိုမင်းရင့်ရော် သွားလှချည်လား၊ အော်–ဒီလိုပေါ့ဗျာ။ ဘာဖြစ်သွားလို့ ညာဖြစ်သွားလို့ ဆိုတာ ထုချေလွှာ မပေးရဘူးလား။ သူ ဖောက်ပြန်နေတာ မသေချာဘူးလား။ သစ္စာ

တရားနဲ့ ကြည့်တော့ အမြဲဖောက်ပြန်နေသည်။ ဖောက်ပြန်ခြင်းဒဏ်ကို လူတိုင်းခံရသည်။

ဖောက်ပြန်တတ်တဲ့သဘော ပျက်စီးတတ်တဲ့ သဘောပါလို့ ဖောက်ပြန်ရ ပျက်စီးရခြင်း ဖြစ်သည်။ ခန္ဓာငါးပါးက အနှိပ်စက်ခံသမား၊ ဇရာမရဏက အဖျက်သမား၊ ခန္ဓာငါးပါးက ပျက်စီးခြင်းသဘောကို တစ်ပါတည်း ယူဆောင်လာ၍ ပါလာခြင်းဖြစ်သည်။ ဘယ်ဘုန်းကြီး ဘယ်ပုဂ္ဂိုလ် တန်ခိုးကြီးတယ် ကျော်စောတယ် ဆိုငြားသော်လည်း ဇရာ မရဏကို ယူဆောင်လာတဲ့ ပုဂ္ဂိုလ်ဖြစ်သောကြောင့် တစ်နေ့ ဘုန်းတန်ခိုးတွေ ဆုံးကုန်ကြတယ်။ ဒီခန္ဓာဟာ ဆင်းရဲခြင်းသာ ဖြစ်တယ်။ ဆင်းရဲခြင်းမှတစ်ပါး ဘာမှ မရှိဘူး။ ဖောက်ပြန်ပြီး ပျက်စီးခြင်းသဘောဆိုတဲ့ သစ္စာတရားကို ရှုသူမှ သိရသည်။ ဒါကြောင့် ဒီခန္ဓာကြီးကို ဘုရားအဆူဆူပင် စွန့်ချင်တာ ဘယ်သဘောတုန်းဟု ဆိုရင် ဖောက်ပြန်ပျက်စီးတဲ့ သဘောကြောင့် ဖြစ်သည်။

ထမင်းစားတာ ကြည့်ပါ။ ပထမ ဒီဟင်းနှင့် စားချင်သည်။ နောက်တစ်လုတ်စားပြီးတော့ ဟိုဟင်းနှင့် စားချင်သည့် စိတ်က ပေါ်လာသည်။ နောက် တစ်လုတ်ကျတော့ ဟိုဘက်ကဟင်းနှင့် စားချင်တဲ့စိတ် ပေါ်လာသည်။ အရင်စိတ်တွေ ဘယ်ရောက်သွားသလဲ မေးလျှင် ပျောက်သွားခြင်း ဖြစ်သည်။ စိတ်လည်း အမြဲပဲဖြစ်ပြီး ပျက်သွားတာပဲ။ ဒါပေမယ့် တရားရှုသူမှသာ နားလည်သည်။ ပျောက်တာက သူ့ကိစ္စ၊ သိတာက သစ္စာဉာဏ် ဖြစ်သည်။ ပျောက်တာက သူ့ကိစ္စ သိတာကဉာဏ်၊ ဒါ့ကြောင့် ကိစ္စဉာဏ်လို့ ဘုရားက ဟောတော်မူသည်။ ကိစ္စဉာဏ်ဆုံးရင် ကတဉာဏ် လာမည်။ ကတဉာဏ်ရောက်တော့ ဒုက္ခတွေ ချုပ်တယ်။ နိရောဓဉာဏ် ရောက်လာသည်။ ကိစ္စပြီးပြီးသားလို့ ဆိုရသည်။

နိဗ္ဗာန်သို့ ရောက်သည်။ တကယ်လုပ်မှ တကယ်ရောက်သည်။ ပြောရုံနှင့် ဖြစ်တာမျိုး မဟုတ်ဘူး။ ကိုယ့်ဉာဏ်လေးနှင့် အမြဲတမ်း ကြည့်ကြည့်ပြီး ပွားနေရသည်။ ဇရာ မရဏ ပါလာတော့ ဘုရားတွေ ရဟန္တာတွေပင် နိဗ္ဗာန်ပြုကြရသည်။ လူဖြစ်ရပါလို၏၊ နတ်ဖြစ်ရပါလို၏ ဆုတောင်းသည်နှင့် တစ်ပြိုင်နက် နာရပါလို၏၊ သေရပါလို၏ တရားက အမြဲ နောက်က ပါနေသည်။ ဒါကြောင့် ခန္ဓာရှိသမျှ ပျက်စီးခြင်းမှာသာ ဆုံးရသည်။ သေခြင်းမှာ မရဏမှာသာ ဆုံးရသည်။ ခန္ဓာငါးပါးမှာ ပျက်စီးမှုမှာသာ ဆုံးရခြင်း ဖြစ်သည်။ သူ့သဘောကိုက ဖောက်ပြန်ပျက်စီးတတ်တဲ့ သဘောပါခဲ့ခြင်း ဖြစ်သည်။ ခန္ဓာကိုယ်ကြီး ဖောက်ပြန်တဲ့ကိစ္စကို သိနေတဲ့ ကိစ္စဉာဏ်ပြီးလျှင် ကတဉာဏ် ခေါ် မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ရောက်သွားသည်။

ခန္ဓာရသော ပုဂ္ဂိုလ်မှန်သမျှ မရဏမှာသာ လမ်းဆုံးရသည်။ တချို့ငယ်တုန်းက သေကြသည်။ တချို့ လူလတ်ပိုင်းနှင့် သေသည်။ တချို့ကြီးတော့ သေသည်။ နောက်ဆုံး သေခြင်း တရားကသာ အနိုင်ရသည်။ ခန္ဓာကိုယ်က အိုခြင်း နာခြင်း အမြဲပါနေလျှင် ခန္ဓာမရှိမှ ချမ်းသာမယ်ဆိုတာ ပေါ်လာသည်။ ခန္ဓာရှိသမျှ ချမ်းသာမှု မရနိုင်။ ဒုက္ခသစ္စာ ချုပ်တော့ သုခနိဗ္ဗာန် လာသည်။ ဒုက္ခတွေချုပ်တော့ ချမ်းသာသွားသည်။ ယားနာလေး

ဆေးထည့်တော့ သက်သာသွားသလို ချမ်းသာသွားသည်။ နိဗ္ဗာန်ဆိုတာ တကယ်ရှိသည်။ ခန္ဓာကိုယ်၏ ပျက်စီးမှုကို မလိုချင်တောဘူး။ မလိုချင်တော့ သစ္စာဉာဏ် အားထုတ်ရင် မပျက်စီးသောနေရာ ရောက်သွားသည်။ အေးသွားသည်။ တရှိန်ရှိန်ပူနေသော ဒုက္ခတွေ အေးသွားသည်။ ရုပ်ကလည်း ပျက်၊ နာမ်ကလည်း ပျက်၊ ပျက်နေတာ ကာလသုံးပါး လုံးပဲ။ ဘယ်တော့မှ အေးနေတာမရှိ။ ထို့ကြောင့် ဤရုပ်နာမ်နှစ်ပါးတို့သည် ဝိပရိနာ မဓမ္မော–ဇရာ၊ မရဏ နှစ်ပါးတို့ဖြင့် ရွေ့လျားဖောက်ပြန်တတ်သော အနက် ဖြစ်သည်။

## သမုဒယသစ္စာအနက် လေးချက်

(၁) အာယုဟနဋ္ဌော – ဒုက္ခဖြစ်ရန် အလွန် အားထုတ်သော အနက်။

မြတ်စွာဘုရားက ဤသို့ ဟောတော်မူသည်။ ပညာယံ သေဋ္ဌော လောကသ္မိံ လို့ ဘုရားက ဟောလိုက်သည်။ လောကသ္မိံ၊ လောကသုံးပါး၌ ပညာသံ–ပညာဝေ၊ ပညာသည်သာပင်။ သေဋ္ဌော၊ တရားတကာတို့ထက် အမြတ်ဆုံးတည်း။

ပညာအမြတ်ဆုံးပဲတဲ့။ ဘာကြောင့် ပညာမြတ်ရသနည်း။ သူများမဖောက်ထွင်း နိုင်တဲ့ အဝိဇ္ဇာတဏှာထုကြီးကို ပညာက ဖောက်ထွင်းနိုင်တာကြောင့် ပညာဓမ္မ အမြတ် ဆုံးဖြစ်သည်။ ဝေဒနာ နိရောဓာ၊ တဏှာနိရောဓော၊ ဝေဒနာချုပ်လျှင် တဏှာချုပ်ပြီး နိဗ္ဗာန်ရောက်သည်။ ကျင့်တဲ့ပုဂ္ဂိုလ်သာ ဝေဒနာချုပ်ပြီး နိဗ္ဗာန်ရောက်နိုင်သည်။ အလုပ် မလုပ်တဲ့ ပုဂ္ဂိုလ်မှာ ဝေဒနာပစ္စယာ တဏှာ၊ ဝေဒနာကြောင့် တဏှာပေါ်လာသည်။ တဏှာဆိုလျှင် ပဋိစ္စသမုပ္ပာဒ် သေပြီး ဝေဒနာချုပ်တာကို မြင်လိုက်မှ မြုပ်လိုက်တဲ့ မဂ် ပေါ်လာသည်။ ဒါကြောင့် အလုပ်လုပ်မှ ရသည်။ ဝေဒနာ ခန္ဓာထဲမှာ ပေါ်တာ ဘာပေါ်ပေါ်၊ ဒုက္ခပေါ်ပေါ် သုခပေါ်ပေါ် ဥပေက္ခာပေါ်ပေါ် ပျောက်ပျက်တဲ့ နိရောဓကို ရှုမြင်မှ မဂ်ကို ရောက်သည်။ ချုပ်တာလေးကို ကြည့်နေရမယ်။ ကြည့်နေမှ ပုဗ္ဗဘာဂမဂ် ရသည်။ မရှိဘဲ ချုပ်သွားတာက နိရောဓ၊ သိတာက မဂ္ဂ၊ ဒီဝေဒနာချုပ်သွားတာ မြင်လိုက်တာက မဂ် တစ်ခါတည်း ဖျတ်ခနဲ အစားထိုးလိုက်သည်။ တဏှာ ကုန်သွားသည်။ ချုပ်သွားသည်။ ဒါကြောင့် ချုပ်ပျောက်သွားတာ ဟူသရွေ့ 'နိရောဓံ ဒိတွာ နိရောဓံ အဘိညာယ'လို့ ပဏ္ဍာသ ပါဠိတော်မှာ ဟောသည်။ နိရောဓံ၊ ချုပ်ခြင်းကို။ ဒိသွာ၊ မြင်၍။ နိရောဓံ၊ ချုပ်ခြင်းကို။ အဘိညာယ၊ ထူးသောဉာဏ်ဖြင့်သိ၍။ တဏှာနိရောဓော၊ တဏှာ၏ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ခန္ဓာကိုယ်တဲ့။ ဝေဒနာသည် ဖြစ်ပျက် ဖြစ်ပျက် ချုပ်သွားတာကို ရှုသောဉာဏ်ဖြင့် သိရသည်။ ဖြစ်ပြီး ပျက်သွားသည်။ မရှိ တော့။ မရှိတာက အနိစ္စ၊ သိတာက မဂ္ဂဖြစ်သည်။ ဖြစ်ပျက်မရှိတာက အနိစ္စ၊ သိတာက မဂ္ဂဖြစ်သည်။ မဂ္ဂသာလျှင် တဏှာ မလာတော့ပါ။ သမုဒယသစ္စာ မချုပ်တဲ့ တရား ဖြစ်လျှင် နာရန်မသင့်။ မချုပ်တဲ့တရားက ပိုပွားမှာ၊ ချုပ်တဲ့တရားက ဒုက္ခခပ်သိမ်း အေးသွားသည်။

ဝေဒနာမြင်ရုံနှင့် မပြီးသေးပါ။ ချုပ်တာကိုမြင်မှ ရှေ့ကဖြစ်လိုက်၊ နောက်က

ပျက်သွားလိုက်၊ ချုပ်သွားလိုက်၊ ရှေ့ကဖြစ်လိုက် နောက်က ပျက်လိုက်။ ဤကဲ့သို့ မြင်ရသည်။ လုပ်ယူရမည့်အလုပ် ဖြစ်သည်။ တောင်းယူ၍ ရသည်မဟုတ်ပါ။ ဤရုပ်နာမ် နှစ်ပါးက ကောင်းတာတွေ့တော့ လောဘ ဖြစ်သည်။ မကောင်းတာတွေ့တော့ ဒေါသ ဖြစ်သည်။ ဒီတော့ လူတွေဟာ လောဘ ဒေါသနှင့် အမြဲနေသည်။ အကုသိုလ်ဖြစ်သည်။ တရားရှုနေသူသာ အကုသိုလ် ကင်းနေသည်။ တဏှာကို အဖော်လုပ်နေလျှင် ဘယ်တော့မှ မဂ်မရောက်နိုင်။ သံသရာမှာ လည်မည်။ တဏှာကို အဖော်လုပ်နေသူက ရရာရကြောင်း လေးများ စိတ်မကူးရလျှင် ခြောက်တောက်တောက်ကြီး ဖြစ်နေသည်။ ငွေကလေး မှန်မှန် ရနေလျှင် မျက်နှာကြည်သွားသည်။ မည်သူနှင့် အဖော်လုပ်နေသလဲ။ တဏှာနှင့် အဖော် လုပ်နေသည်။ အဲဒီ တဏှာ ဘယ်က ပေါ်လာသလဲ။ စဉ်းစားလျှင် ကောင်းကောင်း ကလေးဆိုတဲ့ သုခဝေဒနာကလေးကို ကြိုက်တာနှင့် တဏှာ ဖြစ်နေသည်။ တဏှာ၏ ရေသောက်မြစ်သည် သုခဝေဒနာ ဖြစ်သည်။ ချမ်းသာချင်လို့ လိုချင်ရခြင်း ရှိနေတာပဲ။ တဏှာနိရောဓော၊ နိဗ္ဗာန်မှာ တဏှာကုန်မှ နိဗ္ဗာန်ရောက်သည်။ တဏှာကြောင့် အိုဘေး နာဘေး သေဘေး ငရဲဘေးတွေ သူ့ကြောင့် ထွက်လာသည်။ သမုဒယဆိုတာ ဖြစ်ပျက်။ သစ္စာက အမှန်၊ မကောင်းမှုလုပ်တာ သမုဒယက ပထမဆုံးဖြစ်သည်။ သမုဒယသစ္စာ ဆိုတာ မကောင်းတာ မှန်မှန်လုပ်ကြောင်းကို ပြသောသစ္စာ ဖြစ်သည်။ လိုချင်တဲ့စိတ် ရှိလျှင် ဂြိုဟ်ဝင်လာသည်။ မှတ်ပါ။ သမုဒယက ဖြစ်ကြောင်း အာယုဟနဋ္ဌော၊ အားထုတ် တတ်သည်။ ဒုက္ခဝဋ္ဋ၊ ဒုက္ခမှုတွေကို စုဆောင်း ဆည်းပူးပေးသည်။ ဒုက္ခဟူသမျှကို သူက အမြဲတမ်း စုဆောင်းပေးတတ်သည်။ ဒုက္ခတွေကို အိမ်သို့ပို့သည်။ ဒုက္ခဟူသမျှကို မပြတ်အောင် ပို့သည်။ ဒုက္ခဟူသမျှ ဘယ်တော့မှ မပြတ်ရဘူး။ အလုပ်နှင့်လက် မပြတ် ရဘူး။ သောတာ မသေတာအပထား ဒုက္ခနဲ့တော့ မခွဲရအောင် လုပ်ပေးမည်။ အိမ်က ပစ္စည်းတွေ စောင့်ရှောက်၊ မီးမလောင်အောင် စောင့်ရှောက်၊ ဒီလို ကြည့်ခိုင်းနေသည်။ မအားမလပ်အောင် လုပ်ရသည်။ တောင်ဝှေးကိုင်ရတဲ့ဘဝ ရောက်တာတောင် မလုပ်ဘဲ မနေနိုင်။ ဒုက္ခဟူသမျှကို လုပ်ကိုင်နေရသည်။ အိမ်မှာလည်း မအား။ ဈေးက ပြန်တော့ လည်း မအား။ ဒါကြောင့် မြတ်စွာဘုရားက သမုဒယအကြောင်း ကောင်းကောင်း သိရင် အသေအချာ သိနိုင်တယ်ဟု ဟောတော်မူသည်။ ဒုက္ခ ဝဋ္ဋဟူသမျှ အိမ်ထဲကို သယ်ပေးသူ ဖြစ်သည်။ အပြင်ဘက် ဒုက္ခကျတော့လည်း ဟိုမိတ်ဆွေနဲ့ဆက်။ ဒီမိတ်ဆွေ နဲ့ဆက်။ အမျိုးမျိုးပေါင်း ပေးတန်ပေး ကျွေးတန်ကျွေး လမ်းမှာလည်း မအား လုပ်ရ သည်။ အိမ်မှာလည်း မအားလုပ်ရ။ ပစ္စည်းတွေကိုကြည့် စာရင်းတွေချုပ်ရ၊ သမုဒယ ကြောင့် ဒုက္ခဖြစ်နေသည်။ အေးအေးနေချိန် မရှိပါ။ ဒါကြောင့် မြတ်စွာဘုရားက ပဋိဝိဇ္ဈာ တဏှာဇာနတော။ ပဋိဝဇ္ဈာ၊ ထိုးထွင်း၍၊ တဏှာ၊ တဏှာကို။ ဇာနတော၊ လုပ်တိုင်း လုပ်တိုင်း သိတဲ့ပုဂ္ဂိုလ်ဟာ သူပါသလား၊ မပါဘူးလား။ သိတဲ့ပုဂ္ဂိုလ်ကို ပဿတောနတ္ထိကိဥ္စနံ၊ နတ္ထိကိဥ္စနံ၊ ကြောင့်ကြခြင်းမရှိတဲ့ နိဗ္ဗာန်ကို။ ပဿတော၊ မြင်လည်း

မြင်နိုင် ရောက်လည်း ရောက်နိုင်တယ်တဲ့။ လူတွေအားလုံးကို အငြိမ်မနေ ဟိုသွားဒီသွား လုပ် ကိုင်နေရတာ ဆန်ကောထဲက ဆီးဖြူသီးကဲ့သို့ လူပ်လိုက်လျှင် ဟိုလိမ့်ဒီလိမ့် ဖြစ်သကဲ့သို့ တဏှာက လူပ်လိုက်လျှင် လူတွေဟာ ဟိုပြေး ဒီပြေး ပြေးကြရသည်။ ၃၁ ဘုံကြိုးဆွဲနေတာ တဏှာပင် ဖြစ်သည်။ ပန်းကလေးလှူလျှင် ပန်းလိုလှအောင် ဆုတောင်းလိုက် တဏှာက ဝင်ဝင်ပါသည်။ နိဗ္ဗာန်မရခြင်းမှာ တဏှာဦးစီးနေသော ကြောင့် ဖြစ်သည်။ တဏှာပါတဲ့ အလုပ်မှန်သမျှ နိဗ္ဗာန်ကို မရောက်ပါ။ တဏှာမပါလျှင် လူတွေက နေရတာ ခြောက်တောက်တောက်ကြီး ဖြစ်သည်။ အလှူလုပ်တာပင် ပွဲလေး အငြိမ့်လေး ထည့်ဦးမှ တဏှာက ဆွဲပြန်သည်။ ဆွမ်းဆန်ထဲ ကြွက်ချေးရောကုန်သည်။ ဘာလုပ်လုပ် တဏှာက ဦးစီးတာ လုပ်ကြရသည်။ လူဝင်လာလျှင် ဒုက္ခပေးမည်ဆိုတာ မှတ်ရသည်။ ဆွမ်းကျွေးတာပင် ရှင်ပြုတာပင် ကိုယ်ခင်သူကိုသာ အရင်ဖိတ်သည်။ ဒါ တဏှာဦးစီးတာပဲ ဖြစ်သည်။ တဏှာကို အဖော်လုပ်နေလျှင် သံသရာကျယ်မည်။ တဏှာ လောဘသည် ဒုက္ခ ဝဋ္ဋကိုသာ ပေးခြင်းဖြစ်သည်။ လူအားလုံးကို သင်တို့ မစိုးရိမ်နဲ့ ဒုက္ခရောက်တာ ဟူသရွေ့တော့ ငါ အကုန်စုထားမယ်။ ပြီးတော့မှ သင်တို့ လိုချင်တဲ့ ဒုက္ခကို မပြတ်အောင် ငါကပဲ ကျေးဇူးပြုပေးမည်။ ဒုက္ခဝဋ္ဋ ဟူသမျှ အိမ်ကိုယူခဲ့၊ နောက်ပြီးတော့ ဒုက္ခတွေနဲ့ သင်အမြဲနေဟု သမုဒယသစ္စာက ခိုင်းဖြစ်သည်။ တဏှာနှင့် အဖော်လုပ်နေကြရသည်။ အရောင်းအဝယ်လေးကောင်း၍ ငွေဝင်လာလျှင် ဒီတဏှာကိုပဲ ကျေးဇူးတင်လိုက်သည်။ ငါလုပ်တာ ဟန်ကျပြီဟေ့ဟု အောက်မေ့သွားသည်။ ဒါကြောင့် လောဘကလေးလာလျှင် ဖြစ်ပျက်ရှုရမည်။ ဖြစ်ပျက်ရှုရင် မဂ် ပေါ်နေတယ်။ နိဗ္ဗာန်ရောက် ကြောင်း တရားကို ဒီတဏှာကချည်း ကန့်ကွက်နေခြင်း ဖြစ်သည်။ ဥပုသ်ကို ရက်ရှည်ရှည် စောင့်မည် ဆိုတာတောင် အိမ်မှာ လုပ်စရာတွေ ရှိသေးတယ် ဖြစ်လာသည်။ တဏှာက ဖြစ်သည်။ ဟိုဟာပြီးမှ ဒီဟာပြီးမှ ဆွဲထားသည်။ ဥပုသ်စောင့်ချင် စောင့်ပါ။ ကိုယ် လုပ်စရာရှိတာ ပြီးအောင် လုပ်ပါဦး တဏှာက ခိုင်းသည်။ ထို့ကြောင့် အာယုဟနဋ္ဌော ဒုက္ခဖြစ်ရန်ကို အမြဲတမ်း အားထုတ်စေသော သမုဒယသစ္စာ ဖြစ်သည်။

## နိဒါနဋ္ဌော

(၂) နိဒါနဋ္ဌော –ဤဒုက္ခကို မုချသေချာ 'သင်'ယူပါဟု၊ ညွှန်ကာလက်ညှိုး ပြကာ ထိုးသကဲ့သို့ မျိုးစေ့စင်စစ် အကြောင်းဖြစ်သော အနက်။

နံပါတ် ၂ ကတော့ ဒုက္ခဝဋ္ဋ တစ်ခုမကျန် အမြဲတမ်း ဆောင်ယူပေးတတ်သည်။ သမုဒယသစ္စာက ဒုက္ခတွေကို ဆောင်ယူပေးမည်။ ဆောင်ယူပေးမည်မှာ သူ့တာဝန် ဖြစ်သည်။ ဝေဒနာပစ္စယာ တဏှာဖြစ်သည်။ ဝေဒနာကို ရှုမှတ်လျှင် ဖြစ်ပျက်ရှုရင်း တဏှာသို့ မကူးတော့ပေ။ တဏှာမရှိလျှင် ဝဋ်ဆင်းရဲလည်း ကုန်သွားသည်။ ဝေဒနာ ချုပ်သွားတာကို သိဖို့ အရေးကြီးသည်။ ဝေဒနာချုပ်လျှင် တဏှာချုပ်သည်။ တဏှာချုပ်

လျှင် နိဗ္ဗာန်ရောက်သည်။ တဏှာနိရောဓ နိဗ္ဗာန်၊ တဏှာချုပ်လျှင် နိဗ္ဗာန်ရောက်ခြင်း ပင် ဖြစ်သည်။ တဏှာကို မလာအောင် ပိုင်းထားနိုင်တာ ဝိပဿနာဉာဏ် ဖြစ်သည်။ တဏှာ၏ ဒုက္ခပေးမှုကို မဂ္ဂင်တရားနှင့် ကြည့်ရသည်၊ ဝေဒနာချုပ်တာမြင်လျှင် တဏှာ ချုပ်သောကြောင့် ဝေဒနာကို ချုပ်အောင်ကြည့်လျှင် တဏှာပါ ချုပ်သွားသည်ကို တွေ့ ရလိမ့်မည်။ ဖြစ်ပေါ်လာသမျှ သမုဒယချည်း မှတ်ပါ။ ဒီသမုဒယကို ပယ်ချင်တဲ့စိတ် မရှိသမျှ နိဗ္ဗာန် မရောက်နိုင်။ ဘယ်သမုဒယမှ ကောင်းတယ်လို့ မရှိဘူး။ နတ်ပြည် ရောက်ချင်တဲ့ တဏှာ ကောင်းတယ်လို့ မပြောနိုင်။ ဗြဟ္မာ ဖြစ်ချင်တဲ့ တဏှာ ကောင်း တယ်လို့ မပြောနိုင်။ နတ်ဖြစ်လည်း နတ်ဒုက္ခ။ ဗြဟ္မာဖြစ်လည်း ဗြဟ္မာဒုက္ခ။ အိုနာ သေရေးက စောင့်နေကြသည်။ ထို့ကြောင့် တဏှာဟာ ပယ်ရမည့်တရား ချုပ်စေရမည့် တရား ဖြစ်ပေသည်။ တဏှာကို အဖော်လုပ်နေသူ များကြသည်။ အရောင်းအဝယ် မဟာန်ရင် ဒေါသ၊ အရောင်းအဝယ်ဟာန်ရင် လောဘ။ လောဘ ဒေါသနှင့် လူတိုင်းနေကြ ရသည်။ ဘုရားတွေ ဂင်္ဂါဝါဠု ပွင့်ပြီး ကျန်ရစ်တာ ဒီလောဘသမုဒယကြောင့် ဖြစ်သည်။ ဒုက္ခဝဋ္ဋ ဒုက္ခဖြစ်မယ့် ဝဋ္ဋ ဒုက္ခပတ်သက်တဲ့ အမှုတစ်ခုမကျန် တစ်ရုံမစဲ အမြဲပေး တတ်တဲ့ သဘောရှိသည်။ တရံမစဲ နားခွင့်မရအောင်လည်း ပေးတတ်သည်။ ဒုက္ခကို ဒုက္ခသစ္စာလို့ မသိလျှင် သံသရာလည်သည်။ ဒီသမုဒယဖြစ်တဲ့ သမုဒယတရားကို ရန်းကန်မခွဲနိုင်လျှင် သားစဉ်မြေးဆက် ဒုက္ခနှင့် နေရသည်။ ဘယ်ဒုက္ခမျိုးမဆို အကုန် ယူပေးမည်။ လူတွေကလည်း အရောင်းဒုက္ခပေးလျှင် ရောင်းသည်။ အဝယ်ဒုက္ခ ပေးလျှင် ဝယ်သည်။ ခန္ဓာကိုယ်ကြီးကိုလည်း သမုဒယ ပေးသည်။ ဒီခန္ဓာရှိသမျှ ဖျားတယ်၊ နာတယ်၊ အစားမှားတယ်၊ လေထိုးတယ် ဖြစ်သည်။ ဒီခန္ဓာမရှိလျှင် ဒါတွေ မရှိတော့ဘူး။ ဒုက္ခတွေလည်း ငြိမ်းသည်။ ခန္ဓာဝန်က အလွန် ဒုက္ခကြီးသည်။ ထို့နောက် သားသမီး တာဝန်တွေ ပါပါလာသည်။ ဒုက္ခတွေ ပိုလာသည်။ ဒီသမုဒယ လက်ချက်ကြောင့် တစ်မြို့လုံး နေ့တိုင်း သေနေသူတွေ အများကြီး ပြေးလွှားနေရတာလည်း အကုန်လုံးပဲ။ ဘယ်သူမှ အေးအေးမနေရ။ ဘုရားတစ်ဆူနှင့် တစ်ဆူကြား သတ္တဝါတွေ ဖြစ်လာသော အရိုးကို စုပုံထားလျှင် တစ်ယူဇနာခေါ် ၁၃ မိုင်အထိမြင့်သည်။ ဤသို့ အိုဘေး သေဘေး တွေက အမြဲတမ်း ပါနေသည်။ ၃၁ ဘုံမှာရှိတဲ့ သတ္တဝါတွေအားလုံး ဒုက္ခတွေပေးခဲ့တာ သမုဒယဖြစ်သည်။ ဒါကြောင့် မြတ်စွာဘုရားသခင်က သုခဝေဒနာနောက်က တဏှာကို မသတ်နိုင်လျှင် ဒုက္ခဝေဒနာနောက်က၊ လောဘကို မသတ်နိုင်လျှင် ဥပေက္ခာဝေဒနာ နောက်က၊ မောဟကို မသတ်နိုင်လျှင် ဒီဘဝ မင်းတို့ နိဗ္ဗာန်ရမည်ဟု ငါမဟောဟု မိန့်တော်မူသည်။ ဒါကြောင့် သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာကို ပေါ်တိုင်း ပေါ်တိုင်း မှတ်ရှုနေလျှင် ဖြစ်ပျက်ကို မြင်မည်။ ဖြစ်ပျက်ကို မြင်လျှင် ဖြစ်ပျက်ကို မုန်းသွားသောကြောင့် မဂ်သို့ ရောက်သွားနိုင်သည်။ ဤကား နိဒါနဒွေ၊ ဤဒုက္ခကို မုချသေချာ သင်ယူပါဟု ညွှန်ကာ လက်ညှိုးပြကာ ထိုးသကဲ့သို့ မျိုးစေ့စင်စစ် အကြောင်း ဖြစ်သော အနက်ဖြစ်သည်။

**လမ်းသစ်စာအုပ်တိုက်**

## သံယောဇဉ် တရားတော်

(၃) သံယောဇဉ် – သံသရာဝဋ် ကျော့ကွင်းညွှတ်မှ မကင်းလွတ်နိုင်အောင် အတင်းဖွတ်ဖွဲ့နှောင်တတ်သော အနက်။

သံယောဇဉ် မည်သူ့ကြောင့် ဖြစ်ရသည်ကို စဉ်းစားလျှင် သက္ကာယဒိဋ္ဌိကြောင့် ဖြစ်သည်။ တရားရှုသောသူတွင် ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ တစ်ခုခုကို ရှုလျှင် ခန္ဓာငါးပါးသည် စိတ်ချမ်းသာတယ်လို့ဆိုလျှင် သောမနဿဝေဒနာ၊ ကိုယ်ချမ်းသာတယ်ဆိုလျှင် သုခဝေဒနာ ဖြစ်သည်။ သို့သော် ဝိပဿနာရှုတဲ့အခါ စိတ်ချမ်းသာပြီးတဲ့နောက် စိတ်ချမ်းသာတာ ရှိမရှိ စစ်ဆေးပါ။ စစ်ဆေးတဲ့အခါ စိတ်ချမ်းသာတာ မရှိတော့ဘူး ပျက်သွားသည်။ ကိုယ်မှာပေါ်တဲ့ ဒုက္ခဝေဒနာ၊ သုခဝေဒနာတွေလည်း ပေါ်ပြီးလျှင် ပျက်သွားသည်။ ငါ ချမ်းသာတယ်ဆိုတော့ သုခဝေဒနာကို ငါဟု ယူဆလိုက်သည်။ သက္ကာယဒိဋ္ဌိဖြစ်ပြီး ငါဝမ်းသာလိုက်တာဆိုလျှင် ငါဝမ်းသာသည်ဆိုတာနှင့် သက္ကာယဒိဋ္ဌိ ဖြစ်ပြီ။ ဖြစ်လာတဲ့ ဝေဒနာကို ငါ့ကိုယ်၊ ငါ့ဟာဟု ထင်နေခြင်းဖြစ်သည်။ ငါ ချမ်းသာလိုက်တာဆိုလျှင် ချမ်းသာတဲ့ သုခဝေဒနာကို သက္ကာယဒိဋ္ဌိ ငါဟု စွဲသွားသည်။ ငါ ဆင်းရဲတယ်ဟုဆိုလျှင် သောကဝေဒနာကို ငါဟု စွဲလိုက်သည်။ ထို့ကြောင့် သက္ကာယဒိဋ္ဌိ ပေါ်လာသည်။ ငါမြင်တယ်ဆိုလျှင်လည်း မြင်သော စက္ခုဝိညာဉ်ကို ငါထင်လိုက်သည်။ သက္ကာယဒိဋ္ဌိ ဖြစ်တယ်ဆိုလျှင် သုခဝေဒနာ၊ ဒုက္ခဝေဒနာတွေကို ငါဟု ယူဆထားခြင်း ဖြစ်သည်။ ဝေဒနာနှင့် ငါနှင့် ရောနေသည်။ မီးနှင့် အရောင်နှင့် ရောနေသည်။ မီးက ပူသည်။ အရောင်က လင်းသည်။ ဒါနှစ်ခု ရောယူလိုက်သည်။ မီးနှင့် အရောင်နှင့် တူသည်ဟု ရော၍ မှတ်လိုက်သည်။ ငါနှင့် ဝေဒနာ အတူတူပဲဟု ယူလိုက်သည်။ သက္ကာယဒိဋ္ဌိ ဖြစ်သည်။ မီးက ပူသည်။ အရောင်က လင်းသည်။ အမှန်က တခြားစီ ဖြစ်သည်။ ငါဆိုတာ တကယ်ရှိသည် မဟုတ်ပါ။ မီးကုန်လျှင် အရောင်လည်း ကုန်သွားသည်။ ငါ့ဟာ၊ ငါ့ဥစ္စာ ဆိုတဲ့ စကားသုံးလုံးဟာ သက္ကာယဒိဋ္ဌိ ဖြစ်စေသည်။ တဏှာမာနဒိဋ္ဌိ စွဲနေသည်။ ဝေဒနာကို အနိစ္စလို့ မသိရင် ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာ ဖြစ်နေသည်။ ဝေဒနာ အနိစ္စလို့ သိမှသာ သက္ကာယဒိဋ္ဌိ ပြုတ်သည်။ သေရင်ပြီးတာပဲဆိုတော့ ဥစ္ဆေဒဒိဋ္ဌိ၊ ဒီဝိညာဉ်ကလေးဟာ ဟိုဘဝ၊ ဒီဘဝ ကူးနေတာပဲလို့ဆိုလျှင် သဿတဒိဋ္ဌိ ဖြစ်သွားသည်။ ငါ့ဟာ၊ ငါ့ဥစ္စာ စွဲလျှင် သက္ကာယဒိဋ္ဌိ။ ရုပ်ကို ငါထင်လျှင် နာမ်ကို ငါထင်လျှင် သက္ကာယဒိဋ္ဌိ။ ဤကဲ့သို့ ငါ့ကိုယ် ထင်နေသည့် သက္ကာယဒိဋ္ဌိသည် မဂ်တရားကို တားဆီးတဲ့ အကြီးဆုံးဒိဋ္ဌိ ဖြစ်သည်။ အလှူပေးတယ်။ ငါ့အလှူကွ၊ ငါကောင်းစားလို့ လှူလိုက်တာပဲ။ သက္ကာယ ပါနေသည်။ စေတနာကို ငါထင်သည်။ သက္ကာယဒိဋ္ဌိနှင့် လှူတော့ နတ်ရွာတော့ ရောက်ပါသည်။ နိဗ္ဗာန်ကို မရောက်သေး။ ဒိဋ္ဌိက ဝင်တားနေသည်။ ငါလှူလိုက်တယ်။ ငါပေးလိုက်တယ်။ ငါပါနေသည်။ ငါပါနေလျှင် သက္ကာယဒိဋ္ဌိ ပါနေသည်။ ငါလို့ ထင်နေတော့ တိတ္တိကလေးက ပါပါသွားသည်။ ကုသိုလ်လုပ်လို့ ရှိလျှင် နတ်ပြည်အကျိုးတော့ ပေးမည်။ ငြင်းစရာမလို။ သို့ရာတွင် ဒိဋ္ဌိလည်း ပါသွားသည်။

ဒိဋ္ဌိပါသွားလျှင် သူသည် သံသရာက မကျွတ်သေး။ တစ်နေ့ လူ့ပြည်၊ နတ်ပြည်၊ ငရဲပြည်၊ ပြန်၍ ဆင်းရလိမ့်ဦးမည်။ ဝေဒနာဟာ ငါ့ဟာ မဟုတ်ဘူး။ ဝေဒနာဟာ ဖြစ်ပြီး ပျက်သွားသည်။ အနိစ္စရှုမှ မှန်သည်။ ထို့ကြောင့် ဝေဒနာကို ငါကို ငါ့ဟာ ငါ့ဥစ္စာမဟုတ်ဟု တရားနှင့်ရှု၍ ဖြုတ်ပေးရသည်။ သက္ကာယဒိဋ္ဌိကို စိတ်ကူးနှင့် ဖြုတ်၍ မရ၊ အလုပ်နှင့် ဖြုတ်မှရသည်။ အလုပ်နှင့်ဖြုတ်တာ အကောင်းဆုံးဖြစ်သည်။ ဝေဒနာ ရှုလိုက်လျှင်လည်းကောင်း၊ ဝေဒနာဟာ ပျက်သွားသည်။ စိတ်ကို ရှုလိုက်လျှင်လည်းကောင်း စိတ်ကလေးဟာ ပျက်သွားသည်။ ဤကဲ့သို့ အပျက်ကို မြင်လာသည်။ တဏှာ မာန ဒိဋ္ဌိ ပြုတ်သွားသည်။ ဤသုံးခုလုံးပြုတ်ခြင်းသည် ဝိပဿနာအစစ်ဖြစ်သည်။ အနုသယ ပြုတ်အောင် မဂ်ကသာလျှင် တတ်နိုင်သည်။ ဝိပဿနာရှုတော့ ဖြစ်ပျက်ကို မြင်သည်။ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာ မဟုတ်ဟု မြင်လာသည်။ ပျောက်ပျက်သွားတာပဲ၊ ဖြစ်ပြီး ပျက်တာပဲ မြင်လာသည်။ ဒါ ဝိပဿနာ ဖြစ်သည်။ ဖြစ်ပျက်မြင်ပြီး ပျောက်သွားလျှင် အနုသယတွေအားလုံး ပျောက်သွားခြင်း ဖြစ်သည်။ အနိစ္စသဘော၊ အတ္တသဘောတွေ အားလုံး ဝင်လာသည်။ လူတွေ နိဗ္ဗာန်ရပါလို၏ ဆုတောင်းကြသည်။ အလုပ်မပါတော့ ဆုတောင်းမပြည့် ဖြစ်နေသည်။ အလုပ်ပါမှ ဖြစ်မည်။ တောင်းရတာက ကြာတယ်။ အလုပ်တွင်တွင် လုပ်ပါ့မယ်ဆိုလျှင် အကောင်းဆုံး ဖြစ်သည်။ အလုပ်မပါ၊ ဆရာကောင်း မရှိခဲ့လျှင် ခင်ဗျားတို့ ဒီဘဝလည်း ဆုတောင်း၊ နောက်ဘဝလည်း ဆုတောင်း၊ ဆုတောင်း ရင်းသေ၊ ဘဝပြောင်းရင်း ဆုတောင်း ဖြစ်သွားသည်။ နိဗ္ဗာန်ကို ရည်စူးပြီး လှူဒါန်းသည် မှန်သည်။ အလုပ်မပါသည့်အတွက် သံသရာကို လည်ရလိမ့်မည်။ သက္ကာယဒိဋ္ဌိ ပြုတ် သွားဖို့သည် အရေးအကြီးဆုံး ဖြစ်သည်။ ဝေဒနာကိုရှု၍ ပျက်တာမြင်တော့ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာမဟုတ်ဟု သိလာသည်။ သိလျှင် သက္ကာယဒိဋ္ဌိ ပြုတ်သည်။

သံယောဇဉ်၊ မြန်မာလိုဆိုလျှင် ယှဉ်တွဲတတ်တဲ့သဘော ဖြစ်သည်။ ဒုက္ခဝဋ္ဋ၊ ဒုက္ခမှုတွေကို မင်းတို့နှင့် တွဲပေးမလို့ လာတာဟု အဓိပ္ပာယ်ရသည်။ သူက အလကား မလာဘူး။ ဒုက္ခတွဲပေးမည်။ ကြပ်ကြပ်သတိထားသင့်သည်။ လောဘလာတိုင်း ဒုက္ခနှင့် တွဲပေးမည်။ ဒေါသလာတိုင်း လာတိုင်း ဒုက္ခနှင့် တွဲပေးမည်။ ဒုက္ခက အမြဲတွဲပြီး လာလိမ့်မည်။

ဘယ်သူ့ဆီမှာ ရစရာတွေရှိတယ် လောဘ ဖြစ်သည်။ သွားတောင်းဦးမှပဲ ခန္ဓာကိုယ်ကြီးကို ခိုင်းသည်။ မရောက် ရောက်အောင် သွားရသည်။ လောဘလာလျှင် ဘာလုပ်မလို့ လာတာလဲ၊ ဒုက္ခဝဋ္ဋ ဒုက္ခမှုကို ယှဉ်တွဲပေးမလို့လာခြင်း ဖြစ်သည်။ စေတနာကောင်းနှင့် လာတာမဟုတ်။ လိုချင်တဲ့စိတ်ကလေး ပေါ်လာလျှင် သွားရမယ့် ဒုက္ခ ဖြစ်လာသည်။

တစ်ခါတလေ တစ်ယောက်နှင့်တစ်ယောက် မုန်းတီးအော်ဟစ်နေရတာတောင် ရှိခဲ့သည်။ လောဘလာလို့ လုပ်ရသည်။ လုပ်ရလို့ ဆင်းရဲခြင်းဖြစ်သည်။ လောဘလာလို့ သွားရ လာရ ပြေးရ ရှာသည်။ ဒုက္ခကို အမြဲတွဲပေးထားခြင်း ဖြစ်သည်။ လောဘလာ

လျှင် မည်သူမှ ထိုင်နေ၍မရ သွားကြ လာကြ ကြိုးစားကြရသည်။ နံနက် မိုးလင်းလျှင် ပင် ဘယ်ကို သွားရမည်။ ဒီနေ့ ဘာတွေလုပ်ရမည်။ တစ်ခါတည်း ပေါ်လာသည်။ ဒုက္ခ အရင်စောင့်နေသည်။ လောဘလာသမျှ ဒုက္ခက ယှဉ်တွဲပြီး ပါလာသည်။

မိုးလင်းလျှင် လောဘက အရင်လာသည်။ လောဘလာလျှင် ဣဿာရော၊ မစ္ဆရိယ မာနရော၊ ဒိဋ္ဌိရော အကုသိုလ်စိတ်တွေက တစ်ပြုံကြီး ပါလာသည်။ အခြွေအရံ နှင့် လာသည်။ အစိမ်းသူရဲသဘက်တွေ ဖြစ်သည်။ ဒီလောဘလာတာ ဘာပေးမလို့ လာတာလည်း ဒုက္ခပေးမလို့ လာခြင်းဖြစ်သည်။ လောဘက ထင်သလို စီမံတော့မည်။ အပြေးနိုင်လျှင် ပြေးရသည်။ နောက်ကျသွားလိမ့်မည်။ မြန်မြန်ထွက်ရသည်။ ထမင်း မစားရ အငတ်နေ ကိစ္စမရှိ၊ သွားသာသွားဟု လောဘက နိုင်းသည်။

နံနက်စာကို ညကျမှ တစ်ခါတည်း ရောစားရသည်။ လောဘကိစ္စ ဖြစ်သည်။ အငတ်ပြဿနာ တွေ့မည်။ ဆန်အိတ် ရှိလျက်နှင့် ထမင်းမစားရတာ တွေ့ရမည်။ ဒီဒုက္ခတွေ ငါပေးမည်။ ကောင်းကောင်းမစားရဘဲ ငတ်တဲ့ဒုက္ခပေးတာ လောဘကြောင့် ဖြစ်သည်။ လောဘရောက်တဲ့အချိန်ကစ၍ ဒုက္ခတွေကို ပေးမည်။ အမြဲတမ်း လုပ်စရာ ရှိနေအောင် သူက ပေးနေမည်။ လူတွေက ဝန်ထုပ်ကြီး ထမ်းနေရတာကို ပျော်သည်။ ဝန်ထုပ်ကြီး ကျသွားမှာကို ကြောက်သည်။ ကလေးမွေးလာလျှင်လည်း သူတို့တာဝန်တွေ ထမ်းရ၊ ဆွေမျိုးတွေ လာပြန်လျှင်လည်း သူတို့တာဝန်တွေ ထမ်းရ၊ ဆွေမျိုးတွေရဲ့ အပူတွေအားလုံး ကိုယ့်ပေါ်ရောက်၍ ပူလာရသည်။ အတွင်းကလည်းပူ အပြင်ကလည်းပူ ဖြစ်လာသည်။

ထို့ကြောင့် လောဘရှိက အပူကပ်လာသည်။ သားတွေ သမီးတွေ ဝန်ပါထမ်းရ သည်။ သားတွေ သမီးတွေ ဆွေမျိုးတွေ အကုန်လုံး ဝိုင်းပြီး နိပ်စက်ခံရမှ ဝန်ထုပ်ကြီး ထမ်းရမှ ကြိုက်သည်။ ဝန်ထုပ်ကြီး မရှိမှကောင်းခြင်း ဖြစ်သည်။ အိပ်ရာထဲ အိပ်တာ တောင် ဝန်ထုပ်ပိနေသည်။ သားသမီးကလည်း နေရာမကျ၊ ပစ္စည်းအရောင်းအဝယ် ကလည်း အချိုးမကျ၊ ဒီလိုဖြစ်နေရင် သက်ပြင်းကြီး ရှူနေရသည်။ အိမ်မှာနေလျှင် အလုပ်က အမြဲရှိနေသည်။ ဟိုဟာ အမြင်မတော်လုပ်လိုက်ရ၊ ဒီဟာ အမြင်မတော် လုပ်ကိုင်ရ အားသည် မရှိပါ။

ကျောင်းကန်ဘုရား သွားတာပင် နောက်က သားသမီး ဝန်ထုပ်တွေ ပါလာသည်။ ဝန်ထုပ်တွေ လေးတယ် ထားပစ်ခဲ့မယ်ဟု မည်သူမှ မတွက်ဘူး။ ဝန်ထုပ်မရှိတဲ့နေရာ ပျော်ပျော်ပါးပါး တစ်ကိုယ်တည်း တရားအားထုတ်မယ်ဆိုလျှင် ဘယ့်လောက် သက်သာ မလဲ စဉ်းစားကြည့်ပါ။ ဝန်ထုပ်ကြီးကို ထမ်းနေရတာ ဝန်ထုပ်ကြီးမရှိလျှင် ဘယ့်လောက် ပေါ့ပါး သက်သာမလဲ စဉ်းစားကြည့်ပါ။ အမောဆိုက်စရာ မလိုတော့ဘူး။ အများကတော့ အမောဆိုက်မှ ကျေနပ်သည်။ သေတာတောင်မှ သားကို စိတ်မချ။ သမီးကို စိတ်မချ။ ပစ္စည်းကို စိတ်မချနှင့် သေစေရမည်ဟု သမုဒယက နိုင်းသည်။ ဒုက္ခဝဋ္ဋ ဒုက္ခမှုတွေကို သေသည်အထိ တွဲပေးသည်။

အသက်တစ်ရာမနေရ အမှုတစ်ရာတွေ့ရ ဆိုသည်။ ယခု အမှုတစ်ရာမဟုတ် အမှုပေါင်းတစ်ထောင်ကျော်အောင် တွေ့နေသည်။ ဒီဒုက္ခတွေ လွတ်အောင် လောဘစိတ်၊ ရာဂစိတ်သာလျှင် သူ့ကို ဖြစ်ပျက်ရှုရမည်။ ပေါ်လာတဲ့ စိတ်ကလေးဟာ ပျက်သွားမည်။ ဒုက္ခနှင့် ဝေးသွားမည်။ ဖြစ်ပျက် ရှုလိုက်လျှင် တဏှာမလာတော့ပေ။ ဝေဒနာပစ္စယ တဏှာ ဝေဒနာကြောင့် တဏှာဖြစ်သည်။ ကိလေသာစိတ် ဖြစ်သည်။ ထို့ကြောင့် လောဘရောက်လာလျှင် စေတနာကောင်းနှင့် ရောက်သည်မဟုတ်၊ အိမ်ရှင်ကို မုချဒုက္ခ ပေးလိမ့်မည်။

ရှေးဦးစွာ အိမ်က ခေါင်းဆောင်ကို ပေးမည်။ နောက် သားတွေ သမီးတွေ တစ်အိမ်လုံးပေးမည်။ မင်းတို့လည်း ဟိုအလုပ်လုပ် ဒီအလုပ်လုပ် စသည်ဖြင့် တစ်အိမ်လုံး အနားမနေရအောင် အလုပ်တွေ ပေါ်လာသည်။ ဆင်းရဲမှာစိုးလို့ စက်ရုံကြီး ထောင်ထားသည်။ မေးလျှင် ဆင်းရဲမှာစိုးလို့ ပြောမည်။ စက်ရုံကြီး ထောင်ထားတော့ လူအားသေးသလား။ လူလည်းမအား၊ သားသမီးတွေလည်း မအား၊ အကုန်လုံး တစ်ယောက်တစ်မျိုး လုပ်စရာတွေ ပေါ်လာသည်။ လောဘက နှိပ်စက်ခြင်း ဖြစ်သည်။

ထို့ကြောင့် လောဘသာလျှင် ဒုက္ခဝဋ္ဋ ဒုက္ခမှုတွေတွဲ၍ ပေးခြင်းဖြစ်သည်။ အိမ်တာဝန်တွေ ဘယ်လောက်များတယ်ဆိုတာ လူတိုင်းသိသည်။ သတိမထား၍ ဖြစ်သည်။ သားတွေ သမီးတွေကို ကျွန်ခံနေရခြင်း ဖြစ်သည်။ ထို့ကြောင့် လောဘဆိုတဲ့ သမုဒယ တရားသည် သူလာလျှင် ဒုက္ခဝဋ္ဋ ဒုက္ခအစုတို့ အမြဲတမ်း ယှဉ်တွဲ၍ ပါလာလေသည်။ အလွန် မကောင်းသောတရား ဖြစ်သည်။ ထို့ကြောင့် မြတ်စွာဘုရားက သံယောဂဋ္ဌော–သံသရာဝဋ်၌ ကြေးကွင်းညွတ်မှ မကင်းမလွတ်နိုင်အောင် အတင်းဖွတ် ဖွဲ့နှောင်ယှဉ်စပ် တတ်သော တရားဖြစ်သည်ဟု ဟောသည်။

## ပလိဗောဓဋ္ဌော တရားတော်

(၄) ပလိဗောဓဋ္ဌော–မဂ်ဖိုလ်ပိုင်ပိုင် မရနိုင်အောင် ဖွဲ့နှောင် တားဆီးတတ်သော အနက်။

မိမိရရှိထားသော ခန္ဓာငါးပါးကို ငါ့ဥစ္စာဟု စွဲယူမှတ်ထားလျှင် နောက်က ဒုက္ခ ဒေါမနဿ သောက ပရိဒေဝ လိုက်လာသည်။ သက္ကာယဒိဋ္ဌိ ဖြစ်သည်။ ဥပမာ–မျက်လုံး ကံကြောင့် ဖြစ်သည်။ ကံက စီမံထားတဲ့ မျက်လုံးကို ငါ့မျက်လုံးဟု ထင်လိုက်လျှင် အတ္တဆိုတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်သွားသည်။

ကံက လုပ်ထားတော့ ကံသာပိုင်သည် ငါ မပိုင်။ ငါပိုင်တယ်ဆိုပြီး ငါ့ဥစ္စာဟု မထင်သင့်ပေ။ ကမ္မဇရုပ် ကံကပေးတဲ့ရုပ်ကို ငါ့ဥစ္စာဟု ထင်လျှင် မှားသည်။ ဥပမာ–အပူနှင့် တွေ့လျှင် ပူသည်။ ဒုက္ခဝေဒနာပေါ်သည်။ ရေအေးလေးတိုက်လျှင် သုခဝေဒနာ ပေါ်သည်။ ဝမ်းသာစရာပေါ်လျှင် ဝမ်းသာသည်။ ဝမ်းနည်းစရာတွေ့လျှင် ဝမ်းနည်းသည်။

ဤကဲ့သို့ ဝမ်းသာဝမ်းနည်းပေါ်တာ ရှေ့က ပေါ်တာမဟုတ်။ အကြောင်းတရား

တိုက်ဆိုင်သောကြောင့် ဖြစ်သည်။ အကြောင်းကြောင့် ပေါ်လာသည်ကို ငါပိုင်သည်၊ ငါ့ဥစ္စာဟု မစွဲပါနှင့်။ အာရုံသဒ္ဒါရ တိုက်ဆိုင်လို့ အကြောင်းတရား တိုက်ဆိုင်လို့ ပေါ်ခြင်းဖြစ်သည်။ စေတနာလည်း ဒီအတိုင်းဖြစ်သည်။ ငါစေတနာကောင်းလို့ ငါ့ဥစ္စာဟု မစွဲသင့်ပေ။ သက္ကာယဒိဋ္ဌိ ဖြစ်နေသည်။

စိတ်ကို ငါ့ဥစ္စာဟု မစွဲပါနှင့်။ ထမင်းဆာက ထမင်းစားချင်သောစိတ် ပေါ်သည်။ မုန်းစရာတွေ့က မုန်းသောစိတ် ပေါ်သည်။ ခင်စရာလူတွေ့မှ ခင်သောစိတ် ပေါ်သည်။ ဤကဲ့သို့ အကြောင်းနှင့်အကျိုးကြောင့် ဖြစ်လာသောစိတ်ကို ငါပဲဟုစွဲလျှင် သက္ကာယဒိဋ္ဌိ ဖြစ်သည်။

သုညဖြစ်အောင် လုပ်ရမည်။ တစ်လည်းမဟုတ်ဘူး၊ နှစ်လည်းမဟုတ်ဘူး။ ငါဆိုလျှင် တစ်ဖြစ်သွားလိမ့်မည်။ ငါ့ဥစ္စာဆိုလျှင် နှစ်ဖြစ်သွားလိမ့်မည်။ တစ်လည်း မရေးပါနှင့်၊ နှစ်လည်း မရေးပါနှင့်၊ သုညပဲ ရေးလိုက်ပါ။ သုညဆိုလျှင် ဘာမှမရှိဘူး။ ငါ့ဥစ္စာလည်း မဟုတ်၊ သုညဆိုလျှင် နိဗ္ဗာန်ရောက်သည်။ ငါမရှိ ငါ့ဥစ္စာမဟုတ်ဟု မြင်လျှင် သုညပဲ ဖြစ်သည်။ သုည ရေးလိုက်ပါ။ ငါပဲ၊ ငါ့ဥစ္စာပဲ။ ကားတွေ၊ မြေတွေ၊ ပစ္စည်းတွေ ငါပိုင်တယ်။ ငါ့ဥစ္စာပဲ၊ ငါ့ဥစ္စာ၊ ငါဖြစ်နေတော့ သက္ကာယဒိဋ္ဌိ ဖြစ်နေသည်။

ထို့ကြောင့် သုညဖြစ်ဖို့ အရေးကြီးသည်။ သုညဆို ဘာမှမရှိ ငါလည်း မပိုင်၊ ငါလည်း မဆိုင်ဟု သဘောသက်သက် ပေါ်လာသည်။ ဘာစိတ်ပေါ်ပေါ် ငါ့စိတ်မစမ်းနှင့်ဟု မသုံးလိုက်ပါနှင့်။ စိတ်ကို ငါထင်လျှင် ဆက်သွယ်နေသော ဥစ္စာပစ္စည်းကိုလည်း ငါ့ဥစ္စာဟု ထင်လာသည်။

ရုပ်တွေ နာမ်တွေဟာ ဖြစ်ပျက်ဖြစ်ပျက် အနိစ္စ မြင်လာပေမည်။ ငါ့ဥစ္စာဆိုလိုက်လျှင် သောကပရိဒေဝမီးတွေ လာမည်။ ထို့ကြောင့် သုညကိုသာ ရေးပါ။ ငါပိုင်သည်၊ ငါ့ဥစ္စာ ဖြစ်သည်ဆိုတော့ တစ်စုံတစ်ခု ပျက်စီးချွတ်ယွင်းသွားလျှင် သောကပရိဒေဝမီးတွေ လိုက်လာသည်။ သုညရေးဖို့ အရေးကြီးသည်။

သုညရေးထားလျှင် သားသမီးနဲ့ပတ်သက်လို့ ပျက်စီးချွတ်ယွင်းလို့၊ မိမိနှင့် ပတ်သက်သမျှ ဘာမှ ပူစရာမရှိတော့ပေ။ သောကပရိဒေဝ မလာတော့ပေ။ ဘဝများစွာ သံသရာက ငါ့ဥစ္စာချည်း ရေးလာသည်။ ဒီဘဝကျမှ သုညရေးရတာ တော်တော် ခက်ပါသည်။ သုညဟာ သုညပဲ၊ ငါ့ဥစ္စာမဟုတ် ငါမပိုင်ဆိုလျှင် ဘယ်လိုဒုက္ခတွေ တွေ့တွေ့ မျက်ရည်ကျစရာ မလိုတော့ပေ။

ထို့ကြောင့် မျက်ရည်မကျချင်လျှင် မပူချင်လျှင် သုညရေးပါ။ မိမိခန္ဓာကိုယ်နှင့် သားသမီး၊ ပစ္စည်း၊ ဒါတွေအားလုံး ငါ့ဥစ္စာမဟုတ် ငါမပိုင်ဟု သုညရေးထားလိုက်လျှင် ဘာမှ ပူစရာမရှိတော့ပေ။ မျက်ရည်တိတ်သောတရား ဖြစ်သည်။

ခန္ဓာကိုယ်က အနိစ္စ ဒုက္ခ အနတ္တ အမြဲဖြစ်နေသည်။ သုညပဲဖြစ်သည်။ ဒါကြောင့် ဟိုအိမ်မှာ ကြည့်လိုက်လျှင်လည်း တော်တော်ကြာ ငိုပွဲဆင် ဒီအိမ်ကြည့်လိုက်လျှင်လည်း တော်တော်ကြာ ဘယ်သူဘာပြုလို့ ငိုပွဲဆင်၊ ဒီငိုပွဲဆင်တာ ဂဏန်းရေးမှားလို့ ဖြစ်သည်။

**လမ်းသစ်စာအုပ်တိုက်**

တစ်၊ နှစ် ရေးသည်။ တစ်ဆိုတာ ငါပဲ၊ နှစ်ဆိုတာ ငါ့ဥစ္စာပဲလို့ စွဲလမ်းသွားသည်။ ကံ စိတ် ဥတု အာဟာရကြောင့် ရုပ်ဖြစ်သည်။ အာရုံဒွါရကြောင့် နာမ်ဖြစ်သည်။ ဒီရုပ်နာမ် တွေကို ကိုယ်က လုပ်ထားတာ မဟုတ်ပေ။ ကိုယ်လည်း မပိုင်ချေ။ ခန္ဓာကိုယ်ပေါ်မှာ ကော သားသမီးနှင့် ပစ္စည်းဥစ္စာပေါ်မှာကော ဉာဏ်ဖြင့် သုညရေးရသည်။ ဉာဏ်သုည ဖြစ်သည်။

သုညစွဲမှ မင်း နိဗ္ဗာန်ဘုံသို့ ရောက်မည်ဟု ဘုရားက ဟောတော်မူသည်။

ဤရုပ် နာမ်သည် ငါဖြစ်ပါသလား၊ ပစ္စည်းကော ငါ့ဥစ္စာ ဟုတ်ပါသလား၊ ရုပ်နာမ် နှစ်ပါးအတိုင်း ဖြစ်ပေါ်နေခြင်းဖြစ်သည်။ ရုပ်နာမ်ကြောင့် ဖြစ်ပေါ်လာသော ဒုက္ခတွေ တွေ့လျှင် ဖြစ်မှဖြစ်ရလေသည်ဟု သောကဖြစ်လာသည်။ ဂဏန်းအရေးလွဲလို့ ဖြစ်သည်။ ကိုယ့်အတတ်နှင့် ကိုယ်စူးခြင်းဖြစ်သည်။ လူတွေသေလို့ သုသာန်ရောက်လျှင် ငိုကြ၊ ယိုကြ၊ ရင်ထု မြေလူး ဖြစ်ရသည်။ ကိုယ့်အတတ်နှင့်ကိုယ် စူးရခြင်း ဖြစ်သည်။ ငါပိုင်သည် ငါ့ဥစ္စာဟု ထင်နေခြင်းကြောင်း ဖြစ်သည်။

အိမ်ရှေ့ပူလျှင် အိမ်နောက်မချမ်းသာ ဖြစ်မှာပဲ။ ဘဝများစွာ သံသရာမှာ မျက်ရည် ကြီးငယ်ကျရတာ သမုဒ္ဒရာလေးစင်းရေထက် များသေးတယ်ဆိုတာ တစ်နဲ့နှစ် ရေးပြီး ငါစွဲလမ်းလို့ ဖြစ်သည်။ ငါ ငါ့ဥစ္စာဟု စွဲလမ်းကြသည်။ ပစ္စည်းဥစ္စာနှင့် ဆွေမျိုးတွေကို ငါ့ဥစ္စာဟု စွဲလိုက်လျှင် သေပွဲဝင်ရမည်။ မစွဲဘဲ သုညရေးထားက ပူစရာမလို၊ ဆိတ်သုဉ်း ခြင်းဖြစ်သည်။ သုညဖြစ်သည်။

ဒီခန္ဓာငါးပါး ရုပ်နာမ်တရားပေါ်၌ သုညရေးနိုင်သော ပုဂ္ဂိုလ်သာ သောကပရိဒေဝ ချုပ်ရန် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည်။ သုညမရေးနိုင်သူမှာတော့ မျက်ရည်နှင့် အပယ်လေးပါး။ သုည ရေးနိုင်သူမှာတော့ မျက်ရည်သိမ်း၍ နိဗ္ဗာန်ရောက်ကြသည်။ နိဗ္ဗာန်ရောက်တာ ကြိုက်ပါရဲ့၊ ကြိုက်ပင် ကြိုက်ကြသော်လည်း ရေးထားတာက သုည မဟုတ်တော့ ခက်နေသည်။ သုညရေးဖို့က အတော်ခက်နေသည်။

လူတိုင်း လူတိုင်းမှာရှိသော ရုပ်နာမ်နှစ်ပါးသည် အနိစ္စသာ ဖြစ်သည်။ အမြဲတမ်း အနိစ္စဖြစ်တာကို ပြနေသည်။ ထို့ကြောင့် မိမိခန္ဓာပေါ်မှာ မိမိပစ္စည်းပေါ်မှာ သုညရေးပါ။ ငါ့ဥစ္စာမဟုတ်ကြောင်း ခန္ဓာကိုယ်က ဖြစ်ပျက်ဖြစ်ပျက် ပြနေသည်။ ငါ့ဥစ္စာမဟုတ်ပါဘူး အနိစ္စဟု ပြောခြင်းဖြစ်သည်။

ခန္ဓာကိုယ်က အနိစ္စပြတာကို ဉာဏ်သုညနှင့် မှတ်ထားလျှင် ကိုက်ညီသွားသည်။ အနတ္တဉာဏ်ပေါက်သည်။ သမုဒယသစ္စာသည် သက္ကာယဒိဋ္ဌိကြောင့်ဖြစ်သည်။ သုညတော၊ လောကံ၊ အဝက္ခသု၊ လောကံ၊ မင်းတို့ ခန္ဓာငါးပါးနှင့်တကွ မင်းတို့ရှာထားတဲ့ ပစ္စည်း ဥစ္စာကို သုညတော၊ သုညရေးနိုင်အောင်။ အသုက္ခသု၊ ခုကတည်းက ကြည့်ထားပါ။ ဤကဲ့သို့ ကြည့်ထားလျှင် ငါ့ဥစ္စာဆိုတာ နှုတ်ပြီးသား ဖြစ်သွားသည်။ သုညဖြစ်သွား သည်။ ငါ ငါ့ဥစ္စာကို သုညရေးသော ပုဂ္ဂိုလ်သည် ငါ့ ငါ့ဥစ္စာနှုတ်ပြီးသား ပယ်ပြီးသား ဖြစ်သွားသည်။ တစ်နှင့် နှစ်ကို နှုတ်ပြီးသား ဖြစ်သည်။

**လမ်းသစ်စာအုပ်တိုက်**

ဘုရားကိုယ်တော်မြတ်ကြီး ကိုယ်တိုင်က ဟောထားခြင်း ဖြစ်သည်။ လူတွေ ဒုက္ခရောက်တာ တစ်၊ နှစ် ရေးဆွဲထားလို့ ဖြစ်သည်။ ဘုရားက သုညရေးမှ ကြိုက်သည်။ ငါ ငါ့ဥစ္စာမဟုတ်ကြောင်း ရေးနိုင်အောင် ရေးပါ။ ရေးနိုင်လျှင် သေမင်းနိုင်ငံက လွတ်မည်။ သုညရေးနိုင်လျှင် နိဗ္ဗာန်သို့ မုချရောက်လိမ့်မည်။ နိဗ္ဗာန်ဆုတောင်းတာ အသာထားသင့်သည်။ သုညကို ရေးပြီးမှ တောင်းပါ။ ငါ ငါ့ဥစ္စာမဟုတ်။ သုညရေးလျှင် ငါ ငါ့ဥစ္စာမှ ဆိတ်သုဉ်းသွားသည်။

နေ့တိုင်း ရေးနိုင်လျှင် ပို၍ကောင်းသည်။ ခန္ဓာကိုယ်က ဖြစ်လိုက်၊ ပျက်လိုက် ဖြစ်နေသည်။ တားဆီးလို့မရ။ ငါ့သဘောအတိုင်းလည်း မနေ၊ ခဏခဏဖောက်ပြန်သည်။ ဝိပဿနာရှု၍ သုညရေးထားတော့ ငါမရှိတော့ပေ။ ဉာဏ်ထဲက ဖြစ်သည်။ ပျော်ပျော် ပါးပါးနေရတော့ ငါပျော်လိုက်တာဟု ငါစွဲသွားသည်။ ငါစွဲသွားလျှင် နောက်က ငိုရမည် မုချလာမည်။ ဘယ်လို အရောင်းအဝယ် လုပ်လိုက်လျှင် တစ်သက်စားမကုန်ဘူးဟု ကျေနပ်ပြီး၊ ကိုယ့်သားသမီး အထောက်အပံ့များ မျှော်လင့်၍ ပြောနေကြသည်။ ဒီလို ဆိုလျှင် ငိုရမည်မုချ ဖြစ်သည်။ အားကိုးရမည်အထင်ရှိလို့ ယခု ကိုယ်ကျိုးနည်းပြီ။

မိမိအားကိုးတာတွေ နောက်ဆုံး၌ ပျက်စီးကြသည်။ အနိစ္စသဘော ရောက်သည်။ ကလေးများ အူရွှင်လျှင် ငိုကြရသည်ဆိုသည့်အတိုင်း ပျော်နေတာတွေ နောက်ဆုံး ငိုကြရသည်။ အမှတ်လွဲလို့ ငိုတာဖြစ်သည်။ လူကြီးတွေက စိတ်မချမ်းသာဘူး၊ လက်မချမ်းသာဘူး၊ မစားနိုင်ဘူး၊ မသောက်နိုင်ဘူး ဆိုသမျှ သည်ခန္ဓာကိုယ်ကို အမှတ်လွဲထားလို့ ဖြစ်သည်။

ကိုယ်မကျန်းမာလျှင် သားသမီး မကျန်းမာလျှင် စိတ်မချမ်းသာ ဖြစ်သည်။ သုညရေးထားလို့ ငါမရှိ၊ ငါ့ဥစ္စာမရှိဟု မှတ်ထားလျှင် ဘာမှ စိတ်ဆင်းရဲစရာ မရှိ။ နဂိုက မရှိတော့ ပျောက်သွားလည်း အကြောင်းမထူးချေ။ လူတိုင်း စိတ်ဆင်းရဲမှုတွေ သည် စိတ်အလိုမကျ၊ သားနဲ့သမီး ဆွေနဲ့မျိုးနဲ့၊ ရောဂါတွေ အလိုမကျတာ ရှိသည်။ ဤကဲ့သို့ အလိုမကျ စိတ်ဆင်းရဲတာ တစ်ဂဏန်းရေးပြီး ငါပိုင်သည်ထင်လို့ ဖြစ်သည်။

ဒါကြောင့် မြို့ထဲရွာထဲမှာ မျက်နှာမကြည်မသာ နေထိုင်ကြ၊ စားမဝင် အိပ်မပျော် ဖြစ်ကြ။ အားလုံး အိပ်တိုင်းလိုလိုပဲ အလိုမကျမှုဟာ မပြည့်စုံဘူး။ သူ့အချိုးနဲ့သူတော့ စိတ်ဆင်းရဲစရာ ပါတာချည့် ဖြစ်သည်။ အိမ်တိုင်းမှာ တစ်နှင့် နှစ်ဂဏန်းတွေ ရေးထားသောကြောင့် ဖြစ်သည်။ ကိုယ့်အတတ်နှင့်ကိုယ် စူးခြင်းဖြစ်သည်။ ဖြစ်မှဖြစ်ရလေ ကံမကောင်း အကြောင်းမသင့်။ အမှန်တော့ ကံနှင့် မဆိုင်ပါ။ ကိုယ့်အတတ်နှင့်ကိုယ် စူးခြင်း ဖြစ်သည်။ ဒုက္ခချုပ်တဲ့အိမ်ဟာ သုညရေးသောအိမ် ဖြစ်သည်။

သားကြောင့် သမီးကြောင့်၊ ဆွေကြောင့် မျိုးကြောင့် ကိုယ့်အတွက်ကြောင့် ပူလိုက်ရတာ။ မပူတတ်တဲ့လူဟာ တိရစ္ဆာန်လိုပဲဟု တချို့က ပြောချင်ကြသည်။ သုညရေးနိုင်တဲ့လူ တိရစ္ဆာန် ဖြစ်နေသည်။ သုညရေးနိုင်တဲ့လူက နည်းပါးနေတော့ ခက်သည်။ ဒါကြောင့် ငါဆိုတော့ အတ္တ၊ ငါ့ဥစ္စာ ဆိုတဲ့ အတ္တနိယမဖြုတ်လျှင် သောကပရိဒေဝ မုချလာရမည်။

**လမ်းသစ်စာအုပ်တိုက်**

ကံမကောင်း အကြောင်းမသင့်လို့ မျက်ရည်ကြီးငယ်ကျရတာက တစ်၊ နှစ်ဂဏန်း အရေးမှားလို့ ကျရတာလား စဉ်းစားကြည့်ပါ။ ၃၁ ဘုံမှာ မျက်ရည်ကြီးငယ်ကျတဲ့ ပုဂ္ဂိုလ်တွေချည့် များပါသည်။ ဒီလို ငါ၊ ငါ့ဥစ္စာ စွဲနေသမျှ အငိုလက်စသတ်မည် မဟုတ်တော့ပေ။ ရှေးကလည်း ငိုခဲ့သည်။ ယခုလည်း ငိုရသည်။ နောက်လည်း ငိုရလိမ့်မည်။ အလွန် ကြောက်စရာကောင်းသည်။

ထို့ကြောင့် မျက်ရည်ငြိမ်းချင်လျှင်၊ သောကတွေ ငြိမ်းချင်လျှင် သုညရေးရသည်။ မိမိရုပ်၊ နာမ်နှစ်ပါးသည် သုညဖြစ်သည်။ အိမ်ရောက်လျှင် ငါ့သားလေးပဲ၊ ငါ့သမီးလေးပဲ၊ ငါ့ပစ္စည်းပဲဟုထင်လျှင် မှားသည်။ ကိုယ့်ကိုယ်ကို ဆုံးမရတာ အခက်ဆုံး ဖြစ်သည်။ ဓမ္မပဒပါဠိတော်မှာ သေသေချာချာပါသည်။ အတ္တာဟိကိရဒုဒ္ဒမော၊ အတ္တာဟိ၊ မိမိကိုယ်သည်သာလျှင်၊ ဒုဒ္ဒမောကိရ၊ သူတစ်ပါးထက်၊ ပိုလွန်ထက်၍၊ ဆုံးမခက်သည် ဟောတိ ဖြစ်၏။

ဘုရားက 'မိမိကိုယ်ကို ဆုံးမအခက်ဆုံး'ဟု ဟောတော်မူသည်။ ကိုယ့်ကိုယ်ကို ဆုံးမအခက်ဆုံး၊ ငါထင်တာလည်း တကယ်ထင်ခြင်း ဖြစ်သည်။ ငါ့ဥစ္စာထင်တာလည်း တကယ်ထင်ခြင်း ဖြစ်သည်။ ငါ့ဟာ၊ ငါ့ပစ္စည်း၊ ငါ့ဝင်း၊ ငါ့ခြံ အစရှိသဖြင့် တကယ်ထင်ကြသည်။ ငါ့ဥစ္စာ မဟုတ်သည့်အတွက် မီးလောင်လျှင်ပျက်၊ ရေကြီးလျှင်ပျက်၊ ငါမပိုင် ထင်ရှားသည်။ ငါ၊ ငါ့ဥစ္စာ ဖြုတ်နည်း ဖြစ်သည်။ သမုဒယရှိလာတော့ ဒုက္ခ ဖြစ်လာသည်။

သက္ကာယဒိဋ္ဌိနှင့် လောဘသည် သဟဇာတဖြစ်သည်။ လောဘကို သတ်လိုက်လျှင် သက္ကာယဒိဋ္ဌိ အကုန်ပြုတ်သည်။ ထို့ကြောင့် ပလိဗောဓဌော ဆိုတာက ထွက်ရပ်လမ်းမကြီး၊ မဂ်ခရီးကို တားဆီးနှောင့်ယှက်၊ ကန့်ကွက်တတ်သော သဘောဖြစ်သည်။ ထွက်ရပ်လမ်းကြီး၊ မဂ်ခရီးကို တားဆီးနှောင့်ယှက်၊ ကန့်ကွက်ခြင်းသည် ပလိဗောဓဌော ဖြစ်သည်။ သမုဒယသစ္စာ ဆိုသော လောဘတစ်လုံးသည် ထွက်ရပ်လမ်း မဂ်ခရီးကို တားဆီးနှောင့်ယှက် ကန့်ကွက်သည်။ နှောင့်ယှက်သည်။ တားဆီးသည် အတူတူဖြစ်သည်။

မဂ်တရားကို ကန့်ကွက်သည်ဆိုတော့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ကန့်ကွက်ခြင်းပင်။ သမုဒယသစ္စာက အိုဘေး၊ နာဘေး၊ သေဘေးကြီးထမ်းပြီး သံသရာဆိုတဲ့ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံမှာ လှည့်နေခြင်းကို ကြိုက်သည်။ သမုဒယက သံသရာ၏အပြင်ဘက် ထွက်သွားမှာကို အလွန် ကြောက်သည်။ အိုဘေး၊ နာဘေးရှိတဲ့ ခန္ဓာကိုယ်ကြီး ထမ်းပြီး ၃၁ ဘုံ လှည့်နေရတာ သမုဒယက အလွန်ကြိုက်သည်။ အင်မတန်ဆိုးသော တရား ဖြစ်သည်။ အိုဘေး၊ နာဘေးထမ်းပြီး ငရဲနေလိုက်၊ ပြိတ္တာဘုံနေလိုက်၊ အသူရကာယ်ဘုံ နေလိုက်၊ နတ်ပြည်ရောက်လိုက်၊ ခုန်ချလိုက်၊ အိုခြင်းဆိုး၊ နာခြင်းဆိုး၊ သေခြင်းဆိုးတွေနဲ့ အဖန်ဖန် ကျင်လည်နေလေ၊ သမုဒယက ကျေနပ်လေ ဖြစ်သည်။ တော်တော်ဆိုးသောတရား ဖြစ်သည်။

လူတွေ သံသရာထဲမှာ ဒုက္ခပင်လယ်ဝေနေလျှင် သမုဒယက အမြဲပြုံးသည်။

သူ့လက်ချက်မိပြီး နိဗ္ဗာန်မဂ် မထွက်ချင်တော့ပေ။ အိုဘေး၊ နာဘေး၊ ထမ်းပြီး နေကြရသည်။ သမုဒယလက်ချက် အလွန်ပင် ဆိုးသည်။

မဂ်ခရီးကို တားဆီးနှောင့်ယှက် ကန့်ကွက်တယ်ဆိုတာ စဉ်းစားကြည့်ပါ။ အလှူလေး လုပ်လိုက်၊ ဆွမ်းကလေး ကျွေးလိုက်၊ နောက်ဘဝ ပေါ်များဖို့ အလုပ်ဖြစ်သည်။ နိဗ္ဗာန်ရောက်ကြောင်း မပါချေ။ နိဗ္ဗာန်မဂ် သွားမှာစိုးသည်။ ဒီသံသရာထဲမှာပင် ဝဝစားပြီး သေခြင်းနှင့် သေလို့ ခိုင်းခြင်းဖြစ်သည်။ ကုသိုလ်လေးလုပ်လျှင် နောက်ဘဝအတွက်က ပါပါလာသည်။ သမုဒယက နောက်ဘဝကို တောင့်တခိုင်းသည်။ ဘဝဆုံးရာကို မသွား ခိုင်းချေ။

လောဘကိုတော့ တောင့်တသည်။ ဘဝဆုံးရာကိုတော့ ကန့်ကွက်ခြင်းဖြစ်သည်။ ဘာလေးလှူလှူ အန္တရာယ်ကင်းဖို့၊ ဘေးရှင်းဖို့။ ဒီခန္ဓာကိုယ်ကြီးခင်လို့ လုပ်ခြင်းဖြစ်သည်။ ခန္ဓာကိုယ်ခင်မှုသာ လုပ်ထားသည်။ ခန္ဓာကိုယ် လွတ်ငြိမ်းတာကိုတော့ ဘေးဖယ်ထား သည်။

ထို့ကြောင့် သမုဒယသစ္စာသည် မဂ်ခရီးကို တားဆီးကန့်ကွက်ခြင်း ဖြစ်သည်။ *တဏှာသည် အရေးတကြီး ကြုံလို့ရှိလျှင် သုဂတိရောက်ချင်တဲ့စိတ်က အရင်လာသလား၊* နိဗ္ဗာန်ရောက်ချင်တဲ့စိတ်က အရင်လာသလား တွေးကြည့်သင့်သည်။ သုဂတိရောက်ချင် တာက များနေသည်။ သမုဒယတဏှာက ကန့်ကွက်လိုက်တော့ နိဗ္ဗာန်မရောက်တော့ပေ။ ဘဝကောင်းစားရေးပဲ ဖြစ်သွားသည်။ သမုဒယတဏှာက ကန့်ကွက်သည်။

တဏှာက ဝဋ်ပိုသာဖြစ်အောင် လုပ်ခိုင်းသည်။ ဝဋ်မှထွက်အောင် လုပ်မခိုင်းချေ။ တော်တော်ဆိုးတဲ့ တရားဖြစ်သည်။ လှူရ၊ တန်းရ၊ ပေးရ၊ ကမ်းရတာတောင် သူမပါဘူး ဟု ထင်ကြသည်။ အမှန်တော့ သူက ရှေ့က လာသည်။

တို့ဘဝ၊ တို့အခု ကောင်းစားနေတာ နောက်ဘဝက ဒီလိုလှူခဲ့လို့ ဖြစ်သည်။ ယခု ဒီဘဝမှာလည်း နောက်ဘဝကောင်းအောင် လှူကြစို့၊ နောက်ဘဝ စားရဖို့သာ ပါသည်။ နိဗ္ဗာန်ကို မပါချေ။ သူက ကန့်ကွက်လိုက်တာနဲ့ နိဗ္ဗာန်ကို မရောက်တော့ပေ။ ဘဝအကြိမ်ကြိမ် စားချင်၊ သောက်ချင်သည် သူဌေးဖြစ်ချင်သည်။ သမုဒယသတ္တိ ဖြစ် သည်။ နိဗ္ဗာန်မဂ် ခရီးကိုတော့ သေချာကန့်ကွက်သည်။

ဒီဘဝ သားသမီးနည်းလို့ နောက်ဘဝကျလျှင် အခြွေအရံ ပရိသတ်များအောင် ကိုယ်လည်းလှူ၊ အိမ်နီးချင်းလည်းထည့်၊ ကိုယ်လည်း များများထည့်ပါစေ။ အခြွေအရံ များမယ်ဆိုတော့ ရည်မှန်းချက်ရှိသည်။ အခြွေအရံ သင်းပင်းပေါဖို့ မိမိကောင်းစားဖို့သာ ဖြစ်သည်။ နိဗ္ဗာန်မပါခဲ့ချေ။ သားလေးက ရဟန်းပြုချင်သည်။ သမီးလေးက သီလရှင် ဝတ်ချင်သည်။ အမေလုပ်တဲ့လူက နေနိုင်ရင်ကောင်းပါရဲ့ဟု ပြောလေ့ရှိသည်။ ဒါဟာ ကန့်ကွက်ခြင်း ဖြစ်သည်။

သူတို့က ထွက်ရပ်လမ်း၊ မဂ်လမ်းရောက်မည့်သူ ဖြစ်သည်။ မိဘတွေက ကျေကျေ နပ်နပ် မလွတ်နိုင်၊ မနေနိုင်လို့ ထွက်လာလျှင် ခက်ဦးမည်။ အောက်မေ့သည်။ နေနိုင်

သရွေ့ အမြတ်ပဲပဲဟု မပါလာ။ စဉ်းစားဦးလေ။ သုံး၊ လေးလလောက် စဉ်းစားဦးဟု ပြောကြသည်။ အိုနာသေရေးတော့ ထည့်မစဉ်းစား၊ အဲဒါ ကန့်ကွက်ခြင်း ဖြစ်သည်။ လူလားမြောက်စေချင်သည်။ လူချင်း တူစေချင်သည်။ အဲဒါ နိဗ္ဗာန်မရောက်စေနိုင်ပါ။ လူချင်းတူတော့ အပါယ်သွားတော့ အဖော်ရခြင်း ဖြစ်သည်။ ဒီလို ကျနေသည်။

လူချင်း မတူမှာစိုးလို့ သူများအကုသိုလ် လုပ်လျှင် လုပ်၊ သူများ အပါယ်သွားလျှင် သွား၊ ဒီဟာမှန်သေးသလား၊ အမှားကြီး ဖြစ်သည်။ တဏှာဟာ အမိနှင့် တူသည်။ အဝိဇ္ဇာက အဖနှင့်တူသည်ဟု ဓမ္မပဒပါဠိတော်မှာ ပါသည်။ အချော့ကောင်းလို့ အမိက သားသမီးများ ပျော်အောင် ချော့ထားပေးသည်။ ဟိုအရုပ်ကလေးပြ၊ ဘာကလေးကျွေးမည် ပြောမှ သားသမီးတွေ အငိုတိတ်ရသည်။ အမိက အချော့ကောင်းသည်။ ကျောင်းကန် ဘုရားသွားတာပင် ရက်ရှည်စောင့်နိုင်မှသွားပါဟု သမုဒယက တားသည်။ ဒါနဲ့ မသွား ဖြစ်တော့ပေ။

လူတိုင်း ကျောင်းနဲ့ဝေး၊ ဘုရားနဲ့ဝေး၊ တရားနဲ့ဝေး၊ ဝိပဿနာ အလုပ်တရား တွေနဲ့ ဝေးထားသည်။ သမုဒယ လက်ချက်ဖြစ်သည်။ သူက ချော့ထား၍ ဖြစ်သည်။

ချော့ပုံကတော့ ဒီကုန်တွေက ခေတ်စားနေသည်။ ဒီကုန်တွေက ဒီအချိန်ပဲ တွင် ကျယ်တယ်။ ဒါလေးပြီးမှ သွားပါတော့၊ နောက်တစ်ခါ ဟိုဟာ လှည့်ပြန်တော့ ဟိုဟာ လေးပြီးမှ သွားတာပေါ့။ အကြောင်းမညီညွတ်လို့ ကြွေးတင်တာပင် ကြွေးလေးကျေမှ သွားတာပေါ့။ စွန်းလွန်းဆရာတော်ဘုရားကြီး ရဟန်းပြုမည့်ကိစ္စပင် သူ၏မိန်းမက နမ်းလေး ကြဲပေးခဲ့ပါဦး ပြော၍ ကြဲခဲ့ရသည်။ နောက်မှ သတိရ၍ နွားနှစ်ကောင်ကို လွှတ်ပြီး တစ်ခါတည်း ထွက်သွားခြင်း ဖြစ်သည်။

အရောင်းအဝယ် ကောင်းပြန်တော့ ကောင်းနေလို့ ဆိုင်းပါဦး။ အရောင်းအဝယ် မကောင်းတော့ နေရာမကျလို့ ခဏနေလိုက်ပါဦး။ ထွက်ရပ်လမ်းကို မရောက်ချေ။ ဝန်ပိသေဖို့ တရားကိုတော့ သမုဒယက ကြိုက်သည်။ တရားအားထုတ်မှာကိုတော့ စိုးရိမ်သည်။ သမုဒယသစ္စာသည် ထွက်ရပ်လမ်းကို ကန့်ကွက်တာတော့ အမှန်ဖြစ်သည်။ တရားအားထုတ်ခြင်းမှာကိုပင် အရွယ်ငယ်ပါသေးတယ်။ ရှေ့တော့ အရွယ်ရှိပါသေး တယ်။ ကန့်ကွက်ပြန်သည်။ ဒါကြောင့် စိတ်က ရောက်သော်လည်းပဲ တရားအားထုတ်ဖို့ နေရာကို ရပ်နာမ်က မပါခဲ့ပေ။ သမုဒယက မသွားနဲ့ဦး ပိတ်ပင်ထားသည်။ ထို့ကြောင့် ဒုက္ခမျိုးစုံ ရသည်။

လက်ရှိ ဒုက္ခမျိုးစုံမှ ထွက်မြောက်လိုက သမုဒယရှိလျှင် ဒုက္ခလည်း မရှိတော့ဘူး။ ဒုက္ခချုပ်လျှင် ဒုက္ခနိရောဓ နိဗ္ဗာန်ဖြစ်သည်။ ဒါကြောင့် နိဗ္ဗာန်မရောက်အောင် ပိတ်ပင် တာက သမုဒယ၊ ရရှိတာက ဒုက္ခ၊ ရှုတာက မဂ္ဂ၊ ရှုရှုပြီးတော့ ဒုက္ခမျိုးစုံ မလာနိုင်တာက နိရောဓ။ သမုဒယကြောင့် ဒုက္ခတွေမလာနိုင်လျှင် မိမိရည်မှန်းချက် မဂ်ဖိုလ်သို့ ရသည်။ ဤကား ပလိဗောဓဋ္ဌော–မဂ်ဖိုလ်ပိုင်ပိုင် မရနိုင်အောင် ဖွဲ့နှောင်တားဆီးတတ်သော အနက် ဖြစ်သည်။

**လမ်းသစ်စာအုပ်တိုက်**

## နိရောဓသစ္စာ အနက်လေးချက်

## နိဿရဏဋ္ဌော

(၁) နိဿရဏရဋ္ဌော – သံသရာဝဋ်မှ ကျော့ကွင်းညွတ်မှ ကင်းလွတ်ထွက်မြောက်ရာ အနက်။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက

သိက္ခေ နိဗ္ဗာနမတ္တနော

နိဗ္ဗာန်–ခန္ဓာ ရုပ်နာမ် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာအမှန် ပြည်နိဗ္ဗာန် ဆိုတဲ့ တရားသည်၊ အတ္တနော–မိမိ၏၊ သိက္ခေ–အကျင့်၊ တိဋ္ဌတိ–တည်၏။

ထို့ကြောင့် နိဗ္ဗာန်ရောက်ကြောင်း တရားသည် အကျင့်တရား ဖြစ်သည်။ သစ္စာလေးပါးကို မသိသေးလျှင် ဘဝအမျိုးမျိုး ပြောင်း၍ အိုခြင်း၊ နာခြင်း၊ သေခြင်းများ ခံစားရမည်။ သစ္စာမသိတာ ကြောက်စရာအကောင်းဆုံး ဖြစ်သည်။

လူမှန်သမျှ နံနက်စာ စားပြီး ညစာစား၊ ဘယ်အခါမှ ဝသည်မရှိ။ ချက်ရ၊ ပြုတ်ရသော ဒုက္ခ၊ ကျင်ကြီးကျင်ငယ် ဒုက္ခတွေ တစ်ပုံကြီးဖြစ်သည်။ အဖန်တလဲလဲ ပြုပြင်နေရသည်။ အမြဲတမ်း ပြုပြင်နေရသည်။ သင်္ခါရဒုက္ခက ရှိနေသည်။ မပြုပြင်၍ လုံးဝမဖြစ်။ ပြုပြင်နေရသည်။ ကိုယ်ကြိုက်တဲ့ အဝတ်ကလေး ဝတ်ရလျှင် အလွန် သဘောကျသည်။ မနေနိုင်လို့ ဝတ်ရတာကို မစဉ်းစား၊ ဝတ်ရသော ဒုက္ခဒဏ်ချက်က ပါနေသည်။ ဝတ်ရတာလည်း မနေနိုင်လို့၊ စားရတာလည်း မနေနိုင်လို့၊ ဒုက္ခက ပြေးမလွတ်လို့ စားကြ သောက်ကြ ရှာဖွေကြတာနှင့် ချာချာလည်နေသည်။

လောဘနှင့် အလုပ်လုပ်၊ မောဟနှင့် အလုပ်လုပ်၊ ဒေါသနှင့် အလုပ်လုပ်၊ ချမ်းလျှင် အဝတ်ဝတ်လိုက်၊ ပူလျှင် အဝတ်တွေချွတ်လိုက်၊ ဆာလျှင် ထမင်းစားလိုက်၊ ကျင်ကြီး ကျင်ငယ်ကိစ္စတွေ သွားလိုက် ရှောင်၍မရ၊ ဒုက္ခရောက်မှန်း မသိလို့ ဖြစ်သည်။ စဉ်းစားကြည့်မှ သိသည်။ ဉာဏ်အလုပ် ဖြစ်သည်။ ဒီလိုနေလျှင် ဘဝပေါင်းများစွာ သေလိုက်ဖြစ်လိုက်၊ သေလိုက်ဖြစ်လိုက် သွားရလိမ့်မည်။ ခဏခဏပြုပြင်နေတဲ့ ဒုက္ခ ဖြစ်သည်။ ပြုပြင်ပြန်သော်လည်း အမြဲတမ်း ဖောက်ပြန်နေသည်။ ပျက်စီးနေသည်။

ဓာတ်၊ ဇရာ၊ ဗျာဓိ၊ မရဏတွေက အမြဲတမ်း နောက်က ပါနေသည်။ ဒုက္ခသစ္စာ သိမှ လိုချင်တယ်လိုတဲ့ သမုဒယကို ပယ်နိုင်သည်။ တစ်နေ့သော်လည်း ဈေးသွားလိုက်၊ စားစရာ သောက်စရာတွေ ချက်လိုက်။ နောက်နေ့မှာလည်း ဒီလိုပဲ ထပ်ခါထပ်ခါ ဖြစ်သည်။ ဘယ်တော့မှ မပြီးနိုင်ချေ။ အဲဒါ ပြုပြင်နေရခြင်း ဖြစ်သည်။ နက်ဖြန်၊ သန်ဘက် သေသည်အထိ လုပ်ရသည်။ အမြဲတမ်း ပြုပြင်နေရသည်။ ခန္ဓာကိုယ်ကြီးကို အမြဲတမ်း ပြုပြင်နေရသည်။ အိုခြင်း၊ နာခြင်း၊ သေခြင်းတရားကို မည်သူမှ မလွန်နိုင်ချေ။ လူဖြစ်ဖြစ်၊ နတ်ဖြစ်ဖြစ် သေကြရမည်၊ သံသရာလည်နေသည်။

လမ်းသစ်စာအုပ်တိုက်

ဤကဲ့သို့ ကြောက်စရာကောင်းသော ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ဒုက္ခအပေါင်းမှ ထွက်မြောက်စေတတ်သော အနက်သည် နိဿရဏဋ္ဌော ဖြစ်သည်။ မြန်မာလိုတော့ ဝဋ်သုံးပါးက ကျွတ်လွတ်ခြင်း ဖြစ်သည်။ ဝဋ်သုံးပါးမှ ကျွတ်လွတ်ခြင်းသည် နိရောဓသစ္စာ ဖြစ်သည်။

ရုပ်နာမ်သည် ကိလေသာဝဋ် ဖြစ်သည်။ ကိလေသာဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်သည်။ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ် ဖြစ်သည်။ ဝဋ်ဆိုသည်မှာ အလုံးအဝိုင်း လည်ခြင်းကို ဆိုသည်။ သံသရာလည်ခြင်းကို ပြသည်။ အားလုံးသံသရာတွေဟာ ဝဋ်ကောင်တွေ ဖြစ်သည်။ ရုပ်နာမ်ခန္ဓာကြီးထဲမှာ သေဘေးပါသည်။ အိုနာသေရှိတဲ့ ရုပ်နာမ်ကို ထမ်းပြီး နေရသည်။ ချစ်ချင်လို့မရ။ ရုပ်နာမ်ဟာ အသုဘလည်း ဟုတ်သည်။ ဒုက္ခသစ္စာလည်း ဟုတ်သည်။ အသက်ကြီးလာတော့ တောင်ဝှေးထောက်ပြီး ထမ်းရလိမ့်ဦးမည်။ ဝဋ်ကျွတ်သည်မရှိပေ။ (၉၆)ပါး ဝေဒနာတွေကိုလည်း ခန္ဓာကိုယ်ကြီးက ခံယူထားသည်။ ခန္ဓာကိုယ်ကြီးထဲမှာ ဘယ်အခါမှ အနာမကင်းချေ။ ခန္ဓာကိုယ်ရပြီး အနာကင်းသူဆိုလျှင် လူမိုက်ဟု မြတ်စွာဘုရားက ဟောတော်မူသည်။

မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် မရောက်မချင်း ခန္ဓာကိုယ်ရှိသမျှ ဝဋ်ဒုက္ခနှင့် နေရလိမ့်မည်။ ကိလေသာက ခိုင်းတိုင်းလုပ်နေရသည်။ ဟိုသွားရ ဒီသွားရ ကိစ္စအမျိုးမျိုး ဘယ်တော့မှ အားသည်မရှိ။ ကိလေသာရှိတော့ ကံတွေလုပ်သည်။ ကံတွေရှိတော့ ဝဋ်တွေ ဖြစ်လာသည်။ သူတို့လိုပွားအောင် တို့လုပ်ရမယ်ဆိုတော့ အဝိဇ္ဇာတဏှာက တွန်းပို့ ခိုင်းလိုက်သည်။ ပြေးရမည်၊ လွှားရမည်။

အဝိဇ္ဇာနှင့် တဏှာကခိုင်းတော့ ကံတွေ လုပ်မည်။ ကောင်းသော ကံတွေလုပ်လျှင် ကောင်းကျိုးတွေက လာမည်။ မကောင်းသော ကံတွေလုပ်တော့ မကောင်းတာတွေက လာမည်။ နောက်ဘဝတွေ လာမည်။ ထွက်ပေါက်မရှိ တစ်ဘဝပြီး တစ်ဘဝ လည်နေရသည်။

နိဗ္ဗာန်ဆိုသည်မှာ ဝဋ်သုံးပါး လွတ်မြောက်ခြင်းပင် ဖြစ်သည်။ သံသရာဝဋ်ကို လည်နေကြရသည်။ အဝိုင်းဖြစ်သောကြောင့် ထွက်စရာမရှိ။ ထွက်ပေါက်မရှိ။ ဤကဲ့သို့ ဒုက္ခဝဋ်အမျိုးမျိုးမှ ကျွတ်လွတ်ရာ နိဗ္ဗာန်သည် သီးသန့်နေသော အာရုံဖြစ်သည်။ ဒီဒုက္ခနှင့် ရုပ်နာမ်နှစ်ပါးကို အပြစ်မြင်မှ နိဗ္ဗာန်ကို လိုချင်သောစိတ် ရောက်မည်။ ဒီဝဋ်ဆင်းရဲတွေမှ လွတ်မြောက်အောင် အလုပ်လုပ်သလား မေးလျှင် လူနည်းစုသာ လုပ်ကြမည်။

ဒီဝဋ်ကိုကျွတ်အောင် လုပ်ရလိမ့်မည်။ သားရေး၊ သမီးရေး၊ စီးပွားရေး အချိန်ကုန်ပြီး မဂ်ငါးပါးကို ရောက်သည့် ဉာဏ်မပေါ်လျှင် သံသရာလည်မည်။ ဒီဝဋ်တွေကျွတ်အောင် တရားအလုပ် လုပ်ရမည်ဟု ဆုံးဖြတ်မှ ဝဋ်ကျွတ်မည်။ ဘဝအမျိုးမျိုး လည်ပတ်ရမည်။ ခွေးဖြစ်လိုက်၊ နတ်ဖြစ်လိုက်၊ ငရဲပြည်ရောက်လိုက် လှည့်နေရမည်။

ကိလေသာတွေ ရှိသမျှ ကံတွေလုပ်မည်။ ကံတွေရှိသမျှ ဝဋ်တွေက ဖြစ်မည်။ ဒီဝဋ်တွေကျွတ်အောင် ဝိပဿနာ အားထုတ်မှဖြစ်မည်။ ဒုက္ခဆင်းရဲဟူသမျှ အမြစ်ပြတ်သွားသည်။

ကိလေသာဝဋ်ကျွတ်မှ ကမ္မဝဋ်ကျွတ်မည်။ ကမ္မဝဋ်ကျွတ်မှ ဝိပါကဝဋ်ကျွတ်မည်။ စားရေး သောက်ရေး၊ ရောင်းဝယ်ရေးနှင့်ပဲ အချိန်ကုန်နေလျှင် ဝဋ်ကျွတ်ဖို့ အဝေးကြီးဖြစ်သည်။ အဝိဇ္ဇာတဏှာ၊ ကိလေသာ စတဲ့ ဝဋ်တွေကို မဂ်ဟူသော ဓားနှင့် ဖြတ်မှပြတ်မည်။ မဂ်တရားနှင့် မဖြတ်သမျှ ဘယ်တော့မျှ မပြတ်ပါ။ ထို့ကြောင့် ယနေ့မှစ၍ နိဿရဏဆွောသံသရာဝဋ် ကျော့ကွင်းညွတ်မှ ကင်းလွတ် ထွက်မြောက်ရမည့် နိရောဓသစ္စာကို ရအောင် အားထုတ်ကြပါစို့။

## ဝိဝေကဆွော

(၂) ဝိဝေကဆွော –သင်္ခါရခပင်းတို့မှ ကင်းဆိတ်သော အနက်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးများသည် လှူတုန်း တန်းတုန်း၊ နိဗ္ဗာန်မင်္ဂဖိုလ် ရလိုပါ၏ ဆုတောင်း၏။ နိဗ္ဗာန်အရသာ မသိတော့ နက်နက်နဲနဲ စိတ်ပါလှသည် မဟုတ်ပေ။ ဝိဝေကဆွော နှောင့်ယှက်ခြင်းမှ ဆိတ်ကင်းရာသည် နိဗ္ဗာန်မည်၏။ အနှောင့်အယှက်ဘာမျှမရှိဘဲ ပင်ကိုသဘောဖြင့် ကြည်လင်အေးမြပြီး မည်သူကမှ မနှောင့်ယှက်တဲ့ နေရာသည် နိဗ္ဗာန်ဖြစ်သည်။ လူတိုင်း၊ သတ္တဝါတိုင်းမှာ အနှောင့်အယှက် အမြဲဒွန်တွဲနေသည်။ အေးချမ်းသည် မရှိပါ။ အအေး၊ အပူက နှောင့်ယှက်သည်။ ရောဂါဘယက နှောင့်ယှက်သည်။ ခြင်၊ ကြွက်၊ ပိုးဟပ်၊ ပင့်ကူ စသည်လည်း နှောင့်ယှက်ခံနေရသည်။ ကိလေသာအနှောင့်အယှက်မှလည်း အိုဘေး၊ နာဘေး၊ သေဘေးမှလည်း ကင်းဝေး၊ နှောင့်ယှက်တာဘာမျှမရှိလျှင် အလွန်ချမ်းသာမည်။ ကိုယ်ပေါ်မှာ ပေါ်လာတဲ့ ဝေဒနာကို ဖြစ်ပျက်ရှုလျှင်ဖြစ်ပြီးတော့ ပျက်သွားတာ မရှိတာ အနိစ္စ။ မရှိမှန်း ဉာဏ်ကသိမြင်တာ မဂ် ဖြစ်သည်။ အနိစ္စမြင်သည့် ဉာဏ်ထဲမှာ ဖြစ်ပျက်ဟူသော အနှောင့်အယှက်တွေ တစ်ကိုယ်လုံးမှာရှိသည်ကို မြင်ရသည်။ ဒီဖြစ်ပျက်ကို မြင်ရအောင် အားစိုက်၍ အလုပ်လုပ်ရသည်။ နိဗ္ဗာန်ရောက်ဖို့ရာ ပင်ပန်းခံမှ ရောက်သည်။ နိဗ္ဗာန်ရောက်တော့ ပင်ပန်းခြင်း မရှိတော့ပေ။ ငြိမ်းသွားသည်။ ရှင်းသွားသည်။ ရုပ်စရာ မလာတော့ပေ။ (၃၁)ဘုံအရုပ်ကို တကယ်မုန်းသည်ရှိသော် အရုပ်ထဲမှာ ပျော်ပိုက်မှု မရှိတော့ချေ။ နိဗ္ဗာန်ဆိုတာ အရှင်းဓာတ်၊ အလင်းဓာတ် ဖြစ်သည်။ ဖြစ်ဖြစ်ပြီး မရှိတာကို အနိစ္စ ခေါ်သည်။

မိမိခန္ဓာကိုယ်ကြီးကို ခိုင်တယ်၊ မြဲတယ် ထင်နေတာ ရုပ်တာဖြစ်သည်။ ရုပ်တဲ့အကြောင်းကို ဉာဏ်ကပေါ်မှ သိသည်။ နာမ်က ဖြစ်ပျက်၊ ရုပ်ကဖြစ်ပျက် အမြဲတမ်းရုပ်နေသည်။ ဝေဒနာနောက်က မရှုတဲ့သူမှာ တဏှာက လိုက်လာသည်။ တဏှာလာလျှင်ဘဝ လိုက်လာမည်။ ဘဝလာလျှင် အိုနာသေဘေး လာမည်။ ဤကဲ့သို့ လာနေသည်။

ဝိပဿနာဉာဏ် အလုပ်လုပ်တော့ မရှိတာ အနိစ္စ၊ မရှိမှန်းသိတာ မဂ္ဂဖြစ်လာသည်။ ဖြစ်ပျက်ရှုပ်နေတာကို မကြည့်လျှင်လည်း အပျက်ကြည့်နေရသည်။ ကြည့်ပါများတော့ ငြီးငွေ့လာသည်။ ငြီးငွေ့လာတော့ ရုပ်နာမ်နှစ်ပါးကို မလိုချင်တော့။ ရှင်းရာကို ရောက်ချင်လာသည်။ နိဗ္ဗိန္ဒဉာဏ် ဖြစ်သည်။ ငြီးငွေ့တဲ့စိတ် သန်လေလေ၊ ကောင်းလေလေပဲ ဖြစ်သည်။ ငြီးငွေ့လာလျှင် မလိုချင်တာ လာသည်။ ခဏခဏဖြစ်၊ ခဏခဏပျက်၊ ခဏခဏမွေး၊ ခဏခဏသေ ဆိုတော့ ဒုက္ခသစ္စာမှာ သုခ မပါတော့ချေ။ ဒီလိုအားထုတ်မှ မဂ်ကို ရောက်သည်။ ဒီလိုရှုနေရာက ရှုပ်ယှက်ခတ်တာတွေ ဖြုတ်ခနဲ ပျောက်သွားသည်။ အဲဒါ မဂ်ဉာဏ် ဖြစ်သည်။

နိဗ္ဗာန်သည် ကိလေသာ နှောင့်ယှက်ခြင်းမှ ကင်းသည်။ ဖြစ်ပျက်ဆိုတဲ့ အနှောင့်အယှက် ဒုက္ခတရားတွေကို ကြည့်နေရတာ ဒီခန္ဓာကုယ်ကြီးကို တစ်ကွက်မှ လိုချင်စရာမရှိ။ ဒုက္ခချည့်ပဲလို့ သိအောင် ကြည့်ရခြင်းဖြစ်သည်။ ဖြစ်ပျက်တွေ ချုပ်သွားသောအခါ မဂ်ဉာဏ်ရောက်သည်။ ရှုပ်ယှက်ခတ်တဲ့ ကိလေသာချုပ်သွားလျှင် မဂ်သို့ရောက်သည်။ မဂ်က နိဗ္ဗာန်ကို ပို့ပေးသည်။ နိဗ္ဗာန်သဒ္ဒါသည် ကင်းငြိမ်းခြင်းမဂ်ကို ဟောခြင်းဖြစ်သည်။ ဝိဝေကဌော ကိလေသာဆိတ်သုဉ်းခြင်း ပေါ်လာသည်။ နှောင့်ယှက်ခြင်း ကင်းသွားသည်။ မီးငြိမ်းလိုက်လျှင် အခိုးပျောက်သွားသည်။ ခုမှ မီးသေလို့ ရှင်းတော့တယ်ဟု ဆိုရမည်၊ ရှင်းနေတာ နိဗ္ဗာန်၊ အရှင်းကိုမြင်တာ မဂ်ဉာဏ် ဖြစ်သည်။

ဒါကြောင့် နိဗ္ဗာန်ဆိုတာ အလုပ်နဲ့ သွားရသောသဘော ဖြစ်သည်။ ပါးစပ်က ရွတ်နေရုံနှင့် ရောက်နိုင်သည်မဟုတ်။ ရုပ်နာမ်အနိစ္စကို ကြည့်နေရာမှ ရှင်းသွားခြင်း ဖြစ်သည်။ နိဗ္ဗာန်ကို နာမ်ဓမ္မနှင့်သာ သွားနိုင်သည်။ နိဗ္ဗာန်ကို မြင်ရပြီး ဖလသမာပတ် ဝင်စားလျှင် ဒီလိုချမ်းသာတာမျိုး မရှိတော့ချေ။ အလွန်ငြိမ်းချမ်း၍ အေးငြိမ်းနေသည်။

နိဗ္ဗာန်ကို လွဲပြီး ကံတရားတွေ အားကိုးလျှင် ဒုက္ခရောက်မည်။ ငွေကို အားကိုးလျှင် ငွေကြောင့် ဒုက္ခရောက်မည်။ ရွှေကို အားကိုးလျှင် ရွှေကြောင့် ဒုက္ခရောက်မည်။ စက်ကို အားကိုးလျှင် စက်ကြောင့် ဒုက္ခရောက်မည်။ ရှုပ်အောင် လုပ်ထားခြင်းဖြစ်သည်။ ရှုပ်တော့ ဒုက္ခရောက်မည်။ နိဗ္ဗာန်သည် ငြိမ်းအေးခြင်းလက္ခဏာ၊ ချမ်းသာခြင်းလက္ခဏာ ဖြစ်သည်။

ကိလေသာမရှိတော့ နှောင့်ယှက်တာလည်း မလာတော့ပေ။ နိဗ္ဗာန်မှာ ပထဝီစသော ဓာတ်လေးပါးမရှိ။ ရုပ်မရှိ၊ နာမ်မရှိ။ ထို့ကြောင့် ပျက်စရာမရှိတော့၊ အေးချမ်းခြင်းဖြစ်သည်။ အိုမှု၊ နာမှု၊ သေမှု၊ ကွဲမှုတွေလည်း မရှိတော့ချေ။ ထို့ကြောင့် နိဗ္ဗာန်ဟာ အလွန်အေးချမ်းကြောင်း စဉ်းစားကြည့်လျှင် သိနိုင်သည်။

အရိယာပုဂ္ဂိုလ်များသည် အားတိုင်း နိဗ္ဗာန်ကို အာရုံပြုနေသည်။ နိဗ္ဗာန်ရောက်ပြီးမှ မကြိုက်ဘူးဆိုပြီး ပြန်လာသူ မရှိပါ။ ထို့ကြောင့် နိဗ္ဗာန်သည် အလွန်ရှုပ်ယှက်ခတ်သော ပူပင်သောက ဒုက္ခဟူသမျှကို ချုပ်ငြိမ်းခြင်းပင် ဖြစ်သည်။ ဝိဝေကဌော-သင်္ခါရပင်းတို့မှ ကင်းဆိတ်သော အနက် ဖြစ်သည်။

**လမ်းသစ်စာအုပ်တိုက်**

## အသင်္ခတဓာတ်

(၃) အသင်္ခတဓာတ် – ဘယ်ဟာတစ်ခု အကြောင်းစုတို့ဖြင့် မပြုနိုင်သော အနက်။

အသင်္ခတဓာတ် အမှန်ပြုပြင်ခြင်း မရှိသောကြောင့် ပြကတေ့ခိုင်မြဲသော အဓိပ္ပာယ်ဖြစ်သည်။ ရုပ်တွေ၊ နာမ်တွေ၊ လူ့ဘုံတွေဟာ ပြုပြင်ထားလို့ ခိုင်မြဲသည်မရှိပါ။ နိဗ္ဗာန်ကတော့ ဘာမှ ပြုပြင်စရာမရှိ။ ပြုပြင်ထားသော တရားမဟုတ်။ တည်မြဲသော ခိုင်မြဲသောတရား ဖြစ်သည်။ လူဖြစ်ချင်၊ ရောင်းဝယ်ချင်၊ ပြောဆိုချင်တာ သင်္ခတ ဖြစ်သည်။ နောက်ဆုံးပျက်တာ ဆုံးသည်။ အရင်းလေးတည်လိုက်၍ အမြတ်လေး ရလာသည်။ အမြတ်ကလေးကလည်း ကုန်ကုန်သွားသည်။ တည်မြဲနေသည် မရှိ။ အိမ်တွေ၊ ကျောင်းတွေ၊ နတ်ပြည်တွေ တည်မြဲသည် မရှိ။ ပျက်စရာ၊ ဆွေးစရာ၊ ပူစရာ၊ ပုပ်စရာတွေရှိနေသည်။ ပျက်ရမည့်အကြောင်း မသိသော အဝိဇ္ဇာက ဖုံးလွှမ်းနေသည်။ အိမ်ဝယ်သည်။ ကားဝယ်သည်။ သို့သော် နောက်ဆုံး အပျက်မှာ ဆုံးသည်။ ခန္ဓာငါးပါးကိုလည်း ဒီအတိုင်း ဖြစ်သည်။ ခန္ဓာကိုယ်သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ စသော တရားလေးပါးက ပြုပြင်ထားခြင်း ဖြစ်သည်။ ပြုပြင်ထားခြင်းဖြစ်၍ ပျက်မည်။ အစက သား၊ နောက်တော့ ပျက်။ အပျက်မရှိတော့ နေရာသည် အသင်္ခတ ခေါ်သည်။ နိဗ္ဗာန်ဖြစ်သည်။ ပြုပြင်နေရတဲ့ သင်္ခတက ဒုက္ခသစ္စာ။ မပြုပြင်ရတဲ့ အသင်္ခတက သုခ ဖြစ်သည်။ လူကောင်း၊ နတ်ကောင်း၊ ဗြဟ္မာကောင်း ဖြစ်ချင်တယ်ဆိုတော့ ဒုက္ခသစ္စာ မသိလို့ ဖြစ်သည်။ ဒုက္ခသစ္စာ မသိလို့ ဆုတောင်းခြင်း ဖြစ်သည်။

ပျက်ရသော ဘ၀ပေါင်းကို မရေနိုင်တော့ပေ။ လူဖြစ်ရပါလို၏ဆိုလျှင် သေရပါလို၏ ဆုတောင်းခြင်း ဖြစ်သည်။ ထို့အတူ နတ်ဖြစ်ရပါလို၏ဆိုလျှင် သေရပါလို၏ ဆုတောင်းခြင်း ဖြစ်သည်။ မွေးလျှင် သေသည်။ ဖြစ်လျှင် ပျက်သည်။ ထို့ကြောင့် နိဗ္ဗာန်သည် အဖန်ဖန် ပြုပြင်ခြင်း မရှိသောတရား ဖြစ်သည်။ ဒုက္ခသစ္စာမြင်မှသာလျှင် မပြုပြင်ရဘဲ တည်တံ့နေသော နိဗ္ဗာန်ဉာဏ်ထဲ၌ ထင်ရှားလာသည်။ ဖြစ်ပျက်ကို မုန်းမှ ဖြစ်ပျက်မရှိတာကို ကြိုက်လာသည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရှုရတာ ဒါကြောင့် ဖြစ်သည်။ အကြီးအကျယ် ပျက်သည်။ နည်းနည်းလုပ်လျှင် ပျက်သည်။ ရှေးနှစ်ပေါင်းတစ်ရာက လူတွေ ရှိသေးသလား။ သေကုန်ပြီ။ ခုရှိတဲ့ လူတွေကော နောက်နှစ်ပေါင်းတစ်ရာဆိုလျှင် သေကုန်မည်။ ထို့ကြောင့် သေခြင်းမှာသာ လမ်းဆုံးကြသည်။ ပျက်ခြင်းမှာသာ လမ်းဆုံးကြသည်။ ပြုပြင်နေတဲ့ သင်္ခတ ကျေကျေနပ်နပ် နားလည်မှ မပြုပြင်ရသော အသင်္ခတဓာတ်ဖြစ်သော် နိဗ္ဗာန်ကို သဘောကျမည်။ ရထားတဲ့ ရုပ်နာမ်နှစ်ပါးသည် ကံကုန်လျှင်လည်း ပျက်သည်။ အာဟာရကုန်လျှင်လည်း ပျက်သည်။ လူတွေဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရ၏ ကျေးကျွန်တွေ ဖြစ်သည်။ သူတို့ပြုသမျှ ခံရသည်။ ဥတုက အေးလျှင် အေးလိုက်၊ ဥတုကပူလျှင် ပူလိုက်ခံရသည်။ ထို့ကြောင့် လူဖြစ်ရပါလို၏

ဆုတောင်းလျှင် ခန္ဓာငါးပါးရသည်။ ရုပ်နာမ်နှစ်ပါးရလျှင် အနိစ္စရောက်မည်။ သေရမည်။ နတ်ပြည်ရောက်လျှင် ဗြဟ္မာပြည်ရောက်လျှင် နောက်ဆုံး သေရမည်။ အသင်္ခတသဘောကို မသိလို့ ဖြစ်သည်။

ဒုက္ခသစ္စာတော့ မသိတော့ လိုချင်သည်။ သေရတဲ့ ဘဝတွေကို တွက်၍ မရနိုင်ပေ။ နံနက်စာ စားပြီး ညစာစား နက်ဖြန်ခါလည်း သန်ဘက်ခါလည်း ဒီအတိုင်း ဖြစ်သည်။ အမြဲ ပြုပြင်နေရသည်။ မီးဖိုနှင့် ရေနှင့် ထင်းနှင့် ပြတ်သည်မရှိ။ လူဖြစ်လာလျှင် အမြဲ ပြုပြင်နေရသည်။ သင်္ခတ ဖြစ်သည်။ ထို့ကြောင့် သင်္ခတ ပြုပြင်ရတဲ့ တရားမှ လွတ်မြောက်ဖို့ လိုသည်။ အသင်္ခတ မပြုပြင်ရတဲ့ဘဝကို ရောက်ဖို့ လိုသည်။ ပြုပြင်ရတာ မကောင်းဘူး။ ပြုပြင်ရတဲ့ ဆင်းရဲဒုက္ခကိုသိမှ မပြုပြင်ရတဲ့ နိဗ္ဗာန်ကို လိုချင်ခြင်း ဖြစ်သည်။ ရေချိုးလိုက်လျှင် စိတ်ကို ချမ်းသာသွားသည်ဟု ဆိုကြသည်။ ပြုပြင်ရတဲ့ ဒုက္ခကိုတော့ သူမသိ။ ကြောက်စရာ အလွန်ကောင်းသည်။ ထမင်း နေ့တိုင်း စားရသည်။ ပန်းကန်နေ့တိုင်း ဆေးရသည်။ ဆန်၊ ဆီ ရှာရသည်။ ဒုက္ခတွေ ပင်လယ်ဝေသည်။ မသိတော့ ပျော်နေသည်။ နိဗ္ဗာန်သည် ဒုက္ခကို ဆုံးစေသည်ဟု ဆိုသည်။ နိဗ္ဗာန်ရောက်မှ ဆုံးရမည်။

မိမိကိုယ်ကို ကြည့်ပါ။ ဘယ်အချိန် ချမ်းသာနေသည်ဟု မရှိပါ။ ပူလိုက်၊ အေးလိုက်၊ ကိုက်လိုက်၊ ခဲလိုက်၊ မပြတ် ပြုပြင်နေရသည်။ အိပ်တာတောင် ဟိုဘက်စောင်းလိုက်၊ ဒီဘက်စောင်းလိုက် နေရသည်။ အနာမျိုးစုံနှင့် နေရသည်။ ခန္ဓာငါးပါး လောက် ရှုပ်တာမရှိ။ အမြဲတမ်း ပြုပြင်နေရသည်။ မဂ္ဂင်နှင့်သွားမှ နိဗ္ဗာန်သို့ ရောက်မည်။ ဘိက္ခဝေ၊ ရဟန်းတို့။ အဟံမဂ္ဂေါ၊ ဤမဂ္ဂင်ရှစ်ပါးသည်။ ကေယနော၊ တစ်ကြောင်းတည်းနဲ့ နိဗ္ဗာန်ရောက်အောင် ပို့၏။ သောကပရိဒေဝ ဒုက္ခဒေါမနဿတွေကို မဂ္ဂင်တရားက ငြိမ်းစေသည်။ ရှေးက ဖြစ်ပျက်၊ နောက်က မဂ်။ ဖြစ်ပျက်တွေ ကြည့်ရာက ဖြစ်ပျက်တွေ ချုပ်သွားပြီဆိုလျှင် ရုပ်နာမ်တွေကလည်း ချုပ်သည်။ ဤနည်းမှာ နိဗ္ဗာန်ကို မဂ်က ပို့ဆောင်ခြင်း ဖြစ်သည်။ လူတွေဟာ ဒုက္ခရောက်ကြောင်းကို မိုးလင်းက အိပ်သည် အထိ လုပ်နေရသည်။ သင်္ခတအလုပ် ဖြစ်သည်။ နေ့မအား၊ ညမအား လုပ်ရသည်။ လုပ်နေရင်းမှ တစ်ပျက်တည်း ပျက်နေသည်။ သင်္ခတတည်းဟူသော ဒုက္ခသစ္စာ မမြင်လျှင် နိဗ္ဗာန်ကို မသွားနိုင်။ အဖန်ဖန် ပြုပြင်နေရတဲ့ ဒုက္ခကို မုန်းပြီး ပြုပြင်ခြင်းကင်းရာ နိဗ္ဗာန်ကို မဂ်လမ်းဖြင့် သွားရသည်။ နိဗ္ဗာန်ကိုမြင်မှ ကိလေသာကုန်သည်။ မမြင်လျှင် မကုန်နိုင်ပေ။ ထို့ကြောင့် ဖြစ်ပျက်ကို မုန်းအောင်ရှု၊ မုန်းအောင်ကြည့် အလုပ်လုပ်ရမည်။ ဖြစ်ပျက်ကို မြင်အောင်ကြည့်။ မြင်ပြီး မုန်းအောင်ကြည့်။ မုန်းအောင်ကြည့်ပြီးလျှင် ဆုံးအောင်ကြည့်။ ဖြစ်ပျက်ဆုံးလျှင် နိဗ္ဗာန်သို့ ရောက်မည်။ ထို့ကြောင့် နိဗ္ဗာန်သည် အသင်္ခတဓာ—အဖန်ဖန် ပြုပြင်ရခြင်းကင်းသော တရားတော် ဖြစ်သည်။

**လမ်းသစ်စာအုပ်တိုက်**

## အမတဩဇာ

(၄) အမတဩဇာ – သေခြင်းကင်းထိုက် အမြိုက်ဆေးနှင့် တူသော အနက်။

အမတဩဇာ မအို၊ မသေ အမြဲနေတဲ့ သဘော၊ နိဗ္ဗာန်ဖြစ်သည်။ အိုမှု၊ နာမှု၊ သေမှု၊ စိုးရိမ်မှု၊ သောကမှု စသော မီး ၁၁ ပါးတို့ ငြိမ်းသွားသည်။ နိဗ္ဗာန်ရောက်မည့် လမ်းမသိလျှင်၊ မလုပ်လျှင်၊ အိုလမ်း၊ နာလမ်း၊ သေလမ်းကိုသာ သွားကြရသည်။ အိုတတ်၊ နာတတ်တဲ့ ရုပ်နာမ်ကိုရနေလျှင် မသေဘဲမနေ သေရမည်။ ဤကဲ့သို့ သေခြင်းတရား ချုပ်ငြိမ်းရာကို အမတ နိဗ္ဗာန်ဟု ခေါ်သည်။ ဒီသေခြင်းတရား ကောင်းကောင်း မသိလျှင် နိဗ္ဗာန်ကို မလိုချင်။ လူဖြစ်၊ နတ်ဖြစ်၊ ဗြဟ္မာဖြစ် သေကြရမည်။ အဆိပ်ဖြစ်သည်။ ခန္ဓာကိုယ်ကြီးကို မြင်သဖြင့် သတ္တဝါတို့သည် မအို၊ မသေသော နိဗ္ဗာန်ကို နှစ်သက်မှု ဖြစ်လာသည်။ ကိုယ်ခန္ဓာသည် အို၊ နာ၊ သေကို ယူလာခြင်း ဖြစ်သည်။ ထို့ကြောင့် သူ့အဆိပ်နှင့်သူ သေခြင်းဖြစ်သည်။ အို၊ နာ၊ သေ ဆိုသည်မှာ ခန္ဓာရှိသမျှ ပါနေသဖြင့် ဘယ်တော့မှ မဆုံးနိုင်ချေ။ ၃၁ ဘုံလှည့်ချင်သူတွေမှာ အခုလည်း သေရပါစေ။ နောက်လည်း သေရပါစေ ဆုတောင်းတာနှင့် တူနေသည်။ ဒုက္ခကို မသိလို့ ဖြစ်သည်။ ထို့ကြောင့် နိဗ္ဗာန်ဆိုတာ မအို၊ မသေ အမြဲနေတဲ့ တရားတော်ဆိုတာ သိမှ လိုချင်တောင့်တလာမည်။ အိုနာ သေဘေးကလွတ်မှ အေးချမ်းခြင်း သိလာမည်ဖြစ်သည်။ အိုနာ သေဘေးပါလာတဲ့ ကိုယ်ခန္ဓာကြောင့် ဘုရား၊ ရဟန္တာများပင်လျှင် နောက်ဆုံး ပျက်စီးရသည်။

ဒုက္ခသစ္စာမသိဘဲ နိဗ္ဗာန်သို့ မရောက်နိုင်။ သေတတ်တယ်ဆိုတာကို သိမှ မသေတတ်တာကို ဉာဏ်ထဲမှာ ရှင်းမည်။ လိုချင်လာမည်။ ခန္ဓာကိုယ်ရလျှင် ဇာတိ၊ ဇရာ၊ မရဏ အိုနာသေလာမည်။ အိုနာသေလာလျှင် အမြဲနှိပ်စက်သည်။ ဒုက္ခသစ္စာပင် ဖြစ်သည်။ ဒုက္ခသစ္စာ မသိသမျှ အိုနာသေဘေး မပျောက်နိုင်။ ဘုရားတစ်ဆူနှင့် တစ်ဆူစပ်ကြား သတ္တဝါတွေ၏ အရိုးစုကို ပုံထားမည်ဆိုလျှင် ရှေးအခေါ် တစ်ယူဇနာ၊ ယခုအခေါ် ၁၃ မိုင်ပင် မြင့်သည်။ ဘဝမည်မျှ သေခဲ့ရသည်ကို တွက်၍ပင် မရနိုင်ချေ။ ဒီတရားကို မမြင်လျှင် ဒုက္ခသစ္စာကို မသိလျှင် နိဗ္ဗာန်မရောက်နိုင်။ သုခဝေဒနာ ပေါ်လာလျှင် တရားရှေ့က တဏှာ ဥပါဒါန်ဘဝ၊ ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏ ရောက်သွားမည်။ လူတိုင်းဟာ ရှာရင်း၊ ဖွေရင်းနှင့်ပင် သေသွားကြသည်။ ရှာမတွေ့တော့ဘူး။ ကျောင်းကန် သွားပြီး တရားအားထုတ်မည်။ ဒီကို မလာကြ။ ရှာဖွေရင်းနှင့်ပင် သေကြသည်။ မသေတာကို ရှာဖွေပြီး မလုပ်ကြ။ သေတာကို ရှာဖွေနေခြင်း ဖြစ်သည်။ ဒီဒုက္ခသစ္စာ နှိပ်စက်သည်ကို မခွဲသရွေ့ ကာလပတ်လုံး နိဗ္ဗာန်သို့ မရောက်နိုင်။ သေပွဲ ခဏခဏဝင်ရလိမ့်မည်။ ဖြစ်ပျက်က အနိစ္စ၊ သိတာက မဂ္ဂဖြစ်သည်။ မဂ်လမ်းပေါ်ရောက်လျှင် ဆက်သွားက နိဗ္ဗာန်သို့ ရောက်သွားတတ်သည်။ ဤကဲ့သို့ ခဏခဏ သေနေရတာမြင်မှ သေခြင်းကင်းရာ၊ မသေရသော နိဗ္ဗာန်ကို သွားချင်မည်။ အားထုတ်မည်။ ရောက်လိမ့်မည်။ ခန္ဓာငါးပါးမရှိမှ ရုပ်နာမ် မရှိမှ သေဘေးက လွတ်မည်။ ဒီလို အသေဓာတ်တွေကို

မဂ်က သတ်လိုက်မှ အသေဓာတ်နေရာတွင် မသေဓာတ် ရောက်လာသည်။ မသေဓာတ်ကို မြင်လျှင် မဂ်ဉာဏ်ဖြစ်သည်။ မသေဓာတ် အမတဓာတ်–သေခြင်းကင်းရာ နိဗ္ဗာန်ဖြစ်သည်။

## မဂ္ဂသစ္စာ အချက် ၄ ချက်

(၁) နိယျာနဋ္ဌော – သံသရာသမုဒ်ဝဲဇလုတ်မှ ကယ်ထုတ်ကြောင်း အနက် ဖြစ်သည်။

မဂ္ဂသစ္စာ၏ နိဗ္ဗာန်ဘက်သို့ ထွက်မြောက်နိုင်ကြောင်း လမ်းကောင်း အစစ်အမှန် ဖြစ်သည်။ ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်တို့မှ ထွက်မြောက်သော လမ်းကြောင်း ဖြစ်သည်။ ဝိပဿနာတရား အားထုတ်ဖန်များလာလျှင် မဂ္ဂင်တရား ရောက်လာသည်။ သူ့သဘောနှင့်သူ ဆောင်သည်။ နိဗ္ဗာန်သွားဖို့ကိုရှာလျှင် နိဗ္ဗာန်အလုပ်ကို လုပ်လျှင် နိဗ္ဗာန်ရောက်မည်။ အလုပ်လုပ်မှ ရနိုင်မည်။ မဂ္ဂင်အလုပ်ကို လုပ်လျှင် မဂ္ဂင်သို့ ရောက်ရာ ရောက်ကြောင်းဖြစ်သော တရားကို ရမည်။ လူ့ဘဝကို ရောက်လျှင် အပါယ်ရောက်ကြောင်း တရားကို ကြိုးစားနေ၍ အပါယ်ရောက်မည်။ ဤကား ဓမ္မနိယာမ သဘောဖြစ်သည်။ မဂ္ဂသစ္စာသည် ဝဋ်ဆင်းရဲမှ ဆန်တက်၍ ထွက်မြောက်နိုင်သော လမ်းကြောင်း ဖြစ်သည်။ ယင်းတရား ဝမ်းထဲသို့ ရောက်ဖို့လိုသည်။ ရှုစရာ အာရုံရှိမှ ရှုစရာ ဝမ်းထဲရောက်မည်။ မိမိရုပ်ကို ကြည့်လျှင် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ ပါလာသည်။ ဝဋ်ဆင်းရဲအပေါင်းမှ လွတ်မြောက်အောင် မဂ္ဂင်တရားကို မပွားလျှင် ဝိပါကဝဋ်နှင့် နေရလိမ့်မည်။ အိမ်၌ သားရေး၊ သမီးရေး၊ စီးပွားရေးနှင့် အချိန်ကုန်နေက ဇာတိ၊ ဇရာနှင့် ခွဲ၍မရပါ။ ဝဋ်သင့်နေသော ပုဂ္ဂိုလ်ဖြစ်သောကြောင့် ခွဲမရခြင်း ဖြစ်သည်။ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာသည် ကိလေသာဝဋ် သုံးပါးကို ဖြစ်စေနိုင်သည်။ ကိလေသာဝဋ်ဆိုတာ ဒေါသကိလေသာ၊ မောဟကိလေသာ၊ လောဘကိလေသာတို့ ဖြစ်သည်။ ကိုယ်တိုင် မြင်အောင် ကြည့်ပါ။

သုခဝေဒနာ ချမ်းသာတယ်ဆိုလျှင် တဏှာလာခြင်း ဖြစ်သည်။ ဒုက္ခဝေဒနာ ဆင်းရဲတယ်ဆိုလျှင် ဒေါသလာသည်။ ဥပေက္ခာဝေဒနာလာလျှင် မသိလိုက်ပါ။ ထို့ကြောင့် မောဟလာသည်။ ဒါတွေပြီးလျှင် ကမ္မဝဋ်လာမည်။ ဝေဒနာသုံးပါးသည် ခန္ဓာကိုယ်ထဲ၌ ခဏခဏ ဖြစ်ပျက်နေသည်။ ဒါကို မြင်အောင် ကြည့်ရမည်။ ပဋိသန္ဓေ ရှိလာလျှင် အိုခြင်း၊ နာခြင်း၊ သေခြင်းတရား ပါလာလိမ့်မည်။

ထို့ကြောင့် ဝိပဿနာဉာဏ်ဖြင့်ရှုမှ မဂ္ဂင်ကို ဆိုက်မည်။ မဂ္ဂင်တရားရောက်လျှင် အကုသိုလ် ကုန်သွားသည်။ အင်္ဂုလိမာလ လူသတ်သမားကြီးသည် နိဗ္ဗာန်ဝင်တော့ အကုသိုလ်တွေ အဟောသိကံ ဖြစ်သွားသည်။ မဂ္ဂင်ရှစ်ပါးကို အားထုတ်ပါ။ ဝဋ်သုံးပါးမှ ကျွတ်မည်။ ဝဋ်မှဆန်တက်၍ နိဗ္ဗာန်ဘက်သို့ရောက်အောင် ကြိုးစားရမည်။ သွားရင်း၊ လာရင်း၊ ထိုင်ရင်း၊ အိုမှု၊ နာမှု၊ သေမှုတွေ ရှိနေသည်။ ဝဋ်မှကျွတ်တဲ့ တရားကို ဘာမှ မလုပ်ဘူးဆိုလျှင် ယခုလည်း သေပါရစေ၊ နောင်လည်း သေပါရစေဆိုတဲ့ အဓိပ္ပာယ် သက်ရောက်သည်။

**လမ်းသစ်စာအုပ်တိုက်**

သံသရာတစ်လျှောက်လုံးတွင် ဝဋ်သင့်သည်။ ဝဋ်ပျောက်အောင် လုပ်မှဖြစ်မည်။ သေခြင်းတရားက မနေ၊ နက်ဖြန် သေမည်၊ သန်ဘက် သေမည် မသိနိုင်။ တရားမနာက လူ့ဘဝမှ ထွက်မြောက်ဖို့ မဖြစ်နိုင်။ မဂ္ဂင်ဖြင့် ဝိပဿနာလုပ်ငန်းရှုမှ ဝဋ်ကျွတ်မည်။ ဝဋ်ကျွတ်သော တရားကို ရှုနေသောအချိန်တွင် ဘာဝဋ်မှ ရောက်မလာ၊ အကုသိုလ်တွေ မကပ်နိုင်။ ခန္ဓာကိုယ် ဖြစ်ပျက်တာက အနိစ္စ။ သိတာကမဂ္ဂ ဖြစ်လာသည်။ မဂ်လမ်း ရောက်လျှင် နိဗ္ဗာန်သို့ နီးသွားသည်။ ထို့ကြောင့် မဂ္ဂသစ္စာ၏ နိယျာနဒွေဝဋ်မှ ဆန်တက်၍ နိဗ္ဗာန်မင်္ဂသို့ လွတ်မြောက်နိုင်သော လမ်းကောင်းအစစ်အမှန် ဖြစ်သည်။ ဘာလူလူ လူ့ပြည် နတ်ပြည်ကို ရောက်မည်။ နိဗ္ဗာန်ကိုတော့ အလုပ်လုပ်မှ ရောက်မည်။ ဝဋ်ပျောက်အောင် လုပ်နိုင်သောတရားသည် မဂ္ဂင်သာ ဖြစ်သည်။ သတိထား၊ သမာဓိရှိ၊ ဝီရိယ စိုက်လျှင် မဖြစ်တာ မရှိပါ။ ဒီဘဝတွင် မဂ်ဖိုလ်ရလိုက ဆုတောင်းမနေပါနှင့် အလုပ်လုပ်မှ ရမည်။ အကုသိုလ် အလုပ်ကိုလုပ်လျှင် အပါယ်ရောက်ရပါလို၏ဟု ဆုတောင်းစရာမလို၊ မုချရောက်မည်။ နိဗ္ဗာန်ကိုတော့ တရားအားထုတ်မှ ရောက်မည်။ လူတာတန်းတာပင် ပန်းတစ်ပွင့် ဆီမီးတစ်တိုင်ဖြင့် တဏှာဦးစီးနေသည်။ ကာမဝဋ် ဖြစ်သည်။ ကိလေသာဝဋ်နှင့် ကမ္မဝဋ် ရှိနေတော့ ဝိပါကဝဋ်က နောက်က လိုက်လာသည်။ မဂ္ဂသစ္စာကို ယခုပွားလျှင် ယခုဝဋ်ကျွတ်သည်။ အကာလိကော အခါမလင့် ချက်ချင်းအကျိုးပေးသည်။ အကျိုးပေးသည်ဆိုတာ ဝဋ်ကျွတ်ခြင်းပင် ဖြစ်သည်။ ဖြစ်တာကို မြင်အောင်ကြည့်၊ ပျက်တာကိုလည်း မြင်အောင် ကြည့်ပါ။ မြင်အောင်ကြည့်လျှင် အနိစ္စ မမြဲသောတရားကို မြင်လာသည်။ အနိစ္စ မြင်လာလျှင် မဂ္ဂကို နီးသွားပြီ။ လောဘ၊ ဒေါသ၊ မောဟ ချုပ်သွားပြီး တရားကိုမရှုတော့ မသိတဲ့ အဝိဇ္ဇာ ပေါ်လာသည်။ အဝိဇ္ဇာပေါ်လာလျှင် နောက်ဆုံးမီး ဆယ့်တစ်ပါးထဲ ရောက်သွားသည်။ ဝဋ်သုံးပါးမလည်အောင် အမြဲ အားထုတ်နေမှ ဖြစ်သည်။ ဖြစ်ပျက်တာကို မြင်လာက ယထာဘူတဉာဏ် ဖြစ်သည်။ ဖြစ်ပျက်ကို မုန်းလာလျှင် နိဗ္ဗိတဉာဏ် ဖြစ်သည်။ ဤခန္ဓာကိုယ် မလိုချင်တော့ဘူးဟု စိတ်ပေါ်လာလျှင် ရှေ့ကို တရားတက်သွားသည်။ မမြဲသောအနိစ္စ ဖြစ်သည်။

မြင်တော့ လိုချင်တဲ့စိတ်တွေ ပျောက်သွားသည်။ မလိုချင်တော့ မဂ်တရား ပေါ်လာသည်။ တဏှာလည်း မရှိ။ ဒိဋ္ဌိလည်း မရှိ။ မီးသေသောအခါ အနိုးမရှိသလို ကိလေသာ အနိုးမရှိလျှင် ဝဋ်မှ ကျွတ်နိုင်သည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုးသောတရား သုံးပါးကို ဝိပဿနာရှုမှသာ မြင်ရသည်။ လုပ်ငန်းရှိမှ အောင်မြင်မည်။ လုပ်ငန်းရှိမှ နိဗ္ဗာန်ရောက်နိုင်သည်။

နိဗ္ဗာန်တရား ဆိုသည်မှာ လူတွေက ချမ်းသာတယ် ထင်နေတော့ ကိစ္စအားလုံး မိမိခန္ဓာကိုယ်နှင့်တကွ ရွှေ၊ စိန်၊ ပစ္စည်း သားသမီး၊ အိုးအိမ် တိုက်တာ အဆောက်အဦ မှစ၍ ဒုက္ခဟု သိလာမှ ဒုက္ခ၏ ဝေးရာလွတ်ရာ နိဗ္ဗာန်ကို ရောက်နိုင်သည်။ ဒုက္ခသည် ရုပ်နာမ် နှစ်ပါးကြောင့် ဖြစ်သည်။ ရုပ်နာမ်နှစ်ပါး ရှိနေသမျှ ဒုက္ခဝဋ်မှ မလွတ်နိုင်။ လူတွေချမ်းသာတယ် ဆိုသည်မှာ အသိဉာဏ်ဖြင့် နှိုင်းယှဉ် ကြည့်ရှုမှု မရှိသောကြောင့် ဖြစ်သည်။

**လမ်းသစ်စာအုပ်တိုက်**

အစားအသောက် ချမ်းသာမှုကို ကြည့်ပါ။ လူ့ပြည်တွင် ရှိသမျှ ဟင်းမျိုးပေါင်း ငါးဆယ်ဖြင့် စားရလျှင် သူ့ကိုယ်သူ မည်သူမဆို အလွန်ချမ်းသာသည်ဟု ထင်မှတ်မည်။ သို့ရာတွင် ဘိုးဘိုးအောင်တို့ကဲ့သို့ ပြဒါးပြာရ၍ အသက်ရှင်နေက မည်သူက ပို၍ ချမ်းသာသလဲ စဉ်းစားပါ။ ထမင်းစားရလျှင် အိမ်သာ သွားရမည်။ လက်ဆေးရမည်။ ဝမ်းနာရမည်။ နောက်က ဒုက္ခကြီးပါနေသည်။ ပြဒါးပြာလေးကို လျက်လိုက်ရုံနှင့် အစားအသောက်ကိစ္စပြီး၊ လက်ဆေးစရာမလို၊ ကျင်ကြီးကျင်ငယ်ကိစ္စမလို၊ ဘယ်လောက် အေးငြိမ်းချမ်းသာသွားသည်ကို စဉ်းစားမှ သိမည်။ တစ်ဖန် ဘိုးဘိုးအောင်တို့လို ပြာလျက် နေစရာမလို၊ စားချင်သောက်ချင်စိတ်၊ လုချင်သော ရုပ်မရှိလျှင် ထမင်းလည်း စားစရာ မလို၊ ပြာလည်း လျက်နေစရာ မလိုတော့ပါ။ သန္တိသုခ အေးချမ်းသော သဘောဖြစ်သည်။

## ဟေတုဒွေ

(၂) ဟေတုဒွေ–နိဗ္ဗာန်ထုတ်ချောက် ကေနိရောက်ကြောင်း အနက်။

ဟေတုဒွေ မကွေ့မထောင့် ဖြောင့်ဖြောင့်သာသာ နိဗ္ဗာန်သို့သာ သွားရာဖြစ်သော အနက်သဘောသည် ဖြောင့်ဖြောင့် နိဗ္ဗာန်ရောက်ကြောင်းကို ဟောပြခြင်း ဖြစ်သည်။ လမ်းမှန်လမ်းဖြောင့်၊ ခရီးမှန် ခရီးဖြောင့်မှ လိုရာရောက်သည်။ ခရီးမမှန်လျှင် လိုရာ မရောက်ချေ။ သမုဒယ ခရီးသည် အလွန်ကောက်ကွေ့သော လမ်းဖြစ်သည်။ သူ့ကို လိုက်က လမ်းမှားသည်။ အိုအောင် မှားမည်၊ နာအောင် မှားမည်၊ သေအောင် မှားမည်။ အကောက်လမ်း ဖြစ်သည်။ သစ္စာတရားကို မမြင်အောင် ကောက်ကျစ်ထားသည်။ ကိုယ်ပိုင်အိမ်ကလေးနှင့် နေရလျှင် ပျော်သည်။ ကိုယ့်ဟာကိုယ် စိတ်ချမ်းသာသည်။ သမုဒယက ချော့ထားခြင်း ဖြစ်သည်။

မိမိဘဝလေးကို ခင်မင်တွယ်တာအောင် သမုဒယက လုပ်ပေးသည်။ ချော့ပေး သည်။ အိမ်ရှိလျှင် အိမ်ကြောင့် ပူရသည်။ ကားရှိလျှင် ကားကြောင့် ပူရသည်။ သားရှိလျှင် သားကြောင့် ပူရသည်။ ဒုက္ခကိုတော့ မသိ။ ဒုက္ခသစ္စာထဲက မထွက်နိုင်အောင် သမုဒယက ချည်နှောင်ထားခြင်း ဖြစ်သည်။ မင်း အခု စီးပွားရေး အောင်မြင်လာပြီ။ မပူရ၊ မပင်ရ သမုဒယက ပြောသည်။ နေ့မအား၊ ညမအား အလုပ် လုပ်ရတာကိုတော့ မေ့ထားခိုင်း သည်။ ပိုချမ်းသာအောင် ပိုပြီး အလုပ် လုပ်ရသည်။ ပိုပြီး လူတွေဆင်းရဲသည်။ ဒါတွေကို မသိချေ။

ကိုယ့်အိမ်ကလေးနှင့် ကိုယ်အလွန်ပျော်သည်။ ကိုယ့်အိမ်ဆိုတော့ တံမြက်စည်း လှည်းရသည်။ ပင့်ကူအိမ်တွေ ဖယ်ရသည်။ တံခါးတွေ ပိတ်ရသည်။ ဆေးသုတ်ရသည်။ ဒီဒုက္ခတွေသိမှ အိမ်ရှိလျှင် အိမ်ကြောင့် ဒုက္ခပါလား သိသည်။ မဂ္ဂင်တရားက ဖြောင့် ဖြောင့်သွားနိုင်သည်။ သမုဒယက ကောက်ထားသည်။ ဘုရားဖူးသွားရမှာကိုပင် အိမ် စိတ်မချတော့ မသွားနိုင်။ ကျောင်းကန်ဘုရား သွားမှာကိုပင် အိမ် စိတ်မချတော့ မသွား နိုင်။ အိမ်က ဆွဲထားသည်။ ဒါကြောင့် နိဗ္ဗာန်ရောက်ကြောင်း တရားကို သမုဒယက

ကန့်ကွက်ခြင်း ဖြစ်သည်။ သမုဒယက အဆိုးဟူသမျှ လုပ်ပေးလိမ့်မည်။ လောကီဆိုလျှင် အားပေးသည်။ လောကုတ္တရာအလုပ်၊ နိဗ္ဗာန်လမ်းဆိုလျှင် သူက ကန့်ကွက်သည်။

ထို့ကြောင့် သူတို့လမ်းက မြုပ်သောလမ်း၊ မျောသောလမ်း ဖြစ်သည်။ ကိုယ်တတ်တဲ့ အရောင်းအဝယ်ကလေးနှင့်၊ ပညာလေးနှင့် အသက်မွေးနေရလျှင် ကျေနပ်နေသည်။ ဒါလေးမရှိရင် ဒုက္ခပဲဟု အောက်မေ့သည်။ ဒီဒုက္ခပေးတဲ့ ရုပ်နာမ်ကို ခွဲရလျှင် မျက်ရည်ကျသည်။ ဘုရားအစရှိသော ရဟန္တာအရှင်မြတ်များကတော့ ဒီဒုက္ခကလွတ်ပြီး နိဗ္ဗာန်ကို သွားလျှင် အလွန် စိတ်ချမ်းသာသည်။ ဒီခန္ဓာရုပ်နာမ်ကို ခင်မင်တွယ်တာပြီး သေလျှင် အပါယ်လေးပါးကို ရောက်မည်။ ဒုက္ခသစ္စာမှန်းသိတဲ့ ပုဂ္ဂိုလ်က ကျွတ်ပြီ၊ လွတ်ပြီဆိုပြီး အရိယာသူတော်ကောင်းတို့က သေခြင်းတရားကို မကြောက်တော့ပေ။

တဏှာနှင့် သမုဒယက အမြဲကပ်နေသည်။ ဘုရားရှိခိုးတာပင် စီးပွားတက်ချင်လို့ ဖြစ်သည်။ ချမ်းသာချင်လို့ ဖြစ်သည်။ တဏှာနှင့် သမုဒယက ကပ်နေသည်။ နောက်ဘဝ ချမ်းသာဖို့ လိုသည်။ ကျန်းမာလိုသည်။ တဏှာနှင့် သမုဒယက ကပ်နေသည်။ နောက်ဘဝလာလျှင် အိုဘေး၊ နာဘေး၊ သေဘေးတွေက မုချလာမည်။

ထို့ကြောင့် သမုဒယက အလွန်ကောက်သော တရားဖြစ်သည်။ သမုဒယစကားကို နားထောင်လျှင် တက်လမ်းမရှိ။ အောက်လမ်းသို့ ကျလမ်းသာရှိသည်။ သားရေး၊ သမီးရေး၊ စီးပွားရေးကျတော့ သမုဒယက အားပေးသည်။ ဘုရားသွား ကျောင်းတက်၊ တရားအားထုတ်ဖို့ကျတော့ ကန့်ကွက်သည်။ ချမ်းသာနေလျှင် သုခဝေဒနာ။ ဖျားနေလျှင် ဒုက္ခဝေဒနာ။ ဝေဒနာက အမြဲကပ်သည်။ အစားကောင်း၊ အနေကောင်း၊ အဝတ်ကောင်းဝတ်ရလျှင် သုခဝေဒနာ ဖြစ်သည်။ သူ့ဟာသူ ပေါ်လာသည် မဟုတ်၊ လူက လုပ်ထားလို့ ပေါ်လာခြင်းဖြစ်သည်။ သင်္ခါရတရား ဖြစ်သည်။ ဒုက္ခဝေဒနာ ဖြစ်သည်။ မတဲ့တဲ့အစားလို့ မတဲ့တဲ့ဥတုကြောင့် ပေါ်လာခြင်း ဖြစ်သည်။ သူလည်း သင်္ခါရဖြစ်သည်။ ပြုပြင်လို့ ပေါ်လာခြင်း ဖြစ်သည်။

ရုပ်နာမ်နှစ်ပါးသည် သင်္ခါရသာ ဖြစ်သဖြင့် အမြဲ ပြောင်းလဲနေသည်။ အနိစ္စဖြစ်သည်။ ဉာဏ်နှင့်ကြည့်မှ ဖြစ်သည်။ သူ့အကြောင်းနှင့်သူ တိုက်ဆိုင်လို့ ပေါ်လာသည်။ ဒီလိုပေါ်လာတာကို ကြည့်နေလျှင် ဝိပဿနာဖြစ်သည်။ ရှုပါများတော့လည်း ဖြစ်ပြီး ပျက်သွားတာကို သိသည်။ ထို့ကြောင့် နိဗ္ဗာန်ကို ရောက်အောင် ပို့ပေးသည်။ မဂ္ဂင်လမ်းခရီး ဖြစ်သည်။ မကွေ့မကောက် နိဗ္ဗာန်သို့ ရောက်စေသည်။ ကောက်ကျစ်တဲ့လမ်းက မသွားဘဲ ဖြောင့်တဲ့လမ်းက သွားလျှင် နိဗ္ဗာန်ကို မုချရောက်သည်။

ထို့ကြောင့် ဟေတွဌော မကွေ့မကောက် ဖြောင့်ဖြောင့်သာ နိဗ္ဗာန်သို့သွားကြောင်းဖြစ်သော မဂ္ဂင်တရား ဖြစ်သည်။ နတ်ပြည်ရောက်ဖို့၊ ဗြဟ္မာပြည်ရောက်ဖို့ ဆိုလျှင် ကောက်သွားသည်။ နိဗ္ဗာန်နှင့် ဝေးသွားသည်။ တဏှာကုန်မှ နိဗ္ဗာန်သို့ ရောက်သည်။

ခန္ဓာကိုယ် ဖြစ်ပျက်တာကို ဝိပဿနာနှင့် ကြည့်မှ အနိစ္စမှန်း သိသည်။ အနိစ္စသိမှ မဂ္ဂင်လမ်းကို ရောက်သည်။ ပျက်တာက အနိစ္စ၊ သိတာက မဂ္ဂဖြစ်သည်။ မဂ်ဉာဏ်နှင့်

ရှုပေးရခြင်း ဖြစ်သည်။ ခန္ဓာကိုယ်က ဖြစ်ပျက်ပြီး အနိစ္စရောက်တာကို မမြင်လျှင် နိဗ္ဗာန်ကို မရောက်နိုင်။ နေ့တိုင်း ခန္ဓာကိုယ်က ပျက်ပျက်ပြီး အနိစ္စရောက်တာကို အမြဲကြည့်ရမည်။ ရှုပါများသောသူမှာ ရုပ်နာမ်ခန္ဓာကို ငြီးငွေ့သောစိတ် ပေါ်လာသည်။ ငြီးငွေ့လာလျှင် ဒီရုပ်နာမ် ခန္ဓာကို မလိုချင်တော့ပေ။ လွတ်ရာကျွတ်ရာ ထွက်ပေါက် ရှာလာသည်။ အရှိန်ရ၍ အားများလာသောအခါ ဖြစ်ပျက်တွေ တစ်ခါတည်းချုပ်ပြီး မဂ်ဉာဏ်ဝင်လာပြီး နိဗ္ဗာန်ကို တစ်ခါတည်း ရောက်သည်။ အပါယ်တံခါးတွေလည်း ပိတ်သည်။ ထို့ကြောင့် ပေတ္တာဒွေ မကွေ့မထောင် နိဗ္ဗာန်ထုတ်ချောက် ကေန်ရောက် ကြောင်း တရားသည် မဂ္ဂင်တရားပင် ဖြစ်သည်။

## ဒဿနဒွှောတရားတော်

(၃) ဒဿနဒွော – စင်စစ်သုခံ မြိုက်နိဗ္ဗာန်ကို ကေန်ဆိုက်ကပ် တပ်အပ်ထင်ထင် သိမြင်ကြောင်း အနက်။

နိဗ္ဗာန်ကိုမြင်သော တရားသည် ဒဿနဒွှော ဖြစ်သည်။ နိဗ္ဗာန်ကို မည်သည့် အချိန်မှာ မြင်သလဲဆိုလျှင် ဒုက္ခဆုံးတဲ့အခါ မြင်လိမ့်မည်။ ဒုက္ခ ဘယ်အချိန်မှာ ဆုံးသလဲ မေးလျှင် အဝိဇ္ဇာနှင့်တဏှာ ဆုံးတဲ့အချိန်မှာ ဒုက္ခလည်း ဆုံးသည်။ အဝိဇ္ဇာ၊ တဏှာဆုံးတော့ ဒုက္ခဆုံးသည်။ ဒုက္ခဆုံးလျှင် နိဗ္ဗာန်သို့ ရောက်သည်။ သုံးချက်ဖြစ်သည်။ သတ္တဝါမှန်သမျှ အိုခြင်းဒုက္ခ၊ နာခြင်းဒုက္ခ၊ သေခြင်းဒုက္ခတွေ ရှောင်လွှဲ၍မရ အမြဲတွေ့ရသည်။ အမြဲ တွေ့ရတော့ သောကတွေလည်း အမြဲရှိမည်။ ငိုကြွေးမှုကလည်း အမြဲရှိမည်။ ကိုယ် ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းကလည်း အမြဲရှိမည်။ ထို့ကြောင့် ဒုက္ခတွေက များသည်။ ခန္ဓာငါးပါးသည် ဒုက္ခအစုကြီးသာ ဖြစ်သည်။ ဒုက္ခနှင့် ခန္ဓာကိုယ်ကို ခွဲခြား၍ မရဘူး။ ချမ်းသာခြင်းနှင့် မရောသော ဒုက္ခအစုဖြစ်စေသည်မှာ သမုဒယကြောင့် ဖြစ်သည်။

ဤခန္ဓာကိုယ်ကြီးသည် ဒုက္ခအစုပင် ဖြစ်သည်။ ဒုက္ခချုပ်ရန် နိဗ္ဗာန်သာရှိသည်။ ဒုက္ခဖြစ်ခြင်း အကြောင်းရင်းမှာ အဝိဇ္ဇာပစ္စယာ၊ သင်္ခါရကြောင့် ဖြစ်သည်။ ကံနှင့်မဆိုင် အဝိဇ္ဇာကြောင့် ဖြစ်သည်။ ပဋိစ္စသမုပ္ပာဒ် ဒဏ်ချက်ဖြစ်သည်။ ဒုက္ခကိုမသိတာက အဝိဇ္ဇာ၊ ဒုက္ခသိတာက ဝိဇ္ဇာ၊ ဒုက္ခကို သုခမှတ်နေသောကြောင့် သံသရာလည်ရသည်။ နိဗ္ဗာန်ရမှ ဒုက္ခချုပ်သည်။ ဒုက္ခကို အမှန်အကန်မြင်မှ အဝိဇ္ဇာကြောင့်ဟု အသိဉာဏ်ပေါ်လာသည်။ ခန္ဓာကိုယ်ကြီးသည် ဒုက္ခဖြစ်သည်။ ဒုက္ခမှန်း ကြည့်မှ မြင်သည်။ တရားအားထုတ်ဖို့၊ ဝိဇ္ဇာဉာဏ်ရဖို့၊ မအားကြတာနှင့် ကိစ္စလေး ရှိတာနှင့် မလုပ်သူတွေ များသည်။

ဒါကြောင့် အပါယ်လေးဘုံမှာ သတ္တဝါတွေ များသည်။ အပါယ်လေးဘုံသည် သတ္တဝါတို့ အမြဲနေရသောဘုံ ဖြစ်သည်။ တစ်ခါတစ်ခါသာ လူ့ပြည်၊ နတ်ပြည် ရောက် လာကြသည်။ သေမင်းနှင့်လွတ်သည့် တရားမှာ ဝိဇ္ဇာတရား ဖြစ်သည်။ ဒုက္ခကို ပိုင်းခြားသိမှ ဖြစ်သည်။ ဒုက္ခကို မသိတော့ အဝိဇ္ဇာနှင့်ပင် နေကြသည်။ သံသရာဘဝ တစ်လျှောက်လုံး အဝိဇ္ဇာကို ဝိဇ္ဇာထင်မှတ်သဖြင့် နိဗ္ဗာန် မမြင်ခဲ့ပေ။ အဝိဇ္ဇာနှင့် နေခဲ့သဖြင့်

ထွက်ပေါက်မရှိ။ နိဗ္ဗာန်ကို မမြင်ခြင်း ဖြစ်သည်။ နိဗ္ဗာန်မမြင်သေးလျှင် ၃၁ ဘုံ၌ ပရမ်းပတာ ဘေးမှ မလွတ်နိုင်ချေ။

သစ်ရွက်တွေ ကြွေကျလျှင် ကျချင်သလို ကျသည်။ ရေမြောင်းထဲလည်း ကျသည်။ နောက်ချေးပုံထဲလည်း ကျသည်။ မီးပုံထဲလည်း ကျသည်။ ဤကဲ့သို့ပင် နိဗ္ဗာန်မမြင်သေးလျှင် ငရဲလည်း ရောက်မည်။ တိရစ္ဆာန်ဘုံလည်း ရောက်မည်။ ပြိတ္တာဘုံလည်း ရောက်မည်။ အပါယ်လေးဘုံ ရောက်မည်။ လူ့ဘဝတွင် မည်မျှပင် ချမ်းသာစေကာမူ ဒဿနဥ္စော နိဗ္ဗာန်ကို မမြင်ရသေးလျှင် အပါယ်က မလွတ်နိုင်။ သွားချင်ရာသွား၊ ကျချင်ရာ ကျလိမ့်မည်။ နိဗ္ဗာန်ကို မြင်ပြီးလျှင် မဖောက်မပြန် မြဲသွားသည်။ ကျချင်ရာမကျ၊ နိဗ္ဗာန်ကို ရောက်သည်။

ထို့ကြောင့် လူတိုင်းလူတိုင်း ဒဿနဥ္စောခေါ် နိဗ္ဗာန်မြင်အောင် အားထုတ်ရမည်။ စီးပွားရေးကိစ္စ၊ ကြွားရေးဝါရေး အရေးကြီးပြီး လူ့အောက်ကျမှာကြောင့် ကျနေလို့ရှိရင် လူ့အောက်တွင်မက ဒယ်အိုးအောက်ကျအောင် ရောက်သွားနိုင်ပါသည်။ တဏှာက ဒါ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာဟု စွဲမှတ်သည်။ မဂ္ဂင်ရှစ်ပါးက ရုပ်နှင့်နာမ်သည် အနိစ္စပဲ၊ ဖြစ်ပျက်ဒုက္ခသစ္စာပဲဟု သိမြင်သည်။ အားလုံး အနိစ္စမှာ လမ်းဆုံးကြသည်။

ဖြစ်ပျက်အနိစ္စတွေဆုံးမှ နိဗ္ဗာန်ရောက်သည်။ ဖြစ်ပျက်ကို မြင်အောင်ကြည့်။ ဖြစ်ပျက်ကို မုန်းအောင်ကြည့်။ နောက်ဆုံး ဖြစ်ပျက်ဆုံးသွားလိမ့်မည်။ ဆုံးသွားလျှင် နိဗ္ဗာန်ရောက်သည်။ ဤရုပ်နာမ်နှစ်ပါးကို မလိုချင်တော့ အဆုံးရောက်သွားသည်။ ကိုယ်တိုင်ကြိုးစားမှရသော တရားဖြစ်သည်။ လောဘစိတ်ပေါ်လျှင် ဖြစ်ပျက်ရှုပေး။ ထို့အတူ ဒေါသစိတ်ပေါ်လျှင် ဖြစ်ပျက်ရှုပေး။ ပေါ်ပြီးသောစိတ်သည် ပျောက်သွားသည်။ မမြဲကြောင်းကို သိလာသည်။ တဏှာ၊ မာန၊ ဒိဋ္ဌိ ကုန်သည်။ ရုပ်နာမ်နှစ်ပါးသည် ဒုက္ခသစ္စာ ဖြစ်သည်။ အိုဘေး၊ နာဘေး၊ သေဘေးတွေနှင့် ဆုံးနေသည်။ နောက်က သောက ပရိဒေဝ ဒုက္ခတွေလည်း ပါလာသည်။ ဤခန္ဓာကိုယ်ကြီးကို မလိုချင်တော့ဘူးဆိုတော့ တော်တော်အရေးပါလာသည်။ မဂ္ဂင်ရှစ်ပါးပြည့်စုံအောင် အားထုတ်လျှင် နိဗ္ဗာန်ကို မြင်ရသည်။ ထို့ကြောင့် ဒဿနဥ္စော ဆိုသည်မှာ နိဗ္ဗာန်ကို မျက်မှောက်ပြု၍ မြင်ရခြင်းပင် ဖြစ်သည်။

## အဓိပတေယျဥ္စော တရားတော်

(၄) အဓိပတေယျဥ္စော – လေးသစ္စာကို ကောင်းစွာထင်ထင် သိမြင်ခြင်းအရာ၌ လွန်စွာကဲမိုး အစိုးရခြင်းအနက် ဖြစ်သည်။

အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ ဟူသော သိက္ခာသုံးခု၊ အထွတ်အထိပ်ဖြစ်စေသော တရားဖြစ်သည်။ ဖြစ်ပျက်ဒုက္ခတွေကို မုန်း၊ ဖြစ်ပျက်ဒုက္ခတွေ ဆုံးသွားလျှင် မဂ်ဉာဏ်ပေါ်လာမည်။ မဂ်ဉာဏ်ပေါ်လာတော့ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ ဖြစ်သည်။ အဓိပါလာတော့ ရှိတဲ့သမာဓိက မြဲသွားသည်။ အဓိမပါသေးလျှင် မမြဲနိုင်ပေ။ တစ်ခါလည်း မဂ်ဆိုက်၊ ဖိုလ်ဆိုက် နိဗ္ဗာန်ကို မြင်ပြီးသောအခါ အဓိသမာဓိ ဖြစ်သည်။ ဒီသီလက

မပျက်တော့ပေ။ ဘဝကူးသွားလည်း မပျက်တော့ပေ။ ဒုက္ခသစ္စာဆိုသည် ဆင်းရဲခြင်းတရားကို အမှန်မြင်မှ ချမ်းသာတာကို နှိုင်းယှဉ်ပြီး သိရသည်။ ချမ်းသာခြင်းတရားကို မြင်လာသည်။ စိတ်ချတဲ့ သီလ၊ စိတ်ချရတဲ့ သမာဓိ ဖြစ်လာသည်။

နိဗ္ဗာန်ကို မမြင်ရသေးတော့ မိမိကိုယ်ကို အသုဘရယ်လို့ မထင်သေးချေ။ ဒုက္ခသစ္စာဟု မယူဆသေးချေ။ ခဏခဏဖြစ်ပျက်နေတာ ဒုက္ခ၊ စားရသောက်ရတာ ဒုက္ခ၊ ကျင်ကြီးကျင်ငယ်ကိစ္စက ဒုက္ခ၊ ဒုက္ခတွေ ပင်လယ်ဝေသည်။ သားတွေသမီးတွေ ကိုယ်ခန္ဓာဟူသမျှ ဒုက္ခတွေသာ ဖြစ်သည်။ ချမ်းသာအစစ်ကို မမြင်သေးလျှင် မိမိဘဝကို ချမ်းသာအစစ်ဟု ထင်ကြသည်။ ဒါကြောင့် ဒုက္ခပိုင်းခြား၍ မရသမျှကာလပတ်လုံး နိရောဓသစ္စာကို မျက်မှောက်မပြုနိုင်ချေ။ အဝတ်တွေ ဝတ်တာကလည်း ခန္ဓာကိုယ်ကြီး ဒုက္ခကြောင့် ဝတ်ရသည်။ လက်ကိုင်ပဝါရှိရသည်။ လက်သုတ်ပဝါ ရှိရသည်။ အိမ်တွေဆောက်ထားရသည်။ မမာတတ်တဲ့ ခန္ဓာကိုယ်ကို ဒုက္ခမပိုအောင် လုပ်ရခြင်းဖြစ်သည်။ စားရသောက်ရတာလည်း ဆေးသဖွယ် ခဏခဏ ခန္ဓာကိုယ်က ဒုက္ခပေးသည်။ ဒီခန္ဓာကိုယ်ကြီးကို ထမင်းနှင့်ကု၊ ရေနှင့်ကု၊ အဝတ်အစားနှင့် ကုနေရတာ အသုဘဖြစ်သောကြောင့် ကုနေရခြင်း ဖြစ်သည်။ ခြင်ကိုက်မှာစိုး၍ ခြင်ထောင်တွေ ထောင်ရသည်။ ပူနှာ၊ အေးနှာကလည်း တစ်ခုပြီးတစ်ခု ရှိသည်။ ရောဂါတွေ တစ်ခုပြီးတစ်ခု ပေါ်နေသည်။ ဘာမျှ အေးချမ်းနှစ်သက်တာ မရှိ။ ဒုက္ခတွေသာ ပေါ်နေသည်။ ဒီဒုက္ခတွေကိုသိပြီး ပိုင်းခြားသိမြင်ပြီးမှ နိဗ္ဗာန်ကို ရောက်သည်။ လူမှာ ရောဂါမရှိဘူး ဆိုသော်လည်း အဝတ်မဝတ်ဘဲ မနေနိုင်သော ရောဂါ၊ မစားမသောက်ဘဲ မနေနိုင်သောရောဂါ၊ အိပ်ချင်တဲ့ရောဂါ၊ ဆာလောင်မွတ်သိပ်တဲ့ရောဂါ အမြဲရှိနေသည်။ ထို့ကြောင့် အမြဲတမ်း ကုသနေရသည်။ မည်သူက မည်သူ့ကိုမှ ကယ်တင်ခြင်း မရှိ။ သားလေး မွေးလာလျှင် ထော်လော်ကန့်လန့် ဖြစ်တာတစ်မျိုး၊ ရောဂါတွေစွဲတာတစ်မျိုး၊ သေပွဲဝင်တာတစ်မျိုး၊ အမေမိဘတွေက ဘာမှ မတတ်နိုင်ချေ။ ထို့ကြောင့် ခန္ဓာကိုယ်မှာ ဒုက္ခသာ ရှိသည်။ သုခဟူ၍ မရှိချေ။ အမြဲတမ်း သင်္ခါရဒုက္ခ၊ ဝိပရိမာန ဒုက္ခတွေနှင့် နေကြရသည်။ ဒုက္ခသစ္စာအစစ်ကို မသိသရွေ့ ကာလပတ်လုံး နိရောဓသစ္စာရောက်ဖို့ အလှန်ဝေးသည်။

ထို့ကြောင့် ခန္ဓာကိုယ်ကို ရသည်မှာ ဝဋ်ကောင်ကြီးဖြစ်သည်။ ဒုက္ခမှန်း မသိလျှင် ပျော်နေသည်။ သိတဲ့အခါ ထွက်ပြေးချင်သည်။ မည်သည့်အိမ်မှ ပြည့်စုံသွားသည် မရှိ။ ဆန်ရှိတော့ ဆီလိုသည်။ ဆီရပြန်တော့ အဝတ်အစားလိုသည်။ အဝတ်အစားရပြန်တော့ စိန် ရွှေ လိုသည်။ လိုရင်းလိုရင်းနှင့်ပင် သေသွားသည်။ ပြည့်စုံသည် မရှိချေ။ ဒီဒုက္ခတွေကို ဝိပဿနာဉာဏ်နှင့် ရှုကြည့်မှ ဒုက္ခသစ္စာသိပြီးလျှင် နိရောဓသစ္စာရောက်၍ နိဗ္ဗာန်သို့ ဝင်နိုင်သည်။ သို့မှသာ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ ဖြစ်ပြီးလျှင် ဝဋ်ကျွတ်သွားမည်။

အဓိဆိုသည်မှာ လွန်ကဲသောသီလ၊ သမာဓိရှိမှသာ နိဗ္ဗာန်သို့ ရောက်နိုင်သည်။ ထို့ကြောင့် နိဗ္ဗာန်သို့ မုချရောက်နိုင်ရန် ဖြစ်ပျက်ကို မြင်အောင်ကြည့်ပါ။ ဖြစ်ပျက်

မုန်းအောင် ကြည့်ပါ။ ဖြစ်ပျက်ဆုံးတော့ နိဗ္ဗာန်ရောက်ပါလိမ့်မည်။ အလုပ်နှင့်တက်မှ မြဲသည်။ ဒုက္ခခပ်သိမ်းဖို့ သီလ၊ သမာဓိ၊ ပညာဖြစ်ဖို့ အရေးကြီးသည်။ အဓိသီလ၊ အဓိစိတ္တရောက်မှ အားလုံးစိတ်ချရသည်။ မမြဲတဲ့ ရုပ်နာမ်နှစ်ပါးကို အားမကိုးနှင့် အားမကိုးသင့်၊ ခိုင်မြဲသော နိဗ္ဗာန်ကိုသာ အားကိုးသင့်သည်။ သံသရာခရီးမှာ လူတိုင်း မျောရသည်။ ကုသိုလ်လုပ်ပြန်တော့ နတ်ပြည်သို့ မျောသည်။

အကုသိုလ်လုပ်ပြန်တော့ အပါယ်သို့ မျောသည်။ ထွက်သွားတာ မရှိချေ။ ယခု ကျန်းမာနေသော်လည်း တစ်နေ့ မကျန်းမမာဖြစ်သည်။ ယနေ့ အသက်ရှင်နေသော်လည်း တစ်နေ့ သေကြရမည်။ တဏှာ၊ ဥပါဒါန် အားကိုးလို့ မရချေ။ အနိစ္စတရားသည် အားကိုးခံနိုင်သည့်တရား မဟုတ်ပေ။ မမြဲသော ခန္ဓာကိုယ်ကြီး အားကိုးနေလျှင် မြုပ်လမ်း မျောလမ်း ဖြစ်သည်။ တက်လမ်းမဟုတ်ချေ။ မြုပ်မျောနေသော လူတစ်ယောက်သည် နိဗ္ဗာန်တည်းဟူသော လမ်းကို ရောက်မှ ဒုက္ခတွေ ငြိမ်းမည်။

ကိုယ်လုပ်မှ ကိုယ်စားရလာ၊ ကိုယ်ကျန်းမာဖို့ အရေးကြီးသည်။ လိုက်ရှာမယ် ဆိုတော့ ဒီခန္ဓာငါးပါးကို အားကိုးခြင်းဖြစ်သည်။ ခန္ဓာကိုယ်က မမြဲတော့ နောက်ဆုံး အားကိုးရာမဲ့ ဖြစ်သွားမည်။ ဤကဲ့သို့ အမျောသမားမဖြစ်အောင် တဏှာကို သတ်ရမည်။ ခန္ဓာကိုယ်လည်း အနိစ္စဖြစ်သည်။ သားတွေ သမီးတွေလည်း အားကိုးလို့မရ။ အနိစ္စ ဖြစ်သည်။ ဤကဲ့သို့ တရားမှန်မြင်မှ အဓိဆိုက်ပြီးလျှင် နိဗ္ဗာန်သို့ ရောက်နိုင်သည်။ လူ၏ခန္ဓာ၊ နတ်၏ခန္ဓာ၊ ဗြဟ္မာ၏ခန္ဓာ အားလုံးအနိစ္စ ဖြစ်သည်။ နောက်ဆုံး သေခြင်း တရားမှာ ဆုံးသည်။

ထို့ကြောင့် ခန္ဓာငါးပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားဖြင့် ရှုရမည်။ ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူပြီးသော ဘုရားတွေကို မဖူး၊ နိဗ္ဗာန်သို့ မရောက်ကြသည်မှာ ဒုက္ခ သစ္စာကို မသိမြင်ခြင်းကြောင့် ဖြစ်သည်။ မဂ္ဂင်တရားနှင့် ဝေးနေသောကြောင့် ဖြစ်သည်။ ဒုက္ခတည်းဟူသော သမုဒ္ဒရာကြီးကို ကူးမြောက်စေရန် မဂ္ဂင်သောင်ကမ်းရောက်မည့် မဂ္ဂင်ရှစ်ပါး သင်္ဘောကြီးကို မိမိပိုင်အောင် လုပ်ရမည်။ ရွှေကိုခင်လျှင် ရွှေကြောင့် မြုပ်မည်။ စိန်ကိုခင်လျှင် စိန်ကြောင့် မြုပ်မည်။ ခင်မင်သမျှ လိုချင်သမျှ တဏှာသမုဒယ ဖြစ်သည်။ ၃၁ ဘုံဖြစ်သမျှ ဝဋ်ဒုက္ခဟူသမျှသည် တဏှာသမုဒယတည်း ဟူသော လိုချင်သောစိတ်၊ ခင်မင်သောစိတ်၊ တွယ်တာသောစိတ်၊ ငါ့ပစ္စည်း၊ ငါ့ဟာဟု စွဲလမ်း သောစိတ်ကြောင့် နိဗ္ဗာန်ကိုမရောက်ဘဲ ဝဋ်ဆင်းရဲမှာ အားလုံး လည်နေကြရခြင်းဖြစ် သည်။

## နိဗ္ဗာန်အရသာ

ကျွန်ုပ်သည် ငယ်စဉ်ကစ၍ ဗုဒ္ဓဘာသာဖြစ်သည့်အတိုင်း နိဗ္ဗာန်အကြောင်းကို ထိပ်သီးဆရာတော်ကြီးများသို့ အမြဲလျှောက်ထား မေးမြန်းလေ့ရှိသည်။ အားလုံးကပင် အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းသည့် နေရာမှာ နိဗ္ဗာန်ဖြစ်သည်။ နိဗ္ဗာန်ရောက်မှ အေး

ငြိမ်းသည်ဟု စာအတိုင်း ပြောသည်။ လူတိုင်းလည်း ကြားဖူးသည်။ သို့ရာတွင် နိဗ္ဗာန်၏ အရသာအစစ်ကို ဒုက္ခနှင့်သုခ နှိုင်းယှဉ်ကြည့်မှ ပေါ်လာသည်။

ကျွန်ုပ်သည် ၁၉၃၃ ခုနှစ်တုန်းက မန္တလေးမြို့ ရှေးအခေါ် နော်မန်ကျောင်း၊ ယခုအခေါ် ဆရာအတတ်သင်ကျောင်းသို့ တက်ရောက်သင်ကြားခဲ့ရာ အလွန်ပညာရှိသော ဦးဘအိုအမည်ရှိသော ဆရာကြီးကို ဤနိဗ္ဗာန်အကြောင်း နားလည်အောင် ဟောပြပေးရန် တောင်းပန်ခဲ့သည်။ သူ၏ တရားနာရမှ နိဗ္ဗာန်၏ ချမ်းသာမှုကို နားလည်လာသည်။ ချမ်းသာခြင်းနှင့် ဆင်းရဲခြင်းကို ဆရာကြီးက တစ်ဆင့်ပြီးတစ်ဆင့် နှိုင်းယှဉ်၍ ပြောသည်။ လူတွေ ချမ်းသာတယ်ဆိုတာ ဆင်းရဲခြင်းသာ ဖြစ်ကြောင်းကို အောက်ပါပုံသက်သေနှင့် ပြောသည်။

လူတစ်ယောက်သည် ဆင်းရဲသောကြောင့် ခြေကျင်လမ်းလျှောက်ရသည်။ အမှန်ပင် ဆင်းရဲပါသည်။ ထိုအခါ လမ်းတွင် စက်ဘီးနှင့်လာသော လူတစ်ယောက် တွေ့ရသည်။ စက်ဘီးနှင့်လာသူ၏ စိတ်ထဲတွင် လမ်းလျှောက်သူအား 'ဒီလူသည် ဆင်းရဲလိုက်တာ၊ ငါလို စက်ဘီးမရှိ'ဟု တွေးတောပြီး 'ငါက သူ့ထက်ချမ်းသာသည်'ဟု ယူဆလိုက်သည်။ ဤစက်ဘီးနှင့် လူသည် ရှေ့နားရောက်သောအခါ ကိုယ်ပိုင်ကားနှင့် လာသောသူများကို တွေ့ရပြန်သည်။ ကိုယ်ပိုင်ကားနှင့် လာသူက စက်ဘီးနှင့်လာသူကို 'ဒီလူမှာ ဆင်းရဲလိုက်တာ၊ ငါတို့လို ကားပင်မစီးနိုင်'ဟု ကားစီးရသူက 'သူကိုယ်သူ ချမ်းသာသည်'ဟု ယူဆလိုက်သည်။ တစ်ဖန် လေယာဉ်ပျံနှင့် စီးလာသူက ကားနှင့် သွားနေသူများကို 'ဒီလူတွေ ဆင်းရဲလိုက်တာ၊ ငါတို့လို လေယာဉ်ပျံဖြင့် မိုးပေါ်က မသွားနိုင်'ဟု ယူဆလိုက်သည်။

'သူ့ကိုယ်သူ ချမ်းသာသူ'ဟု တွေးလိုက်သည်။ တစ်ဖန် ဘိုးဘိုးအောင်တို့ကဲ့သို့ ဝိဇ္ဇာဓိုရ်များသည် ဓာတ်လုံးကလေးငုံ၍ မိုးပေါ်က ကြွသွားနိုင်သည်။ ထိုအခါ ဓာတ်လုံးပိုင်ရှင်က 'လေယာဉ်ပျံစီးသူတွေမှာ ဆင်းရဲလိုက်တာ ဓာတ်ဆီထည့်ရသည်။ စက်သံနားငြီးသည်။ ငါတို့လို မချမ်းသာ၊ ဆင်းရဲလိုက်တာ'ဟု လေယာဉ်ပျံရှိသူမှာ သူဆင်းရဲဖြစ်သွားသည်။ ထိုအခါ ဝိဇ္ဇာဓိုရ်မှာ လူချမ်းသာ ဖြစ်လာသည်။ ဈာန်အဘိညာဉ်သော ရသေ့ရဟန်းတို့မှာ မည်သည့်ဓာတ်လုံးကိုမှ ဆောင်စရာမလို၊ အဘိညာဉ်တန်ခိုးဖြင့် သွားလိုရာကို တစ်မိနစ်အတွင်း ရောက်နိုင်သည်။

ထို့ကြောင့် ဓာတ်လုံးပိုင်ရှင် ဝိဇ္ဇာဓိုရ်များ၌ ဒုက္ခဖြစ်သွားသည်။ ဆင်းရဲသွားသည်။ ဈာန်အဘိညာဉ်ရသော ရဟန္တာပုဂ္ဂိုလ်များသည် နိဗ္ဗာန်သို့ ဝင်သွားသောအခါ ရုပ်နာမ်နှစ်ပါး ချုပ်ငြိမ်းသွားသည်။ ရုပ်နာမ်နှစ်ပါး ချုပ်ငြိမ်းသွားလျှင် လိုချင်သောစိတ်၊ သွားချင်သောစိတ်၊ စားချင်သောစိတ် ဘာမျှမရှိတော့။ သွားရန်မလို၊ စားရန်မလို အားလုံးပြီးငြိမ်း၍ အလွန်အေးမြ ငြိမ်သက်သော သန္တိသုခဖြစ်သော ချမ်းသာခြင်း အစစ်ကို ရသည်။ ထို့ကြောင့် လူ့ပြည် နတ်ပြည် ရှိသမျှ ချမ်းသာသည် ဟူသမျှသည် အမှန်စင်စစ် ဒုက္ခအစစ်ဖြစ်၍ နိဗ္ဗာန်ရောက်မှသာလျှင် ရုပ်နာမ်မရှိတော့၍ အေးငြိမ်းသော ချမ်းသာမျိုးသို့ ရောက်သွားသည်။ ဤကား လောကီနည်းအားဖြင့် ပြသော နိဗ္ဗာန်တရား ဖြစ်သည်။

**လမ်းသစ်စာအုပ်တိုက်**

## အခြားတစ်နည်း

ဤကဲ့သို့ သစ္စာအနက် တစ်ဆယ့်ခြောက်ချက်နှင့် အထက်က ဖော်ပြခဲ့သော ဆရာကြီးဦးဘအို ဟောပြောသည့်အတိုင်း လူ့ပြည်ရှိသမျှအားလုံး ဆင်းရဲမှု ဆိုသည်ကို နားမလည်၍ နိဗ္ဗာန်၏အရသာကို မသိသေးသော် ဘရန်ဒီတစ်လုံးနှင့် တစ်ပြည်လုံးကို ရွှင်ပြုံးစေနိုင်သော စာရေးဆရာကြီး ပြည်သူ့အချစ်တော် သော်တာဆွေ၏ ဘိုးအေ ဦးပေါ်ဦး လျှောက်ထုံးမှာ အောက်ပါအတိုင်း ဖြစ်သည်။

တစ်နေ့သောအခါ ဘိုးတော်ဦးဝိုင်းသည် ညီလာခံတွင် အမတ်ကြီးဦးပေါ်ဦးအား "ဟဲ့-ပေါ်ဦး၊ ငါ့ကို နိဗ္ဗာန်တရား၊ နိဗ္ဗာန်အရသာကို လျှောက်ထားပါ"ဟု အမိန့်ပေးသည်။ ထိုအခါ အမတ်ကြီးဦးပေါ်ဦးမှာ ကြံရာမရသဖြင့် အောက်ပါပုံပြင်လေးကို ရှင်ဘုရင်အား လျှောက်ထားသည်။

"ဘုရားမင်းမြတ် ရွှေနားတော်ဆင်တော်မူပါ။ နိဗ္ဗာန်အကြောင်းကို ပုံပြင်လေးနှင့် လျှောက်ထားပါရစေ။ ဟိုရှေးတုန်းက ရွာတစ်ရွာတွင် အပျိုကြီး ညီအစ်မနှစ်ယောက် ရှိပါသည်။ တစ်ချိန်တွင် ညီအစ်မ အငယ်သည် အိမ်ထောင်ပြု၍ လင်ရသွားသည်။ သုံးလေးလ ကြာသောအခါ အပျိုကြီးဖြစ်သော အစ်မက 'ငါ့ညီမ လင်ရတာ ဘယ်လို နေသတုန်း၊ ဘယ်လို အရသာရှိသတုန်း၊ ဘယ်လို ထူးတယ်ဆိုတာ ငါ့ပြောစမ်း'ဟု မေးလိုက်သည်။ ထိုအခါ အိမ်ထောင်သည် ညီမက 'အစ်မရယ် ဘယ်လိုထူးတယ်၊ ဘယ်လိုကောင်းတယ်ဆိုတာ ကျွန်မလည်း မပြောတတ်ဘူး၊ အစ်မကြီး လင်ရမှာ သိပါလိမ့်မည်'ဟု ပြောလိုက်သည်။

ထို့အတူပင် ကျွန်တော်မျိုးပေါ်ဦးလည်း နိဗ္ဗာန်သို့ မရောက်ဖူးပါ။ ဘုရင်မင်းမြတ်သည် နိဗ္ဗာန်သို့ မရောက်ဖူးသေးသဖြင့် နိဗ္ဗာန်ဆိုတာ ဘယ်လိုကောင်းသည်။ ဘယ်လို အရသာရှိသည်ကို မသိနိုင်ပါ။ ဘုရင်မင်းမြတ်ကိုယ်တိုင် နိဗ္ဗာန်ရောက်တော့ သိပါလိမ့်မည်"ဟု လျှောက်ထားလိုက်လေသည်။ ထိုအခါ မင်းပရိသတ်အားလုံးမှာ တပြုံးပြုံးနှင့် ရယ်မောကြလေသည်။

ထိုအခါ ဘုရင်မင်းမြတ်က "ပေါ်ဦး ပြောမှပဲ ရှင်းတော့တယ်"ဟု အမိန့်ရှိပြီး လျှင် ညီလာခံကို ရုပ်သိမ်းလိုက်လေသည်။

အခန်း ၁၄

# နိဗ္ဗာန်ရောက်ကြောင်းအကျင့်

[ ၁၄ ]

## နိဗ္ဗာန်ရောက်ကြောင်းအကျင့်

လူတစ်သိန်းလျှင် တစ်ယောက်သာလျှင် နတ်ပြည်ကို ရောက်သည်။ ကျန်လူအားလုံးမှာ အပါယ်ကို လားရသည်ဟု မိုးကုတ်ဆရာတော်ဘုရား ဟောတော်မူသည်။ မြတ်စွာဘုရားသခင်ကလည်း လက်သည်းထဲမှာရှိသော မြေမှုန့်ကလေးလောက်သာလျှင် အထက်နတ်ပြည်သို့ သတ္တဝါတွေ ရောက်ရသည်။ ကမ္ဘာမြေကြီးလောက် သတ္တဝါတွေမှာ အပါယ်လေးပါးသို့ ဆင်းရသည်ဟု နခသိခဒေသနာတော်တွင် ဟောကြားတော်မူခဲ့သည်။ လူတိုင်းပင် ရုပ်ရှင်ကို သုံးနာရီကြာအောင် ထိုင်၍ ကြည့်ကြသည်။ နတ်ရွာနိဗ္ဗာန်ရောက်သော သီလဘာဝနာများကိုမူ သုံးနာရီကျင့်သူ ရှိမည်မဟုတ်ပေ။ မိုးလင်းအိပ်ရာမှ နိုးသည့်အချိန်ကစ၍ စားမှုသောက်မှု၊ သားရေးသမီးရေး၊ လောကီရေး၊ လောဘမီး၊ မောဟမီးတို့ဖြင့် တစ်နေ့လုံး နေကြရသည်။ ထို့ကြောင့် နိဗ္ဗာန်အသာထား နတ်ပြည်ကိုပင် ရောက်သူနည်းခြင်းမှာ အံ့သြစရာ မဟုတ်ချေ။

နိဗ္ဗာန်ရောက်ရန် အလွန်လွယ်သည်။ အဘယ်ကြောင့်ဆိုသော် မရေမတွက်နိုင်အောင် ကျမ်းဂန်စာအုပ်များ၊ မည်သို့ကျင့်ရမည် စသည်ဖြင့် အဝေးစိတ် ညွှန်ကြားထားသည်။ သတိပဋ္ဌာန်ဒေသနာတော်တွင် အားလုံး အစုံဖော်ပြထားသည်။ မြတ်စွာဘုရားကလည်း သတိပဋ္ဌာန်လေးပါးကို အားထုတ်လျှင် အမြန်ဆုံးခုနစ်ရက်၊ ခုနစ်လ၊ သို့မဟုတ် ခုနစ်နှစ်နှင့် မဂ်ဖိုလ် ရောက်နိုင်သည်ဟု အသေအချာ ဟောထားခဲ့သည်။ တရားအားထုတ်ရာ၌ မြတ်စွာဘုရားကို ယုံကြည်သော သဒ္ဓါတရားသည် အရေးအကြီးဆုံး ဖြစ်သည်။ နောက်ပိုင်း၌ ဖော်ပြမည်။

စွန်းလွန်း ဆရာတော်ဘုရားကြီး ကိုယ်တိုင်ကပင်လျှင် "လောကီနှင့် လောကုတ္တရာ မည်သူက ခက်သလဲ"ဟု မေးရာတွင် "လောကီက ခက်သည်"ဟု ဖြေကြားတော်မူခဲ့သည်။ အဘယ်ကြောင့်ဆိုသော် လောကုတ္တရာ၌ နိဗ္ဗာန်ရောက်အောင် ကျင့်ဖို့ သတိပဋ္ဌာန်လေးပါး၊ ကမ္မဋ္ဌာန်းလေးဆယ်၊ ဘုရားက သေချာထင်ရှားစွာ ပြထားခဲ့သည်။ လောကီ

အားဖြင့် သူဌေးဖြစ်ဖို့ ဝိဇ္ဇာတွေဖြစ်ဖို့ မည်သည့် စာအုပ်မှမရှိ၊ အားလုံး ဝိဇ္ဇာတွေဖြစ်ချင်ကြသည်။ သို့ရာတွင် သတိပဋ္ဌာန်လို ညွှန်ကြားထားသော ကျမ်းဂန်စာအုပ်မရှိ။ ထို့ကြောင့် မည်သူမှလည်း ပေါက်ရောက်ခြင်း မရှိချေ။

တရားအားထုတ်ရာ၌ နံပါတ်(၁) အရေးအကြီးဆုံးမှာ ရုပ်နှင့်နာမ် နှစ်ခုသာရှိသည်။ ငါမရှိ၊ ငါမဟုတ်၊ ငါမပိုင်၊ ထိတာကရုပ်၊ ထိတာကို သိတာက နာမ်ဖြစ်သည်။ ဤကဲ့သို့ ရုပ်နှင့်နာမ်သည် အတွဲလိုက် ရှိနေသည်။ ဤရုပ်နာမ်နှစ်ပါးကို နားလည်ထားပြီးနောက် အာနာပါန၊ ထွက်သက်ဝင်သက် ကမ္မဋ္ဌာန်းကို ရှုမှတ်သွားလျှင် နိဗ္ဗာန်သို့ အမြန်ဆုံး ရောက်နိုင်သည်။ စွန်းလွန်းဆရာတော်ကြီးမှာ ပိဋကတ်သုံးပုံ တတ်သည်မဟုတ်။ အလုပ်ဖြင့် အလုပ်လုပ်ရင်း၊ အားထုတ်ရင်း အနာဂါမ်အထိ ရောက်ပြီးနောက် ရဟန်းပြုပြီးမှသာ ရဟန္တာ ဖြစ်တော်မူသည်။

ဝိပဿနာဉာဏ်စဉ်အားဖြင့် ၁၀ မျိုး၊ ၁၆ မျိုးဟူ၍ နှစ်မျိုးရှိသည်။ အလွန်ကျယ်ဝန်းလှသည်။ အလွန်ပညာကြီးသော ရှင်သာရိပုတ္တရာတို့ကဲ့သို့ပင် ပညာရှိများ ကျက်စားရန် ဖြစ်သည်။ သာမန်လူတို့အဖို့မှာမူ အာနပါနကမ္မဋ္ဌာန်းကို အားထုတ်လျှင် မဂ်ဖိုလ်ရောက်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် ဂင်္ဂါဝါဠုသဲစုမက ပွင့်တော်မူသော ဘုရားရှင်အားလုံးတို့သည် အာနပါနကမ္မဋ္ဌာန်းဖြင့် ဘုရားဖြစ်တော်မူကြသည်။ ထို့ကြောင့် မိမိတို့ ကိုးကွယ်သော ဘုရားတွေအားလုံးကဲ့သို့ အာနာပါနကို အားထုတ်လျှင် ပို၍ကောင်းလိမ့်မည်။ သတိပဋ္ဌာန်လေးပါး၊ ကမ္မဋ္ဌာန်း ၄၀ ကို ဘုရားသခင် ဟောတော်မူခဲ့သည်မှာ သတ္တဝါတို့၏စရိုက်ကို ကြည့်၍ သူ ယခင်က အထုံပါခဲ့သည်ကို ရည်စူး၍ ဟောထားခြင်း ဖြစ်သည်။ ဥပမာ–ဝါတွင်းလေးလပတ်လုံး စာတစ်ကြောင်းမှ မရဘဲ အလွန်ဉာဏ်ထိုင်းလှသော စူဠပန်မထေရ်မှာ အဝတ်ဖြူကလေးကို တစ်ညတာဝတ်ရုံမှုနှင့် ယင်းအဝတ်ဖြူကလေး ညိုမည်းအရောင်အဆင်း ပျက်သွားသည်ကို တွေ့မြင်၍ ခန္ဓာကိုယ်ထဲကို အနိစ္စသဘောဖြင့်ရှုရာ တစ်ညတည်းနှင့်ပင် အဘိညာဉ်ရ၍ ရဟန္တာ ဖြစ်တော်မူသည်။

ပဋာစာရီဘိက္ခုနီမသည် ဆွမ်းဆန်ခံပြန်လာသောအခါ ကျောက်ပြားပေါ်တွင် ခြေဆေးသည်။ ဆေးသောရေများသည် သဲထဲသို့ဝင်၍ ပျောက်ကွယ်သွားသည်။ အမြဲမရှိ အနိစ္စသဘောတရားကို ခန္ဓာကိုယ်၌ သုံးသပ်ရာ ခြေဆေးပြီးလျှင်ပင် ရဟန္တာမ ဖြစ်တော်မူသည်။ ဘိက္ခုနီမ တစ်ယောက်သည် ဟင်းရွက်ကြော်ရာ ဟင်းရွက်တွေ ညှိုးနွမ်း၍ လိမ်ကောက်သွားသည်ကို မမြဲသော အနိစ္စသဘော မြင်ပြီးလျှင် ခန္ဓာကိုယ်ကိုရှုရာ ဟင်းရွက်ကြော်ရင်းပင် ရဟန္တာမ ဖြစ်သွားသည်။ ဤမျှလောက် လွယ်ပါသည်။

ဓမ္မာသောကမင်းကြီး၏ မိဖုရားဖြစ်သော အသန္ဓိမိတ္တ မိဖုရားကြီးမှာ မောင်းမငါးရာဖြင့် ရေကန်သို့သွား၍ ရေချိုးသွားရာတွင် ကရဝိက်ငှက်အသံကို ကြားရသည်။ ကရဝိက်ငှက်သံမှာ အလွန်သာယာလှသဖြင့် ကရဝိက်ငှက်ပင်လျှင် ဤမျှလောက် သာယာနာပျော်ဖွယ် ကောင်းပါက မြတ်စွာဘုရားသခင်၏ အသံတော်မှာ မည်မျှလောက် သာယာ၍

အလွန်ကောင်းပါမည်နည်းဟု အလွန် ပြင်းထန်သော၊ ကြည်ညိုသော စိတ်ကြောင့် သောတာပန် ဖြစ်သွားသည်။ အလွန်လွယ်ပါသည်။ ထို့ထက် အထူးခြားဆုံးမှာ မြတ်စွာဘုရားသခင် ဘုရားဖြစ်တော်မူသောနေ့ နံနက် ၄ နာရီအချိန်တွင် ကိုယ်ဝန်ဆောင်ဖြစ်သော ကာဠီအမည်ရှိသော အမျိုးသမီးသည် ပူအိုက်လှသဖြင့် အိမ်အထက်ထပ်၌ တံခါးပေါက်ကိုဖွင့်၍ လေညင်းခံနေသည်။

ထိုအခါတွင် သာတာဂိရိနတ်နှင့် ဟေမဝတ္တ နတ်နှစ်ပါးတို့သည် ကောင်းကင်၌ တွေ့ဆုံကြရာ ဘုရားသခင်၏ဂုဏ်တော်များကို တစ်ယောက်က မေးသည်။ တစ်ယောက်က ဖြေသည်။ သူမ၏ ရှေးကံကြောင့် နတ်နှစ်ပါးတို့ မေးဖြေနေခြင်းကို အစမှအဆုံး ကြားရသည်။ ထိုအခါ သူမစိတ်တွင် ဘုရားကို အလွန်ပြင်းထန်စွာ ကြည်ညိုလာသဖြင့် သဒ္ဓါတရား အလွန် ကောင်းသောကြောင့် ထိုနေရာ၌ပင် သောတာပန် ဖြစ်ခဲ့သည်။ ဘုရားသာသနာတွင် ဘုရားပွင့်တော်မူသောနေ့၌ သောတာပန်ဖြစ်သည်မှာ သူသည် ပထမဦးဆုံး ဖြစ်သည်။ တော်ဂ ရသည်။ အလွန် လွယ်ပါသည်။ ထို့ကြောင့် အလွယ်ဆုံး တရား အားထုတ်နည်းမှာ အောက်ပါ ဂါထာကို ကြည့်ပါ။ အာနာပါနကို အားထုတ်ပါ။

သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ ယဒါ ပညာယ ပဿတိ။

အထ နိဗ္ဗိန္ဒတိ၊ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခါရာ၊ ရုပ်နာမ်နှစ်ပါး သင်္ခါရတရားတို့သည် အနိစ္စာ၊ အမြဲမရှိ။ ယဒါ၊ ထိုသို့ မမြဲဟူသော တရားကို။ ပညာယ၊ ဝိပဿနာပညာဖြင့်။ ပဿတိ၊ ရှုမြင်အပ်၏။ အထ၊ ထိုသို့ရှုမြင်သောအခါ၌။ ဒုက္ခေ၊ ဆင်းရဲခြင်းတရား၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ဧသောမဂ္ဂေါ၊ ဤသို့ကျင့်သော တရားလမ်းကြောင်းသည်ပင်လျှင်။ ဝိသုဒ္ဓိယာ၊ ကိလေသာစင်ကြယ်၍ နိဗ္ဗာန်ရောက်ကြောင်းပင် ဖြစ်၏။

မိုးကုတ်ဆရာတော်ဘုရားကြီး၏ တရားတော်တွင် သုသိမမည်သော ရဟန်းအား မြတ်စွာဘုရားက ရုပ်နာမ်နှစ်ပါး ဖြစ်ပျက်တာကို သိရမည်။ ရုပ်နာမ်နှစ်ပါး ဖြစ်ပျက်ရာမှ ချုပ်သွားသည်ကို သိရမည်။ ဤနှစ်ဉာဏ်တည်းနှင့် နိဗ္ဗာန်ရောက်သည်ဟု ဟောတော်မူသည့်အတိုင်း သုသိမရဟန်းသည် ရဟန္တာအဖြစ်သို့ ရောက်တော်မူသည်။ အလွန် လွယ်ပါသည်။ အဟုတ်လိုချင် အဟုတ်လုပ်။ အဟုတ်ရနိုင်သည်။

ဤကဲ့သို့ တရားအားထုတ်ရာ၌ မိမိသည် သောတပတ္တိမဂ်၊ သောတာပန် ဖြစ်သည် မဖြစ်သည်ကို များစွာသော ကျမ်းဂန်များမှာ အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်။

## အရိယာမဂ် ဆိုက်ပုံ

တရားအားထုတ်သော ယောဂီသည် ဝိပဿနာဉာဏ်ကို ပွားများရာမှ နောက်ဆုံးဖြစ်သော သင်္ခါရုပေက္ခာဉာဏ် ဂေါတြဘူဉာဏ်ကို ရောက်သောအခါ နိဗ္ဗာန်ကို မြင်ရသည်။ နိဗ္ဗာန်ကို ဆိုက်သည်။ ထိုသို့ အရိယာမဂ်သို့ ရောက်သောအချိန်တွင်

ဝိပဿနာဉာဏ်ဖြစ်သော အာရုံသင်္ခါရတို့မှ လွတ်ငြိမ်း၍ မဂ်စိတ်ဖြင့် နိဗ္ဗာန်ကို မြင်ရခြင်းသည် ပထမ သောတာပတ္တိမဂ်သို့ ရောက်၏။

ဤသို့ မဂ်ကို ဆိုက်ရောက်ရာ၌ မုစ္စန၊ သစ္ဆိကိရိယ၊ ပဿဒ္ဓိ ဟူသော အကြောင်းသုံးပါးဖြင့် ဆိုက်ရောက်၏–

၁။ ဝိပဿနာဉာဏ်မှ လွတ်ခြင်းသည် မုစ္စန မည်၏။

၂။ နိဗ္ဗာန်ကို မြင်လိုက်ရခြင်းသည် သစ္ဆကိရိယ မည်၏။

၃။ ဖိုလ်စိတ်တို့၏ ငြိမ်းချမ်းခြင်းသည် ပဿဒ္ဓိ မည်၏။

၁။ အကျယ်အားဖြင့် ဝိပဿနာဉာဏ်မှ လွတ်လိုက်ခြင်းသည် မုစ္စန ဆိုရာ၌–

လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော်က ထင်ရှားကျော်စောခဲ့သော အဘိဓမ္မာကျမ်းပြုဆရာကြီးဖြစ်သော ရဟန္တာအသျှင်အဿဃောသမဟာထေရ်က ဤသို့ညွှန်ကြားခဲ့၏။

ရှုဆဲဖြစ်သော ဝိပဿနာဉာဏ်မှ လွတ်သောအခါ “ဘေးရန်အန္တရာယ်ကြီးမှ ကင်းလွတ်သွားဘိသကဲ့သို့လည်းကောင်း၊ အချုပ်အနှောင်မှ လွတ်မြောက်သွားဘိသကဲ့သို့လည်းကောင်း၊ လှေမပါဘဲ မဟာသမုဒ္ဒရာကို ကူးမြောက်သွားဘိသကဲ့သို့လည်းကောင်း၊ ကြောက်မက်ဖွယ် အမှောင်တိုက်ကြီးထဲမှ ထွက်ပြီး အလင်းရောင်ထဲသို့ ရောက်လာသူကဲ့သို့လည်းကောင်း၊ ကပ်ဆိုးအခါဆိုးမှ ကျော်လွန်ပြီး ခေတ်ကောင်း၊ အခါကောင်းသို့ ရောက်ရှိလာသူကဲ့သို့လည်းကောင်း” ဒုက္ခခပ်သိမ်း ကင်းငြိမ်းသွားခြင်း ဖြစ်သည်။

မြင်းခြံမြို့ စွန်းလွန်းဆရာတော်ဘုရားကမူ လက်ကို အနည်းငယ်နာအောင် ဆိတ်ထားပြီးလျှင် ဖြုန်းခနဲ လွတ်လိုက်သည်။ ယင်းနောက် “နာသေးသလား”ဟု မေးတော်မူသည်။ “မနာတော့ပါဘုရား”ဟု လျှောက်ထားသောအခါ “အဲဒါ နိဗ္ဗာန်ပဲ”ဟု အမိန့်တော်ရှိသည်။ နာခြင်းဒုက္ခမှ လွတ်သွားသည်။

## ပြည်လမ်း လယ်တီဝိပဿနာဆရာတော်က အမိန့်ရှိပုံမှာ

မဂ်သို့ကူးခါနီးတွင် အလွန်ပင် မခံမရပ်နိုင်အောင် ပြင်းထန်သော ဒုက္ခကြီးကို ခံစားရသည်။ သာမည ညောင်းညာကိုက်ခဲသော ဒုက္ခမျိုးမဟုတ်။ ကျောရိုးထဲသို့ အလွန်ပူသော မီးဖုတ်ထားသည့် သံချောင်းကြီးကို ထိုးလိုက်ဘိသကဲ့သို့ မခံမရပ်နိုင်လောက်အောင် နာကျင်မှု ဒုက္ခသစ္စာကြီးကို သိပြီးလျှင် မဂ်သို့ ဆိုက်ရောက်အခါ ယင်းဒုက္ခကြီးလုံးဝပျောက်သွားပြီးလျှင် အလွန်ချမ်းသာခြင်း တွေ့ရှိရသည်။ ဒုက္ခမှ လွတ်သွားသည်။

တစ်ဖန် မဂ်သို့ကူးသောအခါ သဲကမ်းပါးပေါ်၌ ရပ်နေလျှင် ရုတ်တရက် သဲတွေပြိုကျသွားပြီး ရင်ထဲ၌ အေးခနဲ ဖြစ်သွားပြီးလျှင် အောက်မြေပေါ်သို့ ရောက်သွားဘိသကဲ့သို့ လွတ်သွားခြင်းကို ဆိုသည်။

## သာသနာ့ရိပ်သာ မဟာစည်ဆရာတော် အမိန့်ရှိပုံမှာ–

ဝိပဿနာရှုနေသော ယောဂီသည် ရုပ်,နာမ် နှစ်ပါး ဖြစ်ပျက်မှုကို ရှုနေရာမှ သင်္ခါရုပေက္ခာဉာဏ်သို့ ရောက်ပြီးလျှင် လူတစ်ယောက်သည် နွယ်ကြိုးကိုဆွဲ၍ ခြေလှမ်း ၁၀ လှမ်းခန့် ပြေးပြီးလျှင် ချောင်းကလေးတစ်ဖက်ကမ်းသို့ ခုန်လွှားလိုက်ဘိသကဲ့သို့ ဤမှာဘက်ကမ်းမှ ဟိုမှာဘက်ကမ်းသို့ ရောက်သွားသည်။ ထိုအခါ ရင်ထဲ၌ အေးခနဲ ဖြစ်သွား၍ ဟိုဘက်ကမ်းသို့ ရောက်သောအခါ နွယ်ကြိုးကို လွှတ်လိုက်သည်။ လွှတ်ပြီးသည့်နောက်တွင် အေးပြီ၊ ငြိမ်းပြီဟု စိတ်ထဲတွင် ချမ်းသာသွားသည်။ ဒုက္ခခပ်သိမ်း ကင်းငြိမ်းသွားသည်ဟု အမိန့်တော် ရှိဖူးသည်။

၂။ နိဗ္ဗာန်ကို မြင်လိုက်ရခြင်းသည် သစ္စိကိရိယ မည်၏ဟု ဆိုရာ၌–

မြင်းခြံမြို့ စွန်းလွန်းဆရာတော်ဘုရားကြီးက အမိန့်ရှိပုံမှာ–

ဂေါတြဘူရောက်လျှင် နိဗ္ဗာန်တည်းဟူသော အလင်းရောင်ကြီးကို မြင်ရသည်ဟု အမိန့်တော်ရှိသည်။ အဓိပ္ပာယ်မှာ–

နိဗ္ဗာန်သည် ရှိသည်။ ဘာမှ မရှိမဟုတ်၊ အလွန်လင်းသော အလင်းရောင်ကြီး ဖြစ်သည်။ ယင်းကို မဂ်သို့ဆိုက်သောအခါ မြင်ရသည်။ အမှောင်ထဲမှ အလင်းထဲရောက်သွားသည်။ မြင်ရသည်ဟု ဆိုရာ၌ မဂ်ဉာဏ်ဖြင့် မြင်ရခြင်း ဖြစ်သည်။

အရဟံပုတီးစိပ်၍ ဘင်္ဂဉာဏ်၊ ဘယဉာဏ်မှ မဂ်ဉာဏ်ကို ကူးပြောင်းသွားသော မန္တလေးမြို့ ရေဝတီကိုယ်စားလှယ် ဦးဘဂျမ်း၏အဆိုမှာ သူသည် မဂ်ဉာဏ်ကိုရောက်သောအခါ ယခင်က ရှိသည်ဟု ထင်ခဲ့သော လူ, နတ်, ရုပ်နာမ် ယောကျ်ား မိန်းမ စသည်တို့မရှိဘဲ မတွေ့ဘဲ မရှိဘူးဟု ထင်သော နိဗ္ဗာန်ကြီးရှိနေကြောင်း အလွန်ထင်လင်းသော အလင်းရောင်ကြီးကို တွေ့ရှိရသည်ဟု ဆိုသည်။

> မုံရွာခရိုင် ကန္နီမြို့ ရွှေသိမ်တောရ ဆရာတော်ဘုရားကြီးသည် ရဟန္တာဟု ထင်ပေါ်ကျော်စေသည်။ ထိုအတူပင် စစ်ကိုင်းတောင်ရိုးအရှေ့ ပရက္ကမ ဆရာတော်သည် လူတွေ့မခံဘဲ တရားအားထုတ်တော်မူသည်။ ယခုတိုင် မတွေ့ရ။ ရဟန္တာဟု ကျော်စောတော်မူသည်။

အထက်ဖော်ပြပါ ပုဂ္ဂိုလ်ထူးများ၏ ကိုယ်တွေ့အဆိုမှာ–

> "ထိုသောတပတ္တိမဂ် ပုဂ္ဂိုလ်သည် နိဗ္ဗာန်ကို မြင်လိုက်သောအခါ၌ ဉာဏ်တော်သော သူတို့အား မိုးအောင်ကင်ပြည့်မျှ အလွန် ကြည်လင်သန့်ရှင်း စင်ကြယ်သော တစ်ခဲနက်တောက်ပသော အလင်းရောင်ကြီးကို မြင်လိုက်ရသည်။ "ဉာဏ်နုံသောသူတို့အား မွန်းတည့်သည့်အခါ ထွန်းလင်းသော နေမင်းကြီးကို ဦးခေါင်းဖြင့် တိုက်လိုက်ရဘိသကဲ့သို့လည်းကောင်း၊ အလွန် သန့်ရှင်းစင်ကြယ်သော အလင်းရောင်ကြီးကို မြင်လိုက်ရသည်။ ယင်းသည် နိဗ္ဗာန် ဖြစ်သည်။

ယင်းနိဗ္ဗာန်ကဲ့သို့သော အလင်းရောင်မျိုးမှတစ်ပါး အောက်ပါ အလင်းရောင်တို့သည် နိဗ္ဗာန် မဟုတ်သေး။ သတိပြုရမည်။

၁။ အာလောက သညာကို မြင်ခြင်း၊

၂။ ပညီနွေ ပွင့်ခြင်းကို မြင်ခြင်း၊

၃။ ပဋိဘာဂ နိမိတ်ကို မြင်ခြင်း၊

၄။ ဩဘာသကို မြင်ခြင်း၊

၅။ ဗလဝ ဆိုက်သည်ကို မြင်ခြင်း

အားဖြင့် ငါးပါးအပြားရှိ၏။ ထိုတွင်–

၁။ မိမိ၏ တစ်ဆယ့်နှစ်တောင်ထွာ ဟတ္ထပါသ်အတွင်း၌ ပဋိဘာဂ နိမိတ်၏ သတ္တိကြောင့် ကြည့်တိုင်း မြင်ခြင်းသည် "အာသောကသညာကို မြင်ခြင်း" မည်၏။

၂။ အကြင်ယောဂီ၏ သမာဓိသည် လွန်စွာငြိမ်သက်သည်ဖြစ်၍ ညဥ့်အခါ ပိုးစုန်းကြူးတောက်သကဲ့သို့ လည်းကောင်း၊ ပိုးပြိတ္တာ ကွန့်မြူးသကဲ့သို့ လည်းကောင်း၊ မီးပွားကိုချသကဲ့သို့လည်းကောင်း စသည်ဖြင့် ပွင့်၍ မြင်ခြင်းသည် "ပညီနွေ ပွင့်သည်ကို မြင်ခြင်း"မည်၏။

၃။ အကြင်ယောဂီသမာဓိသည် ငြိမ်သက်လှ၍ ဥဂ္ဂဟနိမိတ်ကို ဖောက်ထွင်း လွှမ်းမိုးပြီး ဖန်တုံး၊ မှန်တုံး၊ စိန်တုံး၊ မီးခဲ၊ ရွှဲ ပတ္တမြား၊ မြသား၊ ပုလဲသွယ် စသည်တို့ကဲ့သို့ မြင်ခြင်းသည် "ပဋိဘာဂ နိမိတ်ကို မြင်ခြင်း"မည်၏။

၄။ အကြင်ယောဂီသည် သမာဓိရင့်လှသည်ဖြစ်၍ ကမ္မဋ္ဌာန်းကို နှလုံးသွင်းစဉ် အတွင်း၌ သတ္တပါတ်ကိုလွန်၍ တစ်တိုင် နှစ်တိုင်၊ တစ်သောင်း နှစ်သောင်း စသည်တို့ဖြင့် ဖောက်ထွင်း၍ မြင်ခြင်းသည် "ဩဘာသကို မြင်ခြင်း" မည်၏။

၅။ အကြင်ယောဂီသည် ဝိပဿနာအတွင်း၌လည်းကောင်း၊ အနီး၌လည်းကောင်း၊ အဝေး၌လည်းကောင်း၊ မီးတောက်မီးလျှံ အခိုးတိမ်တောင် နဂါးပတ် လျှပ်စစ် နွယ်ရောင် စသည်တို့ မြင်ခြင်းသည် "ဗလဝ ဆိုက်သည်ကို မြင်ခြင်း" မည်၏။

နိဗ္ဗာန်သည် ဘာမျှမရှိဟုဆိုလျှင် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်သွားမည်။

၃။ ဖိုလ်စိတ်တို့၏ ငြိမ်းချမ်းခြင်းသည် ပဿဒ္ဓိမည်၏ဟု ဆိုရာ၌–
ပဿဒ္ဓိသည် ငြိမ်းခြင်း အေးခြင်းကို ဆိုသည်။

## ရေအိုးတစ်ထောင်

ထိုသို့ ဝဋ္ဋဒုက္ခအပေါင်းကို ကောင်းစွာပယ်လျက် ကောင်းစွာငြိမ်းစေလျက် ဖြစ်သောအခါ အေးမြလှစွာသော "ရေအိုးတစ်ထောင်"ကိုမ၍ မိမိ၏ထိပ်ထက်၌ သွန်းလောင်းလိုက်ဘိသကဲ့သို့ နိဗ္ဗာန်အာရုံ မြင်သောအခါ ဖြစ်တော်မူရာပေ၏။

**လမ်းသစ်စာအုပ်တိုက်**

ဝိပဿနာ သမ္မာဒိဋ္ဌိစ တေဘူမက သင်္ခါရေ အနိစ္စာဒိဝသေန ပရိဝိဋ္ဌိသတိ၊ မဂ္ဂသမ္မာဒိဋ္ဌိ ပန ပရိဝိဋ္ဌသန ပရိယောသာနေတုမိလဒ္ဓိ ဝဋ္ဋသမုဋ္ဌာ တယမာနာ ဝုပသမယမာနာ သီတုဒက။ ဃဋ္ဋသဟဿ၊ မတ္တ ကေ အာသိဥ္စမာနာ ဝိယ ဥပ္ပဇ္ဇတိ။ (မဟာစတ္တာရိသကသုတ်၊ ဥပရိပဏ္ဏာသ အဋ္ဌကထာ)။

ဝိပဿနာ သမ္မာဒိဋ္ဌိစ၊ 'ဝိပဿနာ သမ္မာဒိဋ္ဌိသည်ကား တေဘူမက သင်္ခါရေ၊ တေဘူမက သင်္ခါဟု ဆိုအပ်သော ရုပ်,နာမ်တရားတို့ကို။ အနိစ္စဒိဝသေန၊ အနိစ္စ အစရှိသည်တို့၏ အစွမ်းအားဖြင့်။ ပရိဝိဋ္ဌသတိ 'တဏှာ မာန ဒိဋ္ဌိ မဖြစ်အောင် ဖျက်ဆီး၏။ မဂ္ဂ သမ္မာဒိဋ္ဌိ ပန၊ မဂ္ဂ သမ္မာဒိဋ္ဌိသည်လည်း။ ပရိဝိဗ္ဗသန ပရိယောသာနေ၊ 'ဝိပဿနာ သမ္မာဒိဋ္ဌိ ဖျက်ဆီးသောအဆုံး၌၊ ဘုမ္မိလဒ္ဓံ၊ ဘုမ္မိလဒ္ဓ၏ အစွမ်းအားဖြင့် ရအပ်သော။ ဝဋ္ဋ၊ တေဘူမက ဝဋ္ဋတရားကို သမုဋ္ဌတယမာန၊ ကောင်းစွာပယ်လျက်။ ဝုပ သမယမာနာ၊ 'ငြိမ်းစေလျက်' သီတုဒက၊ ဃဋ္ဋသဟဿ၊ 'ဧမြလှစွာသော ရေအိုး တစ်ထောင်ကို'။ မတ္တကေ၊ ထိပ်ထက်၌။ တာသိဥ္စမာနဝိယ သွန်းလောင်းလိုက်ဘိသကဲ့ သို့။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

အကြင်ယောဂီသည်၊ အိုအပ်ပြီးသော မဂ်ဂုဏ်ခြောက်ပါးကိုဆောင်လျက်။ ဆိုခဲ့ ပြီးသောအတိုင်း အလွန် စင်ကြယ် သန့်ရှင်းသော တစ်ခဲနက် တောက်ပသော အရောင် အလင်းကြီးကို မြင်လိုက်ရ၏။ ထိုသို့ မြင်လိုက်ရသည်ရှိသော် မဂ်ဖိုလ်တို့၏ အာရုံဖြစ် သော နိရောဓသစ္စာဟု ဆိုအပ်သော နိဗ္ဗာန်တော်ကြီးကို မဂ္ဂသစ္စာ စတုတ္ထဖြင့် ဧကန် မျက်မှောက်ပြုသော ခြောက်ခုမြောက်သော မြင်ခြင်းမည်၏။ ထိုသို့ နိဗ္ဗာန်ကိုမြင်ခြင်း မှန်ပါလျှင် တစ်ဖန် ဥဒယဝယဉာဏ်ကို အစပြု၍ နိဗ္ဗာန်သည် ငြိမ်သက်၏ မွန်မြတ်၏ဟု နိဗ္ဗာန်သို့ စိတ်ကို ညွှတ်ကိုင်းစေလျက် ဖလသမာပတ်ဖြင့် သုံးသပ်ပါမူ၊ ဝသီတော်နိုင် လောက်လျှင် သုံးသပ်တိုင်း သုံးသပ်တိုင်း ထိုနိဗ္ဗာန်၏ အာရုံတော်ကြီးကို မဂ်၌ကဲ့သို့ မြင်လာရတတ်၏။ ဝသီတော်နိုင်လောက်လျက်နှင့် နိဗ္ဗာန်ကို မမြင်ရပါမူ မဂ်ဟူ၍ မဆိုအပ် (သတိရှိကြစေ)။ ထို့ကြောင့် "မဂ်ကိုလို၊ ဖိုလ်နှင့်မေး"ဟူသတတ်။ ထိုသို့ မဂ်စိတ်ခဏ၌ ဆိုခဲ့ပြီးသောအတိုင်း အလွန် စင်ကြယ်သန့်ရှင်းသော တစ်ခဲနက်တောက်ပ သော အရောင်အလင်းတန်းကြီးကို မြင်လိုက်ရ၏ဟူရာ၌ အာရုံကိုဆောင်၍ ထင်ရှားစွာ ပြပါဦးဟူမူ။

ဝိညာဏံ အနိဒဿနံ၊ အနန္တံ သဗ္ဗတောပဘံ။

(မူလပဏ္ဏာသပါဠိတော်)

သဗ္ဗတော ပဘန္တိ သဗ္ဗသော ပညာသမ္ပန္နံ၊ နိဗ္ဗာနတောဟိအညော
ဓမ္မောသုပ္ပဘာဝန္တတရောဝါသု၊ ဇောတိဝန္တတရောဝါ ပရိသုဒ္ဓ
တရောဝါ ပဏ္ဍရ တရောဝါနတ္ထိ။

(မူလပဏ္ဏာသအဋ္ဌကထာ)

**လမ်းသစ်စာအုပ်တိုက်**

တံ၊ ထိုနိဗ္ဗာန်ကို။ ဝိညာဏံ၊ မနောဝိညာဏ်ဖြင့် သိအပ်၏။ (ဝိညာနန္တိ ဝိဇာနတဗ်၊ ယင်းအဋ္ဌကထာ)။ ။အနံဒဿနံ၊ စက္ခုဝိညာဏ်၏ မကပ်မရောက်နိုင်ခြင်းကြောင့် စက္ခုဝိညာဏ်ဖြင့် မမြင်အပ်။ ။(အနိ ဒဿနန္တိ စက္ခုဝိညာဏဿ အနုပဂမနတော အနိဒဿနံ နာမ။ ။(ယင်းအဋ္ဌကထာ)။ အနန္တံ၊ ဘင်ဟူသော အစွန်းမရှိ။ ။(အနန္တန္တိ တယိဒံ သပ္ပါဒဝယအန္တရ ရ၊ ဟိတတ္တာ အနန္တံနာမ။ ယင်းအဋ္ဌကထာ)။ ။(သဗ္ဗတောပတံ၊ အချင်းခပ်သိမ်း အရောင်အဆင်း ထွန်းလင်းတောက်ပခြင်းနှင့် ပြည့်စုံ၏။ (ပါဠိတော် အနက်)။

သဗ္ဗတော ပဘန္တိ၊ သဗ္ဗတော ပဘံဟူသည်ကား။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ ပဘာသမ္ပန္နံ၊ အရောင်အဆင်း ထွန်းလင်းတောက်ပခြင်းနှင့် ပြည့်စုံ၏။ ဟိတဒေဝသစ္စံ၊ နိဗ္ဗာန်သည် အချင်းခပ်သိမ်း အရောင်အဆင်း ထွန်းလင်းတောက်ပခြင်းနှင့် ပြည့်စုံ၏ဟု ငါဆိုသော စကားသည်သာလျှင် ကေန်မလွဲ အမြဲမှန်၏။ နိဗ္ဗာနတော၊ အသခ်တဓာတ် မြတ်သော နိဗ္ဗာန်အာရုံထက်။ သုပ္ပဘာဝန္တ ရောဝါ၊ အလွန် အရောင်အဆင်းရှိသည်လည်း ဖြစ်သော။ သုဇောတိဝန္တတရောဝါ၊ အလွန် ထွန်းလင်းတောက်ပခြင်း ရှိသည်လည်း ဖြစ်သော၊ ပရိသုဒ္ဓတရောဝါ၊ ထက်ဝန်းကျင်မှ စင်ကြယ်သန့်ရှင်းသည်လည်း ဖြစ်သော၊ ပဏ္ဍရတရောဝါ၊ ဖြူစင်သန့်ရှင်းသည်လည်း ဖြစ်သော။ အညော၊ တစ်ပါးသော။ ဓမ္မော၊ တရားမည်သည်။ နိတ္ထိ၊ မရှိ။

(မူလပဏ္ဏာသ)။

န စ သက္ကာ နိဗ္ဗာနံ ဥပဒဿိတုံ ဝဏ္ဏေနဝါ သဏ္ဌာနေနဝါ။ ။

နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ဝဏ္ဏနဝါ၊ အဆင်းအားဖြင့်လည်းကောင်း။ သဏ္ဌာနေနဝါ၊ သဏ္ဌာန်အားဖြင့်လည်းကောင်း။ သပဒဿိတုံ၊ ကပ်၍ရှုမြင်ခြင်းငှာ။ န စ သက္ကာ၊ မတတ်ကောင်း။

ဤသို့ အရှင်နာဂသိန်မထေရ် အရှင်မြတ်သည် ဟောတော်မူသော စကား၌ အဆင်းဟူသော ပရမတ်ဝဏ္ဏရုပ် အစစ်ကို ရည်၍ ဟောတော်မူသည်။ ယခု နိဗ္ဗာန ဓာတ်ကို မြင်သောအခါ၌ ပရမတ္ထတရားတို့ ဝိသုဒ္ဓိ ဖြစ်သောအခါ၌မြင်သော ပဘဿသရ ဓာတ်ကြီးကို မယူအပ်။ ထို ပဘဿရ ဓာတ်ကြီးသည်ကား သာမည လူတို့မဆိုင်၊ စင်စစ်မှာမူ ရုပ်, ဝေဒနာ, သညာ, သခ်ါရ, ဝိဉာဏ်ဟု ဆိုအပ်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ ချုပ်ငြိမ်းဟန်ကို ကေန်မြင်ရသော သခ်ါရ ပဋိက္ခေပဖြစ်သော တရားထူး တရားမွန် တရားမြတ်ကြီးပေတည်း။

ထို့ကြောင့်။ ။ဝိညာဏံ အနိဒဿနံ အနန္တံ သဗ္ဗသော ပဘန္တိ စ ဓတ္တေ သခ်ါရ ပဋိက္ခေပေန နိဗ္ဗာနံ ဒဿတံ။ ။

ဟု ဥပရိပဏ္ဏာသ အဋ္ဌကထာဆရာ မိန့်မှာ ဖွင့်ပြတော်မူသည်။

**လမ်းသစ်စာအုပ်တိုက်**

ဝိညာဏံ အနိဒဿနံ အနန္တံ သဗ္ဗတော ပဘင္ဂံစ ဧတ္ထ ဟူသော ဤပါဠိ၌၊ သခ်ါရပဋိက္ခေပေန၊ သင်္ခါရတို့ကို စွန့်လွှတ်လိုက်သောအားဖြင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ဒဿိတံ၊ ရှင်တော်ဘုရား ပြတော်မူအပ်၏။

သို့ တစ်ခဲနက်သော အရောင်ကြီးကို ဦးထိပ်ထက် ကူရှု စသည်တို့၌ မြင်ရခြင်းသည် မနောဒွါရဖြင့် မြင်ရခြင်း ဟုတ်ပါ၏လော။ ။ဟုတ်ပါ၏။ ယင်း မနောဒွါရဖြင့် မြင်ရာ၌လည်း မျက်စိနှင့် မြင်လိုက်သကဲ့သို့ မြင်တတ်သော သဘောတရားမျိုးကို ဒိဗ္ဗစက္ခုဖြင့် ဟောတော်မူမြဲတည်း။

သာသနာတော်တွင်း၌ ကြုံကြိုက်သောအခါ မည်သည့် ကမ္မဋ္ဌာန်းကိုမဆို အားထုတ်ခဲ့သော် နိဗ္ဗာန်သို့ရောက်ကြောင်း ပါဠိတော်။

## သမထကမ္မဋ္ဌာန်းဖြင့် နိဗ္ဗာန်ရောက်နိုင်ခြင်း

နိဗ္ဗာနဿ ကိရ ယထာ မဟာ သမုဒ္ဒဿ ယတော ယတော
ဩတရိတုကာမာ ဟောန္တိ။ တံ တဒေဝ တိတ္ထံ၊ အတိတ္ထံ
နာမ နတ္ထိ။ ဧဝ မေဝ အဋ္ဌတိံသကမ္မဋ္ဌာနေသု ယေန
ယေန မုခေန နိဗ္ဗာနံ ဩတရိတုကာမာ ဟောန္တိ။ တံ
တဒေဝ တိတ္ထံ။ နိဗ္ဗာနဿ အတိတ္ထံ နာမ၊ နတ္ထိ။

(သီလက္ခန္ဓာ အဋ္ဌကထာ)။

မြန်မာအနက်။ ။နိဗ္ဗာနဿ၊ နိဗ္ဗာန်၏။ တိတ္ထံနာမ၊ ကူးသွားရာ ဆိပ်ကမ်း မည်သည်ကား။ မဟာသမုဒ္ဒဿ၊ မဟာသမုဒ္ဒရာ၏။ ယတော၊ ယတော၊ အကြင်အကြင် အရပ်ဌာနမှ။ ဩတရိတုကာမ၊ ကူးသွားခြင်းငှာ အလိုရှိကုန်သည် ဟောန္တိ၊ ဖြစ်ကုန်၏။ တံတံဧဝ၊ ထိုထိုကူးသွားခြင်းငှာ အလိုရှိကုန်သော အရပ်ဌာနသည်ပင်လျှင်။ တိတ္ထံ၊ သမုဒ္ဒရာ ဟိုမှာဘက်ကမ်းသို့ ကူးသွားရာ ဆိပ်ကမ်းဌာနမည်၏။ အတိတ္ထံနာမ၊ မဟာ သမုဒ္ဒရာဟိုမှာဘက်ကမ်းသို့ ကူးသွားရာ ဆိပ်ကမ်းမဟုတ်သော အရပ်ဌာန မည်သည်။ နတ္ထိသထာ၊ မရှိသကဲ့သို့။ ဧဝ မေဝ၊ ဤမဟာသမုဒ္ဒရာ၏ ဆိပ်ကမ်းဌာန အတူသာလျှင်။ အဋ္ဌတိံသ ကမ္မဋ္ဌာနေသု၊ သုံးဆယ့်ရှစ်ပါးသော သမထကမ္မဋ္ဌာန်းတို့တွင်။ ယေန ယေန မုခေန၊ အကြင်အကြင် သမထကမ္မဋ္ဌာန်းကို အမျှးပြုသဖြင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ဩတရိတုကာမ၊ ဝင်ရောက်ခြင်းငှာ အလိုရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တံတံဧဝ၊ ထိုထိုအားထုတ်ခြင်းငှာ အလိုရှိသော သမထကမ္မဋ္ဌာန်းသည်ပင်လျှင်။ တိတ္ထံ၊ နိဗ္ဗာန်သို့ ကူးသွားရာ ဆိပ်ကမ်းဌာန မည်၏။ နိဗ္ဗာနဿ၊ နိဗ္ဗာန်သို့။ အတိတ္ထံနာမ၊ ကူးသွားရာ ဆိပ်ကမ်းမဟုတ်သော သမထ ကမ္မဋ္ဌာန်းမည်သည်။ သာသနေ၊ သာသနာတော်အတွင်း၌။ နတ္ထိ၊ မရှိဧကန် တကယ်မှန်၏။

အဓိပ္ပာယ်။ ။မဟာမုဒ္ဒရာ တစ်စင်းလုံး၏ အကြင်အကြင် တစ်ခုသော အရပ် ဌာနမှ ဟိုမှာဘက်ကမ်းသို့ ကူးသွားခြင်းငှာ အလိုရှိ၏။ ထိုသို့ ကူးသွားခြင်းငှာ အလိုရှိ

သော တစ်ခုသော အရပ်ဌာနသည် သမုဒ္ဒရာ၏ ကူးသွားရာ တစ်ခုသော ဆိပ်ကမ်းဌာန မည်၏။ သမုဒ္ဒရာ၏ ကူးသွားရာ ဆိပ်ကမ်းမဟုတ်သော အရပ်ဌာနမည်သည် မရှိသကဲ့သို့ အာလောက အာကာသ ကသိုဏ်းနှစ်ပါးကို ကြဉ်၍ သုံးဆယ့်ရှစ်ပါးသော သမထ ကမ္မဋ္ဌာန်းတို့တွင် အကြင်အကြင် တစ်ပါးပါးသော သမထကမ္မဋ္ဌာန်းဖြင့် ပရမတ္ထနိဗ္ဗာန် သို့ ကူးရောက်ခြင်းငှာ အလိုရှိ၏။ ထိုသို့ကူးရောက်ခြင်းငှာ အလိုရှိသော တစ်ပါးပါးသော သမထကမ္မဋ္ဌာန်းသည်ပင်လျှင် ပရမတ္ထ နိဗ္ဗာန်သို့ ကူးရောက်ရာ ဆိပ်ကမ်းမည်၏။ ပရမတ္ထနိဗ္ဗာန်သို့ ကူးသွားရာ ဆိပ်ကမ်းဌာန မဟုတ်သော သမထ ကမ္မဋ္ဌာန်းမည်သည် သာသနာတော်အတွင်း၌ မရှိ ဧကန်တကယ် မှန်သည်ဟူ၍ အဋ္ဌကထာ၌ အထူးပြဆို၏။

### ၇၂။ အဋ္ဌတိံသ သမထ ကမ္မဋ္ဌာန်းတို့ကို ပြခြင်း

အဋ္ဌတံသ ကမ္မဋ္ဌာနေသု ယေန မုခေန
နိဗ္ဗာနံ ဩတရိတုကာမာ ဟောန္တိ တံတဒေဝ
တိတ္ထံ နိဗ္ဗာနဿ အတိတ္ထံနာမ နတ္ထိ။

(သီလက္ခန္ဓ အဋ္ဌကထာ-၂၈၆)

မြန်မာ။ ။အဋ္ဌတိံသ ကမ္မဋ္ဌာနေသု၊ သုံးဆယ့်ရှစ်ပါးသော သမထကမ္မဋ္ဌာန်း တို့တွင် ယေန ယေန မုခေန 'အကြင် အကြင် အားထုတ်လိုသော သမထကမ္မဋ္ဌာန်းကို အမှူးပြုသဖြင့်' နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ဩတရိ တုကာမာ၊ 'ဝင်ရောက်ခြင်းငှာ အလိုရှိကုန် သည်'။ ဟောန္တိ၊ 'ဖြစ်ကုန်၏'၊ တံတံဧဝ၊ 'ထိုထိုအမှူးပြု၍ အားထုတ်သော သမထ ကမ္မဋ္ဌာန်းသည်ပင်လျှင်'။ တိတ္ထံ 'နိဗ္ဗာန်သို့ ကူးရောက်ရာ ဆိပ်ကမ်းမည်၏'။ အတိတ္ထံ နာမ၊ 'နိဗ္ဗာန်သို့ကူးရာ ဆိပ်ကမ်းမဟုတ်သော သမထကမ္မဋ္ဌာန်း မည်သည်'။ သာသနေ၊ 'သာသနာတော်၌'။ နတ္ထိ 'မရှိဧကန် စစ်စစ်မှန်၏'။ (အာကာသနှင့် အာလောက ကသိုဏ်း မပါဝင်ချေ)။

## သမထနှင့် ဝိပဿနာတူပုံ

တရားအားထုတ်ရာတွင် သိမှု၊ မှတ်မှု၊ ထင်ရာ၌၊ သိမှု၊ ပညာကို "ဝိပဿနာ" ဟု ဆို၏။ မှတ်သဖြင့် 'တည်မှု၊ သမာဓိကို' "သမထ"ဟု ဆို၏။ "သမာဓိနှင့်" ပညာ။ "သမထနှင့်" "ဝိပဿနာ" တရားနှစ်ပါးသည် မှတ်သောအခါ အစုံဖြစ်နေသည် ဟု မြတ်စွာဘုရား ဟောတော်မူပါ၏။

တဿိမေဒွေ၊ ဓမ္မာယုဂနန္ဓာ၊ ဝတ္တန္တိ သမထောစ၊ ဝိပဿနာဝ။ ဥပရိပဏ္ဏာသ ပါဠိတော်။

တဿ၊ 'ထိုတရား ပွားများသော ပုဂ္ဂိုလ်အား'၊ သမထောစ၊ 'သမထတရား သည်လည်းကောင်း။ ဝိပဿနာစ ဝိပဿနာတရားသည်လည်းကောင်း၊ ဣမေဒွေဓမ္မော ဤတရားနှစ်ပါးတို့သည် ယုဂနန္ဓာ အစုံတို့သည်။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။

**လမ်းသစ်စာအုပ်တိုက်**

ဥဒ္ဒစ္စ သဟဂတ၊ ကိလေသေဟိစ၊ ခန္ဓေဟိစ၊ ဝုဋ္ဌဟတော၊ စိတ္တဿ ဧကဂ္ဂတာ၊ အဝိက္ခေပေါ သမာဓိ၊ နိရောဓ၊ ဂေါစရော၊ အဝိဇ္ဇာ၊ သဟဂတ၊ ကိလေသေဟိစ၊ ခန္ဓေဝိစ၊ ဝုဋ္ဌဟတော၊ အနုပဿနဋ္ဌေန၊ ဝိပဿနာ နိရောဓ ဂေါစရော၊ ဣတိ ဝါဋ္ဌာန ဋ္ဌေန၊ သမထ ဝိပဿနာ၊ ဧကရသ ဟောန္တိ၊ ယုဂနန္ဓာဟောန္တိ၊ အညမညံ၊ နာတိဝတ္တန္တိ။ ပဋိသမ္ဘိဒါမဂ် ပါဠိတော်။

ဥဒ္ဒစ္စ သဟဂတ ကိလေသေဟိစ။ ဥဒ္ဒစ္စ သဟဂုတ် ကိလေသာတို့မှလည်း ကောင်း၊ ခန္ဓေဟိစ၊ ထိုဥဒ္ဒစ္စသဟဂုတ်၊ ကိလေသာ၏ တည်ရာ၊ ခန္ဓာတို့မှလည်းကောင်း၊ ဝုဋ္ဌကတော၊ ထသောသူ၏၊ စိတ္တဿ ဧဂ္ဂတာ၊ စိတ်တည်ကြည်မှုကြောင့် အဝိက္ခေပေါ၊ 'မပျံ့လွင့်သော'၊ သမာဓိ၊ 'တည်မှုသမာဓိသည်'၊ နိရောဓ၊ 'ဂေါစရောပရိ ယုဋ္ဌာန် ကိလေသာ၊ ခန္ဓာမှငြိမ်းသော နိဗ္ဗာန်ကို အာရုံပြု၏'။ အဝိဇ္ဇာ သဟဂတ၊ ကိလေသေဟိစ၊ 'မသိမှုနှင့်တကွဖြစ်သော အဝိဇ္ဇာ ကိလေသာတို့မှလည်းကောင်း၊ ခန္ဓေဟိစ အဝိဇ္ဇာ သဟဂုတ် ကိလေသာ၏တည်ရာ၊ ခန္ဓာတို့မှလည်းကောင်း၊ ဝုဋ္ဌကတော၊ ထသောသူ၏၊ အနုပဿနဋ္ဌေန သိမှတ်ခြင်း အနက်သဘောကြောင့်၊ ဝိပဿနာ၊ သိမှုဝိပဿနာသည် နိရောဓဂေါစရော၊ 'မသိမှု အဝိဇ္ဇာ သဟဂုတ်၊ အနုသယ ကိလေသာခန္ဓာမှ ငြိမ်းသော နိဗ္ဗာန်ကို အာရုံပြု၏'။ ဣတိ၊ 'ဤသို့' ဝုဋ္ဌနဋ္ဌေန၊ ကိလေသာ ခန္ဓာတို့မှ၊ တစ်ပြိုင်နက် ထသော၊ အနက် သဘောကြောင့် သမထ ဝိပဿနာ၊ သမထနှင့် ဝိပဿနာတို့သည်၊ ဧကရသ၊ တူသောကိစ္စ ရှိကုန်သည် ဟောန္တိဖြစ်ကုန်၏' အညမညံ၊ အချင်းချင်း၊ နာတိဝတ္တန္တိ၊ မလွန်ကြကုန်။

'ထို့ကြောင့် သာသနာတော်အတွင်း နိဗ္ဗာန်ရောက်ကြောင်း တရားတို့သည် သမထ ဝိပဿနာ ဟူသော အမည်ကွဲသော်လည်း နိဗ္ဗာန်ရောက်မှု အကျိုးတူညီကြကုန်သည်'။

၇၇။ **သဒ္ဓါ ဗလဝတီ၊ ဝိပဿနာစ အဓိပ္ပာယ်ကိုပြခြင်း**

ယဿ သဒ္ဓါ ဗလဝတီ၊ ဝိပဿနာစ အာရဒ္ဓါ
တဿဂစ္ဆန္တဿ တိဋ္ဌန္တဿ နိသီဒန္တဿ
ဘုဥ္ဇန္တဿစ မဂ္ဂဖလပဋိဝေဓောနာမ နဟောတီတိ နဝတ္တဗ္ဗံ။

(သာရောပမသုတ် မူလပဏ္ဏာသဋီကာ–၁၈၂)

မြန်မာအနက်။ ။ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ သဒ္ဓါ၊ ယုံကြည်ခြင်း သဒ္ဓါတရားသည်။ ဗလဝတီ ထက်သန်အားကြီး၏။ ဝိပဿနာစ၊ ဝိပဿနာကိုလည်း။ အာရဒ္ဓါ၊ အားထုတ်၏။ တဿ၊ ထိုသဒ္ဓါအားရှိ ထက်သန်၍ ဝိပဿနာကို အားထုတ်သော ပုဂ္ဂိုလ်အား။ ဂစ္ဆန္တဿ၊ သွားလာစဉ်။ တိဋ္ဌန္တဿ၊ ရပ်နေစဉ်။ နိသီဒန္တဿ၊ ထိုင်နေစဉ်။ ဘုဥ္ဇန္တဿ၊ စားနေစဉ်။ မဂ္ဂဖ မဂ္ဂဖလပဋိဝေဓောနာမ၊ မဂ်ဖိုလ်ကို ထိုးထွင်း၍ သိနိုင်သော မည်သည်။ န ဟောတီတိ၊ မဖြစ်နိုင်ဟူ၍။ နဝတ္တဗ္ဗံ၊ မပြောမဆိုအပ်။

အဓိပ္ပာယ်။ ။အကြင်ပုဂ္ဂိုလ်အား သက်ဝင်ယုံကြည်သော သဒ္ဓါသည် ကြီးပွား

ရင့်သန် အားရှိ၏။ ဝိပဿနာကို အားထုတ်အပ်၏။ ထိုအင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား သွားလာဆဲအခါ၌သော်လည်းကောင်း၊ ရပ်နေဆဲအခါ၌သော်လည်းကောင်း၊ အရိယာမဂ်ဖိုလ်ကို ထိုးထွင်း၍ သိနိုင်သော မည်သည်မရှိဟူ၍ မပြောမဆိုအပ်၊ အမှန်စင်စစ်အားဖြင့် သိနိုင်၏ဟူ၍ ပြောဆိုအပ်ဟူ၍ ဋီကာ၌ ပြဆို၏။

အထူးမှတ်ချက်။ ။"သဒ္ဓါ ဗလဝတီ ဝိပဿနာစ အာရဒ္ဓါ"ဟူ၍ ပါဠိရှိရာတွင် "သဒ္ဓါဗလဝတီ"ပါဠိကို ကျောခိုင်းပစ်ပယ် မြှုပ်ထားပြီးလျှင် "ဝိပဿနာစ အာရဒ္ဓါ" ပါဠိကိုသာလျှင် ဖော်ထုတ်၍ ဝိပဿနာ တစ်ပါးသာလျှင် နိဗ္ဗာန်ရောက်ကြောင်း ဖြစ်၏။ ဝိပဿနာကို အားထုတ်ကြလျှင် သွားနေဆဲအခါ၌လည်းကောင်း၊ ရပ်နေဆဲအခါ၌လည်းကောင်း၊ ထိုင်နေဆဲအခါ၌လည်းကောင်း၊ စားနေစဉ်အခါ၌လည်းကောင်း၊ မကြာမီကာလ အတွင်း အရိယာမဂ်ကို ရနိုင်သည်ဟူ၍ "ဝိပဿနာစ အာရဒ္ဓါ" ပါဠိတစ်ခုကိုသာလျှင် အကိုးအကားပြုပြီးလျှင် ပညာမဲ့သော ပုဂ္ဂိုလ်တို့အား မြှောက်ပင့်၍ ဟောကြ ပြောကြ၏။ ပြောဟောသောစကားကို နှုတ်ယောင်လိုက်၍ ပညာမဲ့သော ပုဂ္ဂိုလ်တို့သည် ဒါန၊ သီလ၊ သမထ ကုသိုလ်မွေတို့ကို ကျောခိုင်းပစ်ပယ်သော ပုဂ္ဂိုလ်များ ရှိကြကုန်၏။ ပညာမဲ့သော ပုဂ္ဂိုလ်တို့အား မြှောက်ပင့်၍ ဟောပြောပါသော်လည်း မြှောက်ပင့်ရာသို့ မရောက်ဘဲ ဖျက်ဆီးရာသို့ ရောက်သောကြောင့် ပညာမဲ့သော ပုဂ္ဂိုလ်တို့အား ဖျက်ဆီးရာသို့ ရောက်သည့်အပြင် သာသနာတော်ကို ဖျက်ဆီးရာသို့ ရောက်သောကြောင့်လည်းကောင်း အယူဝါဒတို့ကို စက်ဆုပ်ရွံ့ရှာအပ်၏။

မှတ်ချက်။ ။"သဒ္ဓါဗလဝတီ ဝိပဿနာစ အာရဒ္ဓါ"ပါဠိ၌ သဒ္ဓါဗလဝတီ ဆိုသည်ကား သဒ္ဓါစသော ဣန္ဒြေငါးပါး ကြီးပွားရင့်သန်အားရှိသည်ကို သဒ္ဓါဗလဝတီ ဆိုသည်။ သဒ္ဓါ စသော ဣန္ဒြေငါးပါး ကြီးပွားအားရှိ ရင့်သန်မှသာလျှင် အရဟတ္တဖိုလ် တည်းဟူသော ဝိမုတ္တိ ချမ်းသာအထူးကို ရယူနိုင်၏။ သဒ္ဓါ စသော ဣန္ဒြေငါးပါး အားရှိ ရင့်ကျက်ခြင်း၊ ဝိပဿနာကို အားထုတ်ခြင်း၊ ဤအင်္ဂါနှစ်ပါးနှင့် ပြည့်စုံမှသာလျှင် အရိယာမဂ်ကို ထိုးထွင်း၍ သိမြင်နိုင်သော မည်သည် မရှိဟူ၍ မဆိုအပ်၊ မဆိုထိုက်ကြောင်းကို ပြဆို၏။ ဋီကာပါဠိကို အလွဲသုံးစား ပြုသောကြောင့် သာသနာ့ရန်သူဟူ၍လည်းကောင်း၊ ပညာမဲ့သော ပုဂ္ဂိုလ်တို့အား ဖျက်ဆီးသော အယူဝါဒဟူ၍လည်းကောင်း မှတ်တမ်းတင်ထားကြရာ၏။

ဝိမုတ္တိ ပရိဝါစရိယ

ဝိမုတ္တံ ပရိပါစေန္တီတိ ကိလေသာန ပဋိပဿဒ္ဓိဘူတံ အရဟတ္တံ သဗ္ဗသော ပါစေန္တိ သာဓေန္တိ နိဗ္ဗာပေန္တီတိ ဝိမုတ္တိ ပရိပါစရိယာ။ ။

(ရာဟုလောဝါဒသုတ် ဥပရိပဏ္ဏာသဋီကာ-၄၃၀)

မြန်မာအနက်။ ။ဝိမုတ္တံ၊ ဝိမုတ္တိကို။ ပရိပါစေန္တိ၊ ရင့်ကျက်စေကုန်၏။ ဣတိ၊ ဤပါဠိ၌။ ကိလေသာနံ၊ ဆန့်ကျင်ဘက် ကိလေသာတို့ကို။ ပဋိပဿဒ္ဓိဘူတံ၊ တစ်ဖန် ငြိမ်းစေနိုင်ခြင်း အရဟတ္တဖိုလ်ကို။ သဗ္ဗသော၊ အကြွင်းမရှိ။ ပါစေန္တိ၊ ရင့်ကျက်စေနိုင်

ကုန်၏။ သာဓေန္တိ၊ ပြီးစီးနိုင်စေကုန်၏။ နိဗ္ဗာပေန္တိ၊ ကိလေသာတို့ကို ငြိမ်းစေနိုင်ကုန်၏။ ဣတိ။ ဤကိလေသာတို့ကို ငြိမ်းစေနိုင်ခြင်း၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကို ရင့်ကျက်စေနိုင်ခြင်း အကြောင်းတို့ကြောင့်။ ဝိမုတ္တိပရိပါစရိယာ၊ အရဟတ္တမဂ် အရဟတ္တဖိုလ်တို့ကို ရင့်ကျက်စေနိုင် ရစေနိုင်သောတရား မည်ကုန်၏။

လိုရင်းအဓိပ္ပာယ်။ ။ဆန့်ကျင်ဘက် ကိလေသာတို့ကို ငြိမ်းစေနိုင်သည်ဖြစ်၍ အရဟတ္တဖိုလ်ဟု ဆိုအပ်သော ဝိမုတ္တိကို ရင့်ကျက်စေနိုင်သော တရားထူး တရားမြတ်ကို ဆို၏။ သဒ္ဓါ စသော ဣန္ဒြေငါးပါးကို ဝိမုတ္တိ ပရိပဝါစရိယ တရားငါးပါးဟူ၍ အမြဲ မှတ်ထားရာ၏။

သဒ္ဓိန္ဒြိယာဒယော ဝိသုဇ္ဈမာနာ မဂ္ဂပဋိပါဋိယာ သဗ္ဗသော အသဒ္ဓါဒီဟိ စိတ္တံ ဝိမောစေန္တာ အဂ္ဂဖလဝိမုတ္တိံ သမ္ပာဒေန္တိ။

(ဥပရိပဏ္ဏာသဋီကာ–၄၃၀)

မြန်မာအနက်။ ။သဒ္ဓိန္ဒြိယာဒယော၊ သဒ္ဓါအစရှိသော ဣန္ဒြေငါးပါးတို့သည်။ ဝိသုဇ္ဈမာနာ၊ ကိလေသာတို့မှ စင်ကြယ်ကုန်သည် ဖြစ်၍။ မဂ္ဂပဋိပါဋိယာ၊ လောကီမဂ် လောကုတ္တရာမဂ် အစဉ်ဖြင့် သဗ္ဗသော၊ အကြွင်းမရှိ။ အသဒ္ဓါဒီဟိ၊ မသဒ္ဓါခြင်း အစရှိသော လောဘ, ဒေါသ, မစ္ဆရိယ, မာယာ, သာဌေယျ အစရှိသော ကိလေသာတို့မှ။ စိတ္တံ၊ စိတ်ကို။ ဝိသမာစေန္တာ၊ ကင်းလွတ်စင်ကြယ်ကုန်သည်ဖြစ်၍။ တဂ္ဂဖလဝိမုတ္တိံ၊ အဆုံးဖြစ်သော အဟတ္တဖိုလ်ဟု ဆိုအပ်သော ဝိမုတ္တိချမ်းသာကို။ သမ္ပာဒေန္တိ၊ ရယူနိုင်၍ ပြီးစီးနိုင်ကုန်၏။

လိုရင်းအဓိပ္ပာယ်။ ။သဒ္ဓါစသော ဣန္ဒြေငါးပါးတို့သည် မာမစ္ဆန္ဒ စသော နီဝရဏ ကိလေသာတို့မှ သန့်ရှင်းစင်ကြယ်စေနိုင်ကုန်၏။ နီဝရဏ ကိလေသာတို့မှ သန့်ရှင်းစင်ကြယ်ကုန်သော ဣန္ဒြေငါးပါးတရားတို့သည် လောကီမဂ် လောကုတ္တရာမဂ် အစဉ်သဖြင့် မသဒ္ဓါခြင်း အစရှိသော လောဘ၊ ဒေါသ မစ္ဆရိယ၊ မာယာ၊ သာဌေယျ၊ ဒေါသ၊ ဗျာပါဒ၊ မာန၊ အတိမာန၊ ဒိဋ္ဌိ စသော ကိလေသာတို့မှ ကင်းလွတ်ကုန်သည် ဖြစ်၍ အဆုံးဖြစ်သော အရဟတ္တဖိုလ် ဝိမုတ္တိသုခကို ရနိုင်၏ဟူ၍ ပြဆို၏။

အကျဉ်းမှတ်ချက်။ ။သဒ္ဓါ စသော ဣန္ဒြေငါးပါး ရင့်ကျက်ကြီးပွား အားရှိသည်ရှိသော် အရဟတ္တဖိုလ် ဝိမုတ္တိကို ရနိုင်၏။ "သဒ္ဓါစ ဗလဝတီ၊ ဝိပဿနာစ အာရဒ္ဓါ" ဟူ၍ ဋီကာ၌ ပြဆို၏။ သဒ္ဓါ စသော ဣန္ဒြေငါးပါး မကြီးပွား မရင့်ကျက်သည်ရှိသော် ဝိပဿနာကို အားမထုတ်နိုင်။ အားမထုတ်နိုင်သည်ရှိသော် ဝိမုတ္တိချမ်းသာကို မရနိုင်သည် ဖြစ်၍ ဣန္ဒြေငါးပါး ရင့်ကျက်ရန် သာသနာတော်၌ အရေးအကြီးဆုံး ဖြစ်၏။

သဒ္ဓိန္ဒြိယံ ဝိသုဇ္ဈဟိ၊ မဂ္ဂဖလာဝဟဘာဝေန အစ္ဆတိ၊ ဝိသုဒ္ဓိံ ပါပုဏာတိ။ ။

(ဥပရိပဏ္ဏာသဋီကာ)

မြန်မာပြန်အနက်။ ။သဒ္ဓိန္ဒြိယံ၊ သဒ္ဓိန္ဒြေသည်။ ဝိသုဇ္ဈတိ၊ နီဝရဏ ကိလေသာတို့မှ စင်ကြယ်၏။ မဂ္ဂဖလာဝဟဘာဝေန။ မဂ်ဖိုလ်ကို ဆောင်နိုင်သော အဖြစ်ဖြင့်။

အစ္ဆတို၊ ရောက်၏။ ဝိသုဒ္ဓိ၊ အရဟတ္တဖိုလ်ဟု ဆိုအပ်သော ဝိသုဒ္ဓိသို့။ ပါပုဏာတိ၊ ရောက်နိုင်၏။

အဓိပ္ပာယ်။ ။ကြည်ညိုဖွယ်ကို ဆောင်နိုင်သော သဒ္ဓေယျဝတ္ထုတို့၌ သက်ဝင်ယုံကြည်မှုကိုစွဲ၍ အစိုးရခြင်း သဒ္ဓိန္ဒြေသည် ကာမစ္ဆန္ဒ ဗျာပါဒ စသော နီဝရဏ ကိလေသာ အယုတ်တရားတို့မှ စင်ကြယ်၏။ နီဝရဏ ကိလေသာ အယုတ်တရားတို့မှ စင်ကြယ်သော သဒ္ဓိန္ဒြေသည် အရဟတ္တဖိုလ် ဝိသုဒ္ဓိကို ရနိုင်၏ဟူ၍ ပြဆို၏။ ထို့ကြောင့် သဒ္ဓါ ဗလဝတီ ဝိပဿနာစ အာရဒ္ဓါ” ပါဠိကို အလွဲသုံးစား မပြုကြလေနှင့် ဟူ၍ ပြဆိုခြင်းဖြစ်၏။

မှတ်ချက်။ ။သဒ္ဓိန္ဒြေသည် ယုံကြည်မှုကိုစွဲ၍ သဒ္ဓါသည်သာလျှင် အစိုးရ၏။ သူ၏အလိုသို့ တစ်ပါးသော ဣန္ဒြေရတို့သည် လိုက်ကြရ၏။ ဝီရိယိန္ဒြေသည် အားပေး ထောက်ပံ့မှုကိုစွဲ၍ ဝီရိယသည်သာလျှင် အစိုးရ၏။ တစ်ပါးသော ဣန္ဒြေတို့သည် သူ၏ အလိုသို့ လိုက်ကြရ၏။ သတိန္ဒြေသည် မမေ့မလျော့ အောက်မေ့ခြင်းကိုစွဲ၍ သတိသာလျှင် အစိုးရ၏။ တစ်ပါးသော ဣန္ဒြေတို့သည် သူ၏အလိုသို့ လိုက်ရ၏။ သမာဓိန္ဒြေသည် စိတ်၏ တည်ကြည်မှုကိုစွဲ၍ သမာဓိသည်သာလျှင် အစိုးရ၏။ တစ်ပါးသော ဣန္ဒြေတို့သည် သူ၏အလိုသို့ လိုက်ကြရ၏။ ပညိန္ဒြေသည် ယထာဘူတ ဟုတ်မှန်စွာ သိမှုကိုစွဲ၍ ပညာသည်သာလျှင် အစိုးရ၏။ တစ်ပါးသော ဣန္ဒြေတို့သည် သူ၏အလိုသို့ လိုက်ကြရ၏။ ဣန္ဒြေငါးပါးကို သဘောကျပါစေ။

## ပါထိကဝဂ်၊ ကေဝဋ္ဋသုတ်

တစ်ရံရောအခါက ရဟန်းတစ်ပါးသည် မြတ်စွာဘုရားအား ပထဝီ၊ အာပေါ စသော မဟာဘုတ်တို့ ချုပ်ငြိမ်းရာအရပ်သည် ဘယ်မှာ တည်ရှိပါသလဲဟု လျှောက်ထားသည်။ ထိုအခါ မြတ်စွာဘုရားက ကေဝဋ္ဋသုတ်ကို ဟောတော်မူသည်။

အကြင်အရပ်တွင် ဖြစ်ခြင်း၊ တည်ခြင်း၊ အခိုက်အခါမှာ ကင်းလွတ်လျက် အဆုံးအခြား အပိုင်းမရှိ ကြည်လင်တောက်ပခြင်းနှင့် ယှဉ်သော နိဗ္ဗာန်ရှိ၏။ ထိုအရပ်တွင် မဟာဘုတ်တို့ လုံးဝ ချုပ်ငြိမ်းသည်ဟု ဖြေတော်မူသည်။

## သီလက္ခန္ဓာဝဂ်၊ ကေဝဋ္ဋသုတ်

ယံဓမ္မဇာတံ၊ အကြင်သဘောတရားသည်။ ဝိညာဏံ၊ အရိယာတို့သည်။ ဝိညာဉ်ဖြင့် သိအပ်၏။ အနိဒဿနံ၊ ဤကဲ့သို့ ညွှန်ပြစရာ ဥပမာလည်း မရှိ။ သဗ္ဗတောပဘံ၊ ခပ်သိမ်းသော အရပ်တို့၌ ထွန်းတောက်လျက် ရှိ၏။ ဧတ္ထ၊ ဤတရားသဘော၌။ အာပေါ၊ ရေဓာတ်သည်လည်းကောင်း။ ပထဝီစ၊ မြေဓာတ်သည်လည်းကောင်း။ နဂါဓတိ၊ ထောက်ရာ တည်ရာ မရနိုင်။

အဓိပ္ပာယ်မှာ နိဗ္ဗာန်သည် နေရောင် လရောင်ကဲ့သို့ ပထဝီ။ အာပေါ တေဇော

ကြောင့် လင်းနေသော တရားမျိုးမဟုတ်။ ဝိပဿနာဉာဏ်ဖြင့် မဂ်သို့ ရောက်သောအခါ တွေ့မြင်ရသော အလင်းဓာတ်ကြီး ဖြစ်သည်။ ထို့ကြောင့် တရားအားထုတ်သော ယောဂီသည် မိမိသည် မဂ်တရားတို့လိုက်သည်။ နိဗ္ဗာန်ကို ဆိုက်သည် မဆိုက်သည်ကို သူတစ်ပါးကိုမေးရန် မလိုချေ။ အလွန်အေးမြသော ရေအိုးတစ်ထောင် လောင်းချလိုက်၍ တစ်ကိုယ်လုံး အေးငြိမ်းသွားသည်။ တစ်ချိန်တည်းပင်လျှင် အလွန်ထိန်လင်း ကြည်လင်သော နိဗ္ဗာန်တည်း ဟူသော အလင်းဓာတ်ကြီးကို တွေ့မြင်ရခြင်း ဖြစ်သည်။ နိဗ္ဗာန်မှာ ရုပ်မရှိ၊ နာမ်မရှိ မှန်သည်။ သို့ရာတွင် မဂ်သို့ဆိုက်သူတိုင်း ဝိပဿနာဉာဏ်ဖြင့် တွေ့မြင်ရသော အလွန် ထွန်းလင်းတောက်ပသော အလင်းဓာတ်ကြီး ရှိသည်။ ဤနည်းဖြင့် မိမိသည် မဂ်တရား ဖိုလ်တရား ရမရ အလွယ်တကူနှင့် သိနိုင်ပါသည်။

အာနာပါနာ ထွက်သက် ဝင်သက်ကို ရှုရသော ယောဂီပုဂ္ဂိုလ်များအတွက် အောက်တွင် ဝေဘူဆရာတော်ဘုရားကြီး ဟောပြပုံနှင့် မဟာရာဟုလောဝါဒသုတ်ကို ဖတ်ကြည့်ပါ။ အာနာပါနာ တရားအားထုတ်သောသူအား ယခုဘဝတွင်ပင် သောတာပန် ရဟန္တာ ဖြစ်မည်။ အကယ်၍ မဖြစ်သေးသည်ရှိသော် နတ်ပြည်သို့ ရောက်သောအခါ လူ့ပြည်က ကျင့်ခဲ့သော ဝိပဿနာမျိုးစေ့ကြောင့် နတ်ပြည်တွင် နတ်များ၊ ဗြဟ္မာများ တရားဟောသောအခါ တစ်ဂါထာကို နာရုံမျှနှင့် သောတာပန်မှ ရဟန္တာအထိ ဖြစ်နိုင်လေသည်။ လူ့ပြည်၊ ငရဲပြည်သို့ ပြန်၍လာတော့မည် မဟုတ်ပေ။ အလွန် ဝမ်းသာစရာ အားကိုးစရာ ကြိုးစားစရာ ဖြစ်သည်။

အထက်ပါ ဝိပဿနာ တရားတော်အားလုံးကို ဤစာအုပ်တွင်ပါ၍ ဖတ်သူများ တရားထူးရ၍ နိဗ္ဗာန်ချမ်းသာ ခံစားစေရန် များစွာသော ကျမ်းဂန်များမှ ထုတ်နုတ်ထားခြင်း ဖြစ်ပါသည်။

ဃရာဝါသ သမ္ဗါဓဟု ကိစ္စများမြောင် လူဝို့ဘောင်ဝယ်ဟု ဆိုသည့်အတိုင်း လူဝတ်ကြောင်နှင့် နေသောသူများသည် စားဝတ်နေရေး၊ သားသမီးရေး၊ ကိစ္စအမျိုးမျိုးတို့ဖြင့် အားလပ်သည်ဟု မရှိကြပေ။ ရုပ်ရှင်ပွဲကို သုံးနာရီထိုင်၍ ကြည့်ကြ၏။ အငြိမ့်ပွဲ၊ ဇာတ်ပွဲများကို တစ်ညလုံး မိုးလင်းအောင် ကြည့်ကြ၏။ ဘုရားရှိခိုးခြင်း၊ တရားဘာဝနာ အားထုတ်ခြင်း စသော လူ,နတ်,နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ပေးစေတတ်သော အလုပ်များကိုမူ တစ်နေ့လျှင် သုံးနာရီပြည့်အောင် ကြိုးစားအားထုတ်သူ တစ်ထောင်မှ တစ်ယောက်၊ တစ်သောင်းမှာ တစ်ယောက်သာ ရှိမည်ထင်ပါသည်။ နတ်,ရွာ,နိဗ္ဗာန် ရောက်ရန်အတွက် ဝိပဿနာစခန်းကို အားထုတ်ရန်၊ ကမ္မဋ္ဌာန်းကျောင်းတိုက်များသို့ ရက်,လ များစွာ သွားနိုင်ရန် ပို၍ပင် ခက်ပေသည်။

ထို့ကြောင့် မိမိအိမ်မှာနေရင်း သတိပဋ္ဌာန်လေးပါးနှင့် ကမ္မဋ္ဌာန်းလေးဆယ်ကို အားထုတ်သူ များစွာရှိပေသည်။ ထိုသို့ မိမိနေအိမ်တွင် အားထုတ်သော သူများသည် မဂ်ဆိုက်ဖိုလ်ဝင် တရားမြင်သည့် မဂ်စခန်းရောက်ပုံ၊ မည်သို့ရောက်ပုံ၊ မည်သို့တွေ့ကြုံပုံ၊ မည်သို့ခံစားရပုံများကို ရှာဖွေ၍ စုဆောင်းထားသော ကျမ်းစာဖြစ်သည်။

**လမ်းသစ်စာအုပ်တိုက်**

ယင်းကျမ်းစာမှာ ရဟန္တာအဖြစ် ထင်ပေါ်ကျော်စောတော်မူသော တောင်လေးလုံးဆရာတော်ဘုရား၊ မြင်းခြံမြို့ စွန်းလွန်းဆရာတော်ဘုရား၊ သထုံမြို့ မင်းကွန်ဆရာတော်ဘုရား၊ ကျောက်ဆည်မြို့ ဝေဘူဆရာတော်ဘုရား၊ မုံရွာခရိုင် ကန်နီမြို့ ရွှေသိမ်တောရဆရာတော်ဘုရား၊ စစ်ကိုင်းတောင်ရိုးအရှေ့ဘက်၊ အနောက်ဘက် ပရက္ကမ ဆရာတော်ဘုရား၊ ရန်ကုန်မြို့ သာသနာ့ရိပ်သာ မဟာစည် ဆရာတော်ဘုရား၊ ပြည်လမ်း လယ်တီဝိပဿနာတိုက် ဆရာတော်ဘုရား၊ ရန်ကုန်မြို့ မင်းကွန်းဝိပဿနာတိုက် ဆရာတော်ဘုရား၊ ဉာဏစာရီဆရာတော်ဘုရား၊ သဲအင်းဂူ ဆရာတော်ဘုရား၊ မိုးကုတ်ဆရာတော်ဘုရား၏ ကျမ်းစာများ၊ ကြို့ပင်ကောက်မြို့ ဇေယျမင်္ဂလာ ကျွန်းတောကျောင်းတိုက်ဆရာတော် ဦးနေမိန္ဒရ အရှင်မြတ်၏ ဗုဒ္ဓါနုဿတိ ဒီပနီကျမ်းမှစ၍ အခြား များစွာကုန်သော ဝိပဿနာကျမ်းများမှ လိုရင်းအချက်ကို တိုတိုနှင့် ဖတ်ရှုနားလည်ပြီးလျှင် ဘုရားဂုဏ်တော်ကို ယုံကြည်သော သဒ္ဓါတရားဖြင့် အားထုတ်က မဂ်ဖိုလ်ရပုံနည်းများကို ဖော်ပြထားခြင်း ဖြစ်ပါသည်။

မဂ်ဖိုလ်ရောက်ရန် အခြေခံဖြစ်သော သီလ၊ သမာဓိ၊ ပညာသုံးပါးတွင် ဘာဝနာစခန်းသည် မဂ္ဂင်ရှစ်ပါးထဲ၌ သမ္မာသတိ၊ သမ္မာသမာဓိကို အားကောင်းစေသော အလုပ်ဖြစ်သည်။ ယင်းသမာဓိနှင့် သတိမပါဘဲ စိတ္တဝိသုဒ္ဓိ မဖြစ်နိုင်ပေ။ ထို့ကြောင့် သမထကိုမပယ်သင့်ပါ။

ဤကျမ်းစာ ဖတ်ရှုပြီးဆုံးသောခါ၌ ဘုရားကို အလွန်ကြည်ညိုသော သဒ္ဓါတရားပေါ်လာပြီးလျှင် အားထုတ်သွားက သတိပဋ္ဌာန်လေးပါးနှင့် သုံးဆယ့်ရှစ်ပါးသော ကမ္မဋ္ဌာန်းများကို အားထုတ်ခြင်းဖြင့် မဂ်ဖိုလ်ရောက်နိုင်ကြောင်း တွေ့ရှိရပေလိမ့်မည်။

အခန်း ၁၅

# ဘုရားဟောသော အသက်ရှည်နည်း

[ ၁၆ ]

## ဘုရားဟောသော အသက်ရှည်နည်း

ကျွန်ုပ်၏ မိဘမျိုးရိုး အားလုံးတို့သည် အသက် ၅၅ နှစ်ထက် ပို၍ မရှည်ကြ။ မျိုးရိုး အားဖြင့် အသက်တိုသောမျိုး ဖြစ်သည်။ လူမှာ မျိုးရိုးလိုက်သည်။ အရုပ်ဆိုးသောမျိုး၊ အသက်တိုသောမျိုး၊ အသက်ရှည်သောမျိုး၊ ပညာတတ်သောမျိုး၊ ရုပ်ချောသောမျိုး၊ ဆံပင် ကောင်းသောအမျိုး စသည်ဖြင့် မျိုးရိုးလိုက်သည်။ ထို့ကြောင့် ကျွန်ုပ်၏ လက္ခဏာတွင် အသက် ၅၀ ကျော်၊ ၆၀ နား၌ သေမည်ဟု အာယုလမ်းကြောင်း လုံးဝပြတ်နေသည်။ သို့ရာတွင် ကျွန်ုပ်သည် အောက်ဖော်ပြပါ ဘုရားဟောတရားအတိုင်း ကျင့်ကြံအားထုတ် သဖြင့် ယခုအခါ အသက် ၈၂ နှစ်ထိ ရှည်လာသည်။ ယခင်က ပြတ်နေသော အာယု လမ်းကြောင်းမှာလည်း ဆက်လာသည်။ ထို့ကြောင့် ဒုတိယအာယုလမ်းကြောင်း အသစ် တစ်ခု ဘေးနားက ပို၍ ရှည်ထွက်လာသည်။ လက်တွေ့ဖြစ်သည်။ သူတစ်ပါးလက်နက် ဖြင့် သေရမည်ဟု ဥပစ္ဆေဒကကံ ပါခဲ့လျှင် မည်သည့်ယတြာမှ ပြုလုပ်၍ မရခဲ့ချေ။ ရိုးရိုး ၉၆ ပါးရောဂါနှင့် ပတ်သက်၍မူ ပြုပြင်၍ရသည်။

မဟာဝင်ဝတ္ထု စာမျက်နှာ ၃၅၃ ၌ ရှာ၍ ဖတ်ကြည့်ပါ။ ဝသဘမင်း နန်းတက် သည်။ နန်းတက်ပြီးသောအခါ ဗေဒင်ပညာတတ်သော ပုဏ္ဏားများက ဇာတာကို စစ်ဆေး ကြည့်ရာတွင် "ဘုရင်မင်းမြတ်သည် နောက်ကို ၁၂ နှစ်သာလျှင် အသက်ရှည်မည်"ဟု တညီတညွတ်တည်း ဟောပြသည်။ ထိုအခါ ရှင်ဘုရင်က ဆုငွေတစ်ထောင်စီ ပေးပြီးလျှင် "ဤကိစ္စကို ဘယ်သူကိုမှ မပြောရ"ဟု ပိတ်ပင်လိုက်သည်။

တစ်နေ့သောအခါ ရဟန္တာအရှင်မြတ် ငါးရာကို ပင့်ဖိတ်၍ နန်းတော်ထဲတွင် ဆွမ်းကျွေးတော်မူသည်။ ယင်းနောက် ရဟန္တာအရှင်မြတ်များအား "တပည့်တော်၏ သက်တမ်းကို ဒိဗ္ဗစက္ခုဖြင့် ကြည့်ရှုပေးတော်မူပါ"ဟု လျှောက်ထားသည်။ ထိုအခါ ဒိဗ္ဗစက္ခုရသော ရဟန္တာများက "ဒကာတော် မင်းကြီး၏ သက်တမ်းသည် ယနေ့မှစ၍

နောက်ကို ၁၂ နှစ်ရှည်မည်”ဟု မိန့်တော်မူသည်။ ထိုအခါ ဝသဘမင်းကြီးက “တပည့်တော်သည် အသက်ငယ်ပါသေးသည်။ အသက်ရှည်လိုပါသည်။ အသက်ရှည်ရန် ကျင့်ကြံအပ်သော တရားများ ဟောပြတော်မူပါ”ဟု လျှောက်ထားသည်။ မြတ်စွာဘုရားက ကောသလမင်းကြီးအား ဟောပြသော အသက်ရှည်ရန် ကျင့်ကြံအပ်သော တရားများကို ဟောပြတော်မူသည်။

ပရိဿာဝန ဒါနဥ္စ၊ အာဝါသဒါန မေဝစ။
ဂိလာန ဝတ္ထုဒါနဥ္စ၊ ဒါတဗ္ဗံ မနုဇာဓိပ။ ။
ကာတဗ္ဗံ ဇိဏ္ဏကာဝါသ၊ ပဋိသင်္ခရဏံ တထာ။
ပဉ္စသီလ သမာဒါနံ၊ ကတွာတံသာဓု ရက္ခိယံ။
ဥပေါသထူပဝါသောစ၊ ကတ္တဗ္ဗော ပေါသထေဋ္ဌတိ။ ။

(ပထာဝတ္ထု-သုံးဂါထာ)

မနုဇာဓိပ၊ လူတို့ကို အစိုးရသောမင်းကြီး။ ပရိဿာဝနဒါနဥ္စ၊ ရေစစ်အလှူကိုသော်လည်းကောင်း၊ အာဝါသဒါနမေဝစ၊ ကျောင်းကန်နေရာ အလှူကိုသော်လည်းကောင်း၊ ဂိလာနဝတ္ထုဒါနဥ္စ၊ လူနာ၊ ရဟန်းနာတို့အား ယာဂုဝတ်။ ဆေးဝတ် အလှူကိုသော်လည်းကောင်း။ ဒါတဗ္ဗံ၊ ပေးလှူအပ်၏။

တထာ၊ ထိုမှတစ်ပါး။ ဇိဏ္ဏကာဝါသ ပဋိသင်္ခရဏံ၊ ဟောင်းမြင်းဆွေးမြည့်သော ကျောင်းကန်နေရာ မွမ်းမံပြင်ခြင်းကိုလည်း ကာတဗ္ဗံ၊ ပြုအပ်၏။ ပဉ္စသီလသမာဒါနံ၊ ငါးပါးသီလ ပဉ္စသီ ဆောက်တည်ခံယူခြင်းကို။ ယတွာ၊ ပြု၍။ တံ၊ ထိုငါးပါးသီလ ပဉ္စသီကို။ သာဓုရက္ခိယံ၊ ကောင်းစွာစောင့်ရှောက်ရာ၏။

ဥပေါသထေ၊ ဥပုသ်နေ့တိုင်း၌။ ဥပေါသထူပဝါသောစ၊ ဥပုသ်ဆောက်တည်စောင့်သုံးခြင်းကိုလည်း။ ကာတဗ္ဗော၊ ပြုအပ်၏။

ဝသဘမင်းမြတ်၊ ငါးပါးသီလဟူသော ပဉ္စသီကို နေ့ညဥ့်မပြတ် အမြဲဆောက်တည်၍ အကြားအကြား ဥပုသ်နေ့၌ ရှစ်ပါး၊ ဆယ်ပါး စသော ဥပုသ်ဆောက်တည်ရာ၏။ ရေစစ်၊ ကျောင်းကန်နေရာ၊ ဂိလာန သူနာတို့အလို့ငှာ ယာဂု၊ ဆေး စသည်တို့ကိုလည်း ပေးလှူရာ၏။ ဆွေးမြည့်ယိုယွင်း ဟောင်းမြင်းသော ကျောင်းကန် နေရာကိုလည်း ပြုပြင်ရာ၏။ ဤသို့ပြုလျှင် အသက်ရှည်စွာ နေရသတည်းဟု ဟောတော်မူကြကုန်၏။

ဝသဘမင်းသည် အထက်ပါတရားတော်အတိုင်း အပြည့်အစုံလိုက်နာ ဆောင်ရွက်သောကြောင့် နောက်ထပ် ၁၂ နှစ်သာ မဟုတ်တော့ဘဲ ၄၄ နှစ်ကြာအောင် အသက်ရှည်ခဲ့သည်။ မည်သူမဆို အသက်ရှည်လိုလျှင် အထက်ပါ တရားတော်အတိုင်း ကျင့်ကြံပါ။ ငါးပါးသီလလုံလျှင်ပင် အသက်ရှည်နိုင်ပါသည်။ သို့ရာတွင် အထက်ပါအတိုင်းစုံလျှင် ပို၍ ကောင်းပါသည်။

ရေစစ်လှူရသည့် နေရာတွင် ကျွန်ုပ်သည် အဝတ်ရေစစ်များကို မလှူဘဲ ရိုးကုမ္ပဏီမှ ရေတကောင်းနှင့်တူသော ကျောက်ရေစစ်များကို ဝေဘူဆရာတော် ဘုရားမှစ၍ သီလအား၊

သမာဓိအားကောင်းသော ဆရာသမား သံဃာတော်များကို ပေးလှူခဲ့သည်။ ရေအိုးထဲသို့ ရေစစ်ကို ချထားလျှင် ရေများအထဲ စိမ့်ဝင်၍လာသည်။ ပိုးမွှားဟူသမျှ မပါ။ အနည်မှုန် လည်းမပါ။ ရေ၏အရသာ ထူးခြားကောင်းလာသည်။ နောင်ဝယ်၍ရသောအခါ အမြဲ လှူကြပါ။ အသက်ရှည်ပါလိမ့်မည်။

## အသက်ရှည်စေသော ဆေးနည်း

ကျွန်ုပ် ငယ်စဉ်ကပင် အသက်ရှည်စေလိုသဖြင့် ကောင်းသည်ဆိုသော ဆေးနည်း များ၊ အကျင့်များကို အမြဲတမ်း ရှာဖွေစုဆောင်းခဲ့သည်။ ကျွန်ုပ်ထံတွင် မည်သူမှ မမြင်ဘူး သော ဗုဒ္ဓအာယုဝဍ္ဎန ကျမ်းရှိသည်။ နှစ်ပေါင်းတစ်ရာနီးပါးရှိ၍ စာရွက်ကလေးများပင် ရိနေသည်။ ဤကဲ့သို့ ဘုရားဟော အသက်ရှည်သောနည်း၊ ဆရာသမားများက ရွှေသံပြာ ရောက်၊ အာယုပေါက် ဆိုသည့်အတိုင်း ရွှေသံပြဒါးများကို ပြုလုပ်ပေးနိုင်သော ဓာတ်လုံး ကိုထိုးခဲ့ရာ ပြာများလိုချင်သလောက် ရသည်။ သို့ရာတွင် အလွန် ခက်ခဲသည်။ ထို့ပြင် များစွာကုန်သော ဆေးနည်းများကိုလည်း ကျွန်ုပ် ရှာဖွေခဲ့သည်။ အလွယ်ဆုံးနည်းမှာ ရိုးရိုးနနွင်း ငါးဆယ်ကျပ်သား၊ နနွင်းခါး ငါးဆယ်ကျပ်သား၊ တစ်ပိဿာကို အမှုန့် ကြိတ်စက်တွင် အမှုန့်ပြုပါ။ ယင်းနောက် လောက်စာလုံးသေးသေးခန့် အလုံးလေးတွေ လုပ်၍ ခြောက်အောင် နေလှန်းပါ။ ယင်းဆေးလုံးများကို နံနက်တိုင်း တစ်လုံးစား၍ ရေသောက်ပါ။ ထို့ပြင် ပျားရည်ကို လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် တစ်ခါတည်း အတူတူ သောက်ပါ။ ဆောင်းရာသီဆိုလျှင် ရေနွေးနှင့် သောက်နိုင်ပါသည်။ ဤကဲ့သို့ သောက်လျှင် နလုံးအားနည်းသောရောဂါ၊ ထုံကျင်ကိုက်ခဲသောရောဂါ၊ အိပ်မပျော်သော ရောဂါ၊ အစာအိမ်ရောဂါ၊ အရေပြားပေါ်၌ဖြစ်သော ပွေး၊ ညှင်း၊ တင်းတိတ်ရောဂါများ ပျောက်စေသည်။ ထမင်းစားကောင်းသည်။ ၉၆ ပါးအားလုံးပျောက်သည်။ အထူးသဖြင့် ဝမ်းပျက်သောသူများ၊ သွေးဝမ်းရောဂါသမား၊ လိပ်ခေါင်းရောဂါသမားများ ၁၀ ရက်နှင့် ပျောက်သည်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်တုန်းက ဂျပန်များ ဝင်လာသောအခါ ကျွန်ုပ်တို့သည် မေမြို့အရှေ့ဘက် ရှမ်းရွာတစ်ရွာသို့ ပြေး၍ ပြောင်းရွှေ့နေကြရသည်။ ကျွန်ုပ်တို့ တည်းခို သော အိမ်ရှင်အမျိုးသမီးကြီးမှာ အသက် ၄၂ နှစ်ခန့်ရှိသည်။ ကျွန်ုပ်တို့ရောက်ပြီး တစ်လလောက်တွင် ကလေးမျက်နှာ မြင်သည်။ သုံးရက်ကြာသောအခါ ချောင်းထဲသို့ သွား၍ ရေချိုးသည်။ သူ ရေချိုးသွားမည်ကို ကျွန်ုပ် သိမြင်သောအခါ သူ့ကို တောင်းပန် သည်။ "အစ်မကြီး၊ ကျွန်တော်တို့ မြန်မာလူမျိုးမှာ ခုနစ်ရက်ပြည့်မှ မီးထွက်ရသည်။ ရေအေးကို မကိုင်ရ၊ မီးယပ်ကျိုး ကျိုးတတ်သည်။ ရောဂါတစ်ခုခု ဖြစ်တတ်သည်ဟု ဆိုပါသည်။ ဒါကြောင့် ခုနစ်ရက်နေမှ ရေချိုးပါ"ဟု စေတနာနှင့် ဆရာလုပ်သည်။

သို့ရာတွင် အိမ်ရှင်ရှမ်းမကြီးမှာ "ကိစ္စမရှိ"ဟု ပြောပြီးနောက် ရေချိုးသည်။ ထိုနေ့တွင်ပင် သူ၏အလုပ်ခြံသို့သွား၍ စိုက်ပျိုးသည်။ ပေါက်ပြားပေါက်သည်။ သူသည်

ဘာရောဂါမှ မဖြစ်ချေ။ စားနိုင်သောက်နိုင် ကျန်းမာလျက်ရှိသည်။ ကျွန်ုပ်သည် အံ့သြသွားသည်။ ထို့ကြောင့် တစ်နေ့သောအခါ "အစ်မကြီး၊ မီးထွက်တော့ ဘာဆေးတွေစားသလဲ။ ဤကဲ့သို့ ကျန်းမာနေသည်မှာ ဆေးနည်းရှိလိမ့်မည်"ဟု မေးကြည့်သည်။

ထိုအခါ သူ၏မီးဖိုနားသို့ ခေါ်သွားပြီးလျှင် ပြသည်။ ဥသျှစ်သီးလောက်ရှိသော နနွင်းကို ရေဖြင့် ပျော့ပျော့ အလုံးကြီးလုပ်ထားသည်။ ယင်းနနွင်းကို နံနက်တိုင်း ဆီးသီးခန့်၊ လောက်စာလုံးခန့်ယူ၍ ရေနွေးနှင့် သောက်သည်။ နေ့လယ်တစ်ခါ သောက်သည်။ ညတစ်ခါသောက်သည်။ တစ်နေ့ သုံးခါ သောက်သည်။ ဒီဆေးကြောင့် "ငါတို့ ကျန်းမာတာ၊ တို့ဘိုးစဉ်ဘောင်ဆက်က ဆေးနည်းဖြစ်သည်"ဟု ပြောသည်။

သို့သော် ကျွန်ုပ်သည် အတွေ့အကြုံ နည်းသေးသဖြင့် ယင်းဆေးနည်း အဖိုးတန်သည်ကို မယုံချေ။ ရန်ကုန်ရောက်သောအခါ ကျွန်ုပ် ဆံပင်ညှပ်သော ဆိုင်တွင် စကားစပ်မိ၍ ကျွန်ုပ်တွင် ကျောက်မဲ ငှက်ဖျားမိသောကြောင့် သစ်တောဘက်တွင် လုပ်တုန်းက တစ်ကြိမ် နှစ်ကြိမ်တိတိ ငှက်ဖျားရောဂါ ဖြစ်ပြီးလျှင် သတိပင်မေ့သွားသည်။ ဆံပင်တွေ ကျွတ်သွားသည်။ ထို့ကြောင့် "ဆေးနည်းလေးရှိလျှင် ပြောပါ"ဟု ဆံပင်ညှပ်သူကို စုံစမ်းကြည့်သည်။ ကံက အလွန်ကောင်းသည်။ ဆံပင်ညှပ်သူက အောက်ပါအတိုင်း ပြောပြသည်။

သူသည် ၁၀ နှစ်သား ကိုရင်လေးဝတ်တုန်းက အင်းစိန်ခရိုင်ရှိ နဲသမိန်ရွာ ဘုန်းကြီးကျောင်းတွင် နေသည်။ ဘုန်းတော်ကြီးမှာ သက်တော် ၈၀ ရှိပြီ။ ဆံပင်ဖြူ တစ်ပင်မှ မရှိ။ အားလုံးဆံပင်တွေ နက်နေသည်။ ဆွမ်းကိုလည်း သုံးပန်းကန်ပြားလောက် ဘုဉ်းပေးနိုင်သည်။ ပင်ပန်းသော၊ လေးလံသော ပစ္စည်းများကိုလည်း ထမ်းပိုးသယ်ယူနိုင်သည်။ တစ်နေ့တွင် အသက် ၄၂ ခန့်ရှိသော ဆရာတော်၏ ကျောင်းအစ်မကြီးသည် ဆွမ်းလာပို့သည်။ ထိုအခါ ကျောင်းအစ်မကြီးက ဆရာတော်အား ဤသို့ လျှောက်ထားသည်။

"ဆရာတော်ဘုရား၊ ဆရာတော်ဘုရားသည် သက်တော် ၈၀ ရှိပြီး ဆံပင်တွေလည်း တစ်ချောင်းမှ မဖြူ၊ ဆွမ်းလည်း အများကြီး ဘုဉ်းပေးနိုင်သည်။ ၉၆ ပါးသော ရောဂါလည်း မရှိပါ။ တပည့်တော်မမှာ ယခုအသက် ၄၂ နှစ်တွင် ဆံပင်တွေ တစ်ဝက်ပင် ဖြူလာပါသည်။ ခဏခဏလည်း ညောင်းကိုက်ထုံကျင် ဖြစ်ပါသည်။ ဆရာတော်မှာ ဆေးနည်းများရှိလျှင် ပေးတော်မူပါဘုရား"ဟု လျှောက်ထားသည်။ ထိုအခါ ဆရာတော်က ပေါပေါရလျှင် မည်သူမှ တန်ဖိုးမထားကြောင်း သိသဖြင့် "ငါ၏ ဆေးနည်းကို ပေးသော်လည်း ဒကာမကြီးက သောက်မှာမဟုတ်"ဟု အမိန့်ရှိသည်။ ထိုအခါ ကျောင်းအမကြီးက "ဆရာတော်ဘုရားက ကောင်းသည်ဆိုလျှင် မည်သည့်ဆေးမျိုးမဆို သောက်လိုပါသည်"ဟု ထပ်မံ၍ လျှောက်ထားသည်။ ထိုအခါ ဆရာတော်က ကိုရင်လေးအား သူ၏ အခန်းထဲက ဆေးလုံးတွေယူခဲ့ ဆိုပြီးလျှင် ကျောင်းအမကြီးကို လက်ဝါးတစ်ဆုပ် ပေးလိုက်သည်။

ဤဆေးလုံးမှာ ရိုးရိုး နနွင်းကို အမှုန့်ပြု၍ လောက်စာလုံးခန့် လုံးထားခြင်း ဖြစ်သည်။ ဤဆေးနည်းသည် ၉၆ ပါးရောဂါ ပျောက်သည်။ အသက်ရှည်သည်။ ဆံပင် နက်သည်။ အစားအသောက်မပျက် စားကြည့်ဟု ပေးလိုက်သည်။ ထို့ကြောင့် နနွင်းသည် တကယ်ပင် ၉၆ ပါးကို ပျောက်စေသည်။ နနွင်းထက် နနွင်းခါးကို ထက်ဝက် စပ်၍သောက်လျှင် ပို၍ကောင်းသည်။ သွေးတိုးရောဂါ ပျောက်သည်။ အိပ်မပျော်သော ရောဂါ လုံးဝပျောက်သည်။ အိပ်ရာမထချင်အောင် အိပ်ပျော်သည်။ ထုံကျင်ကိုက်ခဲလျက် ခြေဖျားလက်ဖျား အေးသောရောဂါကိုလည်း ပျောက်စေသည်။ အဆစ်အမြစ်ကိုက်သော ရောဂါကိုလည်း ပျောက်စေသည်။ ချွေးတွေ အမြဲတမ်း ထွက်၍ အမြဲတမ်း ကျန်းမာနေ သည်။ လက်တွေ့ဖြစ်သည်။

လူတို့ အသက်ရှည်နေသည်မှာ တေဇောဓာတ်ကြောင့် ဖြစ်သည်။ လူတစ်ယောက် အသက်ရှည်မရှည်၊ တေဇော ရှိမရှိကြည့်လျှင် သိသည်။ အသက်ကြီးလာလျှင် တေဇော ဓာတ် လျော့သွားသည်။ အင်္ကျီထူထူကြီးတွေ ဝတ်ရသည်။ လူတစ်ယောက်သည် အအေး ကြောက်လာပြီဆိုလျှင် သေဖို့နီးပြီ မှတ်ပါ။ အဘယ့်ကြောင့်ဆိုသော် သူ့မှာ တေဇော ဓာတ် လျော့သွားသည်။ အအေးကြိုက်သည်ဆိုလျှင် ထိုသူမှာ တေဇောဓာတ် အားကောင်း သည်။ ထို့ကြောင့် အသက်ရှည်မည်။

အနောက်နိုင်ငံရှိ ဆရာဝန်ကြီးများကလည်း လူတစ်ယောက် အသက်ရှည် မရှည် ကို 'အအေးကြိုက်သလား၊ အပူကြိုက်သလား'ဟုမေး၍ ဆုံးဖြတ်သည်။ အအေးကြိုက် သောသူမှ အသက်ပို၍ ရှည်သည်။ အဘယ်ကြောင့်ဆိုသော် ရေခဲသေတ္တာထဲတွင် ထား သော စားစရာ အသီးအရွက်များသည် ကြာရှည်ခံသည်။ နေပူထဲတွင် ထားသော အစားအစာ အသီးအရွက်များသည် ခဏလေးနှင့် ပုပ်သွားသည်။ တေဇောဆိုသည်မှာ ဧရုတ်သီးကို ပြသည်မဟုတ်၊ သွေးကိုလည်စေသော ခွန်အားကို ဆိုသည်။ သင်လည်း ယုံကြည်လျှင် စားကြည့်ပါ။ အသက်ရှည်မရှည် လူကိုကြည့်လျှင် သိသည်။ အနောက် နိုင်ငံများတွင် အသက်အာမခံထားရာ၌ လူတစ်ယောက်၏ရင်ပိုင်းကို ပေကြိုးနှင့် တိုင်း သည်။ ဝမ်းဗိုက်ကို ပေကြိုးနှင့် တိုင်းသည်။ လူတစ်ယောက်၏ ဝမ်းဗိုက်ကို တိုင်းသော အတိုင်းအထွာသည် ရင်ပိုင်းကိုတိုင်းသော အတိုင်းအထွာထက် နှစ်လက်မထက် ကျော် ခဲ့သည်ရှိသော် ထိုသူသည် မြန်မြန်သေသည်။ ထို့ကြောင့် အသက်အာမခံ မထားချေ။ အလွန်မှန်သည်။ ဗိုက်ကြီးပူနေလျှင် မကြာခင် သေတာများသည်။ မိမိကိုယ်ကိုပင် မသယ်နိုင်အောင် ဖြစ်သွားသည်။ ထို့ကြောင့် ဝဝတုတ်တုတ်ကြီးဖြင့် လေဖြတ်သူတွေ ခဏခဏ တွေ့ရသည်။ အင်္ဂလိပ်စကားပုံ ရှိသည်။ 'ခါးပတ်ရှည်လေလေ အသက်တို လေလေ'ဟု ဆိုသည်။ ဗိုက်ပူခြင်းကို ပြောခြင်းဖြစ်သည်။ လူ၏အလေးချိန်ကို သွားလာ လှုပ်ရှားရာ၌ နလုံးက အားပေးရသည်။ ပိဿာနှစ်ဆယ် ထမ်းရသောသူနှင့် ဆယ်ပိဿာ ထမ်းရသောသူတို့ ခရီးသွားလျှင် ပိဿာနှစ်ဆယ် ထမ်းရသောသူက ဝေးဝေးမသွားနိုင် တော့ချေ။ ဆယ်ပိဿာ ထမ်းသောသူက ပို၍ ခရီးဝေးအောင် သယ်ယူနိုင်သည်ကို

အင်္ဂလိပ်စကားပုံအားဖြင့် 'လူ၏ ကိုယ်အလေးချိန်များလေလေ ခရီးသွားရန် နှေးလေလေ' ဟု ဆိုသည်။ ဤကဲ့သို့လည်း တစ်နည်းအားဖြင့် မှတ်ထိုက်သည်။

တစ်ဖန် အသက်ရှည် မရှည်ကို မိမိ၏ ဝမ်းဗိုက်သားကို လက်ညှိုးနှင့် လက်မဖြင့် ညှစ်၍ ဆွဲကြည့်ပါ။ ယင်း၌ အဆီပြင်တွေ များနေသော် ယင်း ဗိုက်ခေါက်သားသည် တစ်လက်မထက် ပို၍ထူလျှင် အသက်တိုသည်။ အဓိပ္ပာယ်က အဆီပြင်တွေများလျှင် သွေးကြောပိတ်ပြီးလျှင် အသက်တိုသည်။ ထို့ကြောင့် ဗိုက်ခေါက်သားသည် တစ်လက်မ ထက် မကျော်စေရ။ ပိန်စေလိုသော် အစာကို တိုင်းထွာ၍ စားရမည်။ တစ်နေ့တစ်နာရီ လမ်းလျှောက်ရမည်။ တတ်နိုင်လျှင် လေ့ကျင့်ခန်း လုပ်ရမည်။ မည်မျှပင် ဝစေကာမူ စက်ဘီး တစ်နေ့တစ်နာရီ စီးလျှင် ဗိုက်ခေါက်ကြီး ပိန်ကပ်သွား၍ လူလည်း ပျော့ပျောင်း လာသည်။ သင်လည်း အသက်ရှည်လိုလျှင် ဤကဲ့သို့ လေ့ကျင့်ပါ။

## အမြတ်ဆုံးသော ဝိပဿနာအလုပ်

ဝိပဿနာတရားကို မြင်လုံးထွားအောင် ပွားများမှုသည်ကား နိဗ္ဗာန်ရောက်ကြောင်း ခရီးဟောင်းအမျိုးမျိုးတွင် လမ်းတိုလမ်းဖြောင့် ဖြစ်သတည်း။ သို့ပင် ဖြစ်သော်လည်း ဉာဏ်၏အလုပ် ဖြစ်သောကြောင့် လူတိုင်း နားမလည်ပြီ။ နားလည်သော်လည်း ငြီးငွေ့ ဖွယ် နိဗ္ဗိန္ဒအလုပ် ဖြစ်သောကြောင့် လူတိုင်း မလုပ်နိုင်ပြီ။ သို့ဖြစ်၍ မျောက်အုန်းသီး ရသကဲ့သို့ ခွဲလည်း မစားတတ်။ အရသာကိုလည်း မသိ။ အကြံကလည်း မသိ။ ဉာဏ်ကလည်း တုံးတိ။ ဗာလာနံ အကန်းအတိဖြစ်၍ ဓမ္မနှင့်ဝေး၊ သံသရာဈေးကြောင်း ပေါက် ရှေ့မထောက် နောက်မမျှော် အဖော်တွေ တရုံးရုံးနှင့် တပြုံးပြုံး ပျော်မြူး၍ မူးမေ့ကာ နေကြလေသတည်း။ အများပင် မူးကြသော်လည်း ကိုယ်ကရော၍ မရူးလေနှင့် ဆိုလိုသည်။

ထို့ကြောင့် မကွေ့မထောင့်၊ လမ်းဖြောင့်တရား၊ တွေ့ပါသားနှင့်၊ အများမူးတိုင်း၊ နင်မရူးနှင့်၊ ထူးသည့်အခါ၊ ဝိပဿနာကို၊ ခါခါပွားမှ၊ သွားမည့်သံသရာ၊ အစဉ်ပါမည်၊ နင်သာသတိထားဟု ဆိုပါသည်။

နာမ်ရုပ်ခန္ဓာ၊ သဘာဝကို၊ ဒိဋ္ဌမြင်ရန်၊ ကြံဖန်စေ့ငု၊ စိုက်၍ရှုသော၊ ဝိပဿနာ အလုပ်ကား နိဗ္ဗာန်ရောက်ကြောင်းတရားတွင် မဂ်တံခါးအဖွင့်၊ အကျင့်တွင်အချုပ်၊ အလုပ် တွင်အသာ၊ ပါရမီတွင် အမြတ်ဆုံး၊ ဤကဲ့သို့ နှလုံးထားတော်မူ၍

> ပညဝါ ဟိ ပုရိသော ဝိပဿနံ ဝဍ္ဎေတွာ အရိယမဂ္ဂ ဒွါရံ ဝိဝရိတွာ အမတနိဗ္ဗာနံ ပဝိသိဿတိ။ သာဝကပါရမိမ္ပိ ပစ္စေကဗောဓိမ္ပိ သမ္မာ အသမ္ဗောဓိမ္ပိ ပဋိဝိဇ္ဈိဿတိ။ အမတ မဟာနိဗ္ဗာနသမ္ပာပကေသု ဟိဓမ္မေသု ပညာဝ သေဋ္ဌာ၊ အဝသေသာ တဿ ပရိဝါရာ ဟောန္တိ။ (သုတ္တနိပါတ် အဋ္ဌကထာ)

ဟိ၊ ထင်စွာပြဦးအံ့။ ပညဝါ၊ ပညာရှိသော။ ပုရိသော၊ ယောက်ျားသည်။ ဝိပဿနံ၊ ဝိပဿနာကို။ ဝဍ္ဎေတွာ၊ ပွားစေ၍။ အရိယမဂ္ဂဒွါရံ၊ အရိယမဂ်တည်းဟူသော တံခါးကို။

ဝိဝရိတွာ၊ ဖွင့်လှစ်၍။ အမတနိဗ္ဗာနံ၊ အမြိုက်နိဗ္ဗာန်သို့။ ပဝိသိဿတိ၊ ဝင်ရလတ္တံ့။ သာဝကပါရမိမ္ပိ၊ သာဝကပါရမီဉာဏ်ကိုလည်းကောင်း။ ပစ္စေကဗောဓိမ္ပိ၊ ပစ္စေကဗောဓိဉာဏ်ကို လည်းကောင်း။ သမ္မာသမ္ဗောဓိမ္ပိ၊ သမ္မာသမ္ဗောဓိဉာဏ်ကို လည်းကောင်း။ ပဝိဋ္ဌိဿတိ၊ ထိုးထွင်း၍ သိရလတ္တံ့။ ဟိသစ္စံ၊ မှန်၏။ အမတနိဗ္ဗာန သမ္မာပကေသု၊ အမြိုက်နိဗ္ဗာန်သို့ ရောက်စေကုန်သော။ ဓမ္မေသု၊ တရားတို့တွင်။ ပညာဝ၊ ဝိပဿနာ ပညာပါရမီသည်သာလျှင်။ သေဋ္ဌာ၊ အမြတ်ဆုံးပေတည်း။ အဝသေသာ၊ ကြွင်းသော ပါရမီတို့သည် တဿ၊ ထိုဝိပဿနာ ပညာပါရမီ၏။ ပရိဝါရာ၊ အခြံအရံတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

စာကြည့်၍သော် လည်းကောင်း၊ သူတစ်ပါး ပြောဟော၍သော် လည်းကောင်း သိသောဉာဏ်ကို သုတမယဉာဏ် ခေါ်သည်။ ကိုယ်တိုင်ကြံဖန်၍ သိသောဉာဏ်ကို စိန္တာမယဉာဏ် ခေါ်သည်။ ဝိပဿနာ့ရှုမှု ကြည့်မှုတို့ကား စိန္တာမယဉာဏ် အချက်ကိုသာ ဖြစ်သတည်း။

လယ်တီဆရာတော်ဘုရားကြီး စီရင်တော်မူသော စာအုပ်များမှ ဝိပဿနာ ရှုကြည့်ရန် ရေးသားသော အချို့သော တရားများသည် စိန္တာမယဉာဏ်ဖြင့် သိအပ်သော တရားတွေသာတည်း။ အချို့သော သူတို့က ပါဠိမပါသောကြောင့် ပျော့ပျက်ပျက်ရှိသည်ဟု ဆိုကြ၏။ ပါဠိ တိုက်ရိုက်ရှိသော တရားကိုသိလျှင် စိန္တာမယဉာဏ်မဖြစ်။ သုတမယ ဉာဏ်သာ ဖြစ်၏။ စိန္တာမယဉာဏ် မဖြစ်က ဝိပဿနာဉာဏ်အစစ်သို့ မဆိုက်။ အမြိုက် နိဗ္ဗာန်နှင့် အဝေးကြီး။ သက္ကာယဒိဋ္ဌိစီး၍ အချည်းနှီးအလကား တုစ္ဆနယ်သား မဖြစ်ရအောင် အားသစ်ရမည် ဆိုလိုသည်။

ကိုယ့်စိန္တာမယဉာဏ်နှင့်လည်း မသိ။ သူတစ်ပါး စိန္တာမယဉာဏ်နှင့် သိအပ်သော တရားစာကိုလည်း မကြည့်ချင်။ စိတ်ကြီးဝင်၍ နေသောသူများ မဟာအမှားကြီးပေတည်း။

ထို့ကြောင့် ဒါန, သီလ, ဘာဝနာတရား သုံးပါးတို့တွင် အမြတ်ဆုံး အဖိုးတန်ဆုံး ဝိပဿနာကို တစ်နေ့တစ်နာရီ လူတိုင်း အားထုတ်သင့်သည်။ အဟုတ်လိုချင် အဟုတ်ပင် တစ်မဂ်တစ်ဖိုလ်မှချ ရနိုင်ပါသည်။ ဝိမုတ္တခေတ် အမှန်ပင် ဖြစ်သည်။

ကျေးဇူးရှင်
မိုးကုတ်ဆရာတော်ဘုရားကြီး အစဉ်ဟောကြားတော်မူသော
ဓမ္မလက်ဆောင် တရားတော်

သီလဆောက်တည်ပြီးလျှင် ပြည့်စုံအောင် ဖြည့်ကြ၊ ဖြည့်လို့ ပြည့်စုံပြီဆိုလျှင် မိမိစိတ် အလိုအတိုင်း ပြီးမယ်။ ယခုလည်း ချမ်းသာမယ်၊ နောင်လည်း ချမ်းသာမယ်။

ပိဋကတ်သုံးပုံဆိုတာ အလွန် ကျယ်ဝန်းတယ်။ ပိဋကတ်သုံးပုံကို အကျဉ်းချုံးပါလျှင် ဗောဓိပက္ခိယတရား ၃၇ ပါးရတယ်။ ဗောပက္ခိယတရား ၃၇ ပါးကို အကျဉ်းချုံးလျှင် မဂ္ဂင်ရှစ်ပါး ရပါတယ်။ မဂ္ဂင်ရှစ်ပါးကို အကျဉ်းချုံးလျှင် သိက္ခာသုံးပါး ရပါတယ်။ သိက္ခာသုံးပါးကို အကျဉ်းချုံးလျှင် (ဧကောဓမ္မော)ဟု ဆိုအပ်သော သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း တရားတစ်ခု ရတယ်။ သိက္ခာသုံးပါးဆိုတာ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာပါပဲ။ ကာယကံသောင်းကျန်းမှု၊ ဝစီကံသောင်းကျန်းမှုမရှိလျှင် အဓိသီလလို့ ခေါ်တယ်။ အဓိသီလ အားကောင်းလျှင် စိတ်တွေ သောင်းကျန်းမှုမရှိဘဲ ငြိမ်ဝပ်ပိပြားပြီး တည်နေလျှင် (သမာဓိ) အဲဒါ အဓိစိတ္တပါပဲ။ အဓိစိတ္တအားကောင်းလို့ အချိန်ကြာလျှင် ဘယ်သူ, ဘယ်နတ်, ဘယ်ဗြဟ္မာမှ ဖန်တီးလို့ မဖြစ်ဘူး။ လျှပ်တစ်ပြက်အတွင်းမှာ ကုဋေတစ်သိန်း ဖြစ်ပြီး ပျက်နေတယ်။ ရုပ်ကို နာမ်ကသိနေလျှင် (ဖြစ်–ပျက်)ကို သိတော့တာပဲ။ ဖြစ်–ပျက်ကိုသိတာ အဓိပညာလို့ ခေါ်တယ်။

အများနားလည်အောင် ပြောရမယ်ဆိုလျှင် ခန္ဓာကိုယ်မှာ ထင်ရှားတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ နှာဖျားနှာဝမှာ လေနှစ်ရပ်ဟာ အမြဲ ဝင်ထွက်နေတယ်။ နှာဖျား နှာဝ ကာယပသာဒ အကြည်ဓာတ်က အထိခံ၊ ထွက်လေ ဝင်လေဖြစ်တဲ့ လေနှစ်ရပ်ဟု ဆိုအပ်သော ဝါယောဓာတ်က ထိတဲ့ဟာ အထိခံရတာလည်း ရုပ်တဲ့။ ထိတာကလည်း ရုပ်ပဲ။ အဲဒီ ရုပ်နှစ်ခု ထိတာကို သိတာက နာမ်ဆိုတော့ ဒကာကြီး ဒကာမကြီးတို့ သူများမေးမနေနဲ့ ကိုယ့်နှာဝကို ဉာဏ်နှင့်စောင့်ကြည့်၊ ဝင်တော့ ထိမယ်။ ထွက်တော့

လမ်းသစ်စာအုပ်တိုက်

လည်း ထိမယ်။ ထိတာကိုသိရင် လောဘ၊ ဒေါသ၊ မောဟ ဖြစ်ခွင့်မရလို့ လောဘမီး၊ ဒေါသမီး၊ မောဟမီး ငြိမ်းတယ်။ ငြိမ်းတော့ အေးတယ်။

မထိခင်ကလည်း သိလို့ မဖြစ်ဘူး။ ထိပြန်တော့လည်း သိလို့ မဖြစ်ဘူး။ ထိတုန်းတာ သိတာဖြစ်တယ်။ အဲဒါကို ပစ္စုပ္ပန်တည့်တည့်လို့ ဆိုတယ်။ ထိတာကို သိနေရင်လည်း (ရုပ်နဲ့နာမ်)သာ ရှိပါကလားလို့ သိလိမ့်မယ်။ ရုပ်-နာမ်မှတစ်ပါး ငါ-သူတစ်ပါး ယောကျ်ား/မိန်းမ လူ, နတ်မ ဗြဟ္မာ မရှိဘူးဆိုတာ ဘုရားရှင်၏တရားတော် အမှန်ပါကလားလို့ ကိုယ့်ဟာကိုယ် သိလိမ့်မယ်။ သူများမေးနေဖို့ မလိုပါဘူး။ နှာဝမှာ လေထိတာကိုသိရင် ထိုအချိန်မှာ အတ္တဆိုတဲ့ ကိုယ်မရှိဘူး။

ထိုသိနေတဲ့ အချိန်မှာ ဉာဏ်အမြင် စင်ကြယ်တယ်။ သမာဓိဋ္ဌိ ဖြစ်တယ်။ ထိတာကို သိနေတဲ့အချိန်မှာ ရုပ်,နာမ်မှတစ်ပါး ဘာတစ်ခုမှ မရှိပါကလားလို့ ထိတာကို နာမ်ရုပ် ပိုင်းခြားသိပြီးမို့ နာမရူပ-ပရိစ္ဆေဒဉာဏ်လို့ ခေါ်တယ်။ တစ်ထိတည်းထိ သိနေလျှင် အတ္တစင်၍ ဉာဏ်အမြင် စင်ကြယ်တဲ့ အကျိုးရတယ်။ ဒါဟာ တဒင်္ဂပဟာန် ခဏလေး အချိန်မှာရတဲ့ အကျိုးနည်းတယ်လို့များ မမှတ်ကြနဲ့။ ကမ္ဘဋ္ဌာန်းထိုင်ရတာများ ဘာမှလည်း မတွေ့ပေါင်။ ဘာမှလည်း မရပေါင်လို့များ မမှတ်လိုက်ကြနဲ့။ ဘုရားသာသနာနဲ့ ကြုံကြိုက်တဲ့အခါမှာ အင်မတန်ကြီးမားတဲ့ အကျိုးထူးများ ရနိုင်တယ်။ အထူး ကြိုးစားကြ စသည်ဖြင့် ဆရာတော်ဘုရား ဟောကြားတော်မူသည်လို့ အနှစ်ချုပ် ဖော်ပြလိုက်ပါကြောင်း...။

## အာနာပနသ္သတိ သုတ္တန်
## အာနပါန ရှုမှတ်ကြ

၁။ အာနပါနံသတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ စတ္တာရော သတိပဋ္ဌာနေ ပရိပူရေန္တိ။

၂။ စတ္တာရော သတိပဋ္ဌာနာ ဘာဝိတာ ဗဟုလီကတာ သတ္တဗောဇ္ဈင်္ဂေ ပရိပူရေန္တိ။

၃။ သတ္တဗောဇ္ဈင်္ဂါ ဘာဝိတာ ဗဟုလီကတာ ဝိဇ္ဇာ ဝိမုတ္တိံ ပရိပူရေန္တိ။

(ဥပရိပဏ္ဏာသပါဠိတော် အနုပဒဝဂ် အာနာပါနသုတ်)

၁။ ဘိက္ခဝေ၊ ရဟန်းတို့။ အာနာပါနသတိ၊ အာနာပါန သတိ ကမ္မဋ္ဌာန်း အလုပ်သည် ဘာဝိတာ၊ ပွားများစေအပ်သည်ရှိသော်၊ ဗဟုလီကတာ၊ နေ့ရက်များစွာ လေ့လာစွဲမြဲခြင်းကို ပြုအပ်သည်ရှိသော် စတ္တရော သတ္တိပဋ္ဌာနေ၊ သတိပဋ္ဌာန်လေးပါးတို့ကို ပရိပူရေန္တိ။ ပြီးပြည့်စုံစေနိုင်ကုန်၏။

၂။ စတ္တာရော သတိပဋ္ဌာနာ၊ လေးပါးသော သတိပဋ္ဌာန် တရားသည် ဘာဝိတာ၊ ပွားများစေအပ်ကုန်သည်ရှိသော် ဗဟုလီကတာ၊ နေ့ရက်များစွာ လေ့လာခြင်းကို ပြုအပ်ကုန်သည်ရှိသော်။ သတ္တဗောဇ္ဈင်္ဂေ၊ ဗောဇ္ဈင်ခုနစ်ပါးတို့ကို။ ပရိပူရေန္တိ၊ ပြီးပြည့်စုံနိုင်ကုန်၏။

၃။ သတ္တဗောဇ္ဈင်္ဂါ၊ ဗောဇ္ဈင်ခုနစ်ပါးတို့သည် ဘာဝိတာ ပွားများစေအပ်ကုန်သည်ရှိသော် ဗဟုလီကတာ၊ နေ့ရက်များစွာ လေ့လာအားထုတ်ကုန်သည်ရှိသော် ဝိဇ္ဇာ ဝိမုတ္တိံ၊ လောကုတ္တရာ ဝိဇ္ဇာလေးပါး၊ ဝိမုတ္တိလေးပါးကို။ ပရိပူရေန္တိ၊ ပြီးပြည့်စုံစေနိုင်ကုန်၏။

**လမ်းသစ်စာအုပ်တိုက်**

## မဟာရာဟုလောဝါဒသုတ်

## အာနာပါန ကမ္မဋ္ဌာန်းကို စီးဖြန်းရသော အကျိုးငါးပါးကိုပြခြင်း

ဘိက္ခု၊ ရဟန်းသည်။ ဣဓ၊ ဤငါဘုရားသာသနာတော်၌။ အာနပါနဿတိ၊ အာနပါနဿတိ ကမ္မဋ္ဌာန်းကို အာနူယုတ္တော၊ ယှဉ်သည်ဖြစ်၍။ ကောသနေ၊ တစ်ထိုင် တည်းသောနေရာ၌။ နိသိန္နော၀၊ နေလျက်သာလျှင်။

၁။ သဗ္ဗာသဝေ၊ အလုံးစုံသော အာသဝေါတရားလေးပါးတို့ကို၊ ခေပေတွာ ကုန်စေ၍ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့ ပါပုဏာတိ၊ ရောက်နိုင်၏။ တထာ၊ ထိုဆိုပြီးသောအတိုင်း။ အသက္ကောန္တော၊ မရောက်နိုင်သေးသည်ရှိသော်။

၂။ မရဏကာလေ၊ သောကာနီးသော ကာလ၌။ သမသီသီ၊ ရဟန္တာသည်။ ဟောတိ၊ ဖြစ်နိုင်၏။ တထာ၊ ထိုဆိုပြီးသောအတိုင်း။ အသက္ကောန္တော၊ မရောက်နိုင်သေးသည်ရှိသော်။

၃။ ဒေဝလောကေ၊ နတ်ပြည်၌။ နိဗ္ဗတ္တိတွာ၊ ဖြစ်၍၊ ဓမ္မကထိက၊ ဝေဝုတ္တဿ၊ ဓမ္မကထိက နတ်သား၏။ ဓမ္မံ၊ တရားတော်ကို။ သုတွာနရ၍၊ (ဝါ)နာရ သည်ရှိသော်။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပါပုဏာတိ၊ ရောက်နိုင်၏။ တတော၊ ထိုနတ်ပြည်မှ။ ဝိရဒ္ဓေါ၊ ချွတ်လွဲခဲ့သည်ရှိသော်။

၄။ ဗုဒ္ဓုပ္ပါဒေ၊ ဘုရားရှင်တို့၏ဖြစ်ခြင်းသည်။ အနုပ္ပန္နေ၊ မရောက်သေးသော ကာလ၌။ ပစ္စေကဗောဓိ၊ ပစ္စေကဗောဓိဉာဏ်ကို။ သစ္ဆိကရောတိ၊ မျက် မှောက်ပြုနိုင်၏။ တံ၊ ထိုပစ္စေကဗောဓိဉာဏ်ကို။ အသစ္ဆိကရောန္တော၊ မျက်မှောက်မပြုနိုင်သေးသည်ရှိသော်။

၅။ ဗုဒ္ဓါနံ၊ ပွင့်တော်မူလတ္တံ့ကုန်သော အရိမေတ္တယျ အစရှိသော ဘုရားရှင် တို့၏။ သမ္မုခီဘာဝေ၊ မျက်မှောက်အဖြစ်၌။ ဗာဟိ ယတ္ထေရာဒ ယောဝိယ၊ ဗာဟိယထေရ် အစရှိသည်တို့ကဲ့သို့။ ခိပ္ပါဘိညော၊ လျင်သော အသိဉာဏ် ရှိသော။ ခိဏာသဝေါ၊ ရဟန္တာသည်။ (ထည့်) ဟောတိ၊ ဖြစ်နိုင်၏။

**(ဆရာစန္ဒြ၏ ဓမ္မဒါန)**

**လမ်းသစ်စာအုပ်တိုက်**

## ကျွန်ုပ်အား ထောက်ခံစာပေးသော ကျေးဇူးရှင်များ

## သူတို့၏အဆိုမှ ကောက်နုတ်ချက်

ကျွန်ုပ်အား ဝန်ကြီးဖြစ်မည်။ နိုင်ငံခြားသို့ သွားရမည်ဟု အင်္ဂလိပ်မင်းလက်ထက် ဆရာစန္ဒြ ကြိုဟောသည့်အတိုင်း အတိအကျ မှန်ကန်ပါသည်။ ထူးသောလက္ခဏာဆရာ ဖြစ်သည်။

(ယခင်) ဝန်ကြီးဦးထွန်းဖေ
ပြန်ကြားရေးဝန်ကြီးဌာန

လက္ခဏာတစ်ခုတည်းကို ကြည့်၍ ရှေ့ဖြစ် နောက်ဖြစ်များကို အလွန်မှန်ကန်အောင် ဟောနိုင်ပါသည်။

ဦးဝမ်းသူမောင် (ယခင်)ချင်းဝန်ကြီး

ဆရာစန္ဒြ၏ လက္ခဏာဟောပြောခြင်းသည် အံ့သြလောက်အောင် မှန်ကန်၍ ရက်,လပါ တိကျလှပါသည်။

ဦးဘစိန်
(ယခင်)ဒုတိယအတွင်းဝန်၊ ပြည်သူ့ဝန်ထမ်းဌာန။

ဆရာစန္ဒြက တင်ကြိုဟောပြောထားသည့်အတိုင်း အားလုံးအမှန် ဖြစ်လာသဖြင့် အထူး ယုံကြည်ထိုက်ပါသည်။

ဦးထွန်းငွေ
(ယခင်)သစ်တောမင်းကြီး၊ လှိုင်သစ်တောတိုင်း၊ ရန်ကုန်မြို့။

ဆရာစန္ဒြက ကျွန်မအား ရှေ့ဖြစ်မည့် အရေးကြီးသော ကိစ္စဟူသမျှ ရက်ပိုင်းနှင့် တွက်ပေးရာ ဒိဋ္ဌမှန်လှပါသည်။

ဒေါ်တင်တင်မူ (ရုပ်ရှင်မင်းသမီး)

ဆရာ့ပညာကိုဖြင့် အလွန်ပင် အံ့သြမိပါသည်။

ဂျာနယ်ကျော်မမလေး
(ယခင်)စာရေးဆရာအသင်းဥက္ကဋ္ဌ။

**လမ်းသစ်စာအုပ်တိုက်**

ဆရာစန္ဒြ လက္ခဏာဟောပေးသည့်အတိုင်း အံ့ဩလောက်အောင် မှန်လှသဖြင့် ယခင်က လက္ခဏာကို မယုံခဲ့သော ကျွန်တော်ကိုယ်တိုင် ယုံကြည်လာရပါသည်။ အထူး မှန်လှသဖြင့် အံ့ဩမိပါသည်။

ဦးဆန်နီ (ပဲရော့ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်)

ကျွန်ုပ်သည် လက္ခဏာဗေဒင် အမျိုးမျိုးမေးခဲ့ရာ ဆရာစန္ဒြသည် အမှန်ဆုံးပင် ဖြစ်ပါသည်။

ဒါရိုက်တာ ဦးချန်ထွန်း (ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီ)

ဆရာစန္ဒြ ကျွန်တော့်လက္ခဏာကို ဟောရာတွင် အသေးစိတ်ပင် အံ့ဩလောက် အောင် မှန်ကန်လှသဖြင့် ဆရာ့ထံ လက္ခဏာမေးတိုင်း စိတ်သစ်၊ လူသစ်ဖြစ်၍ အားမာန် တက်ခဲ့ရပါသည်။

ဦးသောင်းစိန် (အောင်ဇေယျရုပ်ရှင်ကုမ္ပဏီပိုင်ရှင်)

ဆရာစန္ဒြ ဟောသမျှသည် အံ့ဩဖွယ် မှန်ခဲ့ပါသည်။

မေဂျာစိုးရ (အမှတ် ၁၈၊ ပို့ဆောင်ရေးတပ်)

ဆရာစန္ဒြ ဟောသည့်အတိုင်း အိမ်ထောင်ကျမည့်လ၊ ရာထူးတက်မည့်လ စသည်ဖြင့် အထူးမှန်ကန်လှသဖြင့် ကျေးဇူးတင်ပါသည်။

ဗိုလ်ကြီးဆန်းအောင် (သနတ–၁)

ဆရာစန္ဒြဟောသည့်အတိုင်း ရန်သူက တစ်နှစ်ကျော် အဖမ်းခံရပြီး လွတ်မည် ဟော့သောလတွင် အံ့ဩဖွယ်လွတ်မြောက်ခဲ့သဖြင့် ဆရာ၏ လက္ခဏာပညာကို အထူးပင် အံ့ဩမိပါသည်။

မေဂျာချစ်ခိုင်

ဆရာစန္ဒြသည် ကျွန်တော်၏လက္ခဏာကို ဟောပြောရာ အသေးစိတ် မှန်ကန် လှပါသည်။

(ယခင်) ဒု–ဗိုလ်မှူးကြီးဖေသက် (ဗမာ့တပ်မတော်)

ဆရာဟောသည့်အတိုင်း အံ့ဩလောက်အောင် မှန်ပါသည်။ ချီးကျူးထိုက်ပါသည်။

ဦးကံဦး (ကုန်သည်ကြီး)

ပခုက္ကူမြို့။

**လမ်းသစ်စာအုပ်တိုက်**

ဆရာသတိပေး ဟောသည့်အတိုင်း တင်ကြိုသိထားသဖြင့် ဆုံးရှုံးမည့် အခက်အခဲများ လွတ်မြောက်ခဲ့သဖြင့် ကျေးဇူးတင်ပါသည်။

ဦးမြတ်သန်း (အထွေထွေမန်နေဂျာ)
ဖျာပုံဆန်ကုန်သွယ်ရေးအဖွဲ့၊ ရန်ကုန်မြို့။

ဆရာဟောသမျှသည် အံ့သြဖွယ်မှန်လှသဖြင့် လက္ခဏာကို မယုံ၍ မဖြစ်တော့ပါ။ ပုရောဟိတ်ဇာတာပါသူ တစ်ယောက်ဟု ကျွန်တော် ယူဆပါသည်။

ဦးဇကြဲ (ရွှေဟသာ်္သက်န်းတိုက်)
ဈေးတောင်ဘက်၊ ထားဝယ်မြို့။

ကျွန်မသည် လက္ခဏာကြည့်ပြီး ဆရာဟောတာတွေ အံ့သြလောက်အောင် မှန်လှသဖြင့် နောင်အခါတွင် ဆရာ့ကို မတိုင်ပင်ဘဲ ဘာမှမလုပ်ဟု ဆုံးဖြတ်လိုက်ပါသည်။

ပင်လုံဒေါ်နုရင် အမှတ် ၁၄၊ ဘုန်းကြီးလမ်း၊ ရန်ကုန်မြို့။

ဆရာစန္ဒြသည် ကျွန်တော် ရာထူးတက်မည့်နှစ်၊ နိုင်ငံခြားသွားရမည့် နှစ်မှစ၍ တင်ကြိုဟောသည့်အတိုင်း အလွန်မှန်ပါသည်။

ဦးလှကြိုင်
လက်ရွေးစင်သမဝါယမဝန်ထမ်း၊ ရန်ကုန်တိုင်း။

ကျွန်တော်တို့ဇနီးမောင်နှံအား သိန်းဆုပေါက်မည်ဟု ဟောသည့်အတိုင်း ပြောသည့်လတွင် ပေါက်ခဲ့ပါသည်။ ကျေးဇူးတင်မဆုံးပါ။

ဦးဆောင်း-ဒေါ်အမာ (၅၂-ကြိမ်မြောက်သိန်းဆုရှင်)
လမ်း ၁၃၀၊ ရန်ကုန်မြို့။

ဆရာက ကျွန်မကို မယုံနိုင်အောင် မဖြစ်နိုင်အောင် ကိစ္စများ တင်ကြိုဟောခဲ့ရာ ဟောသည့်အတိုင်း မှန်လှပါသည် အံ့သြ၍ မဆုံးပါ။

ဒေါ်ခင်မမ (စက်ရှင်မင်းကြီးကတော်)
အမှတ် ၂၃၊ မြို့ပတ်လမ်း၊ ကလောမြို့။

ကျွန်တော်အား ဟောသမျှအားလုံး တိကျမှန်ကန်လှပါသဖြင့် ကျေးဇူးတင်လျက် ထောက်ခံပေးပါသည်။

ကီးခွီးအောင် (နယ်ပိုင်ဝန်ထောက်မင်း)၊ မင်းတပ်မြို့။

**လမ်းသစ်စာအုပ်တိုက်**

မည်သည့်လတွင် နိုင်ငံခြားသို့သွားရမည်ဟု ဆရာဟောသောကိန်းကို မဖြစ်အောင် တင်ကြို၍သော် လည်းကောင်း၊ နောက်ကျ၍သော် လည်းကောင်း သွားရန် အမျိုးမျိုး ကြိုးစားသော်လည်း မအောင်မြင်ဘဲ ဆရာညွှန်းသောလ၌သာ နိုင်ငံခြားသို့ သွားခဲ့ဝါ သည်။ အခြားဟောသမျှတွေလည်း အံ့သြလောက်အောင် မှန်ပါသည်။

တော်ဘုရားကလေး (သီပေါမင်း၏မြေးတော်)

ဆရာ့ဟောစာတမ်းတွင် ပါသည့်အတိုင်း နှစ်ပိုင်း၊ လပိုင်းနှင့်တကွ တိကျမှန်ကန် လှပါသည်။ ဆရာ အသက်ရာကျော် ရှည်ပါစေ။

ဖွဲ့အုံးချိန် (လက်ရေးတိုကျောင်း)

အမှတ် ၁၂၊ မအူပင်လမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

ဆရာ့ဟောစာတမ်း ပါသည့်အတိုင်း အရေးကြီးသမျှတွေအားလုံး တိတိကျကျ မှန်လှပါသည်။

ဒေါ်ကြည်ကြည် (အင်စပက်တော်ကတော်)

မီးရထားကုန်စည်ကူးသန်းရေးဌာန

ကြည့်မြင်တိုင်ဘူတာရုံ၊ ရန်ကုန်မြို့။

ဆရာ့ဟောစာတမ်းတွင် ပါသည့်အတိုင်း နှစ်ပိုင်း၊ လပိုင်းပါ မှန်ကန်လှပါသဖြင့် လူတိုင်း ဆရာထံ မေးသင့်ပါသည်။

သခင်ကံဆက် (မော်ကွန်းဝင်)

မြသီတာဆေးတိုက်၊ ဟိုပင်မြို့၊ ကချင်ပြည်နယ်။

ကျွန်မဘဝတွင် လုံးဝဖြစ်နိုင်မည်ဟု မမျှော်လင့်သော ကိစ္စများ ဆရာက နေ့ပိုင်း လပိုင်းနှင့် တင်ကြိုဟောသည့်အတိုင်း မှန်ကန်လှသဖြင့် ရာနှုန်းပြည့် ယုံကြည်ပါသည်။

ဒေါ်ခင်မကြီး (ခန့်ခန့်ကြီးဓာတ်ပုံတိုက်)

မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို့။

ကျွန်မလက္ခဏာမှာ နှစ်ပေါင်းများစွာ ဆရာက ကြိုတင် ဟောသည့်အတိုင်း တကယ်ပင် မှန်ကန်လှသဖြင့် ချီးကျူး အံ့သြမိပါသည်။

ဒေါ်တင်ဦး (အငြိမ်းစားထောင်ပိုင်ကတော်ကြီး)

အမှတ် ၁၉၊ ဗောဓိလမ်း၊ အင်းစိန်မြို့။

**လမ်းသစ်စာအုပ်တိုက်**

ဆရာ့ဟောကိန်းအရ ၁၉၆၁ ခုနှစ်တွင် ကမ္ဘာကြီးကို တစ်ပတ် ပတ်ရမည်။ ၁၉၆၃ ခုနှစ်တွင် လက်ရှိအလုပ်များအားလုံး ပျက်စီးမည်။ ၁၉၇၈ ခုနှစ်ကစ၍ လုပ်ငန်းများ ပြန်လည်ကောင်းမွန်လာမည်။ ၎င်းဆုံးဖြတ်ချက်မှာ အတိအကျ မှန်ကန်သဖြင့် ထောက်ခံရပါသည်။

ဦးစန်းမောင် (စာရေးဆရာနှင့် သတင်းထောက်)
အောင်ချမ်းသာလမ်း၊ ဒိုက်ဦးမြို့။

ကျွန်တော်တို့ ဇနီးမောင်နှံအတွက် ဆရာဟောပေးခဲ့သော ဟောစာတမ်းများသည် နှစ်ပေါင်းများစွာ ဟောထားသည့်အတိုင်း ယနေ့အထိ တိကျမှန်ကန်လှပါသည်။

ဦးထွန်းမှင်–ဒေါ်လှစော (ဇော်ပျံဆေးတိုက်)
၂၉၀၊ ဘိုးလိမ်းလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

ဆရာ့ဟောစာတမ်းမှ ၂၁–၁၁–၇၂ လွှန်ခဲ့သော ကိုးနှစ်ကပေးပို့သော ဟောစာတမ်းအရ အသက်ပိုင်းနှင့် တိကျစွာ ပစ္စည်းဥစ္စာ၊ ခြံ၊ မြေ ဝင်မည်။ ထီဆုကြီးများပေါက်မည် ဟောသည့်အတိုင်း ယခု (၂၀၈)ကြိမ်တွင် သိန်းဆုကြီး နှစ်ဆုနှင့်တကွ ငါးသောင်းဆုတစ်ဆုပေါက်၍ ရရှိသည့်အတွက် ဆရာ့၏ ပညာအစွမ်းကို ချီးကျူးထောက်ခံအပ်ပါသည်။

ဦးဘမောင် (ကန်တော်ကလေးသိန်းဆုဌာန)
အထက်မြန်မာပြည်ကိုယ်စားလှယ်ကြီး
၈၇ လမ်း၊ ဆိုင်းတန်း၊ လွှတောင်ရပ်၊ မန္တလေးမြို့။

အခြား ထောက်ခံစာတွေလည်း များစွာရရှိပါသည်။

**ဆရာစန္ဒြ**